မန္တလေးရတနာပုံမြို့တည်၊ နန်းတည်၊ ပဉ္စမသံဂါယနာတင်၊ အဝရှင်
မင်းတရားကြီး လက်ထက်တော်အခါတွင်၊ လောကီ,လောကုတ္တရာ
ပညာစွယ်စုံ၊ ကုံစင်တတ်မြောက်တော်မူသော၊ မဟာလောကာ-
မာရဇိန် စေတီတော်ကြီးတွင်၊ ပိဋကတ်သုံးပုံ ကျောက်ထက်
အက္ခရာတင်ရာ ကျောက်စာတော်ပြင်
သစ်ဆိမ့်ဆရာတော်ဘုရားကြီး၏တူ
ကျောက်စာတော်ကြစ်
အာစာရာဘိဓ သိရီပဝရ ရာဇဂုရု
ဘွဲ့တံဆိပ်တော်ရ ဗန်းမော်မြို့ သိမ်တော်ကျောင်း
ဆရာတော်သည် တရုတ်ပြည် ဂန္ဓာလတိုင်း
မိုင်းတီးစော်ဘွားကြီးနှင့် တကွ ညီတော်ကျမိုင်းတို့ တောင်းပန်
လျှောက်ထားချက်အရ အစောင်စောင်သောကျမ်းတို့မှ ထုတ်နုတ်၍
ပြုဆိုရေးသားအပ်သော

# နိဗ္ဗာနဝိသဇ္ဇနာဒီပနီကျမ်း

# ဂန္ဓာလစက္ကဇောတိဋ္ဌဒီပနီကျမ်း

# ပကိဏ္ဏကဝိသဇ္ဇနာကျမ်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၅ ကောဇာ ၁၃၄၃ ဒီဇင်ဘာလ ၁၉၈၁

၂၁၃၃၄

မန္တလေးရတနာပုံမြို့တည်၊ နန်းတည်၊ ပဌမသံဂါယနာတင်၊ ဘဝရှင် မင်းတရားကြီး လက်ထက်တော်အခါတွင်၊ လောကီ,လောကုတ္တရာ ပညာစွယ်နုံ၊ ကုံစင်တတ်မြောက်တော်မူသော၊ မဟာလောက-မာရဇိန် စေတီတော်ကြီးဟွင်၊ ပိဋကတ်သုံးပုံ ကျောက်ထက် အက္ခရာတင်ရာ ကျောက်စာတော်ပြင်

သစ်ဆိမ့်ဆရာတော်ဘုရားကြီး၏တူ

ကျောက်စာတော်ကြစ်

အဘိဓဇ သိရီပဝရ ရာဇဂုရု

ဘွဲ့တံဆိပ်တော်ရ ဗန်းမော်မြို့ သိမ်တော်ကျောင်း

ဆရာတော်သည် တရုတ်ပြည် ဂန္ဓာလတိုင်း

မိုင်းတီးစော်ဘွားကြီးနှင့် တကွ ညီတော်ကျမိုင်းတို့ တောင်းပန် လျှောက်ထားချက်အရ အစောင်စောင်သောကျမ်းတို့မှ ထုတ်နုတ်၍ ပြဆိုရေးသားအပ်သော

# နိဗ္ဗာနပဋိသဃဋ္ဋနာဒီပနီကျမ်း

# ဂန္ဓာလစက္ကဇောတိဋ္ဌဒီပနီကျမ်း

# ပကိဏ္ဏကဝိသဇ္ဇနာကျမ်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၅ ကောဇာ ၁၃၄၃ ဒီဇင်ဘာလ ၁၉၈၁

ခရစ် ၁၉၂၁-ခုနှစ်၌၊ မန္တလေးမြို့
ရတနာသိဒ္ဓိ-ပိဋကတ်-ဓာတ်စက်ပုံနှိပ်တိုက်တွင်
ပထမအကြိမ် ရိုက်နှိပ်သည်။

၁၉၇၁-ခုနှစ်၊ ဒီဇင်ဘာလ၌ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယအကြိမ် အုပ်ရေ (၁၀၀၀)
လစ်သို အော့ဖ်ဆက်ဖြင့် ပြန်လည် ရိုက်နှိပ်သည်။

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၄၀၅/၀၂၅၂၇) က ပုံနှိပ်ထုတ်ဝေသည်။

မန္တလေးရတနာပုံမြို့တည်နန်းတည်၊ ပဥ္စမသင်္ဂါယနာတင် ဘဝရှင်
မင်းတရားကြီးလက်ထက်တော်အခါတွင်၊ လောကီလောကုတ္တရာ
ပညာစွယ်စုံ၊ ကုံ့စင်တတ်မြောက်တော်မူသော၊ မဟာလော
ကမာရဇိန်စေတီတော်ကြီးတွင်၊ ပိဋကတ်သုံးပုံကျော်
ထက်အက္ခရာတင်ရာ၊ ကျောက်စာတော်ပြင်
သစ်ဆိပ်ဆရာတော်ဘုရားကြီးဖေါ်တု၊
ကျောက်စာတော်ကြပ်
အာစာရာဘိဓဇ သိရိပဝရ ရာဇ
ဂုရုဘွဲ့ တံဆိပ်တော်ရ ဃန်းမော်မြို့ သိမ်တော်
ကျောင်းဆရာတော်သည်၊ တရုပ်ပြည်ဂန္ဓာလတိုင်း
မိုင်းတီးစော်ဘွားကြီး၏နှင့်တကွ၊ ညီတော်ကျမိုင်းတို့တောင်းပန်
လျှောက်ထားချက်အရအစောင်စောင်သောကျမ်းတို့မှထုတ်နှုတ်၍
ပြဆိုရေးသားအပ်သော၊ နိဗ္ဗာနပဋိသံယုတ္တနဒီပနီကျမ်း၊ ဂန္ဓာလစက္က
ဗောဓိဋ္ဌဒီပနီကျမ်း

# ပကိဏ္ဏကဝိသဇ္ဇနာကျမ်း။




မန္တလေးမြို့၊

ရတနာသိဒ္ဓိ-ပိဋကတ်-ဓာတ်စက်ပုံနှိပ်တိုက်၊

1921

## နိဗ္ဗာနဝိသဇ္ဇနာဒီပနီကျမ်း

# မာတိကာ

---


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပိုင်းတီးစော်ဘွားကြီးနှင့် ညီတော် ကျမိုင်းတို့၏ နိဗ္ဗာန်နှင့် စပ်၍ လျှောက်ထားချက်များ .... .... .... | ၁၂ |
| နိဗ္ဗာန်သည် ကောန်ရှိပုံကို ပြခြင်း .... .... .... | ၁၃ |
| ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်တို့ နိဗ္ဗာန်ကို တွေးဆ၍သာ သိရပုံ .... | ၁၅ |
| နိဗ္ဗာန်ကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့်သာ မျက်မှောက်ပြုနိုင်ပုံ .... | ၁၇ |
| သောတာပတ္တိမဂ်၏ ဒဿနမည်ပုံကို ဥပမာဖြင့် ပြခြင်း .... | ၁၈ |
| အနုလုံနှင့် ဂေါတြဘုတို့၏ ပြုရာအာရုံများ .... | ၂၁ |
| နိဗ္ဗာန်၏ အကောင်အထည်မဟုတ်ပုံ ပြခြင်း .... | ၂၃ |
| ပရိနိဗ္ဗာန်စံသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ ရှိ, မရှိ .... | ၂၄ |
| သဉပါဒိသေသနိဗ္ဗာန်နှင့် အနုပါဒိသေသ နိဗ္ဗာန်တို့ အထူး | ၂၆ |
| နိဗ္ဗာန်ကို ဘုံအားဖြင့် ဝေဖန်၍ပြခြင်း .... .... | ၂၈ |
| ချမ်းသာ (၂) မျိုး .... .... .... | ၃၀ |
| နိဗ္ဗာန်၌တည်နေသော ရဟန္တာ ပုဂ္ဂိုလ်တို့၏ နက်နဲသိမ်မွေ့ပုံ | ၃၃ |
| သင်္ခတ တရား ကွယ်ပျောက်မှ နိဗ္ဗာန်ရတနာ ဖြစ်ပေါ်လာပုံ | ၃၆ |
| နိဗ္ဗာန်၏ အသင်္ခတ မည်ပုံကို ပြခြင်း .... .... | ၃၈ |
| အရပ် ဆယ်မျက်နှာတို့တွင် နိဗ္ဗာန် ရတနာရှိပုံကိုပြခြင်း .... | ၄၃ |
| နိဗ္ဗာန်နှင့် တံငါသည် သားအဖ ဥပမာ .... — | ၄၄ |
| နိဗ္ဗာန်အကြောင်း မိလိန္ဒမင်းနှင့်အရှင်နာဂသိန် အမေး အဖြေ | ၅၁ |
| ဗုဒ္ဓလေးမျိုးနှင့် ၎င်းတို့၏ အဓိပ္ပါယ် .... .... | ၆၈ |
| အမြင်မှာ နိဗ္ဗာန်၊ အလုပ်မှာ ပညာ ဉာဏ်စသော ရှေးသူ ဟောင်းတို့၏စကား .... .... .... | ၆၉ |
| နိဗ္ဗာန်ရခြင်း၏ အကြောင်းဖြစ်သော ကမ္မဋ္ဌာန်း စီးဖြန်းပုံ .... | ၇၆ |
| နိဗ္ဗာန်ကို ရခြင်း၏ အကြောင်းဖြစ်သော လက္ခဏာရေး .... သုံးပါး ပွါးများရန် အကြောင်းနှင့် ဝိပဿနာ ရှုပုံ .... | ၇၈ |
| အပ္ပဏိဟိတဝိမောက္ခမည်ပုံ .... .... | ၈၁ |
| လက္ခဏာရေးသုံးပါး ရှုမှတ်ဖွယ် .... .... | ၈၂ |
| လက္ခဏာရေးသုံးပါးမြင်မှ နိဗ္ဗာန်မြင်ပုံ .... .... | ၈၃ |
| နိဗ္ဗာန်ကို ရခြင်း၏ အကြောင်း .... .... | ၈၄ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| မဂ္ဂင်ရှစ်ပါး ပွါးများပုံ .... .... | ၈၉ |
| အဓိသီလ, အဓိစိတ္တ, အဓိပညာ အဓိပ္ပါယ် .... .... | ၉၀ |
| နိဗ္ဗာန်သို့ အာရုံပြုရန် ဆင်ခြင်ပုံ .... .... | ၉၁ |
| မဂ်ဖိုလ်နိဗ္ဗာန်အလိုရှိ၍ တောင့်တခြင်း၌ တဏှာမဖြစ်ပုံ .... .... | ၉၂ |
| သာသနာငါးထောင် ထားခြင်းအကြောင်း .... .... | ၉၇ |
| ပုထုဇဉ် ၂-မျိုးပြပုံ .... .... .... | ၉၉ |
| ပရမတ္ထတရား လေးပါး .... .... | ၁၀၀ |
| ပဋိပတ်ကျင့်စဉ် (ဝိသုဒ္ဓိ ၇-ပါး) .... .... | ၁၀၈ |
| ဝိပဿနာပွါးပုံ .... .... | ၁၁၀ |
| ဝိပဿနာ အားထုတ်ရာအရပ် ခေတ်ကာလ များကိုပြပုံ .... .... | ၁၁၉ |
| ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်း၍ အရိယာခေတ်ကို ဆင်ခြင်ပုံ .... .... | ၁၂၇ |
| သင့်တင့်လျောက်ပတ်စွာ ကျင့်အပ်ပုံ .... .... | ၁၃၁ |


## ဂန္ထာလင်္ကာဇောတိဋ္ဌကျမ်း


| | |
| --- | --- |
| ကမ္မာပျက်ခြင်း တည်ခြင်း အကြောင်း .... .... | ၁၄၃ |
| မင်္ဂလာပိဋကတ်တန်ဆောင်းတော်၌ အကြုပ်အမထားတော်မူခြင်း .... .... .... .... | ၁၆၃ |
| စာရေးဟတ္ထကတို့ကို ရွှေနန်းတော်သို့တင်၍ စံတော်မူရာ အနီး .... အပါးတွင် ရေးကူးစေခြင်း .... .... | ၁၆၄ |
| ပိဋကတ်သုံးပုံကို သုတ်သင်ပြင်ဆင်ခြင်း .... .... | ၁၆၅ |
| ပိဋကတ်သုံးပုံကို ကျောက်ထက်အက္ခရာတင်ခြင်း .... .... | ၁၆၇ |
| မန္တလေး ရတနာပုံမြို့တည် မင်းတရားကြီး ပဉ္စမသံဂါယနာ တင်တော်မူမည့်အကြောင်း ထုတ်ပြန်တော်မူသည့် အမိန့်တော် | ၁၆၉ |
| သိမ်ပေါ်မင်း ထီးနန်းစိုးစံအုပ်ချုပ်ခြင်း.... .... .... | ၁၇၄ |
| မှူးမတ်အပေါင်းတို့က စနည်းတပေါင် အတိတ်နိမိတ်တို့ကို သံတော်ဦးတင်ခြင်း .... .... .... | ၁၇၆ |
| ဖြစ်လတ္တံ့သော ဘေးအန္တရာယ်တို့ကို ပျောက်ကွယ် ကင်းရှင်းစေရန် မှူးကြီးမတ်ရာ သေနာပတိတို့နှင့် တိုင်ပင်ညှိနှိုင်း၍ ယတြာချေခြင်း.... .... .... .... | ၁၇၇ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| အနယ်နယ်အရပ်ရပ်မှ သီပေါမင်းအား ပုန်ကန်ခြင်း | | .... | ၁၇၉ |
| ဆင်ဖြူရှင် မိဖုရားကြီး၏ အကြံတော် | .... | .... | ၁၈၀ |
| ညောင်အုပ်မင်းသားထံ လွှတ်လိုက်သော တမန်တော်များ ဘင်္ဂလားမြို့၌ အရေးပိုင် စလေဗင်နှင့် တွေ့ခြင်း | | .... | ၁၈၁ |
| မောင်ဘသန်းဆိုသူကို ညောင်အုပ်မင်းသား ယန်ဆောင်၍ မန္တလေးကို ချီတက်တိုက်ခိုက်ခြင်း | .... | .... | ၁၈၂ |
| သီပေါမင်းကို နန်းချခြင်း | .... | .... | ၁၈၄ |
| အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ကြခြင်း | .... | .... | ၁၈၅ |
| မင်းသား ထိပ်တင်စောရန်နိုင်က တရုတ် ရှင်ဘုရင် ဦးတည်ဘွားယံ စစ်ကူတောင်းခြင်း | .... | .... | ၁၈၉ |
| မြန်မာဘုန်းတော်ကြီးများ တရုတ်ပြည်သို့ ကြွမြန်းရခြင်း | | .... | ၁၉၃ |
| ခေတ်နှင့်မင်းဆက် အရေးအတွက် | .... | .... | ၁၉၄ |
| (က) မင်းကျင့်တရား ၁၀-ပါး | .... | .... | ၁၉၅ |
| (ခ) သင်္ဂဟတရား ၄-ပါး | .... | .... | ၁၉၅ |
| (ဂ) နာယကဂုဏ် ၆-ပါး | .... | .... | ၁၉၅ |
| (ဃ) ဂဏ္ဍတိတ္ထုကောဇာတ်လာ မင်းကျင့်တရား | | .... | ၁၉၆ |
| (၁) အပရိဟာနိယတရား ၇-ပါး | .... | .... | ၁၉၆ |
| (၂) မင်းတို့ မဝတ်ဆင်အပ်သော နဝရတ် ၉-ပါး | | .... | ၁၉၆ |
| (၃) မင်းတို့ဝတ်ဆင်အပ်သော နဝရတ် ၉-ပါး | | .... | ၁၉၈ |
| မဃဒေဝမင်းကြီး၏ သားတော်အား ဆုံးမပုံ (မဃဒေဝ မှာတမ်း) | .... | .... | ၂၀၀ |
| မင်းမြောက်တန်ဆာငါးပါးကို ပြဆိုခြင်း | .... | .... | ၂၀၃ |
| တရားသူကြီးတို့၏ အင်္ဂါရှစ်ပါးကိုပြဆိုခြင်း | .... | .... | ၂၀၆ |
| တရားသူကြီးအမျိုးမျိုး | .... | .... | ၂၀၇ |
| အဆင့်ဆင့်တရားစီရင်သူ ၇-ဦး | .... | .... | ၂၀၈ |
| အဂတိလေးပါးသို့မလိုက်ပဲ တရားသဖြင့်စီရင်သော တရားသူကြီး အဂတိလေးပါးသို့လိုက်၍ တရားစီရင်သော တရားသူကြီးတို့၏ ရောက်ရှိခံစားရသော အကျိုးတရားများ | .... | .... | ၂၀၉ |
| မင်းတို့ အနိစ္စရောက်အံ့သောအခါ ကြီးစွာသောနိမိတ်ပြခြင်း (သေခါနီး နိမိတ်) | .... | .... | ၂၁၂ |
| ပုဂံခေတ် | .... | .... | ၂၁၂ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မြင်စိုင်းခေတ် .... .... | ၂၁၈ |
| ဇေယျာပူရ စစ်ကိုင်းခေတ် .... .... | ၂၁၉ |
| ရတနာပူရအင်းဝခေတ် .... .... | ၂၂၀ |
| တောင်ငူခေတ် .... .... | ၂၂၂ |
| ရတနာသိင်္ခ ကုန်းဘောင်ခေတ် .... .... | ၂၂၃ |
| အမရပူရခေတ် .... .... | ၂၂၃ |
| မန္တလေးရတနာပုံခေတ် .... .... | ၂၂၃ |
| နိဂုံး .... .... | ၂၂၅ |


## ပကိဏ္ဏကဝိသဇ္ဇနာကျမ်း


| | |
|---|---|
| ဓာတ်တော် မွေတော် စေတီတော် ရုပ်တုတော်တို့ကို ပစ္စည်းလေးပါးတို့ဖြင့် ပေးလှူခြင်းကြောင့် အကျိုးခံစားရမည်လောဟူသော အမေးကို ဖြေဆိုခြင်း .... .... | ၂၂၇ |
| သီလအပြားနှင့် ဘာဝနာပွါးပုံများကို ဖြေဆိုတော်မူခြင်း .... | ၂၂၉ |
| ဓုတင်ဆောက်တည်နည်း .... .... | ၂၃၆ |
| ဘာဝနာခန်း .... .... | ၂၄၂ |
| ပလိဗောဓကြီးဆယ်ပါး .... .... | ၂၄၄ |
| စရိုက်ခြောက်ပါး ပြဆိုခြင်း .... .... | ၂၄၇ |
| ကမ္မဋ္ဌာန်းလေးဆယ် အရေအတွက်ကို ပြခြင်း.... .... | ၂၅၀ |
| စရိုက်ခြောက်ပါးနှင့်လျော်သော ကမ္မဋ္ဌာန်းကို ပြခြင်း .... | ၂၅၉ |
| ဝိပဿနာခန်းကို ပြခြင်း .... .... | ၂၆၂ |
| ကမ္မဋ္ဌာန်း ထိုင်ပုံထိုင်နည်း .... .... | ၂၆၇ |
| မိန်းမများ ကမ္မဋ္ဌာန်းအားထုတ်၍ သေသောအခါ ဗြဟ္မာ့ဘုံသို့ ရောက်နိုင်ပါမည်လားဟူသော အမေးကို ဖြေဆိုခြင်း .... | ၂၇၀ |
| ပဋိစ္စသမုပ္ပါဒ်တရားအကြောင်း .... .... | ၂၇၅ |
| ပဋိသန္ဓေ-ကိုယ်ဝန်ပျက်ခြင်းအကြောင်း .... .... | ၂၈၅ |
| ဂတိငါးပါးကို ပြခြင်း .... .... | ၃၀၀ |
| ဝိညာဏဋ္ဌိတိ ၇-ပါးကို ပြဆိုခြင်း .... .... | ၃၀၃ |
| ဝိညာဏပစ္စယာ နာမရူပံပုဒ်၏ ဝိဂ္ဂြိုဟ်, လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် .... .... | ၃၀၅ |
| နာမရူပပစ္စယာ သဠာယတနံ ပုဒ်၏ ဝိဂ္ဂြိုဟ်, လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် .... .... | ၃၀၈ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| သဠာယတနပစ္စယာ ဖဿောပုဒ်၏ ဝိဂ္ဂဟ်, လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် .... ---- | ၃၀၉ |
| ဖဿပစ္စယာ ဝေဒနာပုဒ်၏ ဝိဂ္ဂဟ်, လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် .... .... | ၃၁၂ |
| ဝေဒနာပစ္စယာ တဏှာပုဒ်၌ 'တဏှာ' ပုဒ်၏ ဝိဂ္ဂဟ်, လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် .... .... | ၃၁၂ |
| တဏှာပစ္စယာ ဥပါဒါနံပုဒ်၌ 'ဥပါဒါန'ပုဒ်၏ ဝိဂ္ဂဟ်, လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် .... .... | ၃၁၅ |
| ဥပါဒါနပစ္စယာ ဘဝေါပုဒ်၌ 'ဘဝ'ပုဒ်၏ ဝိဂ္ဂဟ်, လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် .... .... | ၃၁၉ |
| ဘဝပစ္စယာ ဇာတိပုဒ်၏ ဝိဂ္ဂဟ်, လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် .... .... | ၃၁၉ |
| ဇရာဟူသောပုဒ်၏ ဝိဂ္ဂဟ်, လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် .... .... | ၃၂၁ |
| မရဏဟူသော ပုဒ်၏ ဝိဂ္ဂဟ်, လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် .... .... | ၃၂၅ |
| သောကဟူသောပုဒ်၏ ဝိဂ္ဂဟ်, လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် .... .... | ၃၂၇ |
| ပရိဒေဝဟူသောပုဒ်၏ ဝိဂ္ဂဟ်, လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် .... .... | ၃၂၇ |
| ဒုက္ခဟူသောပုဒ်၏ ဝိဂ္ဂဟ်, လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် .... | ၃၂၈ |
| ဒေါမနဿဟူသောပုဒ်၏ ဝိဂ္ဂဟ်, လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် .... .... | ၃၂၉ |
| ဥပါယာသ ဟူသောပုဒ်၏ ဝိဂ္ဂဟ်, လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် .... .... | ၃၂၉ |
| အင်္ဂါဆယ့်နှစ်ပါး, ကာလသုံးပါး, အစပ်သုံးပါး, အလွှာလေးပါး, ဝဋ်သုံးပါး, မူလနှစ်ပါး .... .... | ၃၃၁ |
| ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာနည်းဖြင့် ဝေဖန်ပုံ .... .... | ၃၃၂ |
| ဘာဝနာမပါပဲ ဒါန, သီလ ပြုလုပ်သူများ မဂ်ဖိုလ်နိဗ္ဗာန် ရောက်နိုင်ပါမည်လော .... .... | ၃၃၄ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ဝိပါက်မှာအမှန် ဇောမှာအပြန် | .... | .... | ၃၃၇ |
| ဒုစရိုက် ဆယ်ပါး | .... | .... | ၃၃၉ |
| ပုညကိရိယာ ဆယ်ပါး | .... | .... | ၃၄၁ |
| ဗောဓိပက္ခိယတရား | .... | .... | ၃၄၂ |
| ကံသုံးပါးတို့ဖြင့် ပြစ်မှားသူများ အဘယ်ကြောင့် အပြစ် ခံစားရသနည်း | .... | .... | ၃၄၃ |
| သာဓကဝတ္ထုများ | .... | .... | ၃၅၆ |
| ဓမ္မစကြာတရားသည် အဘယ်သို့သဘောရှိပါသနည်း | | .... | ၃၅၈ |
| ရာဇဓမ္မဆယ်ပါး | .... | .... | ၃၇၀ |
| နာယကဂုဏ်ခြောက်ပါး | .... | .... | ၃၇၉ |
| ပလ္လင်အမျိုးမျိုး | .... | .... | ၃၈၅ |
| သီဟာသနပလ္လင် | .... | .... | ၃၈၅ |
| ဘမရာသနပလ္လင် | .... | .... | ၃၈၅ |
| ဂဇာသနပလ္လင် | .... | .... | ၃၈၅ |
| မယူရာသနပလ္လင် | .... | .... | ၃၈၅ |
| မိဂါသနပလ္လင် | .... | .... | ၃၈၅ |
| ပဒုမာသနပလ္လင် | .... | .... | ၃၈၅ |
| ဓာတ်ကြီးလေးမျိုး | .... | .... | ၃၈၆ |
| ဂိုဏ်းဖြင့်ရွေး၍ အမည်မှည့်ခြင်း | .... | .... | ၃၈၇ |
| ဒုတိယပိုင်း (ဘိသိက်ခန်း) | .... | .... | ၃၈၈ |
| မုဒ္ဒါဘိသိက်သွန်းလောင်းပုံ | .... | .... | ၃၈၈ |
| မင်္ဂလာအခမ်းအနား | .... | .... | ၃၈၉ |
| ရေကြည်တော်ဖျန်းဆွတ်ခြင်း | .... | .... | ၃၉၁ |
| နမန္တာခေါတ်ဆင်ခြင်း | .... | .... | ၃၉၂ |
| မျိုးမြတ်ပုဏ္ဏားတို့ အောင်ဆုပေးခန်း | .... | .... | ၃၉၂ |
| ပရိတ်မန္တန်ရွတ်ဖတ်ပုံ | .... | .... | ၃၉၃ |
| အမျိုးလေးပါးတို့ပူဇော်ပုံ | .... | .... | ၃၉၄ |
| ဒုတိယပိုင်း (မြို့နန်းသိမ်းခန်း) | .... | .... | ၃၉၆ |
| မင်ခမ်းမင်းနားဖြင့် ထွက်တော်မူခြင်း | .... | .... | ၃၉၆ |
| မြို့နန်းသိမ်းခန်း | .... | .... | ၃၉၈ |
| ဒုတိယပိုင်း (ဥကင်တော်ဖွင့်ခန်း) | .... | .... | ၃၉၈ |
| ထီးတော်များထားပုံ | .... | .... | ၃၉၉ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဝင်း၏ ရှေ့ နောက် ဝဲယာခင်းကျင်းထားပုံ .... .... | ၄၀၀ |
| ရထုးကြီးငယ်လိုက် နေရာထားခြင်း .... | ၄၀၀ |
| ပေါင်းမမိသော ခြေရုံးများအနေအထား .... .... | ၄၀၁ |
| မင်းတို့ကျင့်ရာ (၉) ပါး .... .... | ၄၀၄ |
| နဝရတ်ကိုးပါးအမည် .... .... | ၄၀၄ |
| ပွဲလမ်းသဘင် ဆင်ယင်ကျင်းပခြင်း .... .... | ၄၀၅ |
| ဘွဲ့တော်အသီးသီး ချီးမြှင့်တော်မူခြင်း .... .... | ၄၀၆ |
| ကျေးကျွန်များကို ဆုအသီးသီးချီးမြှင့်ခြင်း .... | ၄၀၆ |
| ပြည်သူ့ အကျိုးကို သည်ပိုးဆောင်ရွက်ခြင်း .... .... | ၄၀၈ |
| မင်းတို့ကျင့်ရာအကျင့်များပြချက် .... .... | ၄၁၁ |
| ပညာရှိများကို ချီးမြှောက်ထောက်ပံ့ခြင်း .... .... | ၄၁၅ |
| လောကီတိတ်နိမိတ်များကို လေ့လာခြင်း .... .... | ၄၁၆ |
| ဗြဟ္မစိုရ်တရားလေးပါးကို ပွါးများခြင်း .... .... | ၄၁၉ |
| မာန်မာနတရားကို နှိမ်ချထားခြင်း .... .... | ၄၂၀ |
| မင်းတို့ကျင့်ရာ အကျင့်များကို ဥပမာပြဖြင့်ပြခြင်း .... .... | ၄၂၀ |
| မင်းတို့စိတ်ခတ်နိုင်မြဲအောင်ပြုကျင့်ခြင်း .... .... | ၄၂၃ |
| မင်းခယောကျ်ားအပြား .... .... | ၄၂၅ |
| ကျွန်များ၏လက္ခဏာများ .... .... | ၄၂၈ |
| မန္တန်အကြောင်း .... .... | ၄၃၁ |
| ဂရုဓမ္မ တရားငါးပါးတို့ကို ကျူးလွန် ဖြစ်မှားသော သူတို့၏ အကျိုးအပြစ်ကို သိလိုကြောင်းနှင့် လျှောက်ထားသည်ကို ဖြေဆိုချက် .... .... .... | ၄၄၉ |
| ဂရုဓမ္မခေါ် ဆိုရခြင်းအကြောင်း .... .... | ၄၄၉ |
| ပါဏာတိပါတကို ရှောင်ကြဉ်ရသောအကျိုး .... .... | ၄၄၉ |
| ပါဏာတိပါတကိုပြုသောသူ ခံရသောအပြစ် .... .... | ၄၅၀ |
| အဒိန္နာဒါန်ကို ရှောင်ကြဉ်ရသော အကျိုး .... .... | ၄၅၁ |
| အဒိန္နာဒါန်၏ အပြစ် .... .... | ၄၅၁ |
| ကာမေသုမိစ္ဆာစာရကို ရှောင်ကြဉ်ရသော အကျိုး .... | ၄၅၂ |
| ကာမေသုမိစ္ဆာစာရကို လွန်ကျူးသော သူ အပြစ် .... | ၄၅၃ |
| မုသာဝါဒမှ ရှောင်ကြဉ်ရသော အကျိုး .... .... | ၄၅၃ |
| မုသားဆိုသော သူ၏ အပြစ် .... .... | ၄၅၄ |
| သုရာမေရယကံကို ရှောင်ကြဉ်ရသောအကျိုး .... | ၄၅၅ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| သုရာကိုသောက်သောသူတို့၏ အပြစ် | .... | .... | ၄၅၇ |
| မနောကံသည် ပေါ့သေးကံဖြစ်လျက် ဒိဋ္ဌိမမှ အကျိုးပေးပုံ | | .... | ၄၆၀ |
| သောရေယျ သဋ္ဌေးသားဝတ္ထု | .... | .... | ၄၆၀ |
| ဘုရားကိုးကွယ်ရသော အကျိုး | .... | .... | ၄၆၃ |
| ဓမ္မဒါနမည်ပုံ | .... | .... | ၄၆၆ |
| သံဃဒါနမည်ပုံ | .... | .... | ၄၆၇ |
| တရားတောင်း (၁) | .... | .... | ၄၆၈ |
| တရားတောင်း (၂) | .... | .... | ၄၇၀ |
| တရားတောင်း (၃) | .... | .... | ၄၇၁ |
| ဘုရားပင့် | .... | .... | ၄၇၂ |
| ပဋ္ဌာန်းအမွှမ်း | .... | .... | ၄၇၃ |
| ရေစက်ချမျာ: | .... | .... | ၄၇၅ |
| ပရိတ်မွှမ်း | .... | .... | ၄၈၀ |
| ဘုရားရှင်လက်ထက် ဝါထပ်,မထပ် ဆုံးဖြတ်ချက် | .... | .... | ၄၈၂ |
| အင်္ဂရတ်ပညာ ရွှေဖြစ် ငွေဖြစ် ဆုံးဖြတ်ချက်များ | .... | .... | ၄၈၄ |
| ဒါနတရား၏ အကျိုးရင်း,အကျိုးဆက်များကို အသေးစိတ် ဖော်ပြချက် | .... | .... | ၅၀၈ |
| သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သူ ၈-ယောက် | .... | | ၅၄၆ |
| မဂ်စိတ် တကြိမ်မျှ ဖြစ်သော်လည်း မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်အား လှူနိုင်ပုံ | .... | | ၅၄၇ |
| ပုဂ္ဂလိက ဒါန၏ အကျိုး | .... | .... | ၅၄၇ |
| သံဃိကဒါန ခုနစ်ပါး၊ ဆယ်ပါး | .... | .... | ၅၅၁ |
| သံဃိကဒါန၏ အကျိုး | .... | .... | ၅၅၄ |
| လူဒုဿီလထက် ရဟန်းဒုဿီလက လွန်မြတ်ပုံ | .... | .... | ၅၆၀ |
| ရဟန်း ဒုဿီလဖြစ်သော်လည်း ဒက္ခိဏာဝိသုဒ္ဓိ ဖြစ်နိုင်ပုံ | | .... | ၅၆၁ |
| စေတနာသာ အရေးကြီးပုံ | .... | .... | ၅၆၃ |
| သံဃိက အလှူထက် မြတ်သော အလှူမရှိပုံ ရှင်းချက် | | .... | ၅၆၆ |
| ဗန်းမော် သိမ်တော်ကျောင်း ဆရာတော် သံပေါက် | | .... | ၅၇၁ |
| ကျမ်းပြီးနိဂုံး | .... | .... | ၅၇၃ |

မာတိကာ ပြီး၏။

# နိဒါန်း။

ဟာရာဟစင်း ထီးဆောင်းမင်းတို့ပက်ပင်းထိပါး ခစားခိုထွ ရာပဋ္ဌတာ မေရု၊ တောင်ထုထိပ်ပျားရိုးသိကြား၏စံစားတော်မူရာ တာဝတိံသာ မဟာသုဒဿန နတ်မြို့ကြီးအတူ၊ မြင်သူတို့စိတ်သားဘာမှာ ။ အံ့ဩ၍ မပြီး။ထီးနန်းပြအို ဖြိုးရှိုးကျူးမြောင်း၊ထံဆောင်းပြာသာဒ်၊ ထရားမတ်ထုံး လွှတ်ရုံးထောငတန်းကြဆင်းဈေးကြီး၊ အသီးသီးသော ဥယျာဉ်ရေကန်ပန်း မန်သစ်သီး။လုံးကြီးလုံးငယ်အသွယ်သွယ်တို့ဖြင့်၊ တင့်တယ်စွာထန်သာ ဆင်အပ်သော၊ မန္တလေးရတနာပုံနေပြည်တော်၊ ပဌမမြို့တည်နန်းတည် ပဋ္ဌမသင်္ဂါယနာဘင် ဘဝရှင်မင်းတုန်းမင်းတရားကြီးသည်၊ ကြည်ညို မြတ်နိုးကိုးကွယ်တော်မူရာ၊ပညါစွင်ပုံ၊ကျင်တတ်မြောက်၊ချီးမွမ်းလော ၍။ရှိမြောက်ရှေ့ပါ။တည်ထားထေရာ။ဘွဲ့နာမံ့ရှိပ်၊မဟာလောကမာရဇိန်။ ဂိုန်သမ္မာမို။ဘုရားကြီးတွင်၊ဝန်းကျင်ပတ်လည်၊ တည်ကာဓာတ်သား၊ငါး ထောင်သာသနာ၊ရှည်ကြာအစွန့်၊ အညွှန့်အညောက်၊ မပျောက်မပျက် ကျောက်ထက်အက္ခရာ၊ထင်ရကာလ၊တစေ့တြွင်း။ဆင်ထင်းမလုတ်၊ ဝုန် ပါဠိအက္ခရာ၊သေချာစေ့စပ်၊ကြပ်မတ်ကုန်စင်၊ပြုဖြင်တော်မူသော၊ သတ် ဆိပ်ဆရာတော်ဘုရားကြီး၏တူ၊ကျော်စားတော်ကြပ်.. အာစရာဘိဓဇသိ ရိပဝရာဇဂုရုဘွဲ့အမည်ရှိသော၊ ရတနာသိဃ်၊မြို့မမြောက်ဘက်ထည့် စွက်ခေါ်ရာ၊စေတီတ္တရာ၊နဂရာမချို၊မြို့ဖြေမြောက်စောင်းမန်ပေါင်းတွရွာ၊ ဖွါးရာဇာတိ၊ပဝတ္တိမှန်း။မြစ်ကမ်းဈေးကြီးခိုမြို့စွဲလန်း၊ရဟန်းရှင်လူကြည် ပြုမေတ္တာ၊ သဒ္ဒါရှေ့ထား။ တရားကျင့်ထုံး၊ စွဲသုံးနေညာ၊မြို့မရွှင်း၊စည် စောင်းညှင်းနှင့်။ဆင်မြင်းရထား။ခြောက်ပါးအသံ၊ ဖြင်းတံဆူဝေ၊ ထေး ထွေရှစ်ရစ်။ဆိုက်ကစ်ရောက်လာ။လူတကာတို့၊ပျော်ရာမချို၊ဗန်းမော်မြို့မှ ပုရဒိထေ၊ရပ်ရွှေမြေမို့။ဆိမ်တော်ကြီးဘုရား။နိုးအပေါ်၌၊လူများစွေ့ရှုရှိမ ညောင်း။ကောင်းမွန်ပြန့်လျှိုင်။ထေးဆောင်မြိုင်မို့။ကျောင်းတော်ကြီး၌၊ ရှုရ နှိပ်ထွေ။မသွေဥဿဟ။သိဿအများ၊တပည့်သားတို့ကို၊ တရားမွေ့ပို့ချ စာပေ။ဆုမ္မလေတောင်း၊ဆိမ်တော်ကျောင်း၌။ ကိန်းအောင်းမွေ့လျော်ဆ ရာတော်သည့်၊တရုဝ်ပြည်မ၊ဂန္ဓာလတိုင်းကြီး၊မိုင်းတီးစော်ပွါး ခေါ်ညွှားမ ရှင်း။ ညီရင်းကျမိုင်း။ ခပ်လှိုင်းဆဋ္ဌါ၊ ဩဟထ္ထာလောင်း။ ဝုံကာပေါင်း၌ တောင်းပန်သည့်တာ၊ကြောင်းချင်းရာကြောင့်၊နောင်လာနောက်ပွါး။ လူအ

များတို့၊မှတ်သားစေရာ။အဖြာဖြာအတန်တန်၊ကျမ်းဂန်ရာဇဝင်တို့မှကြည့်ရှု၍၊နိဗ္ဗာနဝိသဇ္ဇနာဒီပနီကျမ်းနှင့်တကွ။ ဂန္ဓာသစက္ကဗောဓိဗ္ဗပကာသကာဝိသဇ္ဇနာခေါ်မှန်းသုံးစောင်တွဲကျမ်းကို။စီရင်ရေးသားပေလတ္တံ့။ ။

## နိဗ္ဗာနဝိသဇ္ဇနာဒီပနီ၊

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

လောကေနုပုဗ္ဗိထံနာထံ၊ တိလောကဂ္ဂံ ပဏမိယ၊
တဿဓမ္မဉ္စသံဃဉ္စ၊ ဝန္ဒိတွာနဂရုတ္တမံ၊ ။
ခေမံ ဒေသံ ပဝက္ခာမိ၊ သုနိဿာယေဝ နိဿိတံ၊
သုဘင္ဂံ သဗ္ဗဂမ္ဘီရံ၊ ဒိဿန္တု ဗုဓမာမကာ၊ ။

အဟံ ။ ခန္ဓာငါးချ၊ ရုပ်နံ့ရဟာဆိုအပ်သော၊ ငါသည်။ လောကေ။ လူနတ်ဗြဟ္မာသတ္တဝါသည်။ ပုဗ္ဗိထံ။ ရှိသေမြတ်နိုးကိုးကွယ်ပူဇော်အပ်သော။ တိလောကဂ္ဂံ။ လူသုံးပါးတို့ထက်မြတ်တော်မူထသော။ နာထံ၊ မိုးဆယ် တတန်။ ငြိမ်းရာဖွန်သော၊ နိဗ္ဗာန်ချမ်းမြည်ကြီးသို့ နိုတ်‧ ကယ်တင်ဆောင်ယူတော်မူတတ်သော။ နာထံ။ လူသုံးပါးတို့၏ကိုးကွယ်ရာ လည်းဖြစ်တော်မူထသော၊ တဿ၊ ထိုမြတ်စွာဘုရားသခင်၏၊ ဝရံ၊ မြတ်သော ဓမ္မဉ္စ။ မဂ်၄ထုးတန်။ ဖိုလ်လေးတန်။ နိဗ္ဗာန်ပရိယတ်ဟု ဆိုအပ်သော၊ ဆယ်ပါးသောတရားတော်မြတ်ကိုလည်းကောင်း။ ဥတ္တမံ။ နတ်အစ်ပြီးသောအဝိဇ္ဇာရှိသော၊ သံဃဉ္စ။ မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်ဟုဆိုအပ်သော၊ ရှစ်ယောက်သောရေမဂ္ဂအရိယာသံဃာတော်တို့ကိုလည်းကောင်း၊ ဝန္ဒိတွာနဝန္ဒာသိ၊ ရှိသေမြတ်နိုးရှိခိုးပါ၍၊ ဝန္ဒိတွာန၊ ရှိခိုးပြီး၍။ နိဿိတံ။ မှီအပ်သောပါဠိအဋ္ဌကထာ။ ဋီကာဂဏ္ဌိတို့ကို။ သုနိဿာယေဝ၊ ကောင်းစွာမှီ၍သာလျှင်။ သဗ္ဗဂမ္ဘီရံ၊ သိမ်မွေ့နက်နဲခဲခက်သောအဆောရှိသော၊ သုဘင္ဂံ၊ ကောင်းစွာတည့်သော၊ ခေမံ ဒေသံ။ နိဗ္ဗာန်၏အသုံးအဖြတ်ဖြစ်သော၊ ယံဂန္ထံ။ အကြင်ကျမ်းကို၊ ပဝက္ခာမိ၊ ဆိုပေလတ္တံ့၊ တံဂန္ထံ။ ထိုကျမ်းကို၊ ဗုဓမာမကာ။ တရားတော်ကိုမြတ်နိုးကုန်သောပညာရှင်လူရဟန်းတို့သည်။ ဒိဿန္တု။ သိကြပါစေ၍ရှုကြပါကုန်သော။ ။

မန္တလေးရတနာပုံနေပြည်တော်ပဌမသင်္ဂါယနာတင်။ မင်းတုန်းမင်းတရားလက်ထက်။မဟာလောကမာရဇိန် စေတီတော်တွင်ပိဋကတ်သုံးပုံကိုကျောက်ထက်အက္ခရာတင်ရာ။ ကျောက်စာတော်ကြွင်၊(အာစရာဘိဓေဿိရိပဝရဓဇဂုရု)ဘွဲ့ အမည်ရှိသောသစ်ဆိန့်တိုက်ထွက်၊ ဗန်းမော်မြို့ရှေ့သိမ်ကျောင်းဆရာတော်သည်၊တရုပ်ပြည်အနောက်ရုံးတူအင်အပါ-ဂန္ဓာလတိုင်း။ မိုင်းတီးမိုင်းလာစော်ဘွားများက။ သာသနာပြုပင့်သောကြောင့်။ နောက်လိုက်နောက်ပါ၊သင်္ဃာတော်(၁၈)ပါးနှင့်တကွ။(၁၂၆၅)ခုနှစ်။သာသနာပြုကြွသွားရာ၊ မိုင်းတီးစော်ဘွားကြီးနှင့်တကွညီတော်ကျမိုင်းတို့က။နိဗ္ဗာန်၏အကြောင်းကို၊ သိမ်တော်ကျောင်းဆရာတော်ထံလျှောက်ထားသောကြောင့်၊ သိမ်တော်ကျောင်းဆရာတော်က။ ကျမ်းဂန်များကိုကြည့်ရှု၍။ ဖြေဆိုလိုက်သည်၊ စော်ဘွားကြီးနှင့် ကျမိုင်းတို့ကမေးလျှောက်သော စကားမှာ။ အရှင်ဘုရား၊ နိဗ္ဗာန်ဆိုသည့်မှာ။ အချို့သူတို့ပြောဆိုကြသောစကားအရ။ တပုံတရှုအကွင်းအကျန်မရှိ။ ရုပ်နံ့ခန္ဓာအာယနဓါတ်တို့၏ချုပ်ရာကုံရာငြိမ်းရာကို။နိဗ္ဗာန်ဟုခေါ်ကြပါသည်။အချို့သောသူတို့ကလည်း။ ထထောင့်ငါးရာကိလေသာနှင့်တကွ။ ထရာ့ရှစ်ဖြာသောတဏှာတို့၏ ကင်းရာကုံရာချုပ်ရာငြိမ်းရာကို။ နိဗ္ဗာန်ဟုဆိုကြပါသည်၊အချို့သောသူတို့ကလည်း။နိဗ္ဗာန်သည်။ မမြင်ကောင်းမမြင်ထိုက်နူးညံ့သိမ်မွေ့သောပရမတ္ထတရားဖြစ်၍သာမမြင်ရသည်၊အရိယာတို့မှာမြင်ရသိရသောကြောင့်ထင်ရှားရှိသည်ဟု။ပြောဆိုကြပါသည်။ အဘယ်စကားကိုမှတ်သားပါရမည်နည်းဟုလျှောက်ထားလေ၏။၎င်းလျှောက်ထားချက်အရ။ကျမ်းဂန်များ၏ယုတ္တိသဘောများကို။ နှိုင်းချိန်ရာ။ ရှင်အနုရုဒ္ဓါရေးသောအဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းတွင်၊

> နိဗ္ဗာနံပန လောကုတ္တရသင်္ခါတံစတုမဂ္ဂဉာဏေန၊ သစ္ဆိကာတဗ္ဗံ။ မဂ္ဂဖလ နမာလမ္ဗဏဘူတံ။ ဝါနသင်္ခါတာယာဘာဝတော။ နိက္ခန္တတ္တာ။နိဗ္ဗာနန္တိပဝုစ္စတိ။ ။

ပန၊ရုပ်မှတပါး နိဗ္ဗာန်ကိုဆိုဦးအံ့။ဝါ။ စိတ်စေတသိက်ရုပ်မှတပါး၊ နိဗ္ဗာန်ကိုဆိုဦးအံ့၊မဂ္ဂဖလာနံ မဂ်ဖိုလ်တို့၏။အာလမ္ဗဏဘူတံ။ အာရုံဖြစ်၍ဖြစ်သော။ စတုမဂ္ဂဉာဏေန၊လေးပါးသောမဂ်ဉာဏ်ဖြင့်။ သစ္ဆိကာတဗ္ဗံ၊မျက်မှောက်ပြုအပ်သော။လောကုတ္တရသင်္ခါတံ။ လောကုတ္တ

ရာဟုဆိုအပ်သော၊နိဗ္ဗာန် နိဗ္ဗာန်ကို၊ ဝါနသင်္ခါတာယ၊ သင်္ခါတဝါတို့ကို၊ သံသရာဝဋ်နှင့်ကို၊ ချုပ်တတ်မှုးသတ်သည့်၏အဖြစ်ကြောင့်၊ ဝါနဟုဆိုအပ်သော ဘဏ္ဍာယ၊ တဏှာ၏၊ နိက္ခန္တတ္တာ၊ ထွက်မြောက်သည့်၏အဖြစ်ကြောင့်၊နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍၊ ပဝုစ္စတိ၊အခြားအာဖြင့်မိန့်အပ်၏၊ရှင်းအရှင်အနုရုဒ္ဓါစီခင်းထပ်မှုသောသင်္ဂြိုဟ်ကျမ်းတွင်၊သဏ္ဌာနကာဘင်္ဂဟုသော ပါဌ်ကို ထောက်ထားအင်ခြင်လိုက်လျှင်၊ နိဗ္ဗာန်သည်၊ ပုထုဇန်ဖြစ်သော လူသာမန်တို့သည်၊မသိနိုင်၊မမြင်နိုင်၊ မဂ်လေးပါး ဖိုလ်လေးပါးကို ရသော ပုဂ္ဂိုလ်မှသာလျှင်၊မျက်မှောက်ထင်ထင်မြင်ရ၏ဟု၊ အဓိပ္ပါယ်စကားကျရောက်သည်၊ ထိုသို့စကားအဓိပ္ပါယ်ကို ပြန်လိုက်လျှင် နိဗ္ဗာန်သည်ကောင်ရှိ၏၊ မမြင်သိုက်မမြင်နိုင်သောကြောင့်သာမမြင်သည်ဟုအဓိပ္ပါယ်ဆိုရာရောက်သည့်ရှင်းသင်္ဂြိုဟ်ကျမ်း၏အဖွင့်ဖြစ်သော၊ ရှင်သုမင်္ဂလထေရ်သော ဋီကာကျော်ကျမ်းတွင်လည်း၊

> ဣဒါနိနိဗ္ဗာနံနိဒ္ဒိသန္တော အာဟ နိဗ္ဗာနံပနာတိ၊အာဒိဝတုမဂ္ဂဉာဏေနသစ္ဆိကာတဗ္ဗတ္တာ၊ဣမိနာနိဗ္ဗာနံသတတံအရိယပုဂ္ဂလာနံပစ္စက္ခသိဒ္ဓံဒဿေတိ၊ ။

ဣဒါနိ၊ယခုအခါ၌၊နိဗ္ဗာနံ၊နိဗ္ဗာန်ကို၊ နိဒ္ဒိသန္တော ညွှန်ပြလိုသည်ဖြစ်၍၊ နိဗ္ဗာနံပနာတိအာဒိ နိဗ္ဗာနံပန ဤသို့အစရှိသောစကားကို၊ အာစရိယော၊အရှင်အနုရုဒ္ဓါဆရာသည်၊ အာဟ၊မိန့်ပြီ၊ စတုမဂ္ဂဉာဏေန၊လေးပါးသောမဂ်ဉာဏ်ဖြင့်၊သစ္ဆိကာတဗ္ဗတ္တာ မျက်မှောက်ထင်ထင်သိမြင်အပ်သော၊ ဣတိ၊ ဣမိနာ၊ဤပါဌ်ဖြင့်၊နိဗ္ဗာနံ၊နိဗ္ဗာန်၏၊သတတံ၊အရိယပုဂ္ဂလာနံ၊ထိုထိုအရိယာပုဂ္ဂိုလ်တို့အား၊ပစ္စက္ခသိဒ္ဓံ၊မျက်မှောက်ထင်ထင်သိမြင်သော အားဖြင့်ပြီးသည့်၏အဖြစ်ကို၊ ဒဿေတိ၊ပြ၏၊ ။ထိုပါဌ်၏အဓိပ္ပါယ်အရမှာ အရိယာပုဂ္ဂိုလ်တို့သည်၊ လေးပါးသောမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ထင်ထင်မြင်ရ၏ ဆိုသောကြောင့်နိဗ္ဗာန်သည်ရှိ၏၊ ရှိပင်ရှိသော်လည်း၊အရိယာပုဂ္ဂိုလ်မှသာမြင်နိုင်သည်ဟုမှတ်ရမည်၊ ။

> မဂ္ဂဖလာနမာလမ္ဗဏဘူတတ္တာ ဝနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ ပနသိဒ္ဓံတံ၊ ။

မဂ္ဂဖလာနံ၊မဂ်ဖိုလ်တို့၏၊အာလမ္ဗဏဘူတံ၊အာရုံဖြစ်၍ဖြစ်သော၊ ဓာတိ

ဋ္ဌမိနာ၊ ဤပါဌ်ဖြင့်။ ကလျာဏပုထုဇ္ဇနာနံ၊ ကလျာဏပုထုဇန်တို့အား။ အနုမာနသိဒ္ဓံ၊ မျက်ချမ်းဆ၍ သိအပ်သောအဖြစ်၏ပြီးသည်ကို။ ဒဿေတိ၊ ပြ၏၊ သို့သို့ပြအပ်သောပါဌ်၏ အဓိပ္ပါယ်ဖြင့်။ ကလျာဏပုထုဇန် ပုဂ္ဂိုလ်တို့သည်၊ နိဗ္ဗာန်ကိုချော်ရမ်းတွေးဆ၍သာ သိရသည်။ ဒိဋ္ဌမျက်မှောက်မသိမမြင်နိုင်ဟုဆိုလိုသည်။

မဂ္ဂဖလာနမာလမ္ဗဏဘူတော နိဗ္ဗာနံနာမ၊ ဧကောဝမ္မောတိသိဒ္ဓံ ပစ္စက္ခာနုမာနသိဒ္ဓတာ သန္တသဘာဝနဘာဝမတ္တံနိဗ္ဗာနဿ ဝိပ္ပဒိုပန္နာနံဝါဒံနိသေဓေတိ။ ။

မဂ္ဂဖလာနံ၊ မဂ်ဖိုလ်တို့၏၊ အာလမ္ဗဏဘူတော၊ အာရုံဖြစ်၍ဖြစ်သော။ နိဗ္ဗာနံနာမ၊ နိဗ္ဗာန်မည်သော။ ဧကော၊ ဘုသော။ ဓမ္မော၊ တရားသည်။ အတ္ထိ၊ ရှိ၏၊ ဣတိ၊ အတ္ထံ ဤသို့သောအနက်သည်။ သိဒ္ဓံ၊ ပြီး၏၊ ပစ္စက္ခာနုမာနသိဒ္ဓတာ၊ မျက်မှောက်ထင်ထင်သိမြင်အပ်သောအဖြစ်။ မျက်ရမ်းဆသိအပ်သောအဖြစ်၏ပြီးခြင်းကို၊ ဒဿနေန၊ ပြသဖြင့်လည်း။ အဘာဝမတ္တံ၊ ရုပ်နံခန္ဓာတို့၏မရှိခြင်းမျှသည်၊ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ဣတိ၊ ဤသို့။ ဝိပ္ပဋိပန္နာနံ၊ ဖောက်ပြန်သောဆရာတို့၏၊ ဝါဒံ၊ အယူကို၊ နိသေဓေတိ၊ မြစ်၏၊ ။

ထိုသို့ပြအပ်သောပါဌ်၏အဓိပ္ပါယ်ဖြင့်၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော၊ နိဗ္ဗာန်အမည်ရှိသောတခုသောတရားသည်ရှိ၏ဟူသော အနက်အဓိပ္ပါယ်သည်ပြီး၏၊ မျက်မှောက်ထင်ထင်သိမြင်အပ်သောအဖြစ်၊ အနုမာနရမ်းဆ၍သိအပ်သောအဖြစ်ကိုပြသဖြင့်လည်း။ ဒိဋ္ဌသုတနှစ်ပါးတို့တွင်၊ အရိယာတို့မှာဒိဋ္ဌ၊ ကလျာဏပုထုဇန်တို့မှာ သုတဟူသော အဓိပ္ပါယ်ကိုပြသည်။ ရုပ်နံခန္ဓာတို့၏ချုပ်ရာကိုသာငြိမ်းရာသည်နိဗ္ဗာန်မည်၏။ နိဗ္ဗာန်ဟုအသီးအခြားမရှိဟုဆိုသောစကားသည်၊ ဖောက်ပြန်မှားရှင်းသောဆရာတို့၏အယူဝါဒဖြစ်သည်ဟုပြသည်။ ။

(ဤကားရှင်သုမင်္ဂလဒိကာဆရာ၏အလိုတည်း)။

---

နိဗ္ဗာန်သည်ထရံဘခုခံစားဝံစားစရာမရှိ၊ အချည်းနှီးအဟောသိကံ၊ အကျိုးမရှိပျောက်ဆုံး၍သွားသည်ဟုယူခဲ့ပါလျှင်။ ပါရမီဆယ်ပါးအပြားသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါး၊ စရိယာသုံးပါးတို့ကို၊ အပင်ပန်းကျင့်ကြိုးအား

ထုတ်၍လေးသင်္ချေနှင့်ကမ္ဘာတသိန်း ဖြည့်ကျင့်တော်မူအပ်သော၊ ပညာဓိကဘုရားလောင်း။ ၈-သင်္ချေနှင့်ကမ္ဘာတသိန်း ဖြည့်ကျင့်တော်မူအပ်သော သဒ္ဓါဓိကဘုရားလောင်း၊ တဆဲ့ခြောက်သင်္ချေနှင့်ကမ္ဘာတသိန်းဖြည့်ကျင့်တော်မူအပ်သော၊ ဝီရိယာဓိကဘုရားလောင်း။ နှစ်သင်္ချေနှင့်ကမ္ဘာတသိန်းဖြည့်ကျင့်အပ်သော၊ ပစ္စေကဗုဒ္ဓါအလောင်း တသင်္ချေနှင့်ကမ္ဘာတသိန်းဖြည့်ကျင့်အပ်သောအဂ္ဂသာဝကအလောင်း၊ ကမ္ဘာတသိန်း ဖြည့်ကျင့်အပ်သောမဟာသာဝကအလောင်း၊ ကမ္ဘာသင်္ချေမရှိ၊ ဘုရားသခင်တို့နှင့်တွေ့မြင်အောင်ဖြည့်ကျင့်ရသော၊ ပကတိသာဝကဧဟိဘိက္ခု အစရှိသော အရှင်မြတ်တို့နှင့်တကွ၊ ချမ်းသာသုံးပါးကို အလိုရှိ၍၊ ဒါနသီလဘာဝနာကိုသည်းဘုံးအား ထုတ်ကျင့်သော၊ ဂင်္ဂါဝါဠုသဲ ရေမက၊ ကျွတ်တန်းဝင်သော သတ္တဝါတို့သည်။ အချည်းနှီးအကျိုးမရှိပျောက်ဆုံး၍သွားသည်ဟုယူရန်ရှိသည်။ ဤကဲ့သို့နိဗ္ဗာန်သည်၊ အဘာဝမတ္တအနှစ်အရသာမရှိ၊ အဟောသိကံပျောက်ဆုံး၍သွားသည်ဟု၊ အများသတ္တဝါတို့မှတ်ထင်စွဲယူကြလျှင်၊ ချမ်းသာတကာတို့ထက်အလွန်အထိပ်ဖြစ်သော နိဗ္ဗာန်သည်၊ အဘိုးမထိုက်၊ တရံထယောက်သောသူမျှ လိုချင်ရန်အကြောင်းမရှိ၊ ဖြင်းသိမ်သေးနုခြင်းသို့ရောက်ဘွယ်ရာဖြစ်သည်၊ လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာဟုဆိုအပ်သော ချမ်းသာသုံးမျိုးတို့တွင်လည်း၊ လူချမ်းသာဆိုသည်မှာ၊ ဥစ္စာရတနာ ရွှေငွေဆန်ရေစပါးကျွဲနွားမြင်းဆင်၊ ကျေးကျွန်သင်းပင်းနှင့်ပြည့်ရ၍၊ အလိုရှိတိုင်းခံစား စံစားရသော၊ လူ၏စည်းစိမ်သည်လည်း၊ ဒိဋ္ဌမျက်မှောက်ပင်တွေ့မြင်ရသည်၊ နတ်၏စည်းစိမ်ဆိုသည်မှာလည်း၊ ဥယျာဉ်ဗိမှန်ခြွေရံပရိသတ်နတ်တို့၏တံခိုးကြောင့်၊ အလိုရှိတိုင်းပြီးစီးကြောင်းကိုလည်း၊ လူ့ဇာတ်ဖြစ်သောနေမိမင်းသာဓိနမင်း၊ မန္ဓာတ်မင်းဂုတ္တိလစောင်းသမား အစရှိသောဘုရားလောင်းလေးယောက်တို့သည်၊ နတ်ပြည်သို့ရောက်၍နတ်တို့၏စည်းစိမ်ကိုဒိဋ္ဌမျက်မှောက်ပင်တွေ့မြင်ရသည်၊ နိဗ္ဗာန်၏ချမ်းသာသည် ယခုပြဆိုခဲ့သော လူချမ်းသာ နတ်ချမ်းသာဟုဆိုအပ်သော ချမ်းသာတကာတို့ထက်၊ လွန်ကဲထူးမြတ်သော ချမ်းသာဖြစ်ခြင်းကြောင့်၊ ဖြစ်ဖြစ်သမျှဝေနေယျသတ္တဝါအပေါင်းတို့သည်၊ ကောင်းကောင်းမွန်မွန်နှစ်သက်ဖွယ်ရာဖြစ်သောဥစ္စာပစ္စည်းတို့ကို၊ မသုံးရက်မစားရက်မိမိထက်မွန်မြတ်သော၊ ရတနာသုံးပါးတို့ကို၊ လှူဒါန်းပေးကမ်း စွန့်ကြဲခြင်းသည်၊ ၎င်းပြဆို ခဲ့သောနတ်ချမ်းသာတို့ထက်၊ ကဲလွန်ထူးမြတ်သောနိဗ္ဗာန်ချမ်းသာကို၊ အာ

လိုရှိခြင်းကြောင့်သာပေးကမ်းလှူဒါန်းစွန့်ကြဲခြင်းကိုပြုနိုင်ရာသည်။ တိုင်းပြည်ခရိုင်နိုင်ငံကိုလုပ်ကြံသောမင်းထောင်းတို့သည်။ ဥစ္စာပစ္စည်းများစွာအကုန်ခံခြင်းများစွာသောလူတို့ကိုအသေခံ၍လုပ်ကြံခြင်း။ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းကို များစွာဖြစ်စေ၍ အားထုတ်လုပ်ကြံခြင်းသည်ထင်ရှားရှိသောမင်း၏စည်းစိမ်ကို။ အလိုရှိသောကြောင့်သာ အားထုတ်လုပ်ဆောင်နိုင်သည်။ အဟောသိကံအကျိုးမရှိ အချည်းစည်းပျက်ပြားသေဆုံးရှုံးသာဖြစ်ခဲ့ပါလျှင်။ အားထုတ်လုပ်ဆောင်ခြင်းကိုမပြုနိုင်ရာသကဲ့သို့ များစွာသောသတ္တဝါအပေါင်းတို့အား။ နိဗ္ဗာန်သည် အဘာဝမတ္တမျှသာဖြစ်၍။ ထင်ရှားမရှိခဲ့ပါလျှင်။ များစွာသော ရွှေငွေရတနာဥစ္စာတို့ကို အကုန်ခံ၍။ ဘုရားဆည်ခြင်း၊ ကျောင်းဆောက်ခြင်းဟုဆိုအပ်သောအဖျို ကောင်းမှုကိုပြုခြင်း။ တထောင့်ငါးရာဟုဆိုအပ်သေါရန်သူပုန်တို့ကို။ ငါးပါးသီလ၊ ရှစ်ပါးသီလ။ ၁၀ ပါးသီလ။ ၃၇ ပါးသောဗောဓိပက္ခိယတရားတည်းဟူသော၊ ခဲယမ်းမီးကျောက်လက်နက်စကြာတို့နှင့်။ စိတ်၏ဆင်းရဲခြင်းကိုယ်၏ဆင်းရဲခြင်းကို ဖြစ်စေ၍။ တိုက်ခိုက်အားထုတ်ခြင်းကို မပြုနိုင်ရာ။ မင်း၏အဖြစ်ကိုလုပ်ကြံသော မင်းထောင်းသည်။ ထင်ရှားရှိသောမင်း၏စည်းစိမ်ကိုရသကဲ့သို့။ ပါရမီကိုဖြည့်ကျင့်သော အလောင်းတော်ဝါကာတို့အလိုရှိအပ်သော နိဗ္ဗာန်သည် ထင်ရှားရှိ၏ဟူ၍ မှတ်အပ်သည်။ ။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ဘုံပိုင်းတွင်လည်း။ ။

ပဒိုသံခါယပနေတမရူပံ အမိဂတွာ ပဒမစ္စုတံဗုခါသု သမ္မုဒ္ဓိနွှ သိနွေ့ဟာဗန္ဓနာသမမေဿန္တိ စိရေယသုပ္ပတာ။

ပဒ၊ သံသရာစက်လည်သည့်မှတပါး။ သံသရာစက်ပြတ်သည့်ကိုဆိုဦးအံ့ ဗုခါ၊ ပညာရှိတို့သည်။ အရူပံ၊ မပြဲသောသဘောရှိသော။ ဇောတံ၊ ထိုဝဋ်တရားကို၊ ပဒိုသင်္ခါယ။ ပညာဖြင့်ဆင်ခြင်၍။ စိရေယ-စိရကာလံ၊ ရှည်မြင့်စွာသောကာလပတ်လုံး၊ သုပ္ပတာ။ ကောင်းသောအကျင့်ရှိကုန်သည်ဖြစ်၍။ သုသရမ္ဗုဒ္ဓိနွှ သိနွေ့ဟာဗန္ဓနာ၊ ကောင်းစွာမဂ်ဖြင့်ဖြတ်အပ်ပြီးသောချစ်ခြင်းနှောင်ဖွဲ့ခြင်းရှိကုန်သည်ဖြစ်၍။ အစ္စုတံ။ ရွေ့လျောခြင်းမရှိသော။ ပဒံ။ နိဗ္ဗာန်ကို။ အမိဂတွာ။ မဂ်ညာဏ်ဖိုလ်ညာဏ်ဖြင့်သိကုန်၍။ သမံ။ ခင်သိမ်းသောဝဋ်ဆင်းရဲတို့၏ ငြိမ်းရာဖြစ်သောနိဗ္ဗာနဓာတ်သို့။ ဧဿန္တိ၊ ရောက်ကုန်ထကုန်၏။ ။

ရင်းအဖွင့်ဖြစ်သောဋီကာ၌လည်း၊

တေံယာသာဝဂ္ဂ်ဝနပဝဂ္ဂ်ဧဒ္ဓုဝံအနိစ္စံ ပလောကမြေ့ပဝိုသင်္ဂါယပစ္စဝေကွိတ္တုာ။ဗုဓာပဏ္ဍိတာ။စီရာယစီရကာလံသုပ္ပတာပဟုတွာ။အဂ္ဂုဏံရုဝံအစ္စာနမြေ့ပဒံနိဗ္ဗာနပဒံ အမိဂံတွာ၊ မဂ္ဂပညာဉာဏေနသစ္ဆိကတွာ ထတော့ယာဝ။သုဝ္ဗသရသ္ဆိနှသိမှေဟာဗဉ္ဇနာသမံ နိရုပမိသောသနိဗ္ဗာနဓာတုံသေသ္ဆိပါပုနိသသ္ဆိ၊ ။ဟု၍ဖွင့်ပြကုန်သည်။

ယထာဝုတ္တ။အကြွင်းဆိုအပ်ခဲ့ပြီးသော၊ ဝနပဝဂ္ဂ။ ဝန်ဆင်းရဲနှိုက်ဖြစ်သော။အဒ္ဓုဝံ၊ အရှည်မတည်သော။အနိစ္စံ။မမြဲသော၊ ပလောကမြေ့၊ဖြစ်ပျက်တတ်သောသဘောရှိသော၊ တေံ။ထိုငြိုထရားကို။ ဝိုသင်္ဂါယပစ္စဝေကွိတွာ။ပညာဖြင့်ဆင်ခြင်၍။ဗုဓာ-ပဏ္ဍိတာ၊ ပညာနှင့်ပြည့်သည့် စီရာယစီရကာလံ၊ရှည်မြင့်စွာသော ကာလပတ်လုံး။ သုပ္ပတာ၊ကောင်းသောအာကျင့်ရှိကုန်သည်၊ ဟုတွာ။ဖြစ်၍။အဂ္ဂုဏံ၊ ရွေ့လျောခြင်းမရှိသော။ရုဝံ၊အရှည်တည်သော။အစ္စနမြေ့ရွေ့လျောခြင်းသဘောမရှိသော။ပဒံနိဗ္ဗာနပဒံ၊နိဗ္ဗာန်ကို။ အမိဂံတွာမဂ္ဂပညာဉာဏေနသစ္ဆိကတွာ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့်မျက်မှောက်ပြုရခြင်းကြောင့်၊သုဋ္ဌု၊ ကောင်းစွာ။သမုဇ္ဆိန္နှသိမှေဟာဗဉ္ဇနာ။မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့်၊ အကြွင်းမဲ့ပြတ်အင်ပြီးသော၊ချစ်ခြင်းနှောင်ဖွဲ့ခြင်းရှိကုန်သည်ဖြစ်၍၊သမံနိရုပမိသေသနိဗ္ဗာနဓာတုံ၊ ဥပမိလေးပါးအကြွင်းမရှိသောနိဗ္ဗာနဓာတ်သို့၊ သေသ္ဆိ-ပါပုဏိသသ္ဆိ၊ရောက်ကြကုန်သတ္တုံ။ ။၌သို့ဖွင့်ကုန်သောဋီကာဆရာ၏စကားအသား၊အာသပေါ်ကိုဆင်ခြင်လိုက်လျှင်၊အမိဂံတွာမဂ္ဂပညာဉာဏေနသစ္ဆိကတွာ၊ ဟူသောပါဌ်ဖြင့်၊နိဗ္ဗာန်ကို၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့်၊ မျက်မှောက်ဒိဋ္ဌမြင်ပေ၏ဟူသောအဓိပ္ပါယ်ကိုဆိုလိုသည်၊ ထိုသို့ဆိုသောကြောင့်၊ နိဗ္ဗာန်သည်ထင်ရှားရှိ၏ဟုယူရန်ရှိသည်၊ ။

ဓမ္မသင်္ဂဏီပါဠိတော်၏အဖွင့်ဖြစ်သောအဋ္ဌသာလိနီအဋ္ဌကထာဒသုန္တိတ်အဖွင့်တွင်လည်း။ ။

ဒသနုတိကေ ဒဿနေနာတိ သောတာပတ္တိမဂ္ဂေန။သောဟိ ပဌမံနိဗ္ဗာနံဒဿနတော ဒဿနန္တိ ဝုတ္တော။ ဂေါတြဘူပနဒိဋ္ဌာဝိ၊ ပဌမတရံပဿတိ၊ ယထာပန ရညော သန္တိကံ ကေနစိဒေဝ ကရဏီယေန၊ အာဂတော။ ပုရိသော ဒူရတောဝ ရထိကာယ စရန္တံ

ဟတ္ထိက္ခန္ဓဂတံ ရာဇာနံ ဒိသွာပိ ဒိဋ္ဌော ထေရ ရာဇာတိ ဝုတ္တော ဒိသွာပိ ကတ္တဗ္ဗကိစ္စဿ ကတတ္တာ နပဿာမီတိ အာဟ၊ ဧဝမေဝ နိဗ္ဗာနံ ဒိသွာပိ ကတ္တဗ္ဗဿ ကိလေသပဟာနဿ ဘာဝါ န ဒဿနန္တိ ဝုစ္စတိ။ ။အဋ္ဌသာလိနီပါဠိ၊ ။

ဋင်းပါဠိ၏အနက်။ ။ဒဿနန္တိကော၊ ဒဿနန္တိတ်နိုက်၊ အဋ္ဌော၊ အနက်ကို။ဝေါ။ ဤသို့။ဝေဒိတဗ္ဗော၊ သိအပ်၏။ဒဿနေနာတိ ပဒဿ ဒဿနေနဟူသောပုဒ်၏။ သောတာပတ္တိမဂ္ဂေနာတိ အတ္ထော။ သောတာပတ္တိမဂ္ဂေနဟူသော အနက်ကို။ဒဋ္ဌဗ္ဗော။မှတ်အပ်၏။ သောတာပတ္တိမဂ္ဂေန။သောတာပတ္တိမဂ်သည်။ဟိသစ္စံ၊ ထိုစကားသည်မှန်၏။သော၊ ထိုသောတာပတ္တိမဂ်သည်။ ပဌမံ၊ ရှေးဦးစွာ။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ဒဿနတော၊ မြင်တတ်သောကြောင့်။ ဒဿနန္တိ၊ ဒဿနဟူ၍။ဝုတ္တော၊ ဟောတော်မူအပ်၏။ ဂေါတြဘုပန၊ ဂေါတြဘုသည်ကား။ပဌမတရံ၊ ရှေးဦးစွာ။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ကိဉ္စာပိ ပဿတိ၊ အကယ်၍ကား မြင်၏ရှင့်။ပန၊ တသာပိ။ ထိုသို့မြင်သော်လည်း။ရညော၊ မင်း၏။သန္တိကံ၊ အထံသို့။ကေနစိဒေဝ၊ တစုံတခုလျှင်ဖြစ်သော။ကရဏီယေန၊ ပြုဘွယ်ကိစ္စဖြင့်။ အာဂတော၊ လာသော။ ပုရိသော၊ ယောကျ်ားသည်။ဒူရတောဝ၊ အဝေးမှလျှင်။စရန္တံ၊ သွားသော။ဟတ္ထိက္ခန္ဓဂတံ၊ ဆင်ကျောက်ကုန်း၌စီးသော၊ ရာဇာနံ၊ မင်းကို။ဒိသွာပိ၊ မြင်၍လည်း၊ တေတယာ၊သင်သည်၊ရာဇာ၊မင်းကို။ဒိဋ္ဌော၊ မြင်၏လော။ဣတိ၊ ဤသို့။ပုဋ္ဌော၊ မေးသည်ရှိသော်၊ဒိသွာပိ မြင်၍လည်း ကတ္တဗ္ဗကိစ္စဿ၊ ပြုအပ်သောကိစ္စဖြစ်သော။ကိလေသပဟာနဿ။ကိလေသာကိုပယ်ခြင်း၏၊အဘာဝါ၊ မရှိခြင်းကြောင့်။ဂေါတြဘု။ ဂေါတြဘုကို။ ဒဿနန္တိ၊ဒဿနဟူ၍။နဝုစ္စတိ၊မဆိုအပ်။ ။ထိုဒေသနာတော်၏အဓိပ္ပါယ်သော်ကား၊သောတာပတ္တိမဂ်သည်ရှေးဦးစွာ၊ နိဗ္ဗာန်ကို။ မြင်သောကြောင့်။ ဒဿနဟူ၍ဟောတော်မူသည် ဤသို့ဆိုသည်ရှိသော် သောတာပတ္တိမဂ်သာလျှင်နိဗ္ဗာန်ကိုမြင့်သလော။ သောတာပတ္တိမဂ်၏ရှေ့၌ဖြစ်သောဂေါတြဘုသည်။ နိဗ္ဗာန်ကိုမြင်သည်မဟုတ်လော။ဟူသောစောဒနာကိုဖြေသည့်ရာ။ ဂေါတြဘုသည် နိဗ္ဗာန်ကိုမြင်၏။ မြင်ပင်မြင်သော်လည်းမင်း၏အနီးသို့တစုံတခုသောပြုဘွယ်ကိစ္စဖြင့်။လာသောယောကျ်ားသည်အဝေးမှဆင်စီး၍သွားသော မင်းကိုမြင်၍လည်း။ သင်သည်မင်းကိုမြင်၏လောဟုမေးသည်ရှိသော်၊ငါသည်မင်းကိုမြင်၏ဟုဆို၏။ ထိုသို့ဆို

သေ၅်၊သင်မြင်သောမင်းသည်ပြသနေသော၊မည်းသားလေးမြင့်သားလောနိမ့်သလော၊မေးသည်ရှိသေ၅်၊ပြသည်မည်းသည်မြင့်သည်နိမ့်သည်တို့ကို၊ အဝေးကမြင်ရသောကြောင့် မသိနိုင်၊ မသိနိုင်သောကြောင့် ဒဿနမည်သင့်၊ သောတာပတ္တိမဂ်သည်သာလျှင်၊ နိဗ္ဗာန်ကို ထင်ထင်ရှားရှားမြင်ရသည်၊ဂေါတြဘုမှာ၊ ဝေးသောကြောင့်နိဗ္ဗာန်ကိုအရိပ်အရောင်သာမြင်ရသည်ဟုဆိုလိုသည်၊ဤသို့စကား၏အလာကို ထောက်ထားဆင်ခြင်လိုက်လျှင်။နိဗ္ဗာန်သည်ထင်ရှား၏ရှိပင်ရှိသော်ထည်း။ အရိယာဝုဂ္ဂိုလ်တို့၌သာလျှင်မြင်နိုင်သည်ဟူ၍ယူရမည်။

ထနည်းထည်းငင်းအဋ္ဌသာလိနီအဋ္ဌကထာ အနုလုံဂေါ်တြဘုဉာဏ်မွှန်ထွင်ထည်း။ ၊

တတြဲ့ယံဥပမာ ဇကောဝကိရ စက္ခုမာပုရိသောနက္ခတ္တယောဂံဇာနိဿာမိတိရတ္တိဘာဂေ နိက္ခမိတွာစန္ဒံပဿိတုံ-ဥဒ္ဓံဥလ္လောကေသိတဿဝဘာ ဟာကေဟိ-ပဋိစ္ဆန္နတ္တာ-စန္ဒောပညာယိတ္ထ-အထေကောဝါတော- ဥဋ္ဌဟိတွာ ထုလထုလေဝလာ ပ-ကေဝိဒ္ဓံသေတိ အပရေမဇ္ဈိမေ၊ အပရေသုခုမေ၊ တတောသောပုရိသောဝိဂတဝလာဟကေ နဘေစန္ဒံဒိသွာ နက္ခတ္တယောဂံအညာသိ တတ္ထတေယောဝ ဃာဟကာဝိယ သစ္စပဋိစ္ဆာဒကထုထမဇ္ဈိမသုခုမကိလေသန္ဓကာရံ တယောဝါတောာ အနုလောမစိတ္တာနိစက္ခုမာပုရိသော ဝိယဂေါတြဘုဉာဏံ စန္ဒောဝိယ နိဗ္ဗာနံဝါ တဿယထာက္ကမေနဝလာဟကတ္တယဝိဒ္ဓံသနံဝါယေကကာဿ အနုလောမစိတ္တဿသစ္စပဋိစ္ဆာဒကတမဝိနောဒနံ ဝိဂတဝလာဟကေနဘေဝိယ ပုရိသဿဝိသုဒ္ဓစန္ဒဒဿနံဝိယ ဝိဂတေသစ္စာဒကေ တမေဂေါတြဘုဉာဏဿ သုဝိသုဒ္ဓနိဗ္ဗာန အာရမ္မဏကရဏံ ယထေဝဟိတယောဝါတာ စန္ဒပဋိစ္ဆာဒကေ ဝလာဟကေဝဝိဒ္ဓံသေတုံသက္ကောန္တိ။ နစန္ဒံ ဒဋ္ဌုံဖေ၀ံအနုလောမာနိ သစ္စာနိ ပဋိစ္ဆာဒကာတမံယေဝ ဝိနောဒေတုံ သက္ကောန္တိ၊ နိဗ္ဗာနံ အာရမ္မဏံကာတုံယထာသောပုရိသောစန္ဒမေဝဒဋ္ဌုံသက္ကောတိန ဝလာဟကေ ဝိဒ္ဓံသေတုံဖေ၀ံဂေါတြဘု ဉာဏံနိဗ္ဗာန မေဝအာရမ္မဏံသက္ကောတိ နကိလေသတမံ ဝိနောဒေတုံ ဖေ၀ံအနုလောမံ

သနိါချမ္ဗုဏာံးဟာတိ ဂေါတြဘု နိဗ္ဗာနရမ္မဏာံ ယဒိဟိဂေါတြဘု
အနုလောမေနဂဟိ တာရမ္မဏံဂဏှေယျ။ ပုနအနုလောမံတံအနု
ဗန္ဓေယျာတိမဂ္ဂဝုဋ္ဌာနမေဝနဘဝေယျာ။ ။

တကြတဆို့ဥပမာနှု၊ ထိုသို့ဖြစ်ခြင်း၌၊ အသံ၊ ဤဆိုလတ္တံ့သည့်ကား။
ဥပမာ၊ လောကီဥပမာတည်း။ ဧကော၊ တယောက်သော၊ စက္ခုမာ၊ မျက်စိအဆ
မြင်နိုင်ဖြည့်ရသော။ ပုရိသော၊ ယောက်ကျားသည်။ နက္ခတ္တယောဂံ၊ နက္ခတ်
နှင့်ယှဥ်ခြင်းကို၊ ဇာနိဿာမိ၊ သိအံ့။ ဣတိ၊ မနသိကတွာ၊ ဤသို့နှစ်လုံးသွင်း၍။
ရတ္တိဘာဂေ၊ ညည့်အခါ၌။ နိက္ခမိတွာ၊ ထွက်၍။ စန္ဒံ၊ လကို။ ပဿိတုံ၊ ကြည့်
အံ့သောငှါ။ ဥဒ္ဓံ၊ အထက်သို့။ ဥလ္လောကေသိကိရ၊ မြော်၍ကြည့်သတတ်။
တဿပုရိသဿ၊ ထိုယောက်ကျားအား။ ဝလာဟကေဟိ၊ တိမ်တိုက်တို့
ဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းသည်၏အဖြစ်ကြောင့်။ စန္ဒော၊ လသည်။ နပညာ
ယိတ္ထ၊ မထင်၊ အသတထို့ကာလေ၊ ထိုအခါနိုက်။ ဧကော၊ တကြိမ်သော။
ဝါတော၊ လေသည်။ ဥဋ္ဌဟိတွာ၊ ထ၍။ ထူလထူလေ၊ ရုံးရင်းရုံးရင်းကုန်
သော၊ ဝလာဟကေ၊ တိမ်တိုက်တို့ကို။ ဝိဒ္ဓံသေတိ၊ ဖျက်ဆီး၏။ အပရော၊
တပါးသော။ ဝါတော၊ လေသည်။ ရဇ္ဇုမေ၊ အလည်ဖြစ်သော။ ဝလာဟကေ၊
တိမ်တိုက်တို့ကို။ ဝိဒ္ဓံသေတိ၊ ဖျက်ဆီး၏။ အပရော၊ တပါးသော၊ ဝါတော၊
လေသည်။ သုခုမေ၊ နူးညံ့ကုန်သော။ ဝလာဟကေ၊ တိမ်တိုက်တို့ကို။ ဝိဒ္ဓံ
သေတိ၊ ဖျက်ဆီး၏၊ တသော၊ ထိုအခါ၌။ သော ပုရိသော၊ ထိုယောက်ကျား
သည်။ ဝိဂတဝလာဟကေ၊ ကင်းပြီးသောတိမ်တိုက်ရှိသော။ နဘေ၊ ကောင်း
ကင်နိုက်။ စန္ဒံ၊ လကို။ ဒိသွာ၊ မြင်၍။ နက္ခတ္တယောဂံ၊ နက္ခတ်နှင့်ယှဥ်ခြင်းကို။
အညာသိ၊ သိ၏။ တတ္ထ၊ ထိုဥပမာစကားနိုက်။ တယော၊ သုံးပါးကုန်သော။ ဝ
လာဟကာဝိယ၊ တိမ်တိုက်ကဲ့သို့။ သစ္စစ္ဆာဒကထူလမဇ္ဈိမသုခုမ
ကိလေသဆန္ဒကာရံ၊ သစ္စာလေးပါးကိုဖုံးလွှမ်းတတ်သောရုန်းရင်းသော
အသတ်ဖြစ်သော၊ သိမ်မွေ့စွာသော ကိလေသာ တည်းဟူသော အမိုက်
တိုက်တို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ တယော၊ သုံးပါးသော။ ဝါတာဝိယ၊
လေတိုက်သကဲ့သို့။ တိဏ၊ သုံးပါးကုန်သော။ အနုလောမစိတ္တာနိ၊ အနုလုံ
စိတ်တို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ စက္ခုမာ၊ မျက်စိအမြင်ရှိသော၊ ပုရိသော၊
ဝိယ၊ ယောက်ကျားကဲ့သို့။ ဂေါတြဘုဉာဏံ၊ ဂေါတြဘုဉာဏ်ကို။ ဒဋ္ဌဗ္ဗံ၊
မှတ်အပ်၏။ စန္ဒောဝိယာထကဲ့သို့။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ယ

ထာက္ကမနေ၊ အစဉ်အားဖြင့်၊ ဝလာဟကတ္တယဝိပ္ပမုတ္တံဝိယ၊ တိမ်တိုက်သုံး
ပါးအပေါင်းကို ဖျက်ဆီးသကဲ့သို့၊ ဧကေကထေ၊ တရတရသ။ ဧနှ
ထောမဝိတ္တသ၊ အနုဿာမဝိတ်၍၊ သစ္စပဋိစ္ဆာဒကတမဝိနောဒနံ၊ သစ္စာ
လေးပါးတို့ဖုံးလွှမ်းတတ်သော မောဟကိုဖျက်ဆီးခြင်းကို၊ ဒဠှမှတ်
အင်၍၊ ဝိဂတဝလာဟကေ၊ ကင်းသေးတိမ်တိုက်ရှိသော၊ နဘေ၊ ကောင်း
ကင်နှိုက်။ တဿပုရိသဿ၊ ထိုယောက်ျား၏၊ ဝိသုဒ္ဓနက္ခတ္တံဝိယ၊
စင်ကြယ်သောလကိုမြင်သကဲ့သို့၊ သစ္စပဋိစ္ဆာဒကတမေ၊ သစ္စာလေးပါး
ကိုဖုံးလွှမ်းတတ်သော အမိုက်တိုက်သည်။ ဝိဂတေ၊ ကင်းသည်ရှိသော်။
ဂေါတြဘုဉာဏဿ၊ ဂေါတြဘုဉာဏ်၏၊ ဝိသုဒ္ဓနိဗ္ဗာနအာရမ္မဏကရ
ဏေ၊ စင်ကြယ်သောနိဗ္ဗာန်ကိုအာရုံပြုခြင်းကို၊ ဒဠှမှတ်အင်၍။ ဘာသာ၊
သုံးပါးသော၊ ဝါတာ၊ လေတို့သည်။ စန္ဒပဋိစ္ဆာဒကေ၊ လကိုဖုံးလွှမ်းတတ်
သော၊ ဝလာဟကေ၊ တိမ်တိုက်ကိုသာလျှင်၊ ဝိဒ္ဓံသေတုံ၊ ဖျက်ဆီး
ခြင်းငှါ၊ သမတ္ထာ၊ တတ်နိုင်ကုန်၏၊ စန္ဒံ၊ လကို၊ ဒဋ္ဌုံ၊ မြင်ခြင်းငှါ၊ န
သမတ္ထာ၊ မတတ်နိုင်ကုန်သကဲ့သို့၊ ဧဝမေဝ၊ ထို့အတူ၊ အနု
လောမာနိ၊ အနုလုံတို့သည်။ သစ္စပဋိစ္ဆာဒကတမံဝ၊ သစ္စာလေးပါးကို
ဖုံးလွှမ်းတတ်သောအမိုက်တိုက်ကိုသာလျှင်၊ ဝိနောဒေတုံ၊ ပယ်ဖျောက်
ခြင်းငှါ၊ သမတ္ထာနိ၊ တတ်နိုင်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို၊ အာရမ္မဏံကာတုံ၊ အာရုံ
ပြုခြင်းငှါ၊ န သမတ္ထာနိ၊ မတတ်နိုင်ကုန်။ သောပုရိသော၊ ထိုယောက်ျား
သည် စန္ဒံ၊ လကို။ ဒဋ္ဌုံ၊ မြင်ခြင်းငှါ၊ သမတ္ထော၊ တတ်နိုင်၏။ ဝလာဟကေ၊
တိမ်တိုက်ကိုကား။ ဝိဒ္ဓံသေတုံ၊ ဖျက်ဆီးခြင်းငှါ၊ န သမတ္ထော၊ မတတ်
နိုင်သကဲ့သို့။ ဧဝံ ဧဝ၊ ထို့အတူ၊ ဂေါတြဘုဉာဏံ၊ ဂေါတြဘုဉာဏ်
သည်။ နိဗ္ဗာနံ ဧဝ၊ နိဗ္ဗာန်ကိုသာလျှင်။ အာရမ္မဏံ ကာတုံ၊ အာရုံပြုခြင်းငှါ၊
သမတ္ထံ၊ တတ်နိုင်၏၊ ကိလေသတမံ၊ ကိလေသာတည်းဟူသောအမိုက်
တိုက်ကို။ ဝိနောဒေတုံ၊ ပျက်ဆီးအံ့သောငှါ၊ န သမတ္ထံ၊ မတတ်နိုင်၊ ဧဝံ၊
ဤသို့။ အနုလောမံ၊ အနုလုံသည်။ သစ္စာရမ္မဏံ၊ သစ္စာလေးပါးအာရုံရှိသည်။
ဟောတိ၊ ဖြစ်၏။ ဂေါတြဘု၊ ဂေါတြဘုသည်။ နိဗ္ဗာနာရမ္မဏံ၊ နိဗ္ဗာန်အာရုံရှိ
သည်။ ဟောတိ၊ ဖြစ်၏။ ဟိ ဣဒံ ဝစနံ၊ ဤစကားသည်မှန်၏။ ဂေါတြဘု၊
ဂေါတြဘုသည်။ အနုလောမေန၊ အနုလုံသည်။ ဂဟိတာရမ္မဏံ၊ ယူ
အပ်သောအာရုံကို။ ယဒိ ဂဏှေယျ၊ အကယ်၍ယူအံ့။ ဧဝံ၊ ဤသို့ယူသည်။
သတိ၊ ရှိသော်။ တံ ဂေါတြဘု၊ ထိုဂေါတြဘုသည်။ ပုန၊ ဘ၊ ဖန်။ အနုလောမံ၊

အနုလုံသို့၊ အနုဗန္ဓ၊အစဉ်လိုက်ရာ၏။ဧဝံ၊ဤသို့။ အနုလုံသို့အစဉ်လိုက်သည် သတိ၊ရှိသော်၊ မဂ္ဂါဝုဋ္ဌာနမေဝ။သင်္ခါရတရားတို့မှသတတ်သောမဂ်သည်သာလျှင်၊နဘာဝယျ။မဖြစ်ရာ။ ။

ထိုသို့ဆိုအပ်သောပါဠိကိုအနက်အဓိပ္ပါယ်ဖြင့်ဆိုလိုက်လျှင်၊နက္ခတ်အတတ်ကိုတတ်သော။ မျက်စိအမြင်ရှိသော၊ တယောက်သောယောက်ျားသည်။လကိုဘယ်နက္ခတ်နှင့်ယှဉ်သနည်းဟု၊ ကောင်းကင်ကိုကြည့်လိုသည်ရှိသော်။ တိမ်တိုက်တို့ဖြင့်ဖုံးလွှမ်းသောကြောင့်။ လကိုမမြင်သည်ဖြစ်၍။လေသည်ထူထပ်သော တိမ်တိုက်တို့ကိုတကြိမ်တိုက်ဖျက်၏။ ထိုနောင်လေသည်အလတ်ဖြစ်သော တိမ်တိုက်ကို တိုက်ဖျက်၏။ ထို့နောင်လေသည်သိမ်မွေ့သော တိမ်တိုက်တို့ကိုတိုက်ဖျက်၏၊ ထိုသို့လေသည်သုံးကြိမ်တိုက်ဖျက်သောအခါ။ တိမ်တိုက်တို့ဖြင့်ကင်းစင်၍နက္ခတ်နှင့်ယှဉ်သောလကိုမြင်၏ ထိုစကား၏အဓိပ္ပါယ်အကျဉ်းမှာနက္ခတ်နှင့်ယှဉ်သောလကိုကြည့်သောယောက်ျားသည်။ ကမ္မဋ္ဌာန်းစီးဖြန်းသောယောဂီပုဂ္ဂိုလ်နှင့်တူ၏၊ လသည်နိဗ္ဗာန်နှင့်တူ၏။ လကိုဖုံးလွှမ်းသောတိမ်တိုက်သည်တထောင့်ငါးရာသော ကိလေသာနှင့်တူ၏၊ ထိုအခါပဌမတကြိမ်တိုက်သောလေသည်ပရိကံနှင့်တူ၏။ဒုတိယနှစ်ကြိမ်တိုက်သောလေသည်ဥပစာနှင့်တူ၏။တတိယသုံးကြိမ်မြောက်တိုက်သောလေသည် အနုလုံနှင့်တူ၏။တိမ်တိုက်တို့ဖြင့်စင်ကြယ်သောအခါလကိုမြင်ခြင်းသည်ဂေါတြဘူနှင့်တူ၏၊ နက္ခတ်နှင့်ယှဉ်သောလကိုကြည့်သောယောက်ျားသည် တိမ်တိုက်တို့ဖြင့်ကင်းစင်သည်ရှိသော် လကိုရချအမှန်မြင်ရသကဲ့သို့ဂေါတြဘူသည်။ကိလေသာ စင်ကြယ်သည်ရှိသော်။ နိဗ္ဗာန်ကို အမှန်မြင်ရ၏ဟူသောအဓိပ္ပါယ်ကိုကောက်လိုက်လျှင်။ နိဗ္ဗာန်သည်ထင်ရှားရှိ၏ဟုဆိုလိုသည်။ ။

ဝိဘင်းကျမ်း၏တဖွင့်ဖြစ်သော သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌လည်း။ ။နိဗ္ဗာနံနာမဓမ္မာယတနပရိယာပန္နောဓမ္မောအရူပဟတ္ထံစတ္တာရောခန္ဓာနိဗ္ဗာနံသန္တိကတ္တာဝိပဟာခန္ဓော။ ။

နိဗ္ဗာနံနာမ၊နိဗ္ဗာန်မည်သည်ကား။ ဓမ္မာယတနပရိယာပန္နော၊ဓမ္မာယတန၌အကြွမ်းဝင်သော။ စတ္တာရော၊လေးပါးကုန်သော။ ခန္ဓာ၊နာမက္ခန္ဓာဟုဆိုအပ်သော။ဓမ္မော၊တရားသည်၊အရူပဟတ္ထံဝါ၊အရုပ္ပမိလ်သို့လည်းကောင်း။

နိဗ္ဗာနံ၊ နိဗ္ဗာန်သို့လည်းကောင်း။ သန္တိကတ္တာ၊ မျက်မှောက်ပြု၍၊ ဝိဟာရန္တော၊ နေ၏၊ ။

ဤပါဠိ၏အဓိပ္ပါယ်ကို ဆင်ခြင်လိုက်လျှင်၊ နိဗ္ဗာနံ သန္တိကတ္တာ၊ ဟူသောပါဠိဖြင့်-နိဗ္ဗာန်ကိုမျက်မှောက်ပြု၍၊ နေ၏ဆိုသောကြောင့် နိဗ္ဗာန်သည် မရှိက၊ မျက်မှောက်ထင်ထင်မမြင်နိုင်ရာ၊ -ရှိမှသာလျှင်မျက်မှောက်ထင်ထင်မြင်နိုင်ရာသည်၊ ထို့ကြောင့်နိဗ္ဗာန်သည့်ထင်ရှားရှိ၏၊ ဟုယူရမည်အရိ ·ပင်ရှိသော်လည်း၊ နိဗ္ဗာန်သည်အကောင်အထည်မဟုတ်၊ ဓမ္မာယတနဖြစ်သောတရားသဘောမျှဖြစ်သည်။

ပရိနိဗ္ဗုတောပုဂ္ဂလောအတ္ထတ္တမှိတိအာမန္တာ။ ။ဟူ၍ကထာဝတ္ထုပါဠိတော်နှိက်ဟောတော်မူသည်။ ။ပရိနိဗ္ဗုတောပုဂ္ဂလော၊ ပရိနိဗ္ဗာန်ပြု၍သွားသောပုဂ္ဂိုလ်သည်၊ အတ္ထမှိ၊ မိမိစံနေရာနိဗ္ဗာန်၌၊ အတ္ထိ ရှိပါသလောဣတိဝေ၊ ဤသို့မေးသည်ရှိသော်၊ အာမန္တာ၊ ဩဝ်ရှိပါ၏၊ ။ပရိနိဗ္ဗာန်စံ၍သွားသောပုဂ္ဂိုလ်သည်၊ နိဗ္ဗာန်၌ရှိပါသလောဟုမေးရာနှိက်၊ ရှိပါ၏ဟုဖြေဆိုသည်။ ။ပရိနိဗ္ဗုတောပုဂ္ဂလောသဿတောတိနဟေဝံဝတ္တဗ္ဗေ၊ ။ ပရိနိဗ္ဗုတောပုဂ္ဂလော၊ ပရိနိဗ္ဗာန်စံသောပုဂ္ဂိုလ်သည်၊ သဿတော သတ္တဇီဝအတ္တအားဖြင့်မြဲ၍နေသလော၊ ဣတိ၊ ဤသို့တဆင့်တက်၍ မေးသည်ရှိသော်၊ ဝေ၊ ဤသို့သော်ကား၊ နဝတ္တဗ္ဗေ။ မဆိုသင့်၊ ပရိနိဗ္ဗာန်စံသောပုဂ္ဂိုလ်သည်နိဗ္ဗာန်နှိက်ရှိ၏ဟုဖြေဆိုရာ။ စောဒကဆရာကရှင်နှင့်တကွ၊ သတ္တဇီဝအတ္တဖြင့်မြဲ၍နေခြင်း အကြောင်းကင်းလျက်၊ အစမရှိ၊ ကမ္ဘာအဆက်ဆက်ဖြစ်၍ မြဲ၍နေသည်ကိုရည်၍၊ သဿတလောဟုမေးသည်ကို၊ ပရိဟာရဆရာက။ ပရိနိဗ္ဗာန်စံသူပုဂ္ဂိုလ်လာရောက်ရာငြိမ်းခြင်း သန္တိသဘာဝအားဖြင့်၊ ဖြစ်လာပြီးနောက်မပျောက်မပျက်၊ မအိုမသေနေရသည်ကို ရည်၍ဖြေတော်မူသည်။

ပရိနိဗ္ဗုတောပုဂ္ဂလောနတ္ထတ္တမှိအာမန္တာ၊ ။ပရိနိဗ္ဗုတောပုဂ္ဂလော ပရိနိဗ္ဗာန်စံသောပုဂ္ဂိုလ်သည်။အတ္ထမှိ၊ မိမိစံနေရာနိဗ္ဗာန်၌၊ နတ္ထိ၊ မရှိပါသလောဣတိ၊ ။ဤသို့မေးရာနှိက်။ အာမန္တာ၊ ဩဝ်မရှိပါ၊ ပရိနိဗ္ဗာန်စံသောပုဂ္ဂိုလ်သည်၊ နိဗ္ဗာန်၌ရှိပါသလောမေးရာ။မရှိဟုဖြေသည်။ ။

ပရိနိဗ္ဗုတောပုဂ္ဂလောဥစ္ဆိန္နောတိနဟေဝံဝတ္တဗ္ဗေ၊ ။ပရိနိဗ္ဗုတောပုဂ္ဂလော၊ ပရိနိဗ္ဗာန်စံသောပုဂ္ဂိုလ်သည်၊ ဥစ္ဆိန္နော၊ အလုံးစုံကွယ်ပျောက်၍

ထွန်းရာနေရာဖြစ်သော ဆာရ်နာ့ထ်၌ တည်ရှိပါတယ်။ ဗုဒ္ဓဘုရားရှင်သည် လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၉၆) နှစ်ကျော်က ဤနေရာ၌ (ပဥ္စဝဂ္ဂီယ) ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစက္ကပဝတ္တနသုတ် တရားဦးကို ဟောထားတော်မူခဲ့ပါတယ်။ ဤဓမ္မစက္ကပဝတ္တနသုတ်တော်သည် မြင့်မြတ်တဲ့အမှန်တရားကို နားလည်သဘောပေါက်ကာ နောက်ဆုံးလွတ်မြောက်ရာ အမှန်ပြည်နိဗ္ဗာန်သို့ လျှောက်လှမ်းရန် (ကျင့်ကြံအားထုတ်ရန်) အလွတ် မဇ္ဈိမပဋိပဒါ ခေါ် အလယ် အလတ်လမ်းစဉ်ကို ရှင်းလင်းဖော်ပြထားပါတယ်။

ဗုဒ္ဓဘုရားရှင်ကို သကျသာကီယနွယ်ဝင်တို့၏ ထီးနန်းစိုက်ထူရာ မင်းနိုင်ငံ၌ ဖွားမြင်တော်မူခဲ့ပါတယ်။ ဘုရားရှင်သည် ဥရုဝေဠတော၌ (၆)နှစ်ခန့်ကြာ သမထကျင့်စဉ်အမျိုးမျိုးတို့ကို ကျင့်ကြံအားထုတ်တော်မူခဲ့ပြီး နောက်ဆုံး၌ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကျင့်ကြံအားထုတ်တော်မူရာ နည်းမှန်လမ်းမှန်ကို တွေ့ရှိတော်မူပြီး မာဂဓတိုင်း (ယခုအခါ ဗီဟာပြည်နယ်) မျက်မှောက်ကာလတွင် ဗုဒ္ဓဂယာအဖြစ် ထင်ရှားတဲ့အရပ်ဒေသရှိ ဗောဓိပင်အောက်၌ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါတယ်။ ဗုဒ္ဓဘုရားရှင်သည် မာဂဓတိုင်းနိုင်ငံအတွင်း၌ အတုမရှိ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သော် လည်း မိမိရှာဖွေတွေ့ရှိရရှိထား သည့်တရားဓမ္မတို့ကို မာဂဓတိုင်း နိုင်ငံအတွင်းရှိ ပြည်သူပြည်သား အပေါင်းတို့အား ဖော်ထုတ်ဟောပြောပြသခြင်း မရှိခဲ့ပေ။ ယင်း ခေတ်ယင်းအချိန်က မာဂဓတိုင်းအတွင်း ဗုဒ္ဓဘုရားရှင်တော်ကတရားတော်မြတ်ကို အမှန်အတိုင်း နားလည် နိုင်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှလည်း မရှိခဲ့ပေ။ ဘုရားရှင်သည် တရားဦး ဟောတော်မူရန်အလို့ငှာ ကာသိတိုင်း မြို့တော်ဗာရာဏသီသို့ ဒေသစာရီကြွချီတော်မူရာ လမ်းခရီးတွင် ဥပကအမည်ရှိ အဝတ်မဝတ်သည့်တက္ကတွန်းနှင့်တွေ့ဆုံပြီး ဥပက၏ မေးလျှောက်ချက်ကို ပြန်လည်ဖြေကြားသည့်အနေဖြင့် ဘုရားရှင်သည် သူ၏ဦးတည်ချက် အစီအစဉ်ကို အောက်ပါအတိုင်း ထုတ်ဖော်ကြေငြာခဲ့ပါတယ်။

ဓမ္မစက္ကံ ပဝတ္တေတုံ၊

**ယခုအခါတွင် ဆာရ်နာ့ထ်အဖြစ် ထင်ပေါ်ကျော်ကြား လူသိများတဲ့ ဣသိပတန အမည်ရသည့် မိဂဒါဝုန်တောသည် တရားရတနာ စတင်ပေါ်ထွန်းရာနေရာနှင့် သံဃာရတနာ စတင်ပေါ်ထွန်းရာနေရာအဖြစ် အလေးထားရမဲ့ အထွဋ်အမြတ်နေရာ ဖြစ်ပါတယ်။**



ဂစ္ဆာမိ ကာသိနံ ပုရံ၊
အန္ဓီဘူတသ္မိံလောကသ္မိံ
အာဟဉ္ဆံ အမတဒုန္ဒုဘိံ။

ငါဘုရားရှင်သည် ဓမ္မစက္ကတရားတော်ကို ဟောကြားပြသရန်အလို့ငှာ ကာသိတိုင်း၏မြို့တော်သို့ကြွချီတော်မူမှာဖြစ်ပါတယ်။ ဤကမ္ဘာလောကရှိ သတ္တဝါအပေါင်းတို့သည် အမှန်တရားကို သိမြင်ဖို့ရန် မျက်ကန်းတွေဖြစ်နေကြပါတယ်။ ငါဘုရားသည် (သေခြင်းတရားမရှိ) မသေရာ အမတစည်ကြီး တီးခတ်မှာဖြစ်ပါတယ်။

ထို့ကြောင့် ဤအရပ်ဒေသသည် တရားရတနာ စတင်ပေါ်ထွန်းရာ နေရာဒေသဖြစ်ပါတယ်။ ၎င်းအပြင် တရားဦး ဓမ္မစက္ကပဝတ္တနသုတ်တော် အဆုံး၌အရှင်ကောဏ္ဍညသည် မြင့်မြတ်သောအဆင့်သို့ ဆိုက်ရောက်တော်မူပြီး သံဃာ့ဘောင် (သာသနာ့ဘောင်) အတွင်းသို့ဝင်ရောက်ခဲ့ပါတယ်။ သူ၏ အပေါင်းအဖော်သူငယ်ချင်းများကလည်း သူ၏အပြုအမူကိုလိုက်ကာ ရဟန်းပြုတော်မူခဲ့ကြပြီး ဤအရပ်ဒေသ၌ပင် ဗုဒ္ဓဘာသာ သံဃာ့အဖွဲ့အစည်းကြီးကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ ထို့ကြောင့် ဤနေရာ၊ ဤဒေသသည် သံဃာ့အဖွဲ့အစည်းကြီး (သံဃာရတနာ) စတင်ပေါ်ထွန်းရာ နေရာဒေသလည်း ဖြစ်ပါတယ်။

ယခုအခါတွင် ဆာရ်နာ့ထ်အဖြစ်ထင်ပေါ်ကျော်ကြားလှသိများတဲ့ဣသိပတနအမည်ရသည့် မိဂဒါဝုန်တောသည် တရားရတနာ စတင်ပေါ်ထွန်းရာနေရာနှင့် သံဃာရတနာ စတင်ပေါ်ထွန်းရာနေရာအဖြစ် အလေးထားရမဲ့ အထွဋ်အမြတ်နေရာဖြစ်ပါတယ်။ ဆရာတော် ဦးစန္ဒြမဏိသည် ရတနာသုံးပါး အပေါ်အားထားယုံကြည်လျက် ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက်ကို တည်ထောင်ခဲ့ပါတယ်။ ယခုအခါတွင် ဤဓမ္မစက္ကဝိဟာရမိဂဒါဝုန် မြန်မာကျောင်းတိုက်၏ နှစ်(၁၀၀) ပြည့်အောင်ပွဲ အထိမ်းအမှတ်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနေပြီ ဖြစ်ပါတယ်။

ဤကျောင်းတိုက်ကြီး၊ ရာစုနှစ်ပေါင်းများစွာ တည်တံ့နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ဒေါက်တာ နန္ဒမာလာဘိဝံသ
၂၈.၀၂.၂၀၀၈
(ဒေါက်တာ ရာဇိန္ဒ
မြန်မာပြန်သည်)

# မိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တဝဏ္ဏာဓဇ ၏ ဝမ်းမြောက်စကား

**ဘဒ္ဒန္တဝဏ္ဏာဓဇ**

**(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)**



ဘုန်းကြီးတို့ရဲ့ မိဂဒါဝုန် မြန်မာကျောင်းတိုက်ကို တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း (၁၀၀) ပြည့်မြောက်ပြီးဖြစ်ရာ ယနေ့ဆိုလျှင် ရာပြည့်အထိမ်းအမှတ် ပွဲတော်ကြီးကိုပင် စည်ကားသိုက်မြိုက်စွာ ကျင်းပနေပြီဖြစ်ပါတယ်။ ဒီနှစ်တစ်ရာပြည့် အထိမ်းအမှတ် ပွဲတော်ကြီးကို စီမံဆောင်ရွက်ခွင့် ရသည့်အတွက် ဘုန်းကြီးအနေဖြင့် အထူးပင်ကံကောင်းလှပါတယ်။ ယခုလို ပွဲတော်ကြီး ပြုလုပ်ကျင်းပခွင့်ရခြင်းမှာလည်း ဘုန်းကြီးတို့ရဲ့ ကျေးဇူးရှင်များ ဖြစ်တော်မူသော သာသနာ့အာဇာနည် ကမ္ဘာ့သာသနာပြုဆရာတော်ကြီး ဘဒ္ဒန္တစန္ဒြမဏိနှင့် တကွ ဆရာတော်ဦးကိတ္တိမ၊ ဆရာတော်ဦးတိက္ခိန္ဒြိယတို့နှင့် ဤကျောင်းတိုက် ထာရဝတည်

တို့နိုင်ရေးအတွက် ထောက်ပံ့လှူဒါန်းခဲ့ကြတဲ့ အလှူရှင် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့ရဲ့ တန်ဖိုးမဖြတ်နိုင်သော ကျေးဇူးတရားတို့ကြောင့် ဖြစ်ပါတယ်။ အထူးသဖြင့် ကမ္ဘာကျော် ကမ္ဘာ့သာသနာပြုဆရာတော်ကြီး ဦးစန္ဒြမဏိကိုယ်တိုင် တည်ထောင်ခဲ့တဲ့ ဤမိဂဒါဝုန်မြန်မာကျောင်းတိုက်ကို ဘုန်းကြီးအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ခွင့်ရတဲ့အတွက်ရော ယခုလို ရာပြည့်အထိမ်းအမှတ်ပွဲတော်ကြီးကို ဦးစီးဆောင်ရွက်ခွင့်ရတဲ့အတွက်ရော အတိုင်းမသိဝမ်း သာဂုဏ်ယူမဆုံးဖြစ်ရပါတယ်။

အနှစ်သာရအားဖြင့် ဘုန်းကြီးတို့ မိဂဒါဝုန်မြန်မာကျောင်းတိုက်ရဲ့နှစ်တစ်ရာပြည့်အောင်ပွဲအထိမ်းအမှတ်ပွဲတော်ကြီးဟာဆိုရင် မြန်မာတစ်မျိုးသားလုံးတို့ရဲ့သမိုင်းဝင်အောင်ပွဲ အထိမ်းအမှတ်ပင်ဖြစ်ပါသည်။ ထူးခြားသည်မှာ ဗုဒ္ဓဘာသာဝင်တို့၏အထွဋ်အမြတ်နေရာဖြစ်တဲ့ သံဝေဇနိယ လေးဌာနအနက် တစ်ဌာနဖြစ်သည့် ဗုဒ္ဓဘုရားရှင် တရားဦးဓမ္မစက္ကပဝတ္တန သုတ်တော်ကို ဟောကြားခဲ့တဲ့နေရာ၊ ထို့အပြင် သံဃာရတနာပေါ်ထွန်းတဲ့နေရာ၊ သစ္စာတရားကို ဖော်ထုတ် ဟောခဲ့တဲ့နေရာ၊ ပထမဦးဆုံးသာသနာပြု စေလွှတ်ခဲ့တဲ့နေရာ အစရှိတဲ့ အမြတ်ပေါင်းဆုံတဲ့ မြေမြတ်မဟာမိဂဒါဝုန်တောမှာ မိဂဒါဝုန်မြန်မာကျောင်းရယ်လို့ မြန်မာ့သမိုင်း မှတ်တိုင်စိုက်ထူခဲ့သည်မှာ နှစ်ပေါင်း (၁၀၀)ခရီးကိုပင် ဖြတန်သန်းကျော်လွှန်လာခဲ့ပြီး ဖြစ်ပါတယ်။ အထက်ဖော်ပြပါ ရည်ရွယ်ချက်တွေကြောင့်သံဝေဇနိယ အဝိဇဟိတ နှစ်ဌာနပေါင်းဆုံတဲ့ မိဂဒါဝုန်အရပ်မှာ မြန်မာ့သမိုင်း စာမျက်နှာသစ်တစ်ခုကို ဖန်တီးဖော်ထုတ်နိုင်ဖို့အတွက် ဤနှစ်(၁၀၀)ပြည့်အောင်ပွဲအထိမ်းအမှတ်ပွဲတော်ကြီးကို ဘုန်းကြီးအနေဖြင့် ဦးဆောင်ကျင်းပရခြင်းဖြစ်ပါတယ်။ မိမိကြံစည်ထားသည့်အတိုင်း တစ်နှစ်ကျော်ကြာ စည်းရုံးကြိုးစားခဲ့ရတဲ့ ရာပြည့်အထိမ်းအမှတ်ပွဲတော်ကြီးကို အောင်မြင်စွာ ကျင်းပနေပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဘုန်းကြီးအနေဖြင့် အလွန်ပင် ဝမ်းသာဂုဏ်ယူမဆုံးဖြစ်ရပါတယ်။

ဤကျောင်းတိုက်ကို တည်ထောင်ရာတွင် အခက်

**အနှစ်သာရအားဖြင့် ဘုန်းကြီးတို့ မိဂဒါဝုန်မြန်မာကျောင်းတိုက်ရဲ့ နှစ်တစ်ရာပြည့် အောင်ပွဲအထိမ်းအမှတ် ပွဲတော်ကြီးဟာဆိုရင် မြန်မာတစ်မျိုးသားလုံးတို့ရဲ့ သမိုင်းဝင်အောင်ပွဲ အထိမ်းအမှတ်ပင် ဖြစ်ပါသည်။**

အခဲအမျိုးမျိုးနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း ဆရာဒကာ ဦးညွှတ်စွာဖြင့် လက်တွဲပူးပေါင်းကာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည့်အတွက် ထိုအခက်အခဲများကို ကျော်လွှားနိုင်ခဲ့ပြီး နှစ်တစ်ရာခရီးကိုပင် ဖြတ်သန်းကျော်လွန်လာခဲ့ပြီး ဖြစ် ပါတယ်။ ဤသည်မှာ ဘုန်းကြီးတို့ရဲ့ ဆရာသမားများနှင့် မိဘဘိုးဘွားတို့၏ တာဝန်ကျေပွန်မှုပင် ဖြစ်ပါတယ်။ နောင်အနာဂါတ်ရေရှည်တည်တံ့နိုင်ရေးမှာ ဘုန်းကြီးတို့၊ ယနေ့ ဒါယကာ ဒါယိကာမကြီးတို့နှင့် သားသမီးမြေးမြစ်တို့ရဲ့ တာဝန်များပင် ဖြစ်ပါတယ်။ တာဝန်အသိဖြင့် တာဝန်ရှိစွာ ထိန်းသိမ်း စောင့်ရှောက်သွားကြမည်ဆိုပါက ဤမိဂဒါဝုန်မြန်မာကျောင်းတိုက်ဟာ နောင်နှစ်ပေါင်း ထောင်သောင်းမက တည်တံ့နိုင်မှာဖြစ်ပါတယ်။

ရာပြည့် ပွဲတော်ဖြစ်မြောက်ရေးကော်မတီ ဩဝါဒစရိယဆရာတော် ကြီးများဖြစ်ကြသော ကုသိနာရုံမြန်မာကျောင်းဆရာတော် ဘဒ္ဒန္တ ဒေါက်တာ ဉာဏိဿရ၊ သီတဂူဆရာတော် ဒေါက်တာအရှင် ဉာဏိဿရ၊ ဗုဒ္ဓဂါယာမြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒနှင့် ရန်ကုန်မြို့ ရွှေသုဝဏ်ကျောင်းဆရာတော် ဘဒ္ဒန္တသဒ္ဓိယတို့၏ မှန်ကန်သော လမ်းညွှန်ပေးမှုနှင့် တန်ဖိုးမဖြတ်နိုင်သော ကူညီမှုများအတွက် အထူးပင် ကျေးဇူးတင်ရှိပါတယ်။

အမျိုးဘာသာ သာသနာရေးအတွက်မို့ အပင်ပန်းခံကာကြွရောက်လာကြတဲ့ ဆရာတော် သံဃာတော် များနှင့် အထူးသဖြင့် မအားလပ်သည့်ကြားမှ မိမိတို့ရဲ့တာဝန်များကိုပင် ရပ်နားထားခဲ့ပြီး ကိုယ်တိုင်ကြွရောက်ကာ ကူညီဆောင်ရွက်ပေးသည့်အတွက် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြုတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာနန္ဒမာလာဘိဝံသ၊ ရန်ကုန်မြို့ဓမ္မာစရိယတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဦးသုစိတ္တာဘိဝံသတို့ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အလေးထား တက်ရောက်ကြတဲ့ အိန္ဒိယနိုင်ငံမှ အရာရှိကြီးများ ဖြစ်ကြသော ကော်မရှင်နာမင်းကြီးနှင့် ဟာရာဏာသီမြို့ မြို့တော်ဝန်တို့ကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်။

မိမိတို့ဆိုင်ရာ တက်နိုင်သည့်ဖက်မှ ကူညီဆောင်ရွက်ပေးကြတဲ့ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကြည်သိန်းနှင့် ဇနီး ဒေါ်မာမာရှိန်၊ မြန်မာနိုင်ငံ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်တို့ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါတယ်။

ရာပြည့် အထိမ်းအမှတ် အထူးထုတ်မဂ္ဂဇင်းဖြစ်မြောက်ရေးအတွက် လနှင့်ချီကာ အပင်ပန်းခံ ကူညီဆောင်ရွက်ပေးကြတဲ့ အမေရိကန်နိုင်ငံ၊ ဓမ္မသုခ ကျောင်းဆရာတော်ဦးသဇ္ဇန (ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ ဓမ္မာစရိယ - ပါဠိဦပါရဂူ)၊ အမေရိကန်နိုင်ငံမှ ဦးတင်ထွန်း၊ ဦးဟန်နရီကောက်တို့ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

မြန်မာ့အနုပညာရှင်များဖြစ်ကြတဲ့ မင်းသားဦးသိန်းဇော်၊ အဆိုတော် ပိုးအိစံတို့ကိုလည်း မြန်မာ့ဂီတအနုပညာ

များဖြင့် လာရောက်ပြီးတော့ တင်ဆက်ဖျော်ဖြေပေးကြတဲ့ အတွက် အထူးပင်ကျေးဇူးတင် ရှိပါတယ်။

ဤရာပြည့် အထိမ်း အမှတ် ပွဲတော်ကြီးဖြစ်မြောက် ရေးအတွက် တစ်ဖက်တစ် လမ်းမှ ကူညီဆောင်ရွက်ပေး ကြတဲ့ အောင်ချမ်းသာ ဘုရားဖူး အဖွဲ့၊ ရန်ကုန်တိုးဘုရားဖူးအဖွဲ့၊ ဒါနတိုးဘုရားဖူးအဖွဲ့၊ မဟာ တိုးဘုရားဖူးအဖွဲ့၊ ဂန္ထဝင် ရွှေပုဂံ ဘုရားဖူးအဖွဲ့၊ ရွှေမဟာတိုး ဘုရားဖူးအဖွဲ့ တို့ကို လည်း ကျေးဇူးတင်ရှိပါတယ်။ အထူး သဖြင့် မြန်မာနိုင်ငံနှင့် သက် ဆိုင်သည့်ကိစ္စမှန်သမျှကို အ တတ်နိုင်ဆုံး မဖြစ်မနေ ကြိုးစား ဆောင်ရွက်ပေးသည့်အတွက် အောင်ချမ်းသာဘုရားဖူးအဖွဲ့ မန်းနေဂျင်း ဒါရိုက်တာ ဒေါ်သဇင်မြင့်အောင်ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါ ကြောင်း မှတ်တမ်းတင်အပ် ပါတယ်။

ဤကျောင်းတိုက်ကြီး ထာဝရတည်တံ့နိုင်ရေးအတွက် စဉ်ဆက်မပြတ် ထောက်ပံ့လှူ ဒါန်းခဲ့ကြတဲ့ဒေါက်တာသန်းစိန်၊ ဒေါက်တာ ဦးကိုကိုတို့နှင့်တကွ နယူးဒေလီမြို့ ကမ္ဘာ့ကျန်းမာ



ရေးအဖွဲ့ဝန်ထမ်းမြန်မာမိသားစု အားလုံးတို့ကိုလည်း အထူးပင် ကျေးဇူးတင်ရှိ ပါတယ်။

ပွဲတော်ကြီးဖြစ် မြောက်ရေးအတွက် မနားမနေ အပင်ပန်းခံကာကြိုးစားဆောင် ရွက်ပေးကြတဲ့ ဘုန်းကြီးရဲ့ တပည့်များ ဖြစ်ကြသော ဦးရာဇိန္ဒ၊ ဦးယသ၊ ဒေါက်တာ ရာဇိန္ဒ၊ ဦးပညာစက္က၊ ဦးဉာဏ ဗလ၊ ဦးဥတ္တရ၊ မောင်ရွှေသန်း၊ မောင်မြင့်ရွှေ၊ မောင်ပန်းဖြူ၊ ဗီရဘဒ္ဒ၊ စန္ဒြိက တို့ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါ တယ်။ ရာပြည့်ပွဲတော်ကြီး အတွင်း မိမိတို့တက်နိုင်သည့် ဖက်မှတကူးတကမြန်မာနိုင်ငံမှ လာရောက်ကူညီ ဆောင်ရွက် ပေးတဲ့အတွက် ဒေါ်သီသီဝင်း နှင့် မလဲ့လဲ့တို့ကိုလည်း အထူး ပင် ကျေးဇူးတင်ရှိပါတယ်။ ဤရာပြည့်ပွဲတော်ကြီးသို့ တက် ရောက်လာကြတဲ့ ဒါယကာ ဒါယိကာမအပေါင်း သူတော် ကောင်းတို့နှင့်တကွ ကျေးဇူး တင်ထိုက်သူ အားလုံးတို့ကို လည်းကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ် ပါတယ်။

ရာပြည့် အထိမ်းအ မှတ်ပွဲတော်ကြီးသို့ ကြွရောက် လာကြတဲ့ ဆရာတော်သံဃာ တော်များနှင့်တကွ ဒါယကာ ဒါယိကာမအပေါင်း သူတော် ကောင်းတို့ပါမကျန် အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်း သာစွာဖြင့် မိမိတို့၏ လိုရာခရီး ပန်းတိုင်ကို အဆင်ပြေ ချောမွေ့ စွာ သွားရောက်နိုင်ကြပါစေ ကြောင်း ဆုမွန်ကောင်း တောင်း ရင်းအဆုံးသတ်လိုက် ပါတယ်။

ဘဒ္ဒန္တ ဝဏ္ဏဓဇ
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
မိဂဒါဝုန်မြန်မာကျောင်းတိုက်
ဗာရာဏသီမြို့ ဥတ္တရ
ပရာဒေ့ရှ်ပြည်နယ်
အိန္ဒိယနိုင်ငံ။

# SPEECH ON THE CENTENARY CELEBRATION OF THE DHAMMACAKKA VIHARA IN SARANATH, VARANASI, INDIA

BY
**VEN.Dr.NANDAMALABHIVAMSA**
RECTOR OF
THE INTERNATIONAL THERAVADA BUDDHIST MISSIONARY UNIVERSITY, YANGON, MYANMAR

-------------

Venerable members of Sangha and distinguished guests!

It is a splendid occasion that the Dhammacakka Vihara is holding its centenary celebration. This Vihara was founded in 1908 by Ven, Sayadaw U Candramani with the help of the Buddhist devotees. It was located in Saranath which was the Birth place of the Dhamma, known as Isipatana, a sanctuary (migadaya). Two thousand five hundred ninty-six years ago in this place the Buddha preached his first sermon, the Dhammacakka pavettana Sutta, to the five ascetics (pancavaggiya). This Sutta was the declaration of the Middle Path to the world to walk on for one's final liberation realizing the Noble Truth.

The Buddha was born in the Sakka Kingdom, practised various meditations in the forest, Uruvela, for about 6 years and at last by following his own his way he found the path to the truth and attained enlightenment

under the Bodhi tree, now known as Buddhagaya (Bodh Gaya), in Magadha (modern Vihar). However the did not explanied the Dhamma he discovered to the people in Magadha. In Magadha on those days there was nobody who could understand the Buddha's teaching. He decided to go to Varanasi, the city of Kasi, to give his first sermon. On the way to Varanasi he announced his plan to a naket ascetic named Upaka replying to the question Upaka put on him:

*Dhammacakkam*
*pavattetum,*
*Gacchami Kasinam*
*puram.*
*Andhibhutasmim*
*lokasmim,*
*ahancham*
*amatadundubhim.*

I shall go to the city of Kasi in order to preach the Dhammacakka. In this world where are beings blind to the truthe I shall beat the drum of amata (deathelessness). Therefore this erea was the birth place of the Dhamma. Then in the conclution of the first discourse Ven. Kondanna attained the noble stage and entered the Order. He was the first Buddhist monk in Buddhist History. Following his manner his colleages also became monk and the Buddhist Sangha Organization started in this erea. Therefore this erea was also the birth place of Sangha Organization.

The Isipatana, sanctuary forest, now known as Saranath was blessed twice to be sacred place as the birth place of the Dhamma and of the Sangha. In the honour of the Triple Gem Ven. Sayada U Candramni established the Dhammacakka Vihara. Now the Dhammacakka Vihara is celebrating is 100 th anniversary of establishment.

May this Vihara last long many hundred years!

Ven.
**Dr.Nandamalabhivanas**
28.02.2008.

***Dhammacakkam***
***pavattetum,***
***Gacchami Kasinan***
***puram.***
***Andhibhutasmim***
***lokasmim,***
***ahancham***
***amatadundubhim.***

# (၂၈-၂-၂၀၀၈)ရက်နေ့ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့ မိဂဒါဝုန်မြန်မာကျောင်း၊ နှစ်တစ်ရာပြည့် အထိမ်းအမှတ် အခမ်းအနားတွင် သံအမတ်ကြီးဦးကြည်သိန်း ပြောကြားခဲ့သည့် သာသနာရေးဆိုင်ရာ လျှောက်ထားချက်

ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရား။

ယနေ့ မင်္ဂလာအထူး ရှိလှတဲ့ မိဂဒါဝုန်မြန်မာကျောင်း တိုက်ကြီး တည်ထောင်သည့် အနှစ်(၁၀၀)ပြည့် အခါသမယ မှာ တပည့်တော် အိန္ဒိယနိုင်ငံ ဆိုင်ရာ အထူးအာဏာကုန် လွှဲ အပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် ကိုယ်စားပြု မြန်မာသံအမတ်ကြီးအနေဖြင့် သာသနာရေးဆိုင်ရာ လျှောက်ထားရာ ပြောဆိုခွင့်ရတဲ့အတွက် အထူးပဲ ဂုဏ်ယူဝမ်းမြောက် လှပါသည်ဘုရား။

အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့ မိဂဒါဝုန်ဒေသဟာ အများသိကြတဲ့အတိုင်း သံဝေဇနီယလေးဌာန အပါအဝင်ဖြစ်သော မြတ်စွာဘုရားရှင် ကိုယ်တော်ကြီး ဓမ္မစကြာတရား ဦး ဟောတော်မူခဲ့ရာ ဗုဒ္ဓဘာသာဝင်များ အထွဋ်အမြတ် ထားရာ မဟာမြေတော်ရာ တစ်ခု ဖြစ်ပါသည်။

ဒီမဟာမြေနေရာ တော်မြတ်မှာ ၁၉၀၈ ခုနှစ် က စတင်ပြီး မြေနေရာ ရရှိရေးမှ သည် သာသနိကအဆောက် အအုံများ သမိုင်းဝင် စတင် တည်ထောင် ပေါ်ထွန်းစေခဲ့ သော ဆရာတော်ကြီးများ၊ မြန်မာဒါယကာ၊ ဒါယကာမများ အားလုံးကို မှတ်တမ်းတင် အောက်မေ့အမှတ်ရ ကျေးဇူး တင်ရှိရမည်ဖြစ်သကဲ့သို့ ဤ မိဂဒါဝုန် မြန်မာကျောင်းတော်ကြီးနှင့် သမိုင်းဝင်သာသနိကအဆောက်အအုံများ အရှည် တည်တံ့ခိုင်မြဲနေအောင် ထိန်းသိမ်းစောင့်ရှောက်လျက် ရှိနေသည့် အရှင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးဝဏ္ဏဓဇရဲ့ ကြိုးပမ်းအားထုတ်မှု ဝါယမကိုလည်း အထူး အသိအမှတ်ပြု မှတ်တမ်းတင် ကြည်ညို ကျေးဇူးတင်ရှိကြရမည် ဖြစ်ပါသည်ဘုရား။

ဆရာတော် ကြီး ဦးဝဏ္ဏဓဇရဲ့ကြိုးပမ်းအားထုတ်မှု အစုစုကို နိုင်ငံတော်က အသိအမှတ်ပြုခဲ့လို့လည်း သာသနာရေးဆိုင်ရာ အမြင့်ဆုံး သောဘွဲ့ထူးဂုဏ်ထူးကြီးများကို (၂)ကြိမ်တိုင်တိုင်ပင် ဆည်းကပ်ပူဇော်ဂုဏ်ပြုချီးမြှင့် ခဲ့ပြီးလည်း ဖြစ်ပါသည်ဘုရား။

တပည့်တော်မြန်မာသံအမတ်ကြီးအနေဖြင့် အိန္ဒိယနိုင်ငံ၊ နယူးဒေလီ မြို့ မြန်မာသံရုံးမှာ ၂၀၀၃ ခုနှစ်မှ စတင်ပြီး တာဝန်ထမ်းဆောင်ချိန်မှစ၍ နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကောင်စစ်ရေးရာ၊ မြန်မာနိုင်ငံသားများ အကျိုးစသည့် ကိစ္စရပ်များစွာကို အမိနိုင်ငံတော်ကို ကိုယ်စားပြုပြီး အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ရာမှ အထူးအားဖြင့် သာသနာရေးဆိုင်ရာကိစ္စရပ်များကို အထူးအလေးထား ဆောင်ရွက်ခဲ့ပါသည်ဘုရား။

တပည့်တော်အနေဖြင့် အိန္ဒိယနိုင်ငံရောက် မြန်မာစာသင်သားရဟန်းတော်များရဲ့ မြန်မာနိုင်ငံကူး လက်မှတ်ဆိုင်ရာကိစ္စရပ်များ၊ ၎င်းတို့၏ ပညာသင်ကြားမှုနှင့် ဆက်စပ်၍ လိုအပ်သော ထောက်ခံချက်ထောက်ခံစာများအား မဆိုင်းမတွ ဆောင်ရွက်ပေးလျက်ရှိပါသည်ဘုရား။

အထူးအားဖြင့် ယခုကဲ့သို့ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့ မိဂဒါဝုန်မြန်မာကျောင်း၊ နှစ်တစ်ရာပြည့်အထိမ်းအမှတ်အခမ်းအနားကြီးကို စည်ကားသိုက်မြိုက်စွာ အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့လို့ ဆရာတော်ကြီး ဦးဝဏ္ဏဇေရဲ့ကြိုးပမ်းအားထုတ်မှုကို အထူးပဲ ချီးကျူးမှတ်တမ်းတင်ဂုဏ်ပြုရမှာ ဖြစ်သကဲ့သို့ အခြားသော ဘုန်းတော်ကြီးကျောင်းများဖြစ်သော ဗုဒ္ဓဂယာမြန်မာကျောင်း၊ မဟာအောင်မြေ၊ မဟာဗောဓိ၊ ကုသိနာရုံ၊ လုမ္ဗိနီ၊ သာဝတ္ထိ၊ သင်္ကဿနဂိုရ်၊ ပဋ္ဌာန်နား၊ ရာဇဂြိုဟ်အစရှိသည့် အစဉ်အလာကြီးသော ဘုန်းတော်ကြီးများသည့် ဆရာတော်များနှင့်တကွ သီတင်းသုံးလျက်ရှိသော ရဟန်းတော်များ၏ကျောင်းဆောင်များ တည်တံ့ခိုင်မြဲရေး ကြိုးပမ်း ဆောင်ရွက်ချက်များနှင့် သာသနာတော်တိုးတက်ထွန်းကားအောင် ဆောင်ရွက်ချက်များကို မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူလူထု၏ကိုယ်စား ချီးကျူးမှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း လျှောက်ထားလိုပါသည်ဘုရား။

ဆရာတော်များရဲ့ စေတနာ သဒ္ဓါတရားထက်သန်စွာနဲ့ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူအပေါင်း စိတ်အေးချမ်းသာစွာ မဇ္ဈိမဒေသသို့ ဘုရားဖူးနိုင်ရေး ပါရမီဖြည့်ကူညီနေသည်များကိုလည်း ဝမ်းမြောက်ဝမ်းသာ တွေ့မြင်နေရပါသည်ဘုရား။

တပည့်တော်အနေနဲ့ အိန္ဒိယနိုင်ငံမှာ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေစဉ်အတွင်း သာသနာရေးဆိုင်ရာကိစ္စများကို အစဉ်တစိုက်ဆက်လက်ပြီးအားထုတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆရာတော်ကြီးများအား ကတိပြုတင်ပြလျှောက်ထားသကဲ့သို့ သာသနာ့သမိုင်းဝင် ဤမိဂဒါဝုန်မြန်မာကျောင်းတော်ကြီး ကမ္ဘာတည်သရွေ့ မဇ္ဈိမဒေသမှာ ဆက်လက်တည်တံ့ခိုင်မြဲနိုင်ပါစေ။ အလားတူ ကျန်ဘုန်းတော်ကြီးကျောင်း များလည်း ဆက်လက်တည်တံ့ခိုင်မြဲနိုင်ကြပါစေကြောင်းနှင့် ဆရာတော်ကြီးများ အနေနဲ့လည်း အသက်ရာကျော်ရှည်၍ ဤဒေသ၊ ဤကျောင်းတော်ကြီးများမှာ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးနဲ့ သာသနာ့အကျိုးပြုလုပ်ငန်းများကို ဆထက်တံပိုး အရှိန်အဟုန်တိုးဆောင်ရွက်သွားနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း တပည့်တော်၏သာသနာရေးဆိုင်ရာ လျှောက်ထားချက်အား နိဂုံးချုပ်အပ်ပါသည်ဘုရား။

# မိဂဒါဝုန်မြန်မာကျောင်းတိုက်၏ နှစ်(၁၀၀)ပြည့်မှတ်တမ်း

ဦးပညာစက္က



၂၀၀၈ ခု၊ ဖေဖော်ဝါရီလ (၂၆)ရက်နေ့ ညနေ (၆) နာရီအချိန်တွင် ဆရာတော် ဦးသုစိတ္တာဘိဝံသ ဦးဆောင်သော အောင်ချမ်းသာဘုရားဖူး အဖွဲ့ဝင် (၁၀၀) ခန့်သည် မိဂဒါဝုန် မြန်မာကျောင်းတိုက်သို့ ရောက်ရှိလာကြရာ မိဂဒါဝုန်

ဆရာတော်နှင့်နှစ်(၁၀၀) ပြည့်ပွဲတော် ကျင်းပရေးကော်မတီဝင်များက ပန်းကုန်း များစွပ်ကာ နွေးထွေးစွာ ကြိုဆိုခဲ့ကြပါသည်။ ၂၇ ရက်နေ့ ညနေတွင် ဆရာတော် ဦးသုစိတ္တာဘိဝံသက နှစ်(၁၀၀)ပြည့် ပွဲတော်သို့ ကြွရောက်တော်မူလာကြ ကုန်သော သံဃာတော်အရှင်သူမြတ်များနှင့် မိဂဒါဝုန်မြန်မာကျောင်းတိုက် အတွင်းရှိ ဘုရားကျောင်းဆောင်(၇)နေရာတို့၌ ဗုဒ္ဓဆင်းတုတော်များအား တစ်ပြိုင်နက်တည်းအနေကဇာတင်ပေးကြပါ သည်။




နံနက် ၆ နာရီအချိန်တွင် သံဃာတော်များနှင့် လူပုဂ္ဂိုလ်များကို နံနက်စာဖြင့် ကျွေးမွေးဧည့်ခံပြီးနောက် (၇) နာရီအချိန်တွင် သံဃာတော်များနှင့် လူပုဂ္ဂိုလ်များကို ဗဟိုရ်မဏ္ဍပ်အတွင်းသို့ ပင့်ဖိတ်ကာ နံနက်ပိုင်း မြန်မာအခမ်းအနားအစီအစဉ်ကို စတင်ပါသည်။

နံနက်ပိုင်း မြန်မာ့အခမ်းအနားအစီအစဉ်တွင် ပဲခူးမြို့မင်းကျောင်း ဆရာတော် ဦးသူရိယက အခမ်းနားမှူးအဖြစ် ဆောင်ရွက်ပေးကာ ကြွရောက် တော်မူလာကြကုန်သော သံဃာတော်အရှင်သူမြတ်များနှင့် လူပုဂ္ဂိုလ်များက နမောတဿသုံးကြိမ် ရွတ်ဆို၍ အခမ်းအနားကို စတင်ဖွင့်လှစ်ပေးကြ ပါသည်။

စစ်တွေမြို့ ပုသိမ်ကျောင်းဆရာတော် ဦးပဏ္ဍိတထံမှ ငါးပါးသီလ ဆောက်တည်ကြပြီး၊ မိဂဒါဝုန်ဆရာတော် ဦးဝဏ္ဏဓဇ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ကြွရောက်တော်မူလာကြကုန်သော သံဃာတော်အရှင်သူမြတ်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက်တွင် အမေရိကနိုင်ငံမှ ဆရာတော် ဦးဉာဏဝရက နှစ်(၁၀၀)ပြည့် ပွဲတော် ဂုဏ်ပြုဂါထာများ ရွတ်ဖတ်ပူဇော်ပေးပြီး မင်းသားသိန်းဇော်နှင့် ပိုးအိစံတို့ကလည်း ရတုကဗျာများဖြင့် ရွတ်ဖတ်ပူဇော်ပေးကြ ပါသည်။

မြန်မာအခမ်းအနားအစီအစဉ်အပြီးတွင် ကြွရောက်တော်မူလာကြကုန်သော သံဃာတော်အရှင်သူမြတ်များနှင့် လူပုဂ္ဂိုလ်များက နှစ်ပါး

တစ်တွဲ နှစ်ယောက်တစ်တွဲစီ စီတန်းကာ လယ်တီဆရာတော်ဘုရား၏ ဘုရားဖြစ်ခါမိဂဒါ သို့ အစရှိသော လင်္ကာစာပိုဒ်ကို တညီတညွတ်တည်း ရွတ်ဖတ်ပူဇော်လျက် မိဂဒါဝုန်မြန်မာ ကျောင်းတိုက်၏ ဗဟိုရ်မဏ္ဍပ်ကနေ မိဂဒါဝုန်တောအတွင်းရှိ မြတ်စွာဘုရားဓမ္မစကြာ တရားဦးဟောကြားတော်မူရာ ဓမ္မရာဇိက ကုန်းတော်သို့ ကြွချီတော်မူကြပါသည်။ ဓမ္မရာဇိက ကုန်းတော်သို့အရောက်တွင် ဂုဏ်တော်များ နှင့် ဓမ္မစက္ကပဝတ္တနသုတ်တော်ဖြင့် ရွတ်ဖတ်ပူဇော်ကြပြီး၊ ဝေနေယျာသတ္တဝါ အပေါင်းတို့အား မေတ္တာများ ပို့ကာ အမျှအတန်းပေးဝေကြပါသည်။ ၎င်းနောက်တွင် ကြွရောက်တော်မူလာကြကုန်သော သံဃာတော် အရှင်သူမြတ်များနှင့် လူပုဂ္ဂိုလ်များကစုပေါင်း အမှတ်တရ ဓာတ်ပုံများရိုက်ကြပါသည်။ နေ့လည် ၁၀ နာရီ အချိန်တွင် ကျောင်းသို့ ပြန်ကြွလာကာ ဆရာတော်ကြီးများက ဓာတ်ပုံပြခန်း ရှိ ဓာတ်ပုံပြပွဲ အခမ်းအနားကို ဖွင့်လှစ်ပေးကြပါသည်။

နေ့လည် ၁၁ နာရီ အချိန်တွင် နေ့လည်စာဖြင့် ကျွေးမွေးဧည့်ခံပြီးနောက် (၁) နာရီအချိန်တွင် International Program အစီအစဉ်ကို စတင်ပါသည်။ International Program အစီအစဉ်တွင် Oxford University မှ ဒေါက်တာဦးဓမ္မသာမိကအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပြီး ကြွရောက်တော်မူလာကြကုန်သော သံဃာတော် အရှင်သူမြတ်များနှင့် လူပုဂ္ဂိုလ်များက နမောတဿ သုံးကြိမ် ရွတ်ဆို၍အခမ်းအနားကိုစတင် ဖွင့်လှစ် ပေးကြပါသည်။ ယင်းနောက်တွင် ဆရာတော်ကြီး ဦးစန္ဒမဏိရုပ်ထုနှင့် မိဂဒါဝုန် မြန်မာကျောင်းတိုက်၏ သမိုင်းကြောင်း ကမ္ပည်းကျောက်စာကို ဗာရာဏသီ မြို့တော်ဝန် ကောင်ဆဲလန်းဆင်းက ဖွင့်လှစ်ပေးပါသည်။

အဖွင့်အမှာစကားကို ထေရဝါဒ တက္ကသိုလ်မှ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသက ပြောကြားပြီး မြန်မာဗုဒ္ဓဘာသာဝင်အဖွဲ့ ဥက္ကဋ္ဌ ကုသိနာရုံ ဆရာတော် ဘဒ္ဒန္တဉာဏိဿရ၊ နာလန္ဒာတရုတ်ကျောင်းဆရာတော် ဒေါက်တာ ဦးပညာလင်္ကာရ၊ အမေရိကန်နိုင်ငံ ဓမ္မသုခကျောင်းဆရာတော် ဦးသဒ္ဓန (ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ) ဗာရာဏသီ မြို့တော်ဝန် ကောင်ဆဲလန်းဆင်း၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကြည်သိန်း၊ မြန်မာနိုင်ငံ၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေး မှူးချုပ်ဒေါက်တာမျိုးမြင့်တို့က မိဂဒါဝုန်မြန်မာကျောင်းတိုက်၏ နှစ်(၁၀၀)ပြည့်နှင့် ပတ်သက်ပြီး ဝမ်းမြောက်ဂုဏ်ယူကြောင်းကိုအသီးအသီးပြောသွားကြပါသည်။

ယင်းနောက် မိဂဒါဝုန် မြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က ကြွရောက်တော်မူလာကြကုန်သော သံဃာတော်အရှင်သူမြတ်များနှင့် လူပုဂ္ဂိုလ်များအား မိဂဒါဝုန်မြန်မာကျောင်းတိုက်၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် မဂ္ဂဇင်းကိုလက်ဆောင်ပေးကာ ကြွရောက်တော်မူလာကြကုန်သော သံဃာတော်အရှင်သူမြတ်များနှင့် ဒကာ ဒကာမများအား ကျေးဇူးတင်စကား ပြောကြားပါသည်။ ညနေ ၄ နာရီ အချိန်တွင် အခမ်းအနားကို ဗုဒ္ဓဘာသာသန်




စိရံတိင္ဃတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းပေးကြ ပါသည်။

အခမ်းအနားအပြီးမှာ မြန်မာနိုင်ငံမှ မင်းသားသိန်းဇော် ပိုးအိစံနှင့် စောင်းဆရာမလေးစုဝေတို့က မြန်မာသံစဉ်တေးများဖြင့် ဖြေဖျော်ပေးကာ အားပေးကြည့်ရှုသူ ပရိသတ်များအားလုံး တပျော်တပါး ကခုန်ခဲ့ကြပါသည်။ မိဂဒါဝုန် မြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ကျေးဇူးတင်စကား --- ဘုန်းကြီးတို့ရဲ့ မိဂဒါဝုန်မြန်မာကျောင်းတိုက်ကို တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း(၁၀၀)ပြည့်မြောက်ပြီးဖြစ်ရာ ယနေ့ဆိုလျှင် ရာပြည့်အထိမ်းအမှတ်ပွဲတော်ကြီးကိုပင် စည်ကားသိုက်မြိုက်စွာကျင်းပနေပြီဖြစ်ပါတယ်။ ဒီနှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကြီးကို စီမံဆောင်ရွက်ခွင့်ရသည့်အတွက် ဘုန်းကြီးအနေဖြင့် အထူးပင် ဝမ်းမြောက်ကောင်းလှပါတယ်။

ယခုလို ပွဲတော်ကြီးပြုလုပ်ကျင်းပခွင့်ရခြင်းမှာလည်း ဘုန်းကြီးတို့ရဲ့ ကျေးဇူးရှင်များဖြစ်တော်မူသော သာသနာ့အာဇာနည် ကမ္ဘာ့သာသနာပြုဆရာတော်ကြီး ဘဒ္ဒန္တ စန္ဒြမဏိနှင့်တကွ ဆရာတော်ဦးကိတ္တိမ၊ ဆရာတော် ဦးတိက္ခိန္ဒြိယတို့နှင့် ဤကျောင်းတိုက် ထာဝရတည်တံ့နိုင်ရေးအတွက် ထောက်ပံ့လှူဒါန်းခဲ့ကြတဲ့ အလှူ့ရှင်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့ရဲ့ တန်ဖိုးမဖြတ်နိုင်သောကျေးဇူးတရားတို့ကြောင့်ဖြစ်ပါတယ်။ အထူးသဖြင့် ကမ္ဘာကျော် ကမ္ဘာ့သာသနာပြု ဆရာ

တော်ကြီး ဦးစန္ဒြမဏိကိုယ်တိုင် တည်ထောင်ခဲ့တဲ့ မိဂဒါဝုန်မြန်မာကျောင်းတိုက်သို့ ဘုန်းကြီးအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ခွင့်ရတဲ့ အတွက်ရော ယခုလို ရာပြည့်အထိမ်းအမှတ်ပွဲတော်ကြီးကိုဦးဆောင်ပြီး ကျင်းပခွင့်ရတဲ့အတွက်ပါ အတိုင်းအဆမသိ ဝမ်းသာဂုဏ်ယူ မဆုံးဖြစ်ရပါတယ်။

အခု ကျင်းပနေတဲ့ ဘုန်းကြီးတို့၏ မိဂဒါဝုန် မြန်မာကျောင်းတိုက်ရဲ့ နှစ်တစ်ရာပြည့်အောင်ပွဲအထိမ်းအမှတ်ပွဲတော်ကြီးဟာ ဘုန်းကြီးတို့အတွက် တစ်သာမဟုတ်ဘဲ မြန်မာတစ်မျိုးသားလုံးတို့ရဲ့ သမိုင်းဝင် အောင်ပွဲအထိမ်းအမှတ်ပင်ဖြစ်ပါတယ်။

အားလုံးသိကြတဲ့အတိုင်း ဒီနေရာဟာ ဗုဒ္ဓဘာသာဝင်တို့၏ အထွဋ်အမြတ်ထားရာဖြစ်တဲ့ သံဝေဇနီယလေးဌာနတွင် တစ်ဌာနဖြစ်ပါတယ်။ ထို့အပြင် ဗုဒ္ဓဘုရားရှင်တရားဦး ဓမ္မစက္ကပဝတ္တနသုတ်တော်ကို ဟောကြားခဲ့တဲ့နေရာ၊ သံဃာရတနာတွေစတင်ပေါ်ထွန်းခဲ့တဲ့နေရာ၊ သစ္စာတရားကိုဖော်ထုတ် ဟောခဲ့တဲ့နေရာ၊ သာသနာ့ဖောင်ဒေးလ်ရှန်းကို ထူထောင်ခဲ့တဲ့နေရာ ဖြစ်ပါတယ်။

ဒီလို အမြတ်ပေါင်းဆုံတဲ့ မြေမြတ်မဟာ မိဂဒါဝုန်တောမှာ မိဂဒါဝုန် မြန်မာကျောင်းရယ်လို့ မြန်မာ့သမိုင်းမှတ်တိုင်ကို စိုက်ထူခဲ့သည်မှာ နှစ်ပေါင်း (၁၀၀)ခရီးကိုပင် ဖြတ်သန်းကျော်လွှန်လာခဲ့ပြီးဖြစ်ပါတယ်။ သံဝေဇနီယဌာနနှင့် အဝိဇဟိတနစ်ဌာနပေါင်းဆုံတဲ့ မိဂဒါဝုန်အရပ်မှာ မြန်မာ့သမိုင်းစာမျက်နှာသစ်တစ်ခုကို ဖန်တီးဖော်ထုတ်နိုင်ဖို့အတွက် ဤနှစ်(၁၀၀)ပြည့် အောင်ပွဲအထိမ်းအမှတ်ပွဲတော်ကြီးကို ဘုန်းကြီးအနေဖြင့် ဦးဆောင်ကျင်းပရခြင်း ဖြစ်ပါတယ်။ မိမိကြံစည်ထားသည့်အတိုင်း တစ်နှစ်ကျော်ကြာ ကြိုးစားခဲ့တဲ့ ရာပြည့်အထိမ်း အမှတ်ပွဲတော်ကြီးကို အောင်မြင်စွာ ကျင်းပနေပြီဖြစ်ပါတယ်။ ဒါကြောင့် ဘုန်းကြီးအနေဖြင့် အလွန်ပင် ဝမ်းသာဂုဏ်ယူ မဆုံးဖြစ်ရပါတယ်။

ဤကျောင်းတိုက်ကို တည်ထောင်ရာတွင် အခက်အခဲအမျိုးမျိုးနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း ဆရာဒကာ ညီညွတ်စွာဖြင့် လက်တွဲပူးပေါင်းကာ ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည့်အတွက် ထိုအခက်အခဲများကို ကျော်လွှားနိုင်ခဲ့ပြီး နှစ်တစ်ရာခရီးကိုပင် ဖြတ်သန်းကျော်လွှန်လာခဲ့ပြီး ဖြစ်ပါတယ်။ ဤသည်မှာ ဘုန်းကြီးတို့ရဲ့ ဆရာသမားများနှင့် မိဘဘိုးဘွားတို့၏ တာဝန်ကျေပွန်မှုပင်ဖြစ်ပါသည်။ နောင်အနာဂါတ်ရေရှည်တည်တံ့နိုင်ရေးမှာ ဘုန်းကြီးတို့ ယနေ့ ဒါယကာ၊ ဒါယိကာမကြီးတို့နှင့် သားသမီးမြေးမြစ်တို့ရဲ့ တာဝန်များပင် ဖြစ်ပါတယ်။ တာဝန်အသိဖြင့် တာဝန်ရှိစွာ ထိန်းသိမ်း စောင့်ရှောက်သွားကြမည်ဆိုပါက ဤမိဂဒါဝုန် မြန်မာကျောင်းတိုက်ဟာ နောင်နှစ် ပေါင်းထောင်သောင်းမက တည်တံ့နိုင်မှာ ဖြစ်ပါတယ်။

အမျိုးဘာသာ သာသနာရေးအတွက် အပင်ပန်းခံကာ နိုင်ငံအရပ်ရပ်မှ ကြွရောက်တော်မူလာကြတဲ့ သံဃာတော်အရှင်သူမြတ်များနှင့် ရာပြည့်အထိမ်းအမှတ် အထူးထုတ်မဂ္ဂဇင်းဖြစ်မြောက်ရေးအတွက် လနှင့်ချီကာ အပင်ပန်းခံ ကူညီဆောင်ရွက်ပေးကြတဲ့ အမေရိကန်နိုင်ငံ၊ ဓမ္မသုခကျောင်း ဆရာတော်ဦးသဇ္ဇန (ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ ဓမ္မာစရိယ - ပါဠိပါရဂူ) အမေရိကန်



နိုင်ငံမှ ဦးတင်ထွန်း၊ ဦးဟန်နရီ ကောက်တို့ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

မြန်မာ့ဂီတအနုပညာများဖြင့် လာရောက်ဖြေဖျော်ပေးကြတဲ့ မြန်မာ့ အနုပညာရှင်များဖြစ်ကြတဲ့ မင်းသားဦးသိန်းဇော်၊ အဆိုတော် ပိုးအိစံ စောင်းဆရာမလေး မစုစုလှိုင် တို့ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါသည်။ ဤရာပြည့်အထိမ်းအမှတ်ပွဲတော်ကြီး ဖြစ်မြောက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးကြတဲ့ အောင်ချမ်းသာဘုရားဖူးအဖွဲ့၊ ရန်ကုန်တိုင်းဘုရားဖူးအဖွဲ့၊ ဒါနတိုးဘုရားဖူးအဖွဲ့များ တစ်ပတ်ကျော်ကပင် လာရောက်ပြီး ကူညီပေးကြတဲ့ ဒေါ်သီသီဝင်းနှင့် မလှဲ့လှဲ့အေး တို့ကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ပွဲတော်ကြီးဖြစ်မြောက်ရေးအတွက် မနားမနေ အပင်ပန်းခံကာ ကြိုးစားဆောင်ရွက်ပေးကြတဲ့ ဘုန်းကြီးရဲ့တပည့်များဖြစ်ကြသော ဦးရာဇိန္ဒ၊ ဦးယသ၊ ဒေါက်တာရာဇိန္ဒ၊ ဦးပညာစက္က၊ ဦးဉာဏဗလ၊ ဦးဥတ္တရ၊ မောင်ရွှေသန်း၊ မောင်မြင့်ရွှေ၊ မောင်ပန်းဖြူ တို့ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါတယ်။ ဤရာပြည့်ပွဲတော်ကြီးသို့ တက်ရောက်လာကြတဲ့ ဒါယကာ၊ ဒါယိကာမ အပေါင်း သူတော်ကောင်းတို့နှင့်တကွ ကျေးဇူးတင်ထိုက်သူအားလုံးတို့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်ဟု ဆရာတော်က ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။

ဦးပညာစက္က
မိဂဒါဝုန်မြန်မာကျောင်း

# သစ္စာမြေမှ မြန်မာ့ဂုဏ်ဆောင်

## ဦးရာဇိန္ဒ (ကျောက်မြို့)

ဗုဒ္ဓဘုရားရှင် တရားဦးဟောတော်မူရာ နေရာဒေသကို မြန်မာတို့က မိဂဒါဝုန်တောဟု ခေါ်ဝေါ် ကြပေသည်။ ပါဠိလို မိဂဒါယဝနမှ ဆင်းသက်လာသည့် ပါဠိပျက်ဝေါဟာရဖြစ်ပြီး သားသမင်တို့အား ဘေးမဲ့ပေးရာတောဟု အဓိပ္ပါယ်ရပေသည်။ ယခုအခါ အိန္ဒိယနိုင်ငံသားတို့က ဤနေရာဤဒေသကို အိန္ဒိယဘာသာ (ဟိန္ဒူဘာသာ) စကားဖြင့် ဆာ(ရ်)နာ(ထ်) (Sarnath) ဟုခေါ်ဝေါ်ကြပေသည်။ ဤဆာ(ရ်) နာ(ထ်)ဝေါဟာရသည် ဆာရင်္ဂနာထ (သားသမင်တို့၏သခင်) (Saranganatha) မှ ဆင်းသက်လာခြင်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနဌာနမှ ဖော်ပြထားပေသည်။

ဗုဒ္ဓဘုရားရှင်သည် လွန်ခဲ့သော နှစ်ပေါင်း(၂၅၀၀) ကျော် (ဘီစီ-၆ ရာစု)က ဆာ(ရ်)နာ(ထ်)ခေါ် ဤမိဂဒါဝုန်တော၌ လူသားစစ်စစ်အားဖြင့် ပဉ္စဝဂ္ဂီ (၅)ဦးနှင့် စကြာဝဠာသောင်းတစ်တိုက်မှ နတ်ပြဟ္မာအပေါင်းတို့အား တရားဦး ဓမ္မစက္ကပဝတ္တနသုတ္တန်(ဓမ္မစကြာ) တရားတော်ကို ဟောကြားတော်မူခဲ့ပေ သည်။ ထို့ကြောင့် ကမ္ဘာ့တစ်ဝှမ်းလုံးရှိ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့က ဤနေရာဒေသကို ဘုရားရှင် တရားဦးဟောတော်မူရာနေရာ အထွဋ်

အမြတ် သံဝေဇနီယ(၄)ဌာန အနက် တစ်ဌာနအဖြစ် အလေး ထားကြပေသည်။ ပွင့်တော် မူခဲ့ကြပြီးသော ဘုရားရှင်အဆူ ဆူ တို့သည်လည်း ဤမိဂဒါဝုန် တောဌပင် တရားဦးဟောကြဦး မည်ဖြစ်ရာ ဗျာဒိတ်ရ မြေမြတ် မဟာ နေရာဌာနပင် ဖြစ်ပေ သည်။



အစွန်း(၂)ပါးကိုပယ်၍ မဇ္ဈိမပဋိပဒါခေါ် အလယ်အ လတ်ကျင့်စဉ်(လမ်းစဉ်)ကို အဓိကမူအဖြစ် ချမှတ်ကာ သိရ မည် ပယ်ရမည် ဆိုက်ရောက် ခြင်း ပွားများရမည်တည်း ဟူ သော ဒုက္ခသစ္စာ. သမုဒယ သစ္စာ. နိရောဓသစ္စာ. မဂ္ဂသစ္စာ. သစ္စာလေးပါး အမှန်တရားကို ဖော်ပြသည့် တရားတော်မှာ မြတ်ဗုဒ္ဓ၏ ဓမ္မစက္ကပဝတ္တန သုတ္တန်ပင်ဖြစ်ပေသည်။ သို့ဖြစ် ရာ ဤမိဂဒါဝုန်တောသည် သစ္စာတရားပေါ်ထွန်းရာ သစ္စာပန်းပွင့်ရာ သစ္စာဘူမိ သစ္စာနယ်မြေလည်း ဖြစ်ပေ သည်။ ဗုဒ္ဓဘုရားရှင်၏ ဓမ္မစက္က ပဝတ္တနသုတ္တန် တရားထူး တရားမြတ်ကို နာယူမှတ်သား ကြရသဖြင့် ရဟန်းအဖြစ်ကို တောင်းပန်လျှောက်ထားကြရာ ဘုရားရှင်သည် ကောဏ္ဍည အမှူးပြုသော ပဉ္စဝဂ္ဂီငါးဦးအား ဧဟိဘိက္ခုခေါ်ကာ ပထမဦးဆုံး ရဟန်းအဖြစ်သို့ သွတ်သွင်းပေး တော်မူလိုက်သောကြောင့် ဤမိဂဒါဝုန်တောသည် အမြတ် ဆုံး ရတနာ(၃)ပါးအနက် သံဃာရတနာပေါ်ထွန်းရာ နေရာလည်းဖြစ်ပေသည်။ ၎င်း အပြင်ဗုဒ္ဓသည်ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီး၍ ပထမ ဦးဆုံးသောဝါကို မိဂဒါဝုန် တောဌပင် ဝါဆိုဝါကပ်တော်မူ ပေသည်။ သီတင်းဝါလကျွတ် ပြီးသောအခါ "လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ အကျိုး စီးပွား အလို့ငှာ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ချမ်းသာ

သုခအလို့ငှာ လောကကို စောင့်ရှောက်ရန်အလို့ငှာ" ဘုရားရှင်သည် ဤမိဂဒါဝုန် တောမှပင် ခြောက်ကျိပ်(အပါး-၆၀)သော ရဟန္တာအရှင်မြတ်တို့ကို တစ်ပါးတစ်နေရာစီ နေရာဒေသအသီးသီးသို့ သာသနာပြု စေလွှတ်တော်မူခဲ့ပေသည်။ သို့ဖြစ်သောကြောင့် ဤမိဂဒါဝုန်တောသည် ဘုရားရှင်၏အဆုံးအမများ တရားစစ်တရားမှန်များ စည်ပင်ပြန့်ပွားရေးအတွက် သာသနာပြုရာ ဗဟိုဌာနလည်း ဖြစ်ပေသည်။ သို့မဟုတ် သာသနာ့စည်ကြီးတီးခတ်ရာနေရာလည်း ဖြစ်ပေသည်။ သမိုင်းရှုထောင့်မှ ကြည့်မည်ဆိုပါကလည်း ဘုရားရှင်လက်ထက် (ဘီစီ-၆ ရာစု) မှစ၍ အေဒီ (၁၂)ရာစု အစောပိုင်းအထိ နန္ဒိယသူဌေးဆောက်လုပ်လှူဒါန်းခဲ့သည့် နန္ဒိယသူဌေးကျောင်း၊ သီရိဓမ္မာ သောကမင်းကြီး တည်ထားခဲ့သည့် ဓမ္မရာဇိက စေတီပ (ယခုနေရာသာရှိသည်)၊ ဓမ္မေခစေတီပ၊ ကျောက်စာတိုင် (Stone Pillar)များနှင့် တစ်ခြားသော သနိက အဆောက်အအုံများ၊ ကနိ(ရှ)က(Kanishka)မင်းကြီး မွမ်းမံပြုပြင်ခဲ့သည့် လှပခန့်ငြားသော ကျောက်ဆစ် လက်ရာများ၊ ဤမိဂဒါဝုန်တော၏နောက်ဆုံး ကျောင်းဆောင်ဖြစ်သော အေဒီ (၁၂)ရာစု အစောပိုင်း၌ ကုမာရဒေဝီ (Kumāradevī) မိဖုရားကြီး ဆောက်လုပ်လှူဒါန်းခဲ့သည့် အလွန့်အလွန်ကြီးကျယ်ခမ်းနားသော ဓမ္မစက္ကဇိ နဝိဟာရ ကျောင်းတော်ကြီး အစရှိသည့် ခေတ်အဆက်ဆက်မင်းအဆက်ဆက် အသစ်တည်ဆောက် အဟောင်းပြုပြင်ကာ မြောက်များစွာသော သာသနိက အဆောက်အအုံများဖြင့် နှစ်ပေါင်း(၁၇၀၀)ကျော်တိုင် မြတ်ဗုဒ္ဓသာသနာ စည်ပင်ထွန်းကားခဲ့ရာ နေရာလည်း ဖြစ်ပေသည်။

ဤကဲ့သို့ ဂုဏ်ပုဒ်ကြွယ်သည့် ဗျာဒိတ်ရမြေမြတ်မဟာ ဤနေရာ ဤဒေသ၌ မြန်မာ့ဗုဒ္ဓဘာသာကျောင်း ရယ်လို့ ဝိသေသဂုဏ်ပုဒ်တစ်ခု ထာဝရ စိုက်ထူနိုင်ခဲ့ခြင်းသည် ကမ္ဘာကျော် ကမ္ဘာ့သာသနာပြု သာသနာ့အာဇာနည် ဘဒ္ဒန္တစန္ဒိမာဘိ ဆရာတော်ကြီး၏ အနာဂါတ် အရေးအတွက် အမြော်အမြင် ကြီးမှုကြောင့်ပင် ဖြစ်ပေသည်။ အိန္ဒိယနှင့်နီပေါလ်နိုင်ငံတို့၌ နှစ်ပေါင်း (၅၀၀)ကျော် ကွယ်ပျောက်နေခဲ့ရသည့် မြတ်ဗုဒ္ဓသာသနာ ပြန်လည်ထွန်းကားလာ အောင် ပထမဦးဆုံး အသက်သွင်း သာသနာပြုခဲ့သည့် ပုဂ္ဂိုလ်မှာ ဘဒ္ဒန္တစန္ဒိမာဘိ ဆရာတော်ကြီးပင် ဖြစ်ပေသည်။ ဆရာတော်ကြီးသည် တစ်စိတ်တစ်ဒေသအားဖြင့် ဤမိဂဒါဝုန်မြန်မာကျောင်းတိုက်ကို အမှီပြု၍ ထိုသာသနာပြုလုပ်ငန်းများကို လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ပေသည်။ ထို့အတူ ဆရာတော်ကြီးကိုဆက်ခံသည့် ဘဒ္ဒန္တကိတ္တိမ၊ ဘဒ္ဒန္တတိက္ခိန္ဒြိယနှင့် ယခုလက်ရှိ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ (မဟာသဒ္ဓမ္မဇောတိကဓဇ) တို့သည်လည်း ဤကျောင်းတိုက်ကို အမှီပြုကာ သာသနာပြုခဲ့ကြပြီး သာသနာပြု လုပ်ငန်းများကို ထမ်းဆောင်လျက်ရှိနေပေသည်။ စာရေးသူသည် မိဂဒါဝုန်မြန်မာကျောင်းတိုက်၌ သီတင်းသုံးနေ ထိုင်လျက်ရှိနေစဉ် ဟိန္ဒူဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းသည့် ဗုဒ္ဓဘာသာ သွင်းပွဲ အခမ်းအနားများသို့ ဘဒ္ဒန္တဝဏ္ဏဓဇဦးဆောင်ကာ အကြိမ်ကြိမ် တက်ရောက် ခဲ့ရပေသည်။ ယင်းကြောင့် အိန္ဒိယနှင့် နီပေါလ်နိုင်ငံတို့၌ ဗုဒ္ဓသာသနာ ပြန်လည်၍ စည်ပင်ထွန်းကား



လာရေးမှာ ဤမိဂဒါဝုန်ကျောင်းတိုက်သည်လည်း တစ်ဖက် တစ်လမ်းမှအထောက်အကူပြုခဲ့သည်ဟုဆိုက မှန်သောသစ္စာစကားပင်ဖြစ်ပေသည်။

မိဂဒါဝုန်မြန်မာကျောင်းတိုက်ကို (၁၉၀၈)ခုနှစ်တွင် စတင်တည် ထောင်ခဲ့ရာ ယခုဆိုရင် အနှစ်(၁၀၀) သို့မဟုတ် ရာစုနှစ်တစ်ခုကိုပင် ဖြတ်သန်းလာခဲ့ပြီး ဖြစ်ပေသည်။ ဤမိဂဒါဝုန်မြန်မာကျောင်းတိုက်သည် တစ်ချိန်က မိဂဒါဝုန်ကျောင်းတိုက်ကြီး၏ အနောက်ဖက်အရပ် တိမ်ကောနေပြီးဖြစ်သော မိဂသမ္မဒါမြစ်သည် လုံးဝနီးပါးတိမ်ကောနေပြီးဖြစ်ရာ မိဂဒါဝုန်ကျောင်းတိုက် ပေါင်းနေရာနှင့် မြန်မာကျောင်းတိုက်တို့မှာ ခြံစည်းရိုး အုတ်နံရံသာ ခြားပေသည်။ ဓမ္မစက္ကမုဒြာပုံတော် ဗုဒ္ဓဆင်းတုတော်ကြီး၊ သိမ်၊ ဓမ္မာရုံ၊ ပိဋကတ်တော်တိုက်၊ သံဃာ့ကျောင်းဆောင်၊ ဘုရားဖူးဧည့်သည်များ တည်းခိုဆောင် အစရှိသည့် မြောက်များစွာသော သာသနိကအဆောက်အအုံ များဖြင့် မြန်မာ့ဂုဏ်ဆောင် မိဂဒါဝုန်မြန်မာကျောင်းတိုက်ကြီးသည် အတိတ်က မိဂဒါဝုန်ကျောင်းတိုက်ကြီးကို သရုပ်သကျွာန်ဖော်ပြနေသယောင် ခန့်ငြားထည်ဝါလျက် ရှိနေပေသည်။ ကမ္ဘာ့တစ်ဝှမ်းလုံးမှ ဘုရားဖူးလာရောက်ကြသော ဗုဒ္ဓဘာသာ ဘုရားဖူးဧည့်သည်များ၊ ဗုဒ္ဓဘာသာကို လာရောက်လေ့လာကြသည့် ဗုဒ္ဓဘာသာမဟုတ်သော ကမ္ဘာ့လှည့်ခရီးသည်များ၊ အိန္ဒိယလူမျိုး ဘုရားဖူးများ၊ လာရောက် လည်ပတ်ကြသူများဖြင့် စည်ကားနေသည့် မိဂဒါဝုန်ကျောင်းတိုက်ပေါင်း နေရာကဲ့သို့ပင် မြန်မာကျောင်းတိုက်သည်လည်း မြန်မာ့မှု၊ မြန်မာ့အနုပညာလက်ရာများကို လာရောက်ကြည့်ရှုကြသော နိုင်ငံခြားသားဧည့်သည်များ၊ အိန္ဒိယလူမျိုးများ၊ မြန်မာနိုင်ငံမှ ဘုရားဖူးရောက်လာကြသည့် မြန်မာ့ဘုရားဖူးများဖြင့် စည်ကားလျက်ရှိနေပေသည်။

နန္ဒိယသူဌေးသည် မိဂဒါဝုန်တော၌ ကျောင်းဆောက်လှူဒါန်းသည့် ကျောင်းဒါယကာကြီးဖြစ်ပေသည်။ ထို့အတူမိဂဒါဝုန်မြန်မာကျောင်းတိုက်အတွင်း ပထမဦးဆုံး ကျောင်းဆောက်လှူဒါန်းသည့် ကျောင်းဒါယကာမှာ ဦးမြထွန်းဖြစ်ပေသည်။ ဦးမြထွန်းသည် (၁၉၁၀)ခုနှစ်တွင်ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ရာ ကျောင်းတိုက်တည်ထောင်ပြီး (၂)နှစ်အကြာတွင် ဆောက်လုပ်ခြင်းဖြစ်ပေသည်။ ကျောင်းတိုက်သည် အနှစ်(၁၀၀)၊ ဦးမြထွန်းကျောင်းဆောင်သည် (၉၈)နှစ်ပြည့်မြောက်ပြီးဖြစ်ပေသည်။ နန္ဒိယသူဌေးသည် ဗာရာဏသီမြို့၏ ထင်ရှားသောသူဌေးသူကြွယ်တစ်ဦးဖြစ်ပေသည်။ ဦးမြထွန်းသည် မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်မှ ဖြစ်ပြီး ထင်ရှားသည့်သူဌေးတစ်ဦးမဟုတ်ပေ။ သို့သော်လည်း မြတ်ဗုဒ္ဓသာသနာအပေါ် အထူးသက်ဝင်ယုံကြည်သည့်စေတနာ သဒ္ဓါတရားကြွယ်ဝသူတစ်ဦး ဖြစ်ကြောင်း သူလှူဒါန်းသည့်ကျောင်းက ဖော်ပြနေပေသည်။ အမြော်အမြင်ကြီးမားသော ဆရာတော်ကြီး အဆက်ဆက်တို့၏ထိန်းသိမ်းစောင့်ရှောက်မှုကြောင့်ကျောင်းတိုက်ကြီးသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခဲ့ရာ အထူးသဖြင့် လက်ရှိပဓာနနာယက ဆရာတော်ဘဒ္ဒန္တဝဏ္ဏဓဇ လက်ထက်၌ တစ်ဟုန်ထိုး တိုးတက်စည်ပင်လာခဲ့ပေသည်။ ကျောင်းတိုက်ကြီးမှာ နှစ်ပေါင်း (၁၀၀)ပြည့်မြောက်ပြီးဖြစ်သော်လည်း ဘဒ္ဒန္တဝဏ္ဏဓဇ၏ကျွမ်းကျင်ထက်မြက်သော စီမံအုပ်ချုပ်မှုကြောင့် ဖြစ်ပျက်ဓမ္မတာ သင်္ခါရဖြစ်မည့်သဘော ကိုပင်ပျက်ရယ်ပြုနေသယောင် ဟောင်းနွမ်းသည်ဟု ပင်မထင်ရပဲ တစ်နှစ်ထက် တစ်နှစ်ဆန်းသစ်တောက်ပြောင်၍သာ လာခဲ့ပေသည်။

အိန္ဒိယနိုင်ငံ၏ ခေတ်သစ်ဗုဒ္ဓဘာသာဆိုင်ရာ သမိုင်းသစ်အခန်းကဏ္ဍကို သို့မဟုတ် ဗုဒ္ဓဘာသာပြန်လည်ထွန်းကားလာသည့် ခေတ်တစ်ခေတ်ကို ဖန်တီးခဲ့သည့်ပုဂ္ဂိုလ်မှာ ဘဒ္ဒန္တစန္ဒြမဏိပင်ဖြစ်ပေသည်။ ထို့အပြင် ဘဒ္ဒန္တစန္ဒြမဏိတည်ထောင်ခဲ့သော မြန်မာ့ဂုဏ်ဆောင် မိဂဒါဝုန်မြန်မာကျောင်းတိုက်သည်လည်း တရားဦးဟောတော်မူရာ၊ သံဃာရတနာပေါ်ထွန်းရာ ပထမဦးဆုံး သာသနာပြုစေလွှတ်ခဲ့ရာ အစရှိသည့် အမြတ်ဂုဏ်ပုဒ်များစွာစုဝေးရာ ဗျာဒိတ်ရ မြေမြတ်မဟာ မိဂဒါဝုန်တော၌ နှစ်ပေါင်း(၁၀၀) တည်းဟူသော ကာလအပိုင်းအခြားတစ်ခုအဖြစ် သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့ပြီးဖြစ်ပေသည်။ သို့မဟုတ် မိဂဒါဝုန်တော၏ နှစ်ပေါင်း(၆၀၀)ကျော် ပြတ်တောက်ခဲ့ရသော ဗုဒ္ဓဘာသာသမိုင်းကို ဤမိဂဒါဝုန်မြန်မာကျောင်းတိုက်က သမိုင်းဆက်လိုက်ခြင်းပင်ဖြစ်ပေသည်။ သာသနာပြု မြန်မာရဟန်းတော်များရှိနေသမျှကာလပတ်လုံး တိုင်းခြားပြည်ခြား တိုင်းတစ်ပါး၌ မြန်မာ့ဂုဏ်ဆောင် မြန်မာ့ကျောင်းတိုက် တို့သည်လည်း တည်ရှိနေမည်သာ ဖြစ်ပေသည်။ မိဂဒါဝုန်မြန်မာကျောင်းတိုက်သည်လည်း ရာစုနှစ်တစ်ခုမှ ရာစုနှစ်ပေါင်းများစွာ တည်တံ့နေဦး မည်သာဖြစ်ပေသည်။ (မိဂဒါဝုန်မြန်မာကျောင်းတိုက်၏ နှစ် (၁၀၀)ပြည့် ရာပြည့်အထိမ်းအမှတ် အခမ်းအနားကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုပါသည်)။

**ဦးရာဇိန္ဒ(ကျောက်ဖြူ)**

# မိဂဒါဝုန်မြန်မာကျောင်း ရာပြည့်ပူဇော်ပွဲမှသည်...

**သာကီသွေး**




“ဘုရားရှင်တော် ပွင့် ထွန်းပေါ်၍ ဟောဖော်ညွှန်ကြား မြွတ်တရားကြောင့် ဤကား ကုသိုလ် အကုသိုလ်နှင့်ထိုထိုဘုံ ဘဝ သိကြရ များလှ ကျေးဇူး တွေ”

ဒါက အကုသိုလ်လုပ်ငန်း. အပြစ်ရှိတယ်။ မကောင်း

ကျိုးတွေကိုဖြစ်စေတတ်တယ်။ ဒါကြောင့် မလုပ်ကြနဲ့။ ဒါကတော့ ကုသိုလ်လုပ်ငန်း. အပြစ်ကင်းတယ်။ မိမိတို့ အသီးသီးလိုလားတောင်းတတဲ့ ကောင်းကျိုးတွေကို ဖြစ်ထွန်းစေတယ်။ ဒါကြောင့် ကြိုးစားပြီး လုပ်ဆောင်ကြ။ ဒီစခန်း. ဒီလမ်း. ဒီနည်းစနစ်အတိုင်း ကျင့်ကြံအားထုတ်ကြမယ်ဆိုရင် သတ္တဝါအသီးသီး ထိတ်လန့်ကြောက်ရွံ့ကြတဲ့ အို. နာ. သေ ဝဋ်ဆင်းရဲက လွတ်ကင်းနိုင်တယ် ... အစရှိသဖြင့် လူနတ်ပြဟ္မာ သတ္တဝါတွေ ကာလများစွာ တောင့်တနေတဲ့ မြတ်ဗုဒ္ဓရဲ့ "ဓမ္မရတနာ" တွေ စတင်မြစ်ဖျားခံ ရှင်သန်စီးဆင်းခဲ့တဲ့ မိဂဒါဝုန်။

မြတ်ဗုဒ္ဓရဲ့ မြတ်ဓမ္မဒေသနာတော်အတိုင်း ကိုယ်. နှုတ်. စိတ်ကံသုံးပါးအမှုအရာကို စောင့်ထိမ်းလိုက်နာပြီး ကိုယ်တိုင်လည်း ကျင့်ကြံအားထုတ်၊ အဖိုးအနဂ္ဃထိုက်တန်တဲ့ ဓမ္မ. တရားရတနာအစုတွေ မတိမ်ကော မပပျောက် သင်အံ. ပို့ချ. ကျက်မှတ် လေ့လာဆည်းပူးနေကြတဲ့ မြတ်ဗုဒ္ဓရဲ့ ရင်နှစ်သည်းချာ "သံဃာရတနာ" သန္တေတည်ရှင်သန် မွေးဖွားခဲ့တဲ့မိဂဒါဝုန် ...။

ဘုရားရှင်တိုင်း မစွန့်လွှတ်အပ်သောလေးဌာန (အဝိဇဟိတ)၊ ဘုရားရှင်ကိုကြည်ညိုကိုးကွယ်သူတိုင်း သွားရောက်ပူဇော်ကန်တော့ထိုက်သော လေးဌာန (သံဝေဇနိယ) ဤကဲ့သို့ အဝိဇဟိတ. သံဝေဇနိယ နှစ်ခုလုံးတွင် ပါဝင်နေသော မိဂဒါဝုန် ...။

ယင်းကဲ့သို့ မြတ်ဗုဒ္ဓ၏ဘဝဖြစ်တော်စဉ်အကြောင်းခြင်းရာများစွာတို့နှင့် ဆက်စပ်ပတ်သက်နေသော သားမျိုးစုံပေါသည့် မိဂဒါဝုန်တောအုပ်ကြီး ...။

ယခင်နှင့်ယခု၊ ယနေ့နှင့်မနက်ဖြန်၊ အဟောင်းနှင့်အသစ် အရာအားလုံးတို့သည် အချိန်နှင့်တပြေးညီ ပြောင်းလဲလို့နေပါတယ်။ ဒါကပဲမြတ်ဗုဒ္ဓ၏ "သင်္ခါရ" သဘောတရားကို လက်တွေ့သက်သေပြနေခြင်းလို့ပဲ ဆိုရမှာဖြစ်ပါတယ်။ ထို့အတူ ယခင်က ဗာရာဏသီနှင့် ယခုဗာရာဏသီ၊ ယခင်က မိဂဒါဝုန်နှင့် ယခုမိဂဒါဝုန်တို့လည်း ထပ်တူညီမျှ မရှိတော့ပြီ။ ယခင်က သားမျိုးစုံပေါသည့် မိဂဒါဝုန်တောအုပ်ကြီးသည် ယခုအခါမှာတော့ တိုက်တာ အဆောက်အဦတွေ. ကွန်ကရိ. ကတ္တရာလမ်းတွေနှင့် ခေတ်တစ်ခေတ်၏ သရုပ်သကန်ကို ဖော်ကျူးပြသလို့နေပါတယ်။

မြတ်ဗုဒ္ဓလက်ထက်ကကဲ့သို့သော တိတ်ဆိတ်မှု. ငြိမ်းချမ်းမှု. အေးမြမှု. "သက်ငြိမ်ရသ" ကို မခံစားနိုင်တော့သည်ကားအမှန်။ သို့သော်ခေတ်တစ်ခေတ်. ကာလတစ်ခု၏ ပစ္စက္ခပြရုပ်အဖြစ်မှန်ကိုကားငြင်းဆန်လို့ ရနိုင်မည် မဟုတ်ပေ။

ဤမိဂဒါဝုန်ဒေသမှာပဲ မြတ်ဗုဒ္ဓ၏မြတ်ဓမ္မများပြန့်ပွားဖို့ (သို့မဟုတ်) ဗုဒ္ဓသာသနာတော်တိုင်း ဒေသအသီးသီးသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေဖို့ အရှင်ယသအမှူးပြုသော ရဟန္တာခြောက်ကျိပ်ကို မြို့. ရွာ. ဇနပုဒ်အသီးသီးသို့သာသနာပြုစေလွှတ်ခဲ့ပါတယ်။

ဗုဒ္ဓသာသနာတော်ပြန့်ပွားဖို့ သာသနာပြု စတင်အစပျိုး စေလွှတ်ခဲ့တဲ့ ဟောဒီမိဂဒါဝုန်မှာ သာသနာ့မျိုးဆက်ပျောက်ကွယ်ဆိတ်သုဉ်းသွားခဲ့ရတယ်ဆိုလျှင် ယုံကြည်လက်ခံရန် လွန်စွာခက်ခဲပါတယ်။ ခက်ခဲပင် ခက်ခဲသော်ငြားရာဇဝင်. သမိုင်း မှတ်တမ်းတွေ. ပိဋကတ်စာပေ အထောက်အထားတွေ. မဇ္ဈိမဒေသ



ခရီးသွားမှတ်တမ်းတွေ အရ မိဂဒါဝုန်အပါအဝင် မဇ္ဈိမ ဒေသကြီးတစ်ခုလုံး ထေရဝါဒ ဗုဒ္ဓသာသနာတော် စုန်းစုန်းမြုပ် ကွယ်ပျောက်ခဲ့ရတာကတော့ အမှန်ပါပဲ။ မဇ္ဈိမဒေသကြီး တစ်ခုလုံးမှာ ထေရဝါဒရဟန်း တော်များ ဆိတ်သုဉ်းခဲ့ရတာ ကိုတော့ ငြင်းကွယ်လို့မရ။ ခဇ္ဈိမဒေသကြီးတစ်ခုလုံးမှာ ဒထေရဝါဒရဟန်းတော်များ အရိပ်အယောင်သော်မျှ မတွေ့ ရတော့တာကြောင့် ဗုဒ္ဓဘာသာ ဝင် လက်ကျန်အနည်းစုတို့မှာ သူတို့၏သာရေး. နာရေး. ဘာ သာရေးကိစ္စများအတွက် အခက်အခဲရှိလာခြင်း၊ အနီး အနားမှ ဘာသာခြားတို့၏ စည်း ရုံး သိမ်းသွင်းခံရခြင်းတို့ကြောင့် မြတ်ဗုဒ္ဓပွင့်တော်မူရာဒေသကြီး တစ်ခုလုံးတွင် သာသနာတော် ကွယ်ပျောက်ပြီး ရဟန်းသံဃာ တစ်ပါးမျှ မရှိသလောက် ဖြစ် သွား ခဲ့ရပါတယ်။

ထေရဝါဒသာသနာ့ မျိုးဆက်ပြတ်သွားတဲ့ မဇ္ဈိမ ဒေသကို ပြန်လည် စည်ပင်ပြန့် ပွားအောင် ပြုလုပ်စွမ်းဆောင် ခဲ့သူကတော့ ဆရာတော် ဦးစန္ဒိမဏိပဲ ဖြစ်ပါတယ်။ ဗုဒ္ဓ ဘာသာသက်ဝင် ယုံကြည်သူ တစ်ဦးတစ်ယောက်မျှ မရှိသော ဘာသာခြားတွေကြားထဲမှာ ဆရာတော်ဦးစန္ဒိမဏိဟာ အတိုက်အခိုက် အနှောင့်အ ယှက် အခက်အခဲ၊ စားဝတ်နေ ရေး အခက်အခဲ၊ ရာသီဥတု အခက်အခဲ၊ ဘာသာ စကားအ ခက်အခဲ ... အဲဒီလို အခက်အခဲ ပေါင်းစုံကြားထဲက ဆရာတော် ဟာ ဗုဒ္ဓသာသနာတော် ပြန် လည် အမြစ်တွယ် ရှင်သန်လာ အောင် မဆုတ်မနစ် ကြိုးစား ဆောင်ရွက်ခဲ့ပါတယ်။

မဇ္ဈိမဒေသရဲ့အရေး ပါတဲ့မိဂဒါဝုန်၊ ကုသိနာရုံအရပ် တွေမှာ ကျယ်ဝန်းတဲ့ ကိုယ်ပိုင် မြေတွေရအောင် ကြိုးစားပြီး

သာသနိကအဆောက်အဦတွေ ဆောက်လုပ်ခဲ့ပါတယ်။ မြန်မာပြည်က ရောက်လာတဲ့ရဟန်းရှင်လူတွေ တည်းခို နေထိုင်ဖို့အတွက် များစွာအဆင်ပြေသွားပါတယ်။ ဆရာတော်ဦးစန္ဒိမကိုရဲ့ ဦးဆောင်လမ်းပြသာသနာပြုမှုကြောင့် ယခုဆိုလျှင် မဇ္ဈိမဒေသမှာမြန်မာဘုန်းကြီးကျောင်းတွေ များစွာပေါ်ထွန်းလာခဲ့ပါပြီ။ ဗုဒ္ဓဘာသာဝင်တွေအတွက်လည်း ဘာသာရေးဆိုင်ရာ ကိစ္စအဝဝကိုအဆင်ပြေလွယ်ကူစွာ ပြုလုပ်နိုင်ကြပြီ ဖြစ်ပါတယ်။

ဆရာတော်ဦးစန္ဒိမကို ဦးဆောင်တည်ထောင်ခဲ့တဲ့ မဇ္ဈိမဒေသ သာသနာ့အဆောက်အဦတွေထဲက ဗာရာဏသီမြို့ မိဂဒါဝုန်မှာရှိတဲ့ "ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်း" တည်ထောင်ခဲ့တာဟာ အခုဆိုရင် နှစ်ပေါင်း (၁၀၀)ပြည့်ခဲ့ပြီ ဖြစ်ပါတယ်။

"ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်း" အခုလို နှစ်ပေါင်း(၁၀၀) ပြည့်သည်ထိ သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်နိုင်အောင် ဆရာတော်ဦးစန္ဒိမကို၊ ဆရာတော်ဦးကိတ္တိမ၊ ဆရာတော်ဦးတိက္ခိန္ဒြိယတို့မှသည် ယခုလက်ရှိ "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ဦးဝဏ္ဏဓဇ" တို့က သာသနာချစ်စိတ်အပြည့်အဝဖြင့် ကြိုးပမ်းစွမ်းဆောင်ခဲ့ကြခြင်းကြောင့် ဖြစ်ပါတယ်။

ယခင် ဆရာတော်များရဲ့မိဂဒါဝုန်မြန်မာကျောင်းဆိုင်ရာ လုပ်ဆောင်ချက်များကို မသိမိလိုက်သော်လည်း ယခုလက်ရှိ မိဂဒါဝုန်မြန်မာကျောင်း ဆရာတော်ဦးဝဏ္ဏဓဇရဲ့ ခံယူချက်၊ လုပ်ဆောင်ချက်နဲ့ စိတ်ဓာတ်တွေကိုတော့ ဂုဏ်ယူအသိအမှတ်ပြုရမှာဖြစ်ပါတယ်။ သိသာတဲ့အချက်တစ်ခုကတော့ ဆရာတော် ဦးဝဏ္ဏဓဇဟာ အလွန်ဘုန်းကံကြီးမားသူဖြစ်တယ်ဆိုတာပါပဲ။ ရှေးဘုန်းရှေးကံ ကြီးမားသလို ရိုးသားမှု(ရိုးဂုဏ်) ဆိုတဲ့အချက်ဟာလည်း ဘုန်းကံကြီးမားခြင်းအကြောင်းခြင်းရာတွေထဲမှာ ပါဝင်ပါတယ်။

ဒါ့အပြင် ဆရာတော် ဦးဝဏ္ဏဓဇဟာ ဂါရဝ. နိဝါတတရားအပြည့်အဝ ရှိသလို ဆိုင်ရာဆိုင်ရာ ပညာရှင်တို့ အပေါ်မှာလည်း နိဝါတ. နိမာနအပြည့်နဲ့ ဆက်ဆံလေ့ရှိတာကို တွေ့ရတယ်။ ဒါကြောင့်လည်း သူလုပ်ကိုင်ဆောင်ရွက်လိုတဲ့အရာမှန်သမျှ အခက်အခဲမရှိ အလွယ်တကူ ပြီးစီးအောင်မြင်သွားတာကို တွေ့ရပါတယ်။ လက်တွေ့သာဓကအားဖြင့် အလွန်ကြီးကျယ်ခမ်းနားတဲ့ မိဂဒါဝုန်မြန်မာကျောင်း နှစ်တစ်ရာပြည့် ပူဇော်ပွဲကြီးက သက်သေခံနေပါတယ်။

နိုင်ငံအသီးသီးက ကြွရောက်လာကြသော ပင့်သံဃာ (၁၀၈)ပါးနှင့် နိုင်ငံအသီးသီးက ရောက်ရှိလာသော ဧည့်ပရိသတ်ပေါင်းများစွာတို့ကို တာဝန်ယူပြုစု စောင့်ရှောက်ထားရသည့်တာဝန်မှာ အမြင်လွယ်သလောက် လက်တွေ့လုပ်ရတာခက်ခဲလှပါတယ်။ ရန်ကုန်က စာရေးသူနှင့် လှုရတနာဆရာတော်၊ ဒေါ်လှဲ့လှဲ့အေး (မန္တလာမေကားအသင်း)၊ ဒေါ်သီသီဝင်း အပါအဝင် အမေရိကန်က ကြွရောက်လာသော ဆရာတော်များအဖွဲ့ကို ဘုရားဖူးအဖွဲ့များ မည်သူမျှ မရောက်နိုင်သေးသော သံသုမာဂီရိမြို့ဟောင်းနှင့် ယောသိတာရုံကျောင်းတော်ရာ၊ ကုက္ကုဋာရုံကျောင်းတော်ရာနေရာများကို တကူးတကပို့ဆောင်ပေးခဲ့ပါသေး တယ်။

ယခင်အခေါက်များက မရောက်ဖြစ်ခဲ့သော နေရာဌာနများကို ရောက်ရှိခဲ့ရသောကြောင့် မိဂဒါဝုန်ဆရာတော်အား ကျေးဇူးတင်မဆုံးဖြစ်ရပါတယ်။

မိဂဒါဝုန် မြန်မာကျောင်းနှစ်တစ်ရာပြည့် ပူဇော်ပွဲမှာ အခမ်းအနား ပြင်ဆင်စရိတ်၊ ကျွေးမွေးစရိတ်၊ ခရီးစရိတ်၊ ပင့်သံဃာတော်များအတွက် လှူဖွယ် ပစ္စည်းဝတ္ထု၊ ဟိုတယ်စရိတ် ... စသည်ဖြင့် ငွေကြေးများစွာ ကုန်ကြမှာကတော့ အသေအချာပါပဲ။ နှစ်တစ်ရာပြည့်ပူဇော်ပွဲ အထိမ်းအမှတ် မဂ္ဂဇင်းအတွက် ကုန်ကျစရိတ်ကပဲ ကျပ်သိန်းတစ်ရာကျော်ကုန်ကျတယ်လို့ သိရပါတယ်။ သာမန် ဘုန်းကံကြီးမား ယုံမျှလောက်နဲ့ ဒီလိုခမ်းနားကြီးကျယ်တဲ့ အခမ်းအနားမျိုး ပြုလုပ်နိုင်ဖို့ မလွယ်ကူပါ။

ရာပြည့် ပူဇော်ပွဲ အခမ်းအနားကို မြန်မာလိုနင့် အင်တာနေရှင်နယ်လို ဆိုပြီး (၂)ရက် ကျင်းပပါတယ်။ ဖေဖော်ဝါရီလ (၂၇)ရက်နေ့မှာ နိုင်ငံအသီးသီးက ရောက်ရှိလာကြတဲ့ မြန်မာပရိသတ်များအတွက် ရည်ရွယ်ပြီးမြန်မာလိုပဲ သီးသီး သန့်သန့် မြန်မာ့ဟန်, မြန်မာ့ရန့်,မြန်မာ့အငွေ့အသက် အပြည့်အဝနဲ့ ဂါထာ, ရတု, တေးထပ်များ မြိုင်မြိုင်ဆိုင်ဆိုင်ရွတ်ဖတ်သီဆို ပူဇော်မှုတွေနဲ့ အားပါးတရ ဆင်နွှဲခဲ့ကြပါတယ်။

ဖေဖော်ဝါရီ (၂၇)ရက် ညပိုင်းမှာတော့ မြန်မာ့ဟန်, မြန်မာ့အငွေ့အသက်, မြန်မာ့ဂီတကို တမ်းတမ်းတတ, မက်မက်မောမော နားဆင်လိုကြတဲ့ နိုင်ငံအသီးသီးက ရွှေမြန်မာပရိသတ်များအတွက် နိုင်ငံကျော်အဆိုတော်များဖြစ်ကြတဲ့ မန္တလေးသိန်းဇော်နဲ့ ပိုးအိစံတို့က မမောနိုင် မပန်းနိုင် အားပါးတရ သီဆိုဖျော်ဖြေပေးပါတယ်။ ညဥ့်သန်းခေါင်ထိ ရွှေမြန်မာပရိသတ်တွေ မပြန်နိုင်လို့ မနည်းကြီး အားနာပါးနာနဲ့တောင်းပန်ပြီး စိတ်မ



ကောင်းခြင်းကြီးစွာနဲ့ ရပ်နားခဲ့ရပါတယ်။

ဖေဖော်ဝါရီ(၂၈)ရက်နေ့မှာတော့ အင်တာနေရှင်နယ် အခမ်းအနား ဖြစ်တာနဲ့ အညီ အခမ်းအနားအစအဆုံး(ဘို)လို ပြောကြပါတယ်။ အခမ်းအနား အစအဆုံး(ဘို)လိုပြောကြတာ ဖြစ်လေတော့ အခမ်းအနားမှူး လုပ်မည့်သူကလည်း ပေါ့သေးသေးဖြစ်လို့ မရပါဘူး။ ဒါကြောင့် အင်္ဂလန်တက္ကသိုလ်က ပါရဂူဘွဲ့ရယူထားတဲ့ဘဒ္ဒန္တဒေါက်တာ ဓမ္မသာမိက အခမ်းအနားမှူး အဖြစ် ဆောင်ရွက် ပါ တယ်။

အင်တာနေရှင်နယ် အခမ်းအနားအစီအစဉ်မှာ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်ဘဒ္ဒန္တဒေါက်တာ နန္ဒမာလာဘိဝံသ၊ ရာဇဂြိုဟ်. တရုတ်ကျောင်းဆရာတော်ဘဒ္ဒန္တ ဒေါက်တာပညာလင်္ကာရ၊ ကုသိနာရုံဆရာတော်ဘဒ္ဒန္တ ဒေါက်တာဉာဏိဿရ၊ အမေရိကန် နိုင်ငံမှ ဘဒ္ဒန္တသဒ္ဓန (ဒွိပိဋကဓရ)၊ ဘဒ္ဒန္တဉာဏဝရနှင့် မိဂဒါဝုန်မြန်မာကျောင်းဆရာတော် ဦးဝဏ္ဏဓဇ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးကြည်သိန်း၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့် အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ဗာရာဏသီမြို့တော်ဝန် ကောင်ဆဲလန်ဆင်း(လ်) အစရှိသူတို့က သမိုင်းမှတ်တမ်းတွေ ပိဋကတ်ပါဠိတော်မှာလာတဲ့ မိဂဒါဝုန်နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ၊ ဝမ်းသာစရာတွေ.ဂုဏ်ယူစရာတွေ.ပီတိဖြာစရာတွေ.,ကြည်နူးစရာတွေကိုစိတ်ပါလက်ပါတက်တက်ကြွကြွ အားပါးတရ ပြောကြားသွားကြပါတယ်။

ဖေဖော်ဝါရီ(၂၈)ရက် ညနေ(၄)နာရီခန့်ကစပြီး ညဦးနက်သန်းခေါင် စာရေးသူအိပ်ပျော်သွားသည်ထိ မပြီးသေးသော (ဖိုးဆိုချင်အဖွဲ့) အဲလေ ယောင်လို့ ဗာရာဏသီမြို့ စင်တင်တေးဂီတနဲ့ အကအဖွဲ့က အိန္ဒိယတေးသံသာတွေနဲ့ ဆိုလိုက်.ကလိုက်၊ ကလိုက်.ဆိုလိုက်နဲ့ အမောမဖောက်နိုင်အောင် တောက်လျှောက် ဆိုသွားကြပါတယ်။ အိန္ဒိယ တေးဂီတတီးဝိုင်းကို အနီးကပ်ကြည့်ရခိုက် အသေအချာ လေ့လာကြည့်တော့ တူရိယာပစ္စည်းဆိုလို့ဟုတ်ဟုတ်ငြားငြား၊ ဗုံရှည်လေးနှစ်လုံးနဲ့ အော်ဂင် တစ်လုံးပဲ ပါပါတယ်။

ဒီတူရိယာပစ္စည်းလေးနှစ်မျိုးကို အမှာခံထားပြီး ညနေ (၄)နာရီ လောက်ကနေ ညဦးနက်သန်းခေါင်ထိ မအိပ်ချင်အောင် ဆွဲဆောင်သွားနိုင်တာကလည်း အံ့မခန်းပါပဲ။ အနုပညာဆိုတာ ဘယ်လို အနုပညာပဲဖြစ်ပါစေ ရသ.မြောက်ရင် ဆွဲဆောင်မှုရှိတယ်ဆိုတာ မျက်မြင်ကိုယ်တွေ့မို့ မယုံလို့မရတော့တဲ့ အနေအထားလို့ ဆိုရမှာပါ။

မိဂဒါဝုန် မြန်မာကျောင်းတော်ကြီး ရာပြည့်ပူဇော်ပွဲမှာ ဆရာတော်ဦးဝဏ္ဏဓဇရဲ့ဘုန်းကံကြောင့် ဗာရာဏသီကို မဖြစ်မနေရောက်လာခဲ့ပြီး ထူးထူး ခြားခြား သတိထားမိလောက်အောင် အလုပ်ရှုပ်ကြရတဲ့ သူတွေကတော့ ဦးဉာဏဗလနှင့် ကျောင်းရှိသံဃာတော်များ၊ ဒေါက်တာရာဇိန္ဒ (မင်္ဂလာကံယံ)၊ ဒေါ်သဇင်မြင့်အောင် တို့သားအမိ (အောင်ချမ်းသာ)၊ နီပေါနိုင်ငံက သီလရှင် ဆရာလေးသုံးပါး(တကူးတကလာပြီး လုပ်အား အလှူလာလှူခြင်းဖြစ်)၊ ဒေါ်လဲ့လဲ့အေး (မန္တလာ

မေကားအသင်း) နှင့် ဒေါ်သီသီဝင်း(မန္တလေး) တို့နှစ်ဦးကလည်း ဘုရားဖူး မဟုတ်ဘဲ ရာပြည့်ပူဇော်ပွဲကိုပဲ အာရုံပြုပြီး၊ သီးသီးသန့်သန့် ရောက်လာခြင်းဖြစ်တယ်လို့ သိရပါတယ်။ ကျောင်းဝင်းအတွင်း မနားတမ်းလှုပ်ရှားသွားလာ လုပ်ကိုင်နေကြတဲ့ သူတို့ရဲ့ ပုံရိပ်တွေက နေရာအနှံ့ မပြင် ချင်မှ အဆုံးပါ။ ဒါကြောင့်လည်း သူတို့တစ်တွေကို ထူးထူး ခြားခြား သတိထားမိခဲ့ခြင်းဖြစ် ပါတယ်။

အောင်မြင်ခြင်း၏အရင်းခံ အကြောင်းဖြစ်သော ကောင်းတာကြံ့. ကောင်းတာပြော. ကောင်းတာလုပ် ဟူသော ကောင်းသောကံ အမှုအရာသုံးမျိုးကို ပြည့်စုံအောင် ဖြည့်တင်းထားကြရမှာဖြစ်ပါတယ်။ အဲဒီလို ကောင်းတဲ့ကံအမှုအရာအားလုံး ဖြည့်တင်းလာတာ အချိန်ကြာလာတာနဲ့ အမျှ ကောင်းတဲ့အရှိန်အဟုန်တွေ မိမိတို့ထံ အသီးသီး အသော့နှင် ရောက်ရှိလာကြမှာဖြစ်ပါတယ်။

## အောင်မြင်လိုလျှင် အောင်မြင်ခြင်း၏ အရင်းခံအကြောင်းဖြစ်သော ကောင်းတာကြံ့, ကောင်းတာပြော, ကောင်းတာလုပ် ဟူသော ကောင်းသောကံ အမှုအရာသုံးမျိုးကို ပြည့်စုံအောင် ဖြည့်တင်းထားကြရမှာဖြစ်ပါတယ်။

မည်သို့ဆိုစေ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့ မိဂဒါဝုန်မြန်မာကျောင်း တိုက်ကြီး၏ နှစ်တစ်ရာပြည့် ပူဇော်ပွဲကား အောင်မြင်စွာ ပြီးဆုံးခဲ့ပါပြီ။ စာဖတ် သူတို့တစ်တွေလည်း မိမိတို့၏ဆိုင်ရာအမှုကိစ္စအားလုံးမှာ အောင်မြင်မှုတွေ လိုချင်. ရချင်. ကြမည်သာ။ အောင်မြင်လိုလျှင် ကောင်းတဲ့ပါရမီကုသိုလ်ကံရှိတဲ့သူထံကို ကောင်းတဲ့အရာ.ကောင်းတဲ့ပုဂ္ဂိုလ်တွေ ရောက်ရှိလာစမြဲပါ။ ဗုဒ္ဓဂယာ မဟာဗောဓိညောင်ပင်ရင်းမှာ သဗ္ဗညုတရွှေဉာဏ်တော်ကိုရပြီး ဂေါတမဗုဒ္ဓအဖြစ်သို့ ရောက်ရှိခဲ့တဲ့ မြတ်စွာဘုရားဟာ သူ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ပြီးမှ ရရှိထားတဲ့ တရားဓမ္မတွေကို အဦးဆုံး ဘယ်သူ့ကို ဟောရမလဲ။ ငါဘုရားရဲ့တရားကို နာယူပြီးတာနဲ့ တရားထူး ရရှိနိုင်လောက်တဲ့ပါရမီ ပြည့်ပြီးသူ ဘယ်သူတွေရှိသလဲလို့လောကကြီးကို ဆင်ခြင်ကြည့်ရှုလိုက်တဲ့အခါမှာ ဗာရာဏသီ. မိဂဒါဝုန်တောမှာနေတဲ့ ကောဏ္ဍညအမှူးပြုတဲ့ ပဥ္စဝဂ္ဂီငါးဦးကို သွားတွေ့ပါတယ်။

ဒါကြောင့် ဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍိုင်ကနေ ဗာရာဏသီ. မိဂဒါဝုန်ကို ခြေလျင်ခရီး ကြွတော်မူပါတယ်။ ဆိုလိုတာက မိမိထံမှာ တောင်းတဲ့ပါရမီတွေပြည့်နေမည်ဆိုပါက ဘုရားရှင်ကတောင်မှ လာရောက်တရားဟောပေးရပါတယ်။ စာရေးသူနှင့် စာဖတ်သူတို့အားလုံးသည်လည်း ကောင်းတဲ့ပုဂ္ဂိုလ်နဲ့ တွေ့ဆုံခွင့်ရပြီး ကောင်းတဲ့တရားဓမ္မတွေ ကြားနာခွင့်ရအောင် ကောင်းတဲ့ ကံသုံးပါး အမှုအရာ (ကောင်းကံ)တွေ ကြိုးစားပြုလုပ်သွားကြပါစို့ဟု တိုက်တွန်း ဆန္ဒပြုရင်း ...။

မေတ္တာဖြင့်
သာကီသွေး

# သက်န်း၏အရှိန်အဝါ

အရှင်တိလောကာဘိဝံသ(အင်းစိန်)




သင်္ကန်း - ဟူသော ဝေါဟာရမှာ ရဟန်း, သာမဏေများ ဝတ်ရုံသည့်ဝတ်စုံကို ခေါ်ခြင်းဖြစ်သည်။ စီဝရ - ဟူသော ပါဠိဘာသာကို မြန်မာပြန်ထားခြင်းလည်းဖြစ်သည်။ လူတိုင်း မရှိ/မဖြစ် လိုအပ်သော စား, ဝတ်, နေရေး, ကျန်းမာရေး အတွက် မြတ်စွာဘုရား ခွင့်ပြုခဲ့သော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး - ပစ္စည်းလေးပါးတွင်ပါဝင်သော ပစ္စည်းတစ်မျိုးဖြစ်သည်။ ဖန်ရည်စွန်းသော အဝတ်ဟုလည်း ခေါ်သည်။

အဝတ်အစားသည် အသွင်အပြင် တစ်မျိုးဖြစ်သည်။ အရာဝတ္ထုတိုင်းမှာ ...

၁။ အဆင်း -
အဆင်းသဏ္ဍာန်၊
၂။ အချင်း -
အရည်အချင်း
ဟု နှစ်မျိုးရှိသည်။

ရှင်သာမဏေဝတ်ရာ၌ ...
၁။ ဆံရိပ်ခြင်း၊
၂။ သင်္ကန်းဝတ်ခြင်း၊
၃။ သရဏဂုံယူခြင်း
ဤ ၃-ချက် လိုအပ်သည်။

ဤ ၃-ချက်တွင် ရှေ့ ၂-ချက်သည် ရှင်သာမဏေ အဆင်းသဏ္ဍာန် ဖြစ်အောင် ပြုခြင်းဖြစ်သည်။ သရဏဂုံယူခြင်းသည် ရှင်သာမဏေ အရည်အချင်းပြည့် အောင် ပြုခြင်းဖြစ်သည်။

ဤနေရာ၌ စာရေးသူ တင်ပြလိုရင်းမှာ သင်္ကန်း၏ အရှိန်အဝါအကြောင်းကိုတင်ပြလိုရင်းဖြစ်သည်။ ဆဒ္ဒန္တဇာတ်တော်၌ သောနုတ္တိုရ်မုဆိုး သည် မြေကြီးတွင်းထဲမှာနေ၍ ဆဒ္ဒန်ဆင်မင်းကို မြားဖြင့်ပစ်သည်။ ဆဒ္ဒန်ဆင်မင်းက အောက်မှ ပစ်ကြောင်း သိသဖြင့် မြားဖြင့်ပစ်သူကို သတ်ရန် မြေကြီးကို နှာဖြင့် တူးယပ်လိုက်သောအခါ သင်္ကန်းဝတ်ရုံထားသော သောနုတ္တိုရ်မုဆိုးကိုတွေ့သည်။ အရဟတ္တဓဇခေါ် သင်္ကန်းဝတ် ရုံထားသူကို မသတ်ထိုက်ဟု ယူဆကာ သောနုတ္တိုရ်မုဆိုးကို အသက်ဘေးမှ ချမ်းသာပေးလိုက်သည်။ ဒုတိယ ပါရာဇိက သိက္ခာပုဒ်လာအရှင်ဓနိယရာဇဝတ်ဘေးမှ လွတ်မြောက်ရခြင်း မှာလည်း အရိယာဖြစ်သူ ဗိမ္ဗိသာရမင်းကြီးသည် သင်္ကန်း အပေါ်မှာ ရှိသေ လေးစားခြင်း ဟူသော သင်္ကန်း၏အရှိန်အဝါကြောင့်ပင် ဖြစ်သည်။

## ရဟန်းသီလမရှိသူ ဖြစ်စေကာမူ သင်္ကန်းဝတ်ထားသူကို အရိယာ သူတော်ကောင်းအမှတ်ဖြင့်ရှိခိုးလျှင် (သို့မဟုတ်) လှူဒါန်းလျှင် အကျိုးများစွာရနိုင်သည်။

ရဟန်းသီလမရှိသူ ဖြစ်စေကာမူသင်္ကန်းဝတ်ထားသူကို အရိယာ သူတော်ကောင်း အမှတ်ဖြင့် ရှိခိုးလျှင် (သို့မဟုတ်) လှူဒါန်းလျှင် အကျိုးများစွာ ရနိုင်သည်။

လူနှင့်ရဟန်း သီလမရှိသော ဒုဿီလအဖြစ် တူစေကာမူ လူဒုဿီလ ထက် ရဟန်း ဒုဿီလက ဘုရား, တရား, သံဃာ, သီတင်းသုံးဖော်တို့၌ ရှိသေခြင်း၊ ပါဠိ, အဋ္ဌကထာ

သင်ယူအားထုတ်ခြင်း၊ ဘုရားစကားကို နာယူမှုများခြင်း၊ အရိယာအသွင်ကိုဆောင်ခြင်း စသော ဂုဏ်(၁၀)ပါးဖြင့် သာလွန်သည်။ ရေသည် နောက်ကျိစေကာမူ ညွှန်ပျောင်း, ရွှံ့ကြမ်း စသည့် အညစ်အကြေးများကို ပယ်နိုင်သကဲ့သို့လည်းကောင်း၊ ရေသည် ကြိုက်ကြိုက်ဆူစေကာမူ မီးကို ငြိမ်းသက်နိုင်သကဲ့သို့လည်းကောင်း၊ ဘောဇဉ်သည် အရသာမရှိစေကာမူ ဆာလောင်မှုကို ပယ်ဖျောက်နိုင်သကဲ့ သို့လည်းကောင်း သင်္ကန်း၏ အရှိန်အဝါ ကြောင့် (ဝါ) သင်္ကန်းဝတ်ထားသဖြင့် ဂုဏ် (၁၀)မျိုးဖြင့် အလှူကို ထမြောက် စေနိုင်၏။ (မိလိန္ဒ - ၂၄၉ - ၂၅၀)

လူ့ဘဝဖြင့် ရဟန္တာဖြစ်သူသည် ရဟန္တာဖြစ်သည့်နေ့မှာပင် သင်္ကန်းဝတ်၍ရဟန်းဘဝပြောင်းလိုက်လျှင် ဆက်လက်သက်တမ်းစေ့ နေနိုင်သည်။ သင်္ကန်းမဝတ်ဘဲနေလျှင် (သို့မဟုတ်) ရဟန်းဘဝမပြောင်းလျှင် ယင်းနေ့မှာပင် ပရိနိဗ္ဗာန်စံ (သေဆုံး) သွားမည်။ ရဟန္တာဖြစ်သွားသူသည် ရဟန်းအရည်အချင်း ပြည့်ဝပြီးသာဖြစ်နေသည်။ ရဟန်းအသွင်ရောက်အောင် သင်္ကန်းဝတ်ဖို့သာ လိုသည်။ လူဝတ်လူစားကရဟန္တာဂုဏ်ကိုမထမ်းဆောင်နိုင်ခြင်းကြောင့် ရဟန္တာဖြစ်သူသည် ယင်းနေ့မှာ သင်္ကန်းမဝတ်လျှင် ပရိနိဗ္ဗာန်စံ (သေဆုံး) သွားရခြင်းဖြစ်သည်။

ဘုရားလက်ထက်က ဘုရားရှင်၏ တရားနာရ၍ ရဟန္တာဖြစ်သွားသူ များသည် ဘုရားထံမှာ ရဟန်းပြုခွင့် တောင်းကြသည်။ ဘုရားရှင်သည် အတိတ်သံသရာက သပိတ်,သင်္ကန်း လှူဒါန်းခဲ့ဖူးသည့် ပါရမီရှင်များကို ဧဟိဘိက္ခုဟု ခေါ်၍ ရဟန်းပြုပေးသည်။ ဘုရားရှင်က ဧဟိဘိက္ခုဟု မြွက်လိုက်သည်နှင့် တစပြိုင်နက် ချက်ချင်းလက်ငင်း ရဟန်းအသွင်ရောက် သွားသည်။ တစ်ချို့ကိုလည်း သပိတ်,သင်္ကန်းရှာခိုင်းပြီး ရဟန်းပြုပေးသည်။ တစ်ချို့မှာတော့ အချိန်မီ သပိတ်, သင်္ကန်း မရခြင်းကြောင့် နေ့မကူးမီ ရဟန်းဘဝမရဘဲ ပရိနိဗ္ဗာန်စံ သွားကြရသည်။ ဤသည်ကို ထောက်ရှုလျှင် သင်္ကန်းသည် ရဟန္တာဖြစ်သူ၏ အသက်ကိုပင် ထိန်းထားနိုင်ကြောင်း သိမှတ်ရမည်။ သင်္ကန်းကို အရဟဒ္ဓဇ (ကာသိဒ္ဓဇ) ရဟန္တာ(ရသေ့,ရဟန်း)၏ အလံတံခွန်ဟု ခေါ်ရာ၌ ဆိုခဲ့ပြီးသော အကြောင်းလည်း တစ်နည်းတစ်ဖုံ ပါဝင်ကောင်း ပါဝင် နိုင်သည်။

ဥပါလိထေရအပဒါန်၌ ဖန်ရည်စွန်းသော အဝတ် သင်္ကန်းကို လမ်း၌ စွန့်ပစ်ထားစေကာမူ, မစင်လိမ်းကျံနေစေကာမူ လက်အုပ်ချီမိုး ရှိခိုးထိုက်သည်ဟု မိန့်ဆိုထားသည်။ တတိယပါရာဇိက အဋ္ဌကထာ၌ သင်္ကန်းစသော ရဟန်းတို့၏ အသုံးအဆောင်ပစ္စည်းများသည် အိမ်နေသူလူတို့၏စေတီအရာ၌ တည်သည်ဟုမိန့်ဆိုထားသည်။

သမ္မုတိ သံ ဃာ - ဟူသည် မြတ်စွာဘုရား၏ ဝိနည်းပညတ်ချက်အရရဟန်းဖြစ်လာသူများတည်း။ ထိုသမ္မုတိသံဃာတော်များမှ ရဟန်းခံကမ္မဝါ ရွတ်ဖတ်ပြီးသည် နှင့်တစ်ပြိုင်နက် ...

၁။ အဆင်း - သင်္ကန်းဝတ်ထားသည့်အတွက် ရဟန်း၏အဆင်းသဏ္ဌာန်နှင့်လည်း ပြည့်စုံနေသည်။

၂။ အချင်း - အဓိသီလသိက္ခာဟူသော အရည်အချင်းများ

လည်းပြည့်စုံနေသည်။

ရှင်.ရဟန်း၏ အသွင်အပြင် အဆင်းသဏ္ဌာန်ကို ပါဠိဝေါဟာရဖြင့် လိင်္ဂ ဟုခေါ်သည်။ ထိုလိင်္ဂခေါ်ရှင်.ရဟန်း၏ အသွင်အပြင် အဆင်းသဏ္ဌာန်ကို ဆရာဥပဇ္ဈာယ်၏ ခွင့်ပြုချက်ဖြင့်သာ ရယူနိုင်သည်။ ဆရာဥပဇ္ဈာယ်၏ ခွင့်ပြုချက် မရှိဘဲ မိမိဘာသာ ရယူသူကို လိင်္ဂထေနက (ရှင်.ရဟန်း၏အသွင်အပြင် အဆင်းသဏ္ဌာန်ကိုခိုးယူသူ) ဟုခေါ်သည်။ ရှင်.ရဟန်း၏အသွင်အပြင်အဆင်းသဏ္ဌာန်ကို ခိုးယူသူသည် နောင်အခါ ရှင်. ရဟန်းအဖြစ် ရယူခွင့်မရှိတော့။ ဝိနည်းကံအရ ရှင်.ရဟန်း၏အသွင်အပြင် အဆင်းသဏ္ဌာန်နှင့် အဓိသီလ သိက္ခာတရားဝင်ရရှိပြီးသောသူသည် ...

၁။ ပါရာဇိကဖြစ်မှုကိုလည်း မလွန်ကျူးလျှင်သော်လည်းကောင်း၊

၂။ သိက္ခာလည်း မချလျှင်သော်လည်းကောင်း ...

သင်္ကန်းကို အတင်းဆွဲချွတ်ခံရစေကာမူ (သို့မဟုတ်) လူဝတ်.လူစားဝတ်နေစေကာမူ ထိုသူသည် ရဟန်းဖြစ်နေမည်သာ ဖြစ်သည်။ သိက္ခာလည်း မကျ၊ ရဟန်းဘဝလည်း မဆုံးရှုံးပါ။

သင်္ကန်းလှူရကျိုးများ

၁။ အဆင်းလှပစေသော အလှူမျိုးဖြစ်၍ ဥမ္မာဒန္တီ. ပဘာဝတီတို့ကဲ့သို့ အဆင်းလှပခြင်း အကျိုးရစေသည်။ (သံ-၁-၂၉)

၂။ ဘေးရန်ကာကွယ်ရန်. ကိုယ်အင်္ဂါကို ဖုံးလွှမ်းရန် အလှူမျိုးဖြစ်၍ ဘေးရန်ကင်းခြင်း လှပခြင်း အကျိုးများရစေသည်။ (မ-၁-၁၃)



**ရဟန်းသီလမရှိသူ ဖြစ်စေကာမူ သင်္ကန်းဝတ်ထားသူကို အရိယာ သူတော်ကောင်းအမှတ်ဖြင့်ရှိခိုးလျှင် (သို့မဟုတ်) လှူဒါန်းလျှင် အကျိုးများစွာရနိုင်သည်။**

၃။ အမျိုးသားများမှာ ဗောဓိဘိက္ခု ရဟန်းဖြစ်ရခြင်း၊ အမျိုးသမီးများမှာ ဝိသာခါ. မလ္လိကာတို့ကဲ့သို့ မဟာလတာ တန်ဆာ (ထူးခြားသော ရတနာတန်ဆာ) ရခြင်း အကျိုးများ ရရှိနိုင်သည်။

ဤဖော်ပြခဲ့ပြီးသော သင်္ကန်းလှူခြင်း၏ အကျိုးများ

မှာ အနည်းငယ်မျှ ဖော်ပြခြင်းဖြစ်သည်။ အခြားသော မြောက်မြားစွာသော အကျိုးများလည်း မဖော်ပြနိုင်အောင် ရှိပေမည်။

### သင်္ကန်းမရအောင် ပြစ်မှားမိသောအပြစ်

အလှူခံအတွက် အဝတ် သင်္ကန်းလှူရခြင်းအကျိုးကြီးမြတ်သလို အဝတ်သင်္ကန်းမရအောင်၊ မဝတ်ရအောင် ပြစ်မှားသော အပြစ်လည်း ကြီးလှပေသည်။

### စိတ္တဟတ္ထိသာရိပုတ္တ၏ ဝဋ်ကြွေး

ယခု ဂေါတမမြတ်စွာဘုရား သာသနာတော်၌ ဆင်ဆရာ၏သားဖြစ်သူ စိတ္တ ဟတ္ထိသာရိပုတ္တမည်သော မထေရ်တစ်ပါးရှိသည်။ ထိုမထေရ်သည် နက်နဲသော ပညာရှင်လည်းဖြစ်သည်။ အဘိဓမ္မာအရာ၌ ကျွမ်းကျင်လိမ္မာသူ ပဋိသမ္ဘိဒါပတ္တရဟန္တာ မထေရ်ကြီးတစ်ပါးလည်းဖြစ်သည်။ သူသည် ဝဋ်ကြွေးတစ်ခုကြောင့် ၇-ကြိမ် လူထွက်ပြီးမှ သာသနာ့ဘောင်မှာမြဲသွားသူ မထေရ်တစ်ပါးဖြစ်သည်။ သူ၏ ၇-ကြိမ် လူထွက်ရသော ဝဋ်ကြွေးမှာ ...



ကဿပမြတ်စွာဘုရားလက်ထက်တော်အခါက သူငယ်ချင်း ရဟန်းနှစ်ပါးအတူနေကြသည်။ တစ်ပါးကလူထွက်ချင်၍ သူ့ကိုတိုင်ပင်သောအခါ သူကလူ့ဘဝမကောင်းကြောင်းများ ဟောပြော. ပြသ သဖြင့် လူထွက်လိုသော ရဟန်း လူမထွက်ဖြစ်တော့။ နောက်အတန်ကြာသောအခါ လူထွက်လိုကြောင်း နောက်ထပ် တိုင်ပင်ပြန်သည်။ ငါလူထွက်ဖြစ်လျှင် ငါ၏သပိတ်. သင်္ကန်းကို သင့်အား လှူခဲ့မည်ဟု ပြောပြ၍ တိုင်ပင်သည်။ အတိုင်ပင်ခံရဟန်းသည် သပိတ်. သင်္ကန်းရလိုဇောဖြင့် လူထွက်ရန် တိုက်တွန်းမိသည်။ သို့သော် ထိုရဟန်း လူမထွက်ဖြစ်၊ ထိုလူထွက်အောင် တိုက်တွန်းမိခဲ့သော ဝဋ်ကြွေးလေးသည် မပြောပလောက်ဟု ထင်ရသော်လည်း ယခုစိတ္တဟတ္ထိသာရိပုတ္တအမည်ဖြင့် ရဟန္တာဖြစ်မည့်ဘဝ၌ ၇-ကြိမ်လူထွက်လျှက်ဝဋ်ကြွေးပေးဆပ်ရသည်။

လူထွက်ဖြစ်အောင် တိုက်တွန်းမိသော မပြောပလောက်သည့် ဝစီကံ ဝဋ်ကြွေးလေးသည်ပင် ရဟန္တာဖြစ်ခါနီးတိုင်အောင် ဝဋ်ကြွေးဆပ်နေရသော ဖြစ်ရပ်ကို ထောက်ဆလျှင် အနိုင်အထက် အာဏာသုံး၍ သင်္ကန်းချွတ်ခိုင်းမည်ဆိုလျှင် မတွေးရဲ စရာပင်။

ဤဆောင်းပါးဖြင့် စာရေးသူသည် ...

၁။ သင်္ကန်း၏အရှိန်အဝါ၊

၂။ သင်္ကန်းရအောင်လှူရကျိုး၊

၃။ သင်္ကန်းနှင့် ကင်းကွာအောင် ပြုမိသော အပြစ်များကို

နားလည်သိရှိလိုက်နာကျင့်သုံးတတ်ရန် ရည်သန်အပ်ပါသတည်း။

အရှင်တိလောကာဘိဝံသ
(အင်းစိန်)
အဂ္ဂမဟာပဏ္ဍိတ၊
တွဲဖက်အကျိုးတော်ဆောင်၊
နိုင်ငံတော်သံဃမဟာနာယက၊

# မိဂဒါဝုန်အားအင် တိုးတက်ရှင်သန်ပါစေ

**ဦးလှသိန်းထွန်း. ဓမ္မာစရိယ,ဘီအေ**

ဗုဒ္ဓဘာသာမှန်သမျှ မိဂဒါဝုန်ကို မသိသူ မရှိပေ။ မိဂဒါဝုန်နှင့် ဗုဒ္ဓဘာသာသည် ခွဲခြား၍မရလောက်အောင် ဆက်စပ်နေသည်။ ရှင်တော်ဗုဒ္ဓကို ကြည်ညိုသဒ္ဓါပွားတော့မည်ဆိုလျှင် မပါမပြီး အရေးအကြီးဆုံးနေရာတို့တွင် မိဂဒါဝုန်သည် ရှောင်လွှဲမရ ဗဟိုချက်မဌာနတစ်ခုအဖြစ် ထိပ်ဆုံးက တည်ရှိနေပါသည်။ မိဂဒါဝုန်၏ အခန်းကဏ္ဍကား အရေးပါလှပါသည်။

**ရှေးခေတ်မိဂဒါဝုန်**

ဗုဒ္ဓရှင်တော်ပွင့်တော်မမူခင် ရှေးနှစ်ပေါင်းများစွာကပင်မဇ္ဈိမဒေသသားတို့သည်




ယဉ်ကျေးသောလူ့ဘောင်ကို တည်ထောင်ခဲ့ကြသည်။ လူနှင့်လူချင်းသနားညှာတာ ထောက်ထားကြသကဲ့သို့ပင် တိရစ္ဆာန်သတ္တဝါများကိုလည်း သနားစိတ် ဝင်လာကြသည်။ မဇ္ဈိမဒေသသားတို့၏နှလုံးသားဝယ်

သတ္တဝါများအပေါ် သနားစိတ်ကို အခြေပြု၍ သတ္တဝါများကို ဘေးမဲ့ပေးလိုစိတ်များ ထင်ရှားဖြစ်ပေါ်လာကြသည်။ စိတ်ထားမြင့်မြတ်သောသူတို့သည်

**ချာန်ပျံချာန်ရ ရသေ့သူတော်စင်တို့သည် ကောင်းကင်သို့ ပျံတက်ကာ အာကာသခရီးနှင်လိုသောအခါ ဤနေရာမှပင် ပျံတက်ကြသည်။ ကိစ္စပြီး၍ ပြန်ရောက်လာကြသောအခါ ဤနေရာမှာပင် ဆင်းသက်ကြသည်။ ဗာရာဏသီသည်ကား ချာန်အဘိညာဉ် ရှင်ရသေ့ ရဟန်း သူတော်စင်တို့၏ တက်ရာသက်ရာ မြေမြတ် နေရာမြတ်ဖြစ်လာသည်။**

လောကီလူ့ဘောင်ကို စွန့်ခွာ၍ တောထွက်ကာ တရားဓမ္မကျင့်သုံးကြသည်။ တချို့သောပုဂ္ဂိုလ်ထူးတို့မှာ လောကီချာန်သမာပတ်များ အဘိညာဏ်များကိုပင် ရရှိကြသည်။ သူတော်စင်တို့ ဖြစ်လာကြသည်။

သူတော်စင်တို့၏ ဟောပြောပြသမှုကြောင့် အဝိဟိံသာခေါ် မညှင်းဆဲ မနှိပ်စက် မသတ်ဖြတ်လိုသော စိတ်ကောင်းတို့ တိုးပွားလာကြသည်။ တိုင်းပြည်အုပ်ချုပ်သော မင်းဧကရာဇ်တို့ပါ ပါဝင်လာကြသဖြင့် ဘေးမဲ့ပေးရေးဝါဒ ထွန်းကားလာခဲ့သည်။ ရှင်ဘုရင်တို့သည် မိမိပိုင်ဆိုင်သော မြို့ရွာ နယ်ပယ် နိုင်ငံဒေသတို့တွင် ဘေးမဲ့တောများကို တည်ထောင်လာကြသည်။ ရာဇဂြိုဟ်မြို့တော်တွင် ကလန္ဒကနိဝါပခေါ် ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးမြူရာ ဘေးမဲ့ဝါဒတောကြီးကို ထူထောင်လာကြသည်။ ဝေသာလီတွင် ကေသကလာခေါ် သားကောင်တို့ကို ဘေးမဲ့ပေးသည့်တောကြီးတစ်တော ထူထောင်ခဲ့ပြန်သည်။

ဗာရာဏသီသည် ပြဟ္မဏဘာသာဝင်တို့ အထွတ်အမြတ်ထားရာ မြို့တစ်မြို့ဖြစ်သည်။ အကုသိုလ်အဖြစ်အညစ်အကြေးတို့ကို ရေဖျောသန့်စင်ရာ သန့်ရှင်းရေးမြို့တစ်မြို့ဖြစ်သည်။ ဗာရာဏသီ၏ရေခံမြေခံကား အခြေခံ ကောင်းလှသည်။ မိမိတို့ တတ်သိသလောက် စင်ကြယ်ရေး အကျင့်ကျင့်သုံးရာ ဘူမိနက်သန်မှန်သည့် မြို့တော်ကြီးဖြစ်သည်။ မဇ္ဈိမဒေသကို တိုင်းကြီးသောဋ္ဌသခေါ်နယ်မြေတစ်ဆယ့် ခြောက်နယ် ခွဲဝေသောအခါ ဗာရာဏသီတည်ရှိရာ နယ်မြေသည် ကာသိတိုင်းကြီး ဖြစ်လာသည်။ ကာသိတိုင်း ဗာရာဏသီ နေပြည်တော်သည်ကား ဘာသာရေးသမားတို့



စုဝေးကျက်စား တရားအား ထုတ်ရာ အေးရိပ်သာ ဓမ္မရိပ်သာငြိမ်းချမ်းရေး နယ်မြေကြီး ဖြစ်သည်။

**သူတော်ကောင်းတို့ စံပျော်ရာနေရာ**

ကာသိတိုင်းသည် မဇ္ဈိမဒေသ၏အချက်အခြာ နိုင်ငံနယ်မြေဖြစ်သည်။ မြစ်ကြီးနှစ်မြစ်ဖြတ်သန်းစီးဆင်းပြီး မြစ်ငယ်ချောင်းငယ်တို့ ပေါများသဖြင့် တောတောင်ရေမြေ စိမ်းလန်းစိုပြေသာယာအေးမြသည်။ ဆန်ရေစပါး ကောက်ပဲသီးနှံတို့ ကောင်းမွန်စွာ ဖြစ်ထွန်းသဖြင့် လူတို့စားရေးရိက္ခာ ကောင်းမွန်ကြသည်။ တောတောင်ရေမြေ ဥတုရာသီမျှတသဖြင့် သားမျိုးစုံ ကျက်စားရာဒေသကြီးလည်းဖြစ်သည်။ လူဦးရေများပြားပြီး မြို့ပြပြည်ရွာ စည်ကားသည်။

ရသေ့ရဟန်း, တက္ကဒွန်း, ပရိဗိုဇ်, နိဂဏ္ဍ, တိတ္ထိယ, မျိုးစုံတို့သည် ထိုသို့ အဆင်ပြေလှသည့် ကာသိတိုင်း ဗာရာဏသီမြို့တော်သို့ စုပြုံရောက်ရှိလာကြသည်။ တရားဓမ္မကသိုဏ်း, ဘာဝနာပွားကြသဖြင့် မြေလျှိုးမိုးပျံဈာန် အဘိညာဉ်များကို ရရှိလာကြသည်။ ဈာန်ပျံဈာန်ရ ရသေ့သူတော်စင်တို့သည်ကောင်းကင်သို့ပျံတက်ကာ အာကာသခရီးနှင်လိုသောအခါ ဤနေရာမှပင် ပျံတက်ကြသည်။ ကိစ္စပြီး၍ပြန်ရောက်လာကြသောအခါ ဤနေရာမှာပင် ဆင်းသက်ကြသည်။ ဗာရာဏသီသည်ကား ဈာန်အဘိညာဉ်ရှင်ရသေ့ရဟန်း သူတော်စင်တို့၏ တက်ရာသက်ရာ မြေမြတ် နေရာမြတ်ဖြစ်လာသည်။ သို့ဖြစ်၍ မဇ္ဈိမဒေသ သားတို့က ဗာရာဏသီကို "ဣသိပတန" ဟု ဂုဏ်ပြုကြလေသည်။

**ဗုဒ္ဓလက်ထက်မိဂဒါဝုန်**

မဇ္ဈိမဒေသသားတို့သည် သမင်၊ ဒရယ်၊ ချေငယ်၊

စိုင်၊ ဆတ်၊ တောကျွဲ၊ တောနွား၊ တောဝက်၊ ကျား၊ ကျားသစ် စသော သားကောင်တို့ကို ဘေးမဲ့ပေးလိုက်ကြသည်။ အားလုံးသောစိတ်ရင်းကောင်းသူတို့ စုပေါင်းတိုင်ပင်ကာ ဘုရင်မင်းမြတ်ကို လျှောက်ထားကြပြီး ဘေးမဲ့တောအုပ်တစ်ခုကို ထူထောင်လိုက်ကြသည်။ ဗာရာဏသီမြို့နှင့် မနီးမဝေး သစ်ပင်တောတောင် စိမ်းလန်းစိုပြေ အရိပ်အာဝါသကောင်းမွန်လှသည့် ထိုဘေးမဲ့တောကို မိဂဒါယ - ဟု အမည်သမုတ်လိုက်ကြသည်။ သမင်ဒရယ် တောကောင်အမျိုးမျိုးတို့သည် ဘေးကင်းလုံခြုံမှန်းသိသဖြင့် တဖြည်းဖြည်းနှင့်စုဝေးရောက်ရှိလာကြသည်။ စားရေးရိက္ခာ ရေမြေ ကောင်းမွန်ပြီး မြက်တို့ပေါများရာ အရိပ်အာဝါသကောင်းလှသည့် မိဂဒါဝုန်တောသို့ သမင်မျိုးစုံ သားမျိုးစုံတို့ ခိုလှုံစုဝေးကျက်စား နေထိုင်လာကြသည်။ မိဂဒါဝုန်တောကြီးကား ကြည်နူးဖွယ်ကောင်းလှသည်။ ညနေချမ်းအခါ အစာရှာရာမှ အိပ်တန်းသို့ ဝင်ရောက်လာကြသော သတ္တဝါမျိုးစုံတို့၏ တွန်ကျူးပျော်မြူးအော်ဟစ်သံတို့ဖြင့် သာယာနေသည်။ သမင်



ကတောက်၊ ချေက ဟောက်၊ မျောက်ကကြိုးခွေ၊ ဒေါင်းအိုးဝေသံတို့ဖြင့် စည်ကားနေသည်။

တောရိပ်တောင်ရိပ် သစ်ရိပ်ဝါးရိပ် တိတ်ဆိတ်မှုကို လိုလားသော ရသေ့ရဟန်းတို့ကလည်း မိဂဒါဝုန်တွင် အပန်းဖြေရင်း တရားနှလုံးသွင်း နေထိုင်ကြပြန်သဖြင့် မိဂဒါဝုန်၏ ဘေးမဲ့တော အဓိပ္ပါယ်သည် ပို၍လေးနက်သွားသည်။ သားကောင်တို့အတွက် အသက်ဘေးကင်းဝေးပြီး ငြိမ်းအေးချမ်းသာ သည့်တောဖြစ်သလို သူတော်စင်တို့အတွက်သံသရာဘေးဆိုးကြီးမှ ကင်းဝေးအောင် တရားဓမ္မရှာမှီးရာ တောမြတ်ဝနာအသွင်ဆောင်နေပြန်သည်။

မိဂဒါယေ - ဟူသော ပါဠိစကားရပ်ကို ရှေးမြန်မာပြန် ဆရာတော်ဘုရားကြီးများက "သားမျိုးပေါင်းစုံ ရန်ဘေးလုံသည့် ရဂုံသာမော ဘေးမဲ့တော" ဟု ဘာသာပြန်ဆိုတော်မူခဲ့သဖြင့် မိဂဒါဝုန်၏အဓိပ္ပါယ်သည် ဘေးမဲ့တောဖြစ်ရုံသာမက အရိပ်အာဝါသအပင်မျိုးစုံ သီးပွင့်ဝေဆာနေသည့် ပန်းဥယျာဉ်ကြီးဟု ပေါ်လွင်နေပါသည်။

## သာသနာအစ မိဂဒါဝုန်တောမှ

ရှင်တော်ဗုဒ္ဓသည် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူသောအခါ တရားဦး နာထိုက်သောပုဂ္ဂိုလ်တို့ကို ရှုကြည့်တော်မူသည်။ ထိုအခါ အလောင်းတော်သိဒ္ဓတ္ထမင်းသားလေး၏ လက္ခဏာတော်ကို စစ်ဆေးခဲ့ကြသော ဗေဒင်ပဏ္ဍိတ်တို့က ဤမင်းသားသည် ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု ဟောဆိုကြကာ ဘုရားလောင်း တောထွက်လာလျှင် ပြုစုလုပ်ကျွေးရန်အတွက် ကြိုတင်၍ တောသို့ဝင်ပြီး ရသေ့ပြုနှင့်နေကြလေသည်။ ကောဏ္ဍည.ဝပ္ပ.ဘဒ္ဒိယ.မဟာနာမ်.အဿဇိ ရသေ့ငါးဦးဖြစ်၍ပဉ္စဝဂ္ဂီဟုလူတို့ကခေါ်ဝေါ်

နေကြသည်။ ပဉ္စဝဂ္ဂီတို့သည် သိဒ္ဓတ္ထမင်းသားလေး တောထွက်၍ ဥရုဝေလတောခွဲ ဒုက္ကရစရိယာကျင့်တော်မူသောအခါ ရေပူရေချမ်းကမ်းလှမ်းပြုစုခဲ့ကြသည်။

ဘုရားလောင်းသည် အရိုးကြေကြေ အရေခမ်းခမ်း ကြောက်ခမန်းလိလိ အစာရေစာဖြတ်၍ ကျင့်သော်လည်း တရားထူးမရသဖြင့် မဇ္ဈိမပဋိပဒါလမ်းစဉ်အရ ဆွမ်းအာဟာရမျှတသုံးဆောင်ပြီး တရားကျင့်ရန် လုပ်ဆောင်တော်မူသောအခါ မဇ္ဈိမဒေသ၏တပကျင့်စဉ်ကိုသာ အမှန်ဟုထင်နေကြသော ပဉ္စဝဂ္ဂီတို့သည် ဘုရားလောင်းကို စွန့်ခွာ၍ မိဂဒါဝုန်သို့ ပြောင်းရွှေ့လာကြသည်။ မိဂဒါဝုန်တောအရပ်သည် ဥတုရာသီမျှတ သစ်ရိပ်ဝါးရိပ်အပင်ရိပ်တို့ဖြင့် ဆိတ်ငြိမ်အေးချမ်းလှသဖြင့် ပဉ္စဝဂ္ဂီ ရသေ့တို့အတွက် စံရိပ်ငြိမ်ဖြစ်ခဲ့သည်။ ထိုအချိန်မှာပင် ဘုရားအလောင်းတော်သည် မဇ္ဈိမပဋိပဒါကျင့်စဉ်အရ လမ်းမှန်ရသဖြင့် သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်တော်မူသည်။ မိမိအပေါ် ကျေးဇူးရှိခဲ့ဘူးသည့်ပဉ္စဝဂ္ဂီတို့ကို မြင်တော်မူပြီး ထိုသူတို့၏ အတိတ်ဆုတောင်းကလည်း တရားဦးနာရန် ဆုပန်ခဲ့ကြကြောင်း သိမြင်တော်မူ၍ ဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆိုလပြည့်စနေနေ့ဝယ် ဗာရာဏသီပြည် ဣသိပတနအမည်ရသည့်မိဂဒါဝုန်သားမျိုးစုံသည် ရဂုံသာမော ဘေးမဲ့တောသို့ ကြွတော်မူလာလေသည်။

ဂေါယာကျွန်းသို့ နေမင်းကြီးကလည်း ဝင်လုဆဲဆဲ လှပနေချိန် လမင်းကြီးကလည်း အရှေ့အရပ်မှ လင်းရောင်ဖြာ၍ အေးမြစပြုနေချိန်၊ သမင်ဒရယ်ချေငယ်စိုင်ဆတ်ဖွတ် ပဒပ်နှင့်ခြသေ့ သစ်ကျားသားကောင်များစွာတို့ကလည်း အိပ်တန်းဝင်ရန်အလာ၊ သာယာအေးမြငြိမ်းချမ်းလှသည့် ညချမ်းချိန်ခါ၏အရသာကို ခံစားရန် စုဝေးရောက်လာနေကြချိန်၊ ဩကာသ လောက သတ္တလောကတို့ သာယာမြူးကြွလှပနေချိန်ဝယ် သုံးလောကထွတ်ထား ရှင်တော်ဘုရား

**မိဂဒါဝုန်၏အဓိပ္ပါယ်သည် ဘေးမဲ့တောဖြစ်ရုံသာမက အရိပ်အာဝါသအပင်မျိုးစုံ သီးပွင့်ဝေဆာနေသည့် ပန်းဥယျာဉ်ကြီးဟု ပေါ်လွင်နေပါသည်။**

သည် မိဂဒါဝုန်တောသို့ ဝင်ကြွ တော်မူလာသည်။ တစ်သောင်း သောစကြာဝဠာလောကဓါတ်မှ နတ်ပြဟ္မာပေါင်းကုဋေကုဋာတို့သည် တရားတော်ကို နာယူရန် စုဝေး ပေါင်းစုလာကြသည်။ နတ် ပြဟ္မာတို့၏ကိုယ်ရောင်ကိုယ်ဝါ၊ ဘုရားရှင်၏ ရောင်ခြည်တော် ခြောက်ဖြာတို့ကြောင့် အလွန် သာယာဖွယ်ကောင်းလှသည့် ညချမ်းချိန်ခါဝယ် ပဉ္စဝဂ္ဂီငါးဦး တို့သည် တရားနာရန် ရောက် လာကြသည်။ ဘုရားရှင်သည် ထိုအချိန် ထိုအခါမှာပင် "ဒွေမေ ဘိက္ခဝေအန္တာ..." အစလာသည့်

**မိဂဒါဝုန်ကား ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ရတနာတို့ စတင်ပေါက်ဖွားရာ နေရာမွန်ကြီးဖြစ်ပါပေသည်။ ဤကမ္ဘာဝယ် ဘုရား တရား သံဃာတို့ထက် မြင့်မြတ်သောအရာမရှိပြီ။ ထိုအရာတို့ စတင်ပေါ်ပေါက်ရာ မိဂဒါဝုန်သည်လည်း အမြင့်မြတ်ဆုံးမြေထူးကြီးဖြစ်ကြောင်း အားလုံးက အသိအမှတ်ပြု ဦးညွတ်ကြရလေသည်။**

တရားဦးဒေသနာတော်ကို နှုတ်တော်မှထုတ်ဖော်၍ ဟော ပြတော်မူလေသည်။

အယုတ်တရားလက်ဝဲ လက်ျာလမ်းမှားတို့သို့ မလိုက် ဘဲမဇ္ဈိမပဋိပဒါလမ်းမှန်အတိုင်း လျှောက်မှသာ နိဗ္ဗာန်ပန်းတိုင် သို့ရောက်မည်ဖြစ်ကြောင်း၊ သစ္စာလေးပါးမြတ်တရားကို ဤကမ္ဘာဝယ် အဦးဆုံးဟောပြ တော်မူသဖြင့် တရားဦး တရား ထူးလည်း မည်ပါသည်။ တရား စကြာရတနာယာဉ်ကြီးကို စတင်နှိုး၍ နိဗ္ဗာန်ခရီးသို့ပို့ ဆောင် ပေးမည့်တရားတော် ဖြစ်၍ ဓမ္မစက္ကပဝတ္တနလည်း မည်ပါပေ၏။ ဓမ္မစက်ကြီး ရိုက် ဆော်တီးရာဖြစ်၍ ဓမ္မစကြာ သုတ်တော်လည်း မည်ပါပေ၏။ လောကဓာတ်တခွင် အမှောင် ခွင်း၍ လင်းရောင်ခြည်ကြီး ပေါ်ထွန်းလာစေသည့်အတွက် ဗုဒ္ဓ၏ဓမ္မရတနာကြီးလည်း ဖြစ်ပါပေ၏။ အတ္တကိလမထာ နုယောဂခေါ် ခန္ဓာကိုယ်ကြီးကို ညှင်းပန်းနှိပ်စက်ခြိုးခြံဆင်းရဲစွာ ကျင့်ကြံမှ ကိလေသာအစိုဓာတ် ခမ်းခြောက်ကာ သံသရာမှ လွတ်နိုင်သည်ဟူသော အမှား စွန်းကြီးနှင့်ကာမသုခလ္လိကာန ယောဂခေါ် ခန္ဓာအစဉ်ဝယ် ကိလေသာထကြွလာလျှင် ထို ကိလေသာ တဏှာလိုလားမှုကို ပြေပျောက်သွားအောင် ကာမ ဂုဏ်တို့ကို ဝအီအောင် ခံစား လိုက်ပါမှ ကိလေသာကင်း ပျောက်နိုင်သည်ဟူသောအမှား

စွန်းကြီးနှစ်မျိုးကို အထူးသက်ဝင်နေကြသည့် လူသားတို့အတွက် ဗုဒ္ဓ၏ မဇ္ဈိမပဋိပဒါကျင့်စဉ်နှင့် သစ္စာလေးပါး ဓမ္မစကြာ မြတ်တရားသည် အထူးလေးနက်ခက်ခဲလှသောကြောင့် အရှင်ကောဏ္ဍညတစ်ပါးသာ သောတာပန်အရိယာဘဝသို့ ရောက်ခဲ့ရသည်။ လူသားတွေထက်ပို၍ အသိဉာဏ်ထက်သော နတ်ဗြဟ္မာတို့မှာမူ (၁၈)ကုဋေ အထိ အရိယာဘဝသို့ ရောက်ခဲ့ ရလေသည်။

မည်သို့ပင်ဖြစ်စေ ရှင်တော်ဗုဒ္ဓ၏ဓမ္မရတနာသည် ဤကမ္ဘာဝယ် စတင်အခြေတည်ခဲ့လေပြီ။ ဤအချိန်မှစ၍ တရားတော်များကို အဆက်မပြတ် ၄၅-ဝါပတ်လုံး ဟောတော်မူခဲ့ရာ အရိယာဘဝသို့ ရောက်သူပေါင်း သင်္ချေသင်္ချာ ရေတွက်မရ ကျွတ်တမ်းဝင် လာကြသည်။ မိဂဒါဝုန်ကား ဓမ္မရတနာ ပထမဆုံး ဖြန့်ဖြူးရာ ဘူမိနက်သန်မြေမြတ်မှန်လှပေသည်။ ဤဒေသနာ တော်ပြီးဆုံးချိန် ဝယ် အရှင်ကောဏ္ဍညသည် သောတာပန်အရိယာဘဝသို့ ရောက်ကာ အရိယာသံဃာအဖြစ် ပေါ်ထွက်လာသဖြင့် ကမ္ဘာတွင် ပထမဆုံး သံဃရတနာ ပေါ်ထွန်းရာ မြေမြတ်မဟာဖြစ်လာလေသည်။ မိဂဒါဝုန်ကား ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ရတနာတို့ စတင်ပေါက်ဖွားရာ နေရာမွန်ကြီးဖြစ်ပါပေသည်။ ဤကမ္ဘာဝယ် ဘုရား တရား သံဃာတို့ထက် မြင့်မြတ်သောအရာ မရှိပြီ။ ထိုအရာတို့ စတင်ပေါ်ပေါက်ရာ မိဂဒါဝုန်သည်လည်း အမြင့်မြတ်ဆုံးမြေထူးကြီးဖြစ်ကြောင်း အားလုံးက အသိအမှတ်ပြု ဦးညွှတ်ကြရလေသည်။

အနတ္တလက္ခဏာ သုတ်တော်ကိုလည်း ဤမိဂဒါဝုန်မှာပင် ဟောတော်မူပြန်



သဖြင့် ပဥ္စဝဂ္ဂီတို့ ရဟန္တာဘဝရောက်ကြရလေသည်။ မိဂဒါဝုန်ကား ရဟန္တာအရှင်မြတ်တို့ စတင်ပေါ်ထွက်ရာ မြေမဟာဖြစ်ပြန်ပေပြီ၊ အရှင်ယသနှင့် အရှင်ယသ၏ ငယ်သူငယ်ချင်း ၅၅-ဦးတို့ အပါအဝင် ဘုရားရှင်၏ ပထမဆုံး ဝါကပ်ရာနေရာဖြစ်သဖြင့် မိဂဒါဝုန်၏အတိတ်ကဖြစ်စဉ်မှာ မြင့်မြတ်လှပါသည်။ ဘုရားရဟန္တာ ၆၁-ပါးတို့ ပထမဆုံးဝါကပ်ကိန်းအောင်းရာ မြင့်မြတ်သောနေရာ ဖြစ်လေသည်။

မိဂဒါဝုန်သည် နှစ်ပေါင်း ၂၅၀၀-ကျော် လာသည်အထိ သာသနာ့သမိုင်းတွင် ဂုဏ်ရောင်ထိန်လင်းခဲ့သည်။ ယနေ့ခေတ်သည် ဗုဒ္ဓသာသနာ၏ အရသာကို နားလည်ခံစားသူတို့ ပေါ်များလာသည်။ ဗုဒ္ဓ၏သစ္စာလေးပါးတရားတော်သည် လူသားတို့အတွက်ငြိမ်းအေးချမ်းမှု အပြည့်အဝပေးနိုင်သည်ကို လူတိုင်းလက်ခံလာကြသည်။ မိဂဒါဝုန်၏ခေတ်သည် တကြော့ ပြန်ဦးမော့လာသည်။ အတိတ်၏ဂုဏ်ရှိန်ကို အစဉ်ဦးထိပ်ပန်ဆင်လျက် ကြိုးစားကြမည်ဆိုလျှင် အနာဂတ် မိဂဒါဝုန်သည် တိုးတက်လာမည်သာဖြစ်ပါသည်။ မိဂဒါဝုန်ကို အခြေပြု၍ မဇ္ဈိမဒေသ၏အနာဂတ် ဗုဒ္ဓသာသနာရောင်ဝါ လင်းထိန်ပါစေဟု ဆန္ဒပြုပါသည်။

ဦးလှသိန်းထွန်း
ဓမ္မာစရိယ.ဘီအေ



# ချစ်ဦးညို

# သက်သေ

"အဆိပ်ပြင်းတဲ့ မြွေဆိုးကို
မြင်သလား ... မြင်ပါတယ်။
အဆိပ်ပြင်းတဲ့ မြွေဆိုးကို
မြင်သလား ... မြင်ပါတယ်။
အဆိပ်ပြင်းတဲ့မြွေဆိုးကို
မြင်သ လား ... မြင်ပါတယ်။
အဆိပ်ပြင်းတဲ့မြွေဆိုးကို ..."

ထိုစကားလုံးများကို သာ အထပ်ထပ်အခါခါ ရေရွတ်နေသူမှာ ရာဇဝတ်သားတစ်ယောက်ဖြစ်၏။ သူ့ကို နှောင်



ကြိုးအထပ်ထပ် တုပ်ချည်ထားပြီး၊ လက်မရှံ့ပါးကွက်သားများ က ရှေ့ဆီမှ ကြိုးစကို ဆောင့်ဆွဲ လျက်၊ နောက်ဖက်မှ ရိုက်နက် ထိုးကြိတ်ကန်ကျောက်လျက် ခေါ်လာကြသည်။ ရာဇဝတ်သား မှာ လက်မရှံ့တို့၏ နှိပ်စက်မှု ကြောင့် မကြာခဏ ပြိုလဲကျခဲ့ သဖြင့် တစ်ကိုယ်လုံး မြေမှုန် အလူးလူး ဖြစ်နေသည်။ သွေးစ သွေးနများလည်း မြင်မကောင်း အောင် စွန်းပေနေပါသည်။

ရာဇဝတ်သားကို ခေါ် ဆောင်သွားကြသည့်နေရာမှာ သာဝတ္ထိ၏မြောက်ပြင် နိဂုံး အစွန်အဖျား ဒေသဖြစ်၏။ ထို အရပ်တွင် "သူသတ်ကုန်း" ရှိလေသည်။ ထိုအရပ်သည်

ရာဇဝတ်သားကို ခေါ်ဆောင်သွားကြသည့်နေရာမှာ သာဝတ္ထိ၏မြောက်ပြင် နိဂုံးအစွန်အဖျားဒေသဖြစ်၏။ ထိုအရပ်တွင် "သူသတ်ကုန်း" ရှိလေသည်။ ထိုအရပ်သည် ရာဇဝတ်သားတို့ကို နှောင်ကြိုးတည်းလျက်ခေါ်ထုတ်ရာ ပြစ်ဒဏ်စီရင်ရာအရပ်လည်း ဖြစ်သည်။ ထိုအရပ်ဆီးရောက်သွားသော ရာဇဝတ်သားတို့သည် အသက်ရှင်လျက် ပြန်လာရရိုးထုံးစံမရှိ။ သူသတ်ကုန်းတွင် ဓားဖြင့်လည်းကောင်း၊ လှံဖြင့်လည်းကောင်း၊ ဝါးရင်းတုန်ဖြင့်လည်းကောင်း စီရင်ခြင်းကို ခံရပြီးနောက် သူတို့ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် သူတို့၏သွေးနှင့်တကွသောအသက်ဇီဝိန်ကို ပေးခဲ့ရသည်ချည်း ဖြစ်လေသည်။

ယခုလည်း ရာဇဝတ်သားတစ်ယောက်ကို ပါးကွက်သားတို့ ဆွဲခေါ်လာကြပြီဖြစ်၏။

လက်မရှံ့ပါးကွက်သားအုပ်စုထဲမှ နောက်လိုက်တစ်ယောက်က ပါးကွက်သားအကြီးအမှူးကိုပြောလိုက်သည်။

"ရာဇဝတ်သားသာဆိုတယ်။ သင့်ကြည့်ရတာ အားမရလိုက်တာ"

"ဘာဖြစ်လို့လဲဟ ... ရာဇဝတ်သားဟာ ရာဇဝတ်သားပဲပေါ့"

"မဟုတ်ဘူးလေ ... ခါတိုင်း ကျုပ်တို့ သုတ်သင်ဖို့ ခေါ်ထုတ်လာခဲ့တဲ့ အကောင်တွေဆိုရင် တကယ့်လူဆိုးလူမိုက် တွေချည်းပဲ မဟုတ်လား"

"အခုနင့် အဘကကော ဘာဖြစ်နေလို့လဲဟ"

"သူ့ကြည့်ရတာ လူဆိုးလူမိုက်နဲ့ မတူဘူး"

"ဟကောင်ရ လူဆိုးလူမိုက်ဆိုတာ ခေါင်းမှာချိုပေါက်နေတာမှ မဟုတ်ဘဲ"

"မဟုတ်ဘူး။ ကျုပ်ပြောတာက သူ့ပုံကြည့်ရတာ ခိုးသားနဲ့မတူဘူး။ သာမန် လယ်ထဲ ချောင်းထဲ ဇနပုဒ်ထဲမှာ တွေ့နေကျပုံမျိုး"

"တွေ့နေကျပုံမျိုးဖြစ်မှာပေါ့ ... သင်းက လယ်သမားကိုး"

"ဟင် ... လယ်သမားလား။ သူပုန်သူကန် ခိုးသားဓားပြ မဟုတ်ဘူးပေါ့"

"အေး ... သူပုန်သူကန်တော့ မဟုတ်ဘူး။ ဓားပြလည်း မဟုတ်ဘူး။ လူသတ်ကောင်လည်း မဟုတ်ဘူး။ ဒါပေမဲ့ ခိုးသူဟ ... ခိုးသူ။ အသပြာထောင်

**လက်မရှံ့ အာဏာပါးကွက်သားတို့၏ အလုပ်ဆိုသည်မှာလည်း သုတ်သင်ကွပ်မျက်ဖို့ပင်ဖြစ်၏။ သူတို့ကွပ်မျက်ရမည့် ရာဇဝတ်သား၏ နောက်ကြောင်းကိုသိခွင့်မရှိ။ သူတို့ ဘယ်သို့ အပြစ်ကျူးလွန်ခဲ့မည်ကိုလည်း သိခွင့်မရှိ။**

ထုပ်ကို ခိုးတဲ့ခိုးသား။ ခိုးလာတဲ့ပစ္စည်းနဲ့ လက်ပူးလက်ကြပ် မိတာတဲ့"

"ဟုတ်လား။ လယ်သမားက လယ်အလုပ်မလုပ်ဘဲ အသပြာထောင်ထုပ် ခိုးသတဲ့လား"

"ဟကောင်ရ ... စကားကြောရှည်ပါဘိ။ လယ်သမား လယ်အလုပ်မလုပ်တာ သူ့ကိစ္စ။ ငါတို့က ငါတို့ကိစ္စလုပ်ရမှာဘဲ။ သင်းကို ဒီညနေ အနောက်တောင်စွယ် နေလုံးကွယ်ကာနီးမှာ အပြီးစီရင်ရမှာပဲ။ ဒါနန်းတော်က အမိန့်"

ပါးကွက်သားနောက် လိုက်သည် စကားဆက်မပြောတော့။ လက်မရွံ့ အာဏာပါးကွက်သားတို့၏အလုပ်ဆိုသည်မှာလည်း သုတ်သင်ကွပ်မျက်ဖို့ပင်ဖြစ်၏။ သူတို့ကွပ်မျက်ရမည့် ရာဇဝတ်သား၏ နောက်ကြောင်းကို သိခွင့်မရှိ။ သူတို့ ဘယ်သို့ အပြစ်ကျူးလွန်ခဲ့မည်ကိုလည်း သိခွင့်မရှိ။

လူသတ်ကုန်းသို့ ရောက်ကာနီးတွင် ပါးကွက်သားက ပြောလာပြန်သည်။

"ထူးခြားတာတော့ အမှန်ပဲ။ သူ့ပါးစပ်က တစ်ချိန်လုံး တတွတ်တွတ် ရွတ်နေတယ်။ မြွေဆိုးကို မြင်သလား မြင်ပါတယ်တဲ့။ ဒါကိုပဲ တစ်ချိန်လုံးလုံး ရွတ်နေတယ်"

"ဟ ... အကွပ်မျက်ခံရတော့မယ့်ရာဇဝတ်သားဆိုတာ ဒီလိုပဲ သွေးပျက်ပြီး ကယောင်ကတမ်း ပြောနေကျပဲ လေ။ တချို့ဆို အသံနက်ကြီးနဲ့အော်၊ တချို့ဆို ခြေထောက်တွေ နုံးခွေ ညွတ်ခွေကျသွားလို့ဒရွတ်တိုက်ဆွဲလာ ရတာကော၊ အခုလည်း သင်းအကြောက်လွန်ပြီး ရူးသွားလို့နေမှာပေါ့"

"ကျုပ်တော့ စိတ်ထဲ ထူးခြားနေတာ အလွန်ပဲ"

သူသတ်ကုန်းထိပ်သို့ ရောက်လာကြ၏။ နေလုံးက အနောက်တောင်စွယ်ဆီသို့ ဆင်းသက်နေပြီဖြစ်သည်။ ကွယ်အံ့ဆဲဆဲ နေလုံးဝန်းရဲရဲဆီမှ နီကြန်သောအလင်းလက်ခံများက သူသတ်ကုန်းတဝိုက်သို့ စူးစူးဖြန့်ကျက်ထားသည်။ ရှည်လျားသော အရိပ်မည်းမည်းတို့ဖြင့် သူသတ်ကုန်းသည် သွေးပျက်ချောက် ချားဖွယ်ဖြစ်နေ၏။ ကားစင်ထက်မှ စီရင်ပြီး အလောင်းကောင်များ၊ ကုန်းမြင့်ချိုင့်ဝှမ်းတလျှောက် ပြန့်ကျဲနေသော အရိုးများ သွေးညှီနံ့များ ပျံ့ဝဲနေသော လင်းတများ။

"ကိုင်း ... နေအကွယ် စောင့်ကြစို့ ဓားအဆင်သင့် ပဲလား"

"အဆင်သင့်ပါပဲ"

"စဉ့်တီးတုံး"



"အဆင်သင့်"

"ပြတ်သွားတဲ့လည်ကေ ဝေါက်တောက်ပန်းမယ့်သွေးကို ခံဖို့အင်တုံ"

"အဆင်သင့်"

"အေး ... အင်တုံနဲ့ သွေးခံပြီးရင် သူသတ်ကုန်း မြေကို ပက်ဖို့ မမေ့နဲ့ဦး"

"စိတ်ချပါ"

နေလုံးသည် တစတစ တအိအိကျနေ၏။ စပ်စုသော ပါးကွက်သားက အမြီးအရှူးကို ပြောပြန်သည်။

"ကြားလား ... ကြားလား ... သူ ဟိုစကားကို ရွတ်နေတုန်း"

အားလုံး နားစွင့်လိုက်ကြသည်။ တတွတ်တွတ်ရွတ်နေသော အသံကား ...

"မြွေဆိုးကို မြင်သလား ... မြင်ပါတယ်။ မြွေဆိုးကို မြင်သလား ... မြင်ပါတယ်"

အကြီးအမှူးက ...

"အေးလဟ ... ဒီပြင်ဟာ မအော်ဘူး။ ဒါပဲ ထပ်တလဲလဲ ရွတ်နေတယ်။ သင်းမသေခင် ဘာကြောင့် ဒီစကား ရွတ်သလဲ။ သိရအောင် မေးကြည့်စို့"

ဟုဆိုကာ ဒူးထောက်ဇက်စင်းနေသော ရာဇဝတ်သား၏ဆံပင်ကို ဆွဲကိုင်မော့လှန်စေကာ မေးလိုက်၏။

"ဟေ့ ... ရာဇဝတ်သား ဘာတွေ ရွတ်နေတာလဲ"

"အ ဆိ ပ် ပြ င်း တဲ့ မြွေဆိုးကို မြင်သလား ... မြင်ပါတယ်။ အဆိပ်ပြင်းတဲ့ မြွေဆိုးကို မြင်သလား ... မြင်ပါတယ်"

"ဟဲ့ အကောင် ... မေးနေတယ်။ နင့်ဇက်မပြတ်ခင် ပြောသွားစမ်း အဲဒါ ဘာတုန်း"

ရာဇဝတ်သားသည် တောင်တန်းပေါ်သို့ ထိကပ်တော့မည့် ဝင်လုဆဲ နေလုံးဝန်းကို လှမ်းကြည့်ရင်း ပြော၏။

"ဘုရားရှင်က မေးတော်မူတယ်။ အဆိပ်ပြင်းတဲ့ မြွေဆိုးကိုမြင်သလားတဲ့ အရှင်အာနန္ဒာက ဖြေတယ်။ မြင်ပါတယ်ဘုရားတဲ့"

ပါးကွက်သားများ တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်မိကြ၏။

"ဘာ ... ဘာပြောတယ်။ ဘုရားရှင်က မေးတယ်။ ရှင်အာနန္ဒာက ဖြေတယ်ဟုတ်စ။ အဲဒီ အမေးအဖြေကို သင်က ဘာဖြစ်လို့ တတွတ်တွတ် ရွတ်နေ တာတုန်း"

"ဘုရင်မင်းမြတ်ကို

**ပါးကွက်သား အကြီးအမှူးသည် တွေခနဲဖြစ်သွား၏။ အသတ်ခံရကာနီး ရာဇဝတ်သား၏နှုတ်မှ 'ဘုရားရှင်' 'အရှင်အာနန္ဒာ' 'ဘုရင်မင်းမြတ်' ဆိုသော စကားလုံးများ ပေါ်လာနေသည်။ အဘယ်သို့လေနည်း။**

ဖူးမြင်ခွင့်ရရင် ပြောပါမယ်"

ပါးကွက်သားအကြီး အမှူးသည် တွေခနဲဖြစ်သွား၏။ အသတ်ခံရကာနီး ရာဇဝတ်သား၏ နှုတ်မှ၊ "ဘုရားရှင်" "အရှင်အာနန္ဒာ" "ဘုရင်မင်းမြတ်" ဆိုသော စကားလုံးများ ပေါ်လာနေသည်။ အဘယ်သို့ လေနည်း။ ပါးကွက်သားအကြီး အမှူးဆုံးဖြတ်လိုက်၏။

"ဟော့ ... နေကြဦး ... မသတ်နဲ့ဦး။ ဘုရင်မင်းမြတ်ထံ သံတော်ဦးတင် ကြစမ်း"

တောင်စွယ်တွင် မေး တင်နေသော နေလုံးကြီးပြုတ်ကျသွားသည်။ သို့သော် ဓား သွားက ရာဇဝတ်သား၏လည် ကုတ်ပေါ်သို့ ကျမလာခဲ့။ ဓား သွားအစား ရောက်ရှိလာသည်မှာ "ရာဇဝတ်သားအား ဘုရင့်ရှေ့တော်မှောက် အရောက် သွင်းရန်" ဟူသော ဘုရင့်အမိန့်စာချွန်ဖြစ်လေသည်။

ကောသမင်းကြီးက မေး၏။

"ရာဇဝတ်သင့် လယ်သမား ... ဘင့်နှုတ်က တဖွဖွ ရွတ်နေတဲ့ မြွေဆိုးကို မြင်သလား။ မြင်ပါတယ်ဆိုတဲ့ စကားနဲ့စပ်လျဉ်းပြီး ဘုရင်မင်းမြတ်ကို ဖူးမြင်ခွင့်ရရင် ပြောပါ မယ်လို့ သင်ဆိုတယ်။ ယခုလျှောက်တင်စမ်း"

"အဖြစ်သနစ်က သည်သို့ပါ အရှင်မင်းကြီး"

စလယ်ဆုံးဖြစ်ကြောင်း ကုန်စင် ပေါ်ပေါက်ခဲ့ လေသည်။

ခိုးသားတစ်စုသည် သာဝတ္ထိမြို့တော်တွင်းသို့ ရှေပြွန်ပေါက်မှ ဝင်ရောက်ကာ သူဌေးတစ်ဦး၏ အိမ်ကို ဥမင်လိုက်ခေါင်းတူးဖောက်ကာ ရွှေငွေ ပစ္စည်းများ ယူခဲ့ကြ၏။ များ မသိအောင် ကဲ့ယူလာခဲ့သော အသပြာထောင်ထုပ်ကို ခါးတောင်းကျိုက်အတွင်း တိတ်တဆိတ်ထည့်လာရာမှ လယ်ကွက်ထဲမှာပင် သို့ဝှက်ထားလိုက်၏။ ဝေစုခွဲကြရင်း ထုံးစံအတိုင်း အချင်းများကြ အဝေမတည့်ကြဖြင့် နောက်ဆုံး ခိုးသားသည် သူ့ဝေစုကိုသာ ယူပြီးထွက်သွားသည်။ လယ်ကွက်ထဲမှာ ဝှက်ထားသော အသပြာထုပ်ကို မေ့သွားသည်။



ထို့နောက် လာလမ်းအတိုင်း ပြန်ထွက်ခဲ့ကြပြီး မနီးမဝေး လယ်ကွက်တစ်ခုတွင် ဝေစုခွဲကြသည်။ ဤတွင် ခိုးသားအစုဝင်တစ်ယောက်သည် အခြားသူ ဤကား လယ်ကွက်ထဲမှာ အသပြာထောင်ထုပ် ရောက်ရှိနေပုံဖြစ်သည်။ ဤအဖြစ်ကို နောင်သောအခါ ခိုးသားအဖွဲ့ကို ဖမ်းမိချိန်တွင် သိခဲ့ရသည်။

**အတုမဲ့ အနှိုင်းမဲ့ သက်သေကိုပြဆိုနိုင်ခဲ့သဖြင့် လည်ကုပ်ပေါ်ရောက်အံ့ဆဲဆဲ သေမင်းထံမှသီသီလွတ်ခဲ့သော လယ်သမားကား မိမိကြုံရသောအဖြစ်ကို ကျော်လွန်လျက် ဘုရားရှင်၏ဒေသနာတော်ကို နှလုံးဖြင့် ထိုးဖောက်နားလည်သွား၏။**

ဆက်လက်ဖြစ်ပေါ်ခဲ့သည်ကား လယ်သမားသည် လယ်ထွန်ရန် လယ်ကွက်ထဲသို့ ဆင်းခဲ့၏။ မိမိလယ်ကွက်ထဲတွင် အသပြာထုပ်ရှိနေမှန်း လယ်သမားမသိ။

ရာဇဝတ်သားက ဆက်လက်သံတော်ဦးတင်သည်။

"ကျွန်တော်မျိုး လယ်ကွက်ထဲ ဆင်းလာချိန်မှာ ဘုရားရှင်နှင့် အာနန္ဒာတို့ လယ်ကွက်ထဲ ရောက်ရှိတော်မူနေကြပါတယ်။ (ဤနေရာတွင် နောင်ဖြစ်ပေါ်လာမည့် အရေးကို အကြောင်းပြုလျက် ဘုရားရှင်သည် လယ်သမားကို ကယ်တင်ရန် ကြွလာတော်မူခြင်းဖြစ်ကြောင်း လယ်သမားမသိပေ။) ဒီအချိန်မှာပဲ ကျွန်တော်မျိုး ကြားလိုက်ရခြင်းဖြစ်ပါတယ်။ ဘုရားရှင်က "အာနန္ဒာ ကြည့်လော့။ အဆိပ်ပြင်းသည့်မြွေဆိုးကို ကြည့်လော့။ မြွေဆိုးကို မြင်သလား" လို့ မေးတော်မူပါတယ်။ အရှင်အာနန္ဒာက "မြင်ပါတယ်ဘုရား" လို့ လျှောက်ပါတယ်။ သည်နောက် ဘုရားရှင်နှင့် အရှင်အာနန္ဒာတို့ ကြွသွားတော်မူကြပါတယ်။ ကျွန်တော်မျိုးလည်း အဆိပ်ပြင်းသည့် မြွေဆိုးကိုသတ်ဖို့နင်တံကိုင်ပြီး ရှာရာမှာ မြွေဆိုးကိုမတွေ့။ အသပြာထုပ်ကို တွေ့ပါတယ်။ ဒီအခါမှာ ဘုရားရှင်နှင့် အရှင်အာနန္ဒာတို့ ခေါ်တော်မူတဲ့မြွေဆိုးဆိုတာ ဒီအသပြာထုပ်ကို ရည်ညွှန်းဟန်တူတယ်လို့ သဘောပိုက်ပြီး ငွေထုပ်ကို ယူလာခဲ့ပါတယ်။ ယူလာပြီး ဘယ်နေရာမှာ ထားရမှန်း မသိလို့ တစ်နေရာမှာပဲ ဖုန်မှုန့်များနဲ့ဖုံးပြီး လယ်ထွန်နေခဲ့ပါတယ်"

ခိုးသားများနောက်သို့ ခြေရာခံလိုက်ကြသောလူများသည် လယ်သမား၏လယ်ကွက်တွင် ခြေရာအဆုံးမိပြီးနောက် ဝှက်ထားသောအသပြာထုပ်ကို တွေ့သွားကြခြင်းဖြစ်၏။ ဤတွင် သူဌေး၏လူများက လယ်သမားကိုပင် ခိုးသူဟူ၍ ဖမ်းဆီးကာ နန်းတော်သို့ ပို့ဆောင်ခဲ့ကြသည်။ ခိုးထုပ်ခိုးထည်နှင့်တကွ မိသောကြောင့် ကောသလမင်းကြီးကလည်း သတ်စေအမိန့်ချခဲ့ခြင်းဖြစ်လေသည်။

လယ်သမားက မိမိ၏ သံတော်ဦးတင်ချက်ကို အဆုံးသပ်သည်။

"အသပြာထုပ်ဟာ အဆိပ်ပြင်းတဲ့မြွေဆိုးဖြစ်ကြောင်း ဒီမြွေဆိုးကြောင့် မိမိသည်ပင် ပျက်စီးရမှာဖြစ်ကြောင်း



ကျွန်တော်မျိုး နောင်အခါမှာ သဘောပေါက်ခဲ့ပါတယ်။ ဒါကြောင့် ဘုရားရှင်နဲ့ အရှင်အာနန္ဒာတို့ မိန့်ကြားတော်မူခဲ့တဲ့ အမေးအဖြေစကားကို ထပ်တလဲလဲ ရွတ်ဆိုခဲ့ခြင်းဖြစ်ပါတယ်။ ငါ မသိခဲ့လေခြင်း၊ ငါမသိခဲ့လေခြင်း ဆိုတဲ့ ကြီးစွာသော နောင်တနဲ့ပါ"

ကောသလမင်းကြီး၏ အသွင်မှာ လေးနက်တည်ငြိမ်သွား၏။ ထို့နောက်...

"လယ်သမားကိုအပြစ်မပေးကြနဲ့ဦး။ သူ့ထွက်ဆိုချက်အရသူပြထားတဲ့သက်သေဟာ လောကမှာ အတုမဲ့တဲ့ သက်သေ ဖြစ်နေတယ်။ အမြင့်မြတ်ဆုံးဘုရားရှင်ကို သက်သေပြထားတယ်။ ဒီအမှုကို ငါကိုယ်တော်တိုင် စုံစမ်း ဦးမယ်"

ဟုဆိုလိုက်၏။

ထို ညနေမှာပင် ကောသလမင်းကြီးသည်ဇေတဝန်ကျောင်းတော်သို့ သွားရောက်ကာ ဘုရားရှင်အား မေးလျှောက်သည်။ ဘုရားရှင်ကလည်း လယ်သမား ပြောသည့်အတိုင်းဟုတ်မှန်ကြောင်းသက်သေခံတော်မူ၏။

ကောသလမင်းကြီး ကျူးရင့်သည်။

"အရှင်ဘုရား ... လယ်သမားသည်အရှင်ဘုရားကိုသာ သက်သေမပြနိုင်ခဲ့ပါက အသက်မရှင်နိုင်တော့ပါဘုရား။ ကျွန်တော်မျိုးသည်လည်း ခိုးသားမဟုတ်သူကို စီရင်မှားမိတော့မှာဖြစ်ပါတယ်။ ယခုတော့ ထင်ရှားပါပြီဘုရား။ လယ်သ မားဟာ အတုမဲ့အနှိုင်းမဲ့ သက်သေကို ပြနိုင်တဲ့အတွက်အသက်ဘေးမှ လွတ်ခဲ့ပါပြီဘုရား"

ဘုရားရှင် အနုသန္ဓေ ဆက်စပ်ကာ ဒေသနာတော်ကို ဟောကြားမိန့် တော်မူ၏။

"အကြင်ကံအမှုတစ်ခုကိုပြုလုပ်သည့်အတွက်နောင်တတစ်ဖန် ပူပန်ရ၏။ မျက်ရည်စက်လက် ငိုကြွေးလျက် ဆင်းရဲခံရတတ်၏။ ထိုကံအမှုကို မပြုရာ"

အတုမဲ့ အနှိုင်းမဲ့ သက်သေကို ပြဆိုနိုင်ခဲ့သဖြင့် လည်ကုပ် ပေါ်ရောက် အံ့ ဆဲ ဆဲ သေမင်းထံမှ သီသီလွတ်ခဲ့သော လယ်သမားကားမိမိကြုံရသော အဖြစ်ကို ကျော်လွန်လျက် ဘုရားရှင်၏ ဒေသနာတော်ကို နလုံးဖြင့် ထိုးဖောက်နားလည်သွား၏။ နောင်တမှသည် သံဝေဂ... သံဝေဂမှသည် အသိဉာဏ်...။

ဒေသနာတော်အဆုံး၌ လယ်သမားသည် သောတာပန်ဖြစ်လေ၏။

ချစ်ဦးညို

ဓမ္မပဒ ဒေသနာတော် - ၆၈

# ရနံ့မပြေသေးတဲ့ပန်းတစ်ပွင့်

နဂါးမောက်-စောသာရ (သက္ကတတက္ကသိုလ်)



မှတ်မှတ်ရရ အဝေးတစ်နေရာမှ ဇန်နဝါရီလ သုံးဆယ်ရက်နေ့ မိမိနေတဲ့ အခန်းရှိရာ ဗာရာဏသီမြို့ သက္ကတတက္ကသိုလ်ရဲ့ International အဆောင်ကို ပြန်လာခဲ့တဲ့အချိန်ပေါ့။ အဆောင်ရဲ့မျက်စောင်းထိုးနေရာလေးမှာ ပင်လုံးကျွတ်ပွင့်နေတဲ့ ခရေပင်ကြီးကတော့ ပန်းရနံ့တွေနဲ့ စာရေးသူကို လက်ကမ်းကြိုဆိုနေသလို၊ ခရေပန်းရဲ့ရနံ့တွေက သင်းပျံ့မွှေးကြိုင်နေတာမို့ ပင်ပန်းနွမ်းနယ်နေတဲ့ စိတ်အစဉ်ကို ကြည်လင်အေးမြလန်းဆန်းစေခဲ့ပါတယ်။

ခရေပင်ကြီးကတော့ သူ့အချိန်နဲ့သူ ပွင့်ချိန်တန်ပွင့်၊ သီးချိန်တန်သီး၊ ကြွေချိန်တန် ကြွေ၊ နေဒဏ်၊ လေဒဏ်၊ မိုးဒဏ် တွေကြား ဖြတ်သန်းရင်း ဆောင်းရာသီရဲ့သဘာဝတရား ကိုတာဝန်ကျေပွန်စွာအလှဆင် ပေးနေသလိုပါ။ ခရေပင်ကြီး အောက် တထောက်နားရင်း ပန်းရနံ့တွေကို နှစ်ခြိုက်စွာ ရှူရှိုက်နေခိုက် တိုးဝှေ့ဖြတ်သန်း တိုက်ခတ် လာတဲ့ လေပြေလေ ညင်းတွေကြောင့် တဖြုတ်ဖြုတ် ကြွေကျမြေခနေကြတဲ့ ခရေ ပန်းလေးတွေကို ကြည့်ပြီး အတွေးတစ်ခု ဝင်ရောက်လာခဲ့ တယ်။ "သဘာဝတရားရဲ့ အောက်မှာ ထာဝရတရားဆို တာ မရှိပါလား" အချိန်ရာသီ တွေကလည်း တမိုးကုန်လို့ တဆောင်းကူးခဲ့လေပြီ။ အုံ့ဆိုင်း မှိုင်းဝေနေတဲ့ နှင်းမှုန်နှင်းပေါက် တွေကြား ထိုးပေါက်ကျဆင်း လာတဲ့ လောကကြီးရဲ့အလင်း စွမ်းအားရှင် နေမင်းကြီးရဲ့ အလင်းရောင်အောက်မှာ ပွင့်ချိန်တန်ပွင့်၊ သီးချိန်တန်သီး၊ ကြွေချိန်တန်ကြွေတဲ့ ပန်းပင် များ။ ရှန်းကန်လှုပ်ရှား သွားလာ နေကြတဲ့လောကလူသားများ၊ ဤကမ္ဘာလောကကြီး မကွယ် ပျောက်၊ မပျက်စီး၊ မချုပ်ငြိမ်း၊ မရုပ်သိမ်းသမျှ ဖြစ်မှုပျက်မှု ဆိုတဲ့ သင်္ခါရသဘာဝ ဓမ္မကို ရင်ဆိုင်တွေကြုံနေရဆဲ မဟုတ် ပါလား။ ဘာပဲဖြစ်နေဖြစ်နေ လောကရဲ့ကျေးဇူးရှင် သူရိန် နေမင်းကြီးကတော့ သူ့အချိန်နဲ့ သူ့အလင်းရောင်ကို ပေးမြဲ ပေး နေဆဲပါပဲလေ။

မိမိရဲ့ရှေ့နားလေးမှာ ကြွေကျမြေခနေတဲ့ ခရေပန်း လေးတစ်ပွင့်ကို အမြတ်တနိုး ဖွဖွလေး ကောက်ယူရင်း အခန်း ဆီသို့ ဦးတည်လျှောက်လှမ်း လာခဲ့ပါတယ်။ ရောက်လျှင် ရောက်ချင်းမှာပဲ သူငယ်ချင်း တွေထံမှ အမှတ်မထင် ကြား လိုက်ရတဲ့ သတင်းတစ်ခုက တာရာကာသီမြို့ မိဂဒါဝုန်မြန် မာကျောင်း အနှစ်(၁၀၀)ပြည့် ပွဲတော် ကျင်းပတော့မယ်ဆိုတဲ့ သတင်းကောင်းတစ်ခုပါပဲ။ ကုလားထိုင်ပေါ်မှာ အသာလေး ထိုင်၊ လက်မှာ ဆုပ်ကိုင်လာတဲ့ ခရေပန်းရဲ့ရနံ့ကို ရှူရှိုက်ရင်း မိဂဒါဝုန်မြန်မာကျောင်းအ ကြောင်းက ဦးနှောက်ထဲသို့ ထိုးဖောက် ဝင်ရောက်လာခဲ့ တယ်။ "အို ... မိဂဒါဝုန် ကျောင်း တိုက်ကြီးတောင် နှစ်(၁၀၀) ပြည့် သွားပြီဆိုပါလား။ ဒါပေမဲ့

**ကျေးဇူးတော်ရှင်ဆရာတော် ဦးစန္ဒိမထိ ဟာ ယခုအချိန်မှာမရှိတော့ပါလား။ ဒါပေမဲ့ ဆရာတော်ဘုရားကြီးရဲ့ သီလ၊ သမာဓိ၊ ပညာဂုဏ်ရနံ့တွေက ရနံ့မပြေသေးတဲ့ ပန်းတစ်ပွင့်လို အမြဲတမ်း မွှေးကြိုင်နေဆဲ...**

ကျောင်းတိုက်ကြီးကို တည်ထောင်တော်မူသွားကြတဲ့ကျေးဇူးတော် အရှင်ဆရာတော်ဦးစန္ဒိမဏိ၊ ဆရာတော်ဦးကိတ္တိမာ၊ ဆရာတော်ဦးတိက္ခိန္ဒြိယဆရာတော်ဘုရားကြီးတွေဟာ ယခုအချိန်မှာ မရှိကြတော့ပါဘူး။ သူတို့တွေသာ ယခုအချိန်ထိ ရှိနေခဲ့ကြမယ်ဆိုရင် ကျောင်းတိုက်ကြီးရဲ့ လုပတိုးတက်ဖွံ့ ဖြိုးမှုတွေကို ကြည့်ပြီး ဝမ်းသာပီတိ ဖြစ်နေကြမှာတော့ အမှန်ပါပဲလေ” စာရေးသူရဲ့စိတ်အစဉ်မှာ ဆရာတော်ဘုရားကြီးများရဲ့ ဂုဏ်တော်တွေကို အာရုံပြုရင်း လွမ်းတသသဖြစ်နေမိပါတော့တယ်။ ဆရာတော် ဘုရားကြီးများရဲ့ ကြိုးစားခဲ့တဲ့စွမ်းအား၊ ယခုလက်ရှိ ပဓာနနာယကဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝဏ္ဏာဓဇဆရာတော်ဘုရားရဲ့ကြိုးစားနေတဲ့ စွမ်းအားတွေကြောင့် ကျောင်းတိုက်ကြီးဟာတိုးတက်ဖွံ့ဖြိုးပြီး ကောင်းရန့်တွေနဲ့ မွှေးကြိုင်လှတဲ့ ပန်းခရေတစ်ပွင့်လို ယနေ့ထိ မွှေးကြူသင်းပျံ့နေဆဲပါ။

ကျေးဇူးရှင်ဆရာတော်ကြီးတွေဟာ ဟိန္ဒူဘာသာဝင်များ အလွန်ထူထပ်တဲ့ ပညာရှိပုဏ္ဏားများကိန်းအောင်းနေထိုင်ရာ ဗာရာဏသီမြို့ရဲ့ မလှမ်းမကမ်းက မြတ်ဗုဒ္ဓမွေစကြာတရားဦး ဟောကြားတော်မူခဲ့တဲ့ ဣသိပတနမိဂဒါဝုန်တောရဲ့အနီးမှာ သူတို့ရဲ့ အမြော်အမြင်ကြီးမားမှု၊ ကြိုးစားခဲ့မှု စွမ်းပကားတွေကြောင့် အခက်အခဲအမျိုးမျိုးတွေကို ဖြတ်သန်းကျော်လွှားပြီး မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းအနေနဲ့ ၁၉၀၈ ခုနှစ်တွင် ခန့်နားထည်ဝါစွာ သာသနာ့သမိုင်း မှတ်တိုင်တစ်ခု စိုက်ထူခဲ့ပါတယ်။ ဆရာတော်ဘုရားကြီးများရဲ့ လုံ့လဝီရိယစွမ်းအားတွေဟာ တန်ဖိုးအနန္တကြီးမားလှပါတယ်။ ယခုဆိုလျှင် ကျောင်းတိုက်ကြီးရဲ့ သက်တမ်းက နှစ်(၁၀၀) တောင် ပြည့်ခဲ့လေပြီ။

“သစ်တစ်ပင်ကောင်းလို့ ငှက်တစ်သောင်းနားနိုင်တယ်” ဆိုတဲ့စကားပမာအနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကြရောက်လာကြတဲ့ ဓမ္မမိတ်ဆွေသူတော်စင်များ စိတ်အေးချမ်းစွာ ဒီကျောင်းကြီးမှာ တည်းခိုနိုင်ခွင့် ရရှိကြလေပြီ။ “အသီးတစ်ရာ အညှာတစ်ခု” ဆိုတဲ့အတိုင်း လူမျိုးဘာသာမရွေး ကျောင်းတိုက်ကြီးရဲ့အေးမြတဲ့ အရိပ်အာဝါသကို တစ်ထောက်တစ်ည ခိုလှုံခွင့်ရခဲ့ကြသူ မှန်သမျှကျောင်းတိုက်ကြီးကိုတော့ မေ့နိုင်ကြမယ် မထင်ပါ။ “ကျေးဇူးတင်ပါတယ်” ကျောင်းတိုက်ကြီးရယ်လို့ ပြောမြဲပြောနေကြဆဲ ဖြစ်ပါလိမ့်မယ်။ ကျောင်းတိုက်ကြီးကတော့ ရောက်ရှိလာသူတိုင်းကို အပြုံးလေးနဲ့ အမြဲတမ်း လက်ကမ်းကြိုဆိုနေဆဲပါပဲလေ။ ကျောင်းတိုက်ကြီးရဲ့အဝင်မှာ စိုက်ထူထားတဲ့ ကျေးဇူးတော်ရှင် ဆရာတော်ကြီးဦးစန္ဒိမဏိရဲ့ခန့်နားထည်ဝါလှတဲ့ရုပ်ထုကြီးကတော့ ကျောင်း တိုက်ကြီးရဲ့ကျက်သရေကို ဆောင်ပေးနေသလို ခန့်ညားထည်ဝါလှပါတယ်။

လောကမှာ အတိတ်က ကောင်းခဲ့လို့ ယခုကောင်းတယ်။ ယခုကောင်းမှ နောင်ကောင်းမယ်ဆိုတဲ့ Theory စာသားလေးဟာ နှလုံးအိမ်မှာ ပျံ့နှံ့စေခဲ့တယ်။ အတိတ်နှင့် ပစ္စုပ္ပန်မှာအမျိုးဘာသာ၊ သာသနာရဲ့ကောင်းကျိုး၊ အတ္တ၊ ပရနှစ်ဌာနရဲ့ကောင်းကျိုးစတဲ့ကောင်းကျိုးတရားတွေကို ကောင်းအောင်လုပ်ဆောင်ခဲ့ကြသူတွေ

အတွက် နောင်အနာဂတ်မှာ ရွှေစာလုံးနဲ့ ကဗ္ဗည်းတင်ခံရတတ်ပါတယ်။ လူ့လောက နယ်ပယ်မှာ မိမိကောင်းကျိုး၊ အများကောင်းကျိုး ဒီနှစ်ခုမှာ တစ်ခုခုကို စွမ်းဆောင်နိုင်ခဲ့တယ်ဆိုရင် လူ့သမိုင်းမှာ "လူသေသော်လည်း နာမည်မသေ" ဘဲ သမိုင်းမှတ်တိုင်အဖြစ် ကြွင်းကျန်ရစ်ပါတယ်။ သီရိလင်္ကာနိုင်ငံမှ ကမ္ဘာကျော်စာရေးဆရာ ဆရာတော်တစ်ပါး မပျံလွန်ခင်မှာ ပြောခဲ့တဲ့စကား တစ်ခွန်းကို အမှတ်မထင် သတိရလာမိတယ်။ ဆရာတော်ကြီးက "မင်းတို့ ငါသေရင် မငိုကြပါနဲ့။ လောကမှာ လူရယ်လို့ ဖြစ်လာရင် လောကကောင်းကျိုး၊ မိမိကောင်းကျိုးအတွက် ဘာတစ်ခုမှ မစွမ်းဆောင်ခဲ့တဲ့ သူတွေအတွက် ငိုစရာကောင်းတယ်။ ငိုကြပါ" တဲ့။ အဲဒီစကားလေးက မှတ်သားစရာ ကောင်းလိုက်တာ။

ဘဝမှာ လောကကောင်းကျိုးဖြစ်စေ၊ မိမိကောင်းကျိုးဖြစ်စေ ကြိုးစားနေတဲ့သူတွေအဖို့ ခက်ခဲတဲ့ပြဿနာတွေကို တစ်ခါတစ်ရံမှာ အနည်းနဲ့အများ တွေ့ကြုံရင်ဆိုင်ရစမြဲဖြစ်မှာပါ။ ဤလောကမှာ အခက်အခဲတွေနဲ့ မတွေ့ကြုံ မဆုံခဲ့ရဘူးဆိုတဲ့သူရယ်လို့တော့ ရှိမယ်မထင်ပါဘူး။ ကြာပန်းလေးတစ်ပွင့်ဟာ ရေပေါ်သို့ ရောက်ရှိရန် အခက်အခဲမျိုးစုံနဲ့ ရွှံ့ညွှန်တွေကို တိုးဖောက်ရေထုကြီးကို ဖြတ်သန်းပြီး ရေပေါ်မှာ ရွှေကြာရယ်လို့ လှပဝင့်ထည်ခဲ့တာဟာ သူ့ရဲ့ ကြိုးစားချက်ပဲပေါ့။ ဒါပေမဲ့ ကြာပန်းလေးရဲ့ ရေပေါ်သို့ ရောက်နိုင်ရေးအတွက် ခက်ခက်ခဲခဲ ကြိုးစားခဲ့တာတွေကိုတော့ မည်သူမျှ စဉ်းစားနိုင်ခဲ့မှာ မဟုတ်ပါဘူး။ ကြာပန်းလေးရဲ့ ရေပေါ်သို့ ရောက်လာတဲ့အချိန် လှပတင့်တယ်မှုအပေါ်မှာ အမြတ်တနိုးစွဲမက် နှစ်သက်ကြပြီး ဘုရားမှာ ကပ်လှူချင်တဲ့သူရယ်၊ ခေါင်းပေါ်မှာ ပန်ချင်တဲ့သူရယ်လို့ အလှအယက် ဈေးပြိုင်ပေးပြီး တန်ဖိုးတက်စေခဲ့ပါတယ်။ ဒါပေမယ့် ခွန်အားကုန်ခန်း၍ ရေပေါ်သို့ မရောက်ရှိနိုင်ခဲ့ဘဲ အငုံဘဝနဲ့ လမ်းတစ်ဝက်မှာ ပုပ်သွားကြတဲ့ကြာပန်းတွေလည်း ရှိတတ်ပါတယ်။ လူသားတွေရဲ့ ဘဝဆိုတာလည်းကြာပန်းလေးတွေလိုပဲပေါ့။ သက်မဲ့အရာဝတ္ထုလေးတွေတောင် အခက်အခဲတွေနဲ့ ရင်ဆိုင်ကြရတယ်ဆိုရင် သက်ရှိလူသားတွေအဖို့ကတော့ ဒီထက်ပို များပေလိမ့်မယ်။

ကမ္ဘာကျော် စာရေးဆရာ ဒေါက်တာကေသရီဓမ္မာနန္ဒပြောတဲ့ စကား တစ်ခွန်းကို အမှတ်ရစေခဲ့ပါတယ်။ "Life is a continuous journey best with problems. As long as we line in this world, problems and troubles will always be a part and parcel of human experience." "ဘဝဆိုတာဟာ ခက်ခဲ့တဲ့ပြဿနာ



တွေနဲ့ အကောင်းဆုံးဖြစ်ဖို့ လျှောက်လှမ်းနေရတဲ့ ခရီးတစ်ခုပါ။ ဤလောကမှာ ငါတို့ နေထိုင်နေစဉ် ခက်ခဲတဲ့ပြဿနာဒုက္ခတွေဟာ လူ့လောကအတွေ့အကြုံရဲ့ အစိတ်အပိုင်းတစ်ခုပဲ ဖြစ်ပါတယ်" တဲ့။

လောကမှာ ခက်ခဲမှုနဲ့ လွယ်ကူမှုဆိုတဲ့ အရာနှစ်ခုမှာ

လွယ်ကူမှုကိုတော့ လူသားတိုင်းလိုလားနှစ်သက်ကြပါတယ်။ ခက်ခဲမှုကိုတော့ ဘုရားရဟန္တာမှအပ အချို့သော ပုဂ္ဂိုလ်တွေဟာ ထိတ်လန့်ကြောက်ရွံ့တတ်ကြပါတယ်။ ဒါပေမယ့် တစ်ခါတစ်ရံမှာ ခက်ခဲမှုတွေနဲ့ တွေ့ကြုံရင်ဆိုင်ရစမြဲပါ။ အဲဒီလိုအခက်အခဲတွေနဲ့ တွေ့ကြုံရတဲ့အခါ ဘယ်လိုရင်ဆိုင်မလဲဆိုတာကိုတော့ သိထားသင့်တဲ့အချက် တစ်ခုပါပဲ။ အိန္ဒိယနိုင်ငံရဲ့ဝန်ကြီးချုပ်ဟောင်း ပညာရှင်နေရူးကြီးရဲ့စကားတစ်ခွန်းကတော့ "We have to face problems and try to solve them. We should understand that there is a way out of the suffering and problems we face in this lilfe." "ငါတို့ဟာ ပြဿနာတွေကို ရင်ဆိုင်ကြရမယ်။ ပြီးတော့ အဲဒီပြဿနာတွေကို ဖယ်ရှားနိုင်ဖို့ ကြိုးစားကြရမယ်။ ဒီဘဝမှာရင်ဆိုင်တွေ့ကြုံနေရတဲ့ပြဿနာ ဒုက္ခတွေကို ဖြေရှင်းနိုင်တဲ့နည်းလမ်းတွေရှိတယ်ဆိုတာကိုတော့ ငါတို့နားလည်သင့်တယ်" ဆိုတဲ့အချက်ပါပဲ။ ပညာရှင်ကြီးတွေပြောကြားခဲ့တဲ့စကား၊ ဘဝအတွက် နည်းလမ်းကောင်းတွေဖြစ်စေခဲ့တယ်။

ခက်ခဲမှုတွေရဲ့နောက်ကွယ်မှာ လွယ်ကူမှုတွေရှိသလို လွယ်ကူမှုတွေရဲ့နောက်ကွယ်မှာ ခက်ခဲမှုဆိုတာဟာလည်း ရှိကြစမြဲပါ။ အာဇာနည်သူရဲကောင်းတွေရဲ့စိတ်ဓာတ်တွေကတော့ ခက်ခဲမှုတွေ တွေ့တိုင်း နောက်ပြန်မဆုတ်ဘဲ မိမိရည်မှန်းချက်ပန်းတိုင်ဆီသို့ မတုန်မလှုပ် မမှိတ်မသုန်ချီတက်ကြပါတယ်။ "ဓားတောင်ကိုဖြတ်ပြီး မီးပင်လယ်ကို ကျော်ဖြတ်မယ်" ဆိုတဲ့ စိတ်ဓာတ်မျိုးတွေပေါ့။ အိန္ဒိယနိုင်ငံတွင် အေဒီ ၉ ရာစုမှ အေဒီ ၁၈ ရာစုတိုင်အောင် ရာစုနှစ်ပေါင်းများစွာ ကွယ်ပျောက်တိမ်မြုပ်နေခဲ့တဲ့ သာသနာတော်ကို ပြန်လည်ထွန်းကားစေရမယ်ဆိုတဲ့ ခိုင်မာသောစိတ်ဓာတ်နဲ့ လူမျိုးဘာသာခြားတွေ ကြားမှာ ခက်ခဲမှုတွေကို ရင်ဆိုင်ပြီး သာသနာပြုလုပ်ငန်းတွေနဲ့ စွမ်းဆောင်နိုင်ခဲ့တဲ့ ဆရာတော် ကြီးဦးစန္ဒမဏိဟာလည်း သာသနာ့အာဇာနည်သူရဲကောင်းတစ်ပါးဖြစ်စေခဲ့ပါတယ်။

အိန္ဒိယနိုင်ငံတွင် ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးနောက် သာသနာသက္ကရာဇ် (၂၃၀) ကျော်အတွင်း သီရိဓမ္မာသောကမင်းကြီး သာသနာပြုခဲ့စဉ်မှ စတင်၍(၂၁)ရာစုအထိ အိန္ဒိယသာသနာ့သမိုင်းကို မှတ်တမ်းတင်ရမည်ဆိုလျှင် ကျေးဇူးတော်ရှင်ဆရာတော်ဦးစန္ဒမဏိကို ချန်လှပ်ထားခဲ့၍ မရနိုင်ပါ။ သူ့ရဲ့သာသနာ ပြုစွမ်းဆောင်ချက်တွေဟာ ယခုလက်ရှိအချိန်အထိ အိန္ဒိယနိုင်ငံတွင် မျက်ဝါးထင်ထင် တွေ့မြင်နေရသော ကုသိနာရုံ၊ မိဂဒါဝုန်မြန်မာဘုန်းတော်ကြီးကျောင်းများက သက်သေထူနေပါတယ်။ ဆရာတော်ဘုရားကြီးနှင့်ဆရာတော် ဦးကိတ္တိမာ၊ ဆရာတော်ဦးတိက္ခိန္ဒြိယတို့ တည်ထောင်ခဲ့သော မိဂဒါဝုန်မြန်မာကျောင်းတိုက်ကြီးဟာနှစ်(၁၀၀)တောင်ပြည့်သွားခဲ့လေပြီ။ ကျေးဇူးတော်ရှင်ဆရာတော်ဦးစန္ဒမဏိဟာ ယခုအချိန်မှာ မရှိတော့ပါလား။ ဒါပေမဲ့ ဆရာတော်ဘုရားကြီးရဲ့ သီလ၊ သမာဓိ၊ ပညာဂုဏ်ရနံ့တွေက ရနံ့မပြေသေးတဲ့ ပန်းတစ်ပွင့်လို အမြဲတမ်း မွှေးကြိုင်နေဆဲဖြစ်ပါတော့တယ်။ ။

နဂါးမောက် စောသာရ

(သက္ကတတက္ကသိုလ်)

# အနာဂါရိကဓမ္မပါလ-ဗုဒ္ဓဂယာ-
# ဗုဒ္ဓဘာသာဝင်တို့ ပိုင်ဆိုင်ခွင့်ရမှု

ဓမ္မဝီရ



သာသနာရေးဝန်ကြီး ဌာနမှ ဗုဒ္ဓဂယာဘုရားဖူး ခရီးစဉ် များ စနစ်တကျ စီစဉ်ဆောင်ရွက်ပေးပြီး ဘုရားရှင်၏ သံဝေ ဇနီယလေးဌာနသို့ ဘုရားဖူး များ စေလွှတ်ပေးနေပါသည်။

ထိုသံဝေဇနိယလေးဌာနတွင် တစ်ပါးအပါအဝင်ဖြစ်သော ဘုရားဖြစ်တော်မူရာနေရာဌာန(ဝါ)ဗောဓိပင်နှင့် ရွှေပလ္လင်အောင်ရာဌာနဖြစ်သောဗုဒ္ဓဂယာသည်အထူးထင်ရှားပြီး ဗုဒ္ဓဘာသာဝင်တို့ အထူးကြည်ညိုလေးစားပြီးအထူးအားထား ဖူးမြော်ပူဇော်ရာဌာနတစ်ခု ဖြစ်ပါသည်။

ထိုဗုဒ္ဓဂယာနှင့်ပတ်သက်၍ မူလက ထိုစေတီကို အာသောကမင်းမြတ်က တည်ထားခဲ့သည်ကို သိရှိမှုများကြသော်လည်း နောက်ပိုင်း ဂယာမြို့ကို မွတ်စလင်တို့သိမ်းပိုက်ပြီးနောက် ဗုဒ္ဓဘာသာဝင်တို့ စွန့်လွှတ်သွားခဲ့ရပြီးထိုနေရာတောအထိဖြစ်သွားပုံ၊ထို့နောက်ဟိန္ဒူကုလားဘုန်းကြီးတစ်ပါးက ထိုနေရာကို ခုတ်ထွင်ရှင်းလင်းပြီး မဟန့်ဘုန်းကြီး အဆက်ဆက်က ဆက်ခံပြီး မဟန့်တို့၏ဘုရားအဖြစ်ဆက်လက်ဆောင်ရွက်ပုံ၊ထို့နောက်သီဟိုဠ်ကျွန်းမှအနာဂါရိက ဓမ္မပါလက အိန္ဒိယသို့ ရောက်ရှိလာပြီး ဗုဒ္ဓဘာသာဝင်တို့ လက်ထဲ ရောက်အောင်ဆောင်ရွက်ပုံတို့ကား နောင်လူဖြစ်သော ယနေ့ ဘုရားဖူးတို့ သိနိုင်ခဲ့ပြီး ဖြစ်ပါသည်။

ထိုဗုဒ္ဓဂယာဘုရားကြီးကို ဗုဒ္ဓဘာသာဝင်တို့ လက်ထဲပြန်အပ်မှုကို ၁၉၅၁-ခု၊ မေလ (၂၈)ရက် (ဗုဒ္ဓပုဏ္ဏမာအခါတော်နေ့)တွင်အိန္ဒိယအစိုးရက ဗုဒ္ဓဘာသာဝင်များလက်သို့ ပြန်လည်ပေးအပ်ခဲ့ပါသည်။ ထိုပေးအပ်မှုသည်လည်းလွန်ခဲ့သော (၃၁)နှစ်၊ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးမရမီက အိန္ဒိယနေရှင် နယ်ကွန်ကရက်ပါတီသည်ဂယာမြို့ညီလာခံကျင်းပစဉ်က ကတိထားခဲ့သော ကတိအတိုင်းပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။

ထိုပေးအပ်ပွဲတွင် ထိုစဉ်က အိန္ဒိယနိုင်ငံ သမ္မတကြီးဖြစ်သော ဒေါက်တာ ရာဂျိန္ဒြာပရာဘဒ်က ဗုဒ္ဓဂယာ စေတီတော်၏ရာဇဝင်ကြောင်းတစ်ခုလုံးနှင့် တစ်ကမ္ဘာလုံးရှိ ဗုဒ္ဓဘာသာများအပေါ်တွင် ထားရှိခဲ့သောကတိကိုလုံးဝပြည့်စုံစေရန် အနှစ်(၃၀)ကျော်က အိန္ဒိယခေါင်းဆောင်ကြီးများ အားထုတ်လာခဲ့သောရာဇဝင်ကြောင်းကိုစိစစ်ပြီး သဝဏ်လွှာတစ်စောင်ပေးပို့ခဲ့ပါသည်။

ထိုသဝဏ်လွှာသည် ဗုဒ္ဓဂယာဖြစ်ပေါ်ပြောင်းလဲမှုကို အနှစ်ချုပ်ပြောပြထားသော

> **ဗုဒ္ဓဂယာနှင့်ပတ်သက်၍ မူလက ထိုစေတီကို အာသောကမင်းမြတ်က တည်ထားခဲ့သည်ကို သိရှိမှုများကြသော်လည်း နောက်ပိုင်း ဂယာမြို့ကို မွတ်စလင်တို့သိမ်းပိုက်ပြီးနောက် ဗုဒ္ဓဘာသာဝင်တို့ စွန့်လွှတ်သွားခဲ့ရပြီး ထိုနေရာတောအထိဖြစ်သွားပုံ . . .**

သဝဏ်လွှာဖြစ်၍မှတ်သားဖွယ်၊ သိမှတ်ဖွယ်ရာကောင်း၍ မူရင်းအတိုင်း ဖော်ပြအပ်ပါသည်။

၁၉၅၃-ခု၊မေလ(၂၉)ရက်၊ ဤနေ့သည် လွန်ခဲ့သောအနှစ်(၆၀)လောက်ကျွန်ုပ်တို့၏ကြိုးစားမှုအောင်မြင်ခြင်းကို ပြသောနေ့ဖြစ်သောကြောင့် ကျွန်ုပ်တို့အတွက် ဝမ်းမြောက်နိုင်ရန် ဖန်တီးပေးသောနေ့ဖြစ်ပါသည်။

ဂေါတမဘုရားရှင်သည် ဤထူးမြတ်သောနေရာ၌ ဘုရားရှင်ဖြစ်တော် မူကြောင်းကို တစ်ကမ္ဘာလုံးက အသိအမှတ်ပြုပြီးဖြစ်ပါသည်။ ဘုရားဖြစ်တော်မူသောထိုနေ့မှအစပြု၍ဗုဒ္ဓဂယာသည်ဗုဒ္ဓဘာသာဝင်များအတွက်သာလျှင်မဟုတ်ဘဲ လူအားလုံးတို့၏ ဘုရားဖူးရာဌာနတစ်ခုဖြစ်ပါသည်။

ဘုရားရှင်၏ရာဇဝင်နှင့်နီးကပ်စွာ ဆက်သွယ်သောဌာနကြီး(၄)ဌာန ရှိပါသည်။ အစီအစဉ်တိုင်း ဖော်ပြရလျှင် ...

၁။ ဘုရားရှင်ဖွားမြင်တော်မူရာလုမ္ဗိနီဥယျာဉ်သည်ပထမဖြစ်ပါသည်။

၂။ ထို့နောက် ရှင်တော်ဘုရားသဗ္ဗညုတဉာဏ်တော်ရရာ ဗုဒ္ဓဂယာသည် ဒုတိယဖြစ်ပါသည်။

၃။ ဘုရားရှင် (ဘာသာသစ်ဖြစ်သော) ဓမ္မစကြာကို ဟောတော်မူရာ ဣသိပတန ခေါ် မိဂဒါဝုန်တောသည် တတိယမြောက်ဖြစ်ပါသည်။

၄။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူရာ ကုသိနာရုံသည်စတုတ္ထမြောက်ဌာန ဖြစ်ပါသည်။

ဤလေးဌာနတို့တွင် ဗုဒ္ဓဂယာကို အမြတ်ဆုံးနေရာဟု ယူဆပါသည်။ ထို့ကြောင့် ဘုရင်အာသောကသည် လွန်ခဲ့သောနှစ်ပေါင်း(၂၂၀၀)လောက်က ထိုနေရာဌာန၌ ယခုလက်ရှိစေတီတော်ကြီးကို တည်ဆောက်တော်မူခဲ့ပါသည်။

ထို့နောက်အနှစ်(၅၀၀)လောက်အကြာမှာ ၎င်းစေတီတော်ကြီးကို တစ်ဖန်တည်ဆောက်ခဲ့ပါသည်။ ဗုဒ္ဓဂယာ၌ယနေ့ကျွန်ုပ်တို့ ဖူးမြင်ရသောစေတီတော်မြတ်ကြီးကို နှစ်ပေါင်း(၁၇၀၀)လောက်က တည်ဆောက်ခဲ့သည်ဟု ရာဇဝင်ဆရာများနှင့်ပညာရှိများက ထင်မြင်ယူဆကြပါသည်။ ဤကဲ့သို့ ထင်မြင်ယူဆချက်ကို ယခုစေတီတော်ကြီး၏ အသွင်သဏ္ဍာန်က ထောက်ခံထားပါသည်။

ထိုစဉ်အခါမှစ၍ တိုင်းတစ်ပါးမှ ဗုဒ္ဓဘာသာဝင်များသည် ဤမဟာ ဗောဓိစေတီတော်ကြီးသို့ ဘုရားဖူးများ လာရောက်လျက်ရှိနေခဲ့ကြပါသည်။ ၎င်း ဘုရားဖူးများသည် တိုင်းပြည် ဆူပူလှုပ်ရှားသောအခါတစ်ခါဖြစ်သည့်(ဂယာ မြို့)ကို မွတ်စလင် ဘာသာဝင်များ သိမ်းယူသည့်ကာလတိုင်အောင် ဗုဒ္ဓဂယာ မှာပင် ဆက်လက်၍ နေထိုင်ခဲ့ကြပါသည်။ ထိုအခါသမယတွင် ဗုဒ္ဓဘာသာဝင်များသည် စေတီတော်ကြီးကို စွန့်လွှတ်၍ ထွက်ခွာခဲ့ရပါသည်။ ကျွန်ုပ်တို့ သိရသမျှမှာ စွန့်ပစ်ထားခံရသော စေတီတော်ကြီးမှာ အနှစ်(၃၀၀)(၄၀၀)လောက် ချုံပုတ်များ၊ တောရိုင်းသစ်ပင်များဖြင့်သာ ဖုံးလွှမ်းနေခဲ့ပါသည်။

လွန်ခဲ့သော အနှစ်(၄၀၀)လောက်ကဟိန္ဒူကုလားဘုန်းကြီးတစ်ပါးသည် ထိုနေရာကို ရှင်းလင်း ခုတ်ထွင်းပြီးနောက် စတင်နေထိုင်ကာ ဗုဒ္ဓဂယာ မသ်(Buddha Ga

Ya Math)ကို စတင်တည်ထောင်ခဲ့ပါသည်။ ထိုအချိန်အတောအတွင်းမှာ မသ်ကိုတည်ထောင်သူများသည် စေတီကြီးပတ်ဝန်းကျင်ရှိ ပစ္စည်းအမြောက်အမြားကို ရရှိခဲ့ကြပြီး စေတီကြီးကိုပါ သိမ်းယူခဲ့ကြပါသည်။

ဒေလီမြို့ မိုဟာမက်ရှာဟက်ဘုရင်သည် အကြီးအမှူးဖြစ်သော မဟန့် (Math)ကို ရှာနစ်ရှာ လှူဒါန်းခဲ့ပါသည်။ ထိုလှူဒါန်းထားသော ပစ္စည်းအကူ အထောက်အပံ့များဖြင့် နောက်ဆက်ခံမည့် နာယကဖြစ်သော မဟန့်ဘုန်းကြီး များသည်လည်း ဘုရားဖူးများကို ကူညီထောက်ပံ့၍ အမျိုးမျိုးကူညီဆောင်ရွက် ခဲ့ကြပါသည်။

ထိုစဉ်အခါက မြန်မာပြည်နှင့် သီဟိုဠ် ဘုရင်များတို့သည် မိမိတို့၏စရိတ်ဖြင့် စေတီတော်ကြီးကို ခဏခဏပြင်ဆင်ခဲ့ကြပါသည်။ ဟိန္ဒူဘာသာဝင်များက ဘုရားရှင်ကို ဗိဿနိုးနတ်ဝင်စားသော ဘုရားအနေဖြင့် မှတ်ယူကြပါသည်။ သို့ရာတွင် ဗုဒ္ဓဘာသာများသည် ဗုဒ္ဓဂယာကို အရေးတကြီးထားကာ ကြည်ညိုလေးစားယူဆသလို ဟိန္ဒူဘာသာဝင်များမယူဆကြောင်း ဝန်ခံရပေမည်။ သို့ရာတွင် ထိုအတောအတွင်းမှာ ဟိန္ဒူဘာသာဝင်များက ဗုဒ္ဓဘာသာဝင်များ၏ ထိုနေရာတွင် တရားအားထုတ်မှုနှင့် အခြားသော ဆောင်ရွက်မှုများကို မည်သည့်အခါမှ နှောင့်ယှက်ခြင်း မရှိခဲ့ပါကြောင်း။

အနာဂါရိကဓမ္မပါလသည် သီဟိုဠ်ကျွန်းမှ အိန္ဒိယပြည်သို့ ရောက်လာသောအခါ ဗုဒ္ဓဂယာစေတီတော်ကြီးကို စီမံအုပ်ချုပ်ပုံသည် ကောင်းသင့်သလောက် မကောင်းသေးကြောင်း၊ မဟန့်ဘုန်းကြီးသည်လည်းကောင်း သည်ထက်ကောင်းအောင် မစီမံ မအုပ်ချုပ်နိုင်ကြောင်းကို သိရှိလေသည်။ ထို့ကြောင့် ဓမ္မပါလသည် မဟာဗောဓိအသင်းတိုက်ကို တည်ထောင်ပြီးလျှင် စေတီတော်ကြီး၏စီမံအုပ်ချုပ်ရေးကို အသင်း၏လက်သို့ လွှဲပြောင်းအပ်နှံသင့်သည်ဟု တောင်းဆိုလေသည်။

ဤထင်မြင်ချက်ကို ရရှိစေရန် ဗုဒ္ဓဘာသာများနှင့် ဟိန္ဒူဘာသာဝင်များ၏ စိတ်ကို လှုပ်ရှားစေရန်နှင့် အများ၏ ထင်မြင်ချက်များကို ရရှိစေရန် ဓမ္မပါလသည် ဖန်တီးခဲ့လေသည်။ ဓမ္မပါလကို ထောက်ခံ

**ဗုဒ္ဓဘာသာများသည် ဗုဒ္ဓဂယာကို အရေးတကြီးထားကာ ကြည်ညိုလေးစားယူဆသလို ဟိန္ဒူဘာသာဝင်များ မယူဆကြောင်း ဝန်ခံရပေမည်။**

သူများထဲတွင် အာရှတိုက်အလင်းရောင် (Light of Asia) ခေါ် စာအုပ်ကို ရေးသားစီစဉ်သူ ဆာ.အကဒ် ဝင်အာနိုး (Sir Edwin Arnold) လည်း ပါဝင်ပါသည်။ ၎င်းသည် (Sir Edwin Arnold) ဗုဒ္ဓဂယာစေတီတော်ကြီး စီမံအုပ်ချုပ်ရေးကို အကောင်းဆုံးသည် စီမံအုပ်ချုပ်နိုင်သော သူများ၏လက်ထဲမှာ ရှိထိုက်သည်ဟု ဘိလပ်အစိုးရနှင့် အိန္ဒိယအစိုးရသို့ မေတ္တာရပ်ခံရုံတွင်မက ပြည်သူပြည်သားများကိုလည်း မေတ္တာရပ်ခံခဲ့ပါသည်။ ထိုအရေးသည် အနာဂါရိကဓမ္မပါလနှင့် မဟန့်ဘုန်းကြီးများ တရားဖြစ်ရသည့် အခြေအနေသို့ ရောက်ရှိခဲ့လေသည်။ ထိုတရားဖြစ်ရာ၌ မဟန့်ဘုန်းကြီးက အနိုင်ရလေသည်။ သို့ရာတွင် ဓမ္မပါလသည် မိမိကြိုးစား အားထုတ်မှုကို လက်မလျှော့ခဲ့ချေ။

၁၉၂၂-ခုနှစ်တွင် ဂယာမြို့၌ ကွန်ကရက် အစည်းအဝေးကျင်းပသည့် အခါတွင် ဗုဒ္ဓဂယာစီမံအုပ်ချုပ်ရေး ပြဿနာတို့ကို ကွန်ကရက်အဖွဲ့ကြီး တင်ပြရန် ဆရာတော်ဦးဥတ္တမ ခေါင်းဆောင်သည့် မြန်မာပြည်မှ ဗုဒ္ဓဘာသာပေါင်း (၁၀၀)မျှ ထိုအစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။ ကွန်ကရက်ကော်မတီ အဖွဲ့က ထိုအရေးကို စုံစမ်း၍ အစီရင်ခံရန် ကျွန်ုပ်ကို လွှဲအပ်ခဲ့ပါသည်။ ထိုစဉ်အခါက အကြောင်းအမျိုးမျိုးကြောင့် တစ်စုံတစ်ရာ ထူးထူးခြားခြား မရှိခဲ့ပါ။ အခြားဗုဒ္ဓဘာသာများ၏ ကိုယ်စားလှယ်အဖွဲ့သည် ကာကင်နာဒါ(Kakinader) မြို့ ကွန်ဂရက်အစည်းအဝေးချိန်တွင် ရောက်လာကြပြီးလျှင် မဟာတ္တမဂန္ဓီဥက္ကဋ္ဌ အဖြစ်ဖြင့် ဆောင်ရွက်သော ဘယ်လဂွန်



(Belgaum) ကွန်ကရက်အစည်း အဝေးသို့လည်း တက်ရောက်ခဲ့ပါသည်။ ဂန္ဒီကြီး၏ ညွှန်ကြားချက်အရ ဗုဒ္ဓဂယာစေတီတော်ကြီး၏အရေးကို တစ်ဖန်ပြန်၍ အရေးယူဆောင်ရွက်ခဲ့ရပါသည်။ ထိုအရေးကို စုံစမ်းမေးမြန်းပြီးနောက် ဗုဒ္ဓဘာသာဝင်များ၏ တောင်းဆိုချက်သည် တရားသည်ဟု အတည်ပြုခဲ့ပါသည်။ သို့ရာတွင် ဟိန္ဒူဘာသာဝင်များသည် ဗုဒ္ဓဘုရားရှင်ကို (၉)ကြိမ်မြောက် ဗိဿနိုးနတ်ဝင်စားသည်ဟု အယူရှိကြပြီးလျှင် စေတီတော်ကြီး၏ ပရဝုဏ်အတွင်းမှာပင် ဘာသာရေးအခမ်းအနားများ ပြုလုပ်ကျင်းပသည်ကိုထောက်ထား၍ဗုဒ္ဓဂယာစီမံအုပ်ချုပ်ရေးကို အရာရှိများသာမက ဗုဒ္ဓဘာသာဝင်များနှင့် ဟိန္ဒူဘာသာဝင်ကိုယ်စားလှယ်များ ပါဝင်သော ကော်မတီအဖွဲ့တစ်ဖွဲ့သို့လွှဲအပ်သင့်သည်ဟုထင်မြင်ယူဆခဲ့ပါသည်။ ဤအကြံကို သဘောတူညီရေး မဟာန့်ဘုန်းကြီးကို ကြိုးစား၍ တိုက်တွန်းခဲ့ပါသည်။ သို့ရာတွင် မအောင်မြင်ခဲ့ချေ။ အကြောင်းမူကား ကွန်ကရက်အဖွဲ့ကဲ့သို့သော (အစိုးရအဖွဲ့မဟုတ်သော) အစည်းအရုံးတစ်ခုသည်အလိုရှိသောရည်ရွယ်ချက်ကို ပြီးမြောက်ပေါက်ရောက်စေရန် အစိုးရကိုယ်စားဥပဒေပြုလုပ်ခြင်းကို ထောက်ခံ၍ မဖြစ်နိုင်သောကြောင့်ဖြစ်ပါသည်။ ထိုသို့ဖြစ်ရကား ဤအရေးကိစ္စကို တစ်ဖန် ရပ်ဆိုင်းထားခဲ့ရပါသည်။

ဟိန္ဒူမဟာဆဘ အဖွဲ့ကြီးကလည်းစေတီတော်ကြီး၏ စီမံအုပ်ချုပ်ရေးကို တွဲဖက်ကော်မတီတစ်ခုသို့ လွှဲအပ်ရန် ကွန်ကရက်အဖွဲ့၏ ဆောင်ရွက်ချက် (အဆို)ကို ထောက်ခံခဲ့ပါသည်။ သို့ရာတွင် ထိုစဉ်အခါက ကွန်ကရက်အဖွဲ့မှာ ခွင့်ပြုနိုင်သောအမိန့်အာဏာမရှိသောကြောင့် ဤအရေးကိစ္စကိုတစ်စုံတစ်ရာ မဆောင်ရွက်နိုင်ဘဲဖြစ်ရပါသည်။ ၁၉၃၇-ခုနှစ်တွင်ပြည်သူ့ကိုယ်စားလှယ်များ ပထမဦးစွာ အာဏာရရှိလာသောအခါ ကွန်ကရက်အဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ သင့်လျော်သော ဥပဒေပြုလုပ်၍ စေတီတော်ကြီး၏ စီမံအုပ်ချုပ်ရေးကို ကော်မတီအဖွဲ့တစ်ဖွဲ့သို့ လွှဲအပ်ရန် ဗုဒ္ဓဘာသာဝင်များကရင်းတို့၏လိုလားချက်များကို တဖန်တင်ပြခဲ့ကြပါသည်။ သို့

**ရှိသေလေးမြတ်ခြင်း၊ ပူဇော်သက္ကာရပြုခြင်းကို အစဉ်အမြဲဆွဲဆောင်နိုင်သည့် မြင့်မြတ်သောဤနေရာသည် ဘုရားဖူးရာ နေရာဌာနတစ်ခုအဖြစ်ဖြင့် ပိုမိုဆွဲဆောင်နိုင်အားရှိစေရန်နှင့် ထိုနေရာကို ကောင်းသည်ထက်ကောင်းရန် ကြည့်ရှုစောင့်ရှောက်မည် ဖြစ်ပါသည်။**

ရာတွင်ကွန်ကရက်အစိုးရသည် ခေတ္တမျှသာတည်တံ့၍ထိုအလိုရှိသော ဥပဒေကို မပြုလုပ်နိုင်မီ အခြားသော အကြောင်းများကြောင့် ရာထူးမှ နုတ်ထွက်ခဲ့ရပြန်ပါသည်။ သို့ဖြစ်၍ ၁၉၃၉-ခုနှစ်မှ ၁၉၄၆-ခုနှစ်အထိ တစ်စုံတစ်ရာတိုးတက်ခြင်း မရှိခဲ့ပါ။ ၁၉၄၇-ခုနှစ်တွင် အိန္ဒိယပြည်သူပြည်သားတို့သည် ၎င်းနောက် လုံးဝလွတ်လပ်ရေးရသောအခါ ဥပဒေပြုလုပ်ရေးတာဝန်ကို တဖန်ယူ၍ ဆောင်ရွက်ရသောကြောင့် (Buddha Gaya Temple Act) ခေါ်ဗုဒ္ဓဂယာစေတီတော်အုပ်ချုပ်ရေးအက်ဥပဒေကို ၁၉၄၉-ခုနှစ်တွင် ပြုလုပ်ခဲ့ပါသည်။ တရားရုံးတော်၌ တရားစွဲလျက် ရှိသောကြောင့် အက်ဥပဒေသစ်၏ စည်းကမ်းအရ ဗုဒ္ဓဂယာစေတီတော်ကြီး စီမံအုပ်ချုပ်ရေးကို ဤမျှလောက်ကြာအောင် ရည်ရွယ်ထားသော ကော်မတီအဖွဲ့သို့ ယခုတိုင် မလွှဲအပ်နိုင်ဘဲ ဖြစ်ခဲ့ရပါသည်။

ရှိသမျှ အနှောင့်အယှက်များ ရှင်းလင်း၍ သွားပြီးနောက် အထက်အဆိုပါ ဥပဒေအရ မဟန့်ဘုန်းကြီး နာယကဖြစ်သော မဟန့်ဟာရိဟာဂိရိဘုန်းကြီးက စေတီတော်ကြီး စီမံအုပ်ချုပ်ရေးကို ခန့်အပ်ပြီးသော ကော်မတီအဖွဲ့သို့ လွှဲအပ်ခြင်းသည် ဝမ်းမြောက်ဖွယ်ရာအချက်ကြီးတစ်ရပ်ဖြစ်ပါသည်။ ကျွန်ုပ်သည် ထိုအရေးကိစ္စကို အရေးကြီးသော ကိစ္စတစ်ခုအနေဖြင့် မှတ်ယူကာ အားလုံးသော ပုဂ္ဂိုလ်များ၏ ကောင်းရာကောင်းကြောင်းဖြစ်လိမ့်မည်ဟုလည်း စိတ်အားထက်သန်စွာ မျှော်လင့်ပါသည်။ ယနေ့ ကျွန်ုပ်တို့ အောင်မြင်ချက်သည် ကား အနှစ်ခြောက်ဆယ်ကျော်လောက်က အနာဂါရိကဓမ္မပါလ ကြိုးစားလာခဲ့ခြင်း၏အကျိုးပင်ဖြစ်ပါသည်။ ဤကဲ့သို့ ပြီးစီးထမြောက်မှုအတွက် ကျွန်ုပ်သည် ဗုဒ္ဓဘာသာဝင်များကို ကောင်းချီးဩဘာမင်္ဂလာပြုပါသည်။ ထို့အတူ ဟိန္ဒူဘာသာဝင်များနှင့် မဟန့်ဘုန်းကြီး ဟာရိဟာဂိရိကိုပါ ကောင်းချီး ဩဘာမင်္ဂလာပြုပါသည်။

ရှိသေလေးမြတ်ခြင်း၊ ပူဇော်သက္ကာရပြုခြင်းကို အစဉ်အမြဲ ဆွဲဆောင်နိုင်သည့် မြင့်မြတ်သော ဤနေရာသည် ဘုရားဖူးရာနေရာဌာန တစ်ခုအဖြစ်ဖြင့် ပိုမိုဆွဲဆောင်နိုင်အားရှိစေရန်နှင့် ထိုနေရာကို ကောင်းသည်ထက်ကောင်းရန် ကြည့်ရှုစောင့်ရှောက်မည်ဖြစ်ပါသည်။ ထိုနေရာမှအဝေးအနီး ဘုရားဖူးများအား ကြိုဆိုခြင်းပြုပါမည်။ (ကြိုဆိုရန်လက်ကမ်းပါမည်)

ဗုဒ္ဓဘာသာနှင့်ဟိန္ဒူဘာသာသည် တစ်စုံတစ်ရာ ခိုက်ရန်ဖြစ်ပွားဖို့ အကြောင်းမရှိပါ။ ဤဘာသာကြီးနှစ်ရပ်လုံးသည် အိန္ဒိယပြည်တွင် နှစ်ပေါင်းများစွာ ယှဉ်တွဲ၍ ထွန်းလင်းလာခဲ့ပြီးလျှင် သန်းပေါင်းများစွာသော လူတို့အား ရှေ့ဆောင်လမ်းပြခြင်းနှင့် သုခချမ်းသာကို ပေးခဲ့ကြောင်း၊ ရာဇဝင်က သက်သေခံပြီးဖြစ်ပါသည်။ ဗုဒ္ဓဘာသာတရားတော်သည် ယခုအခါ အနည်းနှင့်အများဆိုသလို အိန္ဒိယပြည်မှ ကွယ်ပျောက်ခဲ့ပါသည်။ ထိုဘာသာကို ဟိန္ဒူဘာသာဝင်များက အတင်းအဓမ္မ နှင်ထုတ်ပစ်သည်ဟု မဆိုလိုပါ။

အကြောင်းရင်းအစစ်မှာမူကား ဟိန္ဒူဘာသာဝင်များသည် ဤဗုဒ္ဓဘာသာတရား၏များစွာသော တရားတော် အစိတ်အပိုင်းများကို လက်ခံ၍ ၎င်းတို့၏ဘာသာတရားထဲသို့ပူးပေါင်းထည့်သွင်း

ကို။ အာဂမ္မ၊ အာရဗ္ဘ ပြု၍။ ရာဂါဒယော၊ ရာဂအစရှိသည်တို့သည်၊ ယသ္မာ အကျင့်ကြောင့်၊ ခိယန္တိ၊ ကုန်ကုန်၏၊ တသ္မာ၊ ထို့ကြောင့်၊ ဧတံ၊ ဤအသင်္ခတဓာတ်ကို။ ရာဂက္ခယော၊ ဒေါသက္ခယော၊ မောဟက္ခယောတိ၊ ရာဂ၏ကုန်ရာ၊ ဒေါသ၏ကုန်ရာ၊ မောဟ၏ကုန်ရာ နိဗ္ဗာန်ဟူ၍၊ ဝုတ္တံ၊ ဆိုအပ်၏၊ ။

ထိုသို့ဟောတော်မူသော အဓိပ္ပာယ်မှာ။ ရာဂဒေါသမောဟ အစရှိသော သင်္ခါရတရားတို့သည်၊ နိဗ္ဗာန်သို့ရောက်လျှင်ကုန်ခန်းခြင်းသို့ရောက်ခြင်း ကြောင့်။ နိဗ္ဗာန်မည်၏ဟု ဆိုသောကြောင့်။ အချို့သောသူတို့က။ နိဗ္ဗာန်သို့ ရောက်လျှင် အကြွင်းအကျန်မရှိကုန်ခန်းခြင်းသို့ရောက်၏ဟူ၍ သဘော ပိုက်ယူပြီးလျှင်။ မီးမီးလျှံသည်ဆိုအားမရှိသော်။ များစွာသော သတ္တဝါတို့ကို လည်း။ မီးကဲ့သို့ ပေါက်ပြန်မှားရှင်းစေခြင်းငှာ။ နိဗ္ဗာန်သည်အဘာဝ မတ္တ၊ ဘာဝမျှမရှိ ပျောက်ဆုံး၍သွားသည်ဟု ဟောပြောသော ဆရာတို့သည်၊ ဥပမာပုံဆိုသည်ရှိသော်။ ဧးစေပို့ဟုတရားနာ။ ပူဇာစကိုဟောဆိုဘိသကဲ့သို့။ အားထုတ်ရသောအကျိုးသည်၊ ဘာဝမျှမရှိပါတကားဟု။ နှစ်လုံး၏ ပူပန်ခြင်းတို့သည်၊ ဖြစ်ကုန်ရာ၏၊ ။ ထိုသမ္မောဟဝိနောဒနီအဋ္ဌကထာ ဆိုအပ်သောသဘောမှာ။ ရာဂဒေါသမောဟနှင့်တကွ။ ပြုပြင်စီရင်တတ် သော။ သင်္ခါရတရားတို့သာ၊ ချုပ်ခြင်းဆုံးခြင်းသို့ရောက်သည်၊ မပြုပြင်မစီ ရင်တတ်သော၊ အသင်္ခတဓာတ်သည်၊ ကြွင်းကျန်၍ချမ်းသာစွာ ခံစားရ၏ဟူ သောအဓိပ္ပာယ်ကိုဆိုလိုသည်။ ။ ထို့ကြောင့်နိဗ္ဗာန်သည်အထင်အရှား ရှိသည်ဟုမှတ်ရမည်။ ရှိသော်လည်းအရိယာပုဂ္ဂိုလ်မှ၊ သိနိုင်သည်။ အရိ ယာတို့မှသိနိုင်သည်ဟုဆိုလျှင်။ ပုထုဇန်တို့သည်။ တစုံတရောက်မျှမသိ နိုင်ဟူသောစကားသည်ကျရောက်ခဲ့၏။ သုတဗုဒ္ဓဖြစ်သောကလျာဏပု ထုဇန်သည် နိဗ္ဗာန်ကိုသိမြင်နိုင်ကြောင်းကိုလည်းနောက်က ဆိုခဲ့ပြီ။

နိဗ္ဗာန်ကိုရခြင်း၏ အကြောင်းကိုပြလိုက်ဦးအံ့။

နတ္ထိသုဘံတေဘသာဘိ အသုဘော။ ။ ဧတေသ၊ ထိုအသုဘသုံးဆယ့်နှစ်ပါးသော ဒွတ္တိံသကာယဟုဆိုအပ်သော အပုံအရုနှင့်တကွဖြစ် သောအကောင်ပုတ်အား။ သုဘံ။ ။ ကောင်းမွန်တင့်တယ်ခြင်းသည်၊ နတ္ထိ၊ မရှိ၊ ဣတိဘသ္မာ။ ထို့ကြောင့်၊ အသုဘော၊ အသုဘမည်ကုန်၏၊ ။ ဤကား အနက်။ ။ သဗ္ဗေ ဓမ္မာ၊ အသုဘဘာအသုဘသညာ၊ ပဿန္တော ရာဂေါ နဿတိ၊ ။ သဗ္ဗေ၊ အသက်ရှိသောအခါ၌လည်းကောင်း။ အဇီဝ၊ အ

သက်မရှိသောအခါ၌လည်းကောင်း။ အသင်္ခတ၊ အသင်္ခတဖြစ်သောတရားကို၊ အသင်္ခတသညာ၊ အမ္ဗာဒိပညာဏ်ဖြင့်သက်ဝင်၍၊ ပဿန္တော၊ ရှုကြည့်သောပုဂ္ဂိုလ်အား၊ ရာဂေါ၊ လောဘဟုဆိုအပ်သော ရာဂသည်၊ န ရဇ္ဇတိ၊ မရစ်မူး၊

အဓိပ္ပါယ်ကား။ ။ခန္ဓာပဥ္စကဖြစ်သော သင်္ခါရအသင်္ခတကို၊ အသင်္ခတဟုအမ္ဗာဒိပညာဏ်နှင့်သက်ဝင်၍ဆင်ခြင်သောပုဂ္ဂိုလ်အား၊ လောဘဒေါသ မောဟမရှိ။ တဏှာတည်းဟူသော တင်ကြွင်း ကင်းသည်ဖြစ်၍၊ (၀၅၀၀)ကိလေသာတို့ သည်တဒင်္ဂအားဖြင့်ပယ်ကုန်၏၊ ဆိုသို့သော သညာကိုပင်အမြိုက်နိဗ္ဗာန်တည်းဟူသော အရသာကိုရ၍၊ သုံးဆောင်အပ်သည်ဟုဆို၏။ ။ထို့ကြောင့်၊ ။အမတန္တံ ဘိက္ခဝေ ပရိဘုဉ္ဇန္တိ ယေ ကာယဂတာသတိံ ပရိဘုဉ္ဇန္တိ။ ။ဘိက္ခဝေ၊ သံသရာစက်ဝဲ၌ရက်ဌ၊ လွတ်ထွက်ရလို ရောက်ရှိသည့်အရိယာရဟန်းတို့။ ယေပုဂ္ဂလာ၊ အကြင်ပုဂ္ဂိုလ်တို့သည်၊ ကာယဂတာသတိံ၊ ဒွတ္တိံသ ကာယကောဋ္ဌာသကို၊ ပရိဘုဉ္ဇန္တိ၊ သင်္ချာယ်ခြင်း ဆင်ခြင်ခြင်းဖြင့်သုံးဆောင်ကုန်၏၊ တေပုဂ္ဂလာ၊ ထိုပုဂ္ဂိုလ်တို့သည်၊ အမတံ၊ မသေရာဖြစ်သောအမြိုက်နိဗ္ဗာန်ကို၊ ပရိဘုဉ္ဇန္တိ၊ သုံးဆောင်ခံစားရကုန်၏၊

ထိုကာယကောဋ္ဌာသအားသုံးသပ်ဆင်ခြင်ရာ၌ ဝန်ဆင်းရဲမှငြိမ်းငြေ့၍ဘုံသုံးပါး၌တပ်ခြင်းကင်း၍ သင်္ခါရတရားမှချုပ်ငြိမ်း။ ကိုယ်စိတ်ငြိမ်းခြင်းဖြစ်၏၊ ထူးသောညာဏ်ဖြင့်သက်ဝင်၍သစ္စာလေးပါးကိုသိစွမ်းနိုင်၏။ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်၏၊ ထို့ကြောင့်ပါဠိတော်၌၊

ဧကဓမ္မော ဘိက္ခဝေ။ ဘာဝိတော၊ ဗဟုလီကတော။ ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ။ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ကတမော ဧကဓမ္မော။ ကာယဂတာသတိ။

ဘိက္ခဝေ၊ သံသရာဝဋ်ဝဲအလုံးကို။ ကျော်ချင်လှ၍ ရှိသော ငါ၏ချစ်သားရဟန်းများတို့။ ဘာဝိတော၊ ပွားစေအပ်သော၊ ဗဟုလီကတော၊ အကြိမ်များစွာသရဇ္ဈာယ်အပ်သော။ ဧကဓမ္မော၊ တခုသောတရားသည်၊ ဧကန္တနိဗ္ဗိဒါယ၊ စင်စစ်ဝဋ်ဆင်းရဲကိုငြီးငွေ့ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏၊ ဝိရာဂါယ၊ တပ်ခြင်းကင်းခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏၊ အဘိညာယ၊ ထူးသောညာဏ်ဖြင့်သိခြင်းငှါ၊ နိရောဓာယ၊ သင်္ခါရတရား၏ချုပ်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ အဘိညာယ၊ ထူးသောညာဏ်ဖြင့်သိခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏၊

သမ္ဗောဓာယ သစ္စာလေးပါးတရားကိုသိခြင်းငှာ။ သံဝတ္တတိ။ ဖြစ်၏။ နိဗ္ဗာနာယ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ ဧကဓမ္မော၊ တခုသော တရားသည်။ ကတမော၊ အဘယ်တရားနည်းဟူမူကား။ ကာယဂတာသတိ၊ ဣတိ သကာယဂတာကမ္မဋ္ဌာန်းလျှင်တည်း။

ဤသို့အင်္ဂုတ္တိုရ်ဧကနိပါတ်ပါဠိတော်၌။ ဟောတော်မူအပ်သော။ အဓိပ္ပါယတ္ထတို့ကိုဆင်ခြင်လိုက်လျှင်အမတဓာတ်ဟူ၍လည်းကောင်း။ နိဗ္ဗာနာယသံဝတ္တတိဟူ၍လည်းကောင်းဟောတော်မူသောကြောင့်၊ ခံစားစံစားရာဖြစ်သောနိဗ္ဗာန်သည် ဧကန်ရှိ၏ဟုမှတ်ရမည်။ အချို့သောသူတို့ကား။ စာတို့ကြွက်ကိုက်တမိုက်တထွာကို ကြည့်ပြီးလျှင် ဥပနိသျှ။ ထိုစေ့ါဒေသနည်းနာနယတို့ကိုလည်း။ တရတချမျှမရဘူးဘဲနှင့် ဟုတ်လိမ့်နိုးနိုး၊ ဆင်ကန်းတို့သို့။ ဆိုသောစကားသည်ဓမ္မသာရကိုးခန်းပျို့တွင် ဆိုသောစကားကဲ့သို့၊ အကိုးအကားတစုံတခုမရှိမိမိထင်ရာကိုပြောဟောသော ဆရာတို့၏စကားသည် အလွန်အံ့ဩဘွယ်ဖြစ်ပေသည်ဟု။ ပညာရှိတို့စိတ်နှလုံးတွင်ပြုံးရယ်ခြင်းအကြောင်းဖြစ်ရာသည်။ အကိုးအကား အထောက်အထားမရှိဘဲနှင့်။ မိမိထင်ရာကိုဟောပြောသောဆရာတို့သည်။ ပေါင်ဖြင့်ဓါးတောင်းကြိုက်သောသူနှင့်တူသည်ဟူ၍မှတ်ရမည်။ ဥပမာတနည်းဆိုပြန်သည်ရှိသော်။ ဝါးခြမ်းကိုမြင်းလုပ်၍စီးသောသူငယ်နှင့်တူသည်။ ဝါးခြမ်းကိုမြင်းလုပ်၍စီးသောသူငယ်သည်အဘယ်သို့နည်းဟုဆိုသော်။ မိမိစီးသောမြင်းကား။ မြင်းစစ်မဟုတ်သောကြောင့်။ မြင်းဇပြေးလေလူမောလေဖြစ်သကဲ့သို့။ အကိုးအကားကျမ်းဂန်မရှိပဲနှင့်ထင်ရာကို ပြောဟောသောဆရာတို့၏စကားသည်။ ကြွပ်ကြွပ်ပြောလေ၊ ကြွပ်ကြွပ်မှားလေဟုမှတ်ရမည်၊ ။ဤသို့ပြခဲ့ခြင်းသည်။ အင်္ဂုတ္တိုရ်ဧကနိပါတ်ပါဠိတော်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌လာသောစကားဖြင့်ဖြစ်သည်။ ။

လက္ခဏာပကာသနီဋီကာပါဌ်၌လည်း။

ဝိသုဒ္ဓိံ ပတ္တုကာမေန။ ကုလပုတ္တေန ဥပသမ္ပဇ္ဇ ပရိသုဒ္ဓံ သီလမဂ္ဂေ ဝ
သာဒွယံ ပညာယ ဘုဒ္ဓိ ဘုဒေ သတ္တသဒ္ဓါဒိသု အသေသတော။ ဥဂ္ဂဟာ
ဒိ ဝသေန ဝဂကတွာ ဉာဏပရိစယံ ဓမ္မာနံ နာမရူပါနံ ဂဏ္ဌနော။
ဝိယာဘာရကံ လက္ခဏာဒိ ပရိဂ္ဂဟ္ဗ သမသေယျ အတန္တိတော။ လက္ခ
ဏာဒိ သုဉာဏော ဓမ္မာ ဓိမဝ ဘဝန္တိ ဟိ အဝိဘုတေသု ဓမ္မေသု
ဟောတိ ဒိဋ္ဌိဝိသုဒ္ဓိယာ။

ဝိသုဒ္ဓိရထမာရုယှ၊ သေအတ္တာတိသညိတံ၊
ကုဓဂ္ဂံ ပရိဝဇ္ဇေန္တော၊ သိဝံဂစ္ဆန္တိ၊ သာဓဝေါ။ ။
ထက္ကဏာဂကာ သနိဋ္ဌိကာပါဌ်။

ဝိသုဒ္ဓိံ။ စင်ကြယ်သောနိဗ္ဗာန်သို့။ ပတ္တုကာမေန။ ရောက်ခြင်းငှါအလိုရှိသော။ ဘုသပုဂ္ဂလေန။ အမျိုးကောင်းသားသည်။ သဒ္ဓါသနေ။ မြတ်စွာဘုရားသာသနာ၌တည်နိုက်။ သီလဗိတ္တဝသာ၊ သီလဝိသုဒ္ဓိ ဓိတ္တဝိသုဒ္ဓိအစွမ်းအားဖြင့်။ စွယ်။ ဝိသုဒ္ဓိနှစ်ပါးအပေါင်းကို။ ပဌမံ၊ ရှေးဦးစွာ၊ ဥပသမ္ပဇ္ဇ။ ပြည့်စုံစေ၍။ ဝညာယ၊ ဝိပဿနာပညာ၏။ ဘူမိဘူတော၊ အရာဖြစ်၍ဖြစ်ကုန်သော။ ခန္ဓာဒိသု ခန္ဓာအစရှိသည်တို့၌နိုက်။ အသေသတော။ အကြွင်းမရှိသောအားဖြင့်။ ဥဂ္ဂဟာဒိဝသေနေဝ။ သင်ခြင်း၊ မေးမြန်းခြင်း၊ ဆောင်ရွက်ခြင်း၊ ကြံခြင်း၊ ညာဏ်ဖြင့်ဆင်ခြင်နိုင်ခြင်းအစရှိသည်တို့၏အစွမ်းအားဖြင့်သာလျှင်။ ညာဏပရိစယံ။ ညာဏ်လေ့ကျက်ခြင်းကို။ ကတွာ။ ပြုပြီး၍။ ဂဂဏတော့ ထေဝကောင်းကင်ပြင်၌။ တရုဏံ၊ ကြွယ်အပေါင်းကို။ ဂဏ္ဍန္တော ဥယ၊ ဆွတ်ဘိသကဲ့သို့။ နာမရူပါနံ၊ မွှာန်နံ့ ရုပ်တရားတို့၏။ သက္ခဏာဒိ၊ လက္ခဏာအစရှိသည်တို့ကို။ ပရိစ္ဆိန္ဒ။ ပိုင်းခြား၍။ ဒိတန္တ တော၊ ပျင်းမရိ။ သမ္မသေယျ။ သုံးသတ်ဆင်ခြင်ရာ၏၊ ဟိ၊ သုံးသတ်ဆင်ခြင်ခြင်း၏ အကျိုးကို ဆိုဦး

အံ့။ ။ လက္ခဏာဒိသု၊ လက္ခဏာအစရှိသည်တို့ကို၊ ညာဏေသု။ သိအပ်ကုန်သည်ရှိသော်၊ ဓမ္မော၊ တရားတို့သည်၊ အဝိဘာဝန္တိ၊ ထင်စွာဖြင်ကုန်၏။ ဓမ္မေသု၊ ရုပ်နံ့တရားတို့သည်၊ ဝိဘူတေသု။ ထင်စွာဖြင်ကုန် သည်ရှိသော်။ သာဒိဓိဝိသုဒ္ဓိယာ၊ ထိုဒိဋ္ဌိဝိသုဒ္ဓိသည်၊ ဟောတိ၊ ဖြစ်၏။ ဝိသုဒ္ဓိရထံ၊ ဝိသုဒ္ဓိတည်းဟူသောရထားထက်သို့၊ အာရုယှ။ တက်စီး၍။ သေ ဇသော၊ ဤခန္ဓာနံ ရုပ်အပေါင်းသည်၊ မေ၊ ငါ၏၊ အတ္တာ၊ ကိုယ်တည်း။ ဣတိ သညိတံ၊ ဤသို့ဘောက်ပြန်ရှင်းချွတ်မှတ်ထင်တတ်သော၊ ကုမဂ္ဂံ။ စက်ဆုတ်ရွံရှာဘွယ်သော။ သက္ကာယဒိဋ္ဌိတည်းဟူသောလမ်းခရီးကို။ ပရိဝဇ္ဇေန္တော။ ကြဉ်ရှောင်လျက်။ သာဓဝေါ၊ သူတော်ကောင်းတို့သည်၊ သိဝံ။ နိဗ္ဗာန်တည်းဟူသောမြို့ကြီးသို့။ ဂစ္ဆန္တိ။ သွားစေကုန်သတည်း။ ။ ဤကားအနက်။

ဤသို့ထက္ကဏာပကာ သနိဋ္ဌိကာပါဌ်တွင်။ ဝိသုဒ္ဓိံ ပတ္တုကာမေန။ ဟူသောပါဌ်ဖြင့်လည်းကောင်း။ သိဝံ ဂစ္ဆန္တိ သာဓဝေါ ဟူသောပါဌ်ဖြင့်လည်းကောင်း။ ဆင်ခြင်စင်းစားလိုက်လျှင်၊ နိဗ္ဗာန်သည်ဇကန်နိဋ္ဌရှိခြင်းကြောင့်။ သွားခြင်းရောက်ခြင်း ဟူသောစကားကို ဆိုနိုင်ရာသည်။ ထိုသို့ဆိုခြင်း

ကြောင့်နိဗ္ဗာန်သည်၊ထင်ရှားရှိ၏ဟူ၍အမြဲမှတ်ကြရမည်။ ။ချုပ်ခြင်း၏အကြောင်း။ မဂ်ဖိုလ်ကိုရခြင်း၏ အကြောင်း၊ မဂ်ဖိုလ်ကို ရနိုင်သောပုဂ္ဂိုလ်ရအံ့သောအခါကာလ၊နိဗ္ဗာန်သို့ရောက်ခြင်း၏ အကြောင်းများကိုကျမ်းဂန်နှင့်ကြည့်၍ဆိုလိုက်ဦးအံ့။ ။

ဝိသုဒ္ဓိမဂ်ကျမ်းတွင်လည်း။

ရူပဝေဒနာသညာသင်္ခါရဝိညာဏဝနိမိတ္တတောဝုဋ္ဌာတီတိဝုဋ္ဌာနံ။ ။ ရူပဝေဒနာသညာ သင်္ခါရဝိညာဏနိမိတ္တတော။ရုပ်ဝေဒနာသညာသင်္ခါရဝိညာဏ်ဟုဆိုအပ်သောနိမိတ်မှ၊ဝုဋ္ဌာတိ၊ထမြောက်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ဝုဋ္ဌာနံ၊ဝုဋ္ဌာနမည်၏။ ။ဝုဋ္ဌာနံ ဂစ္ဆတိ။ ပစ္စယဘာဝေနာတိ ဝုဋ္ဌာနဂါမိနီ၊ ။ဝုဋ္ဌာနံ၊နိမိတ်မှထမြောက်တတ်သောသောမဂ်သို့။ ပစ္စယဘာဝေန၊အကြောင်း၏အဖြစ်ဖြင့်၊ဂစ္ဆတိ၊ရောက်တတ်၏။ဣတိ တသ္မာ၊ ထို့ကြောင့်။ဝုဋ္ဌာနဂါမိနီ၊ဝုဋ္ဌာနဂါမိနီမည်၏။ ။

ဝုဋ္ဌာနဂါမိနီဝိပဿနာဟုဆိုခြင်းကြောင့်၊မဂ်ရှေ့ဖြစ်သောသင်္ခါရုပေက္ခာဉာဏ်၊အနုလောမဉာဏ်။ဂေါတြဘုဉာဏ်ဟုဆိုအပ်သောသုံးပါးအပေါင်းသည်။မဂ်၏အမည်ပင်ဝုဋ္ဌာနဟုဆို၏၊ဝိပဿနာမဂ္ဂပုဂ္ဂိုလ်အား ပါဒကဈာန် ဟုဆိုရခြင်းသည်၊ ဝုဋ္ဌာနဂါမိနီဝိပဿနာဇော၏ အခြေဖြစ်သောကြောင့်၊ ပါဒကဈာန် ခေါ်ရ၏၊ ထိုသို့ပါဒကပြုသော်၎င်း။ မပြုသော်၎င်း။ လောကီကို၎င်း။ တေဘုမ္မကကိုလည်းကောင်း။ လက္ခဏာထင်၍ စီးဖြန်းသည်မှ။မဂ်၏ရှေ့ဂေါတြဘုတိုင်အောင် ဇောသမျှဇောကို။လောက သုံးပါးမှထွက်မြောက်ကြောင်းဖြစ်သောကြောင့်။ ဝုဋ္ဌာနဂါမိနီဝိပဿနာ ဇောဟုခေါ်ဝေါ် ပညတ်အပ်၏။ ။တနည်းလည်း။ ။သင်္ခါရုပေက္ခာ ဉာဏ်သည်။မဂ်သို့ရောက်ခါနီးဖြစ်သောကြောင့်။ ဝုဋ္ဌာနဂါမိနီဉာဏ်ဟူ၍လည်းကောင်း။ ဝိပဿနာဉာဏ်၏အထွဋ်အထိပ်သို့ရောက်၍။ သိခါ ပတ္တဝိပဿနာဟုဆိုကုန်၏။ ။၎င်းမဂ်သည်သင်္ခါရနိမိတ်။ ကိလေသာ ခန္ဓာ တို့ဖြစ်ခြင်းမှ။ ထမြောက်သောကြောင့် ဝုဋ္ဌာနမည်၏။ ထိုဝုဋ္ဌာနသို့ ရောက်တတ်သောအားဖြင့်၊ဝုဋ္ဌာနဂါမိနီမည်၏။ ဤသို့မဂ်ကိစ္စဖြစ်သော ပရိကံ၊ဥပစာ၊အနုလုံ။ဂေါတြဘူ၊ဝေါဒါန်ဟူရာ၌ကား။တခုခုသောသမထ အာရုံဝိပဿနာစသည်တို့ကို။ရှေ့ရှုတင်သဖြင့်ထိုသမထအာရုံဝိပဿနာ အာရုံတို့မှ။သင်သောကာလ။ အပ္ပနာသို့ရောက်၏ဟုဆိုသည်။ ။ထိုအပ္ပ

နာမိတ်းကိုပင်လျှင်ဝိတက်ဖျာန်ဆည်းမည်၏၊ ။ဝိတက်ဖျာန်ဖြင့်သေသော မထေဝိပဿနာ အာရုံ့ရှိသည့်၊ပရိကံမည်၏၊ ထိုပရိကံဖြင့်သောအာရုံမှ၊ မပျောက်မကွယ်စေ၍၊ အပ္ပနာ၏အနီးဖြစ်သည်ကို၊ ဥပစာဆိုသည်၊ ထို အပ္ပနာ၏အနီးဥပစာဖြစ်သော ပရိကံကိုအားထုတ်နိုင်ဆဖြင့်၊လျှင်သော အမျိုးဖြစ်ချခြင်းသည်အနုလုံမည်၏၊ ဤအပ္ပနာ၏လျှင်သောပရိကံကို၊ အ ဘန်ဘန်အားထုတ်ခြင်း။ရုပ်နံခန္ဓာတို့ကို၊ ဝိပဿနာဉာဏ်ဖြင့်၊ သုံးသပ် ဆင်ခြင်ခြင်း၌ထင်စွါဖြစ်ကုန်သောကြောင့်၊သဘာဝမ္မကင်နိဗ္ဗာန်၌ ဦးငွ သောစိတ်ဖြစ်၍၊မဟာကုသိုလ်ပဌမဖွဲ့နှင့်တကွ၊အလောဘပြဋ္ဌာန်းသော စေတနာကိုဂေါတြဘုဟုဆိုသတည်း၊ဤဂေါတြဘုဉာဏ်သည်၊ ကာမ အနွယ်ကိုရင်း။တေဘုမ္မကကိုရင်း၊ ဖြတ်၍ နိဗ္ဗာန်ကိုအာရုံပြုနိုင်၏၊ ဤကု သိုလ်အကုသိုလ်ကံတို့ကြောင့် ဖြစ်သော၊ ပုညာဘိသင်္ခါရ၊ အ ပုညာဘိ သင်္ခါရ အာနေဉ္ဇာဘိသင်္ခါရဟူသောစေတနာသုံးပါးသည်၊ တေဘုမ္မကဝဋ် ဒုက္ခ၌၊ကျရောက်နစ်မွန်းတတ်လေသော ကံသုံးမျိုးဖြစ်၍၊ ထိုစေတနာကံတို့ ကိုကုန်စေသဖြင့်ထွက်မြောက်နိုင်ခြင်းမဂ္ဂမပဋိပတ်အကျင့်မြတ်ဖြစ်သော မဂ္ဂင်ရှစ်ပါးတရားတော်မြတ်ကိုဟောတော်မူသည်ကား၊

အဋ္ဌမေ ဘိက္ခဝေ ဓမ္မာ ဘာဝိတာ ဗဟုလီကတာ။ အပါရ
ပါရံဂမနာယသံဝတ္တန္တိ။ကတမေ အဋ္ဌသေယျထိဒံ၊သမ္မာဒိဋ္ဌိသမ္မာ
သင်္ကပ္ပော၊သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊သမ္မာ
ဝါယာမော။သမ္မာသတိ၊သမ္မာသမာဓိ၊ဣမေခေါဘိက္ခဝေအဋ္ဌဓမ္မာ။
ဘာဝိတာဗဟုလီကတာ၊အပါရံပါရံဂမနာယသံဝတ္တန္တီတိ။ ။
ဟူ၍ဟောတော်မူသည်။ ။

ဘိက္ခဝေ၊ရဟန်းတို့။အဋ္ဌ၊ရှစ်ပါးကုန်သော။ဣမေဓမ္မာ၊ဤမဂ္ဂင်ရှစ်ပါးတ ရားတို့ကို၊ဘာဝိတာ၊ပွါးအပ်ကုန်သည်ရှိသော်။ဗဟုလီကတာ၊အကြိမ်များ စွာပြုအပ်ကုန်သည်ရှိသော်။ အပါရာ၊ထောကသုံးပါးဟူသောဤမှာဘက် ကမ်းမှ။ပါရံ၊နိဗ္ဗာန်ဟူသောထိုမှာဘက်ကမ်းသို့။ဂမနာယ၊ရောက်ခြင်းအ ကျိုးငှါ၊သံဝတ္တန္တိ၊ဖြစ်ကုန်၏။ ဣမေအဋ္ဌ၊ ဤမဂ္ဂင်ရှစ်ပါးတို့ဟူသည်။ သေ ယျထာကတမေ၊အဘယ်သည်တို့နည်းဟူမူကား။သမ္မာဒိဋ္ဌိ၊ကောင်းသော မြင်ခြင်းသည်းကောင်း၊ သမ္မာသင်္ကပ္ပေါ၊ ကောင်းသောအကြံဖြင့်ကြံခြင်း သည်းကောင်း၊သမ္မာဝါစာ၊ ကောင်းသောစကားကိုဆိုခြင်းသည်းကောင်း။

သမ္မာကမ္မန္တော၊ ကောင်းသောအမှုကို ပြုခြင်းလည်းကောင်း၊ သမ္မာအာဇီဝေါ၊ ကောင်းသောအသက်မွေးခြင်း လည်းကောင်း၊ သမ္မာဝါယာမော၊ ကောင်းသောလုံ့လပြုခြင်းလည်းကောင်း။ သမ္မာသတိ၊ ကောင်းသောအောင်းမေ့ခြင်းလည်းကောင်း။ သမ္မာသမာဓိ၊ ကောင်းသောတည်ကြည်ခြင်းလည်းကောင်း။ ဘိက္ခဝေ၊ ငါဖြင့်ချစ်သားရဟန်းများကို။ ခေါ၊ စင်စစ်။ ဇ္ဈာမေအဥ္ဆမ္မော၊ ၍ရှစ်ပါးသောမဂ္ဂင်တရားတို့ကို။ ဘာဝိတာ၊ ပွါးအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာပြုအပ်ကုန်သည်ရှိသော်။ အပေါရေ၊ လော့ဇ်သုံးပါးဟူသော ၍ရှာဘက်ကမ်းမှ။ ပါရံ၊ နိဗ္ဗာန်ဟူသော ထိုမှာဘက်ကမ်းသို့။ ဂမနာယ၊ ရောက်ခြင်းအကျိုးငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏၊ ဣတိ၊ ၍သို့၊ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။

ဟူ၍ဟောတော်မူအပ်သော မဂ္ဂင်ရှစ်ပါး တရားတော်မြတ်၌။ ဘာဝိတာ။ ဗဟုလီကတာပါဠိတော်အရ။ မဂ်နှင့်ဆိုင်သောတရားအပေါင်းတို့ကို။ ဘာဝနာမယဉာဏ်ဖြစ်အောင်ပွါးများရခြင်း။ အကြိမ်ကြိမ်အားထုတ်ရသော၊ ဝိပဿနာပညာ၊ မဂ်ဖိုလ်ပညာတို့သည်။ အလင်းဟူသောဝိဇ္ဇာ တရားဖြစ်၍၊ ဘုံသုံးပါး၌ပြစ်ချစေတတ်သောအဝိဇ္ဇာမောဟ၊ ကုသိုလ်အကုသိုလ်စေတနာကံ တို့ကိုကုန်စေနိုင်သဖြင့်။ စင်စစ်မဂ်ဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန်တိုင်မြေ့ဲ။ ရောက်နိုင်မည့်ဟုလိုသတည်း၊ ထိုမဂ္ဂင်တရား၄ှစ်ပါးတို့တွင်ပါဝင်သော။ သမ္မာဝါစာ။ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝသုံးပါးသည်။ သီလမည်၏။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမ္မာဓိသည်။ သမာဓိမည်၏။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပနှစ်ပါးသည်။ ဝိပဿနာပညာမည်၏။ ၍သုံးပါးသော၊ သီလသမ္မာဓိပညာတရားတို့သည်။ လောကသုံးပါး၄လွတ်မြောက်နိုင်ခြင်းဖြစ်၍။ လူနတ်တို့၏ထွဋ်ထားဘုရားမြတ်စွာဟောတော်မူသည်ကား။

သီလံသမ္မာဓိ ပညဉ္စ၊ မဂ္ဂဗောဓာယဘာဝယံ။ ။

ပတ္တောသဗ္ဗပရမံသုဒ္ဓိံ၊ နိဗ္ဗာနံ တွမသိအန္တကာ။ ။

အန္တကာ၊ လောကကိုဖျက်ဆီးတတ်သောမာရ်နတ်။ အဟံ၊ ငါဘုရားသည်။ သီလံ၊ အဓိသီလကိုလည်းကောင်း၊ သမ္မာဓိံ၊ အဓိစိတ္တဟူသောသမ္မာဓိကိုလည်းကောင်း၊ ပညဉ္စ၊ အဓိပညာဟူသောဝိပဿနာပညာကိုလည်းကောင်း။ မဂ္ဂံ၊ အရဟတ္တမဂ်ကိုလည်းကောင်း။ ဗောဓာယ၊ သိခြင်းငှါ။ ဘာဝယံ၊ ပွါးစေသည့်ဖြစ်၍။ ပရမံ၊ အမြတ်ဆုံးဖြစ်သော။ သုဒ္ဓိံ၊ ကိလေသာတို့၏စင်ကြယ်ရာဖြစ်သောနိဗ္ဗာန်ကို။ ပတ္တော၊ ရောက်သည်။ အသမ္မိ၊ ဖြစ်ပြီ၊ တွံ၊ သင်

မာရ်နတ်မှုကား၊ နိဟတော သံသရာဝဋ်နှိက် ဆင်းရဲသည်၊ အသိဖြစ်၏။ ။ဤသို့မဂ်ဖိုလ်ရကြောင်းလမ်းအစဉ်အားဖြင့်ဟောတော်မူ၏။ ။

အဓိပ္ပါယ်ကား။ ။ရှေးဦးစွာသီလကိုဖြစ်စေရမည်၊ ထိုနောင်သမ္မာဓိကိုဖြစ်စေရမည်၊ သမ္မာဓိထားရပြီးမှ၊ ဝိပဿနာပညာကိုဖြစ်စေသဖြင့်၊ မဂ်ဖိုလ်ရ၏ဟုလိုသည်၊ သီလသည် သမာဓိ၏ကြီးပွားခြင်းအမွှန်ဖြစ်၏၊ သမာဓိသည်လည်းပညာတရားကြီးပွားရာအကြောင်းဖြစ်၏၊ သို့သီလသမ္မာဓိနှစ်ပါးနှင့်ပြည့်စုံသောပညာသည်သာလျှင်၊ ကိလေသာအာသဝအပေါင်းတို့ကိုပိုင်းဖြတ်၍၊ လေးပါးသောမဂ်သို့ရောက်နိုင်ရာသည်၊ ။ထိုကြောင့် ပါဠိတော်နှိက်။

သီလပရိဘာဝိတော။ သမ္မာဓိမဟပ္ဖလောဟောတိ၊ မဟာနိသံ
သောပညာပရိဘာဝိတံစိတ္တံသမ္မဒေဝအာသဝေဟိဝိမုစ္စတိ၊

သီလပရိဘာဝိတော၊ သီလဖြင့်ဖြစ်စေအပ်ပွားစေအပ်သော၊ ထုံအပ်ခြံရံအပ်သော၊ သမ္မာဓိ၊ သမ္မာဓိသည်၊ မဟပ္ဖလော၊ ကြီးသောအကျိုးရှိသည်။ မဟာနိသံသော၊ အာနိသံအကျိုးစက်ကြီးသည်၊ ဟောတိ၊ ဖြစ်၏၊ သမ္မာဓိပရိဘာဝိတာ၊ သမ္မာဓိဖြင့်ဖြစ်စေပွားစေအပ်ထုံအပ်ခြံရံအပ်သော၊ ပညာ၊ ပညာသည်၊ မဟပ္ဖလာ၊ ကြီးသောအကျိုးရှိသည်၊ မဟာနိသံသာ၊ အာနိသံအကျိုးစက်ကြီးသည် ဟောတိ၊ ဖြစ်၏၊ ပညာပရိဘာဝိတံ၊ ပညာဖြင့်ဖြစ်စေပွားစေအပ်ထုံအပ်ခြံရံအပ်သော၊ စိတ္တံ၊ စိတ်သည်။ သမ္မဒေဝ၊ အကြွင်းမရှိကောင်းစွာသာလျှင်၊ အာသဝေဟိ၊ ကာမာသဝအစရှိသောအာသဝေါတို့မှ၊ ဝိမုစ္စတိ၊ လွတ်နိုင်၏။

ဤသို့ဟောတော်မူသောကြောင့်၊ မဂ္ဂင်ရှစ်ပါး၌ပါဝင်သော။ အဓိသီလဟူသော။ သမ္မာဝါစာ။ သမ္မာကမ္မန္တ။ သမ္မာအာဇီဝ။ အဓိစိတ္တဟူသောသမ္မာဓိ၊ အဓိပညာဟူသော ဝိပဿနာဉာဏ်တို့ကို၊ ကြီးစွာသော လုံ့လအားထုတ်ကြသဖြင့်။ အမတနိဗ္ဗာန်သို့ လျင်မြန်စွာရောက်နိုင်ရာ၏ဟုလိုသည်၊

ထိုမှတပါးနိဗ္ဗာန်သို့အာရုံပြုရန်ဆင်ခြင်ပုံဆိုပြဦးအံ့။ ။ဤတေဘုမ္မကဝဋ်ဒုက္ခ၌ကြင်လည်ရသော သတ္တဝါအပေါင်းတို့သည်ကား။ ။အဘိဇ္ဈာဟူသောလောဘ၊ ဗျာပါဒဟူသောဒေါသ။ မိစ္ဆာဒိဋ္ဌိ၊ ဤအကုသိုလ်တရားသုံးပါးသည်၊ တည်ဘန့်မြဲမြံစွာဖြစ်၍၊ သတ္တဝါအပေါင်းတို့အားထင်ရှားရှိကြကုန်၏၊ ထိုသုံးပါးတို့တွင်။ မိစ္ဆာဉာဏ်သက်ဝင်သော။ အဘိဇ္ဈာလောဘသည်။ ခန္ဓာငါးပါးနှင့်သက္ကာယ အသုဘကိုသုဘဟုမှား

သောအားဖြင့်၊ ထင်မှတ်စွဲလမ်းခြင်း တည်းဟူသော။ အဘိဇ္ဈာလောဘ ကြောင့်။ခန္ဓာပဉ္စကဇ္ဈတ္တ သကာယကို။ အနမတဂ္ဂ ဘဝများစွာသံသရာ၌ရ ကြကုန်၏။ ။ထိုခန္ဓာပဉ္စကကိုရခြင်းသည်လည်း၊လောဘ၊ဒေါသ၊မောဟ၊ ဇာတိ၊ဇရာ၊ဗျာဓိ၊မရဏ၊သောက၊ ပရိဒေဝ၊ဒုက္ခ၊ဒေါမနဿ၊ ဥပါယာသ တည်းဟူသော၊မီးတဆဲ့တပါးတို့၏အခြားမပြတ်ဘစပ်တည်းထောင်ရာ ဖြစ်၍စင်စစ်သက်သာရာကိုမရလေရကား။ ဒုက္ခသာအမှန်ဧကန်ဖြစ်စေ သည့်ဟုဒုက္ခသစ္စာကို ပိုင်းခြား၍သိအပ်ချေသည်။ ဒုက္ခဖြစ်သောခန္ဓာပဉ္စ ကဇ္ဈတ္တ သကိုဒုက္ခဟုသိသဖြင့်။ ထိုခန္ဓာငါးပါးသောရုပ်နံတရားတို့၏ဖြစ် ကြောင်းဖြစ်သော။အဘိဇ္ဈာလောဘဟူသော သမုဒယသစ္စာကို ပဟာယ က၊ထေးမှာနဖြင့်နှိုးညှမပြတ်။အထဝ်ထင်ရှုခါပယ်ခွါအပ်ချေသည်။

ဒုက္ခဟုသိသောညာဏ်။ ဒုက္ခ၏ အကြောင်းကိုမြင်၍ ပယ်ခွါသော ညာဏ်တို့ကိုသမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သောပညာဟုမှတ်သိအပ်ချေသည်။ထိုသို့ အကြီးအမှူးဖြစ်သော သမ္မာဒိဋ္ဌိညာဏ်ထက်သန်သဖြင့် တေဘုမ္မကဘဝ ကိုမှော်သုံလျှင်။ ဧကန်ရချ သိုခဏဖြင့်။ဝဋ္ဋအရင်းကိလေသာကိုပယ်ခွါ ၍။တဒင်္ဂဝိရတ်။ဝိက္ခမ္ဘဝိရတ်။ သမုစ္ဆေဒဝိရတ်သို့ ရောက်ကြသဖြင့်။ နိဗ္ဗာန်ကို ဧကန်မျက်မှောက် ပြုရလေတော့သည်။ ။ဤကားဈာန်မဂ် ညာဏ်ဖိုလ်ညာဏ်နိဗ္ဗာန်ကိုရကြောင်းတရားတည်း။ ။

ထိုမှတပါး၍လောက၌လိုချင်တောင်းတခြင်းဟူသမျှသည်၊တဏှာ ဖြစ်သည်ဟုပြောဆိုကြ၏။ မဂ်ဖိုလ်နိဗ္ဗာန်ကိုအလိုရှိ၍တောင်းတခြင်း၌။ တဏှာမဖြစ်ကြောင်းကို။ကျမ်းဂန်၌ကြည့်ရှု၍ပြဦးအံ့။ ။

နေတ္တိပါဠိတော်။

တဏှာဒုဝိဓာကုသလာပိ၊ အကုသလာပိ။အကုသလာသံသာရဂါ မိနီ။ကုသလာအပစယဂါမိနီ။ပဟာနတဏှာ၊ မာနောဒုဝိဓော၊ကု သလောပိအကုသလောပိ၊ယံမာနံနိဿာယ၊ မာနံပဇဟတိ။အယံ မာနောကုသလော ယောပနမာနော ဒုက္ခံနိဗ္ဗတ္တယတိအယံမာနော အကုသလောပိ။ ယံမာနံနိဿာယမာနံပဇဟတိ၊ အယံမာနော ကုသလောပိ၊ ယံမာနံနိဿာယမာနံပဇဟာတိ။ အယံမာနောကု သလော။ ယောပနမာနော ဒုက္ခံ နိဗ္ဗတ္တယတိ၊ အယံမာနော အ ကုသလော။ တတ္ထယံနေက္ခမ္မသိတံ ဒေါမနဿံ ကဒါသုနာမတံ တံအာယတနံသစ္ဆိကတွာ၊ ဥပသမ္ပဇ္ဇ၊ ဝိဟရိဿံ။ ယံအရိယာ

သင်္ကြံ။ အာယတနံသန္တိကတွာ၊ တသံဥပ္ပတ္တိဝိဟာ၊ ဝိဟာသဥ္စ
ယာဒေါမနဿံ၊ အယံတဏှာကုသလ ၊ ရာဂဝိရာဂါစေထေ ဝိ
မုတ္တိဘဒ္ဒါခုမ္မကံ၊ ကုသလအဝိဇ္ဇာဝိရာဂါ၊ ပညာဝိမုတ္တိ၊ ။

နေတ္တိပါဠိတော်၏အနက်၊

တဏှာ။ တဏှာသည်၊ ကုသလာပိ၊ ကုသိုလ်တဏှာလည်းကောင်း။ အကုသလာပိ၊ အကုသိုလ်တဏှာသည်းကောင်း။ ဆုတိ၊ ဤသို့၊ ဒုဝိဓာ၊ နှစ်ပါးအပြားရှိ၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်၊ သံသာရဂါမိနီ၊ ခန္ဓာအာယတနတတ်တို့၏ မပြတ်ဖြစ်ခြင်းဟုဆိုအပ်သော။ သံသရာသို့ပို့ဆောင်တတ်သော တဏှာသည်။ အကုသလာ။ အကုသိုလ်တဏှာမည်၏။ အပစယဂါမိနီ၊ နိဗ္ဗာန်သို့ပို့ဆောင်တတ်သောတဏှာသည်၊ ကုသလာ၊ ကုသိုလ်တဏှာမည်၏။ ပဟာနတဏှာ၊ ပဟာနဝိပဿနာ။ ဝဒ္ဓိပဟာနံ စသည့်တို့၏အစွမ်းဖြင့် အကုသိုလ်နိဝရဏထရားဘို့ကိုပယ်ခြင်း၏အကြောင်းဖြစ်သော တဏှာသည်။ အပစယဂါမိနီ၊ အပစယဂါမိနီတဏှာမည်၏၊ မာနေါပိ၊ မာနသည်လည်း၊ ကုသလောပိ၊ ကုသိုလ်မာနရင်း၊ အကုသလောပိ၊ အကုသိုလ်မာနရင်း။ ဆုတိ၊ ဤသို့၊ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏၊ တတ္ထ၊ ထိုနှစ်ပါးတို့တွင်၊ ယံမာနံ၊ အကြင်မာနကို၊ နိဿာယ၊ အမှီပြု၍၊ မာနံ၊ အထါယ်လားကြောင်းမကောင်းသောမာနကို။ ပဇဟတိ။ ပယ်စွန့်၏။ အယံမာနော၊ ဤပယ်စွန့်ကြောင်းကောင်းသောမာနသည်။ ကုသလော။ ကုသိုလ်မာနမည်၏။ ယောပနမာနော၊ အကြင်မာနသည်ကား။ ဒုက္ခံ၊ ဆင်းရဲကို၊ နိဗ္ဗတ္တယတိ၊ ဖြစ်စေတတ်၏၊ အယံမာနော၊ ဤမာနသည်၊ အကုသလော၊ အကုသိုလ်မာနမည်၏၊ တတ္ထ။ ထိုနှစ်ပါးသောမာနတို့တွင်၊ ယံ၊ ဤဆိုလတ္တံ့သည်ကား၊ ကုသလာ တဏှာယ၊ ကုသိုလ်တဏှာ၏၊ သရူပတ္တော၊ ဖြစ်သောသရုပ်အချင်းအရာကိုပြသော စကားသည်း။ အရိယာ၊ အရိယာပုဂ္ဂိုလ်တို့သည်၊ သင်္ကြံ၊ ငြိမ်သက်သော၊ ယံအာယတနံ။ အကြင်အနုတ္တရဝိမောက္ခဖြစ်သော ဖိုလ်တရားကို။ သန္တိကတွာ။ မျက်မှောက်ပြု၍။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရန္တိ၊ နေကုန်၏။ အဟံ၊ ငါသည်။ ကဒါသုနာမ၊ အဘယ်အခါ၌။ တံအာယတနံ။ ထို အနုတ္တရဝိမောက္ခဖြစ်သောဖိုလ်တရားကို။ သန္တိကတွာ၊ မျက်မှောက်ပြု၍၊ ဥပသမ္ပဇ္ဇ။ ပြည့်စုံစေ၍။ ဝိဟရိဿံ။ နေရအံ့နည်း။ ဆုတိ။ ဤသို့၊ တသ။ ထို တောင်းတခြင်းကိုဖြစ်စေတတ်သော ပုဂ္ဂိုလ်အား။ ဝိဟာ။ တောင်းတခြင်း တဏှာသည်၊ ဥပ္ပဇ္ဇတိ။ ဖြစ်၏။ ဝိဟာပစ္စယာ၊ တောင်းတခြင်းတဏှာကြောင့်

ယံဒေါမနဿံ၊ အကြောင်းနှစ်လုံးမသာယာခြင်းစိုးရိမ်ခြင်းသည်။ဥပ္ပဇ္ဇတိ။ ဖြစ်၏။ဧဝရူပံ၊ ဤသို့သဘောရှိသောနှစ်လုံးမသာယာခြင်းစိုးရိမ်ခြင်းကို။ နေက္ခမ္မသိတံ။ဝိပဿနာပဋ္ဌမဈာန်အစရှိသောနိက္ခမကိုမှီသော၊ ဝါ၊ရဟန်း ပြုခြင်းအစရှိသည်တို့၏ အစွမ်းအားဖြင့် ဖြစ်သော၊ ကုသိုလ်ဟုဆိုအပ် သောနိက္ခမကိုမှီသောတရားကို။ ဒေါမနဿံ။ဒေါမနဿဟူ၍၊ဝုစ္စတိ၊ဆို အပ်၏၊အယံတဏှာ၊ အကြောင်းအပြစ်မရှိတရားကိုတောင့်တသောတဏှာ သည် ကုသလာ၊ကုသိုလ်တဏှာမည်၏။ ရာဂဝိရာဂါ၊ကာမရာဂမှကင်း ခြင်းသည်။ စေတောဝိမုတ္တိ၊ အနာဂါမိဖိုလ်မည်၏။ အဝိဇ္ဇာ ဝိရာဂါ၊ အဝိဇ္ဇာမှကင်းခြင်းသည်။ ပညာဝိမုတ္တိ၊အရဟတ္တဖိုလ်မည်၏။ တဒါရမ္မ ဏာ။ထိုနှစ်ပါးကိုရည်၍ဖြစ်သောတဏှာသည်။ကုသလာ။ကုသိုလ်တဏှာ မည်၏။ ။ဤပါဠိတော်၏အနက်။

တတ္ထ။ထိုတဏှာဒုဝိဓာစသောစကား၌။ ကုသလာတိ။ ကုသလာဟူ သည်ကား။ကုသလာဓမ္မာဝိရမ္မဏာ။ အပြစ်မရှိသောလောကုတ္တရာတရား ကိုရည်၍ဖြစ်သောတဏှာသည်။ဗာဟိတိကာသုတ္တေ။ ဗာဟိတိကာသုတ်၌၊ ကုသလာသဒ္ဒေါ၊ကုသလာသဒ္ဒါသည်။အနဝဇ္ဇေ။အပြစ်မရှိသောအနက်၌။ ဟောတိဝိယ။ဖြစ်သကဲ့သို့၊ဧဝံ။ဤကုသလာဝိပုဒ်၌။ ကုသလာသဒ္ဒေါစ၊ ကုသလာသဒ္ဒါကိုလည်း၊အနဝဇ္ဇေ၊ အပြစ်မရှိသောအနက်၌၊ ဒဋ္ဌဗ္ဗော၊ ရှုအပ်၏။ ။ဤပါဠိတော်၏အနက်။

နေတ္တိအဋ္ဌကထာပါဌ်။

တတ္ထသံသရံ ရံဂမေတီတိ သံသာရဂါမိနီ။သံသာရနာရိကာတိ အတ္ထော။ အပစယံနိဗ္ဗာနံဂမေတီတိ အပစယဂါမိနီ ကထံပနတ ဏှာ. အပစယဂါမိနီ တံအာဟ ပဟာနတဏှာတိ။တဒင်္ဂါတိပ ဟာနသဟေတုဘူတာတဏှာ။ကထံပနကေန္တ သဝဇ္ဇာယတ ဏှာယ။ကုသလဘာဝေါတိသေဝိတဗ္ဗဘာဝတောယထာတဏှာ ဧဝံမာနောပိဒုဝိဓော။ကုသလောပိ။အကုသလောပိ။နတဏှာဝေါတိတ ဏှာယနိဒဿနဘာဝေန မာနောဝုတ္တော။ တတ္ထ မာနဿယထာ ဝိပ္ပတ်ံကုသလာတိဘာဝံဒဿေတုံ၊ ယံမာနံနိဿာယာတိအာဒိ မာဟ.ဝုတ္တံဟေတံဘဂဝတာ။ မာနမဟံဒေဝါနမိန္ဒဒုဝိဓေနဝဒါမိ။ သေဝိတဗ္ဗံပိ၊အသေဝိတဗ္ဗံပီတိအာဒိ။ ။

တဏှာ၊ ထိုနှစ်ပါးသောတရားတို့တွင်၊ ယာ တဏှာ၊ အကြင်တဏှာ
သည်၊ သံသာရံ၊ ခန္ဓာအာယတနဓာတ်တို့၏ မပြတ်ဖြစ်ခြင်း ဟုဆိုအပ်
သောသံသရာသို့၊ ဂမေတိ၊ ပို့ဆောင်တတ်၏၊ ဣတိ တသ္မာ၊ ထိုသို့ပို့ဆောင်
တတ်သည်၏အဖြစ်ကြောင့်၊ သာ တဏှာ၊ ထိုတဏှာသည်၊ သံသာရဂါမိနီ၊
သံသာရဂါမိနီမည်၏၊ သံသာရနာယိကာ၊ သံသရာသို့ပို့ဆောင်တတ်၏၊
ဣတိ အယံ၊ ဤသည်ကား၊ အာဝဋ္ဋ၊ အနက်တည်း၊ ယာ တဏှာ၊ အကြင်တ
ဏှာသည်၊ အပစယံ၊ နိဗ္ဗာန်သို့၊ ဂမေတိ၊ ပို့ဆောင်တတ်၏၊ ဣတိ တသ္မာ၊ ထို့
ကြောင့်၊ သာ တဏှာ၊ ထိုတဏှာသည်၊ အပစယဂါမိနီ၊ အပစယဂါမိနီမည်
၏၊ ကထံ ပန တဏှာ၊ အဘယ်သို့သောတဏှာသည်၊ အပစယဂါမိနီ၊ အပစယ
ဂါမိနီမည်သနည်း၊ ဣတိ အယံ၊ ဤသည်ကား၊ စောဒနာ၊ စောဒနာခြင်းတည်း၊ ပ
ဟာယတဏှာတိ၊ ပဟာယတဏှာဟူ၍၊ အဟ၊ မိန့်ပြီ၊ တဒင်္ဂါဒိပဟာနသ၊
တဒင်္ဂပဟာန်၊ စသည်တို့၏အစွမ်းဖြင့် အကုသိုလ်တရားကိုပယ်ခြင်း၏၊
ဟေတုဘူတာ၊ အကြောင်းဖြစ်၍ ဖြစ်သော၊ တဏှာ၊ တဏှာသည်၊
ပဟာနတဏှာ၊ ပဟာနတဏှာမည်၏၊ ကထံ ပန ကေန၊ အဘယ်အ
ကြောင်းကြောင့်၊ ကေန သာ သင်္ခါယ၊ စင်စစ်၌ ဖြစ်နှင့်တကွဖြစ်သော၊ တ
ဏှာယ၊ ကုသလဘာဝေါ၊ ကုသိုလ်၏အဖြစ်သည်၊ ဟောတိ၊ ဖြစ်သနည်း၊ ဣ
တိ၊ ဤသို့၊ စောဒေယျ၊ အကယ်၍ဆိုငြားအံ့၊ သေဝိတဗ္ဗဘာဝတော၊ မှီဝဲအပ်
သောတဏှာ၏အဖြစ်ကြောင့်၊ ကုသလဘာဝေါ၊ ကုသိုလ်၏အဖြစ်သည်၊
ဟောတိ၊ ဖြစ်၏၊ ယာ တဏှာ၊ တဏှာသည်၊ ဒုဝိဓာ ယထာ၊ နှစ်ပါးအပြားရှိသကဲ့
သို့၊ ဧဝံ တထာ၊ ထို့အတူ၊ မာနော ပိ၊ မာနသည်လည်း၊ ကုသလော ပိ၊ ကုသိုလ်
မာနငှင်း၊ အကုသလော ပိ၊ အကုသိုလ်မာနငှင်း၊ ဣတိ၊ ဤသို့၊ ဒုဝိဓော၊ နှစ်ပါး
အပြားရှိ၏၊ တဏှာဧဝ၊ တဏှာသည်သာလျှင်၊ န၊ မဟုတ်၊ ဣတိ၊ ဤသို့၊ တ
ဏှာယ၊ တဏှာ၏၊ နိဒဿနဘာဝေန၊ ဥပမာ၏အဖြစ်ဖြင့်၊ မာနော၊ မာနကို၊
ဝုတ္တော၊ ဟောတော်မူအပ်၏၊ တတ္ထ၊ ထိုမာနောပိဒုဝိဓောစသောစကား၌၊
မာနဿ၊ မာန၏၊ ယထာဓိပ္ပေတံ၊ အကြင်အလိုရှိအပ်သော၊ ကုသလာဒိ
ဘာဝံ၊ ကုသိုလ်အစရှိသောအဖြစ်ကို၊ ဒဿေတုံ၊ ပြအံ့သောငှာ၊ ယံမာနံ
နိဿာယာတိအာဒိ၊ ယံမာနံနိဿာယစသောစကားကို၊ အဟ၊ မိန့်ပြီ၊ ဟိ
သစ္စံ၊ ထိုစကားသည်မှန်၏၊ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်၊ မာနမ
ပ္ပဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ၊ သေဝိတဗ္ဗံ အသေဝိတဗ္ဗံ ပီတိ အာဒိ၊ မာနမ
ပဟံ၊ ။ပ။ အသေဝိတဗ္ဗံပိ၊ အစရှိသော၊ ဣဒံဝစနံ၊ ဤစကားကို၊ ဝုတ္တံ၊ ဟော

တော်မူအပ်၏။ ဒေဝါနမိန္ဒ။ နတ်တို့၏အစိုးရတော်မူသောသိကြားမင်း။ မာနံ၊ မာနကို၊ သေဝိတဗ္ဗံ ဝိ၊ မှီဝဲအပ်သောမာနနှင့်။ အသေဝိတဗ္ဗံ ဝိ၊ မမှီဝဲအပ်သောမာနရှင်း။ ဒုဝိဓေန၊ နှစ်ပါးအပြားအားဖြင့်။ ဧတံ၊ ဤဒါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏၊ ။ကုသလာဓမ္မေရဗ္ဗုဓာတိ၊ ကုသလာ ဓမ္မရဗ္ဗုဓာဟူသည်ကား၊ ကုသလေဓမ္မေ၊ အပြစ်မရှိသောလေးကုဗ္ဗုရာတရားတို့ကို။ ဥဒ္ဒိဿပဝတ္တိတံ၊ ရည်၍ဖြစ်ခြင်းမျှကို။ သန္ဓာယ။ ရည်၍၊ ဝုတ္တံ၊ မိန့်အင်၏၊ တောင်၊ ထိုလေးကုဗ္ဗုရာတရားတို့၏။ အာရမ္မဏပစ္စယတာ၊ အာရမ္မဏပစ္စည်း၏ အဖြစ်ကို။ သန္ဓာယ၊ ရည်ညွှန်းတော်မူ၍။ နဝုတ္တံ၊ ဟောတော်မမူအပ်ကြသွား။ အဘယ့်ကြောင့်နည်းဟူမူကား။ အုစ၊ ဤဝိစဥ်ဟောရကိုဖွင့်ရာ၌။ ကုသလာဓမ္မာတိ။ ကုသလာဓမ္မာဟူသောပုဒ်အရကို။ လောကုတ္တရဓမ္မာနံ၊ လောကုတ္တရာတရားတို့ကို။ အဓိပ္ပေတတ္တာ၊ အလိုရှိအပ်သည်အဖြစ်ကြောင့်တည်း။ ဟိသ စ္စံ၊ ထိုစကားသည်မှန်၏။ ကဒါစိ၊ တရံတခါ၊ အနုပ္ပါဒါနိယာ၊ ဥပါဒါန်တရားလေးပါးတို့၏အာရုံမဟုတ်သော၊ ဓမ္မာ၊ လောကုတ္တရာတရားတို့သည်၊ ဥပါဒါနိယဓမ္မာ၊ ဥပါဒါန်တရားလေးပါးတို့၏ အာရုံသည်၊ နဟောန္တိ။ မဖြစ်ကုန်၊ ဖဿဓမ္မာ၊ ဖိုလ်တရားတို့ကို၊ ဥဒ္ဒိဿပဝတ္တာယ၊ ရည်၍ဖြစ်သော၊ တဏှာ၊ တဏှာကို၊ ဂဟိတတ္တာ၊ ယူအပ်သည်၏အဖြစ်ကြောင့်တည်း၊ ကုသလ။ သ။ ဒမ္မဓမ္မာတိ၊ ကုသလသဒ္ဒေ စဗ္ဗ ဗာဟိတိကသုတ္တေ ဝိယ၊ အနဝဇ္ဇာဒမ္မဓမ္မာဟူသောစကားကို၊ မြွေပါလစရိယေန၊ မြွေပါလအဋ္ဌကထာ ဆရာသည်၊ ဝုတ္တံ၊ မိန့်ဆိုတော်မူအပ်၏။ ။ဤကားအနက်။

နေတ္တိဋီကာပါဌ်။

မာနာပိဒုဝိဓောတိအာဒိနာ၊ မာနဿစတဏှာယ၊ သေဝိတဗ္ဗ ဘာဝေါ၊ အကုသလာနံပဟာနာယ၊ ကုသလာနံဥပ္ပတ္တိယာစပစ္စယ ဘာဝတော၊ ။

အကုသလာ။ အကုသိုလ်တရားတို့ကို။ ဥပ္ပတ္တိယာစ။ ဖြစ်ခြင်းလည်း ကောင်း။ ပစ္စယဘာဝတော၊ အကြောင်း၏အဖြစ်ကြောင့်။ မာနဿစ၊ မာန ၏လည်းကောင်း။ တဏှာယ၊ ထိုတဏှာ၏လည်းကောင်း၊ သေဝိ တဗ္ဗော၊ မှီဝဲအပ်သည်၏အဖြစ်ကို၊ မာနောပိဒုဝိဓောတိအာဒိနာ၊ မာနောပိဒု ဝိဓောစသောပါဌ်ဖြင့်၊ ဒေဒိတဗ္ဗော၊ သိအပ်၏။ ။ဤကားအနက်၊ ။

ထို၌ထပါးသာသနာငါးထောင်ထားခြင်းအကြောင်း၊ သာသနာငါးထောင်အတွင်းတရားကို အားထုတ်၍ဖြစ်သင့်မဖြစ်သင့် ခေတ်ငါးပါးရှိကြောင်းများကိုကျမ်းဂန်မှသေချာစွာကြည့်ရှုသုတ်နှုတ်၍ ဖြလိုက်ဦးအံ့၊

ဘိက္ခုနီခန္ဓကဝိနည်းအဋ္ဌကထာပါဠိ၊

ပဋိသမ္ဘိဒါပတ္တေဟိဝဿသဟဿံ၊သုက္ခဝိပဿကေဟိ၊ဝဿသဟဿံ၊ အနာဂါမီဟိ ဝဿသဟဿံ၊ သကဒါဂါမီဟိ ဝဿသဟဿံ၊ သောတာပန္နေဟိ ဝဿသဟဿန္တိ။ဧဝံပဉ္စဝဿသဟဿာနိ၊ပဋိဝေဓသဒ္ဓမ္မော ဌဿတိ၊

ပဋိသမ္ဘိဒါ၂ တွေဟိ၊ပဋိသမ္ဘိဒါ လေးပါးရသော ရဟန္တာတို့သည်၊ ဝဿသဟဿံ၊သာသနာတော်အနှစ်(၁၀၀၀) သုက္ခဝိပဿကေဟိ၊ ဈာန်မရသောရဟန္တာတို့သည်။ ဝဿသဟဿံ၊ သာသနာတော်အနှစ်(၁၀၀၀)၊အနာဂါမီဟိ၊အနာဂါမ်ပုဂ္ဂိုလ်တို့သည်၊ဝဿသဟဿံ၊ သာသနာတော်အနှစ်၊(၁၀၀၀)သကဒါဂါမီဟိ၊ သကဒါဂါမ်ပုဂ္ဂိုလ်တို့သည်၊ ဝဿသဟဿံ၊သာသနာတော်အနှစ်၊(၁၀၀၀) သောတာပန္နေဟိ၊သောတာပန်ပုဂ္ဂိုလ်တို့သည်၊ဝဿသဟဿံ၊ သာသနာတော်အနှစ်(၁၀၀၀) ဓာတိဌေယံ၊ဤသို့။ ပဉ္စဝဿသဟဿာနိ၊သာသနာတော်အနှစ်(၅၀၀၀)တို့ ပတ်လုံး။ ပဋိဝေဓသဒ္ဓမ္မော၊မောဟတည်းဟူသော အမိုက်မှောင်ကိုထိုးဖေါက်နိုင်သော မဂ်ဖိုလ်ဟုဆိုအပ်သော သူတော်ကောင်းတို့၏ တရားသည်၊ဌဿတိ၊တည်သတတ်၊ ။ဤကားအနက်။ ။

ဒီဃနိကာယ်သမ္ပသာဒနီယသုတ်အဋ္ဌကထာပါဠိ၊

ပဋိသမ္ဘိဒါဝတ္တေဟိ ဝဿသဟဿံ၊ ဆဠဘိညေဟိဝဿသဟဿံ၊တေဝိဇ္ဇေဟိဝဿသဟဿံ၊ သုက္ခဝိပဿကေဟိဝဿသဟဿံ၊ပါတိမောက္ခေနဝဿသဟဿန္တိ ဝုတ္တံ၊ ။

ပဋိသမ္ဘိဒါဝတ္တေဟိ၊ ပဋိသမ္ဘိဒါလေးပါးရသော ရဟန္တာတို့သည်၊ ဝဿသဟဿံ၊သာသနာတော်အနှစ်(၁၀၀၀)ဆဠဘိညေဟိ၊ အဘိညာခြောက်ပါးရသောရဟန္တာတို့သည်။ဝဿသဟဿံ။ သာသနာတော်အနှစ်(၁၀၀၀)တေဝိဇ္ဇေဟိ၊ ဝိဇ္ဇာသုံးပါးရသောရဟန္တာတို့သည်။ ဝဿသဟဿံ၊ သာသနာတော်အနှစ်(၁၀၀၀) သုက္ခဝိပဿကေဟိ၊ သုက္ခဝိပဿကရဟန္တာတို့သည်။ ဝဿသဟဿံ၊သာသနာတော်အနှစ်

(၁၀၀၀)ပါတိမောက္ခေန၊ ပါတိမောက္ခသိက္ခာနှင့်ပြည့်စုံသောရဟန်းသည်။ ဝဿသဟဿံ၊ သာသနာတော်အနှစ်(၁၀၀၀)ဖုတ်၊ ဤသို့။ ပဉ္စဝဿသဟဿာနိ၊ သာသနာတော်မြွက်( ၅၀၀၀ )တို့ကို။ ဒိဃနိကာယံ၊ ဒိဃနိကာယ်ကျမ်း၌။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ။ဤကားအနက်။ ။

အင်္ဂုတ္တိုရ်အဋ္ဌကထာပါဌ်။

ဗုဒ္ဓါနံပရိနိဗ္ဗာနတော၊ ဝဿသဟဿမေဝ။ ပဋိသမ္ဘိဒါနိဗ္ဗတ္တေတုံအသက္ကောန္တိ။တတောပရံဆဠဘိညာ။ တတောပိအသက္ကောန္တာ။တိဿောဝိဇ္ဇာနိဗ္ဗတ္တေန္တိ။ဂစ္ဆန္တေကာလေ။တာပိနိဗ္ဗတ္တေတုံအသက္ကောန္တာသုက္ခဝိပဿကာဟောန္တိ၊ဧတေနေဝနယေနအနာဂါမိနော၊သကဒါဂါမိနော။သောတာပန္နာတိ။

ဗုဒ္ဓါနံ၊မြတ်စွာဘုရားသခင်တို့၏၊ ပရိနိဗ္ဗာနတော၊ ပရိနိဗ္ဗာန်စံဝင်တော်မူသည်မှ။ဝဿသဟဿမေဝ။အနှစ်(၁၀၀၀)၌သာလျှင်။ ပဋိသမ္ဘိဒါ၊ပဋိသမ္ဘိဒါလေးပါးကို၊နိဗ္ဗတ္တေတုံ၊ဖြစ်ခြင်းငှာ။ သက္ကောန္တိ။တတ်နိုင်ကုန်၏။ တတော၊ထိုအနှစ်တထောင်မှ။ ပရံ။နောက်၌။ ဆဠဘိညာ၊အဘိညာခြောက်ပါးတို့ကို။နိဗ္ဗတ္တေတုံ၊ဖြစ်စေခြင်းငှါ၊သက္ကောန္တိ၊တတ်နိုင်ကုန်၏။ တတောပိ၊ထိုနောင်မှလည်း။ အသက္ကောန္တာ။မတတ်နိုင်ကုန်သည်ဖြစ်၍။တိဿောဝိဇ္ဇာ၊ ဝိဇ္ဇာသုံးပါးတို့ကို။ နိဗ္ဗတ္တေန္တိ၊ဖြစ်စေကုန်၏။ ဂစ္ဆန္တေကာလေ။သာသနာတော်ဆုတ်သောအခါ၌။တာပိ။ထိုဝိဇ္ဇာသုံးပါးတို့ကိုလည်း။နိဗ္ဗတ္တေတုံ၊ဖြစ်စိမ့်သောငှါ။အသက္ကောန္တာ။ မတတ်နိုင်ကုန်သည်ဖြစ်၍။ သုက္ခဝိပဿကာ။ချာန်မရသောရဟန္တာတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ဧတေနေဝနယေန၊ဤသို့သောနည်းဖြင့်။ အနာဂါမိနော၊ အနာဂါမ်တို့သည်လည်းကောင်း။သကဒါဂါမိနော။သကဒါဂါမ်တို့သည်လည်းကောင်း။သောတာပန္နာ၊သောတာပန်တို့သည်လည်းကောင်း။ဟောန္တိ၊ဖြစ်ကုန်၏၊ ။ဤကားအနက်။

အနဂ္ဂပုထုဇ္ဇန်။ကလျာဏပုထုဇ္ဇန်နှစ်ပါးတို့ကို။ ခွဲခြမ်းဝေဘန်၍။ကျမ်းဂန်ထာတိုင်းပြဆိုလိုက်ဦးအံ့။ ။

သုသိမသုတ်အဋ္ဌကထာပါဌ်။

ပုထုဇ္ဇနာ ဒုဝေ ဝုတ္တာ ဗုဒ္ဓေနာဒိစ္စဗန္ဓုနာ။ အန္ဓပုထုဇ္ဇနော ဧကော၊ ကလျာဏ ပုထုဇ္ဇနော ဧကောတိ။ ။တတ္ထ ယဿ ခန္ဓဓာတုအာယတနာဒီသု၊ ဥဂ္ဂဟပရိပုစ္ဆာသဝနဓာရဏပစ္စဝေက္ခဏာ နတ္ထိ၊ အယံအန္ဓပုထုဇ္ဇနော၊ ယဿ တာနိ အတ္ထိ သော ကလျာဏပုထုဇ္ဇနော။ ။ဟုမြွက်ဟတော်မူ၏။

ဧကော၊တယောက်သော၊ အန္ဓပုထုဇ္ဇနော၊ပရမတ္ထတရား၌မိုက်သော အန္ဓပုထုဇ္ဇန်သည်းကောင်း၊ ဧကော၊ တယောက်သော၊ကလျာဏပုထုဇ္ဇနော၊ ပရမတ္ထတရား၌ခွဲခြမ်းဝေဘန်ဆင်ခြင်နိုင်သော၊ကလျာဏပုထုဇ္ဇန် လည်းကောင်း။ဣတိ၊ဤသို့၊ဒုဝေ၊နှစ်ယောက်ကုန်သော၊ပုထုဇ္ဇနာ၊ပုထုဇ္ဇန် တို့ကို။အာဒိစ္စဗန္ဓုနာ၊ နေမင်း၏အဆွေဖြစ်တော်မူသော၊ ဗုဒ္ဓေန၊မြတ်စွာ ဘုရားသခင်သည်၊ဝုတ္တာ၊ဟောတော်မူအပ်ကုန်၏၊ တတ္ထ၊ထိုနှစ်ယောက် သောပုထုဇ္ဇန်တို့တွင်။ယဿ၊ အကြင်ပုထုဇ္ဇန်အား၊ခန္ဓဓာတုအာယတနာ ဒီသု၊ ခန္ဓာဓာတ်အာယတနပဋိစ္စသမုပ္ပါဒ်အစရှိသော၊ ပရမတ္ထတရားတို့၌၊ ဥဂ္ဂဟပရိပုစ္ဆာသဝနဓာရဏပစ္စဝေက္ခဏာနိ၊ သင်ခြင်း၊ မေးမြန်းခြင်း၊ ဆောင်ရွက်ခြင်း ကြံ ခြင်း ဉာဏ်ဖြင့်ဆင်ခြင်နိုင်ခြင်းတို့သည်။နတ္ထိ၊ မရှိ ကုန်။အယံ၊ဤပုထုဇ္ဇန်သည်၊ အန္ဓပုထုဇ္ဇနော၊အန္ဓပုထုဇ္ဇန်မည်၏။ ယဿ၊အ ကြင်ပုထုဇ္ဇန်အား။တေသု၊ထိုခန္ဓာဓာတ်အာယတန၊ ပဋိစ္စသမုပ္ပါဒ်အ စရှိသော၊ပရမတ္ထတရားတို့၌။ တာနိ၊ ထိုသင်ခြင်း မေးမြန်းခြင်း ကြံ ခြင်း ဆောင်ရွက်ခြင်း၊ဉာဏ်ဖြင့်ဆင်ခြင်နိုင်ခြင်းတို့သည်။ အတ္ထိ၊ရှိ၏။သော၊ ထိုပုထုဇ္ဇန်သည်။ကလျာဏပုထုဇ္ဇနော၊ကလျာဏပုထုဇ္ဇန်မည်၏၊ ။ဤ ကားအနက်။

ထိုကလျာဏပုထုဇ္ဇန်သည်။ပဋိပတ်ကျင့်စဉ်တရားတော်မြတ်ကိုလုလ္လ အားထုတ်သည်ရှိသော်အန္တရာယ်ငါးပါးကင်းလွတ်က၊မဂ်ဖိုလ်နိဗ္ဗာန်ကို ဧကန်ရမည်ဟူလိုသည်။ ကလျာဏပုထုဇ္ဇန်အန္ဓပုထုဇ္ဇန်နှစ်ယောက်တို့တွင်၊ ကလျာဏပုထုဇ္ဇန်သည်နိဗ္ဗာန်ကိုသိမြင်နိုင်၏ဆိုသော် အန္ဓပုထုဇ္ဇန်မှာတ ရံတခါမျှသိနိုင်ရန်မရှိပြီလောဟု မေးရန်ရှိသောကြောင့်၊ လူအ၊အိပ်မက် မက်သကဲ့သို့။သိနိုင်ရန်အကြောင်းရှိသည်။ လူအအိပ်မက်မက်ခြင်းသည် အဘယ်သို့နည်းဆိုသော်၊ လူကောင်း လူအ၊နှစ်ယောက်တို့သည်၊ညအခါ အတူတကွအိပ်ကြ၏။ထိုသို့အိပ်ကြသောအခါ။ ကျား ဆင် တို့ဖြင့်လိုက်

ခြင်း။သစ်ပင်ထက်က ကျခြင်း၊ ရေနစ်ခြင်းတစ္ဆေမှင်စာတို့နှင့်တွေ့ခြင်းအစ ရှိသောအိပ်မက်ဖြင့်။နှစ်ဦးစလုံးပင်မက်ကြ၍။နံနက်မိုးလင်းသောအခါ။ လူကောင်းသည်။ အိပ်မက်၏အကြောင်းကိုပြန်၍ပြောနိုင်၏။လူအ,သည် အိပ်မက်အကြောင်းကိုလည်းသိ၏၊ အ,၍နေသောကြောင့်ပြန်၍လည်းမ ပြောနိုင်။ နှစ်ယောက်အတူအိပ်ကြသည်နှင့်၊ သုဂတိဘုံတွင် လူဖြစ်ကြ သည်နှင့်တူရမည်။ အိပ်မက်မက်သည်နှင့်ခန္ဓာအာယတနပဋိစ္စသမုပ္ပါဒ်တို့ ကိုခွဲခြမ်းဝေဘန်၍။နိဗ္ဗာန်ကိုသိနိုင်မြင်နိုင်သည်နှင့်တူရမည်။ အိပ်မက် ကိုပြန်၍ပြောနိုင်သည်နှင့်၊ ၎င်းခန္ဓာအာယတနအစရှိသည်တို့ကိုပြောနိုင် သည်နှင့်တူရမည်၊ လူအ,သည်နိဗ္ဗာန်ရှိသည်ဟု။ သူတပါးတို့ပြောဘူး သောကြောင့်။ နိဗ္ဗာန်ရှိကြောင်းကိုသိသည်နှင့်အိပ်မက်မက်သည်နှင့်တူရ မည်၊အ,သောကြောင့်၊အိပ်မက်ကိုပြန်၍မပြောနိုင်သည်နှင့်ခန္ဓာအာယတ နဓာတ် ပဋိစ္စသမုပ္ပါဒ်တို့ကို ခွဲခြမ်းဝေဘန်၍ မပြောနိုင်သည်နှင့်တူရ မည်၊ ။နိဗ္ဗာန်သည်ထင်ရှားရှိ၏။ရှိပင်ရှိသော်လည်းသိမ်မွေ့နက်နဲခဲရင်း သောအဖြစ်ကြောင့်သာမည ညာဏ်များနှင့်။မသိမမြင်နိုင်သည့်အဖြစ်ကို ခွဲခြမ်းဝေဘန်၍ပြလိုက်ဦးအံ့။

အဘိဓမ္မတ္ထလင်္ကာပါဌ်၊

တတ္ထာဂုတ္တာ အဘိဓမ္မတ္ထာ၊စတုဓာပရမတ္ထတော။
စိတ္တံစေတသိကံရူပံ၊နိဗ္ဗာနမိတိသဗ္ဗထာ၊

တတ္ထတသ္မိံ အဘိဓမ္မေ၊ထိုအဘိဓမ္မာခုနစ်ကျမ်း၌။သဗ္ဗထာ၊သဗ္ဗေနပ ကာရေန၊ ကုသိုလ်အစရှိသောခန္ဓာအစရှိသော ခပ်သိမ်းသောအပြားဖြင့်၊ တထာဂတေဟိ၊ မြတ်စွာဘုရားတို့သည်၊ ဝုတ္တာ၊ ဟောတော်မူအပ်ကုန် သော၊အဘိဓမ္မတ္ထာ၊ အဘိဓမ္မာခုနစ်ကျမ်း၌ဟောတော်မူအပ်ကုန်သောအ နက်တို့သည်။ ပရမတ္ထတော၊ပရမတ္ထဝသေန၊မဖေါက်မပြန်မြတ်သော သဘော၏အစွမ်းဖြင့်သာလျှင်။စိတ္တံဝိညာဏက္ခန္ဓော၊ စိတ်တခုယုတ် ကိုး ဆယ်ဟုဆိုအပ်သောဝိညာဏက္ခန္ဓာလည်းကောင်း စေတသိကံဝေဒနာဒိ ခန္ဓတ္တယံ။ ဝေဒနာအစရှိသောခန္ဓာတို့၏သုံးခုတို့၏အပေါင်းလည်းကောင်း၊ ရူပံ ဘူတုပ္ပါဒါယဘေဒဘိန္နော၊ဘူတရုပ်၊ ဥပါဒါရုပ်အားဖြင့်ပြားသောရူ ပက္ခန္ဓာလည်းကောင်း။နိဗ္ဗာနံမဂ္ဂဖလာနမာလမ္ဗဏဘူတော အသင်္ခတဓမ္မေါ မဂ်ဖိုလ်တို့၏အာရုံဖြစ်သော၊အသင်္ခတတရားလည်းကောင်း။ ဇာတိဇရာမိနာ

ပဒဘာဒေႏ၊ ဤသို့သော ၂. ပြားခြင်း၊ စဘုခါ၊ စတုဟိ အာကာရေဟိ၊ လေးပါးသော အချင်းအရာတို့ဖြင့်။ ဋ္ဌိတာ၊ တည်ကုန်၏၊ ဝါ၊ သင်ရှားရှိကုန်၏၊

ထိုသို့ဆိုအပ်သော ပါဠိအနက်တို့ကို အဓိပ္ပာယ်အဖြောင့် ဆိုလိုက်လျှင်။ ။ ဆိုအပ်သိမ္မောရှနှစ်ကျမ်း၌။ ကုသိုလ်ခန္ဓာ အစရှိသော ခပ်သိမ်းသော အပြားဖြင့်၊ မြတ်စွာဘုရားသခင်တို့ သည့်ဟောထောင်မူအပ်ကုန်သော အဘိဓမ္မာခုနှစ်ကျမ်း၌ ဟောတော်မူအပ်သော အနက်တို့သည်၊ မပေါက်မပြန့်မြဲသော သဘော၏ အစွမ်းဖြင့်။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟုဆိုအပ်သော ပိညာတကရှာ ဖြစ်သော စိတ်လည်းတပါး၊ ဝေဒနာအစရှိသော ခန္ဓာသုံးပါးအပေါင်းဟုဆိုအပ်သော စေတသိက်လည်းတပါး၊ ဘူတရုပ်ဥပါဒါရုပ်အားဖြင့်ပြားသော ရုပ်လည်းတပါး၊ မဂ်ဖိုလ်တို့၏အာရုံဖြစ်သော အသင်္ခတဟုဆိုအပ်သော နိဗ္ဗာန်လည်းတပါး၊ ထိုလေးပါးသော ပရမတ္ထတရားတို့သည်။ အထင်အရှားတည်၍ ရှိကုန်၏ဟူ၍ဆိုကုန်၏။ ထိုသို့ဆိုသော်လည်း ၎င်းပရမတ္ထဖြစ်သော တရားလေးပါးကို ပြပါဆိုလျှင်မပြနိုင်။ မရှိ၍ မပြနိုင်သလောဟုဆိုလျှင်။ ရှိလည်းရှိ၏ ရှိပုံကိုအဘယ်ကြောင့် သိရသနည်းဟု မေးခဲ့သည်ရှိသော်။ ပရမတ္ထတရားလေးပါးတို့တွင်။ စိတ်သည် ဂရုခမ္မ တရားငါးပါးတို့တွင်၊ ပါဏာတိပါတဟုဆိုအပ်သော။ သူ့အသက်ကိုသတ်၍ စားရလျှင်ကောင်း၏ဟုကြံသော အကုသိုလ်စိတ်။ ၎င်း ပါဏာတိပါတဟု ဆိုအပ်သော။ သူ့အသက်ကိုမသတ်မူ၍ ရှောင်ကြဉ်သော်၊ လူချမ်းသာ နတ်ချမ်းသာ။ နိဗ္ဗာန်ချမ်းသာဟု ဆိုအပ်သောချမ်းသာ သုံးပါးကိုရ၏ဟု အောင်းမေ့၍၊ ရှောင်ကြဉ်သော ကုသိုလ်စိတ်။ ဤသို့ဖြစ်သော အကုသိုလ်ကုသိုလ်စိတ်သည်။ ပရမတ္ထတရားတပါးဖြစ်သည်။ ၎င်းအကုသိုလ် ကုသိုလ်ဖြစ်သော ပရမတ္ထတရားသည်။ သတ္တဝါတို့၏ သဏ္ဌာန်၌၊ ထင်ရှားရှိပါလျက်နှင့်။ ပြပါဆိုလျှင်လည်းမပြနိုင်။ ဤကဲ့သို့နှုန်းညှ့်ဆိမ်မွေ့သောသဘောရှိ၏။ စေတသိက်ဟုဆိုအပ်သော။ ပရမတ္ထတရားတပါးသည်လည်း၊ ကုသိုလ်စိတ်ဖြစ်သောအခါ။ ကုသိုလ်စေတသိက်။ အကုသိုလ် စိတ်ဖြစ်သောအခါ၊ အကုသိုလ်စေတသိက်။ ပူးပေါင်းယှဉ်တွဲလျက်ဖြစ်ကြ၏။ အဘယ်သို့ဖြစ်ကြသနည်းဆိုသော်၊ စိတ်သည်အာရုံကိုကြံ့တတ်အောင်းမေ့တတ်ဆင်ခြင်တတ်သော သဘောရှိ၍။ ကုသိုလ်အကုသိုလ်တို့ကိုကြံ့ခြင်းဆင်ခြင်ခြင်းကိုပြုသောအခါ၊ မိမိနှင့်အတူတကွ။ ယှဉ်တွဲလျက်ပါသော။ ဖဿဝေဒနာအစရှိသော စေတသိက်တို့သည်၊

စိတ်ကြံ၍ရပြီးသော အာရုံကိုနှစ်နှစ်ချိုက်ချိုက်ထိုက်သည်အားလျော်စွာခံ
စားကုန်၏ထိုသို့ခံစားသောစေတသိက်ကို ဖြဝါဟုဆိုသော်။ဖြလည်းမဖြ
နိုင်။မရှိ၍မဖြနိုင်သလောဟုဆိုသော်။ သတ္တဝါတို့၏သဏ္ဍာန်မှာ။ အထင်
အရှားတည်သည်ဖြစ်၍ရှိ၏။စေတသိက်သည်။ အာရုံကိုခံစားတတ်သော
သဘောရှိသည်ဟုဆိုလျှင်။စိတ်သည်အာရုံကိုခံစားခြင်းငှာ။ မစွမ်းနိုင်သ
လောဟုမေးဘွယ်ရှိ၏။စိတ်သည်အာရုံ၏အရသာကိုမခံစားတတ်၊ ယေ
ဘုယျအားဖြင့်။ အာရုံကိုကြံခြင်း။ ဆင်ခြင်ခြင်းကိစ္စမျှကိုသာ တတ်နိုင်
သည်၊ထို့ကြောင့်ဋီကာ၌။ ။အာရမ္မဏံစိန္တေတီတိစိတ္တံ။ ။ဟူ၍ဝိဂြိုဟ်
ပြု၏။ယံခမ္မဇာတံ။အကြင်သဘောတရားသည်။အာရမ္မဏံ၊အာရုံကို။စိန္တေ
တိ၊ကြံတတ်၏။ဣတိတသ္မာ။ထိုသို့အာရုံကိုကြံတတ်သောသဘောကြောင့်။
စိတ္တံ၊စိတ်မည်၏၊ကတ္တုသာဓနကိတ်ဝိဂြိုဟ်စကားအဖြောင့်ဆိုလိုက်လျှင်
အာရုံကိုကြံတတ်သောကြောင့်စိတ်ခေါ်သည်။ ။တနည်းလည်း။ ။
စိန္တနံစိတ္တံ၊စိန္တနမတ္တံစိတ္တံ၊ ။ဟူ၍ဝိဂြိုဟ်ပြု၏။စိန္တနံ၊ကြံခြင်း။စိတ္တံ။
ကြံခြင်း စိန္တနမတ္တံ၊ အာရုံကိုကြံခြင်းမျှဖြစ်သော၊ စိတ္တံ၊စိတ်သည်။ ဘာဝ
သာဓနကိတ်ဝိဂြိုဟ်။၎င်းစိတ္တံဟူသောပုဒ်၌။ စိတခေါတ်၊တပစ္စည်းသည်၊ကြံ
ခြင်းသိခြင်းမျှကိုသာ စွမ်းနိုင်သည်၊ ၎င်းစိတ်၏ အချဖြစ်သောတရားကို
ဆင်ခြင်ပြန်သော်။ အကုသိုလ်စိတ်တဆဲ့နှစ်ချန်၌။လောဘသည်တပ်ခြင်းလို
ချင်ခြင်းအာရုံမျှဖြစ်သည်။ထို့ကြောင့်ဋီကာ၌။ ။လုဗ္ဘတီတိလောဘော။ ။
ဟူ၍ဝိဂြိုဟ်ပြု၏၊ ယံဓမ္မဇာတံ၊ အကြင်သဘောတရားသည်။ လုဗ္ဘတိ။
တပ်ထတ်၏ဝါ။ လိုချင်တတ်၏။ ဣတိတသ္မာ။ ထို့ကြောင့်၊ လောဘော။
လောဘမည်၏။ ၎င်းလောဘမူစိတ်၌၊လုပခေါတ်။ တပစ္စည်းသည့်အာရုံကို
ကြံခြင်းမျှသာဖြစ်သည်၊ထို့ကြောင့်စိတ်သည်။အာရုံ၏အရသာကိုမခံစား
တတ်။ကြံခြင်းဆင်ခြင်ခြင်းမျှသာဖြစ်သည်၊ကုသိုလ်စိတ်သည်လည်း၊ကု
သလံစိတ္တံဥပ္ပန္နံတိ။ ။ဟူ၍ပါဠိတော်မူသည်။ကုသလံစိတ္တံ၊ကုသိုလ်စိတ်
သည်၊ဥပ္ပန္နံတိ။ဖြစ်၏၊ဤသို့ဆိုခြင်းကားကုသိုလ်ဖြစ်သောစိတ်သည်ဖြစ်
၏ဟူ၍ဆိုလိုသည့်ကုသိုလ်ကိုဝိဂြိုဟ်ပြုသောအခါ။ကုစ္ဆိတေပါပကေဓမ္မေသ
လသန္တိကမ္ပေန္တိ၊ဝိဓံသေန္တီတိကုသလာ။ ။ယံဓမ္မဇာတံ။ အကြင်သ
ဘောတရားသည်၊ကုစ္ဆိတေ၊စက်ဆုတ်အပ်ကုန်သော၊ပါပကေဓမ္မေ၊ ယုတ်မာ
သောတရားတို့ကို။ သလယန္တိ၊ကမ္ပေန္တိ ဝိဓံသေန္တိ။ပျက်ဆီးတတ်ကုန်၏။
ဣတိတသ္မာ၊ထို့ကြောင့်၊ ဝံခမ္မဇာတံ၊ထိုသဘောတရားသည်။ ကုသလံ။

ကုသိုလ်မည်၏၊ ဤသို့ပြုအပ်သောသဘောမှာထည်း၊ မကောင်းသောအကုသိုလ်တို့ကိုထားမြင်ပျက်ဆီးတတ်သောကြောင့် ကုသိုလ်ဟုခေါ်ကြောင်းကိုပြသည်။ စေတသိက်သည်။ စိတ်နှင့်အတူတကွဖြစ်ခြင်းအတူထက်ချုပ်ခြင်းတူသောအာရုံ၊ တူသောမှီရာ၊ လက္ခဏာသဘောရှိ၏၊ ထို့ကြောင့်ဒိကာ၌။ ။စိတ္တသြိ နံသိတံစေတသိကံ။ ဟူ၍ဝိဂြိုဟ်ပြုတော်မူ၏၊ စိတ္တသြိ။ စိတ်၌။ နိဿိတံ၊ မှီသည်တည်း၊ စေတသိကံ၊ စိတ်၌မှီသည်၊ စေတသိကဘာဝ၊ စေတသိကံ၊ စေတသိ၊ စိတ်၌၊ ဘဝံ၊ ဖြစ်သည်တည်း၊ စေတသိ၊ စိတ်၌ဖြစ်သည်။ ငင်းဝိဂြိုဟ်၏အရမှာ၊ စိတ်နှင့်ဖြစ်ခြင်းကိုရသည်၊ တရားကိုယ်အားဖြင့်၊ ဆင်ခြင်လိုက်လျှင်၊ ပဿသည်၊ ပဿတီတိပဿော၊ ဟုဝိဂြိုဟ်ပြုခြင်းကြောင့်၊ အာရုံကိုတွေ့တတ်သောသဘောရှိသည်၊ အာရမ္မဏရသံဝေဒိယတီတိဝေဒနာ၊ ယံဓမ္မဇာတံ၊ အကြင်သဘောတရားသည်၊ အာရမ္မဏရသံ၊ အာရုံ၏အရသာကို၊ ဝေဒိယတိ၊ ခံစားတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်၊ တံဓမ္မဇာတံ၊ ထိုသဘောတရားသည်၊ ဝေဒနာ၊ ဝေဒနာမည်၏၊ ထိုသို့ပြုအပ်သောဝိဂြိုဟ်၏အရမှာ၊ အာရုံ၏အရသာကို၊ ခံစားတတ်သောသဘောရှိသောကြောင့်၊ ဝေဒနာဟုခေါ်သည်ထို့ကြောင့်စေတသိက်သည် ခံစားတတ်သောသဘောရှိ၏ဟုဆိုသည်၊ စိတ်စေတသိက်ဟုဆိုအပ်သောပရမတ္ထတရားသည်။ သတ္တဝါတို့၏သန္တာန်၌၊ ထင်ရှားရှိသော်လည်း၊ အလွန်သိနိုင်မြင်နိုင်ခဲသောသဘောဖြစ်သည်။ ။

ရုပ်ဟူသောပရမတ္ထတရား သည်လည်း၊ ဆံခြေသည်းထက်သည်း သွားအရိုးအစရှိသော။ ကက္ခဠဖြစ်သော၊ ပထဝီဓာတ်ဟုဆိုအပ်သောဩဠာရိကရုပ်များကိုသာမညအားဖြင့် မြင်နိုင်သည်၊ သုခုမဖြစ်သောရုပ်တို့ကိုမသိမမြင်နိုင်၊ ထိုရုပ်တို့သည်မရှိ၍မမြင်သလောဆိုသော်၊ ထင်ရှားရှိ၏။ ရှိပင်ရှိသော်လည်း။ ပရမတ္ထသဘောဖြစ်၍။ အလွန်နူးညံ့သိမ်မွေ့သောအဖြစ်ကြောင့်မမြင်နိုင်သည်၊ မိမိ၏သဘာဝမှာ၊ ဖောက်ပြန်တတ်သောသဘောရှိသည်၊ ထို့ကြောင့်ဋီကာ၌က်၊ ရုပ္ပတီတိရူပံ၊ ယံဓမ္မဇာတံ။ အကြင်သဘောတရားသည်၊ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်၊ တံဓမ္မဇာတံ၊ ထိုသဘောတရားသည်။ ရူပံ၊ ရုပ်မည်၏။ ။ဤသို့ပြုအပ်သောဝိဂြိုဟ်၏အရမှာ။ ဖောက်ပြန်တတ်သောကြောင့် ရုပ်ဟုခေါ်သည်။ တနည်းလည်း။ သီတုဏှာဒိဝိရောဓိပစ္စယေဟိရုပ္ပတီတိရူပံ၊ ။ ယံဓမ္မဇာတံ၊ အကြင်သဘောတရားသည်၊ သီတုဏှာဒိဝိရောဓိပစ္စယေဟိ၊

သိတဥတ္တုအစရှိသောအချမ်းအပူတို့ကြောင့်၊ ရုပ္ပတိ၊ ဖေါက်ပြန်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တံဝုစ္စတိ။ ထိုသဘောတရားသည်။ ရူပံ၊ ရုပ် မည်၏။ ဤသို့ပြဆိုအပ်သော၊ ပိဋကတ်၏အရမှာ။ အချမ်းအပူတို့ကြောင့်၊ ဖေါ် ပြန်သည်ကိုရုပ်ဟူ၍ဆိုသည်။ ထိုရုပ်သည်၊ ပရမတ္ထသဘောအားဖြင့်ယူ သည့်ရှိသော်၊ ဖေါ်ပြန်တတ်သောသဘောမျှကိုသာယူရမည်။ မရမတ္ထသ ဘောဖြင့်ရုပ်ကိုပြပါဆိုလျှင်မပြနိုင်၊ မရှိ၍မပြနိုင်သလောဟုဆိုသော်။ ထင် ရှားလည်းရှိ၏။ ပြလည်းမပြနိုင်။ မပြနိုင်ခြင်းသည်။ အလွန်နူးညံ့သိမ်မွေ့ သောပရမတ္ထသဘောဖြစ်သောကြောင့်။ မပြနိုင်သည်ဟုမှတ်ယူရမည်။ နိဗ္ဗာန်ဟူသောပရမတ္ထသဘောတရားမှာလည်း။ အလုံးစုံသောဘေးမျိုးတို့ ၏ကုန်ခမ်းငြိမ်းချမ်းသောအရပ်ဒေသကိုနိဗ္ဗာန်ဟုဆိုသည်။ ထိုနိဗ္ဗာန်ဟူ သောပရမတ္ထတရားသည်။ စိတ်စေတသိက်ရုပ်ဟုဆိုအပ်သော။ ပရမတ္ထ တရားသုံးပါးတို့ထက်သာလွန်၍နူးညံ့သိမ်မွေ့သော ပရမတ္ထတပါးဖြစ် သည်၊

ထိုကြောင့်ဝါနတောနိက္ခန္တတ္တာ နိဗ္ဗာနံ။ ဟူ၍ဋီကာဆရာမိန့်တော်မူ၏၊ ယံဝုစ္စတိ၊ အကြင်သဘောတရားသည်။ ဝါနတော။ ဝါနဟုဆိုအပ်သော တဏှာမှ။ နိက္ခန္တံ၊ ထွက်မြောက်သည်တည်း၊ ဣတိတသ္မာ၊ ထိုကြောင့်။ တံ ဝုစ္စတိ၊ ထိုသဘောတရားသည်၊ နိဗ္ဗာနံ။ နိဗ္ဗာန်မည်၏။ ဤသို့ပြဆိုအပ် သောပိဋကတ်၏အရမှာ။ ကြမ်းထမ်းရှင်မာလှစွာသော။ တဏှာငါးရာအာ သဝတရားတို့ဖြင့်ပြည့်ဝအားကြီးသောသုံးဆယ်တဘုံဟုဆိုအပ်သော အ ရပ်ဒေသမှလွတ်မြောက်၍။ ကြမ်းထမ်းသောတဏှာငါးရာကိလေသာ နှင့်တကွအလုံးစုံသောဘေးမျိုးတို့မှကင်းလွတ်ငြိမ်းချမ်းသောအရပ်ဒေသ သို့ရောက်သည်ကိုပင်။ နိဗ္ဗာန်ဟုဆိုသည်။ ၊တနည်းလည်း။ဘဝါဘဝံဝိ နနတောသံသိဗ္ဗနတော ဝါနသင်္ခါတာယ တဏှာယနိက္ခန္တံ နိဗ္ဗာတိ ဝါ ဧ သေနရာဂဂ္ဂိ အာဒိကောတိ နိဗ္ဗာနံ။ ၊ဘဝါဘဝံ။ဘဝငယ်ဘဝကြီးကို။ ဝိနနတောသံသိဗ္ဗနတော၊ ချုပ်စည်းချုပ်နှောင်တတ်သောကြောင့်၊ ဝါနသင်္ခါ တာယ၊ ဝါနဟုဆိုအပ်သော။ တဏှာယ၊ တဏှာမှ။ နိက္ခန္တံ။ ထွက်မြောက် သည်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ နိဗ္ဗာနံ။နိဗ္ဗာန်မည်၏။ ဝါ၊တနည်း ကား။ဧတေန၊ ထိုနိဗ္ဗာန်ဖြင့်။ ရာဂဂ္ဂိအာဒိကော၊ ရာဂအစရှိသောမီးသည်။ နိဗ္ဗာနံ၊ ငြိမ်း၏။ ဣတိတသ္မာ၊ ထိုကြောင့်။နိဗ္ဗာနံ။နိဗ္ဗာန်မည်၏၊ ။ဤသို့ပြဆို အပ်သောပိဋကတ်၏အဓိပ္ပါယ်တွင်မှာဘဝငယ်ဘဝကြီးကို။ ချုပ်စည်းချုပ်နှောင်

တတ်သော၊ ဝါနဟုဆိုအပ်သော တဏှာမှ ထွက်မြောက်သည်၏ အဖြစ်ကြောင့် နိဗ္ဗာန်ဟုခေါ်သည်။ ဟနည်းလည်း၊ ရာဂအစရှိသောတဆဲ့ထပါးသော မီးတို့၏ငြိမ်းချမ်းသောအရပ်ဒေသသို့ရောက်ခြင်းသည်၊ နိဗ္ဗာန်ဟုဆိုသည်။ ၎င်းနိဗ္ဗာန်သည် ဗိတ်ဧစဘာသိက်ရုပ်၊ နိဗ္ဗာန်ဟုဆိုအပ်သော ပရမတ္ထတရားလေးပါးတို့တွင်၊ ပရမတ္ထတရားတပါးဖြစ်သည်၊ ဗိတ်စေတသိက်ရုပ်ဟုဆိုအပ်သော ပရမတ္ထတရားသုံးပါးတို့ထက် သာလွန်ချွန်းညှ င့်သိမ်မွေ့နက်နဲခဲရင်းသော အဖြစ်သို့ရောက်သည်၊ ၎င်းပရမတ္ထတရားလေးပါးတို့တွင်၊ ဗိတ်စေတသိက်ရုပ်ဟုဆိုအပ်သော ပရမတ္ထ တရားသုံးပါးသည်၊ သတ္တဝါတို့၏ သဏ္ဍာန်နှိက်နေ့ရက်နာရီ၊ ဗိဇနာတိုင်းပင်ဖြစ်သျှင်ရသျှက်ရှိသည်။ နိဗ္ဗာန်ဟူသောပရမတ္ထတပါးသာမဖြစ်မရသေးသည်၊ ဤသို့နာရီမခြားရညှားဖြစ်ညှားသော်လည်း၊ ပထုဇ္ဇနိတို့၏ညာဏ်ပညာတ်ဖြင့်မသိမမြင်နိုင်၊ အရိယာပုဂ္ဂိုလ်တို့မှသာလျှင်သိမြင်နိုင်ရန်အကြောင်းဖြစ်သည်၊ ၎င်းဂိတ်စေတသိက်ရုပ်ဟုဆိုအပ်သော၊ ပရမတ္ထတရားသုံးပါးတို့သည်၊ နာရီဗိဇနာမခြားရကြောင်းဖြစ်ကြောင်းကိုထင်ရှားစွာပြလိုက်ဦးအံ့။

ဓမ္မသင်္ဂဏီကျမ်း၏ အရကောက်ဟုဆိုအပ်သော။ မာတိကာတိတ်အဖွင့်တွင်လည်း၊ ၊ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာဟူ၍ ဟောတော်မူကုန်သည်။ ၊ကုသလာ အနဝဇ္ဇသုခဝိပါကလက္ခဏာ။ အပြစ်မရှိကောင်းကျိုးကိုပေးခြင်းလက္ခဏာရှိသော၊ ဓမ္မာနိ သတ္တနိဇီဝသဘာဝါသတ္တလည်းမဟုတ်ဇီဝလည်းမဟုတ်ကုန်သော။ သဘာဝတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ အကုသလာသာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ၊ အပြစ်နှင့်တကွ။ မကောင်းကျိုးကိုပေးခြင်းလက္ခဏာရှိသော၊ ဓမ္မာနိသတ္တနိဇီဝသဘာဝါ၊ သတ္တလည်းမဟုတ်။ ဇီဝလည်းမဟုတ်ကုန်သော။ သဘာဝတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏၊ အဗျာကတာ။ ကုသလာအကုသလဘာဝေန အကထိတာ အညဘာဝေန ကထိတာ၊ ကုသိုလ်အကုသိုလ်အဖြစ်ဖြင့်ကားမဟောအပ်ကုန်။ ဘပါးသောအဖြစ်ဖြင့်သာဟောကြားအပ်ကုန်သော။ ဓမ္မာနိသတ္တနိဇီဝါ၊ သတ္တလည်းမဟုတ် ဇီဝ လည်းမဟုတ်ကုန်သော။ သဘာဝတရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

ကုသလာဓမ္မာ ဟူသောပဌမပုဒ်၏ အရကား။ ကုသိုလ်စိတ်ကောဝိသ၊ စေတသိက် အဋ္ဌတိံသ၏။ ထိုတရားကို ခန္ဓာ၊ဖွဲ့သည်ရှိသော်။ စေတသိက်အဋ္ဌတိံသတို့တွင်။ ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏။ သညာသည်

သညာက္ခန္ဓာမည်၏၊ ဝေဒနာသညာ၂ပါးကြွင်းသော စေတသိက်ဆတ္တိံသ သည်။ သင်္ခါရက္ခန္ဓာမည်၏။ ကုသိုလ်ဧကဝီသသည် ဝိညာဏက္ခန္ဓာမည်၏။ အာယတနဖွဲ့သည်ရှိသော်။ ကုသိုလ်ဧကဝီသသည် မနာယတနမည်၏ စေ တသိက်အဋ္ဌတိံသသည်၊ ဓမ္မာယတနမည်၏။ ဓာတ်ဖွဲ့သည်ရှိသော်။ မနာ ယတနသည် မနောဝိညာဏဓာတ်မည်၏။ ဓမ္မာယတနသည် ဓမ္မဓာတ်မည် ၏၊ ဤသို့လျှင် ကုသလာဓမ္မာဟူသော ပဌမပုဒ်၌၊ ခန္ဓာလေးပါး၊ အာယတနနှစ် ပါး၊ ဓာတ်နှစ်ပါးဖြစ်သတည်း။

အကုသလာဓမ္မာဟူသော ဒုတိယပုဒ်၌အရကား။ အကုသိုလ်စိတ်ဒွါဒ သ။ စေတသိက်သတ္တဝီသ ရ၏၊ ထိုတရားကိုခန္ဓာဖွဲ့သည်ရှိသော်၊ စေတ သိက်သတ္တဝီသတို့တွင်။ ဝေဒနာသည် ဝေဒနက္ခန္ဓာမည်၏၊ သညာသည် သညက္ခန္ဓာမည်၏၊ ဝေဒနာသညာ၂ပါးကြွင်းသော စေတသိက်ပဉ္စဝီသသည် သင်္ခါရက္ခန္ဓာမည်၏၊ အကုသိုလ်စိတ်ဒွါဒသသည်၊ ဝိညာဏက္ခန္ဓာမည်၏။ အာယတနဖွဲ့သည်ရှိသော် အကုသိုလ်စိတ်ဒွါဒသသည် မနာယတနမည် ၏။ စေတသိက်သတ္တဝီသသည်။ ဓမ္မာယတနမည်၏၊ ဓာတ်ဖွဲ့သည်ရှိသော်၊ မနာယတနသည်။ မနောဝိညာဏဓာတ်မည်၏။ ဓမ္မာယတနသည်။ ဓမ္မဓာတ် မည်၏၊ ဤသို့လျှင် အကုသလာဓမ္မာဟူသော ဒုတိယပုဒ်နိုက်၊ ခန္ဓာအားဖြင့် လေးပါး၊ အာယတနအားဖြင့်နှစ်ပါ။ ဓာတ်ဖြင့်နှစ်ပါးဖြစ်သတည်း။

အဗျာကတာဟူသော တတိယပုဒ်၌ အရကား။ ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသ စေတသိက်အဋ္ဌတိံသ။ ရုပ်အဋ္ဌဝီသ နိဗ္ဗာန်ရ၏၊ ထိုတရားကိုခန္ဓာ ဖွဲ့သည်ရှိသော် နိဗ္ဗာန်သည် အတိက်အစရှိသော အပြား မရှိသောကြောင့်။ ခန္ဓာဟူသော အရေအတွက်မှ လွတ်၏။ ရုပ်အဋ္ဌဝီသသည် ရူပက္ခန္ဓာမည် ၏၊ စေတသိက် အဋ္ဌတိံသတို့တွင် ဝေဒနာသည်၊ ဝေဒနက္ခန္ဓာ မည်၏။ သညာသည် သညက္ခန္ဓာမည်၏။ ဝေဒနာသညာ၂ပါးကြွင်းသော စေတသိက် ဆတ္တိံသသည်။ သင်္ခါရက္ခန္ဓာမည်၏။ ဝိပါက်ဆတ္တိံသသည် ကြိယာဝီသ သည်။ ဝိညာဏက္ခန္ဓာမည်၏။ အာယတနဖွဲ့သည်ရှိသော်။ ကမ္မဇရုပ်နှစ် ဆယ်နိုက်အကျုံးဝင်သော စက္ခုပသာဒသည်။ စက္ခာယတနမည်၏။ ထို့ အတူ သောတပသာဒသည်၊ သောတာယတနမည်၏။ ဃာနပသာဒသည်။ ဃာနာယတနမည်၏။ ဇိဝှါပသာဒသည်၊ ဇိဝှါယတနမည်၏။ ကာယပသာဒ သည်၊ ကာယာယတနမည်၏။ ကမ္မဇ စိတ္တဇ ဥတုဇ အာဟာရဇ အားဖြင့်။ စ တုသမုဋ္ဌာနိကရုပ်နိုက် အကျုံးဝင်သော ရူပါရုံသည်၊ ရူပါယတနမည်၏၊

စိတ္တဇဥတုဇအားဖြင့်၊ ဒွိသမုဋ္ဌာနိကရုပ်၌အကျုံးဝင်သော၊ သဒ္ဒါရုံသည်၊ သဒ္ဒါယတနမည်၏၊ စတုသမုဋ္ဌာနိကရုပ်၌အကျုံးဝင်သောဂန္ဓာရုံသည်၊ ဂန္ဓာယတနမည်၏၊ ထို့အတူရသာရုံသည်ရသာယတနမည်၏၊ ပထဝီ၊ တေဇော၊ ဝါယော၊ ဟုဆိုအပ်သောဖောဋ္ဌဗ္ဗာရုံသည်၊ ဖောဋ္ဌဗ္ဗာယတနမည်၏။ ဝိပါက်ဆတ္တိံသကြိယာစိတ်သည်၊ မနာယတနမည်၏၊ စေတသိက်အဋ္ဌတိံသ၊ သုခုမရုပ်၊ သဠာယတနိဗ္ဗာန်ဟုဆိုအပ်သောဓမ္မာရုံသည်၊ ဓမ္မာယတနမည်၏၊ ဓာတ်ဖွဲ့သည်ကား၊ စက္ခာယတနသည်၊ စက္ခုဓာတ်မည်၏၊ သောတာယတနသည်၊ သောတဓာတ်မည်၏၊ ဃာနာယတနသည်၊ ဃာနဓာတ်မည်၏၊ ဇိဝှါယတနသည်၊ ဇိဝှါဓာတ်မည်၏၊ ကာယာယတနသည်၊ ကာယဓာတ်မည်၏၊ ရူပါယတနသည်၊ ရူပဓာတ်မည်၏၊ သဒ္ဒါယတနသည်၊ သဒ္ဒဓာတ်မည်၏၊ ဂန္ဓာယတနသည်၊ ဂန္ဓဓာတ်မည်၏၊ ရသာယတနသည်၊ ရသဓာတ်မည်၏၊ ဖောဋ္ဌဗ္ဗာယတနသည်၊ ဖောဋ္ဌဗ္ဗဓာတ်မည်၏။ မနာယတန၌အကျုံးဝင်သော စက္ခုဝိညာဏ်နှစ်ပါးသည်။ စက္ခုဝိညာဏဓာတ်မည်၏၊ ထို့အတူ သောတဝိညာဏ်နှစ်ပါးသည်၊ သောတဝိညာဏဓာတ်မည်၏၊ ထို့အတူ၊ ဃာနဝိညာဏ်နှစ်ပါးသည်၊ ဃာနဝိညာဏဓာတ်မည်၏၊ ဇိဝှါဝိညာဏ်နှစ်ပါးသည်၊ ဇိဝှါဝိညာဏဓာတ်မည်၏၊ ကာယဝိညာဏ်နှစ်ပါးသည်၊ ကာယဝိညာဏဓာတ်မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းနှစ်ပါးသည်၊ မနောဓာတ်မည်၏၊ ထို့ကြွင်းသောဝိပါက်ကြိယာစိတ်သည်၊ မနောဝိညာဏဓာတ်မည်၏၊ ဓမ္မာယတနသည်၊ ဓမ္မဓာတ်မည်၏၊ ဤသို့လျှင်၊ အဗျာကတာဟူသောတတိယပုဒ်နိုက်ခန္ဓာအားဖြင့်ငါးပါး၊ အာယတနအားဖြင့်တဆယ့်နှစ်ပါး၊ ဓာတ်အားဖြင့်၊ တဆယ့်ရှစ်ပါးဖြစ်သတည်း။ ။

ဤသို့လျှင်၊ မြင်မြင်သမျှဝေနေယျသတ္တဝါတို့သည်၊ နှစ်လနေ့ရက်အာသိန်နာရီရှိတိုင်းသောကာလတို့၌၊ ကုသိုလ်ဖြစ်လျှင်လည်းဖြစ်၊ ကုသိုလ်မဖြစ်လျှင်လည်း၊ အကုသိုလ်ဖြစ်ရန်အကြောင်းသာရှိသည်၊ အဗျာကတဖြစ်သောသူသည်အလွန်ရှားလိမ့်မည်၊ ထိုသို့ကုသိုလ်အကုသိုလ်ဖြစ်ရာ၌၊ စိတ်စေတသိက်ရုပ်ဟုဆိုအပ်သော ပရမတ္ထတရားသုံးပါးသည်၊ မပြတ်မစဲဖြစ်ရေအယဉ်ကဲ့သို့၊ သတ္တဝါတို့၏သန္တာန်နိုက်မပြတ်သင့်ရှားဖြင့်၍ဖြစ်ပင်ဖြစ်သော်လည်း၊ ၎င်းပရမတ္ထတရားသုံးပါးကိုပြပါဆိုလျှင်လည်းမပြနိုင်၊ နိဗ္ဗာန်ဟူသောပရမတ္ထတရားမှာစိတ်စေတသိက်၊ ရုပ်ဟုဆိုအပ်သောပရမတ္ထတရားသုံးပါးတို့ထက်၊ သာလွန်၍ နူးညံ့သိမ်မွေ့သောကြောင့်ဆို

ဘွယ်ရာမရှိ။ အတိုင်းထက်အလွန်လျှင်၊ သိမြင်နိုင်ရန်ခက်သေးသောပရမတ္ထတရားတပါးဟူ၍မှတ်ရမည်။ ။

နိဗ္ဗာန်သည်အသင်အရှားရှိကြောင်းထိုသို့အထင်းအရှားရှိသောနိဗ္ဗာန်နှက်၊ ပရိနိဗ္ဗုတဂုဏ်တို့သည်၊ အထင်အရှားခံစားစံစားရကြောင်းကိုပြပြီးသည်၏အခြားမဲ့နှက်။ ထိုနိဗ္ဗာန်သို့သွားရာလမ်းခရီးဖြစ်သောပဋိပတ်ကျင့်စဉ်ကိုပြသိုက်ဦးအံ့။ ။

ဝိပဿနာကမ္မဋ္ဌာနေသုပန၊ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ။ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိ။ ပဋိပဒါညာဏဒဿနဝိသုဒ္ဓိ၊ ညာဏဒဿနဝိသုဒ္ဓိ၊ သတ္တဝိသုဒ္ဓိသင်္ဂဟော။ ။

ဝိပဿနာကမ္မဋ္ဌာနေသုပန၊ ဝိပဿနာကမ္မဋ္ဌာန်းတို့၌ကား၊ သီလဝိသုဒ္ဓိစ၊ သီလ၏စင်ကြယ်ခြင်းလည်းကောင်း။ စိတ္တဝိသုဒ္ဓိစ၊ စိတ်၏စင်ကြယ်ခြင်းလည်းကောင်း၊ ဒိဋ္ဌိဝိသုဒ္ဓိစ။ အမြင်၏စင်ကြယ်ခြင်းလည်းကောင်း။ ကင်္ခါဝိတရဏဝိသုဒ္ဓိစ၊ ယုံမှားသံသရကိုပယ်ဖျောက်ခြင်း၏စင်ကြယ်ခြင်းလည်းကောင်း။ မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိစ၊ မဂ်ဟုတ်သည်မဟုတ်သည်၌သိတတ်သောညာဏ်အမြင်၏စင်ကြယ်ခြင်းလည်းကောင်း။ ပဋိပဒါညာဏဒဿနဝိသုဒ္ဓိစ၊ အိုးပါးသောဝိပဿနာညာဏ်အမြင်၏ စင်ကြယ်ခြင်းလည်းကောင်း။ ညာဏဒဿနဝိသုဒ္ဓိစ၊ သောတာပတ္တိမဂ်ကို မြင်ခြင်းဟု ဆိုအပ်သောညာဏ်အမြင်၏ စင်ကြယ်ခြင်းလည်းကောင်း၊ ဣတိ၊ ဤသို့၊ ဝိသုဒ္ဓိသင်္ဂဟော၊ စင်ကြယ်ခြင်း၏ရေတွက်ခြင်းကို။ သတ္တဝိဓေန၊ ခုနစ်ပါးအပြားအားဖြင့်ဝေဒိတဗ္ဗော၊ သိအပ်၏။

အဓိပ္ပါယ်အစဉ်ကိုဆိုလိုက်ဦးအံ့၊ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ၊ ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ ပစ္စယသန္နိဿိတသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ ဟုဆိုအပ်သော။ စောင့်ရှောက်အပ်သောသီလတို့၏ ဖြူစင်သန့်ရှင်းစင်ကြယ်ခြင်းသည်။ သီလဝိသုဒ္ဓိမည်၏။ သမထကမ္မဋ္ဌာန်း၏အစွမ်းအားဖြင့်။ နိဝရဏခြောက်ပါးတို့ကိုခွါ၍ တခုခုသောကမ္မဋ္ဌာန်းတည်းဟူသောအာယုံ၌တည်ကြည်ခြင်းမပြန့်လွင့်ခြင်း ဟုဆိုအပ်သောဥပစာရသမာဓိ၊ ရူပါဝစရဈာန်စိတ်အစရှိသောအပ္ပနာသမာဓိ၊ ဤနှစ်ပါးသောသမာဓိသည်။ စိတ္တဝိသုဒ္ဓိမည်၏စိတ်တခုယုတ်ကိုးဆယ်။ စေတသိက်ငါးဆယ်နှစ်ပါးဟုဆိုအပ်သောနာမ်ဘရား။ ရုပ်နှစ်ဆဲ့ရှစ်ခုဟုဆိုအပ်သောရုပ်တ

ရား။ ဤနှစ်ပါးသော နာမ်ရုပ်တရားနှင့်၊ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် အားဖြင့်သိ သည်ဖြစ်၍ဆင်ခြင်နိုင်ခြင်းသည်၊ ဒိဋ္ဌိဝိသုဒ္ဓိမည်၏၊ ပဋိသန္ဓေ အခါနှင့်၊ ထိုနာမ်ရုပ်တရားနှစ်ပါးတို့၏ ဖြစ်ကြောင်းကား၊ အဝိဇ္ဇာ တဏှာ ဥပါဒါန်မည်သော တောဘုပ္ပကကံတည်း၊ ရုပ်တရားကား ပဝတ္တိအခါနှင့်၊ ကံ စိတ်ဥတုအာဟာရတည်း ဟူသော လေးပါးသော အကြောင်းကြောင့်ဖြစ်၏ ဟု။ အကြောင်းကိုသိမ်းဆည်းနိုင်ခြင်းသည် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။ ဩဘာသအစရှိသော ဂုဏ်ထိုဂုဏ်ကိုးပါးနှင့်ကိုက်တပ်တတ်သော သိမ်မွေ့ သောတဏှာ။ ဤဆယ်ပါးသော ဝိပဿနာညာဏ်၏ အညစ်အကြေးဖြစ် သော။ မဂ်ဘိုသီးတားပိတ်ပင်တတ်သောဘေးရန်ကိုသိမ်းဆည်းနိုင်သည့် ၏ အစွမ်းအားဖြင့်မဂ် ရခြင်း၏အကြောင်း ဟုတ်သည်မဟုတ်သည်ကို၊ မှတ်ခြင်းဆုံးဖြတ်ခြင်းသည်။ မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိမည်၏။ ထိုသို့ သော အခြင်းအရာဖြင့်၊ မဂ်ကိုသီးတားပိတ်ပင်တတ်သောဘေးရန်မှလွတ် သော ယောဂီပုဂ္ဂိုလ်အား။ ခန္ဓာငါးပါးတို့၏၊ အဖြစ်အပျက်ကိုသိတတ်သော ဥဒယဗ္ဗယညာဏ်ဖြစ်သည်မှစ၍၊ အနိစ္စ ဒုက္ခ အနတ္တ ဟူသော လက္ခဏာရေး သုံးပါးကို၊ ဝိပဿနာညာဏ်အဆက်ဆက်ဖြင့်ရှုသော ယောဂီပုဂ္ဂိုလ်အား ဥဒယဗ္ဗယ ညာဏ်လျှင် အပိုင်းအခြားရှိသော ကိုးပါးသော ဝိပဿနာ ညာဏ်တို့သည်၊ ပဋိပဒါညာဏဒဿနဝိသုဒ္ဓိမည်၏။ ဤသို့ဆိုအပ်ခဲ့ပြီး သောနည်းဖြင့် ကျင့်သော ယောဂီပုဂ္ဂိုလ်အား။ ဝိပဿနာညာဏ်၏ရင့်ခြင်း ကိုစွဲ၍ အပ္ပနာဟု ဆိုအပ်သော လောကုတ္တရာဖြစ်သော။ သောတာပတ္တိမဂ် စိတ်သည်ဖြစ်လတ္တံ့သော အခါနှင့်၊ တိဟိတ်ဘာဝင်အယဉ်ကိုဖြတ်၍ မနောဒွါ ရာဝဇ္ဇန်းစိတ်ဖြစ်၏။ ထိုနောင်မှနှစ်ကြိမ် သုံးကြိမ် ဝိပဿနာစိတ်တို့သည် အနိစ္စ ဒုက္ခ အနတ္တ ဟူသော လက္ခဏာရေးသုံးပါးတို့တွင် တပါးပါးကိုအာရုံ ပြု၍၊ ပရိကံ ဥပစာ၊ အနုလုံ ဟု ဖြစ်ကုန်၏၊ ထိုနောင်မှ ပုထုဇ္ဇန်၏အမည်ကို နှိပ်စက်တတ်သော အရိယာတို့၏ အမည်အနွယ်ကိုချီးမြှောက်တတ်သော မဟာကုသိုလ်ပဉ္စမဇောတို့တွင်။ ဘာရရသည့်နိဗ္ဗာန်ကိုအာရုံပြု၍။ ဂေါတြ ဘူ ဟူသော အမည်ဖြစ်၏၊ ထိုနောင်မှသော တာပတ္တိမဂ်စိတ်သည်။ နိဗ္ဗာန် ကိုအာရုံပြု၍ဖြစ်၏၊ ဤသောတာပတ္တိမဂ်စိတ်ဖြစ်ဟန်ကို ဥပမာဖြင့်ဆို လိုက်ဦးအံ့။ ဆီမီးသည် အလင်းကိုပြုခြင်း အမိုက်ကိုပျောက်စေခြင်း ဆီ ကိုခမ်းစေခြင်း၊ ဆီမီးစာကိုလောင်စေခြင်း။ ဤကိစ္စလေးပါးကို တပြိုင် နက်တချက်တည်းပြီးစေသကဲ့သို့ရင်း၊ ထိုသည့်ဤမှာဘက်ကမ်းကိုစွန့်

ခြင်းရေအယဉ်ကိုဖြတ်ခြင်း။ဝန်ကိုချက်ဆောင်ခြင်း။ထိုမှာဘက်ကမ်းကို ရောက်ရှိခြင်း။ ဤကိစ္စလေးပါးကို တပြိုင်နက်တချက်တည်းပြီးစေသကဲ့သို့ ငှင်း၊ သောတာပတ္တိမဂ်စိတ်သည်နိဗ္ဗာန်ကိုအာရုံပြု၍။ ဒုက္ခသစ္စာကိုပိုင်းခြား၍သိခြင်း။သမုဒယသစ္စာကိုပယ်ခြင်း၊ နိရောဓသစ္စာကိုမျက်မှောက်ပြုခြင်း။မဂ္ဂသစ္စာကိုပွားခြင်း။ ဤကိစ္စလေးပါးကိုတပြိုင်နက်တချက်တည်း ဖြစ်၏။ ဤသောတာပတ္တိမဂ်စိတ်သည်။ ဉာဏဒဿနဝိသုဒ္ဓိမည်၏၊ ထို နောင်သောဘာဝပတ္တိမဂ်စိတ်သည်၊ နှစ်ကြိမ်သုံးကြိမ်ဖြစ်၍ချုပ်၏။ ထိုပု ဂ္ဂိုလ်သည်။ သောတာပန်ပုဂ္ဂိုလ်မည်၏။ ။ဤကားဝိသုဒ္ဓိခုနစ်ပါး၏ အစဉ်ဖြစ်သောအဓိပ္ပါယ်တည်း။

တနည်းပြလိုက်ဦးအံ့။ဝိသုဒ္ဓိခုနစ်ပါးကိုလည်းပြီးစီးစေရမည်။ ဝိပဿ နာဉာဏ်ဆယ်ပါးကိုလည်းပွါးများရမည်။ဝိပဿနာဉာဏ်ဆယ်ပါး ဟူသော်ကား။သမ္မသနဉာဏ်။ ဥဒယဗ္ဗယဉာဏ်။ ဘင်္ဂဉာဏ်။ ဘယ ဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်။ ပဋိ သင်္ခါဉာဏ်။သင်္ခါရုပေက္ခာဉာဏ်။အနုလောမဉာဏ်ဟူ၍။ဆယ်ပါး အပြားရှိ၏။

အဋ္ဌကထာတို့မှလာသောဝိပဿနာပွားပုံကိုပြလိုက်ဦးအံ့။

(၁) ဣမေပဉ္စက္ခန္ဓာခယဋ္ဌေန၊ ဝယဋ္ဌေနအနိစ္စာ၊ ဘယ ဋ္ဌေနပီဠနဋ္ဌေနဒုက္ခာ၊အသာရကဋ္ဌေနအနိဿရဋ္ဌေနအနတ္တာ၊ ဣတိသမ္မသနံ၊သမ္မသနဉာဏံ၊ဤကားသမ္မသနဉာဏ်ပွားပုံ။

(၂) အဝိဇ္ဇာသမုဒယာရူပသမုဒယော၊ တဏှာသမုဒယာ၊ ရူပသ မုဒယော၊ ကမ္မသမုဒယာရူပသမုဒယော၊ အာဟာရသမုဒယာရူ ပသမုဒယော၊အဝိဇ္ဇာသမုဒယာဝေဒနာသမုဒယော၊ တဏှာသ မုဒယာ၊ဝေဒနာသမုဒယော၊ကမ္မသမုဒယာ၊ဝေဒနာသမုဒယော၊ ဖဿသမုဒယာ၊ ဝေဒနာသမုဒယော၊ အဝိဇ္ဇာသမုဒယာသညာ သမုဒယော၊တဏှာသမုဒယာ။သညာသမုဒယော၊ ကမ္မသမုဒ ယာ၊သညာသမုဒယော၊ဖဿသမုဒယာ၊ သညာသမုဒယော။ ။ အဝိဇ္ဇာသမုဒယာ၊သင်္ခါရသမုဒယော၊ တဏှာသမုဒယာ၊သင်္ခါရ သမုဒယော။ကမ္မသမုဒယာ၊သင်္ခါရသမုဒယော၊ဖဿသမုဒယာ၊ သင်္ခါရသမုဒယော။ ။အဝိဇ္ဇာသမုဒယာ၊ ဝိညာဏသမုဒ ယော၊တဏှာသမုဒယာ၊ဝိညာဏသမုဒယော၊ ကမ္မသမုဒယာ၊ဝိ

ညာဏသမုဒယော၊ နာမရူပသမုဒယာ၊ ဝိညာဏသမုဒယော၊ အဝိဇ္ဇာနိရောဓာ ရူပနိရောဓော၊ တဏှာနိရောဓာ ရူပနိရောဓော၊ ကမ္မနိရောဓာ ရူပနိရောဓော၊ အာဟာရနိရောဓာ ရူပနိရောဓော၊ အဝိဇ္ဇာနိရောဓာ ဝေဒနာနိရောဓော၊ တဏှာနိရောဓာ ဝေဒနာနိရောဓော၊ ကမ္မနိရောဓာ ဝေဒနာနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ အဝိဇ္ဇာနိရောဓာ သညာနိရောဓော၊ တဏှာနိရောဓာ သညာနိရောဓော၊ ကမ္မနိရောဓာ သညာနိရောဓော၊ ဖဿနိရောဓာ သညာနိရောဓော၊ အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော၊ တဏှာနိရောဓာ သင်္ခါရနိရောဓော၊ ကမ္မနိရောဓာ သင်္ခါရနိရောဓော၊ ဖဿနိရောဓာ သင်္ခါရနိရောဓော၊ အဝိဇ္ဇာနိရောဓာ ဝိညာဏနိရောဓော၊ တဏှာနိရောဓာ ဝိညာဏနိရောဓော၊ ကမ္မနိရောဓာ ဝိညာဏနိရောဓော၊ နာမရူပနိရောဓာ ဝိညာဏနိရောဓော၊ ဧဝံ ဥဒယဗ္ဗယာနုပဿနံ၊ ဥဒယဗ္ဗယေ ဉာဏံ၊ ။ဤကား ငါးဆယ်သော အခြင်းအရာအားဖြင့်၊ ဖြစ်ခြင်းပျက်ခြင်းကို၊ သုံးသပ်ဆင်ခြင်ခြင်းဟုဆိုအပ်သော ဥဒယဗ္ဗယဉာဏ်ဖြစ်ပုံ။ ။

ဣမေမေ ပဉ္စက္ခန္ဓာ ခယ္ယာ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ ဘိဇ္ဇန္တိ၊ ဝိနဿန္တိ၊ ဝိပရိဏာမံ ဂစ္ဆန္တိ။ ဧဝံ ဘင်္ဂါနုပဿနံ ဘင်္ဂေ ဉာဏံ၊ ။ဤကား ခန္ဓာငါးပါး၏ ပျက်ခြင်းကို သုံးသပ် ဆင်ခြင်ခြင်းဟု ဆိုအပ်သော ဘင်ဉာဏ်ဖြစ်ပုံ။ ။

(၄) ဣမေသံ မမ ခန္ဓာနံ ဥပ္ပါဒေါ ဘယံ။ ပဝတ္တံ ဘယံ၊ နိမိတ္တံ ဘယံ၊ အာယူဟနံ ဘယံ၊ နိပ္ပတ္တိ ဘယံ။ ပဋိသန္ဓိ ဘယံ။ ဧဝံ ဘယာနုပဿနံ၊ ဘယေ ဉာဏံ။ ။ဤကား ခန္ဓာငါးပါး ဖြစ်ခြင်း၌ ဘေးဟု သုံးသပ်ဆင်ခြင်ခြင်း ဘယဉာဏ်ဖြစ်ပုံ။ ။

(၅) ဣမေသံ မမ ခန္ဓာနံ ဥပ္ပါဒေါ သာဒီနဝေါ၊ ပဝတ္တံ သာဒီနဝံ၊ နိမိတ္တံ သာဒီနဝံ၊ အာယူဟနံ သာဒီနဝံ၊ နိပ္ပတ္တိ သာဒီနဝါ၊ ပဋိသန္ဓိ သာဒီနဝါ၊ ဧဝံ အာဒီနဝါနုပဿနံ၊ အာဒီနဝေ ဉာဏံ။ ။ဤကား ခန္ဓာငါးပါး ဖြစ်ခြင်း၌၊ အပြစ်ဟု သုံးသပ်ဆင်ခြင်ခြင်းဟု ဆိုအပ်သော အာဒီနဝဉာဏ်ဖြစ်ပုံ။ ။

(၆) ဣမေသံမမခန္ဓာနံ။ ဘိဇ္ဇနံနာမေတံ၊ အဟောဝတနိဗ္ဗိန္ဒံ။ အဟောဝတဇေဂုစ္ဆံ။အဟောဝတပဋိကူလံ။အဟောဝတနာလယံ၊ ဧဝံနိဗ္ဗိန္ဒာနုပဿနံ။နိဗ္ဗိန္ဒေဉာဏံ၊ ။ဤကားခန္ဓာငါးပါးပျက်ခြင်းနှင့်။ငြီးငွေ့ဘွယ်ဟူ၍၊ သုံးသပ်ဆင်ခြင်ခြင်းဟု ဆိုအပ်သော။ နိဗ္ဗိန္ဒာဉာဏ်ဖြစ်ပုံ။ ။

(၇) ဣမေသံမမခန္ဓာနံ၊ဥပ္ပန္နံဝါ။ဘိဇ္ဇနံဝါ။ဒုက္ခဒုက္ခံ။အတိဒုက္ခံ။တတောကဒါမုဉ္စေယျံ၊ သာဓုမုဉ္စနံ။သာဓုဝတအပဂမနံ၊ သာဓုဝတ နိဗ္ဗုဒံ။ဧဝံမုဉ္စနံနုပဿနံ၊ မုဉ္စိတုကမျတာဉာဏံ၊ ။ဤကားခန္ဓာငါးပါးမှလွတ်လိုသော။အခြင်းအရာဖြင့်၊သုံးသပ်ဆင်ခြင်ခြင်းဟု ဆိုအပ်သော၊မုဉ္စိတုကမျတာဉာဏ်ဖြစ်ပုံ။ ။

(၈) ဣမေမေ ပဉ္စက္ခန္ဓာ၊ အနိစ္စန္တိကတောအနိစ္စာ။ အဓုဝ တောအနိစ္စာ။ တာဝကာလိကတောအနိစ္စာ၊ ဥဒယဗ္ဗယပရိစ္ဆိန္န တောအနိစ္စာ၊ ဣမေမေပဉ္စက္ခန္ဓာ၊ဒုက္ခမတောဒုက္ခာ။ အတာန တောဒုက္ခာ၊ အလေဏတောဒုက္ခာ။ ဥဒယဗ္ဗယပီဠနတောဒုက္ခာ ဣမေမေပဉ္စက္ခန္ဓာ၊ ရိတ္တတောအနတ္တာ။ တုစ္ဆတောအနတ္တာ။ သုညတောအနတ္တာ၊ အသာရ ကတ္တောအနတ္တာ၊ ဧဝံပဋိသင်္ခါနု ပဿနံ။ပဋိသင်္ခါနေဉာဏံ၊ ။ဤကားခန္ဓာငါးပါး၌၊ အထပ်ထပ်ရှု ပြန်ခြင်းဟုဆိုအပ်သော။ပဋိသင်္ခါနဉာဏ်ဖြစ်ပုံ။ ။

(၉) ဣမေမေပဉ္စက္ခန္ဓာ၊ ရိတ္တာ၊တုစ္ဆာ။ သုညာ၊ နိရတ္ထကာ။ အတ္တေနဝါ အတ္တနိယေနဝါနတေဟံ၊နတေမမဧဝံဥဒါသိနေနသင်္ခါ ရုပေက္ခာနုပဿနံ။ သင်္ခါရုပေက္ခေဉာဏံ၊ ။ဤကားခန္ဓာငါးပါးတို့၌ မရုံးမချစ် လျစ်လျူအားဖြင့်၊ သုံးသပ်ဆင်ခြင်ခြင်းဟု ဆိုအပ် သော၊သင်္ခါရုပေက္ခာဉာဏ်ဖြစ်ပုံ။ ။

ဤဉာဏ်ကိုးပါးတိုင်အောင်၊ဝိပဿနာပွားပုံကိုမှတ်၊

(၁၀) ယဒါပဟာဝေမဂ္ဂေါဥပ္ပဇ္ဇိဿတိ၊တဒါတံနုဝတ္တဗ္ဗာရမဏံကတွာ ပရိကမ္မံဝါ၊ ဥပစာရံဝါ၊ အနုလောမံဝါ၊ ဥပ္ပဇ္ဇိတွာနိရုဇ္ဈတိ၊ တံသမ္ပ ယုတ္တံညာဏံ။ အနုလောမေဉာဏံ။တတောပရံနိဗ္ဗာနံ၊ အာရမ္မဏံ ကတွာ။ဂေါတြဘူဉာဏံ၊ ဥပ္ပဇ္ဇိတွာနိရုဇ္ဈတိ။ တတောဝရံသကိံ ယေဝမဂ္ဂေါဥပ္ပဇ္ဇိတွာနိရုဇ္ဈတိ၊တထာတတောပရံဧကံဒွိတိက္ခတ္တုံ ဖလမေဝ ဥပ္ပဇ္ဇိတွာနိရုဇ္ဈတိ။ တတောပရံဘဝင်္ဂပါတောဟောတိ

တိ။ ။ဤကားသက္ကာယ ဒေးကိုအားရုံပြု၍ ပြုခြင်းဟုဆိုအပ်သောအနုလောမဉာဏ်ဖြစ်ပုံ။ ။

ထိုနောင်နိဗ္ဗာန်ကိုအာရုံပြု၍ဂေါတြဘုဉာဏ်၊ထိုနောင်မဂ်ဉာဏ်။ ထိုနောင်ဖိုလ်ဉာဏ်။ ဤသို့အစဉ်ဖြစ်ပုံကိုလည်းမှတ်အပ်၏။ ။ဤကား ဝိပဿနာဉာဏ်ဆယ်ပါးပွားပုံကိုမှတ်အပ်၏။

(၁) မေမမ။ငါ၏။ပဉ္စက္ခန္ဓာ၊ခန္ဓာငါးပါးဟုဆိုအပ်သော၊ရုမေဝဒွာ၊ဤရုပ်နာမ်တရားတို့သည်။ခယဋ္ဌေန။ ကုန်ခန်းသောသဘောကြောင့်၊ ဝယဋ္ဌေန။ ပျက်စီးတတ်သော သဘောကြောင့်၊ အနိစ္စာ။ အနိစ္စမည်သည်ကုန်၏။ ဘယဋ္ဌေန။ ဘေးနှင့်တကွဖြစ်ခြင်းကြောင့်ဝိဋ္ဌေနဋ္ဌေန။ နှိပ်စက်ညှဉ်းပမ်းတတ်သောသဘောကြောင့်။ဒုက္ခာ၊ဒုက္ခမည်သည်ကုန်၏၊အသာရကဋ္ဌေန၊အနှစ်သာရမရှိခြင်းတည်းဟူသော အနက်သဘောကြောင့်၊ အနိဿရဋ္ဌေန၊ အစိုးမရခြင်းတည်းဟူသောသဘောကြောင့်။ အနတ္တာ၊အနတ္တမည်သည်ကုန်၏။ ဧဝံ၊ဤသို့၊သမ္မသနံ။သုံးသပ်ဆင်ခြင်ခြင်းသည်၊ သမ္မသနဉာဏ်။ သမ္မသနဉာဏ်မည်၏။

(၂) အဝိဇ္ဇာသမုဒယာ၊မောဟဟူသော အဝိဇ္ဇာဖြစ်ခြင်းကြောင့်။ရူပသမုဒယော။ရူပက္ခန္ဓာ၏ဖြစ်ခြင်းသည်။ဟောတိ။ဖြစ်၏။တဏှာသမုဒယာ၊ လောဘဟူသောတဏှာဖြစ်ခြင်းကြောင့်၊ ရူပသမုဒယော၊ရူပက္ခန္ဓာ၏ဖြစ်ခြင်းသည်။ဟောတိ၊ဖြစ်၏။ကမ္မသမုဒယာ၊ ကုသိုလ်အကုသိုလ်ဟူသော ကံဖြစ်ခြင်းကြောင့်၊ရူပသမုဒယော၊ရူပက္ခန္ဓာ၏ဖြစ်ခြင်းသည်။ဟောတိ။ဖြစ်၏။အာဟာရသမုဒယာ၊ အာဟာရဖြစ်ခြင်းကြောင့်၊ရူပသမုဒယော၊ရူပက္ခန္ဓာ၏ဖြစ်ခြင်းသည်။ဟောတိ။ဖြစ်၏။အဝိဇ္ဇာသမုဒယာ။မောဟဟူသောအဝိဇ္ဇာဖြစ်ခြင်းကြောင့်။ ဝေဒနာသမုဒယော။ဝေဒနာက္ခန္ဓာ၏ဖြစ်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ တဏှာသမုဒယာ။ လောဘဟူသော တဏှာဖြစ်ခြင်းကြောင့်။ဝေဒနာသမုဒယော။ဝေဒနာက္ခန္ဓာ၏ဖြစ်ခြင်းသည်။ဟောတိ၊ဖြစ်၏။ ကမ္မသမုဒယာ၊ကုသိုလ်ကံအကုသိုလ်ကံ၏ဖြစ်ခြင်းကြောင့်။ဝေဒနာသမုဒယော။ဝေဒနာက္ခန္ဓာ၏ဖြစ်ခြင်းသည်။ဟောတိ၊ဖြစ်၏၊ဖဿသမုဒယာ၊အတွေ့ဟူသောဖဿဖြစ်ခြင်းကြောင့်။ဝေဒနာသမုဒယော။ဝေဒနာက္ခန္ဓာ၏ဖြစ်ခြင်းသည်။ဟောတိ။ဖြစ်၏။အဝိဇ္ဇာသမုဒယာ၊ မောဟဟူသောအဝိဇ္ဇာဖြစ်ခြင်းကြောင့်။ သညာသမုဒယော။သညာက္ခန္ဓာ၏ ဖြစ်ခြင်းသည်ဟောတိ။ ဖြစ်၏။ တဏှာသမုဒယာ။ လောဘဟူသောတဏှာဖြစ်ခြင်းကြောင့်။ သညာသမု

ယော။သဒ္ဒက္ခန္ဓာ၏ဖြစ်ခြင်းသည်။ဟောတိ။ဖြစ်၏။ကမ္မသမုဒယာ။ကုသိုလ်
အကုသိုလ်ကံဖြစ်ခြင်းကြောင့်။ သဒ္ဒသမုဒယော။သဒ္ဒက္ခန္ဓာ၏ဖြစ်ခြင်း
သည်။ ဟောတိ၊ဖြစ်၏။ ဖဿသမုဒယာ။ အတွေ့ဟူသောဖဿဖြစ်ခြင်း
ကြောင့်။သဒ္ဒသမုဒယော။သဒ္ဒက္ခန္ဓာ၏ဖြစ်ခြင်းသည်၊ ဟောတိ၊ဖြစ်၏။
အဝိဇ္ဇာသမုဒယာ၊မောဟဟူသောအဝိဇ္ဇာဖြစ်ခြင်းကြောင့်၊သင်္ခါရသမုဒ
ယော၊သင်္ခါရက္ခန္ဓာ၏ဖြစ်ခြင်းသည်။ဟောတိ၊ဖြစ်၏။တဏှာသမုဒယာ၊လော
ဘဟူသောတဏှာဖြစ်ခြင်းကြောင့်။သင်္ခါရသမုဒယော၊သင်္ခါရက္ခန္ဓာ၏ဖြစ်
ခြင်းသည်။ဟောတိ။ဖြစ်၏၊ကမ္မသမုဒယာ။ကုသိုလ်အကုသိုလ်ကံ၏ဖြစ်ခြင်း
ကြောင့်။သင်္ခါရသမုဒယော၊သင်္ခါရက္ခန္ဓာ၏ဖြစ်ခြင်းသည်၊ဟောတိ။ဖြစ်၏၊
ဖဿသမုဒယာ။ အတွေ့ဟူသောဖဿဖြစ်ခြင်းကြောင့်။ သင်္ခါရသမုဒ
ယော။သင်္ခါရက္ခန္ဓာ၏ဖြစ်ခြင်းသည်။ဟောတိ။ဖြစ်၏။ ။အဝိဇ္ဇာသမုဒယာ။
မောဟဟူသော အဝိဇ္ဇာဖြစ်ခြင်းကြောင့်။ ဝိညာဏသမုဒယော။ ဝိညာ
ဏက္ခန္ဓာ၏ဖြစ်ခြင်းသည်။ဟောတိ။ဖြစ်၏။ တဏှာသမုဒယာ။လောဘဟူ
သောတဏှာဖြစ်ခြင်းကြောင့်၊ ဝိညာဏသမုဒယော၊ ဝိညာဏက္ခန္ဓာဖြစ်
ခြင်းသည်၊ဟောတိ။ဖြစ်၏၊ ကမ္မသမုဒယာ။ ကုသိုလ်အကုသိုလ်ဟူသော
ကံဖြစ်ခြင်းကြောင့်။ ဝိညာဏသမုဒယော။ ဝိညာဏက္ခန္ဓာဖြစ်ခြင်းသည်။
ဟောတိ၊ဖြစ်၏။နာမရူပသမုဒယာ။နာမ်ရုပ်တို့၏ဖြစ်ခြင်းကြောင့်။ဝိညာဏ
သမုဒယော၊ ဝိညာဏက္ခန္ဓာ၏ ဖြစ်ခြင်းသည်၊ ဟောတိ၊ဖြစ်၏။ ။
အဝိဇ္ဇာနိရောဓာ၊ မောဟဟူသော အဝိဇ္ဇာချုပ်ခြင်းကြောင့်၊ ရူပနိရော
ဓော၊ ရူပက္ခန္ဓာ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဏှာနိရောဓာ၊
လောဘဟူသော တဏှာချုပ်ခြင်းကြောင့်။ ရူပနိရောဓော၊ ရူပက္ခန္ဓာ၏
ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ကမ္မနိရောဓာ၊ ကုသိုလ် အကုသိုလ်
ဟူသော ကံချုပ်ခြင်းကြောင့်။ ရူပနိရောဓော၊ ရူပက္ခန္ဓာ၏ ချုပ်ခြင်း
သည်၊ဟောတိ၊ ဖြစ်၏၊ အာဟာရနိရောဓာ၊ အာဟာရချုပ်ခြင်းကြောင့်။
ရူပနိရောဓော။ ရူပက္ခန္ဓာ၏ ချုပ်ခြင်းသည်၊ ဟောတိ၊ဖြစ်၏။ ။
အဝိဇ္ဇာနိရောဓာ၊မောဟဟူသောအဝိဇ္ဇာချုပ်ခြင်းကြောင့်။ ဝေဒနာနိရော
ဓော၊ဝေဒနာက္ခန္ဓာ၏ ချုပ်ခြင်းသည်၊ဟောတိ၊ဖြစ်၏၊ တဏှာနိရောဓာ၊
လောဘဟူသောတဏှာချုပ်ခြင်းကြောင့်။ဝေဒနာနိရောဓော၊ဝေဒနာက္ခန္ဓာ
၏ချုပ်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ကမ္မနိရောဓာ။ ကုသိုလ်အကုသိုလ်ဟူ
သောကံချုပ်ခြင်းကြောင့်၊ ဝေဒနာနိရောဓော။ ဝေဒနာက္ခန္ဓာ၏ချုပ်ခြင်း

သည်၊ ဟောတိ၊ ဖြစ်၏၊ ဖဿနိရောဓာ၊ ဖဿတရားချုပ်ခြင်းကြောင့်၊ ဝေဒနာနိရောဓော၊ ဝေဒနာက္ခန္ဓာ၏ချုပ်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏။ ။ အဝိဇ္ဇာနိရောဓာ၊ မောဟဟူသောအဝိဇ္ဇာချုပ်ခြင်းကြောင့်၊ သညာနိရောဓော၊ သညာက္ခန္ဓာ၏ ချုပ်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏။ တဏှာနိရောဓာ၊ လောဘဟူသောတဏှာချုပ်ခြင်းကြောင့်။ သညာနိရောဓော၊ သညာက္ခန္ဓာ၏ချုပ်ခြင်းသည်၊ ဟောတိ ဖြစ်၏၊ ကမ္မနိရောဓာ၊ ကုသိုလ်အကုသိုလ်ဟူသောကံချုပ်ခြင်းကြောင့်၊ သညာနိရောဓော၊ သညာက္ခန္ဓာ၏ချုပ်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊ ဖဿနိရောဓာ၊ ဖဿတရားချုပ်ခြင်းကြောင့်၊ သညာနိရောဓော၊ သညာက္ခန္ဓာ၏ချုပ်ခြင်းသည် ဟောတိ၊ ဖြစ်၏၊ အဝိဇ္ဇာနိရောဓာ၊ မောဟဟူသောအဝိဇ္ဇာချုပ်ခြင်းကြောင့်၊ သင်္ခါရနိရောဓော၊ သင်္ခါရက္ခန္ဓာ၏ချုပ်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊ တဏှာနိရောဓာ၊ လောဘဟူသောတဏှာချုပ်ခြင်းကြောင့်၊ သင်္ခါရနိရောဓော၊ သင်္ခါရက္ခန္ဓာ၏ချုပ်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊ ကမ္မနိရောဓာ၊ ကုသိုလ်အကုသိုလ်ဟူသောကံချုပ်ခြင်းကြောင့်၊ သင်္ခါရနိရောဓော၊ သင်္ခါရက္ခန္ဓာ၏ချုပ်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊ ဖဿနိရောဓာ၊ ဖဿတရားချုပ်ခြင်းကြောင့်၊ သင်္ခါရနိရောဓော၊ သင်္ခါရက္ခန္ဓာ၏ချုပ်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏။ ။ အဝိဇ္ဇာနိရောဓာ၊ မောဟဟူသောအဝိဇ္ဇာချုပ်ခြင်းကြောင့်၊ ဝိညာဏနိရောဓော၊ ဝိညာဏက္ခန္ဓာ၏ချုပ်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊ တဏှာနိရောဓာ၊ လောဘဟူသောတဏှာချုပ်ခြင်းကြောင့်။ ဝိညာဏနိရောဓော၊ ဝိညာဏက္ခန္ဓာ၏ချုပ်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊ ကမ္မနိရောဓာ၊ ကုသိုလ်အကုသိုလ်ဟူသောကံချုပ်ခြင်းကြောင့်။ ဝိညာဏနိရောဓော၊ ဝိညာဏက္ခန္ဓာ၏ချုပ်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊ နာမရူပနိရောဓာ၊ နာမ်ရုပ်ချုပ်ခြင်းကြောင့်။ ဝိညာဏနိရောဓော၊ ဝိညာဏက္ခန္ဓာ၏ချုပ်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့၊ ဥဒယဗ္ဗယာနုပဿနံ၊ ဖြစ်ခြင်း ပျက်ခြင်းကို၊ သုံးသပ်ဆင်ခြင်ခြင်းသည်။ ဥဒယဗ္ဗယဉာဏံ၊ ဥဒယဗ္ဗယဉာဏ်မည်၏။

(၃) မေ၊ မမ၊ ငါ၏၊ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးဟုဆိုအပ်ကုန်သော။ ဣမေ ဓမ္မာ၊ ဤရုပ်နာမ်တရားတို့သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ ဘိဇ္ဇန္တိ၊ ပျက်စီးကုန်၏။ ဝိဒ္ဓံသန္တိ၊ ပြုန်းတီးကုန်၏၊ ဝိပရိနာမံ ဂစ္ဆန္တိ၊ ဖောက်ပြန်ခြင်းသို့ရောက်ကုန်၏ ဧဝံ၊ ဤသို့၊ ဘင်္ဂါနုပဿနံ၊ ချုပ်ပျောက်ပျက်စီး ပြုန်းတီးခြင်းသဘောကို။ သုံးသပ်ဆင်ခြင်ခြင်းသည်။ ဘင်္ဂဉာဏံ၊ ဘင်္ဂဉာဏ်မည်၏။

(၄) မေ၊ မမ၊ ငါ၏။ ဣမေသံ ခန္ဓာနံ၊ ဤခန္ဓာငါးပါးရုပ်နာမ်တရားတို့၏။

ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ဘယံ၊ ကြောက်ထိပ်လန့်ဖွယ်။ ဘေးအတိသာတည်း။ ပဝတ္တံ၊ ပဋိသန္ဓေနေပြီးသည့်နောက်၊ စုတိရောက်အောင်၊ တောက်လျှောက်ဘော ဖြန့်၊ အဖန်ဖန်ဖြစ်ရခြင်းသည် ဘယံ၊ ကြောက်ထိပ်လန့်ဖွယ်၊ ဘေးအတိသာ တည်း၊ နိမိတ္တံ၊ ကာမဂုဏ်၏ အာရုံအကြောင်းဖြစ်ရခြင်းသည်။ ဘယံ၊ ကြောက်ထိပ်လန့်ဖွယ်၊ ဘေးအတိသာတည်း။ အာယူဟနံ၊ ခန္ဓာဖြစ်ရန်ကုသိုလ် ကံအကုသိုလ်ကံ ကိုလုပ်ကြံအားထုတ်ခြင်းသည်။ ဘယံ၊ ကြောက်ထိပ် လန့်ဖွယ်၊ ဘေးအတိသာတည်း။ နိဗ္ဗတ္တိ၊ ဘဝတဖန်ဖြစ်ပြန်ရခြင်းသည်။ ဘယံ၊ ကြောက်ထိပ်လန့်ဖွယ်၊ ဘေးအတိသာတည်း။ ပဋိသန္ဓိ၊ ဘဝတဘက်ပြန်၍ အ ဖန်ဖန်ပဋိသန္ဓေနေရခြင်းသည်၊ ဘယံ၊ ကြောက်ထိပ်လန့်ဖွယ်၊ ဘေးအတိ သာတည်း။ ဧဝံ၊ ဤသို့၊ ဘယာနုပဿနံ၊ ကြောက်ထိပ်လန့်ဖွယ်၊ ဘေးအတိသာ ဟုသုံးသပ်ဆင်ခြင်ခြင်းသည်။ ဘယညာဏံ၊ ဘယညာဏ်မည်၏။

(၃) မေ မမ၊ ငါ၏၊ ဣမေသံ ခန္ဓာနံ၊ ဤခန္ဓာငါးပါးရုပ်နာမ်တရားတို့၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ သာမိသံ၊ သေမင်း၏ ဟင်းလျာလက်သုပ်၊ အ ဟုတ်မှန်လှ၊ အာဟာရဖြစ်ခြင်းသာတည်း။ ပဝတ္တံ၊ ပဋိသန္ဓေနေပြီးသည့် နောက် စုတိရောက်အောင်၊ တောက်လျှောက်ဘောက်ဖြန့်။ အဖန်ဖန်ဖြစ်ရခြင်း သည်။ သာမိသံ၊ သေမင်း၏ဟင်းလျာလက်သုပ်၊ အဟုတ်မှန်လှ၊ အာဟာ ရဖြစ်ခြင်းသာတည်း။ နိမိတ္တံ၊ ကာမဂုဏ်၏အာရုံအကြောင်းဖြစ်ခြင်းသည်။ သာမိသံ၊ သေမင်း၏ဟင်းလျာလက်သုပ်၊ အဟုတ်မှန်လှ၊ အာဟာရဖြစ် ခြင်းသာတည်း။ အာယူဟနံ၊ ခန္ဓာဖြစ်ရန်ကုသိုလ်ကံ အကုသိုလ်ကံကို လုပ် ကြံအားထုတ်ရခြင်းသည်၊ သာမိသံ၊ သေမင်း၏ဟင်းလျာလက်သုပ်၊ အ ဟုတ်မှန်လှ၊ အာဟာရဖြစ်ခြင်းသာတည်း။ နိဗ္ဗတ္တိ၊ ဘဝတဖန်ဖြစ်ပြန်ရ ခြင်းသည်၊ သာမိသံ၊ သေမင်း၏ဟင်းလျာလက်သုပ်၊ အဟုတ်မှန်လှ၊ အာ ဟာရဖြစ်ခြင်းသာတည်း။ ပဋိသန္ဓိ၊ ဘဝတဘက်ပြန်၍၊ အဖန်ဖန်ပဋိသန္ဓေ နေရခြင်းသည်၊ သာမိသံ၊ သေမင်း၏ဟင်းလျာလက်သုပ်၊ အဟုတ်မှန်လှ၊ အာဟာရဖြစ်ခြင်းသာတည်း။ ဧဝံ၊ ဤသို့၊ အာဒီနဝါနုပဿနံ၊ အပြစ်ကို သုံးသပ်ခြင်းသည်၊ အာဒီနဝဉာဏံ၊ အာဒီနဝဉာဏ်မည်၏။

(၄) မေ မမ၊ ငါ၏၊ ဣမေသံ ခန္ဓာနံ၊ ဤခန္ဓာငါးပါးရုပ်နာမ်တရားတို့၏။ ဧ တံ ဘိန္ဒနံ နာမ၊ ထိုသို့ချုပ်ပျောက်ပျက်စီးပြိုနဲ့တိုးခြင်းမည်သည်ကား၊ အ ဟောဝတ နိဗ္ဗိန္ဒံ၊ ဩ၊ ဘဝသုံးရုံခလေ့မှာငြီးငွေ့ဘွယ်ရှိစွတကား။ အ ဟောဝတ ဇေဂုစ္ဆံ၊ ဩ၊ ရွံစက်ဆုပ်ဘွယ်ရှိစွတကား။ အဟောဝတ ပဋိကူ

လံ၊ဩဠာရိကဘွယ်ရှိသောအကား။ အဟောဝတနာထယံ၊ ဩဠာဝိမက်ရှုမြော်
မှု လျော်စရာမရှိပါဘဲတကား ဝေ၊ ဤသို့နိဗ္ဗာနဓာတ်ရှိသေးသနဲ့၊ ...း ငွေ့ဘွယ်
ဟုသုံးသပ်ဆင်ခြင်ခြင်းသည် နိဗ္ဗိန္ဒဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်မည်၏။

(၇) မေ မ ငါ ၏ ဆုမေသံခန္ဓာနံ၊ ဤခန္ဓာငါးပါးရုပ်နာမ်တရားတို့၏ ဥပ္ပါဒ်ဝါ၊ ဖြစ်ခြင်းသည်လည်းကောင်း ဘင်္ဂဝါ၊ ပျက်ခြင်းသည်လည်းကောင်း။ ဒုက္ခဒုက္ခ ဆင်းရဲကြီးငယ်သွယ်သွယ်နှိပ်နင်း ယဉ်ယဉ်ခြင်းဖြစ်၏။ အတိဒုက္ခ၊ အလွန်အကဲဆင်းရဲခြင်းဖြစ်ရ၏။ ထထော၊ သိုဆင်းရဲ ဒေါင်း မှု။ ကဒါ၊ အဘယ်အခါ၌။ အဟံ၊ ငါသည်။ မုစ္စိဿာမိ၊ စင်စစ်မချွတ်ကင်း လွတ်ပါအံ့နည်း။ မုစ္စနံ၊ စင်စစ်မချွတ်ကင်းလွတ်ပါနိုင်မှုကား။ သာရဝတာ၊ ကောင်းလေအံ့တကား။ အပဂမနံ၊ ကင်းလွတ်ရပါမှုကား။ သာရဝတာ၊ ကောင်းလေအံ့တကား။ နိဗ္ဗုတိ၊ အခါခပ်သိမ်း ငြိမ်းအေးပါမှုကား။ သာရဝတာ၊ ကောင်းလေအံ့တကား။ ဝေ၊ ဤသို့ရှုနာနုပဿနာ၊ လွတ်လိုသောအခြင်းအရာဖြင့်သုံးသပ်ဆင်ခြင်ခြင်းသည်၊ မုဉ္စိတုကမျတာဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်မည်၏။

(၈) မေမမ၊ ငါ၏။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါး ဟုဆိုအပ်ကုန်သော အမှုမေဝခွာ၊ ဤရုပ်နာမ်တရားတို့သည်။ အနိစ္စ နိစ္စ ကထော၊ မတည်မမြဲဘောက်လွဲ ခြင်းလျှင်အသုံးရှိသောအဖြစ်ကြောင့်၊ အနိစ္စာ၊ အနိစ္စမည်ကုန်၏။ အဓုဝ တော၊ အကြိတ်အခဲအမြဲမရှိခြင်းကြောင့်၊ အနိစ္စာ၊ အနိစ္စမည်ကုန်၏။ တာဝ ကာလိကတော၊ အခိုက်အတန့်တသက်လျှာခန့်မျှ သာဖြစ်ခြင်းကြောင့်၊ အနိစ္စာ၊ အနိစ္စမည်ကုန်၏။ ဥဒယဗ္ဗယပရိစ္ဆိန္နတော၊ ဖြစ်ခြင်းပျက်ခြင်းလျှင် အပိုင်းအခြားရှိခြင်းကြောင့်၊ အနိစ္စာ၊ အနိစ္စမည်ကုန်၏။ မေမမ၊ ငါ၏။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးဟုဆိုအပ်ကုန်သော ဣမေဓမ္မာ၊ ဤရုပ်နာမ်တရားတို့သည်။ ဒုက္ခမတော၊ ပြုပြင်ဆင်းရဲ သည်းခံနိုင်ခဲသောကြောင့်၊ ဒုက္ခာ၊ ဒုက္ခမည်ကုန်၏။ အတာဏတော၊ စောင့်ရှောက်ရာမဟုတ်သောကြောင့်၊ ဒုက္ခာ၊ ဒုက္ခမည်ကုန်၏။ အလေဏတော၊ ခိုကိုးအောင်းလည်းလျောင်းရာမဟုတ်သောကြောင့်၊ ဒုက္ခာ၊ ဒုက္ခမည်ကုန်၏။ ဥဒယဗ္ဗယပဋိပီဠနတော၊ ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့်ညှဉ်းပမ်းနှိပ်စက်ခြင်းကြောင့်၊ ဒုက္ခာ၊ ဒုက္ခမည်ကုန်၏။ မေမမ၊ ငါ၏။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးဟုဆိုအပ်ကုန်သော၊ ဣမေဓမ္မာ၊ ဤရုပ်နာမ်တရားတို့သည်။ ရိတ္တတော၊ ညွှန်စက်ဆုပ်အပုပ်ကိုယ်လုံးမျှုံ့နှံ့ ဖုံး၍အသုံးမကျသောကြောင့်၊ အနတ္တာ၊ အနတ္တမည်ကုန်၏။ တုစ္ဆတော၊ ဆင်းရဲခပ်သိမ်း

ကိလေသဝဋ်ငြိမ်းအေးချမ်းခြင်းသာဖြစ်ခြင်းကြောင့်၊အနုတ္တာ၊အနုတ္တမည်ကုန်၏။ သုညတော၊ကိုယ်ဟုဘန်ဘန်ပညတ်သိမှု၊ဆိတ်ညံခြင်းကြောင့်၊အနုတ္တာ အနုတ္တမည်ကုန်၏၊အသာရကတော၊အနှစ်မရှိသောသဘောကြောင့်။ အနုတ္တာ၊အနုတ္တမည်ကုန်၏။ဧဝံ၊ဤသို့၊ပဋိသမ္ဘိဒါနှင့်ပဋိသမ္ဘိဒါ၊ လက္ခဏာရေးတင်၍ အဘန်တန်ရှုမြင်ခြင်းသည်၊ပဋိသမ္ဘိဒါနေဉာဏ်၊ပဋိသမ္ဘိဒါနဉာဏ်မည်၏။

(၉) မေမမ၊ငါ၏၊ပဋ္ဌကွဲနွား၊ခန္ဓာငါးပါးဟုဆိုအပ်ကုန်သော၊ဓမ္မေ၊ဓမ္မတို့၌၊ရုပ်နာမ်တရားတို့သည်။ ရိတ္တာ၊ညှိနှိုန်းစက်ဆုပ်အပ်ကိုယ်လုံ့ပျံ့နှံ့၍၊ အသုံးမဘျချေတကား။တုစ္ဆာ၊ဆင်းရဲခပ်သိမ်းကိလေဝဋ်ငြိမ်း။ အချည်းနှီးသာတကား။ သုညာ၊ကိုယ်ဟုဘန်ဘန်ပညတ်သိမှု၊ဆိတ်ညံခဲ့၏တကား။ နိဇ္ဇီဝကာ၊အသည်းငယ်မှု၊ဝိပါကမျိုးအကျိုးမရှိခဲ့တကား။အတ္တနဝါ၊ငါ၏ကိုယ်အားဖြင့်လည်းကောင်း။အတ္တနိယေနဝါ၊ငါ၏ဥစ္စာအားဖြင့်လည်းကောင်း။တေဓမ္မာ၊ထိုခန္ဓာငါးပါးရုပ်နာမ်တရားတို့သည် နမမ၊ငါ၏ဥစ္စာမဟုတ်ချေတကား၊ဧဝံ၊ဤသို့၊ဥဒါသီနေန၊မရုန်းမချစ်၊ လျစ်လျူခြင်းဖြင့်၊သင်္ခါရုပေက္ခာနုပဿနာ၊ ခန္ဓာငါးပါး၊သင်္ခါရတရားတို့၌၊ပိုင်းခြားလျစ်လျူ၊ ခွဲယူဘပ်ဟပ်သုံးသပ်ဆင်ခြင်ခြင်းသည်၊သင်္ခါရုပေက္ခာဉာဏ်၊သင်္ခါရုပေက္ခာဉာဏ်မည်၏။

(၁၀) ဟဝေ၊ဧင်စစ်၊သဒါ၊အကြင်အခါ၌၊မဂ္ဂေါ၊မဂ်သည်၊ဥပ္ပဇ္ဇိဿတိ၊ဖြစ်သတ္တံ့၊ဘဒါ၊ထိုအခါ၌၊တံ၊ ထိုဝိပဿနာစိတ်သည်၊နဝတ္တဗ္ဗာမြွေထာံ၊လက္ခဏာရေးအာရုံကို၊ကတွာ၊အာရုံပြု၍၊ပရိကမ္မံဝါ၊ပရိကံဟူ၍လည်းကောင်း၊ဥပစာရံဝါ၊ဥပစာရဟူ၍လည်းကောင်း။ အနုလောမံဝါ၊အနုလုံဟူ၍သည်းကောင်း၊ဥပ္ပဇ္ဇိတွာ၊ဖြစ်၍၊နိရုဇ္ဈတိ၊ချုပ်၏၊တံသမ္ဗယုတ္တံ၊ ထိုပရိကံစသည်နှင့်ယှဉ်သော၊ဉာဏံ၊ဉာဏ်သည်၊အနုလောမဉာဏံ၊အနုလောမဉာဏ်မည်၏။ ။ဘဘောပရံ၊ထိုမှနောက်၌၊ နိဗ္ဗာနံ၊နိဗ္ဗာန်ကို၊ အာရမ္မဏံ၊ကတွာ၊အာရုံပြု၍၊ဂေါတြဘုဉာဏံ၊ပုထုဇ္ဇနိပုဝ်၊ အနွယ်ယုတ်ကို၊ပယ်နုတ်နှိပ်ကွပ်လျက်၊ အရိယာဇာတ်အနွယ်မြတ်ကို၊ ဆင့်ထပ်တိုးပွားစေတတ်သောဂေါတြဘုဉာဏ်သည်၊ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍၊ နိရုဇ္ဈတိ၊ချုပ်၏၊ တတောပရံ၊ထိုမှနောက်၌၊သကိံ၊ယေဝ၊တကြိမ်သာလျှင်၊မဂ္ဂေါ၊သောတာပတ္တိမဂ်သည်၊ဥပ္ပဇ္ဇိတွာ၊ဖြစ်၍၊ နိရုဇ္ဈတိ၊ချုပ်၏၊တတောပရံ၊ထိုမှနောက်နှင့်၊တထာ၊ထိုမဂ်ကဲ့သို့ နိဗ္ဗာနံ၊နိဗ္ဗာန်ကို၊အာရမ္မဏံကတွာ၊အာရုံပြု၍၊ဧကံဒွိတိက္ခတ္တုံ၊တကြိမ်နှစ်ကြိမ်သုံးကြိမ်၊ဖလမေဝ၊ဖိုလ်စေ့သည်သာလျှင်၊ ဥပ္ပ

ဇ္ဇတ္တသွား၍ဖြစ်၍နိရုဇ္ဈတိ၊ချုပ်၏။ တထောပရံ၊ ထိုမှနောက်နိုက်၊ဘဝင်ပါ
တော၊ဘဝင်ကျသည်၊ဟောတိ၊ဖြစ်၏၊ဇုတိအယံအဋ္ဌာ၊ ဤသို့သောအ
နက်ကို၊ဒဋ္ဌဗ္ဗော၊မှတ်အပ်၏၊ ၊ဤကားချာန်မဂ်ကိုအာချဲ၍ ဝိပဿ
နာဆယ်ပါးကို၊ပွားများအားထုတ်ပုံ၊ ၊
ထိုဝိပဿနာဆယ်ပါးကိုအားထုတ်အပ်သောအဖြစ်၊ အားထုတ်အပ်
သောအရပ်ဒေသ၊ အားထုတ်အပ်သောခေတ်ကာလများကို၊ကျမ်းဂန်နှင့်
အညီ၊ထောက်ထားဆင်ခြင်သည်ရှိသော်၊ ၊

နာလံဝဂိဟိနာဖြဟ္မစရိယံသာသအနုတ္တရံ၊
ဃရာဝါသောတိသမ္ဗာဓော၊ပဗ္ဗဇ္ဇာဝနီရာလယာ၊ ၊
ဂိဟိနာ၊အိမ်ရာထောင်၍လုပ်ဘောင်နိုက်နေသောသူသည်၊အခဏ္ဍိတံ၊
ကြိုးမပေါက်မပြောက်မကျားရအောင်၊ ဗြဟ္မစရိယံ၊ သံသရာဝဋ်
ကင်းလွတ်ရကြောင်း၊ကောင်းမြတ်သောတရားကိုအားထုတ်၍ကျင့်ခြင်း
ငှာ၊နာလံ၊တတ်မစွမ်းနိုင်သည်သာလျှင်တည်း။ ဃရာဝါသော၊အိမ်ရာ
ထောင်၍၊ လုဘောင်၌နေရခြင်းသည်၊ အတိသမ္ဗါဓော၊ကုသိုလ်ကောင်း
မှုပြုခွင့်မရ၊ ရာဂကျေးကျွန်မှုထမ်းဝန်ကြောင့်၊ အလွန်ကျဉ်းကြပ်ကျဉ်း
မြောင်းကုန်၏။ ပဗ္ဗဇ္ဇာဝ၊ ဖလ်ရည်ဆိုးစွင်၊သင်္ကန်းဝတ်၍၊ ကိုယ်လွတ်
ရှောင်မှုရဟန်းပြုခြင်းသည်သာလျှင်၊နိရာလယာ၊ သံသရာဝဋ်ရာထင်း
ကြောင်း၊ကောင်းမြတ်သောအကျင့်သည်၊ဟောတိ၊ဖြစ်၏။ ၊ဤသို့သုတ္တံ
အဋ္ဌကထာတို့နိုက်လာသောစကား၏အဓိပ္ပာယ်များကို ဆင်ခြင်စင်းစား
လိုက်လျှင်၊ဃရာဝါသ၊အိမ်ရာထောင်၍လုဘောင်နိုက်နေသောသူတို့သည်
ချာန်မဂ်ရစေခြင်းအကျိုးငှာလွန်စွာအားထုတ်ပါသော်ငြားလည်း၊ ကာမဂုဏ်
၏အညစ်ကြေးဘေးရန်နှင့်တကွ၊ပလိဗောဓ၊ကြောင့်ကြခြင်းဆယ်ပါးကို
မဖြတ်မပယ်နိုင်သည့်ဖြစ်၍၊ ချာန်မဂ်ကိုရအောင်ဝိပဿနာပွားများခြင်း
သည်ခဲရဉ်း၏။ကာမဂုဏ်ကိုရှောင်ကြဉ်၍၊ ရဟန်းအဖြစ်နှင့်ပွားများအား
ထုတ်မှသာလျှင်၊ချာန်မဂ်ကိုရလွယ်ခြင်းအကြောင်းဖြစ်နိုင်ရာသည်။ ၊
ကာမဂုဏ်ကိုရှောင်ကြဉ်လျက်ရဟန်းအဖြစ်နှင့်၊ပလိဗောဓ၊ ကြောင့်ကြ
ခြင်းဆယ်ပါးတို့ကိုပယ်ဖြတ်၍ ဝိပဿနာဆယ်ပါးကိုပွားများအပ်သည်
ဟုဆိုသော်၊အဘယ်အရပ်အဘယ်ဒေသနိုက်၊ ပွားများအားထုတ်ခြင်း
ကိုပြုမှသာလျှင်၊ချာန်မဂ်ကိုရနိုင်ဝါမည်နည်းဟုဆင်ခြင်စရာသည်ရှိသော်။

အဒိဋ္ဌေအသုးတရညော၊ဝသေယျာ ဣြယဂေါပကော။
နိဝါရေတုံဝိသယာ ကိလ္လေ၊စက္ခုသောတံတိန္ရက္ကရုံ။ ။

ဣန္ဒြိယားဂေါပကော၊ စက္ခုန္ဒြေသောတိန္ဒြေစသည်ကိုစောင့်လိုသောရဟန်းသည်။အဒိဋ္ဌေအသုတေ၊ မမြင်မကြားရာဖြစ်သော၊အရညေ၊ တောကျောင်း၌။ဝသေယျ။နေရာ၏။ဝိသယေါကိလ္လေ၊အါရုံပွဲမ်းတီးရာအရပ်၌၊စက္ခုသောတံ၊မျက်စိနားကို။နိဝါးရေတုံ၊ တားမြစ်ခြင်းငှာ။အတိဒုက္ကရုံ၊ အလွန်ခဲရဉ်းစွာ၏။

ဤသို့သုတ္တံအဋ္ဌကထာတို့၌လာသည်ကို ထောက်ထားဆင်ခြင်းပြန်သော်။ ရဟန်းပင်ဖြစ်သော်လည်း၊ ဆိတ်ညိမ်ရာဖြစ်သောတောကျောင်း၌နေ၍။ဆယ်ပါးသောဝိပဿနာကမ္မဋ္ဌာန်းကို စီးပြန်အားထုတ်မှသာလျှင်။တည်ကြည်ခြင်းဟုဆိုအပ်သောသမာဓိကိုရသည်ဖြစ်၍ ဈာန်မဂ်တို့ကိုလည်းရနိုင်ရန်အကြောင်းရှိသည်။တောကျောင်းနှိုက်နေထိုင်ရခြင်းသည်သီလ၏စင်ကြယ်ခြင်း၊ သမာဓိ၏ခိုင်ခန့်ခြင်း ပညာ၏ပွားများခြင်းတို့နှင့်လည်းပြည့်စုံခြင်း၏ အကြောင်းဖြစ်ပေသည်။မြတ်စွာဘုရားသခင်၏အလိုတော်ရှိတိုင်းလည်း ညီညွတ်ပေသည်။ မြတ်စွာဘုရား သခင်သည်အဘယ်သို့ အလိုရှိသနည်းဟုဆိုသော်။ အကြင်ရဟန်းသည် ရွာကျောင်းနှိုက်သပ္ပါယဖြစ်၏။ ထိုရဟန်းသည် ရွာကျောင်းနှိုက်နေစေ။ အကြင်ရဟန်းသည်။တောကျောင်းနှိုက် သပ္ပါယဖြစ်၏။ ထိုရဟန်းသည်တောကျောင်းနှိုက်နေစေ။အကြင်ရဟန်းသည်။ ရွာကျောင်းနှိုက်လည်းသပ္ပါယဖြစ်၏။ တောကျောင်းနှိုက်လည်းသပ္ပာယဖြစ်၏၊ ထိုရဟန်းသည်၊ တောကျောင်းနှိုက်နေစေ၊ ဤသို့မြတ်စွာဘုရား ဟောကြားတော်မူသည်ကို။ ထောက်ထားဆင်ခြင်သော်။တောကျောင်းနေခြင်းနှိုက်သာလျှင်။ နှစ်သက်အားရတော်မူပေသည်၊ ရဟန်းတော်တို့ အားထုတ်အပ်သော တရားမှာလည်း။ဂန္ထဓုရ၊ဝိပဿနာဓုရဟူ၍နှစ်ပါးရှိသည်။ထိုနှစ်ပါးတို့တွင်။အဗ္ဗယိတာ။ပခုပတိဘဟုဆိုအပ်သော။ မိမိအကျိုးသူတပါးတို့၏ အကျိုးကိုဆင်ခြင်သော်၊တောကျောင်း၌နေသော်ပုဂ္ဂိုလ်သည်သာလျှင်။ မိမိ၏အကျိုးကိုသိသောသူဖြစ်ပေသည်ဟုချီးမွမ်းထိုက်ပေသည်။ဤလောကနှိုက်လည်း။ ခပ်သိမ်းသော့သတ္တဝါအပေါင်းတို့သည်။ ကာမဂုဏ်ဟုဆိုအပ်သော။အာရုံငါးပါးတို့တွင်၊ ရူပါရုံအစရှိသော ကာမဂုဏ်ဘို့ကို။ သည်းခံနိုင်သော်လည်း၊ ရသာရုံဟုဆိုအပ်သော ကာမဂုဏ်ကို၊ အလွန်ပင်သည်းခံနိုင်ခဲ

သည်၊ ထိုသို့ခပ်သိမ်းသော သတ္တဝါအပေါင်းတို့သည်းခံနိုင်ခဲသောဒေသ
ရုံများကိုသန္တာန်၌မြဲ သလွှဲခတရားဖြင့်နှစ်လုံးအား၍တရားကျောင်း၌နေတော်
မူကြသည်ဟု ချီးမွမ်းအံ့ဩဘွယ်ကြီးထင်ရှားဖြစ်ပေသည့် မြတ်စွာဘုရား
အရှင်၏အလိုတော်ကျ၊ နေထိုင်ကျင့်ကြံကြသောပုဂ္ဂိုလ်များ ဖြစ်ကြ၍
မြတ်စွာဘုရားသခင်ကိုလည်း၊ ကြည်ညိုနှစ်သက် ရုံကြည် လေးမြတ်
သောအရာသို့လည်းရောက်ပေသည်၊ ခပ်သိမ်းသောသူတို့၏ကြည်ညိုနှစ်
သက်ဘွယ်သည်းရှိပေသည်။ ညာတိပလိဗောဓစေသော ဆယ်ပါးသောပ
လိဗောဓတို့ကိုလည်းတောကျောင်းနိုက်နေသောပုဂ္ဂိုလ်သည် ဖြတ်စဲပြီး
ဖြစ်သကဲ့သို့ရှိပေသည်။ ရဟန်းဖြစ်၍၊ ဘောဇ္ဇနေတော်မူကြသောကြောင့်။
မဂ်ညာဏ်ဖိုလ်ညာဏ်တို့၏အဆောက်အဦဖြစ်သောဝိပဿနာဘာဝနာ
ကမ္မဋ္ဌာန်းတို့မှ၊ရင့်ခြင်းကြီးပွားခြင်းသို့ရောက်စေတတ်သောသမာဓိတရား
သည်၊ကြီးပွားနိုင်လုံ ပြည့်စုံခြင်းသို့ ရောက်ကြပေလိမ့်မည်ဟု ခပ်သိမ်း
သောသတ္တဝါအပေါင်းတို့သည်းအောင်းမေ့ဆင်ခြင်၊ မှတ်ထင်ရုံကြည်စ
ရာအကြောင်း။ကောင်းမြတ်သော နေရာအရပ်၌၊ ထူးမြတ်သောပုဂ္ဂိုလ်တို့
သည် မြင့်မြတ်သောအကျင့်တရားကိုကို အားထုတ်နေထိုင်ကြသည်ဖြင့်
၍၊ ဆိတ်သမာဓိ၊ ပညာနှင့်လည်းပြည့်စုံနိုင်ရန် အကြောင်းတရ ဖြစ်ပေ
သည်။ ၍ကဲ့သို့ချီးမွမ်းအပ်သော်လည်း၊ ကျမ်းဂန်၌လာသောစကား၏အ
ရိပ်နိမိတ်။ ရှေ့သူဟောင်းတို့ပြောဆိုသည်ကို ကြားဘူးသောအရိပ်နိမိတ်
များကိုထောက်ထားဆင်ခြင်လိုက်လျှင်။ ယေဘုယျအားဖြင့်တောရဆော
တည်သောပုဂ္ဂိုလ်တို့သည်၊ တည်ကြည်သောသမာဓိတရားနှင့်ပြည့်စုံ
ပေလိမ့်မည်။အပ္ပကအားဖြင့်၊အချို့သော တောကျောင်းပုဂ္ဂိုလ်တို့သည်၊
သမာဓိတရားနှင့်မပြည့်စုံဘဲရှိလိမ့်မည်ဟုမှတ်ထင်မိပေသည်။ ကျမ်းဂန်
၌အဘယ်သို့အရိပ်နိမိတ်ထင်သနည်းဟုဆိုသည်ရှိသော် မြတ်စွာဘုရား
သခင်သည်။သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်နိုက်သတင်းသုံးနေ
တော်မူသောအခါ။ခြောက်ကျိပ်သောရဟန်းတို့သည် မြတ်စွာဘုရားသ
ခင်၏အထံတော်၌ကမ္မဋ္ဌာန်းကိုတောင်းပြီးလျှင်၊ မာတိကာရွာ၏အနီးအန
ပါးတရသောတောအုပ်သို့ဝင်၍ဘာဝနာကမ္မဋ္ဌာန်းကိုစီးဖြန်းအားထုတ်ကြ
လေ၏။ ထိုခြောက်ကျိပ်သောရဟန်းတို့ကို။ မာတိကာတကာမကြီးက။
ပစ္စည်းလေးပါးကိုဘိတ်ကြားလျှင်၊တရသောအရင်ဒေသကာ၊တည်းအုံ
ဆောက်၍ ကျောင်းစည်ကိုဆွဲထားပြီးလျှင် ဆွမ်းစားသော အချိန်ကာလ

သို့တိုင်ရောက်သောအခါ၌ကျုံ့စည်ကိုထိုး၍ဆွမ်းဖြင့်လေ၏၊ ခြောက်ကျိပ်
သောရဟန်းတို့သည် မိမိတို့၏ကမ္မဋ္ဌာန်းစီးဖြန်းရာဖြစ်သော တောအုပ်မှထွက်
၍၊ ဆွမ်းဘောဇဉ်တို့ကို စားသုံးကြကုန်၏။ ထိုအခါမာတိကာဒါယကာ
မကြီးက၊ ဤသို့လျှောက်ထားလေ၏။ အရှင်ဘုရားတို့သည်၊ အဘယ်တရား
ကိုကျင့်ပါသနည်း ဟုလျှောက်ထားလေ၏။ ထိုအခါရဟန်းတော်များက၊
ဒါယကာမကြီး ငါတို့ကျင့်သောတရားသည်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရ
စေတတ်သောတရားဖြစ်သည် ဟုပြောကြားလေ၏။ မာတိကာဒါယကာမ
ကြီးက၊ ဤသို့လျှောက်ပြန်လေ၏။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မျှော်ရှောက်
ပြုပါရခြင်းအကျိုး၌၊ တပည့်တော်မသည်၊ ကျင့်ကောင်းပါ၏လောဟု
လျှောက်ထားလေ၏၊ ရဟန်းတော်တို့ကလည်း ကျင့်အပ်အားထုတ် အပ်
ကြောင်းကိုဟောပြောကြလေ၏။ ထိုသို့ကျင့်ကောင်းပါလျှင်၊ တပည့်တော်
မအားကမ္မဋ္ဌာန်းကို သနားတော်မူပါဟု တောင်းသောကြောင့်၊ ရဟန်း
တော်တို့က ကမ္မဋ္ဌာန်းကိုပေးလိုက်လျှင်၊ သင့်တင့်လျောက်ပတ်သောနေရာ
သို့သွား၍၊ ကမ္မဋ္ဌာန်းကိုစီးဖြန်းအားထုတ်လေလျှင်၊ မကြာမြင့်မီ သောတာ
ပန်၊ သကဒါဂါမ်၊ အနာဂါမ်တိုင်အောင်ဖြစ်လေ၏၊ တနေ့သန္နက်မာတိကာ
ဒါယကာမကြီးသည်။ ဤသို့အကြံဖြစ်လေ၏။ ပစ္စည်းလေးပါးတို့ဖြင့် ဘိတ်
လျှောက်ပါကိုးကွယ်သော ရဟန်းတော်တို့သည်။ အဘယ်တရားကို မျှော်
ရှောက်ပြုကြပါသနည်းဟု၊ ပရစိတ္တဝိဇာနနဉာဏ်ဖြင့်ကြည့်သည်ရှိသော်
ခြောက်ကျိပ်သောရဟန်းတို့သည်။ သောတာပန် သကဒါဂါမ် အနာဂါမ်
ရဟန္တာ ဟုဆိုအပ်သော၊ ရှစ်ယောက်သော အရိယာတို့တွင်။ ယခုမျှ
မဖြစ်သည်ကိုမြင်လေ၏၊ ထိုသို့ဖြစ်သောအခါ။ ဤရဟန်းတော်တို့သည်၊
အဘယ်သို့သော အကြောင်းကြောင့်။ အရိယာအဖြစ်သို့ မရောက်ကြသ
နည်းဟုဆင်ခြင် ပြန်သည်ရှိသော်၊ ခြောက်ကျိပ်သော ရဟန်းတော်တို့
သည်။ အချို အချဉ် အစပ် အငံ အဖန်အခါး ဟုဆိုအပ်သော၊ အရသာ
ခြောက်ပါးနှိုက် တပ်ငြိခြင်း ဟုဆိုအပ်သော။ လောလုပ္ပတဏှာဖြင့်ညှိ
တွယ်ကြ၍၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်၌ မသိမမြင်ကြောင်းကိုဆင်ခြင်မိ
သည်ရှိသော်။ မာတိကာဒါယကာမကြီးသည်။ ရဟန်းတော်တို့၏အလိုဆန္ဒ
ရှိသည်အတိုင်းဆွမ်းဘောဇဉ်ချိုချဉ် အရသာတို့ကို။ ပြည့်စုံလုံလောက်
အောင်ချက်ပြုတ်စီမံပြီးလျှင်၊ ရဟန်းတော်တို့ရှိရာသို့သွား၍ဆွမ်းကပ်လေ
၏။ ခြောက်ကျိပ်သောရဟန်းတို့သည်။ မိမိတို့အလိုဆန္ဒရှိသော အစာအာ

ဟာရတို့ကို၊ ဘုန်းပေးစားသောက်ရသဖြင့် ကပ်ငြိသော သာလာလုပ္ပတဏှာ
တို့သည်၊ ကင်းလွတ်ပြေငြိမ်းကြသဖြင့်၊ သေးတာပန် သကဒါဂါမ် အနာ
ဂါမ်ရဟန္တာအဖြစ်သို့တိုင်အောင်ရောက်ကြလေ၏၊ ခြောက်ကျိပ်သော ရဟန်း
တို့သည်။ ရဟန်းကိစ္စပြီးစီးကြသည်ဖြစ်၍၊ မာတိကာဒါယကာမကြီးကိုအ
ကြောင်းကြားပြီးလျှင်။ မြတ်စွာဘုရားထံတော်သို့ပြန်ကြလေ၏၊ မြတ်စွာ
ဘုရားအထံတော်သို့ရောက်သောအခါ၊ မြတ်စွာဘုရားသခင်က။ ငါ၏ချစ်
သားတို့သည်၊ ရဟန်းကိစ္စပြီးစီးခဲ့ကြပါ၏လောဟု မေးတော်မူ၏။ ပြီးစီး
ကြောင်းကိုလျှောက်ထားလေလျှင်၊ မြတ်စွာဘုရားသခင်သည် သိတော်မူ
လျက်နှင့်ချစ်သားတို့သည်အဘယ်အရပ်သို့သွား၍။ အဘယ်သူ၏အလုပ်
အကျွေးကိုခံလျက်တရားကို အားထုတ်ကြသနည်းဟုမေးတော်မူလျှင်။ မာ
တိကာရွာ၏အနီးအပါး။ မာတိကာဒါယကာမကြီး၏ အသုပ်အကျွေးကိုခံ
လျက်၊ တရားသောတာအရပ်၌၊ တရားကိုအားထုတ်ကြောင်း။ မာတိကာဒါယ
ကာမကြီးသည်၊ သူတပါး၏အလိုကိုသိတတ်ကြောင်း၊ အလိုကိုသိသည့်
အားလျော်စွာ၊ ဝတ်ကြီးဝတ်ငယ်တို့ကို မလစ်ဟင်းရအောင်ပြုကြောင်း
များနှင့်ဖြစ်ခဲ့သမျှအစဥ်အတိုင်းအကြွင်းအကျန်မရှိရအောင်၊ မြတ်စွာဘု
ရားသခင်အားလျှောက်ထားကြလေ၏၊ ထိုအခါမြတ်စွာဘုရားသခင်၏အနီး
အပါး၌ဝေးတုဝ်ဝပ်၍နေသော၊ အစားအသောက်နှိုက်၊ လျှပ်ပေါ်လော်
လည်သောရဟန်းတပါးသည်ရှိလေ၏၊ ထိုရဟန်းသည်။ ခြောက်ကျိပ်သော
ရဟန်းတို့ လျှောက်ထားသောစကား၏ အစဥ်ကိုကြားရသဖြင့်။ သွားလို
သောစိတ်အကြံဖြစ်လေ၏၊ မြတ်စွာဘုရားသခင်သည်။ ထိုရဟန်း၏အလို
ဆန္ဒ။ ထိုရဟန်းနှင့်သင့်တင့်သောအရပ်ဒေသတို့ကို၊ သဗ္ဗညုတဉာဏ်
တော်ဖြင့် ဆင်ခြင်တော်မူသည်ရှိသော်၊ ဤရဟန်းသည်။ မာတိကာရွာသို့
သွား၍၊ မာတိကာဒါယကာမကြီး၏ အသုပ်အကျွေးကိုခံလျက်၊ ဝိပဿနာ
ကမ္မဋ္ဌာန်းကိုအားထုတ်သဖြင့်။ သင့်တင့်လျောက်ပတ်ရန် အကြောင်းရှိ
သည်ကိုမြင်တော်မူလေလျှင်၊ မာတိကာရွာသို့ စေလွှတ်တော်မူလေ၏။
အစားအသောက်နှိုက် လျှပ်ပေါ်လော်လည်သောရဟန်းသည်။ မြတ်စွာ
ဘုရားသခင်မိန့်တော်မူတိုင်း။ မာတိကာရွာသို့သွား၍ရောက်သည့်ရှိသော်။
ဤသို့အကြံဖြစ်လေ၏၊ မာတိကာဒါယကာမကြီးသည်။ သူတပါးတို့၏အ
လိုကိုလည်းသိတတ်သည်၊ သိသည့်အတိုင်းလည်း၊ ဝတ်ကြီးဝတ်ငယ်တို့
ကိုပြည့်စုံအောင်ပြုသည်ဟု၊ ခြောက်ကျိပ်သောရဟန်းတို့သည်၊ မြတ်စွာ

ဘုရားသခင်အားလျှောက်ထားသောကြောင့်ကြားသိခဲ့ရသည်။ ထိုရဟန်းတို့လျှောက်ထားသည့်အတိုင်း။ မှန်မမှန်ကိုသိလိုသည့်လည်းတကြောင်း။ စါးလိုသော်သိသည်လည်းတကြောင်း၊ ဤသို့သောအကြောင်းများကိုဟုတ်မဟုတ်စုံစမ်းလိုသည်ဖြစ်၍။ရေငတ်လျှင်ရေချမ်းယာခုအခါ၊ မာတိကာဒါယကာမကြီးသည်၊ ချိုမြိန်သောအဖျော်များကိုဖျော်၍ ကပ်ထားပါမူကား ကောင်းလေစွဟုကြံလေ၏၊ မာတိကာဒါယကာမကြီးလည်း။ ငါတို့ရွာသို့။ရဟန်းတော်တပါးရောက်လာသည်။ထိုရဟန်းသည်၊ အဘယ်ဝတ္ထုများကိုအလိုရှိသနည်းဟု၊ ပရစိတ္တဝိဇာနနဉာဏ်ဖြင့်သူတပါးတို့၏အကြံကိုကြည့်သည်ရှိသော်၊ ချိုမြိန်သော အဖျော်ကိုသောက်လိုသောအကြံရှိသည်ဟုသိလေလျှင်။ချိုမြိန်သောအဖျော်ကိုသွား၍ကပ်လေ၏၊ အဖျော်ကိုသောက်ပြီးလျှင်။ ဤသို့ကြည့်ပြန်လေ၏။ နက်ဖြန်နံနက် အရုဏ်တက်သောအခါ၊ကောင်းမွန်သောအကြော်အချက်။ လက်သုပ်ဟင်းလျာတို့နှင့်ဆွမ်းစားရပါမူကား။ကောင်းလေစွဟု။ကြံပြန်လေ၏။မာတိကာဒါယကာမကြီးသည်။ထိုရဟန်း၏အကြံကိုသိ၍။အလိုရှိသည်အတိုင်း။ကြော်လှော်ချက်ပြုတ်ပြီးလျှင်။ဆွမ်းဘောဇဉ်တို့ကိုသွား၍ကပ်လေ၏၊ အစားအသော်၌၊လျော်ပေါ်လော်လည်သောရဟန်းသည်။ထရေးကိုအားမထုတ်၊ အစားအသောက်ကိုသာအားထုတ်ပြီးလျှင်။ မိမိအလိုရှိတိုင်း အမျိုးမျိုးသောစားခဲ်သောက်ဖွယ်တို့ကို နေ့ရှိသမျှကြံစည်အားထုတ်လေ၏။ မာတိကာဒါယကာမကြီးကလည်း၊ ထိုရဟန်းကြံစည်တိုင်းကိုသာ သိသည်ဖြစ်၍။ အလိုအတိုင်းပြည့်စုံအောင်၊ချက်ပြုတ်စီမံလျက်နေ့စဉ်မပြတ်၊ ကျွေးမွေးလှူဒါန်းလေ၏။ဤသို့အမျိုးမျိုးကြံသည်ကိုအမျိုးမျိုးစီမံ၍၊ လှူဒါန်းကျွေးမွေးသည်ရှိသော်။အစားအသော်၌လျော်ပေါ်လော်လည့်သောရဟန်းသည်။ ထိပ်လန့်ခြင်းနှင့်တကွ။ဤသို့အကြံဖြစ်ပြန်လေ၏။ဤဒါယကာမကြီးသည် ငါကြံတိုင်းကိုလည်းသိသည်။ သိသည့်အတိုင်းလည်း ပြုပအားထုတ်သည်။ငါသည်မအင်မယာသည်ကိုကြံမိချေသော်၊ထိုဒါယကာမကြီးသိနိုင်ရန်အကြောင်းရှိသည်။ သိပြန်လျှင်လည်းငါသည်။မဟာအရှက်တော်ကြီးကွဲစရာအကြောင်းရှိသည်။ဘုရားထူးကိုမရအဲနှင့်။ထိပ်လန့်သည်ဖြစ်၍။မြတ်စွာဘုရားသခင်အထံတော်သို့ပြန်ရသည်ဟု။သုတ္တန်ပါဠိတော်အဋ္ဌကထာစသောကျမ်းတို့၌လာသည်ကိုတောက်သဖြင့်လည်းကောင်း၊အိုးစရည်းကိုမှောက်။နွယ်ကိုရှောက်သော။ ကုဟာနထပန။ ပရိကပ္ပရဟန်းများ

ဆိုထောက်သဖြင့်။ ကျမ်းဂန်၌ အရိပ်နိမိတ်ထင်သော အချက်ဖြစ်ခြင်း တည်း။

ရှေးသူဟောင်းတို့ပြောဆိုဘူးသောအရိပ်နိမိတ်ထင်ခြင်းသည်၊ အဘယ်သို့နည်းဟု သူတပါးတို့က မေးဘွယ်ရာ အကြောင်းရှိသည်ဖြစ်၍ ကြားဘူးသည်ကို ပြဆိုလိုက်ဦးမည်၊ ရှေးအခါကဒါယကာ တဦးသည်၊ သားမယားသည်းသေဆုံး၊ ဥစ္စာပစ္စည်းသည်းရှုန်း၊ ယူကျုံးမရ၊ သောကဗျာပါ၊ လွန်စွာနှိုင်စက်၊ ဝိတက်လည်းပွား၊ ဒုက္ခများသဖြင့်ကြီးစွာမငြိုဝင်ပူပြင်း လှသောကြောင့်၊ ငါသည်စိတ်သောကမှငြိမ်းချမ်းခြင်းအကျိုးငှါ၊ တောရဆောက်တည်သောရဟန်းတော်တို့ရှိရာတောကျောင်းသို့သွား၍၊ သမထ ဝိပဿနာ။ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းသော အသံများကိုကြားနာရလျှင်။ ပူပင်သောက၊ စိတ်ဒုက္ခတို့၊ သက်သာရခြင်း၏ အကြောင်းဖြစ်လိမ့်မည် ဟုအောင်းမေ့ဆင်ခြင်ပြီးလျှင်၊ ကျောင်းအောက်ကနေ၍၊ ဖူးမြော်ဆင်ခြင် သည်ရှိသော်။ ကျောင်းပေါ်၌နေသောဘုန်းတော်ကြီးကပျို့၊ ကဗျာလင်္ကာ ဧ ချင်းမော်ကွန်းလူးတားတေးထပ်များကို စီးကိုက်အောင်ရွတ်ဆို၍နေ၏၊ ဒါ ယကာသည်ဤသို့အကြံဖြစ်ပြန်လေ၏၊ ငြားသည် သားမယားသေဆုံး၊ ဥစ္စာပြုန်းသောကြောင့်။ ယူကျုံးမရ။ သောကဗျာပါ၊ ဖြစ်သည့်အတွက်ကြောင့် ငြိမ်းသာစေရန်။ တောကျောင်းသို့ချင်းကပ်ဖြန်ပါသော်လည်း စာသံပေသံ ဘာဝနာသံတို့ကိုမကြားမနာရ၊ ပျို့ ကဗျာသက်ဝါ ဧချင်းမော်ကွန်းလူးတား တေးထပ်များကိုကြားရသည် ဖြစ်သောကြောင့် နိဗ္ဗိန္ဒမဖြစ်၊ သောမနဿ ရွှင်ကြွသောစိတ်ဖြစ်လာ၍ ကျောင်းအောက်မှအတန်ကွာထွက်သွားပြီး လျှင်ကျောင်းပေါ်သို့တဖန်တက်ပြန်လေ၏၊ ထိုအခါဘုန်းတော်ကြီးသည် ရှိသောသတ်များကိုပြုပြင်၍ ဒါယကာအားဘုရားမွေးဟောပြောပြသပြီး လျှင်။ ဒါယကာမြတ်စွာဘုရားသခင်၏သာသနာတော်၌ ရဟန်းပြုပြီးလျှင် တောရဆောက်တည်၍နေရခြင်းသည်။ အလွန်ဘုရားချမ်းသါသုခငြိမ်းချမ်း သာယာခြင်း၏အကြောင်းဖြစ်သည်ဟု ဟောပြောပြန်လေ၏။ ထိုအခါဒါ ယကာက ဤသို့လျှောက်ထားလေ၏၊ တပည့်တော်သည်။ သာသနာတော် ၌ရဟန်းပြု၍တောရဆောက်တည်လိုသောသဘောဆန္ဒရှိပါသည်။ သို့ သော်လည်းတပည့်တော်မှာ ထေးထပ်မရသောကြောင့် တောရမဆောက် တည်နိုင်ပါဘုရား ဟုလျှောက်ထားလေလျှင်။ ဘုန်းတော်ကြီးသည်။ စကား။ မပြောတုဏှိဘောဖြင့်၊ အံ့အားသင့်၍နေလေ၏။ ထိုအခါဒါယကာသည်

ကျောင်းပေါ်မှဆင်း၍သွားလေသော်။ ကျောင်းတကျောင်းတွေ့ပြန်သော
ကြောင့်ကျောင်းအောက်အမှတ်တမဲ့နားထောင်ပြန်သည်ရှိသော်၊ ဤသန်
လုံးကိုထောပတ်၌ခုနစ်မီးလောင်းသည့်ရှိသော်၊ ပထဝီသိဒ္ဓိပြီး၏။ ထိုနောင်
ဝက်ဆီ၌ခုနစ်မီးလောင်းသော်၊ ဥဒကသိဒ္ဓိပြီး၏ ထိုနောက်ချဉ်ရည်၌ခုနစ်
မီးလောင်းသော်။ အာကာသသိဒ္ဓိပြီး၏။ ထိုနောက်နွားနို့ထောပတ်များရေ
များနှင့်စိမ်၍သောက်ရသည်ရှိသော်။ အာယုခက်အသက်ရှည်၍ဂန္ဓာမီး
လောင်သော်လည်းရောင်တောင်တောင် တယောက်ထည်းကြို့သျက်နေရ
၏ဟုသော်ဇဂ္ဂိယဝ်စါရွတ်ဘတ်သည့်များကိုကြားရလေ၏။ ထိုအခါဒါယ
ကာသည့်။ ကျောင်းအောက်မှအတော်ကွာထွက်သွားပြီးလျှင်ကျောင်းပေါ်
သို့ဘဘန့်တက်ပြန်လေ၏။ ဘုန်းတော်ကြီးကလည်း ဇာခြွေများကိုပြုပြင်၍၊
ဒါနကထာ။ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာစသောတရားစကားဖြင့်
ဟောကြားဆုမ္မပြီးလျှင်၊ ဒါယကာဒုလ္လဘတရားနှင့်အညီရဟန်းပြုပြီးလျှင်။
တောရများဆောက်တည်ရသည်ရှိသော်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်။ နိဗ္ဗာန်နှင့်နီး
ခြင်း၏အကြောင်းဖြစ်သည်ဟုဟောပြောပြန်လေ၏၊ ထိုအခါဒါယကာက။
ဤသို့လျှောက်ထားပြန်လေ၏၊ တပည့်တော်သည်ရဟန်းပြု၍တောရဆောက်
တည်ခြင်းကိုအလိုရှိပါ၏၊ သို့သော်လည်း။ တပည့်တော်သည်။ လုပ်သင်
ဝညာကိုနားမထည်သောကြောင့်၊ တောရမဆောက်တည်နိုင်ပါဘုရားဟု
လျှောက်ထားသည်ရှိသော်၊ ဘုန်းတော်ကြီးသည်။ မြိုင်းမိသောယောကျ်ား
ကဲ့သို့ခွန်းတုံ့မပြန်ဆိပ်ညိမ်စွာနေလေ၏။ ဒါယကာသည်ကျောင်းပေါ်မှ
ဆင်း၍ သွားသည်ရှိသော်၊ ကျောင်းတကျောင်းကို တွေ့ပြန်လေလျှင်။
ကျောင်း အောက်သို့ဝင်၍ ရှုစမ်းဆင်ခြင်ပြန်လေ၏။ ကျောင်းပေါ်က
ဘုန်းတော်ကြီးသည်။ ဘုရားပုထိုးရှိခိုးပြီးလျှင်၊ သမထဝိပဿနာ။ ဘာဝ
နာကမ္မဋ္ဌာန်းဘို့ကိုစီးဖြန်းရွတ်ဘတ်လျက်။ ခန္ဓာအာယတနဓာတ်သစ္စာမဂ်
ဖိုလ်တို့ကိုခွဲခြမ်းစိပ်ဖြာပြီးလျှင်၊ ဆင်ခြင်သုံးသပ်၍နေသည်ကိုတွေ့မြင်ရ
လေ၏၊ ထိုသို့တွေ့မြင်ရသောအခါ။ ဒါယကာသည်၊ ဤသို့အကြံဖြစ်ပြန်
လေ၏။ ငါသည်။ သားမယားလည်းဆုံး။ ပစ္စည်းဥစ္စာတို့လည်းပြုန်းသော
ကြောင့်ယူကြုံးမရ။ ဒုက္ခကြီးစွာဖြစ်ရသည်ဟု၊ အကြံပြုပြီးလျှင်၊ ကျောင်း
ပေါ်သို့တက်၍၊ ဘုန်းတော်ကြီးကိုဤသို့လျှောက်ထားလေ၏။ အရှင်ဘုရား
တပည့်တော်အား၊ သံသရာမှထွက်မြောက်ရာဖြစ်သော တရားများကို
ဟောကြားပြသတော်မူပါဟုလျှောက်ထားလေ၏၊ ဘုန်းတော်ကြီးကနိဗ္ဗာန်

ဖြစ်သောတရားများကို ဟောကြား ပြသလေသျှင်။ ကြည်လင်သောစိတ် သဒ္ဓါရှိသည်ဖြစ်၍၊ ရဟန်းပြုလိုကြောင်းကိုလျှောက်ထားသောကြောင့် ဘုန်းတော်ကြီးက၊ ရဟန်းအဖြစ်သို့ ရောက်အောင်ချီးမြှင့်ထောက်ပံ့ခြင်း ကိုပြု၍သာသနာတော်ထမ်းရဟန်းအဖြစ်သို့ရောက်ပြီးလျှင်။ သမထဝိပဿ နာဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းမွေ့လျော်၍နေသည်ပ။ ရှေးသူဟောင်းတို့ ပြောဘူးသည်များကို မှတ်သားရသည်နှင့်အညီ.အရေညာကင်ရှုတင်းဆော် တည်၍။တောကျောင်း၌ နေထော်မူသောအရှင်မြတ်တို့သည်။ များသော အား.ဖြင့်သမာဓိတရားနှင့်ပြည့်စုံကြပေလိမ့်မည်။နည်းသောအားဖြင့်သမာ ဓိနှင့်မပြည့်စုံသောပုဂ္ဂိုလ်တို့ရှိပေလိမ့်မည်ဟုတွေးထင်မိပေသည်။

ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကိုစီးဖြန်း၍။ အရိယာဖြစ်သောခေတ်ကို ဆင်ခြင်သည့်ရှိသော်။ မြတ်စွာဘုရားသခင်။ ထင်ရှားရှိသည်မှ၊ နောက် အနှစ်(၁၀၇၀)တိုင်အောင်ဈာနလာဘီ၊ ဈာန်ရသော ရဟန္တာတို့ခေတ် မည်၏။ဈာန်ရသောရဟန္တာတို့ခေတ်ကုန်သည်မှ။ နောက်အနှစ်(၁၀၀၀) တိုင်အောင်။ သုက္ခဝိပဿက ရဟန္တာသာဖြစ်၍ ဈာန်မရသောရဟန္တာ တို့ခေတ်မည်၏၊ ထိုနောက်အနှစ်(၁၀၀၀)တိုင်အောင်၊အနာဂါမ်ပုဂ္ဂိုလ် တို့၏ခေတ်မည်၏၊ထိုနောက်အနှစ်( ၁၀၀၀ )တိုင်အောင်၊သကဒါဂါမ် ပုဂ္ဂိုလ်တို့၏ခေတ်မည်၏။ ထိုနောက်အနှစ်(၁၀၀၀)တိုင်အောင်။ သော တာပန်ပုဂ္ဂိုလ်တို့၏ ခေတ်မည်၏။ ပါဠိအာဂုံယုတ္တိရှာ၊နောက်ကဆင်ခဲ့ပြီး ဖြစ်သောကြောင့် စကားပြင်ကိုသာဆိုလိုက်သည်။ ယခုအခါဝိပဿနာ ဆယ်ပါးတို့ကိုလွန်စွာအားထုတ်ပါလျှင်၊ အနာဂါမ်ဖြစ်ရန်အကြောင်းရှိ သေး၏။ ပြဆိုအပ်ခဲ့ပြီးသောရဟန်းအဖြစ်သို့ရောက်ခြင်း၊ တောကျောင်း၌ နေခြင်း။ဝိပဿနာဆယ်ပါးကိုလွန်စွာပွားများခြင်း။ ခေတ်အတွင်း၌ကြုံ ကြိုက်ခြင်း။ဤကဲ့သို့အကြောင်းနှင့်ညီပြန်သော်လည်း။မိမိ၏ပဋိသန္ဓေကဒွိ ဟိတ်။တိဟိတ်ပဋိသန္ဓေတို့တွင်။ဒွိဟိတ်ပဋိသန္ဓေလည်းဖြစ်ပါမူ။တိဟိတ် ပဋိသန္ဓေဖြစ်ပြန်သော်လည်း၊ အန္တရာယ်ငါးပါးကင်းပါမှ။ ဤသို့သောအ ကြောင်းငါးနှင့် ညီညွတ်ပြည့်စုံမှသာလျှင်။ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်း ကိုစီးဖြန်း၍။ဈာန်မဂ်ကိုရလွယ်နိုင်ရန်အကြောင်းရှိသည်။ဤကဲ့သို့သော အကြောင်းများနှင့်။ ယခုဘဝတွင်မညီညွတ်သေးသော်လည်း။ နောင်ပွင့် တော်မူလတ္တံ့သောဘုရားရှင်တို့နှင့်တွေ့ကြုံသောအခါ ညီညွတ်ပြည့်စုံ

စေခြင်း၏အကျိုးငှါ၊တောရဆောက်တည်၍ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကိုပွားများစီးဖြန်းကြသောရဟန်းတော်တို့သည်။တနေ့တခြားကြီးပွားခိုင်လုံ၊ ပြည့်စုံရင့်မာခြင်း၏ အကြောင်းဖြစ်ပေသည်။ ပြဆိုခဲ့သော အကြောင်းအင်္ဂါလက္ခဏာတို့နှင့် မညီညွတ်ခဲ့လျှင်။ အာပေါက်အောင် စီးဖြန်းမည်ဟု စီးဖြန်းသော်အာပေါက်ရာ၏။ အသက်ဆုံးရှုံးအောင် အားထုတ်မည်ဟုအားထုတ်သော်။အသက်ဆုံးရှုံးရာ၏။ ဈာန်မဂ်ကိုမရနိုင်ရာ။ကျမ်းဂန်တို့နှိုက်လာသော ဝဋ္ဋသက်သေကို ထောက်သဖြင့်လည်းကောင်း။ အဇ္ဈကာလာဒိကာလတို့၏ အရိပ်နိမိတ်ကို ထောက်သဖြင့် လည်းကောင်း။ ပြဆိုခဲ့သောအင်္ဂါလက္ခဏာတို့နှင့် ညီညွတ်လျှင် ဈာန်မဂ်ကိုရခြင်း၏အကြောင်းသည်။ လွန်စွာအားထုတ်မှသာရသည် မဟုတ်။စိတ်နှစ်လုံး၌ဖြစ်သောဥပါဒါန်တရားကိုပြောင်းလွဲရုံနှင့်ပင်။ ဈာန်မဂ်ကိုရနိုင်ရန်အကြောင်းရှိသည့် ဥပမာဆိုသည်ရှိသော်။အပြည့်အစုံနှက်၍ထားသောမီးပန်းမီးချည်မီးပုံတို့သည်။ကောင်းကင်သို့ပုံတက်စေကတ်သော။မီးနှင့်မတွေ့သေးသမျှကာလပတ်လုံး ပုံတက်ခွင့်ကိုမရနိုင်ရာ။မီးနှင့်တွေ့လျှင်ပင်ပမ်းစွာအားထုတ်ခွင့်မရှိ၊ ထိုရုံတို့ရုံနှင့်ပင် ပုံတက်နိုင် သကဲ့သို့။ သမ္မာသမ္ဗုဒ္ဓဘုရားလောင်း။ပစ္စေကဗုဒ္ဓါဘုရားလောင်းတို့မှာ။မိမိတို့ဖြည့်ကျင့်အပ်သော ပါရမီရုံညီပြည့်ဝခဲ့လျှင်။ အလွန်တရာကြမ်းထမ်းခက်ထံယုတ်မာရိုင်းမဲ့သွစွာသော မာနတ်၏ ဘေးရန်ကြီးကိုပင်။ ဘောက်ထွင်း၍ ဘုရားအဖြစ်သို့ ရောက်တော်မူရသည်၊ ကျွတ်ထန်းဝင်ပါရိုးဖြစ်သောနှစ်သဲ့ထေးသချေ့နှင့် ကုဋေခြောက်ဆယ်၊ ဗိုလ်ခြေတသိန်းဟုဆိုအပ်သောသတ္တဝါတို့မှာလည်း၊မိမိတို့၏ပါရမီသည်၊ ပြည့်စုံလုံလောက်သော်လည်း။ သမ္မာသမ္ဗုဒ္ဓဘုရားကိုယ်တော်မြတ်နှင့်မတွေ့မကြုံရလျှင်၊ ကျွတ်တန်းသို့မဝင်နိုင်ရာ။ မိမိတို့ဖြည့်ကျင့်အပ်သောပါရမီ ရုံညီပြည့်ဝသောအခါ။သမ္မာသမ္ဗုဒ္ဓဘုရားကိုတော်မြတ်နှင့်တွေ့ကြ၍ တရားတော်ကိုနာရသောအခါယမ်းသည်မီးနှင့်တွေ့သကဲ့သို့၊ လွယ်လင့်တကူပင်။ ဈာန်မဂ်ကို ရနိုင်ရာသည်။ဝဋ္ဋသက်သေကိုဆိုလိုက်လျှင်၊မြတ်စွာဘုရားသခင်၏ညီတော်မင်းနန်သည်၊ မင်္ဂလာဆောင်သောနေ့ အလွန်တရာချစ်ခင်ဖွယ်စွာသောကြင်ရာတော် ဘဒ္ဒကလျာဏီနှင့်ခွဲကွဲရသည်ဖြစ်၍။ ဥပါဒါန်တရားသည်ဘဒ္ဒကလျာဏီအား။လွန်စွာစွဲလမ်းခြင်းဖြစ်လေ၏၊ မြတ်စွာဘုရားသခင်သည်၊ညီတော်မင်းနန်အားနှစ်မတော်ဘဒ္ဒကလျာဏီ၌စွဲလမ်း

ခြင်းဥပါဒါန်ကိုသိတော်မူ၍ တံခိုးတော်ဖြင့်ဖန်ဆင်းပြီးလျှင်၊နတ်သမီးကို ပြလျက်၊ဥပါဒါန်ကိုပြောင်းတော်မူ၏၊ဥပါဒါန်ပြောင်း၍၊ကမ္မဋ္ဌာန်းနှင့်တွေ့ လျှင်၊ မကြာမြင့်မှီရဟန္တာအဖြစ်သို့ရောက်တော်မူသည်၊ ရှင်ရေဝတမ ထေရ်၏အလောင်းတော်သည်မင်္ဂလာဆောင်သောနေ့၊ အလွန်တရာချစ် ခင်ရုံမက်တွယ်စွာသောမယားနှင့်အဘွားကြီးကိုသွား၍ကန်တော့ရာ၊ အဘွား ကြီးသည်ဘက်ကြီးယွယ်ရင့်ဖြစ်သောကြောင့်၊ မျက်ခွံသည်မျက်စိကို ဖုံး၍နေသဖြင့်၊ ရှင်ရေဝတမထေရ်၏ အလောင်းယောကျ်ားကအဘွား ကျွန်တော်တို့ကန်တော့ပါ၏ ဆိုလျှင်၊ အဘယ်သူများနည်းဟု၊ မျက်ခွံကို ထက်နှင့်မပြီးလျှင် ကြည့်လေ၏၊ထိုအခါရှင်ရေဝတအလောင်းယောကျ်ား သည်၊မယားနှင့်ချစ်ခြင်းတည်းဟူသော ဥပါဒါန်ငရဲကိုထွက်၍၊ ဇရာ နကွဲနှိပ်စက်ခြင်းမှ၊ ကြောက်သောဥပါဒါန်တရားသည်လွန်စွာဖြစ်သဖြင့်၊ မြတ်စွာဘုရား သခင်၏ အထံတော်သို့သွား၍၊ တရားတော်ကိုနာရလျှင်၊ ရဟန္တာအဖြစ်သို့ရောက်လေ၏၊ ဥပတိဿရွာသား ဥပတိဿအမည်ရှိ သော ရှင်သာရိပုတ္တရာ၏ အလောင်းတော်သည်၊ပဉ္စဝဂ္ဂီငါးဦးတို့တွင်၊ တပါးအဿဇိဖြစ်သော၊ ရှင်အဿဇိနှင့် ရာဇဂြိုဟ်ပြည်အလွတ် ဇရပ်ထ ခုတွင်တွေ့ကြ၍၊ ဥပတိဿအမည်ရှိသော၊ ရှင်သာရိပုတ္တရာအလောင်း က၊တရားတော်ကိုနာလိုကြောင်းနှင့်တောင်းပန်သောအခါ၊ အရှင်အဿ ဇိမထေရ်က၊ယေဓမ္မာဟေတုပ္ပဘဝါ၊ဟူသောဂါထာဝက်၊ ဂါထာစိတ်ကို ဟောရုံမျှနှင့်ပင်၊သောတာပန်အဖြစ်သို့ရောက်လေ၏၊ ရသသုဓ္ဓေသားအ မျိုးရှိသော၊ ငါးကျိပ်ငါးယောက်သောလုလင်၊ဘဒ္ဒဝဂ္ဂီမင်းသားသုံးကျိပ် ဥရုဝေဠကဿပအမျိုးရှိသော ရသေ့တထောင်၊ ဘွားဘက်တော်ကာ လုဒါယီအမျိုးရှိသော အမတ်တထောင်၊ ဥပတိဿ၊ကောလိတအမျိုးရှိ သော၊ပုရိက်ရဟန်းငါးရာ၊ မဟာကပ္ပိနမင်းအမျိုးရှိသောအမတ်ကြီးတ ထောင်၊အနောဇာဒေဝီမိဖုရားအမျိုးရှိသော၊မိန်းမငါးရာ၊များစွာသောသူတို့ကို မြတ်စွာဘုရားသခင်က၊ဣန္ဒြေအရင့်အနုကိုရှုကြည့်တော်မူလေလျှင်၊ ရင့် ပြီးသော ဣန္ဒြေရှိသည်ကိုမြင်တော်မူသောကြောင့်၊ ၊ဧဟိဘိက္ခုသမ္မ ဒုက္ခ အန္တံ ကရောထ၊ ၊ဟူသောဂါထာဖြင့်၊ ဧဟိဘိက္ခုခေါ်တော်မူ လျှင်၊ရှောင်မြူးအဝိဇ္ဇာကင်းစင်ကွာ၍၊ အဝါခြောက်ဆယ်ရပြီးသော မ ထေရ်ကြီးကဲ့သို့၊ ပဋိသမ္ဘိဒါပတ္တ ဆဠဘိညာရဟန္တာအဖြစ်သို့ရောက် ကြောင်းများကို၊သုတ္တန်စသောကျမ်းတို့၌လာကုန်သည်၊ ဤသို့ပြဆိုခဲ့ခြင်း

သည်။ ဝတ္တုသက်သေတို့၏၊ ဒီရိပ်နိမိတ်တည်း။ အဋ္ဌကထာဋီကာတို့၌ ထာသော၊ အရိပ်နိမိတ်ကားအဘာယ်နည်းဟုရတ်စေ၀ဒနာမေးဘွယ်ရာအာ ကြောင်းရှိသောကြောင့်ပြဆိုလိုက်ဦးအံ့။

> ယသာသန္တါဗလဝတိဝိပဿနာစအာရဉ္ဍါ။ တဿဂစ္ဆန္တဿ၊ တိ ဋ္ဌန္တဿ၊ နိသိဒန္တဿ၊ ဘုဉ္ဇန္တဿစ မဂ္ဂဖလပ္ပဝေါ နာမ နဟောတိ ဘိနဝတ္တဗ္ဗံ။ ၊မဟာသာရောပမသုတ်ဋီကာ။

ယဿ၊အကြင်သူအား၊ သန္တါ၊သန္တါတရားသည်၊ဗလဝတိ၊အားကြီး၏။ ဝိပဿနာစ၊ဝိပဿနာကမ္မဋ္ဌာန်းကိုလည်း။အာရဉ္ဍါ၊အားထုတ်၏၊ တဿ၊ ထိုသူအား။ဂစ္ဆန္တဿ၊သွားစဉ်။တိဋ္ဌန္တဿ၊ရပ်စဉ်၊ နိသိဒန္တဿ၊ ထိုင် စဉ်။ဘုဉ္ဇန္တဿ၊စားစဉ်။မဂ္ဂဖလပ္ပဝေါနာမ၊ မဂ်ဖိုလ်ကိုထိုးထွင်း၍ သိခြင်းသည်။ နဟောတိ၊မဖြစ်၊ ဣတိ၊ဤသို့၊နဝတ္တဗ္ဗံ၊မဆိုအပ်။ ။ဤ ကားအနက်။ ။ဤသို့လာသောမဟာသာရောပမသုတ်ဋီကာ၏အဓိပ္ပါယ် ကိုဆိုလိုက်လျှင်။ အကြင်သူအား။သန္တါတရားသည်အားကြီးစွာဖြစ်၏၊ ဝိ ပဿနာကမ္မဋ္ဌာန်းစသည်ကိုလည်းကောင်းမွန်စွာအားထုတ်၏။ထိုသူအား။ သွားသောအခါ၊ရပ်သောအခါ၊ ထိုင်သောအခါ၊စားသောအခါ၊ မဂ်ဖိုလ် ကိုထိုးထွင်း၍သိခြင်းမည်သည်။ မဖြစ် မရဟူ၍ မဆိုထိုက်၊ မဆိုအပ် ရအပ်ရထိုက်သည်ဟူ၍မှတ်ကြရမည်။

ဤသို့လာသောဋီကာစကားများကို ထောက်ထားဆင်ခြင်လိုက်လျှင်။ ဖြည့်ကျင့်အပ်သော ပါရမီဒဗ္ဗသမ္ဘာရအဆောက်အဦတို့နှင့် ပြည့်စုံလုံ လောက်သောပုဂ္ဂိုလ်ဖြစ်လျှင်၊ခဲရဉ်းစွာအားထုတ်မှ။မဂ်ကိုရမည့်မဟုတ်၊ ပြဆိုအပ်ပြီးသော။ ဥပါဒါနိတရားကိုပြောင်းလွဲရုံနှင့်ပင်။ မဂ်ဖိုလ်ဈာန်အ ဘိညာဏ်တို့ကို ရနိုင်ရန်အကြောင်းရှိသည်။ ဈာန်မဂ်ကိုရစေခြင်းငှာ အားထုတ်အပ်သော အကြောင်းအရာ၌။ ဖျော့ထိုးလှော်တိုက်၊ မြေခွဲကျူး ခွသော သူတို့ကဲ့သို့။ အားလုလ္လ ဝီရိယတို့ဖြင့် ဝိုက်ထုတ်၍ လုပ်ရ သည်မဟုတ်။ ယောနိသောမနသိကာရ၊ သင့်တင့်ရုံမျှသာ။ နှစ်လုံးသွင်း ၍ ပြုကျင့်ရသော အမှုဖြစ်သည်။ မြတ်စွာဘုရား သခင်၏ ညီတော်ဖြစ် သောအရှင်အာနန္ဒာမထေရ်သည်။ ဝီရိယလွန်သောကြောင့်ဈာန်မဂ်ကိုမရ နိုင်။ဝီရိယကိုလျှော့၍ကျင့်သောအခါ၌၊ဈာန်မဂ်ကိုရသည့်ဟူ။ သုတ္တံဝိနည်း အဘိဓမ္မာပါဠိတော်၊အဋ္ဌကထာ။ ဋီကာဂဏ္ဌိအစရှိသော ကျမ်းတို့၌ထာ သောကြောင့်ရင်း။လျော့လွန်းလျှင်ပတ်သည်။တင်းလွန်းလျှင်ပြတ်သည်ဆို

သောစကားပုံများကို ထောက်သဖြင့်ထည်း၊ သင့်တင့်လျောက်ပတ်ရုံ မျှ သာ၊တော်လိမ့်မည်ဟု မှတ်ထင်ရုံကြည့်ရာအကြောင်းရှိသည်၊ မ၊လျှော့မ တင်းစေခင်းကြိုးမျှင်းသကဲ့သို့သင့်တင့်လျောက်ပတ်စွာ ကျင့်အပ်သည့်ကိုပြဆိုလိုက်ဦးအံ့။ ။

ဗုဒ္ဓေါဝါဒံသရိတွာဝ။မဇ္ဈိမဒ္ဓိဂ္ဂါသုခေသိနော၊
သိဘာဘသိတတရံယန္တိ။သုဘမေတ္တမ္မှသိဌိတာ၊ ။

ဗုဒ္ဓေါဝါဒံ၊မြတ်စွာဘုရားသခင်၏ အဆုံးအမဩဝါဒကို၊ သရိတွာဝ၊ အောင်းမေ့၍ သာလျှင်၊ မဇ္ဈိမဒ္ဓိဂ္ဂါ၊ သေးဘားဖြင့် ထိတ်လန့်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။မဇ္ဈိမဒ္ဓိဂ္ဂါ၊ ယေဘေးဖြင့်ထိတ်လန့်ကုန်၍၊သုခေသိနော၊ ချမ်းသာကိုရှာကုန်သောသူတို့သည်၊ဗုဒ္ဓေါဝါဒံ၊ အသုဘကထာ၊မေတ္တာနှင့်စပ်သောဘုရားရှင်အဆုံးအမတော်ကို၊ သရိတွာဝ၊ အောင်းမေ့၍သာလျှင်။အသုဘမေတ္တမ္မှသိ၊အသုဘဘာဝနာ၊မေတ္တာဘာဝနာ၌ရ၌။ ဌိတာ၊ တည်ကုန်သည်ဖြစ်၍။သိတာ၊မြေကုန်လျက်၊ သိတဘရံ၊မြေသည်ဖက်ငြိမ်းသာနိဗ္ဗာန်သို့၊ယန္တိ၊ရောက်ကုန်၏၊ ။ ။

ယောဗုဒ္ဓမဇ္ဈိမဓမ္မဝိနယေ။အပ္ပမတ္တောဝိဟိဿတိ၊
ပဟာယဇာတိသံသာရံ၊ဒုက္ခဿန္တံကရိဿတိ၊

ယောဘိက္ခု၊အကြင်ရဟန်းသည်၊ဗုဒ္ဓမဇ္ဈိမဓမ္မဝိနယေ၊ဤသုတ်အဘိဓမ္မာဝိနည်းနိုက်၊အပ္ပမတ္တော၊ မမေ့မလျော့၊ဝိဟိဿတိ၊မှီ၍နေလတ္တံ့။ သော ဘိက္ခု၊ထိုရဟန်းသည်၊ဇာတိသံသာရံ၊ ပဋိသန္ဓေနေခြင်းရှိသော သံသရာကို။ပဟာယ၊ပယ်စွန့်၍။ဒုက္ခဿ၊ဆင်းရဲခြင်း၏။ အန္တံ၊အဆုံးကို။ဝါ၊ငြိမ်းချမ်းသောနိဗ္ဗာန်သို့ရောက်ခြင်းကို။ကရိဿတိ၊ပြုလတ္တံ့။ ။

နဝါနဝါသုဘဘောဂီ၊နိစ္စာနိစ္စာဘိဂါနိနော။
ပဏ္ဏာပဏ္ဏာဝမိဇ္ဈာယီ၊သန္တာသန္တာဝိရာဂိနော၊ ။

သုဘဘောဂီ၊သုဘဟုနှစ်လုံးသွင်းခြင်းရှိသောသူတို့သည်။ နဝါနဝါ၊နွဲ့ကုန်နွဲ့ကုန်သည်ဖြစ်၍။နိစ္စာနိစ္စာဘိဂါမိနော၊ နိမ့်ရာနိမ့်ရာသို့ရွေးရှုရောက်ကုန်သည်၊ဟောန္တိ၊ဖြစ်ကုန်၏။မိဇ္ဈာယီ၊စက်ဆုပ်ရွံ့ရှာဖွယ်မတင့်တယ်ဟု ရှုကုန်သော၊ သန္တာ၊ သူတော်ကောင်းတို့သည်၊ ပဏ္ဏာပဏ္ဏာဝ၊ ရင့်ကုန်ရင့်ကုန်သည်ဖြစ်၍သာလျှင်။ ဝိရာဂိနော၊ ရာဂကင်းကုန်လျက်။ သန္တာသန္တာ၊သံသရာအဆုံးရှိကုန်သည်၊ ဝါ၊နိဗ္ဗာန်သို့ရောက်ကုန်သည်၊ ဟောန္တိ၊ဖြစ်ကုန်၏၊

ဤသို့လာသောသုတ္တံပါဠိတော် အဋ္ဌကထာတို့ကိုဆင်ခြင်လိုက်လျှင်။ စက္ခုသောတဃာနဇိဝှါကာယမနဟုဆိုအပ်သော၊ခြောက်ခွါရတို့နှိက်ကျရောက်တွေ့ရှိသောရူပါရုံ။သဒ္ဒါရုံ၊ဂန္ဓာရုံ။ရသာရုံ၊ဖေါဋ္ဌဗ္ဗာရုံ။ဓမ္မာရုံဟုဆိုအပ်သောအာရုံခြောက်ပါးတို့ကို။ယောနိသောမနသိကာရဖြင့်။ သင့်တင့်စွာနှလုံးသွင်း၍၊ဤရူပါရုံဟုဆိုအပ်သော။ ကာမဂုဏ်ငါးပါးတို့သည်။ အနှစ်သာရမရှိ၊ အနိစ္စ၊ဒုက္ခ၊ အနတ္တသာတကားဟု။ သိမ်းဆည်း ဆင်ခြင်သောပုဂ္ဂိုလ်သည်။ ဤလောကနှိက်ပင်အထူးထူးသော ဒုက္ခအပေါင်းတို့မှ။ငြိမ်းချမ်းသာယာ ကောင်းစွာထည်တန့်သည်ဖြစ်၍၊ တစတစတဘ၀ထက်တဘ၀၊သုခဘရားပွားများပြည့်ရုံခြင်းသို့ရောက်သဖြင့်။အဆုံးဘ၀၌အတုမရှိပကတိချမ်းသောနိဗ္ဗာန်ချမ်းသာကိုရကုန်ရာသည်။ ရူပါရုံအစရှိသောကာမဂုဏ်ငါးပါးတို့ကို၊အယောနိသောမနသိကာရဖြင့်။ရူပါရုံအစရှိသောကာမဂုဏ်ငါးပါးတို့သည်။သုဘ။နိစ္စ။သုခ၊အတ္တသဘောရှိသည်ဟု။မှတ်သင်သောပုဂ္ဂိုလ်သည်ဖြစ်၍။သာယာခြင်းနှင့်တကွ။ သုံးဆောင်ခံစားသောသူတို့သည်၊ ယခုဘ၀နှိက်ပင်၊ တဆဲ့တပါးသော မီးတို့ဖြင့်တောဘောင်စွဲညိသည်ဖြစ်၍။ ရပ်တည်ခြင်းမရအောင်ကြီးလှစွာသော ဒုက္ခအပေါင်းတို့ကို။ နေ့ညဉ့်နာရီဗီဇနာမပြတ်ထစ်တည်းဖြစ်သော ဆင်းရဲအပေါင်းကို။ ခံစားကြရကုန်သည်။ သံသရာမှာဆိုဘွယ်ရာမရှိအတိဒုက္ခတကြီးလှသောဆင်းရဲကို။အမြဲကြောန်တွေ့ရန်အကြောင်းဖြစ်ဘော့သည်၊

ဝတ္ထုသက်သေများနှင့်ဥပမာပုံဆောင်၍ပြလိုက်ဦးအံ့။

ငါတို့ဘုရားအလောင်းတော်သည်။ ဗာရာဏသီပြည့်ရှင် မင်းကြီး၏သားတော်သုံးကျိပ်တို့တွင်။ အငယ်ဆုံးဖြစ်၏။ ခမည်းတော်မင်းကြီးက၊ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို။နေ့စဉ်မပြတ်။ဆွမ်းဘောဇဉ်ချိုချဉ်သနပ်တို့ကို။ကြွင်မကြည့်ရှု၍ ကျွေးမွေးရမည်ဟု။ အထောင်းကော်ဖြစ်သောသားတော်ကိုလွဲအပ်လေ၏။ဘုရားလောင်းဖြစ်သောသားတော်သည်လည်းနေ့စဉ်မပြတ်၊ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား။ ဆွမ်းဘောဇဉ်ချိုချဉ်အရသာတို့ကိုကြပ်မကြည့်ရှု၍ ကျွေးမွေးလေ၏။ အခါထပါးသောနေ့နှိက်။ဘုရားအလောင်းတော်သည်၊ဤသို့အကြံဖြစ်လေ၏၊ငါ၏ခမည်းတော်၌၊သားတော်တို့သည်သုံးကျိပ်ရှိကုန်သည်။သားသုံးကျိပ်တို့တွင်။ ငါသည်အငယ်ဆုံးဖြစ်ချေသည်၊ခမည်းတော်နတ်ရွာစံလျှင်၊ နောင်တော်အကြီးတို့သည်၊ ထီးနန်းစည်းစိမ်ဟူသော အကြောင်းကြောင့် တိုက်ခိုက်လုယူကြလျှင် ကြီးစွာ

သောဒုက္ခကို တွေ့ကြုံရတော့မည်ဟု၊ အောင်းမေ့ ဆင်ခြင်ပြီးလျှင်၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား၊ ဤသို့လျှောက်ထားလေ၏၊ တပည့်တော်သည်။ဤသို့သောဘေးနှင့်မတွေ့မကြုံရသည့်ဖြစ်၍၊အဘယ်ဇရပ်၌မင်း၏အဖြစ်ကိုရပါအံ့နည်းဟု၊လျှောက်ထားလေ၏၊ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကလည်း။ထောက်ကိုကြည့်သည်ရှိသော်၊ တက္ကသိုလ်ပြည်နှိုက် မင်းဖြစ်အံ့သောအကြောင်းကိုမြင်သည်ဖြစ်၍၊တကာတော်မင်းသားသည်။ဘီလူးသားရဲတို့ဖြင့်ရောပြွမ်းသောကန္တာရခရီးကိုဘေးဘဲ့ထွင်း၍ သွားလျှင်ခုနစ်ရက်။ကန္တာရခရီးကို မဘောက်ထွင်းဘဲ၊ လမ်းကွေ့ထမ်းကောက်သွားလျှင်။ခုနစ်ဆသွားရသောအခါနှိုက်။တက္ကသိုလ်ပြည်သည်ရှိ၏၊ ထိုတက္ကသိုလ်ပြည်၌ မင်းဖြစ်လိမ့်မည်ဟု ပြောဟောတော်မူကြကုန်၏၊ ဘုရားလောင်း မင်းသားလည်း၊ ဘီလူးစသောဘေးရန်တို့၌။ကင်းလွတ်ရာအကြောင်းကိုလျှောက်ထားပြန်လေ၏၊ ပရိတ်ခြည်ပရိတ်ပန်းများကိုဆောင်၍သွားရမည်။ကန္တာရခရီးသို့ရောက်သောအခါ ဘီလူးမတို့သည်၊ရွာယောင်ဘန်ဆင်းပြီးလျှင်။ရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံဟုဆိုအပ်သောကာမဂုဏ်ငါးပါးတို့ဖြင့်၊ ဖြားယောင်းသွေးဆောင်လျက် စားထတ်သည်၊ထိုကာမဂုဏ်ငါးပါးတို့ကို။မလိုက်စားမူ၍မိမိစိတ်ကိုလုံချုံအောင်ထိန်းသိမ်းလျက်သွားနိုင်လျှင်။တက္ကသိုလ်ပြည်၌မင်းအဖြစ်ကိုရလိမ့်မည်ကာမဂုဏ်ငါးပါးကို တတ်မက်၍လိုက်စားလျှင်။ ဘီလူးစားခံရ၍မင်း၏စည်းစိမ်နှင့်ကင်းကွာလျက် ကြီးစွာသောဆင်းရဲဒုက္ခကို တွေ့ကြုံရလိမ့်မည်ဟုမိန့်တော်မူကြကုန်၏။ထိုအခါဘုရားလောင်းမင်းသားသည်၊ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အင်နှံတော်မူလိုက်သော။ပရိတ်ခြည်။ပရိတ်သဲ၊ ပရိတ်ပန်းများကို ဆောင်ယူ၍၊ ကျေးကျွန်များစွာ တို့ကို ခေါ်ပြီးလျှင်၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့မိန့်တော်မူအပ်သောစကားရင်များသို့ အလုံးရပြန်ပြောပြီးလျှင်။ဘီလူးစသောဘေးရန်ရှိသောကန္တာရခရီးကိုပေါက်ထွင်း၍သွားသည်ရှိသော်၊လမ်းခရီးအကြားဘီလူးမတို့သည်၊ မင်းသားကိုစားအံ့သောငှါကာမဂုဏ်ငါးပါးတို့ဖြင့် ဖြားယောင်းသွေးဆောင်ခြင်းကို ပြုကြကုန်၏။ဘုရားလောင်းမင်းသားသည်။သီလသမာဓိတို့ကိုပြည့်စုံစေလျက်ပညာဖြင့်ဆင်ခြင်၍၊ ကာမဂုဏ်ငါးပါးတို့ကို သာယာနှစ်သက်ခြင်းမရှိ။ဘေးရန်ဟူသောအမှတ်ဖြင့်သာအောင်းမေ့ဆင်ခြင်၍သွားသောကြောင့်၊ဘီလူးစားသော ဘေးရန်မှလွတ်ပြီးလျှင်။တက္ကသိုလ်ပြည်၌ မင်းအဖြစ်သို့

ရောက်လေ၏။ အသုံးဘဝဋ္ဌဘုရားဖြစ်တော်မူလေ၏။ မင်းသား၏ကျေးကျွန်အပေါင်းတို့သည် ကာမဂုဏ်ငါးပါး၌ တပ်မက်နှစ်သက်၍ပျော်ပါးလိုက်စားကြသောကြောင့် ဘီလူးစာဖြစ်ပြီးလျှင်။ သေဆုံးခြင်းသို့ရောက်ကြရသော၏၊ ဤသို့လျှင်သံသရာပြင်ကျယ်၊ ပင်လယ်သာဂရဝဲဩဃသို့ကူးကြရသောသတ္တဝါအပေါင်းတို့သည်၊ ကာမဂုဏ်ငါးပါးတို့ကိုယောနိသောမနသိကာရဖြင့်၊သင့်တင့်စွာနှစ်လုံးသွင်းနိုင်သောသူတို့မှာ၊ဘီလူးစသောဘေးရန်နှင့်တူသော၊ ငရဲ၊တိရိစ္ဆာန်၊ပြိတ္တာ၊ အသူရကာယ်အပါယ်လေးပါးမှကင်းလွတ်၍၊ လူချမ်းသာ၊နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာဟုဆိုအပ်သောချမ်းသာသုံးပါးကို ရနိုင်ကုန်ရာသည်။ ကာမဂုဏ်ငါးပါးတို့ကိုအယောနိသောမနသိကာရဖြင့်။မသင့်မတင့်နှစ်လုံးသွင်း၍ပျော်ပါးမြူးတူးရစ်မူးသောသတ္တဝါအပေါင်းတို့သည်။ ဘီလူးစသောဘေးရန်နှင့်တူသော၊ ငရဲ၊တိရိစ္ဆာန်၊ပြိတ္တာ၊အသူရကာယ်အပါယ်လေးပါး၌သာလျှင်ထာဝရအမြဲအည်းရာအရပ်ဖြစ်၍လူချမ်းသာ၊နတ်ချမ်းသာနိဗ္ဗာန်ချမ်းသာဟုဆိုအပ်သောချမ်းသာ အပေါင်းတို့မှ ကင်းလွတ်ပေးကြွ၊ မရနိုင်ရာသော အကြောင်းသာဖြစ်ကုန်ရာသည်၊

သုတဒဿီ စထောမိကော။သိမစေတီပူရဒိသေ၊
စတုပိဟာရဘုမ္မိကော။သိမ်ဘုမ္မိကနာမကော ။ ။
ဝသတံမဟာထေရေန၊အာစရောနာမဘိက္ခုနာ။
ရစိတောဝသုနိဗ္ဗိတော၊အယံဂန္ထောခေမံသဒံ။

သိမစေတီပူရဒိသေ၊သံတော်ခေတ်မြတ်ကိန်းဝပ်တည်ရာ။ ဝေဆာသမညီးသိမ်တော်ကြီးမှ။သာလှဘိတောင်း၊ရှုမညောင်းမျှ၊တံခေါင်းပြသာဒ်ဝတ်စရပ်နှင့်၊သင့်မြတ်ချမ်းမြေ့။အရှေ့အရပ်ထည်းဖြစ်ထသော။ သုတဒဿီထောမိကေစ။ ကြားမြင်သသူ၊ သဲအုလွှင်ကြွ၊ ကောင်းလှပေစွ။ ကောင်းပေစွဟု၊တွေ့ကြမနော၊အံ့ဩခါခါနှုတ်ဝါစ ဖြင့်။ ချွက်ခါလင့်၍။ချီးမြှင့်ထောမနာခြင်းသည်းရှိထသော။သိမ်ဘုမ္မိကနာမကော။ ပိသုံဂါမခဏ္ဍသိမ်တော်ကြီးအနီးဖြစ်သော။သိမ်တော်ကျောင်းတိုက်အမည်လည်းရှိထသော။စတုပိဟာရဘုမ္မိကော။ကျောင်းမလေးဆောင်၊ယှဉ်ကာမျှောင်လျက်တွဲဘက်ရောနှီး။ကျောင်းတော်ကြီးနှိုက်။ စသတံ ဝိဝုဂ်ကတ်သုံးအင်၊ ကုန်

စင်နှံ့စပ်၊ တတ်မြောက်လိမ္မာ၍။ သက္ကရာဇ်ပေါ်။ ထင်ရှားကျော်လျှာ်။ သထင်းသုံးတော်မူသော။ မဟာထေရေန၊ မဟာထေရ်ကြီး၊ တိုင်မြောက်ပြီးသော၊ အာစရိယရေန၊ အဘိဓမ္မာ။ အာစရိယာဘိဓဇသိရိပဝရဝရာဇဂုရုဟူသော အမည်ရှိသော ဆရာတော်သည်၊ ရဟိတော၊ စီရင်ရေးသားအပ်သော၊ ခေမဆေဒ၊ နိဗ္ဗာန်၏အဆုံးအဖြတ်ဖြစ်သော၊ အယံဂန္ထော၊ ဤကျမ်းသည်၊ သုနိဗ္ဗိထော။ (၁၂၇၇) ခု၊ ဥဘုဂိမ္ဗန္တ၊ ကဆုံလပြည့်တနင်းလာနေ့၌၊ ချမ်းမြေ့သာယာကောင်းစွာပြီးပြည့်စုံ၏။

နိဗ္ဗာနပိသဿဇ္ဇနာကျမ်းပြီး၏။

# နိဒါန်း

လှသုံးပါးတို့၏မကိုဋ်ဦးစွန်း၊တည်ထွန်းဗိုက်သော၊ဗိန်ကျောက်အခြင်၊ ခြေတော်တင်လျက်၊ မပျက်နေ့ညာ၊ ခယရှိသေ၊ဆယ်ထွေဟတ္ထ၊ပဒုမ ဖြင့်၊ဂါရဝရိုကြိုး၊ထက်ရုံရိုး၍ ရှိခိုးကော်ရေ်ပူး၊ဇော်ပါအပ်၊ဗိသုဒ္ဓိနတ်စစ် ဖြစ်၊တင်မူသော၊ငါတို့မြတ်စွာ၊ဗိဇ္ဇေယျာသည်၊ဘုံခါတပါး ညီဘွားအာ နန်၊လုပ်ကျွေးခံလျက်၊တမွှဒီပ၊ပစ္စန္တာ၊သို့ကြွတော်မူရာ၊ မဇ္ဈိမထာဟု၊ မည် သာထူးထွေ၊တောင်သိမ်ဒေသတွင်၊ ပမ်းပြေသက်သာ၊ နားနေရာ၌၊ ဆူ လိုက်သဒ္ဒါဗလဝါကြွ၊စန္ဒမုခိ၊မည်ရှိသောမ၊ဘီးလူးမသည်၊ဗုဒ္ဓချစ်ရှင်၊ တို့ သခင်ကို၊လျှုလိုဆန္ဒ၊အားကြီးလှ၍၊ ဒါနဥစ္စာ၊လျှုစရာသည်း၊ပါမှမမြင် ရှိ သည်တွင်ဝယ်၊ထည်နှုံစ်ထွေ၊လှိုးဖြက်လေ၍၊ မြတ်စွာဗိဇ္ဇေ၊ပရမေကို လှူ၊လေသောခါ၊ နောက်ပါခြွေရံ ညီအာနန္ဒာ၊ ခယတောင်းပန်း၊လျှောက် ပြန်သည်မှာ၊ရွှေဘုန်းတော်သခင်အရှင်မြတ်ဘုရား။ ဤဘီးလူးမ၊လှူဒါန ကြောင့်၊ကာလဒေသ၊ ကျိုးေးေးဟန်ကို၊ အာနန္ဒာခင်၊သိချင်ပါကြောင်း၊ အခွင့်တောင်းရာ၊မြတ်စွာဗိဇ္ဇေ၊ပရမေလည်း၊ဖြစ်လေသင့်ရန်၊နာဂတံနှင့်၊ ကြည့်ပြန်သောခါ၊သဒ္ဒါထူးလှ၊ဘီးလူးမသည်၊ ငါ၏သာသနာတော်၊ နှစ် ထောင်ကျော်လင်၊ ဤအရပ်တွင်၊ အထင်အရှား၊ တိုင်းကားပြည်ကြီး၊ တည်ထောင်ပြီး၍၊စည်ထီးခရိုင်၊နိုင်ငံပြုလုပ်၊ ထီးဖြူဆုပ်လျက်၊ မင်းလုပ် ပြီးခါ၊သာသနာကို၊ရောင်ဝါ ရွှန်းရွှန်း၊ ကွန်းဇမ္ဗူပြင်၊ စံတင်ပုံမှီး၊အံ့မပြီး အောင်၊ချီးမြှောက်အားထုတ်ပြုလုပ်ထွတ်သော၊ သဒ္ဒါရှိလှမှာ၊စကြာထေး မြားလှ်ထား၊ ထက်နက် ထက်မြက်ပြည့်ရုံ၊ မန္တလေးရတနာပုံနေပြည် တော်ကြီး၏အရွှင်း၊မင်းဖြစ်မည့်အကြောင်းများနှင့်၊ ဗျာဒိတ်စကားညွှန် ကြားသည့်အရ၊ ပဉ္စမမြို့တည်နန်းထည်၊ပဉ္စမသင်္ဂါယနာထင် ဘဝသျှင် မင်းတုန်းမင်းတရား၊ ထပ်ပွါးစေတနာ၊ ကိုးကွယ်ပါလစ် (သစ်ဆိမ့် ဆရာ)ဆရာတော်ဘုရား၏တပည့်ဖြစ်သောအာစရာဘိဓဇာသိရိပဝရရာဇဂုရု ဘွဲ့အမည်ရှိသော ဗန်းမော်မြို့ သိမ်တော်ကျောင်း ဆရာတော်သည် ဂန္ဓာလတိုင်းသားစော်ဘွားများနှင့်တကွ၊မင်းလှမင်းတင်ကျော်ခေါင်ဘွဲ့ အမည့်ရှိသော၊ မော်လူးမြို့စုပ်နှင့်တကွ၊ စော်ဘွားကြီးတို့ကတောင်းပန် လျှောက်ထားသောကြောင့်၊ အဆောင်ဆောင်သောရာဇဝင်ကျမ်းများ၏ကို

ကြည့်ရှုထောက်ထား၍။စိုရင်ရေးသားအပ်သော။ ဂန္ဓာလစက္ကဇောတိဋ္ဌကျမ်း ၎င်းကျမ်းတွင်၊ မဟာသမ္မတမင်းမှစ၍။ သီဘောမင်းတိုင်အောင်။ သာမညမင်းပေါင်းများကိုပြ၍။ သာသနာကိုထင်ရှားစွာပြုသောမင်းတို့အမည်နှင့်တကွထုတ်ဖော်၍။ ထရုပ်ပြည့်ဂန္ဓာထတိုင်းသို့ သာသနာရောက်သည့်တိုင်အောင်အထင်အရှားပြပေလတ္တံ့။ ။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။
နတွာရ-ဇုတ္တမံဗုဒ္ဓံ၊ဓမ္မဥ္စမဟာသြဲ့သထံ။
သံဃဥ္စသုပုညခေတ္တံ၊ဂန္ဓာလစက္ကံလိက္ခိဿံ၊

အဟံ၊ခန္ဓာအာယတန၊ပေါင်းရောမျှသျက်။ ခေါ်ကြွသမုတ်၊ အကျွန်ုပ်သည်။ရာဇုတ္တမံ၊ လူမင်းနတ်မင် ဗြဟ္မာမင်းတို့ထက် မင်းမြတ်ဖြစ်တော်မူသော။ဗုဒ္ဓဥ္စ၊ မြတ်စွာဘုရားကိုလည်း။နတွာ၊ နမာမိ၊ရှိခိုးပါ၏။ နတွာ၊ရှိခိုးပြီး၍။ မဟာသြဲ့သထံ၊ တထောင့်ငါးရာ။ ရောဂါပျောက်ကြောင်း၊ ဆေးကောင်းဆေးမြတ်ဖြစ်တော်မူသော။ဓမ္မဥ္စ၊မဂ်လေးတန်ဖိုလ်လေးတန်နိဗ္ဗာန်တရားတော်မြတ်ကိုလည်း နတွာ၊နမာမိ၊ရှိခိုးပါ၏၊ နတွာ၊ရှိခိုးပြီး၍။ သုပုညခေတ္တံ၊ ကောင်းသော မျိုးစေ့တို့၏ စိုက်ပျိုး ကြဲချရာ လယ်ယာကောင်း၊သဘွယ် ဖြစ်တော်မူသော။ သံဃဥ္စ၊ မဂ္ဂဋ္ဌာန် လေးယောက် ဖလဋ္ဌာန်လေးယောက် ဟု ဆိုအပ်သော ရှစ်ယောက်သော အရိယာသံဃာတော်မြတ် တို့ကိုလည်း။ နတွာ—နမာမိ၊ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။ဂန္ဓာလစက္ကံ၊ ဂန္ဓာလနာမ၊ တိုင်းဌာနတွင်။ ကောက်ကာင်လှည့် တွေနေ၏အရောင်ကဲ့သို့၊ ပြောင်ပြောင် ရွှန်း ရွှန်း။ သာသနာတည်ထွန်းခြင်း၏ အကြောင်းဖြစ်သော။ ဂန္ဓာလစက္ကဇောတိဋ္ဌကျမ်းကို။လိက္ခိဿံ-လိက္ခိဿာမိ၊ရေးပေလတ္တံ့။ ။

ရတနာပုဏ္ဏနာမေနာ၊လင္ကာဝနဂရေဿစ။
ရဌနေ့ယိတိစပုဋ္ဌတ္တာ၊ဝသန္တောနိဝေသနေစ။ ။
ရတနဿဂုဏောသဒ္ဓံ၊နိဗ္ဗံသီလဥ္စမိတိမာ၊
ပရိစ္စာဂဥ္စနာထာနံ၊သဒ္ဓမ္မဥ္စာဗိပူရိတံ။ ။
ဂန္ထိရသုခမညာဏံ၊ပရဿကရဏာစိတ္တံ၊
မေတ္တာစိတ္တဥ္စသမ္ဗန္ဓံ၊သစ္စဝါဒိစပညာဏံ။ ။
အာစိဏ္ဏကုသလစိတ္တံ၊ဂရုဓမ္မအာဝမနံ၊
တယာဝိသာသနောဂါဟံ၊သံသာရအန္တဂါမိတံ။ ။

ဝသန္တာ သက္ကော ဝိမာနံ၊ ဥပမာထဏ္ဍဇဝုလံ၊
ဝိဝိတ္တကုဋိရတ္တိထံ၊ ဝိဟာရံပတိဋ္ဌကာသ၊ ။
မင်းတုန်းမင်းတိ အဘယနာ။ ဒေဝိသာသောစာတိသော ဘိထံ၊
ဝိဟာရဉ္စသအာရာမံ၊ ကတွာသိမဉ္စတတ္ထဝိ၊ ။
သောဝဏ္ဏကုမ္ဘဂါရေဟိ၊ ဝိဝိတ္တံသတ္တဘူမိကံ၊
ကတွာနသိမပါသာဒံ၊ တတ္ထဝိစသဓာတုကံ၊
ပတိဋ္ဌာယစဉ္စိဒံ၊ ပဉ္စသယဟိ အနုဂ္ဂဟံ၊
ကာရေန္တာဝ စနာထာနံ၊ ရတ္တိဒိဝံ ကတ သဘာဝ၊ ။
နာနာဂန္ဓသုဓေ ကာသာ၊ တသ္သ သိလိ သဓာရဏော။
သိက္ခာဂရု ကတသ္သ ဝိ၊ သဗ္ဗကုဏ္ဍကသ္သ စ၊ ။
ဝဝဏ္ဏိယာဂတော ဝံသ၊ ဌိတဿ သာသနေ ဝိစ၊
သေဝိတံ သော တိနကြမ္ဘ၊ ဘာဇာ ဝဝါကဝ သဿ စ၊ ။
စတုကြမ္ဘဒဒေနာဝိ၊ သဒ္ဓသဿ သဒ္ဓတ သဿ စ။
သန္တိကေ အဇ္ဈ သဿာဝိ၊ ဝိသိဋ္ဌာစရိယဿာဝိ၊ ။
သန္တိကေ ဝဝသ ဓေနာ၊ နိသာယ သဒ္ဓါသနေမိန်။
ဝုဍ္ဍိ ပဉ္စနအာစာရ၊ နာမကေနစဘိက္ခုနာ။ ။
ရဇောဝါပုနပုန္နံဝိ၊ ဂုဏောသချာ သောဝိစ၊
စေဘွား တိဇဝယေနာဝိ၊ ကမ္ပောစ ရာဇာ ယာဝိ တော။ ။
သဗ္ဗတော ဝဏ္ဏယံ ဂန္ထာ၊ မဟာ ဂန္ထသုတ ပုဏ္ဏဟိ၊
ဂဝေသိဟိ စ သာ ရဟိ၊ ဘဏ္ဍဂတံပသာထတံ။ ။

ရတနဟိစ၊ ထောကိရတနာလော ကုတရာရတနာတို့ဖြင့်လည်း။ ဗုဒ္ဓတ္တာ၊ ဗုပုံတည်ရာဖြစ်သောကြောင့် ရတနာပုဏ္ဏနာမေန၊ ရတနာပုံဟူသော သောအမည်ဖြင့်။ သဒ္ဒါဝနဂရသောစ ရအဝ်သော မြို့၏။ ဝါ၊ ရတနာပုံနေပြည်တော်၏ နိဝေသနေ၊ နန်းတော်၌ထည်း။ ဝသန္တော၊ စံနေတော်မူသော။ ယောရာဇာ၊ အကြွင်မင်းထုန်းမင်းနှင့်တကွ တောင်ညာစံဒေဝီမဟေသီမိဖုရားကြီးသည်။ ရတနသော၊ ရတနာသုံးပါးအား။ သဒ္ဓါတုံလှုပ်ခြင်းရှိယုံကြည်သောအစလ သဒ္ဓါသည်းရှိထသော၊ နိစ္စံသီလဥ၊ မြဲသောသီလလည်းရှိထသော၊ ဝိဘိမာစ၊ တည်ကြည်သော သမာဓိလည်းရှိထသော၊ အနာထံ၊ အိုးကွယ်ရာမရှိကုန်သော ဖုံးတောင်းယာစကာတို့အားလည်း။ ပရိစ္စာဂဥ၊ ပေးကမ်းစွန့်ကြဲခြင်းလည်းရှိထသော၊ သဒ္ဓမ္မံ၊ သဒ္ဓါသီလသုတစာဂပညာဟိရိ

ဩဇာတပ္ပတည်းဟူသော။သူတော်ကောင်းဥစ္စာခုနစ်ပါးကိုလည်း။ ပူရိတဗ္ဗာဝီ၊ ဖြည့်ကျင့်ခြင်းလည်း ရှိထသော။ ဂမ္ဘီရသုခုမဉာဏဉ္စ၊နက်နဲသိမ်မွေ့သောဉာဏ်နှင့်လည်းပြည့်စုံထသော။ပရသကရုဏာစိတ္တဉ္စ၊ သူတပါးအားသနားတတ်သောစိတ်လည်းရှိထသော၊ မေတ္တာစိတ္တဉ္စသမ္ပန္နံ၊သူတပါးအားချစ်ခင်လေးမြတ်သောစိတ်နှင့်လည်းပြည့်စုံထသော။သစ္စဝါဒီစ၊ ဟုတ်မှန်သောစကားကိုဆိုလေ့ရှိထသော။ပညာနဉ္စ၊ရှေ့နောက်တိုင်းထွာပညာအမြော်အမြင်နှင့်လည်းပြည့်စုံထသော။အာစိဏ္ဏကုသလစိတ္တဉ္စ၊ မြဲသောကုသိုလ်ကောင်းမှုပြုသောစိတ်လည်းရှိထသော။ ဂရုဓမ္မာဒိစိတ္တဉ္စ၊ ဂရုဓမ္မတရားငါးပါးတို့၌ ညွတ်သောစိတ်လည်းရှိထသောတထာဂိ၊ ထိုမှတပါးလည်း။သဒ္ဓါသနောဂါဟိ၊သဒ္ဓါသနာတော်၌ ယုံကြည်သက်ဝင်ခြင်းရှိသည်ဖြစ်၍။သံသာရအနုဂါမိတံ။သွားလေရာရာအစဉ်မပြတ်တကော်ကြွင်လိုက်ပါဘိသကဲ့သို့။ အနုဂါမိပစ္စည်းအဖြစ်ဖြင့်၊သံသရာသို့ အစဉ်မပြတ်လိုက်ပါတတ်သော။ သက္ကော။သိကြားမင်းသည့်၊ဝသန္တော စံနေအပ်သော။ဝိမာနံဝိမာနံဗျာဝ။ဝေဇယန္တာနတ်ပြာသာဒ်နှင့်တူ ပည်သာလျှင်ဖြစ်သော၊ဝိစိတ္တကုဋ္ဋရမ္ဘိတဉ္စ၊ဆန်းကြယ်သောတုရင်မှန်ကင်းအထွဋ်လည်းကတ်ထသော။ အတုလံဥပမာဏဉ္စ။အတုလကျောင်းတော်ကြီးဥပမာလည်းရှိထသော၊ဝိဟာရံ၊ကျောင်းတော်ကြီးကို။ပတိဋ္ဌာပေသ ဆောက်လုပ်လှူဒါန်းအပ်သည်လည်းဖြစ်ထသောမင်းတုန်းမင်းတိအဝှယေနစ၊မင်းတုန်းမင်းဟုခေါ်ဝေါ်အပ်သောပဥ္စမသင်္ဂါယနာတင်ဘဝသျှင်မင်းမြတ်နှင့်လည်းအတူတကွ ဖြစ်တသောဒေဝီယာစ၊ ဘော်ညာစံဒေဝီ မဟေသီမိဖုရားကြီးသည်လည်းကောင်း။သောရစာ၊ ထိုမင်းမိဖုရားနှစ်ပါးတို့သည်။အတိသောဘိတံ၊ မြင်မြင်သူတို့ရှုမငြီးဘွယ်တင့်တယ်စွာထသော။ အာရာမံ၊ အရုမ်ပရိဝုန်နှင့်တကွဖြစ်ထသော။ဝိဟာရဉ္စ။ကျောင်းတော်ကြီးကိုလည်း။ကာတွာ။ဆောက်လုပ်ပြီး၍။တတ္တပိ။ထိုအရပ်၌လည်း။သိမဉ္စ၊သိမ်ကိုလည်း။ကတွာသမုတ်ခြင်းကိုပြုပြီး၍ သောဝဏ္ဏကုဒ္ဒါလေဟိ။ရွှေဖြင့်ပြီးသောဂူးလစ်မွှန်းချွန်အမွှန်တံဆောက်တို့ဖြင့်။ဝိစိတ္တံ။ အထူးသဖြင့်ဆန်းကြယ်လေသော။ သတ္တဘုမ္မိကံ။ဘုံခုနစ်ဆင့်ရှိသော၊သိမပါသာဒံ။သိမ်ပြာသာဒ်ကို။ကာတွာ ဆောက်လုပ်ခြင်းကိုပြုပြီး၍။တတ္တာပိ။ထိုပြာသာဒ်နှိက်လည်း၊သဓါတုကံ။ဓါတ်တော်နှင့်လည်းတကွဖြစ်ထသော။ ဥဒ္ဒိသံ ကိုယ်စားတော်စားရုပ်ပွါးတော်မြတ်ကို။ပတိဋ္ဌာယစ၊တည်ထားပြီး၍လည်း၊ ပစ္စယေဟိ။ပစ္စည်းလေးပါးတို့ဖြင့်အနုဂ္ဂဟာချီးမြှင့်

ထောက်ပန့်ခြင်းကို၊ ကရောန္တာစ၊ ပြုကုန်လျက်သာလျှင်၊ ရတ္တိဒိဝံ၊ ညည့်
နေ့ပတ်လုံး။ နသဘာနံ။ ကိုးကွယ်ခြင်းကို ကဘသေး၊ ဂိ ပြုလည်းပြုအပ်ထ
သော၊ နာနာဂန္ဓာသု၊ အထူးထူးသောအဋ္ဌကထာဋီကာစသောကျမ်းဂန်
တို့နှိက်လည်း။ သေကသဿ၊ ခက်ဆစ်ခက်ရဲ စသော အထူးထူးသော အရေတို့
နှိက်လိမ္မာသောပညာရှိထသော၊ တဿ၊ ထိုကျမ်းကို၊ ဓာရဏေ၊ ဆောင်
ရွက်ခြင်းနှိက်၊ သီလဿ၊ အဓိကရှိထသောသိက္ခာဂါရဝတဿပိ၊
သိက္ခာပုဒ်နှိက်ဂရုကာတအလေးအမြတ်ပြုအပ်ထသော၊ လဇ္ဇီကုက္ကုစ္စက
ဿစ၊ သိက္ခာပုဒ်ကြီးငယ်တို့နှိက်၊ လဇ္ဇီကုက္ကုစ္စလည်းဖြစ်သော။ ပဝေ
ဏိယပါဂတော။ လဇ္ဇီပေသလသိက္ခာကာမပိဋကယဂရုပရိယတ္တိဝဲဖြစ်တော်မူ
ကုန်သော ဆရာတော်မြတ်တို့၏အနွယ်မပျက်အစဉ်ဆင်းသက်လာသော၊
ဝံသော၊ အနွယ်၌ဖြစ်သဿ တည်ထသော၊ သာသနေပိစ၊ သာသနာတော်
ထည်းသေဝ၌ဝံသောတိ၊ မြတ်သောအနွယ်ဟူ၍၊ နက္ခတ္တရာဇာဝ၊ လမင်းကဲ့
သို့ပါကဋသ။ ထင်ရှားထသော၊ တေကတ္တဂ္ဂ၊ ဒဒေနာပိ၊ မင်းလေးဆက်
မြောက် လျှော်ဒါန်းတော် မူသဖြင့်လည်း၊ လဒ္ဓသ လဒ္ဓတဿစ၊ ရအပ်
သောတံဆိပ်လည်းရှိသော၊ ဝါ။ ပညာသိဟ သာသနာလင်္ကာရ မဟာ
ဓမ္မရာဇာဓိ ရာဇ ဂုရု ဟူသော တံဆိပ် ကိုလည်း ရအပ်ထသော။
သက္ကတ္တ၌အဝှယသသပိ၊ သက္ကတ္တန့်ဟူ အမည်တော်ရှိသော။ ဗိသိဋ္ဌာ စရိယ
ဿပိ၊ ဂုဏ်ကျေးဇူးအထူးရှိသောဆရာတော်၏လည်း။ သန္တိကေဝ၊ အ
ထံနှိက်သာလျှင်။ ဝသန္တေန၊ နေသော သာသနေပိ။ သာသနာတော်၌ထည်း၊
နံ့အာစရိယံ။ ထိုသက္ကတ္တန့်ဆရာတော်ကို၊ နိဿာယ၊ အမှီ ကဲ့သဟဲပြု၍၊ ဝု
ဍ္ဎိပတ္တေန၊ ကြီးပွါးခြင်းသို့ရောက်သော။ အာစာရနာမကေန၊ အာစာရအ
မည်ရှိသော။ ဝါ။ အာစာရာဘိဓေ ဘိရိပဝရရာဇဂုရု ဘွဲ့အမည်ရှိသော
ဘိက္ခုနာစ။ ရဟန်းသည်လည်း။ ဂုဏေ ရတနာသုံးပါး ဂုဏ်။ အမိအဘဆ
ရာသမားဂုဏ်တို့ကို။ ရစေဝ ဝါပုနပ္ပုနံ ပိ၊ အဖန်တလဲလဲ။ သရဏတောပိ
စ။ ဘုရားစသောဂုဏ်ကို အောက်မေ့တတ်သောကြောင့်လည်း။ စေဘွား
တိအဗ္ဗယေနပိ၊ မိုင်းလာစေဘွားဟု ခေါ်ဝေါ်အပ်သည်လည်းဖြစ်သော။
ကဝိန္ဒာစရိယေန၊ နေဝင်ဘုရင်ဖြစ်သော၊ မှိမ်းမင်းသည်။ ယာစိတော-အဘိ
ယာစိတော။ ရှေ့ရှုတောင်းပန်အပ်သောကြောင့်၊ သဒ္ဓိတော ဝ၊ မေးသားစီ
ရင်အပ်သည်သာလျှင်ဖြစ်သော။ အယံ ဂန္ထော။ ဤဂန္ထာထစက္ကဓာတိ၌
အမည်ရှိသောကျမ်းကို။ မဟန္တာ သုဘ ပုဏ္ဏဟိ။ များစွာသော ပညာဗဟုသုတ

ဖြည့်စုံလုံလောက်ခြင်းတို့ဖြင့်။ ဂ ၃ ဝသိပ္ပ။ ရှာမှီးလေ့ရှိကုန်သော။ သာရုပ္ပ
စ။ သူတော်ကောင်းတို့သည်လည်း။ ဘုံတတ္ထကတံ။ ထိုဂန္ထလင်္ကာဓော်တို့
၌ကျမ်းကို။ ပဿထ။ မပျင်းမရိ ညာဏ်မျက်စိဖြင့် ကြည့်ရှုကြ ပါ
ကုန်လော။

# ဂန္ဓာလ စက္ကဗေဒ တိဋ္ဌကျမ်း။

## ကမ္ဘာပျက်ခြင်းတည်ခြင်းအကြောင်း။

ကမ္ဘာပျက်ခြင်းတည်ခြင်းအကြောင်းကို ယခုအခါအကျဉ်းပြဆိုဦးအံ့။ ။လောင်ကျက်ပျက်ကျက်တည်ကျက်ဖြစ်သော၊ စကြာဝဠာကုဋေတသိန်းတည်း။ ။ကမ္ဘာပျက်ခြင်းကား၊ မီးဖျက်သောကမ္ဘာ၊ ရေဖျက်သောကမ္ဘာ၊ လေဖျက်သောကမ္ဘာဟူ၍သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် မီးပျက်သောကမ္ဘာ၌၊ မီးခုနစ်ကြိမ် ခုနစ်ကြိမ်ပျက်ပြီးသည်နောက်၊ ရှစ်ကြိမ်မြောက်ကမ္ဘာ၌ရေတကြိမ်၊ ဤကဲ့သို့ရှစ်ကြိမ်ရှစ်ကြိမ်ခြောက်ဆယ်လေးကြိမ်မြောက်ကမ္ဘာ၌လေပျက်ကြောင်းကိုသင်္ခေပဝဏ္ဏနာဋီကာ၌၊

သတ္တသတ္တဂ္ဂိနာဝါရာ။ အဋ္ဌမေ အဋ္ဌမေဒကာ၊
စတုသဋ္ဌိယာဒါပုဏ္ဏာ၊ ဧကောဝါယုဝရောသိယာ။
ဂါထာလာသောကြောင့်သိရ၏။

အနက်ကား။ ။သတ္တသတ္တဝါရာ၊ ခုနစ်ကြိမ်ခုနစ်ကြိမ်၊ အဂ္ဂိနာ၊ မီးဖြင့်။ နသည်တို့ပျက်ကုန်၏။ အဋ္ဌမေအဋ္ဌမေ၊ ရှစ်ကြိမ်ရှစ်ကြိမ်မြောက်သောကမ္ဘာ၌။ ဒကာ-ဒကေန၊ ရေဖြင့်။ နသည်တို့ ပျက်ကုန်၏။ ယဒါ၊ အကြင်ရှစ်ကြိမ်မြောက်ကမ္ဘာ၌။ စတုသဋ္ဌိ၊ ခြောက်ဆယ်လေးကြိမ်တို့သည်၊ ပုဏ္ဏာ၊ ပြည့်ကုန်၏။ တဒါ၊ ထိုခြောက်ဆယ်လေးကြိမ်မြောက်ကမ္ဘာ၌။ ဧကောဝါယုဝရော၊ လေတကြိမ်သည်။ သိယာ၊ ဖြစ်ရာ၏။ ။သုံးပါးသောကမ္ဘာပျက်ခြင်းတို့တွင်။ မီးဖျက်သောကမ္ဘာကား။ ပဌမဈာန်သုံးဘုံတွင်ပျက်၏။ ရေဖျက်သောကမ္ဘာ၌ကား။ ပဌမဈာန်သုံးဘုံနှင့်ထကွ ဒုတိယဈာန် သုံးဘုံတိုင်အောင်ပျက်ကြောင်းကိုရင်းဋီကာတွင်။

အဂ္ဂိနာဘဿရာဟေဋ္ဌာ၊ အာပေနသုဘကိဏ္ဏတော၊
ဝေဟပ္ဖလတောဝါတေန၊ ဧဝံလောကောဝိနဿတိ။
ပါဠိဂါထာလာသောကြောင့်သိရ၏။

အနက်ကား။ ။အာဘဿရာ၊ အာဘဿရဘုံ၏၊ ဟေဋ္ဌာ၊ အောက်ဖြစ်သောပဌမဈာန်သုံးဘုံအပြင်ကို။ ဗျာပိတ္တွာ၊ နှံ့၍။ အဂ္ဂိနာ၊ မီးဖြင့်။ ဝိနဿ

တိ၊ဖျက်၍။သုပက္ကိဋ္ဌတော။သုပက္ကိဋ္ဌဘုံမှ။ ဟောဋ္ဌာ။အောက်ဖြစ်သော နတိယဉ်ချာန်သုံးဘုံအပြင်ကို။ဗျာပိတွာ။နှံ့၍။ အာပေနး၊ရေဖြင့်။ဝိနဿတိ၊ ဖျက်၏၊ဝေဟပ္ဖလတော၊ဝေဟပ္ဖိုလ်ဘုံမှ။ ဟေဋ္ဌာ၊အောက်ဖြစ်သောတ တိယဈာန်ဘုံအပြင်ကို။ ဗျာပိတွာ၊နှံ့၍။ ဝါယေန၊လေဖြင့်။ ဝိနဿတိ၊ ဖျက်၏။

## ကပ်ဟူသည်ကား။

အာယုကပ်အန္တရကပ်၊အသင်္ချေယျကပ်။မဟာကပ်ဟူ၍၄-ပါးရှိ၏။ထို လေးပါးတို့တွင်။ပဋိသန္ဓေက၊စုတိကျအောင်အာယုကပ်၊ ။လူတို့အသက် ဆယ်နှစ်မှသည်။အသက်အသင်္ချေတိုင်အောင်တက်လေ၍အသင်္ချေမှသည် ယုတ်ပြန်ခဲ့၍ အသက်ဆယ်နှစ်တိုင်ရောက်ပြန်သည်ကာလ။ အန္တရတ ကပ်မြစ်၏။ထိုကဲ့သို့တက်ပြန်ယုတ်ပြန်ဖြစ်သော။ အန္တရကပ် ခြောက် ဆယ့်လေးကပ်ကို။အသင်္ချေယျတကပ်ဟူ၍မှတ်အပ်၏။ ။အပရေ၊ဆ ရာတို့၏။အယူကား၊ အန္တရကပ်နှစ်ဆယ်ကို။ အသင်္ချေယျတကပ်ဟူ၍ ယူကုန်၏၊ ဤကဲ့သို့အသင်္ချေယျလေးကပ်မှ။ မဟာကပ်ဟုခေါ်ဝေါ်အပ် သောတကမ္ဘာတည်း။၎င်းအသင်္ချေယျလေးကပ်ကို။ညွှန်းအပ်သောပုဒ်ပါဠိ ကား။

မေဃာဇာလပရိစ္ဆေဒေါ၊သံဝဋ္ဋောတိပဝုစ္စတိ၊ ဇာလမေဃာပရိစ္ဆေ ဒေါ၊သံဝဋ္ဋဋ္ဌာယီပဝုစ္စတိ၊ မေဃောသုရိယပရိစ္ဆေဒေါ၊ဝိဝဋ္ဋောတိ ပဝုစ္စတိ၊ယာဝမဟာမေဃာဝိဝဋ္ဋဋ္ဌာယီတိဝုစ္စတိ၊ ။ပါဠိဂါ ထာလာသည်နှင့်အညီ။ ။အနက်ကား။

မေဃော၊ ကမ္ဘာပျက်မိုးရွာသည်မှ။ ဇာလပရိစ္ဆေဒေါ။ ကမ္ဘာမီးလျှံစဲ သည့်တိုင်အောင်အပိုင်းအခြားကို၊သံဝဋ္ဋောတိ၊သံဝဋ္ဋကပ်ဟူ၍။ပဝုစ္စတိ ဆိုအပ်၏။ဇာလာ၊ကမ္ဘာမီးလျှံစဲသည်မှ။ မေဃပရိစ္ဆေဒေါ၊ ကမ္ဘာပြုမိုးရွာ ၍။ပြဟ္မာပြည်တိုင်အောင်။မိုးစဲ၊ရေပြည့်စေလျက်။စဲသည့်အပိုင်းအခြား ကို။သံဝဋ္ဋဋ္ဌာယီတိ၊သံဝဋ္ဋဋ္ဌာယီကပ်ဟူ၍။ ပဝုစ္စတိ၊ဆိုအပ်၏။ မေဃော၊ ကမ္ဘာပျက်မိုးစဲရစဲသည်မှ။ သုရိယပရိစ္ဆေဒေါ၊ နေထပေါ်သည်တိုင် အောင်အပိုင်းအခြားကို၊ဝိဝဋ္ဋောတိ၊ဝိဝဋ္ဋကပ်ဟူ၍။ ပဝုစ္စတိ၊ဆိုအပ်၏။ သုရိယာ။နေထပေါ်သည်မှ။ယာဝမဟာမေဃော၊ တဘန်ကမ္ဘာပျက်မိုး ရွာသည်ဘိုင်အောင်အပိုင်းအခြားကို။ ဝိဝဋ္ဋဋ္ဌာယီတိ၊ ဝိဝဋ္ဋဋ္ဌာယီကပ်

ဟူ၍ပဝုစ္စတဲ၊ဆိုအင်၏၊ ။ဤသို့ဖြခဲ့ပြီးသော အသင်္ချေယျကပ်လေး ကပ်မှ။မဟာကပ်တကပ်ဟုခေါ်ဝေါ်အပ်သော၊တကမ္ဘာမည်၏။

အဓိပ္ပါယ်စကားရင်ကိုချုပ်၍ဖြဦးအံ့။

ကမ္ဘာပျက်ခြင်းသုံးပါးတွင်မီးပျက်သောကမ္ဘာဖြစ်အံ့၊ကမ္ဘာပျက်မိုးရွာသည်မှစ၍။ကမ္ဘာမီးလျှံစဲသည့်တိုင်အောင်သော အသင်္ချေယျကပ်သည်၊သံဝဋ္ဋကပ်မည်၏။ကမ္ဘာပျက်မီးလျှံစဲသည်မှစ၍ဖြဟွာဖြည့်ဘိုင်ကမ္ဘာပြုမိုးရွာ၍စဲသည့်တိုင်အောင် အပိုင်းအခြားဟုဆိုအပ်သော။ အသင်္ချေယျကပ်သည်။သံဝဋ္ဋဌာယီကင်မည်၏၊ ။ကမ္ဘာပြုမိုးစဲသည်မှစ၍၊ နေလ ပေါ်သည့်တိုင်အောင် အပိုင်းအခြားဟု ဆိုအပ်သော။ အသင်္ချေယျကပ် သည်ဝိဝဋ္ဋကင်မည်၏။ ။နေလပေါ်သည်မှစ၍၊ တဘန်ကမ္ဘာပျက်မိုး ရွာသည့်တိုင်အောင် အပိုင်းအခြားဟုဆိုအပ်သော၊ အသင်္ချေယျကပ် သည် ဝိဝဋ္ဋဌာယီကပ်မည်၏။ ။ဤသို့ဆိုခဲ့ပြီးသောကမ္ဘာကိုရည်၍ဆို သည်၊ ။ရေပျက်သောကမ္ဘာဖြစ်အံ့။ကမ္ဘာပျက်မိုးရွာသည်မှစ၍။ကမ္ဘာ ပျက်ရေစဲသည့်တိုင်အောင်။ အသင်္ချေယျကပ်သည်၊ သံဝဋ္ဋကပ်မည် ၏။ ။ကမ္ဘာပျက်ရေစဲသည်မှစ၍၊ ကမ္ဘာပြုမိုးရွာသည်တိုင်အောင် အသင်္ချေယျကပ်သည်။သံဝဋ္ဋဌာယီကင်မည်၏။ဝိဝဋ္ဋဌာယီကင်ကိုလည်း ရှေးနည်းတူသိလေ။ ။ဤကားရေပျက်သောကမ္ဘာကိုဆိုသည်။

လေပျက်သောကမ္ဘာဖြစ်အံ့။ကမ္ဘာပျက်မိုးရွာသည်မှစ၍။ကမ္ဘာပျက် လေစဲသည့်တိုင်အောင်၊အသင်္ချေယျကပ်သည့်သံဝဋ္ဋကင်မည်၏။

ကမ္ဘာပျက်လေစဲသည်မှစ၍။ကမ္ဘာပြုမိုးရွာ၍စဲသည့်တိုင်အောင်။ အ သင်္ချေယျကပ်သည်။သံဝဋ္ဋဌာယီကပ်မည်၏။ ဝိဝဋ္ဋကပ်၊ဝိဝဋ္ဋဌာယီကပ် ကိုလည်း ရှေးနည်းတူသိလေ။ ။ဤကား လေပျက်သောကမ္ဘာကိုဆို သည်။

ဤသို့လျှင်မီးရေလေဟူသောကမ္ဘာပျက်ခြင်းသုံးပါးတို့၌။ သံဝဋ္ဋသံဝဋ္ဋဌာ ယီဝိဝဋ္ဋဝိဝဋ္ဋဌာယီဟူသောအသင်္ချေယျကပ်လေးကပ်တို့၊သိသာခြားနား ကွဲပြားအောင်မှတ်ကြလေ။ကမ္ဘာပျက်ခြင်းတည်ခြင်းအကြောင်းအရာကို၊ ကောင်းစွာဝဋ္ဋာန။ ဥပထက္ကထာ။နိဒ္ဒေသန ဧကဒေသ နည်းအားဖြင့်။ အ ကျဉ်းအမြွက်ပြသောစကားရပ်ကား။ဤတွင်၍ကားပြီး၏။

ကြာဝဋ္ဋာ၊ ဤဇမ္ဗူဒိပါမြဲတ်စွာဘုရားနှင့်တကွ။ ကောဒသမ။ မဟာသမတ
မင်းတို့၏။ အစဉ်အတိုင်းဖြစ်သောအချင်းအရာကို ကောင်းစွာပြဆိုဦးအံ့။
ခေတ်သည်ကား။ ဇာတိခေတ်။ အာဏာခေတ်။ ဝိသယခေတ်ဟု၍သုံးပါးအ
ပြားရှိ၏။ ထိုသုံးပါးတို့တွင်။ စကြာဝဋ္ဋာတသောင်းသည်။ ဇာတိခေတ်မည်
၏။ စကြာဝဋ္ဋာကုဋေတသိန်းသည်။ အာဏာခေတ်မည်၏။ စကြာဝဋ္ဋာအ
နန္တသည် ဝိသယခေတ်မည်၏ ထိုသုံးပါးနိုက်။ ဝိသယခေတ်ဟုဆိုအပ်
သောစကြာဝဋ္ဋာအနန္တတွင်။ မီးရေလေဟူသောသုံးပါးသော ပျက်ခြင်းတို့
ဖြင့်တူသော၊ ငါတို့စကြာဝဋ္ဋာနှင့်။ သောင်းဘက်ပျက်ဘက် စကြာဝဋ္ဋာကု
ဋေတသိန်းတည်း။ ထိုအသိန်းဘို့တွင်။ ယခုကမ္ဘာငါတို့စကြာဝဋ္ဋာ၌။ ကမ္ဘာ
ပြုမိုးရွာ၍ ပြဟ္မာပြည်တိုင်ရေတတ်သောအခါ။ ဇမ္ဗူဒိပါအောင်ချာပလ္လင်
ဗောဓိပင်ရောက်ရာ။ မြေမျက်နှာမှကြီးစွာသော ကြာပဒုမ္မာပွင့်ငုံအာငါး
ထပ်တွင်ရှစ်ရပ်သောပရိက္ခရာအရုံနှင့်။ ငါးရုံသောကြာသက်နံကို။ သိမ်း
မြန်းပြီးခါပြဟ္မာမိုးသူနိမိတ်ယူ၍၊ ငါးဆူပွင့်ရာမည်သာဘဒ္ဒ။ သမိုက်ကြ
ပြီးလျှင်၊ ပြဟ္မာပြည်တက်ခွင်မှ၊ ကိုယ်ထင်ဥပပါတ်ဖြင့်။ အောက်ရပ်သို့
ဆင်းသက်၍။ ချိုမြက်သောအရသာ။ မြေသွာမြေဆီတို့ကို။ စိတ်ညီအပြား
စားသောက်ကြသည့်နှင့်။ ကိုယ်မှအရောင်အဝါ၊ ရှည်ကြာသဖြင့်။ ပျောက်
လွင့်ကွယ်ပ၍။ အဝိဇ္ဇန္ဓ။ မောဟဝိတ်ဆီး၊ မှောင့်ကြီး ကျရောက်သော
ကြောင့်။ စိုးရှောင့်ထိတ်ထန့်ကြောက်ရွံ့သောအား။ ကမ္ဘာဦးသူမှောင်မိုက်
လူတို့သည်။ နှစ်ဆူသောနေ့လကိုတသဖြင့်၊ ကြည်လင်သာယာ သူရိ
ယာနေမင်းထွန်းလင်းထွက်ပေါ်။ ထောကခေါင်ယုံး။ ပေါင်းရုံတူဝင်။ အန္ဓ
မြင်၍။ ဝင်ပြန်လျှင်တဘန် သန္ဒနှင့်လျော်စွာ၊ စန္ဒာလဝန်း။ ထွန်းပြန်လာ
သည်နှင့်အရှည့်အကြာ။ မြေလွှာမြေဆီတို့ကို။ စိတ်ညီယူစား၊ တရားနှင့်မ
လျော်။ မတော်မညီ၍၊ မြေဆီမြေလွှာတို့သည်။ ပျောက်ကွယ်၍။ နောင်
မှတခါ၊ ပဒါလတာမည်သာနွယ်မွှေးသလေးဆန်သားတို့ကို။ သုံးစားကြ
သဖြင့်။ ယောကျ်ားမိန်းမဖြစ်ကြခမ္ဘတာ။ အိမ်ရာထောင်ထား။ တရားမဲ့နှိ
ကြသောကြောင့်။ ဆန်မသီးဘဲ၊ ဖွဲ့ဖုံးရော်ထာထေ၏၊ ထိုဖွဲ့ဖုံးရော်သော
စပါးကိုလည်း၊ ခိုးစား ခိုးဝှက်၊ မရှောင်မရှား၊ တရားမဟုတ်။ ရိုက်
ပုတ်ဘောင်းထု။ ပြုလုပ်သောအမှုကြောင့်။ တရုတ်ဝေး။ သွေးစည်းတိုင်ပင်
ပြီးလျှင်။ တို့တွင်စိုးရမင်းရှိမှလျှင်။ ကာလသောင်းကြမ်း။ လူသွမ်းလူဆိုးတို့
ကို။ နှိမ်ချိုးနိုင်မည့်အကြောင်းနှင့်။ အထောင်းအလျှာကို။ မဟာသမထဟူ

သောထံဆိပ်ဖြင့်၊ဘိဆိက်သွန်းမြောက်၊ ထမ်းနန်းဆောက်၍၊ မင်းမြောက်
ကြလေ၏၊ငင်ပဌမမဟာသမ္မတမင်း၏၊ သားတော်အစဉ်၊ မြေးတော်အ
ဆက်မြစ်တော်အညွန့်၊ အဆွန့်ဆက်ရှည့်၊စည်ပင်မြို့ပေါင်း၊ ခြေခံသောင်းသုံး
ထောင်။ထုပ်ခွန်ဆောင်ကြသဖြင့်၊ငင်းနောက်တခါ၊ရာဇဒါသမောဟပွါး
များလျက်၊ ရမ္မက်ရာဂဒေါသဘာန်၊ ပွါးပြန့်လေ၍ အသင်္ချေအသက်မှ၊
ဆုတ်ယုတ်လျက်လူတို့အသက်ဆယ်နှစ်ထက်ရောက်ခါ၊ သုံးဖြာဒုစရိုက်၊
ကြိုက်ပြန်သောအား၊ နာများနှိပ်စက်ခြင်း တည်းဟူသော၊ ရောဂန္တရ
ကပ်၊ထိုးခုတ်ရိုက်နှက်ခြင်းတည်းဟူသော၊ သတ္ထန္တရကပ်၊ မွတ်ငတ်သ
ပျောက်ခြင်းတည်းဟူသောဒုဗ္ဘိက္ခန္တရကပ်၊ ဤသုံးရပ်သောကပ်သည်၊
ရောက်သပ်ပြီးခါ၊သည်းထံစွာရွာသောမိုးရေဖြင့်၊ မျှော်လွှင့်၍၊ စည်သင့်
ကြိုင်စွာ၊ပန်းနံ့သာ ရထနာမိုးဖြိုးစွာရွာလျှင်၊ ရှောင်ခွါတောမြေပုန်း
အောင်းနေသော မိတ်ဆွေနှယ်ဟောင်း။ ကျန်လူပေါင်းတို့သည်၊ တော
အောင်းနေရာမှ၊ထွက်ခဲ့ကြ၍၊သီလသမာဓိ၊ ဂတိသစ္စာတည်လျက်၊ အ
သက်အသင်္ချေတက်သောကပ်တွင်၊ စည်ပင်တိုင်းကား၊ပွားတက်ရှည်ဘိ။
မင်းမရှိက၊ထိုပြီးမယုတ်၊အာယုဆုတ်တွင်မှ၊ဒုတိယမဟာသမ္မတသိုက်
ကြ၏၊ထိုကသုံးကြိမ်မြော်၊ သုံးယော်သောမဟာသမ္မတမင်းလက်ထက်
လည်းမပျက်တိုင်းကား၊ ရှေးလားနှင်နှင်၊စည်ပင်မြို့ပေါင်း၊ ခြောက်သောင်း
သုံးထောင်တုပ်ခွန်ဆောင်သည်၊ နောင်မယုတ်ရှေးအတူ၊ သုဘ်ဂ္ဂအသက်၊
တက်ပြန်ယုတ်ပြန်၊လေးတန်သောမဟာသမ္မတ ပဥ္စမဟာရာဇာ ခြောက်
ဖြာမင်းထူး၊ ကွန့်မြူးစိုးအောင်း၊ မြို့ပေါင်းရှစ်သောင်းလေးထောင် ပွားပြန်
လျှင်ခြောက်ဆူသောမဟာသမ္မတနောက်။ ခုနစ်မြောက်မဟာသမ္မတ၊ ငင်း
နောက်မှ၊ အဋ္ဌမမဟာသမ္မတနောက် ဆက်ကပ်တွင်၊ ကောဏ္ဍသန့်ဘုရား
ရှင်၊ကုက္ကိုပင်ပလ္လင်ဗောဓိ၌ပွင့်တော်မူမှ၊ နဝမသမ္မတနောက်၊ ဆုတ်ကပ်
တွင်၊မြတ်ရှင်ကောဏာဂုံ၊ သုံးဘုံလူပန်း၊ ရေသဖန်းဗောဓိဘွင်၊လေးအင်
သစ္စာ၊ သိပြီးခါနောက်၊ ဆယ်မြောက်ဒသမ၊ သမ္မတနောက်ဆုတ်ကပ်တွင်။
ရှင်ပင်ဖိနှ၊ ကဿပဘုရားရှင်၊ ပလ္လင်ပညောင်၊ ထွန်းပြောင်သစ္စာ။ သိပြီးခါ
နောင်၊ ဆယ့်တစ်မြောက်သမ္မတ၊ ဂေါတမမြတ်ရှင်၊ ဗုဒ္ဓဂိုရ်ဘုရားလောင်း
တော်သည်၊ ရွှင်ပျော်နန်းလယ်၊ စမွယ်စိုးချုပ် ထိမ်းခုဝ်သောအခါ၊ ဆယ်
ဖြာသောရာဇဓမ္မ၊ အဝရိဟာနိယ၊ ပြည့်မစည်ပင်။ ခုနစ်အင်သင်္ဂဟ၊ သင်္ဂဟ
ဝထေးပါ၊ မယွင်းမှားရအောင်၊ ကျင့်ဆောင်သိမ်းမြန်း၊ ရွှေနန်းရွှေသမ်း၊ မငြိမ်း

ပွေ့လျှော်။ရာမသုဘာ။သုရာမတည်းဟူသော နန်းပြာသာဒ်သုံးဆောင်တွင်၊ ဖွဲ့အဆင်းနှင့်တူသောယသော်ဓရာအပေါင်း လေးသောင်း ခြံရံလျက်။ စံမွှယ်တော်မူပြီးလျှင်။ရွှယ်တော်သက္ကရာဇ်၏(၂၉)နှစ်တိုင်ရောက်သောအခါ။ဥယျာဉ်တော်မင်္ဂလာသို့ထွက်တော်မူရာ၊ သူအို၊သူနာ၊သူသေ၊ရဟန်း၊ လေးခန်းသော နိမိတ်ကိုမြင်တော်မူက။ တောဘုမ္မကသည်ဂါရနယ်အတွင်း အကျဉ်းဖွဲ့နှောင်၊ ထောင်အိမ်ဇတ္တု၊ ဖွတ်တော်မူသဖြင့်။ ရေပူရေချမ်း ကမ်းလှန်းဆက်သ၊ နောက်တော်ပါဆန္နနှင့်၊ ကဏ္ဍကမြွားဘက်မြင်းကို။ စီးနင်း တော်မူပြီးလျှင်၊ တောထွက်တော်မူရာ။ အနောမာ သောင်စပ်တွင်၊ဆံတော်ကိုဖြတ်ပြီးလျှင်။ဒုက္ကရစရိယာ၊ ခြောက်နှစ်ကြာကျင့်တော်မူလျက်။ သက်တော်(၃၅)နှစ်သို့တိုင်ရောက်သောအခါ၊ ရာဇဗြိုဟ်နယ်အဝင်။ဗောဓိပင်နှင့်ရွှေပလ္လင်ကိုအောင်မြင်တော်မူပြီးလျှင်။လေးအင်သစ္စာကို ဆရာမရှိကိုယ်တိုင်သိသော။ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ဂုဏ်တော်ကိုးတန် ဉာဏ်တော်အနန္တ၊ အတုလာဇ်စစ်ဖြစ်တော်မူသောမြတ်စွာဘုရားသခင်သည်။ (၄၅)ဝါကာလပတ်လုံး။ ဝေနေယျသတ္တဝါတို့အား။ တရားရေးတိုက်ကျွေးတော်မူပြီး၍။ ကုသိနာရုံပြည်။ မလ္လာမင်းတို့၏၊ အင်ကြင်းဥယျာဉ်တော်နိုက်၊ ပရိနိဗ္ဗာန်စံယူတော်မူသည့်နောက်။မှ လမြောက်သောအခါ၊ အဇာတသတ်မင်းသည်၊အရှင်မဟာကဿပမထေရ်မြတ်ကိုအကြီးအမှူးပြု၍။ ရဟန္တာ(၅၀၀)နှင့်ပဌမသင်္ဂါယနာတင်ပြီးလျှင်။သာသနာတော်ကိုသုတ်သင်ရှင်လင်း၍သာသနာတော်ကိုပြုတော်မူသည်၊ထိုနောက်(၁၀၀)နှင်မြောက်သောအခါ၊ဝေသာလီပြည်ကြီးကိုအစိုးရသော။ ကာလာသောကမင်းသည်။ ရှင်မဟာယသကိုအကြီးအမှူးပြု၍ ရဟန္တာ(၇၀၀)နှင့်ဒုတိယသင်္ဂါယနာတင်ပြီးလျှင်၊ သာသနာတော်ကိုပြုကုန်၏။ကာလာသောကမင်းနောက်၊ သာသနာတော်ထွေ့ထွေ့။ ဖွေးမှိန်တိမ်မြုပ်ဆုတ်ယုတ်ခြင်းသို့ရောက်သဖြင့်။ တဆယ်ခြောက်ဆက်မြောက်သောမင်းတို့သည်။ သာသနာတော်ထမ်း။ ရဟန်းများကို။မကိုးကွယ်မူ၍၊ တိတ္ထိဆရာကြီးများကိုသာကိုးကွယ်ဆည်းကပ်ခြင်းကိုပြုကြကုန်၏၊ ထိုအခါ သာသနာတော်ကို။ လွန်စွာပြုသတ္တန်းသော ဓမ္မာသောကမင်းကြီးသည်၊ ရင်းတဆယ့်ခြောက်ဆက်မြောက်ဖြစ်သော ဗိန္ဒုသာရမင်းကြီး၏။ မိဖုရားခေါင်ကြီးဝမ်းတွင် ပဋိသန္ဓေနေလေ၏။

ထိုသို့ပဋိသန္ဓေနေသောအခါ။ ဝမ်းနှိုက်ကိန်းသောသားတော်သည်၊ တရားတပါးသောမင်းတို့ကို၊ နှိမ်နင်း၍၊ ဇမ္ဗူဒိပါတကျွန်းလုံးကို၊ သိမ်းယူ၍ အစိုးရ၍ အုပ်ချုပ်။ သာသနာတော်ကိုလွှမ်းစွာပြုမည်ဖြစ်သောကြောင့်၊ မယ်တော်သည်၊ သိရိမဟာသောကမင်းကိုပဋိသန္ဓေနေလျှင်။ နေနှင့်လကိုနှိုးထားလျှက်၍ စီးပြီးလျှက်။ တိမ်ညွန့်ကိုစားလိုသည်။ မြေကြီးတည်းနှိုက်ရှိသောတီကို စားလိုသည်ဟုချင်ခြင်းဖြစ်လေ၏၊ ထိုအကြောင်းကို၊ ဗိန္ဒုသာရမင်းကြီး အားလျှောက်ထားလေ၏။ ဗိန္ဒုသာရမင်းကြီးကလည်း၊ ဘိုင်းပြည်တွင်ရှိ သောပုဏ္ဏားပြိုပုဏ္ဏားညီတို့နှင့်တကွ၊ ကိုးကွယ်ဆည်းကပ်သောဆရာကြီး ကို မိဖုရားချင်ခြင်းဖြစ်သည့်အတိုင်း ပြန်ကြား၍၊ အကြောင်းကိုမေးမြန်း လေ၏။ ထိုအခါဆရာကြီးက။ ဤကဲ့သို့မိဖုရားချင်ခြင်းဖြစ်သည်မှာအခြား မဟုတ်၊ မိဖုရား၏ဝမ်းနှိုက်ပဋိသန္ဓေနေသောသူငယ်သည်၊ ဖွားမြင်ပြီး နောက်အရွယ်ရောက်သောအခါ။ တရားတပါးသောမင်းတို့ကို၊ ဖမ်းယူနှိပ် ကွပ်လျှက်။ ဇမ္ဗူဒိပါတကျွန်းလုံးကို၊ ဘုန်းလက်ရုံးအာဏာနှင့်ပြည့်စုံ၍၊ အထက်ကိုထီးယူဇနာ၊ အောက်ကိုတယူဇနာအစိုးရသော၊ စကြာဝတေးမင်း ဖြစ်လိမ့်မည်။ နေနှင့်လကို၊ လှည့်ရထားလုပ်၍စီးငြားလျှင်၊ တိမ်ညွန့်ကိုစား လိုသောချင်ခြင်းဖြစ်သည်မှာ။ အထက်ကိုတယူဇနာ။ အစိုးရခြင်း၏အ ကြောင်းဖြစ်သည်။ မြေအည်း၌ရှိသောတီကိုစားလိုသည်ဟု၊ ချင်ခြင်းဖြစ်သည် မှာ၊ အောက်ကိုတယူဇနာအစိုးရခြင်း၏ အကြောင်းဖြစ်သည်ဟု၊ နိမိတ် ကိုဘတ်လေ၏၊ ထိုအခါဗိန္ဒုသာရမင်းကြီးက။ ဤသို့မေးပြန်၏။ ယခုမိဖု ရားနှိုက်ဖြစ်သောချင်ခြင်းကို။ ပြေပျောက်စိမ့်သောငှာ၊ အဘယ်သို့လုပ် ရပါမည်နည်းဟုမေးပြန်သော်။ ကောင်းကင်ကတိမ်ညွန့်ကိုစားလိုသော အာသာဆန္ဒပျောက်စေခြင်းငှာတိမ်ညွန့်အိမ်တိုက်နှင့်တူသော၊ ရန့်များကို လုပ်၍ပေးရမည်ဆိုသောကြောင့်။ တိမ်ညွန့်တိမ်တိုက်နှင့်တူသော၊ ရန့်ထေ ဖွေကိုလုပ်၍ပေးရသည်၊ ခာဇဝင်တစောင်၌လည်း။ သစ်ပင်ပျားကအ ဖူးအညွန့်များကို လက်သုပ်လုပ်၍ ပေးရမည်ဟုဆိုသည်၊ ထိုကြောင့် ရန့်ထေဖွေသည်၊ မဟာသောကမင်းကြီးလက်ထက်က၊ စ၍ဖြစ်သည်ဟု ဆိုကြသည်။ မြေထည်း၌ရှိသောတီကိုစားလိုသောအာသာဆန္ဒပျောက်စေ ခြင်းငှါ။ အဘယ်သို့ပြုရပါမည်နည်းဟု။ မေးပြန်သည်ရှိသော် တီနှင့်တူ အောင် မုန့်ကိုလုပ်၍ပေးရမည်ဟုဆိုသောကြောင့်၊ မုန့်တီကိုလုပ်၍ပေးရ သည်၊ ထို့ကြောင့်။ မုန့်တီသည်၊ မဟာသောကမင်းကြီးလက်ထက်ကစ၍

ဖြစ်သည်ဟုဆိုကြသည်။ ထိုနောက်မိဖုရားသည်။ သန္ဓေတော်ရင့်၍ဖွါး
ထင်သောအခါ။ အသရေရှိသောတိုက်ခန်း၌ဖွါးတော်မူသောကြောင့်။သား
တော်ကို။သိရိဓမ္မာသောကမင်းဟူ၍။ အမည်ကိုးပေးကြကုန်၏၊ ၎င်းသိရိ
ဓမ္မာသောကမင်းကြီးသည့်အရွယ်မြောက်သောအခါခမည်းတော်က။အိမ်
ရှေ့အရာနှင့်ထားလေပြီးသည့်နောက်။ ခမည်းတော်သည်။ မကြာမြင့်မီကံ
တော်ကုန်လေ၏။ထိုအခါသိရိဓမ္မာသောကမင်းသည်။ကိုးကျိပ်ကိုးယော
သော။ နောင်တော်ဘို့ကိုဖမ်းယူ၍၊ နှိပ်ကွပ်သုတ်သင်ခြင်း။ တရခွတပါး
သောမင်းတို့လိုဖမ်းယူ၍ အကျဉ်းထားပြီးလျှင်၊ ဇမ္ဗူဒိပါတကျွန်းလုံးကို
သိမ်းယူ၍၊ကေရာဇ်မင်းလုပ်လေ၏၊ ထိုအခါအထက်ကိုတယူဇနာအစိုး
ရ၍၊ ကောင်းကင်၌ ပျံသောငှက်တို့သည်၊ အခွန်အတုပ်ဆက်ရလေ၏။
အောက်ကိုတယူဇနာအစိုးရသောကြောင့် မြေရေအတွင်း၌ရှိသောသတ္တ
ဝါတို့သည်။အခွန်အတုပ်ဆက်ကြရ၏။ အစ်ကိုကိုးကျိပ်ကိုးယောက်တို့
ကို။ ကွပ်မြစ်သောအခါ၊ အစ်ကိုအကြီးသုံး၏မယားသည်သားငယ်နှင့်
ထွက်ပြေးရသော၏။ထိုအခါ။ဤသို့ကြံပြန်လေ၏။ ငါ၏သားငယ်သည်။မင်း
မျိုးမှန်းသိလျှင် တဘန်လိုက်၍သတ်မည်ကို ကြောက်သောကြောင့်၊ သု
ဘာရေစာအိမ်မှာအပ်၍ထားရလေ၏။ထိုသားငယ်ငါးနှစ်။ ဆယ့်ခြောက်နှစ်
အရွယ်သို့ရောက်သောအခါ။ပညာသင်ချိန်ဖြစ်၍။ အဘယ်အရပ်မှာ ပညာ
ကိုသင်ရသော်တော်မည်နည်းဟု။အမိကကြံပြန်ရာတွင် ထိုအခါ၊မြတ်
စွာဘုရား သာသနာတော်ထမ်း ရဟန်းတော်တို့သည်။ တော်ခြေထောင်
ခေါင်း။ခိုအောင်းပုန်းလျှိုးလျက်နေကြရ၏။ ထိုအကြောင်းကိုသိ၍။ သုဘ
ရာစာအိမ်၌အပ်ထားဟောသားငယ်ကိုဆောင်ယူ၍။သာသနာတော်ထမ်း
ရဟန်းများထံ။ ပညာလည်းရ၊အသက်မှလည်းချမ်းသာစေရန်အကြောင်း
နှင့်အပ်၍ထားလေ၏။ ထိုအခါသာသနာတော်ထမ်းရဟန်းများကလည်း။
သာမဏေပြုစေ၍။ နိဂြောဓသာမဏေဟူသော ဘွဲ့အမည်များကို ပေးပြီး
လျှင်။ပိဋကတ်စာပေများကို၊ ကောင်းမွန်စွာသင်ကြား၍နေစေ၏။ ထိုအခါ
ဓမ္မာသောကမင်းကြီးသည်သည်း၊ ဘိုးတော်ဘေးတော်တို့ အစဉ်မပြတ်
ကိုးကွယ်သော။တိတ္ထိဆရာကြီးခြောက်သောင်းတို့ကို။ကိုးကွယ်ဆည်းကပ်
လျက်နေ့စဉ်မပြတ်ကျွေးမွေးလှူဒါန်းခြင်းဟုဆိုအပ်သော။ ဝတ်နိဗဒ်ကို၊
မပြတ်အောင်ပြုရာတွင်၊ တိတ္ထိဆရာကြီးတို့သည်။ မိမိတို့၏ကိုယ်တွင်း
သဏ္ဍာန်၌။ ကျင့်ဝတ်တရားမရှိသောကြောင့်၊ စားရသောက်ရာ၌။တ

ယောက်နှင့်ကား သာကီ။သူငယ်များကဲ့သို့၊တွန့်ထိုးကာစား။မြူတူးပျော်ပါး
လျက်၊ စားသောက်ကြသည်ကို။ သိရိမ္ဗွေသာကမင်းကြီး မြင်တော်မူ
လျှင်၊စိတ်နှစ်လုံးတွင်။ဤသို့အကြံ ဖြစ်လေ၏၊ ပြောင်ငါကို ကွယ်ဆည်း
ကပ်သောဆရာကြီးများသည်။ကိုယ်တွင်းသဏ္ဍာန်၌၊ကျင့်ဝတ် တရားမရှိ၊
သူငယ်များကဲ့သို့။ မြူးတူးပျော်ပါးလျက်၊ စားသောက်ကြသည်၊ မိစ္ဆ
အလိုက်၊ကိုးကွယ်သောကျင့်ဝတ်ဖြင့်၍သာကိုးကွယ်သည်၊ထိုပုဂ္ဂိုလ်
များ၏သဏ္ဍာန်၌၊ ကိုးကွယ်အပ် ကိုးကွယ်ထိုက်သော၊တရားထူးတရား
မြတ်သည်။ကောင်းစင်စစ်မရှိဟု။ပညာညာဏ်ဖြင့်ဆင်ခြင်ပြီးလျှင်၊ပညာဗ
ဟုသုတ၊ ကျင့်ဝတ်တရားနှင့်ပြည့်စုံသော၊ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့ကို
ဘယ်အခါတွေ့ရပါအံ့နည်းဟု၊ အောင်းမေ့ဆင်ခြင်လျက်။ နန်းတော်၏
လေသာပြူတင်းကို ဖွင့်လှစ်၍။ တောင်မြောက် လေးပါး အနုပ်များကို
ကြည့်သောအခါ။နိဂြောဓသာမဏေသည်။ဥပဇ္ဈာယ်ဆရာတို့ကို။ တော်နှ
ဗဝ်ပြု၍နေသောအခါ၊ ဒါယကာတယောက်က၊ ပင့်ဘိတ်သောကြောင့်။
ဆရာသမားများကိုပန်ကြား၍ သပ္ပိုရ်စွာနွဲ့ဆိက္ခာပုဒ်နှင့်ထကွ၊ ကြွချေအ
အစရှိသော၊ဓာတ်ငါးပါးတို့ကို။ စောင့်ရှောက်လျက်။ မြို့တွင်းသို့ဝင်လေ
၏၊ထိုအခါ၊သိရိမ္ဗွေသောကမင်းကြီးသည်၊ နန်းတော်၏လေသောက်ပြူ
တင်းကို။ဖွင့်လှစ်၍ကြည့်သောအခါနှင့်။ တိုက်ဆိုင်မိကြသဖြင့်။ နိဂြောဓ
သာမဏေ၏ ဣန္ဒြိယပဋိရူပ်ကို မြင်လေလျှင်၊ ကြည်ညိုနှစ်သက်သော
စိတ်သည်၊ အသားအရိုးတို့ကို။ ထွင်းဖောက်၍ချဉ်ဆီ၌ တုံ၍ပြဋ်လေ၏။
ထိုအခါမင်းစေလုလင်တယောက်ကိုခေါ်၍အပင့်ခိုင်းလေ၏၊နိဂြောဓသာ
မဏေသည်။သေခိယသိက္ခာပုဒ်နှင့်အညီအညွတ်။မင်းကြီး၏နန်းတော်သို့
တက်လေ၏၊ထိုအခါမင်းကြီးသည်။ ဤသို့အကြံ ဖြစ်ပြန်၏၊ ထိုပုဂ္ဂိုလ်၏
ကိုယ်တွင်းသဏ္ဍာန်၌။ ကျင့်ဝတ်တရားရှိပါမူကား။ ငါ၏ရာဇပလ္လင်တွင်
တက်၍နေနိုင်လိမ့်မည်။ ကျင့်ဝတ်တရားမရှိပါမူကား။ နေထိုင်ခြင်းငှါမ
စွမ်းနိုင်ရာဟုအောင်းမေ့ကြံစီပြီးလျှင်၊သင့်တင့်လျောက်ပတ်သောနေရာ
မှာကြည့်၍။ အတင်းသုံးတော်မူပါဟုလျှောက်လေ၏။ ထိုအခါ နိဂြောဓ
သာမဏေသည်၊ဤသို့အောင်းမေ့ဆင်ခြင်လေ၏။ ဤအရပ်၌ဒေသ၌ငါ
နှင့်သိက္ခာသိက္ခာတူသောသူ ငါ့ထက် သိက္ခာသိက္ခာကြီးသောသူ။ ငါ့ရှိသေ
ထိုက်သောသူရှိသလောဟု။ကြည့်ရှုဆင်ခြင်သည်ရှိသော်။ တစုံတယောက်
သောသူမျှ၊မမြင်သောကြောင့်၊ရာဇပလ္လင်ထက်သို့တက်၍၊ သုံးဆင်းသုံး

လေ၏။ ထိုအကြောင်းကိုဓမ္မာသောကမင်းကြီးမြင်လေလျှင်၊ ပြည်အံ့ဘွယ်ရှိပေစွ၊ ငါကိုးကွယ်သောဆရာကြီးခြောက်သောင်းတို့သည်၊ ငါ၏ရာဇပလ္လင်၌။ တက်၍ထိုင်ဝန့်မည်ကိုမဆိုနိုင်ပြီ။ လက်တင်ရုံမျှ၊ မတင်ဝန့်ဖြစ်ကြသည်။ ဤပုဂ္ဂိုလ်သည်။ ကိုယ်တွင်းသဏ္ဌာန်၌။ သီလသမာဓိတည်းဟူသော။ တံခိုးရှိခြင်းကြောင့်သာ။ သီတင်းသုံးနေထိုင်ဝန့်သည်ဟု၊ မဟာသမုဒ္ဒရာလှိုင်းတမိုးထသကဲ့သို့။ လွန်စွာသောကြည်ညိုခြင်းကပီတိဖြစ်၍ကြည်ညိုလေ၏။ ဤအရာ၌။ ပါရာဇိကကဏ်အဋ္ဌကထာ။ မဟာရာဇဝင်ကြီးတို့၌။ အကျယ်ဆိုသည်။ ယခုဂန္ဓာလစက္ကဒေါတိဋ္ဌကျမ်းမှာ။ အကျဉ်းအဖြွက်မျှပြလိုက်သည်။ ထိုအခါ။ နိဂြောဓသာမဏေသည်၊ မင်းကြီးအားအပ္ပမာဒတရားများကို။ ဟောကြားပြသလေ၏။ မင်းကြီးလည်း။ အလွန်တရာကြည်ညိုသောစိတ်ရှိသည်ဖြစ်၍၊ အရှင်ဘုရား။ အရှင်ဘုရားထက်တတ်သောပုဂ္ဂိုလ်။ သီလသမာဓိရှိသောပုဂ္ဂိုလ်သည်၊ ရှိပါသေး၏လောဟု လျှောက်ထားလေ၏။ ထိုအခါ။ နိဂြောဓသာမဏေက။ ဤသို့ဆို၏။ ဒကာတော်မင်းကြီး။ ငါ၌ရှိသောသီလသမာဓိ။ ငါ၌ထက်သောပညာဟူသတို့သည်။ မချီးမွမ်းလောက်သေး။ ငါ၏ဆရာများ တတ်သောပညာ။ ငါ၏ဆရာများသန္တာန်တွင်ရှိသော သီလဂုဏ်သမာဓိဂုဏ်တို့သာလျှင်။ ချီးမွမ်းအံ့သြခြင်းငှါ ထိုက်သည်ဟု။ မင်းကြီးအား ဟောကြားလေ၏။ မင်းကြီးကလည်း၊ အရှင်ဘုရား၊ အရှင်ဘုရား၏ ဆရာများသည်။ အဘယ်အရပ်တွင်သတင်းသုံး၍ အဘယ်မျှလောက်ရှိပါသနည်းဟု။ လျှောက်ထားပြန်လေ၏။ ထိုအခါ။ နိဂြောဓသာမဏေက ဒကာတော်မင်းကြီး။ ကိလေသာအာသဝေါ ကင်းစင်ပြီးဖြစ်သော။ တထောင် ကျော်ခန့်မျှရှိသော။ ငါ၏ဆရာများသည်၊ တောအရပ်၌၊ သတင်းသုံးနေထိုင်ကြသည်ဟု။ ပြောလေ၏၊ သီရိဓမ္မာသောကမင်းကြီးလည်း အရှင်ဘုရားအရှင်ဘုရား၏ဆရာများသည်။ တောအရပ်၌သတင်းမသုံးပါစေနှင့်။ အကုန်ပင့်၍။ နန်းတော်သို့ကြွခဲ့ပါဟု။ လျှောက်ထားလေ၏။ နိဂြောဓသာမဏေသည်လည်း။ နန်းတော်မှဆင်းသက်၍ဥပဇ္ဈာယ်ဆရာ ရှိရာသို့ကြွသွားလေ၏၊ ဥပဇ္ဈာယ်ဆရာရှိရာအရပ်သို့ရောက်လေလျှင်အကျိုးအကြောင်းကိုကုန်စင်အောင်လျှောက်ထား၍။ တထောင်ကျော်မျှရှိသောရဟန္တာအရှင်မြတ်တို့ကို။ နန်းတော်သို့ပင့်ဆောင်လေ၏။ နန်းတော်သို့ရောက်သောအခါ တထောင်ကျော်ခန့် ရှိသောရဟန္တာအရှင်မြတ်တို့ကို။ ဆွမ်းလုပ်ကျွေးခြင်း။ ပစ္စည်းလေးပါးတို့

ဖြင့်ဖွင့်ဒါန်းပြီးလျှင်၊ဟောတော်မူသောထေရ်တော်မြတ်ကိုနေ့ချစ်ရဓာ
ပိတ်၊ ဆီမီးထိသေဖွယ်ကဲ့သို့ ရှင်လမ်းသောစိတ်စေထနာတို့သည်၊ များ
စွာဖြစ်၍၊ သာသနာတော်သက္ကရာဇ်( ၂၁၈ )ခုနှစ်သို့ရောက်သောအခါ၊
အာသောကာရာမကျောင်းကြီးကိုဆောက်လုပ်၍၊ တထောင်ကျော်ခန့်ရှိ
သောရဟန္တာအရှင်မြတ်တို့ကို၊ သထင်းသုံးစေ၍၊ မောဂ္ဂလိပုတ္တတိဿမ
ထေရ်မြတ်ကို၊ ဆကြီးအမှူးတင်မြှောက်ပြီးလျှင်၊ မိဘတိုးဘွားတို့အစဉ်မ
ပြတ်များရှင်းကိုးကွယ်ခဲ့သော၊ ခြောက်သောင်းသောမိစ္ဆာဝါဒီ၊ တရား
နှင့်မညီသော ဆရာကြီးတို့ကို၊ နှိမ်နင်းနိုင်ကွပ်၍၊ တတိယသင်္ဂါယနာတင်
ပြီးလျှင်၊သာသနာတော်ကို၊လွန်စွာပြုခြင်း၊ ရေတွင်း( ၈၄၀၀၀ )ရေကန်
(၈၄၀၀၀)စေတီ( ၈၄၀၀၀ )ဇမ္ဗူဒိပါကျွန်းဦးတွင်၊ တပြိုင်နက်တချက်
တည်းစနစ်ပေး၍၊တည်ထောင်ပြုရခြင်း၊ အာသဒိသမဟာဒါနအလှူကြီးကို
ပေးခြင်း၊ သားတော်မဟိန္ဒ၊ သမီးတော်သင်္ဃမိတ္တာတို့ကိုသာသနာတော်
တွင်းသို့သွတ်သွင်း၍ရဟန်းပြုစေခြင်း၊ လေးသိန်းရှိသောရဟန်းတော်
တို့သုံးပေးသုံးဆောင်စေရန်၊ မြို့လေးမျက်နှာအရပ်ကထောပတ်ကန်၊ပျား
ရည်ကန်တို့ကို ပြုလုပ်စီမံ၍ ဖွင့်ဒါန်းခြင်း၊ သာသနာတော်သက္ကရာဇ်
၂၃၄ ခုနှစ်သို့ရောက်သောအခါ၊ ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်
မြတ်နှင့်၊ တိုင်ပင်နှီးနှော၍၊ မြတ်စွာဘုရားသခင်၏ သာသနာတော်မ
ရောက်သေးသောအရပ်ဒေသတို့ကို၊ ထောက်ဖွင့်ရုံစမ်း၍၊ ဥပသမ္ပဒ
ကံကို ရွက်ဆောင်နိုင်လောက်အောင် နှောက်လိုက် နှောက်ပါ၊ သင်္ဃာ
တော်ငါးပါးနှင့် သီဟိုဠ်ကျွန်း သုဝဏ္ဏဘုမ္မိတိုင်း သထုံပြည် အစရှိ
သောကိုးတိုင်းကိုးဌာနအရပ်သို့ သာသနာပြုစေလွှတ်ခြင်းအစရှိသောအ
မှုကိစ္စများကိုကောင်းမွန်စွာစီမံ၍လွှတ်လေ၏။ ရှင်မဟိန္ဒကိုသီဟိုဠ်ကျွန်း
သို့လွှတ်လေ၏၊ရှင်မဟိန္ဒသည်သီဟိုဠ်သို့ ကြွပြီးလျှင်၊ဒေဝါနံပိယတိဿ
မင်းကြီးကိုတရားရေစက်ကျွေး၍သာသနာတော်ကိုပြုကုန်၏။ ဥတ္တရမ
ထေရ်သောဏမထေရ်နှစ်ပါးတို့သည်၊သုဝဏ္ဏဘုမ္မိကိုင်းသထုံပြည်ကြီး
သို့သာသနာပြုအံ့သောအကြောင်းနှင့်၊သထုံပြည်ကိုအစိုးရသောမနူဟာ
မင်း၊အားရာဇဝင်ထစောင်မှာမနူဟာမင်းကို (သိရိမာလာမင်း)ဟုဆိုသည်၊
တရားဓမ္မဟောပြောပြသလေ၏။ ထိုအခါမနူဟာရာဇာမင်းကြီးက ဤသို့
မေးလေ၏၊သာသနာတော်ကိုပြုပါလျှင်အဘယ်အကျိုးရှိပါသနည်းဟုမေး
လေ၏၊ထိုသို့မေးသောအခါ၊ တကာတော်မင်းကြီးသာသနာတော်ကိုပြုပါ

လျှင်အသက်ရှည်ခြင်း။အနာရောဂါကင်းခြင်း၊ဘုန်းတံခိုးအာဏာကြီးခြင်းလူချမ်းသာ။နတ်ချမ်းသာ၊နိဗ္ဗာန်ချမ်းသာဟုဆိုအပ်သောချမ်းသာသုံးပါးတို့ကိုခံစားစံစားရကုန်၏ဟုဟောပြောကုန်၏။မန္တပါမင်းကြီးကဤသို့ထင်မံ၍လျှောက်ပြန်၏၊သာသနာတော်ကိုပြုလိုပါ၏၊ ပြုလိုသော်လည်း၊တပည့်တော်မှာမချမ်းသာခြင်းအကြောင်းတခုရှိပါသည်ဟုလျှောက်လေ၏။ ဥတ္တရမထေရ် သောဏမထေရ်နှစ်ပါးတို့ကလည်း။ တကာတော်မင်းကြီး အဘယ်ကဲ့သို့သောအကြောင်းကြောင့်၊မချမ်းမသာရှိပါသနည်းဟုမေးမြန်းလေ၏၊အရှင်ဘုရားတို့။တပည့်တော်၏မိဖုရားမှာသားဖွားလျှင်၊ဖွားတိုင်းဖွားတိုင်း၊ရေစောင့်ဘီလူးမသည်သားငယ်ကိုယူ၍စားပါသည်။ဤကဲ့သို့ဘေးရန်များကို နှိပ်နင်းနိုင်ပါလျှင်။ သာသနာတော်ကို ပြုလိုပါသည်ဟုလျှောက်ထားလေ၏။ ထိုအခါဥတ္တရမထေရ် သောဏမထေရ်တို့က။ တကာတော်မင်းကြီး မစိုးရိမ်မကြောင့်ကြနှင့်၊ ငါတို့နှစ်ပါး၏တာဝန်ရှိစေတော့ဟုအာမခံပြီးလျှင်။ ဥတ္တရမထေရ်သည် ကြီးစွာသောဘီလူးအသွင်ဖြင့်ဘန်ဆင်းပြီးလျှင် ကောင်းကင်အရပ်ကနေ၍လာလတ္တံ့သောဘေးကိုကြည့်ရှုလျက်နေ၏။ သောဏမထေရ်သည် မနုဿဓိဟ အသွင်ဖြင့် ဘန်ဆင်း၍မြေပြင်မှ လာလတ္တံ့သောဘေးကိုကြည့်လျက်နေ၏။ ထိုအခါသရဒ္ဒရာဇ်၏အတွင်းမှရေစောင့်ဘီလူးမသည်။ မိဖုရားမှဖွားမြင်သော သားငယ်ကိုစားအံ့သော၄ါ၊အရံ(၅၀၀)နှင့်ရေမှတက်၍လာ၏၊ထိုအခါဥတ္တရမထေရ်သည်။ ရေစောင့်ဘီလူးမတက်လာသည်ကိုမြင်၍ ရေစောင့်ဘီလူးမ၏လည်ဘင်းကိုကိုင်ပြီးလျှင်၊နင်သည်သေပေတော့ဟုဆို၍ရဲတင်းနှင့်ဥက္ကောင်းကိုနှက်မည်ပြုဆို၍ချိမ်းချောက်လေ၏၊ရေစောင့်ဘီလူးမသည်ချမ်းသာပေးပါ နောင်ဤကဲ့သို့မပြုဝန့်ပါပြီဟုတောင်းပန်လေ၏။ ထိုအခါဥတ္တရမထေရ်သောဏမထေရ်တို့ကရေစောင့်ဘီလူးမ၊ သင်သည်ဤအရပ်ဤဒေသမှခွာရှောင်သွေဖယ်၍ဝေးသောအရပ်ဒေသသို့သွားလေတော့။ဤအရပ်ဤဒေသတွင်။ငါတို့သာသနာပြုမည်ဟုပြောဆိုပြီးလျှင်။ ရေစောင့်ဘီလူးမကိုချိမ်းချောက်၍လွှယ်လိုက်လေ၏။ ထိုအခါသထုံပြည်မန္တပါမင်း၏မိဖုရားသည်။ဘေးအန္တရာယ်မှကင်း၍သားတော်ကိုဖွားလေ၏။ မန္တပါမင်း၏စိတ်အကြံသည်ဤသို့ဖြစ်၄လေ၏၊ သောဏမည်သောသားတော်သည်။ဘေးအန္တရာယ်မရှိဘဲချမ်းသာစွာဖွားမြင်ရခြင်းသည်၊ဤအရှင်နှစ်ပါး၏အကျိုးအာနိသင်ဖြစ်ပေသည်ဟု အောင်းမေ့ဆင်ခြင်၍ သာသနာ

တော်ကိုပြုသဖြင့်၊ ထိုအခါသထုံပြည်ကြီးတွင် သာသနာတော် သည် စည်ပင်ပွင့်လင်းခြင်းသို့ ရောက်လေ၏၊ ထိုနောက် အရိမဒ္ဒနပေါက္ကံပြည်ကြီးတွင်။ မင်းပေါင်း(၄၃) ဆက်မြောက်သို့ရောက်၍။ မြန်မာလူမျိုးတို့မှတ်အပ်သော ကောဇာသက္ကရာဇ်(၃၈၉)ခု မြတ်စွာဘုရား၏ သာသနာတော်သက္ကရာဇ် (၁၅၇၁)ခု၊ နှစ်ရောက်သောအခါ၊ တန်ခိုးအာဏာနှင့် ပြည့်စုံသော၊ သိကြားနတ်တို့က မြင်းပျံ ထုံ့ ရိန္ဓမာ ဆက်သရသော အနော်ရထာမင်းစောသည်၊ တိုင်းပြည်ခရိုင်နိုင်ငံကို အုပ်ချုပ်၍မင်းလုပ်တော်မူ၏၊ ထိုအခါရှင်အရဟံ အမည်တော်ရှိသော မထေရ်မြတ်သည်။ သုဝဏ္ဏဘူမိဘိုင်း သထုံပြည်မှ၊ အရိမဒ္ဒန ပေါက္ကံပြည်ကြီး သို့ကြွခဲ့၏၊ အနော်ရထာမင်းသည်လည်း၊ ကျေးကျွန် ဗိုလ်ထုနှင့်၊ တောခစား ထွက်တော်မူရာ ကန္တာရခရီးခဲ့တွင်။ ရှင်အရဟံ ကိုယ်တော်နှင့်တွေ့ကြ၍။ အမျိုးဇာတ်သဘာဝကိုသိသာခြားနားအောင်၊ မေးမြန်းစုံစမ်းလိုသောကြောင့်၊ ပမ်းယူပြီးလျှင်၊ နန်းတော်သို့ဆောင်ယူခဲ့၏၊ (ရာဇဝင်တစောင်တွင်ရဆိုးနှင့်တွေ့၍ ဆောင်ယူပြီးလျှင် မင်းကိုဆက်သည်ဟုဆိုသည်၊) နန်းတော်သို့ရောက်သောအခါ။ စကားပြန်များနှင့် အကျိုးအကြောင်းကိုမေးစစ်သော်၊ ထိုအခါရှင်အရဟံကိုယ်တော်မြတ်က။ ငါသည်အခြားမဟုတ်၊ မြတ်စွာဘုရားသခင်၏။ သာသနာတော်ထမ်းရဟန်းဖြစ်သည်ဟု ပြောဆိုသော်၊ အနော်ရထာမင်းစောက တဘန်မေးလျှောက်ပြန်၏၊ ရဟန်းဆိုသည်အဘယ်ကဲ့သို့ သဘောရှိပါသနည်းဟု၊ ထပ်မံ၍မေးမြန်းပြန်၏၊ ရဟန်းဆိုသည်မှာ။ လောဘ ဒေါသ မောဟအစရှိသော။ တထောင့်ငါးရာကိလေသာတို့ကို ကုန်စင်စေ၍၊ နိဗ္ဗာန်ကိုရအောင်ကျင့်ထတ်သောသူဖြစ်သည်ဟုပြန်ပြောလေ၏၊ ထိုသို့ပြန်ပြောသောအခါ။ အနော်ရထာမင်းစောသည်၊ ဖြည့်ဆည်းဘူးအပ်သော ဒဗ္ဗသမ္ဘာရအဆောက်အဦနှင့်ပြည့်စုံသောမင်းဖြစ်၍၊ ဥဗ္ဗေဂပီတိဖြင့်၊ ခုံပျံ၍ဘက်ဘိသကဲ့သို့။ ထက်လှသောစေတနာဖြစ်၍။ အရိမဒ္ဒနပေါက္ကံပြည်ကြီး၏ အနောက်တောင်ထောင့်ကုထလေးတာ(ပြန် ၅၀၀)အရပ်တွင်ကျောင်းဆောက်၍ ကိုးကွယ်တော်မူပြီးလျှင်၊ ဝါတွင်းသုံးလပါတ်လုံး။ ပစ္စည်းလေးပါးတို့ဖြင့်ပေးလှူ၍ခြင်းဘုရားတော်ကိုဆွေးနွေးမေးမြန်း၍ ကောင်းမွန်စွာနာယူမှတ်သားခြင်းကိုပြုလေ၏၊ ထိုသို့ကိုးကွယ်ဆည်းကပ်၍တဝါကျွတ်လျှင်၍သို့လျှောက်ထားသော်၏။ အရှင်ဘုရားတပြည့်တော်သည်၊ အရှင်ဘုရားအားအလွန်တချ

ကြည်ညိုနှစ်သက်ခြင်းဖြစ်ပါသည်၊ မည်သည့်အရာမဆိုအလိုတော်ရှိရာကိုအမိန့်ရှိပါ။လှူဒါန်းလိုပါသည်ဟုအသက်နှင့်တကွနှင်း၍လျှော်ထားလေ၏၊ထိုသို့လျှော်ထားသောအခါရှင်အရဟံမထေရ်မြတ်က ဤသို့အမိန့်ရှိလေ၏။တကာတော်အနော်ရထာမင်း။ငါသည်အခြားသော ပစ္စည်းပရိက္ခရာကိုအလိုမရှိ၊မြတ်စွာဘုရား သခင်၏သာသနာတော်ကိုစည်ပင်ပွင့်လင်းအောင်ပြုအံ့သောငှါ ပိဋကတ်သုံးပုံနှင့်ရဟန်း ခံစရာရဟန်းငါးပါးကိုအလိုရှိသည်ဟုပြောလေ၏။ဤသို့ပြောသောအခါ၊ အနော်ရထာမင်းစောကလျှော်ထားပြန်၏။အရှင်ဘုရားပိဋကတ်သုံးပုံနှင့်ရဟန်းငါးပါးတို့သည်။ အဘယ်အရပ်မှာရှိပါသနည်းဟု။ လျှောက်ထားမေးမြန်းလေ၏၊ ရှင်အရဟံမထေရ်မြတ်ကလည်း၊တကာတော်အနော်ရထာမင်း၊သထုံပြည်ကြီးမှာ။ သာသနာတော်အလွန်ထွန်းလင်းသည်ဖြစ်၍ ပိဋကတ်လည်းအပါများသည်။ ရဟန်းတော်လည်းများစွာရှိသည်ဟု ပြောကြားလေ၏၊ ထိုအခါအနော်ရထာမင်းသည်၊ ဤသို့လျှောက်ထားလေ၏။ အရှင်ဘုရားသထုံပြည်ကြီးတွင်ရှိ ရိုးမှန်ခဲ့လျှင်။ပိုးရိပ်တော်မမူပါနှင့်။ဆောင်ယူ၍ပေးပါမည့်ဟုလျှော်ထားပြီးလျှင်၊ လိမ်မာရေခြားသောအမတ်ပညာရှိတို့ကိုရာဇာသံရွှေပေနှင့်ရာဇာမိတ် မဟာမိတ်ဖွဲ့စေပြီးလျှင်။ ပိဋကတ်သုံးပုံနှင့်ရဟန်းငါးပါးကိုတောင်းယူခဲ့ရမည်ဟု။ လက်ဆောင်ဘော်များစွာစီရင်၍စေလွှတ်တော်မူ၏။ ၄င်းမတ်တို့လည်းရာဇာသံရွှေပေနှင့်၊ လက်ဆောင်ဘော်များကို ယူဆောင်၍သထုံပြည်ကြီးသို့သွားကြလေ၏၊ သထုံပြည်ကြီးသို့ရောက်သောအခါ။လက်ဆောင်တော်အများနှင့်ရာဇာသံရွှေပေကိုမနူဟာမင်းထက်ဘော်သို့ဆက်လေ၏၊ မနူဟာမင်းသည်၄င်းမတ်တို့အား ရာဇာသံရွှေပေကိုဘတ်စေ၍။ အဓိပ္ပါယ်ကို သင်ခြင်သောအခါ။ သထုံပြည်သည်။မင်းနှင့်တကွ။ ပြည်သူပြည်သားတို့၏ပျက်စီးအံ့သောအခါ၊ တိုင်ရောက်ကြိမ်ကြိုက်သည်ဖြစ်၍၊မနူဟာမင်းသည်၊ ဒေါသအမျက်ထွက်ပြီးလျှင်။ ထွီဖွမ်ဟုဆိုအပ်သောတံတွေးထွေး၍ဟဲ့အရိုင်းမျိုး၊ နင်တို့နှင့်သာသနာပြုခြင်းသည်တန်သင့်ထားရာသလောအပ်သလောဟုချိန်းမောင်းပြောဆို၍လွှတ်လိုက်၏။ ထိုအခါအမတ်ပညာရှိတို့သည်။ အနော်ရထာမင်းစောအလိုရှိအပ်သောပိဋကတ်နှင့် ရဟန်းတော်များကို မရခဲ့သောကြောင့်။ ပြေပြစ်အောင်တင်ခြင်းငှာ၊ မတတ်နိုင်သည်ဖြစ်၍၊ မနူဟာမင်းပြောဆိုသည့်အတိုင်းတင်လျှောက်ကြလေ၏။ ဤသို့ထင်လျှောက်သောအခါ။ အ

နော်ရထာမင်းစော၏စိတ်နှလုံးသည်၊ ယမ်းပုံထဲသို့ မီးခဲကျသကဲ့သို့ ပြင်းထန်သည်။ ဝသောရာဇာမာန်ဂုဏ်တို့ဖြင့်တက်ကြွ၍၊ မှူးကြီးမတ်ကြီး နှင့်ဟာကွ။ ကြံ့စစ်သား။ ငလုံးလက်ဘယ်။ ညောင်ဦးဆင်ဘီးတို့နှင့် ဗိုလ်ချုပ် ဗိုလ်မှူးအစရှိသောစစ်သည်တော်သား အမြောက်အမြားနှင့်၊ ကိုးဗိုလ် ကိုးထပ်ဖွဲ့စည်း၍၊ ကုန်းကြောင်းရေကြောင်း ချီတက်ပြီးလျှင်သထုံပြည် ကြီးကို လေးမျက်နှာ အရပ်က တင်စွဲလျက်၊ ကမ္ဘာပျက်မိုးယံကြီးရွာ သကဲ့သို့၊ တိုက်ခိုက်ပစ်ခတ်ဝင်ရောက်ပြီးလျှင်၊ ဘုရင်နှင့်တကွ၊ သား တော်မြေးတော်ဆွေတော်မျိုးတော်တို့ကိုဖမ်းယူပြီးလျှင်၊ ပိဋကတ်သုံးပုံ အထုံးရုံသုံးဆယ်တို့ကို။ ဆင်ပြူတော် ၃၂ စီးတွင်တင်ပြီးလျှင်။ ဓာတ်တော် မွေတော်များနှင့်တကွရဟန်း(၁၀၀၀)ကိုပင့်ခဲ့၍၊ အရိမဒ္ဒနာပေါက်ပြည် ကြီးတွင်။ အတိုင်းဘိုင်းအပြည့်ပြည့်တို့မှ၊ အံ့ဩ၍မကုန်နိုင်အောင်၊ ဗုရိး ရှင်ရောင်။ ရဟန်းသုံးကျိပ်ဘပြည့်သို့ခြောက်သောင်းတို့ကို၊ နှိပ်ကွပ်ဆုံးမ၍ သာသနာတော်ကိုပြုလေ၏၊ ထိုသို့သာသနာပြုသောအခါ။ တရုတ်ပြည်ဂန္ဓာ လတိုင်းတွင်၊ စွယ်တော်ရှိသည်ဟုကြားသိရသောကြောင့်။ ရဲစွမ်းသတ္တိ ဗျတ္တိဗလနှင့်ပြည့်စုံ၍ ရဲသူတဖက်သား၏ဥက္ကောင်းကို၊ မကြောက်မရွံ့ ယူခြင်ငှာ။ စွမ်းနိုင်သော လူစွမ်းကောင်းအမြောက်အမြားနှင့်တကွ။ လူ (၄၀၀၀၀)ကျော်တို့ကို။ တပ်ထော်ဖွဲ့စည်း၍ ဂန္ဓာလတိုင်းဘုရင်ပြည်ကြီး သို့တက်ပြီးလျှင်။ ဘုရင်ပြည်ကြီး၏အရှင်ဥတည်ဖွားထံ စွယ်တော်ကို တောင်းသောအခါ။ ဥတည်ဖွားကရာဇာမိတ်မဟာမိတ်ဖြစ်သည့်အတိုင်း၊ စွယ်တော်ကိုပေးလိုက်၏။ စွယ်တော်ကိုပင့်ဆောင်ပြီးလျှင်ပြန်လည်ခဲ့ရာ။ လူလည်းမကူ။ နတ်လည်းမမှု အင်္ဂါလက္ခဏာနှင့် ပြည့်စုံသောဂန္ဓာလ တိုင်းကောသမ္ဗီမင်းကြီးက၊ သမီးတော်ရှင်မွန်လှကို ဆက်သလိုက်၍ ဆောင်ယူခဲ့ခြင်း။ ထိုမှတရွေ့ရွေ့တပ်စခန်းချ၍သာခဲ့ရာ။ တောင်ပြုံးအ ရပ်ဒေသသို့ရောက်လျှင်။ နေ့ချင်းပြီးအောင် ဘုရားတဆူကိုတည်ရာ။ လူတယောက်ကိုအုတ်တချပ်ကျသည့်ယူကြရမည်ဟု၊ အမိန့်တော်ထုတ်၍ လူစွမ်းကောင်းဖြစ်သောရွှေဖြင်းညီနောင်တို့သည်၊ အမှတ်မဲ့မေ့လျော့နေ ထိုင်မိသောကြောင့်၊ ညီအစ်ကိုနှစ်ယောက်၏အတွက်အုတ်နှစ်ချပ်ကိုလှပ် ထားပြီး၍။ ဘုရားပြီးကြောင်းကိုတင်လျှောက်ကြရာ၊ အနော်ရထာမင်း စောသည်။ ဘုရားကိုဖူးမြော်ရာအုတ်နှစ်ချပ်လပ်သည်ကိုမြင်သောကြောင့်။ အကြောင်းကိုမေးမြန်းရာတွင်။ အကြောင်းနှင့်တကွ တင်လျှောက်သော

ကြောင့် အွှဖြင်းညှိနောင်တို့ကိုကွပ်၍နတ်ဖြစ်လေ၏။ ၎င်းနတ်တို့ကိုနတ်ကွန်းနှင့်ထားခဲ့၍။ ထိုမှတရွေ့ရွေ့ချီတော်မူသည်ရှိသော်။ ပေါက်ကံမြည်ကြီးသို့ရောက်လေလျှင်။ ရွှယ်တော်ကိုဌါပနာ၍၊ ရွှေစည်ခုံဘုရားကြီးကိုတည်ခြင်းနှင့်တကွ၊ များစွာသောကုသိုလ်ကောင်းမှုတို့ကိုပြုလေ၏။ ထိုအခါမှစ၍၊ မြန်မာနိုင်ငံတွင်သာသနာတော်သည် အစဉ်သဖြင့်။ ပန်းယမြို့၊ စစ်ကိုင်းမြို့၊ အင်းဝမြို့၊ ရတနာသိင်္ဃတ္တမြို့။ အမရပူရမြို့ဟူ၍ဆိုအပ်သောမြို့ကြီးများ သည် အစဉ်သဖြင့် တည်ဆောက်၍သာသနာတော်၏အရောင်အဝါသည်။ ရောင်ခြည်တော်ထွင်ကို ဆောင်နိုင်သောနေမင်း၏အရောင်ကဲ့သို့။ ပြောင်ပြောင်ရွှန်းရွှန်း ထွန်းလင်းခြင်းသို့ရောက်လေ၏။ သာသနာတော်နှစ် (၂၃၉၇ ခု၊ မြန်မာကောဇာသက္ကရာဇ် (၁၂၁၁)ခု၊ တိုင်ရောက်၍၊ ရတနာသိင်္ဃကုန်းဘောင်မင်းဆက်။ (၁၀)ဆက်တိုင်မြောက်သောအခါတွင်။ ဘုန်းပညာသက္ကဏာနှင့်ပြည့်စုံသော၊ မင်းတုန်းမင်းတရားသည်၊ မင်းကျင့်တရားဆယ်ပါးနှင့်အညီ။ တိုင်းပြည်ခရိုင်နိုင်ငံကိုအုပ်ချုပ်၍မင်းလုပ်တော်မူသောအခါ၊ မန္တလေးရတနာပုံမြို့ကို တည်ထောင်ခြင်း၊ ပညာဗဟုသုတနှင့်ပြည့်စုံသော ရဟန်းပညာရှိတံဆိပ်ရဆရာတော်(၁၀၀)ကျော်တို့က စာပေကျမ်းဂန်ဂန္ထဝင်ရဟုဆိုအပ်သော ပရိယတ်ကို ဆည်းပူးခြင်း၊ ပဋိပတ်ဟုဆိုအပ်သောကျင့်ဝတ်တရားတို့ကို အားထုတ်ခြင်း။ ပဋိဝေဓဟုဆိုအပ်သော ဘာဝနာကမ္မဌာန်းကိုစီးဖြန်းခြင်းဟုဆိုအပ်သောပညာရေးခြင်း။ သာသနာတော်၏ဝန်ကို ရွက်ဆောင်ကြသောကြောင့်၊ သာသနာတော်၏အရောင်သည် နေလတို့၏အရောင်ကဲ့သို့။ ချိုးမွှမ်းအံ့ဩ ထောမနာ၍မဆုံးနိုင်အောင် ပြောင်ပြောင်ရွှန်းရွှန်းထွန်းလင်းခြင်းသို့ရောက်၏။ ရွှေမြေနှင့်မင်းတရားကြီး၏ဘုန်းတော်ကံဘော်ကြောင့် တည်ကြည်ခြင်းဝတ်ဗဟုသုတနှင့် ပြည့်စုံသောမှူးကြီးမတ်ကြီးများနှင့်လည်းပြည့်စုံ၏။ ပြည့်ရှင်မင်းကလည်း သတိသမ္ပဇဉ်တရားနှင့် ပြည့်စုံသောကြောင့်။ သီလသမာဓိပညာ ဗဟုသုတနှင့်ပြည့်စုံသောရဟန်းတော် (၄၁၀၀၀) ကျော်တို့နှင့်ပဥ္စမသင်္ဂါယနာတင်တော်မူခြင်း၊ များစွာသောစေတီတော်ဗုဒ္ဓရုပ်ပွားတော်တို့ကို၊ ကိုးကွယ်တည်ထောင်ခြင်း။ နတ်ဘုံနတ်နန်းကဲ့သို့ ထူးဆန်း တင့်တယ်သောကျောင်းတော်တို့ကိုဆောက်လုပ်လှူဒါန်း၍၊ ရဟန်းတော်တို့ကိုကိုးကွယ်ပြီးလျှင်၊ ဆွမ်းတော်ရိက္ခာတော်နှင့်တကွ၊ ပစ္စည်းလေးပါးကို ထောက်ပံ့လှူ၏။

ဒါန်း၍သာသနာတော်ကိုပြုခြင်း၊ များစွာသောရွှေငွေရတနာတို့ကိုအကုန်ခံ၍စာတော်ပြန်ပွဲကြီးကို သုဓမ္မာတော်တွင်၊ နှစ်စဉ်ထာဝရ မပြတ်ရအောင်အားထုတ်ပြုလုပ်တော်မူခြင်း၊ ထိုအခါရဟန်းသာမဏေတို့သည်ပိဋကတ်သုံးပုံကိုပြန်ဆိုခြင်း၊ စာပြန်တော်တထောင်ကျော်တို့အား၊ ပစ္စည်းဥစ္စာရတနာရွှေငွေတို့ကိုပေးကမ်းစွန့်ကြဲခြင်း၊ ထိုအခါ မင်းတရားကြီးသားတော်သီဟသူမင်းကိုသုဓမ္မာတော်၌၊ စာတော်ပြန်စေခြင်း၊ ၎င်းသားတော်သီဟသူမင်းသည်၊ ပဌမပြန်သောကြောင့်အိမ်ရှေ့မင်းအရာကိုချီးမြှင့်ခြင်း၊ မြို့အရပ်ရှစ်မျက်နှာတွင် ဓမ္မာရုံအုပ်တိုက်ကြီး ဆောက်လုပ်ပြီးလျှင်၊ နေ့စဉ်မပြတ်အလှူအတန်းပေး၍ ကျွေးမွေးအားထုတ်ခြင်း၊ ဘိုးသူတော်မယ်သီလတို့ကိုဆံထော်ရိက္ခာတော် ပေးကမ်းလှူဒါန်း၍စာပေကျမ်းဂန်တို့ကိုအားထုတ်စေခြင်း၊ ဘေးမဲ့ခွေးတော်တို့ကို နေ့စဉ်ချက်ပြုတ်၍ကျွေးမွေးခြင်း၊ ကျုံးပတ်လည်ရှိသောဘေးမဲ့ငါးတော်တို့ကို နေ့စဉ်ကျွေးမွေးခြင်း၊ မြို့လေးဖြင်ရှိဘေးမဲ့ဝက်တော်တို့ကိုနေ့စဉ်ကျွေးမွေးခြင်း၊ သူအိုရုံသူနာရုံတို့ကို၊ ဆောက်လုပ်တည်ထား၍၊ သူအိုသူနာတို့ကိုကြည့်ရှုကျွေးမွေးကုသပြုရအားထုတ်ခြင်း၊ တံဆောင်းဖြအိုးတွင်လခရိက္ခာပေး၍ ဥပုဒ်တော်စောင့်အမြဲထားခြင်းနိဗ္ဗာန်ကျူးတို့ဆို၍သင်းဘောစီးသော၊ ရှင်လူရဟန်းတို့သည်ပုတီးကိုစိပ်စေပြီးလျှင်၊ အထက်ဆံအောက်ရ သင်းဘောနှင့်နေ့စဉ်မပြတ်နိဗ္ဗာန်ကျူးတို့ပို့ခြင်း၊ မိဖုရားလေးကျိပ်ကျော်နှင့်တကွ သားတော်သမီးတော်ရှစ်ကျိပ်ကျော်တို့ကို ကျောင်းတိုက်နှင့်အသီးအသီးအပ်နှံပြီးလျှင်ပစ္စည်းလေးပါးတို့ဖြင့်ကြည့်ရှုလှူဒါန်းစေ၍စာပေကျမ်းဂန်တို့ကို၊ သင်အံကြည့်ရှုစေပြီးလျှင်၊ ဥပုသ်သတင်းတို့ကိုစောင့်ရှောက်စေခြင်း၊ ပြည်သူလူအပေါင်းတို့ကို၊ တရားရေဇော်တိုက်ကျွေးပြီးလျှင်၊ ဒါန၊ သီလ၊ ဘာဝနာတို့ကိုများစွာအားထုတ်စေခြင်း၊ ပြည်သူလူအပေါင်းတို့ကလည်း ဝမ်းမြောက်ဝမ်းသာဆိုင်းချပ်သေးဟန့်ဆိုအပ်သောတူရိယာမျိုးတို့ကိုကျင်းပမှုတ်တီး၍နေ့စဉ်မပြတ်အလှူကောင်းမှုတို့ကိုအားထုတ်၍ ဥပုသ်သတင်းစောင့်ရှောက်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်းအမှုတို့ကိုများစွာပြုလုပ်ကြခြင်း၊ ရှင်ဘုရင်နှင့်တကွ၊ ရဟန်းရှင်လူတို့သည်၊ ပြုအပ်သော ကုသိုလ်ကောင်းမှုတို့ကြောင့်၊ မိုးလေဖြောင့်မတ်ခြင်း တိုင်းပြည်သာယာခြင်း၊ အပြည်ပြည်အမြို့မြို့တို့က သမီးကညာရတနာရွှေပန်းငွေပန်းတို့ဖြင့်၊ ဆက်သလာရောက်ခြင်းဆင်ဖြူရတနာဆက်သဖြင့်အတိုင်းတိုင်းအပြည်ပြည်တို့၌၊ မှူးမတ်

ပညာရှိတို့ကို ရာဇာသံ ရွှေပေနှင့်စေလွှတ်၍ ရာဇာမိတ်မဟာမိတ်ဖွဲ့စေ ခြင်း၊ တိုင်းတပါးတို့ကလည်းရာဇသံရွှေပေနှင့်ရာဇမိတ်မဟာမိတ်ဖွဲ့လာ ရောက်ခြင်း။ ဆဒ္ဒါဇာက်စွင်းပညာနှင့်ပြည့်စုံသောသူတို့ကို တက္ကသိုလ်ဆရာ ကြီးများရှိရာနိုင်ငံတပါးသို့စေလွှတ်၍ပညာတော်သင်စေခြင်း။မန္တလေးမြို့ တော်တွင်လက်နက်စက်ရုံ၊ငပါးစက်ရုံ၊ယက်ကန်းစက်ရုံ၊ ဒင်္ဂါးစက်ရုံအ စရှိသည်တို့ကိုတည်ထောင်ပြုစု၍၊နေ့စဉ်မပြတ်လုပ်ကိုင်အားထုတ်ခြင်း။ တိုင်းတပါးကစက်ယန္တရားကို တတ်သောပညာရှိတို့ခိုမှီလာရောက်ကြ လျက်၊လက်နက်တို့ကိုလုပ်ကိုင်ဆက်သခြင်း၊ ရန်သူတပါးတို့မဝင်မရောက် နိုင်ခြင်း၊ ဥစ္စာရတနာနှင့်ပြည့်စုံသော သူဌေးကြီး၊ သူကြွယ်ကြီးတို့က လည်း၊ တိုင်းတပါးတို့နှင့်ဆက်ဆံရောယှက်၍၊ ပတ္တမြားစိန်ကျောက်အစရှိ သောကုန်အမျိုးမျိုးတို့ကိုကူးသန်းရောင်းဝယ်ခြင်း၊ ထိုအခါမန္တလေးရတ နာပုံနေပြည်တော်သည်၊ နတ်ပြည်ကဲ့သို့သာယာခြင်း၊ ပြည်သူလူအ ပေါင်းတို့၏ စိတ်နှစ်လိုသည်။ ဝမ်းမြောက်ဝမ်းသာ ဖရဏာပီတိဆီထိ သောရွှမ်းကဲ့သို့ ရွှင်လန်းနှစ်သက်ခြင်းရှိကြကုန်သည်။ မန္တလေးတောင် ထိပ်၌၊ဗျာဒိတ်ကြားကိုယ်တော်ကြီးကိုထုလုပ်ကိုးကွယ်ခြင်း။ မန္တလေး တောင်ဘက်စောင်းထန်းအဆင်း၌၊ဘော်ဖြူငွေသားအဆင်းနှင့်တူသော ကျောက်တော်ကြီးဘုရားကိုယ်တော်ကိုထုလုပ်ကိုးကွယ်ခြင်း၊မန္တလေး မြို့တော်၏အရှေ့၊ရန်ကင်းတောင်၏အနီး၊သီဟိုဠ်ပြည်တွင်၊ ဒုဋ္ဌဂါမဏိ မင်းကြီးတည်ထားသောမဟာစေတီကြီးကဲ့သို့၊ အံ့ဩဘွယ်ဖြစ်သော ကျောက်စေတီကြီးကိုတည်တောင်ခြင်း၊ပါဋလိပုတ်ပြည် သီရိဓမ္မာသော ကမင်းကြီးဆောက်လုပ်လှူဒါန်းသော၊ အသောကာရာမကျောင်းကြီးကဲ့ သို့၊ ချီးမွမ်းထောမနာပြုလောက်သော၊ အတုမရှိကျောင်းတော်ကြီးကို၊ ဆောက်လုပ်လှူဒါန်းခြင်း၊ မန္တလေးမြို့၏အရှေ့မြောက်ထောင့်အရပ်က၊ မဟာလောကမာရဇိန်စေတီတော်ကြီးကိုတည်ထားကိုးကွယ်ခြင်း၊များ စွာသောကျောင်းကြီးနှင့်တကွ၊အရံကျောင်းများကိုဆောက်လုပ်၍၊ တရား ကျော်ခန့်ကိုသော တံဆိပ်ရဆရာတော်နှင့်တကွ၊ ထေးသောင်းကျော်ရှိ သောရဟန်းသံဃာတော်တို့အား၊ ဆံတော်ရိက္ခာတော်တို့ကို၊ မပြတ်မ ထပ်ထောက်ပန့်လှူဒါန်းခြင်း၊ မင်းကျင့်တရား ဆယ်ပါး၊ သင်္ဂဟတရား လေးပါး၊အပရိဟာနိယတရားခုနစ်ပါးတို့ကို၊မပြတ်မလပ်အောင်သဘော နှစ်လုံးထားခြင်း၊ဇမ္ဗူဒိပ်ကျွန်းအလုံးကို၊ထက်ရှုးဆန့်ကာ အာဏာမပျက်

ဓ္ဓလက်တော်ရောက်သိမ်းပဂ္ဂါးခြင်း၄ါ၊ဗွမ်းနိုင်းထောက်သော၊ ရေဗတိ
ယာယ်၊ဥပါသ်အားကြောင်းတို့၌ အလွန်လိမ္မာထော်မူ၏၊ အိမ်ရှေ့နန်းသျှာ
မဟာဥပရာဇာနှင့်တကွ။ ဆွေတော်မျိုးတော်၄ူးတော်မတ်တော်တို့အား၊
ညီလာခံလာရောက်ကြရာတွင်၊ သမထဝိပဿနာဘာဝနာတရားစကား
ဖြင့်။ပြော်ကြားဆုမ္မတော်မူခြင်းအားထဲ့ဟည်း၍၏။ ၎င်းတို့ခင်းတရားကြီး
သည်၊ဘုန်းတော်ကြီး၍၊သက်တော်ရှည်ပါစေသောဟု၊ တိုင်းနေနိုင်၎ံသူ
လူရှင်အပေါင်းတို့၏ဆုတောင်းပတ္တနာမတ္တာဝစီကံဖြင့်၊မညံ့မစဲချီးဝှဲဆု
တောင်းရလည်းဖြစ်၏၊ သတ္တဝါအပေါင်းတို့၏၊ အကျိုးစီးပွါးအလို့ငှာ၊
နိုင်ငံတော်အတွင်းဆည်တော်းမြောင်းတော်စေတီတော်များကို၊ အသစ်
ထပ်မံပြုပြင်တော်မူခြင်း။အရည၀ါသီပုဂ္ဂိုလ်တို့အား၊နှစ်ပါးသော၊ကာယသု
ခ၊စိတ္တသုခကိုရစေခြင်းအကျိုး၄ါ၊ မိမိတို့နေရာကျောင်းသင်္ခမ်းမှ၊ ထက်
ဝန်းကျင်ကုလားထးတာ ငါးရာအားရှိသောအရပ်၌၊ သားငါးတိရစ္ဆာန်တို့ကို၊
အသက်အသွင်အပစ်အခတ် အဖမ်းအဆီးမရှိစေရ၊ ဘေ့မဲ့သနားတော်
မူခြင်း။ပါဝုလိပုတ်ပြည်၊သီရိဓမ္မာသောကမင်းသည်၊ရဟန်းသင်္ဃာတော်
တို့အား၊ငါကဲ့သို့သောမင်း၏အကြက်ထက်ဆေးမြစ်ည်းဖြင့်၊အဘယ်ကြောင့်
ငြိုငြင်ရအံ့နည်းဟုနှစ်လုံးပိုက်၍၊ ဆေးအလို့ငှါမြို့ထံခါးလေးမျက်နှာတို့
၌၊ကြီးစွာသောထောပတ်ကန်တို့ကို၊ စီမံ၍ထားဘိသကဲ့သို့၊ မြို့တော်
ပတ်လည်၊ ရဟန်းသင်္ဃာတော်တို့အား မကျန်းမခံ့ရှိခဲ့လျှင်၊ ကုသရန်
သွားဖုဒ်းရေးအနှိဝ်တော်တို့ကို၊ အသီးအသီးအစောင့်အမ အကြည့်အရှု
ထားတော်မူခြင်း၊ ပါဝုလိပုတ်ပြည်သီရိဓမ္မာသောကမင်းသည်၊ အရာ
မကသောဆွမ်း၀တ်တို့ဖြင့်၊သင်္ဃာတော်တို့အား၊ထောက်ပန့်ခြင်းစသော
ပစ္စယာနုဂ္ဂဟာကုသိုလ်ဖြင့်လည်း၊ မရေ့နှံရဲနိုင်ရကား၊ ဓမ္မာနုဂ္ဂဟာကု
သိုလ်ဖြင့်လည်းသာသနာတော်ကိုချီးမြှောက်ခြင်း၄ါ၊သားတော်သမီးတော်တို့
ကို၊ရှင်ရဟန်းပြုစေ၍၊သာသနာတော်၏အမွေကိုခံဘိသကဲ့သို့၊သားတော်
တို့ကို၊ သာမဏေရပဗ္ဗဇ္ဇကံဖြင့်၊ သာသနာတော်တွင်းသို့ သွတ်သွင်း၍၊
သာသနာတော်၏အမွေကိုခံခြင်းစသော ကုသိုလ်ကောင်းမှုကို ပြုတော်မူ
သတည်း။ ယင်းသို့ဆိုအပ်ခဲ့ပြီးသော ကုသိုလ်ကောင်းမှုတို့ကို ပြု၍မှု
လည်းရောင့်ရဲတော်မမူနိုင်သဖြင့်၊ သာသနာတော်၏ အဓွန့်ရှည်စွာတည်
တွန်းထောက်ပစေခြင်းအကျိုး၄ါ၊ သိပ်ဟိုဠ်ကျွန်းတွင်၊ တဆဲ့ရှစ်ဆက်
မြောက်၊သဒ္ဓါတိဿမင်း၏သား၊ဝဋ္ဋဂါမဏိမင်းသည်၊သိပ်ဟိုဠ်ကျွန်း၏တ

ဝိဝ်။ မလယအရပ်။အာလောကလိုဏ်၌။ရဟန္တာငါးရာတို့ကိုကြွပ်မစေ၍
အဋ္ဌကထာနှင့်တကွပိဋကတ်သုံးပုံကို။ပေထက်အက္ခရာတင်၍။ သာသနာ
တော်ကိုချီးမြှောက်သကဲ့သို့၊ ရွှေရေးမင်ရေးကညစ်ရေးတို့ဖြင့်ရေးကူးပြုရရ
သော်။အတိုင်းထက်အလွန်သာသနာတော်။တည်တွန်းတော်ပ၍ဟု၊နှစ်လုံး
မိုက်၍၊ ကောဇာသက္ကရာဇ်-၁၂၀၈-ခု။တန်းကူးလပြည့်ကျော်-၁၀-ရက်
နေ့တွင်၊ရာဇပြိုဟ်ပြည့်၏ အရှေ့မျက်နှာ။ဝေဘာရတောင်ယံတွင်။ အဇာ
တသတ်မင်းဘန်ဆင်းအပ်သော၊မဂ်လါရတနာမဏ္ဍပ်နှင့်တပြေးတည်းနန်း
တော်အတွင်းပိတ်ရမတိ ခါသာကတ္တိပါမောခ်ရော်ဘို့ဖြင့် ပွမ်းမံ့လျက်။ အ
လွန်ရှုချင်စဘွယ် တင့်တယ်လှစွာသော။ မဂ်လာ မဟာပိဋကတ် တန်
ဆောင်းတော်ကိုဘန်ဆင်းတော်မူပြီးလျှင်။ ဂန္ဓမ္ဗနတ်တို့၏တူရိယာနှင့်တူ
သော။တူရိယာမျိုး ငါးပါးကို။အသီးအသီးတီးမှုတ်စေလျက်။ နတ်ကချေ
သည်နှင့်တူသော ကချေသည်တို့နှင့်တကွ ဘယာနကရသ။ဟာသရသစ
သည်ကိုဖြစ်စေတက်သော။ ကြိုးကျှော်ကျွမ်းထိုး။ ယိုးဒယားဇာတ်ရုံခင်း
ကျင်းလျက်။မင်းတို့၏ပွယ်ရာဝဇိရာဝုဓမည်သောသိကြားမင်းသည်။နတ်
စစ်သည်အပေါင်းခြံရံလျက်။ သုဓမ္မာဇရပ်နတ်သဘင်သို့ထွက်ဘိသကဲ့
သို့။အထောင်မကသောဗိုလ်မှူး သူရဲသူခက်အပေါင်းခြံရံလျက်။တောင်
ညာနန်းနန်းမဟေသီမိဖုရားခေါင်ကြီးနှင့်တကွမဂ်လာပိဋကတ်တန်ဆောင်း
တော်သို့၊ထွက်စံတော်မူပြီးလျှင်။ညေယျဓမ္မာဘိဝံသသိရိပဝရာလင်္ကာရ
ဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု၊တံဆိပ်နာမံတော်ရှိသောသာသ
နာပြု ဆရာတော်ဘုရားကြီးအမှူးရှိသော အရာမကသော တံဆိပ်တော်ရ
ဆရာတော်သင်္ဃာတော်တို့အား။သင်္ကန်းသင်္ပိတ်ပရိက္ခရာတို့ဖြင့်။လှူဒါန်း
ပူဇော်ပြီးလျှင်။သာသနာပြုဆရာတော်ဘုရားကြီးနှင့်တကွ။အရာမကသော
တံဆိပ်တော်ရ ဆရာတော်သင်္ဃာတော်တို့ကို။ကြွပ်မတ်စေလျက်၊အရာ
မကသောစာရေးဟာသွက်လုတို့အား၊ဗောင်းနားဖောင်း ဝတ်လုံဆင်ယင်
စေပြီးလျှင်။ကောင်းမြတ်သောမဂ်လာအခါတော်၌။ထပြိုင်နက်အမျှော်သံ
ပေး၍၊ရေးကူးကြရ၏။ဤသို့နှင့်နှင့်သုံးရက်တိုင်လတ်သော်။သာသနာပြု ဆ
ရာတော်ဘုရားကြီးကို။အကြီးအမှူးဦးစီးနာယကပြု၍၊ သဒ္ဒါဗျတ္တိရှိသော
ပုဂ္ဂိုလ်တို့ကို ရွေးချယ်၍။ မဂ်လာပိဋကတ် တန်ဆောင်းတော်၌။ အ
ကြံအမထားတော်မူပါဟု။ သာသနာပြုဆရာတော်ဘုရားကို လျှောက်
ထားရာ မဟာအဘယာရုံတိုက်တော်အတွင်းသတင်းသုံးနေသော၊ အင်း

ကန်းရွာဇာတိ၊ ပုညာဘိဝံဇဝံမွာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု တံ
ဆိပ်နာမံရှိသောအင်းကန်းဆရာတော်၊ ၎င်းတိုက်အတွင်းသိတင်းသုံးနေ
တော်မူသောမိမိလာမြို့ဇာတိ၊ဉာဏာဘိမဉ္ဇူသာဓမ္မာလင်္ကာရမဟာဓမ္မရာဇာ
ဓိရာဇဂုရုတံဆိပ်နာမံရှိသောမိမိလာဆရာတော်၊ ၎င်းတိုက်အတွင်းသိ
တင်းသုံးနေသောဗန္ဓုကျိုးတိုက်ဇာတိ၊ ဇာဂရဓမ္မပရမက္ကိတ္တိမဟာဓမ္မရာ
ဇာဓိရာဇဂုရု၊ တံဆိပ်နာမံရှိသောဗန္ဓုကျိုးဆရာတော်၊ မဟာဝိဇိတာရုံ
တိုက်အတွင်း သိတင်းသုံးနေသော စည်ပုတ္တော့မြို့ဇာတိ၊ သိရိပရမာဘိ
လင်္ကာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု၊တံဆိပ်နာမံရှိသော၊ စည်ပုတ္တော
ဆရာတော်၊၎င်းတိုက်အတွင်း၊သိတင်းသုံးနေသောမင်းတဲရွာဇာတိ၊ဥတ္တ
မဝါဒပမဒဓဇမဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်နာမံရှိသောမင်းတဲဆရာ
တော်၊၎င်းတိုက်အတွင်းသိတင်းသုံးနေသော၊ မောင်းထောင်ကြီးရွာ ဇာ
တိ၊ ပုညာသာမိသိရိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု၊ တံဆိပ်နာမံရှိ
သောမောင်းထောင်ဆရာတော်၊ ၎င်းတိုက်အတွင်း သိတင်းသုံးနေသော
ပုခန်းကြီးမြို့ဇာတိ၊ သုဒဿနဝရဓမ္မသာမိမဟာဓမ္မရာဇာဓိရာဇဂုရု၊ တံ
ဆိပ်နာမံရှိသောပုခန်းကြီးဆရာတော်၊၎င်းတိုက်အတွင်းသိတင်းသုံးနေ
သောစလင်းမြို့ဇာတိ၊ ကလျာဏဇောတသာသနဓဇ မဟာဓမ္မရာဇာဓိ
ရာဇဂုရု၊တံဆိပ်နာမံရှိသော စလင်းဆရာတော်၊ ၎င်းတိုက်အတွင်းသိ
တင်းသုံးနေသောမကွေးရာမြို့ဇာတိ၊ အာစာရာဒ္ဓကဝိဓဇ ဉာဏာမဟာ
ဓမ္မရာဇာဓိရာဇဂုရု၊ တံဆိပ်နာမံရှိသော၊မကွေးရာဆရာတော်၊ ၎င်းတိုက်
အတွင်း၊သိတင်းသုံးနေသောသစ်ဆိမ့်ကြီးရွာဇာတိ၊ ဘေဒိသာရဓမ္မပါလ
ကိတ္တိမဟာဓမ္မရာဇာဓိရာဇဂုရု၊ တံဆိပ်နာမံရှိသောသစ်ဆိမ့်ကြီးရွာဆ
တော်၊ယင်းသည့်ဆရာတော်ဆယ်ပါးကို၊ မင်္ဂလာပိဋကတ်တန်ဆောင်း
တော်၌၊ အကြွပ်အမထားတော်မူ၍၊ ဆရာတော်ဆယ်ပါးကလည်းအသီး
အသီးဆရာတော်တို့ကသုတ်သင်၍၊သွင်းလာသောစာတို့ကို ၊တဘန်ထပ်
၍အကွာရာသမယာကိုပြုရာ ကစ္စည်းကျမ်းမောဂ္ဂလာန်ဥာသ်၊ရူပသိဒ္ဓိ၊သဒ္ဒနီ
တိ၊သုတ္တနိဒ္ဒေသ၊အဘိဓာန်ဋီကာစသောဂန္ထန္တရတို့နှင့်၊ကဏ္ဍဇ၊ တာရေ
ဇ၊ဩတ္ထဇ စသောဌာန်၊သိထိလ၊ဓနိတ၊ဒီဃ၊ရဿ၊ဂရု၊ လဟုစသောပုဒ်
တို့ကို၊သုတ်သင်၍၊အယုတ်အားဖြင့် ပုဒ်မပုဒ်သေးကိုမျှမချွတ်မယွင်းစေပဲ၊
ကြည့်ရှုပြင်ဆင်ကြရ၍၊သာသနဒါယကာမဟာဓမ္မရာဇာတရားမင်းမြတ်
ကလည်း၊မင်္ဂလာအိမ်တော်ဝယ်စံနေတော်မူစဉ်ကပင်၊ချီးမြှော်ပြုရ၍ထား

**ကံထူးရှင်တို့သည် ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်ကို ပေါ်ပေါ်တန်တန် မသွားကြပေ၊ မသွားခင် တစ်လလောက်ကပင် ကြိုတင်၍ ကုသိုလ်ကောင်းမှု ပြုမည့်အစီအစဉ်ကို ကြိုတင်ရေးဆွဲကြ၏၊ ဘုရားဖူးသွားသည့်အခါ မှာလည်း လေးလေးနက်နက် တန်ဖိုးထားလျက် ကုသိုလ်ကောင်းမှုကိုပြုကြ၏။**

ဘုရားဖူးသွားနည်းဟူသည် အဘယ်ပါနည်း...။ ဆိုခဲ့ပြီးသော အကြောင်းတရားတို့ ပေါင်းဆုံ ညီညွတ်ပါမှ ဗုဒ္ဓဂယာသို့ သွားနိုင်ကြသဖြင့် သွားခွင့်ရသော ပုဂ္ဂိုလ်တို့သည် ကံထူးရှင် ကုသိုလ်ရှင်တို့ ဖြစ်ကြသည်၊ ထိုကံထူးရှင်တို့သည် ဗုဒ္ဓဂယာ ဘုရားဖူး ခရီးစဉ်ကို ပေါ်ပေါ်တန်တန် မသွားကြပေ၊ မသွားခင် တစ်လလောက်ကပင် ကြိုတင်၍ ကုသိုလ်ကောင်းမှု ပြုမည့် အစီအစဉ်ကို ကြိုတင် ရေးဆွဲကြ၏၊ ဘုရားဖူးသွား သည့်အခါ မှာလည်း လေးလေးနက်နက် တန်ဖိုးထားလျက် ကုသိုလ် ကောင်းမှုကို ပြုကြ၏။

အနာထပိဏ်သူဌေး သည် ရာဇဂြိုဟ်မြို့ သီတဝန တောရကျောင်း၌ သီတင်း သုံးသည့် ဘုရားရှင်ထံသို့ သွားရာ၌ "" ဗုဒ္ဓေါ ဗုဒ္ဓေါ =မြတ်စွာဘုရား မြတ်စွာ ဘုရား"" ဟူ၍ ရွတ်ဆိုပြီး ဘုရားဖူးသွားခဲ့လေသည်၊ မဟာကပ္ပိနမင်းကြီးကား ဂုဏ် တော်(၉)ပါးထဲမှ ""သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်""ကို ရွတ်ပွားလျက် သစ္စာပြု၍ ဘုရားရှင်ရှိရာ သာဝတ္ထိပြည်သို့ ဘုရားဖူးသွား ခဲ့ပေသည်၊ ရေးဆရာတို့ကမူ ဘုရားဖူး သွားရာ၌ ဤသို့သော စိတ်ထားဖြင့် ဆင်ခြင်လျက် သွားကြပါသည်။

ဉာတိ ဝဏ္ဏကေန သီလေန၊ ဈာနာ
ဥ ဂုဏာ သမင်္ဂိနံ။
သဒေဝလောက ပူဇေယျံ၊
ပဿိဿာမိ အဟံ ဇိနံ။

အတုမရှိသော ရုပ်ရည် အဆင်းတော်၊ စတုပါရိသုဒ္ဓိ သီလတော်၊ ဈာန်သမာပတ် တော်၊ ဥ ဂုဏ်ပညာ ဂုဏ် တော်တို့နှင့် ပြည့်စုံတော် မူသောနတ်လူပြဟ္မာသတ္တဝါတို့ အမြဲမပြတ် ပူဇော်အပ်သည့် ငါးမာန်အောင်မြင် ဘုရားရှင် ကိုဎင်း၊ ထိုဘုရားရှင်၏ ရုပ်ပွား ဆင်းတုဥဒ္ဒိဿစေတီ၊ ဝဇိရစိန် ကဲ့သို့ မပြိုကွဲနိုင်သော ဓာတု စေတီ၊ သုံးဆောင်ခဲ့ရာ ပရိဘော ဂစေတီ၊ ခြေတော်ချခဲ့ရာ ပါဒစေတီတော်ကို ရှေးကံ ထောက်မလို့ ဖူးတွေ့ရပေ တော့မည်တကား။

ယခုခေတ်တွင် တစ် နေရာမှတစ်နေရာသို့ ကား ဖြင့်စထွက်ရာ၌ ဘုရားဖူးများ ခရီးသွားအန္တရာယ် ကင်းရန် ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေ တို့ကို သံပြိုင်ညီညာရွတ်ဆိုခါ သွားကြသည်မှာ အလွန် ကောင်းလှပါသည်၊ ကားဘီးစ

လိုမ့်တိုင်း လိုမ့်တိုင်း အားလုံး ရွတ်ဆိုသင့်ပါသည်၊ တိုးအဖွဲ့က စီစဉ်ပေးလို့သာ ရွတ်ဆိုရတာ ဟု သဘောမထားပဲ ဘုရားဖူး များကိုယ်တိုင်ကပင် စိတ်ပါ လက်ပါ ရွတ်ဆိုထိုက်ပေသည်၊ စာရေးသူတို့အဖွဲ့ ဘုရားဖူး သွားစဉ်ကလည်း ခရီးသွား အန္တရာယ်ကင်း ဘုရားရှိခိုး မေတ္တာပို့အမျှဝေတို့ကို ရွတ်ဆို ကြပါ၏၊ သို့သော် ကားဘီးသည် နေရာသုံးနေရာတွင် သုံးကြိမ် တိုင်တိုင် ပေါက်သွား၏၊ ထိုအခါ စစ်တွေမြို့မှ ဘုရားဖူး ဦးကျော်သိန်းအောင်သည် နေရာမှထကာ ဤသို့အော်ပြော ပါတော့သည်၊

""ဒီဘုရားဖူးတွေ ထဲမှာ တချို့ပုဂ္ဂိုလ်တွေ ဘုရား စာကို မရွတ်ကြဘူး၊ မပြောချင် လို့ကြည့်နေတာ၊ သိတယ်နော်၊ စိတ်ပါလက်ပါအားလုံးပဲရွတ်ဆို ကြပါ""

ဦးကျော်သိန်းအောင် သည် ကားစီးရင်း ဘုရားစာကို ရွတ်ဆိုရသည့်အခါတွင် စိတ် ပါလက်ပါ ရွတ်ဆိုပါသည်၊ ရောက်သည့် ဘုရားစေတီ နေရာတိုင်း နေရာတိုင်းမှာ ဂိုက်က သူ့နေရာနှင့်သူ လိုက် ဖက်သော ဘုရားရှိခိုးများ သံဝေဂစာများကို ရွတ်ဆိုစေ လျက် မေတ္တာပို့ အမျှဝေစေ သည်ကိုလည်း ထက်သန်စွာ လိုက်ပါပြုလုပ်လေ့ရှိသည်၊ ဂိုက်ကရှင်းပြသည့်အခါ ရိုသေ ငြိမ်သက်စွာနားထောင်ရုံမျှမက သူ့ရဲ့ကက်ဆက်လေးဖြင့် ပင် ဖမ်းယူအသံသွင်းထား လိုက် သေး၏၊ ကားပေါ်မှာ ဘုရားစာ ရွတ်ပြီးတဲ့အခါ ပြန်လည်နား ထောင်သည်ကို တွေ့ရသည်၊ ရောက်လေရာ နေရာတိုင်းမှာ လည်း တရားထိုင်ပါသည်၊ ဗုဒ္ဓဂ ယာတွင်မူ ဒုလ္လဘရဟန်းပင် ဝတ်လိုက်သေး၏၊ စာရေးသူက ပရိက္ခ ရာလှူဒါန်းခွင့်ရပါသည်။

ဦးကျော်သိန်းအောင် ၏ ဗုဒ္ဓဂယာဘုရားဖူး သွားခြင်း ကား အနာထပိဏ်သူဌေးကြီး ကဲ့သို့အကျိုးများသော ဘုရားဖူး သွားနည်းပင်ဖြစ်သည်၊ ခြေတစ် လှမ်း ခြေတစ်လှမ်းသည် ကုဋေ တစ်သန်းတန်ပေသည်၊ ခြေ လှမ်းတိုင်း လှမ်းတိုင်း ကုသိုလ် တရားပေါင်း (၅၆)ပါးတို့ကို ရရှိနေပေသည်၊ ဤသို့သော ဘုရားဖူးသွားနည်းကို ရည်ရွယ် ၍ သိဝနတ်ဘီလူးက အနာထ ပိဏ်သူဌေးကြီးအား အောက်ပါ



အတိုင်း တိုက်တွန်းထားခြင်း ဖြစ်ပေသည်။

သတံ ဟတ္ထီ သတံ အဿာ၊
သတံ အဿတရီရထာ။
သတံ ကညာသဟဿာနိ၊
အာမုက္ကမဏိကုဏ္ဍလာ။
ဧကဿ ပဒဝီတိဟာရဿ၊
ကလံ နာဂ္ဃန္တိ သောဠသိံ။

"" အို - အနာထပိဏ် သူဌေးကြီး - - မင်းထိုက်စိုးတန် အမျိုးမှန်သည့် အဖိုးတန်ရတနာ သချာတွက်ကိန်း ဆင်တစ်သိန်း မြင်းတစ်သိန်း အဿတရီမြင်းကဆင်ထားသည့် ရထားတစ်သိန်းတို့သည်၎င်း၊ ပတ္တမြားနားဋောင်း သွယ်ပြောင်းစုံလင် တန်ဆာဆင်ထားသော အပျိုစင် အမျိုးသမီး တစ်သိန်းသည်၎င်း၊ မြတ်စွာဘုရားရှင်ထံသို့ အရောက်သွားမည့် အရှင်သူဌေးကြီး ခြေတစ်လှမ်း၏ နှစ်ရာ့ ငါးဆယ်ခြောက်စိတ် စိတ်၍ တစ်စိတ်ကိုမှ မထိုက်တန် မမီကြပေ၊ အို - အနာထပိဏ် သူဌေးကြီး ရှေ့သို့သာတက် ဆက်၍သွားပါလေ၊ နောက်သို့ ပြန်မလှည့်ပါနှင့်၊ သင် သူဌေးကြီးအဖို့ရာ ရှေ့သို့သာတက် ဆက်၍သွားခြင်းကသာမြတ်လှပါသည်၊ နောက်သို့ပြန်လည် သွားခြင်းသည်ကား မမြတ်လှပါ - - သူဌေးကြီး""

သုဗောဓာလင်္ကာရ ကျမ်း၌လည်း ဘုရားရှင်လက်ထက်တော်အခါက သူတော်ကောင်းပုဂ္ဂိုလ်များ ဘုရားဖူးသွားပုံကို ဤသို့ ဖော်ပြထားပါသည်။

ပသန္နာ ရူပဝိဘဝံ၊ သုဏန္တာ
မဓုရံ ဂိရံ။
ဝန္ဒန္တိ သာဓု သမ္ဗုဒ္ဓံ၊ ကာလေ
ကေဋ္ဌုပရမ္ဗုခါ။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက တရားချစ်ခင် သူတော်စင်တို့သည် ဘုရားရှင်၏ ရူပနိကာယ် တင့်တယ်သပ္ပါယ်ပုံကို ကြည့်ရှုမဝ ဖူးမြော်ကြပြီး သာယာချောင် တရားသံကို ရှိသေလေးစားနာကြားကြ ကုန်လျက် ပျော်ပွဲရွှင်ပွဲ မျက်နှာလွှဲကာ လှည့်လည်ကြကုန်၏။

ဗုဒ္ဓဂယာသို့သွားသည့် ပုဂ္ဂိုလ်တို့သည် "" ဘုရားလည် ""များ မဟုတ်ကြပဲ "" ဘုရားဖူးများ"" ဖြစ်ကြပါစေ၊ ခြေတစ်လှမ်း ကုဋေတစ်သန်း တန်အောင် အကျိုးရှိစွာ ဘုရားဖူးနိုင်ကြပါစေဟူ၍ မေတ္တာဆန္ဒပြုရပါသည်။

အရှင်ဓမ္မနိမ္မိတ
(၁၆၊ ၁၁၊ ၂၀၀၈)

**မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက တရားချစ်ခင်သူတော်စင်တို့သည် ဘုရားရှင်၏ ရူပနိကာယ် တင့်တယ်သပ္ပါယ်ပုံကို ကြည့်ရှုမဝ ဖူးမြော်ကြပြီး သာယာချောင် တရားသံကို ရှိသေလေးစား နာကြားကြကုန်လျက် ပျော်ပွဲရွှင်ပွဲ မျက်နှာလွှဲကာ လှည့်လည်ကြကုန်၏။**

# သမိုင်းကြောင်းကောင်းတဲ့ မိဂဒါဝုန်

ရဝေဦး(ကျွန်းလှ)



လောကသားအားလုံးတို့ရဲ့ဆရာ. . . လူနတ်ပြဟ္မာသတ္တဝါအားလုံးတို့ရဲ့ ဦးခိုက်ပူဇော်ကန်တော့မှုကိုခံယူတော်မူထိုက်တဲ့ အနှိုင်းမဲ့ပုဂ္ဂိုလ်. ခက်ထန်ကြမ်းတမ်း မိုက်မဲတွေဝေတဲ့သတ္တဝါတွေကိုယဉ်ကျေးသိမ်မွေ့အောင် ဆုံးမတော်မူတတ်တဲ့အနန္တဂုဏ်အင်ကျေးဇူးရှင် ... အဲဒီလို ရေတွက်လို့မကုန်နိုင်တဲ့မြတ်ဗုဒ္ဓပွင့်ထွန်းတော်မူရာဖြစ်တဲ့ မဇ္ဈိမဒေသ ဗုဒ္ဓ

ဂယာမြေမြတ် မဟာကို ဦးမြ+ ဒေါ်အေးသန်း(အေးမြပြည့်စုံ ကုမ္ပဏီ)မိသားစုရဲ့ပင့်ဆောင် ပို့ပေးမှုကြောင့် တတိယအကြိမ် မြောက် ရောက်ဖြစ်ခဲ့ပြန်ပါ သည်။

မြတ်ဗုဒ္ဓရဲ့အငွေ့အ သက်.အရိယာသူတော်ကောင်း တွေ နေထိုင်သွားလာခဲ့တဲ့ ဝန်းကျင်ဒေသတွေမို့လို့ ဘယ်နှစ်ခေါက်ရောက်ရောက် ရိုးသွားတယ်မရှိပါဘူး။ ရောက် လေရာအရပ်တွေမှာ ဗုဒ္ဓဂုဏ် တော်တွေ. ရဟန္တာအရှင်မြတ် ကြီးတွေရဲ့ကျေးဇူးတွေ. သတိ သံဝေဂယူစရာတွေက အသင့် ရှိလို့နေပါတယ်။ မိမိတို့ သွားတဲ့ ခရီးစဉ်အပေါ်မူတည်ပြီး အချိန် ရရင် ရသလို သက်ဆိုင်ရာဌာန တွေမှာ သက်ဆိုင်ရာ တရားဓမ္မ တွေ (ဥပမာ - ဓမ္မစကြာ၊ မဟာ သတိပဋ္ဌာနသုတ်)တွေနဲ့ ရွတ်ဖတ်ပူဇော်ရ တာဟာ လည်း ပြောပြလို့မရနိုင်တဲ့ ပီတိသောမနဿတွေ ဖြစ်ရ ပါတယ်။

ဗုဒ္ဓပွင့်တော်မူရာ မဟာဗောဓိညောင်ပင်ရိပ်မှာ ဂုဏ်တော်တွေ ပွားများ ပူဇော် ရတာ. တရားဓမ္မတွေ ရှုမှတ် ဆင်ခြင်ရတာတွေကလည်း ဘယ်အရာသာနဲ့မှမတူတဲ့အရ သာထူးကို ခံစားရသလိုပါပဲ။

**ဗုဒ္ဓပွင့်တော်မူရာ မဟာဗောဓိညောင်ပင်ရိပ်မှာ ဂုဏ်တော်တွေပွားများ ပူဇော်ရတာ, တရားဓမ္မတွေ ရှုမှတ်ဆင်ခြင်ရတာတွေကလည်း ဘယ်အရာသာနဲ့မှမတူတဲ့ အရသာထူးကို ခံစားရသလိုပါပဲ။**

ထို့အတူ တရားဦးဓမ္မစကြာ ဟောကြားတော်မူရာ မိဂဒါဝုန် မှာ ဓမ္မစကြာရွတ်ဖတ်ပူဇော် ရတာ. ဓမ္မစကြာဒေသနာ တော်မှာ လာရှိသည့်အတိုင်း မဇ္ဈိမပဋိပဒါလမ်းကြောင်းမှန်မှ မဂ္ဂင်ရှစ်ပါးကို အခြေခံပြီး သစ္စာ လေးတန်အမြင်မှန်ဆိုက်ဖို့ ရှုမှတ်ဆင်ခြင်ရတာကလည်း ငြိမ်းချမ်းမှုသန္တရသ. အပြည့် အဝရရှိခံစားရပါတယ်။

အဲဒီလို မြတ်ဗုဒ္ဓနှင့် တကွ အရိယာသူတော်စင်ကြီး တွေ သီတင်းသုံးနေထိုင်ခဲ့ရာ တရားဓမ္မဟောကြားခဲ့ရာနေ ရာဒေသတွေရောက်တော့ ကိုယ့်ကိုယ်ကို မကျေနပ်နိုင် အောင် ဖြစ်ရတယ်။ မြတ်ဗုဒ္ဓနှင့် ရဟန္တာအရိယာသူတော်ကောင်း ကြီးတွေများစွာက တရားဓမ္မ တွေအကြိမ်ပေါင်းများစွာ ဟော ညွှန်ပြသခဲ့တာတွေကို နာကြား ခွင့်မရခဲ့ဘူးလား။ သို့မဟုတ် နာကြားခွင့်ရပါလျက် လိုက်နာ ကျင့်သုံးမှု မရှိခဲ့တာလား။ သို့မဟုတ် တရားဓမ္မတွေကို နားလည်နိုင်စွမ်းမရှိတဲ့ အဟိတ် တိရစ္ဆာန်ဘဝရောက် နေလို့ လား။ သို့မဟုတ် အလွန်ပြင်း

ထန်တဲ့ဆင်းရဲတွေကို ရင်စည်းခံနေရတဲ့ ငရဲဘုံ ငရဲဘဝရောက်နေလို့လား။ အဲဒီလို သို့လော သို့လော အတွေးမောတွေနဲ့ ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်မိတယ်။

မြတ်ဗုဒ္ဓပွင့်တော်မူရာခေတ်ကာလမှာ စဉ်းစားဆင်ခြင်ဉာဏ်နဲ့ ပြည်စုံ. လိမ္မာရေးခြားရှိတဲ့လူသာဖြစ်ခဲ့ရိုးမှန်ပါကတရားဓမ္မတွေ နာကြားခွင့်ရ. ကျင့်ကြံအားထုတ်ခွင့်ရပြီး အခုလို ခန္ဓာဝန်ထုပ်ဝန်ပိုးကြီးကိုသယ်ပိုးထမ်းရွက်နေရသော ဆင်းရဲဒုက္ခတွေနှင့် ကြုံတွေ့ရတော့မည်မဟုတ်ပါ။ အခုတော့ စေ့စေ့တွေးရေးရေးပေါ်ဆိုသလို လောကမှာ ဘုရားအဆူဆူပွင့်ခဲ့ပြီးဖြစ်ပါလျက် ကျွတ်တမ်းမဝင်နိုင်လောက်အောင် မိုက်တွင်းနက်နေခဲ့သော မိမိဘဝကို ပြန်ပြီးသနားနေမိသည်။ ဘာပဲဖြစ်ဖြစ် မိုက်တွင်းနက်စဉ်အခါတုန်းက ဘုရားအဆူဆူပွင့်



သော်မှ ကျွတ်တမ်းမဝင်နိုင်လောက်အောင် မိုက်ခဲ့ပြီးပြီ။ အခုလိုသမ္မာဒိဋ္ဌိဉာဏ်အမြင်မှန်ရသောလူအဖြစ် ရခိုက် တစ်ဘဝတရားနှင့် ကျွတ်တမ်းဝင်အောင် မစွမ်းဆောင်နိုင်သော်မှ ကုသိုလ်ပါရမီမျိုးစေ့တွေ စိုက်ပျိုးကျဲချထားခဲ့နိုင်ရပါမည်။

၂၀၀၇ - ဖေဖော်ဝါရီလတွင် ရောက်ဖြစ်သောမဇ္ဈိမဒေသဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်မှာ ထူးခြားတိုက်ဆိုင်မှုအတော်များများနဲ့ တွေ့ဆုံကြုံကြိုက်ခဲ့ရပါတယ်။ နံပါတ်တစ်ထူးခြားချက် သုံးကြိမ်သုံးခေါက်မြောက်အဖြစ် ရောက်ရှိခြင်း။ နံပါတ်နှစ်ထူးခြားချက် ဘုရားဖူးခရီးစဉ်မှာ မပါသော သံသုမာဂီရိမြို့ ပောင်းနှင့်ယောသိတာရုံကျောင်း၊ ကုက္ကုဋ္ဌာရုံကျောင်းနေရာတို့ကို သီးသန့်သွားရောက်ခဲ့ရခြင်း။ နံပါတ်သုံးထူးခြားချက် လူသေကောင်တို့ကို မီးဖုတ်သဂြိုဟ်ရာ ဗာရာဏသီဆိပ်ကမ်းသို့ သွားပြီး အသုဘဘာဝနာ ဆင်ခြင်ပွားများခွင့်ရခဲ့ခြင်း။ နံပါတ်လေးထူးခြားချက် သံဝေဇနိယ. အဝိဇဟိတလေးဌာန အဝင်အပါဖြစ်သော ဗာရာဏသီမြို့ရှိ မိဂဒါဝုန်မြန်မာကျောင်းတော် နှစ်တစ်ရာပြည့်ပူဇော်ပွဲနှင့် ကြုံကြိုက်

ခြင်း အစရှိတဲ့ ထူးခြားသော ဖြစ်စဉ် များနဲ့ ကြုံကြိုက်ခဲ့ရတဲ့ တတိယအကြိမ်မြောက် မဇ္ဈိမဒေသဘုရားဖူးခရီးစဉ်လို့ ဆိုရမှာပါ။

မိဂဒါဝုန်မြန်မာကျောင်း နှစ်တစ်ရာပြည့် ပူဇော်ပွဲမှာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအတော်များများက ကြွရောက်လာတဲ့သံဃာတော်တွေ ဖိတ်ကြားထားတဲ့ဧည့်ပရိသတ်တွေအတော်စုံစုံလင်လင်ရှိတာကိုတွေ့ရပါတယ်။ မိဂဒါဝုန်မြန်မာကျောင်း နှစ်တစ်ရာပြည့်ပူဇော်ပွဲမှာ စာရေးသူစိတ်အဝင်စားဆုံးကတော့ အထိမ်းအမှတ်ဓာတ်ပုံပြပွဲပါပဲ။ ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ ဗုဒ္ဓနဲ့သက်ဆိုင်တဲ့စေတီပုထိုး ရုပ်ပွားဆင်းတုတွေအထိမ်းအမှတ်ကျောက်တိုင်တွေ. အဆောက်အဦတွေကိုတစ်နေရာထဲမှာ တွေ့မြင်ခွင့်ရတာမို့ လွန်စွာ ကျေးဇူးများပါတယ်။

မိဂဒါဝုန်မြန်မာကျောင်း နှစ်တစ်ရာပြည့်ပူဇော်ပွဲကို ဖေဖော်ဝါရီလ (၂၇-၂၈) နှစ်ရက်တိုင်တိုင် ကြီးကျယ်ခမ်းနားစွာ ဆင်ယင်ကျင်းပခဲ့ပါတယ်။ မိဂဒါဝုန်ကျောင်း ဆရာတော်ဦးဝဏ္ဏဓဇမှာလည်း မနားရအောင် အလုပ်တွေများတဲ့ကြားထဲက ပီတိအပြုံးတွေ တဝေဝေဖြစ်နေတာကို တွေ့ရတယ်။ လူတစ်ဦးတစ်ယောက်ရဲ့ သက်တမ်းကာလမှာ ရာပြည့်ပွဲဆင်နွှဲခွင့်ရဖို့ဆိုတာ လွန်စွာခက်ခဲတာမို့ ကြည်နူးပီတိ ဖြစ်မယ်ဆိုရင်လည်း ဖြစ်စရာပါပဲ။

ရာပြည့်ပူဇော်ပွဲ ဆင်နွှဲခွင့်ရတဲ့ကာယကံရှင်ကို မဆိုထားနှင့် အခြားသောသံဃာတော်နှင့် ဧည့်ပရိသတ်များ၏ ရင်ထဲမှာ ပီတိလှိုင်းများ ထန်နေကြတာကို မျက်နှာမှတစ်ဆင့် တွေ့မြင်နေရတယ်။ ကြည်နူးပီတိပြုံးတွေနဲ့ ရာပြည့်ပူဇော်ပွဲ အခမ်းအနားကို မအား. မနားရအောင် လုပ်နေကြတဲ့ဆရာတော်ရဲ့တပည့်ပရိသတ်တွေကိုလည်း တွေ့နေရတယ်။ ဆရာတော်ရဲ့အနီး နေတပည့်များဖြစ်ကြတဲ့ ဒေါက်တာရာဇိန္ဒ၊ ဦးဉာဏဗလ၊ ဦးယသ၊ ဦးပညာစက္ကနှင့် ရဟန်းပရိသတ်များ၊ ဒေါ်သဇင်မြင့် အောင် သမီး ပိုမိုမြင့်အောင် (အောင်ချမ်းသာဘုရားဖူးပို့ဆောင်ရေးအဖွဲ့)၊ ဒေါ်လှဲ့လှဲ့အေး (မန္တလာမေကားအသင်း)၊ ဒေါ်သီသီဝင်း (မန္တလေး)၊ အမေရိကန်မှ ဦးတင်ထွန်းတို့အဖွဲ့၊ နီပေါမှ

**သမိုင်းဆိုတာ အတိတ်က ဖြစ်သန်းလှုပ်ရှား လုပ်ဆောင်ခဲ့ကြတဲ့ အကြောင်းအရာကို မျက်မှောက်ခေတ်လူတို့က လေ့လာဆန်းစစ် ဝေဖန်ပိုင်းခြားပြီး ကောင်း, မကောင်း၊ သင့်, မသင့်၊ တော်, မတော်၊ တန်ဖိုးမဲ့, တန်ဖိုးရှိ ထုဆစ်ပိုင်းခြား မှတ်တမ်းတင်တဲ့သဘောပါ။**



သီလရှင်ဆရာလေးများ အဖွဲ့ဆိုခဲ့တဲ့ ပုဂ္ဂိုလ်အသီးသီးတို့ဟာ အနားမနေ ရလောက်အောင် အလုပ်တာဝန်တွေကို မနားတမ်း လှုပ်ရှားဆောင်ရွက်နေကြရတယ်။ ဒေါ်သဇင်မြင့်အောင် ဆိုရင် အခမ်းအနားပြင်ဆင်ရေးဘက်ပြေးလိုက်၊ ဧည့်ခံကြိုဆို ရေးဘက် သွားလိုက်၊ မီးဖိုချောင်ဝင်လိုက်နဲ့ ချွေးတလုံးလုံး ဖြစ်နေတာကို တွေ့ရတယ်။

မိဂဒါဝုန်မြန်မာကျောင်းရာပြည့်ပူဇော်ပွဲကို ဘယ်ခေတ် ဘယ်အခါက ဘယ်ပုဂ္ဂိုလ်တွေ ဦးဆောင်ပြီး ဘယ်လိုခမ်းနား သိုက်မြိုက်စွာ ကျင်းပခဲ့တယ်ဆိုတာကို နောင်ခေတ်လူများ မှတ်သားနိုင်ဖို့အတွက် အထိမ်းအမှတ်စာအုပ်စာတမ်းတွေ ထုတ်ဝေခဲ့တာမို့ သမိုင်းရာဇဝင်မှာ ဖျက်မရတဲ့ ကဗျည်းအဖြစ် ထာဝရမှတ်တမ်းတင်ကျန်ခဲ့တော့မှာပါ။

သမိုင်းဆိုတာ အတိတ်က ဖြတ်သန်းလှုပ်ရှားလုပ်ဆောင်ခဲ့ကြတဲ့အကြောင်းအရာကို မျက်မှောက်ခေတ်လူတို့က လေ့လာဆန်းစစ် ဝေဖန်ပိုင်းခြားပြီး ကောင်း.မကောင်း၊ သင့်.မသင့်၊ တော်.မတော်၊ တန်ဖိုးမဲ့.တန်ဖိုးရှိ ထုဆစ်ပိုင်းခြား မှတ်တမ်းတင်တဲ့သဘောပါ။ ဒါကြောင့် သမိုင်းမှာ ကောင်းတာတွေ မှတ်တမ်းတင်ခဲ့ချင်ရင် ကောင်းတာမှန်တာတွေကို ရွေးချယ် လုပ်ဆောင်သွားကြဖို့ လိုအပ်ပါတယ်။ သို့မဟုတ် သမိုင်းတင်ခံထိုက်သူတွေဖြစ်အောင် လုပ်ပြသွားဖို့ လိုအပ်ပါတယ်။ သမိုင်းတင်ခံရသူဆိုတဲ့နေရာမှာလည်း ဒေဝဒတ်၊ အဇာတသတ်တို့လို အဆိုးနဲ့ သမိုင်း တင်ခံရသူတွေ မဟုတ်ဘဲ အရှင်အာနန္ဒာ၊ အသောက၊ ဒုဋ္ဌဂါမဏိ၊ အနော်ရထာတို့လို အကောင်းနဲ့သမိုင်းတင်ခံရသူတွေဖြစ်ဖို့လည်း လိုအပ်ပါတယ်။ မိမိတို့ရဲ့ ပစ္စုပ္ပန် လုပ်ဆောင်ချက်တွေဟာ အနာဂတ်အတွက် သမိုင်းဖြစ်စေမှာမို့ ပစ္စုပ္ပန်လုပ်ဆောင်ချက်တွေ ကောင်းမှ သမိုင်းကြောင်း ကောင်းမှာဖြစ်ပါတယ်။

မိဂဒါဝုန်မြန်မာကျောင်း၏ ယခင်ဆရာတော်များနှင့် ယခုလက်ရှိဆရာတော် ဦးဝဏ္ဏဓဇတို့ဟာ မိမိတို့သမိုင်းကြောင်းကို အကောင်းဆုံးလုပ်ဆောင်ချက်တွေနဲ့ ထုဆစ်ပုံဖော်နေကြသူတွေပဲ ဖြစ်ပါတယ်။ ယခင်အတိတ်က ကောင်းတဲ့လုပ်ဆောင်ချက်တွေ လုပ်ခဲ့လို့လည်း ယခုပစ္စက္ခမျက်မှောက်ကာလမှာ ကောင်းခြင်းဂုဏ်တွေနဲ့ ဝိုင်းဝန်းမှတ်ကျောက်တင် အသိအမှတ်ပြုခြင်းခံနေရတာဖြစ်ပါတယ်။ မိဂဒါဝုန်မြန်မာကျောင်းတိုက်တည်ဆရာတော်ကြီးဦးစန္ဒိမဏိဆိုလျှင် မြန်မာတွင်မက၊ ကမ္ဘာကပါ အသိအမှတ်ပြုခြင်းခံရသော ဆရာတော်ကြီးဖြစ်ပါတယ်။ ဗုဒ္ဓသာသနာတော်ကို ကမ္ဘာက သိအောင် လုပ်ပြခဲ့တဲ့ တကယ့်အာဇာနည်ဆရာတော်ကြီးပါ။

ယခုလက်ရှိ မိဂဒါဝုန်မြန်မာကျောင်းဆရာတော် ဦးဝဏ္ဏဓဇဆိုလျှင်လည်း ဘမျိုးဘိုးတူဆိုရလောက်အောင် ဗုဒ္ဓသာသနာတော် တည်တံ့ခိုင်မြဲရေးအတွက် ဖွဲ လုံ့လ ဝီရိယ ပြင်းပြင်းထန်ထန်နဲ့ အားသွန်ကြိုးပမ်းထမ်းရွက်နေတာကို တွေ့ရတယ်။ အဲဒီလို သာသနာတော်ဆိုင်ရာ အလုပ်တွေကို ပြည်ပတိုင်းနိုင်ငံမှာ စွမ်းစွမ်းတမံ ဆောင်ရွက်နေခြင်းကြောင့်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမှ "မဟာသဒ္ဓမ္မ ဇောတိကဓဇ" ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းခဲ့သလို ယခုတစ်ဖန် ၂၀၀၈ ဇန်နဝါရီလ လွတ်လပ်ရေးနေ့တွင်လည်း သာသနာပြုဆိုင်ရာ အမြင့်ဆုံးဘွဲ့တံဆိပ်ဖြစ်သော "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်ဖြင့် ဂုဏ်ပြုဆက်ကပ်လှူဒါန်းခဲ့ပြန်ပါတယ်။

ယခုလိုမိဂဒါဝုန်မြန်မာကျောင်း နှစ်တစ်ရာပြည့်ပူဇော်ပွဲနှင့် တိုက်ဆိုင်စွာပင် မိဂဒါဝုန်ဆရာတော်အား "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းခံရခြင်းသည် အောင်ပွဲနှစ်ခုထပ်ဂုဏ်အမြတ်တို့ပေါင်းဆုံကြုံကြိုက်ခြင်းဟုပင်ဆိုရမှာ ဖြစ်ပါတယ်။ ဤကဲ့သို့ မိဂဒါဝုန်ရာပြည့်ပူဇော်ပွဲ ဆင်နွှဲသည့်နှစ်တွင်မှ ဆရာတော်အား သာသနာပြုဆိုင်ရာ အမြင့်ဆုံးဘွဲ့တံဆိပ် "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်နိုင်ငံတော်အစိုးရမှ ဆက်ကပ်လာသဖြင့် တပည့်ဒကာ၊ ဒကာမ

**ရာပြည့်အောင်ပွဲနှင့် ဂုဏာပူဇာသဘင်က မိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇရဲ့ ဂါရဝ, နိဝါတ ကိုယ်အမူအရာ, နှုတ်အမူအရာ သိမ်မွေ့ယဉ်ကျေးမှု၊ တာဝန်ဝတ္တရားကျေပွန်မှု၊ ခန္တီ, မေတ္တာ, စေတနာ ပြည့်ဝမှုတို့ကြောင့် သံဃာ့ပရိသတ်, လူတပည့်ဒကာ,ဒကာမများ ပရိသတ်တို့နဲ့ အထူးစည်ကားလှပါတယ်။**

များစွာတို့မှလည်း လွန်စွာကြည်နူးဝမ်းသာဖြစ်ကြရပါတယ်။

ကြည်နူးဝမ်းသာဖြစ်ခဲ့ကြရသည့် အတိုင်းလည်း မင်္ဂလာ တရားတော်နှင့်အညီဖြစ်သော ပူဇော်သင့် ပူဇော်ထိုက်သူကို ပူဇော်ဂုဏ်ပြုခြင်း မင်္ဂလာဆင်ယင်ကျင်းပရန် စီစဉ်ကြပါတယ်။ ပူဇော်ဂုဏ်ပြုပွဲမင်္ဂလာကိုလည်း မိဂဒါဝုန်ရာပြည့်အောင်ပွဲကော "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်ဂုဏ်ပြုပွဲပါ နှစ်ခုလုံး ပူးတွဲဆင်ယင်ကျင်းပဖို့ စီစဉ်ကြပါတယ်။ ရက်ကိုလည်း ၂၀၀၈-ဒီဇင်ဘာလ(၇)ရက်မှာ ကျင်းပဖို့နဲ့နေရာကိုတော့ "သာသနာ့တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ" မှာ ကျင်းပဖို့ ဆုံးဖြတ်ကြပါတယ်။

ပူဇော်ဂုဏ်ပြုပွဲ အခမ်းအနားမှာလည်း နိုင်ငံတော်သံဃာ့မဟာနာယကဆရာတော်ကြီးများ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်ဆရာတော်ကြီးများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော်နှင့် စာသင်တိုက်ကြီးများမှ ပဓာနနာယက စာချဆရာတော်များ ကြွရောက်ချီးမြှင့်ကြတာကို တွေ့ရပါတယ်။

ရာပြည့်အောင်ပွဲနှင့် ဂုဏ်ပူဇာသဘင်က မိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇရဲ့ ဂါရဝ, နိဝါတ ကိုယ်အမူအရာ, နှုတ်အမူအရာ သိမ်မွေ့ယဉ်ကျေးမှု၊ တာဝန်ဝတ္တရားကျေပွန်မှု၊ ခန္တီ, မေတ္တာ, စေတနာ ပြည့်ဝမှုတို့ကြောင့် သံဃာ့ပရိသတ်,လူတပည့်ဒကာ,ဒကာမများ ပရိသတ်တို့နဲ့ အထူးစည်ကားလှပါတယ်။ မဇ္ဈိမဒေသကို ရောက်ဖူးကြတဲ့ တပည့်ဒကာ, ဒကာမများအနေနဲ့ လည်းဂုဏ်ကျေးဇူးသိတတ်စွာပဲ မဖြစ်မနေ လာရောက်ပူဇော်ခဲ့ကြတာကို တွေ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် ဆရာဒကာညီညာစွာ လက်တွဲ





**မည်မျှပင်ပန်းနွမ်းနယ်ပါစေ ကုသိုလ်ရေးဖြစ်တာမို့ မမောနိုင်မပန်းနိုင်ဘဲ အပြုံးတွေ တဝေဝေနဲ့ ဖြစ်နေတာကို မြင်ရတွေ့ရသူ ဘဝင်နှလုံးမှာ ရွှင်ပြုံးကြည်နူးစေရပါတယ်။**

ဆောင်ရွက်ကြတာကြောင့် ရာပြည့်အောင်ပွဲနှင့် ဂုဏ်ပူဇော်ပွဲသဘင်ဟာအံ့သြစရာကောင်းလောက်အောင် စည်ကားသိုက်မြိုက်တာကို တွေ့ရတယ်။

အခုကျင်းပတဲ့ရာပြည့်အောင်ပွဲနှင့် ဂုဏ်ပွဲသဘင်မှာလည်း အောင်ချမ်းသာဘုရားဖူးပို့ဆောင်ရေးမှ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဒေါ်သဇင်မြင့်အောင်နှင့်သမီးဖြစ်သူ မပိုမိုမြင့်အောင်တို့ သားအမိခများမှာ ပူဇော်ပွဲမတိုင်မီထဲက ကြိုတင်ပြင်ဆင်ရတာတွေ ဖိတ်စာရိုက် ဖိတ်စာဝေရတာတွေ၊ နေရာရွေးချယ်ရတာတွေ၊ အကျွေးအမွေးစီစဉ်ရတာတွေ၊ ဧည့်ခံကြိုဆိုရတာတွေနဲ့ အားချိန်နားချိန် မရှိလောက်အောင် ဖြစ်နေကြတာကို တွေ့ရတယ်။ မည်မျှပင်ပန်းနွမ်းနယ်ပါစေ ကုသိုလ်ရေးဖြစ်တာမို့မမောနိုင်မပန်းနိုင်ဘဲ အပြုံးတွေ တဝေဝေနဲ့ ဖြစ်နေတာကိုမြင်ရတွေ့ရသူ ဘဝင်နှလုံးမှာ ရွှင်ပြုံးကြည်နူးစေရပါတယ်။

မည်သို့ဆိုစေ ကြံ့ခဲ့သောရာပြည့်အောင်ပွဲနှင့် ရခဲသော "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဂုဏ်ပြုပူဇော်ပွဲကို ထူးခြားတိုက်ဆိုင်စွာ ဂုဏ်ပြုပူဇော်ပွဲကျင်းပပြုလုပ်ခွင့်ရသောကြောင့် တပည့်သံဃာပရိသတ်၊ လူဒကာ ဒကာမပရိတ်သတ်တို့အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူမဆုံး ဖြစ်နေမည်မှာကား ဧကန်မလွဲဖြစ်ပါကြောင်း ...။

"မိဂဒါဝုန် ဘေးရန်လုံ
ဖုံဖုံဒုက္ခဝေးပါစေ"

ရဝေဦး(ကျွန်းလှ)

# အိန္ဒိယနိုင်ငံ မိဂဒါဝုန်မြန်မာကျောင်း ရာပြည့်အောင်ပွဲ

**တင်ထွန်း**
**ဗိသုကာ၊ U.S.A**



လူသားများအတွက် နှစ်ပေါင်းတစ်ရာ အချိန်ကာလ ကုန်လွန်သွားရခြင်းကား အဖိုးမဖြတ်နိုင်သော အရေးကြီးသည့် ကိစ္စရပ်ကြီးတစ်ခုဖြစ်ပေသည်။ ထိုနည်းတူ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသရှိ မိဂဒါဝုန်မြန်မာကျောင်းတိုက် အနှစ်တစ်ရာပြည့်ပွဲတော် ကျင်းပပြုလုပ်သည်နှင့် ကြုံကြိုက်ခွင့်ရဖို့မှာလည်း အဖိုးမဖြတ်နိုင်သည့် ခဲယဉ်းသော သမိုင်းဝင် ကိစ္စရပ်ကြီးတစ်ခု ဖြစ်နေပေတော့သည်။ မိဂဒါဝုန်မြန်မာ ကျောင်းတိုက်သည် မြတ်ဗုဒ္ဓ ဓမ္မစကြာတရားဦးကို ဟောကြားတော်မူခဲ့သည့် သစ္စာတရား စတင်ပေါ်ထွန်းရာ သစ္စာဘူမိ သစ္စာနယ်မြေနှင့် တဆက်တည်းတည် ရှိ နေ သည့် အပြင် ကောဏ္ဍည အမှူးပြုသော ပဥ္စဝဂ္ဂီငါးဦးတို့ ပထမဆုံး ရဟန်းအဖြစ်သို့ ရောက်ပြီး



ရဟန္တာများ ပေါ်ထွန်းရာဒေသဖြစ်သည့်အတွက်ရတနာသုံးပါး စတင်ပေါ်ထွန်းရာ အရပ်ဒေသတွင် တည်ရှိနေသော မြန်မာကျောင်းတိုက်ဖြစ်သည်။ ထို့အပြင် မြတ်ဗုဒ္ဓသည် ပထမဆုံးသောဝါကို ထိုသစ္စာနယ်မြေတွင်ပင် ဝါကပ်တော်မူခဲ့ပြီး သီတင်းကျွတ်သောအခါ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာ ဤမိဂဒါဝုန်တောမှပင် ခြောက်ကျိပ်သော ရဟန္တာအရှင်မြတ်တို့ကို နေရာဒေသအသီးသီးသို့ သာသနာပြု စေလွှတ်တော်မူခဲ့ပြန်သည်။ ယခုကဲ့သို့သော အရေးကြီးသည့် သာသနာ့သမိုင်းဝင်ကိစ္စရပ်များ စတင်ဖြစ်ထွန်း ပေါ်ပေါက်ခဲ့သည့် သစ္စာနယ်မြေဒေသရှိ မြန်မာကျောင်းတိုက်၏ အနှစ်တစ်ရာပြည့်ပွဲတော်ဆိုတော့ မည်မျှတန်ဖိုးရှိသော သမိုင်းဝင်ကိစ္စရပ်ကြီးဖြစ်သည်ကို စာဖတ်ပရိသတ်များ စဉ်းစားကြည့်ကြစေလိုပါသည်။ ဤကဲ့သို့သော ထူးခြားသည့် မိဂဒါဝုန်မြန်မာကျောင်းတိုက် အနှစ်တစ်ရာပြည့်ပွဲတော်အတွက် လုံးဝမမျှော်လင့်ဘဲ စာရေးသူ အနေဖြင့် ကူညီဆောင်ရွက်ပေးခွင့်နှင့် ပါဝင်ဆင်နွှဲခွင့် ရရှိခဲ့သဖြင့် ပဋိစ္စသမုပ္ပါဒ် ဟူသော အကြောင်းအကျိုးတရားသည်ကား အင်မတန်ဆန်းကြယ်လှသည်ကို သိရှိနားလည်ခွင့် ရပေတော့သည်။

ရာပြည့် ပွဲတော်အတွက်ပါဝင်ကူညီဆောင်ရွက်ခွင့်ရခြင်း အကြောင်းတရားသည်ကား စာရေးသူ စင်ကာပူတွင် နေထိုင်အလုပ်လုပ်နေစဉ်အခါဝယ် ၁၉၈၉ ခုနှစ်တွင် မိသားစုနှင့်အတူ သံဝေဇနီယလေးဌာနသို့ ဘုရားဖူး သွားရောက်ခဲ့ရာ၊ မိဂဒါဝုန် ဆရာတော် ဦးဝဏ္ဏာဓဇနှင့် ပထမဆုံးအကြိမ် ဖူးတွေ့သိရှိခွင့်ရခဲ့သည်။ ၎င်းနောက်ပိုင်းတွင် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံခွင့်မရသော်ငြားလည်း စာဖြင့်

သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ အဆက်အသွယ်ပြုလုပ်ခွင့် ရခဲ့ပေသည်။

အကျိုးတရားရလဒ်မှာကား ၂၀၀၇ ခုနှစ် ဖွန်လ ပထမအပတ်တွင် ဆရာတော်ဦးဝဏ္ဏဓဇနှင့် ကာလီဖိုးနီးယားပြည်နယ် နော်ဝေါက်မြို့ရှိ ဆရာတော်ဦးသဇ္ဈ၏ကျောင်း၌ ပြန်လည်တွေ့ဆုံရာတွင် မိဂဒါဝုန်မြန်မာကျောင်းတိုက် အနှစ်တစ်ရာပြည့်ပွဲတော်ကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် ပြုလုပ်ကျင်းပမည်ဖြစ်ရာ အထူးထုတ်မဂ္ဂဇင်း ရိုက်နှိပ်ထုတ်ဝေနိုင်အောင် ကူညီ ဆောင်ရွက်ပေးရန် မိန့်တော်မူသည်။

နှစ်ပေါင်းများစွာ လူချင်းတွေ့ဆုံခွင့်မရခဲ့သော ဆရာတော်ကြီးတစ်ပါးက စာရေးသူအား သမိုင်းဝင်မည့် လုပ်ငန်းရပ်ကြီးတစ်ခုကို ဆောင်ရွက်ရန် တာဝန်ပေးအပ်သည့်အတွက် ဝမ်းသာစွာဖြင့် ဘာကိုမျှမစဉ်းစားဘဲ ချက်ချင်းပင် ဆောင်ရွက်ပေးမည့်အကြောင်းကတိပြုလိုက်သည်။ စိတ်ကူးစဉ်းစားဖို့ နေနေသာသာ လုံးဝမမျှော်လင့်သော ကြုံကြိုက်ရန် ခဲယဉ်းသည့် သမိုင်းပေးတာဝန်ကြီးကို ဆောင်ရွက်ပေးရမည့်အတွက် ပီတိ သောမနဿတွေဖြစ်၍ နေပေတော့သည်။ ထို့နောက် ရာပြည့်ပွဲပြုလုပ် ကျင်းပမည့်ရက်ကို ပြန်လည်တွက်စကြည့်သောအခါ (၈)လမျှသာ ကျန်ရှိတော့သည့်အတွက် စိုးရိမ်ပူပန်ခြင်း ဖြစ်ရပြန်တော့သည်။

ကြီးကျယ်သောသမိုင်းပေးတာဝန်ကို ဤမျှလောက်တိုတောင်းသော အချိန်အတွင်း ကောင်းမွန်အောင်မြင်စွာ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ဆရာတော်အမိန့်ရှိပြီးနောက် အင်တိုက်အားတိုက် မရပ်မနားတွေးတောကြံဆ စဉ်းစားစီမံဆက်သွယ် ဆောင်ရွက်ရပေတော့သည်။

**သီတဂူဆရာတော်၏ အကြံဉာဏ်နှင့် အကူအညီရရှိခြင်း၊**

ထူးဆန်းသော တိုက်ဆိုင်မှုတစ်ရပ်မှာ မိဂဒါဝုန် ဆရာတော် ဦးဝဏ္ဏဓဇသည် နယူးယောက်မြို့တွင် ဝါဆိုခြင်းနှင့် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ အမေရိကတွင် ရှိနေခြင်းတို့ပင်ဖြစ်သည်။ ဆရာတော်ဦးဝဏ္ဏဓဇက ရာပြည့်ပွဲကို စံနစ်တကျပြုလုပ်လိုသဖြင့် သီတဂူ ဆရာတော်ထံမှ အကြံဉာဏ်နှင့်အကူအညီတောင်းခံရာတွင် သီတဂူဆရာတော် အကြံပြုသည့်အလျောက် ကဏ္ဍအ၁၀ ပါဝင်သော ရာပြည့်ပွဲတော် စီစဉ်ကျင်းပ ပြုလုပ်ဆောင်ရွက်ခွင့်ရခဲ့ပေသည်။ သီတဂူဆရာတော်သည် ဓမ္မစာအုပ်များကို အင်္ဂလိပ်ဘာသာဖြင့် ရိုက်နှိပ်ထုတ်ဝေပြီး ဓမ္မဒါနပြုသော



Triple Gen Publications အဖွဲ့၏ဩဝါဒစရိယ ဆရာတော် တစ်ပါးဖြစ်ရာ၊ အမေရိက၊ အင်္ဂလန်၊ ကနေဒါ၊ ဩစတြေး လျှနှင့် စင်္ကာပူနိုင်ငံရှိ အဖွဲ့ဝင် တပည့်များနှင့် အိန္ဒိယနှင့် ထိုင်းရှိ ရင်းနှီးသောတပည့်များ ကပါ ပါဝင်ကူညီဆောင်ရွက် ပေးကြသည်။

ထို့ကြောင့် သီတဂူ ဆရာတော်၏ ဦးဆောင် အကြံ ပြုချက်အရ သမိုင်းဝင်ရာပြည့် ပွဲတော်ကြီး အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ကော်မတီများကို စံနစ်တကျ ဖွဲ့စည်း၍တာဝန်အသီးသီး ခွဲဝေ ဆောင်ရွက်စေသည်။ ပွဲတော် ကျင်းပရေး ဗဟိုကော်မတီနှင့် မဂ္ဂဇင်းကော်မတီ တို့တွင် အတွင်းရေးမှူးအဖြစ် ဖြင့် စာရေးသူက တာဝန်ယူ ဆောင် ရွက်ပေးရသည့်အပြင် ဓါတ်ပုံ နှင့်ဗီဒီယိုပြခန်း ကော်မတီတွင် လည်း တာဝန်ယူဆောင်ရွက် ပေးရသည်။

သီတဂူဆရာတော်နှင့် ဆရာတော် ဦးဝဏ္ဏဓဇတို့ အမေရိကတွင် ရောက်ရှိနေ သည်ကတစ်ကြောင်း၊ Email ဖြင့် ဆက်သွယ်ဆောင်ရွက် နိုင်ခြင်းကြောင့် ရာပြည့်ပွဲတော် ပြင်ဆင်ကျင်းပရေးကိစ္စအဝဝ တို့ကို အလျင်အမြန် တင်ပြ ဆွေးနွေးနိုင်ခြင်း၊ ဆုံးဖြတ် အတည်ပြုချက်များကို တို တောင်းသောအချိန်အတွင်း ရယူနိုင်ခြင်းတို့ကြောင့် ယခုလို တိုတောင်းသော အချိန်ကာလ အတွင်း လုပ်ငန်းကိစ္စများကို အချိန်မှီဆောင်ရွက်နိုင်ခဲ့ပေ သည်။ အဓိကတာဝန်ယူ ဆောင်ရွက်ပေးရသည်မှာ (၁) ရာပြည့်ပွဲ အထူးထုတ်မဂ္ဂဇင်း စီစဉ်ရိုက်နှိပ်ထုတ်ဝေဖြန့်ဖြူး ခြင်း၊ (၂)ဓါတ်ပုံနှင့် ဗီဒီယိုပြခန်း ပြင်ဆင်ခင်းကျင်းပြသခြင်းနှင့် (၃)ရာပြည့်ပွဲ အထိမ်းအမှတ် ကျောက်စာတိုင် ဒီဇိုင်းပုံစံ ရေးဆွဲပေးရခြင်းတို့ဖြစ်သည်။"

**ကြိုတင်ပြင်ဆင်ဆောင်ရွက်ချက်များ**

ယခုလို သမိုင်းဝင် ရာပြည့်ပွဲတော် အထူးထုတ် မဂ္ဂဇင်းကို အဆင့်တန်းမြင့်မြင့် စီစဉ်ရေးသားရိုက်နှိပ်ထုတ်ဝေ နိုင်ရေးအတွက် အထောက် အကူပြုမည့် ကိစ္စများဖြစ်သော မိဂဒါဝုန်မြန်မာကျောင်းတိုက် တံဆိပ်အသစ် တီထွင်ရေးဆွဲ



စီစဉ်ပေးရခြင်း၊ သဝဏ်လွှာများကို အစိုးရအရာရှိများနှင့် ဘာသာရေးခေါင်းဆောင်များထံမှ တောင်းခံရာတွင်လည်းကောင်း၊ အစိုးရဌာနရုံးများနှင့် ဆက်သွယ်ရာတွင်လည်းကောင်း၊ လိုအပ်သောကျောင်းတိုက်တံဆိပ်၊ အမည် လိပ်စာ စသည်များ ပါရှိသော စာရေး စက္ကူများနှင့် ဆရာတော်ဦးဝဏ္ဏဓဇလုပ်မည့် အကြောင်းကို ကမ္ဘာတဝှမ်းလုံးရှိ မြန်မာများနှင့် အခြားဗုဒ္ဓဘာသာဝင်များ သိရှိ ပါဝင်ခွင့်ရစေရန်အလို့ငှာ အင်္ဂလိပ်၊ မြန်မာ ဘာသာနှစ်ရပ်ဖြင့် လက်ကမ်းကြော်ငြာလွှာများ စီစဉ်ပြုလုပ်ပေးရသည်။ ထိုလက်ကမ်းကြော်ငြာလွှာများကို Email ဖြင့်လည်းကောင်း၊ စာတိုက်မှလည်းကောင်း၊ လက်ဆင့် ပေးကမ်းခြင်းအားဖြင့်လည်းကောင်း၊ နည်းအမျိုးမျိုး အသုံးပြု၍ ဖြန့်ဝေပေးရသည်။

သမိုင်းဝင် ရာပြည့်ပွဲတော်အထူးထုတ်မဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြနိုင်ရန်အတွက် အစိုးရအရာရှိများနှင့် ဘာသာရေးခေါင်းဆောင်များထံမှ သဝဏ်လွှာများကို တောင်းခံရခြင်း၊ မဇ္ဈိမဒေသရှိ မြန်မာကျောင်းတိုက်များ ရာဇဝင်နှင့် စတင်တည်ထောင်သော ဆရာတော်များနှင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသော ဆရာတော်တို့၏ ထေရုပ္ပတ္တိများကို တိကျမှန်ကန်စွာရရှိရေး၊ ရှားပါးဓါတ်ပုံများ၊ ကျောင်းနှင့်မြို့ မြေပုံများ၊ ဆောင်းပါးများ စသည်များကို စုံစုံလင်လင် အချိန်မီရရှိအောင် နည်းအမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးကြားထဲမှ ဆောင်ရွက်ရသည်။ မြန်မာ-အင်္ဂလိပ် ဘာသာနှစ်ရပ်ဖြင့် စီစဉ်ရေးသားဖော်ပြသည့်အတွက် ဘာသာပြန်ကိစ္စများကို အချိန်လုပြီး ဆောင်ရွက်ရပြန်သည်။

ဤမျှများမြောင်သော စာပေအကြောင်းအရာ ဆောင်းပါးဓါတ်ပုံပန်းချီနှင့် မြေပုံများကို စံနစ်တကျ စီမံဖော်ပြနိုင်ရေးအတွက် ဓမ္မမိတ်ဆွေဖြစ်သူ Henry Kao ၏ ကူညီဆောင်ရွက်ပေးမှုဖြင့် မဂ္ဂဇင်းအပြင်အဆင် အထားအသိုကအစ၊ မျက်နှာဖုံးဒီဇိုင်းနှင့် မြန်မာ-အင်္ဂလိပ်စာများအားလုံးကို တစ်ဦးတစ်ယောက်တည်း ရိုက်နှိပ်စီစဉ်ဆောင်ရွက်ရသည်။ ရိုက်ပြီးစာများကို ပြန်လည်စီစစ် ဖတ်ရှုပြင်ဆင် ရိုက်နှိပ်ပြီးသကာလ CD ထဲ ကူးယူထည့်သွင်းပြီးနောက်မလေးရှားတွင် အုပ်ရေ (၁၀၀၀) ရိုက်နှိပ်ခဲ့သည်။ ရိုက်နှိပ်ပြီး မဂ္ဂဇင်းများကို ရာပြည့်ပွဲတော် အမီရောက်ရှိအောင် FedEx ဖြင့် စရိတ်စခများစွာ အကုန်အကျခံ၍ ပို့ခဲ့ရသည်။

အထူးထုတ်မဂ္ဂဇင်းကို မလေးရှားတွင် ရိုက်နှိပ်နေစဉ်က Henry Kao နှင့် စာရေးသူတို့သည် ဓါတ်ပုံနှင့် ဗီဒီယိုပြခန်းအတွက် လိုအပ်သောဓါတ်ပုံနှင့် ဗီဒီယို CD များကို ရှာဖွေစုဆောင်းရသည်။ ၈ ပေ × ၄ပေ အရွယ်အစား သုံးထပ်သား (၁၄)ချပ်ကို အသုံးပြုပြီး ဓါတ်ပုံများကို ရှုဖွယ်ကောင်းအောင် ပြသနိုင်ရေးအတွက် ဒီဇိုင်းရေးဆွဲ စီမံဆောင်ရွက်ရပြန်သည်။ ထို့နောက် လိုအပ်သော ဓါတ်ပုံအရွယ်အစား အမျိုးမျိုးတို့ကို ကူးယူရသည်။

## အိန္ဒိယသို့ စတင်ခရီးထွက်ခဲ့ခြင်း

ဤကဲ့သို့သောကြိုတင်ပြင်ဆင်မှုအဝဝတို့ကို စီစဉ်ဆောင်ရွက်ပြီးနောက် ပြပွဲအတွက် လိုအပ်သောပစ္စည်းများနှင့်တကွ စာရေးသူနှင့် ဇနီးခင်သန်းအေး၊ Henry Kao

နှင့် ဇနီးနှင့်အဖွဲ့သည် လော့(စ်) အိန်ဂျလစ်(စ်)မှ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ (၇)ရက်နေ့တွင် လေယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး၊ ဘုံဘေ၊ ဓမ္မဂီရိ၊ စံချီမှတဆင့် မိဂဒါဝုန်သို့ ရောက်ရှိခဲ့သည်။

ဆရာတော်ဦးဝဏ္ဏဝေ နှင့် ဓါတ်ပုံနှင့်ဗီဒီယို ပြခန်း ဆောက်လုပ်မည့်နေရာကို စစ်ဆေးကြည့်ရှုပြီး မြေနေရာ အနေအထားနှင့် ပိုမိုဆီလျော်အောင် ပြခန်းပုံစံကို ပြုပြင်ရသည်။ ပြခန်းဆောက်လုပ်ရန် အလုပ်သမားများအားရှင်းလင်းပြောပြရခြင်း၊ ပြခန်းအတွက် လိုအပ်သောပစ္စည်းများ ရှာဖွေဝယ်ယူခြင်း၊ အဆင်မပြေသော ပစ္စည်းများကိုဆက်လက်ရှာဖွေနိုင်ရန် စီစဉ်ပြီးနောက်၊ စာရေးသူနှင့်အဖွဲ့သည် ဆရာတော် ဦးဝဏ္ဏဝေ စီစဉ်ပေးသောကားဖြင့် ဆရာတော် ဒေါက်တာ ရာဇိန္ဒနှင့်အတူ သံဝေဇနီယ လေးဌာနသို့ (၉)ရက်ဘုရားဖူး သွားရောက်ကြသည်။ ဘုရားဖူးမှ မိဂဒါဝုန်သို့ ပြန်ရောက်သောအခါ ဓါတ်ပုံပြခန်း ဆောက်လုပ်ပြီးစီးလုနီးပါးဖြစ်သည်။

## မိဂဒါဝုန်၌ ဓါတ်ပုံပြခန်း ပြင်ဆင်ရခြင်း

အမေရိကာမှယူဆောင်ခဲ့သောဓါတ်ပုံနှင့် ခေါင်းစဉ်းစာတမ်းများကို ၈ပေ × ၄ပေ အထပ်သားများတွင် သက်ဆိုင်ရာ ကဏ္ဍအလိုက် ကြိုတင်စီမံထားသည့်အတိုင်း စံနစ်တကျ ကပ်ရသည်။ အထပ်သား (၁၄) ချပ်တွင် ခေါင်းစည်းစာတမ်းများ ဖော်ပြထားသည့်အတိုင်း အကြောင်းအရာအမျိုးမျိုးတို့ကို ဓါတ်ပုံအရွယ်အစား အမျိုးမျိုးဖြင့် စိတ်ပါဝင်စားအောင် ပြသထားသည့်အတွက် ရာပြည့်ပွဲတော်သို့ လာကြသော ရဟန်းသံဃာတော်များနှင့် ဧည့်သည်များ ကြိုက်နှစ်သက်ကြောင်း သိခွင့်ရသည်။

## ရာပြည့်ပွဲတော်အကြိုနေ့

ရာပြည့်ပွဲတော် ကျင်းပပြုလုပ်ရန်အတွက် ပြင်ဆင်ဆောင်ရွက်နေသော ကိစ္စအားလုံးကား ရာပြည့်ပွဲတော် အကြိုနေ့ဖြစ်သည့် ဖေဖော်ဝါရီလ(၂၇)နေ့တွင် အပြီးသတ်ကြရမည်ဖြစ်သည်။ စာရေးသူတာဝန်ယူထားသော ရာပြည့်ပွဲတော် အထူး ထုတ်မဂ္ဂဇင်းများသည် မလေးရှားမှ ကြိုတင်ပို့ထားသဖြင့် ရောက်ရှိ၍နေပြီ။ ဓါတ်ပုံနှင့် ဗီဒီယို ပြခန်းလည်း အဆင်သင့် ဖြစ်နေသည်။ ရာပြည့်ပွဲတော် ကျောက်စာတိုင်တွင်လည်း(၄)ဘာသာဖြင့် ကျောက်စာများ ကပ်ပြီးသည့်အတွက်၊ ဆရာတော်ဦးစန္ဒိမာဏိ၏ ရုပ်ထုတော်ကို နေရာတကျ ကျောက်စာတိုင်ပေါ်သို့ အချိန်မှီ တင်လိုက်နိုင်ခဲ့သည်။ ဗဟိုဧည့်ခံမဏ္ဍပ်ကြီးနှင့် ဇာတ်စင်ကို ကျောင်းအဝင်ဝရှိ မြေကွက်လပ်တွင် တစ်နေ့တည်းမှာပင် အပြီးဆောက်လိုက်သည်။ ရဟန်းသံဃာတော်များအတွက် လှူဖွယ်ပစ္စည်းအမျိုးမျိုး၊ ဧည့်သည်များအတွက် အမှတ်တရ ပစ္စည်းများ စသည်တို့သည် မြန်မာပြည်မှ တပည့်များ၏အစီစဉ်အရ ကျောင်းသို့ ရောက်ရှိနေပြီ။

အမေရိက၊ အင်္ဂလန်၊ မြန်မာပြည်နှင့် အိန္ဒိယနိုင်ငံတွင်းမှ ဆရာတော်သံဃာတော်များနှင့် ဧည့်သည်များလည်း ရောက်ရှိနေကြပြီဖြစ်သည်။ ကုသိနာရုံ မြန်မာကျောင်း ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၊ ရန်ကုန်မြို့ ထေရဝါဒသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မာလာဘိဝံသ၊ ဓမ္မာစရိယ တက္ကသိုလ်ကျောင်းတိုက်



ဆရာတော်ဦးသုစိတ္တာဘိဝံသ၊ တရုတ်ကျောင်းဆရာတော် ဒေါက်တာပညာလင်္ကာရ၊ သာဝတ္ထိမြန်မာကျောင်း ဆရာတော် ဦးဩဘာသ၊ အင်္ဂလန်အောက်(စ်)ဖို့မှ ဆရာတော်ဒေါက်တာဓမ္မသာမိ၊ မဂ္ဂဇင်း ကော်မတီဥက္ကဋ္ဌ ဆရာတော်ဦးသဇ္ဇန(အမေရိက)၊ မြန်မာသံအမတ်ကြီး ဦးကြည်သိန်းနှင့်ဇနီး၊ မြန်မာနိုင်ငံ သာသနာရေးဝန်ကြီးဌာန သာသနာထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးမြင့်၊ မင်းသားဦးသိန်းဇော်၊ အဆိုတော်ပိုးအိစံ၊ ဒေါ်သဇင်မြင့်အောင်နှင့် သမီး ဦးဆောင်သော အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့စသော ဧည့်သည်တော်များပါ ရောက်ရှိနေကြသည်။

**ရာပြည့်ပွဲတော်အကြိုနေ့တရားပွဲနှင့် မြန်မာ့ဂီတအနုပညာဖျော်ဖြေပွဲ**

ရာပြည့်ပွဲတော်အတွက် ဧည့်ပရိသတ်များ စုံညီစွာ ရောက်ရှိနေကြရာ ဓါတ်ပုံပြခန်း၌ပင် အကြိုနေ့တရားပွဲ ပြုလုပ်သည်။ ရန်ကုန်မြို့အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ် နာယကချုပ် ဘဒ္ဒန္တ သုစိတ္တာဘိဝံသက တရားချီးမြှင့်ပေးတော်မူသည်။ ဓမ္မကထိက မဟုတ်ဘြားသော်လည်း ဓမ္မကထိကများကဲ့သို့ပင် တရားဟောလွန်စွာကောင်းပေသည်။ ရာပြည့်ပွဲ ပြီးဆုံးသောအခါ ဗဟိုမဏ္ဍပ်၌မင်းသားဦးသိန်းဇော်နှင့် အဆိုကျော် ပိုးအိစံတို့က မြန်မာ့တေးဂီတများဖြင့် ဖျော်ဖြေကြသည်။

**ရာပြည့်ပွဲတော်အခမ်းအနား**

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ(၂၈)ရက်နေ့ နံနက်(၅)နာရီတွင် ကြွရောက်လာကြသော ဆရာတော်သံဃာတော်များသည် ဓါတ်ပုံပြခန်း၌ စုဝေးကြပြီး အဖွဲ့(၇)ဖွဲ့ခွဲ၍ မိဂဒါဝုန်ကျောင်းတွင်းရှိ (၇)ဌာန၌ ဘုရားအနေကဇာ တင်ခြင်းအားဖြင့် နှစ်တစ်ရာပြည့်အောင်ပွဲ အထိမ်းအမှတ် အခမ်းအနားစတင်ကျင်းပပြုလုပ်လိုက်သည်။

ထို့နောက် ဆရာတော်သံဃာတော်များအား အာရုံ

ဆွမ်းကပ်ပြီး၊ ဧည့်သည်များကိုပါ နံနက်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။

နံနက်(၇း၃၀) အချိန်တွင် ဆရာတော်သံဃာတော်များနှင့်တကွ လူပုဂ္ဂိုလ်များပါ ဗဟိုမဏ္ဍပ်အတွင်း၌ စုဝေးနေရာယူကြပြီး "နမောတဿ" အစရှိသော ဘုရားရှိခိုးကို (၃)ကြိမ်ရွတ်ဆို၍ ရာပြည့်ပွဲတော် အခမ်းအနားကြီးကို စတင်ဖွင့် လှစ်လိုက်သည်။ ပဲခူးမြို့ မင်းကျောင်းတိုက်ဆရာတော်ဦးသူရိယက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသည်။ စစ်တွေမြို့ ပုသိမ်ကျောင်းတိုက်ဆရာတော်ဘုရားထံမှ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က သီလခံယူကြသည်။ ၎င်းနောက် မိဂဒါဝုန်မြန်မာကျောင်းတိုက် ဆရာတော်ဦးဝဏ္ဏဓဇ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)မှ နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆရာတော်မိန့်တော်မူ သည်မှာ "ဘုန်းကြီးတို့ရဲ့မိဂဒါဝုန် မြန်မာကျောင်းတိုက်ကိုတည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း(၁၀၀)ပြည့်မြောက်ပြီဖြစ်ရာ ယနေ့ဆိုလျှင် ရာပြည့်အထိမ်းအမှတ် ပွဲတော်ကြီးကိုပင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နေပြီး ဖြစ်ပါတယ်။ ဒီနှစ် (၁၀၀)ပြည့် အထိမ်းအမှတ် ပွဲတော်ကြီးကို စီမံဆောင်ရွက် ခွင့်ရသည့်အတွက် ဘုန်းကြီးအနေဖြင့် အထူးပင် ကံကောင်းလှပါသည်။ ယခုလို ပွဲတော်ကြီး ပြုလုပ်ကျင်းပခွင့် ရခြင်းမှာလည်း ဘုန်းကြီးတို့ရဲ့ကျေးဇူးများဖြစ်တော်မူသော သာသနာ့အာဇာနည် ကမ္ဘာ့သာသနာပြုဆရာတော်ကြီး ဘဒ္ဒန္တစန္ဒမဏိနှင့်တကွ ဆရာတော်ဦးကိတ္တိမ၊ ဆရာတော်ဦးတိက္ခိန္ဒြိယတို့နှင့် ဤကျောင်းတိုက် ထာဝရ တည်တံ့နိုင်ရေးအတွက် ထောက်ပံ့ လှူဒါန်းခဲ့ကြတဲ့ အလှူရှင်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့ရဲ့တန်ဖိုးမဖြတ်နိုင်သော ကျေးဇူးတရားတို့ကြောင့် ဖြစ်ပါတယ်။ အထူးသဖြင့် ကမ္ဘာကျော် ကမ္ဘာ့သာသနာပြု ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒမဏိ ကိုယ်တိုင် တည်ထောင်ခဲ့တဲ့ မိဂဒါဝုန် မြန်မာ ကျောင်းတိုက်ကို ဘုန်းကြီးအနေဖြင့် ထိန်းသိမ်းစောင့်ရှောက် ခွင့်ရတဲ့ အတွက်ရော ယခုလို ရာပြည့် အထိမ်းအမှတ် ပွဲတော်ကြီးကို ဦးစီး ဆောင်ရွက်ခွင့်ရတဲ့ အတွက်ရော အတိုင်းမသိဝမ်းသာဂုဏ်ယူမိပါတယ်။

အနှစ်သာရအားဖြင့် ဘုန်းကြီးတို့ မိဂဒါဝုန်မြန်မာကျောင်းတိုက်ရဲ့နှစ်(၁၀၀)ပြည့် အောင်ပွဲအထိမ်းအမှတ်ပွဲတော်ကြီးဟာဆိုရင် မြန်မာ တစ်မျိုးသားလုံးတို့ရဲ့ သမိုင်းဝင် အောင်ပွဲ အထိမ်းအမှတ်ပင် ဖြစ်ပါသည်။ သူတစ်ပါးတိုင်းပြည်၌ မြန်မာကျောင်းရယ်လို့ ဂုဏ်ယူဝင့်ကြွားစွာ မြန်မာ့ဂုဏ်ဆောင် မိဂဒါဝုန်မြန်မာကျောင်းတိုက်ဖြစ်ပါတယ်" စသဖြင့် မိန့်ကြားတော်မူခဲ့ သည်။

မိဂဒါဝုန် မြန်မာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) က နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် မြန်မာသံအမတ်ကြီး ဦးကြည်သိန်းက ဆက်လက်၍ စကားပြောကြားသည်။

ထို့နောက် ရာပြည့် အထိမ်းအမှတ် ဂုဏ်ပြုဂါထာ၊ တစု၊ ရတု၊ ကဗျာ စသည်တို့ဖြင့် ဂုဏ်ပြုရွတ်ဆိုကြရာ၊ အမေရိကနိုင်ငံမှ ဆရာတော်ဦးဉာဏဝရက ကိုယ်တိုင်ရေးစပ်ထားသော ရာပြည့်ပွဲထုတိဩဘာ မင်္ဂလာဂါထာဖြင့် ဂုဏ်ပြုရွတ်ဆိုသည်။

ဆရာတော် ဦးဉာဏ



ဝရ ရွတ်ဆိုပြီးနောက် မြန်မာနိုင်ငံမှ မင်းသား ဦးသိန်းဇော်က ရန်ကုန်မြို့ ချမ်းအေးရိပ်သာ ကျောင်းတိုက်မှ အရှင်ဝိလာသ (ဝေမိုး-ကျွန်းလှ) ရေးဖွဲ့ သီကုန်းသော ရတုဖြင့် ဂုဏ်ပြုရွတ်ဆိုသည်။ ၎င်းနောက် ဆရာတော်ဦးဝဏ္ဏဓဇ သီကုန်း စီရင်ရေးစပ်သော ကဗျာကို မြန်မာနိုင်ငံမှ အဆိုတော်ပိုးအိစံက ဂုဏ်ပြုရွတ်ဆိုသည်။ ဖော်ပြပါ အခမ်းနားအစီစဉ်များကို ဗဟိုမဏ္ဍပ်ကြီးအတွင်း ပြုလုပ်ကျင်းပပြီးသည့်နောက် မြန်မာသံအမတ်ကြီး ဦးကြည်သိန်းက ဗုဒ္ဓရုပ်ပွားတော်ကိုပင့်ဆောင်ခါ ဗဟိုမဏ္ဍပ်ကြီးမှ ထွက်ခွာ၍ မဟာဝိဇိတာဝီသိမ်တော်ဘက်သို့ ဦးဆောင်သွားရာ၊ ဆရာတော်သံဃာတော်အရှင်မြတ်များ၊ သီလရှင်များ၊ အမျိုးသားများနှင့် အမျိုးသမီးများသည် နစ်ယောက်စီတွဲ၍ "ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာ ရွှေဖွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့် မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်ညာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည် ရွှမ်းတယ်ကို။" ကို ညီညာစွာ ရွတ်ဆိုသွားနေကြသည်မှာ ကြည်နူးသာယာလှပေသည်။ မြန်မာကျောင်းမှ မိဂဒါဝုန်ဘက်သို့ ကူးသန်းသွားလာနိုင်အောင် မူလကပင် တံတားဆောက်လုပ်ထားသော်ငြားလည်း၊ အိန္ဒိယ ရေးဟောင်းဌာနမှ ဝင်ကြေးကောက်ခံသည့်အချိန်မှစပြီး မြန်မာကျောင်းဘက်မှ ကူးသွားနိုင်သော တံခါးပေါက်ကို သော့ခတ်ထားလိုက်သည်။ ဆရာတော် ဦးဝဏ္ဏဓဇ အနေဖြင့် ရာပြည့်ပွဲတော်နေ့တွင် ထိုတံခါးပေါက်မှ ဓမ္မစကြာ တရားဦးကို ဟောကြားခဲ့သောနေရာသို့ သွားခွင့်ရအောင် ကြိုတင်စီစဉ်ထားသည့်အတွက် မြန်မာသံအမတ်ကြီး ဦးကြည်သိန်းက မဟာဝိဇိတာဝီသိမ်တော်ကို ဖြတ်ကျော်ခါ မိဂဒါဝုန်ဘက်သို့ ဆက်လက်ဦးဆောင်သွားပေတော့သည်။

ဓမ္မစကြာတရားဦးကို ဟောကြားခဲ့သောနေရာတွင်



ဓမ္မရာဇိက စေတီတော်တည်ဆောက်ခဲ့သော်ငြားလည်း အဖျက်ဆီးခံခဲ့ရ၍အုတ်ခုံမျှသာ ကျန်ရှိနေပေသည်။ ရာပြည့်ပွဲတော်ကြီးသို့ လာရောက်ကြသော ဆရာတော်သံဃာတော်မြတ်များ၊ သီလရှင်များနှင့် အမျိုးသား အမျိုးသမီးများ ထိုဓမ္မရာဇိက စေတီတော်နေရာ၌ ဓမ္မစကြာတရားတော်မြတ်ကို ရွတ်ဖတ်ပူဇော်နိုင်ရန် ကော်ဇောများ ကြိုတင်ခင်းကျင်းထားသဖြင့် ဆရာတော်သံဃာတော်မြတ်များ ၎င်းနေရာသို့ ရောက်သောအခါ အရှေ့ပိုင်းနေရာများတွင် ထိုင်ကြခါ ကျန်ပရိသတ်များက ဆက်လက်ပြီး နေရာယူကြပေတော့သည်။ အပါး(၁၀၀)နီးပါးခန့်ရှိသော ရပ်ဝေးမှ ကြွလာသော ဆရာတော် သံဃာများနှင့် မြို့ခံသံဃာများနှင့်တကွ (၁၀၀) ကျော်ရှိသော မြန်မာဒါယကာနှင့်ဒါယိကာမများအား ယခုလို သစ္စာနယ်မြေမှာ တစုတဝေး တွေ့ရှိရသည်မှာ ကြည်နူးဝမ်းသာစရာ ကောင်းလှပေတော့သည်။ ဆရာတော်များက ဦးဆောင်၍ "နမောတဿ" သုံးကြိမ်ရွတ်ဆိုပြီးသကာလ ဓမ္မစက္ကပဝတ္တနသုတ်တော်ကို ညီညာစွာရွတ်ဆိုပူဇော်ကြပြန်သည်။ "ဧတ္တာဝတာစ အမှေဟိမှ ဘဝတု သဗ္ဗမင်္ဂလံ" (၃) ဂါထာရွတ်ဆိုခြင်းဖြင့် ရွတ်ဖတ်ပူဇော်မှုကဏ္ဍ နိဂုံးချုပ်လိုက်သည်။ ထို့နောက် "ဣဒံမေပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု" ဖြင့် ဆုတောင်း၍ "ဤသို့ပြုရမြတ်ပုညကို" အစရှိသည်ဖြင့် သံပြိုင်ရွတ်ဆိုကာ အမျှပေးဝေကြသည်။ ယခုကဲ့သို့စုပေါင်း ရွတ်ဖတ်ပူဇော်ကြပြီးနောက် ထိုနေရာတွင်ပင် စုပေါင်း ဓါတ်ပုံရိုက်ကြသည်။

ရွတ်ဖတ်ပူဇော်ကြပြီး ကျောင်းတော်သို့ ပြန်လာ၍ ဓါတ်ပုံပြခန်းရှေ့တွင် စုဝေးကြပြန်သည်။ ထေရဝါဒ သာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနန္ဒမာလာဘိဝံသနှင့်

မြန်မာ သံအမတ်ကြီး ဦးကြည်သိန်းတို့က ဖဲပြားကြိုးကို အတူတကွဖြတ်၍ ဓါတ်ပုံပြခန်း ဖွင့်ပေးလိုက်သည်။ ဆရာတော် ဦးဝဏ္ဏဓဇက ဦးဆောင်ပြီး ဆရာတော်သံဃာတော်မြတ်တို့အား ပြသထားသော ဓါတ်ပုံမျိုးစုံတို့ကို ရှင်းလင်း ပြောပြပါသည်။

ထို့နောက် ဆရာတော်သံဃာတော်မြတ်များနှင့် သီလရှင်တို့အား နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် ကြွရောက်လာကြသော ဧည့်ပရိသတ်များအား နေ့လည်စာကျွေးမွေးခြင်းတို့ဖြင့် ရာပြည့်ပွဲတော် နံနက်ပိုင်း မြန်မာကဏ္ဍ အခမ်းအနားအစီစဉ် နိဂုံးချုပ် ခဲ့သည်။

နေ့လည်တစ်နာရီတွင် ရာပြည့်ပွဲတော် အပြည်ပြည်ဆိုင်ရာကဏ္ဍ ညနေပိုင်း အစီစဉ်ကို ဗဟိုမဏ္ဍပ်တော်ကြီးအတွင်း ဆက်လက်ပြုလုပ်ကျင်းပသည်။ အခမ်းနားမှူးအဖြစ် အင်္ဂလန်မှ ဒေါက်တာဓမ္မသာမိက ဆောင်ရွက်ပေးသည်။ "နမောတဿ" သုံးကြိမ်စုပေါင်းရွတ်ဆို၍ အခမ်းနားကို ဖွင့်လှစ်လိုက်သည်။ ထို့နောက် ထေရဝါဒသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနန္ဒမာလာဘိဝံသနှင့် မြန်မာသံအမတ်ကြီးဦးကြည်သိန်းတို့က ဦးမြထွန်းဘုရားဖူးတည်းခိုဆောင် အရှေ့ရှိဘာသာ(၄)ဘာသာဖြင့် ရေးသားထားသော ရာပြည့်ပွဲတော်အထိမ်းအမှတ်ကျောက်စာတိုင်ရှိရာသို့သွား၍ ကျောက်စာတိုင်နှင့်တကွ ဆရာတော် ဦးစန္ဒြမဏိ ရုပ်ထုပုံတော်ကို ဖွင့်လှစ်ပေးတော်မူကြသည်။

ပါမောက္ခချုပ် ဒေါက်တာနန္ဒမာလာဘိဝံသက ပင် အဖွင့်မိန့်ခွန်းကို ပြောကြားသည်။ ၎င်းနောက် ဆရာတော် ဦးဝဏ္ဏဓဇက ရာပြည့်ပွဲတော်ကျင်းပသည့် အခမ်းနားသို့ ကြိုဆိုဖိတ်ခေါ်ကြောင်း မိန့်ခွန်းပြောကြားသည်။ တဆက်တည်းမှာပင် အိန္ဒိယနိုင်ငံ မြန်မာဗုဒ္ဓဘာသာအဖွဲ့.ဥက္ကဋ္ဌ ကိုယ်စားကုသိနာရုံဆရာတော် ဒေါက်တာရှင်ဉာဏိဿရက မြန်မာနှင့် ဟင်ဒီဘာသာတို့ဖြင့် မိန့်ခွန်းပြောသည်။ ထို့နောက် နာလန္ဒာ တရုတ်ကျောင်း ဆရာတော်ဒေါက်တာပညာလင်္ကာရက အင်္ဂလိပ်ဘာသာရပ်ဖြင့် မိန့်ခွန်းပြောပြီးနောက် မြန်မာသံအမတ်ကြီးဦးကြည်သိန်းက အင်္ဂလိပ်ဘာသာရပ်ဖြင့် မိန့်ခွန်းပြောကြားသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ သာသနာရေးဝန်ကြီး၏ သဝဏ်လွှာကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးမြင့်က ဖတ်ကြားသည်။ ဤကဲ့သို့ မိန့်ခွန်းများ ပြောကြားပြီးနောက် ဆရာတော် ဦးဝဏ္ဏဓဇက မြန်မာသံအမတ်ကြီး ဦးကြည်သိန်းနှင့် ဒေါက်တာမျိုးမြင့်တို့အား ရာပြည့်ပွဲတော် အထူးထုတ်မဂ္ဂဇင်းကို အမှတ်တရလက်ဆောင်အဖြစ်ဖြင့် ပေးကမ်းသည်။ ရာပြည့်ပွဲတော် ကျင်းပရေး ဗဟိုကော်မတီ ကိုယ်စား မဂ္ဂဇင်းကော်မတီ ဥက္ကဋ္ဌ ဆရာတော်ဦးသဇ္ဇနက ကျေးဇူးတင်စကားပြောကြားပြီးနောက် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" (၃)ကြိမ် စုပေါင်း ရွတ်ဆိုခြင်းဖြင့် ရာပြည့်ပွဲတော်အပြည်ပြည်ဆိုင်ရာကဏ္ဍအခမ်းနားအစီစဉ် ပြီးဆုံးသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံမှ မင်းသားဦးသိန်းဇော်နှင့် အဆိုတော်ပိုးအိစံတို့က မြန်မာ့တေးဂီတအမျိုးမျိုးတို့ဖြင့် ရာပြည့်ပွဲတော်သို့ လာရောက်ကြသော ဧည့်ပရိသတ်အပေါင်းတို့အားဖျော်ဖြေခြင်းဖြင့် မိဂဒါဝုန် မြန်မာကျောင်းတိုက် နှစ်(၁၀၀)



ပြည့်ပွဲတော်ကြီးကို ပျော်ပျော်ရွှင်ရွှင် အောင်မြင်စွာဖြင့် ပြုလုပ်ကျင်းပနိုင်ခဲ့ပေသည်။

ယခုကဲ့သို့ပင် အိန္ဒိယနိုင်ငံရှိ မိဂဒါဝုန်မြန်မာကျောင်းတိုက် နှစ်(၁၀၀)ပြည့် ပွဲတော်ကြီးကို မြန်မာဗုဒ္ဓဘာသာ ယဉ်ကျေးမှု အစဉ်လာအတိုင်း ပြုလုပ်ကျင်းပသည့် အပြင်၊ မြန်မာကျောင်းတိုက်တည်ရှိရာ အရပ်ဒေသပတ်ဝန်းကျင်တဝိုက်တွင် နေထိုင်ကြကုန်သော ကုလားလူမျိုးများအတွက်ပါ စီစဉ်ဆောင်ရွက်ပေးရသည်။ ဖေဖော်ဝါရီလ (၂၉) ရက်နေ့ နံနက်တွင် ဆရာတော် **ဦးစန္ဒိမဏိ** မူလတန်းကျောင်းမှ ခလေးသူငယ်များသည် ဓါတ်ပုံပြခန်းကို လာရောက်ကြည့်ရှုကြပြီး ကျောင်းဝင်းမှ ပြန်မထွက်မီ ဆရာတော် ဦးဝဏ္ဏဇေအမှူးပြုသော ဆရာတော်များက ကျောင်းသားများအား ငှက်ပျောသီးနှင့် မုန့်ထုပ်များ ပေးဝေကြသည်။ ညနေပိုင်းတွင် ဦးစန္ဒိမဏိကျောင်းမှ ကျောင်းသားများ ပါဝင် သရုပ်ဆောင်သော ကပွဲပြုလုပ်ကျင်းပပေးရာ၊ လာရောက်ကြည့်ရှုကြသောပရိသတ်သည် ကျောင်းဝင်းတဝင်းလုံး ပြည့်လျှံသွားပေတော့သည်။

ပစ္စည်းလေးပါး ဒါယကာများ အနီးအနားတွင် မရှိဘဲ အခက်ခဲမျိုးစုံကို ရင်ဆိုင်ကျော်လွှားခဲ့ရသော အိန္ဒိယတိုင်းပြည်ရှိ မိဂဒါဝုန်မြန်မာကျောင်းတိုက်ကြီး၏ နှစ်ပေါင်း (၁၀၀) ခရီးကို ဖြတ်သန်းကျော်လွှန်နိုင်ခဲ့သဖြင့် ယခုလို သမိုင်းဝင်ရာပြည့်ပွဲတော်ကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်သည့်အတွက် မိဂဒါဝုန်အရပ်မှာ မြန်မာ့သမိုင်း စာမျက်နှာသစ်တစ်ခုကို ဖန်တီးဖော်ထုတ်နိုင်ပေတော့သည်။ ထို့ကြောင့် ဆရာတော် ဦးစန္ဒိမဏိ၊ ဆရာတော်**ဦးကိတ္တိမ**၊ ဆရာတော်ဦးတိက္ခိန္ဒြိယနှင့် ဆရာတော် ဦးဝဏ္ဏဇေတို့အား ဤဆောင်းပါးဖြင့် ပူဇော်ကန်တော့လိုက်ပါတော့သည်။

**တင်ထွန်း**

ဗိသုကာ၊ **U.S.A**

DHAMMACHAKKA VIHARA MYANMAR BUDDHIST TEMPLE

# နှစ်တစ်ရာပြည့်ပွဲတော်အထိမ်းအမှတ်
# မိဂဒါဝုန်

⊙ ချမ်းမြေ့သာယာ၊ ဤနေရာကား
ဗာရာဏသီ၊ မင်းဌာနီ၏
မဟီချက်မ၊ အနုဿ။

⊙ ပဉ္စဝဂ္ဂီ၊ ရဟန္တာတို့
အာကာသံတွင်း၊ ဝဲပျံဆင်းလျက်
တက်ခြင်းတဖုံ၊ ပြုကြကုန်၍
ခေါ်တုံမည်ရ၊ ဣသိပတန။

⊙ ရှေးကမင်းပေါင်း၊ မေတ္တာလောင်း၍
အေးကြောင်းမြော်မြင်၊ သားသမင်ကို
ပျော်ရွှင်စေရေး၊ ဘေးမဲ့ပေးသော်
အလေးပြုတုံ၊ မိဂဒါဝုန်။

⊙ ရဂုံတော၀၊ အေးကြည်မြသား
မိဂသမ္ပဒါ၊ မြစ်ကမ်းသာတွင်
နှစ်ဖြာမိဘ၊ လုပ်ကျွေးရ၍
မြှားခမေ့နွမ်း၊ အဆိပ်မွမ်းလည်း
သေလမ်းမရောက်၊ သက်မပျောက်ဘဲ
လွတ်မြောက်ခဲ့ပြန်၊ လောင်းသုဝဏ်ကား
ရှေးလွန်လေခါ၊ အောင့်မေ့စရာတည့်။

⊙ ပွင့်လာသမျှ၊ မြတ်ဗုဒ္ဓတို့
လှမ်းကြွ၍ချီ၊ ငါးဝဂ္ဂီကို
အညီပေါင်းလျက်၊ ဓမ္မစက်နှင့်
ဖြည့်စွက်ခေါင်းချုပ်၊ အနတ္တသုတ်ကို
ဟောထုတ်အထူး၊ တရားဦးတွင်
ကျေးဇူးဂုဏ်ထွန်း၊ မြတ်ဥဒါန်းဖြင့်
ရဟန်းသမိုင်း၊ သံဃာဂိုဏ်းလည်း
ပြည်တိုင်းမှာပေါ်၊ ဘဝဂ်ကျော်သား
အာသဝေါကင်းကွာ၊ ရဟန္တာတည့်။

⊙ ဖြဟ္မာနတ်လည်း၊ တခါတည်းပင်
ရုံးစည်းဖွဲ့၍၊ အားလုံးထည့်သော်
စုံပြည့်တွက်ရေ၊ ဆယ့်နှစ်ကုဋေတည့်။

⊙ ဤမြေအထွက်၊ တောအရပ်တွင်
ဝါကပ်ပထမ၊ မြတ်ဗုဒ္ဓသည်
ယသသူဌေးသား၊ ချွတ်လေငြား၍
နှစ်ပါးမိဘ၊ တေဝါစိကဖြင့်
ပထမတည်ကုန်၊ သရဏဂုံတည့်။

⊙ နောက်တုံယသ၊ သဟာယတို့
ဗုဒ္ဓသာသနာ၊ ဝင်ရောက်လာ၍
မဟာကဿဒ္ဓိ၊ တန်ခိုးရှိသည်
ဇဟိဘိက္ခု၊ ခေါ်တော်မူက
အဆူများစွာ၊ သာသနာတွင်
ရဟန္တာခြောက်ဆယ်၊ ဂုဏ်ဝင့်ထယ်၏။

⊙ အနယ်နယ်အရပ်ရပ်၊ ကြွချီလတ်၍
အမြတ်တရား၊ လူတို့အားလျှင်
ဟောကြားသမှု၊ သာသနာပြုရန်
ရှေ့ရှုကြွလေ၊ ဘုရားစေသော်
များထွေအကျိုး၊ ဖွံ့ဖွံ့ပြိုး၍
ပြန့်တိုးပွားလာ၊ သာသနာသည်
ရောင်ဝါချင်းချင်း၊ နေသို့လင်း၏။

⊙ တောခင်းစိမ်းစို၊ အေးရိပ်ခိုသည်
ထိုထိုမြတ်စွာ၊ ရဟန္တာတို့
ချမ်းသာစေကြောင်း၊ နေရာကျောင်းကို
သူကောင်းနန္ဒိယ၊ စွန့်ကြဲချသို့
စိုးထအာဏာ၊ ကျွန်းလက်ျာတွင်
မဟာရာဇ၊ အသောကလည်း
များလှစီရီ၊ မွေ့သရီနှင့်
စေတီဘုရား၊ ကျောင်းကန်များကို
တည်ထားသည့်ပြင်၊ ဘုရားရှင်သည်
ဤတွင်အထူး၊ တရားဦးကို
ဟောဖူးအမှန်၊ သက်သေခံဖို့
မြိုင်ယံကမူ၊ ကျောက်တိုင်ထူ၏။

⊙ နည်းယူကောင်းရာ၊ မြတ်သဒ္ဓါနှင့်
ကုမာရဒေဝီ၊ မဟေသီလည်း
စာဂီမျိုးမွန်၊ ကျောင်းလှူပြန်၏။

⊙ ထုတ်ပြန်သေချာ၊ ဤနေရာ၌
မြတ်စွာဘုရား၊ ဟောမြွက်ထားသည်
တရားပန်းကုံး၊ အလှဆုံးတို့
စုရုံးကောက်ငင်၊ လူတိုင်းဆင်သော်
အမြင်လည်းရှင်း၊ အသိလင်းလျက်
ထိုးထွင်းဉာဏ်ပေါက်၊ နိဗ္ဗာန်ရောက်အောင်
ချီးမြှောက်မချို့၊ အမှန်ပို့လိမ့်။

⊙ ဤသို့များဖြင့်၊ အမွှမ်းတင်၍
ကျမ်းတွင်ဖော်ပြ၊ ဤဒေသကား
ပွင့်ကြသောင်းသောင်း၊ ဘုရားပေါင်းတို့
စွန့်ကြောင်းမရှိ၊ လေးပြုဘိသည်
အဝိဇဟိတံ၊ နေရာမွန်နှင့်
နိဗ္ဗာန်ခရီး၊ ကြွခါနီးတွင်
ရေးကြီးခွင်ကျယ်၊ အမှာသွယ်၍
မှတ်ဘွယ်စကား၊ ဗျာဒိတ်ထားလျက်
ဘုရားစိန္တေ၊ ထိတ်လန့်စေသား
သံဝေဇနီယ၊ တမည်ရသည်
သာသနာ့အောင်မြေ၊ အစစ်တည်း။

*မိဂဒါဝုန်ဆရာတော်ဦးဝဏ္ဏဓဇ*
*(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)*

DHAMMACHAKKA VIHARA MYANMAR BUDDHIST TEMPLE



မိဂဒါဝုန်မြန်မာကျောင်းတိုက်ကြီးကို (၁၉၀၈) ခုနှစ်တွင်၊ ကုသိနာရုံဆရာတော် ဦးစန္ဒိမဏိ၊ သရက်တောတိုက်မှ ဆရာတော် ဦးသူရိယ၊ မိဂဒါဝုန် ဆရာတော်ဦးကိတ္တိမ၊ ရခိုင်ပြည်နယ်မှ ဆရာတော် ဦးတိက္ခိန္ဒြိယ၊ ဒါယကာ ဒါယိကာမ(၄)ဦးတို့သည် မိဂဒါဝုန် ဗုဒ္ဓဘာသာအသင်းဖွဲ့စည်းခဲ့သည်။

ဆရာတော်ဦးကိတ္တိမသည် မိဂဒါဝုန်အား အိန္ဒိယအစိုးရမှ ရှေးဟောင်းနယ်မြေ မသတ်မှတ်မီ (၁၉၀၈)ခုနှစ်တွင် ကျောင်းမြေဝယ်ယူခဲ့ပြီး မိဂဒါဝုန် မြန်မာကျောင်းကို စတင်ဆောက်လုပ်ခဲ့ရာ ယခု (၂၀၀၈)ခုနှစ်တွင် နှစ်တစ်ရာပြည့်ခဲ့ပြီဖြစ်ပါသည်။

နှစ်တစ်ရာပြည့်ပွဲတော် အထိမ်းအမှတ်အဖြစ် မိဂဒါဝုန်မြန်မာကျောင်းထိုင် ဆရာတော် ဦးဝဏ္ဏဓဇ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ရေးသားတော်မူခဲ့သော "မိဂဒါဝုန်" အမည်ရှိကဗျာအား အမှတ်တရ ဖော်ပြလိုက်ပါသည်။


ဖွားတော်မူရာဌာန(လုမ္ဗိနီ)
ဘုရားဖြစ်တော်မူရာဌာန(ဗုဒ္ဓဂယာ)
အဝိဇယဂီတာ
လေးဌာန
တရားဦးဟောရာဌာန(မိဂဒါဝုန်)
ပရိနိဗ္ဗာန်ဝင်စံရာဌာန(ကုသိနာရုံ)

၏။မြန်မာကောဇာသက္ကရာဇ်-၁၂၄၅-နှစ်တိုင်ရောက်သောအခါ။ ဂန္ဓာလတိုင်း၊ မိုင်းလာစော်ဘွားကြီးကမဟာမြတ်မုနိဘုရားကြီးကဲ့တို့ဘုရားကိုတော်ကြီးလိုသွန်းလုပ်လိုကြောင်း။ ထင်မံ၍သိမ်သမုတ်လိုကြောင်းသာသနာတော်စည်ပင်ပွင့်လင်းအောင်ပြုလိုကြောင်းများနှင့်။ ထင်မံ၍မိုင်းတီးစော်ဘွားကိုးကွယ်သော ဆရာတော်ဦးအာသဘ၊ မိုးညှင်းဆရာတော်ဦးဝိမလ၊ ဗန်းမော်မြို့သိမ်တော်ကျောင်းဆရာတော်တို့ကို ပင့်ဖြန့်လေ၏၊ ထိုသို့ပင့်ဖြန့်သေသအခါ မိုးညှင်းဆရာတော်၊သိမ်ကျောင်းဆရာတော်နှစ်ပါးတို့သည်။ နောက်လိုက်နောက်ပါ သံဃာ-၁၄-ပါးနှင့်၊ ဗန်းမော်မြို့မှသည်။ တချပ်ပြည်ဂန္ဓာလတိုင်း။ မိုင်းလ မြို့သို့ကြွလေ၏၊ မိုင်းထားမြို့သို့ရောက်သောအခါ။ကြေးချိန်-၃၀၀၀-ကျော်၊ ညာဘက်တော်ခနှစ်ထောင်နှစ်မိုက်လေးသစ်ရှိသော၊တိလောကမာရဇိတ်ဘွဲ့ အမည်တော်ရှိသော မဟာမြတ်မုနိကိုယ်စားတော်စားရင်ပွါးတော်မြတ်ကို။ရှမ်းရှစ်ပြည်တောင်စော်ဘွားအရအညီ၊မဟာမောရိယ။ သိရိသုမ္မာရဇာဘွဲ့အမည်ရှိသောဝန်းသိုစော်ဘွားကြီး၊မင်းလှမင်းသင်ကျော်ခေါင်ဘွဲ့အမည်ရှိသော။ မော်လူးမြို့အုပ်ကြီး။ပြည်သူအပေါင်းတို့နှင့်တကွ၊ မန္တလေးရတနပုံနေပြည်တော်သုရင်မင်းမြတ်သုံးစွဲတော်မူသော။တတ်သိလိမ္မာပညာဗဟုသုတနှင့်ပြည့်စုံသော၊ဖြဘင်းဆရာကြီး၊ မောင်သောင်။ မောင်ရဲ၊ မောင်ဘိုးကာတို့သည်၊ထပည့်သက်သားလူပေါင်း ၂၀ကျော်တို့နှင့်။စက်ယန္တရားရဟတ်များကို၊ တော်ငရင်ထပ်ပဲ့တင်ခတ်သကဲ့သို့၊ ထွားထွားမွတ်မွတ်ထည့်စေလျက်မိုင်းလာမြို့၏အရှေ့တောင်ထိပ်ပေါ်တွင်၊ သွန်းထောင်း၍အောင်မြင်ပြီးစီးခြင်း။ဘုရားကိုတော်ကြီး၏အနီးအပါးတောင်ခါးပန်းတွင်။ဝိသုံဂါမခ သ္မာသိမ်သမုတ်ခြင်း၊ သမုတ်ပြီးသောသိမ်ထည်းတွင်။ ရဟန်းခံခြင်း၊ ခံပြီးသောရဟန်း ၂၄ပါးတို့ကို၊တရားနှင့်အညီဟောပြောဆုံးမခြင်း။ဥပဒေအသစ်ရေး၍ပေးကဲ့ခြင်း။ မိုင်းလာစော်ဘွားကြီးနှင့်တကွပြည်သူလူအပေါင်းတို့ကို။တရားရေ၏။တိုက်ကျွေးဟောပြောခြင်း၊တိလောကမာရဇိတ်ဘုရားကိုတော်ကြီး၏ အောင်မြင်ပြီးစီးသောသမိုင်းနှင့် သိမ်မှော်ကွန်းကိုရေးသားရ၍။ ကျောက်ထက်အက္ခရာတင်ကဲ့ခြင်း။ အမှုကိစ္စတို့ကိုပြီးစီးအောင်မြင်သည်နောက်။ဗန်းမော်မြို့သိမ်ကျောင်းဆရာတော်သည်၊ ဂန္ဓာလတိုင်းမိုင်းတီးမိုင်းလာစော်ဘွားများနှင့်တကွ၊ ရှမ်းရှစ်ပြည်တောင်စော်ဘွားများကိုတရားရေ၏တိုက်ကျွေးဟောပြောလျက်။သာသနာတော်ကိုပြု

သောကြောင့်။ သာသနာတော်သည်၊ ဆီနှင်းမြူတိမ်၊ သူရိန်မိုးခိုး၊ ညှင်မှိုး ငါးအင်၊ သန့်ရှင်းစင်လျက်။ နက္ခတ်တာရာတို့ဖြင့်။ ခြံရံ၍ ကောင်းကင်၏ အလယ်တွင်။ စမ္ပယ်ကွန့်မြူးသော၊ ဇွဲလမင်း၏အရောင်ကဲ့သို့။ ပြောင် ပြောင်ဝင်းဝင်း ထွန်းထင်းခြင်းသို့ရောက်လေ၏၊ ဗန်းမော်မြို့ သိမ်တော် ကျောင်းဆရာတော်သည်လည်း။ ပညာဗဟုသုတနှင့်ပြည့်စုံသောတပည့် များကို။ကိုယ်စားထည့်သားကဲ့၍။ဗန်းမော်မြို့သို့ပြန်ကြွကဲ့လေ၏။

၎င်းနောက်။-၁၂၆၉-ခုနှစ်၊နယုန်လသို့ရောက်သောအခါ။တိလောက မာရဇိ ဘုရားကိုတော်ကြီးကိုအနေကဇာတင်ရန်အကြောင်းနှင့် ဗန်းမော် မြို့၊သိမ်တော်ကျောင်းဆရာတော်ကိုပင့်သောကြောင့်၊ ထပည့်များကိုစေ လွှတ်လိုက်ကြောင်း။ကမ္ဘာပေါ်စ။ မဟာသမ္မတမင်းမှစ၍။ သီဘောမင်း တိုင်အောင်မင်းပေါင်းကို။ အကျဉ်းရေတွက်၍ပြလိုက်မည်။ အကျယ်ကို သိလိုလျှင်မဟာရာဇဝင်ကြီး။မဟာဝင်အစရှိသော ရာဇဝင်များမှာကြည့် ကြလေ၊ ။

မဟာသမ္မတမင်းမှစ၍။ဥက္ကာကရာဇ်မင်းတိုင်မင်းပေါင်းအရေအတွက် သည်။ ၂၅၂၅၆-ရှိ၏။ဥက္ကာကရာဇ်မင်းသားတော်။ ဥက္ကါရကွမင်းမှစ၍ ငါတို့ဘုရားလောင်း ဘိဒ္ဓတ္ထ ကုမ္မာရမင်းတိုင်အောင်၊ မင်းပေါင်းအရေ အတွက်သည် (၈၂၀၁၃)ရှိ၏။ ငါတို့ဘုရားလောင်းသိဒ္ဓတ္ထကုမ္မာရမင်း မှစ၍သီရိခမ္ဘာသောကမင်းကြီးတိုင်မင်းပေါင်း(၃၀)ရှိ၏၊ သီဟိုဠ်ကျွန်း၌ ဝိဇယကုမ္မာမင်းမှစ၍မဟာနာမမင်းတိုင်အောင်မင်းပေါင်းအရေအတွက် (၆၅)ရှိ၏။ သီရိခေတ္တရာပြည်တွင်မဟာသမ္ဘဝမင်းကစ၍၊ သုပညာနဂရ ဆိန္နမင်း တိုင်အောင် မင်းပေါင်းအရေအတွက် (၂၇)ရှိ၏။ ပေါက္ကံပြည် တွင်သမုဒ္ဒရာဇ်မင်းကစ၍။စောမွန်နှစ်မင်းတိုင်အောင် မင်းပေါင်း(၅၇ ရှိ ၏။ပန်းယာမြို့တွင်၊တစီးရှင်သီဟသူမင်းကစ၍။ဥဇနာမင်းတိုင်အောင်မင်း ပေါင်း(၆)ရှိ၏၊စစ်ကိုင်းမြို့တွင်သခ်ရာစောရွှန်မင်းကစ၍၊မင်းခြောက်မင်း တိုင်အောင်၊ မင်းပေါင်း(၇)ရှိ၏။ အင်းဝမြို့တွင် သတိုးမင်းဖျား ကစ၍၊ ညောင်ရမ်းဆက်ပါ။ဟံသာဝတီမင်းတိုင်အောင်။ မင်းပေါင်း(၃၈)ရှိ၏၊ရ တနာသိင်္ဃကုန်းပေါင်မြို့တွင်အလောင်းမင်းတရားကြီးကစ၍။ ဆင်ဖြူရှင် မင်း၊သားတော်ဖေါင်းကားစားမင်းတိုင်အောင်မင်းပေါင်း(၅)ရှိ၏။ အမရ ပူရမြို့တွင်ဘိုးတော်ရှင်ဘုရင်ကစ၍။ ပုဂံမင်းတိုင်။ မင်းပေါင်း(၄)ရှိ၏။

မန္တလေးရထနာပုံ နေပြည်တော် မင်းတုန်းမင်းတရားကြီးဟစ၍၊ သား တော်သီးဘာမင်းပါ၊မင်းပေါင်း(၂)ရှိ၏။

မင်းဆက်များကိုပြပြီးသည့်နောက်၊မင်းတို့ကျင့်အပ်သော မင်းကျင့် တရားဆယ်ပါးနှင့်တကွ၊များစွာသောမင်းကျင့်တရားများကို ပြလိုက်ဦး အံ့၊

ဒါနံသီလံပရိစာဂံ၊အဇ္ဇဝံမဒ္ဒဝံတပံ၊

အကောဓံအဝိဟိံသဥ္စ၊ခန္တိဉ္စအဝိရောဓနံ၊

ဒါနံ၊သံသရာကိုရည်၍အလှူပေးခြင်း၊သီလံ၊သတင်းသီလကိုဆောက် တည်ခြင်း။ ပရိစာဂံ၊ အမှုထမ်းအရာထမ်းတို့အားစွန့်ကြဲခြင်း။ အဇ္ဇဝံ၊ ဖြောင့်မတ်ခြင်း၊ မဒ္ဒဝံ၊ နူးညံ့ခြင်း။တပံ၊ ဥပုသ်ဆောက်တည်ခြင်း။ အ ကောဓံ၊အမျက်မထွက်ခြင်း၊ အဝိဟိံသံ၊ဂရုဏာကိုဖြစ်စေသဖြင့်၊ မ ညှင်းဆဲခြင်း၊ခန္တိ၊သည်းခံခြင်း။ အဝိရောဓနံ၊ တိုင်းသူပြည်သားတို့နှင့်မ ဆန့်ကျင်ခြင်း၊

မဟာဟံသဇာတ်၌လာသောမင်းကျင့်တရားဆယ်ပါး၊

ပေါရာဏမွေကရာဇကာလေ။ ကိရသဿမေဓံ၊ ပုရိသမေဓံ၊ သမ္မာပါသံ၊ဝါစပေယျန္တိ၊စတ္တာရိသင်္ဂဟ ဝတ္ထုနိအပေဟသုံ၊ ယေ ဟိရာဇာနောလောကံသင်္ဂဏှိံသု။

ပေါရာဏမွေက ရာဇကာလေ။ ရှေးတရားစောင့်ကုန်သော မင်းတို့ ထက်ထက်၌၊သဿမေဓံ၊သဿမေဓလည်းကောင်း၊ ပုရိသမေဓံ၊ပုရိသ မေဓလည်းကောင်း။သမ္မာပါသံ။ သမ္မာပါသလည်းကောင်း။ ဝါစပေယျံ၊ဝါ စပေယျလည်းကောင်း၊ဣတိ။၍သို့။ စတ္တာရိ။လေးပါးကုန်သော၊ သင်္ဂဟ ဝတ္ထုနိ။သင်္ဂဟဝတ္ထုတို့သည်။အပေဟသုံကိုရ်ဖြစ်ကုန်သတတ် ယေဟိ။အ ကြင်သင်္ဂဟဝတ္ထုတို့ဖြင့်၊ရာဇာနော။မင်းတို့သည်။ လောကံ။တိုင်းနိုင်ငံသူ လူအပေါင်းကို။သင်္ဂဏှိံသု။သ ဂြိုဟ်ကုန်၏၊

အင်္ဂုတ္တရသုတ္တနိပါတ်အဌကထာများ၌လာသောသင်္ဂဟ တရားလေးပါး၄င်းသင်္ဂဟတရားလေးပါးကိုမင်းတို့အမြဲကျင့်ရသည်။ ၊

မင်းတို့ကျင့်အပ်သောနာယကဂုဏ်ခြောက်ပါး။ ၊ခမာ ဇာဂရိယ။ ဥဋ္ဌာနံ၊သံဝိဘာဂ။ဒယာ။ဇာက္ခဏာ။ ။ /

ခမာ၊သည်းခံခြင်း။ဇာဂရိယ၊နိုးကြားခြင်း၊ဥဋ္ဌာနံ။ ထကြွလုံ့လရှိခြင်း။

သံဝိဘာဂ၊ ခွဲချမ်းဝေဝေဘန်ခြင်း၊ ဒယာ၊ သနားချစ်ခင်ခြင်း။ ပုစ္ဆာ၊ ပညာရှိ
တို့ကိုသွေးနွေးမေးမြန်းခြင်း။ ။

ဥပသုတ် မဟာရာဇ၊ ရဋ္ဌေဇနပဒေစရ။
တတ္ထဒိသွာစသုတွာစတတောဟိတံပဋိပဇ္ဇိဿတိ။ ။

မဟာရာဇ၊ မင်းမြတ်၊ ဥပသုတ်၊ ခြောင်းမြောင်း၍ နားပါးထောင်ခြင်း ဌာ။ ရဋ္ဌေ၊ အလုံးစုံသောတိုင်း၌လည်းကောင်း။ ဇနပဒေ၊ ဇနပုဒ်၌လည်းကောင်း။ စရ၊ လှည့်လည်ဘိလော့။ တတ္ထ၊ ထိုတိုင်းပြည်ဇနပုဒ်၌။ စရန္တော၊ လှည့်သည်ဖြစ်သော မင်းသည်။ ဒိသွာ စ၊ မြင်အပ်သည်ကိုမြင်၍လည်းကောင်း သုတွာ စ၊ ကြားအပ်သည်ကိုကြား၍လည်းကောင်း။ တတော၊ ထိုနောင်မှ။ ဟိတံ၊ အစီးအပွားကို။ ပဋိပဇ္ဇိဿတိ၊ ကျင့်ရလတ္တံ့။

ဂဏ္ဍတိန္ဒုကဇာတ်၌၊ ဘုရားလောင်းထည်ပင်စောင့်နတ်သည်။ ဗြဟ္မဒတ်မင်းကိုဆုံးမသောအခန်း။

သတ္ထုဂါရဝတာ။ သံဃဂါရဝတာ။ သိက္ခာဂါရဝတာ။
သမာဓိဂါရဝတာ၊ ကလျာဏမိတ္တတာ၊ သောဝစဿတာတိ။ ။

သတ္ထုဂါရဝတာ၊ ဘုရား၌ရိုသေခြင်းလည်းကောင်း။ သံဃဂါရဝတာ၊ သံဃာ၌ရိုသေခြင်းလည်းကောင်း။ သိက္ခာဂါရဝတာ၊ အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာကိုဖြည့်ကျင့်ခြင်းလည်းကောင်း၊ သမာဓိဂါရဝတာ၊ သမာဓိတရားကိုပွားစေခြင်းလည်းကောင်း၊ ကလျာဏမိတ္တတာ၊ ကောင်းသော အဆွေခင်ပွန်း ရှိခြင်းလည်းကောင်း၊ သောဝစဿတာ၊ ပညာရှိတို့ဆိုဆုံးမသောစကားကိုနာယူခြင်းလည်းကောင်း။ ဇာတိ၊ ဤသို့ သတ္တဝိဓေ၊ ခုနစ်ပါးအပြားဖြင့်။ ဝေဒိတဗ္ဗံ၊ သိအပ်ပြီ၏၊

မင်းတို့ကျင့်ရာသောအပရိဟာနိယတရားခုနစ်ပါး။

မင်းတို့မပြတ်ဆင်ခြင်အပ်သောနဝရတ်ကိုးပါးကိုပြလိုက်ဦးအံ့။
မဟာမတ္တာဘာဝေါကုသလ္လာ။ ပူဇသဘာဂဝါဟိနော။
ခေဓာဘိက္ခုခမ္မဘာဝါ။ ခမ္မိကာခမ္မယောဂိနော။
ဗေဒါသခေသုဝသျတ္တာ။ ဂါရဝေါနယန္ဘဝေ၊
ကဋ္ဌာစာရဂုတ္တဝါစာ။ ပရေသံဂုတ္တဇာနနာ။
ဒါဠှာသူရဗလာရာဇ။ ကာနိဋ္ဌပုတ္တညာတယော။
အာဘိရူပါယုဝတ္တေယော။ ဘာဝပူရသအာနန္ဒံ။

ကုသိ္ဓဝေသာမဟာဗောဂါ၊ ပါဒေါသေနာရိမဒ္ဒနာ။
ဓန္ဓာဒီဒြာဝုဒါဟာဝတ္တာ၊ နဝရတနံမတံဇုမေ၊
နကုမ္ဘ၊ တိက္ကမေဗာဓေ၊ ဓဇ၊ ဒါရက္ခိဝိဒဟော၊
ကဏ္ဍ၊ သင္ဃေယျဒါဋ္ဌဍ္ဎ၊ အထာနန်ပိဆာဒယေ၊
နခေါဘေယျဒရဲဘိန္ဒေ၊ ပါဒ၊ ဟဍ္ဍဥဆိန္ဓယေ၊
ဇုတိဘုသေယျပုရိန္ဓော၊ ဇုမ၊ နဝပသာဒနံ၊

မဟာမဏ္ဍာ၊ အမတ်ကြီးတို့သည်။ ပုဓသ၊ ပြည်၏၊ ဘာရဝါဟိနော၊ ဝန်ကိုဆောင်သော၊ ကုမ္ဘော၊ ဦးကင်းမည်သည်၊ ဘဝေ၊ ဖြစ်၏။ ဓမ္မပုတါ၊ ဟညါ ရောင်ဖြင့်ဘော်ပကုန်သော၊ ဓဇ္ဇိကာ၊ သီလကိုစောင့်ကုန်သော၊ ဓဋ္ဋယောဂိနော၊ သမထဝိပဿနာကိုအားထုတ်ကုန်သော၊ ဘိက္ခူ၊ ရဟန်းတို့သည်။ ဓဇော၊ ပြည်၏၊ တခွန်မည်သည်၊ ဘဝေ၊ ဖြစ်၏၊ ဗေဒေါသဓေသု၊ ဗေဒင်အရာ ဆေးအရာတို့၌၊ ဝေယျတ္တာ၊ လိမ္မာကုန်သော၊ ဂါဓဝေါ၊ ဆရာတို့သည်၊ နယနံ၊ ပြည်မျက်စိမည်သည်။ ဘဝေ၊ ဖြစ်၏။ အာစာရဂုဏဝါစါ၊ လုံ့လသေါ အကျင့်စကားရှိကုန်သော ပဓေသံ၊ တပါးသောပြည်ရှင်မင်းတို့၏။ ဂုဏ္ဍဇာနနာ၊ လျှို့ဝှက်သောအကြံအစည်ကိုသိနိုင်သောသူလျှိုတို့သည်၊ ကဏ္ဍော၊ ပြည်နားမည်သည်၊ ဘဝေ၊ ဖြစ်၏၊ သုရဗလာ၊ ရဲရင့်သောအစွမ်းနှင့်ပြည့်စုံ ကုန်သော၊ ရာဇကာနိဋ္ဌပုတ္တာညာတယော၊ မင်းညီမင်းသား၊ မင်းဆွေမင်းမျိုး တို့သည်။ ဒါဋ္ဌာ၊ ပြည်စွယ်မည်သည်၊ ဘဝေ၊ ဖြစ်၏။ အဘိရူပါ၊ အလွန်အ ဆင်းလှကုန်သော၊ ယုဝတိယော၊ မိန်းမပျိုတို့သည် ပုရဿ၊ ပြည်၏။ အာနနံ၊ မျက်နှာမည်သည်၊ ဘဝေ ဖြစ်၏။ မဟာဘောဂါ၊ စည်းစိမ်ဥစ္စာပေါများကုန် သော၊ ဝေသါ၊ သူဌေးသူကြွယ်တို့သည်၊ ကုစ္ဆိ၊ ပြည့်ဝမ်းမည်သည်၊ ဘဝေ၊ ဖြစ်၏။ အရိမဒ္ဒနာ၊ ရန်သူတို့ကိုနှိမ်နင်းကုန်သော၊ သေနာ၊ စစ်သည်အပေါင်း သည်။ ပါဒေါ၊ ပြည့်ခြေမည်သည်၊ ဘဝေ၊ ဖြစ်၏၊ ဓန္ဓာဒီဒြါဓါ၊ ကျူးလေးထင်း လေးစသောလက်နက်တို့သည် ဟတ္ထော၊ ပြည်လက်မည်သည်။ ဘဝေ၊ ဖြစ် ၏၊ ဇုတိ၊ ဤသို့။ ဇုမေ၊ ဂုဏ်ကိုးပါးသော၊ အချင်းအရာတို့ဖြင့်။ နဝရတနံ၊ မင်းတို့န ဝရတ်ကိုးပါးဟူ၍၊ မတံ၊ သိအပ်၏၊

ကုမ္ဘံ၊ ပြည်ဦးကင်းနှင့်တူသော၊ ဋ္ဌူးမတ်ကြီးတို့တင်လျှောက်သော စ ကားကို။ နအတိက္ကမေ၊ မလွန်ရာ၊ တဇ၊ ပြည့်၏ဘခွန်သဘွယ်ဖြစ်သော ရဟန်းသူတော်ကို၊ နဗာဓေ၊ မနှိပ်စက်မညှဉ်းပမ်းရာ။ အက္ခိံ၊ ပြည်မျက်စိ သဘွယ်ဖြစ်သောသမားဟူးရားကို၊ နဒါရေ၊ မသောက်ခွဲရာ၊ ကဏ္ဍံ၊ ပြည်

နား၌ရှင့်တူသောသူသျှိုကို။ နမိဒပေး၊မဖိတ်ရာ။ ဒါဋ္ဌဋ္ဌ၊ ပြည်စွယ်နှင့်တူ
သောမင်းညီမင်းသားမင်းဆွေမိုးမျိုးကိုလည်း။ နဘင္ဂေသျှ၊ မချိုးမဖျက်
ရာ။
အထ၊ထို့မှတပါး။ အာနန်ပိ၊ပြည့်မျက်နှာနှင့်တူသော။ အရပ်အခင်းရှိ
သော ပြည်သူသမီးလုလင်အပေါင်းကိုလည်း။ နဆာဒယေ၊နိုင်ထက်ကလူ
မှုသဖြင့်မဖုံးလွှမ်းရာ။ ဥဒရံ၊ပြည်ဝမ်းနှင့်တူသောသူဌေးသူကြွယ်ကို။ န
ခေါဘေယျ၊မချောက်ချားစေရာ။ပါဒံ၊ပြည်ခြေနှင့်တူသော။ စစ်သည့်သူ
ရဲအပေါင်းကို။ နဘိန္ဒေ၊ မဖျက်ဆီးရာ။ ဟတ္ထဋ္ဌ၊ ပြည်လက်နှင့်တူသော
ထက်နက်ကိုလည်း။ နဆိန္ဒယေ၊မဖျက်ရာ။ ။ဇာတိ၊ဤသို့။ဇာမံနဝဝသာခနဲ့
ဤကိုးပါးသော ပြည့်ကြီးတို့ဘွယ်ရာ အသက်တန်သောအလူးကို။ ပုရိ
ဿော၊ပြည်ရှင်မင်းမြတ်သည်။ဘူသေယံ၊ဆင်ယဉ်ရာ၏။
ကာ၊မဉ္ဇူကီ။ ဘျုမ်း၌လာသောမင်းတို့ဆင်ယင်အဝ်သော၊နဝရတ်ကိုးပါး၊
မင်းတို့သုံးစွဲအဝ်သော၊ပလ္လင်ကိုးခမ်း၏အကြောင်းကိုပြဆိုက်ဦးအံ့။
ကြာသာန်ဆောင်တော်၊သိဟာသနပလ္လင်ခြင်္သေ့ခံသည့်။ရမနေသား၊
မင်းတို့ပူဇော်ခံရာသည်။ ။ဇေတဝန်ဆောင်တော်။ ဟံသာသနပလ္လင်။
ဟသ်ခံသည်။ သက်ခန်းထားမင်းတို့ခုထနာသုံးပါးပူဇော်ရာသည်။
ပေါင်းတော်ဆောင်။သင်္ခါသနပလ္လင်။ခရုသင်းခံသည်။သရက်သားမင်းတို့
တရားစကားနာခံရာသည်။ ။မှန်နန်းဆောင်တော်၊ဘမရာသနပလ္လင်။ပိတုန်း
ခံသည်။ကရဝေးသားမင်းတို့စက်တော်ခေါ်ရာသည်။ ။ပြတိုက်ဆောင်
ဂဇာသနပလ္လင်၊ဆင်ခံသည်။စကားသား၊မင်းတို့ချီးမြှင့်နှိမ့်ချရာသည်။
မြောက်စရတ်ဆောင်။ မရူယာသနပလ္လင်။ဥဒေါင်းခံသည်။ ပေါက်သား။
မင်းတို့၏ဆင်းမြင်းသိမ်းဆည်းရာသည်။ ။တောင်စရတ်ဆောင်။ မိဂါ
သနပလ္လင်။ သားရဲခံသည်။ ရေသဖန်းသား။ မင်းတို့ဆွေးနွေးတိုင်ပင်ရာ
သည်။ ။အနောက်ပွဲတက်ဆောင်။ ပဒုမာသနပလ္လင်၊ကြာခံသည်။တောင်
ဝိနဲ့သား၊မင်းမိန်းမတို့ပူဇော်ခံရာသည်။ ။လွှတ်တော်ဆောင်။ သိဟာ
သနပလ္လင်ခြင်္သေ့ခံသည်၊ရမနေသား။မင်းတို့စီရင်ခန့်ထားရာသည်။
မှတ်စိမ့်နောင်လျှင်၊ကမ္ဘည်းဆင်ဝိမ့်။ဥကင်ရဝေ။ ထယ်ချက်ဖွဲ့ထက်
မင်းဒနစံ၊ပလ္လင်မ၏။တူကွမကွာ၊စဲ့နှင့်ယာသား။ ရတနာကိုးထွေ၊ ထင်
ရှားလေသည့်။ရွှေထည်ပြီးညီး။ရစ်စင်းဝီးမှူ၊နေမိးချွံသက်၊ ရောင်ရဲ့ရှင်မှု၊
ကနက္ကာဘန်၊သတ်နောက်မှ၊ သူရိယနှင့်၊ ဖဒ္ဒမသာရတိ၊ နှိုင်းရှိစံကင်း။ ဤ

လေးစင်းမှု။မင်းလျှင်ဖန်ဖွား၊ဆောင်ထိုက်ရာသား၊လက်ျာတော်က၊စံကျင်းဝင်၏၊စန္ဒကမ္ဗူ၊ ဝိသုကမ္မ၊ကုမုဒဟု၊နိုင်ငံပစံခင်း။ ဤလေးစင်းမှု၊သနိုရှင်းစွာဘိသျှေချီသည်၊သာဓိသောနန်းမဘုရား၊ဆောင်ဖြားသင့်လျော်၊ လက်ဝဲတော်က၊ ခင်းဘွင်းပ၏၊ယင်း၄အလွှာ၊ဘမ္ဗတ်ဦးရျကြေ၄နှန်းဟုသည်၊ရာဇာဖြင့်ညီ၊ထိုမျှထီကို၊ဝေးနိုးမှန်ဖွား၊ဆောင်ထိုက်ရာ၏၊ကျမ်းလာ၍ထုံးအကျဉ်းရုံးသည်။ ။နန်းသုံးရွှေစားသရိုင်းတည်း။

## တနည်းဖြဲလိုက်ဦးအံ့။

ကိုးပါးချက်ချယ်ထီးဂျစ်သွယ်ကို၊မှာ်လွှယ်ဧမှုလက်ဘွဲ့ဘ်နှ၊ကမ္ဗူစန္ဒ၊ထိုမှမျှည်ထုတ်၊သမုဒ္ဒရာ။ရောင်ဝါထွန်းဟု၊ဝိသကြုံက၊ ဆေးရုံထီးမှာ၊လက်ယာတော်မြောက်၊တကြောင်းမှတ်လေး၊ဝရတ်ဖြိုးဖြက်၊ရောင်ခြင်းဖျက်သည့်။ကနက္ကဒါန်၊ထီးမွန်သုရိယာ၊ ပဒုမနှင့်၊ ထွန်းပရောင်ညှိ၊ သရဘိဟု၊ပြည့်ကြီးဦးခိုင်၊ စောဘုန်းလှိုင်တို့၊ ရောင်ဆိုင်ဖြန့်မိုး၊စမွယ်မိုးလျှင်၊တင့်မျိုးလေးသာ်။သက်ဝဲတော်၌၊ချီးဝေါခင်းဘွင်း၊မျက်ရုံထင်းသည်။ ။ရှစ်စင်ဖြိုးဝေ ရွှန်းရွှန်းဘည်း၊

တနည်းအချပ်မည်။သင်္ဂမည်ပလ္လင်ကိုးပါးအမည်ကိုဦးအံ့။

လမုတ်နတ်ဒေဝဖွတ်သည့်၊မင်းမြတ်တို့လျှင်။စမွယ်ရွှင်သား၊ ပလ္လင်ကိုးဝ။ကြောင်းချင်းတကို၊ သုံမြသာယာ။ မှတ်သားနာလော။သီဟာသန၊ပလ္လင်မကား။သီဟာခံလေးရမနေမှတ်။ ပြာသာဒ်ရောင်လျှံညီလာခံ၏၊ ဟံသာသန၊ဘင်းသာလှ်နှင့်၊ရုပ်မှထူးဆန်း၊သက်နံးသစ်မွန်။ ဧတာဝန်ဆောင်တော်၊ဘူးမြေ့ဘ်ရတနာ၊မြတ်သုံးဖြာတည့်။သင်္ခါမရွှင်း။ရေသင်းကိုခံခြင်းဖြိုးဖြက်။သရက်ဖြူဖွား၊ ပရိတ်နာဟု၊ဘမရာဖွတ်စွဲ၊ ကရဝဲနှင့်၊စံမြဝိတုံး။ပြုန်းပြုန်းပျံရောင်။မှနန်းဆောင်၌။မင်းခေါင်ဘုန်းလူ၊စက်တော်မူ၏၊ရိုင်ဖြူဖြန့်ကာ။ ဂဇာဆင်ခံ။စကားလျှံလျှက်၊ မွမ်းမံမျက်ပွင့်။ မြတ်ဝိုက်တင့်၍။နိမ့်မြင့်ရွေးရာ။မောရာပလ္လင်။ဥဒေါင်းရွှင်လျက်၊မျက်နှင်ရောင်တောက်။ သစ်မှာပေါက်တည့် ။မြောက်စမုတ်နန်း။ သိန်းမြန်းမြင်းဆင်။ မည်တွင်ထော်ထုတ်။တောင်စမုတ်၌။ ဟွှေခုတ်ရွှေစည်။သမင်ခံပါ၊မိဂါသန။ တောက်ပကွန့်ရွှန်း။ရေသဖန်းထည့်၊ရာနန်းသခင်။ ထွန်ဒုံဘုရင်လည်း။ တိုင်းခွင်ပြည့်ရေး။ဆွေးနွေးထောက်ရှု၊ ပဒုမာသန၊ပဒုမ္မကို ခံဝ ချီးဝဲ။ တောင်ပိန်းနဲ့ဟု၊ပွဲထက်ဆောင်သာ၊ရွှေဖွတ်မှာ၌၊သီဟာသန၊ပလ္လင်မကား။ သီဟာခံလေ။

ရမနေဟု။ထွေထွေထူးတင့်၊မျက်ရှုပွင့်သည့်၊ ၊ကိုးဆင့်ပလ္လင်ရောင်ရွှန်း။ တည်။။

မင်းလုပ်လောသူတို့သတိထား၍မှတ်သားရန်။

မဟူဘိုးခန်း။ပျို့ထွက်။ ။မဟူဒေဝမင်းကြီးက၊ သားတော်ကိုဆုမွှ သွန်သင်ခဲ့သည်မှာတန်းထော်။ ။ဤသို့စောထီး။ဆိုတုန်ပြီးသော်၊ဝှဲချီးခမ္ဘာ။ မျက်ပွင့်ရာဖြင့်၊ကြင်နာမြတ်နိုး။မင်းလျှာပျိုးသား၊ သတိုးမွေရာဇာ၊ ငသား ချစ်ဟု။သစ်သစ်မကြွင်း။ ငါဆောင်နှင်းအံ့။ သလင်းအတူ၊ရွှက်လှုလှုနှင့်။ ထီးဖြူဝှဲဝှဲ၊အမြဲလွယ်ခက်။သံလျက်တထူး။နဖူးသင်းကျပ်။ လေသာယပ် နှင့်၊ဘိနပ်ခပင်း။မင်းခမ်းကျင်းလျက်၊ရွှက်ခြင်းသမှု။ ဇေယျတုဟု။ ခရု လက်ျာ၊နေဇာသည္ဆုနှံ့ရှည်။ချမ်းရေကြည့်နှင့်။ ကောင်းသည့်အခါ။ မင်္ဂလာ ထည်းသွင်း။သဖန်းပြင်ထက်။နေစဉ်လျက်တည့်။အခုပ်ကြက်မိုသံ၊ မည်ညံ့ မခုပ်၊ကျွန်းလုံးတိုက်မျှ။ဘိသိက်တင့်မော။ရနော့လည်းဆောင်။ မာန်ကြီး အောင်၍၊ ထွဋ်ခေါင်နရပတိ။သိရိကြက်သရေ။တက်လေစေဟု။ရေမြေသ ခင်။မင်းမြောက်စဉ်ထည်း။လွှန်းကြွင်းမွှေးဘ။ဆိုဆုန်းမ၏။အများသေဌှနင်း၊ မင်းတည်းနကောင်း။အိုနှယ်စေ ငင်းမူ။ အပေါင်းပြည်သား။မြောက်၍ထား သို့။တရားပုတ်ဆွေး။အထွေးထွေးလျှင်။အဝေးအနီး။ ပြည်ကြီးလျက်ကဲ့၊ ဤသို့တဲ့ဟု။ကဲ့ရဲ့လွယ်စွ။ထိုကိုဆ၍၊ သင်္ဂဟလေးပါး၊မမှားကျင့်ဒဏ်း။ မင်းရေးတွေ့လျက်။ထဲဝင်းဖြောင့်ဖြောင့်။စောင့်သည့်မြဲမြန်။ရာဇဒဏ်နှင့်။ တရုံမပြတ်။ခွဲသတ်ထည်း၊မတတ်စရာ။တော်ထည့်စွာလျှင်။ ပြည်ရွာဟူ သည်။ပြည်သူစည်မှ၊ပြည်၏ကြက်သရေ၊တက်လေလေကြောင့်။ မင်းစေ မပူ၊ခိုးသူမထွက်။စစ်မက်မဲ့ကြောင်း။ဟုတ်ခွန်တောင်းလည်း။ မင်းကောင်း စဉ်လာ။တဝိသာသော်။တရာခေါ်ဟုတ်။ဘဆယ်နုတ်၍၊ တံသုတ်လက် ငင်း။ဆယ်တောင်းတွင်လည်း။ စိရင်သင့်မူ၊တတင်းယူ၍။ ပြည်သူသစ် ဝင်၊ထဆယ်လျှင်ထည်း။နတ်ရှင်အခွန်။ တပင်ညွှန်လော၊ မလွှန်တုန်သေး၊ ကျမ်းမာထွေသား။သူသေဥစ္စာ။ရှိရစ်ပါလည်း၊နောင်ထာမြေးမြစ်။ရပါရင်၍ မွေနှစ်မစား။ပြည်တိုင်းကားကို။ စီးပွါးကျိုးဆောင်။ကြေငြးရောင်သို့။ ။ သားမောင်ကျင့်ရစ်စေသတည်း။

ဘုမိပါလ။စောသူရဟု။ တေဇထန်ပြင်း၊ တနေ့ချင်းလျှင်။ ဆင်မြင်း ဗိုလ်ခြေ၊ ရွှေနှင့်ငွေလည်း။ရေးနာမသိ။ ပြောင်ပြောင်ညီမျှ။ မင်းကြီးဟူ သည်။လူဘို့မှိခို။တောင်မြင်းရိုရ်သို့၊ထိုထိုကျေးရွာ။ သူချမ်းသာကို။ရှာထ

တုံတုံ၊ ဘုန်းတော်ထွဲ၍၊ ဇုဝလိပုံခဝ်ဆိမ်း၊ မင်းရိုင်ငြိင်းမှု၊ လူစိမ်းလူရှမ်း။ ချိုးမွှပ်းထဝ်ဆလာင်း၊ အပေါင်းမေတ္တာ၊ မင်းသိုထင်၏၊ ရွာတွင်အကြံ။ ရွာသူကြီးသည်း မီးနှင့်အတူ၊ ကျင့်ဘိမ္မကား၊ ရွာသူရွာသား၊ ငြိမ်းရာသွား၏၊ တပါးစင်ကင်း။ ပြည်ကြီးဆင်းသော်၊ မင်းလည်းလုံးကြင်း၊ ရန်သူညှင်းထိမ့်။ ဆောင်ကြဥ်းထိပ်ရိုး၊ သုန်းထံခိုးသည်း၊ တိုးဇေတိုးလေး၊ တက်သည့် ဧသိုဖြစ်လေဘက်ဘိ။ ကျိုးဖြစ်သိသား၊ မတ်ကြီးစကား၊ ထောင်သည့်နား ဖြင့်၊ အများအုပ်သိုက်၊ ပြည့်ဝမ်းမိုက်လည်း၊ မရိုကျက်မငယ်၊ ပြည်အမွယ် လည့်း၊ မပယ်လေကောင်း။ ပြည်ဥက္ကောင်းထည်း၊ စောင်းလည်းမရှိ၊ ပြည့် ချက်စိလည်း၊ မထိစေရာ၊ မင်းတကာတို့၊ ဘာသာကျင့်ထိး၊ ကျင့်ရိုးမှိုးထျက် ကျင့်ကြီးလေးဝါး၊ ပင်လယ်ခြားလည်း။ ထပါးသူမင်း၊ ပြည့်ထောင်ချင်းနှင့်၊ သဘင်းမြတ်၊ ဆက်စာသွတ်၍၊ လေးမြတ်ကျွမ်းဝင်၊ ချစ်ခင်သူထည်း၊ တကိုယ်တည်းလျှင်၊ ခမည်းကိုယ်စား၊ အာရာထားသား၊ ငါ့သားဘုရင်၊ ငါ့ တိုင်းခွင်ကို၊ ဝင်ချင်သာအောင်၊ လက်ရုံးထောင်၍၊ မြောက်တောင်ဝေးနီး၊ တို့စောထီးဟု။ ကောင်းကြီးထည်းထွန်၊ ပြည်တခွန်ကို။ ။သားမွန် ကြည့်ရစ်စေသတည်း။

မင်းရေးမင်းရာ၊ အဖြာဖြာလျှင်၊ ဓာမှာသမှု၊ မသားရနှင့်၊ ကြက်ဥအ ချောင်၊ တိပ်တောင်သဘွက်၊ မင်းရေးကျယ်၍၊ မင်းငယ်ကိစ္စ၊ ဖြစ်ထတ်လှ ၏။ မြို့ပြခဝ်ကြီး၊ ဝေးနီးဒေသ၊ ထာဝရအာရုည်၊ ကန်ချောင်းဆည်၍၊ သွား ပြည့်နေပြည့်၊ ဤနှစ်တည်လည်း၊ ကြံစည်နည်းယူ၊ မှတ်တော်မူလော၊ ပြည့် သူဆိုးချောင်း၊ ကောင်းမကောင်းသား၊ အကြောင်းချင်းရာ၊ ကြားချင်ဖွာ လည်း၊ ညည့်ခါသပ်သော်၊ မင်းမြှက်ကျော်တို့၊ ကိုယ်တော်ဝတ်စား၊ မထင် ရှားသည့်၊ သွားရ၍သံသေ၊ နာတုံထေသော်၊ ကောင်းတွေကျင့်ငြား၊ ကောင်း စကားလည်း၊ ကြားခဲ့ဆိုက်ဆိုက်၊ မကောင်းလိုက်လည်း၊ မကြိုက်လေနှိုး၊ ဆိုနိုးရေးရွတ်၊ မှတ်ခဲ့ပြီး၍၊ ကောင်းကြီးပေးဟံ၊ ကောင်းဆိုး ဓှန်လည်း၊ အလွှန်ဝမ်းသား၊ မကောင်းရာထည်း၊ ကောင်းစွာဆောက်တည်၊ မင်းချင်း ရည်နှင့်၊ ကျင်ထည်ငယ်ဘက်၊ တွင်းဝင်လျက်ဟု၊ ခက်ခက်ဖော်ဖော်၊ မ ဒေတာ်မတရား၊ လျှော်စာစား၍၊ ဝက်သားဆံပြု၊ ကိုယ်သာဆူနှင့်၊ ရန်သူမြို့ငြ် ထောက်ရဲရေးရောက်သော်၊ လက်အောက်မှုခံ၊ မဝမ့်တုံလေ၊ မျက်နှာသွေ အုံ၊ ကောင်းစေမဆို၊ ဓျူးမတ်ကိုလည်း၊ အလိုမလွှန့်၊ ကျေးမက်ဆွန့်လျက်၊ ရန့်ညွှန့်နှာမောင်း၊ နွယ်ကြီးပေါင်းထည်း၊ ချတ်တောင်းထိုးသတ်၊ ချိုးနှတ်

တဘ်နှင့်။ကာပ်လတ်းတောင်ဘက်။ သုထက်ဆက်လည်း။ ဝက်ဝက်ဖှစ်ခွဲ၊ ချွံချွံစွဲသား။ဝန့်ရဲလှမော၊မတ်ပြဲရောကို။သားစေ့ကြွံတတ်၊ ပြည်ခွန် လွှဘ်ရှေ့။အဓိပ္ပါယ်နှင့်၊ကောင်းကြွယ်တသက်။ဖြစ်တုံလျက်တဥ္ဆ။မင်းထက် အမင်းအားရှိမြဲတ်လည်း။မညွတ်လှည့်ခြင်း။တင်းတင်းလည်လည့်။ ဖြတ် ချင်လိလိ။လျှော့ချေဒိလည်း၊ထောင်ထိကွာငေး၊ပြေးခဲ့နိုးနိုး။ဗိုးလပ်တုံဗြား။ နှင်ပါးကြီတွေး။စိတ်နှောင့်နှေးမှု။ မင်းရေးမပျက် ပြည်ကဘက်လျှင်။ နှုတ် ထွက်မကြွမ်း။လျှတ်ရှိဘမ်းကား။ချီးမွမ်ပေက။ ကြိုက်တတ်ဘ္ဖုိး။မိဘဘိုး ဘွား၊မြေးသားချိငေါ၊ ညီနောင်ခေါ်လည်း။ မျိုးတော်ကုန်ကြွေင်း။ ငေး ကောင်းဥစ္စာ။မင်းရေးလာလည်း။ ထေးဖါဝိတ်ဆို့။ငါတို့မင်းမျိုး။ ကုင့်ရိုး လေ့ကျက်။ရွှေးငွမက်၍၊ ပျက်သည်ပြည်ထဲ။မင်းဆင်းရဲသို့၊ သွေခွဲ့မင်း ခြေ။မဖြစ်းစနှင့်၊ မွေ့မွေ့နှောက်နှောင်။ ကောက်ကောက်ကျစ်ကျစ်၊ သူ ချောပြစ်လည်း။အပြစ်ဟုတ်ရာ၊ မဟုတ်ရောက်။ယုတ္တာယုတ္တိ။ ဆင်ခြင်ညှိ လျက်ဘိမများ။ကျင့်ရစ်ညွှားမှု၊သေးငနှယ်၊နိုင်ငံကျယ်၍၊ပင်ထယ်ရည် ထုတ်။ မြစ်သရဒ်သို့ မယုတ်စပါး၊ ပြည့်သည့်လားသို့၊ ရန်ကစ်းသောင်း သောင်း။ဌျုးမတ်ပေါင်းနှင့်၊ရိပ်ကောင်းရွှေအိမ်။မ စိုးရိမ်၍။ ။စည်းစိမ်ဖြစ် ရစ်စေသတည်း။

ဤသို့ဟူ၍။ဗမျှုမြန်အောင်၊နန်းရွှေတောင်ထက်။သာခေါင်ရင့်ရှည်။လက် မြှောက်မည်လျက်။ရွှေစည်သံလွင်၊ကြေွးကြွးရင်တည့်။ရှေ့တွင်ထည့်။ မင်းခန်းစည်၍။ ဝိညာဏ်ဝကျွ။ ရှုသည်မစောက်။ ထမ်းပြုအောက်ငယ်၊ ကျော်ခြေံပတ်ကုန်း။မူးမတ်လုံးနှင့်။ မင်းဆုံးထိပ်းဖှတ်။ ဘိသိက်ဆွပ်က။ မင်းမြတ်မင်းကောင်း၊ဘိုးလောင်းတော်က။အဘတိုင်အောင်၊ပြည်ထောင် ဖြည့်းဖြည့်။ကျင့်သည့်ချည်းဟု၊ခမည်းဘုရင်။ သားလွှန်းကျင်ကို။မြွှော်မြင် သော့တိုင်း။တလှိုင်းလှိုင်းလျှင်။ နှိုင်းရေမဲ့လျှင်း။ ကျင့်စေခြင်းဖြင့်။ သံ ညွှင်းနက်လေး၊မင်းရေးအရ၊သင်ခဲ့တုံသတည်း။ ။

ဤသို့နှတ်ရှင်၊မျက်နှာမြင်ထည်း၊ကျင့်လတုံတုံ၊သားကြွေးမှုကို။ ရုံရုံ ထင်လင်၊မင်းရေသင်လျက်၊ဆံုင်ပြွက်၊သားခေါင်းထက်ဝယ်။ အသက် ရွယ်ရော်။ပြုလှသော်လျှင်။ သားတော်ငှယ်၊ ရှင်ကိုရွယ်၍။ တာတွယ်မဲ့ လျှင်း။ဒေတာထွက်မင်းဟု။သံညွှင်းစကား၊ဆုန်းမထား၍။ သနားကျွမ်းဝင်၊ သက်မြတ်ကျင်သား။ပြာစည်ထွားမွတ်။ရှစ်သောင်းထွတ်ကို။ မင်းမြတ်ရဲ ကျော်။စောင်းကားမြှော်လျက်၊ဒနှဟော်မှုရစ်။ရှင့်မစစ်ဟု၊ လွှမ်းချစ်သက်

ဝေ။ သစ္စာပြေသော်၊ ကွဲကြေပြိုက်ယို၊ နန်းလုံးပြိုမှုကိုပြည်သား၊ အများ သောင်းသောင်း။ အပေါင်းညီညွတ်၊ မြကြိုခတ်မှု၊ မင်းဝတ်မင်းစား၊ မင်း ခန်းနားနှင့်၊ ထိမ်းမြားစွင့်စွင့်၊ နယ်တိုင်ပွင့်သား၊ ရှစ်ဆင့်ရွှေကုံ။ ဘယ်သူဘုံ ၍ လုံ့တို့သိမ့်နည်း၊ ဆွေခမည်းဟု လူးလည်းငိုယူ၊ များနယ်အမှုမှ ပြည်သူ မျက်ဝိမင်းမရှိက၊ အမိမဲ့သည့်၊ သူငယ်မည်ခဲ့၊ ရွှေပြာသခင်၊ နတ်ရှင် ရွယ်လူး၊ ဆိုဖွည့်ဦးဟု၊ နဖူးဆိုက်ဆိုက်၊ မြစ်ထားလိုက်သည်း၊ အမှိုက် သဘွယ်။ ရိပ်လမ်းရှယ်ကို၊ ပြစ်ပယ်ခွါသွား၊ ပြည်ကထွက်၍၊ နန်းသက် ကပင်၊ အသင့်ပြင်သား၊ စီခင်ကုံ့စွာ၊ ကြိယာနှင့်၊ မင်းသာကိုယ်ထည်း၊ လော လည်ပြီး၍၊ ထောကြီးနက်စွာ၊ သာထည်းသာလျက်၊ သခက်ပင်စဉ်၊ ဉာဉ ယျာဉ်တွင်၊ အခြာအင်၊ ရပ်သင်အသင်း၊ ဥဿဖြေင်းနှင့်၊ ထုံ့သင်းမွှေးမွှေး၊ တင်ကျေးတွန့်ဘွန့်၊ ဌက်ပြော ညွန့်သို့ ဖြန့်သော်ဖွစ်ဖွပ်၊ ကျည်ပွတ်ဝတ် တော်၊ သိမ်းထန့်သော်သည်း၊ နံ့စော်စနိုး၊ ပန့်ခေါက်ဆိုးသား၊ ငံနိုးကြီးတုန်၊ သက်နီးရုံ့နှင့်၊ ချုံချုံလည်းဝတ်၊ အမြွက်ပေါ်တွင်၊ တသည်တင်လျက်၊ သွင် ပြင်ထီးရိပ်၊ ရဆိတ်ကျင်မွယ်၊ ၂ပါယ်တုံ၊ ရှာင်းဥကွောင်းဘက်မှာ၊ ကေ သာရွက်ညို၊ ဥသျှောင်ကိုလည်း၊ အလိုတထွေ ဆံကျစ်ငွေ၍ ရှိသေမွယ်၊ ရသေ့နှသ်ဘု။ စမွသ်လဟန် ဟိမဝန်ဌ၊ မြတ်မွန်ရှင်လှ၊ ပျံ့သားကျသို၊ ဖြဟွဉ့်သနင်း၊ မင်းကြေရေဇာ မြင်ရာချစ်၍၊ စင့်စစ်လှလှ၊ ရဟန်းပြုသည်။ ဆာရနတ်လူခေါ်စေသဘည်း။

မဿပိုးမှာတမ်းပြီး၏။

---

မင်းမြောက်တံဆာငါးငါးဘိုကိုယ်၊ ပျို့လက်ာတို့၌အမျိုးမျိုး
စပ်ဆိုပုံကိုပြဦးအံ့။

သံဝရပျို့တွင်၊ ။ ရွှေသင်သားမြီးမင်းစီးခြေနင်း။ လျှံ့ဝင်းပြိုးဖြက်၊ သံလျက်ရွှေဒါး၊ ပတ္တမြား သင်းကျစ်။ လျှင်စစ်သဖွယ်၊ ရောင်နှယ်ညီးညီး။ ဟီးကပြုလွ၊ ကကုဒဟု။ ဘယ္ဘာငါးမည်။ အခရင်းတည်သား၊ ဟူ၍စပ်ဆိုလေသည်။ ။

ဘူရိဒတ်ဇာတ်ပေါင်းတွင်၊ ။ ရတနာခဂ္ဂ ဥဏှီသနှင့်၊ ဆတ္တဖြူဝင်း။ ခြေနင်းဘိနပ်၊ သားမြီးယပ်ဟု၊ ဘက်ကြွပ်ထံပါး၊ အစည်ထားသား၊ ငါးပါးကြီးသာ။ အရုံ့ပါလျက်။ မှူ၍စပ်ဆိုလေသည်။ ။ ဂန္ဓကုမာရပျို့တွင်၊ ။ ရဘနာယပ်။ ရွှေသင်းကျစ်နှင့်၊ ရောင်လျှပ်ခဂ္ဂ။ ဖြူဆွေဆွေသည့်၊ ဆတ္တခြေ

နင်း။ဝင်းဝင်းတောက်ဖြာ။ ။ဟူ၍စပ်ဆိုလေသည်။ ။ဗဟုသုတလက်ာ တွင်။ ။ရတနာယဉ်။သင်းကျဉ်သံလျက်။ မွေးညက်ထိပ်ဖြူ၊ ခြေနင်းဟူသည်၊ငါးဆူရတနာ။ မင်းတန်ဆာကို။ ။ဟူ၍စပ်ဆိုလေသည်၊ ။မဟာကပ္ပချိုးဝဿန္တရာပျို့တွင်၊ ။ခြေနင်းသင်းကျင်၊သားမြီးယပ်က။ ကိုယ်ကြပ်ဝတ်လျက်၊တခဲနက်သား၊သံလျက်အိမ်ဒါး။ ရိုးကားကိုးတောင်။ ရွှေညောင်ကျည်ကျူ၊ ရွက်ဖြူလျှိုးလျှပ်၊ ဆင့်ကိုးထပ်နှင့်။ အရင်ဖါးဖါး။ ချက်ထွတ်ဖျားဝယ်၊ ပဒ္ဒမြားထွန်းညီး၊ ဖိတ်ဖိတ်စီးသား။ ထီးနှင့်တကွ။ကကုဒသည်း၊ တောက်ပဝင်းဝင်း။အကုန်ကျင်းလျက်၊ ၊ဟူ၍စပ်ဆိုလေသည်။ ။ရှင်ကရဝိကဆို။တက်ထွန်းလျှံဝါချိုးရတု၌၊ ။သံလျက်သားမြီး၊မင်းစီးခြေနင်း။သလင်းတဆူ၊ထီးဖြူမျက်ရစ်။ သင်းကျစ်ရွှေပေါင်း ။ဟူ၍စပ်ဆိုလေသည်၊ ။မဟာဥပရာဇာချောင်းတွင်။ ။စကြာရွှေထီး၊သားမြီးခြေနင်း လျှံပြိုးပြက်။ သံလျက်သင်းကျစ်။ ။ဟူ၍စပ်ဆိုလေသည်။ ။ဤသို့ပျို့လင်္ကာကဗျာချောင်း၊ လူတားမှော်ဂွန်းတို့၌၊အစည်မတူ။ အထူးထူးလာခြင်းကြောင့်။ ကျင်းပဆောင်ရွက်သောအခါအခန့်သင့်ရာ၊ အလိုရှိရာ။ ကျင်းပဆောင်ရွက်သင့်ကြောင်းကို။ သိအပ်သည်။ ။

မဃ္ဃစိုးမင်းကြီး၏မှာတန်းတွင်။အများအုပ်သိုက် ပြည်ဝမ်းပိုက်လည်း၊ မရိုက်မငယ်။ပြည်အစွယ်သည်း။ မပယ်လေကောင်းဆိုသောစကားကို ပျို့လင်္ကာတို့၌လာသည့်အတိုင်း။ယင်မှားအောင်ငြလိုက်ဦးအံ့။

မဟောသဓမင်ခန်းပျို့တွင်။ပြည်နွမ်းမနယ်၊ ပြည်စွယ်မချိုး။မြတ်နိုးရာရှောင်း၊ပြည်ဥကျောင်းလည်း။စောင်းလောင်းမရှိ။ ပြည်မျက်စိလည်း။ ရွှင်ဘိသာချမ်း။ပြည်ဝမ်းမဘောက်၊မေတ္တါဈော်က။ဟူ၍စပ်ဆိုလေသည်။ ။ အာသက်ပျို့တွင်။ ။ပြည်သာဝမ်းထဲ၊မဖေါက်ဘဲလျှင်။မကွဲအကယ် ပြည်စွယ်မချို။ကောင်းနိုးလှဘိ၊ပြည်မျက်စိလည်း၊ တုန်းရှိရာဇာ။မဖေါက် ရှာနှင့်။ ။ဟူ၍စပ်ဆိုလေသည်။ ။ဇနကပျို့တွင်။ ။ပြည့်မစွယ်ချုန်။ ပြည်တန်ခွန်နှင့်။ပြည်မွန်မျက်စိ၊ပြည်ကြိမျက်နှာ။ ပြည်သာဥကင်း။ပြည် မင်းဝမ်းနက်။ပြည်နားခွက်က။ပြည်လက်ပြည်ခြေ။ မပျက်စေတည်း။ ။ဟူ၍စပ်ဆိုလေသည်။ ။ရွှေဟင်္သာမင်းပျို့တွင်။ ။မဘောက်ပြည် ဝမ်းကျော့ကြမ်းမရှိ၊မြင်သိရေးကျယ်၊ ပြည်စွယ်မချိုး။စောနေမျိုးလျှင်။ ဟူ၍ဝပ်ဆိုလေသည်။ ။

ရတနာမြတ်ခေါင်းချိ၊ရာဇဝံသပျို့တွင်လည်း၊ ။နဝရတ်ကိုးသွယ်။ ဆင်စလွယ်ကားးတိုင်းကျယ်ပြည့်ရေး။ မှုရုပ်တွေးကိုးသွေးနွေးတိုင်ပင်၊ ပြီးကုန်တွင်သည့်၊ရောက်ပင်ထံနီး၊မှူးမတ်ကြီးတို့ ရွှေထီးရွှေပြည့်ဥကင်း မည်မျှ၊စင်ကြယ်သီလ အာစာရနှင့်။မွေ့ပွင့်ထန်း၊ထေရိရဟန်းကားးရွှန်း ဆောင်တည့် တန့်ခွန်မည်၏၊ တိုရှည်နီးဝေ။ မှုခွင့်ရေးကို၊ထောက်တွေးစာ နာ။လိမ္မာမြော်မြင်၊ဗေဒင်ဟူးရား။ သမားကောင်းသည်၊မျက်စိမည်၏၊ တ ပြည့်တမြို့၊ထိုရေဝ်တို့လျှင်။ ပိုက်ကြို့ချောင်းနောင်း၊ သူလျှိုကောင်းကား။ ကျိုးကြောင်းဖွေနည်း။ ပြည်နားမည်၏၊ ပတ်သည်ဖှည့်ပတ်၊ ရန်ညွှန့်ဖြတ် သည်၊မင်းမြတ်မင်းသား။မင်းညီများနှင့်။ ဆွေသားမျိုးစည့်။ပြည်စွယ်မည် ၏။ရွှေရည်စံသီး၊ရှုမညီးသာ ။ သွီးလုထင်၊ဆင်းဖှပြင်ကို၊ ပြည်တွင်စံ ထည်။မျက်နှာမည့်၏၊ပျိုးစည်ဖျင်ဇေ၊ ကြွယ်သူဌေးဘို့။ စားရေးဝတ်ရာ။ ပြည့်ဗိုလ်စွာ၍၊ ရင့်မာခိုင်ကြည်၊ ပြည့်ဂမ်းမည်၏၊ ဓာနည်ရဲစွမ်း၊ မှုတော် ထန်းသား၊ကြိုးပမ်းအားထုတ်။ သူရဲဗုကား။ မြဲမှူးဆောက်တည်၊ပြည်ခြေ မည်၏၊နှစ်မည်နိုင်းချက်၊ သိကြားစက်သို့။ လက်နက်တန်ဆာ။ ကြိုးသာ ကား၊မြဲရာလမ်းသည်၊ ပြည်လက်မည်၏။ သည်သည့်ဤယင်း။ ဖုက်ကိုး တွင်းတွင်၊ဥကင်းမလွှန်၊တခွန်မညီ။ မျက်စိမပေါက်၊နားပေါက်မပယ်၊ အ စွယ်မခွါ၊မျက်နှာမလွှမ်း၊ရင်ဝမ်းမမွေး၊အခြေမပျက်။အာလယ်မဖြတ်၊ကျင့် နိုင်တတ်မှ၊နဝရတ်ကိုးဖြာ၊ဆင်စရာသည်။ ၊အောင်ခြာပြည်မမှုထင်း တည်း၊ ၊ဟူ၍စပ်ဆိုလေသည်၊

စွယ်ရုံကျော်ထင်ကျင်းတွင်။

နဝရတ်ကိုးသွယ်၊ ဆင်စလွယ်။ ဘယ်သူဘယ်သို့ဆင်ရန်နည်း။ ၊

ဟူ၍စပ်ဆိုလေသည်။ ။ဘုရင်မင်းခေါင် နန်းတက်တော်မူသောအခါ၊ စည်တပစ်အမတ်ကိုခေါ်တော်မူ၍။ ပြည်ထဲရေးငြိမ်းချမ်းသာယာအံ့ သည့်ကို၊မေးတော်မူရာ။ ပြည်ကြီး၏အရှင်ဖြစ်သောမင်းတို့သည်။ပြည်တံ ခွန်ကိုမလှည်းရာ။ပြည်ဥကင်းကိုမနှိပ်ရာ။ ပြည်စွယ်ပြည်သွားကိုမချိုးရာ။ ပြည်မျက်လုံးကိုမနှိုက်ရာ။ပြည်မျက်နှာကိုမဖျက်ရာ၊ပြည်ခြေပြည်လက် မဖြတ်ရာ။ပြည်ဝင်းကိုမပေါက်ရာဟု။စည်တပစ်အမတ်ကဘုရင်မင်းခေါင် ကိုလျှောက်ထားရာတွင်၊ အားရတော်မူသောကြောင့်။ ရာဇာဟူသောအ မည်နှင့်။ ကြီးစွာသောအဆောင်အရောင်ပေးတော်မူကြောင်းကို၊ရာဇဝင် သပ္ပွမတွဲတွင်ဆိုသည်။

ဤစကားရပ်တွင်၊ ပြည့်စွယ်ကိုမချိုးရာဟုဆိုခြင်းကြောင့်၊ ရေမြေ
သေဋ္ဌနင်း မင်းတို့သည်၊ တိုင်းပြည်သာယာ ဝပြောခြင်းအကြောင်းဖြစ်
သော၊နဝရတ်ကိုးပါးတို့ကို၊ဆိုအပ်ခဲ့ပြီးသည့်အတိုင်း၊ မပယ်မချိုးမဖိတ်
မလွှမ်းမူ၍၊ ရေမြေသေဋ္ဌနင်း၊ မင်းကြေရာဇ်တို့မပြတ်ဆင်ယင်အပ်သော၊
အဆင့်တန်ဆာ၊ရတနာဖြစ်သည်ဟူ၍၊ အမြဲနှစ်လုံးယူကြိုးသွင်းပိုက်သဖြင့်၊
မှူးမတ်ဟူသောပြည်ဦးကင်းစသောကိုးရပ်ကိုးဌာနတို့၌၊ချီးမြှင့်ပိုက်ဖျား၊
ရှုစားသိမ်းယူ၊မွေးမြူခြင်းကိုပြုရမည့်ဟုဆိုလိုသည်။

မဉ္ဇူဝိုးဓာတန်းတွင်၊ဓမ္မသတ်လည်း၊မဖတ်စရာ၊တော်တည့်စွာလျှင်၊
ဟုစပ်ဆိုခြင်းသည်။ ဓမ္မသတ်ကိုမဖတ်ဘဲလျက်၊ တော်စွာ၊လျော်စွာနှင့်၊
တရားကိုမစီရင်နှင့်။တရားသူကြီးအင်္ဂါရှစ်ပါးကို။ နားလည်ကျွမ်းကျင်သိ
မြင်တတ်မြောက်မှတရားကိုစီရင်ရမည့်ဆိုလိုသည်။

တရားသူကြီးတို့၏အင်္ဂါရှစ်ပါးကိုပြဦးအံ့။

ဇနကပျို့တွင်။ မျိုးနွယ်သန့်ရှင်း။ သတင်းကျေးဇူး။ ဂုဏ်ထူးကျော်
ညွန့်၊ ဖြောင့်မှန်သစ္စာ၊ ပညာထင်ရှား။စကားချိုသာ၊ လိမ္မာနက်နဲ၊နှိုက်နှဲ့ယူ
ငင်၊တရားရှင်ဟု၊ငါးသျှင်ထင်ရှား၊ အင်္ဂါရှစ်ပါးနှင့်၊ မှတ်သားလောက်တုံ၊
အများယုံသည်၊ခံသမတ်တို့၊ ။ဟူ၍စပ်ဆိုလေသည်။ ။အင်္ဂါရှစ်ပါး
ဆိုသော်လည်း။ ယေဘုယျနည်းကိုလိုက်၍သာယူရသည်။ အပကနည်း
အားဖြင့်၊သုံးပါးငါးပါးရှိသေး၏၊ရှိကြောင်းကိုပြဦးအံ့။

အနိုင်အဆက်မပြုခြင်း၊ အဂတိသေးပါးသို့မလိုက်စားခြင်း၊ အမှုနှင့်
လျော်စွာ စီရင်ခြင်းဟူ၍၊ ဓမ္မာဒပါဠိတော်၊ အဋ္ဌကထာတို့၌ ဆိုသည့်
အနုဋ္ဌညာဏ၊ ဂဏဓိသကပုဏ္ဏားစီရင်ဖိသော ရာဇနီတိ၌။ မျိုးနွယ်
သီလပြည့်စုံသည်၊ဂတိလေးပါးမလိုက်မှန်ကန်သည်။ ကောက်ခွဲယူငင်
ခြင်း၌ပညာရှိသည်၊ ချစ်ဖွယ်သောစကားကိုဆိုတတ်သည်။ ဓမ္မသတ်ရာ
ဇသတ်။ဖြတ်ထုံးတို့၌လိမ္မာသည်ဟူ၍၊ငါးပါးဆိုသည်။ ။မနုသာရရွှေ
မျဉ်း ဓမ္မသတ်စသည်တို့နှိုက်သည်။အမျိုးမြတ်သည်၊သီလရှိသည်။ဂုဏ်ရှိ
သည်။သစ္စာရှိမှန်သည်။နာပျော်ဘွယ်စကားကိုဆိုတတ်သည်။သန့်ရှင်းဖြေ
ဖြစ်သည်။ကျစ်လစ်သောစကားရှိသည်။တရားအရာ၌လိမ္မာသည်ဟူ၍။ရှစ်
ပါးဆိုသည်။ ။တနည်းလည်း။အမျိုးမြတ်သည်။သီလရှိသည်။တည်ကြည်
သည်။တရားသူကြီးဂုဏ်ရှိသည်။ သစ္စာမှန်သည်။ သူ၏စိတ်ကိုယူသကဲ့
သို့၊သာယာစွာဆိုတတ်သည်။ စည်းလဲသောအမှုတို့ကို။ သိခြင်း၌လိမ္မာ

သည်။ဘုရားသူကြီးအဖြစ်ကို၊ ဆောင်တတ်သည်ဟူ၍။ ဝိနိစ္ဆယရာသီစ
သောဓမ္မသတ်ကျမ်း၌၊ ရှိပါးဆိုသည်၊ ။ မနုသာရကမ္မသတ်ကျမ်း၌
လည်း၊ ။သုဘများသည်၊ စကားဆန်းကြွယ်သည်၊ နူးညံ့သည်၊ ရဲရင့်
သည်။ဘည်ကြည်သည်။ဝိဇ္ဇကတ်ဗေဒင်တတ်သည်၊ ထုံးပုံနည်းနာမှတ်
တတ်သည်။သဘင်အလယ်၌၊ဆို၀န့်မိန့်၀န့်ရှိသည်၊သူခပ်သိမ်းတို့၏စကား
ကိုလည်းမှတ်ထတ်သည်ဟူ၍၊ကိုးပါးဆိုသည်၊ ။ဤကဲ့သို့လောကီဓမ္မ
သတ်ကျမ်း၊ဝိဇ္ဇကတ်ကျမ်းဘို့၌၊တရားသူကြီးရဲ့သမတ်တို့၏အင်္ဂါသည်၊
သုံးပါး ငါးပါး၊ခုနစ်ပါး၊ကိုးပါးဟူ၍။သူးပြားကွဲလွဲသော်လည်း၊အင်္ဂါ ၄၄ပါး
ကိုသာ။ ယူရမည်ဟူ၍ပညာရှိတို့သည် ညှိနှိုင်းလျက်ထားကြသည်၊ ။

## တရားစီရင်သောတရားသူကြီးလေးယောက်ကို ပြလိုက်ဦးအံ့

မင်း၊ အမတ်ပုဏ္ဏား၊ တရားလွှတ်ဆရာထေးတည်း။ဤသို့ပြဆိုရာ၌၊ မင်း
ကေရာဇ်၊ ပညာရှိအမတ်၊ ပရောဟိတ်ပုဏ္ဏား၊ တရားတတ်သောတရားသူ
ကြီး။ ။ဤကားတရားဆုံးဖြတ်နိုင်သော။ တရားသူကြီးလေးယောက်
တည်း၊ ။တနည်းတရားသူကြီးခြောက်ယောက်ကိုပြဦးအံ့။ ။အမှုသည်
ရှာစား၊မင်းထား၊ ကြစ်ဆင်။ မင်းလျှင်နည်းခြောက်ပြာတရားကောက်၊
နောက်နှစ်ယောက်မှု။မဘောက်နှင့်ပြီး။ဟူရာနိုက်အမှုသည်ခြင်းဂတိထား
၍ဆရားပြီးပြတ်နိုင်သောကြောင့်။ တရားသူကြီးမည်သော။ အမှုသည်
လည်းဘယောက်။ တရားကိုစီရင်ပိုင်သောကြောင့်။ တရားသူကြီးမည်
သော ရှာစားမြို့စားလည်းထယောက်။မင်းကခန့်ထားသော တရားသူကြီး
လည်းတယောက်၊ လုသင်မရှိ၊ အမှုသည်ကိုမခေါ်နိုင်။ အမှုသည်တို့အ
သျှောက်။ဆိုက်ရောက်လာ၍၊အညီအညွတ်ဆုံးဖြတ်သော။သမသာသိက
ဟူသော၊တရားကြွင်ဆင်တတ်သော။တရားသူကြီးတယောက်။ မင်းကေ
ရာဇ်လည်းတရားသူကြီးတယောက်၊ခုံသမတ်ဖြစ်စေ၊မည်သူဖြစ်စေ။အမှု
သည်နှစ်ဦးသဘောတူ၍၊ဤသူဆိုရာပြီးမည်။ခွင့်ပြုပြီးလျှင်။ အမှုသည်တို့
အဆုံးအဖြတ်ခံသော၊ အနုညာတတရားသူကြီးတယောက်။ ဤခြောက်
ယောက်တည်း။ ယင်းတရားသူကြီးခြောက်ယောက်တို့တွင်။ မင်းနှင့်အ
နုညာတသုံးဖြစ်သောတရားကို။မည်သို့ပင်စီရင်သော်လည်း၊မဘောက်မ
ဖြန်စေနှင့်။စီရင်တိုင်းတည့်စေ။ ကျန်တရားသူကြီးလေးယောက်မှာစီရင်ချက်

ကျပြီးသော်လည်း။ အမှုသည်သဘောမတူက။ စီရင်ချက်ကိုမပြီးလိုလျှင်။ ချုံ့ခွါ၍အယူခံနိုင်သည်။ ။

အဆင့်ဆင့်တရားစီရင်ရသောသူခုနှစ်
ယောက်ကိုပြဦးအံ့။

သူကြီးနှစ်ရပ်။ ကွပ်မတ်။ ဥပရာဇ၊ တောင်ညာသနင်း၊ မင်းလည်းတပါး၊ တရားချွတ်လျှင်။ ဆင့်စီရင်လော၊ မင်းလျှင်ဖွားက။ သမဏဖြဟွဏာ၊ ဆရာကပိန်၊ နိုင်းချိန်ဆေးလေး၊ သတိပေး၍။ ဆွေးနွေးတိုင်ပင်ပါ ကောင်းတည်း။ ။ဟူရာ၌၊ ။ရွာသူကြီးတရားစီရင်၍ပြီးလျှင်ပြီးစေ၊ မပြီးလျှင် မြို့သူကြီးကစီရင်ရသည်။ မြို့သူကြီးကစီရင်၍တရားပြီးလျှင်ပြီးစေ။ မပြီးလျှင်မြို့ကွပ်မြို့ဝန်က စီရင်ရသည်။ မြို့ကွပ်မြို့ဝန်စီရင်၍ တရားပြီးလျှင်ပြီးစေ၊ မပြီးလျှင်။ အမတ်ကြီးကစီရင်ရသည်။ အမတ်ကြီးစီရင်၍တရားပြီးလျှင်ပြီးစေ။ မပြီးလျှင်အိမ်ရှေ့မင်းစီရင်ရသည်၊ အိမ်ရှေ့မင်းစီရင်၍တရားပြီးလျှင်ပြီးစေ။ မပြီးလျှင်မိဖုရားခေါင်ကြီးစီရင်ရမည်၊ မိဖုရားခေါင်ကြီးစီရင်၍တရားပြီးလျှင်ပြီးစေ၊ မပြီးလျှင် မင်းကြောရာဇ်စီရင်တော်မူရသည်၊ မင်းကြောရာဇ်စီရင်တော်မူ၍။ တရားပြီးလျှင်ပြီးစေ။ မပြီးလျှင် ပရောဟိတ်ပုဏ္ဏား၊ မင်းဆရာရဟန်းပညာရှိအမတ်တို့က။ နိုင်းချိန်ချင့်ထောက်၍။ ဤသူရှုံးထိုက်။ ဤသူနိုင်ထိုက်များကို။ တင်လျှောက်စေရမည်၊ ။ ဤကားသံဝဏ္ဏောတာဗွကျမ်းထွက်တည်။

တနည်းပိဋကတ်လွက်ချနှင်ယောက်ကိုဆိုဦးအံ့။

ခိုးသူဘမ်း၍ရလျှင်။ ဝိနိစ္ဆယအမတ်တို့သို့အပ်၍၊ စီစစ်ရသည်။ ခိုးသူမဟုတ်လျှင်လွှတ်သည်။ ခိုးသူဟုတ်လျှင်၊ မည်သို့အဆုံးအဖြတ်ကိုမပေး၊ ဝေါဟာရိက အမတ်သို့အပ်သည်။ အပ်လာသောသူကိုစီစစ်၍၊ ခိုးသူမဟုတ်လျှင် လွှတ်သည်။ ခိုးသူဟုတ်လျှင်၊ မည်သို့ အဆုံး အဖြတ်ကိုမပေး။ အန္တောဂါရိက အမတ်တို့သို့ အပ်သည်။ အပ်လာသော သူကိုစီစစ်၍။ ခိုးသူမဟုတ်လျှင်လွှတ်သည်။ ခိုးသူဟုတ်လျှင်၊ မည်သို့အဆုံးအဖြတ်ကိုမပေး။ အဋ္ဌကုလိက အမတ်တို့သို့အပ်သည်။ အပ်လာသော သူကို စီစစ်၍၊ ခိုးသူ မဟုတ်လျှင် လွှတ်သည်၊ ခိုးသူ ဟုတ်လျှင် မည်သို့ အဆုံးအဖြတ်ကိုမပေး၊ သေနာပတိအမတ်တို့သို့အပ်သည်။ အပ်လာသောသူကိုစီစစ်၍။ ခိုးသူမဟုတ်လျှင်လွှတ်သည်၊ ခိုးသူဟုတ်လျှင်မည်သို့အဆုံးအဖြတ်ကိုမပေး။ အိမ်ရှေ့မင်းသို့အပ်သည်၊ အပ်လာသောသူကို

စိစစ်၍၊ခိုးသူမဟုတ်လျှင်လွှတ်သည်၊ ခိုးသူဟုတ်လျှင်မည်သို့အဆုံးအဖြတ်ကိုမပေး။မင်းကြောင်းဖြင့်ရှေ့တော်သို့သွင်းရသည်၊ ရှေ့တော်သို့သွင်းသောသူကိုစိစစ်၍။ခိုးသူမဟုတ်လျှင်လွှတ်သည်။ ခိုးသူဟုတ်လျှင်ပဝေဏီဖြစ်သော နန်းစဉ်အဆုံးအဖြတ်ကိုဘတ်စေ၍၊ မည်သည့်အမှုကိုပြုလျှင်မည်သည့်ဒဏ်ကိုခံစေ၊ ထွက်ရှိသည်အတိုင်း၊ ဒဏ်ပေးတော်မူသည်၊ ဤကား ဝဇ္ဇီမင်းတို့ကျင့်မြဲဖြစ်သော၊ ပေါရာဏပဝေဏီနန်းစဉ်အဆုံးအဖြတ်တည်း၊

အဂဘိလေးပါးသို့ ၂လိုက်။တရားသဖြင့် စီရင်သော၊တရားသူကြီးချီးမွမ်းတို့သည်၊လူနတ်စသောသဂတိဘုံသို့သွားကြောင်း၊မျက်မှောက်ထင်ထင်အကျိုးရောက်ကြောင်း၊အကျိုးပေးကြောင်းများကို၊ ကျမ်းဂန်နှင့်တကွ။ပြလိုက်ဦးအံ့၊

ရာဇောဝါဒဇာတ်ထွက်၊ ။ဓမ္မေနသမေနအနုဝိနိစ္ဆယံနာမ၊ ကုသလံသဂ္ဂမင်္ဂါလော။ ။မဟာရာဇ၊မြတ်သောမင်းကြီး၊ ဓမ္မေန၊တရားနှင့်၊သမေန၊ ညီညွတ်သဖြင့်၊ အနုဝိနိစ္ဆယံနာမ၊တရားဆုံးဖြတ်ခြင်းမည်သော။သေဒေးသော၊ ဤသို့သဘောရှိသော တရားသူကြီးသည်၊ ကုသလ်၊ကောင်းသော။သဂ္ဂမင်္ဂါ၊နတ်ရွာနိဗ္ဗာန်သို့။ဂတော၊သွားရ၏။

နေမိပါဠိတော်။

ဆန္ဒာဒေါသာဘယာမောဟာ၊ယောဓမ္မံ နာတိဝတ္တတိ၊
အာပူရတိတဿ ယသော၊ဇုဏှပက္ခေဝစန္ဒိမာ။

မဟာရာဇ၊မြတ်သောမင်းကြီး။ဆန္ဒာ။ ချစ်သဖြင့်လည်းကောင်း၊ ဒေါသာ၊ အမျက်ထွက်သဖြင့်လည်းကောင်း၊ ဘယာ၊ ကြောက်သဖြင့်လည်းကောင်း၊မောဟာ၊တွေဝေသဖြင့်လည်းကောင်း။ယော၊ အကြင်သူသည်။ဓမ္မံ၊တရားကို။နာတိဝတ္တတိ၊မလွန်ကြူး။ တဿ၊ထိုသူအား။ယသော၊အခြံအရံအခြွေအရံအစောစည်းစိမ်ချမ်းသာသည်။ဇုဏှပက္ခေ၊လဆန်းပက္ခ၌စန္ဒိမာဝ-စန္ဒိမာမှာဝ၊လကဲ့သို့။အာပူရတိ၊ပွါးများပြည့်စုံ၏။ ၊သံကိစ္စေသဘာဂိယသုတ်။ သိင်္ဂါလောဝါဒသုတ် စသည့်တို့၌လည်း။ ထို့အတူဟောတော်မူသည်။

ဂတိလေးပါးသို့လိုက်ပြီးလျှင်၊တံစိုးထက်ဆောင်ကိုစား၍ တရားစီရင်သော၊တရားသူကြီးချီးမွမ်းပြုလုပ်သူတို့။ အပါယ်ငရဲဝဋ်ဆင်းရဲ၌။ကြီးစွာသောဒုက္ခ။ခံရသည့်အကြောင်းများကိုကျမ်းဂန်နှင့်တကွပြလိုက်ဦးအံ့၊

ပေတဝတ္ထုပါဠိတော်။

တယိဒံတံ သာနာရဒသမဒိဋ္ဌံ၊ အနုကမ္ပကာယေကုသလာဝဒေယျုံ။
မာပိသုဏံမာစမုသာအဘာ ဏိ။ မာခေါသိပိဋ္ဌိမံသိကော တုဝံ။

နာရဒ၊ အိုနာရဒ၊ အနုကမ္ပကာ၊ သတ္တဝါတို့ကို သနားတော်မူတတ်ကုန်သော။ ကုသလာ၊ သတ္တဝါတို့၏ စီးပွါးကိုကျင့်ခြင်း၌ သိမ်မွေ့သောပညာရှိကုန်သော။ ယေဗုဒ္ဓါဒယော၊ အကြင်ဘုရားအစရှိသောပညာရှိတို့သည်။ ယံဝစနံ၊ အကြင်စကားကို။ ဝဒေယျုံ၊ ဆိုကုန်ရာ၏။ တံဝစနံ၊ ထိုဘုရားအစရှိသောပညာရှိတို့စကားကို။ အဟံ၊ ငါသည်လည်း။ ဝဒါမိ၊ ဆိုအံ့။ သုဏောဟိ၊ နားထောင်ပါလော။ တယိဒံ-တံ့ ဣဒံ ဒုက္ခံ၊ ထိုခံရသောဆင်းရဲကို။ တသာ၊ ရှင်နာရဒသည်။ သမဒိဋ္ဌံ၊ ကိုယ်တိုင်မြင်ရပေပြီ၊ တုဝံ၊ အရှင်နာရဒသည်။ ပိဋ္ဌိမံသိကော၊ ငါကဲ့သို့ကျောက်ကုန်းသားကိုစားရသောသူသည့်ခေါ၊ စင်စစ်။ မာအသိ၊ မဖြစ်ပါစေလင့်၊ ပိသုဏံ၊ မဟုတ်မမှန် ဂုဏ်းတို့ကိုချောပြစ်သောစကားကို။ မာအဘာသိ၊ မဆိုပါနှင့်၊ မုသာ၊ မတရားသောအမှုကိုစီရင်ခြင်းအစရှိသော၊ မဟုတ်မမှန်သောစကားကို၊ မာစအဘာဏိ၊ ဆုံးဖြတ်စီရင်ခြင်းကိုမပြုပါနှင့်၊ ပေတဝတ္ထုပါဠိတော်အနက်။

ဥါရာဇိကထာပါဠိတော်။

သောဂန္တွာနဗာဓိ၊ တေဝအလ္လော ခလ္လော အရောပေတွာ ဂန္တွာ ဟိနိသိဒိ။
ဒန္တေဒဝိတသ္မော။ အလ္လောသုနိသိဒတိ၊ တမေနံ ဂိဇ္ဈာ ဝိကာကာဝိ
ကုလလာပိ အနုပဝိတွာ ဝိတေဇေတွာ ဝိရောဇေန္တိ။

ဘိက္ခဝေ၊ ရဟာန်းတို့၊ သော၊ ထိုဘုရားသူကြီးဖြစ်သောပြိတ္တာသည်။ ဂန္တွာနဗာဓိ၊ ထသွားသော်လည်း၊ တေဝအလ္လော၊ ထိုမိမိ၏ငွေးစေ့အိမ်ကိုသာလျှင်၊ ခလ္လော၊ ပခုံးထက်၌၊ အာရောပေတွာ၊ တင်၍ ဂန္တွာ၊ သွားရ၏၊ နိသိဒန္တောပိ၊ ထိုင်၍သော်လည်း၊ တေသွေဝ အလ္လော၊ သူ၊ ထိုမိမိ၏ငွေးစေ့အိမ်ကိုသာလျှင်၊ နိသိဒတိ၊ ထိုင်၍နေရ၏၊ တမေနံ၊ ထိုဘုရားသူကြီးပြိတ္တာကို၊ ဂိဇ္ဈာပိ၊ လင်းတတို့သည်လည်းကောင်း၊ ကာကာပိ၊ ကျီးတို့သည်လည်းကောင်း၊ ကုလလာပိ၊ စွန်ရဲတို့သည်သည်းကောင်း၊ အနုပဝိတွာ အနုပဝိတွာ၊ အစဉ်လိုက်၍လိုက်၍၊ ဝိတေဇေန္တိ၊ ထိုးဆွကြကုန်၏၊ ဝိရောဇေန္တိ၊ ဆိတ်ဆွကြကုန်၏။

နေတ္တိပါဠိတော်၊

သန္ဓာဒေါသာဘယာမောဟာ၊ ယောဓမ္မံ အတိဝတ္တတိ၊
နိဟာယတိတဿယသော ကာဠပက္ခေဝစန္ဒိမာ၊

ဆန္ဒာ၊ ချစ်သဖြင့်လည်းကောင်း။ ဒေါသာ၊ အမျက်ထွက်သဖြင့်လည်းကောင်း။ ဘယာ၊ ကြောက်ဖြင့်လည်းကောင်း။ မောဟာ၊ တွေဝေသဖြင့်လည်းကောင်း၊ ယော၊ အကြင်တရားသူကြီးသည်။ ဓမ္မံ၊ မိမိစီရင်သောတရားကို၊ အတိဝတ္တတိ၊ လွန်ကြူး၏။ တဿ၊ ထိုတရားသူကြီးအား။ ယသော၊ အခြံအရံအကျော်အစောစီးပွားချမ်းသာသည်၊ ကာဠေပက္ခေ၊ လဆုတ်ပက္ခ၌၊ စန္ဒိမာဝ-စန္ဒိမာဣဝ၊ လကဲ့သို့၊ နိဟာယတိ၊ တနေ့တခြားလျော့ပါး ဆုတ်ယုတ်ခြင်းသို့ ရောက်လေ၏၊

ဤသို့စသည်ဖြင့်လာသော၊ နေတ္တိပါဠိတော်၊ သံကိလေသဘာဂိယသုတ်၊ သိင်္ဂါလောဝါဒသုတ်တို့၌၊ ဂတိလေးပါးသို့လိုက်၍ မတရားသဖြင့်တံ ဆိုးလာဘ်ဆောင်စားပြီးလျှင်၊ တရားကို စီရင်သောတရားသူကြီးခံသမတ် ပြုလုပ်သောသူတို့သည်၊ ဒုဂ္ဂတိအပါယ်ထဲသို့ကျရောက်တော်မူကြရလေသည်။

ဤသို့ကျမ်းဂန်ဆက်သေထားရှိသည်များကို ထောက်ထားဆင်ခြင်ပြီးလျှင်၊ သတ္တဝါများ၌ဖြစ်ပွားသောအမှုတို့ကိုပြီမ်းစေခြင်းငှာ၊ ကရုဏာတရားကို ရှေ့ထား၍ တရားကိုစီရင်ကြပါလျှင်၊ ကောင်းမြတ်သောနတ်ရွာ သုဂတိသို့ သွားကြသွားကြရန်အကြောင်းဖြစ်သည်။ တံဒိုးလာဘ်ဆောင် ကိုစား၍ တရားစီရင်ကြလျှင်။ ရုပ်ပြီ ဖြစ်ပြီးမျိုးစေ့များကို ကြီးပွားအောင် မလုပ်မီးဖုတ်၍စားသကဲ့သို့၊ သားမယားတည်းဟူသောအနွယ်ကြောင့် အပါယ်ကမထွက်နိုင်ဘဲ ယဉ်နသံမှိုးတွဲသကဲ့သို့အပါယ်ငရဲမှာနေကြရလိမ့် မည်၊ ယခုကာလချင်လူရဟန်းတို့ ပြောဆိုတတ်သောစကားအစဉ်မှာ၊ ငါ တို့ကထာဝရသားဖြစ်သည်။ မည်သူမည်ဝါဘို့ကသူညာကာရဇာ်သား ဖြစ်သည်ဟု ပြောဆိုတတ်သည်။ နခသိခသုတ်၌ ဟောတော်မူသည်ကို ထောက်ဆင်ခြင်လိုက်လျှင်။ မိမိတို့အမြဲနေရာ ဘာဝရအရပ်မှာ အပါယ်လေးဘုံဟူ၍ သာမှတ်စရာအကြောင်းရှိသည်၊

ငင်းရာဇ ဝင်မင်းစဉ်မင်းဆက်တို့ကိုပြပြီးသည်နောက်။ထိုမင်းတို့၏အနိစ္စရောက်အံ့သောအခါ။ကြီးစွာသောနိမိတ်ပြခြင်းနှင့်တကွ။ ခန်းရသက္ကရာဇ်။အိမ်နှိပ်။စည်းစိမ်။ အသက်။ နေ့နံများကိုမှတ်သားရန်တဝ။ အင်းစောက်ချ၍အောက်မှာအစဉ်အတိုင်းပြဦးအံ့။

| | သက္ကရာဇ်။ | အိမ်နှိပ်။ | စည်းစိမ်။ | အသက်၊ | နံ။ |
|---|---|---|---|---|---|
| သိရိခေတ္တရာမြို့ | | | | | |
| မဟာသမ္ဘဝမင်း | ၆၀ | ၂၀ | ၆ | ၂၆ | ၂ |
| ငင်းမင်းအနိစ္စရောက်လိုသော်ဘိမ်ခွဲ၏။ | | | | | |
| ရှုမ္ဘာသမ္ဘဝမင်း | ၆၆ | ၂၃ | ၃၅ | ၅၈ | ၂ |
| ငင်းမင်းအနိစ္စရောက်လိုသော်။ငါးရက်တိုင်တိုင်ညဉ့်ကဲ့သို့မိုက်၏ | | | | | |
| ဥက္ကာပေါင်မင်း | ၁၀၁ | ၃၅ | ၇၀ | ၁၀၅ | ၃ |
| ငင်းမြစ်ရေခံ၏ သော်ငါးရက်ထည်း၏ ကြာ်ထွက်၏။ | | | | | |
| ဥက္ကာရန်မင်း | ၁၇၁ | ၅၀ | ၂၂ | ၇၂ | ၄ |
| ငင်းခင်းအနိစ္စရော်လိုသော်၊တနေ့ထည်းမိ ကြာ ၊ငါး ကြာ်ကျ၏၊ | | | | | |
| သားရန်ပေါင်မင်း | ၁၉၃ | ၄၀ | ၅၀ | ၉၀ | ၁ |
| ငင်းတနေ့တည်းနေနှစ်စင်းထွက်၍၊မွန်းတည့်အောင်ခွပ်ကြ၏၊ | | | | | |
| သားရန်မင်း | ၂၄၃ | ၃၀ | ၅၀ | ၈၀ | ၃ |
| ငင်းကြာသပတေးကြယ်ဆတ္တင်ချင်း၏။စနေသောကြာခွပ်ကြ၏၊ | | | | | |
| သားရက္ခန်မင်း၊ | ၂၉၃ | ၄၀ | ၃၁ | ၇၁ | ၂ |
| ငင်းနေ့ကိုကြယ်ပျံ၏၊အရိပ်ပျံ၏ ကြိတ်ထွက်၏၊ | | | | | |
| ခန်လောင်မင်း | ၃၅၃ | ၃၇ | ၃၈ | ၇၅ | ၂ |
| ငင်းယောက်သွားတလုံး ကောင်းကင်ကကျ၏၊ ကောင်းကင်အလုံးမှိုင်း၏။ | | | | | |
| လက်ခိုင်မင်း | ၃၆၂ | ၃၉ | ၃၄ | ၇၃ | ၂ |
| ငင်းမိန္နက်သံသင်းကြီးတပြိုင်နက်သင့်၍နေနှစ်စင်းထွက်၏။ | | | | | |
| သိရိခန်မင်း | ၃၉၆ | ၄၀ | ၂၈ | ၆၈ | ၅ |
| ငင်းမင်းအနိစ္စရောက်လိုသော်သောကြာကြယ်ဆတ္တင်ချင်း၏။ | | | | | |
| သိရိချာဇ်မင်း | ၄၂၃ | ၅၁ | ၉ | ၆၀ | ၂ |
| ငင်းမင်းအနိစ္စရောက်လိုသော်ဘုရားတံခိုးကြီးရောင်ခြည်လွှတ်၏ | | | | | |

| | သက္ကရာဇ်၊ | ဒိုင်နိုင့်၊ | စည်းစိမ်၊ | အသက်၊ | နှံ၊ |
|---|---|---|---|---|---|
| တေပါးမင်း | ၄၃၃ | ၁၅ | ၅၁ | ၆၆ | ၃ |

ငင်းမင်းအနိစ္စရောက်သော်နေနှစ်စင်းထွက်၍မွန်းတိအောင်ခွင်၏၊

| | | | | | |
|---|---|---|---|---|---|
| သားပါပီရာန်မင်း | ၄၀၄ | ၃၀ | ၆၄ | ၉၆ | ၃ |

ငင်းမင်းအနိစ္စရောက်သော်ကြာသပတေးကြယ်သတွင်ချင်း၏၊

| | | | | | |
|---|---|---|---|---|---|
| ရန်မုက္ခမင်း | ၅၅၀ | ၆၀ | ၁၅ | ၇၅ | ၁ |

ငင်းဗုဒ္ဓဟူးကြယ်နိယင့်ဂုလပြု၏။ဗုဒ္ဓဟူးကြယ်လတွင်နင်း၏၊

| | | | | | |
|---|---|---|---|---|---|
| ရန်ထိဒ်မင်း | ၅၆၅ | ၆၅ | ၃ | ၆၀ | ၁ |

ငင်းမင်းအနိစ္စရောက်လိုသော်လေးမျက်နှာအရပ်ကကြိဘ်ထွက်၏

| | | | | | |
|---|---|---|---|---|---|
| မုဥလိန်မင်း | ၅၆၀ | ၅၀ | ၁၅ | ၆၅ | ၅ |

ငင်းမင်းအနိစ္စရောက်လိုသော်၊လတခွန်ပြု၏၊

| | | | | | |
|---|---|---|---|---|---|
| ဘောရိန္ဒမင်း | ၅၀၇ | ၈၃ | ၁၊ | ၇၅ | ၀ |

ငင်းနေထွက်လျှင်မွန်းတည့်၏။ကြာသပတေးကြယ်နိုယင့်ပြု၏၊

| | | | | | |
|---|---|---|---|---|---|
| ရှံသလမင်း | ၅၉၅ | ၅၀ | ၅ | ၆၃ | ၄ |

ငင်းမင်းအနိစ္စရောက်လိုသော် နေထွက်လျှင်မွန်းတည့်၏၊

| | | | | | |
|---|---|---|---|---|---|
| ပုဏ္ဏာခင်း | ၆၀၀ | ၄၃ | ၃ | ၄၆ | ၅ |

ငင်းမင်းအနိစ္စရောက်လိုသော်၊တော်ဂုရက်ထည်း၏၊

| | | | | | |
|---|---|---|---|---|---|
| သာခမင်း | ၆၀၃ | ၄၄ | ၃ | ၄၇ | ၂ |

ငင်းမင်းအနိစ္စရောက်လိုသော်၊နန်းတွင်လင်းတ၂၀နား၏။

| | | | | | |
|---|---|---|---|---|---|
| သာသိမင်း | ၆၀၆ | ၂၉ | ၃ | ၃၂ | ၀ |

ငင်းမင်းအနိစ္စရောက်လိုသော်။မြွေဝမ်းကြင်မြေလျှောက်၍ကွဲ၏၊

| | | | | | |
|---|---|---|---|---|---|
| ကန္ဒုမင်း | ၆၁၉ | ၃၀ | ၁ | ၃၁ | ၁ |

ငင်းမင်းအနိစ္စရောက်လိုသော်။နေနှင့်လသဖွဲ့ကြဝ်သွား၏၊

| | | | | | |
|---|---|---|---|---|---|
| ကံထက်မင်း | ၆၁၀ | ၃၃ | ၃ | ၃၆ | ၂ |

ငင်းမင်း အနိစ္စ ရောက်လိုသော်။ ကောင်းကင်အလုံးညဥ့်ကဲ့သို့မိုက်၏၊

| | | | | | |
|---|---|---|---|---|---|
| နောင်တော်ဘိဇ္ဇမင်း | ၆၁၃ | ၃၆ | ၄ | ၄၀ | ၂ |

ငင်းမင်းအနိစ္စရောက်လိုသော်ကြာသပတေးကြယ်ထတွင်ချင်း၏

| | | | | | |
|---|---|---|---|---|---|
| သုရန္ဒရိမင်း | ၆၁၇ | ၂၄ | ၇ | ၃၁ | ၀ |

ငင်းကြာသပတေး ကြယ်တခွန်ပြု၏။ ဤမင်းလက်ထက်ဒေါ်ဒေါ်ရသ၆၂၂မြို့အစွန်းသက္ကရာဇ်ဘားသည်။

| | သက္ကရာဇ်။ | အိမ်နိမ့်။ | စည်းစိမ်။ | အသက်။ | နံ |
|---|---|---|---|---|---|
| အတိတျာမင်း | ၂ | ၁၅ | ၃ | ၁၈ | ၀ |

၎င်းမင်းအနိစ္စရောက်လိုသော်။ တနေ့တည်းတော်၇ကြိမ် ဦး၏။ ငလျင်လှုပ်၏နေ့ရှစ်စင်းထွက်၏။

| | | | | | |
|---|---|---|---|---|---|
| သုပညာနဂရဆိန္နမင်း | ၅ | ၁၅ | ၁၁ | ၂၆ | ၂ |

၎င်းမင်း အနိစ္စရောက်လိုသော်။ ဘုရားတံခိုးကြီး ရောင်တော်လွှတ်၏၊တောင်ကြီးကမ်းကြီးပြို၏။

နန်းစံပေါင်း(၂၇)သိရိခေတ္တရာမြို့နန်းစံမင်းပေါင်းအစဉ်ပြီး၏။

အရိမဒ္ဒနာပေါက္ကံမြို့။

| | | | | | |
|---|---|---|---|---|---|
| သရဒ္ဒရာဇာမင်း | ၂၆ | ၃၂ | ၄၅ | ၇၇ | ၁ |

၎င်းမင်းအနိစ္စရောက်လိုသော်၊ ဥပါလွှ ညည်းဘီးခန့်ရှေ့တော်တွင် ကျ၏။

| | | | | | |
|---|---|---|---|---|---|
| ရဘေ့ကြောင်မင်း | ၇၄ | ၁၉ | ၁၅ | ၃၄ | ၂ |

၎င်းမင်းအနိစ္စရောက်လိုသော်ဒိန္နက်သံသင်းကြီးတပြိုင်နက်သင့်၏။

| | | | | | |
|---|---|---|---|---|---|
| ငြုစေးထီးမင်း | ၈၉ | ၃၅ | ၇၂ | ၁၁၀ | ၃ |

၎င်းမင်းအနိစ္စရောက်လိုသော်၊ကြာသပတေးကြယ်သတွင်ချင်း၏၊

| | | | | | |
|---|---|---|---|---|---|
| ထီးမင်းယင်မင်း | ၁၉၄ | ၅၀ | ၂၀ | ၁၀၀ | ၄ |

၎င်းမင်းအနိစ္စရောက်လိုသော်၊ ဒိန္နက်သံသင်းကြိုတပြိုင်နက်သင့်၏။ကြာသပတေးကြယ်လတွင်ချင်း၏။

| | | | | | |
|---|---|---|---|---|---|
| ယင်မင်းပိုက်မင်း | ၂၂၁ | ၅၁ | ၂၅ | ၇၅ | ၂ |

၎င်းကြာသပတေးကြယ်သတွင်ချင်း၏၊ငလျင်လှုပ်၏။

| | | | | | |
|---|---|---|---|---|---|
| ပိုက်သင်လည်မင်း | ၂၄၆ | ၄၁ | ၂၀ | ၆၁ | ၅ |

၎င်းမင်းအနိစ္စရောက်လိုသော်။နေ့တခွန်ပြ၏။ ကောင်းကင်ကွင်ကြယ်တဝက်ခန့်ပျောက်၏။

| | | | | | |
|---|---|---|---|---|---|
| သင်လဉ့်ကြောင်မင်း | ၂၉၆ | ၅၃ | ၄၃ | ၉၆ | ၂ |

၎င်းမင်းအနိစ္စရောက်လိုသော်။ ၇ရက်ပတ်လုံးထေမှုံတိုင်းသား၏။ သစ်ပင်ကြီးအများကြိုးပဲ့၏၊၁၅ရွာပျက်၏။

| | | | | | |
|---|---|---|---|---|---|
| ကြောင်ထုရာဇာမင်း | ၃၀၉ | ၂၅ | ၂၅ | ၅၀ | ၀ |

သက္ကရာဇ်၊ အိမ်နိမ့်၊ စည်းစိမ်၊ အသက်၊ နှံ၊

ငှင်းမင်းအနိစ္စရောက်လိုသော်၊ သတ္တဝန်ပြု၏၊ကျုံပ္ပိကာလတွင်ချင်း၏၊ ရတနာရိယ်း၇ ကြိမ်ရွှ၏၊

သည်တန်မင်း ၃၃၄ ၃၅ ၂၇ ၆၂ ၀

ငှင်းမင်းအနိစ္စရောက်လိုသော်လောင်မီး ၇ရက်ကျ၏၊ အရိဝ်ပြန်၏၊

သူရဲမင်း ၃၆၁ ၃၃ ၅၅ ၈၈ ၅

ငှင်းမင်း၊ အနိစ္စရောက်လိုသော်၊ ညောင်ဦးကင်းပါး အစဉ်အတိုင်းပြု၏၊

သာရမွန်မင်း ၄၁၆ ၅ ၂၂ ၇၇ ၆

ငှင်းမင်းလတွင်ကြယ်ချင်း၏၊ ကြယ်အချင်းချင်းခွင်ကြ၏၊

သိုက်တိုင်မင်း ၄၃၈ ၅၄ ၇ ၆၁ ၀

ငှင်းမင်းထတွင်တာရာချင်း၏၊ လောင်မီး၇ ရက်ကျ၏၊

သင်လည့်ကြေးမင်း ၄၄၅ ၃၅ ၉ ၄၄ ၂

ငှင်းမင်းမြစ်ရေအညာသို့ဆံ၏၊ မိုယ်းကြီးစွာရွာ၏၊

သင်လည်ပိုက်မင်း ၄၅၄ ၂၀ ၁၅ ၃၅ ၀

ငှင်းမင်းအနိစ္စရောက်လိုသော် နန်းတော်အလုံးအခိုးထွက်၏၊

ခဲငလင့်မင်း ၄၆၉ ၃၂ ၁၀ ၄၂ ၆

ငှင်းမင်းအနိစ္စရောက်လိုသော်၊ လေမလားဘဲမြစ်ရေလှိုင်းထမိုးထ၏။

ခဲထော်မင်း ၄၇၉ ၃၉ ၁၂ ၅၁ ၄

ငှင်းမင်းအနိစ္စရောက်လိုသော် ၇ရက်တိုင်တိုင်။ ဘီလူးရယ်၏၊

ထွန်တိုက်မင်း ၄၉၁ ၃၅ ၁၃ ၄၈ ၂

ငှင်းမင်းအနိစ္စရောက်လိုသော်၊ လကိုကြယ်ချင်း၏။ နေ့ကိုကြယ်ထွက်၏

ထွန်ပြစ်မင်း ၅၀၄ ၃၀ ၁၃ ၄၃ ၅

ငှင်းမင်းအနိစ္စရောက်လိုသော်။ နေ့နှစ်စင်းထွက်၏။ အရိဝ်မထွက်ကြာသပတေးကြယ်ဖြောကြယ်ခွပ်ကြ၏၊

ထွန်ချစ်မင်း ၅၂၅ ၂၂ ၁၅ ၃၇ ၄

ငှင်းမင်းအနိစ္စရောက်လိုတော်။ ကျတ္တိကာကြယ်တွင်။ ကြာသပတေးကြယ်ချင်း၏။ သတ္တဝန်ပြု၏။

ပုပ္ပစောရဟာမင်း၊ ၅၃၅ ၃၅ ၂၇ ၆၂ ၁

ငှင်းမင်းအနိစ္စရောက်လိုသော်။ နန်းတော်တွင်ထင်းတ ၇ ကောင်နား၏။

သက္ကရာဇ်၊ အိမ်နိမ့်။ စည်းစိမ်၊ အသက်၊ နံ၊
ရှင်မင်းလက်ထက်ခဆဟညာဖြိုလေသည်။

ရွှေခုန်းသီးမင်း ၂ ၃၅ ၁၂ ၄၇ ၆
ရှင်မင်းအနိစ္စရောက်လိုသော်။နန်းတော်တွင်းသို့ကျားဝင်၏။

ပိတ်သုံမင်း ၂၂ ၂၂ ၅၀ ၇၂ ၀
ရှင်မင်းအနိစ္စရောက်လိုသော်၊ဒိန္နက်သဲသင်းကြံ့တပြိုင်နက်သင့်၏။

မင်းခွေးမင်း။ ၇၂ ၅၅ ၆ ၆၁ ၂
ရှင်မင်းအနိစ္စရောံလိုသော်။၅ထေးကြယ်ထခွဲတိုင်အောင်တခွန်ဖြ၏။

မြင်းကျွေးမင်း ၇၈ ၂၁ ၁၀ ၃၁ ၀
ရှင်မင်းအနိစ္စရောက်လိုသော်။ကြာသတေးကြယ်လတွင်ချင်း၏။

သိမ်မင်း ၈၀ ၂၃ ၈ ၃၁ ၄
ရှင်မင်းအနိစ္စရောံလိုသော်။၇ရက်တိုင်ကောင်ကင်ကသွေးခွဲသို့ထင်၏။

သိန်ခွန်မင်း ၉၆ ၄၂ ၁၀ ၅၂ ၃
ရှင်မင်းနန်းတော်တွင်းသို့ကျားဝင်၏။နန်းတော်သို့တက်၏။

ရွှေလောင်းမင်း ၁၀၆ ၃၅ ၉ ၄၄ ၄
ရှင်မင်းနန်းတော်တွင်ပျားစွဲ၏။နန်းတော်ယက်၌ခွေးမွေး၏။

ထွန်းတင်မင်း ၁၁၅ ၂၆ ၉ ၃၅ ၁
ရှင်မင်းအနိစ္စရောက်သိုသော်။ဒိန္နက်သဲ့သကြံ့တပြိုင်နက်သင့်၏။

ရွှေမောင်တိုမင်း ၁၂၄ ၁၉ ၂၃ ၄၂ ၂
ရှင်မင်းလတွင်ကြယ်ချင်း၏။သောကြာကြယ်တံခွန်ဖြ၏။

ထွန်းလှမင်း ၁၃၇ ၃၉ ၁၇ ၅၆ ၄
ရှင်မင်းတရာသီတွင်ဂြိုဟ်၇လုံးစု၏။စနေကြယ်တံခွန်ဖြ၏။

စောခင်နှစ်မင်း ၁၆၄ ၃၆ ၂၇ ၆၃ ၅
ရှင်မင်းအနိစ္စရောက်လိုသော် သောကြာကြယ်နှင့်စနေကြယ်ခွပ်ကြ၏။

ခဲလှူးမင်း ၁၈၁ ၃၅ ၁၇ ၅၂ ၁
ရှင်းကြာသပတေးကြယ်လတွင်ချင်း၏။သောကြာကြယ်တံခွန်ဖြ၏။

မြည်ပျားမင်း ၂၀၈ ၄၅ ၃၂ ၇၇ ၂
ရှင်မင်းအနိစ္စရောက်လိုသော်ဒိန္နက်သဲသင်းကြံ့တပြိုင်နက်သင့်၏။

စထေခွေးမင်း ၂၆၈ ၅၀ ၉ ၅၉ ၀
ရှင်းဘီလူးထန်းပင်ခံပင်ကိုကိုင်၍ဖြ၏မင်းရင်ပြင်တွင်ရပ်၏။

သက္ကရာဇ်၊ အိပ်နိပ်၊ စည်းစိမ်၊ အသက်။ နံ၊

သိယ်ဇိုလ်မင်း ၂၇၇ ၂၅ ၁၆ ၄၁ ၀

ဇင်းမင်းအနိစ္စရောက်လိုသော်၊ ကြာသပတေးသောကြာတံခွန်ပြ၏၊ ကြွပ် ၈ လုံးရ၏၊ ဘီလူးကိုယ်တိုင်ပြ၏၊

တောင်သူကြီးမင်း ၂၉၃ ၄၅ ၃၃ ၇၈ ၀

ဇင်းမင်းအနိစ္စရောက်လိုသော်။ တရာသီတွင်ကြွပ် ၈ လုံးရ၏၊ နန်းတော်တွင်ဘီလူးကိုတိုင်ပြ၏၊ ငင်းမင်း မင်းရိုးမဟုတ်၊

ကြောင်းဖြူမင်း ၃၂၆ ၅၈ ၂၂ ၈၀ ၁

ငင်းမင်းအနိစ္စရောက်လိုသော်၊ ဘုရားပုထိုးတံခိုးရောင်ခြည်ပြ၏၊ ဆွန်း၇ရက်လဝန်းညိ၏၊ လျှောင်လျှပ်၏၊ မြစ်ရေဆန်၏၊

ကြည်စိုးမင်း၊ ၃၄၈ ၂၂ ၆ ၂၈ ၃

ငင်းသခွဲတိုင်တိုင်ဘ လူးရယ်၏နန်းတော်ကိုအရုပ်ခဲ့ရှင်ပြစ်၏။

ရက္ကတေးမင်း ၃၅၄ ၂၈ ၂၅ ၅၃ ၀

ဇင်းမင်း။ထင်ချင်းလုံးခန့်ကောင်းကင်ကကြယ်ကျ၏၊ လူတို့ကိုင်ရ၏၊

အနော်ရထာမင်း။ ၃၈၉ ၃၃ ၅၂ ၇၅ ၃

ဇင်းအနိစ္စရောက်လိုသော်၊ နန်းတော်ဦးကင်သဝယ်များစွဲ၏ဒိန္နက်သဲ သကြံတပြိုင်နက်သင့်၏။ ။

စောလူးမင်း ၃၂၁ ၃၀ ၅ ၃၅ ၄

ဇင်းမင်းအနိစ္စရောက်လိုသော်၊ ဘုရားတံခိုးကြီးအခိုးထွက်၏၊ ကြာသပတေးသောကြာကြယ်ခွပ်၏။

ကျန်စစ်သားမင်း ၃၂၆ ၃၃ ၂၉ ၆၂ ၃

ဇင်းမင်း အနိစ္စရောက်လိုသော်။ဖြာသာဒိဖျားထက်ဘီလူးကိုယ်တိုင်ပြ၏။ အင်္ဂါကြယ်စနေကြယ်ခွပ်၏၊

အလောင်းစည်သူမင်း၃၅၅ ၁၅ ၇၅ ၉၀ ၅

ဇင်းမင်းအနိစ္စရောက်လိုသော်စနေကြယ်ကြာသပတေးကြယ်ခွပ်ကြ၏။ဒိန္နက်သဲ့သကြံတပြိုင်နက်သင့်၏။

ကုလားကျမင်း ၄၃၀ ၅၂ ၃ ၅၅ ၀

ဇင်းမင်းအနိစ္စရောက်လိုသော်။ထန္တင့်ကြာသပတေးကြယ်ခွပ်ကြ၏။ရွှေစည်းခုံဘုရားထီးတော်ဖျားဝယ်သခွါးသီး၏။

မင်းရှင်နရသိင်္ခမင်း ၄၃၃ ၃၈ ၃ ၄၀ ၁

| | သက္ကရာဇ်၊ | အိမ်နိမ့်။ | စည်းစိမ်၊ | အသက်၊ | နံ။ |
|---|---|---|---|---|---|

၎င်းမင်းအနိစ္စရောက်လိုသော်နန်းတော်၌ထင်းတနေ့ား၏လ တွင်ကြွယ် ချင်း၏၊နန်းတော်တွင်ပျားစွဲ၏။ဗုဒ္ဓဂူဘုရားအခိုးထွက်၏။

| | | | | | |
|---|---|---|---|---|---|
| နရပတိစည်သူမင်း | ၄၃၆ | ၃၇ | ၃၇ | ၇၄ | ၃ |

၎င်းမင်းအနိစ္စရောက်လိုသော်မှော်ကွန်းတခါးဦးဝယ်ဘီးလူးကိုတိုင် ဖြင့်၏။စနေကြွယ်ထတွင်နား၏။

| | | | | | |
|---|---|---|---|---|---|
| ဇေယျသိင်္ခမင်း | ၄၇၃ | ၃၇ | ၂၃ | ၆၀ | ၃ |

၎င်းမင်းအနိစ္စရောက်လိုသော်။စနေကြွယ်ထံခွန်ဖြင့်၏။

| | | | | | |
|---|---|---|---|---|---|
| ကျစွာမင်း | ၅၉၆ | ၃၇ | ၂၃ | ၆၀ | ၃ |

၎င်းမင်းအနိစ္စရောက်လိုသော်မြင်းတင်းကုဝ်ဝယ်လင်းတနား၏။

| | | | | | |
|---|---|---|---|---|---|
| ဥဇနာမင်း | ၆၁၂ | ၃၃ | ၅ | ၃၈ | ၄ |

၎င်းမင်းအနိစ္စရောက်လိုသော်သမ္ဗုဒ္ဓေအခိုးထွက်၏။ ကြာသပတေးအ တွင်ချင်း၏။မိကျောင်းနှစ်စီးဝေါ၍ခဲကြ၏။

| | | | | | |
|---|---|---|---|---|---|
| ထရုတ်ပြေးမင်း | ၆၁၇ | ၁၆ | ၃၁ | ၄၇ | ၁ |

၎င်းမင်းဘုရားတန်ခိုးပြ၏၊တောင်မို့ကအခိုးထွက်၏။

| | | | | | |
|---|---|---|---|---|---|
| ကျော်စွာမင်း | ၆၄၈ | ၂၈ | ၁၂ | ၄၀ | ၂ |

၎င်းမင်းအနိစ္စရောက်လိုသော်။ငလျင်လှုပ်၏။ဘုရားပုထိုးတန်ခိုးရောင် ခြည်ဖွတ်၏။ကြာသပတေးထတွင်ချင်း၏။

| | | | | | |
|---|---|---|---|---|---|
| စောခင်နှစ်မင်း | ၆၆၀ | ၁၆ | ၂၈ | ၄၄ | ၀ |

၎င်းမင်းအနိစ္စရောက်လိုသော်။နန်းတော်တွင်လင်းတနား၏။

| | | | | | |
|---|---|---|---|---|---|
| စောမွန်နှစ်မင်း | ၆၈၇ | ၄၅ | ၄၃ | ၈၈ | ၂ |

၎င်းမင်းအနိစ္စရောက်လိုသော်။နန်းတော်တွင်းသို့ကျားဝင်၏။ နန်းစံ ပေါင်း ၅၅ အရိမဒ္ဒနာပေါက္ကံမြို့နန်းစံမင်းပေါင်းအစဉ်ပြီး၏။

## ၎င်းနောက်မကွေရာမြင်စိုင်းမြို့တည်သည် ၎င်းမင်းသုံးပါးမင်းပြိုင်

| | သက္ကရာဇ်။ | အိမ်နိမ့်။ | စည်းစိမ်။ | အသက်။ | နံ။ |
|---|---|---|---|---|---|
| ရာဇသင်္ကြံမင်း | ၆၆၂ | ၃၉ | ၁၂ | ၅၁ | |
| အသင်္ခယာမင်း | ၆၆၂ | ၃၆ | ၅ | ၄၁ | |
| တစီးရှင်မင်း | ၆၆၂ | ၃၃ | ၂၂ | ၅၅ | |

သက္ကရာဇ်၊ အိမ်နိမ့်၊ စည်းစိမ်၊ အသက်၊ နံ၊
ငင်းသုံးပါးတို့အနိစ္စရောက်သိုသော်၊ကြာသပတေးကြယ်လထွင်ချင်း၏၊သုံ့ချားပုဆိုးတန်ရို ရောင်ခြည်လွှတ်၍ပြ၏၊

သားဥဇနာမင်း ၉၈၄ ၂၂ ၂၁ ၄၃ ၃

ငင်းမင်းအနိစ္စရောက်လိုသော်၊နန်းတော်တွင်းသို့သမင်နှစ်စီးဝင်၏၊

သားကျော်စွားမင်း ၇၁၃ ၃၀ ၁၀ ၄၁ ၄

ငင်းမင်းအနိစ္စရောက်သိုသော်၊ကြာသာတေးသောကြာကြယ်ခွပ်ကြ၏၊

ညီတော်သိဟာသူမင်း ၇၂၃ ၃၀ ၃ ၃၃ ၅

ငင်းမင်းအနိစ္စရောက်လိုသော်၊ရွှေစည်းခုံဘုရားရောင်တော်လွှတ်၏၊

ညီတော်ကျော်စွာမင်း ၇၀၄ ၃၆ ၉ ၄၅ ၂

ငင်းမင်းအနိစ္စရောက်လိုသော်၊ကြာသပတေးသောကြာကြယ်ခွပ်ကြ၏၊

အစ်ကိုဥဇနာပြောင်မင်း ၇၂၆ ၄၅ ၃၈ ၄၅ ၆

ငင်းမကွာချာမြင်ဝိုးမြို့ဘည်-မင်းပေါင်း၊၅၈ဆက်၊
ဇေယျာပူရစစ်ကိုင်းမြို့။

အသင်ချာစောယွန်းမင်း ၆၇၇ ၁၅ ၈ ၂၃ ၂

ငင်းမင်းအနိစ္စရောက်လိုသော်၊ စနေကြယ်သော ကြာကြယ်ခွပ်ကြ၏။

ဟာရာဗျားကြီးမင်း ၆၈၄ ၂၄ ၁၄ ၃၆ ၅

ငင်းမင်း အနိစ္စရောက်လိုသော်၊စနေကြယ်သောကြာကြယ်ခွပ်ကြ၏၊

သားရွှေထောင်ထက်မင်း ၆၉၈ ၁၅ ၃ ၁၈ ၁

ငင်းမင်းအနိစ္စရောက်လိုသော်၊ကြာသပတေးသောကြာကြယ်ခွပ်ကြ၏၊

ကျွဲစွာမင်း ၇၀၀ ၂၂ ၁၀ ၃၂ ၀

ငင်းမင်းအနိစ္စရောက်လိုသော်၊စနေကြယ်တခွန်ပြ၏၊

နော်ရထာမင်းရဲမင်း ၇၁ ၃၀ ၇ ၃၇ ၄

ငင် မင်းအနိစ္စရောက်လိုသော်၊စနေကြယ်တံခွန်ပြ၏။

ဆင်ဖြူရှင်တရာဗျားမင်း ၇၁၁ ၂၉ ၃ ၃၂ ၂

ငင်းမင်းအနိစ္စရောက်လိုသော်၊သောကြာကြယ်တံခွန်ပြ၏၊

မင်းခြေံခင်း ၇၁၄ ၄၂ ၁၂ ၅၄ ၀

နန်းစံမင်းပေါင်း၇၊ဇေယျာပူရမြို့နန်းစံမင်းပေါင်းအစဉ်ပြီး၏။

ရတနာပူရအင်းဝဣ္ဆြ။

| | သက္ကရာဇ်။ | အိမ်နိမ့်။ | စည်းစိမ်။ | အသက်။ | နံ။ |
|---|---|---|---|---|---|
| သတိုးမင်းဖျားမင်း | ၇၂၆ | ၂၀ | ၃ | ၂၄ | ၄ |

ရှင်းမင်းအနိစ္စရောက်လိုသော်၊ ကြာသပတေးကြယ် လတွင်နှားဖျော် စနေကြယ်သောကြာကြယ်တံခွန်ပြ၏။

| | | | | | |
|---|---|---|---|---|---|
| မင်းကြီးစွာမင်း | ၇၂၉ | ၃၀ | ၃၃ | ၆၃ | ၂ |

ရှင်းမင်းအနိစ္စရောက်လိုသော်၊ ရွှေစည်ခုံဘုရား၌ ထင်းတနား၏မြစ်ငယ်တွင်မိကျောင်းပေါ်၏။

| | | | | | |
|---|---|---|---|---|---|
| တရာဗျားမင်း | ၇၆၂ | ၃၂ | ၆၀ | ၃၂ | ၆ |

ရှင်းမင်းအနိစ္စရောက်လိုသော်၊ စနေဂြိုဟ်ခနုကဗြိဿာသို့ဗျူဟ်စရိယာကျင့်၏။

| | | | | | |
|---|---|---|---|---|---|
| ပဋ္ဌမမင်းခေါင်ကြီး | ၇၆၂ | ၂၉ | ၂၂ | ၅၀ | ၃ |

ရှင်းမင်းအနိစ္စရောက်လိုသော်။ ရွှေစည်းခုံဘုရား၌ ထင်းတနား၏ ကြာသပတေးကြယ်သိမ်ရာသီကကြင့်သို့ဗျူဟ်စရိယာကျင့်၏။

| | | | | | |
|---|---|---|---|---|---|
| ဆင်ဖြူရှင်တရာဗျားမင်း | ၇၈၃ | ၂၀ | ၄ | ၂၄ | ၂ |

ရှင်းမင်းသောကြာကြယ်ကံခွန်ပြ၏။ မြစ်ငယ်၌။ မိကျောင်းနှစ်စီးခဲကြ၏၊

| | | | | | |
|---|---|---|---|---|---|
| သားမင်းလှငယ်မင်း | ၇၈၇ | ၉ | ၃ | ၁၂ | ၂ |

ရှင်းမင်းမြစ်ငယ်တွင် မိကျောင်း နှစ်စီးပေါ်၏၊ ရွှေစည်းခုံဘုရား၌ထင်းတနား၏။

| | | | | | |
|---|---|---|---|---|---|
| ကလေးစားကျေးတောင်ညိုမင်း | ၇၈၇ | ၄၁ | ၇ | ၄၈ | ၃ |

ရှင်းအနိစ္စရောက်လိုသော်၊ ကြာသပတေးကြယ်သိဟာဇာကျင့်၏၊

| | | | | | |
|---|---|---|---|---|---|
| မိုးညှင်းမင်း | ၇၈၈ | ၄၀ | ၁၃ | ၅၃ | ၁ |

ရှင်းကြာသပတေးကြယ်ဗျူဟ်စရိယာကျင့်၏၊ စေတီပုထိုးအခိုးထွက်၏၊

| | | | | | |
|---|---|---|---|---|---|
| မင်းရဲကျော်စွာမင်း | ၈၀၁ | ၃၉ | ၃ | ၄၂ | ၅ |

ရှင်းမင်းဗုဒ္ဓဟူးဂြိုဟ်နိယာဠုပြု၍၊ကြာသပတေးကြယ်တွင်နှားဖျော်

| | | | | | |
|---|---|---|---|---|---|
| နရပတိကြီးမင်း | ၈၀၄ | ၃၈ | ၂၆ | ၆၄ | ၄ |

ရှင်းမင်းအနိစ္စရောက်လိုသော်ဘုရားပုထိုးမြို့၏။ ကျွတ္တိကာလတွင်ချင်း၏ ရွှေရင်မြှော်ဘုရားကရေထွက်၏။

| | | | | | |
|---|---|---|---|---|---|
| ပြည်စိုးမင်း | ၈၃၀ | ၃၈ | ၁၂ | ၅၀ | ၃ |

ရှင်းမင်းအင်္ဂါကြယ်တံခွန်ပြ၏ဒိန္နက်ဆဲသကြိုတပြိုင်နက်သင့်၏

| | | | | | |
|---|---|---|---|---|---|
| ဒုတိယမင်းခေါင် | ၈၄၂ | ၃၄ | ၂၀ | ၅၅ | ၀ |

ဆတ္တရာဇာ၊ ဒိဗ်နိမ့်၊ စည်းစိမ်၊ အသက်၊ နံ
ဇင်းမင်းအနိစ္စရောက်လိုသော်၊စနေကျွယ်ထံခွန်ပြ၏၊ခွာသားအများသေ၏၊အာ
ရော့မျက်နှာကကြွတ်တွက်၏။

ဒွန်းကျော့ရှင်မင်း ၈၄၃ ၂၅ ၂၅ ၅၀ ၁
ဇင်းဘုရားပုထိုးအနိုးတွက်၏၊

သိုဟ်ပွားမင်း ၈၈၈ ၂၂ ၁၅ ၃၇ ၀
ဇင်းမင်း အနိစ္စရောက်လိုသော်၊ သောကြာကြွယ်တံခွန်ပြ၏၊ ရာဟုပြိုဟ်
ပြာသာဒ်များတွင်နှစ်ချက်နေ၏၊

ရှင်းပေါင်ချမ့်နိုင်မင်း ၉၀၃ ၄၅ ၄ ၄၉ ၃
ဇင်းမင်းအနိစ္စရောက်လိုသော်ဘောကြာကြွန်မှိတွင်သွဲ့ဝင်ရွှံ့နား၏အင်္ဂါပြိုဟ်
သိဟာဇာကျင့်၏၊ဘင်အများသေ၏၊

မိုးဗြဲနချပဘ်မင်း ၉၀၇ ၃၀ ၆ ၃၆ ၀
ဇင်းမင်းစနေကြွယ်ခနှမကာရထက်နေ၏ဗုဒ္ဓဟူးပြိုဟ်သိဟာဇာကျင့်၏၊

စည်သူကျော်ထင်မင်း။ ၉၁၃ ၅၇ ၃ ၆၀ ၄
ဇင်းမင်းသောကြာကြွယ်လထက်နေ၏၊အင်္ဂါစနေဗျဿဝရိယာကျင့်၏၊

သတိုးမင်းစောမင်း၊ ၉၁၃ ၃၁ ၂၉ ၆၀ ၀
ဇင်းမင်းအနိစ္စရောက်လိုသော်၊ဖြစ်ငယ်တွင်မိကျောင်း ၂ စီးပေါ်၏၊

မင်းလက်ျာမင်း။ ၉၄၅ ၄၄ ၃ ၄၇ ၀

မင်းရဲကျော်စွာမင်း ၉၄၈ ၁၇ ၇ ၂၄ ၂
ထပ် ၄—နှစ် ၈-လ မင်းမရှိ—သေးနှစ်၊ရှစ်ထလင်၏။

ညောင်ရမ်းမင်း ၉၆၀ ၁၅ ၈ ၂၃ ၃
ဇင်းမင်းတို့အနိစ္စရောက်လိုသော်၊အင်္ဂါပြိုဟ်၊ကြာသပတေးပြိုဟ်။သော
ကြာပြိုဟ်၊စနေပြိုဟ်တို့သည်။သိဟာဇာ။ဗျဿဇါကျင့်ကြ၏။နန်းတော်ဒုဝိက
ဋ္ဌ။မိုးစယ်ကြီးလောင်မီးကျ၏၊

အနောက်ဘက်သာလွန်မင်း ၉၆၈ ၁၇ ၇ ၂၄ ၆
ဇင်းမင်းအနိစ္စရောက်လိုသော်၊ဘုရားပုထိုးတံခိုးပြ၏။ မိကျောင်းပေါ်
၏။ကျွန်းဦးပြို၏၊ရွှေစည်ခုံဘုရားလင်းတနား၏။

သာလွန်မင်း ၉၉၁ ၄၅ ၁၉ ၆၄ ၁
ဇင်းမင်းအနိစ္စရောက်လိုသော်။ ငလျင်လှုပ်၏နန်းတော်ရှော့ဒုက်သေကျ၏။

ငါးထပ်ကြီးဒါယကာ ၁၀၁၀ ၄၁ ၁၃ ၅၄ ၃

သက္ကရာဇ်။ အိမ်နိမ့်။ စည်းစိမ်၊ အသက်။ နံ။

ဧင်းမင်းဘုရားပုသိုးတံခိုးပြ၏။ညောင်ပွင့်၏။

မင်းရဲကျော်ခေါင် ၁၀၂၃ ၄၂ ၁၁ ၅၃ ၁

ဧင်းမင်းရွှေစည်းခုံဘုရား၌လင်းတနား၏မြစ်ငယ်တွင်မိကျောင်းပေါ်၏။

နရာဝရမင်း ၁၀၃၇ ၅၂ ၁၁ ၆၃ ၃

ဧင်းမင်းသောကြာစနေကြယ်ခွင်ကြ၏ ဘိသိက်ခံရာတွင်။ ဆင်မျှော်လှော်ကားကြိုး၏။

ဝမ်းဘဲအင်းစံမင်း ၁၀၄၅ ၂၂ ၂၆ ၄၀ ၃

ဧင်းမင်းငလျှင်လှုပ်၏မြေကွဲ၏နန်းတော်သို့ကျားဝင်၏ပျားစွဲ၏။

စနေမင်း ၁၀၆၂ ၂၆ ၁၆ ၄၂ ၀

ဧင်းမင်းအနိစ္စရောက်လိုသော်စနေကြယ်သောကြာကြယ်ထတွင်ချင်း၏၊ နန်းတော်၌ပျားစွဲ၏။ဘုရားပုထိုးပြို၏။

မြန်နန်းရှင်မင်း ၁၀၇၆ ၂၆ ၁၉ ၄၅ ၁

ဧင်းမင်းကြာသပတေးကြယ်ကျွတ္တိကာကြယ်ခွပ်ကြ၏။

ဟံသာဝတီမင်း ၁၀၉၅ ၂၀ ၁၀ ၄၆ ၅

ဧင်းမင်းပျက်စီးလိုသော်၊ ငလျင်လှုပ်သည်။ စစ်ရှုံးသောကြောင့်ဟံသာဝတီပြည်တိုင်အောင် ဆောင်ယူ၍သွားသည်။ ။နန်းစံပေါင်း သုံးဆယ်ခုတနာပူရ အင်းဝမြို့နန်းစံမင်းပေါင်းအစဉ်ပြီး၏၊

ဧင်းနောက်တောင်ငူမြို့တည်သည်။

တောင်ငူမြို့ သက္ကရာဇ်။ အိမ်နိမ့်။ စည်းစိမ်။ အသက်၊ နံ။

မင်းကြီးညိုမင်း ၈၄၇ ၂၉ ၄၆ ၇၂ ၄

ဧင်းမင်းအနိစ္စရောက်လိုသော်။ဗုဒ္ဓဟူးကြယ် စနေကြယ်သိဟာဇာကျင့်၏။

တပင်ရွှေထီးမင်း ၈၉၂ ၁၅ ၂၀ ၃၅ ၄

ဧင်းမင်းအနိစ္စရောက်လိုသော်၊ကမ်းပါးအလိုလိုပြို၏။ မြို့တွင်း၌ရေကြီး၏ လှေစီးရ၏။ကြယ်အခိုးလွှတ်၏၊

ဟံသာဝတီဆင်ဖြူရှင်မင်း ၉၁၂ ၃၅ ၃၁ ၆၆ ၄

ဧင်းမင်းအနိစ္စရောက်လိုသော်၊ကောင်းမှုတော်မဟာစေတီကြီးပြို၏၊

ငါးဆုဒါယကာမင်း။ ၉၄၃ ၄၇ ၁၇ ၆၄ ၂

ဧင်းမင်းအနိစ္စရောက်လိုသော်၊ပတ္တမြားမိုးစပ်းရွာ၏၊နတ်များစွာကျ၏။

နန်းစံပေါင်း -၄- တောင်ငူမြို့နန်းစံပေါင်းအစဉ်ပြီး၏။

ရတနာသိမ်ကုန်းဘောင်၊

သက္ကရာဇ်၊ အိမ်နိမ့်၊ စည်းစိမ်၊ အသက်၊ နှံ။

အလောင်းမင်းတရားကြီး ၁၁၁၅ ၃၇ ၈ ၄၅ ၆

ငင်းမင်းအနိစ္စရောက်လိုသော်၊ထမထာဘဲထန်းပင်ထည်း၏၊

နောင်တော်မင်းတရားကြီး ၁၁၂၃ ၂၇ ၃၂ ၄၀ ၃

နောင်ထော်မင်းတရား ၁၁၂၆ ၂၆ ၁၃ ၃၉ ၁

ဆင်ဖြူရှင်မင်း ၁၁၃၉ ၂၆ ၆ ၂၈ ၂

စဉ့်ကူးမင်း ၁၁၄၅ ၂၉ ၅ရက် ၂၉ ၂

ပေါင်းခါးစားမင်း ၁၁၄၆ ၃၇ ၃တည် ၇၅ ၂

ဆဒ္ဒါန်ဆင့်မင်းသခင် ၁၁၄၇ ၃၆ ၇ရက် ၅၄ ၅

ငင်းမင်းတို့အနိစ္စရောက်လိုသော်ပြိုတ်ရှစ်လုံးမြေတွင်ရ၏၊မဟာမြတ်မုနိဘုရားကိုးထင်ကြီးရောင်ခြည်တော်လွှတ်၏၊

ပြေးတော်စစ်ကိုင်းမင်း ၁၁၈၁ ထ

ငင်းမင်းနန်းကျလိုသော်၊မြို့တွင်းသို့တောခွေးဝင်၏၊ရွှေစည်းခုံဘုရားသည်းသည်းကျ၏၊ဝါပပြိုဟ်ဒွါရထေးခွင်ဝိတ်၏။

အမရပူရနန်းစံပေါင်း၊

ဘိုးတော်မင်းတရား ၁၁၀၆ ၃၇ ၃၈ ၇၅ ၂

ငင်းမင်းအနိစ္စရောက်လိုသော်၊မြေငရင်လှုပ်၏၊ဥဿာပျံ၏တောင်ထိ၏၊

နောင်တော်ကြီး ၁၁၄၆ ၃၅ ၁၈ ၆၂ ၆

ငင်းမင်းအနိစ္စရောက်လိုသော်၊ကောင်းကင်ကပြိုဟ်တို့သည်သိဟဓါဈူးဖော်ကျင့်၏။

ရွှေဘိုမင်း ၁၁၄၈ ၅၁ ၉ ၆၀ ၄

ငင်းမင်းအနိစ္စရေခံလိုသော်။နန်းဆောင်တွင်ပျားစွဲ၏၊ငရင်ကြီးစွာလှုပ်၏၊

ပုဂံမင်း ၁၁၇၃ ၃၅ ၇ ၆၇ ၆

ငင်းမင်းအနိစ္စရောက်လိုသော်။တိမ်ခွင်၏၊ဥဘာပျံ၏တောင်လဲ၏။

မန္တလေးရတနာပုံနန်းစံပေါင်း၊

မင်းတုန်းမင်းတရား ၁၁၇၆ ၃၈ ၂၆ ၆၄ ၃

ငင်းမင်းအနိစ္စရောက်လိုသော်။မန္တလေးတောင်ခါသည်ဘုရားပုထိုးတံခိုးရောင်ခြည်ဖြသည်။ဥဘာပျံသည့်တော်လည်းသည်၊

သီဘောမင်း ၁၂၂၀ ၂၀ ၇ ၂၇ ၇

ငှင်းမင်းနန်းကျလိုသော်၊မြို့ရိုးပြအိုးတို့ကိုနတ်စက်လောင်မီးကျခြင်းမှော်ဝွန်းတိုင်လည်းခြင်း။မဟာမြတ်ရနီဘုရားကြီးကိုမီးသင့်မြင်း။ အာကာသကောင်းကင်က နက္ခတ်တာရာကြယ်တကာအပေါင်းတို့သည်။ ကုန့်သော်ကမန်းကြွေ၍ ပြသည်များကို ရှင်လူရဟန်းတို့ မျှားစွာ မြင်ကြရသည်။ ဘီလဝ်ရှင်ဘုရင်မကြီး( ၁၁၆၄ )( ၁၀ )( ၆၉ )( ၈၇ )( ၆ )ငှင်းရှင်ဘုရင်မကြီးအနိစ္စရောက်လိုသော်။သောကြာဂြိုဟ်နှင့်ကြာသပတေးဂြိုဟ်တို့သည်သကိုခွင်း၍ထွင်းဖောက်ကြလေ၏။ စနေဂြိုဟ်ဗျည္ဟ ဇးကျင့်၏။ အနောက်အရပ်ကတိမ်သည်သွေးကဲ့သို့နီ၏။ ဓတ်ချက်လူမျိုးတို့သည်။ ပုန်ကန်ပုန်စားလှုပ်ရှားထကြွ၏။ဥဘာပျံ၏တော်လဲ၏။ထိုအခါအနိစ္စရောက်၏။

ဂန္ဓာလစက္ကာဓာတိဋ္ဌကျမ်းဤတွင်ပြီး၏။

သမန္တဂတံတိဂုဏံ၊ သမ္ဗုဒ္ဓဂတံသုတံဟိ၊
အနောတတ္တသညာနာမေန၊ အာစရေနာမဘိက္ခုဝါ၊ ။
ရမ္မဝတာဝအယံဂန္ထော၊ သက္ကော်တေနဇ္ဇဒ်ဂနေ၊
သံဝစ္ဆရေသမတ္တော၀၊ ဒေ္ဒမာသဥပုဏ္ဏမီ၊ ။

တိဂုဏံ-တိဂုဏဟိ၊ သုံးပါးသောဂုဏ်တို့နှင့်။ ဝါ၊ သီလဂုဏ်၊ သမာဓိဂုဏ်ပညာဂုဏ်တို့နှင့်။ သမန္တဂတံ၊ ပြည့်စုံခြင်းအဖြစ်သို့ရောက်သော သုတံ ဟိ၊ အကြားအမြင်ပညာဗဟုသုတတို့နှင့်။ သမ္ဗုဒ္ဓဂတံ၊ ပြည့်စုံစွာထသော၊ အနောတတ္တသညာနာမေန၊ အမြဲမှတ်၍ခေါ်ဝေါ်အပ်သောအမည်အားဖြင့်၊ အာစရေနာမ၊ အာစာရအမည်ရှိသော၊ ဘိက္ခု၊ ရဟန်းသည်။ ဝါ၊ တနည်းကား အာစရေနာမ၊ အာစာရာဘိဓဇသိရိပဝရာဓဂုရု။ ဘွဲ့အမည်ရှိသော၊ ဘိက္ခု၊ ရဟန်းသည်။ ဝါ၊ တနည်းကား၊ အာစရေနာမ၊ ပဥ္စမသင်္ဂါယနာထင်။ ဘဝရှင်မင်းတုန်းမင်းတရားကြီးသည်၊ ကျောက်စာတော်ကြွင်ဆရာတော်အဖြစ်ဖြင့်၊ သန်တော်ဒိက္ခာတော်ပစ္စည်းလေးပါးတို့ကို၊ လှူဒါန်းလျက် ကိုးကွယ်သည်ကိုခံယူရသောကြောင့်။ အာစာရာဘိဓဇသိရိပဝရာဓဂုရုဘွဲ့ အမည်ရှိသော။ ဘိက္ခု။ ရဟန်းသည်။ ဝါ တနည်းကား။ အာစရေနာမ၊ ပဥ္စမသင်္ဂါယနာထင်။ ဘဝရှင်မင်းတုန်းမင်းတရားကြီး၏သားတော်အစစ်ရင်နှစ်သည်းချာ၊ ပညာဗဟုသုတအားလုံးလှတို့ကြောင့်၊ မွေ့ပိန်ိုလ်ယျ၊ အာဘကိုစားတရားစစ်သူကြီး။ ဝေးနီးအများနိုင်ငံတော်သားတို့ကို။ တရားနှင့်ဘက်။ သွတ်တော်ကိုတက်ပြီးလျှင်။ တရားစီရင်ရသောမဟာသီရိသုဓမ္မရာဇာဘွဲ့ အမည်တော်ရှိသောမက္ခရာ မြို့စား။ မက္ခရာမင်းသားသည်၊ ပစ္စည်းလေးပါးတို့ဖြင့်။ ထောက်ပန့်လှူဒါန်းသည်ကိုခံယူရသောကြောင့်။ အာစာရာဘိဓဇသိရိပဝရာဓဂုရု၊ ဘွဲ့အမည်ရှိသော၊ ဘိက္ခု၊ ရဟန်းသည်။ ရမ္မဝတာဝ၊ စီရင်အပ်လည်သာလျှင်ဖြစ်သော။ အယံဂန္ထော၊ ဤဂန္ထာလင်္ကာရဋီကာ အမည်ရှိသောကျမ်းသည်၊ ဝါ၊ ဂန္ထာလတိုင်း။ အနောက်ပိုင်း၌၊ ဝိုက်သိုင်းကျော်ညွှာ၊ ဝေဆာထွန်းပြောင်၊ နေလရောင်ကဲ့သို့၊ တောင်ထောင်ဘနန်း။ ရွှမ်းခန်းအောင်ထူးဆန်းတင့်တယ်အံ့ဘွယ်ဖြစ်ခြင်းကြောင့်။ ဂန္ထာလင်္ကာရဋီကာအမည်ရှိသောကျမ်းသည်၊ သက္ကော်ဇေနေ၊ လူတို့အမှတ်ခေါ်ဝေါ်အပ်သော သက္ကရာဇ်ဖြင့်။ ဇ္ဇဒ်ဂနေသံဝစ္ဆရေ။-၁၂၇၈-ခုနှစ်၌။ ဒေ္ဒမာသဥပုဏ္ဏမီ။ နယုန်လပြည့်ဗုဒ္ဓဟူးနေ့ ဆယ်နာရီအချိန်၌၊ သမတ္တော၀။ အပြီးအဆုံးသို့ရောက်သလျှင်ကတည်း။

နိဂုံး။

ဤသည်ကျမ်းကို။ရေးကာဆိုရာ။နိသံသ ကြောင့်။ပုမိဇောဘနှင့်ပြည့်ရံ ဝါလို၏။

## ဝကိဏ္ဏကပိလသုတ္တနိဿယကျမ်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သူတော်ကောင်းတို့ကိုဆည်းကပ်ကိုးကွယ်ခြင်း၊ သူတော်ကောင်းတို့ ပြောပြသောတရားစကားကိုနာသူမှတ်သားခြင်း၊ သူတော်ကောင်းတို့ ကျင့်ကြံသောတရားတို့ကို၊ကျင့်ကြံအားထုတ်ခြင်းနှင့်တကွ၊ ဗဟုသုတ အဓိပ္ပာယ်အသားတို့ကို လွန်စွာလိုလားသောမဟာမေဓါဝီရိယသတိရှိသူခပ်သိမ်းတို့အား မြတ်စွာဘုရားသခင်ပရိနိဗ္ဗာန်စံတော်မူသည့်နေ့သို့တိုင်ကျန်ရစ်သော ဓာတ်တော်မွေတော်စေတီတော် ရုပ်ပွားတော်တို့ကို၊ ဆွမ်းသင်္ကန်း ကျောင်းဆေးဟုဆိုအပ်သော။ထေးပါးသောပစ္စည်းနှင့်တကွ၊ အလှူ ထူးသောလှူဒါန်းဘွယ်တို့ဖြင့် ပေးလှူကြသော သူတို့သည်၊ သက်တော်ထင်ရှားရှိသော မြတ်စွာဘုရား သခင်ကိုလှူဒါန်းသကဲ့သို့အကျိုးထူးများကိုခံစားရပါမည်လောဟုသက္ကရာဇ်(၁၂၆၅)ခုနှစ် တပို့တွဲဆန်းဆယ်ရက်နေ့ တရုပ်ပြည်၊အနောက် ဂိုဏ်းတု၊ အပါ၊ဂန္ဓာလရာဇ်တိုင်းအငင်ဖြစ်သော မိုင်းထာမြို့ မိုင်းထာစော်ဘွားကြီးက၊ သာသနာပြုသိမ်သရုပ်ပင့်၍ကြွသွားသောအခါမိုင်းထာစော်ဘွားကြီး၏ပဟော်သောဓိ။တရားမွေဟာဖြသောအခါ လျှောက်ထားသော ကြောင့်၊ဗန်းမော်မြို့သိမ်တော်ကျောင်းဆရာတော်သည်၊ အစောင်စောင် သောကျမ်းတို့မှကြည့်ရှု၍၊ရေးသားဖြေဆိုလိုက်သည်။

ဓရမာနံ ဘဂဝန္တံ စတုပ္ပစ္စယေဟိ ဥပဋ္ဌဟန္တာ
ပူဇန္တာ သက္ကရောန္တာ ဗုဒ္ဓေဒါနံ ဒဒန္တိ နာမ။

ဟူ၍ အပါဒါနံ ပါဠိတော်။ အပါဒါန်အဋ္ဌကထာ။ အပါဒါနံ ဋီကာ စသော ကျမ်းတို့၌ လာကုန်သည်။

အနက်ကား။ ။ဓရမာနံ၊သက်တော်ထင်ရှားရှိကုန်သော၊ဘဂဝန္တံ၊

မြတ်စွာဘုရားကို။ စတူဟိပစ္စယေဟိ၊ ဆွမ်းသင်္ကန်းကျောင်းဆေးလေးပါးသောပစ္စည်းတို့ဖြင့်။ ဥပဋ္ဌဟန္တာ၊ လုပ်ကျွေးကုန်သော။ ပူဇန္တာ၊ ပူဇော်ကုန်သော။ သက္ကရောန္တာ၊ အရိုအသေပြုကုန်သောသူတို့သည်၊ ဗုဒ္ဓေ၊ မြတ်စွာဘုရားသခင်နှိက်။ ဒါနံ၊ အလှူကို။ ဒဒန္တိ နာမ၊ ပေးလှူသည်မည်ကုန်၏။

ဥဒ္ဒိဿ ခေတ္တစေတိယာနိ ကော။ စတူဟိ ပစ္စယေဟိ ဥပဋ္ဌဟန္တာ
ပူဇန္တာ သက္ကရောန္တာ ဗုဒ္ဓေ ဒါနံ ဒဒန္တိ နာမ။
ဟူ၍လည်း ဟောတော်မူသည်။

အနက်ကား။ ။ဥဒ္ဒိဿခေတ္တစေတီယာနိ ကော၊ ရုပ်ပွားဆင်းတုတော် ဓာတ်တော် စေတီတော် အစရှိသည့်တို့နှင့်။ စတူဟိပစ္စယေဟိ၊ ဆွမ်းသင်္ကန်းကျောင်းဆေးလေးပါးသောပစ္စည်းတို့ဖြင့်။ ဥပဋ္ဌဟန္တာ၊ လုပ်ကျွေးကုန်သော။ ပူဇန္တာ၊ ပူဇော်ကုန်သော။ သက္ကရောန္တာ၊ အရိုအသေပြုကုန်သောသူတို့သည်။ ဗုဒ္ဓေ၊ မြတ်စွာဘုရားသခင်၌၊ ဒါနံ၊ အလှူကို။ ဒဒန္တိ နာမ၊ ပေးလှူသည်မည်ကုန်၏။

ယောစ ပူဇေယျ သမ္ဗုဒ္ဓံ။ တိဋ္ဌန္တံ လောကနာယကံ။
ဓာတုသာသပမတ္တမ္ပိ၊ ပရိနိဗ္ဗုတဿ ပူဇယေ။
ဟူ၍လည်း ဟောတော်ဝသည်၊

အနက်ကား။ ။ယောစ၊ အကြင်သူသည်လည်း၊ တိဋ္ဌန္တံ၊ သက်တော်ထင်ရှားရှိတော်မူသော။ လောကနာယကံ၊ လူသုံးပါးတို့၏ ကိုးကွယ်ရာလည်းဖြစ်တော်မူထသော။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပူဇေယျ၊ ပူဇော်ရာ၏။ ပရိနိဗ္ဗုတဿ။ ပရိနိဗ္ဗာန် စံတော်မူပြီးသော မြတ်စွာဘုရားသခင်၏။ သာသပမတ္တံ၊ ရှဲ့ညှင်းစေ့မျှပမာဏရှိသော။ ဓာတုမ္ပိ၊ ဓာတ်တော်ကိုလည်း။ ပူဇယေ။ ပူဇော်ရာ၏။

သမေစိတ္တံပသန္နမှိ၊ သမံ ပုညံ မဟဂ္ဂတံ။
၃၀ တသ္မာ ထူပံ ကတွာန၊ ပူဇေယျ ဇိနဓာတုယော။
ဟူ၍လည်း ဟောတော်မူသည်။

အနက်ကား။ ။ပသန္နံ။ ကြည်ညိုသော။ စိတ္တမှိ။ စိတ်သည်လည်း သမေ။ ညီမျှသည်ရှိသော်။ မဟဂ္ဂတံ၊ အကျိုးကြီးမြတ်သော။ ပုညံ၊ ကုသိုလ်ကောင်းမှုသည်။ သမံ။ တူမျှသော။ အကျိုးပေးခြင်းရှိ၏။ တသ္မာ။ ထိုကြောင့်။ ထူပံ၊ စေတီတော်မြတ်ကို။ ကတွာ။ တည်ထားခြင်းကိုပြု၍။ ဇိနဓာတုယော၊ မြတ်စွာဘုရားဓာတ်တော်တို့ကို။ ပူဇေယျ။ ပူဇော်ရာ၏။

အဓိပ္ပါယ်သော်ကား။ ဤလောကဒ္ဓာတ်ပြန့်သောအယူရှိသောသူတို့သည် ရုပ်ပွါးတော်ဓာတ်တော်တို့ကို။ ဆွမ်းတော်မတင်ကောင်း။ တင်သော်ထည်းအကျိုးမရှိဟု ယူကြပြောဆိုတတ်ကြသည်၊ ယခုပြဆိုခဲ့သော ပေါ ဒါန်ကျမ်း၏အနက်မှာ။ သက်တော်ထင်ရှားရှိတော်မူသောမြတ်စွာဘုရား၊ နှင့် တဆင်းတုရုပ်ပွါးဖြစ်တော်မူသောမြတ်စွာဘုရား။ သရီရဓာတ်တော်မြတ်တို့ကိုလည်းကောင်း ပူဇော်ခြင်းကိုပြုကြကုန်သောသူတို့သည် သဒ္ဓါစေတနာထက်သန်သောဝိယ်တူကြလျှင်၊ တူမျှသောအကျိုးကိုပေး၍ တူမျှသောအကျိုးကိုခံစားရသည်ဟု၊ ပြဆိုသောအဓိပ္ပါယ်ဖြစ်သည်၊ ဆွမ်းသည်ထည်းပစ္စည်းလေးပါးအဝင်ဖြစ်သောကြောင့် ဆွမ်းနှင့်တကွအလုံးစုံသောပစ္စည်းတို့ကိုလှူကုန်သောသူတို့သည်၊ အတူတူပင်မှတ်ရမည်။ ။ ဤကားသုံးဖြတ်ချက်တခုပြီး၏။

---

မင်းတုန်းမင်းတရားကြီးလက်ထက်တော် ရေနံသာစံနိုင်ငံ ပညာတော်သင်လွှတ်တော်မူပါသွားသော။ သားတော်သီပေါဘုရင်မင်းလက်ထက်တော်၊ လွှတ်ဝန်ကြီး၏သက်တော်အာကင်။ လက်နက်ကိုင်သားအမျိုးမျိုးတို့ကို ဆင့်ဆိုနိုင်စေနိုင်သောဒိုင်ဝန်များလည်းဖြစ်ဘူးသောထီးထားပလော။ ဘွဲ့အမည် အချည်များကို။ အသနာ တော်ခံရသော။ စာရေးတော်ကြီးဦးအံ့ဘွယ်သည်။ သက္ကရာဇ်-၁၂၆၉-ခုနှစ်တော်သလင်းလဆန်း ၅ ရက်နေ့။ သီလအပြားနှင့်တကွ။ ဘာဝနာပွါးပုံများကိုသိလိုပါသည်ဟု။ လျှောက်ထားသောကြောင့်။ ဗန်းမော်မြို့ သိပ္ပဲတော်ကျောင်း ဆရာတော်သည်၊ အစောင်စောင်သောကျမ်းဂန်တို့ကိုကြည့်ရှု၍ဖြေဆိုလိုက်သည်မှာ။

သီလသည်။ လူတို့စောင့်အပ်သော ဂဟဋ္ဌသီလ၊ ရဟန်းသာမဏေတို့စောင့်ရှောက်အပ်သော။ ပဗ္ဗဇိတသီလဟူ၍ နှစ်မျိုးရှိ၏၊ လူတို့ကျင့်သုံးဆောက်တည်အပ်သော။ ဂဟဋ္ဌသီလသည်လည်း။ ပဉ္စင်္ဂသီလ။ အဋ္ဌင်္ဂသီလ ဒသင်္ဂသီလဟူ၍ သုံးမျိုးရှိ၏၊ တနည်းသည်း။ ဝါရိတ္တသီလ။ စာရိတ္တသီလ ဟူ၍နှစ်ပါးရှိ၏၊ ထိုနှစ်ပါးတို့တွင်။ အကြင်အမှုကိုမပြုအပ်။ ပြုလျှင်အပြစ်ရှိသည်ဟုပယ်တော်မူအပ်သောပါဏာတိပါတအစရှိသော။ ငါးပါးသော သိက္ခာပုဒ်အစရှိသော ဘုရားသခင်တား မြစ်အပ်သော ကမ္မပထပတ္တဖြစ်သောသိက္ခာပုဒ်ကြီးများကို၊ မလွန်ကြူးရအောင်စောင့်ရှောက်ခြင်းသည်။ ဝါ

ရိတ္တသီလမည်၏။အကြောင်းအမှုတို့၌။စောင့်ရှောက်ခြင်းကိုမပြုသော်လည်း။ဒုစရိုက်မှုကြီးမဖြစ်၊မဖြစ်သော်ဘဉ်းစောင့်ရှောက်လျှင်အကျိုးရ၏ဟုဟောတော်မူအပ်သော။အဗြဟ္မစရိယာသိက္ခာပုဒ်။ဝိကာလဘောဇနစသောသိက္ခာပုဒ်။ဝေယျာဝစ္စအပစာယနသီလ။ရှုတင်သီလများသည်။စာရိတ္တသီလမည်၏။ တနည်းကား။အာဒိဗြဟ္မစရိယကသီလ။အဘိသမာစာရိကသီလ။ဟူ၍နှစ်ပါးအပြားရှိ၏။မဂ်လေးပါးသည်ဗြဟ္မစရိယမည်၏။ ထိုမဂ်လေးပါးကို။ယခုဘဝရလိုချောက်လိုသောသူတို့အား။ရှေးဦးစွာနိစ္စသီလအဖြစ်နှင့်။ထုထောင်ဖြည့်ကျင့်အပ်သော။ သီလမျိုးသည်။အာဒိဗြဟ္မစရိယသီလမည်၏။ထိုအဝေါ်တွင်အမွန်းတင်၍။ရှုထင်များကိုကျင့်ခြင်းသည်။ အဘိသမာစာရိကသီလမည်၏။အကျဉ်းအားဖြင့်ပြဆိုသည့်ရှိသော်။ အာဇီဝဋ္ဌမကသီလသည်။အာဒိဗြဟ္မစရိယသီလမည်၏။ရဟန်းတို့၏( ၂၂၇ )ပါးသောသိက္ခာပဒသီလစုသည်။ အာဇီဝဋ္ဌမကသီလ၌ အကြုံးဝင်သော သီလစုမည်၏။တနည်းကား။ ဝဋ္ဋနိဿိတသီလ၊ ဝိဝဋ္ဋနိဿိတသီလဟူ၍နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတို့တွင်။ လူနတ်တို့၏စည်းစိမ်ကို တောင်းတ၍ဆောက်တည်ကျင့်သုံးသောသီလသည်။ ဝဋ္ဋနိဿိတသီလမည်၏။ မဂ်ဖိုလ်နိဗ္ဗာန်ကို၊ရည်သန်တောင်းတ၍စောင့်သောသီလသည်။ ဝိဝဋ္ဋနိဿိတသီလမည်၏၊တနည်းကား။ ကာလပရိယန္တသီလ။ အာပါဏကောဋိကသီလဟူ၍။နှစ်ပါးရှိ၏။ထိုနှစ်ပါတို့တွင်။နေ့ရက်လနှစ်တို့ဖြင့်။မှတ်၍စောင့်သောသီလသည်။ကာလပရိယန္တသီလမည်၏။ အသက်ထက်ဆုံးဆောက်တည်သောသီလသည်။ အာပါဏကောဋိကသီလမည်၏။ ။ကာလပရိစ္ဆေဒံကတွာတိ။ ဒုမင်္ဂလရတ္တိံ ဒုမင်္ဂလဒိဝသန္တိ အာဒိနာပရိယာကာလဝသေနပရိစ္ဆေဒံ ကတွာ၊ ။ဟူ၍ဝိသုဒ္ဓိမဂ်မဟာဋီကာ၌လာသောကြောင့်။ငါတို့ဘုရားလောင်းဖြစ်သော။ ဗာရာဏသီသူဌေး၏သူရင်းငှါး၊ အနာထပိဏ်သူဌေး၏သူရင်းငှါး၊ ထိုသူတို့နေ့ထက်ဝက်စောင့်ကြသော သီလသည်ကျမ်းဂန်အဆိုနှင့်ညီညွတ်သင့်မြတ်ပေ၏၊ ။

တနည်း။ဟီနသီလ။မဇ္ဈိမသီလ။ပဏီတသီလဟူ၍။သုံးပါးအပြားရှိ၏။ထိုသုံးပါးတို့တွင်။ ယုတ်ညံ့သော စေတနာနှင့် ဆောက်တည့်စောင့်ထိန်းသောသီလသည်။ဟီနသီလမည်၏။ အလတ်ဖြစ်သောစေတနာနှင့်။ ဆောက်တည်စောင့်ထိန်းသောသီလသည်။မဇ္ဈိမသီလမည်၏။အလွန်အကဲ။ ထက်သန်သောစေတနာဖြင့်ဆောက်တည်စောင့်ထိန်းသောသီလသည်ပဏီတ

သီလမည်၏၊ တနည်းကား၊ ပါရမီမြောက်သောသီလ ပါရမီမမြောက်သော သီလ၊ ဟူ၍နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင်၊ မိမိတယောက်တည်းသာ၊ မဂ်ဖိုလ်နိဗ္ဗာန်ကို ရရန်ရည်သန်တောင်းတ၍၊ ဆောက်တည် စောင့်ထိန်းသောသီလသည်၊ ပါရမီမမြောက်သောသီလမည်၏၊ အလုံးစုံသောသတ္တဝါအပေါင်းတို့အား၊ မဂ်ဖိုလ်နိဗ္ဗာန်ကို၊ ရစေရန်ရည်သန်၍၊ ဆောက်တည်စောင့်ထိန်းသောသီလသည်၊ ပါရမီမြောက်သောသီလမည်၏၊ ။သဗ္ဗသတ္တာနံ ဝိမောက္ခတ္ထာယပဝတ္တံပါရမီတာသီလံ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌လာသောကြောင့်၊ ၎င်းစကားကိုရှုကြည့်အပ်သော စကားဟူ၍မှတ်ရမည်၊ တနည်းကား၊ ဟာနဘာဂိယသီလ၊ ဌိတိဘာဂိယသီလ၊ ဝိသေသဘာဂိယသီလ၊ နိဗ္ဗေဓဘာဂိယသီလဟူ၍လေးပါးအပြားရှိ၏၊ ထိုလေးပါးတို့တွင်၊ သီလဝန္တဂုဏဝန္တပညာဝန္တပုဂ္ဂိုလ်တို့ကို၊ မမှီဝဲမဆည်းကပ်မူ၍၊ အလဇ္ဇီဒုဿီလပုဂ္ဂိုလ်တို့ထံ ခံယူဆောက်တည်၍စောင့်ထိန်းပြီးသျှင်၊ သိက္ခာပုဒ်ကိုလွန်ကြူးရာ၌လည်း အပြစ်ကိုမရှုဘဲ၊ မိစ္ဆာဝိတက် အကြံအစည်တို့ဖြင့်၊ သပွတ်ဥကထိန်ချုံကဲ့သို့၊ ရှုပ်ထွေးအောင်ကြံစည်အောင်းမေ့လျက်၊ အလွန်ကိုမစောင့်မူ၍၊ ဆောက်တည်စောင့်ထိန်းသောသီလသည်၊ ဟာနဘာဂိယသီလမည်၏။ ။အကြင်သူသည်၊ သီလကိုခံယူ၍၊ သီလရှိရုံမျှနှင့်၊ တင်းတိမ်အားရလျက်နေ၏။ အထက်မဂ်ဖိုလ်ကို ရအံ့သောအကျိုးငှါ၊ တရုံတခုသောကမ္မဋ္ဌာန်းကိုမျှ၊ စီးဖြန်းအားထုတ်ခြင်းကိုမပြုမူ၍၊ သီလနှင့်သာအားရရောင့်ရဲ၍ နေသောသူ၏သီလသည်၊ ဌိတိဘာဂိယသီလမည်၏။ အကြင်သူသည်၊ သီလနှင့်ပြည့်စုံ၍၊ သမာဓိနှင့်ဆက်သော၊ ကမ္မဋ္ဌာန်းလေးဆယ်တို့ကိုသာ အားထုတ်၏၊ နာမ်ရုပ်တရားကိုညီးငွေ့ခြင်းဟူဆိုအပ်သောဝိပဿနာကမ္မဋ္ဌာန်းကိုအားမထုတ်သောသူတို့၏သီလသည်။ ဝိသေသဘာဂိယသီလမည်၏၊ အကြင်သူသည်၊ သီလနှင့်ပြည့်စုံပြီး၍၊ နာမ်ရုပ်တရားတို့ကိုလည်းညီးငွေ့လျက်ဝိပဿနာတရားကိုလည်း။ ထက်အားသာ၍ အားထုတ်သောသူတို့၏သီလသည်။ နိဗ္ဗေဓဘာဂိယသီလမည်၏။ ။

တနည်း၊ ဘိက္ခုသီလ၊ ဘိက္ခုနီသီလ။ သာမဏေရသီလ။ ဂဟဋ္ဌသီလအားဖြင့်လေးပါး။ ထိုလေးပါးတို့တွင်။ ဥဘတောဝိဘင်း၌လာသော၊ နှစ်ရာနှစ်ဆဲ့ခုနှစ်ပါးသောသိက္ခာပုဒ်။ ရသင့်သမျှသောသိက္ခာပုဒ်တို့ကို။ သိမ်းကြုံး၍ ရေတွက်သောအားဖြင့်ကား။ ကုဋေပေါင်းကိုးထောင့်တရာရှစ်ဆယ်နှင့်ငါး

သန်းသုံးသောင်းခြောက်ထောင်သောသိက္ခာပုဒ်အပေါင်းသည်။ဘိက္ခုသီလ မည်၏။ရဟန်းမိန်းမတို့ထိန်းသိမ်းအပ်သောသီလသည်။ဘိက္ခုနီသီလမည် ၏ သာမဏေယောကျ်ားသာမဏေမိန်းမတို့ထိန်းသိမ်းအပ်သော။ဆယ်ပါး သီလသည်။သာမဏေရသီလမည်၏။ဥပါသကာယောကျ်ား။ ဥပါသိကာ မိန်းမတို့၏နိစ္စသီလ၏အစွမ်းအားဖြင့်။ငါးပါးသောသိက္ခာပုဒ်တို့သည်ရင်း။ ရွှေငွေကိုပယ်စွန့်ခြင်းငါ့စွမ်းနိုင်ပါလျှင်။ဆယ်ပါးသောသိက္ခာပုဒ်တို့သည် ၎င်း။နေ့ဖြင့်မှတ်၍။ ထိန်းသိမ်းအပ်သော ရှစ်ပါးသော သိက္ခာပုဒ်တို့သည် ၎င်း။ဂဟဋ္ဌသီလမည်ကုန်၏။

ဥပါသကာ ဥပါသိကာနံနိစ္စသီလဝသေန။ ပဉ္စသိက္ခာပဒါနိ၊ သတိ ဝါဥဿာဟေ။ဒသ ဥပေါသထင်္ဂဝသေနအဋ္ဌာတိဣဒံဂဟဋ္ဌသီလံ။ ဟူ၍ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌လာသည်။

အနက်ကား။ဥပါသကာဥပါသိကာနံ၊ ဥပါသကာယောကျ်ား။ ဥပါသိ ကာမိန်းမတို့၏။နိစ္စသီလဝသေန၊နိစ္စသီလ၏အစွမ်းအားဖြင့်။ပဉ္စသိက္ခာပဒါ နိ၊ငါးပါးသောသိက္ခာပုဒ်တို့၎င်း။ ဥဿာဟေ၊ ရွှေငွေကို ပယ်ရှားစွန့်ပြစ် ခြင်းငါ့စွမ်းနိုင်သည်။သတိ၊ရှိသော်။ နိစ္စသီလဝသေန၊ နိစ္စသီလ၏အစွမ်း အားဖြင့်။ ဒသ၊ဆယ်ပါးသောသိက္ခာပုဒ်တို့ရင်း။ ဥပေါသထင်္ဂဝသေန၊နေ့ ကိုမှတ်၍။စောင့်အပ်သောအင်္ဂါ၏အစွမ်းအားဖြင့်။အဋ္ဌ၊ရှစ်ပါးသောသိက္ခါ ပုဒ်တို့ရင်း၊ဣတိဣဒံ၊ဤသိက္ခာပုဒ်အပေါင်းသည်၊ဂဟဋ္ဌသီလံ၊ဂဟဋ္ဌသီ လမည်၏။ ။

ဤသို့ဆိုအပ်သောပါဠိ၏အရအားဖြင့်။ ငါးပါးသီလ။ ဆယ်ပါးသီလ သည်။နိစ္စသီလမည်၏။ ရှစ်ပါးသီလသည်။ ရံခါနေ့ဖြင့်မှတ်၍ စောင့်အပ် သောကြောင့်။အနိစ္စသီလမည်၏။ဤ၌ရော်နှက်။ ဆရာတို့အယူကွဲလွဲကြပုံ နှင့်။မိမိယူဆပုံကို။သိသာရုံမျှ၊အကျဉ်းပြလိုက်ဦးအံ့။ငါးပါးသီလသည်၊ခါး ဝတ်ပုဆိုးကဲ့သို့၊လူတို့အမြဲစောင့်ရှောက်အပ်သောသီလမည်၏။ ။

ဆယ်ပါးသီလကို။နိစ္စသီလမျိုးဖြစ်၍။ ဥပုဒ်နေ့တို့၌သာ။ ရှစ်ပါးသီလ ကဲ့သို့။နေ့ဖြင့်မှတ်၍မစောင့်အပ်။စောင့်လိုလျှင်၊ စင်္ဂိုကာရေအိုးထိန်းသည် စသောလူဥပါသကာတို့ကဲ့သို့။ရွှေငွေကို အာလယပြတ်စွန့်လွှတ်လျက်။ ကပ္ပိယသူတော်စင်။သီလရှင်ရသေ့ ပရိဗိုဇ်ကဲ့သို့ရင်း။မဟိန္ဒမင်းကြီး ၏သားတော်သုံးယောက်တို့ကဲ့သို့ရင်း။ဖန်ရည်စွန်းသောအဝတ်ကိုဝတ်ပြီး လျှင်၊အမြဲစောင့်ထိန်းမှသာစောင့်ကောင်းသည်။ထိုထိုဓာတ်နိပါတ်တော်

တို့၌ အလောင်းတော်ထကာ တို့စောင့်ထိန်းကြသည်မှာ။ ဥပေါသထံ ဥပဝသန္တိ အင်္ဂသုသမာဟိတံ။ ဟူ၍ အင်္ဂါရှစ်ပါးရှိသည့်၊ ဂဠုန်နဂါး၊ သိကြား၊ ကောရပ္ပလေးယောက်သော သူတို့စောင့်သော ဥပုသ်သည်လည်းကောင်း၊ ဝိသာခါ အနာထပိဏ်တို့စောင့်သောသီလ သည်လည်းကောင်း။ စမ္ပေယျနဂါး၊ သင်္ခပါလနဂါး၊ ဘူရိဒတ်နဂါးမင်း၊ ဥပေါသထဆင်မင်း၊ ယုန်သူငယ်ပဏ္ဍိတတို့ စောင့်ကြသောသီလသည်၊ ရှစ်ပါးသီလကိုသာ ကျမ်းဂန်တို့၌ပြဆိုလာရှိသည်၊ ဆယ်ပါးသီလစောင့်သောအရာမှာ၊ မလာ မရှိဟု၊ ဆယ်ပါးသီလကိုနေ့ဖြင့် မှတ်၍စောင့်လျှင်၊ မလျော်ကန် မသင့် မြတ်ဟုမှတ်သင့်မိသည်၊ စောင့်ကောင်း၏ဟု ယူဆသော ဆရာတို့၏ ကိုးကားယူဆနည်းကား၊

ပဉ္စင်္ဂဒသင်္ဂသီလံ တာဝသီလမေဝ။ တဉှိ ဗုဒ္ဓေ ဥပ္ပန္နေပိ အနုပ္ပန္နေပိ လောကေ ပဝတ္တတိ။ ။ဟူ၍ ပါရာဇိကကဏ် အဋ္ဌကထာ၌ လာသည်။ ။

ပဉ္စင်္ဂဒသင်္ဂသီလံ။ ငါးပါးသီလ ဆယ်ပါးသီလသည်၊ သီလမေဝ။ သီလ မည်၏၊ ရဟန်းတော်များစောင့်ထိန်းသော သီလကဲ့သို့၊ လွန်ကဲသော အဓိသီလ မဟုတ်ဟု ဆိုလိုသည်၊ ဟိ သစ္စံ၊ ထိုစကားသည် မှန်၏၊ တံ၊ ထိုငါးပါးသီလ ဆယ်ပါးသီလသည်၊ ဗုဒ္ဓေ၊ မြတ်စွာဘုရားသည်။ ဥပ္ပန္နေပိ၊ ပွင့်သောအခါ၌ လည်းကောင်း။ အနုပ္ပန္နေပိ၊ မပွင့်သောအခါ၌လည်းကောင်း။ လောကေ၊ လောက၌။ ပဝတ္တတိ၊ ဖြစ်၏။ ဤပါဠိ၌ အရ။ ဘုရားမပွင့်သောအခါ၌လည်း၊ ဆယ် ပါးသီလကိုစောင့်ကြသော ထုံးစံကိုထောက်၍။ ဃဋိကာရဒိုးထိန်းသည် တို့ကဲ့သို့၊ ရွှေငွေကို အာလယမဖြတ်စွန့်၍၊ ဖန်ရည်စွန်းသော အဝတ်ကိုပင်မ ဝတ်သော်လည်း။ စောင့်ကောင်းသည်ဟု ယူကြ၏။ ထိုမှတပါးလည်း၊

ဥပါသကော ဥပါသိကာနံ ယထာသမာဒိန္နဝသေန၊ ဧကံဝါ ဒွေဝါ တီဏိဝါ စတ္တာရိဝါ ပဉ္စဝါ အဋ္ဌဝါ ဒသဝါ သိက္ခာပဒါနိ ဟောန္တိ။ ။ ဟူ၍ ပဋိသမ္ဘိဒါမဂ်။ အဋ္ဌကထာ၌ လာရှိသည်၊

ဥပါသကာ သိက္ခာတိ ဥပါသကေဟိ သိက္ခိတဗ္ဗ သိက္ခာ သာ ပဉ္စသီလဒသသီလဝသေန ဝဋ္ဋတိ။ ။ဟူ၍ သမ္မောဟ အဋ္ဌကထာ၌။ သီလန္တိ ပဉ္စသီလ ဒသသီလာဒိဘေဒံ။ ဒဟရဿာပိ။ မဟလ္လကဿာပိ သဗ္ဗဝယေသု သောဘတိယေဝ။ ။ဟူ၍ ဓမ္မပဒ အဋ္ဌကထာ၌ လာသည်။ ။

သီလဝန္တော၊ ဥပါသကာတိ ဥပါသကတ္တေ ပတိဋ္ဌာယ ပဉ္စဟိ ဝါ ဒသ ဟိ ပိ၊ သီလေဟိ သမန္နာဂတာ။ ဟူ၍ သံယုတ်အဋ္ဌကထာ၌လာသည်။ ကိဉ္စိ ပဉ္စသု သီလေသု သီလေ ဒသ ပိ ဝေ ပရံ။ ဗုဒ္ဓဝင်ပါဠိတော်၌လာသည်။ ။

ဤသို့ အရပ်ရပ်လာရှိသော ပါဠိအဋ္ဌကထာဋီကာ စကားများကို ထောက်ဆ ဆင်ခြင်လိုက်လျှင်၊ အာလယပြတ်မစွန့်သော်လည်း ရွှေငွေကိုင်ခြင်းမှ ကိုမပြု၍ အဝတ်မရွေး အခါမရွေး စောင့်ကောင်းပေ ဟူ၍လည်း ယူရန်ရှိသည်။ ။ဆင်ခြင်၍ ယူဆရန်မှာလူ့ဘို့သည်။ ခါဝတ်ပုဆိုးကဲ့သို့ မြဲအစဉ် သော ငါးပါးသီလသည် လူတို့၏ နိစ္စသီလ၊ ဆယ်ပါးသီလသည် သာမဏေ အမြဲစောင့်အပ်သော နိစ္စမျိုး။ အရိုးအစဉ်ဖြစ်သည်၊ ရှစ်ပါးသီလသည် ရံခါ ဥပုသ်နေ့တို့၌သာလျှင်၊ စောင့်အပ်သော ပကတိအနိစ္စမျိုး အရိုးအစဉ်ဖြစ် သည်။ သို့သော်လည်း အနိစ္စမျိုးဖြစ်သော ရှစ်ပါးသီလကိုပင်၊ အာပါထ ကောဋိကသီလပြု၍၊ အသက်ထက်ဆုံး ဆောက်တည်သော်လည်း သင့်သ ကဲ့သို့။ မဆုံး တဝါ အလုပ်ဖြင့်နေ့စဉ် အသက်မွေးလေ့ရှိသော သူသည်၊ နိစ္စ မျိုးဖြစ်သော ငါးပါးသီလကို။ တနေ့တရက်သော်လည်း ကောင်း။ ငါးပါးလုံး မဟုတ်သော်လည်း။ တပါးနှစ်ပါး စသည်ဖြင့်။ ခွဲခြား၍၊ ထတ်အားသမျှ စောင့်လျှင် စောင့်ကောင်းသည် သာတည်း။ ။ထို့ကြောင့်။ ပဋိသမ္ဘိဒါ မဂ်အဋ္ဌကထာ၌။

ဥပါသကော ဥပါသကာနံ ယထာသမာဒါနဝသေန ဧကံဝါ ဒွေဝါ တီဏိဝါ စတ္တာရိဝါ ပဉ္စဝါ အဋ္ဌဝါ ဒသဝါ သိက္ခာပဒါနိ ဟောန္တိ။ ။ ဟူ၍ လာကုန်သည်။

တတ်အားသမျှ၊ နိစ္စသီလကို အနိစ္စ။ အနိစ္စသီလကို၊ နိစ္စသီလပြု၍ ဆော တည်စောင့်ထိန်းသော်လည်း ဆောက်တည် စောင့်ထိန်းကောင်းသည် ဟု မှတ်ရမည်။

တနည်းလည်း။ ။ပကတိသီလ၊ အာစာရသီလ။ ဓမ္မတာသီလ၊ ပုဗ္ဗ ဟေတုကသီလ အားဖြင့်လေးပါး။ ထိုလေးပါးတို့တွင်။ မြောက်ကျွန်းသူ မြောက်ကျွန်းသားတို့အား၊ ငါးပါးသီလကို မလွန်ကျူးခြင်းသည် ပကတိသီ လမည်၏၊ မြောက်ကျွန်းသူတို့၏ ငါးပါးသီလသည်။ မြောက်ကျွန်း၌ ထင်၍ ဖြစ်ခြင်းသာလျှင်မြဲ၏။ ။ထို့ကြောင့်။ တတြုပပတ္တိနိယတံ ဟိ သီလံ ဥတ္တ ရကုရုကာနံ။ ။ဟူ၍ မဟာဋီကာ၌လာ၏။ ။ဟိသစ္စ၊ ထိုစကားသည်

မှန်၏၊ ဥတ္တရကုရုကျွန်း၊ မြောက်ကျွန်းသူတို့၏။ သီလ၊ သဘောအားဖြင့်မြဲသောသီလသည်၊ တကြိုပေပတ္တိနိယတံ၊ ထိုမြောက်ကျွန်း၌ထင်၍ဖြစ်ခြင်းလျှင်မြဲ၏၊ အမျိုးတို့၏အစဉ်အလာအားဖြင့် ထားခဲ့သောအပိုင်းအခြားကိုမလွန်မကြူးမူ၍၊ သူ့သားမိမယားကိုမဖြစ်မှားခြင်း၊ သေရည်သေရက်မသောက်ခြင်းအစရှိသော အကျင့်သည်၊ အာစာရသီလမည်၏၊ ဘုရားလောင်းမယ်တော်၏နိယာမအားဖြင့်ထားသောငါးပါးသီလသည်၊ ဓမ္မတာသီလမည်၏၊ မဟာကဿပ၊ မယ်ဘဒ္ဒါအစရှိသော သူတော်ကောင်းတို့၏လည်းကောင်း၊ ဘုရားလောင်း၏လည်းကောင်း၊ ယခုကာလရှိသောအချို့သောသူတော်ကောင်းတို့၏လည်းကောင်း မသောက်တည့်ဘဲ့ဘဝ၌ ဘယ်အခါမျှမလွန်ကြူးမူ၍ မြဲတည်သောငါးပါးသီလသည်၊ ရှေးအကြောင်းအားဖြင့်၊ ဝသိဝါသနာနှင့်ထက်ဝ ဖြစ်သောပုဗ္ဗဟေတုကသီလမည်၏၊

တနည်းကား၊ ။လာဘပရိယန္တသီလ၊ ယသပရိယန္တသီလ၊ ညာတိပရိယန္တသီလ၊ အင်္ဂပရိယန္တသီလ၊ ဇီဝိတပရိယန္တသီလအားဖြင့် ငါးပါးအပြားရှိ၏၊ ထိုငါးပါးတို့တွင် မည်သည့်ကျောင်းကန်ဇရပ်၌၊ ဝဲဘောက်ထမင်း၊ ဆေးပတ်ထမင်း၊ ဆွမ်းထမင်း၊ နှင်းမကင်း၊ ကိတ်မုန့်စသည်တို့သည် ကျွေးကုန်၏၊ ထိုကျောင်းကန်ဇရပ်တို့သွား၍စောင့်လျှင်စားရသော်ခ၏ဟု လာဘ်သပ်ပကာကိုငဲ့၍စောင့်သောသီလသည်၊ လာဘပရိယန္တသီလမည်၏၊ မည်သည့် ကျောင်းကန်ဇရပ်၌ အခြံအရံအပေါင်းအသင်းများသည်ဟုသွား၍ရှာကြံပြီးလျှင်၊ သမီးစကား၊ သားစကား၊ ထယ်ယာကိုင်းကျွန်းဝသောဥစ္စာစီးပွားနှင့်စပ်သောစကား၊ သိတ္တာမိတ်ဖွဲ့ရေးကိုဒသဂိရိဘိလှူးဆောင်ယူ၍သွားခြင်း၊ ဗာလိတည်ပြီနောင်တို့စစ်ထိုးခြင်း စစ်တိုက်ခြင်းအစရှိသော၊ အကျိုးမရှိသော စကားမျိုးဟိုကိုပြောဟောလျှင်၊ ဟသောသောရယ်မောပြီးလျှင်၊ အခြံအရံအပေါင်းအသင်းကိုငဲ့၍စောင့်သောသီလသည်ယသပရိယန္တသီလမည်၏၊ ။မည်သည့်ကျောင်းကန်ဇရပ်၌၊ အဆွေအမျိုးတို့သည်များစွာစောင့်ကြ၏၊ ငါသွားလျှင်၊ အဆွေအမျိုးတို့ကိုအစုံအလင်တွေ့ရ၏ဟု အဆွေအမျိုးကိုငဲ့၍စောင့်အပ်သောသီလသည် ညာတိပရိယန္တသီလမည်၏၊ ။မည်သည့်ကျောင်းကန်ဇရပ်၌၊ ငါ၏ရုပ်ရူပကာယကိုမြင်လျှင်၊ ငါ့အားချစ်ခင်ရုံမက်သက်တွံ့သောသူတို့ရှိကြသည်၊ ငါ၏ရုပ်ရူပကာယကို၊ ပြရန်ရှိသည်ဟု၊ ကိုယ်အင်္ဂါကြီးငယ်ကိုငဲ့၍စောင့်သောသီလသည်၊ အင်္ဂပရိယန္တသီလမည်၏၊ ။မည်သည့်ကျောင်းကန်

ဇရဝ်၌။အသက်၏အန္တရာယ်ကို။ ထားမြစ်စောင့်ရှောက်နိုင်သော၊သမား ဟူးရားတို့သည်ရှိကုန်၏ထိုကျောင်းသို့သွါး၍စောင့်လျှင်။အသက်၏အန္တ ရာယ်ကို၊ ကာကွယ်ရန်အကြောင်းရှိသည့်ဟု။ အသက်ကိုငဲ့၍၊စောင့် သောသီလသည်။ဇီဝိတပရိယန္တသီလမည်၏၊

အာဇီဝဋ္ဌမကသီလခံယူနည်း။

အဟံဘန္တေတိသရဏေနသဟ။ အာဇီဝဋ္ဌမကသီလံ၊ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာသီလံဒေထမေဘန္တေ။ ဒုတိယမ္ပိတတိယမ္ပိစသည် တို့ကိုထည့်၍ဆိုလေ။

(၁) ပါဏာတိပါတာဝေရမဏိသိက္ခာပဒံသမာဒိယာမိ။
(၂) အဒိန္နာဒါနာဝေရမဏိသိက္ခာပဒံသမာဒိယာမိ၊
(၃) ကာမေသုမိစ္ဆာစာရာဝေရမဏိသိက္ခာပဒံသမာဒိယာမိ။
(၄) မုသာဝါဒါဝေရမဏိသိက္ခာပဒံသမာဒိယာမိ၊
(၅) ပိသုနဝါစာဝေရမဏိသိက္ခာပဒံသမာဒိယာမိ။
(၆) ဖရုသဝါစာဝေရမဏိသိက္ခာပဒံသမာဒိယာမိ။
(၇) သမ္ဖပ္ပလာပါဝေရမဏိသိက္ခာပဒံသမာဒိယာမိ။
(၈) မိစ္ဆာဇီဝါဝေရမဏိသိက္ခာပဒံသမာဒိယာမိ၊

ဤကဲ့သို့ ခံယူဆောက်တည်ရသည်အနက်မှာသိသာထောက်ပြီဖြစ်၍ မရေးလိုက်သည်။ ။

နဝင်္ဂသီလဆောက်တည်နည်း။

အဟံဘန္တေတိသရဏေနသဟ။နဝင်္ဂသီလံဓမ္မံယာစာမိ။ အနုဂ္ဂဟံက တွာသီလံဒေထမေဘန္တေ။ ဒုတိယမ္ပိ။တတိယမ္ပိ၊ထည့်၍ဆိုလေ နဝင်္ဂသီ လသည်။ ပါဏာတိပါတအစရှိသောရှစ်ပါးသီလ အတိုင်းခံယူ၍အဆုံး၌ မေတ္တာဘာဝနံဘာဝေမိ။ဟူ၍ကိုးပါးစေ့အောင်ထည့်သွင်း၍ ခံယူဆော တည်ရမည်၊ ။ဤနဝင်္ဂသီလကို။အင်္ဂုတ္တရပါဠိတော်၌။ ဟောတော်မူ သည်။ ။ကရုဏာစသည်ကိုထည့်၍လည်း။ ကရုဏာဘာဝနံဘာဝေမိ။ မုဒိတာဘာဝနံဘာဝေမိ။ဥပေက္ခာဘာဝနံဘာဝေမိ။ ဤသို့လည်းဆောက် တည်အပ်၏။ဗြဟ္မဝိဟာရံဘာဝေတိ။ဟူ၍လည်းဆောက်တည်အပ်၏။

နဝင်္ဂသီလပြီး၏၊

ဧကာသနိက်ပဏ္ဍပိုင်ငှုထင်ဆောက်တည်နည်း။

ဘဝများစွာသံသရာက။ မကွာမကင်းပါလာသောဒုစရိုက်အမိုက်အ

ပေါင်းတို့ကို၊ အဘောဒ်မပါဘဲ စာခဲကိုယ်ထည်းနေလျှောင်ပုပ်ဆီးခြင်းဌာ
အလိုရှိသောနဿကိမ္ပက္ကုလ်သည်ဆိုအပ်ပြီးသောပဋ္ဌာကဲအဋ္ဌကဲဒသဂ်သိထ
ထည်းဟူသော၊မိန်ည္ညိုချပ်ဝတ်တည်းဟူသောဝင်ကြံသါတို့နှင့်သာပြည့်ရုံ
ရာသည့်မဟုတ်သေး၊ရှုတင်သိကြွာထည်းဟူသောစစ်ဝတ်တံဆေကိုဆင်
၍၊စစ်မိုလ်အင်္ဂါနှင့် ပြည့်ရုံရာသည့်လည်း တကြောင်း၊ အလိုကြီးခြင်း
ထည်းဟူသောမဟိသ္သ၊ ယုဉ်မာဒဿ ဆလိုခိုးမှိုဝ်ငေ်ခြင်း တည်းဟူ
သောပါပိစ္ဆ၊ရှာသမှုနှင့်မရောင့်ရဲနိုင်ခြင်း ဘည်းဟူသော အတိစ္ဆတရား
တို့ကိုဖယ်ရှားခြင်းငှာစွမ်းနိုင်သောအင်္ဂ္ဂ၊ သန္တုဋ္ဌိသလ္လေခအရိယာဝံသ
တရားတို့ကိုပွါးများစေရန်၊ရှုတင်ကျင့်ဝတ်တရားများကိုကြိုးစား၍ဆောင်
တည်မှုနည်း၊

ကောသနိက်ဆောက်တည်နည်း၊

နာနာသနဘောဇနံ ပဋိက္ခိပ္ပါမိ၊ ကောသနိကင်္ဂံ သမာဒိယာမိ၊
ဌင်းနှစ်ပုဒ်တို့တွင်၊တပုဒ်ပုဒ်ကိုဆောက်တည်သော်လည်း၊ ဆောက်တည်
ခြင်းကိစ္စကိုပြီးစေနိုင်၏၊

နာနာသနဘောဇနံ၊အထူးထူးသောနေရာ၌စားခြင်းကို၊ပဋိက္ခိပ္ပါမိ၊ပယ်
ပါ၏၊ကောသနိကင်္ဂံ၊တထိုင်တနေရာတည်း၌စားခြင်းကို၊ သမာဒိယာမိ၊
ဆောက်တည်ပါ၏၊

ထိုသို့သောကောသနိက် ရှုတင်ကိုဆောက်တည်သောသူသည်၊ အာ
များသူတို့နှင့် ဆက်ဆံရာနှောခြင်းကိုမပြုမူ၍၊ ဆိတ်ငြိမ်ကျဉ်းမြောင်း
သောအရပ်တို့၌သာစားသင့်စားအင်၏၊ အကယ်၍စား၍ပြီးမှ၊ဥပဇ္ဈာယ်
ဆရာတို့ကြွလာအံ့၊ ထ၍ဝတ်ကြီးဝတ်ငယ်တို့ကိုပြုခြင်းငှာအပ်၏၊ မပြု
လျှင်ဝတ္တဘေဒဒုက္ကဋ်အာပတ်သင့်လိမ့်မည်၊ ထိုကြောင့်ထ၍ဝတ်ကိုပြုရ
မည်၊ရှုတင်ကိုငဲ့၍မနေအပ်၊ ၊ဥဋ္ဌာယဝတ္တံကာတုံနတိ၊ ၊ဝတ္တံ
ကာတုံငွေဟိဘိ၊ဝတ္တံကာတုံယုတ္တံဘိ၊ဝတ္တံနာမဂရုဋ္ဌာနိယကတ္တဗ္ဗမေ
ဝ၊ ၊ဟူ၍၊အဋ္ဌကထာဋီကာတို့၌လာသောကြောင့်ဝတ်ကိုထ၍ပြုသော်
လည်း၊ရှုတင်မပျက်ဟူသောအရိပ်အရောင်ထင်ဘွယ်ရှိ၏၊

သို့သော်လည်း၊ထိုဝိသုဒ္ဓိမဂ္ဂဘာသာမထေရ်မြတ်၏၊ဝါဒအင်၊ အဋ္ဌက
ထာအရှင်အခိုင်အမာပြု၍ ပြတော်မူ၏၊ ထိုသို့ပြသောကြောင့် စားတုံး
ထိုထ၍ဝတ်ပြုလျှင်၊ရှုတင်ကိုရုံမကာဲ့ ကွက်သောပုဂ္ဂိုလ်သည်၊ နောက်

ထပ်၍။ဆွမ်းကိုမစားအပ်။ဝတ်ကိုပြုရခြင်းသည်။ ရှုထင်ကိုမပျက်အောင် မစောင့်ရှောက်နိုင်၊နောက်သဝ်စားကရှုထင်ပျက်တော့သတည်း။

တိဝိဓုက္ကမစ္ဆုဋ္ဌာဘယေထရောပနာဟ၊ဇာလသန္တံ ဝါရက္ခေယျာဘောဓနံ
ဝါ၊ အယဉ္စ ဝိပ္ပကတဘောဇနော တသ္မာ ဝတ္တံ ကရောတု ဘောဇနမ္ပန
မါဘုဉ္ဇတူတိ။ ။ဟူ၍အဋ္ဌကထာ၌လာ၏။ ။

တဋ္ဌပနပဋိပတ္တိနိပိဒိသောဝတ္တံထေရဝါဒမာဟ။ ။ဟူ၍ထည်း
ဋီကာ၌ဖွင့်၍ပြ၏။

ရှင့်ဒိုကဂဏ္ဍိတို့၌ကား။ ဆွမ်းစားခြင်းကိုပယ်၍။ရှိခိုးခြင်းဦးချခြင်းဝတ်မျှကိုပြုအပ်၏၊ နေရာမှမထအပ်ဟူ၍ရှင်း။ထိုင်ခြင်းဣရိယာပုတ်ကိုမပျက်စေမူ၍ အဘန့်ငယ်ဆောင့်ကျောင့်မျှ ထောက်သ၍။ တဘန်တုန်းပေးအပ်၏ဟူ၍ ငင်း။မိန့်ဆိုအပ်ကုန်၏၊ အရပ်ရပ်လာသောစကား အသွားအလာတို့ကို ဆင်ခြင်စဉ်းစားအပ်ကုန်၏၊

ကောသနိက်အပြားကား။

ဥက္ကဋ္ဌ၊မဇ္ဈိမ၊မုဒု ဟူ၍။သုံးပါးရှိ၏။ထိုသုံးပါးတွင်။ဥက္ကဋ္ဌပုဂ္ဂိုလ်သည် စားမည်ချက်၌။ နည်းသည်ဖြစ်စေ များသည်ဖြစ်စေ၊ စားခွက်တွင်လက်ချသည့်မှနောက်၌။ တပါးသောခဲဘွယ်ဘောဇဉ်ကိုမယူအပ်။ ထောပတ်သပ်ဦစသော သတ္တာဟကာလိကဖြစ်ခဲ့လျှင်။ ဆေးအလို့ငှါသာအပ်၏။ အာဟာရဖြစ်စိမ့်သောငှါရည်၍မစားအပ်။ ရေကိုမူကားထ၍သောက်ခြင်းငှါအပ်၏။မဇ္ဈိမပုဂ္ဂိုလ်သည်။စားခွက်၌အကြွင်းမျှသောက်ခဲဘွယ်ဘောဇဉ်မကုန်သေး။ ထိုမျှလောက်သောကာလပတ်လုံး၊ တပါးသောခဲဘွယ်ဘောဇဉ်ကိုယူ၍စားခြင်းငှါအပ်၏။ မုဒုပုဂ္ဂိုလ်သည်။ အကြွင်းမျှသောက်ကာလပတ်လုံး။နေရာမှမထသေး၊ ထိုမျှလောက်သောကာလပတ်လုံး။ တပါးသောခဲဘွယ်ဘောဇဉ်ကို ယူ၍စားခြင်းငှါအပ်၏၊ ဤသုံးယောက်သောပုဂ္ဂိုလ်တို့အားအလျှေးလေးသောနေရာ၌စားသောခဏ၌ပင်ရှုထင်ပျက်၏။

ဣမေသံပန တိဏ္ဏံပိ နာနာသနဘောဇနေ ဘုတ္တက္ခဏေ ဓုတင်္ဂံ ဘိဇ္ဇ
တိ။ ။ဟူ၍အဋ္ဌကထာ၌လာ၏။ ။

ဤသို့စားအပ်သောအဖြစ်ကြောင့်။ အလုံးစုံသောကာလိကလေးပါးတို့သည်။ဘောဇဉ်မည်ကြကုန်၏ဟုမှတ်အပ်၏။ အချို့သောပုဂ္ဂိုလ်တို့ကား။ နေရာမှသပြီးသည့်နောက်ကွမ်းဆေးတို့ကို။ စားဝါးမျိုချရာ၌။ ရှုတင်မပျက်ဟုထင်မှတ်ကြကုန်၍။စားဝါးမျိုချခြင်းကိုပြုကြကုန်၏။ ။

သစေဝိမနုဿာထေရေန ကိဉ္စိအာဘုတ္တန္တိ သပ္ပိအာဒိနိအာဟာ
ရန္တိ ဘေသဇ္ဇက္ခမေဝဝဋ္ဋန္တိနအာဟာရတ္ထံ။ ။
ဟူ၍အဋ္ဌကထာ၌လာ၏။ ။

ဘေသဇ္ဇက္ခမေဝါတိ ဗျာဓိနာဘေသဇ္ဇပရိဘောဂဝသေနေဝ သပ္ပိ
အာဒိနိဝဋ္ဋန္တိတိဒဿေတိ။ ။ဟူ၍ဋီကာ၌လာ၏။ ။

မနုဿာ၊လူတို့သည်၊ထေရေန၊မထေရ်သည်၊ကိဉ္စိ၊လခရံ တခုကိုမျှ အဘုတ္တံ၊မစားအပ်သေး၊ဣတိ၊ဤသို့၊သပ္ပိအာဒိနိ၊ ထောပတ်စသည်တို့ကို၊ သစေဝိအာဟာရန္တိ၊ အကယ်၍မူလည်းဆောင်ယူကောင်လာကုန်ငြားအံ့။ ဘေသဇ္ဇက္ခမေဝ၊ဆေးဟူသောသုံးဆောင်ခြင်းအကျိုးငှါသာလျှင်၊ဝဋ္ဋန္တိ၊ အပ်ကုန်၏၊အာဟာရတ္ထံ၊အဟာရအလိုအားဖြင့်မှီခြင်းကိစ္စ၊ အာဟာရ အကျိုးငှါ န ဝဋ္ဋန္တိ၊မအပ်ကုန်၊ ။အဋ္ဌကထာပါဠိအနက်၊ ။

ဘေသဇ္ဇက္ခမေဝါတိဗျာဓိနာ၊ ဟူသောပါဠိဖြင့်၊ဘေသဇ္ဇပရိဘောဂ ဝသေနေဝ၊ အနာဖြင့်၊ ဆေးဟူသောသုံးဆောင်ခြင်း၏အစွမ်းအားဖြင့် သာလျှင်၊သပ္ပိအာဒိနိ၊ထောပတ်အစရှိသည်တို့သည် ဝဋ္ဋန္တိ၊အပ်ကုန်၏။ ဣတိ၊ဤသို့၊ဒဿေတိ၊ပြ၏၊ ၊ဋီကာပါဠိအနက်၊ ။(သပ္ပိအာဒိနိအာဒိ သဒ္ဒါအားဖြင့်၊ကြွင်းသောသတ္တာဟကာလိက၊ယာမကာလိက၊ ယာဝဇီဝ ကတို့ကိုယူသော)၊ ။

ဤသို့ပြဆိုအပ်သော၊အဋ္ဌကထာဋီကာပါဠိတို့နှင့်အညီ၊ နာဖျားသော ပုဂ္ဂိုလ်တို့အား၊ဆေးအလို့ငှါသာအပ်၏။ အာဟာရအလို့ငှါမအပ်၊အချို့ သောသူတို့သည်၊ ခံတွင်းချဉ်သည်ဟူ၍စားကြကုန်၏၊ ခံတွင်းချဉ်သော ကြောင့်သေဘူးသည်မရှိ၊ခံတွင်းချဉ်၍သေသောသာဂိုလည်း။ တခါမျှ လိုက်၍သရဏာဂုံ မတင်ရဘူးသေး။ထို့ကြောင့်ခံတွင်းချဉ်၍မအပ်၊အဖျော် ဟူသောယာမကာလိကသည်လည်း။ နာဖျားခြင်းဆာလောင်ခြင်းဟုဆို အပ်သောအကြောင်းရှိမှသာလျှင်အပ်၏။အကြောင်းမရှိဘဲစားသောက၊စား ဘဲခထာ၌။ ကာလိကသုံးပါးလုံးတို့သည်ထည့်။ ဇောသနိက် ရုတင်ကို ဖျက်ဆီးတတ်ကုန်၏။ အဘယ့်ကြောင့်ဆိုသော်။ အာဟာရအကျိုးငှါမ အပ်ဟုပယ်တော်မူသောကြောင့်တည်း။ ။နေလွဲသောအခါ၌။အနာရော ဂါစသောအကြောင်းမရှိဘဲ၊ဘိလပ်ရေအစရှိသော။ယာမကာလိကကပ္ပိ ယအဖျော်မျိုး။ထောပတ်စသောသတ္တာဟကာလိက။ ကွမ်းဆေးစသော ယာဝဇီဝက။ရင်းကာလိကသုံးမျိုးတို့ကိုလည်းစားဝါးမျိုချခြင်းငှါ။အကောင်

မ်ရော့၌။ ရှုသင့်ဆောင်မဆောင်ရဟန်းဟူသမျှတို့အား ဒုက္ကဋ်အာပတ်သင့်၏။ ။

ယာဝကာလိကံ။ သတ္တာဟကာလိကံ။ ယာဝဇီဝိကံ။ အာဟာရတ္ထာယ ပဋိဂ္ဂဏှာတိ။ အာပတ္တိဒုက္ကဋဿ၊ အဇ္ဈောဟာရေ။ အဇ္ဈောဟာရေ အာပတ္တိဒုက္ကဋဿ။ ။

ဟူ၍ဘိက္ခုပါတိမောက်ပါဠိတော်ဝိနယလင်္ကာရစသည်တို့၌။ အာပတ္တိဂါရိုးအစုံရောက်ကိုပြသောအရာ၌လာ၏။ နာမျှားခြင်းစသောအကြောင်းရှိပါမူ ကားအပ်၏။ အာပတ်မသင့်။ ။ကာလသနိုက်ဆောက်တည်ရခြင်း၏အကျိုးကား။ ဗိုလ်ပြန်တမလွန်၌အနာကင်းခြင်း ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း။ ဥပါ ပါးလျင်မြန်ခြင်း၊ ခွန်အားဗလကြီးကျယ်ခြင်း ကိုယ်စိတ်နှစ်ဖြာမဆင်းရဲခြင်း၊ ရေသတ္တဝါကိုပယ်ဖျောက်နိုင်ခြင်း၊ အလိုနည်းခြင်း၊ ရေသမျှနှင့်ရောင့်ရဲနိုင်ခြင်း၊ ခေါင်းပါးအောင်ကျင့်နိုင်ခြင်း။ အားကြီးသောရောဂါအနာမရှိခြင်း၊ အတိရိတ်ဝိနည်းကံကို။ မပြုရခြင်းကြောင့်။ အာပတ်မသင့်နိုင်ခြင်းအစရှိသောအရိယာဝံသဟုဆိုအပ်သော။ အရိယာတို့၏အဆက်အနွယ်၊ စင်ကြယ် မြင့်မြတ်သောအမျိုး၌သာဖြစ်ခြင်းအစရှိသော များစွာသောအကျိုးရှိလေသည်။ ။

ကာလသနိုက်ရှုထင်ပြီး၏။

---

ပဏ္ဍုပိုဏ်ရှုထင်ကိုဆိုပေအံ့။

ဒုတိယာဘာဇနံပဋိက္ခိပ္ပါမိပဏ္ဍုပိဏ္ဍိကင်္ဂ သမာဒိယာမိ။ ။ဤနှစ်ပုဒ်တို့သွင်။ထပုဒ်ပုဒ်ဖြင့်ဆောက်တည်သော်လည်း။ဆောက်တည်သည်မည်၏။ ။ဒုတိယာဘာဇနံ။နှစ်ခုမြောက်သောခွက်ရေ။ပဋိက္ခိပ္ပါမိ၊ပယ်ပါ၏ပဏ္ဍုပိဏ္ဍိကင်္ဂ တခုတည်းသော ခွက်၌သာစားခြင်းဟု ဆိုအပ်သောကျင့်ဝတ်အင်္ဂါကို။ သမာဒိယာမိ။ဆောက်တည်ပါ၏။ ။ဝိဓာနကား။ပဏ္ဍုပိဏ်ရှုတင်ဆောင်ပုဂ္ဂိုလ်သည်ယာဂုသောက်သောအခါ၊ခွက်တခု၌ထည့်၍။ ထိုအပ်ကပ်အပ်သော။ အမဲစသောဟင်းလျာကိုရရှိသော်၊ဟင်းလျာကိုသော်လည်းကုံအောင်စားအပ်၏။ယာဂုကိုသော်လည်းကုံအောင်သောက်အပ်၏။ခေါနှော၍စားလျှင်။အမဲ၊ငါးသားဟင်းလျာများပုတ်သိုးခဲ့က။ စက်ဆုပ်ဘွယ်ရှိတတ်၏။နှစ်ခွက်ထည့်၍မစားကောင်း။တခုတည်းမှထခုကိုစားသောခွက်၌ထည့်၍စား

ရမည်၊ စားကောင်းစား အပ်သောခွက်များကိုလည်း၊ ပြောင်းထဲ့၍မစားအပ် နှစ်ခွက်မြောက်ကိုပယ်သောကြောင့်၊ စားဘို့ရာခွက်ဖြစ်လျှင်၊ သစ်ရွက်မှ မအပ်၊ ။ဒုတိယဘာဇနဿ ပဋိက္ခိတ္တတ္တာ အညံ ရုက္ခပဏ္ဏံပိ နဝဋ္ဋတိ၊ ။ ဟူ၍အဋ္ဌကထာ၌လာ၏၊ ။ဒုတိယဘာဇနဿ၊ နှစ်ခုမြောက်သောခွက် ကို၊ ဝါ၊ ခွက်၏၊ ပဋိက္ခိတ္တတ္တာ၊ ပယ်အပ်သည်၏အဖြစ်ကြောင့်၊ အညံ၊ ထွေမ စားသောခွက်ဖြစ်သော၊ ရုက္ခပဏ္ဏံ၊ သစ်ရွက်သည်လည်း၊ နဝဋ္ဋတိ၊ မအပ်၊ ။ ဟင်းရွက်ဗိမ်းကိုကားလက်တဘက်ဖြင့်ကိုင်၍စားကောင်း၏၊ ကိုင်၍မစား လိုလျှင်စားခွက်၌ထည့်၍စားရမည်၊ ။အာမကဘာဂံ ဟတ္ထေနဂဟေ တွာခါဒိတုံဝဋ္ဋတိ၊ တထာပန အကတွာ ပတ္တေယေဝ ပက္ခိပိတဗ္ဗံ၊ ။ဟူ ၍အဋ္ဌကထာ၌လာ၏။

ပတ္တပိဏ်ရှုတင်၏အပြားကား၊ ရှုတင်ဆောက်တည်သောပုဂ္ဂိုလ် သည်၊ ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု ဟူ၍ သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတွင်၊ ဥက္ကဋ္ဌ ပုဂ္ဂိုလ်သည်၊ ကြံစုပ်သောအခါမှတပါး၊ ဆွမ်းဟင်း၌ဝါသောအမြိုက်သ ရိုက်အရိုးအရင်းတို့ကိုလည်း၊ စွန့်ခြင်းငှာမအပ်၊ နှစ်ခုမြောက်ခွက်ကိုထား ၍အရိုးအရင်း အမြိုက်တို့ကိုလည်း ထည့်၍မထားအပ်၊ ထမင်းခဲ၊ ငါးအ မဲရုံ့တို့ကိုလည်း၊ နာနာရသတဗျဉ်းဖြစ်မည်ကြောင့်၊ ခွဲ၍ဖဲ့၍မစားအပ်၊ မဇ္ဈိမပုဂ္ဂိုလ်အား၊ လက်တဘက်ဖြင့်ဖဲ့၍စားခြင်းငှါအပ်၏၊ ။မုဒုပုဂ္ဂိုလ် သည်အကြွင်းခဲဘွယ်သောဖဉ်ကိုခွက်၌ထည့်ခြင်းငှါစွမ်းနိုင်၏၊ ထိုအလုံး ရုံးသောခဲဘွယ်ဘောဇဉ်ကိုလက်ဖြင့်ရင်း၊ သွားတို့ဖြင့်ရင်း၊ ခွဲခြမ်းဖဲ့ပိစ်၍ စားခြင်းငှါအပ်၏၊ ဤသုံးယောက်သောပုဂ္ဂိုလ်တို့အား၊ နှစ်ခုမြောက်သော ခွက်ကို၊ သာယာသောခဏ၌ရှုတင်ပျက်၏။

ပတ္တပိဏ်ရှုတင်ဆောက်တည်ရခြင်း၏အကျိုးကား၊ ။အထူးထူး သောအရသာတို့၌ကပ်ငြိတွယ်တာသောတဏှာကိုပယ်နိုင်ခြင်း၊ ။ ထိုထိုခွက်တွင်းဟင်းရုံ့အရသာ၌တွယ်တာရံမဲ့ကိုနှစ်သက်သော လော ဘတဏှာကိုပယ်နိုင်ခြင်း၊ စားစားသမျှအာဟာရတို့၌၊ မြတ်စွာဘုရားခွင့် သနားတော်မူအပ်သောကိုယ်၏တည်တန့်မှုတခြင်းစသော အကျိုးကိုသိ မြင်နိုင်ခြင်း၊ ခွန်းရန်းကာန်ခွက်၊ ဆောင်ရွက်ရခြင်းကြောင့်ဖြစ်သော၊ ဆင်းရဲ ငြိုငြင်ပင်ပန်းခြင်းတို့ကို ပယ်ဖျောက်နိုင်ခြင်း၊ အသီးအသီးခွက်ဝယ်၊ လက်သုပ်ဟင်းလျာများ၌နှစ်လုံးထားမဖြန့်လွင့်ခြင်း၊ အပိစ္ဆတာစသော ကျေးဇူး တို့အားလျော်စွာကျင့်နိုင်သောရဟန်း၏အဖြစ်ဟူသောအကျိုးတ

ရေးတို့သည်။ဖြစ်ပွားကြကုန်၏။ခွက်စသည်ကိုယူရခြင်း။ ရှာဖွေရခြင်းနှင့် ပင်ပန်းခြင်း၏မရှိခြင်းထည်းကောင်း။ ဟိုခွက်သည်ခွက်၌ မပြန့်လွင့်မှု၍ ကခွက်ထည်း၌စကျုံစသောဘုန်ကိုစောင့်စည်း၍စားနိုင်ခြင်း၊အလိုနည်းခြင်း။အစရှိသော အရိယာဝံသ တရားတို့အားလျော်စွာ အသက်မွေးနိုင်ခြင်းစသောများစွာအကျိုးရှိကုန်၏၊

နာနာဘာဇနဝိက္ခေပံ။ဟိတွာဩက္ခိတ္တလောစနော။ ခနန္တောဝိယမူ လာနိရသဘာဏ္ဍာယသုပ္ပဝတော။ သရူပံဝိယသန္တုဋ္ဌိ ဓာရေန္တောသု မာနသော။ပရိဘုဉ္ဇေယျအာဟာရံ ကောအညောပတ္တပိဏ္ဍိကာ၊ ။ ဟူသောအဋ္ဌကထာ၌လာ၏။

နာနာဘာဇနဝိက္ခေပံ၊ အတူးတူးအပြားပြားခွက်အများ၌။ စိတ်ထားပြန့်လွင့်ခြင်းကို။ဟိတွာ၊တွန်းလှန်ပယ်ရှား၍ ပယ်ရှားစွန့်လွှတ်၍။ဩက္ခိတ္တလောစနော၊သပိတ်မှတ်ထင်၊ အောက်တွင်ချခါ မျက်လွှာရှိသည်ဖြစ်၍။မူလာနိ၊သစ်မြစ်တို့ကို။ခနန္တော၊ဝိယ၊ တူး၍တူးငြားသူအလားသို့ ရသဘာဏ္ဍာယ၊ရသဘဏ္ဍာ၏။မူလာနိ၊အပြစ်တို့ကို။ခနန္တော၊ဖြိုဖျက်လူးဆွလျက်။သုပ္ပဝတော၊ကောင်းသောအကျင့်ရှိသည်ဖြစ်၍။သန္တုဋ္ဌိ၊ရောင့်ရဲခြင်းကို။ သရူပံ၊ဝိယ၊အထည်မမြင်သရုပ်သကောင်း။ ဖေါ်ဆောင်ဘိသကဲ့သို့၊ ဓာရေန္တော၊ဆောင်လျက်။ သုမာနသော၊ ကောင်းသောစိတ်ရှိသည်ဖြစ်၍၊ ပတ္တပိဏ္ဍိကာ၊ ပတ္တပိဏ်ဍုထင်ဆောင်သောအရှင်မှ၊ အညော၊တပါးသော။ ကော၊အဘယ်သူသည်။အာဟာရံ အာဟာရကို၊ပရိဘုဉ္ဇေယျ၊သုံးပေး သုံးဆောင်နိုင်ရချေတော့အံ့နည်း၊ ။

ပတ္တပိဏ်ဍုတင် ဆောင်ပုဂ္ဂိုလ်သည်လျှင်။ ဤဂုဏ်အင်နှင့်ပြည့်စုံစွာ။ အာဟာရကိုသုံးပေးသုံးဆောင်ရ၏ ဟုဆိုလိုသည်ပတ္တပိဏ်ဍုထင်ပြီး၏။

သိဿခန်းပြီး၏။

ဘာဝနာခန်းကိုပြပေအံ့၊

ဤသို့လျှင်။သာခွါဘော်စစ်။ပွတ်သစ်ခရုသင်းငွေထမင်းကဲ့သို့၊သန့်ရှင်းစင်ကြယ်သော။သိဿရှိသောသီလ ဝိသုဒ္ဓိပုဂ္ဂိုလ်သည်၊ အနမတဂ္ဂသံသ

ရာဘာဝအဆက်ဆက်တို့က။ အိပ်မက်တွင်၄။ မသိမမြင်ရသောမဂ်ဉာဏ်
ဖိုလ်ဉာဏ်သို့ အလျင်အမြန်ရောက်လိုရသိုသောပုဂ္ဂိုလ်တို့သည်၊ အခြေ
ပါဒကဖြစ်သော။ ဘာဝနာကမ္မဋ္ဌာန်းတို့ကို စီးဖြန်းပွားများ အားထုတ်ရ
မည်၊ ထိုသို့အားထုတ်အပ်သော ဘာဝနာကမ္မဋ္ဌာန်းသည်ကား၊ သမထ
ဘာဝနာ။ ဝိပဿနာဘာဝနာဟူ၍၊ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင်။
ဘာဝေတိတိဘာဝနာ။ ။ယံဓမ္မဇာတံ၊ အကြင်သဘောတရားသည်၊ ဘာ
ဝေတိ၊ ရွတ်ဘတ်ပွါးများအပ်၏ ဣတိတသ္မာ၊ ထို့ကြောင့်၊ တံဓမ္မဇာတံ၊ ထို
သဘောတရားသည်။ ဘာဝနာ၊ ဘာဝနာမည်၏၊ အဓိပ္ပါယ်မှာ၊ ပွါးများရွတ်
ဘတ်သောကြောင့်ဘာဝနာမည်၏။ ပွားများရွတ်ဘတ်တတ်သောကြောင့်
ဘာဝနာဖြစ်သည်ဟုဆိုခဲ့လျှင်။ လက်ဖွေးချင်းကဗျာ မော်ကွန်းတေးထပ်
လေးချိုးသဖြန်ဟုဆိုအပ်သော။ မေးရိုက်မေးစဲ ဘင်ဘဲခဆုသံငေါ်ချာသံ၊
ကြိုးကြီးဘွဲ့ကြီးဟုဆိုအပ်သောသီချင်းသံများကို။ ရွတ်ဘတ်သရဇ္ဈာယ်
လျှင်၊ ဘာဝနာဖြစ်ရတော့မည်သောဟု။ ပုဒ်စာဒနာမေးမြန်းဘွယ်ရာအ
ကြောင်းရှိ၍၊ ထိုအမေးကို ဖြေအံ့သောငှါ။ ။ကုသလေဓမ္မေ ဘာဝေ
တီတိဘာဝနာ။ ။ဟုဖွင့်ပြတော်မူကုန်၏။ ထိုသို့ပြအပ်သောကတ္တုသဒ္ဒ
ဝိဂြိုဟ်၏အနက်အဓိပ္ပါယ်ကား၊ ယံဓမ္မဇာတံ၊ အကြင်သဘောတရားသည်
ကုသလေဓမ္မေ၊ ကုသိုလ်ဖြစ်သောတရားတို့ကို၊ ဘာဝေတိ၊ ပွားတတ်၏၊
ဣတိတသ္မာ၊ ထို့ကြောင့်၊ တံဓမ္မဇာတံ၊ ထိုသဘောတရားသည်။ ဘာဝနာ၊ ဘာ
ဝနာမည်၏။ ။အဓိပ္ပါယ်ကား။ တေးသီချင်းတို့၌ပါသောစာပေရွတ်ဘတ်
သရဇ္ဈာယ်ခြင်းသည်၊ ဘာဝနာမဖြစ်ဘုရားဟောတော်မူအပ်သောကျမ်း
ဂန်တို့ကိုရွတ်မှသာလျှင် ဘာဝနာမည်၏ဟုမှတ်ရမည်။ ထိုဘာဝနာသည်
လည်း သမထဘာဝနာ။ ဝိပဿနာဘာဝနာဟူ၍နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါး
တို့တွင်၊ ကသိုဏ်းအစရှိသောကမ္မဋ္ဌာန်းလေးဆယ်တို့ကို။ ရွတ်ဘတ်သရ
ဇ္ဈာယ်ပွားများခြင်းသည်၊ သမထဘာဝနာမည်၏။ အနိစ္စအစရှိသောလက္ခ
ဏာရေးသုံးပါးတို့ကို။ ရွတ်ဘတ်သရဇ္ဈာယ်ပွားများခြင်းသည်၊ ဝိပဿ
နာဘာဝနာမည်၏။ ယင်းသို့အခြေပါဒကဖြစ်သောသမထလမ်းကို။ ကြိုး
ပန်းအားထုတ်လိုသောရဟန်းရှင်လူတို့သည်၊ အားထုတ်ခန့်ပရိကံလမ်း
ကြောင်းကို ကောင်းကောင်းမသိက၊ ဂန္ထပဒါအတွက်နှင့် ဈာန်မဂ်မရဘဲ
အင့်ကြွထတ်သည်ဖြစ်၍။ ယင်းသို့မဖြစ်စေရန်။ ပရိကံစီရင်ကိုရှေးဦးစွာဖြ
ဆိုပေအံ့။ ။

သိလစင်ကြယ်ပြီးသော ပုဂ္ဂိုလ်တို့သည်၊ ရှေးဦးစွာချာန်မဂ်၏ အန္တရာယ်ဖြစ်သောပလိဗောဓ ကြောင့်ကြကြီးဆယ်ပါးကိုဖြတ်ရမည်။ ပလိဗောဓကြီးဆယ်ပါးဟူသော်ကား။

အာဝါသောစကုလံလာဘော၊ ဂဏောကမ္မဥ္စပဥ္စမံ။

အဒ္ဓါနံဉာတိအာဗာဓော။ ဂန္ထောဣဒ္ဓိတိတေဒသ။ ။

ဟူ၍ဝိသုဒ္ဓိမဂ်ကျမ်း၌လာသည်။

အနက်ကား၊ ။အာဝါသောစ၊ ကျောင်းအရပ် စသည်တို့သည်လည်းကောင်း၊ကုလဥ္စ၊ အလုပ်အကျွေးအဆွေအမျိုး စသော သူသည်လည်းကောင်း၊လာဘောစ၊ ပစ္စည်းလေးရပ်လပ်သပ်ပကာစသော အဖြစ်သည်လည်းကောင်း၊ ပဥ္စမံ၊ ငါးခုမြောက်သော၊ကမ္မဥ္စ၊ပြုလုပ်ရန်အမှုဟောင်းအမှုသစ် သည်လည်းကောင်း၊ အဒ္ဓါနဥ္စ၊သွားဆဲသွားလတ္တံ့ ဖြစ်သော ခရီးသည်လည်းကောင်း။ဉာတိစ၊သာသနာ့ဆွေမျိုး။ အိမ်ဆွေမျိုးစသော သူအပေါင်း သည်လည်းကောင်း၊ အာဗာဓောစ၊ ကျင်နာခံခက်နှိပ်စက်ထတ်သော၊ အနာစသောအဖြစ်သည်လည်းကောင်း။ဂန္ထောစ၊ ဆောင်ရွက်သင်ကြားခြင်းစသောကျမ်းဂန်သည်လည်းကောင်း၊ ဣဒ္ဓိစ၊တံခိုးအာနိသင်းခြင်းစသော အဖြစ်သည်လည်းကောင်း။ ဣတိ၊ ဤသို့၊ တေ၊ထိုချာန်မဂ်ဖိုလ်၏အန္တရာယ်ကို ပြုတတ်ကုန်သော။ ပလိဗောဓတို့သည်၊ ဒသ၊ ဆယ်ပါးတို့တည်း။

ဤသို့လာရှိသောပလိဗောဓကြီးဆယ်ပါးတို့တွင်။ အာဝါသပလိဗောဓကို။သိဟိုဠ်ကျွန်း အနုရာဓမြို့သား ထေရ်နှစ်ပါးကဲ့သို့။ ဖြတ်သိမ်းတုံမ်းရှောင်ရမည်။ ကုလပလိဗောဓနက်။ အလုပ်အကျွေးဖြစ်သော သူသည် ကုလ ပလိဗောဓ မည်၏။ အချို့သူအား။ အဆွေအမျိုး သည် ကုလပလိဗောဓဟုဆိုကြ၏။ ဤသို့ကုလပလိဗောဓ။ အဆွေအမျိုးအလုပ်အကျွေးတို့နှင့်။ရောယှက်တင်လျက်၊ချင်းသာတူဆင်းရဲဘက်ကဲ့သို့ငဲ့ကွက်ကြင်နာလျှင်။ အခုဝ်ထပါးသို့မသွားမလာနိုင်၊ထိုကဲ့သို့ပြုသောသူတို့သည်သာလျှင်ပလိဗောဓဖြစ်ကုန်၏။ ကုရုဏ္ဏကကျောင်းတိုက်၌ နေသောမထေရ်၏တူဖြစ်သောရဟန်းသည်။အမိစသောဉာတိပလိဗောဓကို ဖြတ်၍ရှောင်တိမ်းသွားနိုင်သကဲ့သို့၊ဉာတိပလိဗော ဓကိုဖြတ်ရမည်။လာဘပလိဗောဓကို၊ မသိမကြွမ်းရာအရပ်သို့သွား၍ဖြတ်အပ်၏။ ဂဏပလိ

ဆဗ္ဗာဝေကို၊ရဟန်းဖြစ်ခဲ့လျှင်၊ စာပေကျမ်းဂန်အနည်းငယ်တွင်းကျွန်လျှင်၊ ဆုံးအောင်မိုချ၍၊အများတွင်းကျွန်မှု၊တယုဇနာအတွင်းရှိ၊ တပါးသော ဂိုဏ်းဆရာတို့ထံအပ်နှံ၍၊ ဂိုဏ်းဆရာမရှိလျှင်၊ ဂိုဏ်းကိုစွန့်ပယ်ခဲ့၍၊ လွတ်လွတ်ထွက်သွားသဖြင့်၊ဖြတ်အဝ်၏လူဖြစ်ခဲ့လျှင်၊ အပေါင်းအသင်း ကိုပယ်ခွါစွန့်ဖြစ်ရမည်။

နဝကမ္မပလိဗောဓကို၊ အများတွင်းကျန်သေးလျှင်၊သင့်ရာကိုအပ်နှင်း ခဲ့၍ဖြတ်အောင်ဖြတ်ရမည်၊ ။အဒ္ဓါနပလိဗောဓကို၊ မသွားဘဲနေ၍၊ ဖြတ်ရမည်၊

ဉာတိပလိဗောဓကို၊ ဥပဇ္ဈာယ်တပည့်၊ အမိအဘစသောသူတို့နာ ဖျားမကျန်းရှိခဲ့လျှင်၊အနာမှထမြောက်အောင်ဘုသခဲ့၍၊ မိမိ၏အနာကို မှုဘွားနှစ်ရက်သုံးရက်ကု၍မှ၊မထမြောက်ခဲ့လျှင်၊ ငါသည်သင်အနာ၏ ကျွန်မဟုတ်၊ယခုအခါ၊ငါသည်၊ သင့်ကိုမွေးမြူနိုင်ပြီဟု၊ ဥပေက္ခာပြု၍၊ ထွက်သွားရမည်၊ဂန္ထပလိဗောဓကို၊ မသယဝါသိရေဝထမထေရ်၏ထံ သို့သွား၍၊ ကမ္မဋ္ဌာန်းတောင်းယူစီးဖြန်းသဖြင့်၊ အနှစ် နှစ်ဆယ်ရှိမှ ရ ဟန္တာဖြစ်သော၊ မဇ္ဈိမဘာဏကရေဝထမထေရ်၊ တဆယ်ရှစ်နှစ်ကြာ အောင်လွှတ်ထားပြီးမှ၊တပည့်ရဟန်းတို့အား၊ပညာထခုမှုမတိမ်းပါးသေရ ဓာတုကဘာကိုပို့ချသော ကုရုဋ္ဌိယဂိရိဝါသိနာဂမထေရ်၊ မဟာဝိဟာ ရန်၊အဋ္ဌကထာကိုမသင်ယူဘဲ၊ဝိဒုကတ်သုံးပုံကိုဘွင့်မည်ဟု၊ ရွှေစည် ကိုတီးသော၊ တိပိဋကစူဠာဘယမထေရ်၏မွေ့စရိယဖြစ်သောဂင်္ဂါမြစ် ၏ထာဘက်ရေဟာအတိုင်း၊တုထာဝရတောင်ကျောင်း၌နေသော၊ဒီဃမဇ္ဈိ မမှတ်တွင်းသော နိကာယ်သုံးကျမ်းကို၊ အနှစ် သုံးဆယ်တိုင်တိုင်လွှတ် ထားပြီးမှ၊ ယင်းတို့ပိဋကစူဠာဘယမထေရ်အား ပြောပြောပြီး၍၊ သောတာဘန်ဖြစ်သော ဇူဠာဘယမထေရ်ထံကမ္မဋ္ဌာန်းတောင်းယူစီးဖြန်း၍ ရဟန္တာအဖြစ်နှင့် နိဗ္ဗာန်ဝင်သော၊ အရှင်ဓမ္မရက္ခိတမထေရ်တို့ ကဲ့သို့၊ သက်လွှတ်စွန့်သော၍ဖြတ်ရမည်။ ဣဒ္ဓိပလိဗောဓကို၊ဝိပဿနာအရေး၌သာ ဖြတ်ရမည်၊

။ပလိဗောဓခန်းပြီး၏။

ဤသို့လျှင်၊ပလိဗောဓကြောင့်ကြကြီးငယ်တို့ကိုဖြတ်တောက်ပြီး၍၊ထို လျှာထာ မိဋ္ဌအင်္ဂါနှင့် ပြည့်စုံသော ဆရာကောင်းထံသို့ ချဉ်းကပ်ရ မည်၊အဘယ်သို့ခင်ပွန်းကောင်းအင်္ဂါနှင့်ပြည့်စုံ သော၊ဆရာဟူသည်ကား၊

ပိယောဂရုဘာဝနီယော၊ဝတ္တာစ၊ဝစနက္ခမော၊ဂမ္ဘီရဉ္စ။
ကထံကတ္တာ၊နောစဋ္ဌာနေ၊နိယောဇယေ။ ။

ဟူသောဋီကာနှင့်အညီဤသို့ဆိုအပ်သောအင်္ဂါနှင့်ပြည့်စုံသောဆရာ တည်း။

ပိယော။သီလရှိသည့်ဖြစ်၍ ချစ်အပ်သည်လည်း၊ ဟောတိဖြစ်၏၊ဂရု။ ကျောက်ထီးအတူ အလေးမူအပ်သည်သည်း၊ ဟောတိ၊ဖြစ်၏၊ ဘာဝနီ ယော။ ချီးမွမ်းထိုက်သောပရိယတ်ပဋိပတ် ဂုဏ်ရှိသည့်လည်း၊ဟောတိ၊ ဖြစ်၏။ ဝတ္တာစ။ဆုံးမပဲ့ပြင် သွန်သင်တတ်သည့်လည်း၊ ဟောတိ၊ဖြစ်၏၊ ဝစနက္ခမော။ ပြစ်တင်ကဲ့ရဲ့ဆုံးမခံသော်လည်း။ မချွတ်မစောင်းကောင်း ကောင်းသည်းခံနိုင်သည်လည်း၊ ဟောတိ၊ဖြစ်၏။ဂမ္ဘီရဉ္စကထံ။ နက်နဲ သောထရားစကားကိုသည်း။ကတ္တာ၊ ဟောပြောတတ်သည်၊ဟောတိ ဖြစ် ၏၊ အဋ္ဌာနေ။ အကျိုးစီးပွား မရှိသည့်၌။ နောစနိယောဇယေ။ မယှဉ် စေတတ်၊

ဤအင်္ဂါခုနစ်ပါးနှင့်ပြည့်စုံသောဆရာကောင်း၏အထံသို့ကပ်၍၊မိမိ ကိုယ်ကိုအပ်နှင်းရမည်၊ အဘယ်ကဲ့သို့ အပ်နှင်းရမည်နည်း၊အရှင်ဘုရား၊ အရှင်ဘုရားက၊ အကျိုးစီးပွါးရှိလိမ့်မည်ဆိုလျှင်၊ အသူတရာနက်သော ချောက်တွင်းသို့ခုံဆင်းဝန့်ပါ၏။ အသက်ကိုအဆုံးခံဝန့်ပါ၏ဟု ချောက် ကြားသောဝိတ္တာပါတိက-မထေရ်၏ တပည့်သုံးယောက်ကဲ့သို့။ မြတ်စွာ ဘုရားအားသော်လည်းကောင်း။ဆရာအားသော်လည်းကောင်း၊ ။ဣမာ ဟံဘဂဝန္တ အတ္တဘာဝံတုမှာကံပရိစ္စဇာမိ၊ ။ဟူ၍သုံးကြိမ်ဆို၍။ကိုယ်ကို အပ်နှင်းလှူဒါန်းရမည်။ အပ်နှင်းလှူဒါန်းရခြင်းအကျိုးကား၊ ဤသို့ တသိမ်း ထိုက်သော၊ ကာယိကဲ့ကိုင်းဖြစ်ပုဆိုးကို၊ မြတ်စွာဘုရားအားသော်လည်း ကောင်း။ ဆရာအားသော်လည်းကောင်းလှူဒါန်းပြီးဖြစ်ခဲ့လျှင်။ ကျွက်ခဲ သည်ဟူ၍လည်းကောင်း ရတ်ပြတ်သည်ဟူ၍လည်းကောင်း၊ ကြားရမြင် ရကြွားသော်လည်း။ နှလုံးမသာခြင်းကိုမဖြစ်စေမူ၍။ ဉပေက္ခာပြုနိုင်သကဲ့ သို့၊ခန္ဓာကိုယ်ကြီး၌။ နိကန္တိကတဏှာကိုခွါလျက် ဉပေက္ခာ ပြုနိုင်ထေ

သည်၊ ။ဤသည့်ကား။မိတ်ကောင်းအင်္ဂါနှင့်ပြည့်စုံသော၊ဆရာသို့ချည်း ကပ်မှုပုံအကြောင်းတည်း။ ။

ဤသို့သျှင်ကလျာဏမိတ္တအင်္ဂါနှင့်ပြည့်စုံသောဆရာကောင်း၏အထံသို့ချည်းကပ်လျက်။မိမိစရိုက်အားလျော်သောကမ္မဋ္ဌာန်းကိုတောင်းယူရမည်၊

စရိုက်ခြောက်ပါးကိုပြဆိုခြင်း။

စရိုက်သည်။ရာဂစရိုက်။ဒေါသစရိုက်၊မောဟစရိုက်၊သဒ္ဓါစရိုက်၊ဗုဒ္ဓိစရိုက်။ဝိတက်စရိုက်ဟူ၍ ခြောက်ပါးအပြားရှိသည်။တဏှာကြီးသောပုဂ္ဂိုလ် ဒေါသကြီးသောပုဂ္ဂိုလ်၊မောဟကြီးသောပုဂ္ဂိုလ်။သဒ္ဓါတရားအားကြီးသောပုဂ္ဂိုလ်၊ပညာအားကြီးသောပုဂ္ဂိုလ်၊ ဝိတက်အားကြီးသောပုဂ္ဂိုလ်အားဖြင့်သော်သည်းစရိုက်ခြောက်ပါးခွဲရမည်၊စရိုက်ခြောက်ပါးကို။သဘောတူရာပေါင်းလျက်။ရာဂစရိုက်။ဒေါသစရိုက်။မောဟစရိုက်ဟူ၍လည်းအကျဉ်းအားဖြင့်သုံးပါးမှတ်ရမည်။ပေါင်းပုံပေါင်းနည်းကား။သဒ္ဓါစရိုက်ကို။ရာဂစရိုက်တည်းသို့သွင်းရမည်။ရာဂအားကြီးသောသူသည်သဒ္ဓါတရားအားကြီးတတ်သည်၊ သဒ္ဓါတရားအားကြီးသောသူသည်လည်းရာဂအားကြီးတတ်သည်။ရာဂ သဒ္ဓါနှစ်ပါးတို့သည်။ဂုဏ်ရှာခြင်းတူသောအားဖြင့်။သဘောတူဖြစ်ကြသည်။ဗုဒ္ဓိစရိုက်ကိုဒေါသစရိုက်တည်းသို့သွင်းရမည်။ဒေါသအားကြီးသောသူသည်။ ပညာအားကြီးတတ်သည်၊ပညာအားကြီးသောသူသည် ဒေါသအားကြီးတတ်သည်။ဒေါသစရိုက်။ဗုဒ္ဓိစရိုက်နှစ်ပါးတို့သည်။ အာရုံ၌မငြိတွယ်သောအားဖြင့်သဘောတူကြသည်။ဝိတက်စရိုက်ကို။ မောဟစရိုက်သို့သွင်းရမည်။ ဝိတက်အားကြီးသောသူသည်။ မောဟ အားကြီးတတ်သည်။မောဟအားကြီးသောသူသည်လည်း ဝိတက်အားကြီးတတ်သည်။ အာရုံကိုမဆုံးဖြတ်နိုင်ခြင်းတူသောအားဖြင့်သဘောတူကြသည်။ ။ထိုကြောင့်ရာဂစရိုက်။ဒေါသစရိုက်။ မောဟစရိုက်ဟူ၍၊ အကျဉ်းအားဖြင့် သုံးပါးမှတ်ရမည်၊ထိုသုံးပါး၏အဓိပ္ပာယ်အလွန်ကိုသိနိုင်သျှင်ပင်၊ကြွင်းသုံးပါးကိုလည်း သိနိုင်လိမ့်မည်။ ။ထိုစရိုက်သုံးပါးတို့၏ အဓိပ္ပာယ်အလွန်ကိုကား။ရှေးဘဝ၌ပွဲလမ်းသဘင်ခင်မင်ရမက်၍ အပျော်အပါးအားကြီးသောသူသည်လည်းကောင်း၊နတ်ပြည်ကလာခဲ့၍။ ဤလူ့ပြည်၌ဖြစ်သောသူသည်လည်းကောင်း။ရာဂစရိုက်အားကြီးတတ်သည်၊ ရှေးဘဝ၌သတ်

ခြင်းဖြတ်ခြင်းနှောင်ဖွဲ့ခြင်းရန်ဖြစ်ခြင်းနှင့် စပ်လျှင်းသောအမှုများသောသူ သည်။ဒေါသစရိုက်အားကြီးတတ်သည်၊ ။ရှေးဘဝ၌သေရည်သေရက်အ သောက်အစား များသောသူသည်လည်းကောင်း။ သင်ခြင်းဆောင်ခြင်း ကြားနာခြင်းမေးမြန်းခြင်းစသည်တို့မချို့တဲ့သောသူသည့်လည်းကောင်း တိရစ္ဆာန်ဘုံမှရတော့၍။ဤလူပြည်နိုက်ဖြင့်သောသူသည်လည်းကောင်း။ မောဟစရိုက်အားကြီးတတ်သည်။ ၊တနည်းသည်း။ ။ယခုပစ္စုပ္ပန်ဘ ဝနိုက်။ပထဝီဓါတ်၊အာပေါဓါတ်လွန်ခိုက်ဖြစ်မူ။ မောဟစရိုက်အားကြီး တတ်သည်။တေဇောဓါတ်ဝါယောဓါတ်လွန်ခိုက်ဖြစ်မူဒေါသစရိုက်အား ကြီးတတ်သည်။ ဓါတ်ထေးပါး ညီမျှခိုက်ဖြစ်လျှင်။ ရာဂစရိုက်အားကြီး တတ်သည်။

ဤအရာ၌မည်သည့်ပုဂ္ဂိုလ်သည်မည်သည့်စရိုက်အားကြီး၏ဟူ၍အ ဘယ်သို့သိအပ်ပါသနည်းဟူ၍မေးခဲ့လျှင်။

ဣရိယာပထောကိစ္စာ၊ဘောဇနာဒဿနာဒိတော။
ဓမ္မပ္ပဝတ္တိတောစေဝ၊စရိယာယောဝိဘာဝယေ။
ဟူ၍ဝိသုဒ္ဓိမဂ်ကျမ်းနိုက်လာလေသည်၊

ဣရိယာပထော၊ အရိယာပုထ်လေးပါးအချင်းအရာ အားဖြင့်လည်း ကောင်း။ကိစ္စ ပြုမူခြင်းကိစ္စဖြင့်လည်းကောင်း။ ဘောဇနာ၊ ကြိုက်သော ဘောဇဉ်အာဟာရအားဖြင့်လည်းကောင်း။ဒဿနာဒိတော၊ကြည့်ရှုခြင်း အစရှိသောအားဖြင့်လည်းကောင်း။ ဓမ္မပ္ပဝတ္တိတောစေဝ။မာယာသာဌေ ယျအစရှိသောတရားတို့၏များစွာဖြစ်သောအားဖြင့်၄င်း။ စရိယာယော၊စ ရိုက်တို့ကို၊ဝိဘာဝယေ၊ထင်စွာပြုရာ၏။

ထိုငါးပါးတို့တွင်။ရာဂစရိုက်ကြီးသောပုဂ္ဂိုလ်သည်။ဘိန်းမှုံ့သေါ်သူကဲ့ သို့ဘိပ်မွေ့ယာ၌ကျေးဖြည်းညှင်းတင့်တယ်စံပယ်လျောက်ဝတ်။ သင့်မြတ် သေကွေ၊မိုးသဖြပ်ဝဝ်တင့်အခ်သေါ်အရိယါပုထ်ရှိ၏။ထိုအမှုအရာကဲ့သို့ သောထမြောက်လှည်းခြင်း၊ အဝတ်သက်နိုးဝတ်ရုံခြင်းအစရှိသောကိစ္စရှိ၏ ဆိမ့်ချိုမွေးပျံ့နူးညံ့သော ဘောဇဉ်ခဲဘွယ်ကို ကြိုက်တတ်၏။အနည်း ငယ်မျှသောရူပါရုံသဒ္ဒါရုံတို့နှင့်တွေ့ကြုံခဲ့လျှင်။အလွန်နှစ်သက်။ မခွါနိုက် အောင်ဖြစ်တတ်၏။ဒေါသစရိုက်ကြီးသောပုဂ္ဂိုလ်သည်သွားနေပေါ် ကြိုးတင်း သကဲ့သို့၊ဟုးဟုးယားယား၊ရှုံးရှုံးရှားရှား ရုန့်ရင့်ကြမ်းထမ်း သန်စွမ်း ရိုင်းပြ။မလှမပွယ်။ မတင့်တယ်သောအရိယာပုထ်၏ ကြမ်းထမ်းမဖွယ်။

မကင့်တယ်သောကိစ္စရှိ၏။ ။ချဉ်ငံခါးစင်သောအစာများ၏ကြိုက်ထတ်၏။အနည်းငယ်မျှစက်ဆုပ်ဘွယ်ဖြစ်သော၊အနိဋ္ဌာရုံဆရှိသောအာရုံတို့ကိုးတွေ့ကြုံခဲ့လျှင်စေ့စေ့ငုငုမရှုမကြည့်ဘဲရုတ်တရက်သဲခွါရှောင်သွားထတ်၏၊ ဒေါသစရိုက် အားကြီးသောပုဂ္ဂိုလ်သည်၊ ပဒုိင်းသီးကိုစားမိသောဖွတ်ဝဒတ်ပုတ်သင်တို့ကဲ့သို့ရွံ့တီးရွံ့ တွန့်၊ မယဉ်မကျေးမိုင်ငေးပေါ့ပျက်။နှောင့်ရှက်ဗျာပါ၊ သညာမစွဲမမြဲလျော့လျှည်း။ မသိမ်းဆည်းသောအရိယာပုတ်ရှိ၏။မမြဲသောကိစ္စရှိ၏။ ကြိုက်တတ်သောဘောဇဉ်ခဲဘွယ်ဟူ၍ထည်းအမြဲမရှိ။သူတပါးတို့၏အရိုင်အချေကိုကြည့်ရှု၍ သူတပါးတို့အတုအပ၊ချီးမွမ်းကဲ့ရဲ့ခြင်းကိုပြုတတ်၏၊မိမိမှုကားအဆန်းဆရိုးအဆိုးအကောင်းဟူ၍မသိတတ်။

ရတ္တသဟိဥက္ကုနိုကံဘဝေ။ဒုဋ္ဌသဟောတိပဒံ
အနုကဆုိကံ။ရဋ္ဌသပဒံသဟသာနုဝိဋ္ဌတံ။
ဟူ၍မာဂဏ္ဍိယသုတ်ပါဠိတော်၌လာသည်။

ရတ္တသ၊ရာဂကြီးသောသူ၏။ ပဒံ၊ခြေရာသည်၊ ဥက္ကုဋိကံ၊တိမ်းဘီးတိမ်းပါး၊ ဆောင့်ကြွားကြွားရှိသည်၊ ဘဝေ၊ဖြစ်၏။ ဒုဋ္ဌသ၊ဒေါသကြီးသောသူ၏၊ပဒံ၊ခြေရာသည်၊အနုကဆုိကံ၊ပေါက်၍နင်းသဖြင့်၊ နောက်ကနက်သောဖနောင့်ခြေရာထင်သည်။ဘဝေ၊ဖြစ်၏။ရဋ္ဌသ၊မောဟကြီးသောသူ၏၊ပဒံ၊ခြေရာသည်၊သဟသာနုဝိဋ္ဌတံ၊ခြေဖနှောင့်ခြေဖျားနက်သောခြေရာရှိသည်။ဘဝေ၊ဖြစ်၏။

ရာဂကြီးသောသူအား ဟည့်ပတ်ခြင်း။ စည်းထံခြင်း။ တလူလူထောင်ထွားခြင်း။ယုတ်မာသောအလိုရှိခြင်း၊မိမိပစ္စည်းဖြင့်မရောင့်ရဲနိုင်ခြင်း။ဝရိသာတ်တို့၏အလယ်တွင်တင့်တယ်လျှောက်ပတ် ဂုဏ်သကဝ်တို့ကိုအလိုရှိခြင်း။မိမိကိုယ်ကိုတံဆာဆင်ခြင်း။ကောင်းမွန်သော ဝစ္စည်းဝရိက္ခရာကိုအလိုရှိခြင်း။ပစ္စည်းပရိက္ခရာတို့ကို ကောင်းမွန်စွာပြုပြင်စီရင်ခြင်း။ လျှပ်ပေါ်ထော်ထည်ခြင်း၊ပိုးဖလံမိုင်ကဲ့သို့။ဒုစရိုက်ကိုမကြောက်ခြင်း။ ရှူသူတို့၏ငက် သို့ဒုစရိုက်မှမရှက်ခြင်း။ရုံရစ်သောတောဆင်ကဲ့သို့ကိလေသာမှရစ်ခြင်း။ရေတွေ့သောဘား။ ငါးလိဝ်တို့ပမာ။ အစာ၌ပျော်မွေ့၍ကုသိုလ်တရားနှိုက်မေ့လျော့ခြင်း။ ဤသို့အစရှိသောတရားတို့သည် များစွာဖြစ်တတ်ကုန်၏။ ။ဒေါသကြီးသောသူအား။အမျက်ထွက်ခြင်း။ရန်ညှိုးဖွဲ့ခြင်း၊ကိုယ်စဉ်းစိမ်းကိုဝန်တိုလျှို့ဝှက်ခြင်းသူကျေးဇူးကိုချေဖျက်ခြင်း

သူတပါး၏စည်းစိမ်ကို ညှို့ရှုခြင်း။ ယုတ်မာသောအဆွေခင်ပွန်းနှင့်ပေါင်းသော်ခြင်း၊ဤသို့အစရှိသောတရားတို့သည်များစွာဖြစ်တတ်ကုန်၏။ ။မောဟကြီးသောသူအါး။စိတ်စေတသိက်တို့၏ညှိုးနွမ်းခြင်း။စိတ်ပြန့်လွင့်ခြင်း ပြုပြီး၍နောင်တဘန်ပူပန်ခြင်း။ယူမိသော်အယူကို။စွန့်နိုင်ခဲခြင်းသတိလွတ်ကင်းခြင်း၊ပညာအဆင်အခြင်နည်းခြင်း။ ။ဤသို့အစရှိသော တရားတို့သည်များစွာဖြစ်တတ်ကုန်၏။ ။သဒ္ဓါစရိုက်ကြီးသောသူအား။လွတ်လွတ်စွန့်ကြဲခြင်း။သူတော်ကောင်းတို့အားဖူးမြင်လိုခြင်း။ ငမ်းမြောက်ဝမ်းသာများခြင်းသူတော်ကောင်းတို့၏တရားကိုနာလိုခြင်း။မစည်းလဲမှုကော်ကျစ်မလှည့်ပတ်ခြင်း။ ကြည်ညိုခြင်းအစရှိသောတရားတို့သည်။ များစွာဖြစ်တတ်ကုန်၏။ ။ပညာစရိုက်ကြီးသောသူအား။ ဆိုလွယ်သောစကားရှိခြင်း။ ဘောဇဉ်၌အတိုင်းအရှည်ကိုသိခြင်း။ အဆွေခင်ပွန်းကောင်းရှိခြင်း။ကုသိုလ်ကောင်းမှု၌ပျော်မွေ့လျက်။ အောင်းမေ့သေသတိနှင့်ပြည့်ရုံခြင်း။ပညာအဆင်အခြင်များခြင်း။နိုးကြားခြင်း၊ မကောင်းမှုတရားတို့မှ ထိတ်လန့်ကြောက်ရွံ့ခြင်း၊ အသင့်အတင့်အားဖြင့်။ အားထုတ်ခြင်းစသောတရားတို့သည်။များစွာဖြစ်တတ်ကုန်၏။ ။ဝိတက်စရိုက်အားကြီးသောသူအား။စကားများခြင်း။ မရပ်တည်သောကိစ္စရှိခြင်း၊ အပေါင်းအသော်၌မွေ့လျော်ခြင်း။ကုသိုလ်ကောင်းမှု၌။မပျော်ပိုက်ခြင်း။ ဤအမှုကိုနက်ဖြန်ပြုမည်ဟု။ ရှေးရှုစိတ်ပိုက်။ညည့်၌အမိုးလွတ်ခြင်း။ ညဉ့်ကကြံကြံသမျှ။သွေ့ပြုခါ။ နေ့အခါ၌အလျှံထခြင်း။ ထိုထိုအာရုံသို့စိတ်ဟု မသတ်။ မပြတ်သွားလာခြင်းစသောတရားတို့သည်။များစွာဖြစ်တတ်ကုန်၏။

ဤကားစရိုက်ခြောက်ပါးရွေးချယ်စိစစ်ခဏ်းပြီး၏။

---

စရိုက်ခြောက်ပါးတွင်။ ဆရာဖြစ်သူက။ ကမ္မဋ္ဌာန်းတောင်းသူအား။ သင်သည်မည်သည့်စရိုက်ကြီးသည့်ဟု။ သိအောင်ပြု၍။ သင့်လျော်သော ကမ္မဋ္ဌာန်းကိုပေးရမည်။

ကမ္မဋ္ဌာန်းလေးဆယ်ခန့် အောင်ရေတွက်သောသရုပသချာနည်းအား ဖြင့်၄င်း။ ။ဈာန်ကိုမရစေဘဲဈာန်၏အနီးဥပစာမျှကိုသာရစေနိုင်သော ကမ္မဋ္ဌာန်း။ဈာန်တိုင်အောင်ရစေနိုင်သောကမ္မဋ္ဌာန်းအားဖြင့်၄င်း ဈာန်တပါးကိုသာရစေနိုင်သောကမ္မဋ္ဌာန်း။ဈာန်သုံးပါး။ဈာန်လေးပါး၊ ဈာန်ငါးပါး လုံးကိုပင်ရစေနိုင်သောကမ္မဋ္ဌာန်းအားဖြင့်၄င်း။ အင်္ဂါကိုလွန်သောဈာန်၊

အာရုံကိုလွှန်သောဈာန်အားဖြင့်၎င်း။ ။ပဋိဘာဂ နိမိတ်ရကောင်း မရကောင်းနှင့်။ သဘာဝ အာရုံ၊ နိမိတ်အာရုံ၊ ပညတ် အာရုံကို ခွဲသော နည်းအားဖြင့်၎င်း။ စလိတကမ္မဋ္ဌာန်း အစလိတ ကမ္မဋ္ဌာန်းအားဖြင့်၎င်း။ ။ကာမဘုံ ရူပ ဘုံတို့၌ ဖြစ်ထိုက်သော ကမ္မဋ္ဌာန်းတို့ကို ဝေဘန်သော အားဖြင့်၎င်း။ ။ဒိဋ္ဌသုဘာဝုဋ္ဌအားဖြင့်သုံးအစ်သောကမ္မဋ္ဌာန်း၊ ဈေးဦးစွာမစီးဖြန်းအပ်သော ကမ္မဋ္ဌာန်းတို့အားဖြင့်၎င်း။ အာရုပ္ပစသောကမ္မဋ္ဌာန်းတို့၏ အကြောင်း အားဖြင့်၎င်း။ ။ငရိုက်ခြောက်ပါးတို့နှင့်သင့်လျော်သော ကမ္မဋ္ဌာန်းကိုဝေဘန်သောအားဖြင့်၎င်း။ ။ မာတိကာတဆဲ့တရပ်ဖြင့် ကမ္မဋ္ဌာန်း၏ အဆုံးအဖြတ်ကိုသိအပ်၏။

---

## ကမ္မဋ္ဌာန်းလေးဆယ်အရေအတွက်ကိုပြပေအံ့။

ကသိုဏ်းဆယ်ပါး၊ အသုဘဆယ်ပါး၊ အနုဿတိဆယ်ပါး၊ ဗြဟ္မဝိဟာရလေးပါး၊ သညာကမ္မဋ္ဌာန်းတပါး၊ ဝဝတ္ထာန် ကမ္မဋ္ဌာန်းတပါး၊ အာရုပ္ပ ကမ္မဋ္ဌာန်းလေးပါးအားဖြင့်၊ လေးဆယ်ဖြစ်သတည်း။ ဘမေတိတိသမထော၊ ။ယံခမ္ဘာတံ၊ အကြင်သဘောတရားသည်၊ သမေတိ။ ငြိမ်ဝပ်စေတတ်၏၊ ဣတိ ဘသွာ။ ထိုကြောင့်။ တံခမ္ဘာတံ၊ ထိုသဘောတရားသည်။ သမထော၊ သမထမည်၏။ ဤသို့ဖြစ်သော ဝိဂ္ဂဟအလိုအားဖြင့်။ ငြိမ်ဝပ်ပြီးစေတတ်သောကြောင့်၊ သမထမည်၏၊ ငြိမ်ဝပ်ပြီးခြင်းသည်၊ ဘာကိုငြိမ်ဝပ်စေသနည်းဟူ။ ရတ်စေဒနာစပ်ဆေးရန်ရှိသောကြောင့်။ ။ကိလေသေသမေတီတိသမထော။ ။ယောဓမ္မော၊ အကြင်တရားသည်၊ ကိလေသေ၊ တဆောင့်ငါးရာကိလေသာတို့ကို၊ သမေတိ၊ ငြိမ်ဝပ်စေတတ်၏၊ ဣတိတသ္မာ၊ ထိုကြောင့်၊ သောဓမ္မော၊ ထိုတရားသည်။ သမထော။ သမထမည်၏။ ထိုသို့ပြဆင်။ ကတ္တုသတ်ဝိဂြိုဟ်၏အဓိပ္ပာယ်အလိုကား၊ ရိုင်းသောမြင်းကိုခေါင်းသွင်ခြင်း၊ ကြိုးနှင့်ချည်ထားခြင်း၊ ရိုင်းသောနွားကို ခြံသွင်းခြင်းချည်ထားခြင်းကိုပြုသည့်ရှိသော်၊ ငြိမ်ဝပ်စွာနေသကဲ့သို့။ လေးဆယ်သောကမ္မဋ္ဌာန်းတို့ကို၊ စီးဖြန်းရွတ်ဘတ်သရဇ္ဈာယ်ခြင်းကိုပြုသည်ရှိသော်၊ ကြွှင်းထမ်းရိုင်ပြလှစွာသော၊ တထောင့်ငါးရာသောကိလေသာတို့သည်ငြိမ်ဝပ်ပြီးသောကြောင့်သမထခေါ်သည်။

ကမ္မဋ္ဌာန်းလေးဆယ်၏ရေတွက်ပုံကိုပြပေအံ့။

ပထဝီကသိဏံ၊အာပေါကသိဏံ။တေဇောကသိဏံ၊ ဝါယောကသိဏံ၊နီလကသိဏံ၊ပီတကသိဏံ။ လောဟိတကသိဏံ။ဩဒါတကသိဏံ၊ အာကာသကသိဏံ။ အာလောကကသိဏန္တိ ဣမာနိဒသကသိဏာနိနာမ။ ။ကသိုဏ်းဆယ်ပါး။ ။

အနက်၊ပထဝီကသိဏာဠ၊ မြေသည်ပင်လျှင်။အလုံးရုံဟူသောအနက်ကြောင့်။ကသိဏမည်သော။ ပထဝီကသိုဏ်းလည်းကောင်း၊ အာပေါကသိဏာဠ။ရေသည်ပင်လျှင်။အလုံးရုံဟူသောအနက်ကြောင့်။ကသိဏမည်သောအာပေါ ကသိုဏ်းလည်းကောင်း။ တေဇောကသိဏာဠ။ မီးသည်ပင်လျှင်၊ အလုံးရုံဟူသောအနက်ကြောင့်၊ ကသိဏမည်သောတေဇောကသိုဏ်းလည်းကောင်း၊ဝါယောကသိဏာဠ။ လေသည်ပင်လျှင်၊ အလုံးရုံဟူသော အနက်ကြောင့်၊ ကသိဏမည်သောဝါယော ကသိုဏ်းလည်းကောင်း၊နီလကသိဏာဠ၊ညိုသောအဆင်းသည်ပင်လျှင် အလုံးရုံဟူသောအနက်ကြောင့်။ကသိဏမည်သော။ နီလကသိုဏ်းလည်းကောင်း၊ပီတကသိဏာဠ ၊ရွှေသောအဆင်းသည်ပင်လျှင်အလုံးရုံဟူသောအနက်ကြောင့်။ကသိဏမည်သောပီတ ကသိုဏ်းလည်းကောင်း။ လောဟိတကသိဏာဠ။ နီသောအဆင်းသည်ပင်လျှင် အလုံးရုံဟူသောအနက်ကြောင့်၊ ကသိဏမည်သော။ လောဟိတကသိုဏ်းလည်းကောင်း။ ဩဒါတကသိဏာဠ။ဖြူသောအဆင်းသည်ပင်လျှင်။ အလုံးရုံဟူသော အနက်ကြောင့်။ကသိဏမည်သော။ ဩဒါတကသိုဏ်း လည်းကောင်း။ အာကာသ ကသိဏာဠ။ ကောင်းကင်ပဉ္စတ်သည်ပင်လျှင်။ အလုံးရုံဟူသောအနက်ကြောင့်။ ကသိဏမည်သော။ အာကာသကသိုဏ်းလည်းကောင်း။ အာလောကကသိဏာဠ။ နေလတို့၏အရောင်ကြောင့်၊ အလင်းသည်ပင်လျှင်။ အလုံးရုံဟူသောအနက်ကြောင့်။ ကသိဏမည်သော၊ အာလောကကသိုဏ်းလည်းကောင်း။ဣမာနိဒသ။ ဤဆယ်ပါးတို့သည်။ကသိဏာနိနာမ။ ကသိုဏ်းတို့မည်ကုန်၏။

ဥဒ္ဓုမာတကံ။ ဝိနီလကံ။ဝိပုဗ္ဗကံ။ ဝိစ္ဆိဒ္ဒကံ။ ဝိက္ခာယိတ္တကံ။ ဝိက္ခိတ္တကံ။ ဟတဝိက္ခိတ္တကံ။ လောဟိတကံ။ပုဠဝကံ။အဋ္ဌိကန္တိ ဣမာနိဒသအသုဘာနာမ။ ။

ဥဒ္ဓုမာတကဠ။သေသည်၏အထက်၌ဖူးဖူးရောင်သောကိုယ်သည်ဖြစ်

၍။ စက်ဆုပ်ရွံရှာဘွယ်ရှိသောအကောင်ပုပ်လည်းကောင်း။ ဝိနီလကဥ၊ ထက်ကိုယ်လုံးညိုသောကိုယ်ရှိသည်ဖြစ်၍။ စက်ဆုပ်ရွံရှာဘွယ်ရှိသောအကောင်ပုပ်သည်းကောင်း။ ဝိပုဗ္ဗကဥ။ တကိုယ်လုံးပြည့်သောပြည်ရှိသည်ဖြစ်၍၊ စက်ဆုပ်ရွံရှာဘွယ်ဖြစ်သောအကောင်ပုပ်ထည်းကောင်း၊ ဝိစ္ဆိဒ္ဒကဥ၊ အလယ်၌နှစ်ပိုင်းပြတ်သောကိုယ်ရှိသည်ဖြစ်၍။ စက်ဆုပ်ရွံရှာဘွယ်ရှိသောအကောင်ပုပ်လည်းကောင်း၊ ဝိက္ခာယိတ္တကဥ။ ခွေးမြေခွေးတို့သည်။ ခဲအပ်သည်ဖြစ်၍။ စက်ဆုပ်ရွံရှာဘွယ်ဖြစ်သော အကောင်ပုပ်သည်းကောင်း၊ ဝိက္ခိတ္တကဥ။ ခွေးမြေခွေးတို့သည်၊ အထူးထူးသောအချင်းအရာဖြင့်။ အပိုင်းအပိုင်းဖြတ်လျက်။ ထိုထိုသို့သောအရပ်၌ ပစ်အပ်သည်ဖြစ်၍၊ စက်ဆုပ်ရွံရှာဘွယ်ရှိသောအကောင်ပုပ်လည်းကောင်း၊ ဟတဝိက္ခိတ္တကဥ။ ထားထက်နက်တို့ဖြင့်ဖြတ်၍၊ ဖရိုဖရဲကြဲသောကိုယ်ရှိသည်ဖြစ်၍၊ စက်ဆုပ်ရွံရှာဘွယ်ဖြစ်သောအကောင်ပုပ်လည်းကောင်း။ လောဟိတကဥ၊ ရှိသောသွေးရှိသည်ဖြစ်၍၊ စက်ဆုပ်ရွံရှာဘွယ်ဖြစ်သောအကောင်ပုပ်လည်းကောင်း၊ ပုဠုဝကဥ။ တကိုယ်လုံးပြည့်သောပိုးလောက်ရှိသည်ဖြစ်၍၊ စက်ဆုပ်ရွံရှာဘွယ်ရှိသောအကောင်ပုပ်လည်းကောင်း။ အဋ္ဌိကဥ၊ ဖွေးဖွေးဖြူသောအရိုးရှိသည်ဖြစ်၍ စက်ဆုပ်ရွံရှာဖြစ်သော အကောင်ပုပ်လည်းကောင်း။ ဤတဆယ်ပါးတို့သည်။ အသုဘာနာမ။ အသုဘကမ္မဋ္ဌာန်းတို့မည်ကုန်၏။

ဗုဒ္ဓါနုဿတိ။ ဓမ္မာနုဿတိ။ သံဃာနုဿတိ။ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ။ ဥပသမာနုဿတိ၊ မရဏာနုဿတိ၊ ကာယဂတာသတိ။ အာနာပါနာသတိ စေတိ၊ ဣမာဒသာနုဿတိယောနာမ။ ။

အနုဿတိအနက်။ ဗုဒ္ဓါနုဿတိစ။ မြတ်စွာဘုရားဂုဏ်ကျေးဇူးကိုအဘန်တလဲလဲအောင်းမေ့ခြင်းသည်းကောင်း၊ ဓမ္မာနုဿတိစ။ တရားတော်၏ဂုဏ်ကျေးဇူးကို၊ အဘန်တလဲလဲအောင်းမေ့ခြင်းသည်းကောင်း သံဃာနုဿတိစ။ သံဃာတော်၏ဂုဏ်ကျေးဇူးကို။ အဘန်တလဲလဲအောင်းမေ့ခြင်းလည်းကောင်း။ သီလာနုဿတိစ၊ မိမိဆောက်တည်သောသီလ၏ဂုဏ်ကျေးဇူးကို။ အဘန်တလဲလဲအောင်းမေ့ခြင်းသည်းကောင်း။ စာဂါနုဿတိစ။ မိမိစွန့်ကြဲပေးကမ်းသည်တို့၏ဂုဏ်ကျေးဇူးကို။ အဘန်တလဲလဲအောင်းမေ့ခြင်းသည်းကောင်း။ ဒေဝတာနုဿတိစ၊ နတ်တို့၏စည်း

စိမ်နှင့်တူသောမိမိပြုသော။ ဒါနသီလဘာဝနာတို့၏ဂုဏ်ကျေးဇူးကို။ အဆ
ဘန်တလဲလဲအောင်းမေ့ခြင်းသည်းကောင်း၊ဥပသမာနုဿတိစ။နိဗ္ဗာန်၏
ဂုဏ်ကျေးဇူးကို။အဆဘန်တလဲလဲအောင်းမေ့ခြင်းသည်းကောင်း။မရဏာ
နုဿတိစ။ သေခြင်း တရားကိုအဆဘန်တလဲလဲ အောင်းမေ့ခြင်းလည်း
ကောင်း၊ ကာယဂတာသတိစ။ ဆံအစရှိသောကိုယ်၌ဖြစ်သော အရ
ထည်းကောင်း၊အာနာပါနဿတိစ။ ထွက်သက်ဝင်သက်လေမျှသာဟု၍
နှစ်လုံးသွင်းခြင်းလည်းကောင်း၊ ဣတိဣမာဒသ။ဤဆယ်ပါးတို့သည်။အဆ
သောနာမ။အနုဿတိတရားတို့မည်ကုန်၏၊

မေတ္တာကရုဏာ မုဒိတာ ဥပေက္ခာစေတိ။ ဣမာစတဿောအပ္ပ
မညာယောနာမ။ဗြဟ္မဝိဟာရောတိစပဝုစ္စတိ။ ။

ဗြဟ္မစိုရ်ရအနက်။ ။မေတ္တာစ၊သုခိတသတ္တဝါ၊ဒုက္ခိတသတ္တဝါကို၊
အဆရုံပြု၍၊အမျှချစ်ခြင်းလည်းကောင်း။ ကရုဏာစ၊အတိုင်းမသိသောဒုက္ခိ
တသတ္တဝါကို။အဆရုံပြုသောအားဖြင့်သနားခြင်းလည်းကောင်း။မုဒိတာစ။
အတိုင်းမသိသောသုခိတသတ္တဝါကိုအဆရုံပြု၍ ဝမ်းမြောက်ခြင်းသည်း
ကောင်း၊ဥပေက္ခာစ၊ အတိုင်းမသိသောသုခိတဒုက္ခိတသတ္တဝါပည်တ်ကို
အဆရုံပြုသောအားဖြင့်လျစ်လျူရှုခြင်းလည်းကောင်း။ ဣတိဣမာစတဿော။
ဤလေးပါးတို့သည်။ အပ္ပမညာယောနာမ။အပ္ပမညာတရားတို့မည်ကုန်၏။
ဗြဟ္မဝိဟာရောတိစ။ ဗြဟ္မစိုရ်ရတရားဟူ၍လည်း။ပဝုစ္စတိ၊ အပြားအား
ဖြင့်မိန့်အပ်၏။

အဟာရေပဋိကူလသညာဧကသညာနာမ။ ။ဧကသညာအနက်။ ။
အဟာရေ။ မျိုအပ်သောအစာအာဟာရ၌၊ပဋိကူလသညာ။စက်ဆုပ်
ဘွယ်ဟူ၍အမှတ်ရှိခြင်းသည်၊ဧကသညာနာမ။တခုသောသညာမည်၏။

စတုဓာတုဝဝတ္ထာနံဧကဝဝတ္ထာနံနာမ၊ ။ဧကဝဝတ္ထန်အနက်။ ။
စတုဓာတုဝဝတ္ထာနံ။ပထဝီဓာတ်၊အာပေါဓာတ်။ တေဇောဓာတ်။ဝါယော
ဓာတ်ဟူ၍ပိုင်းခြားမှတ်သားခြင်းသည်၊ဧကဝဝတ္ထာနံနာမ။ တခုသောဝ
ဝတ္ထာန်မည်၏။ ။

အာကာသာနဉ္စာယတနာဒယော စတ္တာရောအာရုပ္ပါနာမာတိသဗ္ဗ
ထာပိသမထနိဒ္ဒေသေစတ္တာလီသကမ္မဋ္ဌာနိဘဝန္တိ။ ။

အာရုပ္ပကမ္မဋ္ဌာန်းလေးပါးအနက်။ ။
အာကာသာနဉ္စာယတနာဒယော။အာကာသာနဉ္စာယတနအစရှိသည့်တို့သည်

ဝါ၊ အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန၊ နေဝသညာနာသညာယတနတို့သည်၊ စတ္တာရောအာရုပ္ပါနာမ၊ လေးပါးသောအာရုပ္ပဘုံတို့မည်ကုန်၏။ ဇာတိ၊ ဤသို့ သဗ္ဗထာပိ၊ ခပ်သိမ်းသောအချင်းအရာအားဖြင့်လည်း၊ သမထနိဒ္ဒေသော၊ သမထကိုညွှန်းရာနိဂုံး။ စတ္တာလီသ ကမ္မဋ္ဌာနာနိ၊ အကျဉ်းလေးဆယ်သောကမ္မဋ္ဌာန်းတို့သည်၊ သဝိဘတ္တာ၊ ဖြစ်ကုန်၏။

ကမ္မဋ္ဌာန်း ၄၀ အနက်။

ကမ္မဿဋ္ဌာနံ၊ ကမ္မဋ္ဌာနံ။ ။ကမ္မဿ၊ ကသိုဏ်းကံ၏။ ဌာနံ၊ တည်ရာတည်း။ ကမ္မဋ္ဌာနံ၊ ကသိုဏ်းကံ၏တည်ရာ။ ။ဤသို့ မိန့်အပ်သော ဆဗ္ဗိ ထပ္ပုရိသ်သမာသ်ဝိဂြိုဟ် အရကား မျက်စိနှိုက် မြင်ကောင်းသော ဝဏ္ဏာ အာရုံတို့သည်၊ ကမ္မဋ္ဌာန်းအာရုံနှင့်ကြည့်လျှင်၊ ကမ္မဋ္ဌာန်းဖြစ်သည်၊ ကာမ အာရုံနှင့်ကြည့်လျှင်၊ ကာမဂုဏ်ဖြစ်သည်၊ ဇနကမင်းသည်၊ သရက်ပင်ကို ကမ္မဋ္ဌာန်းတင်၍ တောထွက်သည်၊ ရှင်ဥပနန္ဒရှင်သည်၊ ထက်ဝိုင်ပုဝါကို ကမ္မဋ္ဌာန်းတင်၍၊ ရဟန္တာဖြစ်သည်၊ ပဒုမ္မဒေဝီ မိဖုရား၏ သားတော်ငါး ရာတို့သည်၊ ကြာဘက်ညှိုးနွမ်းသည်ကို၊ ကမ္မဋ္ဌာန်းတင်၍၊ ပစ္စေကဗုဒ္ဓါ ဖြစ်ကြသည်၊ ကုဋုမ္ဘလဗဓဇ္ဈိတသည်၊ မိန်းမကို ကမ္မဋ္ဌာန်းတင်၍ ရဟန္တာ ဖြစ်သည်၊ ရှင်သိဝလိမထေရ်သည်၊ ခေါင်းကရိတ်ဖြတ်၍ ကျလာသောဆံ ပင်ကို၊ ကမ္မဋ္ဌာန်းတင်၍ရဟန္တာဖြစ်သည်၊ ဈာန်ကိုမရစေနိုင်ဘဲ၊ ဈာန်၏အ နီးဥပစာရဘာဝနာမျှကိုသာရစေနိုင်သောကမ္မဋ္ဌာန်း၊ ဈာန်တိုင်အောင်ရစေ နိုင်သောကမ္မဋ္ဌာန်းများကား၊ ကာယဂတာသတိ၊ အာနာပါဏဿတိနှစ်ပါး၊ အနုဿတိကမ္မဋ္ဌာန်းရှစ်ပါး၊ အာဟာရေပဋိကူလသညာကမ္မဋ္ဌာန်းတပါး၊ စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းတပါး၊ ဤဆယ်ပါးသောကမ္မဋ္ဌာန်းတို့သည်၊ ဈာန်ကိုမရစေနိုင်၊ ဈာန်၏အနီး၊ ဥပစာရဘာဝနာမျှကိုသာရစေနိုင်ကုန်၏၊ ကြွင်းသောကမ္မဋ္ဌာန်းသုံးဆယ်တို့သည်၊ ဥပစာရသမာဓိနှင့်တကွ၊ ဈာန်ကို ရစေနိုင်၏အဘယ်ကြောင့်ဆယ်ပါးသောကမ္မဋ္ဌာန်းတို့သည်၊ ဈာန်ကိုမရ စေနိုင်သနည်း။

ဗုဒ္ဓဓမ္မသံဃာသီလစာဂဒေဝတာ ဥပသမဂုဏာနံ တာဝ ဂမ္ဘီရတာ ယ။ နာနပ္ပကာရ ဂုဏာနုဿရဏာဓိမုတ္တတာယ ဝါ။ ။
ပဋိက္ကူလဝိသဇ္ဇမဂ် အဓိဋ္ဌာနာဘာသည်။ ။

ဗုဒ္ဓဓမ္မသံဃာသီလစာဂဒေဝတာဥပသမဂုဏာနံ၊ ဘုရားဂုဏ်၊ တရား ဂုဏ်၊ သံဃာဂုဏ်၊ ပ၊ ဥပသမဂုဏ်တို့၏၊ တာဝ၊ ရှေးဦးစွာ၊ ဂမ္ဘီရတာယ ဝါ၊

နက်နဲသည်၏ အဖြစ်ကြောင့်လည်းကောင်း။ နာနပ္ပကာရဂုဏာနုဿရဏ ရတ္တတာယ၊ အလုံးစုံသောဂုဏ်တို့ကိုအစဉ်လျှောက်၍၊ နှလုံးသွင်းခြင်းရှိသည်၏အဖြစ်ကြောင့်ရင်း။ ။ထိုသို့ပြအပ်သောအဓိပ္ပါယ်စကားကျ၍။ဘုရားဂုဏ်အစရှိသောဂမ္ဘီရကမ္မဋ္ဌာန်းတရားတို့သည်နက်နဲခဲခက်သိမ်မွေ့သောသဘောရှိသည်ဖြစ်သောကြောင့် တခုတခုသောဂုဏ်လျှင်အာရုံရှိသောသမာဓိသည်။မဟာသမုဒ္ဒရာတွင်ယှန်ငတ်မထောင်မှီသကဲ့သို့ ထိုရှစ်ပါးသော ဂုဏ်ပုဒ်တို့၌။ အပ္ပနာသို့ရောက်၍တုန်လှုပ်ခြင်း မရှိသောအားဖြင့်တည့်ခြင်းငှါမစွမ်းနိုင်၊ထိုသို့သမာဓိကိုဖြစ်စေခြင်းငှါမစွမ်းစောင်နိုင်သောကြောင့်၊ဈာန်သမာပတ်ကိုမရသည်။ ။

မရဏာနုဿတိကမ္မဋ္ဌာန်းသည်၊ ပရမတ္ထသဘာဝ ဖြစ်သောကြောင့်လည်းကောင်း။ထိန့်လန့်အပ်သောသံဝေဂဝတ္ထုကြီးတချဖြစ်သောကြောင့်လည်းကောင်း၊ဈာန်ကိုမရစေနိုင်။သညာဝဝတ္ထာန်နှစ်ပါးတို့သည်။ပရမတ္ထသဘာဝအဖြစ်ကြောင့်လည်းကောင်း၊ နက်နဲခက်ခဲသည်၏အဖြစ်ကြောင့်လည်းကောင်း၊ဈာန်သမာပတ်ကိုမရစေနိုင်ကုန်၊

ဈာန်တပါးကိုသာ ရစေနိုင်သောကမ္မဋ္ဌာန်း။ ဈာန်သုံးပါးလုံး၊ဈာန်လေးပါးလုံး။ဈာန်ငါးပါးလုံးကိုစေနိုင်ရသောကမ္မဋ္ဌာန်းတို့သည်ကား။ အသုဘဆယ်ပါး။ ကာယဂတာသတိတပါး ပေါင်းဆယ့်တပါးသော ကမ္မဋ္ဌာန်းသည်။ပဌမဈာန်ကိုသာရစေနိုင်၏။မေတ္တာကရုဏာမုဒိတာ။ဤသုံးပါးသောကမ္မဋ္ဌာန်းတို့သည်၊စတုက္ကနည်းအားဖြင့်။ပဌမဈာန်၊ဒုတိယဈာန်။ တတိယဈာန်ဟုဆိုအပ်သော၊သုံးပါးသောဈာန်ကိုရစေနိုင်၏။

ဥပေက္ခာကမ္မဋ္ဌာန်းသည်။ရူပါဝစရပဉ္စမဈာန်ကိုလည်းကောင်း။အရူပကမ္မဋ္ဌာန်းလေးပါးနှင့်တကွ။ အရူပဈာန်လေးပါးကိုလည်းကောင်း ရစေနိုင်၏၊ ကသိုဏ်းဆယ်ပါး။ အာနာပါနဿတိတပါး။ ပေါင်း ဆယ့်တပါးသောကမ္မဋ္ဌာန်းသည်။ဈာန်ငါးပါးလုံးကိုပင်ရစေနိုင်၏။ အသုဘဆယ်ပါး။ကာယဂတာသတိအာရုံတို့သည်။အနိဋ္ဌာရုံဖြစ်ပါလျက်။ အဘယ့်ကြောင့်သောမနဿနှင့်ယှဉ်သောပဌမဈာန်ကိုရသနည်းဟုမေးခွန်းရှိသောကြောင့်၎င်းအမေးကိုဖြေဆိုလိုက်သည့်မှာ။အနိဋ္ဌာရုံကိုအာရုံပြု၍၊ သောမနဿဖြစ်သည်မဟုတ်။ ကာမစ္ဆန္ဒနီဝရဏာမှကင်းကွာခြင်း စသောအကျိုးကိုမြင်၍သောမနဿဖြစ်သည်။အနာရောဂါရှိသောသူသည်၊ ဝမ်းနုတ်ဆေးကိုသောက်သကဲ့သို့လည်းကောင်း။ယခုကာလ၌သန့်ခေါင်အခါ၊အိုးမ်ကြီး

အိမ်ကြွား။ဘင်ကျုံးကုသားတို့သည်မစင်ကိုရှုန်းသော်ထည်း၊ငွေကိုရုံမက်၍လုပ်သကဲ့သို့မှတ်ရမည်၊

အင်္ဂါကိုလွန်သောဈာန်။အာရုံကိုလွန်သောဈာန်တို့၏အကြောင်းမှာ။ ရူပါဝစရဈာန်သည်၊ အင်္ဂါတိက္ကမဈာန်မည်၏။ အဘယ်ကြောင့်မည်သနည်း။ဈာန်အဆင့်ဆင့်အားဖြင့်၊ ဝိတက်စသောအင်္ဂါကိုသာလွန်၍၊ ကသိုဏ်းစသောအင်္ဂါကိုမလွန်မူ၍၊ အထက်အထက်စသောဈာန်ကိုရနိုင်သောကြောင့်တည်း။ ။အရူပါဝစရဈာန်သည်၊ အာရုံကိုလွန်သောဈာန်မည်၏။အဘယ်ကြောင့်မည်သနည်း။ ကောင်းကင်ပညတ် အစရှိသောအာရုံကိုသာလွန်၍၊ ဥပေက္ခာဧကဂ္ဂတာတည်း ဟူသောအင်္ဂါကို မလွန်သောကြောင့်တည်း။ ။

ပွါးကောင်းသောကမ္မဋ္ဌာန်း။မပွါးကောင်းသောကမ္မဋ္ဌာန်းဆိုသည်မှာ။ ပဋိဘာဂထင်ပြီးသောကမ္မဋ္ဌာန်းတို့ကိုဆပ်၍ပွါးသော်လည်း၊ ကျေးဇူးမများလှန်းသောကြောင့်ဆိုသည်ဟုမှတ်ရမည်။

သေးသယ်သော ကမ္မဋ္ဌာန်းတို့တွင်။ ကသိုဏ်းဆယ်ပါးကိုသာလျှင်ပွါးအပ်ကုန်၏။ အဘယ်ကြောင့်ပွါးအပ်ကုန်သနည်း။ အကြင်မျှလောက်သောအရပ်ကိုကသိုဏ်းဖြင့်ပျံ့နှံ့ကုန်၏။ထိုမျှလောက်သောအရပ်၏ အအတွင်း၌။ ဒိဗ္ဗသောတအဘိညာဏ်ဖြင့်သဒ္ဒါရုံကိုကြားခြင်းငှာစွမ်းနိုင်၏ ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့်။ ရူပါရုံကိုမြင်ခြင်းငှာစွမ်းနိုင်၏၊ စေတောပရိယအဘိညာဏ်ဖြင့်။သူတပါးတို့၏စိတ်ကိုသိခြင်းငှာစွမ်းနိုင်၏၊ အဘိညာဏ်တို့ဖြင့်လိုအပ်သောအကျိုးကိုပြီးစေနိုင်ရန်။အာလောကကသိုဏ်းကိုပွါးရာ။ တပါးသောကသိုဏ်းတို့ကိုလည်း။ အရာအားလျော်စွာ တပါးသော်အဘိညာဏ်တို့၏ အကျိုးကိုပြီးစေရန်ပွါးများရသည်တည်း။ကာယကထာသတိကိုငှင်း၊ အသုဘဆယ်ပါးကိုငှင်း။ တပါးသောကမ္မဋ္ဌာန်းတို့ကိုငှင်း။မပွါးအပ်ကုန်။ကာယကထာသတိ၊အသုဘဆယ်ပါးတို့ကိုပွါးလျှင်။အသုဘအရကြီးဖြစ်အောင်ပွါးရာ၏၊ပွါးခြင်းကြောင့်ထည်း။ တစုံတခုသောအကျိုးမျှမရှိ။အာနာပါနကိုပွါးလျှင်ထည်း။ ထေးအရကိုသာပွါးရာ၏။မြဟ္မဝိဟာရန္တကား။အရပ်မျက်နှာကိုသာချဲ့ထွင်၍ပွါးရမည်။ သတ္တဝါကိုကြီးလာအောင်ပွါးရသည်မဟုတ်။ ဇုဋ္ဌါနုဿတိကမ္မဋ္ဌာန်းတို့ကိုမူကား။ ။ပဋိဘာဂနိမိတ်ကိုမျှမရသောကြောင့်။ပွါးဘွယ်မရှိ။

ပဋိဘာဂနိမိတ်ရကောင်းမရကောင်းနှင့်၊သဘာဝနိမိတ္တပညတ်
အာရုံသုံးပါးကိုခွဲခြမ်းနည်း။

ကမ္မဋ္ဌာန်းလေးဆယ်တို့တွင်။ ကသိုဏ်းဆယ်ပါး။အသုဘဆယ်ပါး။ ကာယဂတာသတိ။ အာနာပါနာသတိ။ ဤနှစ်ဆဲ့နှစ်ပါးသောကမ္မဋ္ဌာန်းတို့သည်။ပဋိဘာဂနိမိတ်ထင်ကောင်းရကောင်းသောကမ္မဋ္ဌာန်းတို့တည်း။ ကြွင်းသောတဆဲ့ရှစ်ပါးသောကမ္မဋ္ဌာန်းတို့သည်။ ပဋိဘာဂနိမိတ်မထင်ကောင်းမရကောင်းသောကမ္မဋ္ဌာန်းတို့မည်ကုန်၏။ ။ကာယဂတာသတိ။အာနာပါနာသတိမှတပါး။ အနုဿတိရှစ်ပါး၊ အာဟာရေပဋိကူလသညာ။စတုဓာတုဝဝတ္ထာန်၊ဝိညာဏဉ္စာယတန။နေဝသညာနာသညာယတန။ ဤတဆဲ့နှစ်ပါးသောကမ္မဋ္ဌာန်းတို့သည်။ သဘာဝကမ္မဋ္ဌာန်းမည်ကုန်၏။ ကသိုဏ်းဆယ်ပါး။အသုဘဆယ်ပါး။အာနာပါနာသတိ၊ ကာယဂတာသတိ။ဤနှစ်ဆဲ့နှစ်ပါးသောကမ္မဋ္ဌာန်းတို့သည်။ နိမိတ်ထင်သောကမ္မဋ္ဌာန်းတို့မည်ကုန်၏။ ကြွင်းသောခြောက်ပါးသောကမ္မဋ္ဌာန်းတို့သည်။ နိမိတ်မထင်သောကမ္မဋ္ဌာန်းတို့မည်ကုန်၏။

စလိတကမ္မဋ္ဌာန်း။ အစလိတကမ္မဋ္ဌာန်းတို့၏အကြောင်းသည်ကား။ လေးဆယ်သောကမ္မဋ္ဌာန်းတို့တွင်။ ဝိပုဗ္ဗကံ၊ လောဟိတကံ။ ပုဠုဝကံ။ အာနာပါနာသတိ။အာပေါကသိဏံ။တေဇောကသိဏံ၊ဝါယောကသိဏံ။ နေရောင်လရောင်ဟုဆိုအပ်သော အာလောကကသိုဏ်း။ ဤရှစ်ပါးသောကမ္မဋ္ဌာန်းတို့သည်။ စလိတကမ္မဋ္ဌာန်းတို့မည်ကုန်၏။ တုန်လှုပ်တတ်သောကမ္မဋ္ဌာန်းတို့မည်ကုန်၏။ ထိုသို့တုန်လှုပ်ခြင်းသည်လည်း။ ရှေးအဘို့၌သာလှုပ်သည်၊ပဋိဘာဂနိမိတ်ထင်သည်မှစ၍၊ ကောင်းစွာစုဝေးလျက်တည်သည်သာတည်း။ ။ကြွင်းသောသုံးဆယ့်နှစ်ပါးသောကမ္မဋ္ဌာန်းတို့သည် အစလိတကမ္မဋ္ဌာန်းတို့မည်ကုန်၏။

ကာမဘုံ၊ရူပဘုံ၊အရူပဘုံဘို့၌ဖြစ်ထိုက်သောကမ္မဋ္ဌာန်း
တို့ကိုဝေဘန်၍ပြပေအံ့။ ။

လူ့ပြည်၌အလုံးစုံသောကမ္မဋ္ဌာန်းတို့ကိုရအပ်ကုန်၏။ နတ်ပြည်၌ အသုဘဆယ်ပါး။ ကာယဂတာသတိ အာဟာရေပဋိကူလသညာ။ဤတဆဲ့နှစ်ပါးမှတပါး ကြွင်းနှစ်ဆဲ့ရှစ်ပါးသောကမ္မဋ္ဌာန်းတို့ကိုရကုန်၏။ ။ရူပဗြဟ္မာ၌နတ်ပြည်မှာမရသော။ တဆဲ့နှစ်ပါးတို့တွင်။ အာနာပါနာသတိကိုထည့်၍။တဆဲ့သုံးပါးသောကမ္မဋ္ဌာန်းတို့မှတပါး နှစ်ဆဲ့ခုနစ်ပါးသော

ကမ္ဗဋ္ဌာန်းတို့ကိုခ အပ်ကုန်၏၊ ။အချုပသုံ့၌၊ အချုပကမ္ဗဋ္ဌာန်းလေးပါး ကိုသာခ အပ်ကုန်၏ကြွင်းသောကမ္ဗဋ္ဌာန်းတို့ကိုမရ အပ်ကုန်၊

ဗိဇ္ဇသုတပုဇ္ဇအားဖြင့်၊ယူအပ်သောကမ္ဗဋ္ဌာန်း၊ရှေဦးအစ၊
မစီဖြန်းအပ်သောကမ္ဗဋ္ဌာန်းတို့ကိုပြဝေအံ့၊

ကမ္ဗဋ္ဌာန်းလေးဆယ်တို့တွင်၊ဝါယောကသိုဏ်းမှတပါးကြွင်းသောက သိုဏ်းကိုးပါး၊အသုဘဆယ်ပါး၊ ဤတဆဲ့ကိုးပါးသောကမ္ဗဋ္ဌာန်းတို့သည်၊ မျက်စိနှင့်မြင်သဖြင့်၊ယူအပ်သောကြောင့်၊ဒိဋ္ဌကမ္ဗဋ္ဌာန်းမည်ကုန်၏၊ကာယ ကဘာသဘိတွင်၊တစပဥ္စကကိုဒိဋ္ဌ၊ ကြွင်းနှစ်ဆဲ့ခုနစ်ခုသောကောဋ္ဌာသ ကိုသုတ၊ အာနာပါနာသတိကို၊တွေ့ထိ၍ ယူအပ်သောအားဖြင့်ဗုဋ္ဌ၊ ဝါ ယောကသိုဏ်းကို အမြင်အတွေ့ဖြင့်ယူအပ်သောကြောင့်ဒိဋ္ဌ၊ ဗုဋ္ဌဟူ၍ ဆိုအပ်ကုန်၏၊ ကြွင်းသော ထဆဲ့ရှစ်ပါးသော ကမ္ဗဋ္ဌာန်းတို့ကိုသုတအား ဖြင့်ယူအပ်ကုန်၏၊ဥပေက္ခာ ဗြဟ္မာဝိဟာရ၊အာရုပ္ပကမ္ဗဋ္ဌာန်းလေးပါး၊ဤငါး ပါးသောကမ္ဗဋ္ဌာန်းတို့ကို၊ ရှေးဦးစွာမစီးဖြန်းအပ်ကုန်၊ ကြွင်းသုံးဆယ့်ငါး ပါးသောကမ္ဗဋ္ဌာန်းတို့ကိုစီးဖြန်းအပ်ကုန်၏၊

အချုပစသောကမ္ဗဋ္ဌာန်းတို့၏အကြောင်းအားဖြင့်ဝေဘန်၍ပြဦးအံ့။ ။

ကမ္ဗဋ္ဌာန်းလေးဆယ်တို့တွင်၊ အာကာသကသိုဏ်းကိုကြဉ်၍ကြွင်းသော ကသိုဏ်းကိုးပါးတို့သည်၊ အချုပဈာန်တို့အား ကျေးဇူးပြုတတ်ကုန်၏၊က သိုဏ်းဆယ်ပါးတို့သည်၊ အဘိညာဉ်တို့အား ကျေးဇူးပြုတတ်ကုန်၏၊ အောက်ဗြဟ္မာဝိဟာရ တရားသုံးပါးတို့သည်၊ ဥပေက္ခာဗြဟ္မဝိဟာရအား အောက်ဖြစ်သောအချုပသည်၊ အထက်အချုပအား၊ နေဝသညာနာသညာ ယတနသည်၊နိရောဓသမာပတ်အားကျေးဇူးပြုတတ်၏၊အလုံးရှိသောကမ္ဗ ဋ္ဌာန်းတို့သည်၊ ပစ္စုပ္ပန်၌ချမ်းသာစွာနေရခြင်း၊ ပွားများအပ်သောဝိပဿ နာတို့သည်၊ဘဝသမ္ပတ္တိအားကျေးဇူးပြုတတ်ကုန်၏၊

စရိုက်ခြောက်ပါးတို့နှင့်လျော်သောကမ္ဗဋ္ဌာန်းတို့ကို
ဝေဘန်၍ပြဦးအံ့။

ကမ္ဗဋ္ဌာန်းလေးဆယ်တို့တွင်၊ ရာဂစရိုက်ကြီးသောသူအား၊ အသုဘ ဆယ်ပါး၊ ကာယဂတာသတိ၊ ဤတဆဲ့တပါးသော ကမ္ဗဋ္ဌာန်းတို့သည် လျော်ကုန်၏၊ ။ဒေါသစရိုက်ကြီးသောသူအား၊ ဗြဟ္မဝိဟာရကမ္ဗဋ္ဌာန်း လေးပါး၊ နီလပီတလောဟိတဩဒါတဟုဆိုအပ်သော၊ ဝဏ္ဏကသိုဏ်း လေးပါး၊ ဤရှစ်ပါးသောကမ္ဗဋ္ဌာန်းတို့သည်၊ လျော်ကုန်၏၊ ။မောဟစ

ရိုက်ကြီးသောသူအားရင်း။ပိတက်စရိုက်ကြီးသောသူအားလည်းကောင်း၊ အာနာပါဏ ကမ္မဋ္ဌာန်းသည်လျော်၏။ သဒ္ဓါစရိုက်ကြီးသောသူအား၊ အနုဿတိ ဆယ်ပါးတွင်။ ရှေ့ခြောက်ပါး သည်လျော်၏။ ပညာစရိုက်ကြီးသောသူအား။ မရဏဿတိ။ ဥပသမာနုဿတိ။ အာဟာရေပဋိကူလသညာ။စတုဓာတုဝဝတ္ထာန်။ဤလေးပါးသောကမ္မဋ္ဌာန်းတို့သည်လျော်ကုန်၏။ကြွင်းသော ကသိုဏ်းခြောက်ပါး၊အာရုပ္ပလေးပါးပေါင်းဆယ်ပါးသော ကမ္မဋ္ဌာန်းတို့သည်။ အလုံးစုံသောပုဂ္ဂိုလ်တို့နှင့် သင့်လျော်ကုန်၏။ ကသိုဏ်းဆယ်ပါးတို့တွင်ငယ်သောဘထွာနှင့်လက်လေးသစ်ခန့်ရှိသောကသိုဏ်းဝန်းသည်ဝိတက်စရိုက် အားကြီးသော သူအားလျော်၏၊ တထွာထက်လေးသစ်ထက်လွန်၍။ကောက်နယ်တလင်းခန့်ရှိသောကသိုဏ်းဝန်းသည် မောဟစရိုက်ကြီးသောသူအားလျော်၏၊ ။ဆိုအပ်ခဲ့ပြီးသောအချို့စရိုက်နှင့်လျော်သောကမ္မဋ္ဌာန်းအလုံးစုံသောစရိုက်နှင့်လျော်သေါကမ္မဋ္ဌာန်းတို့တွင်။ပထဝီကသိုဏ်းပွားနည်းကာစ၍၊ဆရာဖြစ်သူက။နားထည့်အောင်ဆင်ကြားပြသရမည်။

ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်အား အပြစ်များသော တဆဲ့ရှစ်ရပ်သောကျောင်းကိုစွန့်ဖြစ်၍၊ အပြစ်ကင်းသောငါးချပ်သောကျောင်းနိုက်နေခြင်း။ ဤတဆဲ့ရှစ်ရပ်သောကျောင်း ငါးချပ်သောကျောင်းတို့ကို အကျယ်သိလိုလျှင်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာကြည့်လေ။ ကမ္မဋ္ဌာန်းစီးဖြန်းလိုသောယောဂီပုဂ္ဂိုလ်သည်။မေတ္တာတရားတို့ဖြင့် မွှတသောပုဂ္ဂိုလ်ထံချဉ်းကပ်၍၊ကမ္မဋ္ဌာန်ဒေထသ ဘန္တေ၊ ။ဘန္တေ၊အရှင်ဘုရား၊ကမ္မဋ္ဌာန်၊ကမ္မဋ္ဌာန်းကို၊ဒေထ၊ပေးတော်မူပါလော၊ ဤသို့ကမ္မဋ္ဌာန်းကိုတောင်းယူပြီးလျှင်။ဆိုအပ်ခဲ့ပြီးသောအပြစ်လွတ်သော ငါးချပ်သောကျောင်း၌နေ၍။ ပလိဗောဓကြောင့်ကြကြီးသောဆယ်ပါးတို့ကို၊စွန့်လွှတ်ပြီးလျှင်၊ကသိုဏ်းဝန်းတို့ကိုကောင်းမွန်သေချာစွာပြုပြင်စီရင်၍၊ကမ္မဋ္ဌာန်းကျောင်းသို့ဝင်ရမည်။

ကသိုဏ်းဝန်းပြုလုပ်နည်းကား။

ကတာယဝါ။ အကတာဿဝါ၊ ပထဝီယာ နိမိတ္တံ ကာဘဗ္ဗံ။ ဟူသော အဋ္ဌကထာ ထာရှိသည်နှင့် အညီ။ ပြုပြင်အပ်သော ကသိုဏ်းဝန်း မပြုပြင်အပ်သော ကသိုဏ်းဝန်ဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုသို့ ရှိရာတွင်။ ။ဝိဒတ္ထိ စတုရင်္ဂုလ ဝိတ္ထာရံဝဋ္ဋံ ကာတဗ္ဗံ။ ဟူသော အဋ္ဌကထာပါဠိ မိန့်အပ်သည်နှင့် အညီ။ အတောင်ကျရာ၊

ဆိတ်ငြိမ်ရာဇရပ်၌၊ တထွာ၊ နှင့်လက်လေးသစ်ခန့်မျှမြေကြီး၌ပိုင်းခြားမှတ်သား၍၊ ဝဏ္ဏကသိုဏ်းလေးပါးမှလွတ်စေရန်၊ ညို၊ ရွှေ၊ နီ၊ ဖြူဟူသော အဆင်းတို့ကို၊ ကင်းလွတ်စေ၍၊ အာရုဏ်အဆင်းရှိသော မြေဖြင့်ထိမ်းကျုံချယ်လယ်လျက်၊ နှုံးညှ့ဆိပ်မွေ့စွာ ပြုပြင်၍ညှင်းသီးညှင်းပြောက်မရှိ၊ ပကတိသန့်စင်၊ ထသားဘည်းတလုံးထည်းအာရုံကိုငုံ၍ယူနိုင်လောက်အောင်ပြုပြင်စီရင်ပြီးမှ၊ လိုအပ်သောတထွာထက်လေးသစ်အဆုံး၌၊ သဘောမတူသောအဆင်းအရောင်ဖြင့်၊ အနားရေးသတ်မှတ်၍၊ ချောက်ပတ်ကြည်ညိုဖွယ်ရာရှိအောင်ပြုရမည်၊ ဤကားမရွှေ့မပြောင်းနိုင်သော ကသိုဏ်းဝန်းဘည်း။

ရွှေ့ပြောင်းယူဆောင်နိုင်သော သံဟာရိမကသိုဏ်းစီရင်နည်းကား၊ တထွာထက်လေးသစ်ခန့်မျှ၊ ပျဉ်ချင်သားရေအဝတ်စသည်တို့၌၊ ပိုင်းပိုင်းညီစွာ၊ သက်ကိုင်ထဝ်စရာသေချာစွာထည့်၍၊ ကသိုဏ်းအဖြစ်ကင်းလွတ်စေပြီးမှ၊ အာရုံအဆင်းရှိသောမြေညက်ဖြင့်သုတ်လိမ်းချယ်လယ်၍၊ မြေဝယ်ချထားသဖြင့်ထည်းကောင်း၊ အလိုရှိရာဆွဲ၍ ထားသဖြင့်ထည်းကောင်း၊ ထားနိုင်စေရန်စီမံ၍ထားရမည်၊ ။ယင်းသို့စီရင်ပြီးသည်ရှိသော်၊ ဆိတ်ငြိမ်ရာအရပ်တွင်၊ နှစ်တောင့်ထွာအရပ်တွင်၊ ကသိုဏ်းဝန်းထိုဆွဲထားလျက်၊ တင်ပြင်ခွေ၍၊ ခါးကိုစန့်စန့်ထားပြီးလျှင်၊ မျက်စိကိုမဖွင့်လွန်း၊ မပွင့်လွန်းသဖြင့်သင့်ရုံတော်ရုံကြည့်ပြီးလျှင်၊ တောစောင့်နတ်၊ တောင်စောင့်နတ်တို့ကိုမေတ္တာပို့ပြီးလျှင်၊ ဘုရားကိုယ်တော်မြတ်ကြီး၊ သတင်းသုံးနေသိုင်ရန်စီမံပြီး၍၊ မြတ်စွာဘုရားသခင်သည်။ ကြွထောတော်မူ၍၊ အသင်အလိုရှိအင်း တောင်းတအပ်သော၊ ကမ္မဋ္ဌာန်းအာရုံတို့သည်။ အကုန်ပြီးစီးလိမ့်မည်ဟူ၊ ဗျာဒိတ်တော်ကြားသကဲ့သို့၊ စိတ်ကအောင်းမကြွေ့စည်ပြီးလျှင်၊ ကြွက်သိန်းတဖြန်းဖြန်းထအောင်ကြည်ညိုစေခြင်းကိုဖြစ်စေ၍၊ ပထဝီပထဝီဟုကသိုဏ်းဝန်းကြည့်၍ရှုရမည်။ ဤသို့၊ အဘန်ထလဲလဲရှုဆင်ခြင်သော်ထည်းကောင်း၊ မရှုမဆင်ခြင်ဘဲ၊ နှစ်လုံးသွင်းသော်ထည်းကောင်း၊ ရှုဘန်များသဖြင့် ကသိုဏ်းဝန်းဟုဆိုအပ်သောပရိကမ္မနိမိတ်သည်ထင်လာ၍၊ အဘန်ဘန်ကသိုဏ်းဝန်းကိုကြည့်၍သော်ထည်းကောင်း၊ မျက်စိကိုမှိတ်၍သော်ထည်းကောင်း၊ မျက်စိကိုဖွင့်၍သော်ထည်းကောင်း၊ မကြည့်ဘဲသော်ထည်းကောင်း၊ အကြိမ်ကြိမ်ရှုသည်ရှိသော်၊ ဥဂ္ဂဟနိမိတ်ထင်လာ၍၊ ထိုအခါပဋိဘာဂနိမိတ်ထင်စေခြင်း၊

ဌာ။ပသဝိပသဝိဟု။ ထပ်ခါထပ်ခါပွါးသည်ရှိသော်၊ အဝေးသဖြင့် စင်ကြယ်သန့်ရှင်းသော ပဋိဘာဂနိမိတ်သည်ထင်လာ၏။ ထိုသို့ထင်ထာသော အခါ။ကာမစ္ဆန္ဒနီဝရဏတို့သည်။ငြိမ်းကုန်သည်ဖြစ်၍။ဝါဂွမ်းဆိုင်ကိုထေချ၍ဘက်သကဲ့သို့၊ လိုအပ်သောဈာန်ကိစ္စတို့သည်။ ပြီးစီးခြင်းသို့ရောက်လေ၏။

ဤကားသမထခမ်းတည်း။

---

ဝိပဿနာခမ်းကိုပြပေအံ့။

အနိစ္စာဒိဝိဝိဓေနပဿတီတိဝိပဿနာ။ ။ယံဓမ္မဇာတံ။ အကြင်သဘောတရားသည်။ အနိစ္စာဒိဝိဝိဓေန။ အနိစ္စအစရှိသောအထူးထူးအပြားပြားဖြင့်။ပဿတိ၊ရှုဘက်၏။ဣတိတသ္မာ။ထို့ကြောင့်။တံဓမ္မဇာတံ။ ထိုသဘောတရားသည်။ဝိပဿနာ၊ဝိပဿနာမည်၏။ ။ဤသို့ဘဏ္ဍာဝုတ်ဝိဂြိုဟ်၏အနက်အားဖြင့်။ ကမ္မဋ္ဌာန်းလေးဆယ်ဌတပါး။ အနိစ္စအစရှိသည်တို့ကိုအဘန်တလဲလဲရှုခြင်းသည်။ ဝိပဿနာမည်၏။ ထိုဝိပဿနာသည်။ ကိုယ်ခန္ဓာကိုကြည့်ရှု၍ရှုအပ်၏၊ ။ထို့ကြောင့်အဋ္ဌကထာဆရာတို့ကိုအားနည်းကုန်ခန်းစေခြင်းငှါ။ဤသို့ရှုအပ်၏။ ။အသုဘာနုပဿီကာယေဝိဟရတိ။ ။ကာယေ။ကိုယ်ခန္ဓာတို့ကို။ အသုဘာနုပဿီ။ စက်ဆုပ်ရွံရှာဘွယ်အရပါတ်ကားဟု။တဘန်လဲလဲရှုအပ်သည်ဖြစ်၍၊ ဝိဟရတိ။နေအပ်၏။ဤအဓိပ္ပါယ်ကား။ဤခန္ဓာကိုယ်ကြီးသည်။ဘာမျှအသုံးမကျ။ စက်ဆုပ်ရွံရှာဘွယ်ကြီးပါတကားဟူ၍၊ အဆန်တလဲလဲရှု၍နေအပ်၏။ ဤလောကခွမ်းစသောသူတို့သည်။ တရံတယောက်သောသူတို့အားစိတ်မာန်ထွက်သည်ရှိသော် မောင်မင်းသည်။ငါ့ကိုအဘယ်နှယ်ထင်သနည်းဟုမေးတတ်ကြ၏၊ ထိုသို့မေးသောအခါ၊တရားကိုယ်အားဖြင့်။ခင်ဗျားကိုအဘယ်နှယ်ထင်ရမလဲ၊ သင်းချိုင်းကိုဆွဲ၍၊ ချနမည့်လူကြီးမှတ်သည်ဟုပြောစရာရှိ၏။ထို့ကြောင့်။အနိစ္စော၀တာယံကာယော။ ဟူ၍မြတ်စွာဘုရားသခင်သည်ဟောတော်မူကုန်၏၊ အယံကာယော။ဤခန္ဓာကိုယ်သည်၊ အနိစ္စော၀တ၊ဧကန်အမြဲမရှိ။ သင်းချိုင်းသို့ဆွဲ၍ပြစ်ရမည့်အကောင်ကြီးပါတကား။ဤသို့အဘန်တလဲလဲဆင်ခြင်အပ်၏။ တနည်းလည်း၊မင်းစသောသူတို့သည်၊ ထရံတရာသောသူတို့အား၊ အမျက်ဒေါသဖြစ်၍၊ မောင်မင်းသည်ငါ့ကိုအဘယ်နှယ်ထင်သနည်းဟုမေးခဲ့သော်။ တရားသဘောအား

ဖြင့်။ခင်ဗျားကိုဘယ်နှယ်ထင်ရမလဲ။ ကျွန်ကောင်သဘောက်ကောင်ထင်သည်ဟု။ပြောရန်အကြောင်းရှိ၏။ အဘယ်ကြောင့်ကျွန်သဘောထင်သနည်းဆိုသော်။သားမယားတို့ကိုကျွေးမွေးရခြင်း၊သားမယားတို့၏အလိုသို့လိုက်ရခြင်းတည်းဟူသောအကြောင်းတို့ကြောင့်။ ကျွန်ကောင်သဘောကောင်ကြီးဟု ဆိုဆိုက်သည်။ထို့ကြောင့်၊ ။ဒုက္ခောဝတာယံကာယော။ ။ဟူ၍မြတ်စွာဘုရားသခင်သည့်ဟောတော်မူ၏။ ဤယံကာယော ဤခန္ဓာကိုယ်သည်။ဒုက္ခောဝတာ၊ ဩဆင်းရဲဖွယ်ဖြစ်သော ကျွန်ကောင်သဘောက်ကောင်ကြီးပါတကား။ ဤသို့အဘန်ထလဲလဲအောင်းမေ့ရာ၏၊ တနည်းလည်းမင်းစသောသူတို့သည်။မောင်မင်းဝါ့ကိုဘယ်နှယ်ထင်သနည်းဟုမေးခဲ့လျှင်။ခင်ဗျားကိုဘယ်နှယ်ထင်ရမလဲ။ရယ်စရာကောင်ကြီးဖြစ်သည်ဟုပြောစရာရှိ၏။ အဘယ့်ကြောင့် ရယ်စရာကောင်ကြီးမှတ်ထင်သနည်းဆိုသော်၊ မင်းစသောသူတို့သည်။ငါသည် လူတို့ကိုအစိုးရသည်။ရေမြေကိုအစိုးရသည်ဟု။ပြောဆိုတတ်၏။ ထိုသို့ပြောဆိုသည်နှင့်ထည်းမညီ။လူအပေါင်းကိုသေမင်းခေါ်၍သွားသည်ရှိသော်၊ အဘယ်ကဲ့သို့မျှမတတ်နိုင်ကြည့်၍သာနေရ၏၊ ရေတို့သည်အောက်ကိုစီး၍နေသောရေကို၊ အထက်ကိုပြန်၍စီးရမည်ဆိုခြင်းငှါမတတ်နိုင်။ မညီညွတ်သောတောင်ကမ်းကျင်းချိုင့်တို့ကိုသည်းညီညွတ်ပြေပြစ်စေရမည်ဟူ၍၊ အမိန့်အာဏာကိုလည်းမပေးနိုင်၊မိမိ၏ကိုယ်ကိုသော်ထည်း။ သေမင်းခေါ်ယူသည်ရှိသော်။ တစ်ရံတခါသောလက်နက်တို့ဖြင့်။ တိုက်ဖျက်ချခံခြင်းငှါမတတ်နိုင်ယိမ်းရိုင်ခွေလဲ၍။သေပွဲကြီးခံပြီးလျှင်။ သေမင်းနိုင်ငံသို့အမှန်လိုက်သွားရတော့သည်။ ၊ထို့ကြောင့်၊ ။အနတ္တောဝတာယံကာယော။ ။ဟူ၍ မြတ်စွာဘုရားသခင်ဟောတော်မူသည်။ အယံကာယော။ ဤခန္ဓာကိုယ်သည်။အနတ္တောဝတာ။ဩအစိုးမရ။ကိုယ်းလည်းမဟုတ်၊ စက်ဆုပ်ဘွယ်ရာ။ရယ်စရာအကောင်ကြီးပါကတား။ ဤသို့အဘန်တလဲလဲ အမြဲမပြတ်။ဆင်ခြင်အပ်၏။ ကမ္မဋ္ဌာန်းရှုသော ယောဂီပုဂ္ဂိုလ်သည်၊ လူသေကောင်ကိုအလုဘဟုရှုလျှင်၊အသုဘထင်နိုင်ရန်အကြောင်းရှိ၏။အဘယ့်ကြောင့်ထင်နိုင်ရန် အကြောင်းရှိသနည်းဆိုသော်။ သေသောအကောင်၌ညှီနံ့ပုပ်သိုးသောအနံ့အရည်တို့ကို။မနံမပုပ်စေခြင်းငှါ၊ဆီးကားဆို့ပိတ်၍မရနိုင်၊ ဗလဝအားကြီးသောအတိပုတ်ကဖြစ်သောကြောင့်အသုဘဟုထင်နိုင်ရန်အကြောင်းရှိသည်လူရှင်ကိုအသုဘဟုရှုသည်ရှိသော်မထင်နိုင်

ရာ။အဘယ့်ကြောင့်မထင်နိုင်သနည်းဆိုသော်၊မြတ်စွာဘုရားသခင်သည် လူ့ရှင်ကိုလည်းအသုဘဟူ၍ဟောတော်မူ၏။ ဟောသော်ထည်း။ လူ့ရှင် သည်။ဒွါ့နံ့ပုပ်သိုးသောအနိဋ္ဌာရုံတို့ကိုလည်း၊ဖုံးဘိကွယ်ကာခြင်းငှါပြု နိုင်သည့်လည်းတကြောင်း။အနိဋ္ဌာရုံကို။ဣဋ္ဌာရုံထင်စေခြင်းငှါ။ အဝတ် တန်းဆာပန်းနံ့သာတို့ဖြင့်ဖုံးလွှမ်းကွယ်ကာသောကြောင့် အသုဘဟုမ ထင်နိုင်ကြောင်းကို။

ဒဋ္ဌကာဠမုခဝေဝနာဒီဟိပနေဟိ ဒဋ္ဌမာလာဒိနိပမဇ္ဇိတွာနာနာ ဝတ္ထေဟိ၊ ဟိရိကောပိနံပဋိစ္ဆာနာနာဝဏ္ဏေနသုရဘိဝိလေပနေနပိ လိမ္ပိတွာပုပ္ဖါဘရဏာဒီဟိအထက်ရိတွာအဟံမမန္တိ ဂဟေတဗ္ဗာ ကာရပတ္တံကရောန္တိ တတောဇာမိနာအဂန္တုကောနအလက်ာရေန ပဋိစ္ဆန္နတ္တာဘဝဿယာထာဝသရသံ အသုဘလက္ခဏံ အသဥ္ဇာ နန္တာပုရိသာဣတ္ထိသုဘံဣတ္ထိယောစ ပုရိသေသုရတိံကရောန္တိပရ မတ္ထတောပနေတ္ထရဇ္ဇိတဗ္ဗယုတ္တဋ္ဌာနံနာမအဏုမတ္တမ္ပိနတ္ထိ ။ ဟူ၍ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်း၌လာသောကြောင့်။ အသုဘဟု မထင်နိုင်။ ။

ထိုသို့မထင်နိုင်သည်ရှိသော်။ယောက်ျားမိန်းမအကုန်။ မိမိစိတ်က။ အဝတ်တန်းဆာတို့ကိုအကုန်ချွတ်ပြီးလျှင် စေ့စေ့စပ်စပ်တခုမကျန်နှံ့ စပ်အောင်သေသေချာချာကြည့်ရှုသည်ရှိသော်။ကြောက်စရာ၊ လန့်စရာ၊ ရွံ့စရာအပုပ်အတုံးကြီးဖြစ်၍နေ၏။ အဘယ်ကဲ့သို့ကြောက်စရာ၊လန့်စရာ ရွံ့စရာအပုပ်အတုံးကြီးဖြစ်ပါသနည်းဆိုသော်။ သေးသိမ်နုနယ်ငယ်ရွယ် သူဖြစ်သော။အကလေးများကို။ယောက်ျားဖြစ်စေ၊မိန်းမဖြစ်စေ၊အဝတ်အ စားတို့ကို၊ တခုမကျန်အကုန်ချွတ်၍ပြသည်ရှိသော်၊သူငယ်သည်အလွန် ကြောက်သောကြောင့်ငိုဘွယ်ရာအကြောင်းရှိ၏။ခွေးစသောသတ္တဝါတို့ ကို။ယုတ္တရက်ပြသည့်ရှိသော်လန့်၍ပြေးစရာအကြောင်းရှိ၏၊ ကောင်း သောဘောဇဉ်အရသာတို့ကိုမြိန်ဘွယ်ရှက်ဘွယ်စားသောက်၍ နေသော သူ၏အနီးသို့ချဉ်းကပ်သွားထားသည်ရှိသော်၊ စားသောက်သောအစာအာ ဟာရတို့သည်၊အံ၍ထွက်ဘွယ်ရာအကြောင်းရှိ၏။ထို့ကြောင့်။ ။အသု ဘောဝတာယံကာယော။ ။ဟူ၍မြတ်စွာဘုရားသခင်သည့်ဟောတော် မူ၏၊အယံကာယော။ဤခန္ဓာကိုယ်သည်။ အသုဘောဝတ။ ဪတင့်တယ် ခြင်းမရှိ၊ ကြောက်စရာ၊ထန့်စရာ၊အံချင်စရာအကောင်ကြီးပါတကား။ ဤ

သို့အဘန်တလဲလဲရှုအပ်၏၊သတ္တဝါအပေါင်းတို့သည်၊အဆင်းအင်္ဂါလက္ခဏာနှင့်ပြည့်စုံသောယောက်ျားမိန်းမတို့ကိုမြင်လျှင်၊ ခင်မင်နှစ်သက်၊ ရုံမက်ခြင်းကို ဖြစ်ကြကုန်၏၊ ထိုသို့ပင်ဖြစ်သော်သည်း၊ အဆင်းအင်္ဂါလက္ခဏာနှင့်ပြည့်စုံသော ယောက်ျားမိန်းမတို့၏၊ ကိုးပါးသောဒွါရတို့က၊ ယိုစီး၍ကျသောအညစ်အကြေးတို့ကို၊စားပါ၊လျက်ပါဆိုလျှင်၊ မစားနိုင်၊မလျက်နိုင်၊ထို့ကြောင့်၊ ။အကဏ္ဍဝတာယကာယော။ ။ဟူ၍မြတ်စွာဘုရားသခင်သည်ဟောတော်မူ၏၊အယကာယော၊ ဤခန္ဓာကိုယ်သည်၊အကဏ္ဍဝထ၊ဩဇနှစ်ထက်ဘွယ်မရှိပါတကား၊ ဤသို့အဘန်တလဲလဲအောင်းမေ့ဆင်ခြင်အင်၍၊ သီလဝဏ္ဏဂုဏဝဏ္ဏ ပညာဝဏ္ဏဂုဏ်တို့၏ ကိုယ်ခန္ဓာသည်လည်း၊ သီလဂုဏ်၊သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့်သာ၊ကြည်ညိုမြတ်နိုးကိုးကွယ်စရာအကြောင်းရှိ၏၊ကိုယ်ခန္ဓာအရုပ်ကြည့်ညိုမြတ်နိုးဘွယ်ရာအကြောင်းမရှိ၊ထို့ကြောင့်၊ ။အမနာပေါဝတာယကာယော၊ ။ဟူ၍မြတ်စွာဘုရားသခင်သည် ဟောတော်မူ၏၊အယကာယော၊ ။ဤခန္ဓာကိုယ်သည်၊အနာမပေါဝထ၊ဩဇမြတ်နိုးဘွယ်မရှိစွတကား၊ဤသို့အဘန်တလဲလဲရှုဆင်ခြင်အပ်၏၊ယောက်ျားမိန်းမတို့သည်၊တယောက်အားတယောက်၊ အလွန်ထရေ့ချစ်ခင်ရုံမက် တပ်နှစ်သက်ခြင်းကိုဖြစ်စေကုန်၏၊ထိုသို့ချစ်ခင်ရုံမက်သော၊ကိုယ်ခန္ဓာကြီးကို၊အဝတ်အစါးများကို၊အကုန်ချွတ်ပြီးလျှင်၊သေသေချာချာအကြွင်းအကျန်မရှိရအောင်၊စေ့စေ့စပ်စပ်ကြည့်ရှုသည်ရှိသော်၊ ချစ်ခင်ရုံမက်အပ်သောပီယရုပ်တို့သည်၊ ပျောက်ချုပ်ကွယ်သွားကြ၍၊ စက်ဆုပ်ရွံရှာဘွယ်ဖြစ်သောအရုပ်အပုပ်အညစ်အကြေးတို့ကိုသာတွေ့မြင်၍နေရ၏၊ထို့ကြောင့်၊ ။အပီယောဝတာယကာယော။ ။ဟူ၍မြတ်စွာဘုရားသခင်သည် ဟောတော်မူ၏၊အယကာယော၊ဤခန္ဓာကိုယ်သည်၊အပီယောဝတ၊ဩဇချစ်စရာမရှိ၊ပကာဘိစက်ဆုပ်ရွံရှာဘွယ်အရာအခဲကြီးပါတကား၊ ဤသို့အဘန်တလဲလဲ ရှုဆင်ခြင်အပ်၏၊မစင်ထည့်သောအိုးကို၊ အရောင်အဆင်းနှင့်ပြည့်စုံသောပိုးဖဲကတ္တီပါတို့ဖြင့်၊ဖုံးထုပ်ရစ်ပတ်ထားသည်ကို၊ ယုတ်တရက်တွေ့မြင်သည် ရှိသော်၊ ယောက်ျားသော် ထည်းကောင်း မိန်းမသော်သော်လည်းကောင်း၊ အလျှင်အမြန်ကောက်ယူပြေးသွားရန် အကြောင်းရှိ၏၊ ဆိပ်ကွယ်ရာအရပ်သို့ရောက်သည်ရှိသော်၊ ငမ်းမြောက်ဝမ်းသာအသောတလျှင်ဖွင့်၍ အိုး၏အတွင်းသို့နိုက်၍ကြည့်သည်ရှိသော်၊ ထက်

ကိုမစင်တွေ့လူး၍ကုန်မှ မစင်အိုးကြီးပါတကားဟု သိသောသူကဲ့သို့ အလုံးစုံသော မိန်းမယောက်ကျားတို့သည်၊ ကိုယ်ခန္ဓာကိုပိုးဖကတ္တိပါ။ ပန်းနံ့သာတို့ဖြင့်၊ ထက်ကိုယ်လုံးကိုဖုံးအုပ်ငြှိပတ်၍ ထားသည်ကို တွေ့မြင်ကြလျှင်။ အလျှင်အမြန်နိုးယူထွက်ပြေးခြင်းကိုပြုကြ၏။ အရပ်တပါးသို့ရောက်သောအခါ။ သေသေချာချာ ကြည့်ရှုစဉ်းစားသုံးဆောင်ခံစားခြင်းကို ပြုသည်ရှိသော်။ လူးလဲညစ်ပတ် စက်ဆုပ်ဖွယ်သည်တို့ကို တွေ့မြင်ကြကုန်ကြိုက်သောအခါမှ။ဘာမျှမဟုတ်ပါတကားဟု အောင်းမေ့စရာအကြောင်းရှိကြကုန်၏။ ထို့ကြောင့်။ ။ဂူထကူပေါဝတာယံကာယော။ ။ဟူ၍မြတ်စွာဘုရားသခင်သည်ဟောတော်မူအင်၏၊ အယံကာယော၊ ဤငါ၏ခန္ဓာကိုယ်သည်။ ဂူထကူပေါဝတာ၊ ကြွစက်ဆုပ်ရွံရှာဘွယ်ဖြစ်သောမစင်တွင်းကြီးအတိပါတကား။ ဤသို့အဘန်တလဲလဲဆင်ခြင်အောင်းမေ့အပ်၏။ ဘုရသောအရပ်၌ကြီးကျယ်သောရုံပွဲကြီးခံ၍နေ၏၊ထိုရုံပွဲအတွင်းကြည့်ရှု၍နေကြသော ယောက်ကျားမိန်းမတို့သည်၊ရုံဖြင်သို့ထွက်ပြီးလျှင်၊ကျင်ကြီးကျင်ငယ်တို့ကိုလေးမျက်နှာလှည့်၍စွန့်ကြကုန်၏။ သိုရုံကြီးသည် လူအများတို့၏ ကျင်ကြီးကျင်ငယ်စွန့်ရာဖြစ်၍ထိုအရပ်တို့၌ကျင်ကြီးကျင်ငယ်တို့ဖြင့် ထူထပ်၍နေသောကြောင့်။ နှစ်သက်သာယာစရာမရှိကုန်သကဲ့သို့၊ ထိုအတူ ဤခန္ဓာကိုယ်ကြီးသည် စက္ခုဝိညာဏ်၊ သောတဝိညာဏ်ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်တည်းဟူသော ဝိညာဏ်တို့၏တည်ရာဖြစ်သောဒွါရအပေါက်တို့မှ။ စီးယိုပေါက်ရ၍ထွက်အပ်သော အညစ်အကြေးတို့ဖြင့်လည်းကောင်း။ စက်ဆုပ်ရွံရှာဘွယ်ဖြစ်သော။ဆံအစရှိသော သုံးဆယ်နှစ်ပါးသော။ ကောဋ္ဌာသအစုအဝေးကြီးဖြစ်သောကြောင့်။နှစ်သက်ဖွယ်မကစရာမရှိ။ ။ထို့ကြောင့်။ ။အာယောဝတာယံကာယော။ ။ဟူ၍မြတ်စွာဘုရားအခင်သည့်ဟောတော်မူ၏၊အယံကာယော၊ဤငါ၏ကိုယ်ခန္ဓါသည်။အာယောဝတ၊ကြွစက်ဆုပ်ရွံရှာဘွယ်ဖြစ်သောသုံးဆယ်နှစ်ပါးသော ကောဋ္ဌာသအစုအဝေးကြီးပါတကား။ ဤသို့အဘန်သလဲလဲရှုအပ်၏၊ဤခန္ဓာကိုယ်ကြီးသည် မပြုမပြင်ဘဲပစ်၍ထားလျှင်။ လူတကာသွားလာစွန့်ပစ်ရာဖြစ်သော။ မစင်သောမစင်အိမ်ကြီးကို လေညှင်းထပြင်းတို့ဖြင့်တိုက်ခတ်သည်ရှိသော်။ အရပ်လေးမျက်နှာ။ အရပ်ရှစ်မျက်နှာနိုက်နေကုန်သောသူတို့သည်။ပြင်းထံသောအနံ့တို့ဖြင့် နှိပ်စက်သောကြောင့်မနေနိုင်သကဲ့သို့၊ ထိုအတူပမာအလွန်ပုပ်သိုးသောအ

နံ့ရှိ၏။ ။ထိုကြောင့်။ ။ဒုဂန္ဓေါဝတာယံကာယော။ ။ဟူ၍မြတ်စွာဘုရားသခင်သည် ဟောတော်မူ၏။ အယံကာယော၊ ဤခန္ဓာကိုယ်သည်။ ဒုဂန္ဓောဝတ၊ ပြဲမကောင်းသောအနံ့ရှိစွတကား။ ဤသို့ဧဘာန်တလဲလဲအမြဲမပြတ်ဆင်ခြင်သုံးသပ်အင်၏၊ ဤခန္ဓါကိုယ်ကြီးသည်သွေးပြည်တို့ဖြင့်မပြတ်ယိုစီးသောအိုင်အမ်းကြီးနှင့်တူသောကြောင့်ကြည်ညိုချင်ရှုချင်ဘွယ်မရှိ။ ထိုကြောင့်။ ။ဇေဂုစ္ဆောဝတာယံကာယော။ ။ဟူ၍မြတ်စွာဘုရားသခင်သည့်ဟောတော်မူ၏။ အယံကာယော။ ဤခန္ဓာကိုယ်သည်။ ဇေဂုစ္ဆောဝတ၊ ပြဲစက်ဆုပ်ဖွယ်ရာကြီးပါတကား။ ဤသို့အဘန်ဘန်လဲလဲအောင်းမေ့ဆင်ခြင်အပ်၏။ ဤခန္ဓာကိုယ်ကြီးသည် နူနာပွဲနာရှိသောသူနှင့်တူ၏။ နူနာပွဲနာရှိသောသူသည်ထိုနူနာပွဲနာတို့ကကိုက်ခဲနာကျင်ခြင်းတို့ဖြင့်ပြင်းစွာနှိပ်စက်သည်ကိုခံနေရသည်လည်းတကြောင်း ထိုနူနာပွဲနာဟို့၊ ယိုစီး၍ကျသော အညစ်အကြေး သွေးပြည်တို့ကို သုတ်သင်ရှင်းလင်း ရသည့်လည်းတကြောင်း။ ထိုအနာကိုလူအများတို့မသိမမြင်စေခြင်းငှါ ကွယ်ကာစောင့်ရှောက်ရသည်ဖြစ်၍ အလွန်ထရာ ရွံ့ဘွယ်ရာအကြောင်းရှိ၏။ ။ထိုကြောင့်။ ။ပဋိကူလောဝတာယံကာယော။ ။ဟူ၍မြတ်စွာဘုရားသခင်သည့်ဟောတော်မူ၏။ အယံကာယော၊ ဤခန္ဓာကိုယ်သည်။ ပဋိကူလောဝတ၊ ပြဲရွံ့စရာကောင်းကြီးပါတကား၊ ဤသို့အဘန်ဘန်လဲလဲ ရှုဆင်ခြင်အပ်၏၊ ဤသို့အကျဉ်းအားဖြင့်၊ ဝိသုဒ္ဓိရနစ်ပါးနှင့်တကွအနိစ္စ၊ ဒုက္ခ၊ အနတ္တဟုဆိုအပ်သောလက္ခဏာရေးသုံးပါးတို့ကိုမနေမနားအားဘုတ်သည်ရှိသော်ရင့်သန်သောဘာဝနညာဏ်ဖြစ်၍။ နိဗ္ဗာန်သို့ရောက်ရာ၏၊ ။ဤကားဝိပဿနာအကျဉ်းပြီး၏။

သူခဘာင်းတို့၏ တရားကိုအလွန်လိုလားသော။ အစ်တောဝန်ထောက်ဦးခန့်ကြီးက။ ကမ္မဋ္ဌာန်းထိုင်နည်းရှုနည်းများကို သိသာခြားနား ဖွတ်သားလိုကြောင်းနှင့်(၁၂၇၀)ပြည့်နှစ် တော်သလင်းထဆန်း (၈)ရက်နေ့လျှောက်ထားသောကြောင့်။ သိမ်တော်ကျောင်းဆရာတော်သည်။ အစောင်စောင်သောကျမ်းတို့ဖွကြည့်ရှု၍ အကျဉ်းအားဖြင့် ဖြေဆိုရေးသားပေအံ့။

ကမ္မဋ္ဌာန်းမထိုင်မီရှေးအဘို့၌နောက်ကဆိုင်ခဲ့သော ကမ္မဋ္ဌာန်းအင်္ဂါတို့ကို။ အပြည့်အစုံထုံထောက်အောင်ပြုပြီးမှ၊ ဆိတ်ငြိမ်ရာအရပ်သို့ချဉ်းကပ်

ပြီးလျှင်၊ တင်ပြင်ခွေ၍ခါးကိုစန့်စန့်မတ်မတ်ထား၍ထိုင်ပြီးလျှင်တောစောင့်နတ်၊ တောင်စောင့်နတ်တို့ကိုမေတ္တာပို့ပြီးလျှင် မြတ်စွာဘုရားသခင်သည့် ရှေ့တည့်တည့်ကာရပ်တော်မူပြီးလျှင်။ သင်အားထုတ်သောကမ္မဋ္ဌာန်းတို့သည်။ အကြွင်းအကျန်မရှိပြီ စီးအောင်မြင်လိမ့်မည်ဟု ဗျာဒိတ်တော်ကြားသကဲ့သို့ စိတ်ကမှတ်ထင်ပြီးလျှင်။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသို့။ ကြည်ညိုလေးမြတ်သောစိတ်ဖြင့်။ ကြက်သီးတဖြန်းဖြန်းထလျက် ပီတိငါးပါးတို့ကို ဖြစ်စေလျက်၊ စီးဖြန်းဆင်ခြင်ရမည်။

စီးဖြန်းဆင်ခြင်ပုံကား။

ရူပက္ခန္ဓံ အနိစ္စံ။ ရူပက္ခန္ဓံ အနိစ္စံ၊ ရူပက္ခန္ဓံ အနိစ္စံ၊ ရူပက္ခန္ဓံ အနိစ္စံ၊ ရူပက္ခန္ဓံ အနိစ္စံ ဟူ၍ရူပက္ခန္ဓာ၌ငါးခေါက်၊ ဝေဒနက္ခန္ဓံ အနိစ္စံ ဟူ၍ငါးခေါက်။ သညာက္ခန္ဓံ အနိစ္စံဟူ၍ငါးခေါက်၊ သင်္ခါရက္ခန္ဓံ အနိစ္စံဟူ၍ငါးခေါက်။ ဝိညာဏက္ခန္ဓံ အနိစ္စံဟူ၍ငါးခေါက်။ ဤအနိစ္စကိုရွတ်၍ ခန္ဓာငါးပါးစေ့လျှင်။ ဒုက္ခကို စီးဖြန်းရမည်၊ စီးဖြန်းပုံကား။ ။ရူပက္ခန္ဓံ ဒုက္ခံ။ ရူပက္ခန္ဓံ ဒုက္ခံ။ ရူပက္ခန္ဓံ ဒုက္ခံ။ ရူပက္ခန္ဓံ ဒုက္ခံ၊ ရူပက္ခန္ဓံ ဒုက္ခံ ဟူ၍ငါးခေါက်။ ဝေဒနက္ခန္ဓံ ဒုက္ခံ ဟူ၍ ငါးခေါက်၊ သညာက္ခန္ဓံ ဒုက္ခံ ဟူ၍ငါးခေါက်။ သင်္ခါရက္ခန္ဓံ ဒုက္ခံ ဟူ၍ငါးခေါက်၊ ဝိညာဏက္ခန္ဓံ ဒုက္ခံ ဟူ၍ငါးခေါက်။ ဤသို့ဒုက္ခကိုရွတ်၍ ခန္ဓာငါးပါး စေ့ပြန်လျှင်၊ အနတ္တကိုရွတ်ရမည်။ ရွတ်ပုံကား။ ။ရူပက္ခန္ဓံ အနတ္တံ၊ ရူပက္ခန္ဓံ အနတ္တံ၊ ရူပက္ခန္ဓံ အနတ္တံ၊ ရူပက္ခန္ဓံ အနတ္တံ။ ရူပက္ခန္ဓံ အနတ္တံ ဟူ၍ငါးခေါက်။ ဝေဒနက္ခန္ဓံ အနတ္တံဟူ၍ငါးခေါက်။ သညာက္ခန္ဓံ အနတ္တံဟူ၍ငါးခေါက်။ သင်္ခါရက္ခန္ဓံ အနတ္တံဟူ၍ငါးခေါက်၊ ဝိညာဏက္ခန္ဓံ အနတ္တံဟူ၍ငါးခေါက်။ ဤသို့ ခန္ဓာငါးပါးကို။ အနိစ္စ ဒုက္ခ အနတ္တအားဖြင့်ငါးကြိမ်ငါးကြိမ်စီ၊ စီးဖြန်းသည်ဖြစ်၍။ ခန္ဓာငါးပါးစေ့သောအခါ။ ခေါက်ပေါင်း(၂၅)ခေါက်ရ၏။ ထိုနည်းအတူ သေးကြိမ်စေ့အောင်စီးဖြန်းလျှင်။ ခေါက်ပေါင်းတရာရ၏၊ တရာစေ့သောအခါ။ ခြေညောင်းလက်ဆန့်၊ တခြားတပါးကိုထ၍ စင်္ကြံများရှောက်ပြီးလျှင်။ တခြားတပါးကအာရုံမဝင်စေမူ၍၊ ကမ္မဋ္ဌာန်းအာရုံကိုသာလျှင်။ နှစ်လုံးသွင်း၊ မည်းတိုင်းသွင်း၍၊ စင်္ကြံလျှောက်သွားနေ၍၊ အညောင်းအညာပြေခဲ့လျှင်၊ ထိုနည်းတူစွာထိုင်ပြီးလျှင်။ တတ်နိုင်သမျှ ပွါးများအားထုတ်ရမည်၊ အားထုတ်သောအဝွင်း၌။ အချို့သောပုဂ္ဂိုလ်တို့သည်။ အရောင်အဆင်း၊ ပိုးပိုးဝင်းဝင်းထင်လာလိမ့်မည်ဟူ၍။ ပြောတတ်ဆိုတတ်ကြသည်၊ ထိုသို့ဆင်ခြင်းသည်၊ တဲ့ဟိတ်ပုဂ္ဂိုလ်ဖြစ်မှသာလျှင်။ အပ္ပနာသို့

ရောက်ခါနီး၊ မဂ်၏အင်္ဂါရပ် ဆယ်ပါးတို့သည်၊ မဂ်မဟုတ်ဘဲလျက်။ မဂ်ကိုရသကဲ့သို့ထင်တတ်မြင်တတ်သည်၊ ဒွိဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်တို့မှာ။ မသင်မမြင်နိုင်ဝသိဝါသနာ အထုံအခံမှ ဖြစ်စေခြင်း အာအကျိုး၌ါသော လျှင်။ ဝိရိယစိုက်၍အားထုတ်ရသည်၊ တိဟိတ်မဟုတ်ဘဲလျက်ထင်မြင်သည်ဟုပြောဆိုသောသူတို့မှာ။ မိမိတို့စိတ်အာရုံပြုသည့်အတိုင်းထင်ကြသည်ဟုမှတ်ရန်အကြောင်းရှိသည်၊ အဘယ့်ကြောင့်မထင်နိုင်ပါသနည်းဆိုသော်။ဉာဏသမ္ပယုတ်စိတ်နှင့်ယှဉ်၍ ပဋိသန္ဓေနေသောပုဂ္ဂိုလ် မဟုတ်သောကြောင့်တည်း။ ဤကဲ့သို့ပြဆိုခဲ့သောခန္ဓာငါးပါး၏။အနိစ္စအစရှိသောလက္ခဏာရေးသုံးပါးတို့ဖြင့်၊ အကြိမ်ကြိမ်အဖန်ဖန်၊ စီးဖြန်းပွားများအားထုတ်ခြင်းကိုပြုကြသည်ရှိသော်။ တိဟိတ်ပုဂ္ဂိုလ်မှန်ပါလျှင်၊ အပ္ပနာသို့ရောက်၍။ခေတ်ကို ဆင်ခြင်လျှင်အနာဂတ်၌ ခေတ်ထောက်သာရှိသောကြောင့်၊ သောတာပန်၊ သကဒါဂါမ် အနာဂါမ်တိုင်အောင်ဖြစ်နိုင်ရန်အကြောင်းရှိသည်၊ တိဟိတ်ပုဂ္ဂိုလ်မဟုတ်ခဲ့လျှင်၊ မဂ်ဖိုလ်ကိုမရနိုင်။ဝသိဝါသနာအကုသိုလ်မှ အလေ့အကျက် အားဖြင့်ပါရမီရှိသည်ပြီးလျှင်။နောင်ဘဝတို့၌။ တိဟိတ်ပဋိသန္ဓေနေရခြင်း၏ အကြောင်းဖြစ်သည်။တိဟိတ်ပဋိသန္ဓေနေ၍။ နောင်ဘုရားများနှင့်တွေ့သော်ငင်း။ ဘုရားများနှင့် မတွေ့သော်ငင်း။ မိမိအားထုတ် ခဲ့ဘူးသော ကမ္မဋ္ဌာန်းတို့ကို။ဝသီစရိုက်ဖြစ်၍ အားထုတ်ခြင်းကိုပြုကြလိမ့်မည်၊ ထိုသို့ပြုကြသောအခါ၊ခေတ်ကာလအလျော်ချာန်အဘိညာဏ် မဂ်ဖိုလ်တို့ကိုရကြရကြလိမ့်မည်။ဤသို့ကုသိုလ်တရားတို့ကို အားထုတ်ရခြင်းသည်။ မြတ်စွာဘုရားသခင်၏။ သာသနာရှိတုံးအခါ၌သာ။ အားထုတ်ခွင့်ရကြသည်၊ မြတ်စွာဘုရား သခင်၏ သာသနာကုန်ခဲ့လျှင်၊ နေဝင်သောအခါ၊ အလင်းပြောက်၍ မှောင်အတိရောက်ပြီးလျှင်။ အလုပ်အကိုင် အစားအသောက်တို့ကိုသိမ်းဆည်း၍အိပ်ကြရသကဲ့သို့။ ကုသိုလ်အလုပ်တို့ကို၊ အကုန်သိမ်းရုံး၍။ အကုသိုလ်တရားတို့နှင့်သာလျှင် ပျော်ပါးလေ့ကျက်၍နေကြရလိမ့်မည်။အဘယ်ကြောင့် ကုသိုလ်ကောင်းမှုကို မပြုကြပါသနည်းဆိုသော်။ ကုသိုလ်ကောင်းမှု ပြုသောခေတ်ကာလ ကုန်ခန်း ကွယ်ပသောကြောင့်တည်း။ ။

ဤကားကမ္မဋ္ဌာန်ထိုင်ပုံအကျင်းတည်း၊

မြန်မာမင်းတို့၏လက်ထက်။မြစ်စဉ်အတွင်းဝန်ကတော်။ အင်္ဂလိပ်မင်းတို့၏လက်ထက်။ရွှေကူမြို့အုပ်တော်ဖြစ်၍၊ရွှေကူမြို့နိုက် မင်္ဂလာကျောင်း။ကျောင်းဦး၌ သာဒ်ကြီးများကို။ ဆောက်လုပ် လှူဒါန်းပြီးလျှင်၊ မင်္ဂလာကျောင်းဂိုဏ်းအုပ်ဆရာတော်ဘုရားကိုပဓ္ဓည်းထေးပါးတို့ဖြင့်။ ထောက်ပန့်လှူဒါန်းခြင်း ဗန်းမော်မြို့သို့ယောက်သာပြန်သောအခါ။ ဝါဆိုကျောင်း၌ စကြံကျောင်းများကိုဆောက်လုပ်လှူဒါန်းကိုးကွယ်ခြင်း။ ပစ္စည်းလေးပါးတို့ဖြင့်ထောက်ပန့်လှူဒါန်းခြင်း။ထိုမှတပါး၊ ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး၏ကျောင်း၌စကြံဘန်းလျားများကိုဆောက်လုပ်လှူဒါန်းပြီးလျှင်ပစ္စည်းလေးပါးတို့ဖြင့်ထောက်ပန့်လှူဒါန်းခြင်းကို။ထိုမှတပါး။သိမ်တော်ကျောင်းဆရာတော်ဘုရား၏ပျက်စီးရှိရှင်းသောကျောင်းများကို၊ ကောင်းမွန်ခိုင်ခန့်စွာပြုပြင် စီရင်ခြင်း။ ညောင်ပင်သာကျောင်း။ ပျက်စီးရှိရှင်း သည်ကို၊ ကောင်းမွန်စွာပြုပြင်ဆောက်လုပ်ခြင်းမင်းစကျောင်းတိုက်အတွင်း၊ကိုးခန်းဇရပ်ကြီးများကို။ ဆောက်လုပ်လှူဒါန်းခြင်း။ ရဟန်း ခံရှင်ပြုခြင်း။ဆွမ်းကျွေးခြင်းအမှုကိစ္စ ကုသိုလ်ကောင်းမှုတို့ကို။ ဝသိဝါသနာနှင့်ထကွ။ များစွာအားထုတ်လေ့ရှိသော ဗန်းမော်မြို့မမြနုရုပ်နေ ကျောင်းအမ မငွေးကာ။ မိန်းမများသည်။ သမထဝိပဿနာ။ ဘာဝနာ ကမ္မဋ္ဌာန်းတို့ကို။ စီးပြန်းအားထုတ်၍ ဘဝတပါး ပြောင်းသွားသောအခါ။ ဗြဟ္မာဘုံသို့ရောက်နိုင်ပါမည်လားဟု(၁၂၇၀)ခုနှစ်၊ ဝါခေါင်လဆန်း(၈)ရက်နေ့။ ဦးပုသ်စောင့်ရင်းလျှောက်ထားသောကြောင့်။ သိမ်တော်ကျောင်းဆရာတော်သည်။အစောင်စောင်သောကျမ်းတို့ကိုကြည့်ရှု၍။ဖြေဆိုရေးသားလိုက်သည်။

ဣတ္ထိမဟာဗြဟ္မာ သိယာတိနေတံ ဌာနံ ဝိဇ္ဇတိ ပုရိသောမဟာ ဗြဟ္မာသိယာတိဌာနံမေတံဝိဇ္ဇတိ။ ။နေတ္တိပါဠိတော်။

ဣတ္ထိ မိန်းမသည်၊ မဟာဗြဟ္မာ၊ အာဏာတံခိုးလွှမ်းမိုးနိုင်သော မဟာဗြဟ္မာကြီးသည်။သိယာ။ဖြစ်ရာ၏။ ဣတိဧတံဌာနံ။ ဤသို့မိန်းမ အားအကြီးဆုံးဗြဟ္မာဖြစ်ခြင်းအကြောင်းသည်၊ နဝိဇ္ဇတိ။မရှိ။ပုရိသော။ယောက်ျား သည်၊မဟာဗြဟ္မာ။အကြီးဆုံးဗြဟ္မာသည်။ သိယာ၊ ဖြစ်ရာ၏။ဣတိ ဧတံဌာနံ၊ ဤသို့ယောက်ျားအား အကြီးဆုံးဗြဟ္မာဖြစ်ခြင်းအကြောင်း သည်။ဝိဇ္ဇတိ။ရှိ၏။ ။၎င်းပါဠိတော်၏အနက်။

ယသ္မာသက္ကတ္တာဒိနိ တိကာဒိဋ္ဌာနာနိဥတ္တမာနိ ဇုတ္တိလိင်္ဂဟိနံ။ တသ္မာတဿသက္ကာဒိနိ ပဒိသန္တါနိတီ။ နနုစယထာဇုတ္တိလိင်္ဂံဝေ ပုရိသလိင်္ဂဒွံ ဖြဟ္မလောကေနတ္ထိ၊ တသ္မာပုရိသော မဟာဖြဟ္မာ သိယာတိနဝတ္တဗ္ဗန္တိ နောနဝတ္တဗ္ဗံ၊ တသ္မာဇုဝရိယသဿတတ္ထနိဗ္ဗတ္တတော။ ဇုတ္တိယောဟိဇုဓဗျာန်ဘာဝေတွာကာလံကတွာဖြဟ္မပါရိသဇ္ဇာနံ။ သဟဗျတံဥပပဇ္ဇန္တိ။ နမဟာဖြဟ္မာနံ၊ ပုရိသောပန ထတ္ထနဥပ္ပဇ္ဇတီတိနဝတ္တဗ္ဗော။ သမာနေပိတတ္ထဥဘယ လိင်္ဂဘာဝေပုရိ သသဏ္ဌာနာဝ ထတ္ထဖြဟ္မာနော နဇုတ္တိသဏ္ဌာနာ တသ္မာသုဝုတ္တ မေတံ၊ ။နေတ္တိအဋ္ဌကထာ။

ငင်းအဋ္ဌကထာ၏အနက်၊ ။ယသ္မာ၊ဖးကြောင့်ကြောင့်၊သက္ကတ္တာဒိနိ၊ သိကြားမင်းဧဖြစ် အစရှိကုန်သော။ တိကာဒိဋ္ဌာနာနိ။ သုံးဌာနတို့သည်။ ဥတ္တမာနိ၊မြတ်ကုန်၏။ ဇုတ္တိလိင်္ဂ။ ဇုတ္တိလိင်သည့်လည်း။ ဟိနံ၊ယုတ်၏။ တသ္မာ၊ထို့ကြောင့်၊တဿ။ ဆိုမိန်းမ၏။သက္ကတ္တာဒိနိ။သိကြားမင်းဖြစ်ခြင်း အစရှိသည်ဘို့ကို၊ပဋိသန္ဓာနိ၊ထားမြစ်ကုန်၏။နနုစဧစောဒေမိ၊စောဒနာဦးအံ့။ ဇုတ္တိလိင်္ဂ၊ ဇုတ္တိလိင်သည်၊ ဖြဟ္မလောကေ၊ ဖြဟ္မာပြည်၌။ နတ္ထိ သထာ၊ မရှိ သကဲ့သို့။ ဧဝံ၊ဤအတူ။ ပုရိသလိင်္ဂမ္ပိ၊ပုရိသလိင်သည်လည်း။ ဖြဟ္မလောကေ။ ဖြဟ္မာပြည်၌။ နတ္ထိ၊မရှိ။ တသ္မာ။ထိုကြောင့်။ ပုရိသောမဟာဖြဟ္မာတိ။ ပုရိသော မဟာဖြဟ္မာဟူ၍။ နဝတ္တဗ္ဗံ။ မဟောအပ်သည်။ သိယာ၊ဖြစ်ရာ၏။ ဇုတိအယံ၊ ဤသည်ကား၊စောဒနာ။ စောဒနာခြင်းတည်း။ နဝတ္တဗ္ဗံ။မဟောအပ်သည်၊နော၊မဟုတ်။ဝတ္တဗ္ဗံဧဝ၊ ဟောအပ်သည်သာ တည်း၊ကသ္မာ။ အဘယ်ကြောင့် နည်းဟူမူကား။ဇုဓ၊ဤကာမဘုံ၌။ ပုရိသဿ၊ ယောက်ျား၏။ တတ္ထ၊ ထိုဖြဟ္မာဘုံ၌။ နိဗ္ဗတ္တနတော၊ဖြစ်ခြင်း ကြောင့်တည်း။ဟိဝိတ္ထာရေမိ။ထိုစကားကိုချဲ့ဆိုဦးအံ့၊ ဇုတ္တိယော၊မိန်းမ တို့သည်၊ဇုဓ၊ဤကာမဘုံ၌၊ဈာနံ၊ဈာန်ကို၊ဘာဝေတွာ။ပွားစေ၍၊ကာလံ ကတွာ၊ သေ၍၊ ဖြဟ္မပါရိ သဇ္ဇာနံ။ ဖြဟ္မပါရိ သဇ္ဇာဟု ဆိုအပ်သော။ ဖြဟ္မာအပေါင်းတို့၏။သဟဗျတံ၊ အပေါင်းသဟာယအဖြစ်သို့၊ဥပပဇ္ဇန္တိ။ရောက် ကုန်၏၊မဟာဖြဟ္မာနံ။ အကြီးဆုံးမဟာဖြဟ္မာတို့၏။သဟဗျတံ၊အပေါင်းသ ဟာယအဖြစ်သို့၊နဥပပဇ္ဇန္တိ၊မရောက်ကုန်။ ပုရိသောပန။ယောက်ျားသည်မူ ကား၊ တတ္ထ၊ ထိုအကြီးဆုံး မဟာဖြဟ္မာတို့၏ အပေါင်းသဟာယ အဖြစ် ၌။ နဥပ္ပဇ္ဇတိ၊ မဖြစ်။ ဇုတိ၊ ဤသို့။နဝတ္တဗ္ဗော၊ မဆိုအပ်။ တတ္ထ၊ ထို

ဗြဟ္မာဘုံ၌၊ ဥဘယာလိင်ဘာဝေ၊ လိင်နှစ်ပါး၏ မရှိခြင်းသည်။ သမာ
နေပိ၊ တူညားသော်လည်း၊ တတ္ထ။ ထိုရူပဗြဟ္မာဘုံ၌၊ ဗြဟ္မာနော၊ ဗြဟ္မာ
တို့သည်။ ပုရိသသဏ္ဌာနာဝ၊ ယောကျ်ား သဏ္ဌာန်ရှိကုန်သည်သာတည်း၊
နဣတ္ထိသဏ္ဌာနာ။ မိန်းမသဏ္ဌာန်မရှိကုန်။ တသ္မာ၊ ထိုကြောင့်၊ ဧတံ၊ ထိုမ
ဟာပုရိသောမဟာဗြဟ္မာဘိယာတိဟူသောစကားကို၊ သုဝုတ္တံ။ကောင်း
စွာဟောတော်မူအပ်၏။ ။နေတ္တိအဋ္ဌကထာအနက်၊

ယာစဣတ္ထိယော ရူပါဝစရံ အရူပါဝစရံ ဥပပတ္တိတွာ ပရိနိဗ္ဗာ
ယိဿန္တိ၊တေသံဣတ္ထိန္ဒြိယံဥပ္ပဇ္ဇတိ၊နောစတေသံပုရိသိန္ဒြိယံဥပ္ပဇ္ဇ
တိ။ ။ဟူ၍ဣန္ဒြိယယမိုက်ပါဠိတော်၌ဟောတော်မူသည်။

ယာစဣတ္ထိယော၊အကြင်မိန်းမတို့သည်လည်း၊ ရူပါဝစရံ၊ရူပါဝစရဘုံ
၌လည်းကောင်း။ အရူပါဝစရံ၊အရူပါဝစရဘုံ၌လည်းကောင်း။ ဥပပတ္တိ
တွာ၊ဖြစ်၍၊ပရိနိဗ္ဗာယိဿန္တိ၊ပရိနိဗ္ဗာန်ပြုကြကုန်လတ္တံ့။ တေသံ၊ထိုမိန်း
မတို့အား၊ဣတ္ထိန္ဒြိယံ၊မိန်းမဣန္ဒြေသည်၊ ဥပ္ပဇ္ဇတိ၊ဖြစ်သလော။ နောစဥပ္ပဇ္ဇ
တိ၊ ဖြစ်ကားမဖြစ်။ ပုရိသိန္ဒြိယံ၊ ယောကျ်ား၏ဣန္ဒြေသည်။ ဥပ္ပဇ္ဇတိ၊
ဖြစ်၏၊ ။ဣန္ဒြိယယမိုက်ပါဠိတော်၏အနက်၊

ယံဣတ္ထိသက္ကတ္တံကရေယျ၊မာနတ္တံကရေယျ၊ ဗြဟ္မတ္တံကရေယျ၊
နေတံဌာနံဝိဇ္ဇတီတိပဇာနာတိ။ ။ဟူ၍ညာဏဝိဘင်းပါဠိတော်၌
ဟောတော်မူ၏။

ယံဣတ္ထိ၊အကြင်မိန်းမသည်။သက္ကတ္တံ၊ သိကြားမင်းအဖြစ်ကို။ ကရေ
ယျ၊ပြုရာ၏။မာနတ္တံ၊မာရ်နတ်မင်းအဖြစ်ကို။ ကရေယျ၊ ပြုရာ၏၊ ဗြဟ္မတ္တံ၊
ဗြဟ္မာမင်းအဖြစ်ကို၊ ကရေယျ၊ပြုရာ၏။ ဧတံဌာနံ၊ ထိုအကြောင်းသုံးပါး
သည်၊နဝိဇ္ဇတိ၊မရှိ၊ဣတိ၊ဤသို့၊ပဇာနာတိ၊သိအပ်၏။ ။ညာဏဝိဘင်း
ပါဠိတော်အနက်။ ။အင်္ဂုတ္တရပါဠိတော်၌လည်း၎င်းနည်းတူဆို၏၊ဋီကာ
ကျော်ကျမ်း၌လည်း၎င်းနည်းတူဆို၏၊

အစောင်စောင်သောကျမ်းတို့က။မိန့်ဆိုအပ်သော။စကားကျ
အဓိပ္ပါယ်ကို။သိသာခြားနားအောင်၊စကားပြေသက်သက်
ရေးလိုက်ဦးအံ့။

နေတ္တိပါဠိတော်၌ ဟောတော်မူသော အဓိပ္ပါယ်မှာ၊ မိန်းမတို့သည်
ဗြဟ္မာဘုံ၌ဖြစ်၏၊ ဖြစ်သော်လည်း။ အစိုးရသောဗြဟ္မာမင်းကြီးတို့၏အ
ဖြစ်ကိုမဖြစ်စေနိုင်။ ဗြဟ္မာငယ်တို့၏အဖြစ်ကိုသာဖြစ်စေနိုင်သည်၊ယော

ကျွန်းတို့သေလျှင်၊ ဖြစ်ပွားဘုရားဖြစ်သည်ရှိသော်၊ ဖြစ်ပွားငယ်လည်းဖြစ်နိုင်၏၊ ဖြစ်ပွားမင်းကြီးလည်းဖြစ်နိုင်၏ဟူ၍ အမိပ္ပါယ်ရသည်၊ ။ဤကား နေတ္တိပါဠိတော်၏အလိုတည်း။

နေတ္တိအဋ္ဌကထာ၌လာသောစကား၏အဓိပ္ပါယ်ကိုပြဦးအံ့။

ဆိုကြအံ့မင်း။ မာရ်နတ်မင်း၊ ဖြစ်ပွားမင်းကြီးတို့၏အဖြစ်သည်မြတ်၏၊ ဗုဒ္ဓလိင်သည်ယုတ်၏၊ ထို့ကြောင့်ရှင်မင်းသုံးပါးတို့၏အဖြစ်ကို၊ မဖြစ်စေနိုင်။ဝေါဒကတက်သောဆရာတို့၏စကားကိုဆိုလိုက်ဦးအံ့၊ ဗုဒ္ဓလိင်သည်ဖြစ်ပွားဘုရား၌မဖြစ်သကဲ့သို့၊ပုရိသလိင်သည်လည်းဖြစ်ပွားဘုရား၌မဖြစ်နိုင်ရာ၊ယောက်ျားတို့၏လိင်သည်သည်းဖြစ်ပွားဘုရား၌မဖြစ်သည်ဟူ၍ မဟောအပ်ထို့ကြောင့်ပုရိသလိင်သည်လည်းမရှိသည်မဟုတ်လောဟူ၍စောဒနာ၏၊ ထိုစောဒနာ၏အဖြေကား။မဟောအပ်သည်မဟုတ်ဟောတော်မူအပ်သည်သာတည်း၊အဘယ်ကြောင့်နည်းဆိုသော်။ယောက်ျားတို့သည်ထိုဖြစ်ပွားဘုရား၌ဖြစ်သောကြောင့်တည်း၊ထိုစကားကိုအကျယ်ချဲ့၍ဆိုဦးအံ့၊ မိန်းမတို့သည်။ဤကာမဘုံ၌။ဈာန်သမာပတ်ကိုဝင်စား၍။သေသည်ရှိသော်၊ဖြစ်ပွားဝါရိသဇ္ဇာဘုံ၌။ဖြစ်ပွားငယ်တို့၏အပေါင်းအဖြစ်၌ဖြစ်ကုန်၏ ဖြစ်ပွားမင်းကြီး၏အဖြစ်ကိုမဖြစ်စေနိုင်။ ယောက်ျားသည်။ဤကာမဘုံ၌ဈာန်သမာပတ်ကိုဝင်စား၍သေသည်ရှိသော် ဖြစ်ပွားမင်းကြီး၏အဖြစ်ကိုဖြစ်စေနိုင်၏။ဘုံဖြစ်ပွားဘုံ၌၊ ဗုဒ္ဓလိင်၊ ပုလ္လိင်နှစ်ပါးမရှိခြင်းတူသော်လည်း။ထိုရူပဘုံ၌ဖြစ်သောဖြစ်ပွားတို့သည်။ ယောက်ျား၏သဏ္ဌာန်ဖြင့်သာဖြစ်ကြရကုန်၏၊ မိန်းမသဏ္ဌာန်ဖြင့်မဖြစ်ကြကုန်။ ထို့ကြောင့် ထိုရူပဖြစ်ပွားတို့သည် ယောက်ျားသာဟူ၍ဟောတော်မူအပ်၏၊ ။နေတ္တိအဋ္ဌကထာ၏အဓိပ္ပါယ်။ ။ကေင်္ဂုတ္တရအဋ္ဌကထာ၌လည်းထို့အတူဆိုသည်။အနက်အဓိပ္ပါယ်တူသောကြောင့် ထည့်၍မရေးလိုက်သည်။ သမောဟအဋ္ဌကထာမိလိန္ဒပဉှာအဋ္ဌကထာတို့ကဆိုသောစကား၏အရမှာ။ အကြီးဆုံးဖြစ်သောဖြစ်ပွားမင်းကလွဲလျှင်၊ မည်သည့်ဖြစ်ပွားမဆိုဖြစ်နိုင်သည်ဟုဆိုကြ၏၊ ။ဤသို့ကျမ်းအစောင်စောင်၌လာသောအဓိပ္ပါယ်တို့ကို။ ဆိုသာလွယ်အောင်စကားပြင်နှင့်ပြသောအဆုံးအဖြတ်စကားတခုပြီး၏။

သူတော်ကောင်းအမျိုး၌ဖြစ်၍။တဆယ့်ငါးနှစ်သမီးအရွယ်ထော်ထဝစပြီးလျှင်။ သူတော်ကောင်းနှင့် ပေါင်းပေါ်ခြင်း၊ သူတော်ကောင်းတို့ဟောပြောအပ်သောတရားစကားများကို၊မှတ်သားနာခံခြင်း၊ သူတော်ကောင်း

တို့၏တရားကို ကျင့်ကြံအားထုတ်ခြင်း။ မိဘများနှင့် အတူတကွပေါင်းသင်းရောနှောလျက်၊ တိုက်ကုန်၊ချိတ်ကုန်၊ရွှေကုန်၊ကျောက်ကုန်၊ မြန်မာကုန် တရုတ်ကုန်ဟုဆိုအပ်သော၊ကုန်အမျိုးမျိုး တို့ကို၊ တရားသဖြင့်မှားမတိမ်းရအောင် ရောင်းဝယ်ကူးသန်းနေထိုင်သည့်အတွင်း၊ မိန်းမတို့၏မွေ့တာအချိန်အခွဲယ်သို့ရောက် သည့် ဖြစ်၍၊ ကျနံ့ချင်းကွယ်မည်ရှိသော၊ တရုတ်လောသန်းကြီးနှင့်အကြောင်းပါကြ၍၊ ဗန်းမော်မြို့၌ သိမ်တော်ကြီးဘုရား၏အနီးအပါး၊သိမ်တော်ကျောင်းကိုဆောက်လုပ်ခြင်း။ ဇေမြမြစာပေကျမ်းဂန်တို့ကိုကြည့်ရှု၍ နေထိုင်စေရန်၊ ရေကန်ကြီး၏အလယ်၌လေသာစံကျောင်းကို ကောင်းမွန်သေချာစွာဆောက်လုပ်လှူဒါန်းခြင်း၊ဆွမ်းစားကျောင်းကိုကောင်းမွန်သေချာစွာ ဆောက်လုပ်လှူဒါန်းခြင်း၊ ကောင်းမွန်သေချာစွာအုတ်အင်္ဂတေတို့ဖြင့်ပြုပြင်စီရင်သောအုတ်အိုးတို့ဖြင့်ခံအပ်သောကုဋိကိုဆောက်လုပ်လှူဒါန်းခြင်း။ ကောင်းမွန်စေ့စပ်၊ ဆန်းကြယ်စွာဆောက်လုပ်အပ်သော ဇရပ်နှစ်ဆောင်တို့ကို၊ စတုဒိသာအဖြစ်ဖြင့်လှူဒါန်းခြင်း၊အုတ်အင်္ဂတေတို့ဖြင့်သေချာစွါပြုလုပ်စီမံ၍သမံတလင်းနှင့်တကွ။ ပြန့်ပြန့်ပြူးပြူးကြည်နူးဘွယ်ရာဖြစ်သောရေတွင်းနှစ်တွင်းကို၊စတုဒိသာအဖြစ်ဖြင့် လှူဒါန်းခြင်း။ ရဟန်းခံခြင်း၊ ရှင်ပြုခြင်း၊ ကထိန်ခင်းခြင်း၊ ဆွမ်းကျွေးခြင်း၊ ဝါတွင်းသုံးလ ပတ်လုံး ဥပုသ်စောင့်ပြီးလျှင် သတိပဋ္ဌာန်ပါဠိ သဒ္ဒိုဟ်ပါဠိများကို ကျက်မှတ် ဘတ်ရွတ်ခြင်း၊ စာထက်လိုသော သီလရှင်ကလေး၊ မိန်းမကလေးများကိုစာပေပို့ချခြင်း၊ ဝတ်တက် ဝတ်ကပ် မပြတ် မသစ်အောင် လိုက်၍၊ ပရိမေဏ္ဍာ ဘာဝနာတို့ကို များစွာပွားများခြင်း။ သက်ကြီးသောသူ၊ ဂုဏ်ကြီးသော သူတို့ကို၊ အရိုအသေ အလေး အမြတ်ပြု၍ ရှိခိုးပူဇော် ကတော့ခြင်း။ အမျက်ဒေါသတို့ကိုနည်းပါးအောင် အားထုတ်ခြင်း။ မပြတ်မပြတ်ဆွမ်းတော်ကြီးကပ်ခြင်း။သူတပါးတို့ရှုနှံ့ချက်ကဲ့ရဲ့ပြောဆိုသောစကားများကိုသည်းခံခြင်း သားသမီးတို့ကို လိမ္မာရေးချားပိပြားအောင်ဆုံးမခြင်း။ အဆွေအမျိုးတို့ကိုချီးမြှင့်ထောက်ပန့်ခြင်း။သားသမီးဆွေမျိုးအပေါင်းတို့ကို၊ ရတနာသုံးပါးအား၊ ဆည်းကပ်ကိုးကွယ်စေခြင်း၊ ရှာချခြင်း၊နုတ်ပူဇော်ခြင်း၊လိပ်ပြာခွဲခြင်း၊လိပ်ပြာခေါ်ခြင်း အစရှိသော မိစ္ဆာအယူတို့ကိုစွန့်ခြင်း။ ပွဲသဘင်ခံခြင်း။ပွဲသဘင်ကြည့်ခြင်းစသောအပျော်အပါးတို့ကိုဘျဉ်ရှောင်၍သိထားသမာဓိတို့ကိုသာလုံ့ချုံစွာအားထုတ်ခြင်း။ ဤသို့ဆိုအပ်ခဲ့ပြီးသော ဂုဏ်တို့

နှင့်ပြည့်စုံညီညွတ်သော။ ဗန်းမော်မြို့၊ ဘာရုပ်တန်းရပ်နေ၊ ဆိပ်ကျောင်းအမမရိက။ ပဋိစ္စသမုပ္ပါဒ်အရာကိုနာခံမှတ်သားလိုကြောင်းနှင့် (၁၂၇၂)ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်နေ့လျှောက်ထားဘောင်းဝန်သေါ်ကြောင့် ဆိပ်ဘော်ကျောင်းဆရာတော်သည်၊ အစဉ်စဉ်သော ကျမ်းတို့ကို ကြည့်ရှု၍ ပေါ်ပြောဖြေဆိုခြင်းကိုပြုပေအံ့။

> အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံ၊ ဝိညာဏပစ္စယာနာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာဖဿော ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယာဥပါဒါနံ၊ ဥပါဒါနပစ္စယာဘဝေါ၊ ဘဝပစ္စယာဇာတိ၊ ဇာတိပစ္စယာဇရာ။ မရဏ၊သောက၊ ပရိဒေဝဒုက္ခဒေါမနဿ ဥပါယာသာသမ္ဘဝန္တိ ဧဝမေတဿကေဝလဿဒုက္ခက္ခန္ဓဿ သမုဒယော ဟောတီတိ အယံပဋိစ္စသမုပ္ပါဒနယော။

ပဋိစ္စသမုပ္ပါဒ်အနက်။

အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူသောအကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရကရားတို့သည်၊ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ သင်္ခါရပစ္စယာ၊ သင်္ခါရဟူသောအကြောင်းကြောင့်။ ဝိညာဏံ၊ ဝိညာဉ်သည်၊ သမ္ဘဝတိ၊ ဖြစ်၏။ ဝိညာဏပစ္စယာ၊ ဝိညာဉ်ဟူသောအကြောင်းကြောင့်၊ နာမရူပံ၊ နာမ်ရုပ်တို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ နာမရူပပစ္စယာ၊ နာမ်ရုပ်ဟူသောအကြောင်းကြောင့်၊ သဠာယတနံ။ ခြောက်ပါးသော အာယတန၊ တဆယ်နှစ်ပါးသောအာယတနတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ သဠာယတနပစ္စယာ၊ သဠာယတနဟူသောအကြောင်းကြောင့်၊ ဖဿော၊ အာရုံနှင့်ထိတွေ့ခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဖဿပစ္စယာ၊ ဖဿဟူသောအကြောင်းကြောင့်။ ဝေဒနာ၊ အာရုံ၌ခံစားခြင်းသည်၊ သမ္ဘဝတိ၊ ဖြစ်၏။ ဝေဒနာပစ္စယာ၊ ဝေဒနာဟူသော အကြောင်းကြောင့် တဏှာ၊ အာရုံ၌တက်ကပ်ငြိခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်၏။ တဏှာပစ္စယာ၊ တဏှာဟူသောအကြောင်းကြောင့်။ ဥပါဒါနံ၊ စွဲလမ်းခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန်ဟူသောအကြောင်းကြောင့်။ ဘဝေါ၊ ကာမဘဝ ရူပဘဝ။ အရူပဘဝဟုဆိုသော၊ သုံးပါးသောဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဘဝပစ္စယာ၊ ဘဝဟူသောအကြောင်းကြောင့်။ ဇာတိ၊ အမိဝမ်း၌ပဋိသန္ဓေနေရခြင်းသည်။ သမ္ဘဝတိ ဖြစ်၏။ ဇာတိပစ္စယာ၊ ပဋိသန္ဓေနေခြင်းဟူသော အကြောင်းကြောင့်၊ ဇရာမရဏသောက ပရိဒေဝဒုက္ခဒေါမနဿဥပါယာသာ

ဿါ၊ဒိုခြင်း၊သေခြင်း။ရှိုးရိမ်ခြင်းအဘန်ဘလဲလဲငိုကျွေးခြင်း။ဆင်းရဲခြင်း။နှစ်လုံးမသာယာခြင်း။ရှိုက်ကြီးထငင်ပင်ပန်းခြင်းတို့သည်။ သမ္ဘဝန္တိ၊ဖြစ်ကုန်၏၊ဇာတိဇေ၊၌ဤသို့ဖြစ်ခြင်းသည်၊ဧတဿ၊ထိုသို့သဘောရှိသော။ကေဝလဿ၊ သက်သက်။ဒုက္ခက္ခန္ဓဿ၊ဆင်းရဲခြင်း၏။ သမုဒယော၊ဖြစ်ခြင်းသည်၊ ဟောတိ၊ဖြစ်၏။ ။ဤကားအနက်။

အဘယ်ကြောင့်ပဋိစ္စသမုပ္ပါဒ်မည်ပါသနည်းဆိုသော်။ ။ပစ္စယသာမဂ္ဂိံ ပဋိစ္စ သဟ သမာစ ဥပ္ပဇ္ဇတိ ဘိပဋိစ္စသမုပ္ပါဒေါ။ ။ဟူ၍ငိုကာဆရာမိန့်မှာတော်မူသောကြောင့် ပဋိစ္စသမုပ္ပါဒ်မည်၏၊ ။ပစ္စယသာမဂ္ဂိံ၊အကြောင်း၏ညီညွတ်ခြင်းကို။ ပဋိစ္စ၊စွဲ၍၊ သဟာစ၊တကွလည်းကောင်း။သမ္မာစ၊မဘောက်မပြန်လည်းကောင်း။ ဥပ္ပဇ္ဇတိ၊ဖြစ်တတ်၏။ ဣတိဘသ္မာ၊ထိုကြောင့်၊ပဋိစ္စသမုပ္ပါဒေါ၊ပဋိစ္စသမုပ္ပါဒ်မည်၏၊ ။ဤကားဝိဂြိုဟ်၏အနက်။ ။အဓိပ္ပါယ်ကား။အကြောင်းအဆက်ဆက်။ အကျိုးအဆက်ဆက်ဖြစ်သော အဝိဇ္ဇာအစရှိသောအကြောင်းတရား။သင်္ခါရအစရှိသောအကျိုးတရားဘို့ကိုရ၏။ထိုသို့ရခြင်းကြောင့်။ အဝိဇ္ဇာအစရှိသော။တရားအပေါင်းသည်၊ပဋိစ္စသမုပ္ပါဒ်မည်၏။ထိုပဋိစ္စသမုပ္ပါဒ်၌၊ ဥပမာ ဥပမေယျကိုပြဦးအံ့။ အဝိဇ္ဇာသည်။ရုပ်တရာ နာမ်တရား။ သစ္စာလေးပါးတို့ကိုမသိမမြင်ခြင်းကြောင့်။သူကန်းမျက်မမြင်နှင့်တူ၏။သင်္ခါရသည်။မညီမညွတ်သောအရပ်၌၊သူကန်းမျက်မမြင်၏၊ချော်ချွတ်ဘိမ်းပါးခြင်းနှင့်တူ၏၊ ဝိညာဏ်သည်ချော်ချွတ်ဘိမ်းပါးခြင်းကြောင့်၊ သူကန်းမျက်မမြင်၏။မှောက်ခုံပက်သက်လဲသည်နှင့်တူ၏၊နာမ်ရုပ်သည်။ မှောက်ခုံပက်သက်လဲခြင်းကြောင့်။သူကန်းမျက်မမြင်၏ကိုယ်မှာ၊ အိုင်းအမာကြီးဖြစ်လာသည်နှင့်တူ၏။သဠာယတနသည်၊ အရည်တစိုစိုဖြစ်သောအိုင်းအမာကြီးရင့်သည့်နောက်။ အိုင်းအမာငယ်သစ်၍ပေါ်ပေါက်လာသည်နှင့်တူ၏။ဖဿသည်။အိုင်းအမာကြီး အိုင်းအမာငယ်ကို၊တစုံတခုဝတ္ထုနှင့်ထိခိုက်မိသည်နှင့်တူ၏။ ဝေဒနာသည်။အိုင်းအမာကြီးငယ်ကို၊ထိခိုက်မိ၍၊ဆင်းရဲကြီးစွာဖြစ်သည်ကို။ကုစားလိုသော အလိုဆန္ဒနှင့်တူ၏။ဥပါဒါန်သည်။ဆင်းရဲကြီးစွာဖြစ်သည်ကို၊ကုစားလိုသည်နှင့်။မသင့်သောဆေးအာဟာရကိုယူငင်ကိုင်တွယ်မိခြင်းနှင့်တူ၏။ ဘဝသည်သူကန်းမျက်မမြင်သည်။မသင့်သောဆေးအာဟာရကို။ သုံးစွဲလိမ်းကျံစားသောက်မိသည်နှင့်တူ၏။ဇာတိသည်မသင့်သောဆေးအာဟာရကို။လိမ်းကျံစားသောက်

မိခြင်းကြောင့်။ အိုင်းအမါထူးခြားတိုးပွါးသည့်နှင့်တူ၏၊ ဇယာမရထ သည်၊ အိုင်းအမာတိုးပွါးယောင်ရမ်းပြီး၍ အိုင်းအမာကြီး ကွဲပေါ်ပျက်စီး သည့်နှင့်တူ၏။ ။၍ကား၊အဝိဇ္ဇာသင်္ခါရတို့၏ဥပမာဥပမေယျတည်း။ ဥပမာဥပမေယျတနည်းပြီးအံ့။ ။အဝိဇ္ဇာသည်။ဒုက္ခသစ္စာအစရှိသည် တို့ကို၊မသိသည်၏အဖြစ်၊ မှားသောအကျင့်ကိုကျင့်သည်၏ အဖြစ်အား ဖြင့်။သတ္တဝါတို့ကိုနှိပ်စက်တတ်၏။ ဥပမာကား၊တိမ်သလာသည်။မျက်စိ ကိုနှိပ်စက်တတ်သကဲ့သို့တည်း၊ ထိုအဝိဇ္ဇာဖြင့်နှိပ်စက်အပ်သော သူမိုက် သည်၊ အသစ်အသစ်သော ဘဝတို့ကို ဖြစ်စေတတ်ကုန်သောသင်္ခါရတို့ ဖြင့်။မိမိကိုယ်ကိုရစ်ပတ်စေတတ်၏။ ဥပမာကား၊အိမ်ကိုပြုတတ်သောပိုး သည်၊အအိမ်အရင်တို့ဖြင့်၊မိမိကိုယ်ကိုရစ်ပတ်စေသကဲ့သို့တည်း။ သင်္ခါရ တို့ဖြင့်ခြံရံ၍ယူအပ်သောဝိညာဏ်သည်၊ ထိုထိုသို့သောဂတိတို့၌၊တည် ရာကိုရအပ်၏၊ ဥပမာကား၊အမတ်ကြီးတို့သည်၊ခြံရံ၍ယူအပ်သော၊ တ နည်းထည့်အမတ်ကြီးတို့သည်ဘိသိက်သည်းစောင့်ရှောက်၍ ထားသောမင်းသား သည်၊မင်း၏အဖြစ်၌တည်ခြင်းကိုရသကဲ့သို့တည်း။ပဋိသန္ဓေအာရုံဖြစ်သော ကံအစရှိသော၊အာရုံကို၊အာရုံပြုခြင်းကြောင့်။ဝိညာဏ်သည်ပဋိသန္ဓေ၌၊များ သောအပြားရှိသောနာမ်ရုပ်ကိုဖြစ်စေ၏။ဥပမာကား၊မျက်လှည့်သည်သည် သူ့ဘုပါးတို့၏မျက်စိကိုလှောက်မှားအောင်ထင်စေသကဲ့သို့တည်း၊ နာမ်ရုပ် ၌ တည်သောသဠာယတနသည်။ကြီးခြင်းပွါးခြင်းပြန့်ပြောခြင်းသို့ ရောက် ၏။ ဥပမာကား၊မြေကောင်း၌တည်သောတောချုံသည်။ ကြီးခြင်းပွါးခြင်း ပြန့်ပြောခြင်းသို့ ရောက်သကဲ့သို့တည်း။ ။ဖဿဖြင့်အာရုံကိုထိ တွေ့သောသူအား။ဝေဒနာသည်ဆင်ရှားဖြစ်၏၊ ဥပမာကား။မီးထိသော သူသည်။ကိုယ်၏ပူလောင်ခြင်းသည်ဖြစ်သကဲ့သို့တည်း၊ ။ဝေဒနာဖြင့်။ အာရုံကိုခံစားသောသူအား။တဏှာသည်ပွါးများ၏။ ဥပမာကား၊ရေငတ် သောကြောင့်၊ ဆားငံရေကိုသောက်သောသူသည်။ တိုး၍ငတ်သကဲ့သို့ တည်း။အာရုံ၌တပ်သောသူသည်။ ဘဝ၌တောင်းတခြင်းကိုပြု၏။ ဥပမာ ကား ရေမရှိရာ၊တောကန္တာရခရီးလမ်း၌ရေငတ်သောသူသည်၊ရေကိုအ လွန်တောင့်တခြင်းပြုသကဲ့သို့တည်း။ ။ထိုထိုသို့သောဘဝတို့၌။တောင့် တခြင်းရှိသောသူတို့အား၊ဥပါဒါန်သည်ဖြစ်၏။ ဥပါဒါန်ဖြင့်ဘဝကိုစွဲထမ်း ၏။ဥပမာကား၊အစာအဟာရ၌တတ်မက်သော၊ငါးအစရှိသောသတ္တဝါတို့ သည်သံငမ်ျားချိတ်ကို။အစာဟုထင်မှားသောကြောင့် ဟတ်မိမှားသကဲ့

သို့ဘည်း။ ။ဘဝရှိသည့်ရှိသော်ဇာတိသည်ဖြစ်၏။ဥပမာကားမျိုးစေ့ရှိသည့်ရှိသော်။အညွန့်အညောက်ထွက်သကဲ့သို့ဘည်း။

ဇာတိရှိသောသူအား။မချွတ်ဧကန်အဓွန့်ပင်လျှင်။ဇရာမရဏသည်ဖြစ်၏။ဥပမာကားဖြစ်ပြီးသောသစ်ပင်သည်။ထဘန်လဲခြင်းသေခြင်းသို့ရောက်သကဲ့သို့ဘည်း။ ။ဤသို့လျှင်အဝိဇ္ဇာအစရှိသောတရားတို့၏ဥပမာကိုသိအပ်၏။ ။ဤဥပမာတို့သည်။ သမောအဋ္ဌကထာ၌လာသော ဥပမာတို့တည်း။

အဝိဇ္ဇာပစ္စယာသင်္ခါရာဟူသောပုဒ်၌။အဝိဇ္ဇာဟူသောပုဒ်၏။
ဝိဂြိုဟ်သဒ္ဒါရသပစ္စုပ္ပဋ္ဌာန်။ပဒဋ္ဌာန်တို့ကိုပြဆိုဦးအံ့။

အညာဏလက္ခဏာ သမ္မောဟရသာ ဆာဒနပစ္စုပဋ္ဌာနာ အာသဝပဒဋ္ဌာနာ ဇ

ယံဓမ္မဇာတံ၊အကြင်သဘောတရားသည်။အနုပိယတော၊အစွမ်းကင်းသေါ်သါရေ၊သံသရာ၌၊သတ္တေ၊သတ္တဝါတို့ကို။ဇဝါပေတိ၊ဖြစ်စေတတ်၏။ဘုတိတဿ၊ထိုကြောင့်။တံဓမ္မဇာတံ၊ထိုသဘောတရားသည်။ အဝိဇ္ဇာ၊အဝိဇ္ဇာမည်၏။ သဒ္ဒါတတ်သောသူတို့၏ အမှတ်အားဖြင့်။ အနုပိယတော့ရှိသော်ဇဝါတ်အပစ္စည်းဟူ၍မှတ်ရမည်။ ။အဝိဇ္ဇာအညာဏလက္ခဏာ၊သမ္မောဟရသာ။ဆာဒနပစ္စုပဋ္ဌာနာ။အာသဝပဒဋ္ဌာနာ။ ။အနက်ကား။ ။အဝိဇ္ဇာ။အဝိဇ္ဇာသည်။ အညာဏလက္ခဏာ။သစ္စာလေးပါးတို့၌အကျိုးအကြောင်းကိုမသိခြင်းသဘောရှိ၏။ သမ္မောဟရသာ၊ ဖြင်းစွာတွေဝေခြင်းကိစ္စရှိ၏။ဆာဒနပစ္စုပဋ္ဌာနာ၊ ပညာကိုဖုံးလွှမ်းခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။အာသဝပဒဋ္ဌာနာ၊အဝိဇ္ဇာဝဂ်၊အောက်အထက်ဒိုးလျှိုစီးယိုပုပ်သိုးတတ်သော၊ကာမာသဝ။ ဘဝါသဝ။ဒိဋ္ဌာသဝ။ အဝိဇ္ဇာသဝ လျှင်နီးစွာသောအကြောင်းရှိ၏။

သင်္ခါရာဟူသောပုဒ်၏။ဝိဂြိုဟ်။သဒ္ဒါ။ရသ၊ပစ္စုပ္ပဋ္ဌာန်
ပဒဋ္ဌာန်တို့ကိုပြဦးအံ့။

သင်္ခတံအဘိသင်္ခရောန္တီတိအဘိသင်္ခါရော။ ။ယံဓမ္မဇာတံ အကြင်သဘောတရားသည်။ သင်္ခတံ၊ပြုပြင်အပ်သော။ ရုပ်နာမ်ခန္ဓာအစုအပေါင်းကို။အဘိသင်္ခရောန္တိ၊ဘဝဟောင်းဘဝသစ်ကို။ တစပ်တည်းကဲ့သို့ပြုပြင်တတ်ကုန်၏။ ဘုတိတဿ၊ထို့ကြောင့်၊ တံဓမ္မဇာတံ။ ထိုသဘောတရား

သည်။အဘိသင်္ခါရ။အဘိသင်္ခါရမည်၏။ ။လောကီကုသိုလ်အကုသိုလ်စေတနာရ၏။ထိုသင်္ခါရသည်၊ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ၊ အာနဉ္ဇာဘိသင်္ခါရဟူ၍။သုံးပါးအပြားရှိ၏ ။ထိုသုံးပါးတို့တွင်။ ။ပုညံဧဝ သင်္ခါရော ပုညာဘိသင်္ခါရော။ ။ပုညာဧဝ။ကာမရူပစေတနာတဆဲ့သုံးခုသည်သာလျှင်၊အဘိသင်္ခါရ အဘိသင်္ခါရမည်၏၊ ပုညာဘိသင်္ခါရ၊ ကာမရူပစေတနာတဆဲ့သုံးခုသည်ပင်လျှင်။ပုညာဘိသင်္ခါရမည်၏၊ ။ကာမရူပစေတနာတဆဲ့သုံးခုကိုရ၏။ ။ပုညပဋိပက္ခာအပုညော။အပုညောဧဝ အဘိသင်္ခါရော။အပုညာဘိသင်္ခါရော။ ၊ပုညပဋိပက္ခာ၊ကုသိုလ်၏ဆန့်ကျင်ဘက်သည်။အပုညာ။ အကုသိုလ်မည်၏။ အပုညောဧဝ၊ အကုသိုလ်သည်သာလျှင်၊ အပုညာဘိသင်္ခါရ။အပုညာဘိသင်္ခါရမည်၏။အကုသိုလ်စေတနာတဆဲ့နှစ်ပါးရ၏။ ။နတ္ထိဣဉ္ဇိတံဖန္ဒိတံ အနိဉ္ဇံ၊ ယံဈာနံ၊ အကြင်သဘောတရားသည်၊နတ္ထိဣဉ္ဇိတံဖန္ဒိတံ၊တုန်လှုပ်ခြင်း၊ဖုန်တိတည္ခာ။ထို့ကြောင့်။တံဈာနံ။ထိုသဘောတရားသည်။အနိဉ္ဇမည်၏။ နဂေရှိသောစတုတ္ထဈာန်။ဟူ၍ပဌည်း။ ။အနိဉ္ဇံဧဝအာနဉ္ဇံ။ ။အနိဉ္ဇံ၊အနိဉ္ဇသည်သာလျှင်။ အာနဉ္ဇမည်၏၊ ။အနဉ္ဇံအရူပဘာဝံ။အဘိသင်္ခရောန္တီတိအာနဉ္ဇာဘိသင်္ခါရော။ ။ယံဈာနံ။အကြင်သဘောတရားသည်၊အာနဉ္ဇံအရူပဘာဝံ။အရူပဘာဝကို၊အဘိသင်္ခရောတိ။အလွန်ပြုပြင်တတ်၏ ဖုန်တိတည္ခာ ထို့ကြောင့်။တံဈာနံ။ ထိုသဘောတရားသည်၊ အာနဉ္ဇာဘိသင်္ခါရ။အာနဉ္ဇာဘိသင်္ခါရမည်၏။ ။အရူပစေတနာလေးခုကိုရ၏။ ။အဘိသင်္ခါရဟူသောပုဒ်သည်။ အဘိရှေးသို့ရှေးရှိသောခရ ဓာတ်အပဌည်းဖုတ်ရမည်။ ။အဘိသင်္ခါရဏလက္ခဏာ။ အာယူဟနရသာ။စေတနာပစ္စုပဋ္ဌာနာ။အဝိဇ္ဇာပဒဋ္ဌာနာ။ ။အနက်ကား။ ။ အဘိသင်္ခရဏလက္ခဏာ။အလွန်ပြုပြင်ခြင်းလက္ခဏာရှိ၏။ အာယူဟနရသာ။ အားထုတ်ခြင်း ရသကိစ္စရှိ၏။ စေတနာပစ္စုပဋ္ဌာနာ။စေ့ဆော်ခြင်းသျှင်။ထင်သောအခြင်းအရာရှိ၏။ အဝိဇ္ဇာပဒဋ္ဌာနာ၊အဝိဇ္ဇာသျှင်။ နီးစွာသောအကြောင်းရှိ၏။ ။အဝိပ္ပါယ်ကား။အဝိဇ္ဇာသင်္ခါရ ဟူသောပုဒ်၌။သင်္ခါရသည်။ပုညာဘိသင်္ခါရ။ အပုညာဘိသင်္ခါရ။အာနဉ္ဇာဘိသင်္ခါရဟူ၍သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်။ ကာမဘုံရူပဘုံ၌ ဖြစ်သောအဝိဇ္ဇာဟူသောအကြောင်းကြောင့်။အကျိုးဖြစ်သော ကာမာဝစရကုသိုလ်။ရူပါဝစရကုသိုလ်။ငါးတဆဲ့သုံးပါးသည်။ပုညာဘိသင်္ခါရမည်၏။ကာမ

ဘုံ၌ကိန်ဖြစ်သော။ အဝိဇ္ဇာဟူသောအကြောင်းကြောင့်၊ အကျိုးဖြစ်သော
အကုသိုလ်စိတ်ဘဲ၍ရစ်ရသည်။ အပုညာဘိသင်္ခါရမည်၏၊အရူပဘုံ၌
ဖြစ်သော။အဝိဇ္ဇာဟူသော အကြောင်းကြောင့်၊ အကျိုးဖြစ်သောအရူပကု
သိုလ်လေးခုသည်။ အာနေဉ္ဇာဘိသင်္ခါရမည်၏။ ၎င်းတရယုတ်သုံးဆယ်
သောစေတနာသည်သာလျှင်။အဝိဇ္ဇာသင်္ခါရဟူသောပုဒ်၌။သင်္ခါရအရ
ဖြစ်၏။၎င်းတရယုတ်သုံးဆယ်သော စေတနာသည်သာလျှင်။ အဘယ်
ကြောင့်သင်္ခါရမည်ရသနည်း။ မဂ်စေတနာလေးခုသည်၊ဝဋ်ဆင်းရဲ၏အ
မြစ်ကို။ဖြတ်တတ်သောတရားဖြစ်သောကြောင့်၊ သင်္ခါရ၌မယူအပ်။ ။
ထိုကြောင့်လောကုတ္တရာစေတနာ ပနဝဋ္ဋမူလစ္ဆေဒဘူတတ္တာ နဂဟိတ
ာ။ ။ဟူ၍။သင်္ခေပဋီကာ၌ဆို၏။ ။လောကုတ္တရာစေတနာပန။လော
ကုတ္တရာစေတနာကိုကား၊ဝဋ္ဋမူလစ္ဆေဒဘူတတ္တာ။ဝဋ်ဆင်းရဲ၏အမြစ်ကို
ဖြတ်တတ်သည်၏ အဖြစ်ကြောင့်။ဣဓ၌သင်္ခါရဟူသောပုဒ်၌၊နဂဟိတာ၊
မယူအပ်ကုန်၊ ။သင်္ခါရ၏အကြောင်းဖြစ်သောအဝိဇ္ဇာသည်၊ ပုဗ္ဗန္တဟု
ဆိုအပ်သောရှေ့အစွန်း။အပရန္တဟုဆိုအပ်သောနောက်အစွန်း။ပုဗ္ဗန္တာပ
ရန္တဟုဆိုအပ်သောရှေ့အစွန်းနောက်စွန်း ပဋိစ္စသမုပ္ပါဒ်။ သစ္စာလေးပါး၊
ဤရှစ်ပါးသောအရာဌာနတို့၌။ မသိတတ်ဖုံးလွှမ်းပိတ်ဝင် မှောင်ရိုက်တတ်
သောမောဟသည်။အဝိဇ္ဇာမည်၏။ ။ထိုကြောင့်၊အဝိဇ္ဇာစတူသုအရိယ
သစ္စေသုပုဗ္ဗန္တာဒိသုစတူသု အညာဏသော တံနာမံ။ ။ဟူ၍ရှင်သုမင်္ဂ
လာရေးသော ဋီကာကျော်ကျမ်း၌ ဆို၏။ ။၎င်းဋီကာအနက်။ ။အ
ဝိဇ္ဇာ၊အဝိဇ္ဇာသည်၊ စတူသု၊လေးပါးကုန်သော။ အရိယသစ္စေသု၊အရိယ
သစ္စာတို့၌လည်းကောင်း။ ပုဗ္ဗန္တာဒိသု၊ ရှေ့အစွန်းနောက်အစွန်း။ ရှေ့
နောက်အစွန်းအစရှိသည်တို့၌ လည်းကောင်း။ စတူသု၊ လေးပါးသောအ
ကြောင်းတို့၌၊အညာဏသာ၊မသိခြင်း၏၊ ဧတံနာမံ၊ထိုအမည်တည်း။ ။
၎င်းဋီကာကျမ်း၏အဖွင့်ဖြစ်သော။မဏိမဉ္ဇူကျမ်းနှိုက်လည်း။ ။ပုဗ္ဗန္တာ
ဒိသုတိ။ပုဗ္ဗန္တာပရန္တာပုဗ္ဗာပရန္တဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပန္နဓမ္မေသု။ ။
ဟူ၍ဆိုကုန်၏။ထိုအဖွင့်၏ အနက်ကား။ ။အဝိဇ္ဇာတိဧတံနာမံ။ အ
ဝိဇ္ဇာဟူသော၍အမည်သည်၊စတူသု၊လေးပါးကုန်သော။အရိယသစ္စေသု၊
အရိယာသစ္စာတို့၌၊ပုဗ္ဗန္တာဒိသုတိ၊ ပုဗ္ဗန္တာဒိသုဟူသည်ကား။ ပုဗ္ဗန္တာပရန္တ
ပုဗ္ဗာပရန္တဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နဓမ္မေသု၊ ပုဗ္ဗန္တအပရန္တပုဗ္ဗာပရန္တ
ပဋိစ္စသမုပ္ပါဒ်တရားတို့၌။ ။ဤကားအနက်။

သစ္စာလေးပါးတရားတို့၌၊ အဘယ်သို့ဖုံးလွှမ်းသနည်း။

ဒုက္ခသစ္စာ။သမုဒယသစ္စာ နိရောဓသစ္စာ။မဂ္ဂသစ္စာ၊ဟူ၍လေးပါးအပြား
ရှိ၏။ထိုလေးပါးသောသစ္စာတို့တွင်၊ လောကီစိတ်စေတသိက်၊ လောကုတ္တ
ရာကြဉ်သောစေတသိက်ဝေပညာသ။ရုပ်အဋ္ဌဝိသတို့သည်၊ ဒုက္ခသစ္စာ
မည်၏။ထိုဒုက္ခသစ္စာထိုက်သောရုပ်နံတရားတို့၏ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့်
ပြုပြင်စီရင်သောဆင်းရဲခြင်းဒုက္ခကိုမသိရအောင်ဖုံးလွှမ်းခြင်း။ ထိုသို့ပြု
ပြင်ရခြင်းဆင်းရဲခြင်းသည်၊ လောဘတည်းဟူသောအကြောင်းကြောင့်
ဖြစ်၏ဟု သိရအောင်၊ သမုဒယကိုဖုံးလွှမ်းခြင်း။ စိတ်စေတသိက်ရုပ်တ
ရားတို့၏သည်းကောင်း၊ကံစိတ်ဥတုအာဟာရတည်းဟူသောအကြောင်း
တရားတို့၏သည်းကောင်းအကြွင်းမဲ့ချုပ်ရာငြိမ်းရာအမတသုခနိဗ္ဗာန်ကို၊
မသိရအောင်ဖုံးလွှမ်းခြင်း၊နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သောပဂ္ဂသစ္စာကို
မသိအောင်ဖုံးလွှမ်းခြင်း။ ဤသို့လျှင် သစ္စာလေးပါးကို၊ အဝိဇ္ဇာသည်၊မ
သိနိုင်အောင်ဖုံးလွှမ်း၏။ ။ငါသည်သုဂတိဘဝမှလာခဲ့၏ဟူ၍လည်း
ကောင်း၊ဒုဂ္ဂတိဘဝမှလာခဲ့၏ဟူ၍လည်းကောင်း။ ရှေးဘဝ၌မသိအောင်
ဖုံးလွှမ်းခြင်း၊ ငါသည်ရတေလျှင်၊ သုဂတိဘဝသို့လားလတ္တံ့သည်ကို
လည်းကောင်း၊ဒုဂ္ဂတိဘဝသို့လားလတ္တံ့သည်ကိုလည်းကောင်း။ နောက်
ဘဝ၌မသိရအောင်ဖုံးလွှမ်းခြင်း။၎င်းနှစ်ပါးသောအခြင်းအရာဖြင့်၊ မသိရ
အောင်ဖုံးလွှမ်းခြင်း။ဤသို့လျှင်ပုဗ္ဗန္တ အပရန္တ။ ပုဗ္ဗာပရန္တတို့၌။ အဝိဇ္ဇာ
သည်၊ မသိနိုင်အောင်ဖုံးလွှမ်း၏၊ ။အဝိဇ္ဇာအစရှိသောအကြောင်းအ
ဆက်ဆက်ကြောင့်။ သင်္ခါရအစရှိသော အကျိုးအဆက်ဆက်ကြောင့်။
ဇာတိအစရှိသောတရားတို့သည်၊ဖြစ်ရကုန်၏ဟုမသိရအောင်ဖုံးလွှမ်း၏။
ဤသို့လျှင်ပဋိစ္စသမုပ္ပါဒ်ကိုမသိအောင်ဖုံးလွှမ်းခြင်း။ ။ထိုလေးပါးသော
သစ္စာတို့တွင်၊ဒုက္ခသစ္စာ၊သမုဒယသစ္စာနှစ်ပါးသည်။ လောကီသစ္စာမည်
၏။နိရောဓသစ္စာမဂ္ဂသစ္စာနှစ်ပါးသည်။လောကုတ္တရာသစ္စာမည်၏။ ။တ
နည်းဘာသည်း၊ ။အဝိဇ္ဇာသည်သုံးပါး၌အပြစ်ကိုဖုံးလွှမ်းတတ်ဖွေးရှက်
တတ်သောအဝိဇ္ဇာသည်မောဟမည်၏။ထို့ကြောင့်။ ။အဝိဇ္ဇာနာမဝဋ္ဋမူ
လဘူတောတိဘဝေသုဒေါသပဋိစ္ဆာဒကောမောဟော။ ။ဟူ၍အဘိဓမ္မ
ဋ္ဌကထာဒီပနီကျမ်း၌လာသည်။ ။အနက်ကား။ ။အဝိဇ္ဇာနာမ၊အဝိဇ္ဇာမည်
သည်ကား။ဝဋ္ဋမူလဘူတော။ဝဋ်၏မူလဖြစ်သော၊တိသုဘဝေသု၊ဘဝသုံး
ပါးတို့၌။ဒေါသပဋိစ္ဆာဒကော၊အပြစ်ကိုဖုံးလွှမ်းတတ်သော၊ မောဟော။

မောဟဟူသည်။ ။တနည်းလည်း။ လေးပါးသောအရာဌာနတို့၌။ မိုက်မဲ
တွေဝေစေတတ်သောမောဟသည်။ အာဝိဏ္ဍာမည်၏။ ။ထို့ကြောင့်စုတူပ
ပါတေသံသာရေ၊ သင်္ခါရာနံလက္ခဏေပဋိစ္စသမုပ္ပန္နဓမ္မေသုစဝိမုယှတိ။ ။
ဟူ၍အဘိဓမ္မတ္ထဒီပနီကျမ်း၌လာသည်။ ။အနက်ကား။ ။စုတူပပါတေ။
စုတိပဋိသန္ဓေ၌လည်းကောင်း။ သံသာရေ၊ သံသရာ၌လည်းကောင်း၊ သင်္ခါ
ရာနံ၊ သင်္ခါရတို့၏လက္ခဏေ၊ လက္ခဏာ၌လည်းကောင်း။ ပဋိစ္စသမုပ္ပန္နေသု
စ။ ပဋိစ္စသမုပ္ပန္နဓမ္မတို့၌လည်းကောင်း၊ ဝိမုယှတိ၊ တွေဝေ၏။ ။ထိုသို့မိုက်မဲ
တွေဝေသောပုဂ္ဂိုလ်သည်၊ အလုံးစုံဘုံသုံးပါးတို့၌။ ရုပ်နာမ်ခန္ဓာတို့၏၊ ဥပ
ဒက္ခဏာဋ္ဌိတိက္ခဏာ၊ ဘင်္ဂက္ခဏာအားဖြင့်။ ဖျက်စီးရွေ့လျောခြင်းကို။ မသုံး
သပ်မယူမူ၍၊ သတ္တဝါသေ၏။ သတ္တဝါဘဝတပါးပြောင်းသွား၏။ ဤသို့သုံး
သပ်ခြင်း၊ နှစ်လုံးသွင်းခြင်းယူခြင်းသည်၊ စုတိနှိုက်မိုက်မဲတွေဝေသည်
မည်၏။ အလုံးစုံဘုံသုံးပါးတို့နှိုက်။ ရုပ်နာမ်ခန္ဓာတို့၏ထင်ရှားဖြစ်ခြင်း။ ပဋိ
သန္ဓေဇာတိကိုမသုံးသပ်မယူမူ၍ သတ္တဝါသည်ဖြစ်၏။ သတ္တဝါ၏အသစ်
ဖြစ်သောကိုယ်သည်ထင်ရှား၏။ ဤသို့သုံးသပ်ခြင်းယူခြင်းသည်။ ပဋိသန္ဓေ
နှိုက်မိုက်မဲတွေဝေသည်မည်၏။ အလုံးစုံသောသတ္တလောကနှိုက်၊ ခန္ဓာ
အာယတနဓာတ်အစဉ်မပြတ်လည်၍ဖြစ်ခြင်းကို မသုံးသပ်မယူမူ၍။ ဤ
ပစ္စုပ္ပန်ဘဝမှသည် တမလွန်ဘဝသို့သွား၏။ တမလွန်ဘဝမှသည်။ ဤ
ပစ္စုပ္ပန် ဘဝသို့လာ၏၊ ဤသို့ သုံးသပ်ခြင်း နှစ်လုံးသွင်းခြင်း ယူခြင်း
သည်။ သံသရာနှိုက် တွေဝေသည်မည်၏။ သင်္ခါရတို့၏ သဘာဝလက္ခ
ဏာ သာမညလက္ခဏာကို။ မသုံးသပ်မယူမူ၍၊ သင်္ခါရတို့ကို အတ္တ
ဟူ၍လည်းကောင်း၊ အတ္တနိယ၊ မိမိဟူ၍လည်းကောင်း။ ဓုဝ၊ မြဲ၏ဟူ၍
လည်းကောင်း၊ သုဘ၊ တင့်တယ်၏ဟူ၍လည်းကောင်း။ သုခ၊ ချမ်းသာ
၏ဟူ၍လည်းကောင်း။ ဤသို့သုံးသပ်ခြင်း၊ နှစ်လုံးသွင်းခြင်း၊ ယူခြင်းသည်
သင်္ခါရတို့၏လက္ခဏာနှိုက် မိုက်မဲတွေဝေသည်မည်၏၊ အဝိဇ္ဇာအစရှိ
သောအကြောင်းတရားတို့ကြောင့်။ သင်္ခါရအစရှိသောအကျိုးတရားတို့၏
ဖြစ်ခြင်းကို မသုံးသပ်မယူမူ၍အတ္တသည်သိလည်းသိတတ်၏။ ထိုအတ္တ
သည်ပြုသည်းပြုတတ်၏၊ ထိုအတ္တသည် ပဋိသန္ဓေ၌ဖြစ်တတ်၏။ ထိုအတ္တ
ကိုဗြဟ္မာဗိဿနိုးတံခိုးကြီးသော နတ်တို့သည်။ ကာလလရုပ်အစရှိသောအ
ဖြစ်ဖြင့်၊ ကိုယ်ကိုကောင်းစွာတည်စေ၍။ စက္ခုအစရှိသော ဣန္ဒြေတို့ကို
ပြည့်စုံစွာဘန်ဆင်းတတ်ကုန်၏။ ထိုစက္ခုအစရှိသောဣန္ဒြေတို့နှင့်ပြည့်စုံ

သောသတ္တဝါသည် တွေ့တော်မူ၏။ ခံစားတော်မူ၏။ ပြင်းစွာဘဝ်တော်မူ၏။ မြစွာစွဲသမ်းတော်မူ၏။ စေ့ဆော်စေတော်မူ၏။ ထိုအတွက်သည်တဘန်ဘဝတပါးနှင့်ဖြစ်တော်မူ၏ဟူ၍လည်းကောင်း၊ အလုံးစုံသောသတ္တဝါတို့သည်မြဲခြင်း၊ အာရုံနှင့်ညီဘဝ်ခြင်းဘဝသို့ညွှတ်ခြင်းရှိ၏။ ဤသို့စသည့်ဖြင့် အဝိဇ္ဇာအနွဖြစ်သောပုဂ္ဂိုလ်သည်၊ ဤသို့သုံးသပ်ခြင်း၊ နှစ်လုံးသွင်းခြင်း၊ ယူခြင်းသည်။ ပရိဋ္ဌာသမုပ္ပါဒ်၌တွေဝေသည်မည်၏။ ။ဤကားဝုတ်အစရှိသောထေးပါးသောဌာနတို့နှိုက် အဝိဇ္ဇာဖြင့်ဖုံးလွှမ်းနိုင်ကြောင်း။ ထိုသို့ဆိုအပ်ခဲ့ပြီးသောအဝိဇ္ဇာသည်အင်္ဂါသေးပါးရှိသောအမိုက်မှောင်ထက်ကဲလွန်၍မိုက်ခြင်းရှိ၏။ စတုဒ္ဒသီလကွယ်သည်းကြီးစေ၊ သန်းခေါင်အခါသည်းကြီးစေ။ ထခဲနက်သောတောအုပ်လည်းဖြစ်စေ၊ မိုဃ်းမှောင်ကျသည်လည်းဖြစ်စေ။ ထိုအမိုက်သေးပါးသတ်။ ။မဟာအဝိဇ္ဇာရှိသောပုဂ္ဂိုလ်သည်၊ အလွန်မိုက်၏။ ထနည်းသည်။ အဝိတ်အပင်မရှိအမိုက်အဘိသာဖြစ်သော အမိုက်မှောင်တို့ဖြင့်ဖုံးလွှမ်းအပ်သော်သုံးခုလေးခုသော စကြာဝဠာတိုက်တို့၏အကြားနှိုက်။ ယူဇနာရှစ်သောင်းခြားသော၊ လောကန္တရိက်ငရဲသည်ရှိ၏။ ထိုလောကန္တရိက်ငရဲနှိုက်။ ဘုံခိုးအာနုဘော်ကြီးသော နေလနက္ခတ်တာရာတို့၏အရောင်ဖြင့်တကောက်ပထွန်းသင်းခြင်းမရှိကုန်သည်ဖြစ်၍၊ အလွန်လျှင်မိုက်၏။ ထိုလောကန္တရိက် ငရဲ၌ဖြစ်သော အမိုက်မှောင်ထက် သတ္တဝါတို့၏သန္တာန်၌ ကိန်းသောမဟာအဝိဇ္ဇာသည်၊ အဆတရာ အဆထတောင်မကမိုက်၏။ ။

အဝိဇ္ဇာသည်၊ ပုညာဘိသင်္ခါရ။
အပုညာဘိသင်္ခါရတို့၏ ပစ္စည်းဘဝ်သောအားဖြင့်။
ကျေးဇူးပြုခြင်းကိုပြဦးအံ့။

အဝိဇ္ဇာသည်ပုညာဘိသင်္ခါရတို့အား၊ နှစ်ပစ္စယသတ္တိဖြင့်ကျေးဇူးပြုနိုင်၏၊ အာနဥ္စာဘိ သင်္ခါရတို့အား။ တပစ္စယ သတ္တိဖြင့်ကျေးဇူးပြုနိုင်၏။ အပုညာဘိသင်္ခါရတို့အား။ များသောပစ္စယသတ္တိဖြင့်ကျေးဇူးပြုနိုင်ကုန်၏။ ။နှစ်ပစ္စယဟူသည်အဘယ်နည်း၊ အာရမ္မဏပစ္စည်း၊ ဥပနိဿယပစ္စည်းအားဖြင့် နှစ်ပါးအပြားရှိ၏၊ အဘယ်အခါ၌ အဝိဇ္ဇာသည်၊ ပုညာဘိသင်္ခါရတို့အား၊ အာရမ္မဏ သတ္တိဖြင့်ကျေးဇူးပြုသနည်း။ အဘယ်အခါ၌ဥပနိဿယ သတ္တိဖြင့်ကျေးဇူးပြုသနည်း၊ ။အဝိဇ္ဇာကို ခယဝယ ကုန်တတ်ပျက်တတ်သောအားဖြင့်သုံးသပ်ဆင်ခြင်သောအခါ၌အဝိဇ္ဇာသည်၊ ကာမာဝစရဖြစ်

သောပုညာဘိသင်္ခါရတို့အား။ အာရမ္မဏပစ္စယသတ္တိအဝိဇ္ဇာလွန်မြောက်ခြင်းငှါ။အဘိညာဏ်စိတ်ဖြင့်။ ပြင်းစွာတွေဝေသောစိတ်ကိုဆင်ခြင်သောအခါ၌။အဝိဇ္ဇာသည်။ ရူပါဝစရဖြစ်သော။ ပုညာဘိသင်္ခါရတို့အား။ အာရမ္မဏပစ္စယသတ္တိအဝိဇ္ဇာကိုလွန်မြောက်ခြင်းငှါ၊ ဒါနအစရှိသောကာမာဝစရပုညကိရိယာဝတ္ထုကိုဖြည့်ကျင့်သောသူအားလည်းကောင်း။ ရူပါဝစရဈာန်ကို ဖြစ်စေသောသူအားလည်းကောင်း၊ အဝိဇ္ဇာသည်ကာမရူပပုညာဘိသင်္ခါရတို့အား ဥပနိဿယပစ္စယသတ္တိ။ အဝိဇ္ဇာဖြင့်ပြင်းစွာတွေဝေသောကြောင့်။တဏှာမူလကအရင်းရှိသည်ဖြစ်၍။ ကာမဘဝ၏ပြည့်စုံခြင်း ရူပဘဝ၏ပြည့်စုံခြင်းကိုတောင်းတ၍ ကာမရူပကုသိုလ်တို့ကိုပြုသောသူအား၊ အဝိဇ္ဇာသည်နှစ်ပါးသော ကာမရူပပုညာဘိသင်္ခါရတို့အား ဥပနိဿယပစ္စယသတ္တိဖြင့်။ အဝိဇ္ဇာဟူသောအကြောင်းကြောင့်။ပုညာဘိသင်္ခါရဖြစ်နိုင်သည်။ ။အဝိဇ္ဇာကိုလွန်မြောက်ခြင်းငှါ။ ဒါနအစရှိသောကာမာဝစရပုညကိရိယာဝတ္ထုကို ဖြည့်ကျင့်သောသူအားလည်းကောင်း။အရူပါဝစရဈာန်ကိုဖြစ်စေသောသူအားလည်းကောင်း၊ အဝိဇ္ဇာသည်အာနေဉ္ဇာဘိသင်္ခါရတို့အား။ဥပနိဿယပစ္စယသတ္တိ။အဝိဇ္ဇာဖြင့်ပြင်းစွာတွေဝေသောကြောင့်၊တဏှာမူလကအရင်းရှိသည်ဖြစ်၍၊အရူပဘဝ၏ပြည့်စုံခြင်းကိုတောင်းတ၍၊အရူပကုသိုလ်တို့ကိုပြုသောသူအားအဝိဇ္ဇာသည်၊အာနေဉ္ဇာဘိသင်္ခါရအား။ ဥပနိဿယပစ္စယသတ္တိ တပါးဖြင့်သာအဝိဇ္ဇာဟူသောအကြောင်းကြောင့်။အာနေဉ္ဇာဘိသင်္ခါရဖြစ်နိုင်သည်။ ။ဤကားအဝိဇ္ဇာသည်။ပုညာဘိသင်္ခါရတို့အား။ပစ္စည်းတင်ဟန်ပြီး၏။ ။အဝိဇ္ဇာသည်၊အပုညာဘိသင်္ခါရတို့အား။ ပစ္စည်းတင်ဟန်ကား၊အဝိဇ္ဇာကိုအာရုံပြု၍ရာဂအစရှိသည်တို့၏ဖြစ်သောအခါ၌၊ အာရမ္မဏပစ္စယသတ္တိ၊အဝိဇ္ဇာကိုအလေးပြု၍၊ရူပါရုံအစရှိသော။ငါးပါးသောအာရုံကို သာယာသောအခါ၌။အာရမ္မဏာဓိပတိသတ္တိ၊အာရမ္မဏူပနိဿယသတ္တိ၊ အဝိဇ္ဇာဖြင့်တွေဝေသောကြောင့်။အဖြစ်ကိုမမြင်မူ၍။ပါဏာတိပါတကိုပြုသောသူအား။ ဥပနိဿယပစ္စယသတ္တိဒုတိယဇောအစရှိသည်တို့အား။ အနန္တရ။သမနန္တရ။အနန္တရူပနိဿယ။အာသေဝန။နတ္ထိဝိဂတသတ္တိတို့ဖြင့်။အဝိဇ္ဇာဟူသောအကြောင်းကြောင့်။ အပုညာဘိသင်္ခါရဖြစ်နိုင်သည်။အဝိဇ္ဇာသည်အပုညာဘိသင်္ခါရတို့အားပစ္စည်းတင်ဟန်ပြီး၏။

ဤပဋိစ္စသမုပ္ပါဒ်အရာ၌၊ အဝိဇ္ဇာဟူသော အကြောင်းတပါးကြောင့်၊ အကျိုးတပါးဖြစ်ခြင်းမရှိ၊ များစွာသောအကျိုးဖြစ်ခြင်းသည်းမရှိ။ များစွာသောအကြောင်းကြောင့်။ တခုသောအကျိုး ဖြစ်ခြင်းမရှိ များစွာသော အကြောင်းကြောင့်။ များစွာသောအကျိုးသာဖြစ်၏။ ဥပမာကား၊ ဥတု မြေမျိုးစေ့ရေဟုဆိုအပ်သော၊ များစွာသောအကြောင်းအဆင်းအနံ့အရသာအစရှိသည်တို့ဖြင့်ပြည့်စုံသောအညွှန့်ဟုဆိုအပ်သော များစွာသော အကျိုးသည်ဖြစ်သကဲ့သို့။ အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာအစရှိသည်ဖြင့်၊ အကြောင်း များစွာကြောင့် အကျိုး များစွာဖြစ်၏။ ။ အဝိဇ္ဇာသည်ပုညာဘိသင်္ခါ။ အပုညာဘိသင်္ခါရတို့အား ကျေးဇူးပြုရာ၌ အပြစ်နှင့်တကွစင်စစ်ကောင်းသောအကျိုးကို ပေးတတ်သော။ သာဝဇ္ဇဝိပါကသဘောရှိသောအဝိဇ္ဇာ၏။ အပုညာဘိသင်္ခါရတို့အား။ ကျေးဇူးပြုတန်စေ။ ပုညာဘိသင်္ခါရ။ အာနေဉ္ဇာဘိသင်္ခါရတို့၊ ကျေးဇူးပြုတတ်သောအဖြစ်သည်။ အဘယ်သို့ သိနိုင်မည်နည်း၊ ကျိုးအာစေ့မှ။ ကျိုးအာစေ့ကြောင့် ကြိပင်သည့်လည်းကောင်း။ သရက်စေ့ကြောင့် ချုန်းပင်သည်လည်းကောင်း။ထန်းစေ့ကြောင့်ပေပင်သည်လည်းကောင်း။မဖြစ်နိုင်သကဲ့သို့။မဖြစ်သင့်သည်မဟုတ်လောဟုဆိုငြားအံ့။ ။ကျေးဇူးပြုခြင်းသည် ဆန့်ကျင်သော အားဖြင့်လည်းကောင်း၊ မဆန့်ကျင်သော အားဖြင့်လည်း ကောင်း၊ကျေးဇူးပြုသည် တူသောအားဖြင့်လည်းကောင်း မတူသောအား ဖြင့်လည်းကောင်း။ကျေးဇူးပြုသည်လည်း၊ဌာနသဘာဝ။ကိစ္စဟူ၍သုံးပါးရှိ၏။ထိုသုံးပါးတို့တွင်ရှေ့စိတ်သည်။ နောက်စိတ်အား၊ဌာနဆန့်ကျင်သော အားဖြင့်ကျေးဇူးပြုခြင်း။ ရှေးနှသင်အပ်သော အတတ်သည်။ သင်ဆဲဖြစ်သောအတတ်အစရှိသည်တို့အားလည်းကောင်း၊ ကံသည်ရုပ်အားလည်း ကောင်း။ သဘောဆန့်ကျင်သောအားဖြင့်ကျေးဇူးပြု၏။ ။နို့ရည်အစ ရှိသည်တို့သည်။ နို့ဓမ်းအစရှိသည်တို့အားလည်းကောင်း။ အလင်းသည် စက္ခုဝိညာဏ်အားသည်းကောင်း။ ကိစ္စဆန့်ကျင်သောအားဖြင့်ကျေးဇူးပြု၏၊ ။မဆန့်ကျင်သောအားဖြင့် ကျေးဇူးပြုခြင်း သည်လည်း။ ဌာန။ သဘာဝ။ ကိစ္စဟူ၍ သုံးပါးအပြားရှိ၏၊ထိုသုံးပါးတို့တွင်။ ။တင်လဲ အစရှိသည်တို့သည်အရက်အစရှိသည်တို့အားလည်းကောင်း၊စက္ခုပသာဒရူပါရုံအစရှိသည်တို့သည်။ စက္ခုဝိညာဏ်အစရှိသည်တို့ အားလည်း ကောင်း။ ဌာနမဆန့်ကျင်သောအားဖြင့်ကျေးဇူးပြု၏။ ။ရှေးရှေးသော

ဇောအစရှိသည့်တို့သည်။ နောက်နောက်သော ဇောအစရှိသည့်တို့အား။ သဘောသမနန္တရကျေးဇူးဖြင့်ကျေးဇူးပြု၏။ ။ရှေးရှေးသောဇော။ နောက်နောက်သောဇောတို့သည်။ ဇောဟူသောသဘောအားဖြင့်လည်းကောင်း။ဇောကိစ္စဟူသောအားဖြင့်လည်းကောင်း။ ကိစ္စမဆန့်ကျင်သောအားဖြင့်ကျေးဇူးပြု၏။ ဌာနအရကိုလည်းတည့်ရာဌာနမဆိုလို၊ ထင်ရှားရှိသည့်ကိုဆိုလိုသည်။ ။တူသောသဘော၊မတူသောသဘောအားဖြင့် ကျေးဇူးပြုခြင်းနှစ်ပါးရှိ၏။ထိုနှစ်ပါးတို့တွင်ဥတုအာဟာရဟုဆိုအပ်သော ရုပ်သည်၊ရုပ်အားလည်းကောင်း။ သလေးစပါးတို့၏ အစေ့အစရှိသည့်တို့သည်။သလေးစပါး အစရှိသည့်တို့အားလည်းကောင်း။ တူသောအားဖြင့် ကျေးဇူးပြု၏။ ရုပ်သည်နာမ်အားလည်းကောင်း၊ နာမ်သည်ရုပ်အားလည်းကောင်း။ တူသောအားဖြင့် ကျေးဇူးပြု၏၊ ဤသို့စသည့်ကျေးဇူးပြုသောကြောင့်။အဖြစ်နှင့်တကွစင်စစ်မကောင်းသောအကျိုးကို ပေးတတ်သော သာဝဇ္ဇဝိပါကလက္ခဏာရှိသောအဝိဇ္ဇာသည်၊အဖြစ်မရှိခြင်းနှင့်တကွစင်စစ်ကောင်းသော အကျိုးကိုပေးတတ်သော အနဝဇ္ဇဝိပါကလက္ခဏာရှိသောပုညာဘိသင်္ခါရ။အာနေဉ္ဇာဘိသင်္ခါရတို့အားကျေးဇူးပြုနိုင်ကြောင်းကိုမှတ်ရမည်။

ဥပမာကား။နမသလေးစပါးမျိုးစေ့ကြောင့်။ နမသလေးစပါးအသီးအနှံသည်လည်းကောင်း ပင်စင်ခက်မသည်လည်းကောင်းဖြစ်ရသကဲ့သို့။ ထို့အတူ နမသလေးစပါးမျိုးစေ့နှင့်၊ မချအားဖြင့်တူသော။ အဝိဇ္ဇာဟူသောအကြောင်းကြောင့်၊ အသီးအနှံနှင့် ရချအားဖြင့်တူသောအကျိုး။အပုညာဘိသင်္ခါရ။ပင်စင်ခက်မနှင့်တူသော ပုညာဘိသင်္ခါရဖြစ်ရ၏၊ ဤသို့လျှင် တူသောအကျိုး။ မတူသောအကျိုးကို ဖြစ်စေနိုင်၏။ ။တနည်းလည်းအဟိဘ်တိရစ္ဆာန်ဖြစ်သောကိန္နရီမ၏ ဇနကကံကြောင့်။ တိဟိတ်ပဋိသန္ဓေဖြစ်သော၊ကောဏ္ဍဇသိယာ၏ဇနကကအကျိုးကို၊ဖြစ်စေသကဲ့သို့။အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရကိုလည်းဖြစ်စေနိုင်၏၊ ။တနည်းလည်း။သီဟဗာဟုမင်းသားသည် ပဋိသန္ဓေအခါလူဇာတ်ဖြစ်သောအမိ၏ သုတ်သွေး၊တိရစ္ဆာန်ဇာတ်ဖြစ်သော၊ အဘခြင်္သေ့၏သုက်သွေး၊ဤနှစ်ပါးသောသုက်သွေးကိုအမှီပြု၍။ပဝတ္တိအခါ၌လည်း၊ အမိလူဇာတ်နှင့်တူသော။သားလူဇာတ်။ တိရစ္ဆာန်ဇာတ်ဖြစ်သော အဘခြင်္သေ့နှင့် မတူသော။သားလူဇာတ်ဖြစ်သကဲ့သို့။ အဝိဇ္ဇာဟူသောအကြောင်းနှင့်တူသော

အကျိုးဖြစ်သော အပုညာဘိသင်္ခါရ။ ၎င်းအကြောင်းနှင့်မတူသော အကျိုးဖြစ်သောပုညာဘိသင်္ခါရဖြစ်နိုင်၏။ ။အဝိဇ္ဇာဖြင့်ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရကိုအားထုတ်ရာ၌ကား။ အဝိဇ္ဇာဖြင့်မိုက်မဲတွေဝေခြင်းကြောင့်၊ကာမဘုံ ရူပဘုံ၌၊ လူနတ်တို့၏စည်းစိမ်ချမ်းသာရူပဗြဟ္မာတို့၏ဈာန သုခချမ်းသာကိုတောင်းတ၍၊ ရံခါပုညာဘိသင်္ခါရကို အားထုတ်ခြင်း။ဒုစရိုက်ဆယ်ပါးတို့၌လွန်ကြူးလိုသောဝိတက္ကမစေတနာရှိသည်ဖြစ်၍၊ရံခါအပုညာဘိသင်္ခါရကိုအားထုတ်ခြင်း။ အရူပဘုံ၌ဖြစ်သော၊ အရူပဗြဟ္မာတို့၏၊ဈာနသုခကိုတောင်းတ၍၊ ရံခါအာနေဉ္ဇာဘိသင်္ခါရတို့ကိုအားထုတ်ခြင်းတို့သည်ဖြစ်ကြရလေသည်။

ဥပမာသော်ကား၊ခရီးနိုက်လိမ္မာသောကျောက်ကျွား။ခရီး၌ပင်လိမ္မာ၍၊ အမိဝမ်းတွင်းက အလင်းမ...။အစက္ခုကဇစ္စန္ဓယောကျ်ားသည်၊ ရံခါခရီးဟုတ်သည်။ ရံခါခရီးမဟုတ်သည်ကိုလည်းကောင်း၊ ကုန်းကြည်ချိုင့်ဝှမ်းရာအရပ်ကို လည်းကောင်း၊ ညီညွတ်ရာ မညီညွတ်ရာ အရပ်ကိုလည်းကောင်းသွားရသကဲ့သို့။ပုညာဘိသင်္ခါရကိုသို့လည်း၊အပုညာဘိသင်္ခါရကိုသို့လည်း၊အာနေဉ္ဇာဘိသင်္ခါရကိုသို့လည်း၊သုံးပါးကိုပြုခြင်းအားထုတ်ခြင်းဖြစ်ကြလေသည်။ထို့ကြောင့်။ ။

ယထာနာမ အန္ဓောဝ ပထဝိယံ စရန္တော၊ မဂ္ဂံပိ အမဂ္ဂံပိ၊
ထလံပိ နိန္နံပိ သမံပိ။ ဝိသမံပိ ပဋိပဇ္ဇတိ ယထာ၊ ဧဝံ ပုညံပိ
အပုညံပိ။ အာနေဉ္ဇာဘိသင်္ခါရံပိ အဘိသင်္ခရောတိ။
ဟူ၍ အဘိဓမ္မတ္ထဒီပကကျမ်း၌ဆိုသည်။

အနက်ကား။ယထာနာမ။ဥပမာသော်ကား၊ အန္ဓော။သူကန်းသည်၊ပထဝိယံ။ မြေ၌။ဝိစရန္တော။ သွားသည်ရှိသော်။မဂ္ဂံပိ။ ခရီးဟုတ်သည်ကိုလည်းကောင်း။ အမဂ္ဂံပိ။ ခရီးမဟုတ်သည်ကိုလည်းကောင်း၊ ထလံပိ။ ကြည်းကုန်းကိုလည်းကောင်း။ နိန္နံပိ၊ကြည်းကိုင်း၊ သမံပိ။ ညီညွတ်ရာအရပ်ကိုလည်းကောင်း။ဝိသမံပိ၊ မညီညွတ်ရာအရပ်ကိုလည်းကောင်း။ ပဋိပဇ္ဇတိယထာ။သွားလေသကဲ့သို့၊ဧဝံတထာ၊ထို့အတူ၊ ပုညံပိ။ပုညာဘိသင်္ခါရကိုလည်းကောင်း၊ အပုညံပိ။ အပုညာဘိသင်္ခါရကို လည်းကောင်း။အာနေဉ္ဇာဘိသင်္ခါရံ။ အာနေဉ္ဇာဘိသင်္ခါရကိုလည်းကောင်း။ အဘိသင်္ခရောတိ။အားထုတ်၏။

အဝိဇ္ဇာပစ္စယာ သင်္ခါရာဟူသောပုဒ်၌။ ဝိဂ္ဂြဟ်၊ လက္ခဏာ၊ ရသ၊
ပစ္စုပ္ပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကိုပြဆိုဦးအံ့။

အာရမ္မဏံဝိဇာနာတိ ဣတိဝိညာဏံ။ ။ယံဓမ္မဇာတံ။ အကြင်သဘောတရားသည်၊ အာရမ္မဏံ။ အာရုံကို။ ဝိဇာနာတိ။ သိတတ်၏။ ဣတိ။ တသ္မာ။ ထို့ကြောင့်။ တံဓမ္မဇာတံ၊ ထိုသဘောတရားသည်၊ ဝိညာဏံ။ ဝိညာဏ်မည်၏၊ ။ဝိဂြဟ်ရှိသော ဥဒါဟရဏ်ကောင်းစွာမှတ်ရမည်။ ။ဝိညာဏံဝိဇာနန ပုဗ္ဗင်္ဂမရသံ၊ ပဋိသန္ဓိပစ္စုပ္ပဋ္ဌာနံ၊ သင်္ခါရပဒဋ္ဌာနံ၊ ဝတ္ထာရမ္မဏပဒဋ္ဌာနံဝါ။ ။ အနက်ကား။ ဝိညာဏံ။ ဝိညာဏ်သည်၊ ဝိဇာနနလက္ခဏံ။ အာရုံကိုသိခြင်းလက္ခဏာရှိ၏။ ပုဗ္ဗင်္ဂမရသံ။ သမ္ပယုတ်တရားလျှင်ပြဋ္ဌာန်းခြင်း ရသကိစ္စရှိ၏။ ပဋိသန္ဓိပစ္စုပ္ပဋ္ဌာနံ။ ပဋိသန္ဓေလျှင်ထင်သောအခြင်းအရာရှိ၏။ သင်္ခါရပဒဋ္ဌာနံ၊ သင်္ခါရလျှင်နီးစွာသောအကြောင်းရှိ၏၊ ဝါ၊ တနည်းကား။ ဝတ္ထာရမ္မဏပဒဋ္ဌာနံ၊ ဝတ္ထုအာရုံလျှင်နီးစွာသောအကြောင်းရှိ၏။ ၎င်းဝိညာဏ်၏အရကို။ ပဋိသန္ဓေဝိညာဏ်၏အစွမ်းအားဖြင့်။ တခုယုတ်နှစ်ဆယ်။ ပဝတ္တိဝိညာဏ်၏အစွမ်းအားဖြင့်။ သုံးဆဲ့နှစ်ပါးသောဝိညာဏ်ကိုယူအပ်၏။ ။ ထို့ကြောင့် ပဋိသန္ဓိဝသေန ဧကူနဝီသတိဝိဓံ။ ပဝတ္တိဝသေန ဒွတ္တိံသဝိဓံ ဝိပါကဝိညာဏံနာမ။ ။ဟူ၍သင်္ခေပဋီကာ၌လာသည်။ ။ အနက်ကား။ ပဋိသန္ဓိဝသေန။ ပဋိသန္ဓေ၏အစွမ်းအားဖြင့်။ ဧကူနဝီသတိဝိဓံ။ တခုယုတ်နှစ်ဆယ်အပြားရှိသော။ ပဝတ္တိဝသေန။ ပဝတ္တိအစွမ်းအားဖြင့်။ ဒွတ္တိံသဝိဓံ။ သုံးဆဲ့နှစ်ပါးအပြားရှိသော၊ ဝိပါကဝိညာဏံ။ ဝိပါက်စိတ်သည်။ ဝိညာဏံနာမ။ ဝိညာဏ်မည်၏။ ။တနည်းလည်း သင်္ခါရ၏အကြောင်းကြောင့်ဖြစ်သောအကျိုးဖြစ်သောဝိညာဏ်၏အရကို။ လောကီဝိပါက်သုံးဆဲ့နှစ်ပါးကိုယူအပ်၏။ ။ထို့ကြောင့်၊ သဗ္ဗာနိပိ ဗာတ္တိံသလောကိယဝိပါကာနိ သင်္ဂဟိတာနိ ဟောန္တိ။ ။ဟူ၍သမ္မောဟအဋ္ဌကထာ၌လာသည်။ ။ထိုအဋ္ဌကထာ၏အနက်ကား။ ။သဗ္ဗာနိပိ။ အလုံးစုံလည်းဖြစ်ကုန်သော၊ ဗာတ္တိံသလောကိယ ဝိပါကဝိညာဏာနိ။ သုံးဆဲ့နှစ်ပါးသော။ လောကီဝိပါက်ဝိညာဏ်တို့ကို။ သင်္ဂဟိတာနိ၊ သင်္ဂြိုဟ်အပ်ကုန်၏။ ။ဤအရာ၌အဘယ်ကြောင့် လောကီဝိပါက်ဝိညာဏ်ကိုသာယူအပ်သနည်း။ လောကုတ္တရာဝိပါက်ဉာဏ်ကိုလည်း၊ ဝိပါကအဖြစ်ဖြင့်တူသောကြောင့်။ ယူအပ်သည်မဟုတ်လောဆိုငြားအံ့။ လောကုတ္တရာဝိပါက်ဝိညာဏ်ကို

ကားဝိပါကအဖြစ်တူကြသော်လည်း၊ ဝဋ္ဋစကား၌မယှဉ်သောကြောင့်မယူအပ်။ ထို့ကြောင့်။ ။လောကုတ္တရဝိပါကနိပန္န၊ ဝဋ္ဋကထာယနယုဇ္ဇန္တိ တိနဂဟိတာနိ။ ။ဟူ၍သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ဆိုသည်။ ။အနက်ကား။ ။လောကုတ္တရဝိပါကာနိပန္န။လောကုတ္တရာဝိပါက်စိတ်တို့ကား၊ ဝဋ္ဋကထာယ၊ ဝဋ္ဋစကား၌။နယုဇ္ဇန္တိ။မယှဉ်အပ်ကုန်၊ဖွတ်တည့်၊ထို့ကြောင့်။ နဂဟိတာနိ၊မယူအပ်ကုန်၊၍သို့ဖွင့်ဆိုသည့်အတိုင်း။ဝိညာဏ်အရကို၊ပဋိသန္ဓေဝိညာဏ်။လောကီဝိပါက်ဝိညာဏ်၊ ဝိတ်ထရယှုတ်ကိုးဆယ်ဝိညာဏ်ကိုယူလေ၊ရင်းဝိညာဏ်အကြောင်းဖြစ်သော၊သင်္ခါရကိုလည်း၊ ပဋိသန္ဓေအခါ၌။ ဥဒ္ဒစ္စစေတနာကိုကြဉ်အပ်၏၊ ပဋိသန္ဓေပဝတ္တိအခါ၌၊ အဘိညာဏ်စေတနာကိုကြဉ်အပ်၏။ ထို့ကြောင့်၊ ။ဥဒ္ဒစ္စဥဒ္ဒစ္စစေတနာဝဇ္ဇိတဉ္စယံဝဇ္ဇေတဗ္ဗာ။ ။ဟူ၍သင်္ခေပဋိကာ၌လာသည်။ ။အနက်ကား။ ဥဒ္ဒစ္စ၊၍ဝိညာဏ်၏အကြောင်းဖြစ်သော၊သင်္ခါရဟူသောပုဒ်၌၊ဥဒ္ဒစ္စစေတနာ။ဥဒ္ဒစ္စစေတနာကို။ပဋိသန္ဓိယံ၊ပဋိသန္ဓေအခါ၌။ဝဇ္ဇေတဗ္ဗာ၊ ကြဉ်အပ်ကုန်၏၊အဘိညာစေတနာပန၊အဘိညာဏ်စေတနာကိုကား။ဥဘယတ္ထ၊ပဋိသန္ဓေပဝတ္တိအခါနှစ်ပါး၌၊ဝဇ္ဇေတဗ္ဗာ။ကြဉ်အပ်ကုန်၏၊အဘယ့်ကြောင့်ရင်းစေတနာကို၊ပဋိသန္ဓေအခါ၌ကြဉ်သနည်း။ ပဋိသန္ဓေကိုဖြစ်စေတတ်သောဇနကသတ္တိမရှိသောကြောင့်လည်းကောင်း။ ပဋ္ဌာန်းကျမ်း၌နာနက္ခဏိကပစ္စည်း၏တစ်ခြင်းကို၊မဟောသောကြောင့်လည်းကောင်း။ရင်းစေတနာကိုကြဉ်အပ်သည်။ ပဋိသန္ဓေပဝတ္တိအခါ၌၊နှစ်ပါး၌အဘိညာဏ်စေတနာကို၊အဘယ့်ကြောင့်ကြဉ်အပ်သနည်း။ရင်းစေတနာသည်၊ ကသိုဏ်းစသောအာရုံ၌၊ဖြစ်စေအပ်သော်ရူပါဝစရစတုတ္ထဈာန်၏၊အကျိုးဖြစ်သောကြောင့်စတုတ္ထဈာန်သမာဓိ၏ အကျိုးနှင့်သာတူ၏။ ရင်းအဘိညာဏ်စေတနာသည်။ တစ်ခုတခုသောဝိပါက်ဝိညာဏ်တည်းဟူသော အကျိုးကိုမဖြစ်စေနိုင်သောကြောင့်လည်းကောင်းကြဉ်အပ်၏၊တနည်းလည်း။ အကျိုးကိုဖြစ်စေခြင်းသည်။ သဘောတူသောစိတ်မှအာသေဝနပစ္စည်းကိုရခဲ့သော်လည်းကောင်း၊ထိုသို့ပင်ရသော်လည်း။ အားကြီးသောအကျိုးရှိခဲ့မှ။ အကျိုးကိုပေးနိုင်သည်၊ရင်းစေတနာသည်။ ထိုသို့သောအကြောင်းမရှိသောကြောင့်။အကျိုးကိုမပေးနိုင်။ ။ထို့ကြောင့်၊ ။သမာနာသေဝနေလဒ္ဓေ ဝိဇ္ဇမာနေမဟဗ္ဗလေ၊အလဒ္ဓါတာဒိသံဟေတုံအဘိညာနေဝပစ္စတိ။ ။ဟူ၍နာမရူပပရိစ္ဆေဒ ကျမ်းဆိုသည်။ ။သမာနာသေဝနေ။ သဘောတူ

သောစိတ်၌အာသေဝနပစ္စည်းကို။ ထင်ရှား၊ ရခဲ့မှု၊ မဟုတ်ပေ။ အားကြီးသော အာသေဝနပစ္စည်းသည်။ ဝိပါကမာနေ၊ ရှိပါမှ။ ဝိပါကံ၊ အကျိုးကို။ ဒေတိ၊ ပေး၏။ အဘိညာ၊ အဘိညာဏ်ကုသိုလ်စေတနာသည်။ တခါသာဟောတုံ၊ ထိုသို့သောအကြောင်းကို၊ အလဒ္ဓါ၊ မရမူ၍၊ နဝိပစ္စတိ။ အကျိုးကိုမဖြစ်စေနိုင်။ ။ ထိုသင်္ခါရသုံးပါးဘို့သည်။ ပဋိသန္ဓေဝိပါက်ဝိညာဏ်ကိုဖြစ်စေရာ၌။ အဝိဇ္ဇာ တဏှာတို့နှင့်ကင်း၍။ သက်သက်ပဋိသန္ဓေဝိပါက်ဝိညာဏ်ကိုမဖြစ်စေနိုင် အဝိဇ္ဇာနုသယသည်ခြွင်းမဲ့ပယ်အပ်သော တဏှာနုသယသျှင် အရင်းရှိသော။ ကုသိုလ် အကုသိုလ်ကံဟု ဆိုအပ်သောသင်္ခါရသည်။ ပဋိသန္ဓေဝိပါက် ဝိညာဏ်ကိုဖြစ်စေနိုင်သည်။ အဘယ်သို့သျှင်။ အဝိဇ္ဇာနုသယခြွင်းမဲ့၍။ တဏှာနုသယအရင်းရှိလျက်ကုသိုလ်အကုသိုလ်ကံဟုဆိုအပ်သောသင်္ခါရသည်ပဋိသန္ဓေဝိပါက်ဝိညာဏ်ကိုဖြစ်စေနိုင်သနည်းဟူမူ အရိယမဂ်ဖြင့် မပါယ်ရသေးသောပုထုဇဉ်ပုဂ္ဂိုလ်၏ သန္တာန်၌။ အဘန်တလဲလဲဖြစ်တတ် ကိန်းဘတ်သောကြောင့်။ အဝိဇ္ဇာနုသယသည် ခြွင်းမဲ့အပ်၏။ ။ တဏှာနုသယနှင့် ကင်း၍၊ သင်္ခါရ၏ ပဋိသန္ဓေဝိပါက်ဝိညာဏ်ကို ဖြစ်စေခြင်းငှာ မတတ်နိုင်။ ထိုသို့မတတ်နိုင်သည်ဖြစ်၍သင်္ခါရ၏ ပဋိသန္ဓေကို ဖြစ်စေခြင်း၌ ထက်ဝန်းပြုတတ်သောအကြောင်းရင်းဖြစ်တတ်သောကြောင့်။ တဏှာနုသယသျှင် အကြောင်းရင်းရှိ၏။

ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ၊ ကဋတ္တာကံ၊ ငါးလေးပါးသောကံတို့တွင်။ ပဋိသန္ဓေဝိပါက်ဝိညာဏ်ကို ဖြစ်စေတတ်သော လေးပါးသော ကုသိုလ်။ အကုသိုလ်ဇနကကံသည်လည်းကောင်း။ ကမ္မနိမိတ်၊ ဂတိနိမိတ်ဟု ဆိုအပ်သောအဝိဇ္ဇာအစရှိသော ကုသိုလ်အကုသိုလ်စေတနာဟုဆိုအပ်သော၊ ဇနကသတ္တိရှိသောကံသည်လည်းကောင်း။ ထိုကံနှင့်တကွဖြစ်သော ဖဿအစရှိသော တရားအပေါင်းသည်လည်းကောင်း။ စုတိ၏အနီး၌ဖြစ်သောမရဏာသန္နဇောနှင့်တကွဖြစ်သော ကုသိုလ်အကုသိုလ် စေတနာကံသည်လည်းကောင်း၊ သင်္ခါရမည်၏။ ထိုသင်္ခါရသည် ပဋိသန္ဓေဝိပါက်ဝိညာဏ်ကိုဖြစ်စေ၏။ ထိုသို့ပဋိသန္ဓေဝိပါက်ဝိညာဏ်ကိုဖြစ်စေတတ်သောကုသိုလ်အကုသိုလ်စေတနာဟုဆိုအပ်သော သင်္ခါရသည်ပြုရာဖြစ်သောဘဝသည်ကား။ အတိတ်ဘဝ။ ပစ္စုပ္ပန်ဘဝ၌သာဖြစ်၏။ အတိတ်ဘဝ၌ ပြုအပ်သည်းဘူးအပ်သော ကုသိုလ်အကုသိုလ်ကံသည်အကယ်၍ အကျိုးကိုပေးသည်ဖြစ်အံ့၊ အပရာပရိယဝေဒနီယကံဟုဆိုအပ်သော။ သင်္ခါရသည်

ဖြစ်စေအပ်သည့်ဖြစ်၍ပစ္စုပ္ပန်ဝိပါက်ဝိညာဏ်တည်း၏။ ။ပစ္စုပ္ပန်ဘဝ၌ပြုအပ်သည်းဘုံးအပ်သော ကုသိုလ်အကုသိုလ်ကံသည် အကယ်၍အကျိုးပေးသည်ဖြစ်အံ့။ ဥပပဇ္ဇဝေဒနီယကံဟုဆိုအပ်သော သင်္ခါရသည်ဖြစ်စေအပ်သည်ဖြစ်၍တဘန်ဘ၁ သစ်၌ပစ္စုပ္ပန်ဝိပါက်ဝိညာဏ်ဘည်း၏။ ။ဤကားအနန္တရဘဝ။အပရာပရိယဘ၁သည့်၊အကျိုးပေးသောကာလမည်၏။ကံသည်ဒိဋ္ဌဓမ္မအခြားမဲ့ဖြစ်သောဘဝ၌၊ အကယ်၍အကျိုးပေးသည်ဖြစ်အံ့။ ဥပပဇ္ဇဝေဒနီယဟုဆိုအပ်သော သင်္ခါရသည်ဖြစ်စေအပ်သည်ဖြစ်၍။ဒုတိယဘဝ၌ပစ္စုပ္ပန်ဝိပါက်ဝိညာဏ်တည်း၏၊ အပရာပရိယဘဝ၌အကယ်၍အကျိုးပေးသည်ဖြစ်အံ့။ အပရာပရိယဝေဒနီယဟုဆိုအပ်သော သင်္ခါရသည် ဖြစ်စေအပ်သည်ဖြစ်၍ တတိယဘဝအစရှိသောဘဝ၌ ပစ္စုပ္ပန်ဝိပါက်ဝိညာဏ်တည်း၏၊

တနည်းလည်းကုသိုလ်ကံသည်။အကျိုးကိုဖြစ်စေသည်ဖြစ်အံ့။ အကျိုးကို ဖြစ်တတ်သော ကံအားလျော်စွာ၊ အနုသယ အစွမ်းအားဖြင့် အဝိဇ္ဇာတဏှာတို့၏ ဖြစ်ခြင်း အားလျော်သောအားဖြင့်၊ ကုသိုလ်ကံဟုဆိုအပ်သော သင်္ခါရသည်ဖြစ်စေအပ်သည်ဖြစ်၍ ပစ္စုပ္ပန်ဝိပါက်ဝိညာဏ်တည်း၏။အကုသိုလ်ကံသည်အကျိုးကိုဖြစ်စေသည်ဖြစ်အံ့၊ အကျိုးကိုဖြစ်စေတတ်သောအကုသိုလ်ကံ အားလျော်စွာ၊မရဏာသန္နဇောနှင့်တကွဖြစ်သည်၏ အစွမ်းအားဖြင့်လည်း၊ အဝိဇ္ဇာတဏှာတို့၏ ဖြစ်ခြင်းအားလျော်သောအားဖြင့်အကုသိုလ်ကံဟုဆိုအပ်သော သင်္ခါရသည်ဖြစ်စေအပ်သည်ဖြစ်၍ပစ္စုပ္ပန်ဝိပါက် ဝိညာဏ်တည်း၏။ ထိုပစ္စုပ္ပန်ဝိညာဏ်ဖြစ်တတ်သောကုသိုလ်ကံအကုသိုလ်ကံသည်ထင်းကောင်း၊ထိုကံနှင့်သဘာဝတူဖြစ်သောပဿဿ အစရှိသောတရားအပေါင်းသည်လည်းကောင်း၊ ရုတိ၏အနီး၌ဖြစ်သောမရဏာသန္နဇောနှင့်တကွဖြစ်သော ကုသိုလ်အကုသိုလ်ကံဟုဆိုအပ်သော သင်္ခါရသည်ထင်းကောင်း။ပစ္စုပ္ပန်ဝိညာဏ်ကိုဖြစ်စေသည်ရှိသော်။ အပါယ်သို့လားလတ္တံ့သောသတ္တဝါ။ သုဂတိသို့လားလတ္တံ့သော သတ္တဝါတို့အား၊သာဓုနမနမဝိသနသုံးပါးတို့၏အစွမ်းအားဖြင့်၊ ပစ္စုပ္ပန်ဝိညာဏ်ကိုဖြစ်စေအင်၏၊ ထိုသို့ဖြစ်စေရာ၌။ အပါယ်သို့လားလတ္တံ့သော သတ္တဝါတို့အား၊မရဏာသန္နဇောနှင့်တကွဖြစ်သောအဝိဇ္ဇာသည်။ပစ္စုပ္ပန်ဝိညာဏ်၏ ကံအစရှိသောအာရုံ၌ အပြစ်ကိုဖုံးလွှမ်းအပ်သော အပြစ်ရှိသောကံအစရှိသောအာရုံ၌။ မရဏာသန္နဇောနှင့်တကွဖြစ်သောဘ၁ကို

တောင်းတတတ်သောတဏှာသည်။ ပဋိသန္ဓေဝိညာဏ်ကို ဥပ္ပတ်စေအပ်သည်။ အဝိဇ္ဇါသည်ဖုံးလွှမ်းအပ်သောအပြစ်ရှိသောကံအစရှိသောအါရုံ၌။ မရဏာသန္နဇောနှင့်တကွဖြစ်သောဘဝအကြင်ဆိုအပ်ခဲ့ပြီးသော သင်္ခါရတို့သည်ပဋိသန္ဓေဝိညာဏ်ကိုဖြစ်စေတတ်ကုန်၏။ ။ဤကားအပါယ်သို့လားလတ္တံ့သောသတ္တဝါတို့အား။ ဆာဒန၊နံ ၊နံ၊ ခိပနတို့၏အစွမ်းအားဖြင့်။ ပဋိသန္ဓေဝိညာဏ်ကိုဖြစ်စေခြင်း။ သုဂတိဘဝသို့လားလတ္တံ့သောသတ္တဝါတို့အား။ အရိယမဂ်ဖြင့်မပါယ်ရသေးသောအဝိဇ္ဇာသည်။ ပဋိသန္ဓေဝိညာဏ်၏ ကံအစရှိသောအာရုံ၌။ ဘဝကိုတောင်းတတတ်သောတဏှာသည်။ ပဋိသန္ဓေဝိညာဏ်ကိုညွတ်စေအပ်သည်။ ဤအရာ၌အဝိဇ္ဇာနုသယခြံရံ၏ဆိုသည့်မှာ။ အလုံးစုံသောပုထုဇန်ပုဂ္ဂိုလ်တို့အား အနုသယမကင်းသည်ကိုရည်၍ဆိုလိုသည်။ ။အတူတကွသဟဇာတအစွမ်းအားဖြင့်ဖြစ်သည်ကိုမဆိုလို။ တဏှာတည်းဟူသောမူလအကြောင်း။ သတ္တဝါတို့အားပဋိသန္ဓေနေရသည်။ ၎င်းမူလနှစ်ပါးကင်းပြီးသော မဟာရဟန္တာပုဂ္ဂိုလ်တို့အား။ ပဋိသန္ဓေနေခြင်းမရှိ။ ။ထိုသုံးဆယ့်နှစ်ပါးသောအကျိုးဖြစ်သောပဋိသန္ဓေဝိပါက်ဝိညာဏ်တို့သည်၊ ဆည်းဘူးအပ်သောပုညာဘိသင်္ခါရကုသိုလ်၊ အပုညာဘိသင်္ခါရ အကုသိုလ်တည်းဟူသော အကြောင်းဇနကကံမရှိခဲ့သော်။ ၎င်းဆိုအပ်ခဲ့ပြီးသော အကျိုးဝိညာဏ်အား။ ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့်ကျေးဇူးပြုနိုင်သည်၊ ။နာနက္ခဏိကပကတူပနိဿယပစ္စည်းပြုရာ၌လည်း၊ ၎င်းဆိုအပ်ပြီးသောအကြောင်းဇနကကံသည်။ ၎င်းဆိုအပ်ပြီးသောအကျိုးပဋိသန္ဓေ ဝိပါက်ဝိညာဏ်အား။ ပဋ္ဌာန်းနည်းအားဖြင့် ကျေးဇူးပြုနိုင်သည်။ ။စုတိသည်ပဋိသန္ဓေအားအနန္တရ ပစ္စည်းတပ်၍ ကုသိုလ်အကုသိုလ်တို့၌ခြံရံအပ်သော အဝိဇ္ဇာတဏှာသည် ပဋိသန္ဓေအားပကတူပနိဿယပစ္စည်းတပ်၍ပစ္စုပ္ပန်ကာလ၌တပါး။ အထူးထူးသောအတိတ်ကာလ၌ဖြစ်သောနာနက္ခဏိကစေတနာသည်၊ ပဋိသန္ဓေစိတ်အား။ နာနက္ခဏိကကမ္မပစ္စည်းတပ်၍။ ဤသို့အသီးအသီးပစ္စည်းတပ်လေ။ ။ဤကားစုတိပဋိသန္ဓေနှစ်ပါးတို့၏။ အနန္တရပကတူပ။ နာနက္ခဏိကသဟဇာတပစ္စည်းတပ်ပုံ၊ ။

စုတိပဋိသန္ဓေနှစ်ပါးတို့တွင်။ အဘယ့်ကြောင့် စုတိမည်သနည်း၊ အဘယ်ကြောင့်ပဋိသန္ဓေမည်သနည်း၊ ထင်ရှားရှိသောပစ္စုပ္ပန်ဘဝမှရွေ့လျောတတ်သောကြောင့်စုတိမည်၏။ ဘဝသစ်နှင့်ဘဝဟောင်းကို။ ထစပ်

ထည်းကဲ့သို့စပ်တတ်သောကြောင့်ပဋိသန္ဓေမည်၏၊ထိုနှစ်ပါးတို့တွင်။ အတိတ်ဘဝ၌၊အသက်အပိုင်းအခြားအားဖြင့် လည်းကောင်း။ဒိဗ္ဗ လုလ္လပယောဂအားဖြင့် လည်းကောင်း။ အလွန်နီးသော သေခြင်းရှိသည့်ဖြစ်၍၊သည်းခံခြင်းငှါမတတ်နိုင်။အလုံးစုံသောအင်္ဂါကြီးငယ်အစပ်အဆွဲတို့ကိုဖြတ်တတ်သောသေခြင်းလျှင်အဆုံးရှိသောဝေဒနာဘည်းဟူသော ဓါတ်လက်နက်တို့၏ပေါင်းမိခြင်း၊ကျယိခြင်း ရှုးဝင်ခြင်းကို၊ သည်းခံခြင်းငှါမတတ်နိုင်သောသတ္တဝါ၏ခန္ဓာကိုယ်၌၊အလွန်ပြင်းပြစွာပူသောမီး၌၊ ထည့်အပ်သောထန်းရွက်ကဲ့သို့။အစဉ်သဖြင့်၊ခန္ဓာကိုခြောက်တင်ထက်ချေသော်၊စက္ခုအစရှိသောဣန္ဒြေတို့သည်။ချုပ်ကုန်ပြီးသော်၊ဟဒယဝတ္ထုမျှ၌။ကာယိန္ဒြေတို့၏တည်စဉ်ပင်စုတိစိတ်ဖြစ်၏။ ။ဤကားနာမ်ခန္ဓာတို့၏စုတိခြင်း၊ ။ အလွန်နီးသော သေခြင်းရှိသော ကာလ၌၊ စုတိစိတ်မှ၊ ပဋိလောမအားဖြင့်ပြန်၍ ရေသည်ရှိသော်၊တဆဲ့ခုနစ်ချက်မြောက်သောစိတ်၏။ ဤကာလမှစ၍၊ကမ္မဇရုပ်တို့သည်မဖြစ်ကုန်၊ စုတိစိတ်အထက်၌ရှိသော။ တဆဲ့ခုနစ်ချက်မြောက်သောစိတ်၏၊ဥပ္ပါဒက္ခဏ၌ဖြစ်သောစိတ်တို့သည်လည်း၊ စုတိစိတ်နှင့်မျှသောကာလပတ်လုံးသာလျှင်ဖြစ်၍ ချုပ်ကုန်၏။ ၊စုတိစိတ်မှပြန်၍ရေသည်ရှိသော်၊တဆဲ့နှစ်ချက်မြောက်သောစိတ်၏ဥပ္ပါဒက္ခဏ၌ဖြစ်သော၊စိတ္တဇရုပ်အာဟာရဇရုပ်တို့သည်၊စိတ္တက္ခဏတဆဲ့ခုနစ်ချက်၊ခဏငယ်ငါးဆဲ့တချက်။ အသက်ရှိသည်ဖြစ်၍၊စုတိစိတ်နောင်စိတ္တက္ခဏ တကြိမ်ခန့်ဖြစ်၍ချုပ်ကုန်၏၊ထို၊စုတိစိတ်၏ဥပ္ပါဒက္ခဏနှင့် ဖြစ်သောစိတ္တဇရုပ်အာဟာရဇရုပ်တို့သည်၊ စိတ္တက္ခဏတဆဲ့ခုနစ်ချက်။ ခဏငယ်ငါးဆဲ့တချက်။အသက်ရှိသည်ဖြစ်၍။စုတိစိတ်နောင်။ စိတ္တက္ခဏတဆဲ့ခြောက်ကြိမ်ခန့်ဖြစ်၍ချုပ်ကုန်၏၊ ။ဤသို့စသည်ဖြင့်။ ကမ္မဇရုပ်အစဉ် ပြတ်စဲခြင်းပင်လျှင်။ရုပ်စုတိဖြစ်၏။ ။အနည်းသည်းဖိဝိတ်ဒွေ့ ကမ္မဇတေဇော ဝိညာဏံ။ ငင်းသုံးပါးတို့စွန့်ပြစ်သောအခါ၊စုတိသည်မည်၏။ ။ထိုကြောင့်

အာယုဥသမာ စဝိညာဏံ။ယဒါကာယံဇဟန္တိမံ၊

အပဝိဒ္ဓေါတဒါသေတိ။နိရတ္ထံကံဝကလိင်္ဂရံ။ ။

ဟူ၍ဋီကာကျော်ကျမ်း၌ဆိုသည်။ ။

အနက်ကား၊အာယုစ၊အသက်ဟုဆိုအပ်သောဖိဝိတိန္ဒြေသည်လည်းကောင်း၊ဥသမာစ၊ ကမ္မဇတေဇောဓါတ်သည်လည်းကောင်း၊ ဝိညာဏံ၊ ဝိညာဉ်သည်လည်းကောင်း။ဣမေတယော၊ဤသုံးပါးသောတရားတို့သည်

ယဒါ၊ အကြွင်အခါ၌။ ဆူမံကာယံ၊ ဤခန္ဓာကိုယ်ကို။ ဇဟန္တိ၊ စွန့်ကုန်၏။ ထဒါ၊ ထိုအခါ၌ကား။ နိရတ္ထကံ၊ အသုံးမကျသော၊ ကလင်္ဂရံဝ၊ မွဲထင်းတုံးကဲ့သို့။ ပထဝိံ၊ မြေ၌။ သေဿတိ၊ အိပ်ရ၏။ ။ထိုသို့ ဆိုအပ်ပြီးသော စုတိခြင်းသည်လည်း။ ။တဒါရုံ စုတိ၊ တဒါရုံ နောင်ဘဝင်၊ ဘဝင်နောင်စုတိ၊ ဇော နောင်စုတိ၊ ဇောနောင်ဘဝင်။ ဘဝင်နောင်စုတိဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင်။ ရှေ့နှစ်ပါးကား၊ ကာမဘုံမှစုတေ၍ကာမဘုံ၌ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်အားသာလျှင်ဖြစ်သည်၊ နောက်နှစ်ပါးကား၊ အသညသတ်ဘုံမှစုတေသောပုဂ္ဂိုလ်မှာပါ၊ အမှတ်မရှိသောဘုံမှ စုတေ၍။ အမှတ်မရှိသောဘုံ၌။ ပဋိသန္ဓေနေသောပုဂ္ဂိုလ်တို့အားပင်ဖြစ်သည်။ ။

၎င်းဆိုအပ်ပြီးသောပဋိသန္ဓေ၏။ အနန္တရဖြစ်သောစုတိစိတ်သည်၊ ပဋိသန္ဓေစိတ်အား။ အနန္တရပစ္စည်းတပ်၏။ တဘဝ၊ နှစ်ဘဝစသည် ခြားသော စုတိစိတ်သည်။ ပဋိသန္ဓေသစ်အား အနန္တရပစ္စည်း။ မတပ်။ ။စုတိစိတ်၏ ဘင်္ဂက္ခဏနှင့်၊ ပဋိသန္ဓေစိတ်၏ဥပ္ပါဒက္ခဏသည်၊ အခြားမရှိသည်၏ အဖြစ်ကြောင့်အနန္တရပစ္စည်းတပ်နိုင်သည်။ ထိုသို့အနန္တရပစ္စည်းတပ်နိုင်သည်ကိုဆိုသဖြင့်။ အမိ၏ဥတုသွေးထားပြီး၍။ စင်ကြယ်သောကာလ။ မိဘတို့၏ ပေါင်းဘော်သောကာလကိုင့်၍။ သတ္တဝါတို့သည်။ ကြားဘဝ၌။ ခုနစ်ရက်မျှဘည်ကုန်၍။ ခုနစ်ရက်မှနောက်ကာလ၌၊ အမိ၏ဝမ်းတွင်းသို့ဝင်ဝင်ကုန်၏၊ တည်ကုန်၏၊ ဤသို့စုတိနောက်ပဋိသန္ဓေသို့ မရောက်မီအကြား၌ကား။ ခုနစ်ရက်မျှ ဘဝရှိကုန်၏ဟု။ ယူလေ့ရှိကုန်သောပုဂ္ဂိုလ်တို့၏။ မိစ္ဆာအယူ၊ ပယ်ရခြင်းအကျိုးရှိ၏။ ။ဤကားစုတိ ပဋိသန္ဓေဟု ခေါ်ဝေါ်အပ်သော အကြောင်း။ ။

ပဋိသန္ဓေဖြစ်ခြင်း၊ သဘောကားထိုဘဝသစ်၌ကား။ ပဋိသန္ဓေ ဝိညာဏ်သည်၊ ရှေးဘဝ၌ကား အကျွမ်းဝင်သော စိတ်စေတသိက်ရုပ်တရားတို့သည်။ ဘဝသစ်သို့သာလည်းမလာ။ ။ရှေးဘဝဟောင်း၌။ ဇနကကံ မရဏာသန္နဇောနှင့်တကွဖြစ်သောစေတနာသည်၊ ညွှတ်စေအပ်သော အာရုံအစရှိသော၊ အကြောင်းကို ကင်း၍လည်း ထင်ရှား.ဖြစ်၊ ။တနည်း ဘဝဟောင်း၌ အကျွမ်းဝင်သော ရုပ်နာမ်တရားသည်၊ ဘဝသစ်သို့မကူး မပြောင်း။ ဘဝဟောင်း၌ကား အကျိုးဝင်သောအဝိဇ္ဇာတဏှာ ကံဟူသော အကြောင်းတို့နှင့်လည်းကင်း၍လည်းမဖြစ်။ ။ဥပမာသော်ကား၊ ပဌမဝံ့တင်ထပ်သောအသံသည်။ ဒုတိယကျွေးကျော်သောအသံသို့ပါသည်မ

ဟုတ်။ယင်းသို့ပင်မပါသော်လည်း ပဌမပဲ့တင်တပ်သောအသံနှင့်ကင်း၍၊ ဒုတိယကြွေးကြော်သေ ာအသံ မဖြစ်သကဲ့သို့ထည်းကောင်း။ ။တနည်းလည်း၊ ပဌမဆိဗိးလျှံသည်၊ဒုတိယဆိဗိးလျှံသို့ပါသည်မဟုတ်ယင်းပင်မပါသော်လည်းနှင့်ကင်း၍၊ဒုတိယဆိဗိးလျှံမဖြစ်သကဲ့သို့ထည်းကောင်း။ ။တနည်းလည်း။ ဒေါင်းရုပ်တံဆိပ်စသည်ကို၊ ထန်းရွက်စက္ကူထက်တင်၍နှိပ်လျှင်၊ထန်းရွက်စက္ကူစသည်တို့၌။ ဒေါင်းရုပ်ထင်သည်။ ယင်းသို့ဝင်ထင်သော်လည်း။ တံဆိပ်၌ရှိသောဒေါင်းရုပ်သည်၊ ထန်းရွက်စက္ကူသို့ဝါသည်ထည်းမဟုတ်၊ ကိုအရုပ်နှင့်ကင်းလျှင်ထန်းရွက်စက္ကူ၌ ထင်သည်ထည်းမဟုတ်သကဲ့သို့ရင်း။ ။တနည်းလည်းကြေးမှုံ မှုံအစရှိသည်၌၊ ကြည့်သောသူ၏မျက်နှာရိပ်သည်၊ ကြေးမှုံမှုံအစရှိသည်နှိုက်အရိပ်ထင်သည်။ ယင်းသို့ထင်သော်လည်း၊ကြေးမှုံမှုံအစရှိသည်၌ကြည့်သောသူ၏မျက်နှာရိပ်သည်၊ကြေးမှုံမှုံအစရှိသည်သို့ပါသည်မဟုတ်၊ ကြေးမှုံမှုံအစရှိသည်နှိုက်။ကြည့်သောသူ၏မျက်နှာရိပ်နှင့်ကင်းလျှက်၊ ကြေးမှုံမှုံအစရှိသည်နှိုက်အရိပ်ထင်သည်မဟုတ်သကဲ့သို့ထည်းကောင်း။ ။ဤသို့အစရှိသည်ဖြင့်ဥပမာဥပမေယျစင်၍ပဋိသန္ဓေဖြစ်ခြင်းသဘောကိုသိအပ်၏။

ထိုထိုသို့သောဘဝတို့၌ဖြစ်ချထတ်သော၊ဒိပထာသတ္တရှိသော
ကုသိုလ်အကုသိုလ်စေတနာဟုဆိုအပ်သောဇနက
ကံ၏အစွမ်းအားဖြင့်၊တည်သောပဋိသန္ဓေ
၏အကြောင်းကား။

မိန်းမတို့သည် အရွယ်သို့ရောက်သည်မှစ၍၊ အသက်ခြောက်ဆယ်တိုင်အောင် ဥတုသွေးလာခြင်းဖြစ်၏။ ထိုသို့ဥတုသွေး ထသောအခါ၌ ကိုယ်ဝန်ပဋိသန္ဓေသားအိမ်တည်ရာအရပ်၌ နိုသောအဆင်းရှိသောသွေးခဲသည်ပေါ်တည်၏၊ထိုသို့တည်သောနီဖွစွာသော သွေးခဲသည်ခုနစ်ရက်ပတ်လုံးကြီးပွား၍ပြို၏။ သွေးခဲ၄သွေးသည်ယိုကျ၏၊ထိုသို့ယိုကျသောသွေးသည်။အကြွင်းမျှလောက်သောကာလပတ်လုံး။အားကြီးခြင်းသည်ဖြစ်၍၊များစွာယိုစီး၏။ ငါ့သို့များစွာယိုစီးသမျှကာလပတ်လုံး။ ပဋိသန္ဓေမတည်နိုင်သွေးနှင့်တကွလျှောကျလေ၏။ ။ဤကားပဋိသန္ဓေမတည်နိုင်ခြင်းအကြောင်းတည်း။ ။ကိုယ်ဝန်ပဋိသန္ဓေသားအိမ်တည်ရာအရပ်၌သွေးတို့သည် လျှောကျပြီး၍၊ စင်ကြယ်သောအခါသို့ရောက်မှသာလျှင်။ ပဋိသန္ဓေတည်နိုင်၏၊ ထိုသို့တည်ခြင်းသည်လည်းမိဘနှစ်ပါးတို့၏ပေါင်း

ဘော်စပ်ရှက်သည့်လည်းဖြစ်စေ။ ဆေးမိ၍ဥတုသွားလာ၍ခံသည်လည်းဖြစ်စေ။ လားအစ်သောသတ္တဝါ၏ရတီဆဲလည်းဖြစ်စေ။ ၎င်းအကြောင်းသုံးပါးတို့နှင့်ညီညွတ်ခဲ့လျှင်။ ပဋိသန္ဓေရ၍ပဋိသန္ဓေတည်နိုင်၏။ ။မိဘတို့၏ကြိမ်စပ်ရှက်စည်းဝေးလပ်သော်။ ခုနစ်ရက်အတွင်းနှိုက် ပဋိသန္ဓေရခြင်းတည်ခြင်း၏ခေတ်အခါမည်၏။ ကေဗိဆရာတို့၏အယူအားဖြင့် လခွဲတဆယ်ငါးရက်တိုင်အောင်ပဋိသန္ဓေရခြင်းတည်ခြင်း၏ ခေတ်အခါဟုဆိုကုန်၏။ ၎င်းကားပဋိသန္ဓေတည်နိုင်ခြင်း၏အကြောင်းတည်း။ ။ထနည်းလည်း။ ကိုယ်လက်ကို သုံးသပ်သဖြင့်လည်းကောင်း။ ပုဆိုးကိုရုတ်သဖြင့်လည်းကောင်း။ သုတ်သွေးကိုသောက်သဖြင့်လည်းကောင်း။ ချက်ကိုသုံးသပ်သဖြင့်သည်းကောင်း။ အဆင်းကိုမြင်သဖြင့်လည်းကောင်း။ အသံကိုကြားသဖြင့်လည်းကောင်း။ အနံ့ကိုနမ်းရသဖြင့်လည်းကောင်း။ ကိုယ်ဝန်ပဋိသန္ဓေတည်နိုင်သည်။ ။ထိုအကြောင်းတို့တွင်။ မိန်းမတို့သည် ဥတုလာ၍စဲသောအခါ၌။ သဆန္ဒရာဂစိတ်ရှိကုန်သည်ဖြစ်၍ယောက်ကျားတပါးတို့က လက်ခြေကိုကိုင်ခြင်း။ ဆံတုံးကိုကိုင်ခြင်း။ အင်္ဂါကြီးငယ်ကိုသုံးသပ်ခြင်းစသည့်တို့ကို သဆန္ဒရာဂဖြင့်သာယာကုန်၏။ ထိုသို့သာယာသောအခါ။ ပဋိသန္ဓေရနိုင်တည်နိုင်ကုန်၏။ ။၎င်းကားကိုယ်လက်နှီးနှောခြင်း။ ကာယသံသဂ္ဂရာဂဖြင့်ပဋိသန္ဓေယူနိုင်ခြင်းကိုပြသောအခြင်းအရာတည်း။ ။ဥဒါယီမထေရ်၏မယားဟောင်းဖြစ်သောဘိက္ခုနီမသည်။ တပ်သောစိတ်နှင့်ထကွဲအချို့သုတ်သွေးကိုခံတွင်းဖြင့် ရုပ်ခြင်းအချို့သော သုတ်သွေးကိုပုဆိုးနှင့်တကွမိမိအင်္ဂါစပ်ထည်းသို့ထည့်သွင်းခြင်း။ ထိုသို့ပြုသ ဖြင့်ပဋိသန္ဓေတည်ကုန်၏။ ။၎င်းကားပုဆိုးကိုရုပ်သဖြင့် ပဋိသန္ဓေယူနိုင်သော အကြောင်းကိုပြခြင်းတည်း။ ဘုရားလောင်းသုဝဏ္ဏသျှံ၏အမိ ပါယိကာသည်။ ဥတုလာ၍စဲသောအခါ၌ ရသေ့ဒုကူလသည်။ ခြေမဖြင့်လည်းကောင်း။ ထက်မဖြင့်လည်းကောင်း။ ချက်ကိုသုံးသပ်သောအခါ။ တပ်သောရာဂစိတ်ရှိခြင်းကြောင့်။ ပါယိကာသည်ပဋိသန္ဓေယူ၏။ ။၎င်းကားချက်ကိုသုံးသပ်သဖြင့်ပဋိသန္ဓေယူနိုင်ကြောင်း။ မဏ္ဍဗျမင်း၊ စဏ္ဍပဇ္ဇောတမင်းတို့၏အမိသည် မိမိ၏အင်္ဂါနှိမ်တ်၌။ ကင်းလျှောက်၍သွားသည်ကိုသာယာသောကြောင့်။ ပဋိသန္ဓေရသည်။ ။ယောက်ျားတပါးတို့နှင့်ကိုယ်လက်နှီးနှောခွင့်မရသော။ မင်းမောင်းမတို့ကဲ့သို့။ အချို့သောမိန်းမတို့ကား။ ဥတုလာ၍စဲသောအခါ၌။ ယောက်ျားတပါးတို့၏။ ခြေလက်အင်္ဂါကြီးငယ်ကို။ တပ်သောရာဂစိတ်နှင့်

တကွ။ထပိမ်းဂိမ်းကြည့်၏။ထိုသို့အဆင်းကိုမြင်ရခြင်းကြောင့်၊ပဋိသန္ဓေရ၏၊ ။ဤကား၊အဆင်းကိုမြင်သဖြင့် ပဋိသန္ဓေယူနိုင်ခြင်း၏ အကြောင်းတည်း။ ။ဥဇှိုင်းတို့မည်သည်အဖိုမရှိသည်ဖြစ်သောကြောင့်၊မိမိဥတုလာ၍စဲသောအခါ၌ဥတုဖောက်ပြန်၍ဖြစ်သော၊ မိုးယံသံကိုကြား၍ပဋိသန္ဓေယူကုန်၏၊ကြက်မတို့သည်ကြက်ဖို၏အသံကိုကြား၍ပဋိသန္ဓေယူနိုင်ကုန်၏။ ။ဤကားအသံကိုကြားသဖြင့်ပဋိသန္ဓေယူနိုင်ကြောင်း။ ။နွားမတို့သည်နွားထီးဥသဘ၏ အသံကိုကြားသဖြင့်လည်းကောင်း၊အနံ့ကိုနမ်းရသဖြင့်လည်းကောင်း၊ပဋိသန္ဓေယူနိုင်ကုန်၏၊ ။ဤကားအသံကို ကြားသဖြင့်လည်းကောင်း။ အနံ့ကိုနမ်းရသဖြင့်လည်းကောင်း၊ ပဋိသန္ဓေယူနိုင်ခြင်း၏အကြောင်းတည်း။ ။ထိုသို့ဆိုအပ်ခဲ့ပြီးသော၊ တည်ပြီးသောပဋိသန္ဓေ၏ပျက်စီးခြင်းအကြောင်းကား။ ။ပြင်းစွာသော ဝါယောဓာတ်ထေမှုတ်သဖြင့်လည်းကောင်း။မိုးခဲ၍လည်းကောင်း။ဈေးဈေးသော ဘဝတို့ကား၊ပြုခဲ့ဘူးသောပါဏာတိပါတအစရှိသော အကုသိုလ်ကံကြောင့် လည်းကောင်း။ ဤအကြောင်းသုံးပါးတို့ကြောင့်တည့်သော ပဋိသန္ဓေကိုယ်ဝန်သည်ပျက်စီး၏၊ ။ဤကားပဋိသန္ဓေပျက်ခြင်း၏အကြောင်းတည်း။

ထိုသို့ဆိုအပ်ခဲ့ပြီးသောပဋိသန္ဓေတည်ခြင်းနှင့်ပြည့်စုံသောပဥ္စဝေါကာရဘုံ ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား၊ ခန္ဓာငါးပါးတို့သည်၊မရောမနှောင်းတပြိုင်နက်ထင်ရှားဖြစ်ကုန်၏။ထိုပဋိသန္ဓေခဏ၌၊ကလလရေကြည်။ကလလရုပ်သင်္ခါအဘယ်မျှ အတိုင်းအရှည်ရှိကုန်သနည်း။ တခုသောယင်ငယ်တကြိမ်မျှ သေးကဲထောက်ရုံ အတိုင်းအရှည်ရှိ၏။ ထိုယင်ငယ်တကြိမ်သော်ထောက်ရုံမျှသောကလလရေကြည်သည်အလွန်များသေး၏။ ။သေးမွှစွာသောအပ်သွားကို။ဆီ၌ချ၍ဆယ်ယူအပ်သည်ရှိသော်။ထျောကျပြီး၍ အပ်ဖျား၌ တည်သော ဆီကြည်ပေါက်အတိုင်းအရှည်ရှိ၏။ ထိုဆီကြည်ပေါက်အတိုင်းအရှည်ရှိသော။ကလလရေကြည်သည်လည်း။ အလွန်များသေး၏။ ။တချောင်းသောဆံပင်ကိုဆီ၌နှစ်ပြီး၍။ ထုတ်ယူအပ်သည်ရှိသော်။ ထိုဆံပင်မှလျှောကျ၍။ ဆံဖျား၌ပါသော ဆီကြည်ပေါက်အတိုင်းအရှည်ရှိ၏။ ။ထိုဆံဖျား၌ပါသောဆီကြည်ပေါက်အတိုင်းအရှည်သည်လည်း အလွန် များသေး၏၊ ဇမ္ဗူဒိပါ ကျွန်းသူတို့၏ တခုသော ဆံပင်ကို။ ရှစ်စိပ်စိပ်၍။ ထစိပ်အတိုင်း အရှည်သည်၊ မြောက်ကျွန်း သူတို့၏ ဆံပင်ဖြစ်၏။ထိုမြောက်ကျွန်းသူတို့၏ဆံပင်ကို၊ ကြည်လှစွာသောနူးညံ့ဆိ

နိုက်နှစ်၍။ ဆယ်ယုအပ်သည့်ရှိသော်၊ ထိုဆံဖျားနှ ပါသော ဆိကြည်ပေါက်မှ အတိုင်း အရှည်ရှိ၏။ ထိုဆံဖျား၌ပါသော ဆိကြည်ပေါက်အတိုင်းအရှည်သည် အလွန်များသေး၏။ ။ယာနေ့ပွါးသစ်စဖြစ်သောဓာတိဥဏ္ဏာမည်သောဆိတ်၏အမွေးမျှင်သည်။ အလွန်သိမ်မွေ့နူးညံ့၏။ ထိုအမွေးမျှင်ကို။ ကြည်ဖွာစွာသောနှမ်းဆီ၌တည့်၍။ ဆယ်ယုအပ်သည့်ရှိသော်၊ ထိုဆိတ်အမွေးမျှင်မှ ယျောကျ၍။အဖျား၌တည့်သော ဆိကြည်ပေါ်အတိုင်းအရှည်ရှိ၏။ထိုမျှအထိုင်းအရှည်ရှိသော။ကာလလရေကြည့်ကလလရုပ်သည်။အလွန်ကြည်သဉ်ဖြစ်၍တည်၏၊ထိုသို့တည့်သောကာလလရေကြည်ခုနှစ်ရက်။ဘဲနက်ခုနှစ်ရက်။ခက်မငါးဖြာခုနှစ်ရက်။ ရင့်ခြင်းခုနှစ်ရက်၊စက္ခုခုနှစ်ရက်။သောတခုနှစ်ရက်။ဃာနခုနှစ်ရက်။ဇိဝှါခုနှစ်ရက်ကေသာအစရှိသောသုံးဆဲ့နှစ်ပါးသောကောဋ္ဌာသတို့သည်။ ထိုက်သည့်အားလျော်စွာဖြစ်ကုန်၏။ ။ဤကားအဋ္ဌကထာဆရာတို့၏အလိုအားဖြင့်။ ခုနှစ်သတ္တာဟအမြောက်၌။ စက္ခုဒသကကလာပ်ဖြစ်၏။ ။ကာလလရေကြည့်နှစ်သတ္တာဟ။ အမြုပ်။သားတစ်။ တခဲနက်။ခက်မငါးဖြာ၊ ရင့်ခြင်းသတ္တာဟစက္ခု။သောတ၊ဃာန။ဇိဝှါ။ တို့သည့်နှစ်သတ္တာဟစီဖြစ်ကြကုန်၏၊ကေသာအစရှိသည့်တို့သည်၊ထိုက်သည့်အားလျော်စွာဖြစ်ကုန်၏။ ဤဋီကာအလိုအားဖြင့်နှစ်ဆဲ့ထေးသတ္တာဟမြောက်၌၊ စက္ခုဒသကကလာပ်ဖြစ်၏၊

ထိုပဋိသန္ဓေ၏အရကား။သံသေဒဇ၊ဩပပါတိက၊အဏ္ဍဇ။ဇလာဗုဇဟူ၍လေးပါးရှိ၏။ထိုလေးပါးသောပဋိသန္ဓေတို့ကို။ဝိဂြိုဟ်လုပ်၍ပြလိုက်ဦးမည်။

ကမလကုမာရဂဗ္ဘမလာဒိသံသေဒဋ္ဌာနေသုဇာတာတိသံသေဒဇာ၊ ။ဟူ၍ဋီကာကျမ်း၌ဆိုသည်။ ။အနက်ကား၊ ။ယံခမ္မဇာတံ၊အကြင်သဘောတရားသည်။ကမလကုမာရဂဗ္ဘမလာဒိသံသေဒဋ္ဌာနေသု။ပဒုမ္မါကြာတိုက်ဝမ်းသွေးအစရှိသောအညစ်အကြေးအညှိအရင်တို့၌၊ ဇာတာ၊ဖြစ်တတ်ကုန်၏။ ဇာတိတသ္မာ၊ထိုကြောင့်။ တံခမ္မဇာတံ၊ထိုသဘောတရားသည်။သံသေဒဇာ၊သံသေဒဇမည်ကုန်၏။ ။သံသေဒေဇာတာသံသေဒဇာ။ ။သံသေဒေ၊အညှိရှိရာအရပ်၌။ဇာတာ။ဖြစ်သည့်ထည်း။သံသေဒဇာ။အညှိရှိသောဌာနရပ်၌ဖြစ်ကုန်သည်၊ ။ဇာတတဋ္ဌိတ်။ သံရှေးရှိသောဒဇခေါတ်အပစ္စည်း။ ။ပေါက္ခရသာတိပုဏ္ဏား။ပဒုမဝတီမိဖုရား။ အာသက်

အစရှိသော သတ္တဝါသင်းတို့သည်။ ပဒုမ္မာကြာတိုက်၌ဖြစ်ကြကုန်၏၊ ပဒုမဝတီဒီပုရား၏ သားဖြစ်သော။ ပဒုမ္မကဗုဒ္ဓါငါးရာတို့တွင်၊ ဝမ်း၌ဘည်သော သားကြီးဖြစ်သောမဟာပဒုမပစ္စေကဗုဒ္ဓါကိုထား၍၊ ကြွင်းတခုယုဘ်ငါး ရာသောပစ္စေကဗုဒ္ဓါတို့သည်၊ ဝမ်းသွေးအစရှိသောအညစ်အကြေး၌ဖြစ် ကုန်၏၊ ။ပိုးလောက်ချင်ဖှာဘ်အစရှိသောသတ္တဝါတို့သည်၊ ငါးပုဝ်အမဲ ပုဝ်အစရှိသည်တို့၌ဖြစ်ကုန်၏၊ ။ဥပဂန္တ္တာပဘန်ပပါထော ဥပဂန္တ္တာ။ ပဘန္တိတိဥပပါတာ။ ။ဥပဂန္တ္တာပတန္တိနိဗ္ဗတ္တန္တိတိဥပပါတာ။ ။ ဥပဂန္တ္တာ၊ကပ်၍။ပဘန်၊ကျခြင်း။ဥပပါထ၊ကပ်၍ကျခြင်း၊ ။ဝါ၊ထနည်း ကား၊ ဥပဂန္တ္တာ၊ကပ်၍၊ ပတန္တိ၊ကျကုန်၏။ ဇုတိတသ္မာ၊ ထိုကြောင့်၊ ဥပပါတာ၊ ဥပပါတ် မည်ကုန်၏။ ။ဥပဂန္တ္တာ။ ကပ်၍၊ နိဗ္ဗတ္တန္တိ၊ ကျကုန်၏၊ဇုဘိဘသ္မာ၊ထိုကြောင့်။ ဥပပါတာ၊ ဥပပါတ်မည်ကုန်၏၊ ။ ဥပပါတောယေဝဩပပါတိကော၊ ။ဥပပါတောယေဝ၊ ကပ်၍ကျခြင်း သည်သာလျှင်။ ဥပပါတိကော၊ ဥပပါတ်မည်၏၊ ။ဥပဒ္ဒေရှိသောပထ ဓာတ်၊အကပစ္စည်း၊ ။ထိုဥပပါတ်ပုဂ္ဂိုလ်တို့သည်၊ကြီးသောအရွယ်သို့ ရောက်သောသူတို့ကဲ့သို့။ တဆဲ့ခြောက်နှစ်ရွယ်။ နှစ်ဆယ့်ငါးနှစ်ရွယ် ဖြစ်ကုန်၏၊ ။သံသေဒဇ ပုဂ္ဂိုလ်တို့သည်၊ ရှေးဦးစွာငယ်သောကိုယ်ရှိ သည်ဖြစ်၍၊ အစဉ်အတိုင်းကြီးပွါးခြင်းသည်ဖြစ်၏၊ ဤကား ဥပပါတ် သံသေဒဇနှစ်ပါးတို့၏အထူးတည်း။ ။အတ္တဘာဝေန ဂန္တတိဝတ္တ တိဂတော၊ ။ဂန္တာ မာတုကုစ္ဆိမှိ သေန္တိတိ ဂတ္တသေယျကာ။ ။ ဂတ္တသေယျေဝဂတ္တသေယျကာ၊ ။ဟူ၍ ဒိကာနိုက် ဆိုသည်၊ ။ ယံဝဋ္ဋဓာတံ၊ အကြွင်သဘောတရားသည်။ အတ္တဘာဝေန၊ အတ္တဘော ဖြင့်။ ဂန္တတိပဝတ္တတိ၊ ဖြစ်တတ်၏။ ဇုတိတသ္မာ၊ ထိုကြောင့်၊ တံဓမ္မ ဇာတံ၊ ထိုသဘောတရားသည်၊ ဂတ္တော၊ဂတ္တမည်၏။ ။ယေသတ္တာ၊အ ကြွင်သတ္တဝါတို့သည်။ဂန္တာမာတုကုစ္ဆိမှိ၊အမိဝမ်း၌။သေန္တိ၊ကိန်းတတ် ကုန်၏၊ဇုတိတသ္မာ၊ထိုကြောင့်။တေသတ္တာ၊ထိုသတ္တဝါတို့သည်။ ဂတ္တသေ ယျကာ၊ဂတ္တသေယျကမည်ကုန်၏။ ။ဂတ္တော၊ဝိယာတိဂတ္တသေယျကာ၊ ။ ဂတ္တော၊ဝိယ၊နေရာတိုက်ခန်းကဲ့သို့တည်း။ဇုတိတသ္မာ၊ထိုကြောင့်။ဂတ္တသေ ယျာ၊ဂတ္တသေယျကမည်ကုန်၏။ ။ဂရဓာတ်အတ္တပစ္စည်း၊ ။ဤအရာ၌ နေရာတိုက်ခန်းသည်ရချ်ကာထထရုပ်အစရှိသည်တို့၏မှီရာအမိဝမ်းသည် သဒိသူပစာမည်၏၊ ။အဏ္ဍဇဇလာဗုဇနှင့်။ဂတ္တသေယျကတို့သည်မထူး

ကြံရာန်။ထိုကြောင့်။ ဂန္ဓသေယျကသတ္တာနန္တိ အလ္လာဇဇလာဗုဇသတ္တာနံ။ အဋ္ဌကထာ၌ဖွင့်၏၊ ။ဘုံပုဂ္ဂိုလ်တို့၏အစွမ်းအားဖြင့်။ ပဋိသန္ဓေရဟန်းကား။ ။ပြိတ္တာဘုံ။တိရစ္ဆာန်ဘုံ လူဘုံ၌၊ အလ္လာဇ။ဇလာဗုဇ၊သံသေဒဇ။ ဩပပါတိကအားဖြင့်။ ပဋိသန္ဓေလေးပါးရကုန်၏။ ထိုဘုံတို့တွင်။လူဘုံ၌ မဟာပဒုမမင်းသား အစရှိသည့်တို့ကဲ့သို့။ လူဥပပါတ်ပဋိသန္ဓေ၊ ။ ကိန္နရိမသား ကောဏ္ဍပုတ္တတိဿမထေရ်တို့ကဲ့သို့၊ လူအလ္လာဇပဋိသန္ဓေ။ပေါက္ခရ သာတိပုဏ္ဏား။ပဒုမဝတီ ပြည်တံဆာမ။ ပဒုမဒေဝိမိဖုရား၊ အာသက်သတ္တိသမီး အစရှိသောသူတို့ကဲ့သို့။ လူသံသေဒဇပဋိသန္ဓေ၊ ။ လူတို့သည်ကားများသောအားဖြင့်။ဇလာဗုဇပဋိသန္ဓေတို့သာတည်း။ပြိတ္တာဘုံ၌လည်း။ နိဇ္ဈာမတဏှိကပြိတ္တာ တို့သည်၊ ဥပပါတ်ပဋိသန္ဓေတခုသာလျှင်တည်း။ ။ထိုမှကြွင်းသောပြိတ္တာတို့အား။အလ္လာဇ ဇလာဗုဇ သံသေဒဇ၊ဩပပါတိကပဋိသန္ဓေလေးပါးရကုန်၏။ ။တိရစ္ဆာန်ဘုံ၌။ထိုလူတို့သည် လည်းကောင်း၊ အခြေအနေးချောင်းရှိသော သတ္တဝါတို့သည်လည်းကောင်း။ ငှက်မျိုးမြွေမျိုး အစရှိသော သတ္တဝါတို့သည်လည်းကောင်း။ ပဋိသန္ဓေလေးပါးရကုန်၏။ ။အလုံးစုံသောငရဲအစရှိသောသတ္တဝါတို့သည်လည်းကောင်း။ စတုမဟာရာဇ်ဘုံ၌စ၍ အထက်နတ်တို့သည်၎င်း။ ဥပပါတ်ပဋိသန္ဓေသာလျှင်တည်း။စတုမဟာရာဇ်ဘုံသို့သွင်း၍ရေအပ်သော။ ဘုမ္မစိုးရုက္ခစိုး နတ်တို့သည်ကား။ ပဋိသန္ဓေလေးပါးရကုန်၏။ ။ဤကား ဘုံပုဂ္ဂိုလ်၏အစွမ်းအားဖြင့်။ ယောနိလေးပါးဖြစ်သတည်း။

ဂတိငါးပါးဟူသော်ကား။

ဒေဝဂတိ၊မနုဿဂတိ။နိရိယဂတိ။ တိရစ္ဆာန်ဂတိ။ပေတဂတိအားဖြင့်။ ငါးပါးတည်း။ ။ထိုငါးပါးတို့တွင်။ ဒေဝဂတိ၌ ဖြစ်လတ္တံ့သော သတ္တဝါတို့အား၊ ကုသိုလ်ကံသည် လည်းကောင်း။ ကုသိုလ်ကန္ဓနိမိတ်သည်လည်းကောင်း။ နတ်သမီးဗိမာန် ပဒေသာပင်အစရှိသော အဆင်းရှိသောဂတိနိမိတ်သည်လည်းကောင်း။ရှေးရှုထင်လာ၏၊ ။မနုဿဂတိသို့ လားလတ္တံ့သော သတ္တဝါတို့အား၊ ကုသိုလ်ကံသည်လည်းကောင်း။ ကုသိုလ်ကမ္မ နိမိတ်သည်လည်းကောင်း။ ကမ္ဗလာနီနှင့်တူသော အမိဝမ်းခေါင်းအဆင်း ဂတိနိမိတ်သည်လည်းကောင်း။ ရှေးရှုထင်လာ၏။ ။နိရိယဂတိသို့ လားလတ္တံ့သော သတ္တဝါတို့အား။ အကုသိုလ်ကံသည်လည်းကောင်း။အကုသိုလ်ကမ္မနိမိတ်သည်လည်းကောင်း၊ငရဲမီးလျှံအစ

ရှိသောအဆင်းဂတိနိမိတ်သည်လည်းကောင်း။ ရှေးရှုထင်လာ၏၊ ။တိရစ္ဆာန်ဂတိသို့ လားလတ္တံ့သော သတ္တဝါတို့အား အကုသိုလ်ကံ။ အကုသိုလ်ကမ္မနိမိတ်သည်သည်းကောင်း၊ တောင်ခြေရင်း သစ်ပင်တောအစရှိသောအဆင်းဂတိနိမိတ်သည်လည်းကောင်း၊ ရှေးရှုထင်လာ၏၊ ။ပေတဂတိသို့လားလတ္တံ့သောသတ္တဝါတို့အား၊ အကုသိုလ်ကံ၊ အကုသိုလ်ကမ္မနိမိတ်သည်လည်းကောင်း။ ရှေးရှုထင်လာ၏၊ ။ထိုကံကမ္မနိမိတ် ဂတိနိမိတ်သုံးပါးတို့တွင်ဒွါရအားဖြင့်ကမ္မနိမိတ်ဂတိနိမိတ်ကို။မနောဒွါရဖြင့်ယူအပ်၏၊ ကမ္မနိမိတ်ကို ခြောက်ဒွါရဖြင့် ယူအပ်၏၊ ။ကံနိမိတ်ဖြစ်အံ့ အတိတ်သာ။ ဂတိနိမိတ်ဖြစ်အံ့ ပစ္စုပ္ပန်သာ၊ ကမ္မနိမိတ်ဖြစ်အံ့။ ပစ္စုပ္ပန်အတိတ်ပညတ်သုံးပါးသော ကာလအားဖြင့်နိမိတ်သုံးပါးကိုမှတ်ရန်။ ။ထိုငါးပါးသောဂတိနိမိတ်တို့တွင်။ မရဏာသန္နကုသိုလ်ဇောအခါ၌၊ ဓုတ္တိနိမိတ်ပုရိသနိမိတ်။သုဘနိမိတ်တင့်တယ်သောလက်ခြေအင်္ဂါပြုံးရယ်ခြင်းအစရှိသည်တို့၌။သာယာရသောရာဂ၏အစွမ်းအားဖြင့်တပ်ခြင်းနှင့်တကွမဖြစ်မူ၍။ရတေခြင်းကိုပြုအံ့။ ထိုသူသည်ဒေဝဂတိ။ မနုဿဂတိတည်းဟူသောကောင်းသောအကျိုးကိုဖြစ်စေနိုင်၏၊ ။မရဏာသန္နအကုသိုလ်ဇောအခါ၌ဓုတ္တိနိမိတ်။ပုရိသနိမိတ်၊သုဘနိမိတ်၊တင့်တယ်သောလက်ခြေအင်္ဂါပြုံးရယ်ခြင်းအစရှိသည်တို့၌။ သာယာသောရာဂ၏ အစွမ်းအားဖြင့် တပ်ခြင်းနှင့်တကွဖြစ်၍၊ရတေခြင်းကိုပြုသည်ဖြစ်အံ့။ ထိုသူသည်နိရယဂတိ။တိရစ္ဆာနဂတိတည်းဟူသော။ မကောင်းသောအကျိုးကို ဖြစ်စေနိုင်၏၊ ။ထိုကြောင့်။

နိမိတ္တဿာဒဂဓိတံဝါဘိက္ခဝေဝိညာဏံတိဋ္ဌမာနံတိဋ္ဌတိ အနုဗျဉ္ဇနဿာဒဂဓိတံဝါတသ္မိံယေဝသမယေကာလံကရောတိ။ ဌာနမေတံဝိဇ္ဇတိ။ယံဒွိန္နံဂတီနံအညတရံဂတိံဥပပဇ္ဇေယျနိရယံဝါ တိရစ္ဆာနယောနိံဝါတိ၊ ။ဟူ၍ဒိုကာ၌ဆိုသည်။ ။

အနက်ကား၊ ။ဘိက္ခဝေ၊ရဟန်းတို့။ ယသ္မိံသမယေ၊အကြင်အခါ၌။ နိမိတ္တဿာဒဂဓိတံ၊ဓုတ္တိနိမိတ်ပုရိသနိမိတ်သုဘနိမိတ်တို့၌၊သာယာသောရာဂ၏အစွမ်းအားဖြင့်ထပ်သော။ ဝိညာဏံဝါ၊မရဏာသန္နဇောဝိညာဏ်သည်လည်းကောင်း။အနုဗျဉ္ဇနဿာဒဂဓိတံ၊တင့်တယ်သောလက်ခြေအင်္ဂါပြုံးရယ်ခြင်းအစရှိသည်တို့၌။ သာယာသောရာဂ၏ အစွမ်းအားဖြင့် ဖြစ်သော။ဝိညာဏံဝါ၊ မရဏာသန္နဇောဝိညာဏ်သည်လည်းကောင်း။ တိဋ္ဌ

မာန်၊တည်သည်ဖြစ်၍၊တိဋ္ဌတိ၊တည်အံ့။တသ္မိံ သမယေ၊ထိုအခါ၌။ ယော သတ္တော၊အကြင်သတ္တဝါသည်။ ကာလံကရောတိ၊စုတေသည်ဖြစ်အံ့။သော သတ္တော၊ထိုသတ္တဝါသည်။နိရယံဝါ၊ငရဲသို့ လည်းကောင်း။တိရစ္ဆာနယောနိံဝါ၊တိရစ္ဆာန် အမျိုးသို့လည်းကောင်း။ဇာတိ၊ ဤသို့။ဒွိန္နံ၊နှစ်ပါးကုန်သော။ဂတီနံ၊ဂတိတို့တွင်။အညတရံ၊တပါးပါးသော ဂတိသို့၊ယံယံကာရဏေန၊ အကြင်အကြောင်းကြောင့်၊ ဥပပဇ္ဇေယျ၊ဖြစ်ရာ၏။ တံ ဌာနံ၊ ထိုအကြောင်းသည်။ဝိဇ္ဇတိ၊ရှိ၏။

ထိုထိုသို့သော ဒေဝဂတိ။မနုဿဂတိ၊နိရယဂတိ၊တိရစ္ဆာနဂတိ၊ပေထဂတိတို့၌၊ ဖြစ်စေတတ်သော ကုသိုလ်ကံ။ အကုသိုလ်ကံဆန်းကြယ်သောကြောင့်။ဆန်းကြယ်သော အကျိုးကိုဖြစ်စေ၏၊ ထိုသို့ကံဆန်းကြယ်သောကြောင့်၊ထိုထိုသို့သော ဂတိတို့၌။ လက်သဏ္ဌာန်။ခြေသဏ္ဌာန်။ နားရွက်သဏ္ဌာန်။ဝမ်းသဏ္ဌာန်။သည်တိုင်မျက်နှာသဏ္ဌာန်အစရှိသောအသွင်၏ဆန်းကြယ်ခြင်းသည်ဖြစ်၏၊ထိုအသွင်၏ဆန်းကြယ်သောကြောင့်၊ ဤကားမိန်းမ။ ဤကား သက်ကျားဟု အမှတ်သညာ၏ ဆန်းကြယ်ခြင်းသည်ဖြစ်၏။ထိုအမှတ်သညာ၏ထူးသောအကြောင်းကြောင့်။ အမှတ်သညာအားလျော်စွာ။မိန်းမဟူ၍၊ယောက်ျားဟူ၍ခေါ်ဝေါ်ခြင်း။ ဝေါဟာရဆန်းကြယ်ခြင်း သည်ဖြစ်၏၊ ထိုသို့ဝေါဟာရဆန်းကြယ်သောကြောင့်။ မိန်းမဖြစ်လို၏၊ယောက်ျားဖြစ်လို၏။မင်းဖြစ်လို၏။ ပုဏ္ဏားဖြစ်လို၏ဟု။ ထိုထိုသို့သောအတ္တဘောကိုဖြစ်စေတတ်သောကံကိုပြု၏။ ထိုသို့ဝေါဟာရထူးသောကြောင့်၊ ကံအထူးထူးဖြစ်၏၊ထိုကံအထူးထူးသည်၊ ထောင်းဘအဆင်သောဘဝကိုဖြစ်စေသည်။ဂတိ၏အစွမ်းအားဖြစ်စေ၏။ ထိုကံထူးသောကြောင့်။ ဂတိ၏ဆန်းကြယ်ခြင်းသည်ဖြစ်၏၊ ထိုကံ၏ဆန်းကြယ် ခြင်းကြောင့် သာလျှင်၊ထိုထိုသို့သောသတ္တဝါဘို့အား၊ ထိုထိုသို့သောဂတိတို့၌။ခြေမရှိသောသတ္တဝါ။ခြေနှစ်ချောင်းရှိသောသတ္တဝါ။ခြေလေးချောင်း ရှိသောသတ္တဝါ။အခြေများစွာရှိသောသတ္တဝါ၊ မြင့်သောအမျိုးစည်းစိမ်။ နိမ့်သောအမျိုးစည်းစိမ်ရှိသောသတ္တဝါ။ကောင်းသောအဆင်းမကောင်း သောအဆင်းရှိသောသတ္တဝါ။လာဘ်ပူဇော်များခြင်း။လာဘ်ပူဇော်နည်းခြင်း ရှိသောသတ္တဝါ။ရုပ်မရှိသောသတ္တဝါ။ သညီသတ္တဝါ၊ အသညီသတ္တဝါ၊နေဝသညီနာသညီသတ္တဝါ။ ယုတ်သောသတ္တဝါမြတ်သောသတ္တဝါ။ ကြွယ်ဝသောသတ္တဝါ။ဆင်းရဲသောသတ္တဝါ။ ပညာကြီးသောသတ္တဝါ။

ဝညာနည်းသောသတ္တဝါ၊ ကောင်းသော အမျိုးဇာတ်ရှိသော သတ္တဝါ၊ ကောင်းသောသဏ္ဌာန်နှင့်ရှိသောသတ္တဝါ၊ မကောင်းသောသဏ္ဌာန်နှင့်ရှိသော သတ္တဝါ။ထောင်များခြင်း။ထောင်နည်းခြင်း။ အခြံအရံများခြင်း၊ အခြံအရံ နည်းခြင်း။ကဲ့ရဲ့ခြင်း။ချီးမွမ်းခြင်း၊ချမ်းသာခြင်း၊ ဆင်းရဲခြင်းသည်လည်း ကောင်း၊ ကာလသမ္ပတ္တိ။ပယောဂသမ္ပတ္တိ။ဂတိသမ္ပတ္တိ။ဥပဓိသမ္ပတ္တိ၊ဟူ၍ ထေးပါး။ကာလဝိပတ္တိ။ပယောဂဝိပတ္တိ။ဂတိဝိပတ္တိ၊ ဥပဓိဝိပတ္တိဟူ၍ထေး ပါး။ထိုသမ္ပတ္တိဝိပတ္တိတို့တွင်။တရားမင်း၊ မင်းပြုသောကာလ၊ မတရားမင်း မင်းပြုသောကာလ ကာလသမ္ပတ္တိ၊ကာလဝိပတ္တိဖြစ်၏။ကောင်းသောအ ကျင့်နှင့်ပြည့်ရခြင်း၊မကောင်းသောအကျင့်နှင့်ပြည့်ရခြင်းသည်။ပယော ဂသမ္ပတ္တိဖြစ်၏၊ သုဂတိဘဝသို့လားခြင်းဒုဂ္ဂတိဘဝသို့သွားခြင်းသည်၊ ဂ တိသမ္ပတ္တိ ဂတိဝိပတ္တိဖြစ်၏။ အင်္ဂါကြီးငယ်နှင့်ပြည့်ရခြင်း၊ အင်္ဂါကြီး ငယ်နှင့်မပြည့်ရခြင်းသည်။ဥပဓိသမ္ပတ္တိဥပဓိဝိပတ္တိဖြစ်၏။ ထိုသို့ဆိုအပ် ပြီးသောပြည့်ရခြင်း ချို့တဲ့ခြင်းသည်လည်းကောင်း၊ ကံသာလျှင်ပြုအပ် ၏။ဤကားဂတိငါးပါးဘည်း။

### သတ္တဝိညာဏဋ္ဌိတိအရကား။

နာနတ္တကာယနာနတ္တသညီ။နာနတ္တကာယဧကတ္တသညီ၊ဧကတ္တကာ ယနာနတ္တသညီ၊ဧကတ္တကာယဧကတ္တသညီ။ ထေးပါး။အောက်အရူပသုံး ဘုံပေါင်းခုနစ်ပါး။ထိုခုနစ်ပါးတို့တွင်။လုပြည်နတ်ပြည်ခြောက်ထပ်၊ ဘုမ္မ စိုးနတ်နှင့်အလားတူသော နတ်မျိုးသည်လည်းကောင်း။ဝိနိပါတိကဟုဆို အပ်သောပြိတ္တာတိလ္လ၊ ဤကာမသုဂတိခုနစ်ဘုံသားတို့သည်၊ ပဋိသ န္ဓေအားဖြင့်သုဂတိအဟိတ်။ဒွိဟိတ်၊တိဟိတ်။ ပဋိသန္ဓေဟူ၍ ပဋိသန္ဓေ လည်းအထူးထူး။ အသွင်သဏ္ဌာန်အကြီးအငယ်။ အနိမ့်အမြင့်။ အဖြူအ မည်း၊ အသံအမူအရာစသောအားဖြင့် ဝိတုဘာဝဖြစ်သောညီအစ်ကိုမျှ သော်လည်း။ အလုံးစုံမတူနိုင်သည့်သာဖြစ်၍၊ ကိုယ်လည်းအထူးထူးရှိ သောကြောင့်။ နာနတ္တကာယနာနတ္တသညီတပါး။ ။

ပဌမဈာန်သုံးဘုံ၌ဖြစ်သောဗြဟ္မာ။အပါယ်ထေးဘုံ၌ဖြစ်သောသတ္တဝါ။ ဤခုနစ်ဘုံသားတို့သည်။ ကိုယ်သဏ္ဌာန်အားဖြင့်၊ ပဌမဈာန်သုံးဘုံတို့ ဟူ၍ ဗြဟ္မပါရိသဇ္ဇာဗြဟ္မာထက်။ ဗြဟ္မပုရောဟိတဗြဟ္မာအရောင်အဆင်း သာလွန်၏ အပါယ်လေးဘုံတို့တွင်လည်း။ အချို့သောငရဲသူတို့၏ ကိုယ် ကား။ တဂါဝုတ်ရှိ၏၊ အချို့ကားတယူဇနာရှိ၏။ ဒေဝဒတ်၏ကိုယ်ကား။

ယုဇ္ဇနာတခုရှိ၏။ တိရစ္ဆာန်တို့၌လည်း။ အချို့တိရစ္ဆာန်ကြီး၏၊ အချို့တိရစ္ဆာန်ငယ်၏။ အချို့ခြေနှစ်ချောင်း။ အချို့ခြေလေးချောင်း။ အချို့ခြေများစွာ။ အချို့ခြေမရှိ။ ပြိတ္တာတို့၌လည်း။ အချို့ပြိတ္တာအတောင်ခြောက်ဆယ် အချို့ပြိတ္တာအတောင်ရှစ်ဆယ်။ အချို့ပြိတ္တာလှ၏။ အချို့ပြိတ္တာအရုပ်ဆိုး၏။ အချို့ပြိတ္တာတို့၏၊ ကိုယ်သည်မျက်စည်းတောင်ကဲ့သို့။ ယုဇ္ဇနာခြောက်ဆယ်ရှိ၏၊ အသူရကာယ်တို့၌လည်း အချို့ အသူရကာယ် အဆင်းလှ၏။ အချို့ အသူရကာယ်အရုပ်ဆိုး၏၊ ဤသို့စသောအားဖြင့်၊ ကိုယ်သဏ္ဌာန်အထူးထူးအပြားပြားရှိကုန်၏။ ပဋိသန္ဓေအားဖြင့်ကား၊ ပဉ္စမဈာန်သုံးဘုံဗြဟ္မာတို့သည်။ ပဉ္စမဈာန်ဝိပါက်စိတ်တခုသာ၊ အပါယ်လေးဘုံသတ္တဝါတို့သည်။ ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေ တခုသာလျှင် ရှိကုန်၏။ ဤသို့ထူးသောကိုယ်၊ တခုတည်းသော ပဋိသန္ဓေ ရှိခြင်းကြောင့်။ နာနတ္တကာယဧကတ္တသညီတပါး။ ။ဒုတိယဈာန်သုံးဘုံဗြဟ္မာတို့ကား။ ပရိတ္တာဘာထက်။ အပ္ပမာဏာဘာ၊ အပ္ပမာဏာဘာထက်။ အာဘဿရဗြဟ္မာ။ အရောင်အဝါမျှ၊ အယုတ်အလွန် ရှိကြသော်လည်း။ ကိုယ်ပမာဏအားဖြင့်။ အကြီးအငယ်အနိမ့်အမြင့်သဏ္ဌာန်တူကြ၏၊ ပဋိသန္ဓေအားဖြင့်ကား။ ဒုတိယဈာန်ဝိပါက်စိတ်တခု။ တတိယဈာန်ဝိပါက်စိတ်တခုဟူ၍၊ အထူးထူးသောပဋိသန္ဓေရှိ၏၊ ထိုသို့တူမျှသောကိုယ်။ အထူးထူးသောပဋိသန္ဓေတခုရှိခြင်းကြောင့် ဧကတ္တကာယ နာနတ္တသညီတပါး။ ။ပရိတ္တသုဘာ၊ အပ္ပမာဏသုဘာ သုဘကိဏှာဟု ဆိုအပ်သော။ တတိယဈာန်သုံးဘုံဗြဟ္မာတို့သည်။ ကိုယ်သဏ္ဌာန်အားဖြင့်လည်းတူကြ၏။ ပဋိသန္ဓေအားဖြင့်လည်း၊ စတုတ္ထဈာန်ဝိပါက်စိတ်တခုသာ။ ဝေဟပ္ဖိုလ် သုဒ္ဓါဝါသငါးဘုံ။ စတုတ္ထဈာန်ခြောက်ဘုံဗြဟ္မာတို့သည်လည်း၊ ကိုယ်သဏ္ဌာန်အားဖြင့်တူကြကုန်၏။ ပဋိသန္ဓေအားဖြင့်လည်း။ ပဉ္စမဈာန်ဝိပါက်စိတ်တခုသာ။ ဤသို့ တတိယဈာန်သုံးဘုံ။ စတုတ္ထဈာန်ဘုံ ခြောက်ဘုံအားဖြင့်။ ကိုးဘုံသော ဗြဟ္မာတို့သည်။ ကိုယ်သဏ္ဌာန် လည်း အထူးမရှိ၊ ပဋိသန္ဓေလည်းအထူးမရှိသောကြောင့်။ ဧကတ္တကာယဧကတ္တသညီတပါး၊ အာကာသာနဉ္စာယတနဗြဟ္မာသည်လည်းအာရုံသညါရစသောအားဖြင့်အသီးဖြစ်သောကြောင့်။ ဝိညာဏဋ္ဌိတိတပါး။ ထိုအတူ ဝိညာဏဉ္စာယတနလည်းတပါး။ အာကိဉ္စညာယတနလည်းတပါး။ ။ဤကားသတ္တဝိညာဏဋ္ဌိတိတည်း။ ။ သတ္တဝါသ ဘုံကိုးပါးဟူသော်ကား။ ဆိုအပ်ခဲ့ပြီးသော သတ္တဝိညာဏ

ဌိတိခဏနှစ်ပါးတို့တွင် အသညသတ် နေဝသညာ နာသညာယတန၊ ၎င်းနှစ်ဘုံကိုအထူးသွင်း၍ သတ္တဝါသ ဘုံကိုးပါးအရဖြစ်၏၊ ။အသညသတ် နေဝသညာနာသညာယတန၎င်းနှစ်ပါးကို၊ ဝိညာဏဋ္ဌိတိအရသို့မသွင်းခြင်းသည်။အသညသတ်ကိုကား၊ ဝိညာဏ်၏တည်ရာမဟုတ်သောကြောင့်မသွင်းသင့်၊ နေဝသညာနာသညာယတနကိုကား။ ရုံးရင်းသော ဝိညာဏ်မရှိခြင်းကြောင့် မသွင်းသင့်။ ။ဤကားသင်္ခါရပစ္စယာဝိညာဏံဟူသောပုဒ်၌ ဖွင့်ရန်အဓိပ္ပါယ်များကို ထည့်သွင်း၍ ရေးသားလိုက်သည်။

ဝိညာဏပစ္စယာနာမရူပံဟူသောပုဒ်၌နာမရူပံဟူသောဝိဂြိုဟ်
လက္ခဏာ၊ရသ၊ပစ္စုပ္ပဋ္ဌာန်ပဒဋ္ဌာန်ကိုပြဦးမည်၊

အာရမ္မဏံနမတီတိနာမံ၊ နမဓာတ်အပစ္စည်း၊ ။ယံဓမ္မဇာတံ၊အကြင်သဘောတရားသည်။ အာရမ္မဏံ၊အာရုံကို။နမတိ၊ညွတ်တတ်၏၊ဣတိတသ္မာ၊ထိုကြောင့်။ တံဓမ္မဇာတံ၊ထိုသဘောတရားသည်၊ နာမံ၊နာမ်မည်၏၊ ။ရုပ္ပတီတိရူပံ၊ ။ယံဓမ္မဇာတံ၊အကြင်သဘောတရားသည်၊ ရုပ္ပတိ၊ဖောက်ပြန်တတ်၏။ ဣတိတသ္မာ၊ထိုကြောင့်၊တံဓမ္မဇာတံ၊ထိုသဘောတရားသည်၊ရူပံ၊ရုပ်မည်၏။ရူပဓာတ်အပစ္စည်း။

တတ္ထနာမံ နမနလက္ခဏံ၊ သမ္ပယောဂရသံ၊အဝိနိဗ္ဘောဂ ပစ္စုပ္ပဋ္ဌာနံ၊ဝိညာဏပဒဋ္ဌာနံ၊ရူပံ ရုပ္ပနလက္ခဏံ။ဝိကိရဏရသံ၊ အဗျာကတပစ္စုပ္ပဋ္ဌာနံ၊ဝိညာဏပဒဋ္ဌာနံ။

အနက်ကား၊ ။တတ္ထ၊ထိုနာမ်ရုပ်နှစ်ပါးတို့တွင်။နာမံ၊နာမ်သည်။နမနလက္ခဏံ၊အာရုံကိုညွတ်ခြင်းလက္ခဏာရှိ၏။သမ္ပယောဂရသံ၊ ယှဉ်ခြင်း၊ရသကိစ္စရှိ၏။အဝိနိဗ္ဘောဂပစ္စုပ္ပဋ္ဌာနံ၊ ဝေဘန်အပ်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏၊ဝိညာဏပဒဋ္ဌာနံ၊ဝိညာဏ်လျှင်နီးစွာသောအကြောင်းရှိ၏၊ရူပံ၊ရုပ်သည်။ရုပ္ပနလက္ခဏံ၊ဖောက်ပြန်ခြင်းလက္ခဏာရှိ၏။ ဝိကိရဏရသံ။ပရိပဲ့ကြဲခြင်းရသကိစ္စရှိ၏၊အဗျာကတပစ္စုပ္ပဋ္ဌာနံ၊ ရုပ်အဗျာကတတရားလျှင်ထင်သောအခြင်းအရာရှိ၏၊ဝိညာဏပဒဋ္ဌာနံ။ ဝိညာဏ်လျှင်နီးစွာသောအကြောင်းရှိ၏။

ဝိညာဏ်၏အရကိုလည်း။ကုသိုလ်အကုသိုလ်ဝိပါက်ကြိယာဝိညာဏ်ကိုယူအပ်၏။ ။ထိုကြောင့်။ဝိညာဏပစ္စယာတိဧတ္ထပုညာပုညကြိယာဝိပါကဝိညာဏာနိ။ ။ဟူ၍သင်္ခေပဋီကာ၌ဆိုသည်။ ။အနက်ကား။ ။

ဝိညာဏပစ္စယာတိဝေဒနာ၊ ဝိညာဏပစ္စယာဟူသောပုဒ်၌။ပုညာပုည
ကြိယာဝိပါကဝိညာဏာနံ။ကုသိုလ်အကုသိုလ်ကြိယာဝိပါကဝိညာဏ်တို့ကို။ဂ
ဟိဘာနံ၊ယူအပ်ကုန်၏၊ ။နာမ်၏အရကိုလည်း။ စေတသိက်နာမ်ခန္ဓာ
သုံးပါးကို ယူအပ်၏။ ။ထိုကြောင့်။ ။ဘာဝနာမံ ဝေဒနာဒိခန္ဓတ္တ
ယံ၊ ။ဟူ၍သင်္ဂဟဋီကာ၌ဆိုသည်။ ။အနက်ကား။ ။တတ္ထ၊ထိုနာမ်
ရုပ်နှစ်ပါးတွင်၊နာမံ၊နာမ်သည်။ ဝေဒနာဒိခန္ဓတ္တယံ၊ ဝေဒနာအစရှိသော
ခန္ဓာတို့၏သုံးပါးတို့၏အပေါင်းသည်။နာမံ။နာမ်မည်၏။ ။နာမန္တိဏ္ဍ
ဝေဒနာဒိခန္ဓတ္တယံ။ဟူ၍ဋီကာကျော်၌ဆိုသည်။ ။အနက်ကား၊ ။နာ
မန္တိဏ္ဍဒံပဒံ။နာမံဟူသောပုဒ်သည်၊ဝေဒနာဒိခန္ဓတ္တယံ၊ဝေဒနာအစရှိသော
ခန္ဓာတို့၏၊သုံးခုတို့၏အပေါင်းသည်၊နာမံ။နာမ်မည်၏။ ။နာမ်၏အရကို
စေတသိက်နာမ်ခန္ဓာသုံးပါးကိုသာအဘယ်ကြောင့်ယူအပ်သနည်း။ နမန
လက္ခဏာချင်းတူသည်၏အဖြစ်ကြောင့်။ ဝိညာဏ်ကိုလည်းယူသင့်သည်
မဟုတ်လောဆိုညားအံ့၊အကျိုးစေတသိနာမ်ခန္ဓာသုံးပါး၏။ အကြောင်း
၏အဖြစ်ဖြင့်ယူအပ်သောကြောင့်။နမနလက္ခဏာချင်းတူညားသော်လည်း၊
ထိုအကြောင်းဝိညာဏ်နှင့်သမ္ပယုတ်ဖြစ်သော။ စေတသိက်ခန္ဓာကိုသာ
ယူအပ်၏ထို့ကြောင့်။

ဝိညာဏသသတိဝိနာမဝေဒ တဿ ပစ္စယဿဘာဝေနဂဟိတ
တ္တာထံသမ္ပယုတ္တမေဝနာမန္တိ အဓိပ္ပေတံ၊ ။ဟူ၍မဟာဋီကာရမဋ္ဌ
ကျမ်း၌ဆိုသည်။

အနက်ကား။ ။ဝိညာဏဿ။ဝိညာဏ်၏။ နာမဝေဒ။ နာမ်၏အဖြစ်
သည်။သတိဝိ။ ရှိသော်လည်း။ တဿ။ ထိုနာမရုပ်ဟူသောပုဒ်နှိုက်။အ
ကျိုးဖြစ်သောနာမ်၏။ ပစ္စယဘာဝေန၊ အကြောင်း၏အဖြစ်ဖြင့်။ ဂဟိ
တတ္တာ၊ယူအပ်သည်၏အဖြစ်ကြောင့်၊ တံသမ္ပယုတ္တမေဝ။ ထိုအကြောင်း
ဝိညာဏ်နှင့်သမ္ပယုတ်ဖြစ်သောစေတသိက်ခန္ဓာကိုသာလျှင်။နာမန္တိ။ နာမ်
မည်၏ဟူ၍၊အဓိပ္ပေတံ။အလိုရှိအပ်၏။ ။နိဗ္ဗာန်သည်နာမ်၏အဖြစ်နှင့်၊
နူးညွှတ်သိမ်မွေ့ခြင်းတူညားသော်လည်း။ ကံစိတ်ဥတု အာဟာရတည်း
ဟူသောအကြောင်းတရားကင်းသည်၏အဖြစ်ကြောင့် နာမ်ဟူ၍ထင်းပါ
ရန်မရှိ၊ ။ထို့ကြောင့်၊နိဗ္ဗာနဿပနပသင်္ဂါနတ္ထိအပစ္စယတ္တာ။ ။ဟူ
၍မဟာဋီကာရမဋ္ဌကျမ်း၌ဆိုသည်။ ။အနက်ကား။ ။နိဗ္ဗာနဿပန
နိဗ္ဗာန်၏ကား။ ပသင်္ဂေါ၊နာမ်ဟူ၍ထင်းပါးရန်သည့်၊နတ္ထိ၊မရှိ။ ကသ္မာ။အ

ဘယ်ကြောင့်နည်းဟုမှုကား။အပစ္စယတ္တာ။ အကြောင်းတရားထေးပါးတို့ဖြင့်ပြုပြင်ခြင်းမရှိသည့်၏အဖြစ်ကြောင့်တည်း။ ။ရုပ်၏အရကိုလည်း။ ဘူတရုပ်ဥပါဒါနိရုပ်အားဖြင့်နှစ်ပါးအပြားရှိသော။ကံကြောင့်ဖြစ်သောရုပ်တည်း။ထိုကမ္မသမုဋ္ဌာန် ရုပ်နှစ်ပါးအပေါင်းသည်ထည်း။ ဤနာမရုပ်ဟူသောပုဒ်၌ ပဋိသန္ဓေဝိညာဏ်နှင့်တကွဖြစ်သော။ ကမ္မသမုဋ္ဌာန်ရုပ်သည်သာလျှင်။ရုပ၏အရဖြစ်၏။ပဝတ္တိဝိညာဏ်နှင့်တကွဖြစ်သော။ ကမ္မသမုဋ္ဌာန်ရုပ်သည်။ရုပ၏အရဖြစ်၏။ ။ထို့ကြောင့်။

ရုပံပနဘူတပါဒါယဘေဒတော။ဒုဝိဓံကမ္မသမုဋ္ဌာနရုပံ။ တဒုဘယမ္ပိ အတ္ထပဋိသန္ဓေဝိညာဏသဟကတတ္တာဒ္ဓဗ္ဗံ။

ဟူ၍ဋီကာကျော်ကျမ်း၌ဆိုသည်။

ရုပံပန၊ရုပ်သည်ကား။ဘူတပါဒါယဘေဒတော။ ဘူတရုပ်ဥပါဒါရုပ်အပြားအားဖြင့်။ဒုဝိဓံ၊နှစ်ပါးအပြားရှိသောကမ္မသမုဋ္ဌာနရုပံ၊ကံကြောင်းဖြစ်သောရုပ်ထည်း၊တဒုဘယမ္ပိ။ထိုကမ္မသမုဋ္ဌာန်ရုပ်နှစ်ပါးအပေါင်းသည်ထည်း။ဇ္ဇာ။ဤနာမရုပ်ဟူသောပုဒ်၌၊ ပဋိသန္ဓေဝိညာဏသဟဂတဘာဝေ။ပဋိသန္ဓေဝိညာဏ်နှင့်တကွဖြစ်သော။ ကမ္မသမုဋ္ဌာန်ရုပ်သည်သာလျှင်ထည်း။တဒုဘယမ္ပိ၊ထိုကမ္မသမုဋ္ဌာန်ရုပ်နှစ်ပါးအပေါင်းသည်ထည်း။ဇ္ဇာ၊ ဤနာမရုပ်ဟူသောပုဒ်၌၊ပဋိသန္ဓေဝိညာဏသဟဂတဘာဝေ။ ပဋိသန္ဓေဝိညာဏ်နှင့်တကွဖြစ်ကုန်သော။ ကမ္မသမုဋ္ဌာန်ရုပ်သည်သာတည်း။ဣတိ၊ ဤသို့၊ ဒဋ္ဌဗ္ဗံ။ မှတ်အပ်၏။ ။ဤအရာ၌ကံကမ္မဇရုပ်၏။ ပဝတ္တိဝိညာဏ်နှင့်တကွဖြစ်ခြင်းရှိသော်သည်း။ ထိုပဝတ္တိဝိညာဏ်နှင့်သဟဇာတပစ္စည်းမတပ်။ ပဝတ္တိဝိညာဏ်သည်၊ စိတ္တဇရုပ်အားသာ။ သဟဇာတပစ္စည်းတပ်သည့်၏အဖြစ်ကြောင့်။ ပဋိသန္ဓေဝိညာဏ်နှင့်တကွဖြစ်သောဘူတရုပ်ဥပါဒါနိရုပ်အားဖြင့်ပြားသောနှစ်ပါးသော ကမ္မသမုဋ္ဌာန်ရုပ်ကိုသာအလိုရှိ၏။ ပဝတ္တိဝိညာဏ်နှင့်တကွဖြစ်သောကမ္မသမုဋ္ဌာန်ရုပ်ကိုအလိုမရှိအပ်။ ။ဘနည်းလည်း ရုပ်၏အရကို။စတုသမုဋ္ဌာနရုပ်ဟု။ သင်္ခေပဋီကာဖွင့်ဆိုသောကြောင့်။ကံစိတ်ဥတုအာဟာရအကြောင်းလေးပါးကြောင့်ဖြစ်သောရုပ်ကိုယူအပ်သေး၏။ ။ဝိညာဏပစ္စယာနာမရုပံဟူသောပုဒ်၌မှတ်ရန်အဓိပ္ပါယ်။

နာမရူပပစ္စယာသဠာယတနံဟူသောပုဒ်၌၊ ဝိဂြိုဟ်လက္ခဏာ။ရသ
ပစ္စုပ္ပဋ္ဌာန်ပဒဋ္ဌာန်တို့ကိုပြဦးအံ့။

အာယတံသံသာရဝဋ္ဋဒုက္ခနယတိတိ အာယတနံ။ ။အနက်ကား။ ။ယံ ဓမ္မဇာတံ၊အကြွင်းသဘောတရားသည်။ အာယတံ၊ရှည်မြင့်စွာသော။ သံသာရဝဋ္ဋဒုက္ခ၊သံသရာဝဋ်ဆင်းရဲကိုလည်း။နယတိ၊ဖြစ်စေတတ်၏။ဣတိတသ္မာ၊ထို ကြောင့်။ အာယတနံ၊အာယတနမည်၏။ ။အာရှေးရှိသောယတပုဒ်၊ နပစ္စည်းခတ်ရမည်။ ။အာယတနလက္ခဏံ၊ ဒသာနာဒိရသံ။ ဝတ္ထုဒွါရပစ္စုပ္ပဋ္ဌာနံ။နာမရူပပဒဋ္ဌာနံ။ ။အနက်ကား၊ ။အာယတနလက္ခဏာ၊ သံသရာဝဋ်ကိုရှည်စွာဖြစ်စေခြင်းလက္ခဏာရှိ၏ ဒဿနာဒိရသံ။ မြင်ခြင်းအစရှိသောရသကိစ္စရှိ၏။ ဝတ္ထုဒွါရပစ္စုပ္ပဋ္ဌာနံ။မှီရာဒွါရ၏အဖြစ်လျှင်။ ထင်သောအခြင်းအရာရှိ၏။ နာမရူပပဒဋ္ဌာနံ၊ နာမ်ရုပ်လျှင်နည်းစွာသောအကြောင်းရှိ၏။ ။နာမရူပပစ္စယာသဠာယတနံဟူသောပုဒ်၌။ အကျိုးဖြစ်သောအာယတန၏အကြောင်းဖြစ်သောနာမ်ရုပ်နှစ်ပါးတို့တွင်။ နံ့အရကို။ စေတသိက်နာမ်ခန္ဓာသုံးပါးကိုယူအပ်၏။ ။ထို့ကြောင့်နာမန္တိ ဝေဒနာဒိခန္ဓတ္တယံ။ ။ဟူ၍ဋီကာကျော်၌ဆို၏။ ။ဝိညာဏ်ကိုကားနာမ်၏အဖြစ်ဖြင့်တူညားသော်လည်း၊ ပစ္စုပ္ပါန်မနာယတန အဖြစ်ဖြင့်ယူအပ်သော ကြောင့်။မယူအပ်။ နိဗ္ဗာန်ကိုကားဝေးသောအကြောင်းရှိသောကြောင့် မယူအပ်။ ။တို့ကြောင့် ဝိညာဏာနာမံပနပစ္စုပ္ပန္နဘာဝေနဂဟိတတ္တာနာမ ဝိပ္ပယုတ်နိဗ္ဗာနံဒူရတရမေဝ။ ။ဟူ၍မဏိသာရမဉ္ဇူကျမ်း၌ဆို၏။ ။အနက်ကား၊ ။ဝိညာဏာနာမံပန၊ဝိညာဏ်ဖြစ်သောနံ့ကိုကား။ ပစ္စုပ္ပန္နဘာဝေန၊ပစ္စုပ္ပါန်မနာယတန၏အဖြစ်ဖြင့်။ ဂဟိတဘာဝါ၊ ယူအပ်သည့်၏အဖြစ် ကြောင့်။ နာမဝိပ္ပယုတ်၊ အလိုမရှိအပ်။ နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ဒူရတရမေဝ၊ ဝေးစွာသာ။ပစ္စုပ္ပါန်အဖြစ်ဖြင့်အကြောင်းဝေးသည်သာလျှင်တည်း။ ရူပ်၏အရကိုလည်း။မိမိသန္တာန်အစရှိသည်၌။ အကြွင်းဝင်သောမဟာဘုတ်လေးပါး၊ခြောက်ပါးသောဝတ္ထုရုပ်ဇီဝိတိန္ဒြေကိုယူအပ်၏။ ။တို့ကြောင့် ရူပံပနသကသန္တတိပရိယာပန္နံနိယမတော စတ္တာရိမဟာဘူတာနိဆဝတ္ထု နိဇီဝိတိန္ဒြိယန္တိဧဝံဘူတဝတ္ထာဒိကံမတန္တိဝေဒိတဗ္ဗံ။ ။ဟူ၍သမ္မော ဟဝိနောဒနီအဋ္ဌကထာ၌ဆိုသည်။ ။အနက်ကား။ ။ရူပံပန၊ရုပ်သည်ကား၊ သက သန္တတိပရိယာပန္နံ၊ မိမိသန္တာအစဉ်၌အကြွင်းဝင်သော၊ နိယမတော၊မြဲ သောအားဖြင့်။စတ္တာရိ၊ လေးပါးကုန်သော။မဟာဘူတာနိ၊ မဟာဘုတ်

တို့ရှင်း။ ဆ၊ ခြောက်ပါးကုန်သော။ ဝတ္ထူနိ၊ ဝတ္ထုတို့ရှင်း။ ဧကဒွတ္တိဗြ ယံ၊ ဧကဝိတ္တိခြေ့သည်းကောင်း၊ ဇာတိဝေ၊ ဤသို့၊ ဝေဒိတဗ္ဗံ ၊သိအပ်၏။ ။အဘယ်ကြောင့်ရှင်းဖွင့်အပ်သောရုပ်ကိုသာ။ အလိုရှိအပ်သနည်း ဤ၆တပါးသော ရုပ်တို့ကိုလည်း၊ ရုပ္ပနလက္ခဏာရှိသည်၏ အဖြစ်ဖြင့်တူသောကြောင့်ရုပ်နှစ်ဆဲ့ရှစ်ခုလုံးကိုပင်ယူသင့်သည် မဟုတ်လောဆိုငြားအံ့။ရှင်းဖွင့်ဆိုအပ်သောရုပ်၆တပါးသောရုပ်တို့သည်။မဟာဘုတ်လေးပါးကဲ့သို့အနုပါလနသတ္တိမရှိသောကြောင့်။မယူအပ်။ ။ထိုကြောင့်။ရူပါယတနာဒိနံ့ဝနသဟဇာတနိဿယါနုပါလနဘာဝေါနတ္ထိတိအဂဟဏံဝေဒိတဗ္ဗံ။ ။ဟူ၍မူလဋီကာကျမ်း၌ဆို၏။ ။အနက်ကား။ ။ရူပါယတနာဒိနံ့ပန။ရူပါယတနအစရှိသောရုပ်တို့အားကား သဟဇာတနိဿယနုပါလနဘာဝေါ၊သဟဇာတသတ္တိ၊နိဿယသတ္တိ၊အနုပါလနရှိသည်၏အဖြစ်သည်။နတ္ထိ၊မရှိ။ ဣတိတသ္မာ၊ထိုကြောင့်။ အဂဟဏံ၊မယူခြင်းကို။ ဝေဒိတဗ္ဗံ၊သိအပ်၏။ ။ရှင်းနာမ်ရုပ်အကျိုးဖြစ်သော သဠာယတန အရကို စက္ခုအစရှိသော အဇ္ဈတ္တိကာယတန ခြောက်ပါးကိုယူအပ်၏။ ။ထိုကြောင့်၊သဠာယတနန္တိ စက္ခာဒီနိဆအဇ္ဈတ္တိကာယတနာနိဝေဒိတဗ္ဗာနိ။ ။ဟူ၍ဋီကာကျော်ကျမ်း၌ဆို၏။ ။အနက်ကား။သဠာယတနန္တိ၊ သဠာယတနဟူသည်ကား။စက္ခာဒီနိ၊စက္ခုအစရှိကုန်သော။ ဆအဇ္ဈတ္တိကာယတနာနိ။ခြောက်ပါးသောအဇ္ဈတ္တိကာယတနတို့ကို။ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။ ။နာမရူပပစ္စယာသဠာယတနံဟူသောပုဒ်၌မှတ်ရန်အဓိပ္ပါယ်၊

သဠာယတနပစ္စယာဖဿောဟူသောပုဒ်၌ဖဿ၏ဝိဂြိုဟ်။
လက္ခဏာ ရသ။ပစ္စုပဋ္ဌာန်ပဒဋ္ဌာန်တို့ကို
ပြဆိုဦးအံ့။

အာရမ္မဏံဖုသတီတိဖဿော။ ။ယံဓမ္မဇာတံ။အကြင်သဘောတရားသည်။အာရမ္မဏံ။အာရုံကို၊ ဖုသတိ၊တွေ့တတ်၏။ ဣတိတသ္မာ၊ထိုကြောင့်။တံဓမ္မဇာတံ၊ထိုသဘောတရားသည် ဖဿော၊ဖဿမည်၏။ ။ဖုသဓာတ်အပစ္စည်းမှတ်ရမည်။ ။ဖုသနလက္ခဏော။ သံဃဋ္ဋနရသော သင်္ဂတိပစ္စုပဋ္ဌာနော။သဠာယတနပဒဋ္ဌာနော၊ ။သော၊ထိုဖဿသည်။ ဖုသနလက္ခဏော အာရုံကိုတွေ့ခြင်းလက္ခဏာရှိ၏။သံဃဋ္ဋနရသော၊ထိပါးခြင်းရသကိစ္စရှိ၏။ သင်္ဂတိပစ္စုပဋ္ဌာနော၊ ပေါင်းမိခြင်းလျှင်။ ထင်သောအခြင်းသရာရှိ၏။သဠာယတနပဒဋ္ဌာနော၊သဠာယတနလျှင်နီးစွာသော

အကြောင်းရှိ၏။ ။ဤသဠာယတနပစ္စယာဖဿောဟူသောပုဒ်၌အကျိုး
ဖြစ်သောဖဿ၏အကြောင်းဖြစ်သောသဠာယတန၏အရကို။ မနာယတန
နှင့်တကွစက္ခုအစရှိသော အဇ္ဈတ္တိကာယတနငါးပါး။ ။တနည်းလည်း။
ခြောက်ပါးသော ဗာဟိရာယတနကိုလည်း ယူအပ်၏။ ။ထို့ကြောင့်။
ဆဋ္ဌေန သဟာ အဇ္ဈတ္တံ စက္ခာဒိ၊ ဗာဟိရေဟိပိ သဠာယတန မိစ္စေတ္ထ သဟိ
သဒ္ဓိံ ဝိစက္ခဏာ။ ။ဟူ၍သမ္မော အဋ္ဌကထာ၌လာသည်၊ ။အနက်
ကား။ ။ဆဋ္ဌေန၊ ခြောက်ခုမြောက်ဖြစ်၍ပြည့်ကြောင်းဖြစ်သောမနာယတနနှင့်၊ သဟ၊
တကွ။ စက္ခာဒိ၊ စက္ခာယတနအစရှိသော၊ အဇ္ဈတ္တံ၊ အဇ္ဈတ္တိကရုပ်ငါးခုကို။
သဠာယတနန္တိ၊ သဠာယတနဟူ၍၊ ဝိစက္ခဏာ၊ ပညာရှိတို့သည်၊ ဣစ္ဆန္တိ၊
အလိုရှိကြ၏။ ဗာဟိရေဟိပိ၊ ဗာဟိရာယတနတို့နှင့်လည်း။ သဒ္ဓိံ၊ တကွ၊
ဝိစက္ခဏာ၊ ပညာရှိတို့သည်၊ သဠာယတနန္တိ၊ သဠာယတနတို့ ဟူ၍
ဣစ္ဆန္တိ၊ အလိုရှိကြကုန်၏။ ။ဤသို့ဆိုသောကြောင့်။ နာမရူပသဠာယတနံ
ဟူသောပုဒ်၌၊ အကျိုးပစ္စုပ္ပန်အရကို၊ အဇ္ဈတ္တိကာယတနခြောက်ပါးကို
သာဟူ၍၊ သဠာယတနပစ္စယာဖဿောဟူသောပုဒ်၌၊ အကြောင်းပစ္စည်း၊
အရကိုအဇ္ဈတ္တိကာယတန၊ ဗာဟိရာယတနနှစ်ပါးကို၊ အဘယ့်ကြောင့်
ယူအပ်သနည်းဆိုသော်၊ မိမိသန္တာန်၌ အကြွမ်းဝင်သည် ကိုလည်း
ကောင်း။ သူတပါးသန္တာန်၌အကြွမ်းဝင်သည်ကိုလည်းကောင်း၊ ဖြတ်တတ်
ကုန်သောကြောင့်ယူရလေသည်။ ။ထို့ကြောင့်။ ။ယေန ပစ္စယုပ္ပန္နမေ
ဝ သကသန္တတိပရိယာပန္နံ ဣစ္ဆန္တိ ပစ္စယံပန ဘိန္နသန္တာနံပိ၊ ။ဟူ၍
သမ္မော အဋ္ဌကထာ၌ဆိုသည့်၊ ။အနက်ကား။ ။ယေပန၊ ဝိစက္ခဏာ၊
အကြင်ပညာရှိတို့သည်ကား၊ ပစ္စယုပ္ပန္နမေဝ၊ ပစ္စယုပ္ပန်ကိုသာလျှင်။ သက
သန္တတိပရိယာပန္နံ၊ မိမိသန္တာန်၌ အကြွမ်းဝင်သည်ကို၊ ဣစ္ဆန္တိ၊ အလိုရှိ
ကုန်၏။ ပစ္စယံပန၊ အကြောင်းကိုကား။ ဘိန္နသန္တာနံပိ၊ ပြားသောသန္တာန်
ဖြစ်သော ဗာဟိရာယတနကိုလည်း။ ဣစ္ဆန္တိ၊ အလိုရှိကုန်၏။ ။ဤသို့ဆို
သောကြောင့်။ အဓိပ္ပါယ်ယူရမည်မှာ။ နာမရူပပစ္စယာ၊ သဠာယတနံဟူ
သောပုဒ်၌။ သဠာယတနံဟူသောပစ္စုပ္ပန်ပုဒ်၏အရကို၊ အဇ္ဈတ္တိကာယတန
ခြောက်ပါးကိုယာယူအပ်၏၊ သဠာယတနပစ္စယာဖဿောဟူသော ပုဒ်၌
သဠာယတနပစ္စယာဟူသောပစ္စည်းပုဒ်၏အရကို။ အဇ္ဈတ္တိကာယတနဗာ
ဟိရာယတန နှစ်ပါးကိုယူအပ်၏။ ဤနည်းအတူသင်္ခါရပစ္စယာဝိညာဏံ
ဟူသောပုဒ်၌။ ဝိညာဏံ ဟူသောပစ္စုပ္ပန်ပုဒ်၏အရကို။ ပဋိသန္ဓေဝိညာဏ်။

ပဝတ္တိဝိညာဏ်ကိုသာယူအပ်၏။ ဝိညာဏပစ္စယာ နာမရူပံ ဟူသောပုဒ်၌။ ဝိညာဏပစ္စယာ ဟူသောပစ္စည်းပုဒ်၏အရကို။ ကုသိုလ်အကုသိုလ်ဝိပါက် ကြိယာအလုံးစုံသောဝိညာဏ်ကိုယူအပ်၏။ ဥပါဒါနပစ္စယာဘဝေါဟူ သောပုဒ်၌လည်း။ ဘဝေါ ဟူသောပစ္စုပ္ပန်ပုဒ်၏အရကို။ ကမ္မဘဝဥပပတ္တိ ဘဝ နှစ်ပါးကိုယူအပ်၏။ ဘဝပစ္စယာဇာတိဟူသောပုဒ်၌။ ဘဝပစ္စယာ ဟူ သောပစ္စည်းပုဒ်၏အရကို။ ကမ္မဘဝကိုသာယူအပ်၏။ ဤပစ္စည်းပုဒ်၏အရ။ ပစ္စယုပ္ပန်ပုဒ်၏အရမတူကြသည်ကိုသိအပ်၏။ ။ဖဿ၏အကေိုခြောက် ဒွါရ၌ဖြစ်သောဖဿကိုယူအပ်၏။ ထိုကြောင့်။ စက္ခုသမ္ဖဿာဒိဝသေနဆ ဒွါရိကော ဖဿော၊ ဖဿော နာမ။ ။ဟူ၍ဋီကာ၌ဆိုသည်။ ။စက္ခုသ မ္ဖဿာဒိဝသေန၊ စက္ခုသမ္ဖဿ အစရှိသည်တို့၏အစွမ်းဖြင့်။ ဆဒွါရိကော၊ ခြောက်ဒွါရ၌ဖြစ်သော။ ဖဿော၊ ဖဿသည်။ ဖဿော နာမ၊ ဖဿမည်၏။ အကျဉ်းအားဖြင့်စက္ခု အစရှိသောခြောက်ပါးသောဖဿ။ ။အကျယ် အားဖြင့် စက္ခုသမ္ဖဿ အစရှိသော။ ငါးပါးသောကုသလဝိပါက်ဖဿ။ အကုသလဝိပါက်ဖဿ။ ထိုမှကြွင်းသောနှစ်ဆယ့်နှစ်ပါးသော။ လောကီဝိ ပါက်ဝိညာဏ်နှင့်ယှဉ်သောနှစ်ဆယ့်နှစ်ပါးသောဖဿတို့ကိုယူအပ်၏။ ဤ အရာ၌အလုံးစုံသောအာယတနတို့ကြောင့်။ တခုသောဖဿသည်မဖြစ် သလော။ တခုသောအာယတနကြောင့်။ အလုံးစုံသောဖဿတို့သည်။ မ ဖြစ်သလောဟူ၍မေးငြားအံ့။ မဖြစ်သင့်။ ထိုသို့မဖြစ်သင့်သည်လျက်။ သဠာ ယတနပစ္စယာ ဖဿော ဟူ၍။ ဧကဝစနနိဒ္ဒေသအားဖြင့်။ မြတ်စွာဘုရား ဟောတော်မူခြင်းသည်။ များစွာသောအာယတနတို့ကြောင့်။ တခုသော ဖဿသည်။ ဖြစ်၏ဟုသိစေလိုသောကြောင့်။ ဟောသည်ဟုမှတ်ရမည်။ အဘယ်ကဲ့သို့ဖြစ်သနည်းဆိုသော်။ စက္ခုသမ္ဖဿသည်။ စက္ခာယတန ကြောင့်၎င်း၊ ရူပါယတနကြောင့်၎င်း။ စက္ခုဝိညာဏ်ဟုဆိုအပ်သောမနာ ယတနကြောင့်၎င်း။ စက္ခုဝိညာဏ်မှကြွင်းသော၊ မိမိနှင့်သမ္ပယုတ်ဖြစ်သော ဓမ္မာယတနကြောင့်လည်းကောင်း။ ဖြစ်သကဲ့သို့မှတ်အပ်၏။ စက္ခုသမ္ဖဿ သည်။ စက္ခာယတနကို ဝတ္ထုပုရေဇာတပစ္စည်းပြု၍ဖြစ်၏။ ရူပါယတနကို အာရမ္မဏပစ္စည်းပြု၍။ စက္ခုဝိညာဏ်ဟုဆိုအပ်သော။ မနာယတနသည်။ မိ မိနှင့်ယှဉ်သောသဗ္ဗစိတ္တသာဓာရဏ စေတသိက်ခြောက်ခုဟုဆိုအပ်သော။ ဓမ္မာယတနတို့အား။ သမ္ပယုတ္တပစ္စည်းပြု၍ဖြစ်၏။ ။သောတသမ္ဖဿအစရှိ

သည်တို့နှိက်လည်း။ဤနည်းကိုမှီ၍ပစ္စယုပ္ပန်ဆိုလေ။ ။သဠာယတနပစ္စယာဖဿောဟူသောပုဒ်၌မှတ်ရန်အဖိပ္ပါယ်။ ။

ဖဿပစ္စယာဝေဒနာဟူသောပုဒ်နှိက်၊ဝိဂြုဟ် လက္ခဏာ။ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်တို့ကိုပြဆိုဦးအံ့။

အာရမ္မဏံဝေဒိယတီတိဝေဒနာ။ ။ယံဓမ္မဇာတံ၊အကြင်သဘောတရားသည်။အာရမ္မဏံ၊အာရုံကို၊ဝေဒိယတိ၊ခံစားတတ်၏။ဣတိတသ္မာ၊ထို့ကြောင့်၊တံဓမ္မဇာတံ၊ထိုသဘောတရားသည်။ဝေဒနာ၊ဝေဒနာမည်၏။ ။ဝိဒဓာတ် နပစ္စည်းမှတ်ရမည်။ ။သာ အနုဘဝနလက္ခဏာ။ ဝိသယသမ္ဘောဂရသံ။ သုခဒုက္ခပစ္စုပဋ္ဌာနံ၊ ဖဿပဒဋ္ဌာနံ။ ။အနက်ကား။သာ၊ထိုဝေဒနာသည်။အနုဘဝနလက္ခဏာ၊ အာရုံကိုခံစားခြင်းလက္ခဏာရှိ၏။ဝိသယသမ္ဘောဂရသံ၊အာရုံကိုခံစားခြင်း သုံးခြင်းရသကိစ္စရှိ၏။ သုခဒုက္ခပစ္စုပဋ္ဌာနံ၊သုခဒုက္ခလျှင်ထင်သောအခြင်းအရာရှိ၏။ ဖဿပဒဋ္ဌာနံ၊ဖဿလျှင်နီးစွာသောအကြောင်းရှိ၏။ ။ဤ ဖဿပစ္စယာဝေဒနာဟူသောပုဒ်၌။အကြောင်းဖြစ်သောဖဿသည်။သဠာယတနပစ္စယာ ဖဿောဟူသောပုဒ်၏အကျိုးဖြစ်သော ဖဿနှင့်တူ၏၊ဝေဒနာ၏အရကို၊သုခဒုက္ခဥပေက္ခာဝေဒနာသုံးပါး။ဣန္ဒြိယအားဖြင့်ဝေဒနာခြောက်ပါး။ ဘေဒအားဖြင့်ဝေဒနာတခုယုတ်ကိုးဆယ်။ ထိုတခုယုတ်ကိုးဆယ်သောဝေဒနာတို့တွင်လည်း။ သုံးဆယ့်နှစ်ပါးသော လောကီဝိပါက်နှင့်ယှဉ်သော ဝေဒနာကိုသာယူအပ်၏။ ။ထို့ကြောင့်။သုခဒုက္ခု ပေက္ခာဝသေနတိဝိဓါဝေဒနာ။ ဟူ၍ဒီကာကျော်၌ဆိုသည်။ ။အနက်ကား။ ။သုခဒုက္ခုပေက္ခာဝသေန၊သုခ။ဒုက္ခ။ဥပေက္ခာဝေဒနာအားဖြင့်။ တိဝိဓာ၊သုံးပါးအပြားရှိသော။ ဝေဒနာ၊ဝေဒနာတည်း။ ။ဖဿပစ္စယာဝေဒနာဟူသောပုဒ်၌မှတ်ရန်အဖိပ္ပါယ်။

ဝေဒနာပစ္စယာတဏှာ ဟူသောပုဒ်၌။ တဏှာဟူသောပုဒ်၏။ ဝိဂြုဟ်။လက္ခဏာ။ရသ။ပစ္စုပဋ္ဌာန်ပဒဋ္ဌာန်တို့ကိုပြဆိုဦးအံ့။

ဝတ္ထုကာမံတသတိ ပရိတသတီတိတဏှာ။ ။ယံဓမ္မဇာတံ၊ အကြင်သဘောတရားသည်။ ဝတ္ထုကာမံ၊ ဝတ္ထုကာမကို။ တသတိ၊ ပရိတသတိ၊ပြင်းစွာတပ်တတ်၏။ဣတိတသ္မာ၊ထို့ကြောင့်။တံဓမ္မဇာတံ၊ ထိုသဘောတရားသည်။တဏှာ၊တဏှာမည်၏။ ပရိရှေ့ရှိသော။တသဓာတ်။တဏှာပစ္စည်းမှတ်ရမည်။ ။သာဟေတုလက္ခဏာ။အဘိနန္ဒရသာ။အတိတ္တဘာဝပစ္စုပဋ္ဌာနာ။ဝေဒနာပဒဋ္ဌာနာ။ ။အနက်ကား။ ။သာ၊ထိုတဏှာ

သည်။ဟောဘုသဆုံ့အားဖြင့်အကြောင်းဟူသောထက္ကထာရှိ၏၊ ဇာတိနန္ဒိရသာ၊ အာရုံကိုအလွန်နှစ်သက်ခြင်း ရသကိစ္စရှိ၏၊ အတိဋ္ဌာဘာဝပစ္စုပဋ္ဌာနာ၊မရောင့်ရဲနိုင်သောအဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏၊ဝေဒနာပဒဋ္ဌာနာ၊ ဝေဒနာလျှင်နီးစွာသောအကြောင်းရှိ၏။ ။ဝေဒနာပုဒ်၌အကြောင်းဖြစ်သော ဝေဒနာ၏အရကိုသည်။ဆင်းရဲသောသူသည်၊ချမ်းသာခြင်းကိုတောင်းတ၏၊ချမ်းသာသောသူသည်။လွန်စွာချမ်းသာကိုတောင်းတ၏၊ဥပေက္ခာဝေဒနာသည်အလွန်ငြိမ်သက်၏အဖြစ်ကြောင့်၊သုခဟူ၍ဆိုအပ်၏၊ထိုကြောင့်သုခဒုက္ခဥပေက္ခာဝေဒနာသုံးပါးကိုယူအပ်၏၊ ။တဏှာအရကိုလည်း။ ရူပတဏှာအစရှိသော ခြောက်ပါးသောတဏှာကိုယူအပ်၏၊ထိုကြောင့်၊ ။ ရူပတဏှာဒိဘေဒနသတဏှာဇုမ္မိဝိဘာ ကောမကာတိဝိဘဝတဏ္ဍပဝတ္တ ကာရတောမတာ။ ။ဟူ၍သာမော အဋ္ဌကထာ၌လာသည်။ ။အနက်ကား၊ ။ဆုဝ၊ ဤဝေဒနာပစ္စယာတဏှာဟူသောပုဒ်၌၊ ရူပတဏှာဒိဘေဒနရူပတဏှာအစရှိသောအပြားအားဖြင့်။ ဆတဏှာ၊ ခြောက်ပါးသောတဏှာတို့ကို၊ဝိဘာ၊ဖြာအပ်ကုန်၏၊ တတ္ထ၊ထိုခြောက်ပါးသောတဏှာတို့တွင်။ ဧကေကာ၊တခုတခုသော၊တဏှာ၊တဏှာကို၊ပဝတ္တာကာရတော၊ဖြစ်သောအခြင်းအရာအားဖြင့်ဖြစ်၏ဟူ၍။ မတာ၊သိအပ်ကုန်၏၊ ။ဤအရာ၌အဓိပ္ပါယ်ကား၊ ။အဘသုဒ္ဓေးကို ဆွဲပြု၍သားကိုလည်း၊ သုဒ္ဓေးသား ဆိုသကဲ့သို့သည်းကောင်း၊အဘပုဏ္ဏားကိုဆွဲပြု၍။ သားကိုလည်းပုဏ္ဏားသားဆိုသကဲ့သို့သည်းကောင်း၊ရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊ရသာရုံ၊ဖောဋ္ဌဗ္ဗါရုံ၊ဓမ္မာရုံဟုဆိုအပ်သော၊၆ပါးအာရုံခြောက်ပါးကိုအစွဲပြု၍၊ တတ်ထတ်သောတဏှာကိုလည်း။ ရူပ၊သဒ္ဒ၊ဂန္ဓ၊ရသ၊ဖောဋ္ဌဗ္ဗ၊ဓမ္မတဏှာ ဟူ၍၊ တဏှာခြောက်ပါးဖြစ်သတည်း။ ။ထိုခြောက်ပါးသောတဏှာတို့တွင်၊တပါးပါးသောတဏှာ၌၊ကာမတဏှာ၊ဘဝတဏှာ၊ ဝိဘဝတဏှာဟူ၍သုံးပါးရှိ၏၊ ။ထိုသုံးပါးတို့တွင် အကြင်အခါ၌၊ စက္ခုပသာဒ အားထင်ခြင်းသို့ရောက်သောရူပါရုံကိုဘဝ်သည်၏အစွမ်းအားဖြင့် သာယာခြင်းဖြစ်၏၊ထိုအခါကာမတဏှာဖြစ်၏၊အကြင်အခါ၌ ထိုရူပါရုံသည်သာလျှင်မြဲ၏ဟူသောရူပနိစ္စအမြဲတည်၏ ဟူသောသဿတ၏အစွမ်းအားဖြင့်ဖြစ်၏၊ဤသို့မိစ္ဆာဒိဋ္ဌိနှင့်တကွဖြစ်သောတဏှာသည်။ဘဝတဏှာမည်၏။ ။ထိုရူပါရုံကိုပင်ပြတ်၏ပျောက်၏။ ဤသို့ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာသည် ဝိဘဝတဏှာမည်၏။ ။ထိုတဏှာသုံးပါးတို့သည်၊ အာရုံ

ခြောက်ပါးနှင့်မြှောက် တဆဲ့ရှစ်ဖြစ်၏။ ၎င်းတဆဲ့ရှစ်ကို အဋ္ဌာရသဗဟိဒ္ဓ။ သဋ္ဌာန်နှစ်ပါးနှင့်မြှောက် သုံးဆဲ့ခြောက်ဖြစ်၏။ ၎င်းသုံးဆဲ့ခြောက်ကို၊အာတိတ်အနာဂါတ် ပစ္စုပ္ပါန်သုံးပါးနှင့်မြှောက်။ တရာ့ရှစ်ပါးသော တဏှာသည်ဖြစ်၏။ ။ထိုကြောင့်၊တဏှာအစစ်။ တရာ့ရှစ်၊ စင်စစ်သိလိုက၊တဏှာသုံးတန်။ အရင်းခံ အာကာသံနှင့်မြှောက်။ တဏှာအစစ်။တရာ့ရှစ်၊ စင်စစ်ရှင်းမဘောက်။ ဟူ၍သံပေါက် ဆရာတို့ကဆိုကြကုန်သည်။ ။

အင်းဝပြည့်အဝမင်းခေါင်ထက်သက်သာသနာပိုင်ဖြစ်သော။ရှင်အဋ္ဌသာရမေးစီကုံးသောစတုဓမ္မသာရတွင်လည်း၊ခုနစ်ဆဲ့ငါး။နာမ်ရုပ်ထား၍။နှစ်ပါးဆယ်ထွေ။ မြွှာပွားရေသော်၊ ကိလေသာစက်။ သုံးထောင်ဝက်ဟု၊ ရေးစီကုန်းလေသည်၊သံပေါ်ဆရာများကလည်း။တထောင့်ငါးရာ။ကိလေသာ။သချာသိလိုက၊။နာမ်နိလက်ကိုခံ။သဋ္ဌာန်ကိုနှင့်မြှောက်။တထောင့်ငါးရာ။ကိလေသာ။သချာရင်းမပေါက်။ဟူ၍ဆိုကုန်သည်၏အရာ၌။တဏှာအစစ်သည်။မည်မျှရှိသည်ဟုဆိုလျှင်။ ရသင့်ရထိုက်သော ကိလေသာတဏှာတို့သည်၊ ဤသို့အတိုင်းအရှည်ရှိ၏ဟူ၍။ သိစေခြင်းငှာ။ တထောင့်ငါးရာသောကိလေသာတို့ကိုပြလိုက်လေသည်။အကြောင်းဖြစ်သောဝေဒနာသုံးပါးတို့ကိုအစွဲပြု၍အကျိုးဖြစ်သောတဏှာဖြစ်ရာ၌ကား။ ။အကြွင်ပုဂ္ဂိုလ်သည်။သားသမီးအခြွေအရံပရိသတ်တို့၌ချစ်ခင်မြတ်နိုးရုံမက်နှစ်သက်ခြင်းကြောင့်၊နို့ထိန်းအစရှိသောသူတို့အား။ဥစ္စာပစ္စည်းဘဏ္ဍာတို့ကိုပေး၍။ စောင်မကြည့်ရှုစေသကဲ့သို့၊ ထိုအတူရူပါရုံအစရှိသော အာရုံရှိသည်၏၊အစွမ်းအားဖြင့်ဖြစ်သော ဝေဒနာကိုသာယာ၍ ထိုဝေဒနာနှိုက်ချစ်မြတ်နိုးသဖြင့်၊ ရူပါရုံအစရှိသော အာရုံကိုနှစ်သက်ရုံမက်မြတ်နိုးထောက်အောင် ပြုတတ်ကုန်သော ပန်းချီဆေးရေးသမား။ နှစ်သက်ဖွယ်သောအသံကိုသာယာနာပျော်ဘွယ်ဖြစ်အောင်တီးမှုတ်တတ်သောစောင်းသမား။မွှေးကြိုင်လှိုင်သင်းစေအောင် ပြုပြင်စီရင်တတ်သော နံ့သာသည်ကောင်းမွန်သောအရသာနှင့်ပြည့်စုံအောင်လက်သုပ်ဟင်းလျာတို့ကိုစီရင်ချက်ပြုတ်တတ်သောစဖိုသည်၊နူးညံ့သိမ်မွေ့စွာသောအတွေ့ရှိအောင်ယက်ခြင်း၌လိမ္မာသောယက်ကမ်းသည်။ ဥတုဇ၊စိတ္တဇ၊ အာဟာရဇကြောင့်မညီမညွတ်သော မဟာဘုတ်ကိုညီညွတ်အောင်ပြုပြင်သောဆေးသမား အစရှိသောသူတို့အား။များစွာသောဥစ္စာဘဏ္ဍာတို့ကို ပေးရကုန်သည်။ယင်းသို့ဖြစ်၍။အလုံးစုံသော တဏှာတို့သည်။ဝေဒနာဟူသော အကြောင်းတို့

ကြောင့်ဖြစ်သည်ဟူ၍ခတ်ရမည်။ ။ပန်းချီသမားကား။ ရူပါရုံကိုပေးတတ်သောသူမည်၏၊ စောင်းသမားကား။ သဒ္ဒါရုံကိုပေးတတ်သော သူမည်၏၊ နံ့သာသည်ကားဂန္ဓာရုံကို ပေးတတ်သောသူမည်၏၊ စဖိုသည်ကား။ ရသာရုံကို ပေးတတ်သော သူမည်၏၊ ယက်ကန်းသည်သည် ပေါဋ္ဌဗ္ဗာရုံကိုပေးတတ်သောသူမည်၏။ဆေးသမားကား။ဖိုပိတ်ခြင်းဟုဆိုအပ်သော ဓမ္မာရုံကိုပေးတတ်သောသူမည်၏။ ။ဝေဒနာပစ္စယာဟူသော ပုဒ်၌မှတ်ရန် အဓိပ္ပါယ်တည်း။

တဏှာပစ္စယာ ဥပါဒါနံဟူသောပုဒ်၌ ဥပါဒါနဟူသော ပုဒ်၏ဝိဂြိုဟ်၊လက္ခဏာရသ၊ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကိုပြဆိုဦးအံ့။

အာရမ္မဏံဥပါဒိယတီတိဥပါဒါနံ။ ။သံဝဏ္ဏနာတံ။အကြင်သဘောတရားသည်၊အာရမ္မဏံ၊အာရုံကို၊ဥပါဒိယတိ၊မြဲစွာစွဲသမ်းတတ်၏၊ ဣတိထသ္မာ၊ထိုကြောင့်။ တံခန္ဓာတံ၊ထိုသဘောတရားသည်၊ ဥပါဒါနံ၊ဥပါဒါန် မည်၏။ဥ၊ ရှေ့ရှိသောပါဒဓာတ်နှင့်ပစ္စည်းဟူ၍မှတ်ရမည်။ ။တံဂဟဏ အရစ္စနရသံ၊ တဏှာဒဠှတ္တဒိဋ္ဌိပစ္စုပဋ္ဌာနံ၊ တဏှာပဒဋ္ဌာနံ။ ။တံ၊ ထိုဥပါဒါန်သည်။ဂဟဏလက္ခဏံ၊ အာရုံကိုယူခြင်းလက္ခဏာရှိ၏၊ အရစ္စနရသံ၊ တွေ့ပြီးရပြီးသော အာရုံကိုမလွှတ်နိုင်ခြင်းရသကိစ္စရှိ၏၊ တဏှာဒဠှတ္တပစ္စုပဋ္ဌာနံ၊တဏှာဖြင့်မြဲစွာစွဲသမ်းသောအဖြစ်မှားသောအဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏၊တဏှာပဒဋ္ဌာနံ။ တဏှာလျှင်နီးစွာသောအကြောင်းရှိ၏၊ ။ဥပါဒါန်၏အရကိုကာမုပါဒါနံ အစရှိသောလေးပါးသောဥပါဒ်ကိုယူအပ်၏။ထိုကြောင့်။ ။ကာမုပါဒါနာဒိဝသေနစတ္တာရောဥပါဒါနာ။ ဟူ၍ဒီကာကျော်၌ဆိုသည်။ ။ကာမုပါဒါနာဒိဝသေန။ ကာမုပါဒါန်အစရှိသည်၏အစွမ်းဖြင့်၊ စတ္တာရော။လေးပါးကုန်သော။ဥပါဒါနာ။ ဥပါဒါန်တို့သည်။ဥပါဒါနန္တိ ကာမုပါဒါနံ။ဒိဋ္ဌုပါဒါနံ၊သီလဗ္ဗတုပါဒါနံ အတ္တဝါဒုပါဒါနန္တိ ဣမာနိစတ္တာရိဥပါဒါနာနိအာဂတာနိ။ ။ဟူ၍သမောအဋ္ဌကထာ၌လာသည်။ ။ဥပါဒါနန္တိ။ဥပါဒါနံဟူသည်ကား။ကာမုပါဒါနံ။ ကာမုပါဒါန် ထည်းကောင်း။ ဒိဋ္ဌုပါဒါနံ။ ဒိဋ္ဌုပါဒါန် ထည်းကောင်း။ သီလဗ္ဗတုပါဒါနံ။သီလဗ္ဗတုပါဒါန်လည်းကောင်း။ အတ္တဝါဒုပါဒါနံ။ အတ္တဝါဒုပါဒါန်လည်းကောင်း။ဣတိဣမာနိစတ္တာရိဥပါဒါနာနိ။ဤလေးပါးသောဥပါဒါန်တို့သည်။ပါဠိယံ၊ပိဋကတ်ပါဠိတော်၌။အာဂတာနိ။ လာကုန်၏။ ။တဏှာဝ

စ္စယာဥပါဒါနံ ဟူသော ပုဒ်၌။ ပစ္စည်းဖြစ်သော တဏှာ၏ အရနှင့်၊ ပစ္စယုပ္ပန်ဖြစ်
သော ဥပါဒါန် လေးပါးတို့တွင်။ ဒုတိယ ဒိဋ္ဌုပါဒါန် အစ ရှိသည်တို့နှင့်၊ တဏှာ
ဒိဋ္ဌိ အဖြစ်ဖြင့်။ ပြားသော သဘော ရှိသည်၏ အဖြစ်ကြောင့်၊ ထိုပစ္စည်းဖြစ်
သော တဏှာ၊ ပစ္စယုပ္ပန်ဖြစ်သော။ ဒုတိယ ဒိဋ္ဌုပါဒါန်တို့၏ အထူးကို သိလွယ်
၏။ ပစ္စည်းဖြစ်သော တဏှာ ပစ္စယုပ္ပန်ဖြစ်သော ပဌမ ကာမုပါဒါန်နှင့်။ တဏှာ
၏ အဖြစ်ဖြင့် ပြားသော သဘော မရှိသောကြောင့်။ ထိုတဏှာ ကာမုပါဒါန်
တို့၏။ တရားကိုယ် အားဖြင့် လောဘသာ ဖြစ်၍။ သိနိုင်ခဲသော အရာ ဖြစ်၏။
ယင်းသို့ ဖြစ်၍။ ၎င်းနှစ်ပါးတို့၏ အထူးကို။ ဒုဗ္ဗလ။ အားနည်းသော တဏှာ။
ဗလဝ အားကြီးသော တဏှာ ဟူ၍၊ အထူးကို သိအပ်၏။ ။ထို့ကြောင့်။ ။
ဒွေ့ ဒုဗ္ဗလ တဏှာ နာမ။ ဗလဝ ဥပါဒါနံ နာမ။ ။ဟူ၍ ဋီကာ၌ ဆိုသည်။
အနက်ကား။ ။စ။ ဆက်၍ ဆိုဦးအံ့။ ဧတ္ထ။ ဤ တဏှာ ဥပါဒါန် နှစ်ပါးတို့
တွင်။ ဒုဗ္ဗလာ။ အားနည်းသော လောဘသည်။ တဏှာ နာမ။ တဏှာ မည်၏၊
ဗလဝံ။ အားကြီးသော လောဘသည်။ ဥပါဒါနံ နာမ။ ဥပါဒါန် မည်၏။ ။ဒုဗ္ဗ
လာ တဏှာ ဝုတ္တာ တဏှာ နာမ ဟောတိ။ ဗလဝတီ တဏှာ ဒွေ့ ဝုတ္တံ ဥပါဒါနံ
နာမ ဟောတိ အယမေတ္ထ သံဝဏ္ဏနာ။ ။ဟူ၍ ဝိဘာဝနီ ကျမ်း
၌ ဖွင့်ဆိုသည်၊ ။ဧတ္ထ။ ဤ တဏှာ ဥပါဒါန် နှစ်ပါးတို့တွင်။ ဒုဗ္ဗလာ။ အား
နည်းသည် ဟူ၍ ဝုတ္တာ။ ဆိုအပ်ကုန်သော။ တဏှာ။ တဏှာ သည်၊ တဏှာ
နာမ။ တဏှာ မည်သည်။ ဟောတိ၊ ဖြစ်၏။ ဗလဝတီ၊ အားကြီးသော ဖြစ်ဟူ
၍၊ ဝုတ္တံ၊ ဆိုအပ်သော။ တဏှာ၊ တဏှာ သည်၊ ဥပါဒါနံ နာမ၊ ဥပါဒါန် မည်သည်
ဟောတိ။ ဖြစ်၏။ အယံ။ ဤ ဆိုအပ်ခဲ့ပြီးသည်ကား။ ဧတ္ထ သံ။ ထို တဏှာ ဥပါ
ဒါန်တို့၏။ သံဝဏ္ဏနာ။ အထူး တည်း။ ။ထို တဏှာ ဥပါဒါန်တို့၏။ အထူးကား။
အရိုက်တိုက် နှိုက်နေလျက်၊ ခိုးမှုကို ပြုကုန်သော ခိုးသူတို့သည်။ မိမိ
လက်သို့ မရောက်သေးသော။ ယူအပ်သော ဥစ္စာ ဘဏ္ဍာကို၊ ယူခြင်း
ငှါ လက်ကို ဆန့်တန်းဘိ သကဲ့သို့။ မိမိ၏ အနီး အပါးသို့၊ မလာ မရောက်
သေးသော၊ အဝေး အရပ်၌ တည်သော။ မိမိသည် နှစ်သက်မြတ်နိုး အပ်
သော ရူပါရုံ အစ ရှိသော အာရုံကို။ ဝါ၏ အနည်း အပါး၌ တည်ထားရပ်
ထားရောက်လာမှုကား၊ ကောင်းလေစွဟု တောင်းတခြင်းသည် တဏှာ မည်
၏၊ ။မိုက်မှောင် အတွင်း၌ နေလျက်။ ခိုးမှုကို ပြုကုန်သော ခိုးသူတို့သည်၊
မိမိ လက်သို့ ရောက်ပြီးသော ယူအပ်သော ဥစ္စာ ဘဏ္ဍာကို ယူခြင်းငှါ။ လက်
ကို ဆန့်ဘိ သကဲ့သို့၊ မိမိ အထံသို့ ထားရောက်သော၊ မိမိသည် နှစ်သက်မြတ်နိုး

အပ်သော။ ရုပါရုံအစရှိသော ငါးပါးသော အာရုံကို။ တပ်နှစ်သက်ခြင်း
သည်။ ဥပါဒါန်မည်၏။ ။ဤကား တဏှာဥပါဒါန်နှစ်ပါးတို့၏ အထူး
တည်း။ ။ဘနည်းသည်းအလိုနည်းခြင်း။အပ္ပိစ္ဆ၏၊ ဆန့်ကျင်ဘက်သည့်
ထည်းကောင်း။ အလိုမရှိသောသူ၏အဖြစ်တည်.ဟူသော အလောဘ၏
ဆန့်ကျင်ဘက်သည် တဏှာမည်၏။ ။ထင်ရှားရှိသောမိမိဥစ္စာဘဏ္ဍာ
ဖြင့်။ နှစ်သက်ရောင့်ရဲခြင်းဟုဆိုအပ်သော။ သန္တောသ၏ဆန့်ကျင်ဘက်
ဖြစ်သောတဏှာသည် ဥပါဒါန်မည်၏။ ။တနည်းထည်းအလိုရှိအပ်
သောဝတ္ထုကိုအဘန်တလဲလဲရှာမှီးခြင်းကြောင့်ဖြစ်သော။ ကာယိကဒုက္ခ၊
စေတသိကဒုက္ခ၏အကြောင်းဖြစ်သောတဏှာသည်။တဏှာမည်၏။ ။ရှာ
မှီး၍ရအပ်ပြီးသောအလိုရှိအပ်သောဝတ္ထုကို စောင့်ရှောက်ရခြင်းကြောင့်
ဖြစ်သော။ ကာယိကဒုက္ခ၊စေတသိကဒုက္ခ၏အကြောင်းဖြစ်သောတဏှာ
သည်။ဥပါဒါန်မည်၏။ ။ဤသို့ပြဆိုခြင်းသည်ကား။ တဏှာဥပါဒါန်တို့
၏အထူးတည်း။ ။ထိုလေးပါးသောဥပါဒါန်တို့တွင်။ ။ဝတ္ထုသင်္ခါတံကာ
မံဥပါဒိယတီတိဥပါဒါနံ။ ။ယံဓမ္မဇာတံ၊အကြင်သဘောတရားသည်၊
ဝတ္ထုသင်္ခါတံ၊ ဝတ္ထုဟုဆိုအပ်သော၊ ကာမံ၊ ကာမဂုဏ်ကို။ ဥပါဒိယ
တိ၊မြဲစွာစွဲလမ်းတတ်၏ ဣတိတသ္မာ၊ထို့ကြောင့်။တံဓမ္မဇာတံ၊ထိုသဘော
တရားသည်၊ ကာမုပ္ပါဒါနံ၊ကာမုပ္ပါဒါန်မည်၏။ ။ကာမနှင့်ရှိသောဥပ္ပါ
ဒါတ်။နပစ္စည်းမှတ်ရမည်။ ။တနည်းလည်းအပြားရှိသောတဏှာဖြင့်။
မြဲမြန်စွာစွဲလမ်းသောဖြစ်ခြင်းသည်၊ကာမုပ္ပါဒါန်မည်၏။ဤကား။ ကာမုပ္ပါ
ဒါန်ဖြစ်ခြင်းတည်း။ ။ဒိဋ္ဌိဥပါဒိယတီတိဥပါဒါနံ။ ။ယံဓမ္မဇာတံ၊ အ
ကြင်သဘောတရားသည်။ ဒိဋ္ဌိ၊မှားသောအယူကို။ ဥပါဒိယတိ၊ မြဲစွာစွဲ
လမ်းတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံဓမ္မဇာတံ၊ ထိုသဘောတရား
သည်။ဒိဋ္ဌုပ္ပါဒါနံ၊ ဒိဋ္ဌုပ္ပါဒါန်မည်၏။ ဒိဋ္ဌိရှေ့ရှိသောပါဒါတ်။ နပစ္စည်း။
ဆယ်ပါးသော အကြောင်းရှိသောမိစ္ဆာဒိဋ္ဌိသည် ဒိဋ္ဌုပ္ပါဒါန်မည်၏။ ။
ဆယ်ပါးသောအကြောင်းဟူသည်ကား။ ။မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိ
စ္ဆာဝါစာ၊မိစ္ဆာကမ္မန္တ၊မိစ္ဆာဇီဝ၊မိစ္ဆာဝါယာမ၊မိစ္ဆာသတိ၊မိစ္ဆာသမာဓိ
မိစ္ဆာဝိမုတ္တိ၊မိစ္ဆာဉာဏ၊ဤဆယ်ပါးတို့တည်း။ ။ထိုဒိဋ္ဌုပ္ပါဒါန်သည်။
အဘယ်ကိုစွဲလမ်း၍ဖြစ်သနည်း။ အလှူ၏အကျိုးသည်မရှိ၊ပူဇော်ခြင်း၏
အကျိုးသည်မရှိ။ ဤသို့မှားသော အယူဘောင်ဖြန့်သော အယူသည်။
ဒိဋ္ဌုပ္ပါဒါန်မည်၏။

သီလဗ္ဗတံဥပါဒိယတိ ဣတိသီလဗ္ဗတုပ္ပါဒါနံ။ သီလဗ္ဗတဥ္စတံဥပ္ပါဒါနဥ္စာတိသီ
လဗ္ဗတုပ္ပါဒါနံ၊ ။ယံဝဋ္ဋဓာတံ၊အကြောင်းသဘောတရားသည်။ သီလဗ္ဗ
တဥ္စ၊နွားတို့၏အလေ့အကျက်၊ နွားတို့၏အကျင့်ဟုဆိုအပ်သောအကျင့်
တို့ကို၊ဥပါဒိယတိ၊စွဲသမ်းတတ်၏၊ဣတိတသ္မာ၊ထို့ကြောင့်။ တံဝဋ္ဋဓာတံ၊
ထိုသဘောတရားသည်။ သီလဗ္ဗတုပ္ပါဒါနံ၊ သီလဗ္ဗတုပ္ပါဒါန်မည်၏။ ။
သီလဗ္ဗတဥ္စ၊နွားတို့၏အကျင့်သည်လည်း၊ ဟောတိ၊ဖြစ်၊ တံ၊ထိုနွားတို့၏အ
ကျင့်ဟူသည်၊ဥပါဒါနဥ္စ၊ဥပါဒါန်သည်လည်း၊ဟောတိ၊ဖြစ်၏၊ဣတိတသ္မာ၊
ထို့ကြောင့်၊သီလဗ္ဗတုပ္ပါဒါနံ၊ သီလဗ္ဗတုပ္ပါဒါန်မည်၏။ ထိုသီလဗ္ဗတုပ္ပါ
ဒါန်သည် အဘယ်သို့စွဲ၍ယူသနည်း။ ။နွားကျဲ့ခွေးဝတ်ကြွက်ငှက်အစရှိ
သောသတ္တဝါတို့၏၊အလေ့အကျင့်ဖြင့်လည်း၊ သံသရာစင်ကြယ်၏ဟု၊
မှားသောသဘောဖြင့်သောအယူနှင့်မြဲမြဲစွဲလမ်း၍ယူခြင်းသည်။ သီလဗ္ဗတုပ္ပါ
ဒါန်မည်၏။ ။သီလဗ္ဗတုပ္ပါဒါနပုဒ်၊သမာသ်ပြီးပြီ။ ။တနည်းလည်း
သီလဗ္ဗတ၌ရှိသောဥပါဒါနပုဒ်၊နှင့်လည်းကြံသင့်သည်။ ။ဝဒန္တိ၊ဧတေနာ
တိဝါဒေါ၊ ဥပါဒိယန္တိ၊ဧတေနာတိဥပါဒါနံ။ အတ္တနော ဝါဒုပ္ပါဒါနံ၊အတ္တဝါ
ဒုပ္ပါဒါနံ။ အတ္တဝါဒမတ္တမေဝ အတ္တာတိ ဥပါဒိယန္တိ ဧတေနာတိ အတ္တဝါဒုပ္ပါ
ဒါနံ။ ။အနက်ကား၊ ။ဧတေန၊ထိုမိစ္ဆာအယူဖြင့်။ဝဒန္တိ၊ဆိုတတ်ကုန်၏။
ဣတိတသ္မာ၊ထို့ကြောင့်။ဝါဒေါ၊ဝါဒမည်၏။ ဧတေန၊ထိုမိစ္ဆာအယူဖြင့်။ဥ
ပါဒိယန္တိ၊စွဲသမ်းတတ်ကုန်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ ဥပါဒါနံ၊ဥပါဒါန်
မည်၏။ ။အတ္တနော၊အတ္တဟူ၍၊ဝါဒုပ္ပါဒါနံ၊ဆိုကြောင်းတည်း။ အတ္တဝါဒုပ္ပါ
ဒါနံ၊ခန္ဓာပဥ္စကကို၊အတ္တဟူ၍ဆိုကြောင်းသည်ကြောင်း။ ။ဧတေန၊ ထိုအ
ကျင့်ဖြင့်၊အတ္တဝါဒမတ္တမေဝ၊အတ္တမှုကိုပင်လျှင်၊ အတ္တာတိ၊အတ္တဟူ၍၊ဥ
ပါဒိယန္တိ၊ စွဲလမ်းတတ်ကုန်၏။ ဣတိတသ္မာ၊ထို့ကြောင့်အတ္တဝါဒုပ္ပါဒါနံ၊
အတ္တဝါဒုပ္ပါဒါန်မည်၏။ ။နှစ်ဆယ်သောအကြောင်းရှိသောသက္ကာယဒိဋ္ဌိ၊မိ
မိခန္ဓာပဥ္စက၌များသောအယူသည်အတ္တဝါဒုပ္ပါဒါန်မည်၏၊ ။နှစ်ဆယ်
သောအရေအတွက်ကား။ ။ရူပံအတ္တတောသမနုပဿတိ၊ ရူပဝန္တံ ဝါ
အတ္တာနံ၊အတ္တနိရူပံ၊ရူပသ္မိံ ဝါ အတ္တာနံ။ ။ဟူ၍ဟောတော်မူသောကြောင့်။
ရူပက္ခန္ဓာကိုအလိုသို့လိုက်သတ်သောအတ္တဟူ၍ယူခြင်း၊အတ္တသည်ရုပ်ရှိ
၏ဟူ၍ယူခြင်း၊အတ္တ၌ရုပ်သည်ဖြစ်၏ဟူ၍ယူခြင်း၊ရုပ်၌အတ္တသည်ဖြစ်၏
ဟူ၍ယူခြင်း၊ဤသို့ရူပက္ခန္ဓာ၌လေးပါး။ဝေဒနက္ခန္ဓာ၌လေးပါး။ သညာက္ခန္ဓာ
၌လေးပါး။ သင်္ခါရက္ခန္ဓာ၌လေးပါး။ ဝိညာဏက္ခန္ဓာ၌ လေးပါးအားဖြင့်နှစ်

ဆယ်ဖြစ်သတည်း၊ ဤကားအတ္တဝါဒုပါဒါန်၏အကြောင်းသည်ဖြစ်၏။
ထထျာပစ္စယာဥပါဒါနံဟူသောပုဒ်၌မှတ်ရန်အဓိပ္ပါယ်တည်း၊

ဥပါဒါနပစ္စယာဘဝေါဟူသောပုဒ်၌
ဘဝဟူသောပုဒ်၏ဝိဂ္ဂြဟ်၊ လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊
ပဒဋ္ဌာန်တို့ကိုပြဆိုဦးအံ့။

ဘဝတိဧတသ္မာဖလန္တိဘဝေါ၊ဘဝတိတိဘဝေါ။ ၊အနက်ကား၊ ၊ဧတသ္မာ၊ထိုစေတနာဟူသောအကြောင်းကြောင့်၊ဖလံ၊ အကျိုးသည်၊ဘဝတိ၊ဖြစ်တတ်၏၊ဣတိတသ္မာ၊ထို့ကြောင့်၊ သော၊ထိုစေတနာသည်၊ဘဝေါ၊ဘဝမည်၏။ ၊ကမ္မဘဝရ၏၊ ၊ယောဓမ္မော၊အကြင်တရားသည်၊ဘဝတိ၊ဖြစ်ထတ်၏၊ဣတိတသ္မာ၊ထို့ကြောင့်၊တံဓမ္မဇာတံ၊ထိုသဘောတရားသည်၊ဘဝေါ၊ဘဝမည်၏၊ ၊ဥပပတ္တိဘဝရ၏။ ၊ဘဝဓာတ်၊အပစ္စည်း၊ ၊ဘဝေါကမ္မာကမ္မဖလလက္ခဏော၊ ဘဝဏဘာဝရသော၊ကုသလာကုသလဗျာကတပစ္စုပဋ္ဌာနော၊ဥပါဒါနပဒဋ္ဌာနော။ ၊ကမ္မာကမ္မဖလလက္ခဏော၊ကံ၏အကျိုးလက္ခဏာရှိ၏၊ဘဝဏဘာဝရသော၊ဖြစ်စေခြင်းဖြစ်ခြင်းရသကိစ္စရှိ၏၊ကုသလာကုသလဗျာကတပစ္စုပဋ္ဌာနော၊ ကုသိုလ်အကုသိုလ်ဗျာကတထရား၊ထင်သောအခြင်းအရာရှိ၏။ ဥပါဒါနပဒဋ္ဌာနော၊ ဥပါဒါန်သျှင်နီးစွာသောအကြောင်းရှိ၏။ ၊ဥပါဒါနပစ္စယာဘဝေါဟူသောပုဒ်၌၊မှတ်ရန်အဓိပ္ပါယ်။ ၊

ဘဝပစ္စယာဇာတိဟူသောပုဒ်၌၊ဝိဂ္ဂြဟ်၊လက္ခဏာ၊ရသ၊
ပစ္စုပဋ္ဌာန်ပဒဋ္ဌာန်တို့ကိုပြဆိုဦးအံ့။

ဇနနံဇာတိ၊ပဋိသန္ဓိယံဇနယတီတိဇာတိ၊ ၊ဇနနံ၊ဖြစ်ခြင်းဇာတိ၊ ဖြစ်ခြင်း၊ ၊ကိတ်ဝိဂ္ဂြဟ်။ ၊ယံဓမ္မဇာတံ၊အကြင်သဘောတရားသည်၊ပဋိသန္ဓိယံ၊ပဋိသန္ဓေ၌၊ဇနယတိ၊ဖြစ်စေတတ်၏။ ဣတိတသ္မာ၊ထို့ကြောင့်၊ဇာတိ၊ ပဋိသန္ဓေမည်၏။ ကိတ်ဝိဂ္ဂြဟ်၊ ဇနဓာတ်တိပစ္စည်းဟူ၍ကြံအပ်သည်။ ၊သာတတ္ထတတ္ထဘဝေပဌမာဘိနိဗ္ဗတ္တိလက္ခဏာ၊နိယျာတနရသာ၊အတိတဘဝတောဣဓဥမ္မုဇ္ဇနပစ္စုပဋ္ဌာနာ၊ ဒုက္ခဝိစိတ္တတာ၊ပစ္စုပဋ္ဌာနာဝါ၊ကမ္မဘဝပဒဋ္ဌာနာ။ ၊သာ၊ထိုဇာတိသည်၊တတ္ထတတ္ထဘဝေ၊ ထိုထိုသို့သောဘဝ၌၊ ပဌမာဘိနိဗ္ဗတ္တိလက္ခဏာ၊ ရှေးဦးစွာဖြစ်ခြင်းလက္ခဏာရှိ၏၊ နိယျာတနရသာ၊ဝန်ဒုက္ခကိုဆောင်နှင်းခြင်းရသကိစ္စရှိ၏၊ အတိတဘဝတော၊အတိတ်ဘဝမှ၊ဣဓ၊ဤပစ္စုပ္ပန်ဘဝ၌၊ဥမ္မုဇ္ဇနပစ္စုပဋ္ဌာနာ၊

ပေါ်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ဝါ၊ တနည်းကား။ ဒုက္ခမိဋ္ဌတာ ပစ္စုပဋ္ဌာန၊ ဒုက္ခဆန်းကြံ ယ်သောအဖြစ်လျှင်။ထင်သောအခြင်းအရာရှိ၏။ ကမ္မဘဝပဒဋ္ဌာန၊ ကမ္မဘဝလျှင်နီးစွာခသောအကြောင်းရှိ၏။ ။ဘဝပစ္စယာဇာတိဟူသောပုဒ်၌။ အကျိုးဖြစ်သောဇာတိ၏။အကြောင်းဖြစ်သောဘဝအရကို။ ကမ္မဘဝကိုသာယူအပ်၏။ဥပပတ္တိဘဝကိုမယူအပ်။ ။ထို့ကြောင့်။ဘဝပစ္စယာဇာတိတိကမ္မဘဝေါ ဝအဓိပ္ပေတော။ ။ဟူ၍ဋီကာကျော်၌ဆိုသည်။ ။အနက်ကား။ ။ဘဝပစ္စယာဇာတိတိ။ဘဝပစ္စယာဇာတိဟူသည်ကား။ကမ္မဘဝေါဝ၊ ကမ္မဘဝကိုသာလျှင်။အဓိပ္ပေတော။အလိုရှိအပ်၏။ဘဝပစ္စယါဇါတိတိဧတ္ထပန ကမ္မဘဝေါ ဝအဓိပ္ပေတော၊ နဥပပတ္တိဘဝေါ။ ။ဟူ၍မဟာဋီကာ ၁ရမဥ္ဇူကျမ်း၌ဖွင့်ဆို၏။ ။ဘဝပစ္စယာဇာတိတိ၊ ဇာတိဟူသည်ကား။ကမ္မဘဝေါ ဝ။ကမ္မဘဝကိုသာလျှင်။အဓိပ္ပေတော။အလိုရှိအပ်၏၊ဥပပတ္တိဘဝေါ။ဥပပတ္တိဘဝကို။နအဓိပ္ပေတော။အလိုမရှိအပ်။ အဘယ့်ကြောင့်ကမ္မဘဝကို။အလိုရှိအပ်သနည်း။ဘဝ၏အဖြစ်ဖြင့်တူသောကြောင့်။ ဥပပတ္တိဘဝကိုသည်း။အလိုရှိအပ်သည့် မဟုတ်သော ဟူ၍ဆိုငြားအံ့။ဥပပတ္တိဘဝသည်၊ဇာတိအားကျေးဇူးမပြုနိုင်။ ကမ္မဘဝသာလျှင်။ ဇာတိအား ကျေးဇူးပြုနိုင်သောကြောင့်။ ကမ္မဘဝကိုသာ အလိုရှိအပ်၏။ ဥပပတ္တိဘဝကို အလိုမရှိအပ်၊ ယိုကြောင့်၊ သောဟိဇာတိယာ ပစ္စယော ဟောတိနဇာတရော၊ ။ဟူ၍ဋီကာကျော်ကျမ်း၌ဆိုသည်၊ ။ဟိယသ္မာ၊ အကျင့်ကြောင့်။သော၊ထိုကမ္မဘဝသည်။ ဇာတိယာ၊ပဋိသန္ဓေနေခြင်း၏။ ပစ္စယော၊ အကြောင်းသည်။ဟောတိ။ဖြစ်၏။ဇာတရော၊ဤဧတပါးသောဥပပတ္တိဘဝသည်၊ဇာတိယာ၊ပဋိသန္ဓေနေခြင်း၏။ပစ္စယော၊အကြောင်းသည်။ နဟောတိ၊ မဖြစ်။ ကမ္မဘဝသည် ဇာတိ၏အကြောင်းဖြစ်၍။ အဘယ်ကြောင့်ဥပပတ္တိဘဝသည်ဇာတိ၏အကြောင်းမဖြစ်သနည်း။ရှေးဦးစွာဖြစ်သောခန္ဓာသဘောသည်၊ဇာတိမည်၏၊ဥပပတ္တိဘဝသည်ထည်း။ ၎င်းခန္ဓာ၏ဖြစ်ခြင်းကို။ဥပပတ္တိဟုဆိုအပ်သောကြောင့်ဥပပတ္တိဘဝသည်၊ဇာတိ၏ အကြောင်းမဖြစ်နိုင် ထိုကြောင့်ဥပပတ္တိဘဝသည်၊ဇာတိအားကျေးဇူးမပြုနိုင်၊ ။ထိုကြောင့်သောဟိပဌမာဘိနိဗ္ဗတ္တခန္ဓသဘာဝေါ။ ဇာတိယေဝ။ ။ဟူ၍ဋီကာကျော်၌ဆိုသည်။ဟိယသ္မာ၊ အကြင်ကြောင့်။ သောဥပပတ္တိဘဝေါ။ထိုဥပပတ္တိဘဝသည်။ပဌမာဘိနိဗ္ဗတ္တခန္ဓသဘာဝေါ ရှေးဦးစွာဖြစ်သော ခန္ဓာသဘောသည်။ ဇာတိယေဝ၊ ဇာတိမည်သည် သာလျှင်

ထသည်း။ ၊ဝိကာအနက်၊ ။ဤသို့ဓာတ်ဖြစ်ရာ၌ ဆမိအာဘတို့၏သုက်သွေးအာဟာရအငရှိကုန်သောအကြောင်းတို့၏ပြည့်စုံခြင်းကြောင့်။ဟိနပဏီတ၊ သုဗဏ္ဏဒုဗ္ဗဏ္ဏအဆင်းအထူးထင်ရှားသည်မဟုတ်၊ အမိအာဘအလုံးစုံတို့သည်။ဆည်းဘူးအပ်သောကံရှိသောကြောင့်သာ၊ ဟိန ပဏီတ သုဗဏ္ဏဒုဗ္ဗဏ္ဏအဆင်းအထူးထင်ရှားသည်၊ ထိုသို့ထင်ရှားသောကြောင့်၊ ကမ္မဘဝကြောင့်ဓါတ်သည်ဖြစ်၏။ထိုဟိန၊ပဏီတ၊သုဗဏ္ဏဒုဗ္ဗဏ္ဏအဆင်းအထူးထင်ရှားသောငွေပြုပါနိဓာတ်သည်၊ကမ္မဘဝဟူသောအကြောင်းထပါး၌ကင်း၍မဖြစ်၊ ။ထိုကြောင့်။ကမ္မံ သတ္တေဝိဘဇ္ဇတိ၊ ယဒိဒံ ဟိနပဏီတတာယ၊ ။ဟူ၍ဝိဘင်းပါဠိတော်၌ဟောတော်မူသည်။ ။အနက်ကား။ ယဒိဒံ၊ယံဣဒံ ဟိနပဏီတတာ၊ အကြင်ယုတ်သောဖြစ်ခြင်း၊မြတ်သောဖြစ်ခြင်းသည်။ အတ္ထိ။ရှိ၏။ တံ၊ ထိုအယုတ်အမြတ်ကို၊ ကမ္မံ၊ကံသည်၊ သတ္တေ၊သတ္တဝါတို့ကို။ဝိဘဇ္ဇတိ၊ဝေဘန်၏။ ၊ယင်းသို့ဆိုအပ်ပြီးသောအကြောင်းကမ္မဘဝ၏ အကျိုးဖြစ်သောဓာတ်သည်၊ ရုပ်၏ဓာတ်၊နာမ်၏ဓာတ်နှစ်ပါးရှိသည်တွင်၊နိပ္ဖန္နရုပ်တို့၏ဖြစ်ဆဲသည်၊ ရုပ်၏ဓာတ်မည်၏၊ နာမက္ခန္ဓာ၏ဖြစ်ဆဲသည်နာမ်၏ဓာတ်မည်၏။ ၎င်းရုပ်၏ဓာတ်၊နာမ်၏ဓာတ်နှစ်ပါးကိုရူပက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဟူသောခန္ဓာနှစ်ပါး။ ဓမ္မာယတနဓမ္မဓာတ်ဖြင့်ရေတွက်အပ်၏။ ပစ္စည်းတစ်ဟန်ကား။ ကမ္မဘဝသည်ဓာတ်အားနာနက္ခဏိကကမ္မပစ္စည်း။ပကတူပနိဿယပစ္စည်းတပ်လေ၊

ဇရာဟူသောပုန်၏၊ဝိဂြိုဟ်၊လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊
ပဒဋ္ဌာန်တို့ကိုပြဦးအံ့။

ဇိရဏံဇရာ၊ဇိဏ္ဏဘာဝံကရောတီတိဇရာ။ ၊ဇိရဏံ၊ရင့်ခြင်း၊ဇရာ၊အိုခြင်း။ ။ယံဓမ္မဇာတံ၊အကြင်သဘောတရားသည်။ ဇိဏ္ဏဘာဝံ၊အိုသောအဖြစ်သို့၊ဝါ။ အဖြစ်ကို၊ ကရောတိ၊ပြုတတ်၏။ ဣတိတသ္မာ။ ထိုကြောင့်။ တံဓမ္မဇာတံ၊ ထိုသဘောတရားသည်၊ ဇရာ၊ဇရာမည်၏။ ။ဇိဏ္ဏခါတ်ရပစ္စည်းဖွတ်ရမည်။ သာခန္ဓပရိပါကလက္ခဏာမရဏုပယာတနရသာ။ ယောဗ္ဗနဝိနာသ ပစ္စုပဋ္ဌာနာ။ ။အနက်ကား။ ။သာ၊ထိုဇရာသည်။ခန္ဓာပရိပါကလက္ခဏာ။ခန္ဓာရင့်ခြင်းလက္ခဏာရှိ၏။မရဏုပယာတနရသာ၊သေခြင်း၏အနီးသို့ဆောင်ခြင်းရသကိစ္စရှိ၏၊ ယောဗ္ဗနဝိနာသပစ္စုပဋ္ဌာနာ။ပျိုသောအရွယ်ကိုဖျက်ခြင်းလျှင်၊ထင်သောအခြင်းအရာရှိ၏။ ။

ထိုဇာရာသည်။ ရုပ်၏ဇရာ။နာမ်၏ဇရာနှစ်ပါးတို့တွင်။ နိပ္ဖန္နရုပ်၏ ရင့်ခြင်း
သည်ယုပ်၏ဇရာမည်၏။နာမက္ခန္ဓာ၏ရင့်ခြင်းသည်နာမ်၏။ဇရာမည်၏။ထို
ရုပ်နာမ်နှစ်ပါးတို့၏သဘာဝလက္ခဏာဖြင့်။ရုပ်ဟောင်းခြင်းသည်ပင်လျှင်။ဇ
ရာဟုယူအပ်၏။ထိုကြောင့်။ ယထာနိဗ္ဗတ္တဿအတ္တဘာဝဿပုရာဏဘာဝေါ
ဇရာနာမ။ ။ဟူ၍ဋီကာ၌ဆိုသည်၊ ။အနက်ကား။ယထာနိဗ္ဗတ္တဿ၊အ
ကြောင်းသို့အခြင်းအရာအားဖြင့်ဖြစ်သော။ အတ္တဘာဝဿ၊အတ္တဘော၏။ပုရာ
ဏဘာဝေါ၊ဟောင်းနွမ်းခြင်းသည်။ဇရာနာမ။ဇရာမည်၏။ ။ဥပါဒက္ခဏ
၌ခဏ၌တည်ထေ့ရှိကုန်သော။စတုသမုဋ္ဌာနိကရုပ်တို့၏။ ဘင်သို့ရှေ့ရှုသည့်
၏အစွမ်းအားဖြင့်ရင့်ခြင်းသည်ဇရာမည်၏။ ။ထိုကြောင့်။ယထာသက
ခဏမတ္တဋ္ဌိတိနံ နိရောဓါဘိမုခဘာဝဝဿနဖိုခဏံဇရာ။ ။ဟူ၍ဋီကာ
ကျော်ကျမ်း၌ဆိုသည်၊ ။အနက်ကား၊ ။ယထာသကခဏမတ္တဋ္ဌိတိနံ၊အ
ကြောင်းအကြောင်မိမိတို့၏ဥစ္စာဖြစ်သော။ ကျေနပညာသခဏတို့၌တည်ထေ့ရှိ
သော။ရူပါနံ၊စတုသမုဋ္ဌာန်ရုပ်တို့၏။နိရောဓါဘိမုခဘာဝဝသေန၊ချုပ်ခြင်း
သို့ရှေးရှုသည့်၏အဖြစ်၊အစွမ်းဖြင့်။ဖိုခဏံ၊ရင့်ခြင်းသည်။ဝါ၊အသစ်သော
အဖြစ်မှ၊ရုပ်ဟောင်းခြင်းသည်။ဇရာ၊ဇရာမည်၏၊ ။ကထမာစဘိက္ခဝေဇ
ရာ၊ယာတေသံတေသံသတ္တာနံ၊တမှိတမှိသတ္တနိကာယေ၊ဇရာဇိရဏတာ။
ခဏ္ဍိစ္စံ၊ပါလိစ္စံ၊ဝလိတ္တစတာ၊အာယုနောသံဟာနိ၊ဣန္ဒြိယာနံပရိပါကော၊အယံ
ဝုစ္စတိ ဘိက္ခဝေဇရာ။ ။ဟူ၍သုတ္တံစသော ကျမ်းတို့၌ ဟောတော်မူ
သည်။ ။သိက္ခဝေ၊ရဟန်းတို့၊ ကထမာစ၊အဘယ်တရားသည်ကား၊ ဇ
ရာ၊ဇရာမည်သနည်း၊ဘိက္ခဝေ၊ရဟန်းတို့။ တေသံတေသံသတ္တာနံ၊ ထိုထို
သတ္တဝါတို့၏။တမှိတမှိသတ္တနိကာယေ၊ ထိုထိုသတ္တဝါအပေါင်း၌။ ယာဇ
ရာ၊အကြင်အိုခြင်းသည်။ ယာဇိရဏတာ၊ အကြင်အိုသောအခြင်းအရာ
သည်။ယာခဏ္ဍိစ္စံ၊ အကြင်သွားကျိုးသည့်၏အဖြစ်သည်။ ယံပါလိစ္စံ၊ အ
ကြင်ဆံဖြူသည့်၏အဖြစ်သည်။ယာဝလိတ္တစတာ၊အကြင်အရေတွန့်သည်
၏အဖြစ်သည်။အာယုနော၊ရုပ်ဇီဝိတိန္ဒြေ၊နာမ်ဇီဝိတိန္ဒြေ၏။ယာသံဟာနိ၊အ
ကြင်ယုတ်ခြင်းသည်။ဣန္ဒြိယာနံ၊စက္ခုစသောဣန္ဒြေတို့၏။ယောပရိပါကော၊
အကြင်ရင့်ခြင်းသည်။အတ္ထိ၊ရှိ၏။ဘိက္ခဝေ၊ရဟန်းတို့။ အယံ၊ဤတရားကို။
ဇရာတိ၊အိုခြင်းဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။ ။ထိုဇရာသည် သင်္ခတဇရာ။အသ
င်္ခတဇရာဟူ၍၊နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတို့တွင်။ အကြောင်းထရားတို့
သည်။ပြုပြင်အပ်သည်ဖြစ်၍။ ဓိတ်စေတသိက်ရုပ်တရားတို့၏။ ရှေးဦးစွာ

သတ္တဝါတို့အား။ဥပါဒ်မြဲ ဘင်အားဖြင့်။ ရင့်ခြင်းဟောင်းခြင်းသို့ရောက်ခြင်းသည်။သခ်တဓရာမည်၏။ဆံပြူခြင်းသွားကျိုးခြင်းအစရှိသည်ဖြင့်၊သရုတ်အဝ်သော၊တရုသော၁ဘဝ၌။ အကြိုးဝင်သောခန္ဓာကိုယ်၏၊ ဟောင်းသောအဖြစ်သည်သမုတိဓရာမည်၏၊တနည်းလည်း၊ပါကဋဓရာ၊ အပါကဋဓရာအားဖြင့်နှစ်ပါးအပြားရှိ၏ ထိုနှစ်ပါးတို့တွင်၊ ဆံဖြူခြင်းသွားကျိုးခြင်းအရေလိပ်ခြင်းကုန်းခြင်းကွခြင်းအစရှိသည်ဖြင့်၊ အလွန်ထင်ရှားသောရုပ်လျော့ခြင်းသို့ရောက်ခြင်းသည်၊ ပါကဋဓရာမည်၏၊ ဥပါဒက္ခဏမြဲတိကွဏ။ဘင်ကွဏအားဖြင့်။ရင့်ခြင်းဟောင်းခြင်းသို့ ရောက်ခြင်းသည်မထင်ရှားသောကြောင့်။အပါကဋဓရာမည်၏။ ထိုဆံဖြူခြင်း။သွားကျိုးခြင်း၊ အရေတွန့်လိပ်ခြင်း စသောဓရာကို။ပကတိသော စက္ခုဝိညာဏ်ဖြင့်မသိမမြင်နိုင်ကုန်။ သွားကျိုးခြင်း၊ဆံဖြူခြင်း စသည်ကိုမြင်သဖြင့်၊ ဤသွားကျိုးခြင်းစသည်တို့သည်။ဓရာသည်နှိပ်စက်သောကြောင့်သွားကျိုးခြင်းစသည်ဖြစ်ကုန်၏ဟု။မနောဒွါရဖြင့်သာဓရာကိုသိနိုင်ရာသည်၊ဥပမာကား။သစ်ဝင်စသည်တို့၌၊ ဖွဲချည်အဝ်သောဘရုံတရုသောအရှတ်ကိုမြင်သဖြင့်၊ အောံ၌ရေတည်ရာဌာနကိုသိသကဲ့သို့တည်း၊ ။ရေလေတို့တိုက်ဖျက်၍။သစ်ပင်စသည့်ဘို့၏ကျိုးပဲ့ခြင်းဖြင့်၊ရေလေတို့သွားသောလမ်း၊မြက်သစ်ရွက်စသည်ကိုမြဲးသောင်သဖြင့်။ မီးသွားသောလမ်းဟု။ ထင်ရှားဘိသကဲ့သို့၊ သွားကျိုးခြင်း ဆံဖြူခြင်းစသည်ကိုမြင်သဖြင့်၊ ဓရာသွားသောလမ်းထင်ရှားသည်၊ထိုမြက်သစ်ပင်တို့၏။ ကျိုးပျက်ခြင်းထောင်ကျွမ်းခြင်းစသည့်တို့သည်။ရေလေမီးတို့၏သွားသောထမ်းသာ။ ရေလေမီးမဟုတ်သကဲ့သို့။ ထိုသွားကျိုးခြင်းဆံဖြူခြင်းစသည်တို့သည်သည်း။ ဓရာသွားသောထမ်းသာ။ဓရာမဟုတ်၊ဓရာမမည်။အဝိစိထဓရာ။သဝိစိတဓရာနှစ်ပါးတို့တွင်။ ပတ္တမြားမြရွှေငွေသဏ္ဍာန်လနေတို့၏ အကြားအကြား၌ဖြစ်သောဓရာကို၊ ဆိနိုင်ခဲသကဲ့သို့သည်းကောင်း၊သတ္တဝါတို့၏မန္ဒဒသကအစရှိသည်တို့၌ဖြစ်သောဓရာကို ဆိနိုင်ခဲသကဲ့သို့ထည်းကောင်း။ အနိန္ဒြိယဗဒ္ဓဖြစ်သောသစ်ပင်တို့၏အပွင့်အသီးအညွှန့်အစရှိသည်တို့၌ ဖြစ်သောဓရာကိုသိနိုင်ခဲသကဲ့သို့လည်းကောင်း။အဆင်းအထူးစသည်တို့၏ဖြစ်ခြင်းကိုဆိနိုင်ခဲခြင်းသည်။ အဝိစိတဓရာမည်၏၊ ။အဓိပ္ပါယ်ကား၊ မြပတ္တမြား အစရှိသည်တို့၌။တနေ့တညဉ့်လွန်ကာမျှဖြင့်ထည်းဓရာသည်ဖြစ်၏။ ထိုသို့ဓရာသည်ဖြစ်ခြင်းကြောင့်။ထိုပတ္တမြားအစရှိသည်တို့နှိုက်။ အဆင်း၏ဘောက်

ဖြန့်ခြင်းသည်ဖြစ်၏။ ထိုသို့ဖြစ်သောအဆင်း၏ဘောက်ပြန်ခြင်းအထူးကို
အလွန်သိနိုင်ခဲသောကြောင့်၊ထိုဇရာသည်အဝိစိတဇရာမည်၏။ ထိုသို့ဆို
အပ်ခဲ့ပြီးသောဝဏ္ဏတို့၏အကြားအကြား၌၊ဘောက်ပြန်သောအဆင်းကို
သိလွယ်ခြင်းသည်။သဝိစိတဇရာမည်၏။ ၊အဝိစိတဇရာ။သဝိစိတဇရာ
နှစ်ပါးတို့တွင်။သဝိစိတဇရာကို။ဥပါဒိဏ္ဏကအနုပါဒိဏ္ဏက အစွမ်းအား ဖြင့်
သိအပ်၏။အဘယ်သို့သိအပ်သနည်း။ငယ်ကုန်သောသူတို့အား။ ရှေးဦးစွာ
သွားတို့သည်ပေါက်ကုန်၏။ ထိုသွားတို့သည်အမြဲမတည်ကုန်။ထိုသွားတို့
သည်ကျိုးကုန်ပြီးသော်၊တဖန်သွားတို့သည်ပေါ်ပြန်ကုန်၏။ထိုပေါ်သောသွား
တို့သည်။ရှေးဦးစွာဖြူသောအဆင်းရှိကုန်၏။ ဇရာတည်းဟူသောလေသည်
ခပ်အပ်သည်ရှိသော်မည်းသောအဆင်းရှိကုန်၏။ ရှေးဦးစွာပေါ်နေသော
ဆံပင်တို့သည်။နီသောအဆင်း။မည်းသောအဆင်း။ဖြူသောအဆင်းရှိကုန်
၏။အရေအသားတို့သည်လည်းနီသောအဆင်းရှိကုန်၏။အရွယ်ကြီးရင့်ကုန်
သောသူတို့အား။ဖြူသောအဆင်းရှိကုန်သောသူတို့အား။ ဖြူသောအဆင်း
ထင်ကုန်၏၊ မည်းသောအဆင်းရှိသောသူတို့အား။ မည်းသောအဆင်းထင်
ကုန်၏၊ဇရာတည်းဟူသောလေသည်။ခပ်သောအခါ၌အရေတွန့်လိပ်ခြင်း
သည်ဖြစ်၏၊ဤကား ဥပါဒိဏ္ဏကသန္တာန်၌ဖြစ်သောသဝိစိတဇရာမည်၏။ ။
ကော်ပင်တို့သည်ရိုက်ပြီးစဖြစ်သောကာလထင်ရှားဖြူသည်၊ကြီးရင့်သောအခါ၌၊
ညိုသောအဆင်းရှိသည်။ဇရာတည်းဟူသောလေခပ်သောအခါ၌ဖျော့တော့
သောအဆင်းရှိသည်။ ဤကား အနုပါဒိဏ္ဏကသန္တာန်၌ဖြစ်သောသဝိစိတ
ဇရာမည်၏။ ။မန္ဒဒသက။ခိဍ္ဍာဒသက၊ ဝဏ္ဏဒသက။ဗလဒသက၊
ပညာဒသက။ဟာနိဒသက။ပဗ္ဘာရဒသက၊ဝင်္ကဒသက။ မောမူဟဒသက။
သယနဒသက။ ။ဤဆယ်ပါးသောဒသကကိုယူရမည်။ ထိုဆယ်ပါး
သောဒသကတို့တွင်။ အနှစ်တရာအသက်ရှည်သောကာလ၌။ အနှစ်တ
ရာအသက်ရှည်လတ္တံ့သောသူ၏။ ဘွားသည်မှဆယ်နှစ် ပြည့်အောင်
သောကာလသည်၊ အားမြှော်အပြင်နုနှံ့သောကြောင့်၊ မန္ဒဒသကမည်၏။
ထိုမန္ဒဒသကမှနောက်ဆယ်နှစ်ပြည့်အောင်သောကာလသည်၊ မြူးတူးရွှင်
ပသောကာလဖြစ်သောကြောင့်၊ ခိဍ္ဍာဒသကမည်၏ ထိုခိဍ္ဍာဒသကမှ၊
နောက်ဆယ်နှစ်ပြည့်အောင်သောကာလသည်။ အဆင်းအင်္ဂါနှင့်ပြည့်စုံ
ခြင်းအကြောင်း။ဝဏ္ဏဒသကမည်၏။ ထိုဝဏ္ဏဒသကမှ။ နောက်ဆယ်နှစ်
ပြည့်အောင်သောကာလသည်၊ ခွန်အားနှင့်ပြည့်စုံသောကာလဖြစ်သော

ကြောင့်၊ ဗလဒသကမည်၏၊ ထိုဗလဒသကမှ၊ နောက်ဆယ်နှစ်ပြည့်အောင်သောကာလသည်၊ ပညာထက်မြက်သောကာလ ဖြစ်သောကြောင့်၊ ပညာဒသကမည်၏၊ထိုပညာဒသကမှ၊ နောက်ဆယ်နှစ်ပြည့်အောင်သောကလသည်၊အဆင်းခွန်အားပညာယုတ်သောကြောင့်၊ ဟာနိဒသကမည်၏ ယိုဟာနိဒသကမှ၊ နောက်ဆယ်နှစ်တိုင်အောင်သောကာလသည်၊ကိုယ်ခန္ဓာအတ္တဘောသည်၊ရှေ့သို့ညွတ်ကိုင်းသောကြောင့်၊ပဗ္ဘာရဒသကမည်၏၊ထိုပဗ္ဘာရဒသကမှ၊ နောက်ဆယ်နှစ်တိုင်အောင်သောကာလသည်၊ အတ္တဘော၏ထွန့်ကိုင်းကောက်ကဲ့သို့၊ အလွန်ကုန်းခြင်းသည့်ဖြစ်ရာသောကြောင့်၊ဝင်္ကဒသကမည်၏၊ထိုဝင်္ကဒသကမှ၊ နောက်ဆယ်နှစ်တိုင်အောင်သောကာလသည်၊ ထေ့ကျက်ပြီးကျမ်းဂန်၊ ပြုအပ်ပြီးသောအမှုတို့သည်လည်း၊ မေ့လျော့ပျောက်ပျက်ရာသောကြောင့် မောမူဟာဒသကမည်၏၊ ထိုမောမူဟာဒသကမှ၊ နောက်ဆယ်နှစ်ပြည့်သောကာလသည်၊အိပ်ရာမှမထနိုင်သောကာလဖြစ်သောကြောင့်၊ သယာနဒသကမည်၏၊မန္ဒဒသကဆယ်နှစ်၊ခိဍ္ဍဒသကအနှစ်နှစ်ဆယ်၊ ဝဏ္ဏဒသကအနှစ်သုံးဆယ်၊ ဗလဒသက၊အနှစ်လေးဆယ်၊ ပညာဒသကအနှစ်ငါးဆယ်၊ဟာနိဒသက၊အနှစ်ခြောက်ဆယ်၊ပဗ္ဘာရဒသက၊အနှစ်ခုနှစ်ဆယ်၊ဝင်္ကဒသက၊အနှစ်ရှစ်ဆယ်၊မောမူဟာဒသက၊အနှစ်ကိုးဆယ်၊ သယာနဒသက၊အနှစ်တရာဟူ၍၊ ဤသို့အကျဉ်းအားဖြင့်မှတ်အပ်၏၊ ၊၎င်းဆိုအပ်ခဲ့ပြီးသောရုပ်၏ ဇရာနှစ်ပါးကို၊ ခန္ဓာအားဖြင့်ရူပက္ခန္ဓာသင်္ဂြိုဟ်ခန္ဓာဟူသောခန္ဓာနှစ်ပါး၊ ဓမ္မာယတနဓမ္မဓာတ်ဖြင့်ရေတွက်အပ်၏၊ ၊ဇရာဟူသောပုဒ်၌အကျဉ်းမှတ်ရန်အဓိပ္ပါယ်၊ ၊

မရဏာဟူသောပုဒ်၌၊ဝိဂြိုဟ်၊လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊
ပဒဋ္ဌာန်တို့ကိုပြဆိုဦးအံ့၊

မရန္တိသတ္တာဧတေနာတိမရဏံ၊ ၊ဧတေန၀မွေန၊ ထိုသဘောတရားဖြင့်၊သတ္တာ၊သတ္တဝါတို့သည်၊မရန္တိ၊ သေတတ်ကုန်၏၊ ဣတိတသ္မာထို့ကြောင့်၊တံဓမ္မဇာတံ၊ထိုသဘောတရားသည်၊မရဏံ မရဏမည်၏၊ ၊မရဏဓာတ်ဏာပစ္စည်းမှတ်ရမည်၊ ၊တံစဝတိလက္ခဏံ၊ဝိရောဂရသံ၊ဂတိဝိပ္ပဝါသပစ္စုပဋ္ဌာနံ၊ ၊ဘံ၊ထိုမရဏာသည်၊စဝတိလက္ခဏံ၊ ရွေ့လျောခြင်းလက္ခဏာရှိ၏၊ဝိရောဂရသံ၊ ကွေကွင်းခြင်းရသကိစ္စရှိ၏၊ ဂတိဝိပ္ပဝါသပစ္စုပဋ္ဌာနံ၊ ဂတိနှင့်ကင်းခြင်းလျှင်ထင်သောအခြင်းအရာရှိ၏၊ ၊

ထိုမရဏာသည်။ ရုပ်၏မရဏာ၊ နာမ်၏မရဏာအားဖြင့်နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်။ နိပ္ဖန္နရုပ်တို့၏ပျက်ခြင်းသည်။ ရုပ်၏မရဏာမည်၏။ နာမက္ခန္ဓာ၏ပျက်ခြင်းသည်။ နာမ်၏မရဏာမည်၏။ ထိုနှစ်ပါးသောရုပ်၏မရဏာ။ နာမ်၏မရဏာတို့၏ပဋိသန္ဓေမှစ၍။ ရှေးဦးစွာစုတိကာလဖြစ်သော။ တရသောဘာဝဖြင့်ပိုင်းခြားခြင်းအသုံးကိုလည်းကောင်း။ ဇီဝိတိန္ဒြေ၏ ပြတ်စဲခြင်းခဏလည်းကောင်း။ မရဏာဟူ၍ယူအပ်၏။ ။ ထို့ကြောင့်၊ ။ ဧတေသောဝအတ္တဘာ၊ဝဿ၊ ဧကဘဝ။ ပရိစ္ဆိန္နဿ၊ ပရိယောသာနံ မရဏံ။ ။ ဟူ၍ဋီကာကျော်၌ဆို၏။ ။ အနက်ကား။ ။ ဧကဘဝပရိစ္ဆိန္နဿ၊ ပဋိသန္ဓေနေသည်မှစ၍။ ရှေးဦးစွာစုတိကာလဖြင့်ဖြစ်သော။ တရသောဘဝဖြင့်ပိုင်းခြားအပ်သော။ ဧတဿ၊ အတ္တဘာ၊ ဝဿ။ ထိုအတ္တဘော၏သာလျှင်။ ပရိယောသာနံ။ တရသောဘဝ၌အကြုံးဝင်သော။ စုတိအသုံးရှိသောအဖြစ်သည်။ ဝါ။ ဇီဝိတိန္ဒြေ၏ပြတ်စဲခြင်းသည်။ မရဏံ။ မရဏမည်၏။ ။ ဝတ္တုဝေါဟာရအစွမ်းအားဖြင့်ခန္ဓာဘေဒေါ ကဠေဝေါဟာရ၊ ပဋ္ဌဝေါဟာရ၏အစွမ်းအားဖြင့်။ ကာယေဝရအသုံးမကျသည်ကိုသိအပ်၏။ ။ စတုမဟာရာဇ်ဘု၌ဖြစ်ကုန်သောသတ္တဝါတို့သည်။ ဥပပါတ်ပဋိသန္ဓေယူခြင်းကြောင့်။ ရုထေလျှင်အကောင်မရှိပျောက်သေ၏။ ။ ငရဲနှိုက်လည်း၊ ဤနည်းအတူသာတည်း။ လူတရိစ္ဆာန်တို့ကား။ သံသေဒဇ။ အဏ္ဍဇ။ ဇလာဗုဇ။ ပဋိသန္ဓေယူခြင်းကြောင့်၊ ရုပ်တလျှင်အကောင်မပျောက်၊ ကြွင်းကျန်ရစ်သတည်း။ ။ ဤဆိုအပ်ခဲ့ပြီးသောကပ်ဥတု အဟာရတည်းဟူသောအကြောင်း တရားလေးပါးတို့သည်ပြုပြင်ခြင်း။ သန္တတိလက္ခဏာရှိသော။ နာမ်ရုပ်နှစ်ပါးတို့၏။ ရွေ့လျော့ပျက်စီးခြင်းမရဏာသည်၊ သမုစ္ဆေဒမရဏာ ခဏိက မရဏ။ သမ္မုတိ မရဏ။ အာယုက္ခယ မရဏ၊ ကမ္မက္ခယ မရဏ၊ ဥဘယက္ခယမရဏ။ ဥပစ္ဆေဒက မရဏ။ အစရှိသော အားဖြင့်များအပြားရှိ၏၊ ထိုမရဏ တို့တွင်။ အဝိဇ္ဇာတဏှာဟူ ဆိုအပ်သော၊ ဝဋ်ဆင်းရဲငြိမ်းပြီးသောဘုရား၊ ရဟန္တာပုဂ္ဂိုလ်တို့၏၊ ကမ္မဇရုပ်၊ အကြွင်းမရှိသောအားဖြင့်၊ စုတိခြင်းသည်။ သမုစ္ဆေဒမရဏာမည်၏။ အလုံးစုံသောသတ္တဝါတို့၏ရုပ်နာမ်ခန္ဓာ၌။ ဥပါဒက္ခဏ၊ ဌီခဏ၊ ဘင်ခဏ၊ အားဖြင့်ဖြစ်ခြင်း။ တည်ခြင်း။ ပျက်ခြင်းသဘောသည်။ ခဏိကမရဏာမည်၏။ တိဿဒတ္တနာပါစသည်ဖြင့်သေ၏ဟုသမုတ်ခြင်းသည်။ သမုတိမရဏာမည်၏။ ဤမရဏာနိဒ္ဒေသ၌သမုတိမရဏာကိုအလိုရှိအပ်၏။ အသက်ကုန်၍သေခြင်း။ အာယု

ကွယမရဏ။ကံကုန်၍သေခြင်း၊ဂ မ္မကွယမရဏ၊ အသက်ကံနှင့်ပါးကုန်၍သေခြင်း၊ ဥဘယက္ခယမရဏ၊ သူ့ထပါးတို့၏လုလ္လပဒယာဂကြောင့်သေခြင်းဟုဆိုအပ်သောဥပစ္ဆေဒကာ၊ငှင်းမရဏကိုခန္ဓါအားဖြင့်ရှုကျွန္ဒသင်္ခါရက္ခန္ဓာဟူသောခန္ဓါနှစ်ပါး၊ ဖွေးယထာနမေ္ဘခတ်ဖြင့်ရေတွက်အပ်၏၊ ။မရဏဒ္ဓမှတ်ရန်ဗေဒ္ဓပြုါယ်၊

သောကဟူသောပုဒ်၌၊ငါကြိုးဟ်၊ထကာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်တို့ကိုပြဆိုဦးအံ့။

သောစနံသောကော၊သောစန္တိဧတ္တာတိသောကော၊ ။အနက်ကား။ ။သေါစနံ၊စိုးရိမ်ခြင်း။သောကောင်၊စိုးရိမ်ခြင်း။ဧတ္တ၊၌ညာတိဗျသနအစရှိသည်ဟိုဒ္ဓ။သောစန္တိ၊စိုးရိမ်တတ်ကုန်၏၊ဣတိထသ္မါ၊ထိုကြောင့်သောကော၊သောကမည်၏။ ။သုစခတ်ကပစ္စည်းဖြတ်ရမည်။ ။သောအန္တော္တနိဇ္ဈာပနလက္ခဏော၊စေတသော ပရိဇ္ဈာပနရသော၊ အနုသောစနပစ္စုပဋ္ဌာနော၊ ။သော၊ထိုသောကသည်။ အန္တော္တနိဇ္ဈာပနလက္ခဏော၊အတွင်း၌ပူလောင်ခြင်းလက္ခဏာရှိ၏။စေတသော၊စိတ်၏၊ ပရိဇ္ဈာပနရသော၊ပူပန်ခြင်းရသကိစ္စရှိ၏။ အနုသောစနပစ္စုပဋ္ဌာနော၊ အဘန်တလဲလဲစိုးရိမ်ခြင်းလျှင်ထင်သောအခြင်းအရာရှိ၏။ ။သောကကိုထည်းဆွေမျိုးတို့၏ပျက်စီးခြင်းအစရှိသည်ဖြင့်ကွေကွင်းအပ်သောသူ၏စိတ်၏ပူပန်းခြင်းဟုဆိုအပ်သော။ ဒေါသမူနွေး၌ ရှိသောဒေါမနဿ ဝေဒနာကို ယူအပ်၏။ ထိုကြောင့်၊ ။ညာတိဗျသနာဒိဟိဖုဋ္ဌဿ စိတ္တသန္တာပေါသောကော နာမ၊ ။ညာတိဗျသနာဒီဟိ၊ ဆွေမျိုးတို့၏ပျက်စီးခြင်းစသည်တို့ဖြင့်၊ ဖုဋ္ဌဿ၊တွေ့အပ်သောသူ၏။စိတ္တသန္တာပေါ၊စိတ်၏ပူပန်ခြင်းသည်၊ သောကောနာမ၊သောကမည်၏။ ။ဗျသနသည်ထည်း၊ ညာတိဗျသန၊ရောဂဗျသန၊သီလဗျသန၊ဒိဋ္ဌိဗျသနအားဖြင့်ငါးပါးအပြားရှိ၏။ ။ငှင်းတို့ကိုဝေဒနက္ခန္ဓာ၊ဓမ္မာယတနဓမ္မခတ်ဖြင့် ရေတွက်အပ်၏။ ။သောကဟူသောပုဒ်၌မှတ်ရန်အဓိပ္ပါယ်။

ပရိဒေဝဟူသောပုဒ်၌၊ဝိဂြိုဟ်၊ထက္ခဏ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်တို့ကိုပြဆိုဦးအံ့၊

ပရိဒေဝနံပရိဒေဝေါ။ ။ပရိပုဗ္ဗဒေဝတိရောဒတိဧထေနာတိပရိဒေဝေါ၊ ။အယံမေပုတ္တော၊အယံမေဓိတာတိအာဒိနာနာမ ။ ။အနက်ကား။ပရိဒေဝနံ၊ငိုကြွေးခြင်း။ပရိဒေဝေါ၊ငိုကြွေးခြင်း။ ။ဧတေန၊ထိုညာ

တိဗျာသနအစရှိသည်ဖြင့်။ပရိပုန္နပုန္နံ၊အဘန်တလဲလဲ။ ဒေဝတိရောဒေတိ၊ငိုကြွေးတတ်၏၊ဣတိတသ္မာ၊ထိုကြောင့်။ပရိဒေဝေါ၊ပရိဒေဝမည်၏၊ ။ဧဝေနာ၊ထိုညာတိဗျာသနအစရှိသည်ဖြင့်။အဃံ၊ဤ်သူသည်ကား။မေ၊ငါ၏၊ပုတ္တော၊သားတည်း၊အဃံ၊ဤသူသည်ကား၊ မေ၊ငါ၏။မိတာ၊သမီးတည်း။ ဣတိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ နာမံ၊ အမည်ကို။ ဝရိကိတ္တေတွာ။ အဘန်တလဲလဲပြောကြွေး၍။ဧဝ ဝန္တိ၊ငိုမည်တန်းတတ်ကုန်၏။ဣတိထသ္မာ၊ထိုကြောင့်။ပရိဒေဝေါ၊ပရိဒေဝမည်၏။ ။ထိုဆိုအပ်ခဲ့ပြီးသောပရိဒေဝအရကို၊ဆွေမျိုးသားခြင်းစသည်တို့၏။ပျက်စီးခြင်းအကြောင်းကြောင့်။ ငိုမည်တမ်းသောအခြင်းအရာအားဖြင့်ဖြစ်သော။ဝိပ္ပလ္လာသစိတ္တဇသဒ္ဒကိုယူအပ်၏။ ။ပရိဒေဝရှိသော ဒေဝဓာတ်အာ ပစ္စည်းမှတ်ရမည်။ သောလာလပ္ပနလက္ခဏော။ဂုဏာဒေါသကိတ္တနရသော၊ သမ္ဘမပစ္စုပဋ္ဌာနော။ ။အနက်။ ။သော၊ထိုပရိဒေဝသည်။ လာလပ္ပနလက္ခဏော၊ ငိုမည်းတန်းခြင်းလက္ခဏာရှိ၏၊ ဂုဏာဒေါသကိတ္တနရသော၊ ဂုဏ်အပြစ်ကိုကြားခြင်းရသကိစ္စရှိ၏၊သမ္ဘမ၊ ပစ္စုပဋ္ဌာနော၊စေနှော်ခြင်းလျှင်ထင်သော အခြင်းအရာရှိ၏၊ ။ထိုသို့ဆိုအပ်ခဲ့ပြီးသောပရိဒေဝအရကို၊ဆွေမျိုးသားခြင်းစသည်တို့၏၊ပျက်စီးခြင်း အကြောင်းကြောင့်။ငိုမည်တမ်းသောအခြင်းအရာအားဖြင့်သော။ဝိပ္ပလ္လာသ စိတ်တဇကိုယူအပ်၏။ ။ဧင်းပရိဒေဝကို။ ရူပက္ခန္ဓာသဒ္ဒါယတနသဒ္ဒဓာတ်ဖြင့်မှတ်အပ်၏။ ။ပရိဒေဝယုဒ်၌မှတ်ရန်အဓိပ္ပါယ်။

ဒုက္ခဟူသောပုဒ်၌၊ဒုက္ခ၏၊ဝိဂ္ဂဟ်၊လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်။ ပဒဋ္ဌာန်တို့ကိုပြဆိုဦးအံ့။

ဒုက္ခံယတိတိဒုက္ခ။ ။ဥပါဒတ္တိတိ ဝသေနဒွေဓါ အတ္တာနံခနတိတိဒုက္ခံ၊ ။ယံဓမ္မဇာတံ၊ အကြင်သဘောတရားသည်။ ဒုက္ခယတိ၊ ကြင်နာတတ်၏။ဣတိတသ္မာ၊ထိုကြောင့်။ တံဓမ္မဇာတံ၊ ထိုသဘော တရားသည်။ ဒုက္ခံ၊ဒုက္ခမည်၏။ ။ယံဓမ္မဇာတံ၊အကြင်သဘောတရားသည်။ ဥပါဒ်ဌိတိဝသေန၊ဥပါဒ်ဌီဘင်၏အစွမ်းအားဖြင့်။ဒွေဓါ၊နှစ်ဖြာ။အတ္တာနံ၊ကိုယ်ကို။ ခနတိ၊တူးဖြိုတတ်၏၊ဣတိတသ္မာ၊ထို့ကြောင့်။တံဓမ္မဇာတံ၊ထိုသဘောတရားသည်၊ဒုက္ခံ၊ဒုက္ခမည်၏။ ဒုက္ခဓာတ် အံပစ္စည်းမှတ်ရမည်။ ။တံကာယပီဠနလက္ခဏံ၊ဒုပ္ပညာနံ။ ဒေါမနဿကရဏရသံ။ကာယိကာဗာဓပစ္စုပဋ္ဌာနံ။ ဇရာဗျာဓိမရဏဥဒ္ဓါနံ၊ ။အနက်ကား။ ။တံ၊ ထိုဒုက္ခသည်။ ကာယပီဠနလက္ခဏံ၊ ကိုယ်ကိုနှိပ်စက်ခြင်းလက္ခဏာရှိ၏။ ဒုပ္ပညာနံ။

ဟူ၍ နည်းကုန်သောသူတို့အား၊ ဒေါမနဿကာရထာရသာ၊ ဒေါမနဿနှင့်ပြည့်စုံခြင်း၊ ရအကျိုးရှိ၍၊ ကာယိကာဗာဓပစ္စုပဋ္ဌာန်၊ ကိုယ်၏ကျင်နာခြင်းလျှင်၊ ထင်သောအခြင်းအရာရှိ၏၊ ဇရာဗျာဓိမရဏပဒဋ္ဌာန်၊ ဇရာဗျာဓိမရဏလျှင် နီးစွာသောအကြောင်းရှိ၏။ ။ဒုက္ခန္ဒြိယ်ဖြစ်သောအဓိပ္ပါယ်။ ။

ဒေါမနဿ၏ဝိဂြိုဟ်လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊

ပဒဋ္ဌာန်တို့ကိုပြဆိုဦးအံ့။

ဒုဋ္ဌုမနံဒေါမနဿံ၊ ။ဒုမနဿဘာဝေါဒေါမနဿံ၊ဒုဋ္ဌု၊မကောင်းသော၊ဝါ၊မဘင့်တယ်သော၊မနံ၊စိတ်ထည့်။ဒေါမနဿံ၊မတင့်မတယ်သောစိတ်၊ ။ဒုမနဿ၊နှလုံးမသာယာသောစိတ်၏၊ဘာဝေါ၊အဖြစ်တည်း၊ ဒေါမနဿံ၊နှစ်လုံးမသာယာသောစိတ်၏အဖြစ်၊ ဒုသဓာတ်အပစ္စည်း။တံစိတ္တံ ဝိဋ္ဌနလက္ခဏံ၊မနေ၊ ဝိဃာတရသံ၊မါနသိကဗျာဓိပစ္စုပဋ္ဌာနံ၊ဉာတိဗျသနာဒိပဒဋ္ဌာနံ။ ။တံ၊ ထိုဒေါမနဿသည်၊ စိတ္တဝိဋ္ဌနလက္ခဏံ၊ ကုသိုလ်စိတ်ကို နှိပ်စက်ခြင်းလက္ခဏာရှိ၏၊ မနောဝိဃာတရသံ၊ စိတ်၏ပင်ပန်းခြင်း ရသကိစ္စရှိ၏၊ မာနသိကဗျာဓိပစ္စုပဋ္ဌာန်၊ စိတ်၏ကြွင်နာခြင်းလျှင်ထင်သောအခြင်းအရာရှိ၏၊ ဉာတိဗျသနာဒိပဒဋ္ဌာနံ၊ ဉာတိဗျသနအစရှိသည့်လျှင်၊ နီးစွာသောအကြောင်းရှိ၏၊ ။ဧင်းဒေါမနဿ အရသည်၊ စိတ်နှိုက်ဖြစ်သော ဆင်းရဲခြင်း၊ မနသိကဒုက္ခသည်၊ ဒေါမနဿအရဖြစ်၏။ ။ဒေါမနဿဟူသောပုဒ်နှိုက်ဖွတ်ရန်။

ဥပါယာသဟူသောပုဒ်၏၊ဝိဂြိုဟ်၊လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊

ပဒဋ္ဌာန်တို့ကိုပြဆိုဦးအံ့။

ဘုသာနံအာယာသော ဥပါယာသော။ ။ဘုသော အာယာသော ဥပါယာသော။ ။ဘုသာနံ၊ပြင်းစွာသော၊ အာယာသော၊ ပင်ပန်းခြင်းတည်း၊ ဥပါယာသော၊ပြင်းစွာပင်ပန်းခြင်း၊ဘုသော၊ပြင်းစွာ၊အာယာသော၊ ပင်ပန်းခြင်း၊ ဥပါယာသော၊ပြင်းစွာပင်ပန်းခြင်း၊ ။ဥဂျေးရှိသောပါယဓာတ်၊အာသ ပစ္စည်းဖွတ်ရမည်။ ။သော စိတ္တပရိဒဟနလက္ခဏော၊ နိတ္ထုနနရသော၊ ဝိသာဒပစ္စုပဋ္ဌာနော၊ ဉာတိဗျသနာဒိပဒဋ္ဌာနော။ ။အနက်။ ။သော၊ ထိုဥပါယာသသည်၊ စိတ္တပရိဒဟနလက္ခဏော၊ စိတ်၏ပူပန်ခြင်းလက္ခဏာရှိ၏၊ နိတ္ထုနနရသော၊ ညည်းငြူခြင်းရသကိစ္စရှိ၏၊ ဝိသာဒပစ္စုပဋ္ဌာနော၊ ဝင်ပန်းခြင်းလျှင်၊ ထင်သောအခြင်းအရာရှိ၏၊ ဉာတိဗျသနာဒိပဒဋ္ဌာနော၊ ဆွေမျိုးတို့၏ပျက်စီးခြင်းအစရှိသည်လျှင်၊ နီးစွာသောအကြောင်းရှိ၏။ ။ထိုဥပါ

ယာသအရကို။ ဉာတိဗျသနအစရှိသည်တို့ဖြင့် တွေ့သောသူ၏ဆင်းရဲခြင်းကို ဖြစ်စေတတ်သော ဒေါသကို။ ဥပါယာသဟုဆိုအပ်၏။ ။ထို့ကြောင့်။ဉာတိဗျသနာဒိဟိဖုဋ္ဌဿ အဓိမတ္တစေတောဒုက္ခပပါဝိတောဘူသော အာယာသော ဥပါယာသော။ ။ဟူ၍ဋီကာကျော်၌ဆိုသည်။ ။အနက်ကား၊ ။ဉာတိဗျသနာဒိဟိ၊ဆွေမျိုးစသည်တို့၏ပျက်စီးခြင်းတို့ဖြင့်။ ဖုဋ္ဌဿ၊တွေ့သောသူ၏။အဓိမတ္တစေတောဒုက္ခပပါဝိတော၊ အလွန်ပြင်းစွာသောစိတ်၏ဆင်းရဲခြင်းကိုဖြစ်စေတတ်သော။ဘူသော၊လွန်စွာသော၊ အာယာသော၊ပင်ပန်းခြင်းသည်။ ဥပါယာသော၊ ဥပါယာသမည်၏။ ထိုသို့ဆိုအပ်ခဲ့ပြီးသော၊ ဇရာမရဏသောကပရိဒေဝဒုက္ခဒေါမနဿဥပါယာသတည်းဟူသောအကျိုးတရားတို့သည်။ ဇာတိတည်းဟူသော အကြောင်းတရားကြောင့်ဖြစ်ရကုန်၏၊ ထိုဆိုအပ်ခဲ့ပြီးသော အကျိုးတရားတို့တွင်လည်း မှီတိက္ခဏဉ်ဖြစ်သောဇရာ။ဘင်္ဂက္ခဏဉ်ဖြစ်သောမရဏသည်၊ဇာတိဟူသောဥပလက္ခဏ၌။အကျိုးဖြစ်သောကြောင့်။ ရင့်အကျိုးဆက်ဟူ၍ဆိုအပ်၏။သောကပရိဒေဝဒုက္ခဒေါမနဿဥပါယာသတို့သည်၊ ဇာတိ၏ရင့်အကျိုးဆက်ဟူ၍မဆိုအပ်။ အဘယ်ကြောင့်ဇာတိ၏ ရင့်အကျိုးဆက်ဟူ၍ မဆိုအပ်သနည်း။ ဇရာဒုက္ခ။ မရဏဒုက္ခတို့နှင့်တွေ့သော ပုထုဇန်ရိက်တို့အား။ထိုဇရာဒုက္ခ။မရဏဒုက္ခတို့နှင့် စပ်သည်ဖြစ်၍လည်းကောင်း။ တွေ့ကြုံသည်ဖြစ်၍လည်းကောင်း။ သောကပရိဒေဝဒေါမနဿဥပါယာသတို့သည်ဖြစ်ရခြင်း။ ထိုဇရာဒုက္ခ မရဏဒုက္ခတို့နှင့်၊ မစပ်သည်ဖြစ်၍လည်းကောင်း။မတွေ့ကြုံသည်ဖြစ်၍ ၎င်း။ သောကပရိဒေဝဒုက္ခဒေါမနဿဥပါယာသတို့သည်ဖြစ်ရခြင်း။ ယင်းသို့ဖြစ်၍။ ဇာတိ၏ရင့်အကျိုးဆက်ဟူ၍မဆိုအပ်။ တနည်းလည်းဌိတိက္ခဏဖြစ်သောဇရာ။ ဘင်္ဂက္ခဏဖြစ်သောမရဏတို့သည်။ဇာတိဟူသောဥပါဒက္ခဏ၏၊ နီးသောအကျိုးဆက်သောကပရိဒေဝဒုက္ခဒေါမနဿတို့သည်၊ ဇာတိတည်းဟူသောဥပါဒက္ခဏ၏၊ ဝေးသောအကျိုးဆက်ဟူ၍။ဆိုအပ်၏။ အဘယ်ကြောင့်နည်းဆိုသော်၊ ဇာတိတည်းဟူသောပဋိသန္ဓေနေရခြင်းအကြောင်းကြောင့်ဇရာမရဏတို့သည်လည်းကောင်း။ သောကပရိဒေဝဒုက္ခဒေါမနဿဥပါယာသတို့သည်လည်းကောင်းဖြစ်ရကုန်သည်။ထိုဇာတိမရှိခဲ့သော်။ ထိုတရားတို့သည်မဖြစ်နိုင်ကုန်။ယင်းသို့ဖြစ်၍၊နီးသောအကျိုးဆက်။ ဝေးသောအကျိုးဆက်ဟူ၍ဆိုအပ်၏။ ။

ထိုဆိုအပ်ခဲ့ပြီးသော ဓာသိ၏ မရချ အကျိုးဆက်မဟုတ်သော၊ သောက ပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသတို့တွင်၊ ဆွေမျိုးတို့၏ ပျက်စီးခြင်း အစ ရှိသည့်ဘို့ ဖြင့်တွေ့အပ်သော သူအား၊ နှလုံးသား အဟုတ်ရှိသော မီးကြောင့် အိုး၏ အတွင်း၌ ဆူသော ရေကဲ့သို့၊ အားနည်းသော ဒေါသကိုသောကဟူ၍ မှတ်အပ်၏။ ပြင်းပြ ထက်သန်သော မီး၏ အဟုန်ကြောင့် ကျိုက်ကျိုက်ဆူ၍၊ အိုး၏ အပသို့လျှံကျသော ရေကဲ့သို့ ပြင်းပြစွာ နှိပ်စက်ခြင်းကြောင့်၊ ရင်တီး သက်ခတ် ငိုမည်တမ်းခြင်းသည်၊ ပရိဒေဝဟူ၍ မှတ်အပ်၏။ ။အပသို့လျှံ၍ ကျခြင်း ငှါမလောက်သည် ဖြစ်၍၊ အိုးတွင်း၌သာလျှင်၊ ကုန်သည့်တိုင်အောင် ဆူသကဲ့သို့ အလွန်ပင်ပန်းသည် ဖြစ်၍၊ ငိုမည်တမ်းခြင်း ငှါမစွမ်းနိုင်သော အားဖြင့် လွန်စွာပင်ပန်းခြင်းကို ဥပါယာသဟူ၍ မှတ်အပ်၏။

အင်္ဂါခြဲ နှစ်ပါး။ ကာလသုံးပါး။ အစပ်သုံးပါး၊ အလွှာလေးပါး ဝဋ်သုံးပါး မူလနှစ်ပါး ဟူသည်ကား။

အဝိဇ္ဇာ-၁၊ သင်္ခါရ-၁။ ဝိညာဏ်-၁။ နာမ်ရုပ်-၁၊ သဠာယတန-၁၊ ဖဿ-၁၊ ဝေဒနာ-၁၊ တဏှာ-၁။ ဥပါဒါန်-၁။ ဘဝ-၁။ ဇာတိ-၁။ ဇရာမရဏ-၁၊ ဤသည်ကား အင်္ဂါ (၁၂) ပါးတည်း။ ။အင်္ဂါဆိုသည်ကား။ အဝိဇ္ဇာရှိခဲ့လျှင်၊ သင်္ခါရကေန်ဖြစ်ရသည်။ အဝိဇ္ဇာမရှိခဲ့လျှင် သင်္ခါရကေန်မဖြစ်ပြီ၊ ဤကဲ့သို့ အကြောင်းအကျိုး အဖြစ်မြဲသော တရားအပေါင်းကိုသာလျှင် အင်္ဂါဆိုရသည်၊ သောကပရိဒေဝစသည်တို့ကား။ ထိုကဲ့သို့မြဲသော တရားမျိုး မဟုတ်ကြကုန်။ ဖြဟ္မာတို့အား ဇာတိရှိခဲ့သော်လည်း၊ သောကပရိဒေဝစသည် မဖြစ်ကြကုန်။ ထို့အတူ အနာဂါမ်ရဟန္တာတို့အားလည်း။ မဖြစ်ကြကုန်။ ထို့ကြောင့် သောကပရိဒေဝစသည်တို့ကို။ အင်္ဂါဟူ၍ မဆိုအပ်။ ။အင်္ဂါမဟုတ်ခဲ့သော်။ ထိုသောကပရိဒေဝစသည်တို့ကို။ ဒေသနာ၌ အဘယ်အကျိုးငှါ၊ ဟောတော်မူပါသနည်းဆိုသော်၊ ဝဋ်တရား၏ အကျိုးဆက်ကို ပြခြင်းအကျိုးငှါ ဟောတော်မူသည်။ အဝိဇ္ဇာသင်္ခါရစသော အကြောင်းအကျိုး အစီအစဉ်အားဖြင့် သံသရာရှည်လျား၍ နေကြသည့်မှာ။ အကျိုးကို သောကပရိဒေဝစသော ဒုက္ခတရားတို့ ပွါးများခြင်းသာဖြစ်သည်ဟု ပြခြင်းအကျိုးငှါ ဟောတော်မူသည်ဟူ၍ ဆိုလိုသည်။ ။

ကာလသုံးပါးဆိုသည်ကား။ အတိတ်ဘဝ။ အနာဂါတ်ဘဝ၊ ပစ္စုပ္ပန်ဘဝဟူသော ကာလသုံးပါးတည်း။ အင်္ဂါ (၁၂) ပါးတို့တွင်။ အဝိဇ္ဇာ သင်္ခါရ နှစ်ပါးတို့ကား။ အတိတ်ဘဝမှာ အကျုံးဝင်သော တရားတို့တည်း။ ဇာတိဇ

ရာမရထာနှစ်ပါးတို့ကား နောင်အနာဂါတ်ဘဝမှာ။ အကြိုးဝင်သောတရားတို့တည်း။ အလယ်၌ကြွင်းကျန်သော။ အင်္ဂါရှစ်ပါးတို့ကား။ ပစ္စုပ္ပန်ဘဝတွင်၊ အကြိုးဝင်သောတရားတို့တည်း။ ဤကားကာလသုံးပါးတည်း၊ ။ သင်္ခါရနှင့်ဝိညာဏ်၏အကြားမှာ။ ဟေတုဖလအစပ်တခု။ ဝေဒနာနှင့်တဏှာ၏အကြားမှာ။ ဖလဟေတုအစပ်တခု။ ဘဝနှင့်ဇာတိအကြားမှာဟေတုဖလအစပ်တခု။ ဤကားအစပ်သုံးပါးတည်း။ ။ကုသိုလ်အကုသိုလ်မျိုးကိုဖလဆိုသည်၊ ။အစပ်သုံးပါးရှိလျှင်အလွှာလေးခုရှိမြဲ။ အဝိဇ္ဇာသင်္ခါရကားတလွှာတည်း။ ဝိညာဏ်၊နာမ်ရုပ်။သဠာယတန၊ဖဿတို့ကားတလွှာတည်း။ တဏှာဥပါဒါန်ဘဝတို့ကား တလွှာတည်း ဇာတိဇရာမရဏတို့ကားတလွှာတည်း။ ။အင်္ဂါသုံးနှစ်ပါးတို့တွင်။ အဝိဇ္ဇာတဏှာဥပါဒါန်တို့ကား ကိလေသာတရားမျိုးဖြစ်၍။ ကိလေသဝဋ်မည်၏။ သင်္ခါရကမ္မဘဝတို့ကား၊ ကံတရားမျိုးဖြစ်၍။ကမ္မဝဋ်မည့်၏။ကြွင်းသော ဝိညာဏ်အစရှိသောတရားပတို့ကား၊ ကံ၏အကျိုးမျိုးဖြစ်၍။ ဝိပါကဝဋ်မည်၏။ဝဋ်ဆိုသည့်ကား။စက်လည်၍သွားမှုတည်း၊ ကိလေသာရှိလျှင်ကံဖြစ်မြဲတည်း၊ ဤသို့စက်လည်၍သွားမှုကိုဝဋ်ဟုဆိုသတည်း၊ ဤကားဝဋ်သုံးပါးတည်း။ ။ရှေးဖြစ်သောအကြောင်းအကျိုးထရ်မှာအဝိဇ္ဇာသည့်မူလတည်း။ နောက်ဖြစ်သောအကြောင်း အကျိုးထရ်မှာ။ တဏှာသည်မူလတည်း။ဤကားမူလနှစ်ပါးတည်း။ ။ဤကားသင်းပြိုဟ်ပါဠိရှိတိုင်းဝေဘန်ပုံတည်း။ ။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌လာသောနည်းအားဖြင့်
ဝေဘန်ပုံကား။

မင်းလာသည့်ဆိုလျှင်။ အခြံအရံပါခ သည်ကိုလည်းသိရသကဲ့သို့။အဝိဇ္ဇာဆိုလျှင်။ တဏှာဥပါဒါန်ပါရှိသည်ကိုသိအပ်၏။ တဏှာဥပါဒါန်ဆိုလျှင်။အဝိဇ္ဇာပါရှိသည်ကိုသိအပ်၏။ထို့အတူသင်္ခါရဆိုလျှင်၊ကမ္မဘဝပါတော့သည်။ဘဝဆိုလျှင်သင်္ခါရပါတော့သည်၊ ထို့ကြောင့်အဝိဇ္ဇာသင်္ခါရဟူသောအင်္ဂါနှစ်ပါး၏နေရာမှာ။တဏှာဥပါဒါန်ကမ္မဘ ဝတို့ကိုလည်းထည့်သွင်း၍ယူရမည်၊ တဏှာဥပါဒါန်ဘဝအင်္ဂါသုံးပါး၏နေရာမှာ။ အဝိဇ္ဇာသင်္ခါရကိုထည့်သွင်း၍ယူရမည်။ ၊ ဇာတိဇရာမရဏတို့သည်လည်း၊ဥပပတ္တိဘဝတို့၏ဖြစ်ခြင်းဝင်တည်း။ ထိုကြောင့်ဇာတိဇရာမရဏဟုဆိုအပ်သောအင်္ဂါနှစ်ပတို့မှာ။ ဥပပတ္တိဘဝကိုထုတ်ဘော်၍သိအပ်၏။ ဥပပတ္တိ

ဘဝဆိုသည်ကား၊ ဝိညာဏ်နာမ်ရုပ်သဠာယတနဖဿဝေဒနာဟူသော အကျိုးငါးပါးကိုဆိုသတည်း။ ဤမျှဆိုအပ်သောယုတ္တိတို့ဖြင့်၊ အဝိဇ္ဇာတဏှာ ဥပါဒါန်သင်္ခါရကမ္မဘဝ အတိတ်အကြောင်းတရား ငါးပါး၊ ဝိညာဏ်နာမ်ရုပ်သဠာယတနဖဿဝေဒနာ၊ ပစ္စုပ္ပန်အကျိုးတရားငါးပါး၊ အကြောင်းအကျိုးတစုဖြစ်၏၊ ။အဝိဇ္ဇာတဏှာဥပါဒါန်သင်္ခါရကမ္မဘဝ၊ ပစ္စုပ္ပန်အကြောင်းတရားငါးပါး၊ ဝိညာဏ်နာမ်ရုပ်သဠာယတနဖဿဝေဒနာ၊ အနာဂတ်အကျိုးတရားငါးပါး၊ အကြောင်းအကျိုးတစုဖြစ်၏၊ ။ အင်္ဂါနှစ်ဆယ်ဖြစ်၏၊ အခြင်းအရာနှစ်ဆယ်သည်းမည်၏၊ ။ပဌမအကြောင်းငါးပါးကား။ အတိတ်အစွန်တည်း၊ စတုတ္ထအကျိုးငါးပါးကား၊ အနာဂတ်အစွန်တည်း၊ ဒုတိယအကျိုးငါးပါးနှင့်၊ တတိယအကြောင်းငါးပါးတို့ကား၊ ပစ္စုပ္ပန်အစွန်တည်း၊ ဤကားအစွန်သုံးပါးတည်း၊ ။ပဌမအကြောင်းငါးပါးနှင့်၊ ဒုတိယအကျိုးငါးပါး၏အကြားမှာတစပ်၊ ဒုတိယအကျိုးငါးပါးနှင့်၊ တတိယအကြောင်းငါးပါး၏အကြားမှာတစပ်၊ တတိယအကြောင်းငါးပါးနှင့်၊ စတုတ္ထအကျိုးငါးပါး၏အကြားမှာတစပ်၊ ဤကားအစပ်သုံးပါးတည်း၊ အကြောင်းနှစ်စု၊ အကျိုးနှစ်စုသည်အလွှာလေးခုဖြစ်၏၊ ပဌမတတိယအကြောင်းနှစ်လွှာတွင်ပါရှိသော။ အဝိဇ္ဇာတဏှာဥပါဒါန်တို့သည်ကား ကိလေသဝဋ်တည်း၊ သင်္ခါရကမ္မဘဝတို့သည်ကားကမ္မဝဋ်တည်း။ ဒုတိယစတုတ္ထအကျိုးဖြစ်သောနှစ်လွှာတို့သည်ကား။ဝိပါကဝဋ်တည်း။ ။ဤကားဝဋ်သုံးပါးတည်း။ ။ပဌမတတိယအကြောင်းနှစ်လွှာတို့၌ပါရှိသောအဝိဇ္ဇာတဏှာနှစ်ပါးတို့ကား၊ မောဟဟိတ်။ လောဘဟိတ်ဖြစ်၍မူလနှစ်ပါးမည်၏၊ ဤကားမူလနှစ်ပါးတည်း။ ။

သံသရာစက်လည်ပုံကား၊ ကိလေသဝဋ်ရှိခဲ့လျှင်၊ ကမ္မဝဋ်သည်ရချအမှန်ဖြစ်မြဲ၊ ကမ္မဝဋ်ရှိခဲ့လျှင်။ ဝိပါကဝဋ်သည်၊ ရချအမှန်ဖြစ်မြဲ၊ ဝိပါကဝဋ်ရှိခဲ့လျှင်။ ထိုဝိပါကဝဋ်တို့၌၊ ငါ၏ကိုယ်ဟုတွယ်တာသောကိလေသဝဋ်သည် ရှိခဲ့ပါလျှင်။ ကမ္မဝဋ်ဖြစ်မြဲ။ ကမ္မဝဋ်ရှိခဲ့လျှင် ဝိပါကဝဋ်သည်ရချအမှန်ဖြစ်မြဲ။ ဝိပါကဝဋ်ရှိခဲ့လျှင်ကိလေသဝဋ်သည်ရချအမှန်ဖြစ်မြဲတည်း၊ ဤသို့လျှင်ဆိုသည်သေသွား၊ စက်ယန္တရား၊ ရဟတ်ချားကဲ့သို့ဝဋ်သုံးပါးတို့သည်။ မရပ်မတည်ဟူးဟူးလည်၍နေပုံတည်း။ ။သစ်ပင်ဘို့မှာ၊ ထပင်လုံးပျံ့နှံ့၍ တည်သောအစေးအရည်သည်ရှိ၏၊ ထိုအစေးအရည်တို့ကြောင့်အသီးအဆံတို့သည်ဖြစ်လာပြန်၏။ ထိုအသီးအဆံမှ။ အပင်အ

ညှောက်ပေါက်ပြန်၏။ ထိုအပင်မှာအစေ့ရှိပြန်၏။ ထိုအစေ့မှအသီးအခံ ဖြစ်လာပြန်၏။ ထိုအသီးအခံမှအပင်အညှောက်ပေါက်သာပြန်၏။ မြေ ရေထေဟု ဆိုအပ်သောဥတုသုံးပါးသည်အစေ့အရေတို့ကိုဖြစ်ပွားစေ၏။ မြေရေလေဟုဆိုအပ်သောအထောံအပန့်ကိုမရလျှင်။ အစေ့အရေကုန် ခန်း၏။ ပိုသစ်ပင်မျိုးပြတ်ခြင်းဆုံးခြင်းသို့ရောံ၏။ ၊ထိုလို့ပြအပ်သော ဥပမာသည့်။သင်ဖင်အပေါင်းနှင့်။သတ္တဝါအပေါင်းသည်တျုကြ၏၊ အစေ့ အရေနှင့်ကိလေသာဝင်နှံသည့်တျုကြ၏၊ အသီးအခံနှင့်ကမ္မဝင်နှံသည့်တျု ကြ၏။ပင်စည်နှင့်ဝိပါကဝင်နှံသည့်တူကြ၏။ မြေရေထေဟုဆိုအပ်သောဥ တုတို့နှင့်။လျှဉ်ဖြစ်သောကာမဂုဏ်။ နတ်၌ဖြစ်သောကာမဂုဏ်ဖြဟ္မာဘုံ၌ ဖြစ်သောအာရုံအရတို့၏၊အစေ့ကိုခန်းခြောက်စေထတ်သောပယောဂနှင့် ဝိဝဿနာဘာဝနာအပေါင်းနှင့်တူ၏၊

ပဋိစ္စသမုပ္ပါဒ်ပြီး၏။

မြန်မာဘုရင်မင်းတုန်မင်းတရားထက်ထက်။ ဝန်စာရေးကစ၍၊ဗန်းမော် မြို့ရုံးစာရေးကြီး။သားတော်သီးပေါ်မင်းသက်ထက်။ထီးထားဖသား အစိုးအ နင်းအဆောင်အရွက်နှင့်တကွ မြို့အုပ်ကစ၍။စစ်ကဲတော်မင်း။ ဘိသုပ်နိုင် ငံထန်ဒန်ရွှေမြို့တော်ကြီး၏သခင်။ ဘုရင်မကြီးထက်ထက်ဗန်းမော်မြို့အုပ်၊ သား တော်ဧဒွတ်ဘုရင်မင်းထက်ထက်တော်ကစ၍။မြေးတော်ဂျော့ဘုရင် မင်း၏လက်ထက်တော်တိုင်အောင်။ ကြက်သရေဂုဏ်ထူးရှိသော။အစိုး အနင်းအဆောင်အရွက်နှင့်တကွ။စစ်ကဲတော်မင်းကစ၍။ တရားမတ်ဝန် ထောက်တော်မင်း။ ၎င်းအချာများနှင့်စိုးနင်းအုပ်ချုပ်၍နေထိုင်သည့်အတွင်း ကုသိုလ်တရားဖြစ်ပွါးစေရန်။ သိမ်တော်ကြီးဘုရားမဟာရံအတွင်းအုန်း ဇရပ်ကြီးကိုဆောက်လုပ်၍။ သံဃိကအဖြစ်ဖြင့်လှူဒါန်းခြင်း။ စော်ဘွား ကြီးဦးဂံသည်။သာသနာတော်၏အကျိုးကို၊ မြော်ကိုးငဲ့ဖူး၍။ တည် ထားပြုရခဲ့သော၊ သိမ်တော်ကြီးနှင့်တကွသိမ်တော်ကြီးဘုရား၊ ပျက်စီး ရှိယွင်းသည်များကို၊ ကောင်းမွန်စွာပြုပြင်စီရင်ခြင်း။ ရဟန်းခံခြင်းရှင်ပြု ခြင်း၊နယ်ပယ်နှင့်တကွမြို့သူမြို့သားတို့။ကုသိုလ်တရားဖြစ်ပွါးစေရန်။ အ ကျိုးနားသုရားကိုတပေါင်းလ။သိမ်တော်ကြီးဘုရားကိုသတင်းကျွတ်လ၊ မြို့ရွာလူကြီးတို့ကိုနှိုးဆော်တိုင်ပင်လျက်။အကြီးအမှူးဦးစီးနာယကပြုလုပ် ၍၊ဘုရားပွဲဘော်များကို။နှစ်စဉ်မပြတ်ရအောင်။ အားထုတ်ပြုလုပ်ခြင်း။

ဆိုအပ်ခဲ့ပြီးသောဂုဏ်တို့နှင့်၊ ပြည့်စုံညီညွတ်သော၊ ဗန်းမော်မြို့မင်း ကုန်းရပ်နေ အပြင်းစားနယ်ပိုင်ဝန်ထောက်တော်မင်း ဦးထွန်းကျော်က၊ ဘာဝနာမပါကဲနှင့်၊ဒါနသီလကိုသာပြုကြသောသူတို့သည်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်နိဗ္ဗာန်သို့ပေါက်ရောက်နိုင်ပါမည်လားဟု (၁၂၇၃)ခု နှစ်၊ တော်သလင်းလဆန်း၅ရက်နေ့ ဦးပုည်စောင့်ရင်း မေးလျှောက်သော ကြောင့်၊ဆိပ်တော်ကျောင်းဆရာတော်သည်။အစောင်စောင်သောကျမ်း တို့ကိုကြည့်ရှု၍၊ဖြေဆိုလိုက်သည်။ ။

တယောမေဥပနိဿယာ၊ ဒါနုပနိဿယော၊သီလုပနိဿယော ဘာဝနူပနိဿယော။တေသုဒါနသီလုပနိဿယာ၊နဗ္ဗလာ၊ ဘာဝ နူပနိဿယာ။ ဗလဝါကိံဒါနသီလုပနိဿယာ။ တယောမဂ္ဂေစ ဖလာနိပါပေန္တိ ဘာဝနူပနိဿယော။အရဟတ္တံဝါပေတိ။ ။

ဟူ၍။အင်္ဂုတ္တရဋ္ဌကထာ၌အစရှိသောသုတ္တံကျမ်းတို့၌လာကုန်သည်၊ အနက်ကား။ ။ဥပနိဿယာ၊မှီရာဘို့သည်။ဣမေတယော၊ ဤသုံး ပါးတို့ဘည်း၊ကတမေတယော၊ အဘယ်သုံးပါးတို့နည်း။ ဒါနူပနိဿ ယော။ဒါန၏မှီရာထည်းကောင်း။ သီလုပနိဿယော၊ သီလ၏မှီရာထည်း ကောင်း။ဘာဝနူပနိဿယော။ ဘာဝနာ၏မှီရာထည်းကောင်း။ ဣမေတ ယော။ဤသုံးပါးတို့တည်း၊ တေသု။ထိုသုံးပါးတို့တွင်၊ဒါနသီလုပနိဿ ယာ။ဒါန၏မှီရာ၊ သီလ၏မှီရာတို့သည်။ နဗ္ဗလာ၊အားနည်းကုန်၏၊ဘာဝနူ ပနိဿယာ။ဘာဝနာ၏မှီရာသည်၊ဗလဝါ။အားကြီးကုန်၏။ ဒါနသီလုပနိ ဿယာ။ဒါန၏မှီရာသီလ၏မှီရာတို့သည်၊ကိံ၊ဒုဗ္ဗလာ။အဘယ်သို့အားနည်း ကုန်သနည်း။တယောမဂ္ဂေ၊ အောက်မဂ်သုံးပါးသို့လည်းကောင်း၊ ဖလာ နိစ၊ အောက်ဖိုလ်သုံးပါးသို့သည်လည်းကောင်း၊ ပါပေန္တိ၊ရောက်စေနိုင် ကုန်၏။ဘာဝနူပနိဿယော။ဘာဝနာ၏မှီရာသည်။ အရဟတ္တံ၊အရဟတ္တ ဖိုလ်သို့။ပါပေန္တိ၊ရောက်စေနိုင်ကုန်၏။

အဓိပ္ပါယ်ကား၊ ဒါနသီလတို့အစွမ်းသတ္တိသည်။ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်။သကဒါဂါမိမဂ်၊သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ်၊အ နာဂါမိဖိုလ်ဟုဆိုအပ်သော သုံးပါးသောမဂ်။ သုံးပါးသော ဖိုလ်ကိုသာ ရောက်နိုင်သည်။ဘာဝနာမှာ။မဂ်လေးပါး ဖိုလ်လေးပါးကို အကုန်ရောက် နိုင်ရနိုင်သည်။မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်လိုရလိုသောသူတို့သည် ဘာဝနာ

မျိုးစေ့ကို။ ဗိုက်ပျိုးပွားများအားထုတ်ကြရမည်။ ထိုကြောင့်။ ။အာယ
တိံ မဂ္ဂသါဘာယဗီဇံကရေယျာဘာဝနံ ဗီဇံ၊ ဘာဝေကေတောမဂ္ဂေါမဂ္ဂဗီ
ဇာဟိဘာဝနာ။ ။ဟူ၍ဟောတော်မူသည်။ ။အနက်ကား။ ။အာယ
တိံ၊နောင်အခါ၌။မဂ္ဂလာဘာယ၊မဂ်ကိုရခြင်းငှာ။ဗီဇံ၊မျိုးစေ့ဟုဆို
အပ်သော၊ဘာဝနံ၊ဘာဝနာကို။ကရေယျ၊ပွားများအားထုတ်ခြင်းကိုပြုရာ
၏။ဗီဇံဘာဝေ၊မဂ်၏မျိုးစေ့မရှိသည်ရှိသော်။ ကုတော မဂ္ဂေါ၊အဘယ်မှာ
မဂ်ကိုရနိုင်အံ့နည်း။ ဘာဝနာ၊ဘာဝနာသည်၊ မဂ္ဂဗီဇာ၊မဂ်၏မျိုးစေ့
တည်း။ ။ထိုဒေသနာတော်၏အဓိပ္ပါယ်မှာ။ ယခုဘာဝကစ၍နောင်ပွင့်
တော်မူလတ္တံ့သောဘုရားသခင်တို့၏ ထက်ထက်တော်၌။ အမြိုက်နိဗ္ဗာန်
ကိုရလိုရောက်လိုသောသူတို့သည်။ဘာဝနာဟူသောမျိုးစေ့ကို။ ကျိုးစား
အားထုတ်ကြရမည်။ ဘာဝနာသည်နိဗ္ဗာန်သို့ရောက်စေနိုင်သောမျိုးစေ့
ဖြစ်သည်။ထိုကြောင့်။ ။မဂ္ဂဗီဇော အပါယေဟိနိရုဂ္ဂေါ၊သမယေဂတော
ဥမ္မုဇ္ဇိတွာဝဇုဠ္ဍါနံမဂ္ဂံ လဘေယျသန္တိကေ။ ။ဟူ၍ဟောတော်မူကုန်
သည်။ ။အနက်ကား။ ။မဂ္ဂဗီဇော။ဘာဝနာဟူဆိုအပ်သောမဂ်၏
မျိုးစေ့ရှိသောသူသည်၊ အပါယေ၊အပါယ်ဘုံ၌။ နိရုဂ္ဂေါပိ၊နစ်မြုပ်ငြား
သော်လည်း။သမယေဂတော၊မဂ်ရချိန်ရောက်သည်ရှိသော်၊ ဥမ္မုဇ္ဇိတွာဝ၊
ပေါ်၍သာလျှင်၊ ဇုဠ္ဍါနံ၊ပွင့်လတ္တံ့ကုန်သောဘုရားရှင်တို့၏၊ သန္တိကေ၊အ
ထံတော်၌။မဂ္ဂံ၊မဂ်ကို၊ လဘေယျ၊ရရာ၏။ ။ထိုဒေသနာတော်၏အ
ဓိပ္ပါယ်သော်ကား။ဘာဝနာဟူဆိုအပ်သောမျိုးစေ့ရှိသောသူတို့သည်။ အ
ပါယ်လေးဘုံ၌နစ်မြုပ်၍နေငြားသော်လည်း။ ဘုရားသခင်တို့ ပွင့်တော်မူ
သောအခါ။အပါယ်ဘုံမှပေါ်လာထက်လာ၍။မြတ်စွာဘုရားသခင်တို့ထံ။
မဂ်ဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန်ကိုရကြလိမ့်မည်။ မဂ်၏မျိုးစေ့မရှိသော
သူတို့သည် သံသရာရှည်လျား၍။ မဂ်ဖိုလ်နိဗ္ဗာန်သို့မရောက်နိုင်ရာ။ ထို
ကြောင့်။ ။အဗီဇာသတ္တာသံသာရေ ဒီဃာယောဝအနန္တကော၊ တ
သ္မာဟိဘာဝနာဗီဇံ ကရေယျ မောစနတ္ထိကော။ ။ဟူ၍ဟောတော်မူ
ကုန်သည်။ ။အနက်ကား။ ။အဗီဇာသတ္တာ၊မဂ်၏မျိုးစေ့မရှိသော
သူတို့သည်ကား။သံသာရေ။သံသရာသည်။ ဒီဃာယောဝ၊ရှည်သည်သာ
လျှင်တည်း၊ အနန္တကော၊အဆုံးမရှိ။တသ္မာဟိတသ္မာဧဝ၊ထိုကြောင့်သာ
လျှင်။မောစနတ္ထိကော။သံသရာမှထွက်မြောက်လိုသောသူသည်။ဘာဝနာ
ဗီဇံ၊ ဘာဝနာဟူသောမျိုးစေ့ကို။ကရေယျ၊ပြုရာ၏။ ။ထိုဒေသနာ

တော်၏အဓိပ္ပါယ်ကား၊ ဘာဝနာမျိုးစေ့မရှိသောသူတို့သည်၊ သရဏ္ဍရာ ကြီး၌ကာကပ်းမမြင်နိုင်သကဲ့သို့၊ သံသရာအဝွန့်ရှည်၌နိဗ္ဗာန်သို့မရောက်နိုင် ဘဲ၊တဝဲလည်လည်နေကြရလိမ့်မည်ဟုဆိုလိုသည်၊ ။ဤကားဆုံးဖြတ် ချက်တခုတည်း။ ။

---

ငယ်ရွယ်သောကာလကပင်၊ သူတော်စင်တို့၏တရားကိုလိုထားနှစ် သက်ခြင်းနှင့်တကွ၊စာပေကျမ်းဂန်တို့ကိုသင်ကြားထေ့လာခြင်း ကြီးရင့် သောအချိန်အရွက်သို့ရောက်သောအခါ ဓာတ်ကျမ်း၊ဘိဓမ္မာကျမ်းများကို သင်ကြားထေ့လာ၍၊ဓါတ်ဘိဓမ္မါအတတ်များကိုလည်း။လွန်စွါကျွမ်းကျင် တတ်မြောက်သော၊ ဗန်းမော်ဒိဋ္ဌိကြီးတ် မိုးဇဉ်းကျွန်းနေဆရာကြီး။က၊ ဝိ ပါက်မှာအမှန်။ဇောမှာအပြန်ဆိုသောစကါးသည်၊ဘယ်ကဲ့သို့ဇောသည် ပြန်ပါသနည်းဟု (၁၂၇၃)ခုနှစ်၊ ကဆုန်လဆန်းဆယ်ရက်နေ့ မိုးဇဉ်း ကျွန်းကျောင်းပေါ်၌လျှောက်ထားသောကြောင့် ထိပ်တော်ကျောင်းဆရာ တော်သည်၊ အစောင်စောင်သောကျမ်းတို့ကိုကြည့်ရှု၍ဖြေဆိုလိုက်ထေ သည်၊

ဇဝံပဝတ္တိတသာပနိဋ္ဌာနိဋ္ဌဿအနိဋ္ဌ ဇုဋ္ဌနိ့စဂဟာဏေန၊ဧကဝ လံသညာဝိပ္ပလ္လာသောဝကာရဏံ၊ ဓာတုခေါဘဝသေန ဇုန္ဒြိယဝိ ကာရာပတ္တိအာဒိနာ ကုသလာကုသလဝိပါကုပ္ပတ္တိ ဟေတုဘာဝ ဝေါဝိတိသက္ကာဝတ္တုံ။ တတ္တာဟိသိတုဒကံဆမ္ဗာဘိထတ္တာန်ကု သလာဝိပါကဿကါယဝိညာဏဿဟေတုဟောတိသိတာဘိဘူ တာနံ အကုသလဿဝိပါကဿတုလဝိရသမ္ဘဿောဝနေနုကွော နိဝနေသုခေါရုနုတရုဏဟာတ္တသမ္ဘါဟာန္တသုံခံဥပ္ပါဒေတိတောနေဝ ဟာဇ္ဇေနုပဟာဏံနုကွ တသ္မာဝိပါကဝသေနအာဝုမ္ဘဏဝဝတ္တာနံ ယုတ္တံ။ ။ဟူ၍မူလဋီကာကျမ်း၌ဆိုသည်။

အနက်ကား၊ ။ဇဝံ၊ဤသို့၊ဝဝတ္တိတဿ။ဖြစ်အပ်ပြီးသော။ဇုဋ္ဌာနိ ဋ္ဌဿ၊ဇုဋ္ဌာရုံ အနိဋ္ဌာရုံကို။အနိဋ္ဌနိ့စ၊ အနိဋ္ဌာရုံဟူ၍လည်းကောင်း။ဇု ဋ္ဌနိ့စ၊ဇုဋ္ဌါရုံဟူ၍လည်းကောင်း။ဂဟာဏေ၊ယူရာ၌၊ဧကဝလံ၊သက်သက်၊ သညာဝိပ္ပလ္လာသောဝ၊ သညာဝိပ္ပလ္လာသသည်သာလျှင်။ ကာရဏံ၊ အ ကြောင်းသည်။နှ၊မဟုတ်သေး။။အထခေါ၊စင်စစ်သော်ကား။ဓာထုခေါဘဝ သေန၊ ဓာတ်ချောက်ချားသည့်အစွမ်းကြောင့်၊ ဇုန္ဒြိယဝိကာရာဝတ္တိအာဒိ

နာ၊ ဓာတုန္ဒြေ၏ပေါက်ပြန့်ခြင်းသို့ရောက်ခြင်းအစရှိသည့်ဖြင့်။ ကုသလာကုသလဝိပါကကုပ္ပတ္တိဟေတုဘာဝေါဝိ ကုသလဝိပါကံ။ အကုသလဝိပါက်ဖြစ်ခြင်းအကြောင်း၏အဖြစ်သည့်လည်း၊ ကာရဏံ၊ အကြောင်းတည်း။ ဓာတိ၊ ဤသို့၊ ဝတ္တုံ၊ ဆိုခြင်းငှာ၊ သက္ကာ၊ တတ်ကောင်း၏၊ တတ္ထတံဝစနံ၊ ထိုစကားသည်။ သစ္စံ၊ မှန်၏၊ သိတုဒကံ၊ ချမ်းဧသောရေသည်။ စာမ္ဗာဘိတတ္တာနံ၊ အပူဖြင့်နှိပ်စက်အင်ကုန်သောသတ္တဝါတို့၏၊ ကုသလဝိပါကသုကါယဝိညာဏသာ။ ကုသလဝိပါက် ကာယဝိညာဏ်စိတ်၏။ ဟေတု၊ အကြောင်းသည်၊ ဟောတိ၊ ဖြစ်၏၊ သိတာဘိဘူတာနံ၊ အချမ်းဖြင့် နှိပ်စက်အပ်ကုန်သောသတ္တဝါတို့၏၊ ထမေဝ၊ ထိုချမ်းဧသောရေသည်ပင်လျှင်။ အကုသလဝိပါကဿ ကာယဝိညာဏဿ။ အကုသလဝိပါက်ကာယဝိညာဏ်၏။ ဟေတု၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ တုထဝိရသမ္ဘဝေသာ၊ ဝါဠမ်းရအတွေ့သည်၊ ဝဏော၊ အမာနှံ၊ ဒုက္ခော၊ ဆင်းရဲ၏၊ နိဝဏော။ အမာမ ပဉတ်ရာနှံ၊ သုခေါ၊ ချမ်းသာ၏။ မုဒုတရုဏဟတ္ထသမ္ဘာဟနဋ္ဌ၊ နူးညံ့သိမ်မွေ့သောလက်ဖြင့်။ ဆုပ်နယ်ပွတ်သပ်ခြင်းသည်လည်း။ သုခံ၊ ချမ်းသာခြင်းကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ တေနေဝဟတ္ထေန၊ ထိုနူးညံ့သိမ်မွေ့သောလက်ဖြင့်ပင်လျှင်၊ ပဟာရဏံ၊ ရိုက်နှက်ပုတ်ခတ်ခြင်းသည်၊ ဒုက္ခံ၊ ဆင်းရဲကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏၊ တသ္မာ၊ ထိုကြောင့်။ ဝိပါကဝသေန၊ ဝိပါက်၏အစွမ်းဖြင့်၊ အာရမ္မဏဝတ္တာနံ၊ ဣဋ္ဌာရုံအနိဋ္ဌာရုံကိုမှတ်ခြင်းသည်။ ယုတ္တံ၊ သင့်လျော်ပေ၏။

ဣန္ဒြိယဝိပါကာရောပတ္တိအာဒိနာတိဧတ္တ အာဒိသဒ္ဒေနပုဗ္ဗာဘိသင်္ခါရာဒိံ သင်္ဂဏှာတိပူရေတရံ ပိတ္တာဘိသင်္ခါရဝသေနာဝိပဝိနာဝိပ္ပလ္လာသံဣဋ္ဌံ အနိဋ္ဌန္တိ အနိဋ္ဌံဣဋ္ဌန္တိ ဂဏှာတီတိ။ ။
ဟူ၍အနုဋီကာ၌ဆိုသည်။ ။

အနက်ကား။ ။ဣန္ဒြိယဝိပါကာရောပတ္တိအာဒိနာတိ ဧတ္ထပဒေ၊ ဣန္ဒြိယဝိပါကာရောပတ္တိအစရှိသောပုဒ်တို့၌။ အာဒိသဒ္ဒေန၊ အာဒိသဒ္ဒါဖြင့်။ ပုဗ္ဗာဘိသင်္ခါရာ၊ ပုဗ္ဗာဘိသင်္ခါရအစရှိသည့်ကို၊ သင်္ဂဏှာတိ၊ သင်္ဂြိုဟ်တော်မူ၏။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ပူရေတရံ၊ ရှေးဦးစွာ၊ ပိတ္တာသင်္ခါရဝသေနာဝိ၊ စိတ်ကိုပြုပြင်စီရင်သည့်၏အစွမ်းဖြင့်လည်း။ ဝိပ္ပလ္လာသံ၊ သညာဝိပ္ပလ္လာသကို၊ ဝိနာ၊ ကြဉ်၍။ ဣဋ္ဌံ၊ ဣဋ္ဌာရုံကို။ အနိဋ္ဌန္တိ၊ အနိဋ္ဌာရုံ ဟူ၍။ အနိဋ္ဌံ၊ အနိဋ္ဌာရုံကို။ ဣဋ္ဌန္တိ၊ ဣဋ္ဌာရုံ ဟူ၍။ ဂဏှာတိ၊ ယူအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။ဤသို့ပြဆိုအပ်သောမူလဋီကာ၊ အနုဋီကာတို့၏အဓိပ္ပါယ်ဆ

ရဂ်ဳိကောက်ယူပြဆိုလိုက်လျှင်၊ သတ္တဝါတို့၏အာရုံ၏ အစွမ်းအားဖြင့်၊ ဣဋ္ဌာရုံကို၊အနိဋ္ဌာရုံ၊ အနိဋ္ဌာရုံကို၊ဣဋ္ဌာရုံဟူ၍၊သညာဝိပ္ပလ္လာသအားဖြင့် ယူရာ၌၊ဝိပါက်မှာမပြန်စေသာပြန်သည်၊ဝါတ်ချုံချွားခြင်းကြောင့်၊ဓာတ်နှ ၏ဘောက်ပြန်ခြင်းသို့ ရောက်ခြင်းတည်းဟူသော၊ဣဋ္ဌြိယဝိကာရဝတ္တိဟု ဆိုအပ်သော၊ရှေးကာလက၊နှစ်သက်သောဝတ္ထုကို၊ မနှစ်သက်အောင်၊ မ နှစ်သက်သောဝတ္ထုကို၊နှစ်သက်အောင်စိတ်ကိုပြုပြင် စီရင်ခြင်းတည်းဟူ သော၊ပုဗ္ဗာဘိသင်္ခါရစသည်တို့ကြောင့်၊သတ္တဝါတို့၏အာရုံ၏ အစွမ်းအား ဖြင့်၊ပိုင်းခြားအပ်ပြီးသောဣဋ္ဌာရုံကို၊အနိဋ္ဌာရုံ၊ အနိဋ္ဌာရုံကို၊ဣဋ္ဌာရုံဟူ၍ ယူရာ၌၊ ဇောဝိပါက်နှစ်ပါးရုံ ပြောင်းသည်ဟုယူသင့်သည်၊ ၊သတ္တဝါအ ပေါင်းတို့အား၊ ပိုင်းခြားအပ်သော အာရုံအားလျော်စွာ၊ ဝိပါက်ကိုအမှန် ဇောကိုအပြန်ဆိုရာ၌၊အာရုံဘောက်ပြန်သည်ကိုဆိုလိုသည်၊

ဝိနိစ္ဆယထချပြီး၏။

---

ငယ်ရွယ်စဉ်ကပင်၊သူတော်ကောင်းကို၊ ဆည်းကပ် ကိုးကွယ်ခြင်း၊ သူတော်ကောင်းတို့ပြောဆုံးမသောတရားစကားများကို၊ နာခံမှတ် သားကျင့်ကြံခြင်းဟုဆိုအပ်သောသူတော်ကောင်းတို့၏ တရားနှင့်ပြည့်စုံ သော၊ ဗန်းမော်ဒိစတြိတ် စင့်ကင်ရွာသူကြီးကိုဘိုးရ။ သူကြီးကတော် မအေဒိတ္ထိကာ။ ဤလောကနိုက်၊ လူတို့ အားထုတ်အပ်သော ကုသိုလ် တရားတို့သည်၊ အသယ်မျှ အပြား ရှိပါသနည်းဟု၊ ဆရာတော်သည်၊ စင့်ကင်ရွာအရှေ့၊ကုလထေ့ထာ၊ ပြန်ငါးရာရှိသော၊ အရညကင်ရုတင် တောရဆောက်တည်၍နေသောအခါ၊ (၁၂၇၄) ခုနှစ်သတင်းကျွတ်လ ပြည့်နေ့လျှောက်ထားသောကြောင့်၊ ဆရာတော်သည် အစောင်စောင် သောကျမ်းတို့ကိုကြည့်ရှု၍ဖြေဆိုလိုက်သည်၊

နုစရိုက်ဆယ်ပါးကိုအကျဉ်းမှတ်ရန်ပြဆိုခြင်း။

ပါဏာတိပါတာဝေရမဏီ၊ အဒိန္နာဒါနာဝေရမဏီ၊ ကာမေသု မိစ္ဆာစာရာဝေရမဏီ၊ မုသာဝါဒါဝေရမဏီ၊ သုရာမေရယမဇ္ဇ ပမာဒဋ္ဌာနာဝေရမဏီ၊ ၊ငါးပါးသီလပါဠိ၊ ။

အနက်ကား။ ။ပါဏာတိပါတာ။သူ၏အသက်ကိုသတ်ခြင်းမှ။ ဝေရမဏီ။ကြဉ်ရှောင်ပါ၏။အဒိန္နာဒါနာ။ အရှင်သည်ကိုယ်နှုတ်ဖြင့်မပေး အပ်သော။သူတပါးတို့၏ဥစ္စာကိုခိုးယူခြင်းမှ။ဝေရမဏီ။ကြဉ်ရှောင်ပါ၏။ ကာမေသုမိစ္ဆာစာရာ။သူသားအိမ်ရာကိုပြစ်မှားခြင်းမှ။ဝေရမဏီ။ကြဉ်ရှောင်ပါ၏။မုသာဝါဒါ။မဟုတ်မမှန်သောစကားကိုပြောဆိုခြင်းမှ။ ဝေရမဏီ။ ကြဉ်ရှောင်ပါ၏။သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ။ ရစ်မူးစေတတ်သောဘိန်း ဘင်းကဆော် ယော်ဇာအရက်တို့ကိုသောက်စားခြင်းမှ။ဝေရမဏီ။ကြဉ်ရှောင်ပါ၏။ ။ဤကားငါးပါးသီလအနက်။ ။

ဒုစရိုက်ဆယ်ပါးကိုပြဦးအံ့။

ပါဏာတိပါတာဝေရမဏီ။အဒိန္နာဒါနာဝေရမဏီ။ကာမေသုမိစ္ဆာ
စာရာဝေရမဏီ။မုသာဝါဒါဝေရမဏီ၊ ပိသုဏာဝါစာဝေရမဏီ။
ဖရုသဝါစာဝေရမဏီ။သမ္ဖပ္ပလာပဝါစာဝေရမဏီ။ အဘိဇ္ဈာမ
နေသာသဉ္စေတနာဝေရမဏီ။ဗျာပါဒါမနေသာသဉ္စေတနာ။ဝေရမဏီ။
မိစ္ဆာဒိဋ္ဌိမနေသာသဉ္စေတနာဝေရမဏီ။ဣဒံဒသဒုစ္စရိတနာမ။ ။

အနက်ကား။ ။ပါဏာတိပါတာ။ သူ၏အသက်ကိုသတ်ခြင်းမှ။ ဝေရမဏီ။ကြဉ်ရှောင်ပါ၏။အဒိန္နာဒါနာ။အရှင်သည်။ ကိုယ်နှုတ်ဖြင့်မပေး အပ်သော။သူတပါး၏ဥစ္စာကိုခိုးယူခြင်းမှ။ ဝေရမဏီ။ ကြဉ်ရှောင်ပါ၏။ ကာမေသုမိစ္ဆာစာရာ။သူသားအိမ်ရာကိုပြစ်မှားခြင်းမှ။ဝေရမဏီ။ ကြဉ် ရှောင်ပါ၏။မုသာဝါဒါ။မဟုတ်မမှန်သောစကားကိုပြောဆိုခြင်းမှ။ဝေရမ ဏီ။ကြဉ်ရှောင်ပါ၏။ ပိသုဏာဝါစာ။ ကုန်းတိုက်ချောပစ်သောစကားကို ပြောဆိုခြင်းမှ။ဝေရမဏီ။ ကြဉ်ရှောင်ပါ၏။ဖရုသဝါစာ။ လွှကဲ့သို့ကြမ်း ထမ်းသောအတွေ့ရှိသောစကားကိုပြောဆိုခြင်းမှ။ဝေရမဏီ။ကြဉ်ရှောင် ပါ၏။သမ္ဖပ္ပလာပဝါစာ။သီတာမိဖုရားကိုဆောင်ခြင်း၊ ဗာလ်တညီနောင် စစ်ထိုးခြင်းစသော။အကျိုးမရှိပိန်ပျင်းသောစကားကို၊ ပြောဆိုခြင်းမှ။ဝေ ရမဏီ။ကြဉ်ရှောင်ပါ၏။ အဘိဇ္ဈာမနေသာသဉ္စေတနာ။ သူတပါးစည်းစိမ် ဥစ္စာကို။ငါ၏ဥစ္စာဖြစ်စေသတည်းဟု။ရှေးရှုကြံခြင်းမှ။ ဝေရမဏီ။ ကြဉ် ရှောင်ပါ၏။ဗျာပါဒါမနေသာသဉ္စေတနာ။သူတပါးအားပျက်စီးခြင်းအမှုကို။ ကြံခြင်းမှ။ဝေရမဏီ။ကြဉ်ရှောင်ပါ၏။မိစ္ဆာဒိဋ္ဌိမနေသာသဉ္စေတနာ။ဟောက်

ဖြန့်သောအယူကိုကြံ့ယူခြင်းမှ၊ဝေရမဏီ၊ ကြဉ်ရှောင်ပါ၏၊ဇုမေဒသ။ဤဆယ်ပါးတို့သည်။ဒုစ္စရိတနာမ။ဒုစ္စရိုက်တို့မည်ကုန်၏။

၎င်းဒုစရိုက်ဆယ်ပါးတို့သည်။တပါးတပါး၌လေးပါးသော အကြောင်းဖြစ်ခြင်းရှိ၏၊လေးပါးဟူသော်ကား၊ မိမိကိုယ်တိုင်ပြုခြင်း၊ သူတပါးတို့ကိုပြုစေခြင်း။ပြုသောသူကိုအားပေးခြင်း၊ ပြုသောအမှုကိုသာယာခြင်းဟူ၍လေးပါးလေးပါးစီပြားရာ၏၊ ထိုဒုစရိုက်ဆယ်ပါးကိုတပါးတပါးလျှင်လေးပါးလေးပါးပြားသောကြောင့်၊ ဒုစရိုက်ပေါင်းလေးဆယ်ရ၏။ ၊ထိုဒုစရိုက်လေးဆယ်ကိုမပြုဘဲရှောင်ကြဉ်လျှင်လူတို့ကုသိုလ်ဖြစ်သောဒုစရိုက်ပေါင်းလေးဆယ်ဖြစ်၏။ ။ဤသို့လျှင်လူတို့ကျင့်အပ်သောကုသိုလ်တရားတမျိုးဖြစ်သည်ဟူ၍မှတ်ရာ၏၊

တနည်းလည်းလူတို့ပြုအပ်သောတရားသည်။ပုညကြိယာဆယ်ပါးဟူ၍မှတ်အပ်၏။ ၊ပုညကြိယာဆယ်ပါးဟူသော်ကား။ ။ဒါန၊သီလ၊ဘာဝနာ၊အပစာယန၊ဝေယျာဝစ္စ၊ပတ္တိဒါန၊ပတ္တာနုမောဒနာ၊ ဓမ္မဿဝန၊ဓမ္မဒေသနာ၊ဒိဋ္ဌိဇုကမ္မ။ ။ဟူ၍ဆယ်ပါးအပြားရှိ၏ ထိုဆယ်ပါးတို့၏အနက်အဓိပ္ပါယ်ကား။ ၊အလှူပေးခြင်း။သီလဆောက်တည်ခြင်း။ ဘာဝနာပွားခြင်း။ရတနာသုံးပါးနှင့်တကွ။ ဆရာမိဘသီလဝန္တ၊ဂုဏဝန္တ ပုဂ္ဂိုလ်တို့အား အရိုအသေအလေးအမြတ်ပြုခြင်း။ ရတနာသုံးပါးနှင့်တကွ။ ဆရာမိဘသီလဝန္တ၊ဂုဏဝန္တပုဂ္ဂိုလ်တို့၏အမှုကြီးငယ်ကိုရွက်ဆောင်ခြင်း။ မိမိပြုသောကုသိုလ်ကို၊သူတပါးတို့အားပေးဝေခြင်း။သူတပါးတို့ပေးဝေသောကုသိုလ်အဖို့ကိုသာဓုအနုမောဒနာခေါ်ခြင်း၊တရားနာခြင်း။ တရားဟောခြင်း။အယူကိုဖြောင့်မတ်စွာယူခြင်းဟူ၍ဆယ်ပါးမှတ်ရမည်၊ထိုပုညကြိယာဆယ်ပါးတို့ကို၊ဒါနသီလဘာဝနာသုံးပါး၏အတွင်းသို့ သွတ်သွင်းရေတွက်လိုက်လျှင်ဒါနသီလဘာဝနာဟူ၍သုံးပါးသာဖြစ်ရမည်၊သွတ်သွင်းနည်းကား။ ပတ္တိဒါန ပတ္တာနုမောဒနာ တို့သည် ဒါနနှင့် သဘောတူသောကြောင့်၊ဒါနတည်းသို့ထည့်သွင်းရမည်၊ အပစာယန၊ဝေယျာဝစ္စတို့သည်။သီလနှင့်သဘောတူသောကြောင့်။ သီလတည်းသို့ထည့်သွင်းရမည်။ ဓမ္မဿဝန၊ဓမ္မဒေသနာတို့သည်၊ ဘာဝနာနှင့်သဘောတူသောကြောင့်။ ဘာဝနာတည်းသို့ထည့်သွင်းရမည်၊ဒိဋ္ဌိဇုကမ္မသည်။ဒါနသီလဘာဝနာသုံးပါးလုံးဝင်ဆိုင်သောကြောင့်သုံးပါးလုံးပင်ရေတွက်ရမည်။

ဗောဓိပက္ခိယတရားအကျဉ်းမှတ်ရန်ပြဆိုဦးအံ့။

ဗောဓိပက္ခိယတရားသည်။အကျဉ်းအားဖြင့်ခုနစ်ပါး။ အကျယ်အားဖြင့်သုံးဆယ်ခုနစ်ပါး။တရားကိုယ်အားဖြင့်တဆဲ့ငါးပါးအတိုင်းအရှည်ရှိ၏။အကျဉ်းအားဖြင့် ခုနစ်ပါးဟူသည်ကား၊ သတိပဋ္ဌာန်၊သမ္မပ္ပဓာန် ဣဒ္ဓိပါဒ်၊ဣန္ဒြေ၊ဗိုလ်၊ဗောဇ္ဈင်၊မဂ္ဂင်ဟူ၍ခုနစ်ပါးအပြားရှိ၏။ အကျယ်အားဖြင့်သုံးဆဲ့ခုနစ်ပါးဟူသော်ကား။သတိပဋ္ဌာန်လေးပါး။သမ္မပ္ပဓာန်လေးပါး။ ဣဒ္ဓိပါဒ်လေးပါး။ဣန္ဒြေငါးပါး။ဗိုလ်ငါးပါး။ ဗောဇ္ဈင်ခုနစ်ပါး။မဂ္ဂင်ရှစ်ပါး။ပေါင်းသုံးဆဲ့ခုနစ်ပါးဖြစ်၏။ ။သတိပဋ္ဌာန်လေးပါးဟူသော်ကား။ကာယာနုပဿနာသတိပဋ္ဌာန် ၁။ ဝေဒနာနုပဿနာ သတိပဋ္ဌာန် ၁။ စိတ္တာနုပဿနာ သတိပဋ္ဌာန် ၁။ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ၁။ ဟူ၍သတိပဋ္ဌာန် လေးပါး။ သမ္မပ္ပဓာန်လေးပါးဟူသော်ကား၊မိမိတို့သန္တာန်နှိုက်။ဘဝများစွာသံသရာကပါခဲ့သောအကုသိုလ်ဒုစရိုက်တို့ကိုအကြွင်းမဲ့ပယ်ခြင်းသည်းကောင်း၊ဤဘဝမှစ၍။နောင်ဖြစ်လတ္တံ့သောဘဝတို့၌ ဒုစရိုက်ကသစ်တို့ကို။ မိမိသန္တာန်၌။ တဖန်မဖြစ်ရအောင် စောင့်ရှောက် အားထုတ်ခြင်းလည်းကောင်း။ သောတာပန်အစရှိသောမဖြစ်သေးသောကုသိုလ်ဇောဖြစ်စေခြင်းငှါ၊အဖန်တလဲလဲအားထုတ်ခြင်း။ဖြစ်ပြီးရပြီးသောကုသိုလ်ကို။မပျောက်မပျက်တိုးပွါးများပြားစေခြင်းငှါအဖန်တလဲလဲအားထုတ်ခြင်း။ ဤလေးပါးသောဝီရိယတို့ကို၊အကြောအချင်ကြွင်းစေ။အရိုးကြွင်းစေ။အသားအသွေးကုန်ခမ်းစေ၊ဟူ၍အင်္ဂါလေးပါးကိုအခိုင်အမြဲထားပြီးလျှင်။ ကိုယ်အသက်ကိုမျှမငဲ့ကွက်ဘဲမနေမနားအားထုတ်ခြင်းသည်၊သမ္မပ္ပဓာန်မည်၏။ ။

မြတ်စွာဘုရားသခင်၏သာသနာတော်တွင်း၌၊ ဣဒ္ဓိလေးပါးရှိ၏။လေးပါးဟူသော်ကား။ပရိညာတဗ္ဗမျိုးဖြစ်သော။ ဒုက္ခသစ္စာတရားတို့၌ပရိညာကိစ္စ၏ထမြောက်ပြီးစီးခြင်းဣဒ္ဓိတပါး၊ ပဟာတဗ္ဗမျိုးဖြစ်သော သမုဒယသစ္စာကိလေသာတရားတို့၌။ ပဟာနကိစ္စထမြောက်ပြီးစီးခြင်းဣဒ္ဓိတပါး။ သစ္ဆိကာတဗ္ဗမျိုးဖြစ်သော။ နိရောဓသစ္စာတရား၌။ သစ္ဆိကြိယာကိစ္စ၏ထမြောက်ပြီးစီးခြင်းဣဒ္ဓိတပါး။ ဘာဝေတဗ္ဗမျိုးဖြစ်သောမဂ္ဂသစ္စာတရားတို့၌၊ဘာဝနာကိစ္စ၏ထမြောက်ပြီးစီးခြင်းဣဒ္ဓိတပါး။ ဤလေးပါးသည်ဣဒ္ဓိမည်၏။ ။ထိုဣဒ္ဓိလေးပါးပြီးစီးထမြောက်ခြင်း၏။ အခြေပါဒဖြစ်သော၊ဆန္ဒာဓိပတိ၊ဝီရိယာဓိပတိ။စိတ္တာဓိပတိ၊ဝိမံသာဓိပတိ။ ဟုဆိုအပ်သောဤတရားလေးပါးသည်ဣဒ္ဓိပါဒ်မည်၏။ ။ဣန္ဒြေသည်။ သဒ္ဓိန္ဒြေ၊ဝီရိ

ယိန္ဒြေ။သတိန္ဒြေ။သမာဓိန္ဒြေ။ပညိန္ဒြေဟူ၍ဣန္ဒြေငါးပါး။ ။ဗိုလ်သည်၊
သဒ္ဓါဗိုလ်၊ဝိရိယဗိုလ်။သတိဗိုလ်၊သမာဓိဗိုလ်။ပညာဗိုလ်ဟူ၍ဗိုလ်
ငါးပါး။ ။ဣန္ဒြေသည်ကား၊စိတ်ကိုအုပ်စိုးနိုင်ခြင်းဟုဆိုအပ်သော အစိုးရ
ခြင်းတည်း။ ဗိုလ်ဆိုသည်ကား၊ မြဲမြံခိုင်ခံ့တည်တံ့ခြင်းတည်း။ ။
ဗောဇ္ဈင်ကား။သတိသံဗောဇ္ဈင်။ဓမ္မဝိစယသံဗောဇ္ဈင်၊ဝိရိယသံဗောဇ္ဈင်၊
ပီတိသံဗောဇ္ဈင်။ ပဿဒ္ဓိသံဗောဇ္ဈင်။ သမာဓိသံဗောဇ္ဈင်၊ ဥပေက္ခာသံ
ဗောဇ္ဈင်ဟူ၍။သံဗောဇ္ဈင်ခုနစ်ပါး။ ။မဂ္ဂင်သည်၊သမ္မာဒိဋ္ဌိမဂ္ဂင်။ သမ္မာ
သင်္ကပ္ပမဂ္ဂင်။ သမ္မာဝါစာမဂ္ဂင်၊ သမ္မာကမ္မန္တမဂ္ဂင်၊ သမ္မာအာဇီဝမဂ္ဂင်၊
သမ္မာဝါယာမမဂ္ဂင်၊သမ္မာသတိမဂ္ဂင်၊သမ္မာသမာဓိမဂ္ဂင်ဟူ၍၊ ထိုရှေ့သော
မဂ်၏အစိတ်အင်္ဂါရှစ်ပါးဖြစ်၍၊ထိုရှစ်ပါးသည်။ဝဋ်မှထွက်မြောက်ရာနိဗ္ဗာန်
ရောက်ကြောင်းဖြစ်၍၊မဂ္ဂင်ဟုဆိုလိုသည်။ ။တကိစ္စတပ်သေးတရား
သယ်ပါးတည်း။ ။သဒ္ဓါသည်။ဣန္ဒြေဗိုလ်နှစ်ကိစ္စထင်၏။သမာဓိသည်
ဣန္ဒြေဗိုလ်ဗောဇ္ဈင်၊ မဂ္ဂင်အားဖြင့်လေးကိစ္စတပ်၏။ ပညာသည်ဣဒ္ဓိပါဒ်
ဣန္ဒြေ။ဗိုလ်ဗောဇ္ဈင်၊မဂ္ဂင်ဟူ၍ငါးကိစ္စတပ်၏၊သတိသည်။ သတိပဋ္ဌာန်
လေးပါး၊ဣန္ဒြေ၊ဗိုလ်။ဗောဇ္ဈင်မဂ္ဂင်ဟူ၍နှစ်ကိစ္စတင်၏။ ဝိရိယသည်သ
မ္မပ္ပဓာန်လေးပါး။ဣဒ္ဓိပါဒ်၊ဣန္ဒြေ၊ဗိုလ်ဗောဇ္ဈင်၊မဂ္ဂင်ဟူ၍ကိုးကိစ္စတပ်၏။ ။
ထရားကိုယ်အားဖြင့်တဆဲ့ငါးပါးဟူသည်ကား။ ။သတိ၊ဝိရိယ။ဆန္ဒ၊
စိတ်။ပညာ၊သဒ္ဓါ၊သမာဓိ။ပီတိ။ ကာယပဿဒ္ဓိ၊စိတ္တပဿဒ္ဓိ။ဥပေက္ခာ၊
သင်္ကပ္ပ။သမ္မာဝါစာ၊သမ္မာကမ္မန္တ။သမ္မာအာဇီဝ၊ ဟူ၍တရားကိုယ်အား
ဖြင့်တဆဲ့ငါးပါးဖြစ်သတည်း။ ။၎င်းကားအဆုံးအဖြတ်တခုတည်း။ ။
ဗောဓိပက္ခိယသင်္ဂဟပြီး၏။ ။အကျဉ်းမှတ်ပုံ၊ ။

═══ ═══

သူတော်ကောင်းတို့၏တရားကို။ကျောက်ထက်ကဲ့သို့အလေးအမြတ်ပြု
ပြီးလျှင်၊စာပေကျမ်းဂန်ဂန္ထန္တရတို့ကိုကြည့်ရှုလေ့ထားခြင်း။ ရတနာသုံး
ပါးတို့ကိုလွန်စွာကြည်ညိုခြင်း၊ဆွေးနွေးခြင်း။ မေးမြန်းခြင်းအကျင့်သီလ
အာစာရတို့နှင့်ပြည့်စုံသော။ဗန်းမော်ဒိုင်ကြီးဝိတ်တာပင်ချောင်း။ ချောင်း
ဒုံဝ်ကြီးကိုညိုကော၊၎င်းထံ့ကာနွဲ။ ရဟန်းရှင်လူဟူသောသတ္တဝါအပေါင်း
တို့သည်။သီလဝန္တ။ ဂုဏဝန္တ။ပညာဝန္တ။ ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံ
သောပုဂ္ဂိုလ်တို့ကို။ကာယကံ။ဝစီကံ၊ မနောကံ ဟုဆိုအပ်သောကံသုံး

ပါးတို့ဖြင့်ထိခိုက်ပြစ်မှားခြင်းကိုပြုကြကုန်၏။ထိုသူတို့သည်အသယ်ကဲ့သို့သောအပြစ်များကိုခံစားရပါသနည်းဟူ။ သက္ကရာဇ်(၁၂၇၅)ခုနှစ်၊သမက်မောင်ဘိုးမှီ၊သမီးမမြေတို့သိပ်သရတ်၌အပြီး၊နတ္တော်လဆန်း( ၇ )ရက်နေ့။ မြို့သစ်ကျောင်းပေါ်တွင်လျှောက်ထားလိုက်သောကြောင့်။ သိပ်တော်ကျောင်းဆရာတော်သည်။ အစောင်စောင်သောကျမ်းတို့ကိုကြည့်ရှု၍ဖြေဆိုလိုက်သည်။ ။

ကျေးဇူးတော်အရ်။ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရားသခင်သည်။ ရာဇဂြိုဟ်ပြည်။ ဝေဠုဝန်ကျောင်းတော်၌သတင်းသုံးတော်မူသောအခါ။ ယောက်ဖတော်ဒေဝဒတ်သည်။ ဘုရားကိုသတ်၍ဘုရားလုပ်မည်ဟူ။ မနောကံဖြင့်ကြံခြင်း။ အဇာတသတ်မင်းနှင့်။တိုင်ပင်နှီးနှော၊ပြောဆို၍၊မြတ်စွာဘုရားကို။သတ်စေရန်။လေးသမားတို့ကိုတောင်း၍။ ဘုရားသခင်ကိုသတ်ခြေဟုစေခိုင်းခြင်း၊နာဠာဂိရိဆင်ဇိုး။အရက်ထဲ့ခြောက်မောင်းတိုက်၍။အထိုးအနင်းခိုင်းခြင်းဟုဆိုအပ်သောဝစီကံ၊မြတ်စွာဘုရားသခင်သည့်ဂိဇ္ဈကုဋ်တောင်ကမ္ဘားရံ၌။ စင်္ကြံသွားသောအခါကြီးစွာသောကျောက်နှင့်ပေါက်ခြင်းဟုဆိုအပ်သောကာယကံ။ ဤသို့ပြုအပ်သောကာယကံ။ဝစီကံ။မနောကံတို့၏အစွမ်းသတ္တိကြောင့်။ဝေဿဘိသဲတော၌။ မတုပတန်ဘဲလျက်။ မြတ်စွာဘုရားသခင်ကို။ ဂုဏ်ရေတူသောသူကဲ့သို့၊တုပပြိုင်ဘက်ပြီးလျှင်။ သင်္ဃာကိုသင်းခွဲလျက်။ ဘုရားလုပ်၍နေသောအခါ။ မျက်မှောက်ဒိဋ္ဌဟုဆိုအပ်သော။ တပည့်ဖြစ်သောကောကာလိကက။ခြေဖနှောင့်နှင့်ရင်ဝ၌ပေါက်သည့်ကိုခံရခြင်း။သွေးစိမ်းပွက်ပွက်အံခြင်း၊ ကိုးလဘိုင်တိုင်အိုင်ရာကမထနိုင်ခြင်း မြေမျိုသည့်ကိုခံရခြင်း။ မဟာအဝီစိငရဲသို့ကျခြင်းဟုဆိုအပ်သောကြီးစွာသောအပြစ်ကိုခံရသည်။ထိုကြောင့်၊ ။ဇေတဝနေပေါက္ခရဏီသမီပေယေဝနွေခါဘိန္နံပထဝိံပဝိသိတွာမဟာနိရယေပတိဋ္ဌိတော။ ။ဟူ၍၊ သိလက္ခန်အဋ္ဌကထာ၊ရူဠွဝါပါဠိတော်။ ၎င်းအဋ္ဌကထာတို့၌ဆိုသည်။ ၊ဇေတဝနေ၊ဇေတဝန်ကျောင်းတော်၏။ပေါက္ခရဏီသမီပေယေဝ။ ရေကန်၏အနီး၌သာလျှင်။နွေခါ၊နှစ်ဖြာ။ဘိန္နံ။ကွဲသော။ပထဝိံ၊မြေသို့။ မဟာနိရယေ။မဟာအဝီစိငရဲကြီး၌။ ပတိဋ္ဌိတော။ တည်လေ၏။ ။ဇာတောသတသဟာဿကပ္ပမတ္ထကေအဋ္ဌိသကောနာမပစ္စေကဗုဒ္ဓေါဘဝိဿတိ။ ၊

ဆုတော၊ဤကဝ်ဇ၊သထသဟာထာကပ္ပမဏ္ဍကော၊ကဝ်ထဆိန်းထက်၌၊ အမ္ဗသကောဒုာမ၊ အမ္ဗသကအမည်ရှိသော၊ ပစ္စေက-ဗုဒ္ဓေါ၊ ပစ္စေကဗုဒ္ဓါသည်၊ဘဝိဿတိ၊ ဖြစ်ရလတ္တံ့ဟူ၍ ဟောတော်မူသည်၊ ဤသို့ဆိုအပ်သောကျမ်းဂန်သက်သေထာသည့်ကိုဆင်ခြင်လိုက်လျှင်၊သီလဝန္တ၊ဂုဏဝန္တ၊ပညာဝန္တပုဂ္ဂိုလ်တို့အား၊ကာယကံ၊ဝစီကံ၊မနောကံတို့ဖြင့်၊ ဖြစ်မှားလွန်ကြူးသောသူတို့သည်၊ ဒေဝဒတ်ကဲ့သို့၊ မချွတ်မလွဲအမြဲမချခံကြရလိမ့်မည်၊ဒေဝဒတ်သည်မြေမျိုသောအခါ၊မြတ်စွာဘုရားသခင်အား အရိုးအသေနှင့်တကွ ထက်အုပ်ချီပြီးလျှင်ပူဇော်ကတော့ပါ၏ဟု၊ ပူဇော်ကတော့၍သွားကြောင်းကို၊မြတ်စွာဘုရားသခင်အား၊သံဃာတော်အများတို့က၊လျှောက်ထားကြသောအခါ၊ ဒေဝဒတ်သည်ငါဘုရားအားကတော့၍သွားသောကုသိုလ်ကံ တို့၏ အထောက်အပံ့ကြောင့်ကမ္ဘာမကုန်မှီ၊ ငါဘုရား၏သာသနာထော်ကုန်သောအခါ အမ္ဗသကပစ္စေကဗုဒ္ဓါ ဖြစ်ရစ်လိမ့်မည်ဟုဟောတော်မူသည်၊ ဤသို့ကျမ်းဂန်သက်သေ ထာသည့်ကိုထောက်၍၊ ယခုအခါရဟန်းရှင်လူအပေါင်းတို့သည်၊သီလဝန္တ၊ ဂုဏဝန္တ၊ပညာဝန္တဖြစ်သောပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်ကြီးများကို၊ ကာယကံ၊ဝစီကံ၊မနောကံတို့ဖြင့်ဖြစ်မှားထိပါးမိကြသည့်ရှိသော်၊ရိုသေလေးမြတ်စွာတောင်းပန်ကတော့ခြင်းကိုပြုကြလျှင် ဖြစ်မှားမိသောကံသည်ပြေကြေရန်လည်း၊အကြောင်းရှိ၏၊အကယ်၍အထုံးရုံမကြေသော်လည်း၊ ပေါ့၍သွားရန်အကြောင်းဖြစ်သည်။

လောကသုံးပါးနှိက်ပြိုင်ဘက်မရှိသောဂုဏ်တော်တို့နှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရားသခင်သည်၊သာဝတ္ထိပြည်မှန်၊ဇေတဝန်ရွှေကျောင်းနှိက်ကိန်းအောင်းမွေ့လျော်စံပျော်တော်မူသောအခါ၊ လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့သည်။ မြတ်စွာဘုရား၏ဂုဏ်တော်ကိုချီးမွမ်းခြင်း ပစ္စည်းလေးပါးတို့ဖြင့်၊ လှူဒါန်းပူဇော်ခြင်းတို့ကို ပြုကြကုန်သည် ရှိသော် သုံးဆောင်၍မကုန်နိုင်သော လာဘ်သပ္ပကာတို့သည်ပေါများထင်ရှားခြင်းသို့ရောက်လေ၏၊ထိုအခါတိတ္ထိတို့သည်၊ညှိုးငယ်ဆုတ်ယုတ်၊ သိမ်နုတ်ပျက်ပြားသောဂုဏ်ဖြစ်ကြလိုသည့်ရှိသော်၊တိတ္ထိအပေါင်းတို့သည်၊ ရုံးတိုင်ပင်ကြသည်မှာ၊ဂေါတမဘုရားထင်ရှားပေါ်ပေါက်သည့်ကာလ၌၊ ငါတို့၏ဂုဏ်သတင်းသည်၊ ဖျင်းသိမ်ဆုတ်ယုတ်ပျက်စီးခြင်းသို့ရောက်၏၊ ဂေါတမဘုရား၏ဂုဏ်သတင်းကို၊ ဆုတ်ယုတ်ပျက်စီးခြင်းသို့ရောက်အောင်၊

အဘယ်သို့ပြုကြမည်နည်းဟု၊ တိုင်ပင်နှီးနှော၍ ပြောဆိုခြင်းကိုပြုကြလေ
၏။ ထိုအခါလိပ်လည်ကောက်ကျစ်စဉ်းလဲခြင်းဟုဆိုအပ်သော၊ ယုတ်မာ
ရိုင်းဖိုင်းသောသဘောညာဏ်တို့နှင့်ပြည့်စုံသည်ဖြစ်၍၊ အကုသိုလ်အ
ပြစ်များကို၊ အနုမြူခန့်မျှမကြောက်သောတိတ္ထိတယောက်က ဤသို့ဆို၏။
သင်တို့သည်။ ငါ၏အကြံကိုလိုက်ယူနာခံကြလျှင်၊ ဂေါတမဘုရားပျက်
ပြားရိုယွင်းခြင်းသို့ ရောက်အောင်ငါကြံမည်ဟုပြောဆိုလေ၏။ ထိုအခါ
တိတ္ထိအပေါင်းတို့ကကောင်းပါပြီ။ သင်၏အကြံသို့လိုက်ပါမည်၊ ကြိုးစား
၍ကြံစည်ပါဟု။ တိုက်တွန်းနှိုးဆော်ခြင်းကို ပြုကြကုန်၏။ ဤသို့တိုက်
တွန်းခြင်းကိုပြုကြသောအခါ၊ ယုတ်မာရိုင်းဖိုင်းသောသဘောညာဏ်နှင့်
ပြည့်စုံသောတိတ္ထိသည် ဤသို့အကြံဖြစ်လေ၏။ ဤသာဝတ္ထိပြည်တွင်၊
စိဉ္စမာဏအမည်ရှိသောပရိဗိုဇ်ရဟန်းမသည်၊ အဆင်းအင်္ဂါလက္ခဏာ
နှင့်လည်းပြည့်စုံ၏။ လျှင်မြန်သောတဘ်နုပ္ပတ္တိညာဏ်လည်းရှိ၏၊ သူတပါး
တို့ယုံကြည်လောက်အောင် ပြောဆိုနိုင်သော စကားများကိုလည်းစွမ်း
ဆောင်နိုင်၏။ စိဉ္စမာဏနှင့်ပေါင်းသင်း၍အကြံပြုရလျှင်၊ ပြီးစီးအောင်မြင်
ရန်ရှိ၏ဟုနှစ်လုံးသွင်းပြီးလျှင်။ စိဉ္စမာဏသည်၊ တိတ္ထိတို့၏ကျောင်းအရံသို့
လာသောအခါ၊ ဤသို့အကြံပေးလေ၏၊ ဂေါတမနေသောကျောင်းသို့အမှတ်
မဲ့သွားလာဝင်ထွက်ပြီးလျှင်။ ဂေါတမဘုရားနှင့်ညအခါအတူတကွအိပ်
၍၊ မေထုန်သံဝါသပြုရသည်ဟု၊ လူအများတို့ကိုယုံကြည်လောက်အောင်
ကြံဘန်၍ စွပ်စွဲပြောဆိုရမည်ဟု။ ညာဏ်ပေးလမ်းပြ စကားအကျူးအ
သန်းအဆက်အသွယ်နှင့်တကွ။ သင်ကြားပြောဆိုခြင်းကိုပြုလေ၏၊ ထိုအ
ခါစိဉ္စမာဏအမည်ရှိသောပရိဗိုဇ်ရဟန်းမသည်၊ ကောင်းပါပြီပျက်စီး
အောင်ကြံပါမည်ဟု၊ အာမခံပြီးလျှင်။ အဆင်းအရောင်နှင့်ပြည့်စုံသော
ကမ္ဗလာနီကိုဝတ်ဆင်၍။ နေဝင်စအခါ။ နံနက်စောစောအခါတိုင်ရောက်
လျှင်။ ဇေတဝန်ကျောင်းတော်သို့ဝင်ခြင်း၊ ကျောင်းတော်မှထွက်ခြင်းသူတ
ပါးတို့သည်အလွဲအချော်တွေးတောထင်ရောင်မှားအောင်ပြုခြင်း။ ဘယ်က
လာသနည်းဟုမေးမြန်းကြသောအခါ၊ မမေးကြပါနှင့်အပြောခက်ပါသည်
ဟု။ သူတပါးတို့၏စိတ်နှစ်လုံးတွင်၊ တင်ရောင်ထင်မှားရှိအောင်ကာလအ
တန်ကြာပြုပြီးလျှင်။ ဘုရားသခင်နှင့်ပေါင်းဖော်၍၊ ကိုယ်ဝန်ဆောင်ရှိသကဲ့
သို့။ သစ်သားများကိုအတွင်းကထား၍။ ပြင်ကအဝတ်တို့ကိုရစ်ပတ် ချည်
နှောင်ပြီးလျှင်၊ မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌၊ တရား

သဘင်ကျင်းပသောပလ္လင်ထက်သို့တက်တော်မူပြီးလျှင်၊ ပရိသတ်လေးပါးလူအများတို့ကို တရားရေစက်ကျွေးတော်မူသည့်အထွင်း၊ ရှင်ကြီးဂေါ်ထမ၊တရားဟောသည်ဓမ္မာကောင်းပေ၏။သို့သော်သင်နှင့်ပေါင်းပေါ်၍ရသောကိုယ်ခန္ဓာသည်ဖွားခါနီးအချိန်သို့ရောက်ပြီ၊မီးနေအိမ်များကိုပြုပြင်၍ပေးပါဟု၊ အာကာသကောင်းကင်၌ရောင်ခြည်တထောင်ကိုဆောင်နိုင်သောနေမင်း၏အရောင်ကိုပျက်စီးပြုန်းတီးခြင်းသို့ရောက်အောင်၊ မစင်နှင့်ကော်၍ပက်သကဲ့သို့၊ပရိသတ်အများတို့၏အလယ်၌စွပ်စွဲပျက်ဆီးခြင်းကိုပြုလေ၏၊ မြတ်စွာဘုရားသခင်ကလည်း၊မဟုတ်မမှန်၊ ကြံဘန်၍ပွပ်စွဲသောအမှုကို၊သင်နှင့်ငါသာအမှန်သိနိုင်ရာသည်ဟု၊ တရားဟောခြင်းကိုရပ်တန့်တော်မူလိုက်၏၊ ထိုအခါအလွန်တရာနူးညံ့သိမ်မွေ့ဖွာစွာသော၊ သိကြားမင်း၏ပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည်၊ တင်းမာပူလောင်ခြင်းဖြစ်လေလျှင်၊သိကြားမင်းကလည်း၊ လူတို့ပြည်တွင်သူတော်ကောင်းများသဘဲဘယ်သို့ဖြစ်သနည်းဟုနတ်မျက်စိတထောင်နှင့်ကုန်စင်အောင်ကြည့်သည်ရှိသော်၊အလွန်တရာယုတ်မာရိုင်းဖိုင်းသောတိတ္ထိအပေါင်းတို့သည်စည်းကမ်းမရှိမိုက်မဲဖွာစွာသော စိဉ္စမာဏနှင့်၊ တိုင်ပင်နှီးနှောပြောဆိုပေါင်းဘက်၍၊ အနန္တဂုဏ်အင်၊ ကျေးဇူးရှင်အား ပြစ်မှားစွပ်စွဲ ဆဲရေးပျက်ဆီးခြင်း အမှုပြုလုပ်ကြသည် ကိုမြင်သော်၊ ထိုသို့မြင်သောအခါ၊ ဤအမှုကို၊ ငါသိကြားမင်းကိုယ်တိုင်သွား၍၊ အားထုတ်ပြုလုပ်စီမံမှသာလျှင်၊ ပြီးစီးပြေငြိမ်းနိုင်ရန်အကြောင်း ရှိသည်ဟု၊ အမှန်သိသောအခါ၊ နတ်သားလေးယောက်ကိုခေါ်၍၊ လုပြည့်သို့သွားပြီးလျှင်၊ တယောက်သောနတ်သားက၊ စိဉ္စမာဏ၏စိတ်နှစ်လုံးကိုမေ့လျော့စေရမည်၊ တယောက်သောနတ်သားက၊ ကြွက်ရောင်ဘန်ဆင်း၍၊ စိဉ္စမာဏ၏ ဝမ်းနှိုက်ချီနှောင်တုပ်ဖွဲ့၍ထားသောကြိုးတို့ကို၊ ကိုက်ဖြတ်ရမည်၊ နတ်သားတယောက်က၊ စွန်ရောင်ဆောင်၍၊ ဖြတ်၍ထားသောကြိုးကြိမ်တို့ကို၊ထိုးသုတ်၍ပြစ်ရမည်၊ နတ်သားတယောက်က၊ ဖုံးအုပ်၍ထားသော၊ အဝတ်တန်းဆာတို့ကို လေပြင်းနှင့်တိုက်ခတ်၍၊ ဝမ်းနှိုက် ဟန်ဆောင်၍ထားသောသစ်ခွန်တို့ကို ပရိသတ်အများတို့သိမြင်အောင် ပြုလုပ်ကြရမည်ဟုစေခိုင်းလေ၏၊ နတ်သားလေးယောက်တို့သည်၊ သိကြားမင်းစေခိုင်းသည့်အတိုင်း ပြီးစီးပြေငြိမ်းအောင်အားထုတ်လုပ်ဆောင်ခြင်းကို ပြုကြသည်ရှိသော်၊စိဉ္စမာဏ၏ဝမ်းနှိုက်၊ ကိုယ်ဝန်ဆောင်အဟန်ပြုလုပ်သော

သစ်ခွန်သစ်သားပျဉ်ချပ်တို့သည်၊ မိဋ္ဌမာဏာ၏ခြေပေါ်သို့ကျသာသောအခါခြေမနှစ်ဘက်တို့သည် ပြတ်၍သွားလေ၏၊ ထိုအခါပရိသတ်အများယောက်ကျားမိန်းမတို့က၊ မဟုတ်မတရားဘုရားသခင်အားစွပ်စွဲခြင်းကိုပြုရမည်လားဟု။ပြောဆိုပြီးလျှင်။တံတွေးနှင့်ထွေးခြင်း။ ထောင်းထုရိုက်နှက်ပုတ်ခတ်တွန်းထိုးခြင်းကိုပြုပြီးလျှင်။ ဇေတဝန်ကျောင်းတော်မှဆွဲငင်နှင်ထုတ်ကြလေ၏။မိဋ္ဌမာဏာသည်။ဘုရားမမြင်ရာအရပ်သို့ရောက်သောအခါ။ဆွေမျိုးတို့ပေးသောကမ္ဗလာနီကိုခြုံလျက် မြေကြီးသည်နှစ်ဖြာခွဲ၍။ငရဲမှမီးလျှံသပြီးလျှင်။မဟာအဝိစိငရဲသို့ရောက်အောင်မျိုလေ၏။ ။ကုလဒတ္တိယကမ္ဗလံပါရုပ္ဖိယမာနာဝိယဂန္တွာအဝိစိမှိနိဗ္ဗတ္တိ။ ။ဟူ၍ဓမ္မပဒအဋ္ဌကထာနှိုက်ဆိုသည်။ ။အနက်ကား။ ။သာ၊ ထိုမိဋ္ဌမာဏာဝိကာသည်၊ ကုလဒတ္တိယကမ္ဗလံ၊ ဆွေမျိုးတို့ပေးအပ်သော ကမ္ဗလာကို။ ပါရုပ္ဖိယမာနာဝိယ၊ရုံအပ်သကဲ့သို့။ဂန္တွာသွား၍။အဝိစိမှိ၊အဝိစိငရဲနှိုက်။ နိဗ္ဗတ္တိ။ဖြစ်လေ၏။

မြတ်စွာဘုရားသခင်သည်၊သာဝတ္ထိပြည့်၊ဇေတဝန်ရွှေကျောင်း၌ကိန်းအောင်းမွေ့လျော်နေတော်မူသောအခါ။တိတ္ထိထက္ကတွန်းတို့သည်၊ မြတ်စွာဘုရားသခင်အား။ကြီးမါးသောဘုန်းလာဘ်သပ္ပကာများသည်တို့ကို၊ထုသကါမခွေရ။ အဘိဇ္ဇာဗျာပါဒတရားတို့ဖြင့်။ လွှမ်းမိုးအားကြီးသောကြောင့်။ ဆိုအပ်ခဲ့ပြီးသောမိဋ္ဌမာဏာဝတ္ထုနှိ၊ လာသောစကားရပ်ကဲ့သို့ သုန္ဒရီဝရဗိုက်ရဟန်းမနှင့်တိုင်ပင်ပြီးလျှင်၊ သေသေသံကြူးတို့ကို။ အသပြာရွှေငွေပေး၍။သုန္ဒရီပရဗိုက်ရဟန်းမကိုသတ်စေပြီးလျှင်။မြတ်စွာဘုရားသတင်းသုံးနေတော်မူသောဂန္ဓကုဋိတိုက်တော်တွင်း။ပန်းမှိုက်ကြား၌ဖြစ်၍ထားခဲ့ကြဟု မှာလိုက်၏။ သေသောက်ကြူးတို့လည်း။ တိတ္ထိဆရာကြီးတို့မှာတိုင်းပြု၍ထားခဲ့ကြကုန်၏၊ ထိုအကြောင်းကိုကောသလမင်းကြီးကြားလေလျှင်။မင်းစေလုလင်တို့ကိုစေလွှတ်၍။ ရုံစမ်းထောက်လှန်းစေ၏။ ထိုအခါ။တိတ္ထိဆရာကြီးတို့၏။ အကြံအစည်တို့ကို၊ ကုန်စင်အောင်သိသဖြင့်။ တိတ္ထိဆရာကြီးတို့ကို ဘမ်းပြီးလျှင်၊ လူသတ်မှုအပြစ်နှင့်၊ မင်းဒဏ်ပေးသည့်များကိုခံကြရလေ၏။မိဋ္ဌမာဏာပုရဗိုက်ရဟန်းမ။ သုန္ဒရီပုရဗိုက်ရဟန်းမတို့သည်။မြတ်စွာဘုရားသခင်ကို၊ ကျီးယုတ်ရှက်ကွဲပျက်စီးခြင်းသို့ရောက်အောင်ပြုမည်ဟု။မနေသာကဲဖြင့်ကြံခြင်း။တိတ္ထိတို့နှင့်၊ တိုင်ပင်နှီးနှောပြောဆိုခြင်းဝစီကံ။မြတ်စွာဘုရားထံ၊ ကိုယ်တိုင်သွား၍လုပ်ကြံအား

ထုတ်ခြင်းဟူ ဆိုအပ်သောကာယကံ၊၏သို့ဖြစ်ခြားစွင့်စွဲအပ်သောကာယကံ၊ဝစီကံ၊မနောကံတို့၏အစွမ်းသတ္တိကြောင့်၊ဗိဋ္ဌမါထာ၊ပုရဗုိက်ရဟန်းမသည်၊ဇေတဝန်ကျောင်းတော်ပေါ်၌၊ပရိသတ်အများတို့၊ ထံတွေ့နှင့်မိုင်း၍ထွေးပြီးလျှင်။ ထောင်းထုရိုက်နှက်တွန်းထိုးပုတ်ခတ်သည်ကိုခံခြင်း၊မြေမျိုသည်ကိုခံရခြင်း၊မဟာအဝီစိငရဲ၌ကျခြင်း။ ။သုန္ဒရီပရိဗိုက်ရဟန်းမထည်း။သူထပါးတို့ကဲ့ရဲ့ဖြစ်တင်သည့်ကိုခံရခြင်း။ သေသော်ကြူးတို့၏အသတ်ကိုခံရခြင်း။မဟာအဝီစိငရဲ၌ခံခြင်း၊ ။တိတ္ထိဆရာကြီးတို့သည်ထည်း။ မြတ်စွာဘုရားသခင်၏၊ ကျေးဇူးတော်ဂုဏ်တော်တို့ကိုပျက်အောင်ပြုမည်ဟု၊ကြံစည်ခြင်းကိုပြုသော၊ခနောက်၊ဗိဋ္ဌမာထာ၊သုန္ဒရီပုရဗိုက်ရဟန်းမများနှင့်တိုင်ပင်နှီးနှော၊ ပြောဆို၍ညာထော်ပေးခြင်းပြုခြင်းဟုဆိုအပ်သော၊ဝစီကံတို့၏အစွမ်းသတ္တိကြောင့်၊မင်း၏အာဏာဖြင့်ဘမ်းဆီးချုပ်နှောင်သည်ကိုခံရခြင်း။ လူသတ်မှုအပြစ်ဖြင့်၊ မင်းဒဏ်ပေးသည်ကိုခံရခြင်း။ မတုပထန်သောကျေးဇူးတော်အပုံ၊ ဂုဏ်တော်အနန္တသခင်၊ဘုရားရှင်ကိုတုပပြိုင်ဘက်စွပ်စွဲပြောဆိုမိသောကြောင့် ထဆုတ်ဝဘ္ဘန္တက် ထသည့် တနေ့တခြားဆုတ်ယုတ်သကဲ့သို့၊ ဆုတ်ယုတ်ပျက်စီးခြင်းသို့ရောက်ကြလေ၏၊သေသောက်ကြူးတို့သည်လည်း၊ လူသတ်မှုအပြစ်နှင့်၊မင်းဒဏ်ပေးသည်ကိုခံရလေ၏၊ ။တိတ္ထိသာဝိရတ္တာဝိ ပုရိသဝဓ ဒဏ္ဍံ ပါပုဏိံသု။ ။ဟူ၍မြွှေပဒအဋ္ဌကထာ၌ဆိုသည်။ ။အနက်ကား၊တိတ္ထိယာဝိ။တိတ္ထိတို့သည်လည်းကောင်း။ ရတ္တာပိ၊ ယေသောက်ကြူးတို့သည်လည်းကောင်း၊ပုရိသဝဓဒဏ္ဍံ၊လူသတ်ဒဏ်သို့၊ပါပုဏိံသု၊ရောက်ကြကုန်၏၊ ။တိတ္ထိတို့စွင့်စွဲပြောဆိုပြီး၍မြတ်စွာဘုရား၏ကျေးဇူးတော်ဂုဏ်တော်တို့သည်၊တိုး၍ထင်ပေါ်ကျော်စောခြင်းသို့ရောက်လေ၏။

ရှေးအတိတ်လွန်လေပြီးသောအခါ၌၊ဗာရာဏသီပြည်တွင်း . မထင်ရှားသောယောက်ျားတယောက်သည်။ ငွေကဗုဒ္ဓါအရှင်မြတ်ကို။ မိမိဘတ်သောလေးအတတ်ဖြင့်၊စမ်းသပ်လိုသည်ဖြစ်၍၊ ထက်ယာနားကဖြစ်သိုက်သောကျောက်စရစ်သည်။ထက်ဝဲနားသို့တွက်၍၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည်၊ပရိနိဗ္ဗာန်စံတော်မူလေ၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား၊ ကိုးကွယ်ဆည်းကပ်ကြသောလူအပေါင်းတို့သည်။ ရံစမ်းထောက်လှန်းကြသည်ရှိသော်၊ ထိုသူလေးနှင့်ပြစ်၍သေသည်ကိုသိကြလေလျှင်။ မိုင်းခုံဘမ်းဆီး၍။ထောင်းထုရိုက်နှက်ခြင်းကိုပြုကြသောကြောင့်၊ ရတေသေဆုံး

ခြင်းသို့ရောက်လေ၏၊ထိုသူရိုက်သည်ပစ္စေကဗုဒ္ဓါအရှင်မြတ်အား။သတ်မည်ဟု ကြံခြင်းဟုဆိုအပ်သောမနောကံ။ ထေးနှင့်ပြစ်ခြင်းဟုဆိုအပ်သောကာယကံ၊ မပြစ်မှားအပ်သောဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်အား။ကာယကံ။မနောကံတို့ဖြင့် ပြစ်မှားမိသောကြောင့်မျက်မှောက်ဒိဋ္ဌ။ သူတပါးတို့ရိုက်နှက်သတ်ဖြတ်သည့်ကိုခံရခြင်း။ မဟာအဝီစိငရဲ၌ကျခြင်း၊ မြေဘယူဇနာမြင့်အောင်။မဟာအဝီစိငရဲနှိုက်ခံနေရခြင်း။ မဟာအဝီစိငရဲမှလွတ်ပြန်သော်လည်း။အကုသိုလ်အကျိုးကြွင်းတို့ကြောင့်။ဂိဇ္ဈကုဋ်တောင်၌ယခုထက်တိုင်အောင် ပြိတ္တာကြီးဖြစ်၍နေလေ၏။ ။

သော အဝိစိမှိနိဗ္ဗတ္တိတွာ ယာဝါယံမဟာပထဝီ ယောဇနမတ္တံဥဿန္နာ တာဝပစ္စိတွာဝိပါကာဝသေသေန၊ ဂိဇ္ဈကုဋ္ဋမတ္ထကေပေတော ဟုတွာနိဗ္ဗတ္တိ၊ ။ဟူ၍ဓမ္မပဒအဋ္ဌကထာ၌ဆိုသည်။ ။အနက်ကား။ ။

သော၊ထိုယောက်ျားသည်။အဝိစိမှိ၊အဝိစိငရဲ၌။ နိဗ္ဗတ္တိတွာ၊ဖြစ်၍။ယာဝ၊အကြင်မျှလောက်။အယံမဟာပထဝိ၊ဤမြေကြီးသည်။ယောဇနမတ္တံ၊တယူဇနာအတိုင်းအရှည်။ဥဿန္နံ၊မြင့်၏။တာဝ၊ထိုမျှလောက်။ပစ္စိတွာ၊ကျက်၍။ဝိပါကာဝသေသေန၊အကျိုးကြွင်း၏အစွမ်းဖြင့်၊ဂိဇ္ဈကူဋမတ္ထကေ၊ဂိဇ္ဈကုဋ်တောင်ထိပ်နှိုက်၊ပေတော၊ပြိတ္တာသည်။ဟုတွာ၊ဖြစ်၍။နိဗ္ဗတ္တိ၊ဖြစ်၏။

မြတ်စွာဘုရားသခင်သည်။ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ကိန်းအောင်းမွေ့လျော်၊ စံပျော်တော်မူသောအခါ။ ရှင်သာရိပုတ္တရာ။ရှင်မောဂ္ဂလာန်အမည်တော်ရှိသော၊ အဂ္ဂသာဝကနှစ်ပါးတို့သည်။ တပေါ်ဒါချောက်၌ ကျောင်းဆောက်၍သတင်းသုံးနေထိုင်ကြလေ၏၊ထိုနှစ်ပါးသောအဂ္ဂသာဝကတို့တွင်အရှင်သာရိပုတ္တရာသည်။ ထသန်းပကျွ၌။ခေါင်းရိတ်၍ပြီးစအခါ။ထသောသာတွင်အမှတ်မရှိသော သမာပတ်ကိုဝင်စားတော်မူစကြံသွား၍နေလေ၏၊ ဘီလူးနှစ်ယောက်တို့သည်မြောက်ဟိမဝန္တာ ဘီလူးတို့၏အစည်းအဝေးမှပြန်လာပြီးလျှင်။မိမိတို့နေထိုင်သောတောင်အရပ်သို့အသွား။ လမ်းခရီးအကြားတွင် ရှင်သာရိပုတ္တရာ၏ ဦးခေါင်းတော်ပြောင်၍နေသည်ကိုမြင်လျှင်ရိုက်နှက်ချင်သောစိတ်ဖြစ်လာ၍။ နန္ဒဘီလူးသည်အဘော်ဖြစ်သောဘီလူးကိုတိုင်ပင်ရာ။ အဘော်ဖြစ်သောဘီလူးကဤသို့ဆို၏၊အဆွေ ဤအရှင်ကား၊သာမညပုဂ္ဂိုလ်မဟုတ်ထိုပုဂ္ဂိုလ်၏ သိလဂုဏ်၊ သမာဓိဂုဏ်။ ပညာဂုဏ်တို့သည် နေလတို့၏အရောင်ကဲ့သို့ပြောင်ပြောင်ထွန်းလင်းတောက်ပသောအရှင်ဖြစ်သည်၊ မြတ်စွာဘုရားက

ထွဲ့လျှင်ဤလောကန္တြကြီးကျယ်သောထံခိုးဆူဒ္ဓိပါဒ်နှင့်ပြည့်စုံသော ဂုဏ်ထူးပုဂ္ဂိုလ်မြတ်ဖြစ်သမရိုက်နှက်ပါနှင့်ဟု တောင်းပန်စကားပြောဆိုငြားသော်လည်းနားမထောင်ဘဲနန္ဒဘီလူးသည်၊ ရှင်သာရိပုတ္တရာ၏ ဦးခေါင်းတော်ကိုရိုက်နှက်ခြင်းကိုပြုလေ၏။ ရိုက်နှက်သောဒဏ်သည်ခုနစ်တောင်ထွာရှိသောဆင်သော်လည်း၊မှုံ့မှုံ့ညက်ညက်ကြေဘွယ်ရာ အကြောင်းရှိ၏၊ကြီးစွာသောထောင်ပင်ဖြစ်သော်လည်း။ ထောင်ထွဋ် တောင်များတို့သည်ပရိပရဲ့ကွဲပြိုပျက်စီးခြင်းသို့ရောက်ရန်အကြောင်းရှိ၏၊သို့ကထောက်တောင်ကြီးကျယ်သော အားအင်ဖြင့်ပြုငြားသော်လည်း။ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်မှာ၊ သိလဂုဏ်။ သမာဓိဂုဏ်။ ပညာဂုဏ်၊ တံခိုးအဘိညာဏ်တို့၏ဂုဏ်ကျေးဇူးကြောင့်၊ မထောင်းတာရှိ၏၊ထိုဘီလူးသည်ရှင်သာရိပုတ္တရာ၏ ဦးခေါင်း တော်ကို ရိုက်နှက်မိသည်နှင့် တပြိုင်နက်၊ ကောင်းကင်မှလျောကျ၍မြေ၌တည်ပြီးလျှင်၊ ပူဇော်လောင်ဇော်ချေ၏ဟုလူးလည်းအော်ဟစ်၍နေစဉ်နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးသည်နှစ်ဖြာခွဲ၍မဟာအဝီစိငရဲမှမီးအလျှံထပြီးလျှင်မြေမျိုလေ၏၊ ထိုဘီလူးမိုက်သည်ရှင်သာရိပုတ္တရာကိုယ်တော်မြတ်အါးရိုက်နှက်ခြင်းကို ပြုလိုသောမနောကံ၊ အပေါ်ဖြစ်သောဘီလူးနှင့် တိုင်ပင်နှီးနှောပြောဆိုခြင်းဟုဆိုအပ်သောဝစီကံ။ ရိုက်နှက်ခြင်းဟုဆိုအပ်သောကာယကံ၊ဤသို့ပြုအပ်သောကာယကံ။ဝစီကံ။မနောကံတို့၏အစွမ်းသတ္တိကြောင့် မျက်မှောက်ထင်ထင်၊ ပူဇော်လောင်ဇော်ချေ၏ဟု လူးလည်းညီးညူးအော်ဟစ်ရခြင်း။ မြေမျိုခံရခြင်း။ မဟာအဝီစိငရဲသို့ကျခြင်းဟု၍ဆိုအပ်သော ကြီးကျယ်သောဒုက္ခကိုခံရလေ၏။ထိုကြောင့်၊ ။တဒ္ဓဝမဟာနိရယံအပတာသိ။ ။ဟူ၍ဥဒါန်းဝါဋ္ဋိတော်၌ဟောတော်မူသည်။ ။အနက်ကား။ တဒ္ဓဝ၊ထိုရိုက်နှက်သောခဏ၌ကိုက်ပင်လျှင်။မဟာနိရယံ၊မဟာအဝီစိငရဲကြီးသို့။အပတာသိ၊ကျလေ၏။

မြတ်စွာသူရားသခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော်စံပျော်တော်မူသောအခါ။ တိတ္ထိအပေါင်းတို့သည် ဤသို့စည်းဝေးတိုင်ပင်ခြင်းကို ပြုကြကုန်၏။ ဤလောက၌ဂေါတမမြတ်စွာဘုရား ထင်ရှားကျော်စောခြင်းသည်။ အခြားမဟုတ် နှင့်မဟာမောဂ္ဂလာန်သည်။ဗျာန်သမာပါတ်တံခိုးအဘိညာဏ်တို့ဖြင့်ဝင်စားပြီးလျှင်၊ နတ်ပြည်သို့သွား၍ တရားဟောခြင်း။ ငရဲပြည်သို့သွား၍ တရားဟောခြင်း။

နတ်ပြည်၌ဖြစ်သောအကြောင်းစကား။ ငရဲပြည်၌ဖြစ်သောအကြောင်းစကားတို့ကို လူပြည်၌ပြန်၍ပြောဟောခြင်းကို ပြုကုန်၏။ ဤသို့ပြုသည်ရှိသော။လူအပေါင်းတို့သည်။ ရှင်မောဂ္ဂလာန်ကိုအကြောင်းပြု၍။ ဂေါတမသုရားကို့ကြည်ညို့ကြကုန်၏။ မောဂ္ဂလာန်မထေရ်ကိုသတ်၍ပစ်မှငါတို့၏ဘုန်းလာဘ်သပ္ပကာသည်များစွာဖြစ်နိုင်မည်ဟု တိုင်ပင်နှီးနှော၍ပြောဆိုပြီးလျှင်။ခိုးသားငါးရာတို့ကို။အသပြာရွှေငွေပေး၍ အသတ်ခိုင်းကြသေး၏။ ရှင်မဟာမောဂ္ဂလာန်သည်။ ဣသိဂိရိတောင်ကာဠသိလာကျောက်ဂူ၌ သတင်းသုံးနေထိုင်သောအခါခိုးသားငါးရာတို့သည်ဝိုင်းဝန်း၍ဘမ်းမည့်ပြုကြရာ။ဘုံခိုးတော်အားဖြင့်ကောင်းကင်သို့ပျံကြွတော်မူလေ၏။ထိုနည်းအတူခြောက်ကြိမ်မြောက် ကြွ၍ စိကြလေ၏။ ခြောက်ကြိမ်မြောက်သောအခါသို့ တိုင်ရောက်သောအခါ။ရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်မှာ ဝဋ်တော်နှင့်မကင်းသောကြောင့်။ခိုးသားငါးရာတို့၏လက်တွင်း၌အဖမ်းခံရလေ၏။ခိုးသားငါးရာတို့သည်။ရှင်မဟာမောဂ္ဂလာန်၏ကိုယ်ကိုမှုံ့မှုံ့ညက်ညက်ဖွဲ့အစိတ်ကဲ့သို့ ဖြစ်အောင် ရိုက်နှက် သတ်ဖြတ် ခြင်းကို ပြုကြလေ၏။ ထိုအခါကျမ်းတစောင်၏အဆိုမှာ။ ခိုးသားငါးရာတို့ကိုမြေမျိုသည်။ ခိုင်းစေသောတိတ္ထိတို့ကို။ အဇာတသတ်မင်းက။ ရင်ပမ်းထောက်တွင်း၍ ပေါ်ပေါက်သောအခါ မီးလောင်တိုက်သွင်းသည် ဟုဆိုသည်၊ကျမ်းတစောင်၏ အဆိုမှာ၊ခိုင်းစေသောတိတ္ထိဆရာကြီးတို့နှင့်တကွ၊ ခိုးသားငါးရာတို့ပါ။ မီးလောင်တိုက်သွင်းသည် ဟုဆိုသည်။ ဤသို့အဆိုကွဲပြားသောကြောင့်။ ဝါဒမျိုးကို မထည့်လိုက်သည်။ ခိုးသားငါးရာတို့သည်။ ရှင်မောဂ္ဂလာန်ကိုယ်တော်ကို၊ သတ်မည် ဟုကြံသောမနောကံ။ တိတ္ထိဆရာကြီးတို့နှင့်တိုင်ပင်နှီးနှော ပြောဆိုအပ်သောဝစီကံ၊ရိုက်နှက်သတ်ဖြတ်ခြင်း ဟုဆိုအပ်သောကာယကံ။ဤသို့ပြုအပ်သော။ကာယကံ၊ဝစီကံ၊မနောကံတို့၏အစွမ်းသတ္တိကြောင့်။သတ်သောနေရာ၏အနီးအပါး။ တခုသောထောင်ကြား၌။ငါးရာစလုံးအကုန်မြေမျို၍။ မဟာအဝီစိငရဲကြီးနိုက်။ကြီးကျယ်သောဒုက္ခကိုခံစားကြရလေ၏။တိတ္ထိဆရာကြီးတို့မှာလည်း။မြတ်စွာဘုရား၌ဖြစ်ပွါးသောဘုန်းလာဘ်သပ္ပကာကို ဇူသာမနာလို၍။ အဘိဇ္ဈာဗျာပါဒတရားအားကြီးသည့်အတွက်၊ ရှင်မောဂ္ဂလာန်ကို။သတ်စေလိုသောမနောကံ။ ခိုးသားငါးရာတို့ကိုညာဏ်ပေးလမ်းပြပြောဆိုရသောဝစီကံ။ ထိုသို့ပြုအပ်သောဝစီကံမနောကံတို့ကြောင့်၊ အဇာတသတ်မင်းမီးလောင်တိုက်သွင်း

၍သတ်ဖြတ်သောမင်းဓားများကိုခံရသည်ဟူ၍၊ ဓမ္မပဒအဋ္ဌကထာစတုက္ကနိပါတ်စသောကျမ်းတို့၌လာသည်၊ ။ပါဠိပါဌ်သားများကိုအလိုရှိကြပါလျှင်၊ ၎င်းပြဆိုအပ်သောဓမ္မပဒအဋ္ဌကထာ စတုက္ကနိပါတ်များမှာကြည့်ရှုကြပါလေ၊

ကဿပမြတ်စွာဘုရားသခင်၏လက်ထက်တော်၌ကား၊ ရဟန်းနှစ်ပါးတို့သည်။ဝဋ္ဋသာမဂ္ဂီဖြင့်ချစ်ခင်ရံမက်ခြင်းရှိကြသည်ဖြစ်၍။ သွားလျှင်အတူ စားလျှင်အတူ၊အိပ်လျှင်အတူတကွ ပေါင်းသင်းနေထိုင်ခြင်းကိုပြုကြကုန်၏။တနေ့သ၌ဥပုသ်ပြုအံ့သောငှါ၊ သိမ်ရှိရာအရပ်သို့သွားကြလေ၏၊လမ်းခရီးအကြား၌။နတ်သားတယောက်ကား။ရဟန်းနှစ်ပါးတို့ ချစ်ခင်ရံမက်၍ပေါင်းသင်းနေထိုင်ခြင်းကိုမြင်လေလျှင်။ ဤရဟန်းနှစ်ပါးသည်၊သိထစသောအကျင့်သဘာဝတူကျသောကြောင့်ချစ်လေသလော၊ သို့တည်းမဟုတ်။လူတို့ကဲ့သို့တဏှာပေမဖြင့်ချစ်လေသလော။ ထိုရဟန်းနှစ်ပါးတို့၏ချစ်ခြင်းကိုရံစမ်း၍ကြည့်အံ့ဟုကြံလျက်နေသောအခါ၌။ရဟန်းတပါးကဤသို့ဆို၏။ငါကိုယ်လက်သန့်စင်ရန်အကြောင်းကိစ္စရှိ၍၊ဤသစ်ပင်ရိပ်ကခဏဆိုင်းနေပါဆိုပြီးလျှင်။ချုံ၏အတွင်းသို့ ဝင်သွားလေ၏။ထိုအခါနတ်သားသည်။အဆင်းသဏ္ဌာန်ကြီးအင်္ဂလက္ခဏာနှင့် ပြည့်စုံသောမိန်းမပျို၏အသွင်ကိုဖန်ဆင်းပြီးလျှင်။ ချုံသို့ဝင်သောရဟန်းနှင့်မေထုန်သံဝါသပြုကြသည့်ပုံ၊ဆံထုံးပြေခြင်း၊မြေမှုန့်အမှိုက်တို့ဖြင့်လူးလဲထိမ်းကပ်ခြင်း။အဝတ်အစားဖရိုဖရဲရှိခြင်း ဟုဆိုအပ်သောအမူအရာတို့ကို ပြုပြီးလျှင်။ချုံမှထွက်သောရဟန်းနှင့်။ရှေ့နောက်မကွဲပူးတွဲ၍ထွက်လာပြီးလျှင်သစ်ပင်ရိပ်မှစောင့်နေသော ရဟန်း၏စိတ်၌၊ မေထုန်သံဝါသပြု၍ ထွက်သွားကြသည်ဟုထင်မှတ်စေပြီးလျှင်ကွယ်ပျောက်လေ၏။ ထိုအခါသစ်ပင်ရိပ်မှစောင့်ဆိုင်း၍နေသောရဟန်းသည် ဤသို့ဖြစ်သောအမူအရာတို့ကိုမြင်လျှင်၊ငါသည်သင်ရဟန်းနှင့်အတူတကွ။ဥပုသ်မပြုလိုပြီဟုပြောဆို၍သွားလေ၏။ချုံတွင်းမှထွက်လာသောရဟန်းသည်။မီအောင်လိုက်ပြီးလျှင်အရှင်ဘုရားအဘယ့်ကြောင့်။ အတူတူဥပုသ်မပြုလိုသနည်းဟုလျှောက်ထားမေးမြန်းသောအခါ။သင်သည်ချုံ၏အတွင်း၌။ မိန်းမပျိုတယောက်နှင့်။မေထုန်သံဝါသပြုပြီးလျှင်၊ အတူတကွ။ထွက်ခဲ့ကြသည်ကို မြင်သောကြောင့်မပြုလိုသည်ဟု။ ပြောဆိုလေ၏။ ထိုသို့ပြောဆိုသောအခါ၊ ချုံမှ

ထွက်သောရဟန်းသည်။ မိန်းမနှင့်မတွေ့ရကြောင်းမေထုန်သံဝါသမပြုရ
ကြောင်းကို။ အမျိုးမျိုးအနည်းနည်းပြောသော်လည်း။မယုံကြည်သည်ဖြစ်
၍ဥပုသ်မပြုဘဲနေလေ၏၊ထိုသို့ရဟန်းနှစ်ပါးဖြစ်ပွါးကြသည်ကို။ ယုံမှား
ရှိအောင်ပြုမိသော နတ်သား မြင်လေလျှင်။ ငါပြုမိသောအမှုသည် ဝန်
လေးစွဟု။ပူဆွေးစိုးရိမ်ကြောင့်ကြကြီးတခုဖြစ်ပြီးလျှင်။ ထိုရဟန်းနှစ်ပါး
တို့၏အနီးအပါး။အထက်ကောင်းကင်က၊ကိုယ်တိုင်ပြပြီးလျှင်။မေထုန်သံ
ဝါသမပြုကြောင်း။ချစ်ခင်ရုံမက်ခြင်းသည်။ မြဲကြ၏လောဟု။မိမိပြုသော
အမှုအရာတို့ကို။ ကုန်စင်အောင် ဖြန့်လှန်၍။ လျှောက်ထားတောင်းပန်
သောအခါ။ရဟန်းနှစ်ပါးတို့သည်။ ဥပုသ်အတူပြုကြလေ၏။ ထိုသို့ပြုကြ
သော်လည်း၊ ရှေးကကဲ့သို့ ချစ်ခင်ရုံမက်ခြင်း။ နှစ်သက် လေးမြတ်ခြင်း
မရှိကြကုန်။ ဤအမှုကိုပြုသော နတ်သားသည်။ ဤသို့လျှင်ရဟန်းတို့၏။
ချစ်ခင်ရုံမက်နှစ်သက်ပေါင်းသင်းခြင်းမှ၊ ကွဲပြားပျက်စီးခြင်းကို ဖြစ်စေ
တတ်သောပါရာဇိကဟုဆိုအပ်သော။ ရဟန်းဘဝမှရွေ့လျော့ပျက်စီးသ
ကဲ့သို့ပြုမိသောအကုသိုလ်ကံတို့၏ အစွမ်းကြောင့်။ နတ်၏ဘဝမှစုတေ
သေလွန်ခြင်းသို့ရောက်လေလျှင်။ ဘုရားနှစ်ဆူတို့ ဖြစ်တော်မူသော အ
ကြားမဟာအဝိစိငရဲကြီး၌ကျ၍။ ငါတို့ဂေါတမ မြတ်စွာဘုရား သခင်
သည်လူ့တွင်ထင်ရှားဘုရားအဖြစ်သို့ရောက်တော်မူသောအခါ။ သာဝတ္ထိ
ပြည့်တွင်လူဖြစ်လာ၍။အချိန်အရွယ်ရောက်သောအခါ၊ သာသနာတော်၌
ရဟန်းပြုလေ၏။ထိုရဟန်းသည်ရဟန်းနှစ်ပါးတို့၊ကွဲပြားလေအောင်ပါရာ
ဇိကအရိပ်အရောင်ဖြင့်ပြုခဲ့မိသော မကောင်းမှုအကုသိုလ်ကံ၏ အစွမ်း
ဖြင့်၊ငရဲမှလွတ်ပြန်ပါသော်လည်း၊ဝဋ်တရားမကင်းသည်ဖြစ်၍၊ ထိုရဟန်း
သွားလေရာရာ။ ပွဲသဘင်အတွင်း။မင်းသားမင်းသမီးတို့သည်။ နှစ်ပါးသွား
သွားကြသကဲ့သို့။အဆင်းသဏ္ဍာန်၊ ကြီအင်လက္ခဏာနှင့် ပြည့်စုံသော၊
မိန်းမပျိုတရောက်သည်။သင်္ကန်းစွန်းကိုဆွဲ၍။အမြဲလိုက်နေသည်ဟု။ မြင်
သမျှလူအပေါင်းတို့သည်။မှတ်ထင်ကြရကုန်၏။ မြို့တွင်းရွာတွင်းသို့ဆွမ်း
ခံကြွလာရာ။ထိုမိန်းမပါသည့်အတွက်။လှောင်ပြောင်တတ်သောသူတို့က
ဤပစ္စည်းကားအရှင်ဘုရား၏အတွက်၊ထိုပစ္စည်းကား။ နောက်ပါကြင်ရာ
အတွက်ဟုပြောဆိုပြီးလျှင်။ဆွမ်းစသောပစ္စည်းများကိုလောင်းကြလေ၏
ဤသို့အသင်အရှား ဖြစ်ပွား၍ နေသောအခါ၊ ရဟန်းရှင်လူ အပေါင်းတို့
သည်။ တိုင်ပင် နှီးနှောပြီးလျှင်။ ကောသလ မင်းအား။ အကြောင်း

မျိုးကိုကုန်စင်အောင်ပြန်ပြောကြလေ၏။ ထိုအခါကောသလမင်းကြီးက ကောင်းပြီးငါကိုယ်တိုင်ထွက်၍မိန်းမငယ်ကိုဘန်းပြီးလျှင်၊ စီရင်မည်ဟု ပြောဆိုပြီးလျှင်၊ မိုလ်ခြေပရိသတ်နှင့်ကျောင်းကိုဝန်းဝိုင်းပြီး၍ကျောင်း ပေါ်၌အရိပ်နိမိတ်ကိုကြည့်သော်လျှင်၊ရဟန်း၏အနီးအပါး၌မိန်းမပျိုထိုင်၍ နေသည်ကိုမြင်ကြသော်၊ထိုအခါ၌ကောသလမင်းကြီးက၊ ထွက်၍ဘန်းရ မည်ဟု၊ မင်းစေလုလင်တို့ကိုခိုင်းစေရာ၊ မင်းစေလုလင်တို့သည်အထင်း ဝင်၍ ဘန်းကြရာ၊ မိန်းမပျိုသည်ပျောက်ကွယ်၍ သွားလေ၏၊ထိုအခါရဟန်း ကိုမေးမြန်းကြသော်၊ကိုယ်တော်၏၊ အနီးအပါး၌ထိုင်၍ နေသောမိန်းမပျို သည်၊ဘယ်ကိုသွားသနည်းဟုမေးမြန်းကြလေလျှင်၊ဒါယကာတို့၊သင်တို့ ပြောဆိုသောမိန်းမပျိုကိုမမြင်မတွေ့ရပါဟုပြောလေ၏၊ ထိုသို့ပြောဆို သောအခါ၊ကောသလမင်းကြီးက၊ခန်းတွင်းခန်းပြင်၊ကုန်စင်အောင်ရှာကြ ရမည်ဟု၊အမိန့်ပေး၍ကုန်စင်အောင်ရှာကြသော်လည်း၊မတွေ့မမြင်သော ကြောင့်ပြန်သွားကြရလေ၏၊ နောင်အကြိမ်များစွာ၌ကဲ့သို့ချည်းဝန်းဝိုင်း ၍ဘန်းသော်လည်း၊ မရမမိရှိနေသောကြောင့်၊ အကြောင်းကိုကုန်စင် အောင်မြတ်စွာဘုရားအားလျှောက်ထားကြလေ၏၊ မြတ်စွာဘုရားသခင် ကလည်း၊ ကဿပမြတ်စွာဘုရားသခင်၏ထက်ထက်တော်ကာဖြစ်ပွါးခဲ့ကြ သော၊နတ်သားနှင့်တကွ၁ ရဟန်း၂ စ်ပါးတို့၏၊အကြောင်းကိုပြန်လှန်၍ဟော တော်မူလေ၏၊ ။

ဒေဝတာအပိစိမှိနိဗ္ဗတ္တိတွာ၊ ကေဇုဒ္ဒန္တာ့ ရံထတ္ထုပစိတွာ ဇမ္ဗုဒီပံ ဇုဒ္ဓုပ္ပါဒေသာဝတ္ထိယံနိဗ္ဗတ္တိတွာ ဝုဒ္ဓိမန္ဝာယသာသနေ ပဗ္ဗဇိတွာ ဥပသမ္ပဒံ လဘတိ။ ။ဟူ၍ဓမ္မပဒအဋ္ဌကထာကျမ်း၌လာသည်။

အနက်ကား။ ။ဒေဝတာ၊နတ်သည်။ အပိစိမှိ၊ အဝိစိငရဲ၌။ နိဗ္ဗတ္တိ တွာ၊ကျ၍၊ကေဇုဒ္ဒန္တာ့ ရံ၊ဘုရားတဆူနှင့်တဆူအကြား။ ထတ္ထု၊ထိုမဟာ အဝိစိငရဲကြီး၌။ပစိတွာ၊ကျက်၍။ ဇမ္ဗုဒီပ ဇုဒ္ဓသာသနေ၊ ဤငါတို့ဂေါတမ မြတ်စွာဘုရားသခင်၏ သာသနာတော်၌။ သာဝတ္ထိယံ၊သာဝတ္ထိပြည်၌။ နိဗ္ဗတ္တိတွာ၊ဖြစ်လာ၍။ ဝုဒ္ဓိမန္ဝာယ၊ ကြီးပွားသောအရွယ်သို့ ရောက်လေ သော်၊သာသနေ၊ သာသနာတော်၌၊ ပဗ္ဗဇိတွာ၊ ရှင်ရဟန်းပြု၍၊ဥပသမ္ပဒံ၊ ပဉ္စင်းအဖြစ်ကိုလဘတိ၊ရ၏။

ဤသို့လျှင်ဘုရားတရားသံဃာဆရာသမားအမိအဘ။ သက်ကြီးသောသူ၊ဂုဏ်ကြီးသောသူ ဟုဆိုအပ်သော၊သီလဝန္တ။ ဂုဏဝန္တ။ပညာဝန္တပုဂ္ဂိုလ်တို့အား။ကာယကံ၊ဝစီကံ။မနောကံအားဖြင့်ပြစ်မှားမိသော သူတို့သည်။ယခုပစ္စုပ္ပန်ဘဝ၌ပင်မြေမျိုခြင်း။မိုးကြိုးလောင်မီးကျခြင်း။အိမ်ရာပစ္စည်းစသည်တို့ကို မီးလောင်ခြင်း။ ကိုယ်၌ကြီးစွာသော အနာရောဂါဝေဒနာတို့ပြင်းထန်စွာနှိပ်စက်သည့်ကိုခံရခြင်း၊ မျက်စိကန်းခြင်း။နားပင်းခြင်းဆွံ့အခြင်း။မင်းဘေးမင်းဒဏ်သင့်ခြင်း။လက်နက်မိုး၊သဲမိုး။မီးခဲမိုးရွာခြင်းဟူသောအပြစ်ကြီးရှစ်ပါးတို့တွင်။ တပါးပါးရောက်တတ်ကုန်၏၊ ထိုသို့မပြစ်မှား ထိုက်သော။ ခင်ပွန်းကြီးဆယ်ပါးသို့။ အပါအဝင်ဖြစ်သောသောပုဂ္ဂိုလ်တို့ကို။လွန်ကျူးပြစ်မှားသူတို့သည်။ သဂ္ဂန္တရာယ်။ မဂ္ဂန္တရာယ်တိုင်အောင်ဖြစ်စေနိုင်ကုန်၏၊ ။

ဖြစ်ဘူးကြောင်းသက်သေကား။

သာဝတ္ထိပြည့်တခုသော ကျေးလက်ရွာသို့။ ဆွမ်းခံကြွတော်မူသော သီလဝန္တရဟန်းတပါးကို။ပြစ်မှားချုပ်ချယ်လိုသောစိတ်ရှိသော။ ကောကမည်သောမုဆိုးသည်။ ခွေးတို့ဖြင့်ကိုက်စေခြင်းငှါ ရှူးတိုက်၍လိုက်လေ၏။သီလဝန္တရဟန်းမြတ်သည်။ဘေးမှလွတ်စေခြင်းငှါ။ သစ်ပင်သို့တက်၍။တောင်းပန်စကားပြောလေ၏။မုဆိုးသည်နားမထောင်ဘဲ။ အောက်ကရပ်လျက်။ရဟန်း၏ခြေဘဝါးကို။မြှားနှင့်ထိုးလေ၏။ ရဟန်းသည်ဘေးမှကြောက်သောကြောင့် နေရာထိုင်ရာကိုပြင်သည်နှင့်။ မုဆိုးသည်။ မိမိပြုသောအကာသင်္ကန်းတို့သည်။ နှိုးဆော်တိုက် တွန်းလာသောကြောင့်၊ ရဟန်း၏ကိုယ်ရုံသင်္ကန်းသည်။ မုဆိုး၏ကိုယ်ကိုခြုံအုပ်ဘိ သကဲ့သို့ကျလာ၏၊ခွေးတို့သည်ရဟန်းကျလာသည်ဟူသောအမှတ်နှင့်။ ကိုက်သတ်စားသောကြောင့်။သင်္ကန်းတွင်း၌အရိုးမျှသာကြွင်းရစ်လေ၏။ ။ဤမုဆိုးသည်သီလဝန္တရဟန်းကိုပြစ်မှားလိုသောမနောကံ၊ခွေးနှင့်ရှူးတိုက်ခြင်းဟုဆိုအပ်သောဝစီကံ၊မြှားနှင့်ထိုးခြင်းဟုဆိုအပ်သောကာယကံ။ထိုသို့ပြုအပ်သောကာယကံ။ဝစီကံ။မနောကံတို့ကြောင့်။ဒိဋ္ဌမျက်မှောက်၌ပင်ခွေးစား၍၊သေဆုံးခြင်းသို့ရောက်ရလေ၏။

ခန္တီဝါဒီရှင်ရသေ့ကိုပြစ်မှားသော။ဗာရာဏသီပြည်ကြီးရှင်။ ကလာဗုမင်းကိုမြေမျိုခြင်း။ ။ဘုရားအလောင်းမဟာနန္ဒိယ။စူဠနန္ဒိယမျောက်မင်းညီနောင်တို့ကို။ပြစ်မှားသောမုဆိုး၏အိမ်ကိုမိုးကြိုးလောင်မီးကျ၍။အိမ်ရာ

သားမယားနှင့်ပျက်စီးလျက်။ ပိမိကိုယ်ကိုလည်း၊ ထိုမီးလောင်သောအိမ်၌၊ ထင်လျောက်တို့သည်၊ ကိုယ်ပေါ်သို့ကျ၍ထိုအရပ်၌ပင်သေရခြင်း ။ ချောက်သို့ကျ၍မတက်နိုင်သောပုဏ္ဏားကို။ ကျောက်ကုန်းဖြင့်ပိုး၍ချောက်၌တင်ဆောင်ပြီးလျှင်။ လူတို့ခရီးတိုင်အောင်း၊ ပို့လိုက်ပေးသော မဟာကပိန်။ ဘုရားအလောင်းဖြစ်သောမျောက်မင်းကို၊ ကျေးဇူးချေစွပ် ရိုက်နှက်ပုတ်ခတ်ခြင်းကိုပြုသော၊ ပုဏ္ဏားယုတ်၏ကိုယ်၌ ပဲနောက်ပဲကြီးဆီးဖြူပြန်းခါး။ ရှစ်လျှားသမ္ဗရာ။ ရှောက်သီးအရပ်ရှစ်သီးပမာဏရှိသော။ အိုင်းအနာတို့သည်ပေါက်ရောက်လာခသည်ဖြစ်၍၊ ရေကန်၏အတွင်းသို့ရေဆင်း၍ချိုးရာ၌မြေမျိုသေ၏၊ ။သရဘင်္ဂရှင်ရသေ့၏တပည့်ဖြစ်သော၊ ကိသဝစ္ဆရှင်ရသေ့အားတံတွေးထွေးခြင်း၊ ဒန်ပူဖတ်နှင့်ဖြစ်ခြင်းစသည်ကို ပြု၍ဖြစ်များခဲ့သောကုမ္ဘဝတီပြည်ကြီးရှင် ဒဏ္ဍကီမင်းနှင့်တကွသောပြည်သူတို့ကို။ သက်နက်မိုး။ မီးကျီးမိုး။ ကျောက်ကြီးမိုး။ သံမိုးတို့သည် အစဉ်လိုက်ရွာ၍၊ အတောင်ခြောက်ဆံယ်တိုင်အောင်တက်သဖြင့်။ ယူဇနာခြံဆယ်တိုင်တိုင် နိုင်ငံအလုံး ပျက်ပြုန်း သေစေခြင်း၊ ။အမိကို ခြေနှင့်ကျောက်ကံကျော်နင်း၍သွားသောမိတ္တဝိန္ဒကသူဌေးသားကို။ သမုဒ္ဒရာအလယ်ကျွန်းတွင်။ ဥကြောင်း၌သံလျက်စက်သွားကျ၍။ ပတ်ပတ်လည်လျက်ခံရခြင်း။ ဤသို့အစရှိသောအပြစ်ကြီးတို့သည်၊ ရောက်တတ် ဖြစ်ထတ်ကုန်၏၊ ထိုသို့မပြစ်မှား ထိုက်သော ခင်ပွန်းကြီး တို့အား ပြစ်မှားခြင်းကိုပြုမိသော ယုတ်မာရိုင်းဖျင်းသောသူတို့သည်၊ အပရာပရိယကုသိုလ်ကံထောက်ပန့်၍၊ အသက်ရှည်ငြားသော်ထည်း။ သူသေနှင့်တူလေ၏။ ။

ထို့ကြောင့်ဤလောက၌။ ကြိမ်ကြိုက်နေထိုင်ကြသော။ ရဟန်းရှင်လူအပေါင်းတို့သည်။ ပြဆိုအပ်ခဲ့သော။ ခင်ပွန်းကြီးဆယ်ပါးတို့ကို။ ထိပါးပြစ်မှားခြင်းသို့မရောက်ရအောင် ကြိုးစား၍ရှောင်ကြဉ်ကြရမည့်အကယ်၍ တရံတခါ ဒေါသအလျောက် ပြစ်မှားမိသည်ရှိသော်။ ကြေပျောက်ကင်းလွတ်ခြင်းသို့ ရောက်အောင် ကတော့ကြရမည်။ ဝန်ချရကတော့ရခြင်းသည်။ တနာရီထည်းမကြာ။ တရက်လည်းမကြာ။ မကတော့မတောင်းပန်ဘဲနှင့်။ အမှုကြီးကိုတန်းလန်းထား၍ သေရသောသူတို့သည်။ သံသရာ၌အပြစ်ကိုခံရသည်ရှိသော်ကမ္ဘာကိုချင့်၍ခံကြရသည်။ သူထပါးကဲ့ရဲ့ရှုန့်ချမည်ကိုရှက်ကြောက်သောကြောင့် မကတော့ဘဲနေသောသူတို့သည်။ မှားခြင်းကြီးမှားလေစွ။ အဘယ်ကြောင့်နည်းဆိုသော်၊ ထိုအပြစ်ကိုခံရသောအခါ၊

သူတပါးတို့သည်ထားချခံသည်မဟုတ်၊ မိမိ၏အဖြစ်ကိုမိမိသာခံရသော ကြောင့်တည်း။

## ဤတွင်၍ကားဆုံးဖြတ်ချက်ထရပြီး၏။

ပငိုသမ္မေအားဖြင့် ထက်သောညာဏ်။ လျှင်သောညာဏ်။ ရွှင်သော ညာဏ်ဟုဆိုအပ်သော၊ ဖြကတေ့ပင်ကိုညာဏ်နှင့်ပြည့်ရသည်ဖြစ်၍။ ခုနစ်နှစ်သားအရွယ်သို့ရောက်သောအခါ။အိုဝ်ကျောင်းဆရာတို့ထံအပ်နှံ၍ ပြီးလျှင်ဝိဇ္ဇာများကို သင်ကြားစေရာ မကြာမြင့်မီ နှစ်နှစ်ခန့်လောက်နှင့် အောက်စာငယ်တို့ကို။ ပုဒ်ပေါင်းအကျွရာနှင့်တကွသေချာစွာတတ်မြောက် ခြင်း၊ ရှစ်နှစ်သားအရွယ်သို့ ရောက်သောအခါ။ ဗန်းမော်မြို့ သိမ်ထောင် ကျောင်းဆရာတော်၏အထံသို့။ မိဘနှစ်ပါးအရအညီတို့သည်သေချာစွာ သျှောံထား၍ အပ်နှံကြလေ၏။ဆရာတော်က။ သူငယ်၏ရှုနိုကယ်သန္ဓိနိ ကယ်တို့ကိုကြည့်ရှုဆင်ခြင်လိုက်လျှင်။ ထိုသူငယ်သည်ဤလောကန္တိကြီး ပွါးထင်ရှားကျော်စောခြင်းနှင့်တကွကျေးဇူးများမည်ကိုမြင်သောကြောင့်။ အထူးသဖြင့်ဝိရိယစိုက်ပြီးလျှင်။ လောကီ၊လောကုတ္တရာပညာဗဟုသုတ များစွာဖြစ်စေရန်ကိုယ်တိုင်ကိုယ်ကြိုဝ်သင်ကြားအားထုတ်ခြင်း၊ဦးပဥ္စင်း များ သန္ဒါသကြိုဟ်ဘက်သောအခါ။ ဦးပဥ္စင်းများနှင့်အတူတကွစာတက် ခြင်း။စာအံခြင်းကိုပြုစေ၏။ ထိုအခါ၌သူငယ်ကပင်။ ဦးပဥ္စင်းများကိုစာ ထောက်၍ပြောရခြင်း။ဆရာတော်က၊ဗဟုသုတဖြစ်စေရန်။ မော်ကွန်းလူး ထားထက်ာကဗျာချေင်းတေးသဖြန်တို့ကို၊အကျက်ခိုင်းလိုက်လျှင်။ မကြာ ခင်၊အလျှင်အမြန်ရခြင်း။ တဆဲ့သုံးနှစ်သားအရွယ်သို့ရောက်သောအခါ။ အင်္ဂလိပ် ဆရာကြီးများထံအပ်နှံ၍၊ အင်္ဂလိပ်စာကို သင်စေရာ တဆဲ့ ကိုးနှစ်သားအရွယ်သို့ရောက်သောအခါ ဆရာဖြစ်မေးခွန်းများနှင့်တကွ လုံခြုံစွာတတ်မြောက်ပြီးစီးခြင်းသို့ရောက်သဖြင့်။ အမေရိကန်ကျောင်းဆ ရာအဖြစ်နှင့်။ တပည့်အပေါင်းတို့ကို။ လိမ္မာရင်ကျေး နူးညံ့ပြောင်းပျော့ ခြင်းသို့ရောက်အောင်။ တပည့်အပေါင်းတို့၏အပေါ်၌။ အနွံအနာခံခြင်း။ ဆရာတခုပြုလုပ်သူတို့ကြည်ဖြူသန့်ရှင်း၊ နှစ်လုံးသွင်းအပ်သောဇာသရိ ယအကြီးအမှူး၊ဦးစီးနာယကဂုဏ်တို့ကိုလုံခြုံစွာနှစ်လုံးသွင်းခြင်း။ ရတ နာသုံးပါး။ဆရာသမားအမိအဘ။သက်ကြီးသောသူ။ ဂုဏ်ကြီးသောသူတို့ ထို ရိုသေကိုင်းရှိုင်းခြင်း။ မာန်မာနထက်ကြွခြင်း တရားတို့ကို နည်းပါး

ဆောင်သဘောထား၍ နိဝါတတရားများကို ရှေ့သွားပြုပြီးလျှင်၊ ယဉ်ကျေးသိမ်မွေ့နူးညံ့သော စကားများကို သာသူထပါးတို့အား ပြောဆိုသင်ကြားလေ့ရှိသော။ ဗန်းမော်မြို့ညောင်ဝင်ရပ်နေ အင်္ဂလိဝါသိက ထပည့်ရင်းဖြစ်သော၊ အမေရိကန်ကျောင်းဆရာမောင်ထိက၊ မြတ်စွာဘုရားသည် ဗာရာဏသီပြည်မိဂဒါဝုန်တော၌၊ ဟောတော်မူအပ်သော ဓမ္မစကြာတရားသည် အဘယ်သို့သော သဘောရှိပါသနည်းဟု၊ သက္ကရာဇ်(၁၂၇၆)ခုနှစ်တပေါင်းလဆန်း(၁၀)ရက်နေ့ ရေးသားအပ်သော စာဖြင့် တကူးတက မေးလျှောက်ထားသောကြောင့်၊ သိမ်တော်ကျောင်းဆရာတော်သည်၊ အားစိုက်စိုက်သော ကျမ်းတို့ကိုကြည့်ရှု၍ ဖြေဆိုလိုက်သည်၊

ဧွမေဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ။ ဂ. တမေဒွေ ယော စာယံကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂါမေ့ပေါ ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော ယော စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ ကတမာ စသာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ။ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ သေယျထိဒံ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပော သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

မဟာဝါဝါပါဠိတော်၌ ဟောတော်မူသည်၊

အနက်ကား။ ။အထခေါ။ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်၊ ပဉ္စဝဂ္ဂိယေ၊ ငါးယောက်အရေရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ အာမန္တေသိ-ကထေသိ၊ ခေါ်တော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ပဗ္ဗဇိတေန။ ရဟန်းဖြစ်သောသူသည်၊ ဒွေ၊ နှစ်ပါးကုန်သော၊ ဣမေ အန္တာ၊ ကောဋ္ဌာသတို့၊ ဤတရားအစုတို့ကို။ နသေဝိတဗ္ဗာ။ မမှီဝဲအပ်ကုန်။ ဒွေ။ နှစ်ပါးသောအစုတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။ ဟီနော၊ ယုတ်သော၊ ဂါမော၊ ရွာသူတို့၏ အကျင့်ဖြစ်သော။ ပေါထုဇ္ဇနိကော၊ ပုထုဇ္ဇန်တို့၏ အလေ့ဖြစ်သော။ အနရိယော၊ အရိယာသူတော်ကောင်းတို့၏ အကျင့်မဟုတ်

သော။ အနတ္တသံဟိတော၊ပစ္စုပ္ပန်သံသရာအကျိုးစီးပွားမရှိဟု မှတ်အပ်သော၊ ကာမေသု၊ဝတ္ထုကာမဂုဏ်ငါးပါးတို့၌။ ယောစာယံယောစအယံကာမသုခလ္လိကာနုယောဂေါ။ အကြင်ကာမဂုဏ်ချမ်းသာ၌ငြိသဖြင့်။ အသန့်တလဲလဲယှဉ်ခြင်းလည်းကောင်း။ဒုက္ခော၊ကိုယ်၏ဆင်းရဲခြင်း။ စိတ်၏ဆင်းရဲခြင်းဘို့ကိုဖြစ်စေတတ်သော။ အနရိယော၊ အရိယာမဟုတ်သောတိတ္ထိတို့၏အကျင့်ဖြစ်သော။အနတ္တသံဟိတော။ပစ္စုပ္ပန်သံသရာအကျိုးစီးပွားမရှိဟု မှတ်သော၊ယောစာယံယောစအယံအတ္တကိလမထာနုယောဂေါ၊အကြင်မိမိကိုယ်၏ပင်ပန်းခြင်းနှင့်ယှဉ်ခြင်းလည်းကောင်း။ ဥဘော အန္တေ။ ဤနှစ်ပါးတို့တည်း။ဘိက္ခဝေ၊ရဟန်းတို့၊ ဧတေခေါဥဘောအန္တေ။ ဤနှစ်ပါးသောတရားအစွန်းတို့ကို၊အနုပဂ္ဂမ္မ၊မကပ်မူ၍၊တထာဂတေန၊ သင်တို့ဆရာငါဘုရားသည်။အဘိသမ္ဗုဒ္ဓါ။ အထူးသဖြင့်သိတော်မူသော။ စက္ခုကရဏီ၊သစ္စာလေးပါးတို့မြင်သောပညာမျက်စိကိုပြုပြင်တတ်သော၊ ဉာဏကာကရဏီ၊သစ္စာလေးပါးကို သိသောဉာဏ်အမြင်ကို ပြုပြင်တတ်သော၊ မဇ္ဈိမာပဋိပဒါ၊မဇ္ဈိမပဋိပါဒ်အကျင့်မြတ်သည်၊ ဥပသမာယ။ ကိလေသာတို့၏ငြိမ်းခြင်းငှါ။အဘိညာယ။သစ္စာလေးပါးတရားတို့ကို။ အထူးသဖြင့်သိခြင်းငှါ၊သမ္ဗောဓာယ၊သစ္စာလေးပါးတရားတို့ကိုကောင်းစွာသိခြင်းငှါ။ နိဗ္ဗာနာယ။နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှါ။ သံဝတ္တတိ၊ဖြစ်၏။ ဘိက္ခဝေ။ ရဟန်းတို့။တထာဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊အလွန်သိအပ်သော။ဉာဏကရဏီ၊သစ္စာလေးပါးကို သိသောဉာဏ်အမြင်ရှိသော။ ယာဇ္ဈိမပဋိပဒါ၊ အကြင်မဇ္ဈိမပဋိပါဒ်အကျင့်မြတ်သည်။ ကတမာစ။အဘယ်သည်တို့နည်းဟူမူကား။အရိယော၊မြတ်သော၊အဋ္ဌင်္ဂိကော၊အင်္ဂါရှစ်ပါးရှိသော၊ အယမေဝမဂ္ဂေါ၊ဤမဂ်သျှင်တည်း။ ဆုဒံ။ဤမဂ္ဂင်ရှစ်ပါးတရားဟူသည်။သေယထာကတမံ၊ အဘယ်သည်တို့နည်းဟူမူကား။ သမ္မာဒိဋ္ဌိ။ ကောင်းစွာမြင်ခြင်းလည်းကောင်း။ သမ္မာသင်္ကပ္ပော။ ကောင်းစွာကြံခြင်းလည်းကောင်းသမ္မာဝါစာ။ကောင်းစွာဆိုခြင်းလည်းကောင်း။ သမ္မာကမ္မန္တော။ကောင်းစွာပြုပြင်ခြင်းလည်းကောင်း။သမ္မာအာဇီဝေါ။ ကောင်းစွာအသက်မွေးခြင်းလည်းကောင်း၊သမ္မာဝါယာမော။ ကောင်းစွာအားထုတ်ခြင်းလည်းကောင်း။ သမ္မာသတိ။ ကောင်းစွာအောင်းမေ့ခြင်းလည်းကောင်း။သမ္မာသမာဓိ။ကောင်းစွာတည်ကြည်ခြင်းလည်းကောင်း၊ဣတိဆုမေ၊ဤသည်တို့တည်း။ ။ဓမ္မစကြာတရားတော်သည်။အရပ်တိုင်းပင်ရှိ

သောကြောင့် အပြီးအဆုံးမရေးလိုက်သည်၊ အပြီးအဆုံးကိုအလိုရှိကြလျှင်၊ ဓမ္မစက္ကသုတ်နိုက်ကြည့်ကြပါလေ။

ငှင်းဓမ္မစကြာတရား၏အဓိပ္ပါယ်သဘောသဘာဝတွ
တို့ကိုပြဆိုပေးအံ့။

ဓမ္မစက္ကေတိပဝတ္တေတိတိဓမ္မစကြာ။ ၊ယံဓမ္မဇာတံ၊အကြင်သဘောတရားသည်။ဓမ္မံ"နုက္ခသစ္စာ။ သရဒယသစ္စာ အစရှိသော တရားအပေါင်းသည်၊စက္ကေတိပဝတ္တေတိ ချာချာထည့်၍ဖြစ်ထတ်၏။ဣတိတသ္မာ။ထိုသို့ချာချာပတ်ပတ်။ လည်၍ဖြစ်တတ်သောသတ္တိကြောင့်။ တံဓမ္မဇာတံ။ ထိုသဘောတရားသည်။ဓမ္မစကြာ။ ဓမ္မစကြာမည်၏၊ ။ထိုဓမ္မစကြာဟရားတော်၏အဓိပ္ပါယ်လိုရင်းမှာ၊ ၊ပဥ္စဝဂ္ဂီရဟန်းငါးပါးနှင့်ထကွ။များစွာသောဝေနေယျသတ္တဝါအပေါင်းတို့အား။ မြတ်စွာဘုရားသခင်သည်၍သို့ဟောတော်မူ၏၊ချစ်သားအပေါင်းတို့သည်။သံသရာ၌မထွက်ရသဲ။ထဲဝဲထည့်လည်ကျင်လည်ရ၊ ဖြစ်ရ။ နစ်မွန်း၍နေရခြင်းသည် ကိလေသာနှင့်မိစ္ဆာဒိဋ္ဌိတို့သည်။အမြဲမပြတ်ကပ်၍နှိပ်စက်သောကြောင့်၊ကျင်ထည်မျောပါးသွားလာကြရသည်၊ကာမဂုဏ်နှင့်မိစ္ဆာဒိဋ္ဌိတို့ကို။စွန့်ပြစ်ပယ်ခွါရှောင်ကြဉ်ကြရမည်ဟု။ ဟောတော်မူသောတရားတော်ဖြစ်သည်၊ ဟောတော်မူသည့် အတိုင်း။ပဥ္စဝဂ္ဂီငါးပါးတို့သည်။ ကာမဂုဏ်နှင့်မိစ္ဆာဒိဋ္ဌိကို။ အလူးသဖြင့် မနေမနားအားထုတ်၍ ပွားများပယ်ပျောက်ကြသောကြောင့်။သံသရာပြင်ကျယ်ကါမဂုဏ်ႈယ်ပယ်မှထွက်မြောက်၍၊နိဗ္ဗာန်ထည်းဟူသောသောင်ကမ်းသို့။ ကူးသန်းထွက်မြောက်ကြရသည်၊ ထို့ကြောင့် ယခုကြွင်းကျန် ရစ်သော ဝေနေယျသတ္တဝါ အပေါင်းတို့သည့်ထည်း၊ သံသရာခရီးပင်လယ်ကြီးမှ ထွက်မြောက်ကြလိုလျှင်။ ပြဆိုအပ်ခဲ့သော ကာမဂုဏ်နှင့်မိစ္ဆာဒိဋ္ဌိကို၊ပယ်ပျောက်စွန့်ပစ်ကြရမည်။

ထိုကြောင့်။

ကာမှတောဇာယတေသောကော။ ကာမတောဇာယတေဘယံ။

ကာမတောဝိပ္ပမုတ္တဿ၊ နတ္ထိသောကောကုတောဘယံ။ ။

ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာစသောကျမ်းတို့၌။လာကုန်သည်။ ။

အနက်ကါး။ကာမတော၊ကာမဂုဏ်ကြောင့်။သောကော။စိုးရိမ်ရခြင်းသည်ဇာယတေ၊ ဖြစ်၏၊ကာမတော။ ကာမဂုဏ်ကြောင့်။ ဘယံ။ဘေးသည်ဇါယတေ။ဖြစ်၏။ကာမတော၊ ကာမဂုဏ်မှ။ဝိပ္ပမုတ္တဿ။ကင်းလွတ်သော

သူအား၊သောကော၊ရိုးရိမ်ခြင်းသည်၊ နတ္ထိ၊မရှိ။ ဘယံ၊ဘေးသည်။ ကုတော အတ္ထိ။အဘယ်မှာရှိအံ့နည်း။ ၊ထိုဒေသနာတော်၏။ အဓိပ္ပါယ်သော်ကား။ကာမဂုဏ်ကြောင့်။ရိုးရိမ်ကြောင့်ကြခြင်းဖြစ်ရသည်။ ကာမဂုဏ်ကြောင့်။ဘေးဖြစ်ရသည်၊ကာမဂုဏ်ကိုရှောင်ကြဉ်သော ရသေ့ရဟန်းတို့သည်။နည်း သောရိုးရိမ်ကြောင့်ကြခြင်းရှိ၏။နည်းသောဘေးရှိ၏၊ဤသောကန္တက်။အလုံး စုံသော သတ္တဝါ အပေါင်းတို့သည်။ များသော အားဖြင့်။ ဥစ္စာတို့ကို၊ ရှာဖွေစုဆောင်းရခြင်းတည်း ဟူသော၊ သောကဗျာပါဒတို့သည်။ကာမဂုဏ်ကြောင့်သာဖြစ်ကြသည်။ပမာဆိုသော်။လှေထိုးသောသူ လှော်တိုက်သောသူ။မြေကြီးတူးသောသူတို့ သည်။ ချွေးထွက်သ ရို အလွန်ပင်ပန်းသော အလုပ်ကိုလုပ်ကြရသည်။ ထိုသူတို့ကို။သင်တို့သည်။အဘယ်အတွက်ကြောင့်၊သို့ကလောက်ပင်ပန်း သော အလုပ်ကို လုပ်ကြသနည်း။ မေးမြန်းခဲ့သည်ရှိသော်။ ကျွန်တော်တို့မှာ။အခြားကိစ္စကြောင့်မဟုတ်။ ကာမဂုဏ်ကိစ္စကြောင့်လုပ်ကိုင်ရပါသည်ဟု၊ပြောဆိုရန် အကြောင်းရှိသည်၊ အဘယ့်ကြောင့်နည်းဆိုသော်။ဤအလုပ်ကရသောပစ္စည်းနှင့်သားမယားတို့ကိုကျွေးရသောကြောင့် တည်း။ ကာမ ဂုဏ် ကြောင့် ဘေး ဖြစ်သည့် ဟု ဆို သည့် မှာ။ ထောင် ကျ၍ နေသော သူ တို့သည်။ ကျောက်ထုရခြင်း။အုံးဆံထုရခြင်း။ကျင်ကြီးအိုး ကျင်ငယ်အိုးတို့ကို ထမ်း၍ သစ်ပင်လောင်းရခြင်း။စွန့်ပြစ်ရခြင်းအမှုထိုကိုပြုကြရ၏။ ထိုသူတို့ကို။ သင်တို့သည်။အဘယ့်ကြောင့်၊ အလွန်စက်ဆုပ်ဘွယ်သော အမှုကိုပြုကြရသနည်းဟု။မေးခဲ့သည်ရှိသော်၊ထိုသူတို့က၊ ကျွန်တော်တို့မှာ အခြား ကိစ္စမဟုတ်။ကာမဂုဏ်ကြောင့် လုပ်ရပါသည်ဟု ပြောဆိုရန်သာ အကြောင်းရှိ၏။အဘယ့်ကြောင့်နည်းဆိုသော်။သားမယားတို့ကို၊ ကျွေးမွေးရန် ကိစ္စနှင့်ခိုးရ၊တိုက်ရသောကြောင့်။ထောင်တန်းသို့ကျရသည်။ထို့ကြောင့်။ကာမဂုဏ်တရားကို။ရှောင်ရှားကြရမည်။

ပိယတောဇာယတေသောကော၊ ပိယတော ဇာယတေဘယံ၊
ပိယတော ဝိပ္ပမုတ္တဿ၊နတ္ထိသောကောကုတောဘယံ။ ။

ဟူ၍ တည်းဟောတော်မူသည်။ ။အနက်ကား။ ၊ပိယတော၊ချစ်ခြင်းကြောင့်။ သောကော။ ရိုးရိမ်ခြင်းသည်။ဇာယတေ။ဖြစ်၏။ပိယတော၊ချစ်ခြင်းကြောင့်။ဘယံ၊ဘေးသည်၊ ဇာယတေ၊ဖြစ်၏၊ ပိယတော၊ချစ်ခြင်းမှ။ ဝိပ္ပမုတ္တဿ၊ကင်းလွတ်သောသူအား၊သောကော၊ရိုးရိမ်ခြင်းသည်၊နတ္ထိ၊

မရှိဘာသာ၊ ဘေးသည်၊ရဲဘောအဖွဲ့.အဘယ်မှာရှိအံ့နည်း။ ။ထယောက်နှင့်ထယောက်ကို၊ချစ်ခင် ရုံမက်ကြခြင်းသည်၊ ကာမဂုဏ်ကြောင့်သာ ချစ်ခင်ရုံမက်ကြသည်၊ ။အဓိပ္ပါယ်မှာ၊ ။ချစ်ခြင်းဟူသော အကြောင်းကြောင့်၊ချစ်သောသူသည်၊တရင်တပါးသို့အရွ.၍သွားသော်လည်းကောင်း သေကြေပျက်စီး၍သွားသော်လည်းကောင်း။ ကြီးစွာသော ပူဆွေး ရိုးရိမ် ကြံဖန်များစွာငိုကြွေးခြင်းဟုဆိုအပ်သောပရိဒေဝဒုက္ခတို့ကိုတွေ.ကြရ၏၊ ချစ်ခြင်းကြောင့်ဘေးဖြစ်ခဲသည်မှာ၊ မိမိချစ်သောသူနှင့်အတူထက္ကမပေါင်းဘော်ရခြင်းတည်းဟူသော အကြောင်းကြောင့်၊စိန်စား၍သေခြင်း၊ထားနှင့်ထိုး၍သေခြင်း၊ကြိုးဆွဲချ၍သေခြင်း၊တဦးသော သူကိုနှစ်ဦးသုံးဦးသောသူ ဘို့ကချစ်ခင်၍နေကြရာ၊သူသာဆိုင်၊သူသာရတိုက်သည်၊ငါသာဆိုင်သည်၊ ငါသာရထိုက်သည်ဟု၊ ထယောက်နှင့်ထယောက်ဒုတ်နှင့်ရိုက်ခြင်း၊ထားနှင့်ခုတ်ခြင်းတည်း ဟူသောဘေးရန်တို့ကိုများစွာတွေ.ကြခသည်၊ထို.ကြောင့်၊ထယောက်နှင့်ထယောက်အား၊ကာမဂုဏ်တရားတို့ကြောင့်၊ လွန်စွာချစ်ခြင်းကိုမဖြစ်စေရာ၊ အရှင် အနုရုဒ္ဓါ စိရင်သော၊အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းနှိက်လည်း။ ။အဝိဇ္ဇာတဏှာဝသေနဒွေမူလာနိ၊ဟုဆိုကုန်၏၊ ။အနက်ကား။ ။အဝိဇ္ဇာတဏှာဝသေန၊အဝိဇ္ဇါတဏှာတို့၏အစွမ်းဖြင့်။ဒွေ၊နှစ်ပါးကုန်သော၊ မူလာနိ၊ မူလတို့ကို၊ ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။ ။အဓိပ္ပါယ်မှာ၊ ။ခန္ဓာအာယတနအစရှိသည့်တို့၏ဖြစ်ရခြင်းသည်၊အဝိဇ္ဇာနှင့်တဏှာကြောင့်သာ ဖြစ်ရသည်ဟုဆို၏။ ထိုတဏှာကိုပင်။ ကာမဂုဏ်ဟုခေါ်ရသည်။ထို.ကြောင့်နိဗ္ဗာန်ကိုရောက်လွယ် ရလွယ်ခြင်းကို အလိုရှိသောသူတို့သည်၊ ကာမဂုဏ်တရားကို၊ရှောင်ရှားပယ်ခွါကြရမည်၊

အာတုရံ အသုစိံ ပုတိံ၊ ပဿနန္ဒေ သမုဿယံ။
ဥဂ္ဃရန္တံ ပဂ္ဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။ ။
သုဘာ တောနံ မညတိ ဗာလော၊ အဝိဇ္ဇာယ ပုရက္ခတော။
ဇုဂုစ္ဆာ ဟာဘာဂဝါနန္ဒိ၊ ဗာလော သုဘာ သညိနံ။ ။
ဟူ၍ ထည့်၍ဟောတော်မူ၏၊

အနက်ကား။ ။နန္ဒေ၊နန္ဒမတော်နန္ဒာ၊အာတုရံ၊ကိုးဆယ်ခြောက်ပါးသောဝေဒနာဖြင့်ကျင်နာစွာထသော၊အသုစိံ၊မစင်ကြယ်သော။ပုတိံ၊ပုတ်စွါထသော၊

သံမှရသယံ၊အရိုးသုံးရာဖြင့်ဝိုက်ဘောင်အပ်ထသော၊ဥဿုရက္ခံ၊အထက်သို့
ဆန်တက်သသော။ပဂ္ဂရက္ခံ။အောက်သို့ရိုထွက်ထသော။ဗာလာနံ၊လူမိုက်တို့
သည်။အဘိပတ္ထိတံ၊အလွန်အလူးတောင်းထအပ်ထသော။ ကာယံ၊ကိုယ်
ကို၊ ပဿ၊ညာဏ်စက္ခုဖြင့်ကြည့်ရှုကြပါလော။ဇာတိ၊ဤသို့လည်းကောင်း။
အဝိဇ္ဇာယ၊အဝိဇ္ဇာသည်။ပုရတော၊ရှေ့သွားပြုအပ်သော။ဗာလော၊လူမိုက်
သည်။နံကာယံ၊ထိုကိုယ်ကို။ သုဘတော၊သုဘဟူ၍။ဝါ၊တင့်တယ်သော
ကိုယ်ဟူ၍။မညတိ၊မှတ်ထင်၏။ ဇာတိ၊ဤသို့ရင်း။ ဘဂဝါ၊မြတ်စွာဘုရား
သည်။ အာဟ၊ဟောတော်မူ၏၊ သုဘသညာနံ၊သုဘမှတ်ထင်သောသူအ
ပေါင်းကို။ ဗာလာတိ၊လူမိုက်ဟူ၍။နိဒ္ဒိ၊ကဲ့ရဲ့တော်မူ၏၊ ။အဓိပ္ပါယ်
ကား။ ဤခန္ဓာကိုယ်ကြီးသည်ကိုးဆယ်ခြောက်ပါးသော အနာရောဂါတို့
ဖြင့်နှိပ်စက်အပ်သောကြောင့် ပုတ်သောကိုယ်ရှိ၏။ သုံးရာသောအရိုးတို့
ဖြင့်။ ဝိုက်ထောင်အပ်သော။ အထက်သို့ဆန်တက်သော။ အောက်သို့ရုံ
ဆင်းသော။ မစင်ကြွယ်သော။ အပုတ်အသိုးတို့ဖြင့်ထွက်အင်သော၊ဤ
ခန္ဓာကိုယ်ကြီးကို။ မိုက်သောပုထုဇန်တို့သည်။ အလွန်နှစ်သက်ခြင်းကို
ဖြစ်ကုန်၏။ထိုခန္ဓာကိုယ်ကြီးကိုပညာစက္ခုဖြင့်ရှုကြည့်ကြရမည်။ အဝိဇ္ဇာ
ရှေ့သွားပြုအပ်သောသူမိုက်သည်။ ထိုသို့ညှိနံ့ပုတ်သိုးသော ကိုယ်ခန္ဓာ
ကြီးကို။ တင့်တယ်ထေးမြော်နှစ်လတ်အပ်သောကိုယ်ဟူ၍ မှတ်ထင်ကြ
ကုန်၏။ ဤသို့မှတ်ထင်သောသူအပေါင်းကို။ လူမိုက်ဟူ၍။မြတ်စွာဘုရား
သခင်သည်ဟောတော်မူ၏။

သက္ကာသက္ကာနုဒဿေတုံ။သုဘံ သုဘံ သတံသတံ၊
ဓိရာဓိရာဂရုဇ္ဈန္တိ။ကာယောကာယေကြိယေကြိယေ။
ဟူ၍လည်းဟောတော်မူကုန်၏။

အနက်ကား။ ။သက္ကာ၊သိကြွားနတ်မင်းတို့သည်။ သတံသန္တာနံ၊သူ
တော်ကောင်းတို့အား။အသုဘံ၊အသုဘအစစ်ဖြစ်သောကိုယ်ကို။ သုဘံ
ဒဿေတုံ၊သုဘဟူ၍ပြခြင်းငှါ။အသတံ-အသန္တာနံ။ ရာဂမငြိမ်းသောသူ
ယုတ်တို့အား၊ အသုဘံဒဿေတုံ၊အသုဘဟုပြခြင်းငှါ၊ နသက္ကာ၊မတတ်
နိုင်ကုန်။ဓိရာ၊ပညာရှိသောသူတို့သည်။ကြိယေကြိယေ၊ပြုပြင်အပ်မပြုပြင်
အပ်သော။ ကာယေကာယေ၊ ကိုယ်ကိုယ်ဟူသမျှ၌။ မိရာဂံ၊ သူတော်
ကောင်းတို့စက်ဆုပ်အပ်သောရာဂကို။ ဥဇ္ဈန္တိ၊စွန့်ကုန်၏။ ။သို့ဂါထာ
၏အဓိပ္ပါယ်သော်ကား။ သိကြွားနတ်မင်းတို့ဘန်ဆင်းနိုင်သောထုန်းထံခိုး

နှင့်ပြည့်စုံလော်သည်း၊ ရာဂငြိမ်းပြီးသောဘုရားရဟန္တာတို့အား။ အသုဘဖြစ်သောအကောင်ပုပ်ကြီးကို။တင့်တယ်သါယာဘွယ်ဖြစ်သေါသုဘဟု၍ထင်စေခြင်းငှါ။ဘန်သင်း၍ပြုခြင်းငှါမစွမ်းနိုင်။ ရာဂမငြိမ်းသေးသောပုထုဇန်ပုဂ္ဂိုလ်တို့အား။ ဤခန္ဓာကိုယ်သည်။စက်ဆုပ်ရွန်ရှာဘွယ်ဖြစ်သောအသုဘထင်အောင်။ ဘန်ဆင်း၍ပြုခြင်းငှါမစွမ်းနိုင်။ ပညာရှိသောသူတို့သည်၊အလွန်ထရာလှပချောမောသည်ဟုပြောဆိုသရတ်အပ်သော။ နတ်သမီး၏ကိုယ်။မင်းသမီး၏ကိုယ်။ သူဌေးသမီး၏ကိုယ်ဝင်ဖြစ်သော်လည်း စက်ဆုပ်ရွန်ရှာဘွယ်အရဟု၍သာလျှင်။မှတ်ထင်စွန့်ပြစ်ကြကုန်၏။

သက္ကာသက္ကာပိတကာတု။သုဘာ သုဘာ နဓိမယံ။

သင်္ခတာသင်္ခတာဖိဂုန္တူညှ။နဝါနဝါသုဘေသကော။

သက္ကာပိ၊ သိကြားမင်းတို့သည်လည်း။ ဓိမယံ၊ စက်ဆုပ်ဘွယ်အတိဖြစ်သော။ အသုဘံ၊အသုဘအစစ်ဖြစ်သောကိုယ်ကို၊ သုဘ ကာတုံ။သုဘဖြစ်စေခြင်းငှါ။ နသက္ကာ၊မတတ်နိုင်ကုန်၊ ဖိဂုန္တူညှ၊ စက်ဆုပ်ဘွယ်ဟု သိလေ့ရှိသော။ သင်္ခတာ၊ ဘုရားစသော သူတော်ကောင်းတို့သည့်။သင်္ခတာသအင်္ခတာ၊ သံသရာအဆုံးရှိသည်။ ဟောတိ၊ဖြစ်၏၊သုဘေသကော၊ သုဘအာရုံကိုသာယာတတ်သော၊ ဝါနဝါ၊ ဝါနတဏှာထူပြောစွာသောသူသည်။ဝါ၊ရာဂကြီးသောသူသည်၊ သင်္ခတာသအင်္ခတာ၊ သံသရာအဆုံးရှိသည်။နဟောတိ၊မဖြစ်၊ ၊ထိုဂါထာ၏အဓိပ္ပါယ်ကား။ ထံခိုးနုန္ဒိဖြင့်ဘန်ဆင်းနိုင်သော၊သိကြားမင်းပင်ဖြစ်သော်လည်း။စက်ဆုပ်ရွံရှာဘွယ်ဖြစ်သောအကောင်ပုတ်ကြီးကို၊ဘင့်တယ်ယဉ်ကျေးသောသုဘအစစ်ဖြစ်စေခြင်းငှါ၊ဘန်ဆင်း၍မပြုနိုင်။ စက်ဆုပ်ရွန်ရှာဘွယ်သာဟု၍မှတ်ထင်လေ့ရှိသောဘုရားရဟန္တာတို့သည်။သံသရာအဆုံး ရှိကုန်၏။ ကောင်းသောအာရုံ ဟူ၍သာမှတ်ထင်အပ်သော တဏှာကြီးသောသူတို့သည်။သံသရာမဆုံးနိုင်ကုန်ဟူ၍။ဟောတော်မူသည်။

ဒုကာယံသုတိစိန္တေတွာ။မမယန္တာမဟာတပါ။

တပ်နိဗ္ဗယိတုံဏှူဆွံ၊ဒုကာ...ဒုဟိစိန္တယေ။ ။

ဟူ၍လည်းဟောတော်မူသည်၊

အနက်ဂ။ ။ဒုကာယံ၊မကောင်းသောကိုယ်ကို။သုသုဏှုတိ၊ကောင်းသောကိုယ်ဟူ၍။စိန္တေတွာ၊ကြံ၍။မမယန္တာ။ ခင်မင်စုံမက်ကုန်သောသူတို့သည်။မဟာတပါ၊ အပူကြီးတွေ့ရောက်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

တပ်၊အပူကို၊နိဗ္ဗယိကုံ၊ ငြိမ်းခြင်း၌၊။ဇုန္တ-ဇုန္တနော၊ အလိုရှိသောသူသည်၊ဒုက္ကာယံ၊မကောင်းသောကိုယ်ကို၊ဒုတိ၊မကောင်းသောကိုယ်ဟူ၍၊ဓိဋ္ဌသေ၊ကြံရာ၏၊ ၊ထိုဂါထာ၏အဓိပ္ပါယ်သော်ကား၊၊မကောင်းသောကိုယ်ကို၊ကောင်းသောကိုယ်ဟူ၍ကြံ၍ဆပြီးလျှင်ခင်မင်ရုံမက်သောသူတို့သည်၊ကြီးစွာသောအပူကိုတွေ့ကြရကုန်၏၊အပူကိုငြိမ်းခြင်း၌အလိုရှိသောသူတို့သည်၊ မကောင်းသောကိုယ်ကို၊ မကောင်းသောကိုယ်ဟူ၍၊ မှတ်ထင်နိုင်အောင်၊ဆင်ခြင်အားထုတ်ကြရမည်၊ ၊အင်းဝမင်းခေါင်လက်ထက်၊သာသနာပိုင်ဖြစ်သောရှင်အဋ္ဌသာရရေးစီကုံးသော စတုဓမ္မသာရတွင်လည်း၊ဃာရာဝါသ၊သမ္ဘာဖြင့်၊ဒုက္ခ,ဖွဲ့နှောင်၊လူတို့ဘောင်ဝယ်၊အိမ်ထောင်ညွတ်ကွင်း၊သံချိုင့်တွင်းမှ၊ရှင်းရှင်းလွတ်စင်၊ တောချောင်ဝင်၍၊ကောင်းကင်ပြင်နှယ်၊ နှိုင်းသွေဘွယ်လျှင်၊ တွယ်တွယ် တာတာ၊ မည်သည့်၌ါဟု၊ထပ်ရာစွဲလမ်း၊မရှိစွမ်းဘည့်၊ချမ်းချမ်းငြိမ်းငြိမ်း၊ရုပ်ခပ်သိမ်းသို့၊ညွတ်တိမ်းတစ်၊အာသာရှိမှု၊စွမ်းငြိချိဝ်ငင်၊မပိတ်ပင်သည်၊ ချစ်ခင်သုရား ထိုနှစ်ပါးကို၊မြင်ညာသှည့်သွန်၊ကျနှုဝ်ကျွန်ကား၊ဤဟံနည်းတူ၊ ကျင့်အံ့ဟူ၍၊ ကောင်းယူကြံထွေ၊ ဝမ်းထဲသွေလျှာ၊ သံဝေရဆုံး၊ မရှုင်ပျုံးသည်၊ ၊နှလုံးမြေ့မြေ့တုန်၏တည်း၊ ၊ထိုလင်္ကာ၏အဓိပ္ပါယ်မှာ၊ လူ၏ဘောင်၌၊အိမ်ထောင်သားမွေး၍နေသောသူတို့သည်၊ ထောင့်တန်းသို့ချထားသောသူနှင့်တူသည်၊ရဟန်းပြုလုပ်ခြင်းသည်၊အာကာသကောင်းကင်ကဲ့သို့ငြိတွယ်ခြင်းမရှိ ပကတိချမ်းသာသည်ဟု၊ ဘုရားလောင်းဟတ္ထိပါလမင်းသား ဆိုသောစကားကို စပ်ဆိုသော အချက်တည်း၊ ၊ကာမဂုဏ်ဆိုး၊တန့်လျှပ်မျိုးကို၊မြတ်နိုးတဏှာ၊သုမိက်သာလျှင်၊အခါထေးမြင့်၊ငယ်မှုကျင့်လျက်၊ ကြီးရင့်သှအောင်၊မကြည်ရှောင်ဘဲ၊ မယ်နှစွဲသို့၊ အမြဲသိမ်းထုပ်၊၊လောဘရှုပ်တည့်၊ကျနှုဝ်သော်ကား၊ သိတရားဖြင့်၊ စွန့်ယားအိမ်ရာ၊ချစ်မှုခွါ၍၊တောသာမြေခမ်း၊ မင်္ဂလိထမ်းဝယ်၊ ၊ရဟန်းဖြစ်ဝိမ့်ပြုလျှင်းသိမ့်၊ ၊ဟူ၍စပ်ဆိုပြန်သည်၊ ၊ရင်းလင်္ကာ၏အဓိပ္ပါယ်မှာကာမဂုဏ်သည်အနှစ်သာရမရှိနေပူတွင်ဖြစ်သော တံလျှပ်နှစ်တူသည်၊မိုက်သောသူတို့သည်၊ အနှစ်သာရမရှိသောကာမဂုဏ်ကရေးကို၊သံမှိုနှင့်နှက်၍ထားသကဲ့သို့၊ မြဲမြဲစွဲစွဲအိုမင်းကြီးရင့်သည် တိုင်အောင်၊မစွန့်မခွါနိုင်ကြကုန်၊ကျွန်ုပ်မူကား ထိုတရားများကိုထင်ရှားစွာ သိသောကြောင့်၊အိမ်ရာထောင်သော လူ၏ဘောင်မှ ခွါရှောင်ပယ်ထွက်ပြီးလျှင်၊ တော

ထောင်သို့ချဉ်းကပ်လျက်၊ ရဟန်း၏ အသွင်ကိုယူ၍၊ မဂ်ဖိုလ်နိဗ္ဗာန်ထမ်းများကိုရှာကြံ၍နေတော့မည်ဟုဟတ္ထိပါလမင်းသားကို၊ ခမည်းတော်မယ်တော်တို့က၊ ထောမထွက်စေခြင်းငှာ၊ ကာမဂုဏ်နှင့်ဖြားယောင်းကြသောအခမ်းတွင်၊ စပ်ဆိုသောထက်ာတည်း။

ထို၄ထည်းဂကောင်း။ဓတ်သားကြောင်းက်၊ ထောင်း၍ထခါ၊ ဆိုစပါအံ့၊ သိက္ခာအသက်၊ ဈာန်မဂ်နတ်ပြည်၊ ဤငါးမည့်ကို၊ တားဆည်းကန့်လန့်ထား၍ဟန့်သသ၊ အ၄န့်များစွာ၊ ကိလေသာကို၊ မညှာလေနိုး၊ ခုခံချိုးလျက်၊ ညှိုးညှိုးငယ်ငယ်၊ သနားဘွယ်ဖြင့်၊ ခြိုင်လယ်တောအုပ်၊ ကိုယ်ကိုချုပ်မှ၊ နာခံရုပ်နှစ်ဝါး၊ သိမ်းပကား၍၊ ၄တ်သားဘန်ဘန်၊ ခေါက်ခေါက်ပြန်လျက်၊ ယုဂန္ဓ၊ ထရားအရုံ၊ ကိုယ်လုံးထုံသည်၊ အာရုံပြန့်ပြော၊ ငှက်ဖောတို့၊ ရုပ်တောလေးဆယ်၊ နာမ်တောဝယ်ကား ခြောက်ဆယ်အစွန်း၊ တရာညွန်း၄ဖြစ်ထွန်းသချာ၊ တောနှစ်ရာတွင်၊ တုန့်ခါးခါက်ပြန်၊ အဘန်ဘန်ဖြင့်၊ နိဗ္ဗာန်သွားထ၊ တောလမ်းကျအောင်၊ လု့လကြိုးကုတ်၊ ယှည့်အားထုတ်ထော၊ တသုတ်နည်းမှိ၊ ထဘန်ချိသော်၊ ပထဝီကမ္မဋ္ဌာန်းသို့၊ ပြုရမကြွယ်၊ ပြီးစလွယ်သား၊ ထက်ဝယ်ဖွဲ့ခွေ၊ မတ်မတ်နေလျက်၊ ထင်ဧသေတိ၊ ထေးကိထုံးတီး၊ လမ်းရှင်မြီး၍၊ နှာသီးချက်ရင်၊ သုံးပါးတွင်၌၊ ဂိုဏ်ငင်၄ုထုတ်၊ ဆုတ်ဝါယောခတ်၊ အထပ်ညဉ့်ပြင်း၊ တိုခြင်း၄ည်ဖြိုန်၊ ပန်းပွင့်ဟန်ကို၊ ညာဏ်သတိသိမ်း၊ တည်ကြည်ငြိမ်းအောင်၊ ၄တ်ထိမ်းပြီးခါ၊ အသသာဝဿာ၊ ဤသခ်ါကား၊ ခန္ဓာရုပ၊ အာယတနခါတ်၊ စ၍မှတ်သား၊ ပရမတ်ရိုးရိုး၊ ကံအကျိုးတည့်၊ ပိဿနိုးယင်း၊ ဖြဟ္မာမင်းတို့၊ ဘန်ဆင်းမထတ်၊ နိသတ်နိဇီ၊ ဤသည်ယောက်ကျား၊ ဤကားမိန်းမ၊ မဆိုရတည့်၊ အနိစ္စဟုတ်၊ ဒုက္ခအနတ်၊ ဆတ်ဆတ်၄န်မော၊ သဘောတရား၊ ဖြစ်သည့်များကို၊ ပိုင်းခြားထင်ထင်၊ ရှုဆင်ခြင်က၊ ကိုယ်ဝင်မရှိ၊ ကိုယ့်မိကိုယ့်ဘ၊ ကိုယ့်ညာတနှင့်၊ ကိုယ်၄မဖြား၊ ကိုယ့်သားကိုယ့်သမီး၊ ကိုယ့်ဇနီးဟု၊ ထင်တီးထင်ယောင်၊ မောဟာခေါင်ကို၊ ညာဏ်ရောင်ပယ်ထွန်း၊ ထနှယ်ထွန်း၍၊ သက်ကျန်းသုံးခွင်၊ တုမမြင်သား၊ မင်္ဂလည်ပြီး၊ အဲ့ဘောင်ကြီးကို၊ ။တက်စီးကွတ်နိုင်ရ၏ထည်း။ ။ဟူ၍ကပိသာရဆရာစပ်ဆိုထော်မူသည်။ ။ငင်းထက်ာ၏အမ်ပွါယ်၄ာထည်း။ ကာမဂုဏ်ကိုကြံပ်ကြံလိုက်စားသောသူတို့သည်။ သိက္ခာပျက်ခြင်း။ အသက်တိုခြင်း။ ရသေ့ရဟန်းတို့သည်၊ ဈာန်သမာပတ်မှ လျှော၍ကျရခြင်း။ မဂ်၏မျိုးစေ့ ဖျက်ပျက်စီးရခြင်း။ နတ်ပြည့်

သို့ရောက်မည့်သူကိုတားမြစ်ခြင်းဟုဆိုအပ်သော၊ငါးပါးသောအကျိုးတို့ကိုပျက်စီးဆုံးပါးခြင်းသို့ရောက်စေနိုင်သည်။ ကာမဂုဏ်ကိုနည်းပါးအောင် အားထုတ်ကျင့်ကြံသော သူတို့သည်။ ဘိက္ခုသိသ မကျိုးမပေါက်ခြင်း။ အသက်ရှည်ခြင်း။ ရအပ်သော ဈာန်သမာပတ်တို့မှ၊ မလျှောမကျ၊ကောင်းမွန် တည်တန့် ခိုင်ခံ့စွာ ဖြစ်ခြင်း။ နတ်ပြည်ဗြဟ္မာပြည်သို့ရောက်နိုင်ခြင်း၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန်သို့တိုင်အောင်။ ပေါက်ရောက်နိုင်ခြင်းဟုဆိုအပ်သောအကျိုးများကိုခံစားရ၏ဟုအဓိပ္ပါယ်ဆိုလိုသည်။

လောကလူများ။ အမျိုးသားတို့။ မှတ်သားစေလို၊ လင်္ကာဆိုဝိဇ္ဇ၊ ပုဂ္ဂိုလ်သတ္တဝါ။ဝေနေယျာတို့။ မှတ်ပါအမြဲ၊စွဲစွဲသမ်းလမ်း။ ဝမ်းရင်နှစ်လုံး၊သိမ်းကျုံးသွင်းကြ၊လောဘထကျွာ။အဝိဇ္ဇာကြောင့်၊ အာရုံခြောက်ဝါ။ကျက်စားမြူးထူး။အပျော်ကြူး၍။အထူးအခြား။ငါးပါးအာရုံ၊ ကာမဂုဏ်ကို၊ရုံရုံမက်မက်၊နှစ်သက်လိုလား။လိုက်မိမှား၍။ အများသတ္တဝါ ကိုယ်ခန္ဓာမှာ၊ ဘလာပျက်ဆုံး၊ကုန်းကွတွန့်တို့၊ ဖရိုဖရဲ၊စွဲကပ်ရောဂါ၊ ခေါ်ရာသရတ်။ဘာဝရုပ်မှာ။ပုပ်ပြတ်ပေါက်ကွဲ၊အမြဲတစိ။အမိမွေးစ။ရှေးကခန္ဓာ။ မူရာကွဲပြား။ အသားအရေ၊ ခြောက်ပေညစ်ရပ်။ ခြောက်ရပ်လက်ကွေး၊ကြောသေးကြောမ။တွန့်တွလိမ်ကောက်။ကွဲပေါက်အလုံး။ ရုံးထွက်ကျ။မလှရုပ်ဝါ။မျက်နှာရိမ်းယိုင်။နှာတိုင်နှာရိုး။ကွဲကျိုးပေါ်ပြတ်မလပ်အမြဲ။ကိုက်ခဲကျင်နာ။နားပါမျက်စိ။မတည့်တိမ်းစောင်း။မြင်မကောင်းအောင်။ထောင်းထောင်းခိုထွက်။ဆက်ဆက်အနာ။ပေါက်သည့်တါကြောင့်ပျောက်ရာပျော်ကြောင်း။ နည်းကောင်းမဆိုင်း။ဟင်းရိုင်းလက်ချား။ဖြဒါးစိန်ကန့်၊မသန့်ရောမွှေ ကြိုပ်ချေထောင်းထု။ပေါင်းရလုံးထွေး၊ ပေးသောအခါ။မလွဲသာမှု။စားသုံးပြုက။ နုကြွရရုံး။ ကိုယ်လုံးပုတ်ညှော်။ မသတိအောင်။ယင်ကောင်မဲရိုင်း။ ပိုက်သိုင်းစွဲသုံး။တရုံးရုံးနှင့်။ နှစ်လုံးမျို့အံ့။ ကိုးတန်ဒွါရ၊ဗလဝအနာ။များစွာထွက်ပေါ်။တအော်အော်နှင့်။မတော်မတရား။လိုက်မိခြား၍။ငါးပါးခန္ဓာ။ပျက်စီးရာသည်။ ။မှတ်ပါနောက်လူအပေါင်းတည်း။ ။ဟူ၍ဆရာတော်ကလင်္ကာတပုဒ်ရေး၍ ထည့်လိုက်သည်၊၎င်းလင်္ကာမှာ။ အဓိပ္ပါယ်ဆိုဘွယ်မရှိသိသာပြီး ဖြစ်သောကြောင့်၊ အဓိပ္ပါယ်ကိုမရေးလိုက်သည်။

ဝိသဘောသဇ္ဇရုက္ခဗ္ဘော၊ အပဟိဒုံသေယျသောသတော၊
ယထာတသောဝပဏ္ဏာဒိ၊ ခါဒေတွာဝိသရုဇ္ဇဟော၊ ။
စေဝံရာဂေါသမုပ္ပန္နော၊ ကာယေဂန္ဓာဒိဝါသိတော၊
အင်္ဂေါတသောဝဓေဂုစ္ဆ၊ ဝိဂ္ဂေတွာရာဂမုဇ္ဇဟော၊ ။
ဟူ၍ယည်း၊ သုတ္တံစသောကျမ်းတို့နှိက်ဟောတော်မူသည်၊
အနက်ကား၊ ၊ ဝိသဘောသဇ္ဇရုက္ခဗ္ဘော၊ အဆိပ်ပျောက်ဆေးပင်နှိက် တည်၍နေသော၊ အပဟိ၊ မြွေသည်၊ ဒုံသေယျ၊ ကိုက်ငြားအံ့၊ သတော၊ သတိ ရှိသော၊ သောပုရိသော၊ ထိုယောက်ျားသည်၊ တသောဝ၊ ထိုဆေးပင်၏ သာလျှင်၊ ပဏ္ဏာဒိ၊ အရွက်အသီးအစရှိသည်ကို၊ ခါဒေတွာ၊ စား၍၊ ဝိသံ၊ မြွေဆိပ်ကို၊ ဥဇ္ဇဟော၊ ယထာ၊ စွန့်ရာသကဲ့သို့၊ ဧဝံတထာ၊ ထိုအတူ၊ ဂန္ဓာဒိဝါ သိတော၊ အကျော်စမ္ပာ၊ နံ့သာကရမက်၊ ကတိုးရေမွှေးထေးတာရာဆီ၊ စမွှယ် ဆီနှင့်နှင်းရည်အဝါ၊ အပြာပြာတို့ကို၊ လိမ်းကျံထုံမွမ်းအပ်ကုန်သော၊ ကာ ယေ၊ ကိုယ်၌၊ ရာဂေါ၊ ရာဂသည်၊ စေသမုပ္ပန္နော၊ အကယ်၍ဖြစ်ထားငြားအံ့၊ တသောဝ၊ ထိုကိုယ်၏သာလျှင်၊ အင်္ဂေါ၊ အတွင်း၌၊ ဓေဂုစ္ဆံ၊ စက်ဆုပ် ရွံရှာဘွယ်ဖြစ်သောကောဋ္ဌာသကို၊ ဝိဂ္ဂေတွာ၊ ကြံအောင်းမေ့၍၊ ရာဂံ၊ ရာဂတဏှာကို၊ ဥဇ္ဇဟေ၊ စွန့်ရာ၏၊ ၊ ထိုဂါထာ၏အဓိပ္ပါယ်သော်ကား အဆိပ်ပျောက်ဆေးပင်၌နေ၍ကိုက်လိုက်သော၊ မြွေ၏အဆိပ်ကိုပျောက်စေလို လျှင်၊ ထိုဆိပ်ပြေဆေးပင်၏၊ အရွက်အသီးအခေါ်အမြစ်အစရှိသည့်တို့ကို ထောင်းထုကြိတ်ချေ၍စားလိုက်လျှင်၊ မြွေဆိပ်သည်၊ လျှောကျပြေပျောက် ၍သွားသကဲ့သို့၊ ထို့အတူ၊ သနပ်ခါးပန်းနံ့သာ၊ အကျော်စမ္ပာနံ့သာကရ မက်ကတိုးရေမွှေးထေးတာရာဆီစမွှါယ်ဆီနှင်းဆီ၊ တို့ဖတ်မျက်နှာချယ်တို့ ဖြင့်ဝတ်ဆင်ပြုပြင်လိမ်းကျံချယ်လှယ်၍ထားသော မိန်းမ၏ကိုယ်ကိုမြင် ခြင်းကြောင့်၊ ကိလေသါဘဏ္ဍာရာဂဟုဆိုအပ်သော၊ ကာမဂုဏ်တရား ဖြစ်ပွါးခဲ့လျှင်၊ ထိုမိန်းမ၏ကိုယ်တွင်းသဏ္ဍာန်၌ရှိသော၊ မခံမရပ်နိုင်အောင် ညှီနံ့ပုတ်သိုးသောအညစ်အကျေးတို့သည်၊ ကိုးပါးသောဒွါရတို့မှ၊ စီးကျ ရိုဆင်းသည့်တို့ကိုဆင်ခြင်အောင်းမေ့ပြီးလျှင်၊ ထိုမိန်းမ၌၊ တတ်မက်နှစ် သက်တတ်သော၊ ကာမဂုဏ်တရားတို့ကို၊ ပြီးစီးပြေငြိမ်းအောင်၊ ပယ်ပျောက် ရမည်ဟုဆိုလိုသည်၊

မိစ္ဆာပဿတိတိဒိဋ္ဌိ၊ ၊ ယံမွေဓာတံ၊ အကြင်သဘောတရားသည်၊ မိစ္ဆာ၊ မှားသောအားဖြင့်၊ ပဿတိ၊ ရှုတတ်၏၊ ဆုတိထသွာ၊ ထို့ကြောင့်၊ တံ

ဓမ္မဇာဝတံ၊ထိုသဿေဝတရားသည်၊ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိမည်၏။ ။အဆ မိပ္ပါယ်မှာ။ ။အဓှားဒႏၵေ။ မဟုတ်မဖှန်သည်တို့ကိုသာမြင်တတ်သိ တတ်သောကြောင့်။မိစ္ဆာဒိဋ္ဌိမည်၏၊ထိုသို့မဟုတ်မမှန်သည့်တို့ကို။သိမြင် သည့်အတိုင်း ပြုလုပ်သောကြောင့် ကြီးကြယ်သေးအပြစ်ဖြစ်၍၊ ကြီး ကြွယ်သောအပြစ်ကိုခံရကုန်သည်ဟု၊ဟောတော်မူသည်၏အဆုံး၌။ပဉ္စ ဝဂ္ဂီရဟန်းငါးပါးတို့သည်။ ရဟန္တာဖြစ်ကြကုန်၏ဟူ၍ ဟောတော်မူ ကုန်သည်။ထို့ကြောင့်ဓမ္မစကြာတ ဂုဏ်တော်၏အဓိပ္ပါယ်မှာ၊ ကာမဂုဏ် နှင့်မိစ္ဆာဒိဋ္ဌိကိုဝယ်ရမည်ဟုဆိုလိုသည်၊ ။ဤတွင်ရှေ့ကားဆုံးဖြတ် ချက်တချပြီး၏။

ထပည့်ကြီးမောင်ထိန္နင့်တကွ။ များစွာသော
တပည့်အပေါင်းတို့ပါ။ ပညာဗဟုသုတကို၊ လေ့ကျက်လိုထား၊
မှတ်သားဆောင်ရွက်လိုသောသူတို့၏အကျိုးငှာ၊ မင်းခမ်းစိုးခမ်း
မင်းကျင့်တရားတို့ကို၊ရေးလိုက်ဦးအံ့၊

ရာဇဓမ္မဆယ်ပါးဟူသော်ကား။
ဒါနံသီလံပရိစာဂံ အဇ္ဇဝံမဒ္ဒဝံတပံ။
အကောဓံအဝိဟိံသဉ္စ၊ခန္တိဉ္စအဝိရောဓနံ။ ။
ဣမေတေကုသလေဓမ္မေ၊ဌိတေပဿတိအတ္တနိ၊
တတောမေဇာယတိပီတိ သောမနဿဉ္စာနပ္ပကံ။ ။

ဟူ၍ သုတ္တံနိပါတ်ဇာတ်စသောကျမ်းတို့၌လာသောတော်မူကုန်သည်။

အနက်ကား၊ ။ဒါနဉ္စ၊အလှူပေးခြင်းထည်းကောင်း။ သီ လဉ္စ၊ သီလဆောက်တည်ခြင်းထည်းကောင်း။ ပရိစာဂဉ္စ၊ စွန့်ကြဲခြင်း ထည်းကောင်း။အဇ္ဇဝဉ္စ၊ဖြောင့်ဖြောင့်ကျင့်ခြင်းထည်းကောင်း။ မဒ္ဒဝဉ္စ၊ နူး ညံ့ပြေပြစ်ခြင်းလည်းကောင်း၊ တပဉ္စ၊ ဥပုသ်သတင်းသုံးခြင်းထည်း ကောင်း။အကောဓဉ္စ၊အမျက်မထွက်ခြင်းထည်းကောင်း၊ အဝိဟိံသဉ္စ၊သူ တပါးအား မညှင်းဆဲခြင်းလည်းကောင်း။ ခန္တိဉ္စ၊ သည်းခံခြင်းထည်း ကောင်း၊ အဝိရောဓနဉ္စ၊မဆန့်ကြင်ခြင်းလည်းကောင်း။မေ၊ငါ့အား၊ ဣမေ ဤထောန့်ကို၊ဧတေ၊ထိုသို့သဘောရှိကုန်သော။ ကုသလေ၊ ကောင်းကုန် သော။ဓမ္မေ၊တရားတို့ကို၊အတ္တနိ၊ငါ၌၊ ဌိတေ၊တည်ကုန်သည်တို့ကို၊ ပဿ တိ၊မြင်၏။တတော၊ထိုသို့မြင်သောကြောင့်၊ မေ၊ငါ့အား။အနပ္ပကံ၊အတိုင်း မသိသော။ပီတိံစ၊နှစ်သက်ခြင်းလည်းကောင်း၊ သောမနဿဉ္စ၊ဝမ်းမြောက်

ခြင်းထည့်းကောင်း၊ဇာယတိ၊ဖြစ်၏၊ ။ဤဂါထာဖြင့်ပြအပ်သော၊ ဆယ်ပါးသောဝမ္မသည် မင်းကျင့်ဘရားမည်ကုန်၏၊

ခန္တိပရမံတပေါတိတိက္ခာနိဗ္ဗာနံပရမံဝဒန္တိ။

ဗုဒ္ဓါပဗ္ဗဇိတောပရူပဃာတီသမဏောနဟောတိ။

ပရံဝိဟေဌယန္တော၊ ။ဟူ၍ဟောတော်မူ၏၊

တိတိက္ခာ၊တိဘိက္ခာဟုဆိုအပ်သော၊ခန္တီ၊သည်းခံခြင်းသည်ကား။ ပရမံ၊မြတ်သော။တပေါ၊အကျင့်တည်း၊ဗုဒ္ဓါ၊ဘုရားပစ္စေကဗုဒ္ဓါသာဝက ဟုဆိုအပ်သောသုံးပါးသောဗုဒ္ဓတို့သည်၊နိဗ္ဗာနံ၊နိဗ္ဗာန်ကို၊ ပရမံ၊မြတ်၏ဟူ၍၊ဝဒန္တိ၊ ဟောတော်မူကြကုန်၏၊ ပရူပဃာတီ၊ သူတပါးတို့အားသတ်ဖြတ်တတ်သောသူတို့ကို၊ပဗ္ဗဇိတော၊ ကိလေသာကိုနှင်ထုတ်တတ်သောသူသည်။ နဟောတိ၊မဖြစ်၊ ပရံ၊သူတပါးကို၊ ဝိဟေဌယန္တော၊ ညှဉ်းဆဲသောသူသည်၊သမဏော၊ကိလေသာငြိမ်းစေတတ်သောသူမည်သည်၊ နဟောတိ၊မဖြစ်၊ ။ပြည်ကြီးသေဋ္ဌနင်းမင်းတို့သည်လည်း၊သည်းညီးခံခြင်းကိုကား။အားတုတ်းတော်မမူ၊ အမျက်ဒေါသကိုလည်း၊ဆိမ်းထော်မမူ ချေလျှင်၊အရှားတော်ပုံသို့ဝင်မိသည်သာများချေသည်ဟုဆိုလိုသည်၊

နမိဋ္ဌာဝရထောဒေါသံ၊အနုံထူလာနိသဗ္ဗသော၊

ဗုဿာရောနပနဿေယဒဏ္ဍံ။သာမံအပဋိဝေက္ခိယ၊ ။

မဟာရာဇ၊မြတ်သောမင်းကြီး။ ပရတော၊သူတပါး၏၊ ဒေါသံ၊အပြစ်ကို၊နမိဋ္ဌာ၊ မရှုဦးမူ၍။ သဗ္ဗသော၊ အလုံးစုံသော။ အနုံထူလာနိ၊ငယ်သောအပြစ်ကြီးသောအပြစ်ကို၊ဗုဿာရော၊အစိုးရသောမင်းသည်၊သာမံ၊ကိုယ်တိုင်။ အပဋိဝေက္ခိယ၊မစစ်မဆေး၊မမေးမမြန်းမူ၍။ဒဏ္ဍံ၊ဒဏ်ထားခြင်းအမှုကို နပနေယျ၊မဖြစ်စေရာ။

ထိုဂါထာ၏အဓိပ္ပါယ်သော်ကား။ ပြည်ကြီးသေဋ္ဌနင်း မင်းတို့မည်သည်ကား။မိမိ၏အပြစ်ကိုရှေးဦးစွာကြည့်ရှုပြီးလျှင်။ သူတပါးတို့ဖြစ်ပွါးသောအပြစ်ကြီးအပြစ်ငယ်တို့ကို။ ဆိသာခြားနားထင်ရှားအောင်၊ စစ်ဆေးမေးမြန်းပြီးမှ၊စီရင်ဆုံးဖြတ်ခြင်းဒဏ်ထားခြင်းအမှုတို့ကိုပြုရမည်ဆိုလိုသည်။ ။

ယောစအဝိုဝေက္ခိတွာ၊ဒဏ္ဍံကုပ္ပတိခတ္တိယော။

သကဏ္ဍကံသောဂိနံဂလတိ။ဇစ္စန္ဓောစသမက္ခိကံ။

အနဝ္ဋ္ဌံကရောတိ။ ။ဟူ၍လည်းဟောတော်မူကုန်သည်။

အနက်ကား။ ။ဇယာခတ္တိယော အကြွင်မင်းသည်။ အပနိုဝေကန္တွာ၊ မမေးမမြန်းမစိစစ်မူ၍။ ဒဏ္ဍံ၊ဒဏ်ပေးခြင်းအမှုကို။ ကုပ္ပတိ၊ပြု၏။သော ခတ္တိယော။ သိုမင်းသည်။ဇစ္စန္ဓော၊မဒိုသန္ဓေအားဖြင့် ကာန်းသောသူသည်။ သမက္ခိကံ၊ယင်ကောင်မျှသော။သကဏ္ဋကံ၊ အဆူးရှိသော၊ဘောဇနံ၊အစာကို။ဂိလတိဣဝ။မျိုသကဲ့သို့။ အနတ္ထံ၊အကျိုးမဲ့ကို၊ ကရောတိ၊ပြုသည်မည်၏။ ။ထိုဂါထာ၏အဓိပ္ပါယ်သော်ကား။ ရေမြေသေဋ္ဌနင်း ဖြည့်ရှင်မင်းတို့သည်၊ မစစ်မဆေးမမေးမမြန်းမူ၍၊ ဒဏ်ပေးခြင်းအမှုကိုပြုသောမင်းသည်။ပဋိသန္ဓေအားဖြင့် ကာန်းသောသူသည်၊ယင်ကောင်မျှလောက်သောအဆူးရှိသော အစာအာဟာရတို့ကိုမျိုမိ၍၊အကျိုးရှိသောအမှုကိုပြုမိသည့်နှင့်တူ၏။ ။

အဒဏ္ဍိယဥ္စသဒဏ္ဍံ၊ဒဏ္ဍိယဥ္စအဒဏ္ဍိယံ၊
အန္ဓောဝဝိသမံမဂ္ဂံ၊နဇာနာတိသမာသမံ၊ ၊
ဟူ၍လည်းဟောတော်မူသည်။

ယောရာဇာ၊အကြွင်မင်းသည်။အဒဏ္ဍိယဥ္စ။ ဒဏ်မပေးထိုက်သောသူကိုလည်း၊ဒဏ္ဍံ၊ဒဏ်ပေးခြင်းအမှုကိုပြု၏။ ဒဏ္ဍိယဥ္စ၊ဒဏ်ပေးထိုက်သောသူကိုလည်း။အဒဏ္ဍိယံ၊ဒဏ်မပေးခြင်းအမှုကိုမပြုသောမင်းသည်၊အန္ဓော၊သူကာန်းသည်။ဝိသမံ၊ မညီညွတ်သော၊မဂ္ဂံ၊ခရီးကို။နဇာနာတိဣဝ၊မသိနိုင်သကဲ့သို့။ သမာသမံ၊ ညီညွတ်သည့်မညီညွတ်သည့်ကို။နဇာနာတိ၊မသိ။ ။သိုဂါထာ၏အဓိပ္ပါယ်သော်ကား၊ ၊အကြွင်မင်းသည် ဒဏ်မပေးထိုက်သောသူကိုလည်းဒဏ်ပေး၏။ဒဏ်ပေးထိုက်သောသူကိုလည်း ဒဏ်မပေး၊ ထိုသို့ပြုသောမင်းသည်။ ကာန်းသောသူ လမ်းရှောက်သည်နှင့်တူ၏၊ သူကာန်းသည်။ လမ်းရှောက်သောအခါ။ ကုန်းကျင်းကိုမသိမမြင်သောကြောင့်၊ ကျင်းသို့ကျပြီးလျှင်ပျက်စီးခြင်းသို့ ရောက်သကဲ့သို့တည်း။ ။

ယောစဇတောနိဋ္ဌာနာနိ၊အနုံထူလာနိသဗ္ဗသော။
သုဒိဋ္ဌအနုသာသေယျ၊သဝေကာရေတုမရဟာတိ၊ ။
ဟူ၍လည်းဟောတော်မူသည်။

အနက်ကား။ ။ယောရာဇာ၊အကြွင်မင်းသည်။ဘဗ္ဗသော၊အလုံးစုံသော၊အနုံထူလာနိ၊ အဖြစ်ငယ်အဖြစ်ကြီးကုန်သော။ ဇတောနိဋ္ဌာနာနိ၊ ထိုအကြောင်းတို့ကို။သုဒိဋ္ဌ၊ကောင်းစွာမြင်၍၊ အနုသာသေယျ၊ဆုံးမရာ၏၊

သော၊ထိုမင်းသည့်၊ ဝေ၊စင်စစ်၊ ကာရေတုံ၊မင်းပြုခြင်းငှာ။ အရဟာတိ၊ ထိုက်၏၊ ။ထိုဂါသာ၏အဓိပ္ပါယ်သော်ကား။ အကြင်မင်းသည်၊ အလုံးစုံအကြီးအငယ်ဖြစ်ကုန်သော၊ထိုအကြောင်းတို့ကို ကောင်းစွာမြင်၍သုံးမ၏။ထိုမင်းသည်မင်းပြုခြင်းငှါထိုက်၏။

နေကန္တရဒ္ဒနာသက္ကာ၊ကေန္တတိကွေနဝါ၊
အတ္တမဟာတ္တံထပေတုံ၊တသ္မာဥဘယမာစရေ၊ ၊
ဟူ၍လည်းဟောတော်မူသည်။

အနက်ကား၊ ။ကေန္တရဒ္ဒနာ၊ စင်စစ်အားဖြင့် နူးညံ့ သောသူသည်၊အတ္တံ၊မိမိကိုယ်ကို။မဟတ္တံ၊မြတ်သောအဖြစ်၌၊ ထပေတုံ၊ထားခြင်းငှါ၊ နသက္ကာ၊မတတ်ကောင်း။ ကေန္တတိကွေနဝါ၊ စင်စစ်ထက်သောသူသည်။အတ္တံ၊မိမိကိုယ်ကို။မဟတ္တံ၊မြတ်သောအဖြစ်၌၊ထပေတုံ၊ ထားခြင်းငှါ။နသက္ကာ၊မတတ်ကောင်း။တသ္မာ၊ထို့ကြောင့်၊ ဥဘယံ၊အနူးအကြမ်းနှစ်ပါးကို၊အာစရေ၊ကျင့်ရာ၏။ ။ထိုဂါသာ၏အဓိပ္ပါယ်သော်ကား။ နူးညံ့ ခြင်းသက်သက်ဖြစ်သောသူကိုလည်း မြတ်သောအဖြစ်၌ မထားအပ်၊ အကြမ်းသက်သက်ဖြစ်သောသူကိုလည်း မြတ်သောအဖြစ်၌မထားအပ်၊ အနူးအကြမ်းနှစ်ပါးရှိသောသူကိုသာမင်း၏အဖြစ်၌၊ ထားသင့်ထားထိုက်၏ဟုဆိုလိုသည်။

ပရိဘူတွော့ရဒုဟောတိ၊အတိတိကွောစဝေရဝါ။
ဧတဥ္စဥဘယံညတွာ။အနုမဇ္ဈံသမာစရေ။ ။
ဟူ၍ဟောတော်မူသည်။

အနက်ကား။ ။ရဒု၊နူးညံ့ သောမင်းကို။ပရိဘူတော၊ ပြည်သူတို့ နှိပ်စက်ဘတ်သည်၊ဟောတိ၊ဖြစ်၏။ အတိတိကွောစ။ အလွန်ထက်သောမင်းသည်သည်း။ဝေရဝါ၊ရန်များသည်။ဟောတိ၊ဖြစ်၏။ ဧတဥ္စဥဘယံ၊ထိုနှစ်ပါးရ ကိုလည်း။ညတွာ၊သိ၍။အနုမဇ္ဈံ၊မနူးညံ လွန်း မထက်လွန်းဖြစ်သော။အလယ်အလတ်ကို၊ သမာစရေ၊ကောင်းစွာကျင့်ရာ၏။ ။ထိုဂါထာ၏အဓိပ္ပါယ်သော်ကား။အလွန်တရာနူးညံ့ သောမင်းကို၊ ပြည်သူအပေါင်းတို့နှိပ်စက်တတ်သည်၊ အလွန်ထက်လွန်းသော မင်းသည်ထည်းရန်များခြင်းကိုဖြစ်စေတတ်သည့်။ထိုနှစ်ပါးရုံကိုသိသည်ဖြစ်၍။မနူးညံ လွန်း မထက်လွန်းဟုဆိုအပ်သော၊ အလယ်အလတ်ဖြစ်အောင်ကျင့်သောမင်းသည်သာလျှင်။ သင့်တင့်လျော်ပတ်သောမင်းဖြစ်သည်ဟုဆိုလိုသည့်။

ဗဟုံဝိရတ္တော္တာဘာသေယျ။ နကွော်ဗိဗဟုဘာသတိ။
ဟူ၍လည်းဟောတော်မူ၏။

အနက်ကား။ ရတ္တောဝိ၊ တတ်သည်ဖြစ်၍လည်း။ ဗဟု၊ များစွာသောစကားကို။ ဘာသေယျ၊ ဆိုရာ၏၊ နဋ္ဌောဝိ၊ အမျက်ထွက်သည်ဖြစ်၍လည်း။ ဗဟု၊ များစွာသောစကားကို၊ ဘာသတိ၊ ဆိုမိဘတ်၏၊ ။ ထိုဂါထာ၏အဓိပ္ပါယ်ကား။ နှစ်သက်တတ်မက်ခြင်းဟုဆိုအပ်သော။ လောဘစောကြောင့်လည်း။ များစွာသော စကားကိုဆိုတတ်သည်။ အမျက်ဒေါသထွက်သောကြောင့်လည်းများစွာသောစကားကိုဆိုတတ်သည်။ ထိုကြောင့် ပြောဆိုသောစကားများကိုစဉ်းစားဆင်ခြင်၍။ ပြောဆိုရမည်ဆိုလိုသည်။ ။

မာသုကုဇ္ဈိဘူပတိ၊ မာသုကုဇ္ဈိရထေသဘ၊
ကုဒ္ဓံ အပတိကုဇ္ဈန္တော၊ ရာဇာရဋ္ဌဿပူဇိတော၊ ။
ဟူ၍လည်းဟောတော်မူသည်။

အနက်ကား။ ။ဘူပတိ၊ မြေကြီးသေ၌နင်းမင်းဖြစ်တော်မူသော။ မဟာရာဇ၊ မြတ်သောမင်းကြီး၊ မာသုကုဇ္ဈိ၊ အမျက်ထွက်တော်မမူထင့်၊ ရထေသဘ၊ ရထားစီးခြင်းမင်းတကာတို့ထက်မင်းဖြစ်တော်မူသော။ မဟာရာဇ၊ မြတ်သောမင်းကြီး၊ မာသုကုဇ္ဈိ၊ အမျက်ထွက်တော်မမူထင့်၊ ကုဒ္ဓံ၊ အမျက်ထွက်သောသူကို။ အပဋိကုဇ္ဈန္တော၊ အမျက်တဘန် ပြန်၍မထွက်သော။ ရာဇာ၊ မင်းကို။ ရဋ္ဌဿ၊ တိုင်းနိုင်ငံသူလူအပေါင်းသည်၊ ပူဇိတော၊ ပူဇော်အပ်၏၊ ။ထိုဂါထာ၏အဓိပ္ပါယ်သော်ကား။ ။ဆရာစသည့်တို့က။ ရေမြေကိုအစိုးရတော်မူသောတကာတော်မင်းမြတ်၊ အမျက်ထွက်တော်မမူသင့်။ ရထားစီးခြင်းမင်းဖြစ်တော်မူသော တကာတော်မင်းမြတ် အမျက်ထွက်သောသူကို။ တဘန်ပြန်၍အမျက်မထွက်သောမင်းကို၊ တိုင်းနိုင်ငံသူ၊ လူအပေါင်းတို့သည်၊ ပူဇော်ကာတော့ခြင်းကိုပြုကြ၏၊

ဂါမေဝါယဒိဝါရညေ၊ နိန္နေဝါယဒိဝါထလေ။ ။
သဗ္ဗတ္ထမနုသာသာမိ၊ မာသုကုဇ္ဈိရထေသဘ။
ဟူ၍လည်းဟောတော်မူကုန်သည်။ ။

အနက်ကား။ ။ရထေသဘ၊ ရထားစီးခြင်းမင်းတကာတို့ထက်မင်းဖြစ်တော်မူသော။ မဟာရာဇ၊ မြတ်သောမင်းကြီး၊ ဂါမေဝါ၊ ရွာ၌လည်းကောင်း၊ ယဒိ၊ ထို့ပြင်တပါး။ အရညေ၊ တော၌လည်းကောင်း။ နိန္နေဝါ၊ ချိုင့်ဝှမ်း

ရာအရပ်၌လည်းကောင်း၊ ယမိ၊ ထိုမှထပါး၊ ထထေဝါ၊ ကြည်းကုန်းအရပ်၌လည်းကောင်း၊ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်တို့၌၊ အနုသာသာပိ၊ ဆုံးမခြင်း မာသုကုဇ္ဇိ၊ အမျက်ထွက်တော်မမူထင့်။ ။အဓိပ္ပါယ်သော်ကား၊ ဆရာစသော်သူသည် မင်းထကားတို့ထက် မင်းဖြစ်တော်မူသောတကာ ထော်မင်းမြတ်၊ ရွာ၌လည်းကောင်း၊ တော၌လည်းကောင်း၊ ချိုင့်ဝှမ်းရာအ အရပ်၌လည်းကောင်း ကြည်းကုန်းအရပ်၌လည်းကောင်း၊ အမျက်ထွက် တော်မမူထင့်ဟူသောစကားဖြင့်ဆုံးမတော်မူသည်။

သိထိထခနိတံကတ္ထာ၊ အာကာသယောယထာဘမော၊

တိကျွဥ္စရနုတံကတ္ထာ၊ သမာစရေယခတ္တိယော၊

ဟူ၍ရာဇမာယာစသောကျမ်းတို့၌လည်းဆိုချေသည်။

အနက်ကား။ ။ဘမော-ဘမကာရော၊ ပန်းပွတ်သမားသည်၊ သိထိလံ၊ လျော့သည်ကိုလည်းကောင်း၊ ဓနိတံ၊ ထင်းသည်ကိုလည်းကောင်း၊ ကတ္ထာ၊ ပြု၍၊ အာကာသယောယထာ၊ ငင်၍တိုက်သခဲ့သို့၊ တထာ၊ ထို့အတူ၊ ခတ္တိယော၊ ရေမြေသခင်ဖြစ်နိုင်း ပြည့်ရှင်မင်းတို့သည်၊ တိကျွဥ္စ၊ ထက်ထန်သောအရာ၌သက်သည်ကိုလည်းကောင်း မုဒုထဥ္စ၊ နူးညံ့တန်သောအရာ၌ နူးညံ့သည်ကို လည်းကောင်း၊ ကတ္ထာ၊ ပြု၍၊ သမာစရေယ၊ ကောင်းစွာကျင့်ရာ၏။ ။ထိုဂါထာ၏အဓိပ္ပါယ်သော်ကား၊ ။ပန်းပွတ်သမားသည်၊ လျော့လျော့ဆွဲသည်ဖြစ်၍ လည်းကောင်း၊ တင်းတင်းဆွဲသည်ဖြစ်၍လည်းကောင်း။ တိုက်အပ်သကဲ့သို့၊ ထို့အတူရေမြေသခင်နိုင်းပြည့်ရှင်မင်းတို့သည်၊ ထက်တန်သောအရာ၌လည်း ထက်ရမည်၊ နူးညံ့ထန်သောအရာ၌၊ နူးနူးညံ့ညံ့ပြုကျင့်ရမည်ဆိုလိုသည်။

ကေယာမံသယောရာဇာ၊ ဒွိယာမဥ္စပဏ္ဍိတော၊

ဘာရာဝါသောတိယာမော၊ စတုယာမောတုယာစကော၊ ။

ဟူ၍လည်းဆိုသည်။

အနက်ကား။ ။ရာဇာ၊ မင်းသည်၊ ကေရာဇ၊ တယံသား၊ သယော၊ အိပ်ရာ၏၊ ပဏ္ဍိတော၊ ပညာရှိသောသူသည်၊ ဒွိယာမဥ္စ၊ နှစ်ယံသာလျှင်၊ သယော၊ အိပ်ရာ၏၊ ဘာရာဝါသော၊ အိမ်ရာထောင်သူလူအပေါင်းတို့သည်၊ တိယာမော၊ သုံးယံသာလျှင်၊ သယော၊ အိပ်ရာ၏၊ ယာစကော၊ တုံးဖုံးတောင်းသောစကာတို့သည်ကား၊ စတုယာမော၊ လေးယံသာလျှင်၊ သယော၊ အိပ်ရာ၏။ ။ဤသို့လျှင်နီတိကျမ်းအစရှိသည်တို့၌များစွာဆိုသည်၊ အဓိပ္ပါယ်

သော်ကား၊ပြည့်ရှင်မင်းတို့သည်၊ညဉ့်လေးယံတို့တွင်။ တယံသာအိပ်၍၊ မိမိ၏အားရန့်နှင့်တကွ၊တိုင်းရေးပြည်ရေးအမှုတို့ကို၊ကျန်သောညဉ့်သုံးယံ၌၊ ဆင်ခြင်စဉ်းစားအားထုတ်ကြံစည်ရမည်။ ပညာရှိသောသူသည်။ ညဉ့်လေးယံတို့တွင်၊နှစ်ယံကိုသာအိပ်၍၊ကျန်သောနှစ်ယံ၌၊ ပညာဗဟုသုတများကို၊ ပွါးများဆင်ခြင်ရမည်။ ကာမဂုဏ်ခံစားသောသူတို့သည်။ ညဉ့်လေးယံတို့တွင်။ သုံးယံကိုသာအိပ်၍။တယံ၌ စီးပွါးရေးချမ်းသာရေးများကိုကြံစည်ရမည်။ဖုံးတောင်းယာစကာတို့သည်။ တောင်း၍စားလျှင်အမှုပြီးသည်ဖြစ်သောကြောင့်။ စိုးရိမ်ကြောင့်ကြစရာမရှိသည်ဖြစ်၍၊ ညဉ့်လေးယံတို့တွင်။ လေးယံစလုံးပင်အိပ်ရလေသည်။ ညဉ့်သည်၊သုရားဟောကျမ်းဂန်၌သုံးယံဆိုသည်။လောကီကျမ်း၌လေးယံဆိုသည်။

ဒါနသီလေအာဘိရတော၊မိတပုဗ္ဗဘာသတိ၊
ယထာဝုတ္တေဟိဂုဏေဟိ၊သမ္ပန္နောသောနရောသဘော။
သကာလမေဒနီဇိတွာ၊ပုညသိရိယာဘာဇကော။ ။
ဟူ၍လည်းဆိုသည်။ ။

အနက်ကား။ ။ဒါနသီလေ။အလှူပေးခြင်းသတင်းသုံးခြင်း၌၊ အာဘိရတော။ အလွန်မွေ့လျော်၏။ မိတပုဗ္ဗဥ၊ ပြုံးခြင်းရှေ့ရှိသောစကားကိုလည်း၊ ဘာသတိ၊ဆိုတတ်၏၊ ယထာဝုတ္တေဟိ၊ အကြင်ဆိုအပ်ကုန်ပြီးသော။ ဂုဏေဟိ၊ဂုဏ်ကျေးဇူးအပေါင်းတို့နှင့်။ သမ္ပန္နော၊ ပြည့်စုံသော။ သောနရောသဘော၊ထိုလူတို့သေ၌နင်းပြည့်ရှင်မင်းသည်။ သကာလမေဒနီ။ ဇမ္ဗူသောင်းခွင်မြေအပြင်ကို။ ဇိနိတွာ၊အောင်မြင်ပြီးစီး၍။ ပုညသိရိယာ။ ဘုန်းကြက်သရေ၏။ ဘာဇကော။တည်ရာသည်။ဟောတိ၊ဖြစ်၏။ ။ထိုဂါထာ၏အဓိပ္ပါယ်သော်ကား။ အလှူပေးခြင်းသီလဆောက်တည်ခြင်းတို့၌အလွန်မွေ့လျော်သည်ဖြစ်၍။ပြုံးခြင်းရှေ့ထားပြီးလျှင်စကားကိုဆိုလေ့ရှိ၏။ထိုသို့အင်္ဂါနှင့်ပြည့်စုံသောမင်းသည်။ဇမ္ဗူဒိပါတကျွန်းလုံးကို။အောင်မြင်ပြီးသည်ဖြစ်၍အလိုရှိတိုင်းပြည့်စုံနိုင်ရာသည်ဟုဆိုလိုသည်။

နဘာသမာနံဇာနန္တိ၊မိဿ၊ဗာလေဟိပဏ္ဍိတဘာသမာနဥ္စ။
ဇာနန္တိ၊ဒေသေန္တ၊အမတံပဒံ၊ဘာသယေဇာတယေဓဇံ။ ။
ဟူ၍လည်းဆိုသည်။ ။

ထိုဂါထာ၏အနက်ကား။ ။ဗာလေဟိ။မသိမမြင်သေးသောသူတို့နှင့်။ မိဿံ။ရောနှော၍နေသော။ပဏ္ဍိတံ။ပညာရှိသောသူကို၊နဘာသမာနံ။မပြ

ဓာတ်ဂုဏ။ ပုညဟူသည်၊ သုံးဆယ့်အရိုး။ ဝဇမျိုးတွင်။ မညိုးမတည်၊ မြူနှိခန့်လောက်၊ စွန်းပြောက်မရ၊ ဝိဂ္ဂဝယ်။ ဘဒ္ဒမင်္ဂလာ။ ပေါ်ဦးစွာက။ သင်္ချာအနေ၊ ထိန်းကုဒ္ဓေဟု။ ထွက်ရေစက္က၀ါ။ မြေတကာ၏။ အချာမိဋ္ဌတိ။ ဗောဓိရှေးပြင်။ ပလ္လင်ရောက်ရာ။ ရစ်ခမ်းဝါထက်။ ငါဖြာခက်မ။ ၄င်းပွင့်ပွင့်၍။ ဘုရားပရိက္ခရာ၊ လဆယ်ပါလျက်။ ဖြစ်မွာညိတ်ညိတ်။ ရွှင်သည့်စိတ်နှင့်။ နိမိတ်ဆိုရာ။ ငါးပွင့်ကြာတွင်။ ရှေ့ဝါလူလနှ်း။ တပွင့်ပန်းကို။ တင်ရွှန်းဖြိုးစေ၊ ဆင်သိုက်ဖပေသည်။ မြူတေသိရိ။ မြတ်ဗောဓိ။ ။သတိဖြောင့်ဖြောင့်။ စောင့်ဘွယ် စကား၊ စိစဉ်ကြားဝိမ့်၊ ထရေးဂျှ။ ခြင်သေ့ဆီကို။ သိဂိနား၌၊ သွင်းသို ပိုက်လေး။ တိုက်ရိုက် ဖြက်ဖြက်။ မြေဖြင်ထက်မှာ။ သားဌက် တကာ။ နင်းလေရှာသား။ ခြေရာ နိမ့်မြင့်။ အဆင့်ဆင့်သည်၊ ဆင်မင်းခြေရာ။ ဝင်လေပါသို့။ ပမာ မပြား။ တရားတကာ။ တိုးဝင်ရာသား။ သမ္မာသတ်၊ တွင်ဘိထင်ရှား။ သည်တရားကား။ မရှားအပ်ချေ၊ အိမ်နေရပ်စား။ အသွားဆိုမြွက်။ သည့်ခြောက်ချက်မှာ။ လက်နက်ကြီးသာ၊ မှတ်ထေရာ၏။ အင်္ဂါတပါး။ ထင်ရှားလောကီ။ စာမရှိသို့ မြတ်သီလသည်။ ညစ်တည်းမဟိုင် နှစ်အင်ပြိုင်သည်၊ တူရိုင်အထား။ နှစ်ပါးပြည့်ဝ။ ရေဇာသဏ္ဍိ။ တရိဘေဒ၊ ရာဇဟောတု။ သုံးခုဘာဝ။ ရာဇာသမယ။ ပြည့်ထသုံးစွဲ။ သူရဲကောင်းလည်း။ အပေါင်းသုံးပါး။ ထားလေသမလွှတ်။ အမတ်ကောင်းသည်း။ သုံးနည်းဆင်စွာ။ အင်္ဂါသုံးပါး။ ပတ္တမြားသို့။ ထရေးသုံးမည်။ တည်စေကျင့်ဝတ်။ မျောက်မင်းမြတ်ကို၊ ရေနတ်ဘီလူး။ အံ့ဆိုဘူးသည်၊ သုံးဦးဓမ္မ။ သာဂရ အနှစ်။ မပြစ်ပယ်ရာ။ သုံးဖြာစေ စပ်။ မမေ့အပ်သည်။ အရပ်တို့၌။ ပိုက်လောနှလုံး။ သုံးအင်္ဂါရှည့်။ ရုံသည့်သူအား။ တရား

သူကြီး။နည်းမှိုး၄တ်သား။အင်သုံးဝါးနှင့်၊ပုဏ္ဏားတို့ကို။ ပြောဆိုဆွေးနွေး။ မေးခြင်းသုံးဖြာ။လက္ခဏာနှင့်။ပညာရှိထုံး၊တိုင်ပင်သုံးမှ၊မဖုံးမဖက်၊ရှိ တိုင်းမြွက်၍။ အချက်ခုနှစ်ဖြာ၊ သိရရာလိမ့်။ ပညာအရေး၊ တည့်ထွန်း ဆောင်၍။ ။ပြောင်ပြောင်ဝင်းဝင်းတောက်စေသတည်း။

သေဒဒဏ္ဍ။သာမဒါန်၊အောင်သံသဲသဲ။ အောင်ပွဲဆင်ဘွယ်၊ ဥပါယ် ထေးဖြာ။စေ့ရုံရာ၏။အင်္ဂါထေးကွင်း၊စကြာမင်းသို့။ မရှင်းထင်ရှားထား၊ရုံ စေရာ၏၊မင်းသားစီးတိုက်၊သမိုက်လေကြောင်း။မြင်ကောင်းရထနာ။ မွေး မြူရာ၏။မကွာမကွေ။ထင်းရေသံမြက်၊ ထေးချက်ဆိုထ။နဂရဇာဟာ။ မံ ချို့ရာတည့်၊လိမ္မာကျင့်လျှင်း၊မြင်းဆင်ရထား၊ခြေသည်အားဟု၊ ထေးပါး စစ်အင်။ပုံကြောင်းရင်လော၊ထက်တွင်ထားသင့်။ ဖွတ်ခွင့်လျော်စွာ၊ မ လျော်စွာနှင့်။ရက္ခာရဋ္ဌ၊ အရဋ္ဌဟု။စသည့်ထေးပါး။ ထက်နက်များသည့်။ ပြန့်ပွါးမြားမြောင်၊ကြံရည်ဆောင်လော။ရန်အောင်ပယ်ဖွင့်။ မျောက်မင်း ကျင့်ဝတ်။ အမြတ်ထေးမည့်၊ တည်းစမချို့၊ မင်းတို့ကျင့်ရာ၊ ထေးဖြာ သဗ္ဗိုဟ်။မယုံစေရှောင်း။ သူထော်ကောင်းဟု။အပေါင်းတကာ။ကျင့်ရာ ဟူသည်။ထေးတည်သင်္ဂဟ၊မြို့ပြရွာပြည်။ပွါးစည်ပင်ရာ။အင်္ဂါထေးဘော်၊ အား။တော်ငါးဖြာ။တပုံရှာမှု။မဟာမေစား၊ကျသည်မြိုးပြိုး။ရွာသည့်မိုးရှာ၊ ဆိုရိုးဘက်ကြပ်။အင်ငါးရပ်သို့၊ကာဝမိလျှင်းစေ၊ ၄နဲ့ဝေနက်ရတ်၊ သရဒ္ဓ ရာ၊မြွတ်ထေးဖြာမှာ။ပဋ္ဌာဂုဏ။ဖြည့်ကုန်၄သို့။ရာဇဓမ္မာနီ။ငါးအင်ညီမှာ။ခိုမှီ နိုသသယ။နေရပ်ချလော။ထစသာရ။မြွက်ဟဘောင်ဘောင်။ မိန့်ခဲ့ဆောင် သည်။ရန်အောင်စေနိုင်။အင်ငါးဆိုင်ထည်း။မယိုင်စေလင့်။အင်ငါးဆင့်နှင့်၊ အကျင့်မ၄ား။ တရားသူကြီး။မင်းစီးတိုက်စွာ၊အင်ငါးဖြာနှင့်၊ လက္ခဏာ ရုံထင်။ဆင်ကိုသုံးစွဲ။စားတော်ကဲထည်း။စါးကွဲရပုံ၊ရုံစေ၄ယ်သား။မြွတ် ပုဏ္ဏားမှာ။ ငါးပါးမချော်၊ သမားတော်ထည်း။ လျော်စေငါးအင်။ဝဋ္ဋင် တူရိယာ။ မင်းမြှောက်ရာသည်၊ ရတနာသော့၊ ကကုဒမျိုး။ ဆောင်ရိုး ရုံစေ၊ ထူးထွေများစွာ၊ အရာသိသိ။ စွမ်းပြိုဒေါသ၊မဆိုရအောင်။သည့် ၄ာကားလျော်။သည်သော်နိမ့်ရာ။သည့်၄ာမြင့်လွန်း။ အခန်းခန်းကို၊ဖြောင့် ထန်းမပျက်။သပြေထက်တွင်။ အဘက်မခံ။မောင်သာလျှံ၍။ ကြွံကြွံခုံး အင်း။ သောင်းလုံးချဉ်းလျက်။ သတင်း၄န်ဝါ။ဘုန်းအာဏာသည့်။ ။မြို့ပြ ရာကင်းဝေးပျောက်စေသတည်း။

ထို၄ထဆင့်။နိဒါန်းဖွင့်ဝိမံ့။မှတ်ကျင့်စရာ။ထထုံးနာလော။မဟာစ

နာမ။သကျသေဋ္ဌိနှင်း။သာကီမင်းမှာ။ အတွင်းခြောက်မည်။ တည်သည့်
အလား။သုံးပါးဂါရဝ။သီလစောင့်ကြပ်။ဟိရောတ္တပ်ကို။မလင်သင့်ရှောင်း။
ခြောက်ကြောင်းဝမ္မ။ဆဏ္ဍဒ္ဓါရ။နေ့ညမစောင်း။ ကျန်ကောင်းတမျိုး။တိုက်
စိုးတပါး။တခါးစောင့်မြဲ။သံတော်ခံဘတ်။ ရေးဒွတ်ထံနိုး သူကြီးပြုသူ။
ခြောက်ယောက်သူမှာ။ခြောက်ဆူအင်္ဂါ။ ရပ်မှာသလျှင်၊ အရာတွင်ရွေ့။
စေသုံးလေ့လော။အရှေ့မိဘ။ တောင်ကဆရာ။နောက်မှာမယား။မြောက်
ကားမိတ်ဆွေ။အောက်မြေကျေးကျွန်။ ထက်စွန်ရဟန်း။ရပ်ခြောက်ခန်းခွဲ။
ကျင့်တန်းခြောက်ဆယ်။ညာဏ်ဖြင့်တွယ်လော။ တိုင်းကျယ်ဝဇ္ဇီ။ဝေသာ
လီမှာ။လိစ္ဆဝီမျိုး။လုထိပ်မိုးတို့၊ကျင့်ရိုးခုနှစ်သွယ်၊မှီးကြောင်းဆွယ်လော။
သူငယ်တော်အား။ခုနှစ်ပါးအင်။ မြို့တော်တွင်ထည်း၊ရစ္ဆင်သတ္တ။ရာဇပြ
ကထေ့။ ဗုံစေ့ခုနှစ်ဘို့။ သမ္ပိသုရွာ။ လက္ခဏာကို။ သိရေးသိကြောင်း။
ပေါင်းခုနှစ်ချက်၊တက်သေဘ်မလျော့၊ သူတော်တရား။ခုနှစ်ပါးဖြင့်။ထခါးပ
မာ။ဥစ္စာခုနှစ်ထိ၊ထောကီရတန။သတ္တရေတွက်။နှစ်သက်စိတ်ဖြူ။ပေးကမ်း
မှုလည်း။သပ္ပုရိသ။ဒါနခြောက်နိုင်။ အင်ရှစ်ဆိုင်တည့်။မင်းတိုင်ပင်ရန်။အ
တွင်းဝန်နှင့်။သမန်လိမ္မာ။သေနာပိုးမှူး။သည်လေးဦးကို၊ ကျေးဇူးရှစ်ဖြာ။
တည့်စေရာ၏။နှစ်ဖြာနေလ။ယမဝသုံ။ပစ္စုံမာစာ။ မြစ်မပင်လယ်။လေနတ်
နှယ်သို့။ရှစ်သွယ်ဆန်ပုံ။ရာဇဂုဏ်လည်း၊မသုံလည်ရာ။ကိုးဖြာထက်ကြွစ်
မဟာပ္ပလာ။မဟာသိပ္ပာရ။ဓမ္မလှူလျှ။ထခွန်ထုလော။စစ်သူကြီးမှာ။အင်္ဂါကိုး
ပါး။ပုဏ္ဏားတို့လည်း။ထိုနည်းအကျင့်။ကိုးဆင့်တည်စေ။ကိုးထွေနဝရတ်။
မပြတ်ထည်ကြောင်း။ လောင်းတုံတခြား။ဆယ်ပါးဝုဆ္ဆိ။ အရိယဓမ္မ။ရဋ္ဌ
သေဋ္ဌိနှင်း။မင်းမင်းတကာ။ ကျင့်ဆောင်ရာသည်။ ဆယ်ဖြာဓမ္မ။ စကြာ
သေဋ္ဌိနှင်း။မင်းလောင်းတကာ။ဒွါစကြာသည့်။ရောက်လာလွယ်ကြောင်း။
ကျင့်ရာရှောင်းသည်။ကျင့်ကောင်းဒသ။မြို့ပြရွာပြည့်။ ဖြန့်ပြောစည်သား။
ဆယ်မည်ကျင့်ထုံး။စစ်ရှုံးရသည်။အင်္ဂါဆယ်ဝ။သိချေမှတည့်။ဗုဒ္ဓပွင့်
ညောင်း၊အလောင်းတကာ။ကျင့်မြဲရာသ။ ပါရမီဒသ၊ရှိချေမှတည့်။အရိ
ယဝိဟာ။ဖြည့်ထိုက်ရာသည်။ကောဒသ။ ရာဇအကျင့်။ဆယ့်နှစ်ဆင့်နှင့်။
ချီးမွှင့်ထိုက်ငြား။ပုဏ္ဏားတို့မှာ။ လက္ခဏာဆဲ့နှစ်။စစ်ဖြစ်ရာသည်။သင်္ချာရ
ရုံး၊တဆဲ့သုံးနှင့်၊နှစ်လုံးနှစ်ချက်၊ပြုရထိုက်သည်။သရိက်ခွဲထား။ဆဲ့လေး
ပါးတည့်။မှတ်သားသင့်စွာ၊မောင်လိမ္မာသည်၊ ။ပညာကဝေခြောက်စေ
တည်း။

သည်မှတဆင့်၊ကျင့်ခန့်ဝထေ့၊ခြင်သေ့ပုံခိုင်း။ထဘါးလှိုင်းလော၊ဖျိုင်း ၏အမူ။ယုခန်တချက်၊ကြက်၏ခြင်းရာ၊လေးဖြာနိုင်းယှဉ်။ ကျီး၏ပွယ်ရာ၊ ကျင့်ငါးဖြာနှင့် ခွေးမှာခြောက်နည်း၊မြည်း၏ဝသီ၊ သုံးထိအရပ်၊ ပုံးသဉ် နှစ်ဆယ်။နန်းဝယ်ကျွေးမွေး။ကျေးနှင့်ဇရက်။ခင်ပုတ်ငှက်တို့၊ မြွက်ဆည့် ထရား။မင်းငပေါ်းတို့၊ တောဖျားရပ်ဌာန်၊ သုဝဏ်သာမ။ဖြ်သည့်စကား။ ဓမ္မဘားရောင်မောင်း၊ဓမ္မဥဒေါင်းလျှင်။ မင်းကောင်းတကာ၊ ကျင့်ရာဟော ကြား၊တောသားသမင်၊ပျော်ရွှင်လိုထား။နတ်ရှင်အားကို၊ ငါးပါးကြွန်ညီ၊ ကိန္နရီမယ်လျှ၊ဆုံးမကျင့်ရေး။ ဓမ္မကျေးတသင်း၊ခွေးမင်းတသီး။ ဓမ္မကျီး ရွှေဆင်။သမင်မျောက်မင်း၊ဟင်းသာရွှေချောင်။ဝက်ညီနောင်တို့။အားခါင် ဗိုးခြင်း၊ဈေးဈေးမင်းကို။ပြည်တွင်းသားယား။ဖြစ်စိမ့်ဌာလျှင်၊ နတ်လျှားပျော် ပျော်ဟောတော်မူချက်။စဉ့်ဆက်စကား။ကျွားနှင့်ရသေ့။ ကောက်ကွေ့ လိမ်လည်၊ညှင်းပန်းသည့်ကုံ၊ရိပ်ခြည်သိပြီး။ ဘက်တစီးလျှင်။စင်ကြီးဆင် ဘာ၊ဆင်သုံးဖြာနှင့်။မျှားစွာစိစဉ်၊ထုံးအလျှင်နှ။ကြည်သင့်ရာကြည်၊ယှဉ် ရာတော်သင့်။ ယှဉ်သဖြင့်လျှင် နှုရင့်သမ္ဘား၊ကံသာပြုပြင်။စီရင်လိမ့်မည်။ မရည်ထကောင်း။ ဘင့်သောင်းပညာ။သမ္မာပယောဂ။သိသသတိ။ သမာ ဓိတို့၊ရှိစရမည်၊မှတ်ရှည်မိမိ၊ဝဲးထဲချိသော၊မျက်စိတထောင်။ဆောင် သည့်သိကြား။မစပြားလည်း။စီးပွါးချမ်းသာ။များစွာဆင်းပင်း၊ လုလ္လကင်း၍၊ ရွှင်းဘူးသောဟန်။ ထုံးနှင့်ဖန်ထော၊ နှစ်ထန်မျက်စိ။ ရှိပါမူကား။ ပြည်သားတိုင်းသူ၊လွှန်ကြည်ပြုံ၍။အလှူသီလ။ အားထုတ်ကြသော်။မိုယ်း ဝရုပ်ခွင်။နတ်ပေါင်းမြင်ကာ၊ စိတ်ရွှင်ဝမ်းသာ၊ ရွှေပလ္လာနှင့်။ ဓမ္မစာရေး လျာက်။ချမ်းဇရိပ်သာ။သုခမ္မာတွင်၊ဇရပ်ဖြင်မှာ။ဆင်ထင်ရှားရှား။မောင့်ဖြစ် လားကို။သိကြားဘုန်းခေါင်။ သိလေအောင်လျှင်။ ပေါင်ပေါင့်ခုန်းအင်း၊ နတ်တသင်းသည်၊ ။စရင်းသံချိုလျှောက်စေထည်း။

သိလေသယကျွခန်းတွင်ထည်း၊

ပြလဝ်သောခါ၊မြိုင်သာစိုးရ၊သိသေသဟု၊နာမတွင်မည်၊ဘိလူးသည် ထည်း၊အရည်အသွင်။ဆပြင်ဖွကာ။ရွက်သာပြိုင်းပြိုင်း၊ပန်းတိုင်းပွင့်ပြုံ။မ ယုစကာ။ရိုးညှာမြသား၊စကားရွှေရစ် ဖြစ်သည်ဘာဘား။မင်းသားမင်းမြေး။ ရင်သွေးနှန်ဘိ။ဓာတိသန္ဓိရှင်း၊သထင်းသိလ။သုတပညာ၊လုသိမ္မာတဍ္ဍ၊ငါ

လည်းချမှ။ရှေးကံမ၍။တွေ့ရပေသည်။ ချမ်းကြည်စိုရွှန်း။ နတ်ရေဖြန်းသို့။
လန်းလန်းမြူးမြူး။နတ်ဘဝ်လူးသည်။ ။စိတ်နှူးရွှင်အားရလဝ်တည်း။
ရလဝ်သောအား။ ချစ်စိတ်ပွါး၍၊စကားတုန့်ဖန်။ ရွှေနန်းယံထည်းထို
ကံကြံမှာ။နောင်သောခါ၌၊ အာယာကြီးချင့်။ရွှေနန်းပွင့်သော်။ နေမင်းအ
ရောင်၊လေးကျွန်းပြောင်လည့်။ မိုက်မှောင်ထင်းထင်း။ဝါးလုံးတွင်းဝယ်။မ
လင်းနိုင်တွေ့။ကြွင်းချစ်လေသို့။ သွေ့ခဲ့ရေးတော်။ ချော်ခဲ့လေက။ တစမ
ကောင်း။ နှောင်းသော်ဆယ်ဆ။ ပျက်ဘတ်စွတည့်။ ရှေ့ကနွှားလား။ အ
ဖြောင့်သွားမူ၊နောက်နွားဖြောင့်မည်။ ဖြစ်သည်မယွင်း။ မင်းကမရှန်၊အ
ကျင့်လွန်သော်၊ ကျေးကျွန်ထမ်းပိုး။ တိုးတော့မည့်သာ။မသုတ်ရာဘူး။
စိတ်မှာမှတ်တွေ့။ဖြောင့်စေလိုငြား။ထိုနတ်သားသည်၊ ။တရားခွန့်တော်
သံလတ္တံ့။ ။

မင်္ဂလာအောင်မြေ။သောင်းရပ်ဘွေတွင်၊ ရောင်ရွှေဘိတ်ဘိတ်၊ပရိက္ခ
ရာ။လေးဆယ်ပါလျက်။ရွှေကြာငါးခိုင်။ မွေးကြိုင်ထန်းထန်း။ပေါ်လာထွန်း
သော်။ ထက်ဝန်းပြိုဟ္ဘာ။နတ်ဩဘာနှင့်။ သာယာရွှင်မြူး။ အောင်ဆုဌ
သား။ ဘဒ္ဒမင်္ဂလာ။ မြတ်ကမ္ဘာထင်း။ နရာဒိဗ္ဗ။ နွယ်စင်ချ၍၊ တောဇ
တက်ရှိန်။ ဘုန်းရောင်ထိန်သည်။ အသမ္ဘိန်နွယ်မျိုး၊ ငွေနန်းရိုး။ ။
ရှစ်ခိုးကြည်ညို။ဘိလူးအိုက။စိတ်ရိုသေမှု။ တင်လျှောက်ပြုအံ့၊နှုနှုရင့်ရင့်။
မဟုတ်သင့်နှင့်။ဟုတ်သင့်ကိုသာ။စဉ်းစားပါတော့၊မကြံဘုံမြို့ရှေ့သို့ထို
ကားရှေးကံထားလျှင်၊မင်းသားကရွှေ့၊အိမ်ရှေ့စံပြီး။နောက်ရွှေထီးနှင့်။
ပြည်ကြီးထိန်းအုပ်။စိုးချုပ်သောခါ။ပြည်ရေးရာသည်၊ပေါက်ဖွာကျေးနား၊
ထိုအလားသို့။ခြားနားနိုင်ခဲ၊ပင်လယ်ထဲမှာ။သဲတဆုဝ်ကိုင်။ မဆိုနိုင်သို့။
ခတိုင်ပဲ့တိမ်း။မဲ့သိမ်းဦးလှည့်၊ ရှေ့ကြည့်နောက်ကွယ်၊တွင်းဝယ်လုံ
လျှင်၊ ပြင်ကားဟင်းလင်း၊ ရင်းသူချမ်း၏။ဝေးသူပူဆာ။ ရှိတတ်စွာရှင့်
နတ်သာဘုရား၊လက်ကားလျားလည်း။များချိန်မြည်ဖြစ်။ လူရည်စစ်လေ့။
ချစ်သည့်ကိုကား။လွှန်ဖြောက်စားလျှင်။ ထံပါးယှဉ်ပူး။ ကျေးဇူးမကင်း။
စိုးမင်းသိသူ။ငါတည်းဟု၍ လူကယောက်အား။ မွှားမျှမထင်။ ပြုလေချင်
သော်။အရှင်သိအောင်။မဆောင်နိုင်ရာ၊ ခံသူမှာလည်း။ ဂမ္ဘာကြွေရွှေ့။
မမေ့နိုင်အောင်။ရန်မီးထောင်၏။မြားမြောင်မြင်းဆင်။ မြွေရွှေမှင်က။ထန်း
ပင်တောင်လောက်။ခါးတွင်ချောက်သည်။ နောက်ပေါက်ညောင်ညို။ ထန်း
ကိုမျိုသို့၊နန်းကိုစိတ်ညွှတ်။ရည်စူးထတ်စွ။မျိုးမတ်ဖြစ်လျှင်။ မျိုးမတ်အင်

နှင့်၊ညီပင်ဖြစ်ငြား၊ညီ၏အားနှင့်၊ ဆွေဝါးတော်သူ၊ဆွေအမှုနှင့်၊ အားယူ
အားပေး၊ညာဏ်ရေဆေးလေ၍၊စားကျေးမြို့ရွာ၊ ရဲမက်မှာကား၊ ရိက္ခာစား
နပ်၊ခထပ်စေရာ၊ရေးရာပြိုင်ဟဲ၊ရန်လုံးခွဲ၍၊ပွဲလမ်းမြင်မူ၊ အင်နှင့်မတန်၊
နောင်ထဘန်သော်၊အလွန်ကြီးဝန်း၊ရှက်သမ်းသိအောင်၊ မောက်ရိုလျှင်း
လျှမ်း၊ရမ်းရမ်းလွှလွှ၊ရဲဆူပွလုဘ်၊ ရှေ့သော်သည့်ထက်၊ ထက်
စဉ်းမည်၊နွတ်ရည်ချိုချို၊ ဖြူဟာပိုလျှက်၊မညိုစေအဝ်၊ ဝင်ထပ်မစဲ၊
ဆုထင်ကြဲလော့၊ခန့်စဲ့ချလျှင်၊ ဆင်မယဉ်သား၊ဘဒ္ဒါဝတီ၊ ဒိုမင်းပြိုဟု၊
ကောသမ္ဗီမင်း၊စွန့်ပြစ်လျှင်းသို့၊ ခွါရှင်းမရှု၊ မပြုဖေပ်စွာ၊ အရာနိပ်မြင့်၊
စောဘုန်းရင့်သည်၊ ၊မှတ်ချင့်ယူစေချင်ဖွယ်သော်။

မဂ်ထာခေါင်ဘွဲ့၊ရွှေနန်းနေသော်၊သုံးထွတ်ပိုး၊ လေးမျိုးဂတိ၊ မညှိ
စေအောင်၊စိတ်ကိုနှောင်ထော၊ယဉ်ဘောင်ပင်လယ်၊ နက်ဝန်းကျယ်သို့၊
ငါးသွယ်မြစ်မ၊ငါးချအပေါင်း၊မစောင်းနေ့ည၊ ရောက်လှာရသို့ နှယ်ခုတ
နာ၊မြားစွာထိုသို၊ပေးမဆိုလည်း၊အသိမဲ့သာ၊ရောက်ရပါလိမ့်၊ အာသာ
သန္ဓ၊စိတ်ချလစ်လု၊နေတော်မူလော့၊ထီးဖြူကာကျင်း၊ တဆက်မင်းတွင်၊
ကြီးခြင်းထောဘ၊အဝဝကြောင့်၊အနန္တကုဋေ၊ဗိုလ်ချေသဉ်ဇာ၊ မဆိုသာ
သား၊ဗာရာဏသီ၊ ပုမ္မိအောင်မှု၊ မင်းနှင့်မြို့ကို၊ နှမ်းညှို့တောက်လျှံ၊
ဖျင်းသိမ်ပြန်၍၊ဆံကိုမှတ်သား၊တကွမ်းစားထိုက်၊သမိုက်စရာ၊လူ့ရွာတ
တွေ့၊ဖြစ်ဘူးလေ၏၊အခြေအလိုင်း ကုရုတိုင်းလည်း၊မဆိုင်းသတိ၊ထောဘ
ချိ၍၊ရန်ပျော်ရွှင်၊သစ်တပင်ကြောင့်၊ရှက်တင်စကား၊ရှိလဝ်ငြားသော်၊ရ
ထားလှည်းစက်၊လက်ဆောင်မက်၍၊ယွင်းကွက်မှောက်မှား၊ တရားယိမ်း
သွေ၊စိရင်ထေက၊ရေပင်လယ်နတ်၊ လှိုင်းဖြင့်သတ်၍၊ မြို့မြတ်ပြည်လုံး၊
တိုင်းကြီးဆုံး၏၊ထုံးတခန်းမှာ၊ကလျာဏီမည်၊တိုင်းပြည်ပိုင်သ၊ဘုပါထ
သည့်၊ဒေါသအလိုက်၊ထိုက်မထိုက်ကို၊ မပိုက်ပါဘဲ၊ မိန့်တော်လွဲသော်၊
ပြည်ထဲအလုံး၊ပင်လယ်ဖုံး၍၊တိုင်းဆုံးဘူးချေ၊မျက်ပြေဒေါသ၊နည်းပါး၍
တည့်၊အတ္တဓမ္မ၊နဝဆင့်ထောင်း၊ ကြားကြောင်းစိစ်ဖြာ၊သိနိုင်ရာလိမ့်၊ကာ
လာပုမင်း၊စိတ်မာန်ပြင်း၍၊ပြစ်ခင်းမဲ့စွာ၊ ခန္တိဝါကို၊ ခန္တာပျက်ချေ၊ပြစ်မှား
လေလျှင်၊ဤမြေမရှက်၊ချက်ခွဲအက်၍၊ နခုက်ထုတ်ချောက်၊ ရောက်ရရှာ
ထေ၊စွဲနေသတိ၊ဥာဏ်နှင့်ညှို့လော၊နိသမကာရိ၊မပုံညီမူ၊ မဆီဆိုင်မှု၊ဆီ
ဆိုင်မှုကို၊မရှုနိုင်ရာ၊ရှေးအခါက၊သာယာနိုင်မျှ၊ကုန္တဝတီ၊ ပြည်သူရှိမှာ၊

ဒဏ္ဍာကိမ်း၊ ရိုးပိုင်ခြင်းစည်။ သတင်းမဲ့ငြား၊ ပုဏ္ဏားယုတ်နှင့်။ ဝေါင်းသဖြင့်ကြောင့်။ မကျင့်စကောင်း။ ကျင့်လေရှာင်းဆော်၊ ရောင်မောင်းဝင်းလျှံမာသံကျော်သဲ။ မိုးကြိုးကြဲ၍၊ ပြည်ထဲအလှိုင်း၊ တတိုင်းလုံးပင်၊ မြေသို့ဝင်ပြီ။ ပြည့်ရှင်ဟူက၊ သစ္စအရာ၊ ဖွတ်လျှာမငဲ့၊ ဆင်စွယ်ပမာ၊ ကျင့်ရာလေကောင်း၊ နွှာမောင်းပမာ၊ မကျင့်ရာတည့်။ မဟာစေတိသ။ ပုဗ္ဗဝတီ၊ ပူရိစွန်ခံ၊ ကရဗ္ဗိရ၊ အနေစလက၊ ပိဂ်လမင်းဖျား။ ကျင့်ဝတ်များကို၊ ပယ်ရှားလေသင့်၊ ရန်မြူလွှင့်သည်။ ။မြွက်မြင့်ဖြူစေချင်လှသော်။

မဂ်သာရောင်ခြေ ဦးကင်းဘွဲ့နှာ၊ ထိန်ဝေထက်ထက်၊ ညောင်ရွက်ကြွယ်ခြူ၊ ပစ္စူနေသီး၊ ကြာရိပ်ထီးနှင့်၊ ပြည်ကြီးဗာရာ၊ စိုးသောခါနိုက်။ အပမာဒမမေ့ရမည့်၊ ငယ်ကမ္ဘိတ္တဲ့၊ ဆင်းရဲသောခါ၊ ဥတ္တမစ၊ သိပ္ပသင်ကြား၊ တချားတိုက်ကျေ။ ရန်ဘေးလှတ်နှင်၊ နန်းသို့တင်ယျက်၊ ထင်မြင်ကဲထူး၊ ခုနှစ်ဦးကို၊ ကျေးဇူးလည်းကစ်၊ လစ်လပ်ရေးရာ၊ ရှိသောခါလည်း၊ ခန္ဓာပျက်ရှုံး။ မဆုံးစေအင်၊ သံမှိုကွင်သို့ စွဲကြဝ်စိစ္စေး၊ မှတ်စာရေးလျှင်၊ မဝေးနံပါးထားအပ်ခြသည့်၊ သွန်းရေခသား၊ ဖွါးဇာတ်မှန်၊ ရန်မာန်အောင်မြင်၊ သည်သုံးခွင်သည်း၊ သခင်တို့ယ်၊ သက်ကြွယ်သမ္ဗျမေ့ရချေဘူး၊ ရစ်မူးမေ့ကြောင်း၊ အလောင်းအစား၊ ဆိပ်နွားကြက်တိုက်၊ ရှုရိုက်ဆေးနက်၊ အရက်သေစာ၊ ပြွမ်းပြွမ်းလာမူ၊ မကြာတုံထစ်၊ သုံးနှစ်တွင်းငယ်၊ ဘုန်းနံ့ပြယ်အံ့။ ရည်ရွယ်မှာသား၊ သည့်သုံးပါးကို၊ တရားတည်ဝင်၊ ငြိမ်းကြောင်းကွပ်မူ၊ ထိုရင့်တိုင်းကျယ်၊ ပပြောကြွယ်အံ့၊ နိုင်းဘွယ်တဆစ်၊ မြစ်ကိုသဲသောင်၊ ဘိမ်ကြောင်းဆောင်၍၊ လှတောင်ကြည်ယု။ ချုံကိုလက်ဆောင်၊ မီးနှယ်လောင်၍၊ ပြည်ထောင်စိုးခြင်း။ မင်းမင်းတကာ၊ ကောင်းငေပါလည်းဝဲ သာရေ့နောက်၊ သက်ထောက်ခြွေရှ၊ မွေးသည့်မီးသို့၊ ပြုလေမြှသော်၊ ဖုံမဲ့မို့နေလ၊ ဝဿဏာသို့၊ ရာဇသုန်းရောင်၊ ခွမ်းညှိုးမှောင်၍၊ တနေထောင်အမြင်၊ နတ်ဆင်ခြင်သို့။ ပြည့်ရှင်စောထီး၊ မငြိးမငွေ့၊ ပြည့်ဝလေ့ကို၊ စေ့စေ့နေ့တိုင်း၊ ရှုကြံဆိုင်းလော၊ ဓမ္မိုင်းရာဇ၊ သိထကျင့်ဝတ်၊ ဆွတ်ဆွတ်စင်ဖြူ၊ အိမ်သူမယ်လျှ၊ သိသမစင်။ ဖြစ်ချေလျှင်မူ၊ သင်ကားနတ်သား၊ မယားသူသေ၊ မည်ရှာလေ၍၊ မျိုးဆွေနတ်ရှင်၊ မစင်သီလ၊ နန်းမနေသူ၊ ဖြစ်ချေမူကား၊ ဘဝသခင်၊ သူသေတွင်လျက်၊ အိမ်ရှင်ဇနီး၊ နတ်သွီးအနေ၊ တည်ရှာထေ၍။ နှစ်ဆွေသင်မိတ်၊ သိလဆိတ်မူ။ ကောင်းဟိတ်မသွေ၊ သူသေချင်းသာ၊ မေတ္တာမျှဝေ၊ ကြည်ရှာလေ၍၊ လုပြည်ရစ်ခွင်၊ အိမ်ရှင်အိမ်သူ၊

မြတ်ချည်တွေလျက်၊အယူညီမျှ၊ဗျာဒိတ်နှင့်၊သီလမရိုင်၊သဒ္ဓါပြိုင်မှု၊ဘုန်းလှိုင် ကြောင်ကြား၊မိုးနတ်သားနှင့်၊ဆွေဝါး။ ။ နီး၊နတ်ဘိုးသို့။ကောင်းကြီးအံ့ရာ၊ဆို မိရှာလျှက်၊သံဘာနှောင်ထည်း။ ချစ်စည်းမပြေ၊ ကြည်ကြလေ၏။ဘုန်းဝေ မည်ရှင်၊မောင်သခင်ထည်း၊အခင်ခွင်မသုံ၊တံခိုးဂုဏ်နှင့်၊ သူရဲနှုန်း၊ပြည့်လုံး ခသည့်၊ဥဒယဘာနု၊ မင်းမြတ်ထွန်ရှာ၊ မဟာကပ္ပိန္န၊ နှုတ်နိုင်းဆို၊မညို၊သဒ္ဓါ မဂ္ဂဘိထ၊များသုတနှင့်၊ စာဂနိစ္စ၊ပညာမကွေ၊ အနေတော်တင့်၊ချစ် ပန်းပွင့်သည်။ ။နတ်နှင့်တူ၊စချင်လှသော်။

မင်္ဂလာအောင်စည်၊ကျူးရင့်မည်လျှက်၊ရွှေမည်သိင်္ဂ၊ချမ်းမြေစကြောင်း။ ပြည့်သူပေါင်းကို၊ သုန်းလောင်းမေတ္တာ၊ နတ်သိထာဖြင့်၊ဩဇာချိုဖေ၊ပေး တော်မူပါ၊ပြည်ထဲသာသော်၊မင်းမှာဇတ်သင့်၊နေနှယ်တင့်၏၊ပွင့်မည့်လက္ခ ဏာ၊ပြည့်ထဲ၊သသော်၊မဟာဒုက္ခ၊ထားပြသူခိုး၊မိုးလဝ်သောခါ၊မင်းအာဏာ ထည်း၊ပမာမရင့်၊ထေနှယ်လွင့်၏၊ရှေးမင်းတံထွါ၊ခွန်ယူရာခွဲ၊ညွှာတာပါက ပြည်ကြွယ်ဝလိမ့်၊ လောဘကဝ်ငြိ၊ရှေးတက်ဘိသော်၊ပြည်ကြီးအရှိန်၊ရပ် လင်မှိန်သို့၊ညှုိးဝိနဒုက္ခ၊ ပြည့်လုံးလျှလိမ့်။ ရှေးကနွားလား၊ထမ်းကောင်း သွားသော်၊ နောက်နွားကောင်းရာ၊ ရှေ့ဖြောင့်ပါမှ၊ နောက်ထဲသမျှ၊အဖြောင့်ကျ လိမ့်၊တက်မကာစင်း၊ခိုက်မကန်ယွင်းသော်၊တသင်းဘောလုံး၊ပျက်သောထုံး ယှဉ်၊ပေဘ်ရုန်းမလှ၊ ပြည့်လုံးကြွလိမ့်။ တက်မထစင်း၊ ခိုက်မက်ခြင်းဖြင့်၊ တသင်းဘောလုံး၊ တတ်သောထုံးသို့၊ စောင့်သုံးမွေ၊ ပြည့်လုံးလှလိမ့်။ ဥသဘာမင်း၊ တရားယွင်းသော်၊အတွင်းနေသူ၊ဖြင်နေသူတို့၊ မပြုပြောက် ကျား၊ပြည့်လုံးမှားလည်း၊ ထေးပါးပယ်ခွင်၊ဝင်သူသာများ၊ နတ်ပြည့်ပါး ၏၊လျှာဖျားကောင်းနိုး၊အရက်မျိုးကို၊မုဆိုးရသော၊တွေ့လင်သော့ခါ၊ပြည် ရွာစိုးခြင်း၊မင်းကိုဆက်သော်၊နှစ်သက်သောလျှောက်၊ သုံးသောက်သမျှ၊ ဗွာနရစ်မြေ၊ ပျက်လေသည့်ချည်း၊နည်းတခင်းမှာ၊စိုးမင်းတယောက်၊သေ ရည်သောက်၍၊စိတ်နှောက်သောအား၊ မိမိသားကို၊ထားဖြင့်မနှိပ်၊ထည့်ကို လိမ်၍၊သည့်စိမ်တိုင်ထက်၊ ကောင်လုံးချက်၍၊ နှစ်သက်ရွှင်ပြုံး၊ စား တော်သုံး၏၊သားသုံးပြီးမှ၊သတိရဘော်၊ဒုက္ခပူပင်၊နေမရွှင်ပြီ။ ရင်ကိုထု ခါ၊မြေလူးခါနှင့်၊ဆည်းချာအရူမ၊ကိုယ်လုံးကြွအောင်၊ အပေါ်ဆွသောနည်း၊ ဘခမည်းကို၊ပန်းစည်းလည်ရစ်၊ ဖြစ်ရလေခြင်း၊ စွန့်လေခြင်းဟု၊ လွမ်း ဟင်းဆိုကာ၊ငိုပိုကာနှင့်၊ သိင်္ဂါရေင့်လျှံ၊ပြာသာဒ်ပျံမှာ၊မိဿံမောင်းမ၊

သောင်းမကနှင့်၊ နတ်မျှမတူ။ စံမည့်သူပေ။အယုတ်မ်းပါး။ ငါငွေးငယ်။ မှားရလေခြင်း။ မီးပုံတွင်းသို့ ဆင်း၍ခိုဝင်။သေချင်ပါပြီ၊ သည်ဤဘဝ။လူ ဖြစ်ရလျက်။လူ့ဟူအခါ။ ခံချင်သော်လည်း။ မလျော်မထိုက်။ လူမိုက်တ ကာ။လာလေလည်းမှူ။ အောက်ကျနောက်ကျ။ ဖြစ်ရလေခြား။ ရှေးမင်းများ ထက်။အမှားတောင်ပုံ။ ပျားနှယ်အုံကဲ့။ ရွှေဘုံရိပ်လင်း၊ ခမ်းတွင်းဝင် ချည်၊ ပြင်ထွက်ချည်နှင့်၊ရဝ်တည်နိုင်ဘူး၊လူးခါလှိမ့်ခါ။ငိုရှိကာဖြင့်။ဗျာ ပါပုံရ၊မျက်ရည်ဥနှင့်။မင်းပုကံနှင့်။ငကံနှင့်လျှင်။အခွင့်ရပုံ။ကြုံကြရချေ။ ထွေထွေလာလာ၊ မည်တမ်းကာလျှင်၊ ခန္ဓာကုန်ရွေ့။ မမေ့နိုင်ချေ၊ ရှိရ ထေ၏။ရွှေမြဝတိန်၊ အသူရိန်ထည့်၊ နတ်မြိန်သောလျောက်။သေကောင်း သောက်၍။နောက်ဘိကြွားသစ်။ငင်ကာဖြစ်လျှင်။နွမ်းညစ်တေဇာ။ ပြည်မှ ခွါခဲ့။သူရာမည်နက်။ စိုးပြန်ချက်ကို။ မမက်ရချေ။ရှောင်ပါလေကာ။ တက် နေအထား၊ဘုန်းတန်းပွားလျက်။ရွှေ့လျားခန္ဓာ။ပြောင်သောခါလည်း၊ နတ် ရွာဘျော်သဲ။နတ်မင်းပွဲမှာ။ဘက်ရှဲမြိုင်သူ။မပြုဘုန်းရောင်။စောရန်အောင် သည်။ ။ခေါင်ခေါင်မြောက်လိမ့်မည်ကိုကား။

မဂ်လာကောင်းထည်၊ကောင်းကင်ပြည်က။ ရောင်ခြည်ငွါးငွါး။ ဝတ္တ မြားအတွင်း၊ငွေနားကွင်းလျက်၊ဖြူဝင်းစိမ်းမည်။ထေးကျွန်းလည့်သို့၊တိုင်း ပြည့်အံလုံး အာထာဗုံးလျက်၊ ခွန်ကျုံးသိမ်းခြင်း။စိုးမင်းထကာ၊ မြို့ရွာ တိုင်းပြည်၊ပြန့်ပြောမည်ကား။ကုန်သည်တခါး၊ရဝ်ရှစ်ပါးက။ ကြည်းအား ရေပါ။ ရောက်လိမ့်သာမှ။ ဈေးနာ စည်ပြော။ လွှန်ကြွယ်ပေါ်အံ့။ သ ဘောမှတ်ပိုက်၊ဝမ်းထဲကြိုက်၍။မဆိုက်သေးသား။ ကုန်သည်အားလည်း၊ များများရောက်ကြောင်း။ရောက်ပြီးရှောင်းလည်း။ ဈေးကောင်းနာကောင်း။ ရောင်းသူနာဘွယ်။ဝယ်သူသာယာ။ သပြာပြောင်းခြင်း။ ချိန်စင်းယာစူ။ တောင်းဘင်းမှုထည်း။ နှစ်ဆယူကိုင်၊ ကျောက်တိုင်တင့်တည့်၊ ပွဲတည် ဖြောင့်မတ်။ ဖြတ်မလှမ်း။မဆီးကင်းသင်း။ အဆင်းအတက်။ အထွက်အ ဝင်၊ပျော်ကြောင်းရင်လေး။ပြည်တွင်မှိုခို။မဂ်ဖိုလ်ရွာစား။ပုဏ္ဏားတခန်း။ရ ဟန်းရသေ့၊ဟူသရွေ့ကို၊ ပျော်မွေ့စေကြောင်း။သက်နိုးကျောင်းနှင့်၊ အ ဟောင်းမပျောက်။အသစ်ရောက်အောင်၊ချီးမြှောက်သိမ်းမွေး။မေတ္တာရှေး သော။ရှည်ဝေးကာသာ။ဆိုလောက်ဖွယ်ဘူး။ ကောဟာပြည်ကို၊ စိုးသည်ရာဇ၊ အဋ္ဌနပျှင်၊ဂေါဘမထင်ရှား။ရသေ့များကို၊ ပြစ်မှားမိဟန်။ဒဏ္ဍကီဒေဝ။

ဘုပါထလည်း၊ကိ သတွင်ခေါ်၊ရသေ့ကျော်ကို။မလျော်ဒိုယွင်း၊ မဇ္ဈမင်း
ထဥ်း၊သထင်းပေါ်ပြ၊မါတင်ကို။ကံသမျိုးနွယ်၊မင်းသါးငယ်တို့၊စင်ကြယ်
ဘိထ၊ဒီပါနကို။ကာသစါရိ၊မင်းစေတီလည်း၊ကဝိထအား၊တရားဖြောင့်ညီ။
မြတ်ခန္တီကို၊မဟီခွန်ရ၊ကလာဗုတ္တိမှားမှုလိဝ်ချွေ၊တွေ့ထေသမျှ၊မြို့ပြကျေး
ရွာ။ခန္ဓာကိုယ်သက်။မျက်မှော်ပျက်၍၊နရက်မှာချည့်။ ထရတည်းဖက်၊
လိပ်လည်းကျိုးပေး။ဒုက္ခတွေ့၏။အရေးဖြောင့်ကြောင်း။မစောင်းရအောင်
သတိဆောင်၄၊ရဲရောင်မြန်မာ။ပညာလိုင်ကြ။ ဂုဏ်ထူးသူနှင့်၊ ကြောက်
မှု ကြောက်ရာ။ ပညာမဲ့အား၊ ဂုဏ်နွဲ့ပါကို၊ရွှေသားပုံရ။ နေရှုတောင်
နွယ်၊ဆိုဘွယ်လွတ်အောင်၊ရွက်ဆောင်စေသုံး။နှစ်လုံးခွဲဝေ။ သွန်းတတ်
စေသော၊နေကားသရော၊ယူပြန်ပါလည်း။အဓာတည်ကြား။ ရှုံးသူများ
လိပ်။လ.ဘားသရော၊မှုပြန်ပါလည်း။ချစ်သာကများ။ ကြောက်သူ ဝါးချိပ်၊
မှတ်သားစည်တွင်း။မထင်းမလျော့မပျော့မမာ။တငါကြိုးငင်၊ပုံနှင့်ဆင်
၍၊ပြည့်ရှင်ပြီစွာ၊ ကျင့်အပ်ရာ၏၊အမာအပျော့၊အလျော့အတင်း။ အခင်း
ငယ်ကြီး။အနီးအဝေး။အဇေးအပူ။မယူထေသင့်၊ယူထေသင့်မှာ။ယခင့်ရှည်
လျှား။မင်းထပါးတွင်၊ရထားဦးပွတ်၊တစင်းဖြတ်သော်။ ယုတ့်မြှတ်မရွေး၊
ပြည်လုံးမွေးသည်။ချွေးအနန္တ။ သတ်ထေရ၏။ ထိုမှတသီး။ ဆင်တစီး
ကြောင့်။ကျွမ်းအသချေ၊ကုန်ရထေ၏။သွေ့ခဲ့တကြောင်း။မျောက်အပေါင်း
ထည်း။ထောင်းထောင်းပျက်ပြား။တယောက်သားကြောင့်၊ ဆိတ်များ အ
လုံး။သေဆုံးရရှာ။နွားနှင့်သာလျှင်၊ပမာစဝ်ရှာ်။ငှက်နှင့်မခြား။ ကိုယ်၏
သားကို၊ပုံထားကြလေ။အထွေထွေတည့်၊ အဟော်အသင့်၊ မထော်သင့်
နှင့်။နူရင့်နည်းများ။အပါးပါးကို။ စဥ်းစားသူကောက်၊ ညာဏ်နှင့်ထောက်
မှ။မျှော်မှောက်ထည်းလျော်၊ နောက်လည်းတော်၍။ မြင်မြော် ညာဏ်
ရောင်၊ရွှေတဆောင်သည်။ ။ပြောင်ပြောင်တောက်လိမ့်မည့်တကား။ ။

မင်္ဂလာရောင်ခြည့်။ညာဏ်ရောင်စည်မှ။နှစ်ထည်စီးပွါး။များမများကို
ချင့်စားနိုင်းရာ။ကံသာအရင်း။ဘန်ဆင်းလိမ့်မည်။ မရည်သင့်စွာ။ခေါင်ချာ
ရဇဝ၊ရေမြေစိုးချုပ်၊ကျွန်မှုလုဝ်သော်၊ ခင်ပုတ်ဇရက်၊ကျေးညီ၊ငှက်နှင့်၊
ဝက်ကိုမျှပင်၊ နန်းထက်တင်၍၊ သွန်သင်ပြသ၊ဆုံးမခံခံ၊ ထက်တိမ်ရုံကာ၊
ပျော်စ မြူးကာ၊ပျုံ၍သာသည့်၊ မဟာဇဝန၊ရွှေဟံသသို့၊ နန်းမဏ္ဍလ်၊ရုံ
နိုက်တင်၍။သွန်သင်ပကား။ တရားပြသ။ဆိုဆုံးမတိုင်း။ ကုဝ်ကွရှိသေ။
နာခံလေ၍။ဂုဏ်နေ့မရွေး။ ကျွမ်းချွေးမျောက်ဆင်။ သမင် ဥဒေါင်း။ အ

လေခင်းလင်းတ။စဏ္ဍာလတို့။ ပြသည်ကိုပင်။ရှေးနတ်ရှင်တို့၊ယူငင်ဘူး
ကြာ၊ရှယ်သမျှ ကို၊တွက်ဆမရေ၊ညာဏ်ဆနေသည်၊သာပေလျှင်က၊ကြီး
မှအရေး၊မှတ်ယေဘာတည့်၊မဟာဗန္ဓုမါနုရသာဘိ၊ စေဝတ် လင်ထက်
သားရင်ထွက်ကို။ပိုက်ဖက်နေ့ခဥ္။တရေးရှင်သော်၊မယင်ဂတိ။ မောဟ
ညိကာ၊မချိပုဆာ။ပိုသည့်တာကြောင့်၊တခါပြန်တွန်း၊စိရင်ဖြန့်သော်။ မှန်ပြီ
သဘော။ ရှင်သည့်ဇော၌။ရယ်မောလဝ်က။မွေးချစ်ဘလျှင်။အာဂကငေါ
သာ၊ဖြစ်သည့်ကားဟု၊ ရှင်အားမြောက်ချီ၊ ဝိပသိဟု၊သိဂ်ိဳရွေးရေး။ဘွဲ့
တော်ပေး၍။လေးလေးမြတ်မြတ်။ တရားဖြတ်သော်။ ဇာတ်မတ် တည့်
ကြောင်း၊သားပွင့်လောင်းကို။ ကာဆောင်ထီးဖြူ၊ရင်ခွင်ယူ၍၊ ချစ်မူခင်
ယာ၊ချိ ၎က်ခါနှင့်၊ရောက်လှာတုံညား၊ နှစ်ဘက်သား၏၊စကားပေါ့ထေး။
မှုရုပ်ထွေးကို၊အစေးသုတ်သင်၊ရွေနုတ်နှင်၍။ဂုဏ်အင်ကဲလွန်၊ညာဏ်
ကြောင်းရင်းနှင့်။အဆင်းအမျိုး၊အရိုးအနွယ်၊သက်ရှယ်ကံဖြင့်၊ ထန်းပင်
အဘိ၊ရှိပါစေညား၊စကားအင်္ဂါ၊ပမာမဟူ၊မယူသေသင့်။ဆုပွင့်ကျမ်းအာ
မဘာဖော်ကား၊လှသွားဘွားကို၊ လူများမဝန်။တတန်မှတ်သား။ပဲတွာမြား
မျက်သေး၊ချင်ရွေးမူးမတ်၊အညော်မြက်က၊ ဆွတ်ဆွတ်ကြည်လင်၊ မင်း
သုံးဝင်သို့၊အမြင်အကြား၊ များသည်သုတ၊သီလမကွာ။ပညာကြီးသူ၊ဖြစ်
ထေမူကား၊ခေါ်ယူသိမ်းကာ၊ ဟော်သထာကို၊ရာဇာ ဝိဓေ၊ သိမ်းပိုက်
လေသို့၊မြဲနေထုံပါး၊စကားဆွေးနွေး၊ မေးမြန်းတိုင်ပင်၊ပြုစေချင်ခွ၊ တစ
သာရော်၊လောင်းလူကျော်တို့၊ကိုတော်နီးစပ်၊ တိုင်းပြည်အဝ်၍၊စွဲကင်ညစ်
ကြေး၊ခင်းမှုရေးကို၊လျှော်ဆေးဘူးဟန်၊ မောင်နန်းရဲ ထည်း၊မေ့ကျန်မပြု
သတိရှုလျက်၊ပြည်သူချမ်းသာ၊ရှာပစေအဝ်၊တိမ်းမတ်ယွင်းပါး။မင်းတည့်
မှားသော်၊ပြည်သားပြည်သူ၊အိုးနှယ်ဆူချမ်း။ ယူဇနာသယ်ပြန့်၊ အလွန်
ကျယ်စွ၊ပုပ္ဖဝတီ၊သိဂ်ိဳရောင်ညီး။ပြည်ကြီးမြို့တော်။ ကောရဗျာ၊စိုးသောခါ
တွင်၊နတ်ရွာရောက်မည်၊ရည်၍စိတ်က၊ခန္ဓဟာသ။ ပုဏ္ဏားစကား။ အမှား
မှားကို၊များသို့ချိုထွေ၊မျိုမိလေ၍၊ရင်ငွေးသွေးတော် အိမ်ရှေ့ပျော်ကို။ မ
လျော်ထေကောင်း၊ထည့်ကြောင်းကိုယှ်း၊သွေးတီးတီးနှင့်။နတ်ကြီးတင်မှ။
နတ်ရွာရမည်၊အထင်ထည်သော်၊နတ်ပြည်ပိုင်စား၊ မိုးသိကြားလည်း၊လှ
ထားမိုးကာ၊ချောက်ခြိမ်းဆာသော်။ ပြည်ရွာနှင့်ကင်း။ ယိုယွင်းပျက်စီး။
ကိုယ်ထီးကျန်ကာ၊ရှိရရှာ၏။ရှေးခါထင်ရှား၊မင်းတပါးလည်း၊ကျေးကိုမွေး
၍၊ရင်သွေးပုဏ္ဍ။သေဘားရ၏။ကာလဗဟု၊မျောက်တခုကို။ မြော်ရှုထော်

ထား။အချုပ်ဗွားရွေ၊မြေးသားမလွတ်၊ဥပါဒ်ဝေဒနာ။ ညှိုးရှာ၏၊ပညာရှိကို၊
မှီခိုမှုကား။နှစ်ပါးဟိဘ၊ပစ္စက္ခနှင့်၊ဘာဝနောင်ဘန်၊သုဆက်လွှန်၍။ဘေးရန်
ခွါရှောင်၊ဘုန်းသရောင်သည်။ ၊မှောင်မှောင်ပျောက်လိမ့်မည်ကိုကား၊
ဤဘို့ပုံဖြင့်၊နည်းစုံလင်ဖြင့်၊ဆင်သည့်တန်းဘွားမင်းကျင့်ရာကိုစည့်
လာစကား၊ ကြားဘူးပါတိုင်း။မိမြိုင်းဇစ်တွန့်။ဥဂ္ဂဠ္ဌဇာတိ၊ရှေးဘုန်းရှိတို့၊
သိဘိုင်းတရား။ ကျင့်သောအားဖြင့်၊ တိုင်းကားပြည်ရွာ။ သာယာလေ
ကြောင်း၊သုံးရပ်ပေါင်းကို၊ဘေးလောင်းဘိုးရှင်၊ မိခင်မွေးဘ၊ ပြောဆိုကြ
သား။လောကတန္တိ၊ထုံးပုံမှီ၍။ ။ဥာဏ်ဆိနည်းနာညွှန်ထတ်တည်း။
ညွှန်သည့်နည်းကို။သိဝ်သည်းမသွေ၊ကျင့်ပေအောင်စွာ။မကျင့်ပါဘဲ။ ဖွဲ့
ကြးလာဘိ။ဖြုတ်ရေက။ ဖြစ်ချေကမူ၊ ပြည်မတိမ်းစောင်း။ တိမ်သည့်
ချောင်းသို့၊ထိမ်းကျောင်းမဲ့နွား၊ ဝါးအစည်းပြုတ်၊ စွန်ကုတ်ကင်းလွတ်၊
ကျောက်မြတ်ရတနာ။စည့်ကွာသောလား၊ငယ်သားညှိုးနွမ်း။ ပရမ်းပ
တာ။ရေစာမဝ။တဏှာရက်နှောင်းပြည်ထဲအောင်း၍။မကောင်းနိုင်ပြီ၊ကာသိ
လင်တ။ရှိတဘ်စွဟု။ရှေးကစည့်ဘာ။မင်းဖြူဟာကို၊ သိသာတွက်တွတ်၊
တောပိုးနတ်သည့်။ ။နှတ်ပိမ့်ထုံးပုံပြန်လဝ်ထည်း၊
ဇမ္ဗူထက်ဝ်၊မှော်အဝ်ဘိ၍။ပါဠိမာလာ။အက္ခရာမေဒ်ကွန်း။ ဗိုက်ထိုးညွှန်
သား။ကျွန်းကျွန်းတဘောင်၊တောင်ဇမ္ဗူဒိ၊မြေမဟီသက်၊ အတိလွှန်ဝေး။
ရှင်တို့ဘေးဟု၊ရှေးရှေးမင်းမြတ်၊ဗှာသမတ်တို့။ နှုက်ဆတ်လောက်ကြမ်း၊မရဲ
စွမ်းလျက်၊ကြမ်းတမ်းမာခက်။ပျက်စီးမှုရှာ။ ဝါစာစည်းလဲ၊ ရောင်ရဲမရှိ။
ပျွင်းရိလွှန်စွာ။အင်္ဂါရှစ်မည်၊ကိုယ်နှိုတည့်သား။ လူရည်မတိုး၊ ကျွန်မြိုက်
ဆိုးကို။မြတ်နိုးနိုးပါး။ထံမထားရှင့်။စကားချိုပျက်။ နှုတ်လက်မကြမ်း။ ရဲ
စွမ်းနှိမ့်ချ၊ စသည့်ရှစ်မည်။ အင်္ဂါဘည့်၍၊ လူရည်ဘက်တုံး။ ညွှန့်မဆုံး
သည်၊ဘုန်းကြောင့်ထွက်ပေါ်။ ကျွန်မျိုးတော်ကို၊ ပေါင်းဘော်ဆက်ဆံ။
ကျေးရွာနှံ့ရှင့်။ထုံးစံရှိဘိုင်း။ ကျင့်ရိုးနိုင်းက။ သမိုင်းထွန်းပြောင်။ ဇမ္ဗူ
ဘောင်ဝယ်။ဘုန်းရောင်ပွားစည့်။သက်တော်ရှည့်လိမ့်၊ လူရည်ဘခွန်၊လူ
ထက်လွန်၍ ချွန်ချွန်ဖွဲ့ချီး၊ ကျွန်ကျွန်ထိုးဟို။ ၊ရုံကြီးရှာတော်မူ့တော့
ထော။

ထိုမှလည်းကောင်း။တဆင့်သောင်း၍။ကျွန်ကောင်းကျွန်ယုတ်။ဟုဘ်မ
ဟုတ်ကို၊ညွှန်ပြဆိုပိမ့်။ထိုသို့သဘော။ကြီးနစ်နော့မူ၊ ကျော်စောလည့်မဲ့။
စည့်းစိမ်ခွဲ့လျက်၊ ငရဲပြည်ရွာ၊ လားတို့ချသည်၊ သုံးဖြာအဖြစ်။ဖြစ်စေ

တဘ်သည့်။ကျွန်ရိုက်ရသဲ့အား၊ထူးလည်ဗွာန၊မချလေရာ။ဒုန်ဝါတက်တိုး ပြည့်ဖြိုးစည်းစိမ်။မသိမ်သနွေ၊ခြောက်ဘုံနေတည့်၊ ဖြစ်စေတဘ်ဘိ။သုံး ကျိုးရှိသည့်၊ကဗ်ခေါင်တည့်၊အမတ်ရည်အား၊ ထိုးစည်စလွယ်၊အသွယ် သွယ်နှင့်။ကြိုးကျယ်နေရာ၊ဗွာနန္တရ။ ထားအပ်စွရှင့်။ ထိုမှတကိုက်။ မင်း လိုက်စိုးလို။ရှည့်တို့သိခြင်း၊သနှံ့ရှင်းအာစာရ။ဓမ္မစောင့်လပ်။ကျမ်းရုံတတ် လျှက်။ရန်မက်နည်းပါး။ခစားမြဲပင်။လုင်ကိုသာ၊ရာဇန္တိကာ၊ထားအပ်စွရှင့်။ ဆိုထအင်္ဂါ၊ကြောင်းမညီသား။လှံ့လှံ့ကင်းကင်း။ကျွန်ပျောင်းကို။ထံရင်းမ နီး၊ဝေးစွာသီး၍။ ။ခွါကြီးခွါတော်မူတော့လော။

ကကုသန္ဓော၊ကောဏာဂမန၊ကဿပနှင့်။ဂေါတမမြတ်စွာ။ စည်ထင့် လာသည့်။ဝိဏာသဝ၊ဝေလာမမှ။ ပါဒတတန်၊မန္တလာနာမ။ ထေးမည်ရ သား၊သာစွတုကင်း၊ပြည်ပြည့်မင်းဝယ်။ ဘန်ဆင်းတည့်ထောင်၊ နန်းနန်း ခေါင်ထက်၊မြောက်ဆောင်ရငေ၊နန်းကြီးနေသား။ ဒေဝိရဘနာ၊လှသူဇာ ၏၊သည်းချာသက်မှတ်။သရနတ်လျှင်၊ ယုတ်မြတ်ရှု၊စွဲမှက်ဖွဲ့ရှင့်၊ သုံး ဆယ့်နှစ်သွယ်၊တင့်ထယ်ဖွါးမြောက်၊သားငါးယောက်တွင်၊ အံ့လောက် စဖွယ်၊ဥပါယ်သုံးဖြာ၊ရေးယာထွေပြား၊မသားအားဖြင့်၊ အများကိုလျက်၊ နည်းငယ်ဘက်၍၊နိုင်းစက်အင်တူ၊ အောင်ပွဲယူသား၊ လူတံခွန်ဆောင်၊ သုံးယောက်မြောက်သား၊ ထိုယောက်ကျားကို၊ထံစါးမြဲစေ၊ ရအောင်ဖွေ ရှင့်၊ရေရေတွက်တွက်၊လက်မချိုးကောင်း။ ပွဲသောင်းဖြင်းသိမ်။မာန်မနှိမ် သား၊နဘ်တိမ်မထောက်၊ကျွန်လေးယောက်ကို၊နောက်မှမခေါ်၊ စက်တော် မနီး၊ခွါရှောင်သီး၍။ ။ခွါကြီးခွါတော်မူတော့လော၊

စက္ခုသောတ၊ဃာနဇိဝှါ။ကာယမနာ၊ခြောက်ဖြာတံခါး၊ ပိတ်ဆို့ထား ၍၊စကားသိမ္မေ၊တရားပျော်လျက်၊သူတော်သမိုက်၊လိုက်မျက်နှာ။နာနာ သိပ္ပ၊ တက်ဖွဲ့သီးသီး၊ စွဲဖြိုးပညာ၊ ဗိလာအဖြောင့်၊ သီလစောင့်လျက်၊ ဥက္ကောင်းသခင်။ကိုအရှင်ကို၊ချစ်ကြင်ကြောက်ရွံ့၊ နှင်စံကိုးပါး။ထရေး မြဲတော။ကြက်သရေထင်ပေါ်။ ကျွန်သူတော်ကို၊ ပေါင်းဘော်ရက်တင်။ ကျမ်းဝင်နှစ်သက်၊မဒုက်မထောင့်။ကိုတော်စောင့်ဟု၊အဖြောင့်သားသား။ သိမ်းပကားလော၊တရားကိုးတန်၊ကိုယ်မှာကျုံသား။ကျွန်ဘန်ကျွန်ယုတ်၊ ကြမ်းကြုတ်ချွတ်ယွင်း။ကျွန်ပျောင်းကို။ ထမင်းရိက္ခာ။ ကြည့်စပါလည်း၊ ဘယ်ဌါအကျိုး၊ရှိနိုးမထင်။ဝေးစွာနှင်လျက်၊ယခင်တရား။ ကိုးပါးပြည့်ရုံ၊

မတ်ပေါင်းရှ်၍၊ကြယ်ဘုံလျှံ၊ဘ်၊ထပြာသာဒ်လျှင်၊ မိုးထပ်ကောင်းကင်၊ ပျော်စံ၊ရွှင်သို့၊မာရဘင်ချောင်းဦး၊လေသာကူးနှင့်၊ ဆောင်ပူးဆောင်ကွာ၊ အိမ်တော်သာဝယ်၊ ရောင်ဝါလျှပ်ငြိုး၊ စံမပြီး၍၊ ။သာကြီးသာတော်မူ တော့လော။

ရှစ်သောင်းထေးထောင်၊အမြင့်ဆောင်သား၊ တောင်ယုဂန်ဦး၊ကွန့်မြူး လှည့်သည့်၊ ဝင်းဝင်းကြည်၍၊ ရောင်ခြည်သဟာသိ၊ ပြောင်ထွန်းညီ သည့်၊ဟာရိသဝဏ်၊နေဗိမာန်သို့၊မဏ္ဍလသိမ်၊မှောင်မဖြိုနဲ့သား၊ ဂိရိန္ဒရာ၊ နာဂိန္ဒာမှ၊သုယာဒိစ္စ၊ဝင်းဝင်းပသည်၊ မင်းတရားသည်းဖျူး၊ မှတ်ထုံးယု လော၊တောင်ပြုဘုခင်၊ကျွန်းလုံးထင်သား၊တပင်ရွှေထီး၊ အောင်စည်တီး ၍၊စစ်ကြိုမြူဟာ၊ပဒုမာနွန်းတွင်း၊ခံကာကျင်းလျက်၊ တနင်းသာရိ၊ချိုကဲ့ ကုလား၊ သုံးစင်းသားကို၊ မြစ်နားသောင်ကျွန်း၊ ပတ်ပတ်ဝန်း၍၊ သုံ့ပန်း ဆောင်ရာ၊ရလိုပါသား၊မိစ္ဆာမျိုးနွယ်၊ ကုလားငယ်ကို၊နှိုးဝယ်ယုံကြည်၊ ကားမိသည်နှင့်၊သေရည်သေရက်၊ချက်ဆက်ပွဲတော်၊ သောက်တော်ခေါ် က၊မူးမော်မိုက်ရစ်၊သိုခါခေတ်ဝယ်၊စစ်တောင်းစားမတ်၊ လုပ်ကြံထင်၍၊ သတ်ဖြတ်ဇီဝိန်၊ထုံးကိုချိန်လျက်၊ဟိန္ဒူကမျိုး၊ ကျွန်ရိုက်ဆိုးကို၊ အကျိုးမ ထင်၊ကျမ်းမဝင်ထွေ၊ချောင်လွှဲသွေရှင့်၊ ဝေကံ့ကံ၊ မျိုးတူလျက်ထည်း၊ ထွက်ရာစက်ရာ၊တော်နှိုးစွာ၍၊ မဟာကောသလ၊ပြည်မထွင်ဖျား၊ မင်း တရားကိုရထားစိုင်းနှင်၊အကျမ်းဝင်သား၊လုလင်ဒိဗာ၊သတ်ရာကြောင်း ထူး၊ရသေဘူးရှင့်၊ကျေးဇူးထင်ပေါ်၊ရှိမဲ့မြွှော်လျက်၊ ကိုတော်သည့်ထည်း၊ လိမ္မာသည်း၍၊ ရဲရည်းမဆောင်၊ ကျွန်ဆင်ပြောင်ဖြင့်၊ မြန်ဘောင်စွဲငြိုး၊ တက်ခါစီး၍၊ ။သာကြီးသာတော်မူတော့လော။

ထိုမှတတည့်၊နားတော်သည့်လော၊ မြင့်ရှည်အပိုဒ်၊ကျွန်သိဟိုဠ်ဝယ်၊ ပဟိုရ်ခေါင်းသောင်း၊ချက်ပေါင်းရေတွက်၊နာရီဆက်သား၊ရဲခက်ရန်နင်း၊ သုဘမင်းလျှင်၊ချွတ်ယွင်းကြံထောင့်၊ တံခါးစောင့်ဇား၊ ကိုတော်ထားသို့၊ ငါးဝါးဘကုဓ၊ဆင်စေမှတည့်၊ရာဇပလ္လင်၊ မိမိသွင်ဖြင့်၊ ရွှင်စေပြီးလျှက်၊ ကိုယ်ကိုဖှက်ရှင့်၊ဘယက်စလွယ်၊ဆင်သပ္ပါယ်မှ၊မျိုးငယ်မတ်ကြီး၊ဗိုလ် အဖြိုးတို့၊အနီးချဉ်းကပ်၊ဦးနှိမ်ဝပ်က၊မဆင်မရာ၊ပြုတို့ပါဟု၊ သည်းစွာ ဆိုပြီး၊ ထက်ချပ်တီး၍၊ ရက်ကြီးပေးပေး၊ ရယ်သွမ်းသွေးက၊ မလေးမ လောက်၊မကြောက်မရှက်၊သည့်မင်းပျတ်ကား၊တို့လျက်စည်ကို၊မကြည့်

ညို့ဘဲ။မရှိမသေး။မသေမဲ့မြင်။ခါခါပင်ယည့်။မသွင်ချုံးမတ်။ပြုတ်ရှိထိပ်ဟု။
ဝန်းပတ်ဖမ်းဆီး၊ ပျော့ကပ်ပျောက်ပြီးလျှင်၊ မင်းကြီးဟန်ကျူး။ တံခါးမှူးအား၊
ကံလူးချောက်ဆိုက်။ ပြည့်သိမ်းပိုက်ဟု၊ သမိုက်ပြဋ္ဌာန်း။ ဘိသိက်သွန်း
ရှင့်။ဥဒါန်းမပျောက်။သည့်ကိုထောက်၍။သူအောက်ကျသည်။ စည့်ရှည့်စ
ကား။ ခုတိုင်ကြားရှင့်။ မင်းသားကိုတောင်။ ထိုကိုမြှော်၍၊ နှော်ခထားနေ
မျိုး။ကျွန်သတိုးအား။ရှက်နိုးဖွတ်လျှော်၊ဘုန်းမိုးဆော်ကို။ ထင်ပေါ်ငေးနီး၊
ဖြာဖြာစီး၍။ ။ရွာကြီးရွာတော်မူတော့လော။

ထိုမှတဘန်။ရေ့ကိုဖြန့်၍၊ကန့်လျက်ကန့်လျက်။ သုံးဟောင်းကွက်ပိမ့်၊
ကြန်တက်မင်းကျော်၊နားမွှေ့ပျော်လော၊ဘုန်းတော်အစုတ်။ ရန်ညွန့်ချုတ်
သား။ဥဂ္ဂါမှုက်နွယ်လာ။မနူဟာလျှင်။ဟာကာခံတွင်း။စက်မီးဝင်း၍၊ မင်းအ
ရိမ်ဒ်။စောနေနတ်လည်း။တုံသဝ်လန့်ထိတ်၊ ဂွန့်သည့်စိတ်ဖြင့်၊ ရူစိတ်မ
ဝင်၊ပွဲတော်ပြင်လျက်။ ရောင်ရှင်ဝန်း ဒုံ၊စည်းကုန်စာသည်၊ ဦးချိဆက်
သွင်း။သုံးမိခြင်းကြောင့်၊ ခံတွင်းလျှံတာကျ်၊မီးမှူးပျောက်ရှင့်။ ရွှေမေဘ်
ဘုန်းကြွယ်။ငင်းသွင်ယံလည်း၊ ဘိုမယ်ဒေဝိ၊ ငါးဆက်မှီနှင့်။ ငယ်ရှက်
ထွေး၊မတ်ကာလေးတို့၊ဆိဝ်ဆေးခင်လျက်။စားထော်ဆက်က။ နှစ်ဘက်မ
ယွင်း။သုံးမိခြင်းကြောင့်၊ပျက်ကင်းဇီပိန်။နတ်နန်းထိန်ရှင့်။နရိန္ဒထွန်း။ တံခိုး
လွှတ်သား။ဒွတ္တာပေါင်ရန်မှ။မင်းကြီးမဲ့လည်း။သွယ်ဝဲဝိုက်လည်၊ယာက်ကန်း
သည်တို့ချည်မသန့်သက်။ တည့်၍ယက်သား။ မျက်သုပ်ပန္ထု။သုံးစော်မူ
က။ ညွန့်လူကြက်သရေ။မြူတေလျှံဘယ်။မွှဲရှင်ကွယ်၍ မကြွယ်ထနိုး။ မွဲ
သွေးညိုးရှင့်။လုံးရိုခုထက်။ထင်ပြက်ပြက်ကြောင့်။ တွက်ရာစက်ရာ။ ပွဲ
ဆက်ရာနှင့်။သင့်ရာစသည်။ အတည်တည့်ကို။ ညာဏ်ရည်ဆီမီး၊ထိန်
ထိန်ညီး၍။ ။ဝါကြီးဝါတော်မူတော့လော။

ဤတွင်ရွေ့ကား။သတိုးပျိုးအား၊ သိကြားဝတြာ။ မြှောက်တော်မူ၍
ထောက်ကူသော့အား၊ထုံးစကားကို။ကြားကာရှင်ကြည်။ နှားဝယ်လည်
လျက်။ဝိုက်တည်မယွက်။ဝန်းဝန်းကွက်သား။သေလက္ခရာ။ကျောက်ယက်
စာသို့။သောချာနှစ်လုံး၊စွဲယူကျုံး၍၊သုံးလေးစသော။မြွက်ဟာဟောသည်၊
ခတောဝါဒ။ကျမ်းသတ္တဝယ်၊ဇုတိယာတသိ။ မြှောက်ဝွဲချီးသည်။ ။ပြီး၏
ရာဇကဏ္ဍပိုင်းတည်း။

ရာဇရာဇာ။ နရိန္ဒာတို့၊ ဓာ်ပါ။မြ၊ အသံနှလုံးစွဲသုံးမိဥစ။ ရှိထေ သမျှ၊ နှစ်လနေ့ရက်။ မပျက်နာရီ ရိုးချင်ဆိုထိ၊ဥတုကျွာ။ ငံ့ယ်ရှာ နိစ္စ၊လုလ္လသမ္ပဇဉ်၊ရင်ထေနေ့ညှ၊လောဒေါဟနှင့်၊ မာနဇာသာ၊ဖ.ဘိဇ္ဈာ တို့။ကို ကံမှာကပ်ညှိ၊ တိုက်သွန်းမိ၍၊မသိအ.ဝိဇ္ဇာ။ ပုံးကွယ်ကာထျက်။ ပညာနည်းပါး၊သတိမှား၍။တရားမယှဉ်၊လိုချင်ရမက်၊ အမျက်ညှိတွယ်၊ မဘွယ်မယာ၊ပြုသည့်တါကြောင့်။ဆယ်ဖြာဒုစရိုက်။ကိုယ်နှုက်ညှိတွယ် အပါယ်ငရဲ။ ဆံမြေထဲခွာ။တရှုံ့ကျော်။အောဲဟစ်ငိုကြွေ့။ ပြေးလည်းမ လွတ်၊မကျွက်မတွက်။အသက်ခန္ဓာ ကင်းကွာမရှိ ပကတိမပျက်။နှိုင်စက် သမျှ။နေ့ညမယွင်း၊ပူပြင်းလျှ တောက်၊မပေါက်မလွဲ။ငရဲထံမှ၊လွတ်ပြန် ကလည်း၊ဒုက္ခပြင်းထံ၊ တိရစ္ဆာန်ချိုး။ ကျွန်းထိုးမှောက်ခံ၊ သံတုံ့ရှုလုံး ကြိမ်မီးအုံးသို့။မဆုံးနိုင်ရာ။ ချာချာရစ်ပတ်။စက်ရဟတ်ပုံ၊ ဆုံလည် သောနွား။ပမာထား၍။မျှးစွာခံရ။ငံ့ဒုက္ခမှ၊ လွတ်ရပြန်ခါ။ ပြိတ္တာအ.ဖြစ် စင်စစ်ဥတွေ့ရ။ အာဟာရခေါင်းပါး၊အစားအစာ။လွန်စွ မွတ်သိပ်။တိတ် ဆိတ်လူသူ၊ တောငူမြို့ငံခြား။ကမ်းပါးပြတ်ပြို။ တောင်ကြို့တောင်ကြား။ သနားစရာ။ကိုယ်ခန္ဓာသည်း။ရှုချာမကောင်း။ တစောင်းနှမ့်မြင့်။ မတင့်မ တယ်၊မဖွယ်မယာ။ ကြောက်စရာကောင်း။ ထောင်းထောင်းအခံ့၊မသန့် ပြန့်၍၊အံ့ဖွယ်ညှို့၊မသတိအောင်၊ပုတ်ဟောင်နံစော်။ အဟော်ငတ၊ နေ့ညမကင်း။မယွင်းမုချ။ ဒုက္ခမကွာ။ကဝ်ကန္တာလည်း များစွာလွန်မြော် ကျွက်ထောက်မရ၊ဗုဒ္ဓမြတ်ပွား၊ စိန္တေယျာတို့၊တေဇာထွန်းပ၊ဓမ္မသဘင် ပွဲဥတော်ယဉ်၍။ သုံးခွင်လောက၊ ဝေနေယျကုံ၊ ဟောပြသမိုက်။မင်ရေ တိုက်လျှင်။အမြိုက်သောင်ငယ်၊ ဆောင်တော်မူရာ။မပါကြွင်းကျွန်။ ကာဝိ ပါက်ဟောင်း။ မကောင်းမျိုးဥစ့။ အငွေ့ကြွင်းကျန်။ကာအနန္တ။ဘဝများ စွာ။ကန္တာဘာက။ အပရာအပရိ။ မည်ရှိတရား။အမှားမှားကြောင့်။ ယန္တ ရားစက်၊ မပြတ်နိုင်ပါ။ ကိုယ်မှာအမြ။ ဆင်းရဲကြုံတွေ့။ မမေ့နိုင် ရာ။ နောင်ထာ နောက်ပွါး၊ မင်းအများတို့။မှတ်သားကြပါ။ ရာဇာမာန မျက်ဒေါသကြောင့်။ ညြစလေးသွယ်။ရှေငင်ထယ်ရဝ်။မြစ်သရဒ်မှာ။နစ် မြုဝ်ငုတ်လျှို။ ၄၂နှံးထိုးမှောက်ခံ။ သိတုံ့အျူလှိုက်၊ မောဟိုက်ပင်ပန်း။ ဘရန်းဝတာ၊ဖြစ်တတ်စွာသည့်။ ။မှတ်ပါရာဇကဏ္ဍတည်း။ ။

မင်းတို့သဘောသည်။ များသောအားဖြင့်။ ဣသရိယ အစိုးရသော မာန်တို့ဖြင့်တက်ကြွသည်ဖြစ်၍။ ကျေးကျွန်သင်းပင်း။ ဆင်းရဲသားတို့ကို။

မိမိစိတ်နှိုက်ထင်သလိုပြုလိုက်တတ်၏။ ကျေးကျွန်သင်းပင်း၊ ဆင်းရဲသားတို့မှာ၊ ဟုတ်သည်ဖြစ်စေ။ မဟုတ်မမှန်သည်ဖြစ်စေ။ အထက် အစိုးရပြုလျှင်။ ပြုတိုင်းပင်ခံရတော့သည်။ ကောင်းသော သဘောနှစ်လုံး ရှိသောပညာရှိတို့၊ ကြီးကြသိကြ မြင်ကြလျှင်၊ အလွန်တရာရှက်ဘွယ်ရန်လည်းတကြောင်းရှိသည်။ မိမိကိုယ်ကိုလည်း၊ မိမိမသနားသည်နှင့်တူသည်။ အဘယ့်ကြောင့်နည်းဆိုသော်။ ကျေးကျွန်သင်းပင်း၊ ဆင်းရဲ သားတို့မှာ။ မလွဲသာသောကြောင့်၊ ညှင်းပန်းနှိပ်စက်သတ်ဖြတ်သည်ကို ခံ့ကုန် ရသော်လည်း။ သည်ဘဘဝသာခံရမည်။ သူတပါးတို့ကို အနိုင်အထက်။ ညှင်းပန်းနှိပ်စက်သတ်ဖြတ်ကြူးလွန်ခြင်းကိုပြုသောမင်းတို့သည်။ တဘဝနှင့်မပြီး၊ တကမ္ဘာနှင့်မပြီး။ ဘဝများစွာ။ ကမ္ဘာမဆုံးနိုင်အောင် ခံကြရသောကြောင့်။ မိမိကိုယ်ကို။ မိမိမသနားသည်နှင့်တူ၏။ ထို့ကြောင့် မိမိကိုယ်ကိုချစ်ခင်သောသူတို့သည်။ မပြုမိရှေးအဘို့က။ စဉ်းစားဆင်ခြင်၍ ပြုကြမှသာလျှင်။ လောကဓမ္မနှစ်ဝနှစ်တန်။ ကောင်းနိုင်ရန်အကြောင်းရှိသည်။ ပြု၍ပြီး၍ပြုသော အမှုသည်မှားခြင်းကြီးမှားလေစွဟု နှောင်တတဘန်ပူပန်ခြင်းကိုဖြစ်သောမင်းစသောသူတို့သည်။ ယုကြုံးမရ။ လောကလည်းရှုံးဘဝလည်းဆုံးသကဲ့သို့ဖြစ်တတ်သည်။ ထို့ကြောင့် အမှုကိုမပြုခင်ကဆင်ခြင်မှသာလျှင်။ ပညာရှိသောမင်း၏လက္ခဏာသို့ရောက်၍။ လောကဓမ္မနှစ်ဝအကျိုးဖွင့်ဖြိုးကြီးမားခြင်းသို့ရောက်၍၊ ဘုရားစသော သူတော်ကောင်းတို့ချီးမွမ်းထောမနာပြုဘွယ်စကား၊ ပြောကြားခြင်းများကိုခံရသဖြင့်။ ဘဝများစွာသံသရာ၌ များစွာသုခရကြကုန်လျက်။ အဆက်ဆက်သော ဘဝတို့၌လည်း။ တဘဝထက်တဘဝတစတစကြီးပွါးခိုင်ခန့်ခြင်းသို့ ရောက်သည်ဖြစ်၍။ ဘုရားလောင်းမဟောသဓာ။ မဟာသုတသောမမင်း။ အာဒါသမုခမင်းတို့ကဲ့သို့၊ သုတမယညာဏ် စိန္တာမယညာဏ်၊ ဘာဝနာမယညာဏ်။ တခ်ဏ၊ ပဋိပတ္တိညာဏ်များနှင့်ပြည့်စုံသည်ဖြစ်၍။ နိဗ္ဗုတာလမ်းခေမာကမ်းသို့ ကူးသန်းရောက်လွယ်နိုင်ခြင်း၏ အကြောင်းဖြစ်သည်။ ။ဤတွင်၍ဆုံးမခန်းတရပ်ပြီး၏။ ။

ပြကတော့အားဖြင့်သူတော်ကောင်းတို့၏ ဘုရားနှင့်ပြည့်စုံခြင်း။ ရတနာသုံးပါးတို့ကို နေ့စဉ်မပြတ်ဆည်းကပ်ကိုးကွယ်ခြင်း၊ လောကီလောကုတ္တရာအမှုကိစ္စတို့ကိုများစွာအားထုတ်ခြင်း။ မြတ်စွာဘုရားသခင်အလို

ထော်မရှိသော၊ အသောက်အစား ကစားမြူးတူးသော အမှုကိစ္စတို့ကို ရှောင်ကြဉ်ခွင့်ပြစ်ခြင်း။ဘုရားသွားခြင်း၊ကျောင်းတက်ခြင်း၊ဥပုသ်သတင်းတို့ကိုမပျင်းမရိဆောက်တည်စောင့်ထိန်းခြင်း၊ ဖြောင့်မှန်တည်တန့်သောစကားတို့ကို ပြောဆိုလေ့ထသည်ဖြစ်၍၊ ဖရုသဝါစာသမ္ဖပ္ပလာပစကားများကိုသယ်ခွါရှောင်ကြဉ်၍သမာဝါစာဖြစ်သောစကားများကိုသာပြောဆိုလေ့ရှိသော။ဗန်းမော်မြို့မအလယ်ရင်၊သိမ်တော်ရေလယ်ကျောင်းတကာစာရေးကြီးကိုဘိုးလှင်က၊ ဂရုမ္မတရားငါးပါးတို့ကို ကြူးလွန်ဖြစ်ရှားသောသူတို့၏အကျိုးအပြစ်ကို သိလိုကြောင်းနှင့်(၁၂၇၇)ခုနှစ်၊တော်သလင်းလဆန်း (၈)ရက်နေ့။ ဥပုသ်စောင့်ရင်း လျှောက်ထားသောကြောင့် သိမ်တော်ကျောင်း ဆရာတော်သည်၊ အစောင်စောင်သော ကျမ်းတို့မှ၊ ကြည့်ရှု၍ရေးသားဖြေဆိုလိုက်သည်၊

လူတို့နေ့စဉ်မပြတ်ခံယူဆောက်တည်အပ်သောငါးပါးသီလကို၊ ဂရုဓမ္မတရားငါးပါးဟု ဆိုအပ်ကုန်၏။ အဘယ်ကြောင့် ဂရုဓမ္မဆိုအပ်သနည်း၊ရှစ်ပါးသီလဆယ်ပါးသီလတို့သည်။စောင့်လျှင်အကျိုးရှိ၏။ မစောင့်ခြင်းကြောင့်အပြစ်မရှိ။ငါးပါးသီလသည်၊စောင့်လျှင်အကျိုးရ၏။ မစောင့်လျှင် အပြစ်ဖြစ်၏။ ထိုကြောင့် အလေးအမြတ်ပြု၍ စောင့်ရှောက်ရသောကြောင့်ဂရုဓမ္မဟုခေါ်သည်။

ပါဏာတိပါတာဝေရမဏိယာစေတ္တ။အင်္ဂပဥ္စကသမ္ဘာရတာ။အာယောဟပရိနာယသမ္ပတ္တိသုပတိဋ္ဌိတပါဒတာ၊ စာရုတာ၊သုခိတာ သုရတာ၊မဟာပ္ဗထတာ၊ဝိသဋ္ဌဝစနတာ၊ လောကပိယတာ၊ အဘေဇ္ဇပရိသတာ၊ အထမ္ဘတာ၊ရုပ္ပနံ့သိတာ၊ ပရူပက္ကမေနအမရဏတာ၊ အနန္တရပရိဝါရတာ၊သုရူပတာ၊သုသဏ္ဌာနတာ၊ အပ္ပါဗာဒတာ၊အသောကိတာ၊ ပိယေဟိမနာပေဟိသဒ္ဓိံ အဝိပ္ပယောဂတာ၊ ဒီဃာယုတာတိဧဝမာဒိနိသံသန္တိ။ ။ဟူ၍အင်္ဂုတ္တိုရ်ပါဠိတော်။ ၎င်းအဋ္ဌကထာကျမ်းတို့နှိုက်ထာကုန်သည်။ ။

အနက်ကား။ ။ဧတ္ထ၊ဤငါးပါးသောသီလတို့တွင်၊ ပါဏာတိပါတာဝေရမဏိတာ၊သူ၏အသက်ကိုလျှင်စွာချခြင်းမှ၊ ရှောင်ကြဉ်ခြင်းကြောင့်၊ အင်္ဂပဥ္စကသမ္ဘာရတာ၊ ကိုယ်အင်္ဂါကြီးငယ်နှင့် ပြည့်စုံသောအဖြစ်၊အာ

ရောဟပရိနာယာသမှတ္တိ'စ။ အလုံးအရပ်နှင့်ပြည့်စုံသည်၏အဖြစ်။ သုပ
တိဋ္ဌိတပါဒတာ။ညီညွတ်ကောင်းမွန်စွာတည်သောခြေဘဝါးရှိသည်၏အ
ဖြစ်။စာရုတာ၊ သန့်ရှင်းသည်၏အဖြစ်၊ သုစိတာ။စင်ကြယ်သည်၏အဖြစ်။
သူရတာ။ရဲရင့်သည်၏အဖြစ်၊ပဟာပ္ပလတာ။ ခွန်အားကြီးသည်၏အဖြစ်။
ဝိသဒ္ဒစနတာ။ လွတ်လွတ်သန့်ရှင်းစင်ကြယ်သောစကားရှိသည်၏အ
ဖြစ်။ လောကပိယတာ၊ လူတို့ချစ်မြတ်နိုးသည်၏အဖြစ်။ အသင်္ဂပရိသ
တာ။ပရိသတ်မကွဲသည်၏အဖြစ်။အထမ္ဘတာ။ မခက်ထန်သည်၏အဖြစ်။
နုပ္ပသိတာ။သူတပါးတို့မဖျက်ဆီးနိုင်သည်၏အဖြစ်။ပရူပက္ကမေနအမရတာ
တာ၊သူတပါးတို့၏ လုလ္လင်ယောဂနှင့်မသေရသည်၏အဖြစ်။ အနန္တရပရိ
ဝါရတာ။ အခြံအရံများသည်၏အဖြစ်၊ သုရူပတာ။ကောင်းသောအဆင်း
ရှိသည်၏အဖြစ်။ သုသဏ္ဍာနတာ၊ ကောင်းသော သဏ္ဍာန် ရှိသည်
၏အဖြစ်။ အပ္ပါဗာဓတာ၊ အနာနည်းသည်၏ အဖြစ်၊ အသော ကိတာ။
စိုးရိမ်ခြင်းကင်းသည်၏အဖြစ်။ပိယေဟိ။ချစ်အင်ကုန်သော။မနာပေဟိ။နှစ်
လုံးကိုပွားစေတတ်ကုန်သောသူတို့နှင့်။ သဒ္ဓိံ။တကွ။ အဝိရောဂတာ။မ
ကွေမကွာနိုင်သည်၏အဖြစ်။ဒီဃာယုတာ။ ရှည်သောအသက်ရှိသည်၏အ
ဖြစ်။ဇာတိဝေမာဒိဟိ။ဤသို့အစရှိကုန်သော။ဖလာနိ။အကျိုးတို့ကို။လဘန္တိ။
ရကုန်၏၊ ။ဤကား ပါဏာတိပါတကို။ ရှောင်ကြဉ်ရသော အကျိုး
တည်း။

ပါဏာတိပါတံ ကရိတွာန အသီတိကပ္ပါနိ နိရယေပစတိ။
ပစိတွာန တတောမုတ္တော။ ပဉ္စဇာတိသတံ ပေတောဟောတိ။
မန္တာဒိနေကား။သောနာဒသုဗ္ဗတိသယိဒံဖလံ။
ဟူ၍လည်းဟောတော်မူသည်။ ။

အနက်ကား။ ။ပါဏာတိပါတံ။သူ၏အသက်ကို။ကရိတွာန။သတ်ခြင်း
ကိုပြုမိသောကြောင့်။ အသီတိကပ္ပာနိ။ ကမ္ဘာရှစ်ဆယ်တိုင်တိုင်။နိရယေ။
ငရဲ၌။ပစတိ။ကျက်ရခံရ၏။ ပစိတွာန။ ကျက်ပြီးခံပြီး၍၊တတော။ထိုငရဲမှ။
ရဏ္ဍော။လွတ်သည်ရှိသော်။ပဉ္စဇာတိသတံ။ဘဝငါးရာပတ်လုံး၊ပေတော။
ပြိတ္တာသည်။ ဟောတိ။ဖြစ်၏။အနေကာ၊ များစွာကုန်သော။မန္တာဒိစ။ငါး
စသောသတ္တဝါတို့သည်လည်း။ အသုဘဝန္တိ။ ဖြစ်ကုန်၏၊ဇာတိဇာဒံ။ဤ
သည်ကား။အသဿ။ ထိုပါဏာတိပါတကိုပြုသောသူ၏၊ဖလံ။အကျိုးတည်း။
ဤကားပါဏာတိပါတကိုပြုသောသူတို့၏ခံရသောအပြစ်တည်း။

မဟာဒ္ဓနတာ အဒိန္နာဒါနာ ဝေရမဏိယာ ဖလံ။ ရာဇစောရုဒကဂ္ဂိ
အပ္ပိယဒါယာဒေဟိ အသာဓာရဏဘောဂတာ၊ အဒိန္နာဒါနာ ဝေရ
မဏိယာ ဖလံ သုခံဝိဟာရတာ၊ အဒိန္နာဒါနာ ဝေရမဏိယာ ဖလံ၊
ဟူ၍ ခုဒ္ဒကပါဌ အဋ္ဌကထာ၌ ဆိုသည်။

အနက်ကား။ ။မဟဒ္ဓနတာ၊ ဥစ္စာများခြင်းရှိသည်၏အဖြစ်သည်၊ အဒိန္နာဒါနာ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးသော သူတပါးဥစ္စာကို ခိုးယူခြင်းမှ၊ ဝေရမဏိယာ၊ ရှောင်ကြဉ်ခြင်း၏၊ ဖလံ၊ အကျိုးတည်း။ ရာဇစောရုဒကဂ္ဂိ အပ္ပိယဒါယာဒေဟိ၊ မင်းဘေး၊ ခိုးသူဘေး၊ ရေဘေး၊ မီးဘေး၊ မချစ်မနှစ်လိုသော ယုတ်မာသော အမွေခံရှိသော သားမယားတို့နှင့်၊ အသာဓာရဏဘောဂတာ၊ မဆက်ဆံမူ၍၊ စည်းစိမ်ချမ်းသာကို ခံစားသုံးဆောင်ခြင်းရှိသည်၏ အဖြစ်၊ အဒိန္နာဒါနာ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးသော၊ သူတပါးဥစ္စာကို ခိုးယူခြင်းမှ၊ ဝေရမဏိယာ၊ ကြဉ်ရှောင်ခြင်း၏၊ ဖလံ၊ အကျိုးတည်း။ သုခံဝိဟာရတာ၊ ချမ်းသာစွာနေထိုင်ရသည်၏ အဖြစ်သည်၊ အဒိန္နာဒါနာ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးသော၊ သူတပါးဥစ္စာကို ခိုးယူခြင်းမှ၊ ဝေရမဏိယာ၊ ရှောင်ကြဉ်ရခြင်း၏၊ ဖလံ၊ အကျိုးတည်း၊ ။ဤကား အဒိန္နာဒါန်ကို ရှောင်ကြဉ်ရခြင်း၏ အကျိုးတည်း။

အဒိန္နံ အာဒိယိတွာန ပိသာကပ္ပါနိ၊ နိရယေ ပစိတွာ၊ သော ဗဟုဘယော
ဝိရူပါ ဒိုဂုဏော၊ နာထော၊ ကပ္ပန္နော၊ ဒလိဒ္ဒေါ ဟုတွာ၊ နိစ္စေကုလော၊
ဝိစရတိ။ ။ဟူ၍ လည်း ဟောတော်မူသည်။

အနက်ကား။ ။အဒိန္နံ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးသော သူတပါးဥစ္စာကို၊ အာဒိယိတွာန၊ ခိုးယူခြင်းကြောင့်၊ ပိသာကပ္ပါနိ၊ ကမ္ဘာနှစ်ဆယ်တိုင်တိုင်၊ နိရယေ၊ ငရဲ၌၊ ပစိတွာန၊ အကျက်ခံရပြီး၍၊ သော၊ ထိုအဒိန္နာဒါန်ကို ပြုသောသူသည်၊ ဗဟုဘယော၊ ဘေးများသည့်၊ ဟောတိ၊ ဖြစ်၏၊ ဝိရူပါ ဒိ၊ အဆင်း၏ မလှခြင်း ဘောက်ပြန်ခြင်း အစရှိသော၊ ဒုဂ္ဂဏော၊ ဂုဏ်အသရေ မရှိသော၊ အနာထော၊ ကိုးကွယ်ရာ မရှိသော၊ ကပ္ပန္နော၊ အဝတ်းကျန်သော၊ ဒလိဒ္ဒေါ၊ သူဆင်းရဲသည်၊ ဟုတွာ၊ ဖြစ်၍၊ နိစ္စေကုလော၊ နွမ်းစဉ်ဘားစသော ယုတ်နိမ့်သော အမျိုး၌၊ ဝိစရတိ၊ ဖြစ်ရ၏။ ။ဤကား အဒိန္နာဒါန်၏ အပြစ်တည်း။ ။

ဣတ္ထိပုရိသာနံအညမညပိယတာ။ ကာမေသုမိစ္ဆာ စာရာဝေရမဏိယာဖလံ၊ ဣတ္ထိဘာဝပဋိလာဘဿ ဝါ။ နပုံသကတ္တပဋိလာဘဿ ဝါ။ အဘာဗ္ဗတာ ကာမေသုမိစ္ဆာစာရဝေရမဏိယာဖလံ၊ ပိယဝိပ္ပယောဂါဘာဝတာ။ ကာမေသုမိစ္ဆာစာရဝေရမဏိယာဖလံ။

ဟူ၍ခုဒ္ဒကပါဌအဋ္ဌကထာ၌လာသည်။

အနက်ကား။ ။ဣတ္ထိပုရိသာနံ။ အကြင်ထင်မယားဖြစ်ကုန်သောမိန်းမယောက်ျားတို့၏။ အညမညပိယတာ။ တယောက်သည် တယောက်အား အချင်းချင်းချစ်ခင်သည်၏အဖြစ်သည်၊ ကာမေသုမိစ္ဆာစာရဝေရမဏိယာ။ ယောက်ျားတို့သည်မသွားမလာမလွန်ကြူးအပ်သော။ မာတုရက္ခိတာ။ ပိတု။ မာတာပိတု။ ဘဂိနီ၊ ဘာတု၊ ဉာတိ၊ ဂေါတ္တ။ ဓမ္မရက္ခိတာ။ သာရက္ခာ၊ သပရိဒဏ္ဍာ၊ ဓနက္ကီတာ။ ဆန္ဒဝါသိနီ။ ပဋဝါသိနီ။ ဩဒပတ္တကိနီ၊ ဩဘတစုမ္ဗဋာ။ ဓဇာဟဋာ။ ကမ္မကာရီဘရိယာ။ ဒါသီဘရိယာ။ မုဟုတ္တိကာ။ ပေါင်းနှစ်ကျိပ်။ ယောက်ျားတပါးတို့မသွားလာအပ်သော။ သာရက္ခာ၊ သပရိဒဏ္ဍာ ဓနက္ကီတာ။ စသောတကျိပ်နှစ်ယောက်သောမိန်းမတို့၌ မှားသောအကျင့်ကို ကြဉ်ရှောင်ခြင်း၏၊ ဖလံ၊ အကျိုးတည်း။

၄င်းအဋ္ဌကထာ၌။ အဓိပ္ပါယ်ကား၊ သာရက္ခာ။ သပရိဒဏ္ဍာ။ ဓနက္ကီတ စသော တကျိပ်နှစ်ယောက်သော၊ ကာမပိုင်ထင်ရှိသော မိန်းမတို့နှင့်။ ယောက်ျားတပါးတို့က သွားလာလွန်ကြူးလျှင်။ ယောက်ျားလည်း ကာမေသုမိစ္ဆာချ။ မိန်းမတို့လည်းကာမပိုင်ထင်ယောက်ျား၏ဖောဋ္ဌဗ္ဗအတွေ့ကိုခံယူခြင်းကြောင့်၊ မိန်းမလည်းကာမေသုမိစ္ဆာစာရထိုက်၏။ မာတုရက္ခိတစသောရှစ်ယောက်သောကာမပိုင်ထင်မရှိသောမိန်းမတို့၌ယောက်ျားတပါးတို့သွားလာလျှင်။ ယောက်ျားသာကာမေသုမိစ္ဆာစာရထိုက်၏။ မိန်းမတို့ကားမထိုက်။ အဘယ်ကြောင့်မထိုက်သနည်း။ ကာမပိုင်ထင်မရှိသောမိန်းမတို့သည်။ ထိုဖောဋ္ဌဗ္ဗအတွေ့ကို လွန်ကြူးသည်မဟုတ်လော ဆိုငြားအံ့။ တာသံအနိဿယတ္တာဟု။ မဏိမဉ္ဇူ၌ဖွင့်ဆိုသောကြောင့်၊ ထိုမာတုရက္ခိတအစရှိသောရှစ်ယောက်သော မိန်းမတို့၏ဖောဋ္ဌဗ္ဗအတွေ့ကို။ အမိအစရှိသော သူတို့က အစိုးမရ။ လင်သာလျှင်အစိုးရသောကြောင့်တည်း။ ဣတ္ထိဘာဝပဋိလာဘဿဝါ။ ဣတ္ထိလိင်၏အဖြစ်ကို ရခြင်းသည်လည်းကောင်း။ နပုံသကတ္တပဋိလာဘဿဝါ။ နပုန်းလိင်အဖြစ်ကို ရခြင်းသည်လည်းကောင်း။ အဘဗ္ဗတာ။ မထိုက်သည်၏အဖြစ်သည်၊ ကာမေသုမိစ္ဆာစါ

ရဝေမဏိယာ၊ ကါမေသုမိစ္ဆာစာရမှရှောင်ကြဉ်ခြင်း၏၊ ဖလံ၊ အကျိုးတည်း။ ပိယဝိပ္ပယောဂါဘာပတာ၊ ချစ်နှစ်လိုသောသူတို့နှင့်။ ကွေကွင်းခြင်း မရှိသည့်အဖြစ်သည်၊ ကာမေသုမိစ္ဆာစာရ ဝေရမဏိယာ။ ကာမေသုမိစ္ဆာစာရမှရှောင်ကြဉ်ခြင်း၏။ ဖလံ၊ အကျိုးတည်း၊ သဗ္ဗဇနပိယတာ၊ အလုံးရှိသောသူတို့၏ချစ်မြတ်နိုးခြင်းသည်။ ကာမေသုမိစ္ဆာစာရ ဝေရမဏိယာ၊ ကာမေသုမိစ္ဆာစာရမှရှောင်ကြဉ်ခြင်း၏။ ဖလံ၊ အကျိုးတည်း၊ ။ဤကား ကာမေသုမိစ္ဆာစာရကိုရှောင်ကြဉ်သောသူတို့၏အကျိုးတည်း။

ကာမေသုမိစ္ဆာစာရံကရိတွာန၊ တေတ္တိံသကပ္ပါနိ၊ နိရယေပ
စတိ။ ပစိတွာန တတောသဥ္စဇတိသတံပတော။ တတောစုတော
ဓူဏ္ဍိစဥတော ဗျဥ္စနကဥ္စ ပဏ္ဍကာဒိပဋိကုလော ဒုက္ကာယော
ဟောတိ။ ။ဟုဤလည်းဟောတော်မူကုန်သည်။ ။

အနက်ကား။ ။ကာမေသုမိစ္ဆာစာရံ၊ ကာမဂုဏ်တို့၌မှားသောအကျင့်ကို၊ ကရိတွာန၊ ပြုကျင့်မိသောကြောင့်၊ တေတ္တိံသကပ္ပါနိ။ သုံးဆယ့်သုံးကမ္ဘာတို့ပတ်လုံး။ နိရယေ။ ငရဲ၌။ ပစတိ။ ကျက်ခဲရ၏။ ပစိတွာန၊ ကျက်ပြီး၍။ ဝဥ္စဇာတိသတံ။ သဝငါးရာပတ်လုံး။ ပေတော၊ ပြိတ္တာသည်၊ ဟောတိ၊ ဖြစ်၏။ တတော၊ ထိုပြိတ္တာဘဝမှ။ စုတော၊ စုတေသည်ရှိသော်၊ ဓူဏ္ဍိဇ၊ မိန်းသည် လည်းကောင်း။ ဥဘတော ဗျဥ္စနကဥ္စ၊ မိန်းမဥဘတော ဗျည်း၊ ယောကျ်ားဥဘတော ဗျည်းသည် လည်းကောင်း။ ပဏ္ဍကာဒိ၊ ပဏ္ဍုက်၊ နပုန်းပဏ္ဍုက်၊ ဩပက္ကမိကပဏ္ဍုက်၊ အာသိတ္တပဏ္ဍုက်၊ ဥသူယပဏ္ဍုက်ဖြစ်၍၊ အဟိတ်ပဋိသန္ဓေနေရသောအဖြစ်သည်လည်းကောင်း၊ ပဋိကုလော၊ စက်ဆုပ်ရွံရှာဘွယ်ရှိသော။ ဒုက္ကာယော၊ မကောင်းသောကိုယ်အနံ့ရှိသည်၊ ဟောတိ၊ ဖြစ်၏။ ။ဤကား ကာမေသုမိစ္ဆာစာရကိုလွန်ကြူးသောသူတို့၏အဖြစ်တည်း။ ။

သုသုကပရိဇနတာ၊ အာဒေယျဝစသာ၊ မုသာဝါဒါဝေရမ
ဏိယာဖလံ၊ သဒ္ဓမ္မံဒေသနကာလေ၊ သာရသာရတိဘာသတော။
ရုခတောစာယတော၊ ဂန္ဓောဥပ္ပလံဝ ယထောဒကေ၊ ဥပ္ပလဂန္ဓ
မုခဘာ၊ မုသာဝါဒါဝေရမဏိယာဖလံ။
ဟူ၍ခုဒ္ဒကပါဌအဋ္ဌကထာ၌လာသည်။

အနက်ကား။ ။သုသာ၊ ကုပရိဇနတာ၊ ဆိုသောစကားကိုနားထောင်လိုက်နာသောအဖြစ်သည်လည်းကောင်း။ အာဒေယျဝစသာ၊ ယူအပ်သောစကားရှိသောသူ၏အဖြစ်သည်လည်းကောင်း၊ ရုသာဝါဒါဝေရမဏိယာ၊ မဟုတ်မမှန်သောစကားကိုဆိုခြင်းမှကြဉ်ခြင်း၏၊ ဖလံ၊ အကျိုးတည်း။ သဒ္ဒမ္မံ၊ သူတော်ကောင်းတရားကို။ ဒေသနကာလေ၊ ဟောသောအခါ၌။ သသာ ရုသာဝတိ၊ ကောင်း၏ကောင်း၏ဟူ၍။ ဘာသဟော။ ဆိုသောသူအား။ ဥဒကော။ ရေ၌။ ဥပ္ပလံ သထာ။ ကြာကဲ့သို့။ ရုခတော။ ခံတွင်းမှ။ ဂန္ဓော၊ အနံ့သည်ဝါယတေ။ ဖြစ်၏။ ဥပ္ပလဂန္ဓရုခတာ၊ ခံတွင်းကြာညို အနံ့ရှိသည်၏အဖြစ်သည်။ ရုသာဝါဒါဝေရမဏိယာ။ ရုသာဝါဒမှရှောင်ကြဉ်ခြင်း၏။ ဖလံ။ အကျိုးတည်း။

ဧကံဓမ္မံ အတီတဿ ရုသာဝါဒိဿ ဇန္တုနော၊
ဝိတိဏ္ဏပရလောကဿ နတ္ထိပါပံ အကာရိယံ။
ဟူ၍ဓုတ်ပုဘ်ပါဠိတော်၊ ရင်းအဋ္ဌကထာတို့၌ဟောတော်မူကုန်၏။

အနက်ကား၊ ။ဧကံဓမ္မံ၊ ရုသာဝါဒဟု ဆိုအပ်သော၊ တခုသောတရားကို၊ အတီတဿ။ လွန်သော၊ ရုသာဝါဒိဿ။ မဟုတ်မမှန်သောစကားကိုပြောဆိုလေ့ရှိသော။ ဝိတိဏ္ဏပရလောကဿ၊ ကူးသွားအပ်သောတမလွန်လောကရှိသော။ ဇန္တုနော။ သတ္တဝါအား၊ အကာရိယံ။ မပြုအပ်သော၊ ပါပံ။ မကောင်းမှုသည်။ နတ္ထိ။ မရှိ။ ။ဤကားရုသာဝါဒမှရှောင်ကြဉ်သောအကျိုးတည်း။

ရုသာဝါဒံ ကရိတွာ တိံသကပ္ပါနိ။ နိရယေ ပစိတ္ဝာ ပစိတွာ နပုတ္တံရ ခံဝါယတိ။ ဒုဂန္ဓာ ယောဇနံ ပရိမဏ္ဍလံ သဒ္ဒံ နပိဇာနာတိ၊
ဟူ၍ထည်းဟောတော်မူကုန်သည်။

အနက်ကား။ ။ရုသာဝါဒံ။ မဟုတ်မမှန်သောက်ဖြန်သောစကားကို။ ကရိတွာ။ ပြောဆိုခြင်းကိုပြုမိခြင်းကြောင့်။ တိံသကပ္ပါနိ။ ကမ္ဘာသုံးဆယ်တိုင်တိုင်၊ နိရယေ၊ ငရဲ၌၊ ပစိတွာ၊ ကျက်ရကျရ၏။ ပစိတွာ၊ ကျက်ပြီး၍။ ပုတိမုခံ၊ ပုတ်သောခံတွင်းအနံ့ သည်။ ဝါယတိ၊ လှိုင်၏။ တဿ၊ ထိုသူ၏၊ ကာယော ကိုယ်သည်။ ဒုဂန္ဓော၊ မကောင်းသောကိုယ်အနံ့ ရှိလျက်။ ရုခါ၊ ခံတွင်း၌။ နိက္ခန္တော၊ ထွက်သော။ ပုတိဂန္ဓော၊ ညှီဟောင်ပုတ်သိုးသောအနံ့ သည်။ ပရိမဏ္ဍလံ၊ ထက်ဝန်းကျင်။ ယောဇနံ၊ တယူဇနာတိုင်တိုင်။ ဝါယတိ၊ လှိုင်

ဌ်။ သော၊ထိုမှသားဆိုသောသူသည်။သဒ္ဓမ္မံပိ၊ သူတော်ကောင်းတရားကို လည်း၊ နဇာနာတိ၊မသိနိုင်။ ။၅၊ကားမှသားဆိုသောသူ၏အပြစ်တည်း၊

ရတ္တိန္ဒိဝမတန္ဒိတာ။သဒါဥပဋ္ဌိတသတိတာ။ညာဏဝက္ကတာ။အပ္ပ မတ္တတာ။သုရာမေရယမဇ္ဇပမာဒဋ္ဌာနာဝေရမဏိယာဖလံ။ ။ ဟူ၍ရဒ္ဓကပါဠ္ဍအဋ္ဌကထာ၌လာသည်။

ရတ္တိန္ဒိဝမတန္ဒိတာ၊ ညည့်နေ့ပတ်လုံး ပျင်းရိခြင်းမရှိသည်၏အဖြစ် သည်လည်းကောင်း။သဒါ၊အခါခပ်သိမ်း။ဥပဋ္ဌိတသတိတာ၊ ထင်သောသ တိရှိသည်၏အဖြစ်သည်လည်းကောင်း၊ညာဏဝက္ကတာ၊ဉာဏ်ရှိသည်၏ အဖြစ်သည်လည်းကောင်း။အပ္ပမတ္တတာ၊ မမေ့မလျော့သည်၏ အဖြစ်သည် လည်းကောင်း။သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ စေ့စပ်မူးခြင်းမေ့လျော့ခြင်း၏ အကြောင်းဖြစ်သောသေရည်သေရက်ကိုသောက်ခြင်းမှ၊ ဝေရမဏိယာ၊ ကြဉ်ရှောင်ခြင်း၏ ဖလံ၊အကျိုးတည်း။

သုရာမေရယမဇ္ဇပမာဒဋ္ဌာနံ ပဟာယ။ သုရာမေရယမဇ္ဇပမာဒဋ္ဌာ နာ။ ပဋိဝိရတော ဟောတိ။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ။ ပဋိဝိရ တော။ ဘိက္ခဝေ၊ အရိယသာဝကော၊ အပရိမာဏာနံ သတ္တာနံ ဘယံဒေ တိ။ အဝေရံဒေတိ။အဗျာပဇ္ဇံဒေတိ။ အပရိမာဏာနံ သတ္တာနံ အဘ ယံဒတွာ။ အဝေရံဒတွာ။ အဗျာပဇ္ဇံ ဒတွာ၊ အပရိမာဏသ သတ္တသ အဘယဿ။ အဝေ ရဿ၊ အဗျာပဇ္ဇဿ ဘာဂီ ဟောတိ၊ဣဒံဘိက္ခဝေဝဥ္စမံဒါနံမဟာဒါနံ၊အဂ္ဂညံ၊ ရတ္တညံ၊ ဝံသ ညံ။ပေါရာဏံ၊အသံကိဏ္ဏံ၊အသံကိဏ္ဏပုဗ္ဗံနသံကိယိဿတိ။အ ပ္ပဋိကုဋ္ဌံ။ သမဏေဟိ။ ဗြာဟ္မဏေဟိ။ ဝိညူဟိ။ဣယံဘိက္ခဝေ ပုညာဘိသန္ဒော။ကုသလာဘိသန္ဒော။ သုခဿာဟာရော။သောဝဂ္ဂိ ကော။သုခဝိပါကော။သဂ္ဂသံဝတ္တနိကော၊ ဣဋ္ဌာယကန္တာယ၊မ နာပါယ၊ဟိတာယ၊သုခါယသံဝတ္တတိ၊ ဣမေခေါဘိက္ခဝေအဋ္ဌ ပုညာဘိသန္ဒာ၊ကုသလာဘိသန္ဒာ။ သုခဿာဟာရာ။သောဝဂ္ဂိကာ၊ သုခဝိပါကာ။သဂ္ဂသံဝတ္တနိကာ။ ဣဋ္ဌာယကန္တာယ၊မနာပါယဟိ တာယသံဝတ္တန္တိ။ ။ဟူ၍လည်းဟောတော်မူကုန်သည်။

အနက်ကား။ ။သုရာမေရယမဇ္ဇပမာဒဋ္ဌာနံ၊ မူးရစ်စေတတ်သော သေရည်သေရက်ကို၊ပဟာယ၊ပယ်၍။သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ။ မူး

ရစ်စေတတ်သောသေရည်သေရက်ကိုသောက်စားခြင်းမှ၊ ပဋိဝိရတော၊
ကြဉ်ခြင်းသည်၊ဟောတိ၊ဖြစ်၏။ဘိက္ခဝေ၊ရဟန်းတို့၊ သုရာမေရယမဇ္ဇပ
မာဒဋ္ဌာနာ၊မူးရစ်စေတတ်သောသုရာမေရိယ၌။ ပဋိဝိရတော၊ကြဉ်သော။
အရိယသာဝကော၊အရိယာတို့၏တပည့်သားဖြစ်သော ဒါယကာသည်။
အပရိမာနံ၊ အတိုင်းမသိကုန်သော။ သတ္တာနံ၊သတ္တဝါတို့အား။ အဘယံ၊
ဘေးမရှိသည်ကို။ဒေတိ၊ပေးတတ်၏၊ အပရိမာနံ၊အတိုင်းမသိကုန်သော။
သတ္တာနံ၊သတ္တဝါတို့အား။ အဘယံ၊ဘေးမရှိသည်ကို။ဒတွာ၊ပေး၍။အဝေ
ရံ၊ရန်မရှိသည်ကို။ ဒတွာ၊ပေး၍။အဗျာပဇ္ဇံ၊ဆင်းရဲညှိုးညင်ခြင်းမရှိသည်
ကို။ဒတွာ၊ပေး၍။ အပရိမာနသ၊အတိုင်းမသိသော။ သတ္တသ၊သတ္တဝါ
အား။အဘယသ၊ ဘေးမရှိခြင်း၏။အဝေရသ၊ရန်မရှိခြင်း၏။ အဗျာပဇ္ဇ
သ၊စိုးရိမ်ကြောင့်ကြမရှိခြင်း၏။ဘာဂီ၊အဘို့သည်။ဟောတိ၊ဖြစ်၏၊ဘိက္ခ
ဝေ၊ရဟန်းတို့၊ဣဒံ၊ဤသည်ကား။ပဉ္စမံ၊ငါးခုမြောက်သော၊ ဣဒံဒါနံ၊ဤဒါန
သည်၊မဟာနိကြီးသောအကျိုးရှိ၏၊အဂ္ဂညံ၊မြတ်သည့်၏အဖြစ်ကိုသိရ၏
ရတ္တညံ၊ ညဉ့်နေ့အပိုင်းအခြားကိုသိရ၏။ဝံသညံ၊ ဗွေဝေမိန်းမောခြင်း
ကင်း၏။ပေါရာဏံ၊ ဘုရားလောင်းစသောရှေးသူဟောင်းတို့စေင့်ရှောက်
ကုန်၏၊အသံကိဏ္ဏံ၊အကုသိုလ်တို့နှင့်မရောပြွမ်း။အသံကိဏ္ဏပုဗ္ဗံ၊အကု
သိုလ်တို့နှင့်မရောပြွမ်းစဘူး၊ နသံကိလိဿတိ၊ အကုသိုလ်တို့ကြောင့်မ
ညစ်နွမ်း။ နသံကိယိဿတိ၊ ဖြစ်လတ္တံ့သော၊ ရဟန်းပုဏ္ဏားတို့နှင့်တကွ ဖြစ်
ကုန်သော၊ဝိညူဟိ၊ပညာရှိတို့သည်၊အပဋိကုဋ္ဌံ၊မစက်ဆုပ်အပ်။ ဘိက္ခ
ဝေ၊ရဟန်းတို့။အယံပုညာဘိသန္ဒော၊ဤကောင်းမှုအစုသည်။သုခ သဟာ
ရော၊ချမ်းသာကိုဆောင်တတ်၏။သောဝဂ္ဂိကော၊ နတ်ရွာသုဂတိသို့လား
စေတတ်၏။သုခဝိပါကော၊ချမ်းသာသောအကျိုးကိုပေးတတ်၏၊ သဂ္ဂသံ
ဝတ္တနိကာ၊ နတ်ရွာသုဂတိ၌ဖြစ်စေတတ်ကုန်၏၊ ဣဋ္ဌာယ၊ကန္တာယ၊ဤသို့
နှစ်သက်ခြင်း၄ါ။ဣဋ္ဌာယမနာပါယ၊ဤသို့စိုးပွါးရှိခြင်း၄ါ။ ဣဋ္ဌာယသုခါယ၊
ဤသို့ချမ်းသာခြင်း၄ါ။သံဝတ္တတိ၊ဖြစ်၏။  ။ဘိက္ခဝေ၊ရဟန်းတို့။အထ၊
ထို့မှတပါး။ဣမေခေါပုညာဘိသန္ဒာ၊ဤကောင်းမှုအစုတို့သည်။ ဣမေခေါ
ကုသလာဘိသန္ဒာ၊ ဤကောင်းမှုအစုတို့သည်၊သုခသဟာရာ၊ချမ်းသာကို
ဆောင်တတ်ကုန်၏။ သောဝဂ္ဂိကာ၊ နတ်ရွာသုဂတိသို့လားစေတတ်ကုန်
၏၊သုခဝိပါကာ၊ချမ်းသာသောအကျိုးကိုပေးတတ်ကုန်၏။ သဂ္ဂသံဝတ္တနိ
ကာ၊နတ်ရွာသုဂတိ၌ဖြစ်စေတတ်ကုန်၏၊ဣဋ္ဌာယ၊အလိုရှိပြီးစေခြင်း၄ါ။

ကန္တာသယ၊ နှစ်သက်ခြင်းငါ၊ မနာပါယ၊ အနှစ်လုံးကိုပွါးစေခြင်းငါ၊ ဟိတာယ၊ စီးပွါးခြင်းငါ၊ သံဝတ္တတိ၊ ဖြစ်တတ်၏၊

ဤကားသုရာမေရယကိုရှောင်ကြဉ်သောအကျိုးဘည်း။

သုရာမေရယပါန်ဘိက္ခဝေအာသေဝိတံ၊ ဘာဝိတံ၊ ဗဟုလီကတံ၊ နိရယသံဝတ္တနိကံ၊ တိရစ္ဆာနယောနိသံဝတ္တနိကံ၊ ပေတ္တိဝိသယသံဝတ္တနိကံ၊ ယောသဗ္ဗလဟု၊ သောသုရာမေရယပါနဿဝိပါကော၊ မနုဿဘုတဿဥမ္မတ္တကသံဝတ္တနိကောဟောတိ၊ ဥမ္မတ္တကဘာဝံသံဝတ္တေသိ၊ တေနဟိမနုဿာဥမ္မာဒေါဝါ၊ ဝိတ္တဝိက္ခေပါဝါ၊ ဧလေရဂေါဝါဟောတိ၊ အယံသုရာပါနဿနိဿန္ဒောဟောတိ။ ။

ဟု၍လည်းဟောတော်မူကုန်သည်။

အနက်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့၊ သုရာပါနံ၊ သေရည်သေရက်သောက်ခြင်းကို၊ အာသေဝိတံ၊ အာဘန်တလဲလဲမှီဝဲအပ်သည်ရှိသော်၊ ဘာဝိတံ၊ ပွါးစေအပ်သည်ရှိသော်၊ ဗဟုလီကတံ၊ အကြိမ်များစွာထပ်ထပ်အပ်သည်ရှိသော၊ နိရယသံဝတ္တနိကံ၊ ငရဲနိုင်ကျေးခြင်းကို ဖြစ်စေတတ်ကုန်၏၊ တိရစ္ဆာနယောနိသံဝတ္တနိကံ၊ တိရစ္ဆာန်အမျိုး၌ဖြစ်စေတတ်၏၊ ပေတ္တိဝိသယသံဝတ္တနိကံ၊ ပြိတ္တာအမျိုး၌ဖြစ်စေတတ်၏၊ ယောဝိပါကော၊ အကြင်အကျိုးသည်၊ သဗ္ဗလဟု၊ အလုံးစုံသော အကုသိုလ်တရားတို့ထက်ပေါ့၏၊ သုရာမေရယပါနဿ၊ သေရည်သေရက်ကိုသောက်ခြင်း၏၊ သောဝိပါကော၊ ထိုအကျိုးသည်၊ မနုဿဘုတဿ၊ လူဖြစ်သောသူအား၊ ဥမ္မတ္တကသံဝတ္တနိကော၊ ရူးခြင်းကို ဖြစ်စေတတ်သည်၊ ဟောတိ၊ ဖြစ်၏၊ ဥမ္မတ္တကသံဝတ္တနိကောဟောတီတိ၊ ဟောတိဟုသည်ကား၊ ဥမ္မတ္တကဘာဝံ၊ သူရူးအဖြစ်ကို၊ သံဝတ္တေသိ၊ ဖြစ်စေတတ်၏၊ ဟိ၊ ထိုစကားသင့်စွ၊ တေန၊ ထိုသုရာကိုသောက်သောသူသည်၊ မနုဿာ၊ လူသည်၊ ဟုတ္တ၊ ဖြစ်၍၊ ဥမ္မာဒေါဝါ၊ ရူးခြင်းသည်လည်းကောင်း၊ ဝိတ္တဝိက္ခေပါဝါ၊ ဖြန့်လွင့်သောစိတ်ရှိသောအဖြစ်သည်လည်းကောင်း၊ ဧလေရဂေါဝါ၊ ဆွံ့အသောသူ၏ အဖြစ်သည်လည်းကောင်း၊ အယံ၊ ဤသည်ကား၊ သုရာပါနဿ၊ သုရာကိုသောက်ခြင်း၏၊ နိဿန္ဒော၊ အကျိုးဆက်သည်၊ ဟောတိ၊ ဖြစ်၏။ ။သုရာကိုသောက်သောသူတို့၏အဖြစ်တည်း၊ ။ငင်းအကျိုးအပြစ်များသည်၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ ငင်းအဋ္ဌကထာတို့၌ထသည်။ ။

(၅၈)

အဝိစေတ္တသုရာမေရယမဇ္ဇပမာဒဋ္ဌာနမေဝ။ မဟာသာဝဇ္ဇံနထ
ထာပါဏာတိပါတာဒယောကာမ္မာမနုဿဘူတဿဝိ၊ဥမ္မတ္တက
ဘာဝသံဝတ္တနေနအရိယာဓမ္မန္တရာယကရဏတော။
ဟူ၍ခုဒ္ဒကပါဌအဋ္ဌကထာ၌လာ၏။

အနက်ကား၊ ။အဝိစ။စင်စစ်သော်ကား။ဧတ္တ။ ဤပါဏာတိပါတစသောငါးပါးသောကံတို့တွင် သုရာမေရယမဇ္ဇပမာဒဋ္ဌာနမေဝ။ ရစ်ခြင်းမေ့လျော့ခြင်း၏အကြောင်းဖြစ်သောသေရည်သေရက်ကိုသောက်ခြင်း၏သာလျှင်။မဟာသာဝဇ္ဇံ။ကြီးသောအပြစ်ရှိ၏။ပါဏာတိပါတာဒယော၊ပါဏာတိပါတစသောလေးပါးသောကံတို့သည်၊ထထာ။ ထိုသုရာပါနကဲ့သို့။နမဟာသာဝဇ္ဇံ။ အပြစ်မကြီး။ကာမ္မာ။အဘယ်ကြောင့်နည်းဟူမူကား။မနုဿဘူတဿာဝိ၊လူပင်ဖြစ်သော်လည်း။ဥမ္မတ္တကဘာဝသံဝတ္တနေန၊ရူးသောအဖြစ်ကို ဖြစ်စေသဖြင့်။ အရိယာဓမ္မန္တရာယ၊ အရိယာတို့တရား၏အန္တရာယ်ကိုပြုတတ်သောကြောင့်တည်း၊ ။ဤလည်းသုရာမေရယအဖြစ်တည်း။

သုရာမေရံပိဝိတွာနအဋ္ဌကပ္ပါနိ နိရယေ ပစတိ ပစိတွာနပဉ္စဇာတိ
သတံရက္ခောသောဏောမနုဿန္ဓောဥမ္မတ္တကောဇာတိ အဝဿံ
ဖလံ။ ။ဟူ၍လည်းဟောတော်မူကုန်သည်။

အနက်ကား။ ။သုရာမေရံ။သေအရက်ကို၊ပိဝိတွာန။ သောက်သောကြောင့်။အဋ္ဌကပ္ပါနိ။ရှစ်ကမ္ဘာတိုင်တိုင်။ နိရယေ။ငရဲနိုက်။ ပစတိ။ကျက်ရကျိုရ၏။ပစိတွာန။ကျက်ပြီး၍။ပဉ္စဇာတိသတံ၊ဘဝငါးရာ။ရက္ခော။ ဘီလူး သည်လည်းကောင်း၊ သောဏော။ ခွေးသည်လည်းကောင်း။ မနုဿန္ဓော။လူကန်းသည်လည်းကောင်း။ဥမ္မတ္တကော။ရူးခြင်းသည်လည်းကောင်း၊ဟောတိ။ဖြစ်၏။ဇာတိဇာတိ ဖလံ။ ဤအကျိုးသည်၊တဿ။ ထိုသုရာသောက်သောသူအား။အဝဿံ။မချွတ်မယွင်း၊ဖလံ၊အကျိုးသည်။ ဟောတိ။ဖြစ်၏။ ။ဤလည်းသုရာမေရယအပြစ်တည်း။

ယောပါဏာတိပါတေတိမုသာဝါဒဉ္စဘာသတိ။လောကေအဒိန္နာ
မာဒိယတိပရဒါရဉ္စဂစ္ဆတိ။ သုရာမေရယပါနဉ္စယောနရောအနုယုဉ္ဇ
တိဣဓေဝေသောလောကသ္မိံမူလံခနတိအတ္တနော။

ယောနရော၊အကြွင်သူသည်၊ ပါထာတိ၊သတ္တဝါ၏ ဇီဝိတိန္ဒြေကို၊ ပါတေသိ၊ချ၏၊ရသာဝါဒ၌၊ ချွတ်ယွင်းသောစကားကိုထည်း။ ဘာသတိ၊ ဆို၏၊ထောကေ၊ထောကန္တိ်၊အဓိန္နံ၊အရှင်သည်ကိုယ်နှုတ်ဖြင့် မပေးအပ် သောသူတပါး၌ဥစ္စာကို၊အာဒိယာတိ၊ခိုးယူ၏၊ ပရဒါရူ၌၊သူတပါးတို့၏သား မယားကိုလည်း၊ဂစ္ဆတိ၊သွားထာ၏။ ယောနရော၊အကြွင်သူသည်၊ သုရာ မေရယပါန၌၊သေရည်သေရက်သောက်ခြင်းကို၊ အနုယုဥ္စတိ၊ လုံ့လပြု၏။ သောနရော၊ထိုသူသည်၊ ဣဓေဝထောကသ္မိံ၊ ဤပစ္စုပ္ပန်ထောကန္တိ်သာ လျှင်၊အတ္တနော၊မိမိ၏၊မူလံ၊ကုသိုလ်မူလကို၊ခနတိ၊တူးဖြို၏။

ပါပကမ္မံ နာမေတံ အပ္ပကန္တိ နအာဝမညိဘဗ္ဗံ၊ ၊ဟူ၍ဓမ္မပဒပါဠိတော်၊ ရင်းအဋ္ဌကထာတို့နှိက်လာသည်။ ၊အနက်ကား၊ ၊ဧတံပါပကမ္မ နာမ၊ထိုမကောင်းမှုကံမည်သည်ကို၊အပ္ပကန္တိ၊အနည်းငယ်ဟူ၍၊နအာဝ မညိဘဗ္ဗံ၊မထိထေးစားမခံ့မညားမပြုအပ်။ ၊

ဇလေနဘာဝတိပက်၊ ဇလေနေဝဝိသုဇ္ဈတိ၊
စိတ္တေနဘဝတိပါပံ၊စိတ္တေနေဝဝိသုဇ္ဈတိ။ ၊

ဟူ၍ဓမ္မပဒပါဠိတော်ရင်းအဋ္ဌကထာတို့နှိက်လာသည်။ ၊

အနက်ကား။ ၊ယံပက်၊အကြည်ညွှန်သည်၊ဝါ၊ရွှံ့ရေသည်၊ဇလေ န၊ရေကြောင့်၊ဘဝတိ၊ဖြစ်တတ်၏၊ထံပက်၊ထိုဖြစ်သောညွှန်ကို၊ဇလေနေဝ ရေကြောင့်သာလျှင်၊ဝိသုဇ္ဈတိယထာ၊စင်ကြယ်သကဲ့သို့၊တထာ၊ထိုအတူ၊ ယံပါပံ၊အကြွင်မကောင်းမှုသည်၊စိတ္တေန၊စိတ်ကြောင့်၊ဘဝတိ၊ ဖြစ်၏၊ထံ ပါပံ၊ထိုမကောင်းမှုကို၊စိတ္တေနေဝ၊ စိတ်ကြောင့်သာလျှင်၊ ဝိသုဇ္ဈတိ၊စင် ကြယ်၏၊

ထိုဂရုဓမ္မတရား ငါးပါးတို့တွင်၊ သုရာမေရယ သိက္ခာပုဒ်နှိက်၊ အလုံးရုံသော သိက္ခာပုဒ်တို့ထက်ပေါ့သည့်ဟု၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ ဆရာဆိုသောစကား၏၊ အသွားအလာ အဓိပ္ပါယ်ကိုသောက်ချင့်လိုက် လျှင်။ သူတပါးတို့၏ အသက်။ သူတပါးတို့၏ဥစ္စာများနှင့် မထိပါးသော ကြောင့် ပေါ့သည်ဟုဘုဟာန်ရှိသည်၊ရုဒ္ဓကပါဌအဋ္ဌကထာက၊အလုံးရုံ သောသိက္ခာပုဒ်တို့ထက်၊သုရာမေရယသိက္ခာပုဒ်သည်၊ကြီးသောအပြစ်ရှိ ၏ဆိုသောစကားသည်၊ငါးပါးသော ဂရုဓမ္မတို့တွင်၊ သုရာမေရယကံကို ကြူးလွန်ဖြစ်မှားသော သူတို့သည်၊ ငါးပါးသောဂရုဓမ္မဘို့သည့်၊အကုန် ပျက်ရန်အကြောင်းရှိသည်ကိုရည်၍ဆိုသည်၊ ထိုဆရာနှစ်ပါးတို့၏အယူ

ဝါဒသည်၊ အရာနှစ်ခုကို ထောက်ချင့်လိုက်လျှင်။သုံအရာနှင့်သူဆိုရာဆို ခွင့်သင့်တင့်သောကြောင့်၊ နှစ်ပါးစလုံး၏စကားပင်ဟုတ်သည်ဟူ၍ ရှေ့ယူရမည်။ ။ဤတွင်၌ကားဂရုဓမ္မတရားငါးပါးတို့၏အဆုံးအဖြတ်သည်ပြီး၏။

---

သူတော်ကောင်းကိုမှီဝဲဆည်းကပ်ခြင်း၊ သူတော်ကောင်းတို့ဟော ပြောသောတရားစကားကိုနာယူခြင်းသူတော်ကောင်းတို့၏တရားကိုကျင့် ခြင်း၊လောကီလောကုတ္တရာ။ ဗဟုသုတနည်းနာနယတို့ကိုဆည်းဘူးအား ထုတ်ခြင်း၊ရတနာသုံးပါးတို့ကို။ လင်မယားသားသမီးအစုနှင့်တကွ။ကြည် ညိုရိုသေလေးမြတ်ခြင်း၊ သည်းခံခြင်း သဘောနှင့် ပြည့်စုံခြင်း။ဤအမှုကို ပြုလျှင်။ အကျိုးရှိမည်မရှိမည်ကို။ ရှေ့နောက်တိုင်းထွာဆင်ခြင်စဉ်းစား ခြင်း။မိရိုးဘလာဖြစ်သောဗုဒ္ဓဘာသာတရားများကိုလည်း ကျောက်ထိုးအ တူအလေးအမြတ်ပြုသော။ ဖွါးရာဇာတိတောင်ငူခရိုင်ကျွပ်တန်းရပ်။ယဝတ္တိ အခါ၊ဗန်းမော်မြို့မ။ မြေနုရပ်နေ။ တရားသူကြီး အခွန်ဝန်မင်းကိုရွှေစံကား သောရေယျာသူဌေးသားသည်။ရှင်မဟာကစ္စည်းမထေရ်ကို၊မနောကံဖြင့် ဖြစ်မှားမိသောကြောင့်။ ဣတ္ထိဘဝ မျက်မှောက်ဖြစ်သောဘဝ၌ပင်။ မိန်းမဖြစ် သည်ဟုပြောဆိုကြပါသည်။ မနောကံသည်ပေါ့သော ကံဖြစ်ပါလျက်နှင့် အဘယ့်ကြောင့်ဣတ္ထိဘဝမျက်မှောက်ဖြစ်သောအကျိုးကိုပေးနိုင်ပါသနည်း ဟု။သက္ကရာဇ်(၁၂၇၀)ခုနှစ်။တော်သလင်းလဆန်း(၁၀)ရက်နေ့၊နာရီပြန် သုံးချက်ခန့်အချိန်တွင် လျှောက်ထားသောကြောင့်။ ဆိပ်တော်ကျောင်း ဆရာတော်သည်။အစောင်စောင်သောကျမ်းတို့ကိုကြည့်ရှု၍ ဖြေဆိုလိုက် သည်။ထိုစကားကိုအကျယ်ချဲ့၍ဆိုဦးအံ့။

သာဝတ္ထိပြည်တွင်၊သောရေယျမည်သောသူဌေးသားသည်။ရထားစီး လျက်ဂင်္ဂါမြစ်မှရေချိုး၍အပြန်တွင်၊ ဇမ္ဗူရာဇ်ရွှေစင်အဆင်းနှင့်တူသော အရှင်မဟာကစ္စည်းထေရ်၏ အဆင်းတော်ကို မြင်သောလျှင်။ လွန်စွာတပ် မက်မောသောစိတ်ရှိသည်ဖြစ်၍။ ဤမထေရ်သည်။ ငါ၏မယားဖြစ်လေ သော်တော်လေ၏။ဤမထေရ်၏အဆင်းသဏ္ဌာန်သည်။ငါ၏မယားအဆင်း သဏ္ဌာန်ဖြစ်လေသော်။တော်လေစွဟုစိတ်ကကြံမိသောခဏနှိက်ပင်လျှင်။ ပုရိသိန္ဒြေကွယ်ပျောက်လျက်။မိန်းမအဖြစ်ဟုဆိုအပ်သောဣတ္ထိန္ဒြေသည်။ ထင်စွာဖြစ်ပေါ်လာ၏။ထိုအခါလွန်စွာရှက်နိုးသည်ဖြစ်၍ရထားပေါ်မှဆင်း သက်တွက်ပြေးပြီးလျှင်။တက္ကသိုလ်ပြည်သို့ကျူးသွားသောသင်းဘောတွင်

လိုက်သဖြင့်။ဘက္ကုသိုလ်ပြသည့်သို့ ရောက်သောအခါ၊မိမိ၏အဆင်းအင်္ဂါထက္ခ
ထာလိမ္မာရေးချားခြင်းနှင့်ပြည့်စုံသည်ဖြစ်သောကြောင့်၊ကြီးသောသူဌေး
သားနှင့်အကြောင်းပါကြသောကြောင့်၊သားနှစ်ယောက်ဖွါးမြင်ပြီး၍၊အရှင်
မဟာကစ္စည်းမထေရ်ကို၊ တဘန် စင်ကြယ်သောစိတ်ဖြင့် ကထေ့ဖြန်
သောကြောင့်၊ အထက်က ဖြစ်ဖွားခဲ့သော ကံသည် ကွယ်ပျောက်၍၊
သောကျားဖြစ်မြဲဖြစ်ပြန်လျှင်၊ ရှင်မဟာကစ္စည်း မထေရ်မြတ်၏ အထံ
တော်သို့ကပ်၍၊ ရဟန်းခံသဖြင့်၊ ဘဝအဆုံးသတ်၊ အရဟတ္တဖိုလ်တိုင်
အောင်ကူးမြောက်ကြောင်းကိုပြဆို၏၊ထိုသောရေယျသူဌေးသားသည်၊
ရှင်မဟာကစ္စည်းမထေရ်မြတ်ကို၊မနေ့ကပ်ဖြင့်ပြစ်မှားသောအခါ၊ ဘဝ
များစွာသံသရာအဆက်ဆက်တို့ကလွန်ကြူးပြစ်မှားခဲ့ဘူးသော ကာမေ
သုမိစ္ဆာစာရကံတို့သည်၊ပိုင်းခုံညီညာ၍အထောက်အပံ့ပြုကြသောအာ
သေဝန ပစ္စည်းကို ရသောကြောင့်။ မိန်းမဖြစ်သည်၊ ရင့်မာသောပါရမီရှိ
သောညီတော်အာနန္ဒာ၏အထေးင်းတော်များလည်း ဘဝများစွာသံသရာ
က။ပါခဲ့သောကာမေသုမိစ္ဆာစာရကံတို့ကြောင့် မိန်းမဖြစ်ကြောင်းဓမ္မပဒ
အဋ္ဌကထာကျမ်း၌လာသည်တို့ကို။သိသာလွယ်စေရန်စကားပြင်ဖြင့်ရေး
သား၍ပြလိုက်သည်။၎င်းအဋ္ဌကထာ၌လာသောပါဠိများကို၊ ကြည့်တတ်
သောသူတို့ကြည့်စေရန်ရေးသား၍တည့်လိုက်ဦးမည်၊

ပုရိသာဟိ ဣတ္ထိယော။ ဣတ္ထိယောပိ ပုရိသာ။ အဘူတပုဗ္ဗနာမ နတ္ထိ၊ ပုရိ
သာဟိ ပရဿဒါရေသု အတိစရိတွာ၊ကာလံကတွာ ဗဟူနိ ဝဿသတ
သဟဿာနိ။ နိရယေ ပစိတွာ မနုဿဇာတိံ အာဂစ္ဆန္တာ အတ္တဘာဝ သ
တေ ဣတ္ထိဘာဝံ အာဂစ္ဆန္တိ။ ။ဟူ၍လာကုန်သည်၊

အာနန္ဒတ္ထေရေနပိ ဟိ ကပ္ပသတသဟဿံ ပူရိတပါရမိ အရိယသာဝ
ကေန သံသာရေ သံသရန္တေန ဧကသ္မိံ အတ္တဘာဝေ ကမ္မာရကုလေ နိဗ္ဗ
တ္တေတွာ ပရဒါရကမ္မံ ကတွာ နိရယေ ပစိတွာ ပက္ကာဝသေသေန စုဒ္ဒသသု အတ္တဘာ
ဝေသု ပုရိသဿ ပါဒပရိစာရိကာ ဣတ္ထိ အဟောသိ။ သတ္တသု အတ္တဘာဝေ
သု ဗီဇုဒ္ဓရဏံ ပါပုဏိ။ ဣတ္ထိယော ပန ဒါနာဒီနိ ပုညာနိ ကတွာ၊ ဣတ္ထိဘာဝေ
ဆန္ဒံ ဝိရာဇေတွာ ဣဒံ နော ပုညံ ပုရိသတ္တဘာဝ ပဋိလာဘာယ ပဝတ္တတု
တိ စိတ္တံ အဓိဋ္ဌဟိတွာ ကာလံကတွာ ပုရိသတ္တဘာဝံ ပဋိလာဘန္တိ။ ပတိဒေဝတာ
ဟုတွာ သာမိကေ သမ္မာ ဝတ္တိတွာပိ ပုရိသတ္တဘာဝံ ပဋိလာဘန္တေ
ဝ။ ။အယံ ပန သေဋ္ဌိပုတ္တော ထေရေ အယောနိသော စိတ္တံ ဥပ္ပါဒေတွာ

ဗှ်မသ္ဂိ အတ္တဘာဝေဗှ်သ္ဂိဘာဝံပဋိလဘတိ။ တက္ကသိလာယံသေဋ္ဌိပုတ္တေန
သဒ္ဓိံ သံဝါသမန္တာ၊ သပနတသကုဣ္ဌိယံဂဇ္ဈောပတိဋ္ဌာသိ။ သာဆမာသစ္စ
ယေနပုတ္တံလဘိတွာဘသပဒ သာဂမနကာလေအပရံပိပုတ္တံပဋိလဘိ။ ဧဝ
မသကုဣ္ဌိယံဂုဋ္ဌာဒွေ ပုတ္တာ အဟောသုံ သောရေယျနဂရေဝိ ပဍိုစ္စနိဗ္ဗ
တ္တာဒွေတိ စတ္တာရောပုတ္တာ အဟေသုံ။ ထသ္ဂိ ကာလေသောရေယျနဂရ
တော တဿသဟာယကောသေဋ္ဌိပုတ္တော ပဥ္စဟိသကဋ သတေဟိတက္က
သိလံဂန္တွာသုခ သံ့နကေနိသိန္နေ ခနဂရံပဒိသိ။ အထန်သာဥပရိပါသာဒတ
ထေဝါတပါနံပိဝရိတွါ၊ အန္တရဝိထိ ဩလောကိယမါနဒ္ဓိတါတံဒိသွါသဉ္ဇာ
နိတွါဒါသိံ ပေသေတွါဝဏ္ကောသာပေတွါမဟာတလေနိသိဒါးပေတွါသက္ကာ
ရသမ္မာနံ အကာသိ။ အသန်သောအာဟ၊ ဘဒ္ဒေတွံ ဆုတောပုဗ္ဗေအမ္မေဟိနဒိ
ဋ္ဌပုဗ္ဗာ။ ကထဥ္စပနံနောမဟာန္တံ သက္ကာရံကရောသိ ဇာနာသိတွံ အမ္မေသိ၊
အာမသါမိဇာနာမိ။ နနုတုမှေသောရေယျနဂရဝါသိနောတိ။ အာမဘဒ္ဒေတိ။
သာမာတာပိတုနဥ္စဘရိယာယစပုတ္တာနဥ္စအရောဂဘာဝံ ပုစ္ဆိ၊ ဆုတရောအ
မဘဒ္ဒေအရောဂါတိဝတွာသောအာဟ။ အဇ္ဇဇာနာသိဧတေတိ။ အာမသာမိ
ဇာနာမိ၊ တေသံဧကောပုတ္တော အတ္ထိ။ သောဧဟံသာမိတိ။ ဘဒ္ဒေမာဧဝံ
ကထေဟိမယံ နာမသဒ္ဓိံ ဧကာဒိဝသံသုခယါနကေနိသိဒိတွာနှာယိတုံနိက္ခ
န္တာနေဝသာဂတိ ဇာနာမ။ ဆုးတာဝိး ထာစဝိစရိတွာ တံဒိသွာမာတာပိ
တုန့် အာရောစယိမှာ၊ ထောဝိသရောဒိတွာကန္ဒိတွာ ပေကာကိစ္စံ ကရိ
သုတိ၊အဟံ သောသာမိတိ။ အပေဟိအဒ္ဒေကိံ ကထေသိ။ မယှံ သဟာ
ယောဒေဝကုမာရောဝိယဧကောပုရိသောတိ၊ဟောတုသာမိအဟံ သော
တိ။ အထန်ဗှ်ဒံကိံ နာမာတိ၊ တံဒိဝသံတောအယျာမဟာကစ္စာယနတ္ထေ
ရောဒိဋ္ဌောတိအာမဒိဋ္ဌောတိ။ အဟံအယျံမဟာကစ္စာယနတ္ထေရံဩလော
ကေတွာအဟောဝတအယံဝါထေရောမမဘရိယာဘဝေယျ။ ဧတဿဝါ
သရီရဝဏ္ဏောဝိယ မမဘရိယာယသရီရဝဏ္ဏောဘဝေယျာတိ စိန္တေသိ၊
စိန္တိတလက္ခဏောယေဝ ပုရိသလိင်္ဂံအန္တရဓာယိ။ဗှ်ထ္ထိလိင်္ဂံပါတုဘဝ
တိ၊အထာဟံလဇ္ဇမာနာကဿစိကိဉ္စိဝတ္တုံ အသက္ကုဏိတွာ ပလာယိ
တွာဗှ်ဓာဂတာသာမိတိ၊ အဟောဝတတောဘရိယံ ကမ္မံ ကတံဘဏ္ဍာမ
ယှံနာစိက္ခိအပိစပနထေရောခမာပိလောတိ။နခမာပိတောသာမိတိ။ဇာနာ
သိပနတ္တံကဟံသေရောတိ။ဗှ်မမေဝနဂရံ ဥပနိဿာယဝိဟရတိတိ။ သ
စေပိဏ္ဍာယစရန္တောဗှ်ဓာဂစ္ဆေယျအဟံမမအယျာသာဘိက္ခာဟာရံဒဒေ

ယျံ ဘါဒိတ်။ တေနဟိဿိဿံ သင်္ကာရံ ကရောယိ။ အမှါကံ အယံ မာပေဿါ ဒိတ်။ ယေရဿဝ သနဒွာနံ။ ဂတ္တိဝ နွိတွာ ကေမင်္ဂံ နိဿိန္နော ဘန္တေ သွေမ ယှံ ဘိက္ခုံ ဂဗ္ဘထာတိ အာဟ။ နနှတ္တို သေမွိဂုတ္တ အာဂန္တုကောတိ၊ ဘန္တေ မာ အဓ္ဒါကံ၊ အာဂန္တုကဘာဝံ ပုဿယ။ သွေမေ ဘိက္ခုံ ဂဗ္ဘထာတိ။ ထေရော အဓိဝါသေသိ၊ ငေဟောဝိ ထေရဿ မဟာသင်္ကာရော ပဋိယာတ္တော၊ ထေရော ပုနဒိဝသေ တံ ဂေဟာဂ္ဂါရံ အဂမာသိ၊ အထနံ နိဿိဒါပေတွာ ပဏီတေန အာဟာရေန ပရိဝိသိတွာ သေမွိပုတ္တော တံ အာဒ္ဒိ ဂဟေတွာ ထေရဿ ပါဒမူထေ နိပဇ္ဇာပေတွာ ဘန္တေ မယှံ သဟာယိကာ ယာမတောတိ အာဟ။ ကိမေတင်္ဂံ တိ အယံ ဘန္တေ ပုဇ္ဇိ မယှံ သယံ တာ ဟုတွာ တုမှေ ဩဇေးကေ တွာဝေဝံ နာမ ဓိန္တေသိ၊ အထ သော ရှိဘိလိင်္ဂံ အန္တဓာယိ၊ ဣတ္ထိလိင်္ဂံ ပါတုဘဝိ။ ခံထေ ဘန္တေတိ ထေနဟိ ဥဋ္ဌာယ ထခမာပိတော အာဟန္တိ ထေရေန ခမာပိတိ၊ ဝုတ္တမတ္တေယာဝ၊ ဣတ္ထိလိင်္ဂံ အန္တရဓာယိ၊ ပုရိသလိင်္ဂံ ပါတုဘဝိ။ ။ဟူ၍ ဓမ္မပဒအဋ္ဌကထာကျမ်း၌လာသည်၊ ။ဤသို့လာသည့်အတိုင်းသိအပ်၏၊ ။ဤတွင်ရွှေ့ ကားဆုံးဖြတ်ချက်တခုပြီး၏၊ ။

---

သူတော်ကောင်းတို့၏တရားကိုငယ်ရွယ်စဉ်ကပင်၊ ဝဘိဝါသနာနှင့်ထကွ။ ဆည်းကပ်ကိုးကွယ်ခြင်း၊ ဥပုသ်သီတင်းသီလတို့ကိုမပြတ်မလပ်ဆောက်တည်စောင့်ရှောက်ခြင်း။ မိဘဆရာရတနာသုံးပါးတို့ကိုလွှန်စွာအထေးအမြတ်ပြုခြင်း၊ ရဟန်းခံခြင်း။ ရှင်ပြုခြင်း။ ပစ္စည်းဥစ္စါအကုန်ခံ၍ ရှပ်ပွါးဆင်းတုတော်မြတ်များကိုစေတိုက်ဘိရှိနှင့်တကွပူဇော်ခြင်းကိုအားထုတ်သော။ ဗန်းမော်မြို့။ မင်းကုန်းရပ်နေ၊ သူဌေးကတော်ကြီးဖြစ်သော ဘုရားအမမကြော။ ဘုရားများကိုပစ္စည်းအကုန်ခံ၍ကိုးကွယ်ရသောအကျိုးသည်အဘယ်မျှခံစားရပါသနည်းဟု။ သက္ကရာဇ်(၁၂၇၇)ခုနှစ်။ သထင်းကျွတ်ထပြည့်နေ့ လျှောက်ထားသောကြောင့်။ သိမ်တော်ကျောင်းဆရာတော်သည်၊ အစောင်စောင်သောကျမ်းတို့ကိုကြည့်ရှု၍ ရေးသားဖြေဆိုလိုက်သည်။

သဗ္ဗါဝိဏ္ဏေပသန္နေန၊ ရတနာနံ ပူဇာကတံ။
ဇာပါဒေဝမနုဿာသု။ ထဗ္ဘါဘောဂါအသံခ်ရာ။
အသင်္ခြေသုလဘိတွာန၊ နဂရံနိဗ္ဗာနံပါပုဏိ။ ။
ဟူ၍ အင်္ဂုတ္တိုရ်အပါဒါန်စသောကျမ်းတို့၌လာသည်။

အနက်ကား။ ။သဒ္ဓါဝိတ္တေပသန္နေန။သဒ္ဓါကြည်ညိုသောအားဖြင့်။ရတနာနံ့။ဘုရားဟူသောရတနာ။ တရားဟူသောရတနာ။ သံဃာဟူသောရတနာအပေါင်းဘို့အား။ပူဇာ။ရှိခိုးပူဇော်ဘူးမြှော်ကတော့ခြင်းတို့ကို။ ကတံ။ပြုမိ၏။တံ။ ထိုရတနာသုံးပါးအပေါင်းအား ရှစ်ခိုးပူဇော် ဘူးမြှော်ကတော့ခြင်းကိုပြုသောသူတို့အား။ဇာတိဒေဝမနုဿေသု။လူ၏အဖြစ်။နတ်၏အဖြစ်တို့၌။ဣက်။လဒ္ဓါသောဂါ။ ရအပ်သောစည်းစိမ်ချမ်းသာတို့သည်။ အသင်္ချာ။ မရေတွက်နိုင်ကုန်။ အသင်္ချေယျ။မရေတွက်နိုင်သော စည်းစိမ်ချမ်းသာတို့ကို။ဝါ။ချမ်းသာတို့၌။လဘိတွာန၊ ခံစားစံစားပြီး၍။ဝရံ။မြတ်ထွားသော၊ နိဗ္ဗာနနဂရံ။အိုခြင်း၊နာခြင်း၊သေခြင်း၊ပဋိသန္ဓေနေခြင်းကင်းသော။နိဗ္ဗာန်ဟူ့ပြည်ကြီးသို့။ပါပုဏာ။ရောက်ရ၏။ ။အဓိပ္ပါယ်ကား။ဘုရားတရားသံဃာဟုဆိုအပ်သောရတနာသုံးပါးတို့ကို။ ကြည်ညိုသောစိတ်ထားဖြင့်လက္ခကံကျေ့။ပေး၍ပူဇော်သည်ဖြစ်စေ။ ကြည်ညိုသောစိတ်ဖြင့်ထက်အုပ်ချီ၍ပူဇော်ကတော့သည်ဖြစ်စေ။ ထိုသို့ကိုးကွယ်ပူဇော်ကတော့ရသောသူတို့သည်။လူ၏အဖြစ်နတ်၏အဖြစ်တို့၌။မရေတွက်နိုင်သောစည်းစိမ်ချမ်းသာတို့ကို။ ခံစားစံစားရကုန်၏။ ထိုသို့မရေတွက်နိုင်သောစည်းစိမ်ချမ်းသာတို့ကို။ခံစားစံစားပြီး၍။အိုခြင်း၊နာခြင်း၊သေခြင်း၊ ပဋိသန္ဓေနေခြင်းကင်းသောနိဗ္ဗာန်ဟူ့ပြည်ကြီးသို့။ ရောက်ကုန်ရကုန်၏ဟု အဓိပ္ပါယ်ဆိုလိုသည်။

ဗုဒ္ဓသပူဇ မဟာတေဇဝန္တော။ ဓမ္မသပူဇ မဟာပညာဝန္တော။
သံဃာသပူဇ မဟာဘောဂဝန္တော၊ရတနသပူဇာယိဒံဖလံ။ ။
ဟူ၍လည်းဟောတော်မူသည်။ ။

အနက်ကား။ ။ဗုဒ္ဓသ၊မြတ်စွာဘုရားသခင်အား၊ပူဇ၊ ရှိခိုးပူဇော်ဖူးမြှော်ကတော့ခြင်းသည်၊ မဟာတေဇဝန္တော၊ကြီးသောတံခိုးနှင့်ပြည့်စုံ၏၊ဓမ္မသ၊ တရားတော်အား။ ပူဇ၊ ရှိခိုးပူဇော်ဖူးမြှော်ကတော့ခြင်းသည်။မဟာပညာဝန္တော၊ကြီးသောပညာနှင့်ပြည့်စုံ၏။ သံဃာသ၊သံဃာတော်အား။ ပူဇ၊ ရှိခိုးပူဇော် ဖူးမြှော်ကတော့ခြင်းသည်။ မဟာဘောဂဝန္တော၊များသော စည်းစိမ်ဥစ္စာရတနာတို့နှင့်ပြည့်စုံ၏။ဣဒံ၊ဤသို့တံခိုးကြီးခြင်းပညာကြီးခြင်း၊ များသောစည်းစိမ်ဥစ္စာ ရတနာတို့နှင့်ပြည့်စုံခြင်းသည်။ရတနသ၊ရတနာသုံးပါးအပေါင်းအား။ ပူဇာယ၊ပူဇော်ခြင်း၏။ ဖလံ၊အကျိုးတည်း။

ထိုသို့ပြဆိုအပ်သောစကား၏ အဓိပ္ပါယ်မှာ၊ သက်တော်ထင်ရှားရှိသောမြတ်စွာဘုရားကိုဖြစ်စေ၊ ရုပ်ပွါးဆင်းတုထော်ဓာတ်တော်၊ စေတီကိုဖြစ်စေ၊ ရွှေငွေပစ္စည်းအကုန်ခံ၍ပူဇော်ကတော့ ကိုးကွယ်ထည့်ထားခြင်းကိုပြုသောဒါယကာဒါယကမတို့သည်၊ပဒေသရာဇ်ကြေရာဇ်ဒီပရာဇ်စကြာဝတေးမင်းတို့၏မှာဖြစ်၊ ပဒေသရာဇ်ကြေရာဇ်၊ ဒီပရာဇ်၊ စကြာဝတေးမင်းတို့၏ မိဖုရားကြီး အဖြစ်ကိုဖြစ်ရခြင်း၊ ဖြစ်ဖူးသောသက်သေကား။ရှင်မဟာမောဂ္ဂလာန် အလောင်းတော် သုဘဒ္ဒါမိဖုရားကြီး တို့၏ဝတ္ထုနှင့်လာသည်၊တရားတော်ကိုပူဇော်ခြင်းကြောင့်၊ ရှင်သာရိပုတ္တရာတို့ကဲ့သို့ကြီးသောဉာဏ်ပညာနှင့်ပြည့်ရသည်၊ သံဃာတော်ကိုပူဇော်ခြင်းကြောင့်၊များသောစည်းစိမ်ဥစ္စာရတနာတို့နှင့်ပြည့်ရကုန်၏၊ အဘယ်သူသည်သံဃာကိုပူဇော်ခြင်းကြောင့်၊များစွာသောစည်းစိမ်ဥစ္စာရတနာတို့နှင့်ပြည့်ရဘူးသနည်း။ငါတို့ဂေါတမမြတ်စွာဘုရားသခင်၏ လက်ထက်တော်၌၊ရာဇဂြိုဟ်ပြည်သူကြွယ်၏သားပိလိန္ဒဝစ္ဆမထေရ်၏ အလောင်းထော်သည်၊ ရှေးအတိသေလွန်လေကာလ၊ ဘဝများစွာသံသရာ၌ကျင်လည်ရသောအခါ၊သံဃာတော်တို့ကို၊အလွန်တရာကြည်ညို သောစိတ်ရှိသောကြောင့်၊သင်္ဃာထော်တို့၏အသုံးအဆောင်တို့ကို၊အကြွင်းအကျန်မရှိရအောင်လှူဒါန်းပူဇော်ခြင်းကို များစွာပြုထေ၏၊ ထိုသို့ပြုအပ်သောကုသိုလ်ကံစေတနာတို့ကြောင့်၊ဖြစ်လေရာရာ၊သံသရာဘဝတို့၌၊သူဌေးကြီးသူကြွယ်ကြီးဘို့၏အဖြစ်ကို၊ ကြိမ်ဘန်များစွာဖြစ်ပြီးမှ၊ ငါတို့မြတ်စွာဘုရားသခင်၏သက်ထက်တော်၌ကိုရာဇဂြိုဟ်ပြည်တွင်၊ သူကြွယ်၏သားဖြစ်လာ၍၊အချိန်အရွယ်သို့ရောက်သောအခါ၊ မြတ်စွာဘုရားထံ၊ရဟန်းပြုသဖြင့် ရဟန္တာဖြစ်၍၊ ဗိမ္ဗိသာရမင်းကြီးနှင့်တကွ ပြည်သူလူအပေါင်းတို့သည်အလွန်တရာကြည်ညိုသောစိတ်ရှိကြသည်ဖြစ်၍၊ များစွာသောပစ္စည်းပရိက္ခရာတို့ကိုလှူဒါန်းပူဇော်ခြင်းကိုပြုကြကုန်သည်ဖြစ်၍ များစွာသောတပည့်ပရိသာတ်တို့နှင့်ပြည့်ရခြင်း။တပည့်ဝရိသာတ်တို့အား။ပစ္စည်းထေးပါးတို့ဖြင့် ချီးမြှင့်ထောက်ပန့်ခြင်းကိုပြုသော်လည်း။ မကုန်မခန်းနိုင်သည်ဖြစ်၍။ဘဏ္ဍာတိုက်များထားရသောကြောင့်။ပြည်သူလူအပေါင်းတို့က၊ပိလိန္ဒဝစ္ဆမထေရ်သည်၊ တိုင်းပြည်ခရိုင်၊ နိုင်ငံကိုအုပ်စိုးသောဗိမ္ဗိသာရမင်းကြီးကဲ့သို့ထကား၊ဟုပြောဆိုကဲ့ရဲ့သည်ကိုခံရသည်ဟု၊မဟာဝါ၊ရှင်ဇဝါစသောဝိနည်းပါဠိတော်အဋ္ဌကထာကျမ်းတို့၌လာရှိသည်။

ဓမ္မံ ပူဇိဿာမာတိ။ ယေဓမ္မဓာရေ ပုဂ္ဂလေ။ စတူဟိပစ္စယေဟိ ဥပဋ္ဌ
ဟန္တာ ပူဇန္တာ သက္ကရောန္တာ။ ဓမ္မဉ္စ စိရဋ္ဌိတိကံ ကရောန္တော ဓမ္မဒါ
နံ ဒဒန္တိ နာမ။ ။ဟူ၍ ထည်း ဟောတော်မူကုန်သည်။

အနက်ကား။ ။ဓမ္မံ။ ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင်ဟူ ဆိုအပ်သော တရားတော်ကို။ ပူဇိဿာမာတိ။ ပူဇော်ကုန်အံ့ဟူ၍။ ဓမ္မဓာရေ။ တရားကို ဆောင်ကုန်ဟောကုန်သော။ ပုဂ္ဂလေ။ ပုဂ္ဂိုလ်တို့ကို။ စတူဟိ ပစ္စယေဟိ။ ပစ္စည်း လေးပါးတို့ဖြင့်။ ဥပဋ္ဌဟန္တာ။ လုပ်ကျွေးကုန်သော။ ပူဇန္တာ။ ပူဇော်ကုန်သော။ သက္ကရောန္တာ။ အရိုအသေပြုကုန်သော သူတို့သည်။ ဓမ္မဉ္စ။ တရားတော်ကိုလည်း။ စိရဋ္ဌိတိကံ။ ရှည်မြင့်စွာ တည်စေခြင်းကို။ ကရောန္တာ။ ပြုကုန်သော သူတို့သည်။ ဓမ္မ။ တရားတော်နှင့်။ ဒါနံ။ အလှူကို။ ဒဒန္တိ နာမ။ ပေးလှူသည်မည်၏။

ထိုဂါထာ၏ အဓိပ္ပါယ်မှာ။ တရားတော်ကို ပူဇော်လိုသော သူတို့သည်။ တရားကို ဆောင်၍ ဟောသော ရဟန်းပညာရှိ။ လူပညာရှိ ပုဂ္ဂိုလ်တို့အား။ ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်း ပူဇော်ခြင်း။ တရားတော်ကို ရှည်မြင့်စွာ တည်စေခြင်း အကျိုးငှာ။ ပိဋကတ်တိုက်တို့ဖြင့် ကောင်းမွန်သေချာစွာ ပြုလုပ်၍ ဓမ္မက္ခန္ဓာ တရားစာအပေါင်းတို့ကို။ ပျက်စီး ရှုရှင်းခြင်း မရှိရအောင် သိမ်းစောင့်ရှောက်၍ ထားသော သူတို့သည်။ တရားတော်ကို ပူဇော်သည်မည်၏။ တရားတော်ကို ပူဇော်ခြင်းကြောင့် အဘယ်သူသည် လူချမ်းသာ၊ နတ်ချမ်းသာ။ နိဗ္ဗာန်ချမ်းသာ ဟူဆိုအပ်သော ချမ်းသာ သုံးပါးကို ရဘူးသနည်း။ ငါတို့ မြတ်စွာဘုရားသခင်၏ ထက်ထက်တော်နှိုက်။ ရာဇဂြိုဟ်ပြည်။ သူကြွယ်၏ သားဖြစ်သော။ ရှင်သာရိပုတ္တရာ၏ အလောင်းတော်သည်။ သက်တော်ထင်ရှားရှိတော်မူသော မြတ်စွာဘုရားသခင်တို့နှင့် ဘူးမြင်တွေ့ကြုံသော အခါ မြတ်စွာဘုရားသခင် ဟောတော်မူသော တရားတော်ကို။ ရိုသေလေးမြတ်စွာ နာခံမှတ်သားခြင်း ဘုရားသခင်တို့ ပရိနိဗ္ဗာန်စံယူတော်မူသည်နောက်။ တရားတော်ကို ပျက်စီး ရှုရှင်း မရှိရအောင် ရွှေငွေ ပေပုရပိုက်စက္ကူ စသည်တို့နှိုက်။ ရေးကူးပြုစုတည့် ထောင်အား ထုတ်၍။ ပိဋကတ်တိုက်များနှင့်။ ကောင်းမွန်စွာ သိမ်း၍ ကိုးကွယ်ခြင်းကို ပြုကုန်၏။ ထိုသို့ ပြုသော ကုသိုလ်ကံ စေတနာတို့ကြောင့်။ ဖြစ်လေရာရာ သံသရာဘဝ အဆက်ဆက်တို့၌။ ကြီးသော ညာဏ်ပညာတို့နှင့် ပြည့်စုံသည် ဖြစ်၍။ တရားသူကြီး။ တက္က

သိုလ်ဆုံးရာကြီး။ ပရောဟိတ်၊ ရသေ့ ရဟန်းဖြစ်၍၊ များစွာသော လူနတ် အပေါင်းတို့ကို ဟောပြောဆုံးမခြင်း။ လောကီ ဇရာမှာလည်း တခုသောသစ်ပင်ကို။ မြင်လျှင်မြင်ခြင်း၊ ဤသစ်ပင်ကား၊ ဂုဏ်းမြည်မှု၊ ကိုင်းသေးမြည်မှု။ အသီးပေါင်းမြည်မှု။ အရွက်ပေါင်းမြည်မှုရှိသည်ဟု၊ မျက်စိတမှိတ်၊ ယျပ်တဖြက်နှင့်ရေတွက်၍ ဖြနိုင်သည်ဟု၊ ဝိနည်းသုတ္တံ ဇာတ်နိပါတ်ကျမ်းဂန်တို့၌လာကုန်သည်။

တထာအရိယသံဃေ စတုဟိပစ္စယေဟိ၊ ဥပဋ္ဌဟန္တာ ပုဇေန္တာ သက္ကရောန္တာ။တံဥန္နိသဗ္ဗာဘရေဘိ ပိ၊တထာပရိပဗ္ဗန္တာ သံဃ ဒါနံဒဒန္တိနာမ။ ။ဟူ၍လည်းဟောတော်မူကုန်သည်၊

အနက်ကား။ ။အရိယသံဃာ၊အရိယာသံဃာတော်နှင့်၊ တထာ၊ ထို့အတူ။စတုဟိပစ္စယေဟိ၊ လေးပါးသောပစ္စည်းတို့ဖြင့်၊ ဥပဋ္ဌဟန္တာ။ လုပ်ကျွေးကုန်သော၊ပူဇေန္တာ။ပူဇော်ကုန်သော၊ သက္ကရောန္တာ။ အရိုအသေပြုကုန်သောသူတို့သည်၊ သံဃေ။သံဃာတော်နှင့်။ဒါနံ၊အလှူကို၊ ဒဒန္တိနာမ၊ပေးလှူသည်မည်၏၊ တံ။ထိုအရိယာသံဃာတော်ကို၊ ဥန္ဒိဿ၊ ရည်းဆောင်ရည်မှတ်ပြု၍။ ဗုတရဘိ ပိ၊ ယခုထင်ရှားရှိသောသရတိသံဃာတော်မြတ်၌လည်း။ပရိပဗ္ဗန္တာ။လှူဒါန်းခြင်းကိုပြုကုန်သောသူတို့သည်။ သံဃေ၊သံဃာတော်နှင့်။ဒါနံ၊အလှူကို။ဒဒန္တိနာမ၊ ပေးလှူသည်မည် ၏။ ။တရားတော်နှင့်သံဃာတော်မှာ၊ ဇလျှင်သင့်သောကြောင့်ထည့်၍ ရေးလိုက်သည်။ ။

ဤကားဆုံးဖြတ်ချက်တခုပြီး၏၊

ငယ်ရွယ်စဉ်ကပင်။ ဇဝနညာဏ်၊ ဟာသညာဏ်၊ တိက္ခပညာ ညာဏ်တို့နှင့်ပြည့်စုံသည်ဖြစ်၍။သဒ္ဒါသင်္ဂြိုဟ်တို့ကိုသင်ကြားခြင်း။ ဗေဒင်လက်ရိုးဆက်ဆန်းတို့ကို ပေါက်ရောက်အောင်သင်ကြားခြင်း၊ လောကီသောကျွတ္တရာပညာဗဟုသုတတို့ကို။များစွာသေလာခြင်း။ ဆရာမိဘတို့၏ဝတ်နိဗတ်တို့ကို၊ကောင်းစွာဆောင်ရွက်အားထုတ်ခြင်း။ သူ့အပါးတို့၏အလိုဆန္ဒတို့ကိုသိတတ်သော၊ညာဏ်ပညာနှင့်ပြည့်စုံသော။ ဆရာတော်၏တပြည့်ရင်းဖြစ်သော။ ဗန်းမော်စကြဝတ်ဟဲလုံရွာ၊ ဆိုင်ကင်ရွာ။ ထက်ပန်ရွာ၊ နောင်သဲ့ရွာဟုဆိုအပ်သော၊လေးရွာတို့ကို အုပ်ချုပ်ကြီးစိုး

ရသော၊ သူကြီးမင်း မောင်ဘိုးတဲကာ။ ရေစက်ချ။ တရားဟောင်း၊ ဘိတ်ထ တောင်း၊ ပဋ္ဌာန်းပွဲနှင့်အစရှိသည့်တို့ကိုရေးသား၍။ ကယ်မသနားတော်မူပါဘုရားဟု။ သက္ကရာဇ်(၁၂၅၈)ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅)ရက်နေ့လျှောက်ထားသောကြောင့် သိမ်တော်ကျောင်းဆရာတော်သည်၊ အစောင်စောင်သောကျမ်းဂန်တို့ကိုကြည့်ရှု၍ရေးသားလိုက်သည်။

ပဏ္ဏာခ္ဂနထော်ပဋ္ဌာယအစ။ ဝခါနစရိယံဗောဓိပလ္လင်ကော်အဆုံး။ သိမ်းချုန်းမိန့်မှာ။ ဒေသနာခေါ်ဟာရ၊ ခုဒ္ဒကပါဠ်ပင်္ဂိုးတော်၊ မိန့်တော်မူချက်။ မွေစက်အထား။ ဒိပက်ရော။ ရောင်ဝါထွန်းလင်း၊ ထုပ်ချင်းထက်အောက်။ ထွင်းပေါက်ဖီလာ။ အဇတာပြင်။ ကောင်းကင်ဝလာ။ ကမ္ဘာအသင်္ချေ။ ခေမြေးတာထောင်။ မှောင်ကိုယ်ရှား၊ ဘုရားမြတ်စွာ။ ပိဋကယျာဉ်။ ခြေပါဒရင်း။ ဝဝ်စင်းတုဝ်ကွ၊ နိယတဗျာဒိတ်။ ရွှေတံဆိပ်ကို။ ခပ်နှိပ်တော်မူ သည်နေ့မှစ၍။ ပါရမီဆယ်ပါး အပြားသုံးဆယ်။ ငါးသွယ်စွန့်ခြင်း။ မကင်း ဥသဘ။ စရိယာသုံးပါး၊ ဘုရားတို့ဓမ္မတာ၊ ဖြည့်ကျင့်ရာတို့ကို။ တပါးတပ။ မကြွင်းရအောင်၊ လုံးဝဥသုံ။ အကုံအစင်။ ထက်တင်ပတ္တမြား။ ကဲ့အထား သို့၊ ထင်ရှားစွင့်စွင့်ပြီးစီးလင့်သော်။ အဟောဝတ၊ ချီးပအံ့သြ။ ပြော၍မဆုံး။ ဖြိုင်နှန်းမဒ္ဒိ။ ပန်းချီဝန်းပု။ ရေးထုမမှီ၊ ပထီဆန်းမှု၊ အနုအယဉ်။ အသွင်ရုပ။ အလှအချော။ ပြော၍မဆုံး။ စိန်တုံးမြခဲ၊ ပုလဲပတ္တမြား။ မြသားရွှေနီထား။ ရတနာခုနစ်ပါးတို့ဖြင့် ဆင်ယဉ်အဝ်သော၊ နတ်ချောနက်လှ၊ နတ်မိန်းမတို့ဖြင့်။ ခရိုင်းအုံ။ လုံးရ ငြိမ့်ခြောင်း စောင်းညှင်းခရာ။ တူရိယာသံရ မြှုံး၍။ တမိုးလုံးကြွက်ကြွက်ညံ့အောင်။ စံနေတော်မူသော။ ကုသိတာနတ်ပြည်မှ။ ဒိပင်္ကရထမာတဲ့။ အာယုသမယ၊ ငါးဝသောကြည့်ခြင်းကြီးငါးမှုဖြင့်။ ကြည့်ရှုတော်မူပြီးသည့်အဆုံးတွင်။ စိမ်းရွှင်မြသား၊ လေးပါးခက်မ၊ ကြွကြွရောင်ရွှန်း။ သဖြေထွန်းသည့်။ ကျွန်းဒိပါပြင်။ ခေါ်တွင်သာယာ။ အောင်ခြာနဂရ၊ ကပိလဖြည့်တော်ကြီးနိုက်။ ထီးပည်ခရိုင်။ နိုင်ငံအုပ်ချုပ်မင်းလှုင်တော်မူသော။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏။ တောင်ညာစံဒေဝီ။ မဟာသီခေါ်။ မယ်တော်မာယာ။ ဝမ်းတိုက်ယာဉ်။ မွေတာမရွေ။ ကိုးလစေ အောင်။ သန္ဓေဆောင်၍။ ဆယ်လစေသော်။ မယ်တော်ဝမ်းနေ။ ကမ္ဘာလေသည်။ ထွက်ဖြွေ နှိုးဆော်၍၊ ဖွားတော် မူရာ၊ ဖြဟ္မာနတ်လူ၊ ဇမ္ဗူထက်ဝြာ။ ကြေညာ တုံလှုပ်၊ အုဝ် အုဝ် သံ သဲ၊ ပွဲကြီး ခြားနား။ သားဖွား မင်္ဂလာ။ များစွာအခွံသွယ်၊ အသွယ် သွယ် အမှုတို့ကို။ ပြုလုပ်ပြီးစီး၊

ကြီးပွားရင့်မာ။ ချိန်ခါသမယ၊ အရွယ်ကျသော်၊ ဆတ္တဒေသော၊ မြင်သူ
မောဖျ၊ အံ့ဩစရာ။ ဗိမ္ဗာဇွဲလှသော်၊ မယ်ယသော်နှင့် နှစ်ပေါ်တွဲယှက်၊
ထက်ထဝ်မင်္ဂလာ များစွာစီမံ၊ကြွက်ညှ ဆုပေပြုလေပြီးခါ၊ မကြာမမြင့်၊
သန္ဓေရင့်၍၊ချိန်သင့်ခါရောက်၊ ပွါးမြောက်သောခါ၊လစန္ဒာကို၊အာကာတိန်
လမ်း၊ရာဘုဖမ်းခိုက်၊ကြုံကြိုက်ဆုံတွေ့၊ ဖြစ်သည့်နေ့တွင်၊သညာခေါ်မှ၊
သားရာဟုကို၊ရသပိုက်ထွေး။ မွေးကျွေးသုတ်သင်၊ပျော်ရွှင်နေ့ည၊ရဋ္ဌသု
ဘ၊သုရမ္မခေါင်၊ သုံးဆောင်သောပြာသာဒ်ကြီး၊အတွင်း၊ ရှုအဆင်းနှင့်တု
သောရံရွေဘော်အပေါင်း၊ ထေးသောင်းသောမိဖုရားတို့ဖြင့်၊ခြံရံ၍၊စံနေ
တော်မူသောအခါ၊ ပါရမီတော်ညွှန့်ဆော်၊ အချိန်တော်၍၊ ပင့်ခေါ်သည့်သွင်၊
ဥယျာဉ်မင်္ဂလာ၊ထွက်သောခါ၊ဝယ်၊ဝတိန်ဆာဘု များ၊ မိုးယံ၊ ဆီကြွားသည့်
ယဏ္ဍရားခလုပ်။ စက်ရုပ်ပမာ၊ ခန္ဓာရှုတ်ရှိ၊ သုဒ္ဓိသုနာ၊သုသေရဟန်း၊
လေးခန်းသောနိမိတ်ကို၊ဘုရားစိတ်တော်မငြိမ်သက်အောင်၊ဆောင်ထက်၍ဖြ
ထေသေ၊ရွှေကိုယ်ဘုန်းမော်၊ သိဒ္ဓတ္ထအလောင်းတော်သည်၊မပျော်မရွှင်
ထေးအင်နိမိတ် မြင်သည့်ဟိတ်ကြောင့်၊ရွှေစိတ်တော်မသာယာ၍၊နောက်
တော်ပါမောင်ဆန်နှင့်၊ ဆန်းခေါင်ရန်ညဉ့်တွင်၊မြင်းပျံကျော်ကဏ္ဍကကို၊
ခထာချင်းအပါဆောင်၍၊နေ်မာသောင်ဘွဲ့ထိဝ်တွင်၊ ဆံတော်ကိုရိတ်ပြီး
ခါ၊ဖြဟ္မာလျာဒါန်း၊ကြာသင်္ကန်းကို၊ဆင်မြန်းတော်မူပြီး၍၊ ဒုက္ကရစရိယာ၊
ခြောက်နှစ်ကြာကျင့်ပြီ မှ၊ ဘုရားအဖြစ်သို့ ရောက်တော်မူလျှင်၊ သင်္ချိ
သချိုး၊များစွာပြောဘိ။ ကောဋိသိန်းသန်း၊ ဂဏန်းမည်မျှ၊ချုံးမရသော၊
မာရ်နတ်သားရန်ကြီးကို၊ဆည်းဘုးနေ့ည။ ဒသပါရမီ၊ငါးထိစာဂ၊စရိယာ
သုံးပါး၊ယဏ္ဍရားသက်နက်တို့ဖြင့်၊ထချက်တည်းအောင်တော်မူ၍ဘုရားအ
ဖြစ်သို့ရောက်တော်မူသော မြတ်စွာဘုရားသခင်၏၊ ရင်ဆီရင်နှစ်သား
တော် ရင်းအစစ် ဖြစ်တော် မူပေသော၊ သကျ ပုတ္တ သကီဝင်မင်း
တို့မှ ဆင်းသက် နွယ်ဝင်၊ သမုဘ်သခင်၊ အရှင်သုမြတ်တို့ ဘုရား၊
တပည့်တော်တို့မှာ၊အနန္တဘုတောအယံ၊သာကော၊ မိန့်ဟောပါဋ္ဌိသာရှိအ
ရ၊နှစ်ပနှစ်ရ၊ စက္ကုံကွယ်ကင်း။ အလင်းမရ၊အန္ဓပုထုဇဉ်၊ မယှဉ်မက်
ဖိုလ်၊ပုဂ္ဂိုလ်လေးဝ။ အဆုံးကျ၍၊ ဒုက္ခကြီးကျယ်၊ မြစ်ပင်ထယ်ကြော၊
ပေါ်လောဇတ်လျှိုး၊ဂွျမ်းထိုးမှောက်ခုံ၊သဲတုံအရှုလိုက်၊မောဟိုက်ပင်ပန်းဘ
ရန်းဘဒါ၊ ကိုယ်ခန္ဓာသည်၊ ဂဏာမငြိမ်၊ ဆူးခြွေမုဒ၊ ခုကြသောသတ္တဝါ
ချည်းဖြစ်ပါ၍၊မဂ်ထမ်းဖိုလ်ဝ၊နိဗ္ဗာန်ကျွဆောင်၊ပို့ဆောင်ပြသ၊ခမ္မရေ

အမြိုက်ဆေးဖြင့်။ တိုက်ကျွေးကယ်မတော် မူပါမည့်အကြောင်း။ ဆယ်
ချောင်းသော လက်ဟတ္ထကို သိသေမှာ တင်မြှောက်၍၊ အကြွ ကြွမ်
လျှောက်ပါသည် ဆရာတော်သခင်၊အရှင်သူမြတ်တို့သူရား။ ၁ ပုတ်။
ဩဃသယောဇာ။ အာသဝဟု။ မူယနှစ်ထွေ။ သုံးထွေဝဋ်မြစ်၊ မြုပ်နစ်သွယ်
ဖြာ။အလွှာလေးထပ်။ အစပ်သုံးညွှန့်။ အခွန့်သုံးဖြာ၊ အင်္ဂါသယ်နှစ်ပါး၊
စက်ယန္တရား။ သဟာတ်ချားသို့၊မချို့ပမာ၊သတ္တာသန်။ဩကာသဟု။လော
ကသုံးခွင်၊ဘုံအပြင်နိဗ္ဗာန်။ကျင်လည်မျှောပါ။မျှားစွာတွက်ရေ၊ ဗိုလ်ခြေ
အနန္တ။ဒုက္ခဆင်းရဲ၊ဂရင်ဝဲနှင့်၊ယှက်တွဲထွေးလိမ်။ ကြိမ်ဘန်နစ်မွန်း။ငွေ့မြမ်း
ထိုးမှောက်ခုံ၊ရုံဆံတက်သက်။ဘဝဂ်ဝိစိ၊ ဂိရိသမျှ။ဝေနေယျတို့ကို။ ဗုဒ္ဓ
စက္ခု၊ကြွ်ကြွ်ရှုလျှင်။ယခုလောလော။ မနေသွှစ်လုံး။ဟုံးဟုံးစွဲရောက်။
မိုးဝင်၍တောက် သကဲ့သို့၊ အခံ့ထောက်စရာ။မဟာကရုဏာဉာဏ်၊ ဖြင်း
ထန်သည်းစွာ၊ဖြစ်သည့်အကြောင့် သုမေဓာဘဝ။တာပသအဖြစ်။ရှစ်အင်
ရုံညီ၊ ထုံ ဝသီဖြင့်။လုံညီပြည့်ဝ၊ နိယတဗျာဒိတ်ကို။ ခံနှိုဝ်တော်မူ
သည့်နောက်။ထက်အောက်ကြေငြာ။ လေးဖြာသင်္ချေ။စွန်းထွေကမ္ဘာ။ တ
သိန်းကြာအောင်၊သုံးဖြာစရိယာ။ငါးဝစွန့်ခြင်း။ ဖြည်းညှင်းသာယာ။ ပါရမီ
တိံသ။ချယ်ပိုက်ကြုံး။ဆုံးဘဝဟု။သိဒ္ဓထောင်းလျှော။ရာဇာမင်းဖျား။ ထရေး
သံပဇဉ်။လေးအင်နိမိတ်၊ ထိပ်ထန့်ပူဆွေး။ဘေးနှင့်သံဝေ။ ငါးထွေကာမ
ဂုဏ်။ထုံ လောကီသား။ပျော်ပါးနှစ်သက်။ ရောယှက်ချမ်းသာ။ဘဝတ္ထဝါ။
ညွှန်တဏှာ ငင်။ရှုန်စရာဟု လွန်စွာရှုလျက်။သမုဒယ၊နန်းမစည်းစိမ်။နှောင်
အိမ်အတူ၊ထင်မှတ်တော်မူသောကြောင့်၊ရေပူရေချမ်း။ ကမ်းလှမ်းဆက်
သ။မတ်လှမောင်ဆန်။ဟတ္ထာ ဘ အသ။ ဇာနေယျကို။ပါဒနှစ်ပြင်။ ခြေတော်
တင်၍၊စီးနှင်လေရာ။နေ်မာသောင်ကမ်း။ရောင်ခြည်သန်းသည့်။ ညချမ်း
ချိန်ရောက်၊နောက်ပါရမီ။တွဲမှီလျှံထိန်။မွေ့သိမ်ရယာ၊ရှုမဝသည့်၊နန်းမညာ
ပျော်။ယသော်ဒေဝီ။မပေါသိခေါ်။ ရွှေလက်တော်ရှုံး။ အသာထုံးသည့်။
မှင်ဝိတုန်းရောင်။သုံးတောင်ကျော်ရှေ မြဲဆံကေကို။ဟတ္ထလက်ချ ။စွဲကိုင်
ပါသည့်။ရောင်ဝါပြိုးပြက်။စိန်သံလျက်နှင့်။ ငဲ့ကွက်မတတ်။အသာဖြတ်
၍။ကျင့်အဝ်ရွှေတာ။ခြောက်နှစ်ကြာမှ။ထောင့်ငါးရာဟု။ သချာတွက်ရေ။
မျှားကိလေဘ်၊ရှစ်ထွေမဂ္ဂင်။သိလဝင်နှင့်။ ခုဝ်ထွင်ပယ်ရှင်း၊ မိုက်မှောင်
ကင်းလျက်။ဘနက်ဗိုလ်ထိ။အောင်စည့်တီး၍။မငြိုး မွှ လျှော်။ စံတော်မူ
ရ။မွေ့သာမိ။မုနိအစစ်။ မွေ့ရာဇာဘုန်းခေါင်။တခေါင်ဆီးမိုးသဘွယ်ဖြစ်

တော်မူသောမြတ်စွာဘုရား၊ ဘင်္ဂေ့တသန္တိဒဏ္ဍာသသားဖွဲ့ဘာသာယသန္တိမစ္ဆု
နာ။မိန့်ဓာပါဋ္ဌိ။လာ၊ရှိအရ။ဂါဟာဌဟု၊နာမပညတ်၊သကင်ထင်ပေါ်၊ ထပြည့်
ထော်တို့သည်၊ကြောက်ဘွယ်ရာကောင်း၊တိမ်းစောင်းမကျွတ်၊မလွတ်နိုင်
ရာ။သံသရာပဲ၊ဩဃထဲမှ၊ ဆွဲငင်ထုတ်ဆောင်၊ ဘောင်နိဗ္ဗူ။ထိမ်း၊ ခေမာ
ကမ်းသို့ကူးသန်းရောက်နိုင်စေခြင်း၊ဓမ္မဝရံ၊မြွေရင်၊အမြိုက်ဆေးကိုတိုက်
ကျွေးတော်မူပါမည့်အကြောင်းကိုးလျှောက်တောင်း အသနားတော်မြတ်ခံ
ဝန့်ပါသည်၊ဆရာတော်သခင်အရှင်သူမြတ်တို့ဘုရား၊ ၂ ပုဒ်၊

သံသုဋ္ဌကိုးထေးသဟာဉတ်တီတိသံပော မိန့်ဟောပါဋ္ဌိ။လာရှိအငေ၊ပိဋက
ဟာအလို၊မပို-လျှို၊မြန်မာသံကောက်ဆိုကာ၊သဏ္ဌာန်ခွဲပွဲ၊ မည်ရှိဝမ္မ၊နှစ်ရသ
ကို။နေ့ညမဆိုင်း၊ကသိုဏ်းအသွင်၊ ကြေးမှုံပြင်အလား၊မများမတိမ်း၊ မ
ယိမ်းစေရ၊ဘာဝမည်ရှိ၊တော့ဘုရ္ဗိန္နက်မငြိမစွန်း၊ပေါ်ထွန်းသန့်စင်၊ကောင်း
ကင်ဝထာ။အဓိတာဘတ္တဝိုက်၊ငြိစ်းတိမ်တိုက်မှ၊သိုက်မြိုက်တင့်ထယ်။သုံး
သွယ်ဝိဝိ၊ခရီးညှိမြိန်း၊ကန္တာ၊သမ်းတွင်၊စခန်းအကြို၊စန်းငွေယုန်ကို၊ဖမ်း
ခံ့၍ပက်။ရာဟုလက်မှ၊ပေါ်ထွက်ခဲ့ရ။သစန္ဒာကဲ့သို့၊ဘာထောင့်ငါးရာ၊ခန်
မိဿကို၊ ပယ်ခွါတွန်းလှန်၊ ဝိဘ်သံဒိဋ္ဌ်၊ နိဗ္ဗာန်ကိုရောက်စေဘို့၊ မြော်
ထောက်ကျင့်သုံး ထုံးဥပဒေ၊-သေ့ဥသဟာ။ခမ္မတ္ထမု၊ရှိသမျှကို၊ ဖြရမိုင်
နိုင်၊ကြံ့ခိုင်တင်းတင်း၊ မကျွင်းမယုတ်၊ အားထုတ်ကြရာ၊ အရောင်မပြာ၊
မှောင်ထထွာကို၊ရှောင်ခွါတော်မူပေးသော၊ရှစ်ယောက်ပေါ်ထင်၊ထေရ်အ
ရှင်တို့မှ၊ စဉ်လာမပျက်၊ဆင်းသက်သရ။တရားကိုရှုပေသော၊ သမုတိသ
ခင်၊အရှင်သူမြတ်တို့ဘုရား။ထပည့်တော်တို့မှာ၊အင်ဖွာထထွာဝသေနဒွေ
မှုထာန်၊မည်ရှိဝေါဟာ၊အာထာပညတ်၊ပရမတ်ဓေသနာ၊သုံးဖြာဝိဇ္ဇကတ်၊
ပရမတ်အရ၊အာသဝနှင့်၊ဩဃ ယောဂ၊သောသောည် ထျက်၊လောကဝိ
ရစ်လိမ်၊သုံးဆယ့်တစ်နှောင်အိမ်တွင်၊ ကြိမ်ဘန်မလစ်၊ စက်ဓပတ်ပ
မာ။သံသရာမှ၊ရှောင်ခွါလွတ်ထွက်၊ မိုလ်ထိးပြုကနက်ကို၊ စိတ်ဝိတက်
ကောင်းကောင်းနှင့်၊ဆောင်းမိုးလိုပါသည်ဖြစ်၍၊ သာဓု၊မန္ဒ၊သာဓုမန္ဒ၊ဓရ
ပညတ်၊ဘဒ္ဒကပ်ဟု၊ ငါးရပ်သောကမ္ဘာတို့တွင်၊ ဘဒ္ဒကဝ်ကမ္ဘာ၊ခေါ်ရာ
ပညတ်၊အချိဝ်တရာ၊ပဒုမ္မာသည်၊နေအရုဏ်သင့်၊ရုံ အာရင့်၍၊ ပွင့်သော
ပမာ၊ ဤကမ္ဘာမြတ်၊ ဘဒ္ဒကဝ်ဟူ၊ သုံးဆူအကျ၊ ကဿပ ဘဂဝါ၊
ဝိင်္ကြယျာသည်၊ ရှိန်တောဇာပြင်း၊ ဝေနေယျာ လူ့ခပင်းတို့ကို၊ ချမ်းသာ
ခြင်းတရ။ဖြစ်စေရန်အမှုနှင့်၊သဗ္ဗညုတ္တဉာဏ်ဖြင့်၊ဝေဘန်၍ကြည့်တော်

မှုရာ၊ ဝတ်စားတန်ဆာ၊ ဘာလချာနှင့်၊ နေရာတဲကုတ်။ အပွဲတွင်ခေါင်ချုပ်သည့်။ မဟာဒုက်လှမော်။ ဗာရာဏာပြည့်ကျော်သော။ တပည့်တော်အား။ သနားကရုဏာ၊ ရှုဉ်ညှည့်ပါသဖြင့်။ ဘောဇနာနှင့်၊ ဩဇာဆွမ်းမြတ်၊ ဆက်ကပ်လှူရ။ ခြောက်ဖြာရောင့်ရှိန်။ ကိန်ထိန်တွန်းလင်း။ အာခံတွင်း၌၊ စည်းဆင်းယိုသွက်၊ ဓမ္မစက်ကို။ ဖြန့်ကြက်ဝေဌ။ ဟောမြွက်ဟ၍၊ မစတော်မူပါ မည့်အကြောင်းနှင့်၊ လျှောက်ဘူးကြောင်းထုံးစံကို။ နည်းခံထောက်ရှု၊ ပမာပြုဘ၍ဖြင့်။ သတ္တုအောင်မြေ၊ ၌သာနေအဆုံး။ ရွှေဘုန်းတော်သခင်၏၊ စိတ်တော်တွင်အကြံကို။ လျှင်မြန်စွာသိသဖြင့်၊ သတ္တရဘန်တောင်စဉ် ရနစ်ထပ်တို့သည်၊ ရံ၊ ဝတ်ဘာသန်း။ သွယ်တန်းရစ်ခွေ။ ရွှေငွေမြဖလ်။ လေးတန်အရောင်ပြောင်ပြောင်တွန်း၀။ နေလနက္ခတ်။ ရှစ်ရပ်ဂြိုဟ်ကုံး၊ တာရာရံတို့၊ ပိုင်းခုံညီညာ။ ထက်ပျာထှည့်သွား။ ကြီးမားအစောက်။ နှိုင်းထောက်တွက်ညောင်း။ ရှစ်သောင်းလေးထောင်။ နှစ်ပြန်ဆောင်သော။ မဟာမြင်းမိုရ်တောင်လုံးပမာဘာ။ ကြီးကျယ်လှသော။ သုဝဏ္ဏရွှေပန်းကုံးနှင့်။ မြိုင်နှုန်းမရ။ နုးထောက်ခြေပြန်။ လေးတင်ဟန်လို ဓမ္မဒေသနာတုဘဂဝါ။ သဟံပတိ။ မည့်ရှိမြဟ္မာ။ တောင်းပန်လာသကဲ့သို့၊ ဆယ်ဖြာသောလက်ချောင်းကို၊ သီသေ၍ာရုံပေါင်းလျက်။ လျှောက်တောင်းအသနား တော်မြတ်ခံပါသည်။ ဓမ္မပိုက်ထွေး။ အမြိုက်ဆေးကို။ တိုက်ကျွေးတော်မူပါ။ ဆရာတော်သခင်။ အရှင်သူမြတ်တို့ဘုရား။ ၃ ပုတ်။

နုဝဌာနေတိဌတု။ ပါဠိမဂဓေ၊ ဒိုကာပြသည်၊ နေယျတ္ထအရှိ၊ ရွှေးကောက်ညှိ၍၊ သိသာအောင်ဖွင့်ပြန်က။ သဟံပတိ၊ စာဒိုကာရ။ ချာနရောင်ရှိန်။ ထိန်ဝါထွန်းညီ၊ ရွှန်းရွှန်းအိမှ၊ အနုဿိမှန်။ အဘိုးထန်ကို။ ရိုးယံကယုဆောင်၍ နှောင်ဥဒါန်းမပျက်အောင်။ ဆက်ကပ်သောအလှူကို။ ခံယူတော်မူထိုက်သောအရဟံဟူသောဂုဏ်။ လုံးရံသာဝက။ ပစ္စေကဗုဒ္ဓါ၊ ဆရာ့တဆူ၊ ပါရဂူတို့နှင့်၊ တူတော်မမူသည့်အဖြစ်ကြောင့်။ သမ္မာသမ္ဗုဒ္ဓဂုဏ်၊ ညဦးယံမ်ိပုဗ္ဗေနိဝါသ။ သန်းခေါင်အခါဒိဗ္ဗစက္ခု၊ မိုးသောက်အချက်။ ရံစွာမပျက်။ အာသဝက်ကိုရွှေဘက်ပေါ်တင်။ ပတ္တမြားရှင်ကဲ့သို့၊ မြင်သိနိုင်ခြင်း၊ မြိုင်ဟောမဝါ။ ကန္တာခရီး၊ မြစ်ကြီးသရဒ်။ ဝဲဇလုဂ်ပမာ။ ထဏ္ဍာဝါနှ၊ ရစ်ဒေသမှ။ မိကြွေတော်မူတတ်သောဝိဇ္ဇာစရဏဂုဏ်၊ မတိုမ်းမစောင်း။ ကောင်းစွာမှန်ကန်။ ပြည်နိဗ္ဗာန်သို့၊ ကေန်ရချ၊ ကြွတော်မူတတ်

သောသုဂတာဟူသောဂုဏ်၊ သတ္တသင်္ခါရဩကာသဟူ၊ လောကသုံးခွင်၊ ဆုံးအပြင်ကို၊ သိမြင်တော်မူတတ်သော၊ လောကဝိဒူဟူသောဂုဏ်၊ ထုံအာသဝရှိင့်ပြကြွမ်းဘီ၊ ဟတ္ထိနာလာ၊ အာင်္ဂုဝက၊ ဟိန္နကတို့ကို၊ ခထခြင်းယဉ်ကျေးအောင်နည်းပေး၍၊ ဆုံးမတော်မူတတ်သော၊ အနုတ္တရပုရိသဂုဏ်၊ လုံးရုံးရေး၊ ဟောပြညာလည်း၊ မှတ်သားနည်းယူ၊ သည်းကပ်သူတို့၏ဆရာတဆူဖြစ်တော်မူသော၊ သတ္တာဒေဝမနုဿာနံဂုဏ်၊ ထုံသုံးဆဲ့ထစ်၊ ရစ်ပတ်ပွေရှုပ်၊ စက်ဆုပ်အပ်သောအကုသလာခမ္ဘ၊ ညွှေယှုစ်ဖြင့်၊ သယမ္ဘူဉာဏ်စွမ်း၊ ခွဲခြမ်း၍သိနိုင်သော၊ ဗုဒ္ဓဟူသောဂုဏ်၊ ဇူသရိယဓမ္မရသသိရိကာမပယတ္တတည်းဟူသောဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော၊ ဘဂဝါဟူသောဂုဏ်၊ ထုံလောကဓာတ်၊ ဆုံရပ်ာတ်ကို၊ ချိုးဖြတ်သုတ်သင်၊ အောင်မြင်ပြီးစီး၊ ချီးမွမ်းဖွဲ့ဆိုပြောပ၍ မဆုံးနိုင်သောဂုဏ်တော်ကိုးတန်၊ ဉာဏ်တော်အနန္တတို့နှင့်၊ ထွန်းပပြည့်စုံတော်မူပေသောမြတ်စွာဘုရား၊ ယခုအခါညီညာစည်းဝေး၊ ရောထွေးဝေါင်းရ၊ အကြောင်းပြု၍၊ သရခွင်၊ ငွေ့စက်ပြင်သို့၊ ထက်တင်ချပြောက်၊ ကြိမ်ကြိမ်ချောက်ပါသည်၊ အံ့လောက်စရာ၊ ကမ္ဘလာနီ၊ ကတ္တိ-ါဉ္ဇုန္တ၊ ဇာတွန့်ချုံးခု၊ ကောတုံပချစ်၊ တကျွန်းဖြစ်မှန်၊ စိန်လျှမြသား၊ ယိုးဒယားတဇင်ခွေ၊ ငွေနီပလံ၊ ချယ်စိမ့်သော၊ ပလ္လင်ပျံ့ဘွထက်သို့၊ စက်နှစ်ထိယာသထဖြင့်ကြွရောက်တော်မူပါ၊ ငွေ့ဘုန်းတော်သခင်၊ ဗုဒ္ဓဂျမြတ်ဘုရား၊ ။ဘုရားပင့်။

သတ္တအဘိဓမ္မဓမ္မအာဝေဇ္ဇနဋ္ဌာ ပဋ္ဌာနပကာရဏံ ဗျာမပ္ပဘာယာသုပဘာသရံသိဟိဝိဇ္ဇောတန္တာ၊ ။မိန္နမှာပါဋ္ဌိ၊ သာရှိအရ၊ ဗုဒ္ဓရန်၊ မာရဖိန်သည်၊ ရှိန်သန္တာရင့်၊ ချိန်ခါသင့်၍၊ ပွင့်တော်မူစ၊ သတ္တအောင်မြေ၊ ပလ္လင်ဘွတွင်၊ ခမ္မာသင်္ဂနိအစ၊ ကထာဝတ္ထုအဆုံး၊ ခြောက်ကျမ်းလုံးကို၊ သိမ်းရုံးချင့်ချိန်၊ ဝရဖိန်သွား၊ ကဲ့အလားသို့ကိုးကားမှတ်ယူ၊ ဆင်ခြင်တော်မူသော်လည်း၊ ခြောက်ဆူသောရောင်လျှမ်တော်သည်၊ မပေါ်မထွက်၊ နက်နဲလှစွာ၊ မဟာသရဒ္ဓရာအသွင်၊ ပဋ္ဌာန်းကျမ်းကိုဆင်ခြင်တော်မူမှ၊ ဇမ္ဗူနဒတံမင်းစံသင်္ဂီ၊ နာရနီမှန်၊ အဘိုးတန်သည်၊ ရောင်လျှမ်မညီး၊ နေမီးအလား၊ ပတ္တမြားနှင့်နှစ်ပါးရောယှက်၊ အရောင်ထွက်သကဲ့သို့၊ ဟာဒယဝတ္ထုသွေးအရသည်၊ ဖက်မှုယှဉ်ရန်၊ နှိုင်းစံစရာ၊ ဝမာမမြင်၊ ကြည်ထင်သန့်ရှင်းပွင့်လင်းတော်ထိန်၊ ပြည့်ငြိမ့်နှစ်ထွေပေါင်းမိ၊ ရွှန်းရွှန်းအိမ့်၊ ဝကတိသော

ကိုယ်တော်မှသည့်၊ပတ္တမြားညို့၊ခိုမဂမ်းရောင်၊ ထိန်ပြောင်ထွန်းတော်။အုံ့ လေဝံကမန်း၊ရှမခန်းအောင်။ရစ်သန်းသွယ်ဖြာ၊ဝဲယာထက်အောက်။စွဲနှေးဝံလျှံ မို့ မြရည်ရှိသကဲ့သို့။ညို့သောရောင်ခြည်တော်။ပြောင်ထလျှင်လျှင်။မှောင်အ စစ်ဘွင်။ရောင်ဘစ်ကွန့်မြူ။ထူးဆန်းတင့်တယ်။ မိုးလယ်အဖြင်။သွင်တူမ ခန်း။ဆင်ယူ အမှန်း မြင်သူပန်းစေတို့။ဖြန့်သန်းရစ်လိမ်းစိမ်နဂထား၊ တိမ်အ လွှာတွင်။ထိန်ဝါထွေထွေ၊တန့်ရပ်နေသကဲ့သို့။ရွှေသေါရောင်ခြည်တော်။ သွေးခဲအသား၊ပတ္တမြားနီ၊နှင်းဆီခေါင်ယန်း၊ဝတ်ပန်းချိတ်ရည်၊ ထည့်ကမ္ဗ လာ။ပဟာမဝါမြှိုင်။ဂနိုင်တကြော၊ပြောပစရာ။တွယ်ထာရစ်မှီး၊ ကျီးအာ မျှည့်အဆင်းကဲ့သို့။ချင်းချင်းနီသောရောင်ခြည်တော်။ မွှေ့လျော်လွှင်မြူး ကြည်နူးဘွယ်ရာ။ ခတ္တာဂရ်း၊ ကြက်ရုံးစမွယ်။ ဖွယ်ဖွယ်ရာရာ၊ သာခွါ ဘော်စင်။စက်ဘင်ပုံနှိပ်။ ယုန်ထံဆိပ်သွင်း၊ရွှေလမင်းအတူ၊ ဖွေးဖွေးဖြူ သောရောင်ခြည်တော် မှိုင်းရိဖြာမှောင်၊ခိုတောင်အလားပတ္တမြားညို့၊အ ဆင်းပွင့်ခြင်းရေယှက်။ခက်ရွက်ထူးဆန်း၊ ခတောက်ပန်းပုတိုင်းညို့ကဲ့ သို့ ထိုသို့၍၍။ဒိသာဆယ်ရပ်၊ လျှပ်လျှင်မညီ၊အုံ့ချီးမကုန်၊ လုံးရ ဗိုလ် ပေါင်းရှုမညောင်းသည့်။မောင်းသောရောင်ခြည်တော်၊နဘအာကာ၊တိမ် ဝါအဆင့်၊ချင့်ဖော်မရမ်း၊လျှပ်စစ်ပန်းနွယ်။သွယ်သွယ်ရစ်ပိုက်။ ကိုက်ပုံ ပန်းကြွေးလှပသည့်ကျေး။မြင်အသွေးမှာ။မင်ဆေးနှင့်ပြုသလို။ နုနုရွရွ။ရှုမဝ အောင်။ထွန်းပြောင်ဝါရွှေ။ဝတိန်ဘွေတွင်၊မြင်သူတို့စက္ခု၊ရှုသူတို့နှစ်လုံး သား။ဖခုဏာပီတိ။ဆိထိသော၀ွမ်းအလားကဲ့သို့။ထန့်နားမငြိမ်။မနိုင်ခြေ။အ ခြေနည်းပါး။လှုပ်ရှားနွဲ့ရှက်။ပြိုးပြိုးပြက်။ ရိုးရိုးရက်။ တခဲနက်သောရောင် ခြည်တော်။၍သို့နီလပိတ၊ လောဟိတ။ဩဒါတ။မဥ္စဋ္ဌ။ ပဘာဿရဟုဆို အပ်သောရောင်ခြည်တော်ခြောက်သွယ်တို့သည်။ ကိုယ်တော်မှမပြတ်၊ တလျှပ်လျှပ်တဝင်းဝင်း။ ထွန်းထင်းတောက်ထိန်၊ အနန္တနိလာမသာရကာ။ မျက်ပြန်နီလာ။စိမ္မာရေယှက်၊ဘယ်တွက်ညာကျူး။မီးရှူးဥက္ကါ။ ရှိန်သန္တာ မျှ။ချိန်အခါရ၊တိန်လွှာကကျသလို။စီးယိုလျှံဘိတ်၊ကံနိမိတ်ကြောင့်။ထက် အောက်ဖိလာ။ဒိသာဆယ်ရပ်၊ လျှပ်လျှပ်ထွန်းညို့။ ဓာတိအာဏာ။ဝိသ ယာဟု။သုံးဖြာခေတ်လုံး။ဝိတ်ဖုံးညိုစွဲ။ရဲရဲတောက်သောင်။ ရောင်ကိုပယ် ရှင်း၊ရောင်ရင့်ကျင်း၍။ထင်းစေတတ်သော။ဝေမာဒိဂုဏ၊ပေထံ၊၍သို့ဂုဏ် ရ၊နှိုင်းတုမရ၊ကြီးမြတ်လှသော။ ဗုဒ္ဓ ပဋ္ဌာနပဘာရထံ။ ၍ပဋ္ဌာန်းကျမ်း

ထေဝ်ကြီးကို၊ ဟော။ အရှင်ပရိသာတ်အပေါင်းသူတော်ကောင်းတို့မယ်။ ငါ တို့သည်၊ ဘဏာမ။ ရွတ်ကြကုန်ရို့၊ ။ ဤကားပဌာန်းမွမ်း။

ဘန္တေ၊ အရှင်ဘုရား၊ မယ်၊ အကျွန်နုပ်တို့သည်၊ သံသာချဝဋ်ရကွတော၊ ခန္ဓာအာယတန ဓာတ်၊ စက်ရဟာတ်တို့၏ဖွဲ့ပတ်ပြောင်းလွဲ၊ ဖြစ်မြဲပျက်မြဲ၊ မစဲမဆိတ်၊ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတို့သည်၊ အဘန်ထလဲလဲအမြဲမပြတ်၊ နှိပ်စက်တတ်သောသံသာရာဝဋ်ဆင်းရဲ။ ဝဲဩဃ ရေအယဉ်မှ၊ မေါ်စနတ္တာယ စ။ မကြာမတင်၊ အလျှင်အမြန်ထွက်မြောက်ပါ ရစေခြင်းအကျိုးငှာလည်းကောင်း၊ နိဗ္ဗာနသာ၊ ရာဂဂ္ဂိ၊ ဒေါသဂ္ဂိ၊ မောဟဂ္ဂိ အစရှိသောတဆဲ့တပါးသောမီးတို့၏ကင်းရာကုန်ရာ၊ ချုပ်ရာငြိမ်းရာဖြစ် သော နိဗ္ဗာန်ကို၊ သစ္ဆိကရဏတ္ထာသစ။ မျက်မှောက် ပြုပါရခြင်း အ ကျိုးငှာသော်ကောင်း။ ကဋ္ဌ၊ ကုသိုလ်ကံ ၏ကုသိုလ်ကံကိုလည်း ကောင်း၊ ကမ္မဖလသဥ္စ။ ယခုပြုသောကံ၏အကျိုးကိုလည်းကောင်း၊ သဒ္ဒဟိ တွာ ယုံကြည်ပါကုန်သည်ဖြစ်၍၊ တိသရဏေန၊ သုံးပါးသောသရဏဂုံ နှင့်၊ သဟ။ တကွ။ ပဉ္စသီလာနိ၊ ငါးပါးသောသီလဘောင်မြတ်ကို၊ သမာဒိ ယိတွာ၊ ကောင်းစွာခံယူဆောက်တည်ပြီး၍၊ ဇုမ်ဒေယျာခွဲ၊ ဤလှူဒါန်း ဘွယ်ဝတ္ထုတို့ကို၊ အာယသ္မန္တာနံ၊ အရှင်ဘုရားတို့၏၊ သရဏေ၊ မျက်မှောက် တော်၌၊ ဒက္ခိဏာဒကံ၊ အလှူရေစက်ကိုပါတေတွာ၊ သွန်းချ၍၊ ဒေမပူဇေ မ၊ လှူဒါန်းပူဇော်ပါကုန်၏၊ ဘန္တေ၊ အရှင်ဘုရားတို့၊ ယထာသုခံ၊ အလိုတော် ရှိသည့်အတိုင်း၊ ပရိဘုဥ္စထ၊ သုံးဆောင်တော်မူကြပါကုန်။ ဇုမိနာပုည ကမ္မေန၊ ဤသို့ပြုအပ်သောကုသိုလ်ကံစေတနာတို့ကြောင့်၊ ဘဝါဘဝေသု၊ ဘဝကြီးငယ်တို့၌၊ သံသရန္တေပိ၊ ကျင်လည်ပျော်ဝါး သွားလာချည်ွား သော်ထည်း၊ ဟီနကုလေသုစ၊ ယုတ်သော အမျိုးတို့၌လည်းကောင်း၊ ဘဇ္ဇသုစ၊ ကျွန်မျိုးတို့၌ လည်းကောင်း၊ စတ္တသု၊ ဆေးပါးကုန်သော၊ အပါယေသုစ၊ အပယ်ဘုံတို့၌လည်းကောင်း၊ မိစ္ဆာဇီဝေသုစ၊ ယုတ်မာ သောအသက်မွေးခြင်းရှိသောအမျိုးတို့၌လည်းကောင်း၊ ဒိဗ္ဗိသုစ၊ မှားသော အယူရှိသောအမျိုးတို့၌လည်းကောင်း၊ ကုဒါစနံ၊ တရံတဆစ်မျှ၊ နဘဝါမိ၊ မဖြစ်ရသောကိုယ်ဖြစ်ပါလို၏၊ ဒေဝမနုဿသမ္ပတ္တိ၊ လူပြည်နတ်ပြည်၌ဖြစ် သောလူမင်းနတ်မင်းတို့၏ စည်းစိမ်ချမ်းသာတို့ကို၊ လဘန္တု၊ ခံစားစံစား ရသည်ဖြစ်ပါစေသတည်း။ ထတိတွာန၊ ခံစားသုံးဆောင်ပြီး၍၊ အန္တိမဘ

ဝေ၊အသုံးစွန့်သောဘဝ၌။အစွယ်ထိ၊ရတေခြင်းမရှိသော၊အသင်ထံ၊ကံစိတ်
ဥတုအာဟာရတည်းဟူသော၊အကြောင်းတရားလေးပါးတို့သည်ပြုပြင်စီ
ရင်ခြင်းမရှိသော၊အနုတ္တရ၊ မိမိဆက်လွန်မြတ်သော ထရေးမရှိသော၊
အာသာကျွယ်၊ကာမာသဝ၊ ဘဝါသဝ၊ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝဟုဆိုအပ်
သော၊လေးပါးသော အာသဝေါတရားတို့၏ ကင်းရာကုန်ရာချုပ်ရာငြိမ်း
ရာဖြစ်သော၊နိဗ္ဗာန်၊နိဗ္ဗာန်သို့၊ပါရဂူသာမ၊ ရောက်ရသောကိုယ်ဖြစ်ပါ
လို၏၊ယာဝ၊ အကြွင်မဲ့ထောက်သောကာလပတ်လုံး၊ နိဗ္ဗာန်၊ နိဗ္ဗာန်သို့၊
နပါပုဂ္ဂိသာမ၊ မရောက်ရကုန်သေး၊ တာဝ၊ ထိုမျှထောက်သောကာ
လပတ်လုံး၊ သဒ္ဓေ၊ သဒ္ဓါတရားနှင့်ပြည့်စုံသော၊ အနဋ္ဌေ၊ ကြွယ်သော၊
မဟာဒ္ဓနေ၊ များသော ဥစ္စာရှိသော၊ မဟာ ဘောဂေ၊ များသော အသုံး
အဆောင်ရှိသော၊ကုလေ၊ အမျိုး၌၊ တိပေါတကပဋိသန္ဓိကော၊ တိဟိတ်
ပဋိသန္ဓေ နေရသော၊ သဒ္ဓမ္မမာမကော၊ သူတော်ကောင်း တရားကို
မြတ်နိုးနိုင်သော၊ပုရိသုတ္တမော၊ယောက်ျားမြတ်သည်၊ဘဝေယျာမ၊ဖြစ်ရ
ပါလို၏၊ဇာတိဇာတိသု၊ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝတို့၌၊နတ္ထိဘိဝစနဥ၊
မရှိဟူသောစကားကိုသည်းကောင်း၊ ဒေထာတိဝစနဥ၊ ပေးပါမှု၍ပြော
ဆိုရသောစကားကိုသည်းကောင်း၊ကုဒါနံ၊တရံတဆစ်မျှ နဘဝါမိ၊မဖြစ်
ရသောကိုယ်ဖြစ်ပါလို၏၊အမှာကံ၊ အကျွန်ုပ်တို့၏၊ဘောဂါနိ၊ စည်းစိမ်
ဥစ္စာတို့ကို၊ ပဥ္စဝေရာနိ၊ ငါးပါးသောရန်သူတို့သည်၊ မာဂဏ္ဍနု၊ မသိမ်းနိုင်
သည်ဖြစ်စေကုန်သတည်း၊ဇာတိဇာတိသု၊ဖြစ်တိုင်းဖြစ်တိုင်းသောဘဝတို့
၌၊တိဟိ၊သုံးပါးကုန်သော၊ ဂန္ဓေဟိစ၊သီလဂန္ဓ၊သမာဓိဂန္ဓ၊ ပညာဂန္ဓတို့
နှင့်သည်းကောင်း၊တိဟိ၊သုံးပါးကုန်သော၊ရသေဟိစ၊ အတ္တရသ၊ဓမ္မရသ၊
ဝိမုတ္တိရသတို့နှင့်သည်းကောင်း၊သမ္ပန္နော၊ပြည့်စုံသည်၊ဘဝေယျာမ၊ဖြစ်
ရသောကိုယ်ဖြစ်ပါလို၏၊ အနာဂတေ၊ နောင်ပွင့်တော်မူထွန်းကုန်သော
ဗုဒ္ဓါနံ၊ မြတ်စွာဘုရားသခင်တို့၏၊ ကာလေ၊လက်ထက်တော်၌၊ သတ္တ
တိံသ ဗောဓိပက္ခိယဓမ္မေဟိ၊ သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယ
တရားတို့နှင့်၊ သမ္ပန္နော၊ ပြည့်စုံသည်၊ ဘဝေယျာမ၊ ဖြစ်ရသောကိုယ်
ဖြစ်ပါလို၏၊ ဤကောင်းမှု အဘို့ကိုလည်း၊ ဂုဏ်ကျေးဇူး အထူးတင်
ပေကုန်သော၊ မာတာ ပိတုနဥ၊ အမိ အဘ တို့အား လည်းကောင်း၊
အာစရိယာနဥ၊ မဂ်ညာဏ်ဖိုလ်ညာဏ် နိဗ္ဗာန်ထမ်းကြောင်း၊ ကောင်း
စွာညွှန်ပြဆုံးမသတ်သောဆရာသမား အားလည်းကောင်း၊ တို့သုမ္မတေ

သုံး၊ သုံးသုံးပါးတို့နှိက်၊ ပဝတ္တာနံ ဖြစ်ကုန်သော၊ ရာဇာဒီနံ၊ မင်းမိဖုရားမင်း သားမင်းသမီး၄ါးကြိမ်မတ်ရာ သေနာပတိတို့အား လည်းကောင်း၊ သဗ္ဗ သတ္တာနဥ္စ၊ အထက်ဘဝက် အဝီစိအတွင်း၌တည်နေသောသတ္တဝါ တို့အားလည်းကောင်း ယမရာဇာဒီနဥ္စ ငရဲထိန်းငရဲသူငရဲသားတို့အား လည်းကောင်း။ အမှာကံ၊ ကျွန်နုပ်တို့၏၊ ဘာဂံ၊ ကုသိုလ်၏အဘို့ကို၊ ဘာဇေမ၊ အမျှပေးဝေ ပါကုန်၏၊ မယံ၊ အကျွန်ုပ်တို့သည်၊ အနာဂတေ၊ နောင်သော ကာလ၌၊ မုယှမာနေ၊ မေ ထျော ညားသော်လည်း၊ ဈာမ် ဝသုန္ဓရီ၊ ဤနှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးသည့်၊ ဝါ၊ မြေကိုစောင့်သောမြေစောင့်နတ်သည်၊ အမှာကံ၊ အကျွန်ုပ်တို့၏၊ သက္ခိ၊ သက်သေသည်၊ ဟောတုဘဝတု၊ ဖြစ်စေသတည်း။ ရေစက်ချထပုန် ဖြိုး၏။

ထင္ကြော၊ အရှင်ဘုရား၊ မယံ၊ သခုအခါစည်းဝေးရောက်ထသခ္ဓာပဥ္စက ဝေါဟာရသဒ္ဒါ၊ တကာတကာမခေါ်၊ ထပည့်တော်တို့သည်၊ ကမ္မဥ္စ၊ ပြုပြုသ မျှ၊ ဥသာ၊ ဟာ တထွေစေတနာဘာဟု ဆိုအပ်သောကံကိုလည်းကောင်း၊ ကမ္မပ ထဥ္စ၊ ပြုပြုသမျှ၊ ကုသထသော်နှိုးကံအကျိုးကိုလည်းကောင်း၊ သဒ္ဒဟိတွာ၊ သဒ္ဒါရှေ့သွား၊ ထရားကိုရှု၊ ဒိဋ္ဌဇုကမ္မသန္ဓလုံ.၇ံ၊ ယုံကြည်ပါကုန်သည် ဖြစ်၍၊ တိသုခ တော၊ သုံးဦးတရားသံဃာ အားဖြင့်၊ သုံးပါးရတနာဘယ်ခါ မလဝ်၊ ဆည်းကပ်ခြင်းနှင့်၊ သဟာ၊ တကွအတူ၊ နှစ်ထုံးမှုလျက်၊ ပဥ္စသီလာနိ၊ အင်္ဂါငါးထွေ၊ အခြေကြီးဖွဲ့၊ မြတ်သီလကို၊ သမာဒိယိတွာ၊ စေတိသေဒဖြွက် ဟာမငြိ၊ ခံယူပြီး၍၊ ဈာမ် ဒေယျဓမ္မဒါတဗ္ဗဝတ္ထူနိ၊ ဤသွမ်းဘောဇဥ်သော် ထော်ရေချမ်းပန်းပေါက်ပေါက်ဆီမီး တံခွန်ကုက္ကားမထေးပွါးကြက်သျှာ တို့ကိုလည်းကောင်း၊ အနယသဿက္ကာနံ၊ အရှင်ဘုရားတို့အား၊ ပဗ္ဗက်၊ အသီး အသီး၊ သံဘိဋ္ဌိတွာ၊ ပိုင်ခြား၍၊ ဒက္ခိဏောဒကံ၊ အလှူရေစက်ကို၊ ပါတေ တွာ၊ သွန်းချ၍၊ ဒေမပူဇေမ၊ လှူဒါန်းပူဇော်ပါကုန်၏၊ အမိနာ ပုညကမ္မေန၊ ဤသို့ပြုရသောကုသိုလ်ကံ စေတနာတို့ကြောင့်၊ ဘဝါဘဝေ၊ ဘဝကြီး ငယ်တို့၌၊ သံသာရ ကန္တာရဝိ၊ လူးလာကြိမ်ဘန်ခန္တာအာယတနဖြစ်ပြန်ရသော ထည်း၊ အပါယာဒီဒုက္ခေဟိ၊ အပါယ်အစရှိသော ဆင်းရဲအပေါင်းတို့မှ၊ ရဋ္ဌိတွာ၊ ထရံတခေါက်မရောက်ရသည်ဖြစ်၍၊ ဒေဝမနုဿသမ္ပတ္တိံ၊ လူ

ဖြည့်နှတ်ပြည့်နို့ ဘ်ဖြစ်ာသော။လူမင်းနတ်မင်းတို့၏စည်းစိမ်ချမ်းသာတို့ကို လဘိတွာနှ၊အားရတင်းတိမ်ကြိမ်ဘန်မငြီးခံစားပြီး၍။အန္တိမဘဝေ၊သံသရာစက်ဝဲဂရက်တိုးသဝဝဆုံး၍၊ ဝရုံ၊ဘုရားပန္တွေက ဗုဒ္ဓါအရိယာသူတော်ကောင်းတို့သည်။တောင်းတအပ်သော။ နိဗ္ဗာနနဂရုံ၊နိဗ္ဗာန်ရွှေပြည့်မြတ်သို့။ပါပုဏိ သသာမ၊ရောက်ရသောကိုယ်ဖြစ်ပါလို၏၊ ဤသို့ယာခုကျွန်နှင်ပြုသည့်၊ကောင်းမှုကုသိုလ်အဘို့ကိုလည်း၊မြင်းမိရ်မေရုနိုင်းတုမဒ္ဒိ၊ပထဝိမျ၊ မြစ်မကျယ်စွာသမုဒ္ဒရာသည့်။ ပမာခွက်ဝယ် နှိုင်းဘွယ်မမျ။ ကြီးမြင့်လှသည့်။ မိဘတိုးဘွား ထွေဒိုထားဆရာ။ စိုးရာပိုင်သ ဘဝသခင်။ တောင်ခွင်ညာထား၊ မိဖုရားနှင့်သားတော်သမီး။ ဆွေနီးမျိုးစပ်။မျိုးမတ်ဗိုလ်ပါ။ သာသနာငါးထောင်။ ကုန်အောင်စောင့်ထဘ်။နတ်ကမကြွင်း။မြစ်မင်းငါးသွယ်။မြစ်ငယ်ငါးရာ၊ လေးပြာကျွန်းမ။အနန္တစကြဝဠာ။ များစွာအကုန်။ထုံသုံးဆယ်တစ်၊ဖြစ်ဖြစ်သမျှ၊ ယာမဒေါ။ယမဂ။ယမလှယမမင်း။မကြွင်းစေရ။ငသုန္ဒရေ။သဟ်သေည္ဘုန်ကြား။ထိစေသားဟု တိုင်ထားကြော်ငြာဝေ၍ပါ၏၊မြဟ္မာနတ်လူ။ သုံးပုံသူတို့၊ကြည်ဖြူကြည့်ရှု။ ဤကောင်းမှုကို၊သာဓုနတ်လူခေါ်စေသည်။ ။ရေစက်ချနှစ်ပုဒ်ပြီး၏။

ဘန္တေအရှင်ဘုရား၊ မယံ။ပခုမဏ္ဍသဘာဝဖြင့်။ သတ္တဇိဝ။ဘင်မျှမဟုတ်။ နံရုဉ်နှစ်ဖြာ၊ဝေါဟာသကာဝ။ ပညာတ်တွင်ခေါ် တပည့်တော်တို့သည်။နိဗ္ဗာနသသာ။ရာဂအစရှိသောတဆယ့်တပါးသောမီးတို့၏၊ ကင်းရာကုန်ရာချုပ်ရာ ငြိမ်းရာဖြစ်သောနိဗ္ဗာန်ကို၊သစ္ဆိကရဏတ္ထာယ။ မျက်မှောက်ပြုပါရခြင်းအကျိုးငှာသည်းကောင်း၊ ကမ္မဋ္ဌ။ကုသိုလ်ကံ။ အကုသိုလ်ကံကိုလည်းကောင်း၊ကမ္မဖလဋ္ဌ။ကုသိုလ်ကံ။ အကုသိုလ်ကံ၏အကျိုးကိုလည်းကောင်း။သဒ္ဒဟိတွာ၊ ယုံကြည်ပါကုန်သည်ဖြစ်၍၊ တိသရဏေန၊သုံးပါးသောသရဏဂုံနှင့်။သဟ။တကွ၊ပဉ္စသိလာနိ၊ ငါးပါးသောသီလတော်မြတ်တို့ကို၊သမာဒိယိတွာ။ကောင်းစွာခံယူဆောက်တည်ပြီး၍။ ပိယသသုဒ္ဓဘောဇနံဝါ၊ ကောင်းမွန်ပြုပြင်စီချင်အပ်သောဆွမ်းကိုလည်းကောင်း။သုန္ဒရပုဝေနိစ၊ ကောင်းစွာကြော်ဘန်စီမံအပ်သော၊ မုန့်လုံးမုန့်လျှားမုန့်ပြား မုန့်ပိုင်းတို့ကိုသည်းကောင်း။ ဝရဖလာဖလံဝါ၊ကောင်းမြတ်လှစွာ ရှာကြံဆောင်ယူအပ်သော သစ်သီးကြီးငယ်တို့ကို လည်းကောင်း။ ဝိဝိတဥဒကဥ္စ။ ထန်းရေအုန်းရေပေရေပမာ။ ကြည်လှစွာသောသောက်တော်ရေချမ်းကိုလည်းကောင်း၊သာရဝဇသုန္ဒရာဒိဝါ၊ကောင်းစွာ

ကြာဘန်စိမ့်ပြုပြင်အပ်သော၊ တံခွန်ကုက္ကားမလေးပွား ကြက်လျှာတို့ကိုလည်းကောင်း။ မာလာဂန္ဓဝိလေပနသဇ္ဇပုပ္ပဒါန်ဝါ၊ ပွယ်တော်ရင်ဂတ်ဇလပ်ချရား၊ စကားကျက်မောက်၊ ပတောက်သော်က၊ မျှားဏှရုံ၊ သင်းထုံမွှေးကြိုင်၊ ပန်းခိုင်ပန်းကုံးနှင့်ငကွေး၊ ကတိုးရေမွှေးလေးငရာဆီ၊ စမွှာယ်ဆီနှင့်နှင်းရည်အပါ၊ များစွာသောနံ့သာရေ၊ နံ့သာခဲတို့ကိုလည်းကောင်း၊ ဒီပဒါလ မရဒန္တဝါ၊ တိုင်းထပါး၍ သွားလားဆောင်ယူအပ်သောဆီမီး၊ ဖယောင်းတိုင်တို့ကိုလည်းကောင်း၊ သန္တရလာဘဝါကောင်းစွာပြုပြင်စီရင်အပ်သောဆံပန်းပေါက်ပေါက်ကိုလည်းကောင်း၊ ဘောဇနာနာဝဏ္ဏနိ၊ ၎င်းသို့ချိုးကြူးထူးထူးလယ်လယ် အုံဘွယ်များစွာဏှုဒါကောင်းမှုဒါနပုတ်ကို၊ ဥန္နိသဓာတုစေတီ ယာဒိကေ၊ တရာ့ရှစ်ကွက် စက်လက္ခဏာ၊ အင်္ဂါမခြား၊ ကိုယ်စားတော်သားရုပ်ပွားဆင်းထုတော် ဓာတ်တော်တို့ဝယ်၊ ဒေမပူဇေမ၊ အျှုဒါန်းပူဇော်ပါကုန်၏၊ ထဏ္ဍာပိ၊ ထိုမှထပါးလည်းနာနာဝဏ္ဏနိ၊ အထူးထူးသောဏှုဒါန်းဘွယ်ဝဏ္ဏတို့ကို၊ သင်္ကာပုဏ္ဏာနံ၊ သာကီဝင်မင်းသားဘုရားသားတော်ဖြစ်ကုန်သော၊ အာယသ္မန္တာနံ၊ အရှင်ဘုရားတို့၏၊ သရဒေမျက်မှောက်တော်၌၊ ပဌေကာံ၊ အသီးအသီး၊ သမ္မာ၌တွာ၊ ပိုင်းခြား၍၊ ဓက္ခိဏောဒကာ၊ အလှူရေစက်ကို၊ ပါတေတွာ၊ သွန်းချ၍၊ ဒေမပူဇေမ၊ ဏှူဒါန်းပူဇော်ပါကုန်၏၊ ဤကောင်းမှုအဘို့ကိုလည်းဂုဏ်ကျေးဇူးအထူးဘင်ပေကုန်သော၊ မာတာပိတုနဥ္စ၊ အမိအဘတို့အားလည်းကောင်း။ အာစရိယာနဥ္စ၊ ဆုံးမသွန်သင်ထတ်သော ဆရာသမားအားလည်းကောင်း၊ ရာဇာနဥ္စ၊ ရေမြေသခ္ခိုင်း ပြည်ရှင်မင်းအားလည်းကောင်း။ ဒေဝိယာစ၊ တောင်ညာစံမဟေသီ၊ မိဖုရားကြီးကိုလည်းကောင်း၊ သဗ္ဗသတ္တာနဥ္စ၊ ထက်ဘဝဂ်အောက်အဝိစိအကြား၌တည်နေကုန်သော၊ ဝေနေယျသတ္တဝါအပေါင်းတို့အားလည်းကောင်း၊ ယမရာဇာဒီနဥ္စ၊ ငရဲထိန်းငရဲသူငရဲသားတို့အားလည်းကောင်း။ အမှာကံ၊ အကျွန်ုပ်တို့၏၊ ဘာဂံ၊ ကုသိုလ်၏အဘို့ကို၊ ဘာဇေမ၊ အမျှပေးဝေပါကုန်၏၊ မယံ၊ အကျွန်ုပ်တို့သည်၊ အနာဂတေ၊ နောင်လာအခါ၌၊ ရယှမ်ာနေဝါဝိ၊ မေ့လျော့ညားသော်ထည်း၊ ဓမ္မဝသုန္ဓရီ၊ ဤနှစ်သိန်းလေးသောင်းအထုရှိသောမဟာပထဝီမြေကြီးသည်၊ ဝါ၊ မြေကိုစောင့်သောမြေစောင့်နတ်သည်၊ အမှာကံ၊ အကျွန်ုပ်တို့၏၊ သက္ခိ၊ သက်သေသည်၊ ဟောတု–ဘဝတု၊ ဖြစ်စေသတည်း။ ရေစက်ချ(၃)ပုဒ်၊

တထာဂတေဿ ယော ကာရုဏာကရောကရော။ ပယာတမောသဇ္ဇ သုခပ္ပဒံပဒံ၊ အကာမရုတ္တံကလိသမ္ဘးဝဘဝေ။ နမာမိထံ ကေဝလ ဒုက္ကရံကရံ၊

အပုဒယံ့ ယံမုနိကုဥ္ဇရာဇ ရာဇုဇာဒိရက္ခာဿတိမုတ္တမေတရေ။ မှိဘာ့တိဝဋ္ဋမွုနိမိ နရာနရာ၊ တရိံ သုတံခမ္ဘမဿပ္ပဟံပဟံ။ ဂယံမု နိန္ဒောရသသုနုတံနုတံ။ သုပုညခေတ္တံ ဘဝနေ သုတံသုတံ၊ ဂဏံဝိ ပါကိကတာသံဝရံဝရံ။ သဒါဂုဏောဃေနနိရန္တရံရန္တရံ။ ။ဟူ သောအဘိဓာန်ဂါထာလာရှိသည်နှင့်အညီ။ ကာရုဏာကရော၊ ကရုဏာ၏ တည်ရာဖြစ်တော်မူသော။ ယောဘဂဝါ။ အကြင်မြတ်စွာဘုရားသ ခင်သည်။ ကရောပရာတံ။ ထက်တော်သို့ရောက်တော်မူပြီးသော။ သုခပ္ပဒံ။ ချမ်းသာခြင်း၏တည်ရာဖြစ်တော်မူထသော။ ပဒံ၊ နိဗ္ဗာန်ကို။ ဩသဇ္ဇ၊ စွန့် တော်မူ၍။ ကလိသမ္ဘဝေ။ ဆင်းရဲခြင်း၏အကြောင်းဖြစ်သော၊ ဘဝေသံသာ ရေ၊ သံသရာဘဝနှိုက်။ ကေဝလဒုက္ကရံ၊ သူတပါးတို့သည်ပြုနိုင်ခဲ့လှစွာ သောစွန့်ခြင်းကြီးငါးပါးအစရှိသောအမှုကို။ ကရံ၊ ကရောန္တော၊ ပြုတော်မူ သည်ဖြစ်၍။ ပရတ္ထံ၊ သူတပါးတို့၏အကျိုးငှာ။ အကာ။ ပြုတော်မူလေပြီ။ တံ တထာဂတံ။ ထိုမြတ်စွာဘုရားသခင်၏။ အနန္တဘာဝေနစ။ အနန္တဘော် တော်အားဖြင့်ထည်းကောင်း။ ယံဓမ္မံ။ အကြင်တရားတော်မြတ်ကို။ ဇရာရုဇာ ဒိမုတ္တာ၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့မှလွတ်တော်မူပြီးထသော၊ မုနိကုဥ္ဇ ရာ။ မြတ်စွာဘုရားသခင်တို့သည်။ အပုဇယုံ၊ ပူဇော်အပ်ကုန်ပြီ။ ဥတ္တရေ။ အလွန်မြတ်စွာထသော။ ယဟိမုတ္တရေ။ အကြင် တရားတည်းဟူသော သဘော်ာထွေနှိုက်၊ ငြိတာ၊ တည်ကုန်ထသော။ နရာနရာ။ လူနတ်တို့သည်။ တိ ဝဋ္ဋမ္ဘုနိမိန္နရာ။ ဝဋ်သုံးပါးတည်းဟူသောသမုဒ္ဒရာရေအစုကို။ တရိံသု၊ ကူး မြောက်ကြလေကုန်ပြီ။ အဿပ္ပဟံပဟံ။ ကိလေသာတို့ကို ပယ်တော်မူ တတ်သသော။ တံဓမ္မံ တသာဓမ္မသာ။ ထိုတရားတော်မြတ်၏။ အနန္တဘာ ဝေနစ၊ အနန္တဘော်တော်အားဖြင့်ထည်းကောင်း။ မုနိန္ဒောရသသုနုတံ၊ မြတ် စွာဘုရားသခင်၏ရင်သွေးတော်နှစ်။ သားတော်စစ်အဖြစ်သို့။ ဂတံ၊ ရောက် တော်မူထသော။ နုဒံ။ တထောင်ငါးရာကိလေသာကိုပယ်တော်မူထသော သုပုညခေတ္တံ။ ကောင်းမှုတည်းဟူသောမျိုးစေ့တို့၏ စိုက်ပျိုးကြဲချရာလယ် ယာမြေကောင်းသဘွယ်ထည်းဖြစ်တော်မူထသော။ ဘဝနေ၊ လောကသုံး ပါးနှိုက်။ သုတံ၊ ကျော်စောတော်မူထသော။ အသုဘံ။ ကိလေသာတည်းဟူ

သောမိုးယံ:ဖြင့်မွတ်ထသော၊ ပါဏီကတသံဝရ၊ ဘေသင်ကဲ့သို့ပြုအပ်
သောပါတိမောက္ခသံဝရသီလရှိတော်မူထသော၊ဝရ၊နတ်နှင့်တကွသော
လူသည်၊တောင်းထအပ်သော၊သဒ္ဒါ၊အခါခဝ်သိမ်း၊ဂုဏောဘေနဒ၊သီလအော
စရှိသောကျေးဇူးအပေါင်းဖြင့်၊ နိရန္တရနိရန္တရ၊ အမြဲမပြတ်မြတ်သောနှစ်
လုံးလည်းရှိသသော၊ဂဏ်ဝိဂဏသာ၊ ရစ်ယောက်သောပရမတ္ထအရိယာ
သံဃာထေ်မြတ်တို့နှင့်တကွ၊ သမုတိသံဃာတော်မြတ်တို့အား၊ အာနုဘာ
ဝေနစ၊ထံခိုးတေဇော်အာနုဘော်တော်အားဖြင့်လည်းကောင်း၊ပရိတ္တသ
စ၊ယခုအခါအင်္ဂါသုံးတန်၊ ဖုန်ကန်ညီညွတ်ပြီးစွာရွတ်သော၊ ပရိတ်တော်
ဂုဏ်တော်မြတ်တို့၏၊ အာနုဘာဝေနစ၊ ထံခိုးတေဇော်အာနုဘော်တော်
အားဖြင့်လည်းကောင်း၊ဝေါတုဒ္ဓါက်၊နိဗ္ဗာန်ရေးရှုအလှူပေးခြင်းကိုပြုတတ်
ကုန်သော၊ သင်ပညာရှိအပေါင်းသူတော်ကောင်းတို့၏၊ အဇ္ဈတ္တိကဗာဟိ
ရေ၊ကိုယ်တွင်းကိုယ်ပအိမ်တွင်းအိမ်ပ၊ရွာတွင်းရွာပ၊မြို့တွင်းမြို့ပနှင့်၊ဇာ
တာပဝတ္တာ၊ဖြစ်ဆဲဖြစ်လတ္တံ့ကုန်သော၊ သနုဂတိရောဂါစ၊ ကိုဆဲ့ခြော်
ပါးသောအနာရောဂါတို့သည်လည်းကောင်း၊ ဗွတ္တိံသကမ္မကရဏာစ၊ သုံး
ဆဲ့နှစ်ပါးသောကံကြမ္မာတို့သည်လည်းကောင်း၊ ပဉ္စဝီသတိဘယာစ၊ နှစ်
ဆဲ့ငါးပါးသောဘေးတို့သည်လည်းကောင်း၊ သောဠသဥပဒ္ဒဝါစ၊ တဆဲ့
ခြောက်ပါးသော ဥပဒ္ဒဝါတို့သည်ကောင်း၊ ဒသဒုဿာစ၊ ဆယ်ပါးသော
ဒါဿတို့သည်လည်းကောင်း၊ အဋ္ဌဒေါသာစ၊ ရှစ်ပါးသော အပြစ်တို့
သည်လည်းကောင်း၊ဝါ၊လောကဝိဇ္ဇာကျမ်း၌လာသောမိုးယံ:ကြီး၊လောင်
မီးကျခြင်း၊ထင်းတခင်ပုဝ်တီးတုတ်ဒုက်ဆိုး၊ ကြိုးသိန်းစွန့်တို့အိမ်ထက်
နားခြင်းအစရှိသော ပြည်ရွာချောက်ချားခြင်းကို ဖြစ်စေတတ်သောဇုန္နဥ
ပါဒ်၊မီးတောက်မီးလျှံသင်ခြင်း၊ စမိုလည်နှိုက် မှိုပေါက်ခြင်းအစရှိသော၊
အရပ်ဒေသကိုထောက်ချင့်သောအားဖြင့်၊တံခိုးကြီးခြင်းမီးလောင်ဘန်များ
ခြင်းကိုဖြစ်စေတတ်သောအဂ္ဂိဥပါဒ်၊ နတ်တို့ငိုသံရယ်သံကြားခြင်းတော
သတ္တဝါတို့သည်၊ မြို့တွင်းရွာတွင်းအိမ်တွင်းသို့ဝင်လာခြင်းစသောအနာ
ရောဂါများစွာနှိပ်စက်ခြင်းအစရှိသောဝယာဥပါဒ်၊ဆင်းတုရုပ်ပွား၊ ဘုရား
ပုထိုး အခိုးအလျှံသွေးသံချွေးယိုခြင်း၊ နက္ခတ်နေထမြေထက်ကျသကဲ့သို့
ထင်ခြင်းအစရှိသော၊ ပြည်ရွာချောက်ချားခြင်းကိုဖြစ်တတ်သောနယာနယ
ဥပါဒ်၊ထေကြမ်းရံတိုင်းတိုက်ခြင်း၊ ဝိတ်သောတံခါးအလိုလိုပွင့်ခြင်းအစ
ရှိသည်ဖြင့်၊စေတီဂူကျောင်း ကမ်းစောင်းကွဲပြိုခြင်းကိုဖြစ်စေထတ်သော

ဝါယုဥပါဒ်တိရစ္ဆာန်ကျွဲနွားတို့၏ခတ်တခြားလျှိုပွါးမြင်ခြင်း။ပျားသကာတင် လဲတို့။သွေးခဲသွေးပေါက်ဖြစ်ခြင်းစသည့်ဖြင့်၊ အနာရောဂါများနာသေပျော် ခြင်းကိုဖြစ်စေတတ်သောသွပ်မဥပါဒ်၊ ကျီကြွေတိုက်တွင်း။ ဖျောင်သွင်း မွေ့ါး။လျော့ပါးကွယ်ပျောက်ခြင်း၊ဖွတ်ပြီးသောဆန်၊ဖျော်ပြီးသောနှမ်းတို့။ အညွန့်အညှော်ထွက်ခြင်းအစရှိသည့်ဖြင့်။ ခိုးသူတိုက်ဖျက်စေ်မကုထုတတ် ခြင်းကိုဖြစ်စေတတ်သော။သောမဥပါဒ်ဟုဆိုအပ်သောဥပါဒဟိတ်။နိမိတ် ၅စ်ပါးတို့သည်သည်းကောင်း။ ပဥ္စဝေရာနိစ။ ငါးပါးသောရန်သူတို့သည် လည်းကောင်း၊ဝါ၊ဆင်္ဂြတ္တရဗုဒ္ဓကပါဠိအဋ္ဌကထာကျမ်းတို့နိုက်လာသော။ ရေမီးမင်းခိုးသူမချစ်မနှစ်သက်သောသူဟုဆိုအပ်သော။ ရန်သူမျိုးငါးပါး သောတို့သည့်လည်းကောင်း၊ တိကပ္ပါစ၊သုံးပါးသောကပ်တို့သည်လည်း ကောင်း။ဝါ၊ဒီဃနိကာယ်ပါထေယျဝဂ်။ စက္ကဝတ္တိသုတ်အဖွင့်၌လာသော။ လောဘရမ္မက်၊ တိုးတက်ပွါးများ။ လွန်သောအားကြောင့်။ ဆွန်းပါးဖွေ ရှာ ရေစာငတ်မွတ်ခြင်းကို ဖြစ်စေတတ်သော ဒုဗ္ဘိက္ခန္တရကပ်။ ဒေါ သရမ္မာန်။တိုးတက်ပွါးများ။ လွန်သောအားကြောင့်။ လှံထားသေနပ်။ဖြစ် ခတ်သေပျောက်ခြင်းကိုဖြစ်စေတတ်သောသတ္ထန္တရကပ်။မောဟပြောထူ။ မှောင်မြူအထား။လွန်ဆီးတားသောကြောင့်။ နာဖျာသောက်ပြန်။ အောအံ ဝမ်းသားခြင်းကိုဖြစ်စေတတ်သော။ရောဂန္တရကပ်ဟုဆိုအပ်သောသုံးပါး သောကပ်တို့သည်လည်းကောင်း။အသေသတောအသေသေန၊အကြွင်းအ ကျန်မရှိသောအားဖြင့်၊ဝိနဿန္တု၊ ကင်းစင်လွင့်ပျောက်မရောက်သည့် သာဖြစ်စေကုန်သတည်း၊ဓမ္မဿ တတ္တသုခမင်္ဂလာနိ၊အလိုရှိအပ်တောင်းထ အပ်သောစည်းစိမ်ချမ်းသာတို့သည်၊ အဘိဝဍ္ဎန္တု၊ တနေ့တခြား။တိုးပွား စည်ပင်ခြင်းသို့ရောက်သည့်ဖြစ်စေကုန်သတည်း။ ။ပရိတ်မွှန်းတပုဒ်ပြီး၏။

ဤတွင်၍ကားသုံးဖြတ်ချက်တခုပြီး၏။

လောကီလောကုတ္တရာ၊ ပညာဗဟုသုတတို့ကို လွန်စွာလိုလားခြင်း သူတော်ကောင်းတို့၏ အတတ်နှင့် အသက်မွေးခြင်း လျှင်သောဉာဏ် ထက်သောဉာဏ်တို့နှင့်ပြည့်စုံသော။ ဗန်းမော်ဒိဋ္ဌေကြီးတော် စည့်ကျင်ရွာနေ၊ စာပြောဆရာ၊ဆရာကွယ်က၊သက်တော်ထင်ရှားရှိတော်မူသော။မြတ်စွာ

ဘုရားသခင်ရှိစဉ်ကာလ၌။ဝါသပ်သည့်မထင်သည်ကိုသိလိုပါသည်ဟူ၊ (၁၂၇၉)-ခုနှစ်။ထံဆောင်ရှမ်းသပြည့်ကျော် ၅ ရက်နေ့ဖျော်သားသော ကြောင့်၊သိမ်တော်ကျောင်းဆရာတော်သည်၊အစောင်စောင်သောကျမ်း တို့ကိုကြည့်ရှု၍ဖြေဆိုလိုက်သည်၊

တေနခေါပနသမယေနဗုဒ္ဓေါဘဂဝါသေနိယောဗိမ္ဗိသာရောဝဿံ ဥက္ကဋ္ဌိတုကာမောဘိက္ခုနံသန္တိကေဒူတံပါဟေသိ။ယဒိပနာယျာ အာဂမေဇုဏှေဝဿံဥပဂန္တုံယျာနန္တိဘဂဝတောဧတမတ္ထံအာ ရောစေသုံ။အနုဇာနာမိဘိက္ခဝေရာဇူနံအနုဝတ္တိတုန္တိ။ ။ ဟူ၍ဝိနည်းမဟာဝါပါဠိတော်၌ဟောတော်မူသည်၊

အနက်ကား။ ။တေနခေါပနသမယေန၊ ထိုအခါ၌၊ မာဂဓော၊မာဂဓ ရာဇ်တိုင်းကိုအစိုးရသော၊သေနိယော၊များသောစစ်သည်ဗိုလ်ပါရှိသော ဗိမ္ဗိသာရော၊ဗိမ္ဗိသာရအမည်ရှိသော၊ရာဇာ၊မင်းသည်၊ဝဿံ၊ဝါကို ဥက္ကဋ္ဌိတုကာမော၊ငင်လိုသည်၊ဝါ၊ဝါသင်လိုသည်ဖြစ်၍၊ဘိက္ခုနံ၊ရဟန်း တို့၏၊သန္တိကေ၊အထံ၌၊ ဒူတံ၊တမန်ကို၊ ပါဟေသိ၊စေလွှတ်လိုက်၏၊ယဒိ ပန၊အကယ်၍ကား၊အယျာ၊အရှင်ဘုရားတို့သည်၊အာဂမေ၊ လာသဖြင့် သော၊ဇုဏှေ၊ဝါခေါင်လပြည့်နေ့နက်၊ ဝဿံ၊ဝါကို၊ဥပဂန္တုံ၊ ကပ် ကျိန်မူကား၊သာဓု၊ကောင်း၏၊ ဝါ၊ကောင်းလှပါ၏၊ဣတိ၊ဤသို့၊ ပါဟေသိ၊ စေလွှတ်လိုက်၏၊ဘဂဝတော၊မြတ်စွာဘုရားသခင်အား၊ ဧတမတ္ထံ၊ထိုအ ကြောင်းကို၊ အာရောစေသုံ၊ နားတော် လျှောက်ကြကုန်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ရာဇူနံ၊မင်းတို့၏၊မတိံ၊အလိုသို့၊ ဝါ၊အလိုကို၊ အနုဝတ္တိတုံ၊ လိုက်စိမ့်သောငှါ၊ အဟံ၊ငါဘုရားသခင်သည်၊ အနုဇာနာမိ၊ခွင့်ပြုတော်မူ ၏၊ဣတိ၊ဤသို့၊အဝေါစ၊မိန့်တော်မူ၏၊

ကေနုခေါအနုရာဇေန ပုဗ္ဗိမိကာအနုပဂတေ ပစ္ဆိမိကာဥပဂန္တဗ္ဗာ။ ဝဿံဥက္ကဋ္ဌိတုကာမောတိ။ ဝဿာနမ္ဗကံဝဍ္ဎမာနံ ဥက္ကဋ္ဌိ တုကာမော။ သာဝနံမာသံ အပနေတွာ ပုန အာသဠှိမာသံမော ကတ္တုကာမောတိအတ္ထော အာဂမေဇုဏှေတိ အာဂမေမာသေ တိအတ္ထော။အနုဇာနာမိဘိက္ခဝေ။ ရာဇူနံအနုဝတ္တိတုန္တိ ဧတ္ထ ဝဿုက္ကဍ္ဎနေဘိက္ခုနံ ကာစိပရိဟာနိနာမနတ္ထီတိ အနုဝတ္တိတုံအ နုညာတံ။ ။ဟူ၍ဝိနည်းမဟာဝါအဋ္ဌကထာ၌လာသည်၊

အနက်ကား၊ ။ကေနစိ၊တစုံတခုသော။အန္တရာယေန၊ အန္တရာယ်ဖြင့်၊ဝါ၊အန္တရာယ်ကြောင့်။ပုရိမိကံ၊ပုရိမဝါကို၊ဝါ၊ပဌမဝါကို။ အနုပဂတော၊မကပ်ကုန်သည်ရှိသော်။ပစ္ဆိမိကာ၊ပစ္ဆိမဝါကို၊ဝါ။ဒုတိယဝါကို၊ဥပဂန္တဗ္ဗာ။ကပ်အပ်ကုန်၏။ဝဿံ ဥက္ကဍ္ဎိတုကာမောတိ။ ကာမောဟူသည်ကား။ပဌမမာသံ၊ရှေ့လ၏။ဝဿနာမကံ၊ ဝါ၏အမည်ကို။ ဥက္ကဍ္ဎိတုကာမော၊ငင်လို၏။ ဝါ၊ထပ်လို၏။ သာဝနမာသံ၊ရက်၏ရေတွက်ခြင်းကို။ အကတွာ၊မပြုမူ၍၊ ပုန၊တဘန်။ အာသဠှိမာသမေဝ၊ ဝါဆိုလနှိက်သာလျှင်၊ ကတ္တုကာမော၊ပြုလို၏၊ဇာတိအယံ၊ ဤသည်ကား။အဋ္ဌော၊အနက်တည်း၊ အာဂမေဇုဏှေတိ၊အာဂမေဇုဏှေဟူသည်ကား။ အာဂမေ၊ လာလတ္တံ့သော။မာသေ၊လတည်း၊ ဇာတိအယံ၊ဤသည်ကား။ အဓိပ္ပါယော၊အဓိပ္ပါယ်တည်း။ အနုဇာနာမိဘိက္ခဝေရာဇူနံအနုဝတ္တိတုန္တိဝုတ္တပဒေ၊ အနုဝတ္တိတုံဟူသောပါဌ်နှိက်၊ ဝဿုက္ကဍ္ဎနေ၊ ဝါကိုငင်သော။ ဝါ၊ဝါကိုထင်သော။ ဘိက္ခူနံ၊ရဟန်းတို့အား။ကာစိ၊တစုံတခုသောအကျိုးသည်။ ပရိဟာနိနာမ၊ယုတ်လျော့ခြင်းမည်သည်။နတ္ထိ၊မရှိ၊ဇာတိတသ္မာ၊ထို့ကြောင့်။ အနုဝတ္တိတုံ၊မင်း၏အလိုသို့လိုက်စိမ့်သော၄၊။အဟံ၊ငါဘုရားသခင်သည်၊အနုဇာနာမိ၊ခွင့်ပြုတော်မူ၏၊ ။အဓိပ္ပါယ်မှာ။ ဗိမ္ဗိသာရ မင်းကြီးလျှောက်သောကြောင့် သက်တော်ထင်ရှား ရှိတော်မူသော မြတ်စွာဘုရားသခင်သည်။ဝါသစ်ချက်ငင်ကို၊ ရဟန်းတို့အား။ခွင့်ပြုတော်မူသောကြောင့်။ ဝါထပ်ရက်ရှိကြောင်းကိုသိရမည်။

ဤတွင်ရွှေ့ကားဆုံးဖြတ်ချက်တခုပြီး၏။

---

အင်္ဂလိပ်ဟုတ်တို့ကိုဝါသနာဝါသောဝေးပည့်များက။အရှင်ဘုရား၏လောကန္ဒီအင်္ဂလိပ်ရွှေငွေလုပ်သောသူတို့သည်များစွာရှိကြပါသည်။ထိုသူတို့သည်။ရွှေငွေလုပ်လျှင်ဖြစ်နိုင်ပါမည်လောဟု။ လျှောက်ထားမေးမြန်းကြသောကြောင့်ဆိပ်တော်ကျောင်းဆရာတော်သည်၊ အစောင်စောင်သောကျမ်းတို့ကိုကြည့်ရှု၍။ဖြေဆိုလိုက်သည်၊သာသနာတော်ဝင်။ သင်္ဂါယနာတင်ဖြစ်သော။ခန္ဓကပါဠိတော် ဓင်းပါဠိတော်၏ အဖွင့်ဖြစ်သောအဋ္ဌကထာကျမ်း၌။ဓနိယထေရ်သည်ဝိဇ္ဇာခရိ၏သားဖြစ်ကြောင်းကိုပြဆိုသော

ကြောင့်၊ ဝိဇ္ဇာဓရီရှိကြောင်းကို အသင်အရှားသိသေသည်၊ ဒါနဝဇာတ်တွင်လည်း၊ ဒါနဝဘီလူးသည် သားနှသူမိန်းမငယ်ကို၊ ကြပ်နှင့်ထည့်၍၊ သွားလေရာရာခံတွင်း၌ငုံသွားရာ။ ဝိဇ္ဇာဓရီရှိသည်ခံတွင်းထဲက သခွဲ့ေသူနှင့်မေ့ရန်သံဝါသပြု၍လိုက်ကြောင်းကို၊ ဒါနဝဇာတ်၌ဆိုသော ကြောင့်၊ ဤလောက၌ဝိဇ္ဇာဓရီရှိ ရှိကြောင်းကို၊ အမှန်သိရသည်။ ဗိုလ်သူဌေးသည်၊ ဝိဇ္ဇာဓရီရှိ၏သားဖြစ်ကြောင်း ကား၊ ဤသို့တည်း။ ဗာရာဏသီပြည်ကြီးတွင်၊ ရွှေငွေဥစ္စာကြွယ်ဝသော သူဌေးကြီး၌၊ သမီးတယောက်ရှိ၏။ ထိုသမီးသည်၊ အလွန်တရာ ဖွံ့ပချောမောသော အဆင်းဂုဏ်လက္ခဏာတို့နှင့် ပြည့်စုံသောသမီးဖြစ်၍။ အမိအဘတို့သည်၊ အလွန်တရာချစ်ခင် ရုံမက်သောကြောင့်၊ သမီး၏ ကြက်သရေ အရွယ်အဆင်းကိုသာ။ ကြည့်ရှု၍ နေလိုသည်၊ ယောကျ်ားထပါးတို့နှင့်ရင်ပါးဆက်ဆံမည်ကိုစိုးရိမ်သေးသောကြောင့်၊ ဘုံခုနစ်ဆင့်ရှိသောပြာသာဒ်အထက်သို့၊ အလုပ်အကျွေးဖြစ်သေးကျွန်မတယောက်နှင့်။ တင်ထားလေ၏၊ သူဌေးသမီးသည်လည်း၊ အလွန်တရာပျင်းရိ၊ ညီးငွေ့သောစိတ်ရှိသည်ဖြစ်၍၊ ပြာသာဒ်ဝါတွင်၊ လေသောက်ပြတင်းတို့ကို၊ အကုန်ဖွင့်လှစ်၍၊ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာတို့ကို၊ ထိုထို ဤဤ အရပ်သက်ဝန်းကျင်တို့ကို၊ ကြည့်ရှု၍နေသည်အတွင်း၊ ဝိဇ္ဇာဓရီရှိသည်သံလျက်ကိုကိုင်၍၊ လေသာပြတင်းပေါက်ကဝင်၍လာ၏၊ သူဌေးသမီးသည်အဝက်ဟုံဆပန်းနံ့သာတို့ဖြင့် ဆင်ယင်ဝတ်စား၍မျှော်ပါးသော အခါ၌ဝိဇ္ဇာဓရီရှိဝင်လာသည်နှင့်ကြုံကြိုက်သောကြောင့်၊ ဝိဇ္ဇာဓရီရှိသည်၊ ဖြင်းစွာသော တပ်မက်ခြင်းဖြစ်၍။ ကြာချင်ရန်အတွင်းသို့၊ ပွေ့ဖက်ခါသွင်းပြီးလျှင်။ အပျင်းပြေပျော်ပါးခံစား မွေ့လျော်ခြင်းကိုပြုလေ၏၊ သူဌေး၏သမီးမှာထည်း၊ ယားရာကိုခြင်ကိုက်၊ အကြံကြိုက်နှင့်ကျ ဆိုဘိသကဲ့သို့လည်းကောင်း။ ညှိုးနွမ်းသောဗေဒမွှာကိုမိုးယိုဒေဝါဖြန်းသကဲ့သို့ လည်းကောင်း။ ထမင်းဆာသောသူသည်။ စတုဒိသာဆွမ်းကျွေးပွဲကြီးနှင့်တွေ့သကဲ့သို့လည်းကောင်း၊ အလွန်တရာပျင်းရိညီးငွေ့သောအခါကို၊ ဝိဇ္ဇာဓရီရှိ ရောက်လာသောကြောင့် မိမိ၏စိတ်ဒေလိုဆန္ဒ အတိုင်းပြည့်စုံခြင်းသို့ ရောက်သဖြင့်။ သူဌေးသမီးသည်၊ ဝိဇ္ဇာဓရီရှိအား ဤသို့မေးလေ၏၊ မောင်မောင်သည် သယ်မြို့ဘယ်ရွာဘယ်ရပ်ဒေသနိုက်နေပါသနည်းဟုမေးလေ၏။ ဝိဇ္ဇာဓရီရှိကလည်း။ မောင်မောင်သည်။ မြို့ရွာအရပ်ဌာနေသည်မဟုတ်၊ နံ့သာမြို့၊ ပုကာမြို့၊ ဒေါနမြို့။ မဟာမြို့ ဟုဆိုအပ်သော၊ မြို့ကြီး

လေး မြိုင်တို့၏ အလည်နှိုက် ပေါက်ရောက်သော လူလောက်လည်းမ
ကာ။ နတ်လောက်လည်း မလှသေး၊ လူတို့၏ အင်္ဂါအရုံ အလင်ပါသော
သူရောင်သီးကို ဆွတ်၍ အသက်သွင်း ပြီးလျှင် ပျော်ပါး နေထိုင်သော
ဝိဇ္ဇာ ဖြစ်ကြောင်းကို၊ သူဌေးသမီးအား ပြောလေ၏။ သူဌေးသမီးသည်
အကြောင်းမျိုးရုံကိုသိရသဖြင့် ဤသို့အကြံပြုလေ၏။ ငါသည်ဝိဇ္ဇာဓိုရ်
နှင့်ပျော်ပါးစံစားရသဖြင့်၊ပျင်းရိခြင်း၊ညိုးငွေ့ခြင်းတို့သည်။ ပျောက်ကင်း
သောကြောင့်၊ဝိဇ္ဇာဓိုရ်သည်နေ့စဉ်မပြတ်လာစေရန်အကြောင်းနှင့်၊မိန်းမ
တို့၏ပရိယာယ်သထောင်။မာယာတသိန်းတို့နှင့် ဖှည့်ပတ်ဖြားယောင်းပြီး
လျှင်။နေ့စဉ်လာစေလိုကြောင်းကိုပြောဆိုတောင်းပန်လေ၏။ထိုအခါဝိဇ္ဇာ
ဓိုရ်သည်ကချင်သောသူကို၊ ဆိုင်းတီး၍ပေးဘိသကဲ့သို့သည်းကောင်း။
ခုံချင်သောသူကိုမျောက်ရုပ်ထိုး၍ပေးဘိသကဲ့သို့လည်းကောင်း။ပြေးချင်
သောသူကိုမြင်းရုပ်ထိုး၍ ပေးဘိသကဲ့သို့လည်းကောင်း။ ရေငတ်သော
သူသည်၊ ရေတွင်းထဲသို့ လိမ့်၍ကျဘိသကဲ့သို့ရှိရင်း။ ဝမ်းမြောက်သော
စိတ်ရှိသည့်ဖြစ်၍။ ကောင်းလှပါပြီ။ သူဌေးသို့မှာထား ပြောဆိုသည့်အ
တိုင်းနေ့စဉ်မပြတ်လာပါမည်ဟုအာမခံ၍ပြန်သွားလေ၏၊ ဝိဇ္ဇာဓိုရ်သည်
သူဌေးသမီးမှာထားသည့်အတိုင်း၊နေ့စဉ်မပြတ်လာပြီးလျှင်။ သူဌေးသမီး
နှင့်မွေ့လျော်ပျော်ပါး၍နေလေ၏။ ကာလမြင့်ရှည်လျှားသောအခါ။ သူဌေး
သမီး၏ဝမ်း၌ပဋိသန္ဓေကိုယ်ဝန်ရလေ၏။ထိုကိုယ်ဝန်သည်၊ တနေ့တခြား
ကြီးရင့်ခြင်းသို့ရောက်သည့်ရှိသော်၊ အစောင့်အထိန်းဖြစ်သောကျွန်မက။
အလုံးရုံအကုံအစဉ်းမေးမြန်းလေ၏၊ သူဌေးသမီးလည်းမထိန်မချန်ဟုတ်
မှန်တိုင်းဆို။ ကျွန်မအား ပြောဆိုပြီးလျှင်။ မိဘဆွေမျိုးတို့မသိရအောင်။
ဖုံးဘိကွယ်ကာ ပြီးလျှင်။ ကျွန်မအားစိတ်ကြေချမ်းလောက်အောင်ငွေသည်း
ဥစ္စာအဝတ်တံဆာတို့ကို များပွားပေးကမ်းချီးမြှောက်ပြီးလျှင်။ လူမသိရ
အောင်စောင့်ရှောက်ကွယ်ကာစေ၏။အချိန်စေ့၍ဘွားမြင်သောအခါ။ အိုး
သစ်နှင့်ထည့်ပြီးလျှင်။ ကောင်းမွန်လှပသော ပန်းကုံးပန်းခိုင်တို့ဖြင့်။ အိုး
၏ပြင်ကရစ်ပတ်ဖုံးလွှမ်းပြီးလျှင်။ကျွန်မကိုခေါ်၍ ဤအိုးကိုမြစ်ရေ၌သွား
၍မျှောချေ၊သူတပါးတို့ကမေးမြန်းခဲ့လျှင် ငါတို့သခင်မသည် နတ်ပူဇော်
သောအိုးဖြစ်သည်ဟု ပြောဆိုရမည့် အကြောင်းများနှင့်၊ သေချာစွာမှာ
ထားပြီးလျှင်၊မြစ်ရေ၌မျှောစေ၏။ ဇဋိလသူဌေး၏ အလောင်းဖြစ်သောသူ
သည်။ ကဿပမြတ်စွာဘုရား၏ ရွှေစေတီကို။ ရွှေအခပ်တို့ဖြင့်စီကြရာ။ရ

ဟန်းထပါး။ ကျသိုလ်ဝင်ရန်အကြောင်းကိုဟောသောအခါ၊ ထင်မယားရန်ဖြစ်ခိုက်ကြွ ကြိုက်သည်နှင့်၊ ကိုယ်းဘင်၌ ဘုရားကို ရေဝယ်မျှောလိုက်လျှင်ကောင်း၏ဟု၊ ဝစီဘေဒဖြင့် မြွက်ဟပြောဆိုမိသောငတ်ထရား၏အတွက်ရေငယ်အမျှော်ခံရလေ၏၊ ထိုအိုးသည်အစဉ်အဖြင့်မျှော၍ ဥဇ္ဇေနီပြည်၌တင်လေ၏၊ ဥဇ္ဇေနီပြည်မှ အဝန်ကြီးရှင်သဖြင့်၊ ရှင်မဟာကစ္စည်းမထေရ်နှင့်ထည့်လိုက်သောလျှင်၊ ရှင်မဟာကစ္စည်းသရေ မထေရ်က၊ ထက္ကသိုလ်ပြည်သို့ဆောင်ယူပြီးလျှင်၊ သူဌေးတဦးထံ၌ အပ်နှံ၍ထားလေ၏၊ ထိုသူငယ်သည် အချိန်အရွယ်သင့်တင့်သောအခါ၊ သမီးနှင့်ထိမ်းမြားလက်ထပ်၍ဇနိထသူဌေးဖြစ်ကြောင်းကိုပြဆိုသည်၊ ၎ါကားဇနိထသူဌေးသည်၊ ပိဏ္ဍာရင်္ဂ၏သားဖြစ်ကြောင်းကိုပြသည်၊

ဒါနဝဇာတ်၌ပိဏ္ဍာရင်္ဂရှိကြောင်းကား၊ ငါတို့မြတ်စွာဘုရားသခင်၏အလောင်းတော်ဖြစ်သောဗိဇ္ဇစက္ကုရှင်ရသေသည်။ ဗာရာဏသီပြည်၏ အနီးတခုသောတောအုပ်၌တရားကိုအားထုတ်၍နေလေ၏၊ ထိုတောအုပ်၌ကြာမျိုးငါးပါးတို့နှင့်ပြည့်စုံသောရေကန်ကြီးတခုရှိလေ၏၊ ထိုရေကန်ကိုဝသာဝဏ္ဏနတ်မင်းကြီးက ဒါနဝဘီလူးကိုအပိုင်စားပေးလေ၏၊ ဒါနဝဘီလူးသည်၊ ထိုရေကန်သို့၊ သောက်ချိုးသော လူသတ္တဝါဘွားန်တို့ကိုဖမ်းယူ၍စားသောက်လေ၏၊ တနေ့သန္နိက်၊ အဆင်းအင်္ဂါထက္ကဘာနှင့်ပြည့်စုံသော သဇ္ဇသုမိန်းမငယ်ထယောက်သည်၊ ထိုရေကန်၌ရေကိုသောက်လေ၏၊ ဒါနဝဘီလူးသည်၊ သဇ္ဇသုမိန်းမငယ်ကိုဖမ်းယူပြီးလျှင်၊ စားမည်ဟုပြောဆိုခြိမ်းချောက်လေ၏၊ သဇ္ဇသုမိန်းမငယ်သည်၊ သေရမည့်ဘေးကိုအလွန်တချုကြောက်ထန့်သည့်ဖြစ်သောကြောင့်၊ ထိုဘီလူးအားမချစ်ခင်မနှစ်သက်သော်လည်း၊ ငြိမ့်မတို့၏ပရိယာယ်မာယာဖြင့်၊ ဖြားယောင်းသွေးဆောင်ပြီးလျှင်၊ အရှင်ဘီလူးမင်း၊ အသက်ကိုချမ်းသာပေးပါ၊ ကျွန်နှုပ်ကိုသားမယားတို့၏အရာ၌နိုက်ထားပါဟု၊ တောင်းပန်စကားပြောကြားလေ၏၊ ထိုအခါဘီလူးကြီးသည်၊ ထမင်းကောင်းစားလိုသောသူကို၊ ထောပတ်ထမင်း၊ နို့ထမင်းဒန်ပေါက်ထမင်းကျွေးဘိသကဲ့သို့ထည်းကောင်း၊ ဟင်းကောင်းစားလိုသောသူကိုဝက်သားဟင်း ကြက်သားယုန်သားဟင်းတို့နှင့်ကျွေးဘိသကဲ့သို့လည်းကောင်း၊ အချိုကြိုက်သောသူကို၊ ထန်းလျက်သကြားပျားတင်လဲတို့ကိုကျွေးဘိသကဲ့သို့ထည်းကောင်း၊ ဒါနဝဘီ

လူးသည်။ရှိုးစယ်းဖိုဖိုကိုရှုရသော သူ၏မျက်နှာကဲ့သို့ ရှုင်ပြသောမျက်နှာ
ဖြင့်ကောင်းလှပါပြီဟုဝန်ခံပြီးလျှင်၊ဒါနဝဘာ်လူးသည် ဤသို့အကြံဖြစ်ပြန်
သော၏။ဤသန္ဓေသူမိန်းမငယ်သည်၊ နေးသွယ်သောကိုယ်အဆည်းရှိသည်၊
အလွန်ကရာလှပသောအဆင်းအင်္ဂါလက္ခဏာနှင့်ထည်းပြည့်စုံသည် သော
မည္ဈထားလျှင်ယောကျ်ားအပါးတို့နှင့်ဆက်ဆံနဲ့သွားလာလိမ့်မည် ကြုပ်
နှင့်ထည့်၍ သွားလေရာရာ၊ခံတွင်းမှာငုံပြီးလျှင် သွားရသော် ကောင်း၏
ဟုအကြံဖြစ်၏။ထိုအခါကြုပ်ကိုကောင်းမွန်သေချာစွာလုပ်ပြီးလျှင်။သန္ဓေ
သူကိုကြုပ်တွင်းသို့ထည့်သွင်း၍၊သွားလေရာရာအရပ်တို့ကို၊ လှည့်ပတ်
သွားလာသောအခါ။ ကြုပ်ကိုခံတွင်း၌ ငုံလျက်သွားလေ၏။ဒါနဝဘာ်လူး
သည်။ဂါတို့ဘုရားအလောင်းတော်ဝိဇ္ဇာစကျွဲရှင်ရသေ့ထံ။ နေ့စဉ်မပြတ်
ဘုံးမြေ့ခေါ်ကတော့ ဆည်းကပ်ကိုးကွယ်ခြင်းကိုပြုသော၏။ ဘုရားလောင်း
ဝိဇ္ဇာစကျွဲရှင်ရသေ့သည်၊ဒါနဝဘာ်လူးပူဇော်ကာလော့လာသောအခါ။ ဝိဇ္ဇာ
စကျွဲဖြင့်ကြည့်ရှုတော်မူသည်ရှိသော်ခံတွင်း၌ငုံ၍ထားသောသန္ဓေသူမိန်း
မငယ်ကိုမြင်သောကြောင့်။ လာတိုင်းလာတိုင်း အသင်တို့နှစ်ယောက်
ဘယ်ကလာသနည်း။ အသင်တို့နှစ်ယောက်ဘယ်ကိုသွားမည်နည်း။ အ
သင်တို့နှစ်ယောက်။ကျမ်းမာချမ်းသာခြင်းရှိကြပါ၏လောဟုမေးမြန်းဖြစ်သ
တည်း၊ တနေ့သန္နိကဲ။ဒါနဝဘီလူးသည်။ ကြုပ်ကိုရေကန်ရိုးနှိုက်ချထားခဲ့
ပြီးလျှင်။ရေကန်တွင်းသို့ဆင်းလျက်။ရေကိုယောက်လေချိုးလေ၏၊ သန္ဓေ
သူမိန်းမငယ်သည်။ ဒါနဝဘီလူးကြီး၏ခံတွင်းနှိုက် နေ့စဉ်မပြတ်သိုက်
နေရသဖြင့်။မိမိနှင့်အလိုတူသောအဖေါ်အပေါင်းနှင့်ကင်းကွာ၍နေရသော
ကြောင့်ပျင်းရိညိုးငွေ့ခြင်းရှိသည်ဖြစ်၍။ ဒါနဝဘီလူးကြီးမရှိသောအခါ၊
ကြုပ်ကိုဖွင့်၍။အရပ်လေးမျက်နှာ။ အရင်ရှစ်မျက်နှာ တို့ကိုကြည့်ရှုသော်၊
အာကာသကောင်းကင်ယံက။သံလျက်ကိုကိုင်၍။ ဝိဇ္ဇာဓရိရ်ပျံသွားသည်
ကိုမြင်လေလျှင်။ သန္ဓေသူမိန်းမငယ်သည်။ဝိဇ္ဇာဓရိရ်ကို။ ထက်ရင်၍ခေါ်
လေ၏။ဝိဓရိရ်သည်။ကြုပ်တွင်းသို့ဝင်ပြီးလျှင်၊ကြူးလွန်စော်ကားပျော်ပါး
ခြင်းကိုပြုလေ၏။ ဒါနဝဘီလူးသည်ရေကန်မှတက်၍၊ ကြုပ်တွင်းနှိုက်နေ
သောသန္ဓေသူသည်။ ဘယ်ပုံဘယ်နည်းနေသည်ဟု၊သတိမထား မစဉ်း
စားဘဲ၊ကြုပ်ကိုငုံမည်းတိုင်းသာငုံ၍သွားလေ၏။

ဝိဇ္ဇာဓရိရ်သည် ကာမဂုဏ်စိတ်ဖြင့် ရစ်မူးမေ့လျော့သည်ဖြစ်၍။ ဒါနဝ
ဘာ်လူးငုံသွားသည်ကိုသတိမထားဘဲ၊ ခံတွင်းထဲကသန္ဓေသူနှင့်၊မေရန်

ဘိဝါသပြုလျက် ပါသွားသေး၏၊ ထိုအခါဘိုလူးကြီးသည်၊ မိဗ္ဗစက္ကြုံရှင်ရာသေ ထံသွားဘ၍ ပုဒေဝ်ကဝေဘွခြင်းကိုပြုထေ၏၊ မိဗ္ဗစက္ကြုံရှင်ရသေ ကား မိဗ္ဗစက္ကြုံမျက်စိဖြင့်၊ ကြည့်ရှုတော် မူသည့်ရှိသော်၊ ဘိုလူး၏ခံတွင်းနှ သခ္ခေသုနှင့် ဝိဇ္ဇာခရိုရ်ပါလာသည်ကို မြင်သောကြောင့် အသင်တို့သုံး ယောက်ဘယ်က လာသနည်း။ အသင်တို့သုံးယောက်ဘယ်ကိုသွားမည် နည်း။ အသင်တို့သုံးယောက် မာကြပါ၏လောဟု မေးထေ၏၊ ထိုသို့ မေးသောအခါ၊ ဒါနဝဘိုလူးသသည်၊ မိဗ္ဗစက္ကြုံ ရှင်ရသေ အား၊ ဤသို့ လျှောက်ထားလေ၏၊ အရှင်ဘုရား‌ရှေးအခါက၊ အရှင်ဘုရားထံ ဖူးမြော် လာရောက်သော အခါ၊ အသင်တို့ နှစ်ယောက်ဟု၊ မေးမြန်း ပြောဆိုမြ ဖြစ်ပါသည်၊ ယခုဒွာရှေးကကဲ့သို့မဟုတ် အသင်တို့သုံးယော်ဟုပြောဆို ခြင်းသည့်ထူးသောမေးမြန်ခြင်းဖြစ်ပါသည်ဟုလျှောက်ထားသေး၏၊ ဤသို့ မေးလျှောက်သောအခါ၊ မိဗ္ဗစက္ကြုံရှင်ရသေ ကား၊ သင်၏ခံတွင်းထဲက၊ သခ္ခေသု နှင့်ဝိဇ္ဇာခရိုရ်ပါ၍လာသည်ကိုမြင်သောကြောင့်၊ အသင်တို့သုံးယောက် ဟု မေးမြန်းကြောင်းကို ပြောဆိုသည့်ရှိသော်၊ ထိုအခါ ဒါနဝဘိုလူးသည်၊ ဝိဇ္ဇာခရိုရ်ပါသည်ဆိုလျှင်၊ အလွန်တရာကြောက်လန့်သည်ဖြစ်၍ ဖွံ့ဟု သောအသံဖြင့်ကြုံးဝ်ကိုးထွေး၍ ပြစ်လိုက်၏၊ ထိုအခါ ဝိဇ္ဇာခရိုရ်သည်သိ လျက်ကိုဆိုင်၍၊ ကြုံပ်တွင်းကထွက်သွားကြောင်းကို၊ ဒါနဝဇာတ်နိုက်ဆို သောကြောင့်ဝိဇ္ဇါခရိုရ်ရှိမှန်းကိုသိရသည်၊ ဝိဇ္ဇာကိုဝိဂြိုဟ်လုပ်သည်ရှိသော် ဓာတုယော ဝိဇ္ဇတိဇာနာတိတိ ဝိဇ္ဇာ၊ ။ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ် သည်၊ ဓာတုယော၊ ဓာတ်ဆေးပါးဓာက်ခုနှစ်ပါးဓာတ်ကိုးပါးတို့ကို၊ ဝိဇ္ဇာတိ ဇာနာတိ။ ထိုးထွင်း၍သိတတ်၏၊ ဇာတိတသ္မာ၊ ထိုသို့ဓာတ်ထေးပါး မာတ်ခု နစ်ပါးဓာတ်ကိုးပါးတို့ကို၊ ပိုင်းခြားပိုင်ပိုင် သိစွမ်းနိုင်သောသတ္တိကြောင့်၊ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်၊ ဝိဇ္ဇာ၊ ဝိဇ္ဇာမည်၏၊ ဝိဇ္ဇာဟူသောပုဒ်သည်၊ ဝိဇ္ဇရှိသောဇနဓာတ်၊ အပစ္စည်းကြံ့ရမည်၊ ဇနဲ၊ ဇနသဒ္ဒါသည့်ကား၊ ဇနနေ၊ သိခြင်းဟူသောအနက်နိုက်၊ ဝတ္တတိ၊ ဖြစ်တတ်၏၊ ဤသို့ဓာတ်နက်ကြံရ မည်၊ ဝိဇ္ဇာခရိုရ်ဖြစ်လျှင်ကာယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ ပိယသိဒ္ဓိ၊ ပထဝိသိဒ္ဓိ၊ ဥဒက သိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ အာဟာရသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ ဝိဇ္ဇာမယသိဒ္ဓိဟုဆိုအပ် သော၊ သိဒ္ဓိကိုးပါးပေါ်ရောက်ကြောင်းကို၊ လောကီအင်္ဂုတ္တိုရ်ကျမ်း၊ ဝိဇ္ဇာခ ရကျမ်းတို့၌၊ လာဘုန်သည်၊ ဝိဇ္ဇာခရိုရ်သည်၊ အင်းဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ပဒါးဝိဇ္ဇာ၊ ဆေးဝိဇ္ဇာဟူ၍၊ ဝိဇ္ဇာလေးမျိုးရှိကြောင်းကို၊ လောကီအင်္ဂုတ္တိုရ်ကျမ်း။

လောကီသရဘူကျမ်း၊ ပိဋကာဓရကျမ်းတို့လာကုန်သည်။ အင်းပိဋကာသည်။ အင်းကိုစီရင်သောအခါ။ အင်းပျက်ခြင်း၊ အင်းပေါက်ခြင်း၊ အင်းကန်းခြင်း။ အင်းကျိုးခြင်း အစရှိသော။ အင်း၏အပြစ်ဒေါသ၊ ထေးပါးရှစ်ပါးတို့ကို လည်းသိစေရမည်၊ အင်းကိုမြင်လျှင် ဤအင်းကား။ ပသဝိအင်း။အာပေါ အင်း။တေဇောအင်း။ဝါယောအင်းဟူ၍ခါတ်လေးပါးတို့ကိုလည်း ပိုင်ပိုင် နိုင်နိုင်သိစေရမည်၊ ထိုသို့သိသည့်အတိုင်း ခြောက်ဆဲ့ လေးတိုက်သော အင်းသိုက်များကိုထွေထာပြွမ်းတီးအားကြီး၍ကြံဘန်အားထုတ်သောသူ တို့သည်၊အင်းပိဋကာဖြစ်သည်ဟူ၍လောကီအင်္ဂုတ္တိုရ်ထိုကျမ်း။သရဘူကျမ်း ပိဋကာဓရကျမ်းတို့၌လာသည်၊ သံပဒါးကိုစီရင်သောသူတို့မှာ၊ ။အင္ဂမိန် ယုဒ္ဓာအဂ္ဂိယော၊ ။အင္ဂမိ။မီး၌။နိယုဒ္ဓာ။ယှဉ်သည်တည်း။အဂ္ဂိယော။ မီးနှင့်ယှဉ်သည်။နိယုတ္တတန္တိပိဂြုဟ်။ ၎င်းပိဂြုဟ်၏အရကို ဆင်ခြင် လိုက်လျှင်၊ မီးရဝ်မီးနေတေဇောခါတ်ကို၊ ပိုင်ပိုင်နိုင်နိုင်နားလည် ကျွမ်း ကျင်စေရမည်ဆိုလိုသည်။ ခဝ်သိမ်းသော သတ္တဝါအပေါင်းတို့အား။ ငွိ သန္တေအခါကာစ၍။ သတ္တဝါတို့ကို တေဇောခါတ် စောင့်ရှောက်၍ ထာ ကြောင်းကိုလည်း။အာဘိဓမ္မာအဋ္ဌကထာ ဋီကာကျမ်းအစောင်စောင်တို့၌ လာသည်၊ဆေးကျမ်းခါတ်ကျမ်း၊ဗိန္ဒောကျမ်းများ၌လည်း။ ဥတုသုံးပါး ယာဘုခြောက်ပါး ဟုဆိုအပ်သောအဇ္ဈအပူတို့ကိုလည်းနေပြုပြင်သည်ဟု ဆိုသည်၊နေကိုဒိဂြုဟ်လုဝ်သောအခါ။ သုရံ ဇနေတိတိသုရိယော၊ ။ယံ ဂြဟံ၊အကြင်ဂြိုဟ်မင်းသည်၊သုရံ၊ရဲရင့်ပူလောင်ခြင်းကို၊ဇနေတိ၊ ဖြစ်စေ တတ်၏။ဣတိတသ္မာ၊ထိုသို့ရဲရင့်ပူလောင်ခြင်းကို ဖြစ်စေတတ်သောသတ္တိ ကြောင့်။ဘံဂြဟံ၊ ထိုဂြိုဟ်မင်းသည်။ သုရိယော၊သုရိယမည်၏၊ ဝါ၊တနင်္ဂ နွေဂြိုဟ်မင်းမည်၏၊ ထိုသုရိယဟူသောပုဒ်သည်။သုရ၌ရှိသောဇနခါတ်။ အယပစ္စည်းကြ ရမည်။ဇနဓနသဒ္ဒါသည်ကား။ဇနနေ၊ဖြစ်ခြင်းဟူသောအ နက်နှိုက်၊ဝတ္တတိ၊ဖြစ်တတ်၏( ၎င်းဇနနအနက်ဖြစ်ခြင်းကိုဟောသည်၊သု ရိယောတိဥဒ္ဒေသော။ဟူသောအဋ္ဌကထာကျမ်းတို့နိုက်ဖွင့်ကြသောကြောင့်။ နေသည်ပူသောတေဇောခါတ်ကိုဖြစ်စေတတ်သည်ဟုဆိုလိုသည်။ ၎င်း နေကို။ သူရဇ္ဇဟူ၍လည်း ခေါ်ကြသည်၊တနင်္ဂနွေဂြိုဟ်မင်း ဟူ၍လည်း ခေါ်ကြသည်။ နေပြာသာဒ်နှိုက်လည်း။ ဂင္ဂုန်နှင့်သဏ္ဍာန်တူသည် ဟု ခါတ်ကျမ်းများနှိုက်လည်း ဆိုသည်။ ဂင္ဂုန်ကုဝ်သတ် နဂါးရပ်၏ဟူ၍ အဂ္ဂိရဝ်ခါတ်ကျမ်းကလည်းဆိုသည်။ဂင္ဂုန်ဂင္ဂုန်ဆိုပါတုံလည်း။ တမှ

မွှားမွှားအာယုပြား၍၊နဂါးမသေ၊ပါးမကြေတည့်ဟူ၍သည်း အင်္ဂါရင်ခေတ်ကျမ်းများ၌ဆိုသည့်၊ခြင်သေ့နှင့်ကျား၊ နှစ်ပါးပေါင်းသော်ကြွက်၊ မီးသုံးကြိမ်နှင့်နာနာ့ရှက်၊ဘေးပါးနိဗ္ဗာန်တက်၊ပေါင်းဖက်ခုမဉ္ဇူဆေးကိုရှာ၊ပြုစင်ဇော်သည့်ခေတ်သာဓုတ်၊ခြင်သေ့မင်းတို့ဝံ့ပျော်ရာ၊ရေငံ့ပေါ်သည်ဆင်းဘောဆိပ်ရွာရှာ၊ခေ့သို့မြင်လျှင်သို့ကိုရ၊ယု ထတ်ကြွလျှင်တွေ့နှင့်ထင်၊အိုပ်တိုင်ပင်လျှင်တိုင်းမသိ၊ ပေါင်းမိးဘူလျှင်၊ ဂဠုန်ဝင်၊ နဂါးမြင်လျှင် သေသေးရောက်၊ရန်၍းပါက်ကမပြေးနိုင်၊ ကာမဒိုင်တွင်သေဘေးပိ၊ ဓိပတိသိမ်းသာဓုတ်၊ဟူ၍အံ့ရိမဒ္ဒနပေါက်ကံပြည့်နိုက်အဇ္ဈဂေါနဆိုသောရှင်မထီးစိရင်သောအင်္ဂါရပ်ခေတ်ကျမ်းများနိုက်လည်း၊ ဂဠုန်ဆယ်နှစ်ပါးကိုလည်းနားလည့်စေရမည်ဟူ၍ဆိုသည်၊ခေတ်လေးပါး၊ ဘော်ခုနှစ်ပါး၊ခေတ်ကိုးပါးတို့ကိုသည်းနားလည်စေရမည်၊ကြောင်ကျားကြွက် နဂါးဂဠုန်ဟုင်းဟုဆိုအပ်သော၊ထောက်ီအခေါ်များကိုလည်း နားလည်စေရမည်၊ ခေတ်သဘာဝကိုနားလည်၍ လုပ်သောသူဘို့မှာ ဖြစ်နိုင်ရန်အကြောင်းရှိသည်၊ဥရောပတိုက်သားများသည်၊ ခေတ်ကိုနားလည်သောကြောင့်၊ ရေနိုက်သင်္ဘောဘောကိုသွားစေသည်၊ ငင်းသင်းဘေးသွားရာနိုက် ခေတ်လေးပါးအရံပင်ပါသည်၊ခေတ်လေးပါးအရံပင်ပါသော်လည်း၊ သွားခြင်းကြိုသာနိုက်၊ မီးခေတ်နှင့်လေခေတ်သာ ထင်ရှားသည်၊ ကုန်းပေါ်နိုက်လည်း မီးရထား၊ ခေတ်ရထားမိုတ်ိုကား၊ ခေတ်ဘိုင်စကယ်တို့ကိုသွားစေသည်၊ ၎င်းမီးရထားအစရှိသည်ဘို့မှာလည်း၊ ခေတ်လေးပါးအရံပင်ပါသည်၊ ခေတ်လေးပါးအရံ ပါသော်လည်း၊ သွားခြင်းကြိုသာနိုက်၊ မီးခေတ်နှင့်လေခေတ်သာ ထင်ရှားသည်၊ အာကာသဘောင်းကင်ယံသို့လည်း၊ လေယျာဉ်ပျံရထားတို့နှင့်သွားကြကုန်သည်။ ၎င်းလေယျာဉ်ပျံရထားမှာလည်း၊ခေတ်လေးပါးအရံပင်ပါသည်။

ခေတ်လေးပါ၊အရံပါသော်လည်း၊ပျံတက်သွားသာခြင်းကြိုသာနိုက်၊ မီးခေတ်းလေခေတ်သာထင်ရှားသည်၊ထိုကြောင့်၊တေဇော အဋ္ဌေ၊ဝါယောဍ္ဍေ သွေ့ သွေ့ ရုံလျှက်ဟူ၍ခေတ်ကျမ်းများတွင်လည်းဆိုသည်။မြေလျှိုးမိုးပျံဗျာနိအဘိဉာဏ်ကိုဖြစ်စေတတ်သောကသိုဏ်းဆယ်ပါးတို့တွင်လည်း၊ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊တေဇောကသိုဏ်း၊ဝါယောကသိုဏ်းအစရှိသောကသိုဏ်းဆယ်ပါးတို့သည်၊ပထဝီခေတ်၊ အာပေါခေတ်၊တေဇောခေတ်၊ဝါယောခေတ်အစရှိသောခေတ်လေးပါး၊ ခေတ်ခုနှစ်ပါး၊ခေတ်

ကိုးပါးတို့ကိုကြံ၍စဉ်းစားထုတ်သောဗဟုပင်ဖြစ်သည်၊ ၎င်းမြေလျှိုးမိုးစီး ပျံ ဈာန်အဘိညာဉ်တို့သည်လည်း။သာသနာတော်တွင်းမဝင်။ လောကီ ဗါဟိရအလုပ်ပင်ဖြစ်သည်။ထို့ကြောင့်၊ ဓါတ်သဘာဝတို့ကို ပိုင်ပိုင်နိုင် နိုင်ထုတ်ဖြောက် နားလည်သောသူတို့သည်။ ဝိဇ္ဇာဓိုရ်အဖြစ်သို့ ရောက် ဆောင်ဖြစ်ဘတ်သော သဘောလက္ခဏာရှိသည်၊ ဓါတ်ကိုပိုင်ပိုင်နိုင်နိုင် နားမလည်ဘဲနှင့်။ အဂ္ဂိရဝ်လုပ်သောသူတို့သည်။ ဟုတ်လိမ့်နိုးနိုး၊ ဆင် ကန်းတိုးသို့ဆိုသော စတုဓမ္မသာရကိုးခန်းပျို့၌ဆိုသောစကားများကဲ့သို့ ထည်းကောင်း၊ မျက်စိလည်သောသူ ခရီးသွားသကဲ့သို့ထည်းကောင်း။ မျက်စိမမြင်သောသူလမ်းလျှောက်သကဲ့သို့သာ ဖြစ်ဘွယ်ရာရှိသည်၊ ဤ လောကနိုက်။များစွာသောလူအပေါင်းတို့သည် ရွှေငွေအစရှိသောရတနာ တို့ကို။အလိုမရှိသောသူဟူ၍မရှိ။ ကိလေသာအာသဝေါတရား ကင်းစင် သောအရှင်မြတ်များသာလျှင် မတတ်မနှစ်သက်ခြင်းကို ဆိုတော်မူကြ သည်။ထို့ကြောင့်၊ ။ရတိံ ပေမံ ဇနေတိ ဘိရတနာ။ ။ဟူ၍ပိဋကတ်ဆို ကုန်သည်။ ။ယံဝတ္ထုံ၊အကြင်ဝတ္ထုသည်။ပေမံ၊ချစ်ခင်ရုံမက်နှစ်သက် မြတ်နိုးထတ်သောသူကို။ရတိံ၊မွေ့လျော်ခြင်းကို၊ဇနေတိ၊ဖြစ်စေတတ်၏၊ ဧတံ့တသ္မာ။ထို့ကြောင့်။တံဝတ္ထုံ၊ထိုဝတ္ထုသည်၊ရထနံ။ရတနာမည်၏၊

စိတ္တီကတံမဟဂ္ဃဉ္စ၊ဟောတိဒုလ္လဘဒဿနံ။
အနောမသတ္တပရိဘောဂံ။ရတနံ တေန ဝုစ္စတိ၊ ။
ဟူ၍သုတ္တံအဘိဓမ္မာကျမ်းတို့၌လာကုန်သည်။

အနက်ကား၊ ။တံဝတ္ထုံ၊အကြင်ရွှေငွေစသောဝတ္ထုသည်။စိတ္တီကတဉ္စ။စိတ်မရှိသော်ထည်းစိတ်ရှိသကဲ့သို့။ ဟောတိ၊ဖြစ်၏၊ မဟဂ္ဃဉ္စ၊အဘိုးများစွာထိုက်သည်ထည်း။ဟောတိ၊ဖြစ်၏၊ဒုလ္လဘဒဿနဉ္စ၊ရခဲသည်ထည်း ဟောတိ၊ဖြစ်၏၊အနောမသတ္တပရိဘောဂဉ္စ။ ဘုန်းကံနည်းပါးသောသူတို့ မသုံးဆောင်မခံစားထိုက်သည်လည်း။ဟောတိ။ဖြစ်၏၊တေန၊ထို့ကြောင့်။ တံဝတ္ထုံ၊ထိုရွှေငွေစသောဝတ္ထုကို။ရတနံ၊ရတနာဟူ၍။ ဝုစ္စတိ၊ဆိုအပ် ၏၊ ။ထိုရွှေငွေစသော ဝတ္ထုကိုအလိုရှိ၍ လုပ်ကြသောသူတို့သည်။ အနန္တအသင်္ချေယျ များစွာသောသူတို့ပင်လုပ်ကျသည်၊ ထိုသို့လုပ်သော သူတို့သည်။ဓါတ်လေးပါး။ဓာတ်ခုနစ်ပါး။ဓါတ်ကိုးပါးတို့ကို။ပိုင်ပိုင်နိုင်နိုင်မ သိဘဲနှင့်အဂ္ဂိရပ်အလုပ်ကိုလုပ်သောသူတို့သည် ဖြစ်နိုင်ရန်အကြောင်းမ

ရှိ၊ သံဝဒါးကိုစီရင်သောသူတို့သည်လည်း၊ သံ၏အကြောင်းသံ၏အခြင်း
အရာ၊ ပဒါးအကြောင်း၊ ပဒါး၏အခြင်းအရာများကို နားလည်ကျွမ်းကျင်
စေရမည်၊ သံသည်ပဒါးကဖြစ်သည်ဟုမှတ်ရမည်၊ သံသည်အဘယ်ကဲ့
သို့ပဒါးကဖြစ်ပါသနည်းဆိုဘော် ပဒါးသည်အပုတ်စားပဒါး၊ ပန်းပွင့်စား
ပဒါး၊ မြေခွံနေသောပဒါး၊ ကောင်းကင်၌ဖွဲ့လည်ပျံသော ပဒါးဟူ၍
ပဒါးနှစ်မျိုးလေးမျိုးမှတ်ရမည်၊ များသောအားဖြင့်ကောင်းကင်သို့ပျံသော
ပဒါးသည်ပန်းပွင့်ဝတ်ရည်တို့ကိုစားသုံးသည်၊ မြေနိုက်သွား၍နေသော
ပဒါးသည်၊ အမဲပုတ် ကျွဲပုတ်တို့ကိုလည်း စားသုံးသည်၊ အဆီအနှစ်
ရှိသော မြေနုမြေညက်တို့ကိုလည်း စားသုံးသည်၊ ၎င်းဒါးတို့သည်၊
အဆီအနှစ်ရှိသော မြေနု မြေညက်တို့ကို စားသုံးမိသောကြောင့် မြေ
ဆီမြေဘော် စသည်ဖြစ်၍၊ ပဒါး၏သဘာဝ သဘောအတိုင်း၊ ပျံတက်
သွားထခြင်းကိုမပြုနိုင်သော ပဒါးကိုသံဟုခေါ်ကြသည်၊ ။သယံဇာ
တံသယံ၊ ။သယံအသိုလို၊ဇာတံဖြစ်သည်တည်း၊ ။သယံ၊အလို
လို ဖြစ်သည်၊ ဇာတ တဒ္ဓိတ် ဝိဂြိုဟ်ကြံရမည်၊ သယံဟု ဆိုလို
လျက်၊ ယထက်နိုက်ရှိသောနိဂ္ဂဟိတ်ကို၊ ယအက္ခရာနှင့်တကွ၊ အံအာ
ပြုကိုသုတ်ကြီးနှင့်စီရင်ပြီးလျှင်၊ သကို့အံသို့ကပ်၍ထားသောကြောင့်သံ
ဟုခေါ်ကြကုန်သည်၊ ထိုသံမျိုးသည်၊ တရာ့ခြောက်ဆယ့်ခုနှစ်မျိုး ရှိ
ကြောင်းကိုလောဟကျမ်းနိုက်ဆိုသည်၊ ထိုတရာခြောက်ဆယ့်ခုနှစ်
ပါးသောသံတို့တွင်၊ တရာခြောက်ဆယ့်ကိုပယ်၍၊ ခုနှစ်ပါးသောသံသာ
လျှင်၊ လုပ်ရပ်သို့ဝင်၍၊ ကာယသိဒ္ဓိ၊ ဓနသိဒ္ဓိ ပီယသိဒ္ဓိ၊ ထေဝိသိဒ္ဓိ၊ ဥဒကသိ
ဒ္ဓိ အာကာသသိဒ္ဓိ၊ အဟာရသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ ဝိက္ကမယသိဒ္ဓိ၊ ဟုဆိုအပ်
သော၊ ကိုးပါးသောသိဒ္ဓိပြီးကြောင်းများကို၊ လောကီအင်္ဂုတ္တိုရ်ကျမ်း၊ သ
ရဘုကျမ်းဝိဇ္ဇာဓရကျမ်းတို့၌လာကုန်သည်၊ ၊ သံတို့၏အပွင်းလက္ခဏာအ
ဆင်းကား၊ ကုန်းသယံသည်၊ မြေခါတ်၊ ရေခါတ်၊ မီးခါတ်၊ လေခါတ်ဟုဆို
အပ်သောခါတ်လေးပါးအစုံရှိသည်ဖြစ်သောကြောင့်၊ ကျောက်ခါတ်မာသော
သည်သည်းတကြောင်း၊ ညိုညိုပြာပြာဝါဝါဖြူဖြူသည်ဖြင့်ရှိသည်၊
၎င်သယံကို၊ တေဇောသယံဟုသမုတ်သည်၊ ဝါယောသယံ၏လက္ခဏာ
ကား၊ အာပေါပထဝီဝါယောခါတ်ဟုဆိုအပ်သော ခါတ်သုံးပါးရှိသော
ကြောင့်၊ ပိုးရှုခြဖု်းအိမ်ကဲ့သို့၊ လေတွင်းအပေါက်ရှိ၏၊ အဆင်းကား၊ ညို
ညိုဝါဝါရှိသည်၊ ၎င်းသံကို၊ ဝါယောသယံဟုပညတ်ခေါ်ဆိုကြသည်။

ပဘဝိသံ၏လက္ခဏာကား။ မြေခါတ်ရေခါတ်နှစ်ပါးရှိသောကြောင့်။ အဆင်းမှာညိုညိုဖြူဖြူဖြော့ဖြော့ရှိတတ်သည်။ ထိုသံကိုပထဝိသံဟုသမှတ်ခေါ်ဆိုကြသည်။ ကေလောဟသံ၏လက္ခဏာကား။ အသေးအနုပ်အအကွဲအပြားမရှိတလုံးတည်းနေသည်။ အဆင်းမှာညိုရောင်ဖြူရောင်ရှိတတ်သည်။ ပထဝီခါတ်တပါးသာရှိ၍။ တလုံးဘဲတည်းနေသောကြောင့်၊ ကေလောဟသံဟုသမှတ်ခေါ်ဆိုကြသည်၊ အမ္ဗလောဟသံ၏လက္ခဏာကား။ပိဘုန်းဘောင်ကဲ့သို့မည်နက်သေါ်အဆင်းရှိသည်အိမ်နှင့်လဲ့နေသည်။ ပထဝီအါပေါ်နှစ်ပါးသာရှိသည်။ ၎င်းသံကိုအမ္ဗသံဟုခေါ်ကြသည်။ သယံလပုံးဟူ၍လည်း၊ ခေါ်ဆိုကြသည်၊ ပဘဝိမုက္ခသံ၏လက္ခဏာကား။မြေထဲမှသစ်ဝါးအပင်ပေါက်သကဲ့သို့ပေါက်၍လာသည်၊ အဆင်းကားငွေအဆင်းကဲ့သို့ရှိသည်။၎င်းသံမှာမြေခါတ်တပါးသာရှိ၍။မြေထဲကပေါက်ပေါ်၍လာသောကြောင့်။ ပထဝိမုက္ခသံဟု။ခေါ်ဆိုသမုတ်ကြသည်၊ အာပေါသံ၏လက္ခဏာကား။အာကာသကောင်းကင်မှ ပဒါးတို့သည်။ သုဝဏ္ဏရွှေမြေရှိရာအရပ်သို့။ ယောက်လာ၍မြုံလုံးစံ၍သည်ဖြစ်၍။ ပျံ့ချရောက်လာသောအခါ၊ ရွှေမြေကိုစားသုံးသဖြင့်၊ ပထဝီခါတ်အာပေါခါတ်နှစ်ပါးတို့နှင့်ပေါင်းဆုံမိကြသည်ကိုအစွဲပြု၍။ နေရာအာကာသကောင်းကင်သို့မပျံနိုင်။အမွန်ရှည်စွာကာလကြာသျှင်၊ ခါတ်လေးပါးနှင့်ထိခိုက်ကျသောကြောင့်။ သံဓာတ်သို့ရောက်၍။ ပဒါးဖြစ်ကြသည်ကိုအစွဲပြု၍။သယံဓာတဟုခေါ်ဝေါ်သမုတ်ကြသည်။ ပဒါးဟုခေါ်ဆိုခြင်း၏အကြောင်းမှာ။ ဝိဂြိုဟ်ပြုရာဖြုပ္ပတ်ရှာ။ ရသည့်ဖြုပ္ပတ်ဝိဂြိုဟ်ဓာတ်ဟူသောနယ်များနှင့်အညီ။ ။ပဝရံစိဝှ သဒ္ဒံ ကတွာဂစ္ဆန္တိနိက္ခမန္တိပက္ခန္တီတိပဒါး၊ ။ယံဝတ္ထုံ။အကြောင်ဝတ္ထုသည်။ပဝရံစိဝှ သဒ္ဒံ။ဖြစ်ဖြစ်ဟူသောအသံစစ်စစ်ဟူသော အသံကို။ ကတွာပြု၍။ ဂစ္ဆန္တိနိက္ခမန္တိပက္ခန္တိ၊ ထွက်ပြေးပျံသွားကြကုန်၏။ ဣတိတသ္မာ၊ထိုသို့ထွက်ပြေးပျံသွားတတ်သောသတ္တိကြောင့်၊တံဝတ္ထုံ၊ထိုဝတ္ထုသည်၊ပဒါး။ပဒါးမည်၏။ ။ထိုသို့ဖြအစ်သောဝိဂြိုဟ်၏အဓိပ္ပာယ်မှာ။မီးပူနှင့်တွေ့သောအခါ၊ ဖြစ်ဖြစ်ဖြော်ဖြော်ဟူသောအသံကို။မည်၍ထွက်ပြေးပျံသွားကြသောကြောင့်ပဒါးဟူ၍ခေါ်ဆိုသမုတ်ကြသည်၊ ။အာယုနံဒီဃာနံဆေဒံကရောန္တီတိဆေး။ ။ယံဝတ္ထုံ။အကြောင်ဝတ္ထုသည်။အာယုနံဒီဃာနံဆေဒံ၊ အသက်ရှည်ခြင်း၏အပိုင်းအခြားကို။ကရောန္တိ။ ပြုတတ်ကုန်၏၊ ဣတိတသ္မာ၊ထိုသို့အသက်

ရှည်ခြင်း၏အပိုင်းအခြားကို ပြတတ်သောကြောင့်၊ တံဝတ္ထု၊ ထိုဝတ္ထု၊ သည်၊ဆေး၊ဆေးမည်၏၊ ၊ထိုသို့ဖြစ်သောပြဿနာ၏ အဖိပ္ပါယ်များ၊ အာယုဝဍ္ဎနဆေး၊ ရူပသာသ ယဆေး၊ နာနာရုပ်ဆေးတို့သည်၊ အသက်ရှည်ခြင်း၊ အလိုရှိတိုင်းပြီးစီးခြင်း၊ အထူးထူးအပြားပြားဖြစ်စေခြင်းတို့ကို ဖြစ်စေနိုင်သည်၊ ၊ထိုကြောင့်အင်းဝိဇ္ဇာ၊သံဝိဇ္ဇာ၊ပဒါးဝိဇ္ဇာ၊ဆေးဝိဇ္ဇာဟူ၍ ဝိဇ္ဇာလေးမျိုးရှိကြောင်းကို၊ထောက်အင်္ဂုတ္တိုရ်ကျမ်း၊ ဝိဇ္ဇာရေကျမ်းတို့၌ပြဆိုသည်၊ငင်းဝိဇ္ဇာတို့ကိုဝိဂြုဟ်သုဝ်၍ပြဆိုလိုက်ဦးမည်၊ ၊အင်္ဂပဒံဝိဇ္ဇာတိ ဇာနာတီတိအင်းဝိဇ္ဇာ၊ ၊ယောပုဂ္ဂလော၊အကြင်ပုဂ္ဂိုလ်သည်၊အင်္ဂပဒံ၊ အင်း၏အကြောင်းကို၊ဝိဇ္ဇတိဇာနာတိ၊ ထိုးတွင်း၍သိတတ်၏၊ဇာတိထသွာ ထိုသို့ အင်း၏အကြောင်းကို၊ ထိုးတွင်း၍သိတတ်သော သတ္တိကြောင့်၊ သောပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်၊ အင်းဝိဇ္ဇာ၊အင်းဝိဇ္ဇာမည်၏၊ သယံပဒံ ဝိဇ္ဇတိဇာနာတီတိသံဝိဇ္ဇာ၊ ၊ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်၊ သယံပဒံ၊သံ၏အကြောင်းကို၊ဝိဇ္ဇတိဇာနာတိ၊ ထိုးတွင်း၍သိတတ်၏၊ဇာတိတသွာ၊ ထိုသို့သံ၏အကြောင်းကို၊ ထိုးတွင်း၍ သိတတ်သောသတ္တိကြောင့်၊သောပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်၊သံဝိဇ္ဇာ၊သံဝိဇ္ဇာမည်၏၊ ၊ပဝရံ သုတံပဒံ ဝိဇ္ဇတိ ဇာနာတီတိပဒါးဝိဇ္ဇာ၊ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်၊ပဝရံသုတံပဒံ၊ပဒါး၏အကြောင်းကို၊ဝိဇ္ဇတိဇာနာတိ၊ထိုးတွင်း၍သိတတ်၏၊ဇာတိတသွာ၊ ထိုသို့ပဒါး၏အကြောင်းကို၊ ထိုးတွင်း၍သိတတ်သောသတ္တိကြောင့်၊သောပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်၊ ပဒါးဝိဇ္ဇာ၊ပဒါးဝိဇ္ဇာမည်၏၊ ၊ဘေသဇ္ဇံပဒံ ဝိဇ္ဇတိ ဇာနာတီတိ ဆေးဝိဇ္ဇာ၊ ၊ယောပုဂ္ဂလော၊အကြင်ပုဂ္ဂိုလ်သည်၊ဘေသဇ္ဇံပဒံ၊ ဆေး၏အကြောင်းကို ဝိဇ္ဇတိဇာနာတိ၊ ထိုးတွင်း၍သိတတ်၏၊ ဇာတိတသွာ၊ ထိုသို့ဆေး၏အကြောင်းကိုထိုးတွင်း၍ သိတတ်သော သတ္တိကြောင့်၊ သောပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်၊ဆေးဝိဇ္ဇာ၊ဆေးဝိဇ္ဇာမည်၏၊ ၊ငင်းဝိဇ္ဇာရပ်ရှင်ပြုတ်တို့သည်၊ကတ္တုသဓနကိတ်ဝိဂြုဟ်တည်း၊

တတ္ထကထမာပိန္တာမယာဇနုဒ္ဒိ၊ ဝိဇ္ဇာရောဝိဇ္ဇံပရိဇပ္ပေတွာအာကာသေအန္တလိက္ခေဟတ္ထိံဒဿေန္တိ၊ အဿံဝိဒဿေန္တိ၊ရထံဒိဒဿေန္တိ၊ပတ္တိမ္ပိဒဿေန္တိ၊ဝိဝိဓမ္ပိသေနာဗျူဟံဒဿေန္တိ၊အယံပိန္တာမယာဇနုဒ္ဒိ၊ဟူ၍ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌လာသည်၊

အနက်ကား။ ။တည္တု။ထိုဆယ်ပါးသောတန်ခိုးတို့တွင်၊ ကတမာ၊ အဘယ်မည်သောတန်ခိုးသည်၊ ဝိဇ္ဇာမယာဣဒ္ဓိ ဝိဇ္ဇာမယာတန်ခိုးမည်သနည်း၊ဝိဇ္ဇာခရာ၊ဝိဇ္ဇာဓရဝိဇ္ဇာဓိုလ်တို့သည်၊ဝိဇ္ဇံ။အတတ်ပညာကို။ပရိဇပ္ပေတွာ။ စိတ်၍၊ဝါ၊ နှုတ်၍၊ အန္တလိက္ခေ။ အဇတာပြင်မိုဃ်းကောင်းကင်၌။ ဟတ္ထိမ္ပိ။ဆင်ထင်ကိုလည်း။ဒဿေန္တိ၊ဘန်ဆင်း၍ ပြနိုင်ကုန်၏။အဿမ္ပိ၊မြင်းတင်ကိုလည်း။ဒဿေန္တိ။ ဘန်ဆင်း၍ပြနိုင်ကုန်၏။ရထမ္ပိ။ ရထားတင်ကိုလည်း။ဒဿေန္တိ၊ဘန်ဆင်း၍ပြနိုင်ကုန်၏၊ပတ္တိမ္ပိ။ လက်နက်ကိုင်ခြေသည်သူရဲတင်ကိုလည်း။ဒဿေန္တိ။ဘန်ဆင်း၍ပြနိုင်ကုန်၏၊ဝိဝိဓံ။အထူးထူးအပြားပြားသော။ သေနာဗျူဟမ္ပိ၊ စစ်သည်ဗိုလ်တု။ အရအချ်းအလုံးအရင်းကိုလည်း၊ဒဿေန္တိ၊ဘန်ဆင်း၍ပြနိုင်ကုန်၏၊ အယံ၊ ဤသည့်လျှင်၊ဝိဇ္ဇာမယာဣဒ္ဓိ။ကြံ့စည်တိုင်းပြီးစေနိုင်သော၊ဝိဇ္ဇာမယတန်ခိုးမည်၏။ ။ဤ လောက၌၊အင်းအိုင်ထက်ဖွဲ့ ဆေးဝါးမန္တရားတို့ကို လုပ်ကြံ ရှာဘွေသောသူတို့သည်။သတိ ထားရန် အကြောင်းမှာ။၎င်းရှာကြသော အတတ်ပညာတို့သည်၊အထမြောက်ခဲ့လျှင်။ဇော်ဂနီ ကာကနီနတ်မိစ္ဆာတို့မှစ၍။တန်ခိုးကြီးသောနတ်တို့က၊ သူတို့ကိုလွှမ်းမိုးနှိမ်နင်းနှိပ်စက်မည်ကို စိုးရိမ်ကြသောကြောင့်များစွာဖျက်ဆီးကြသည်၊ ၎င်းအဖျက်အဆီးများကိုတားမြစ်နိုင်အောင်။ ရတနာသုံးပါးတို့၏ဂုဏ်ကို၊ မိမိကိုယ်၌အမြဲထုံစေ၍၊တန်ခိုးကြီးသောတောစောင့်နတ် တောင်စောင့်နတ်။ သာသနာတော်စောင့်နတ်တို့ကိုသည်းကောင်း။မန္တရားအင်းအိုင်မျိုးကို အုပ်စိုးသောဝိဇ္ဇာဒေဝနတ်တို့ ကိုလည်းကောင်း။သိုက်သမိုင်းဝင်ဆေးပင်မျိုးကျောက်ဓာတ်မျိုးတို့ကို အုပ်စိုးသောဩသဓိဒေဝနတ်ကိုလည်းကောင်း။အလှူရေစက်ချ၍ သောနတ်တို့ကို။ ရင်ဝယ်သားကဲ့သို့ သနားချစ်ခင်ကျွမ်းကျင်လေးမြတ်အောင်။ မိတ်ဆွေ ခင်ပွန်းပြုလုပ်၍ကြံကြံမှသာလျှင်၊အထမြောက်နိုင်ရန်အကြောင်းရှိသည်။

ဝိဇ္ဇာသည်၊ဝေဒဝိဇ္ဇာ မန္တဝိဇ္ဇာ။ ဂန္ဓာရီဝိဇ္ဇာ၊လောကီယဝိဇ္ဇာ။အရိယဝိဇ္ဇာ၊ဟူ၍ဝိဇ္ဇာအပြားငါးပါးရှိ၏။ထိုငါးပါးတို့တွင်၊ဂန္ဓာရီဝိဇ္ဇာဓိုရ်သည်နတ်တို့၏ ကံမဝိပါကဇိဒ္ဓိတန်ခိုးကိုဝင် လွှမ်းမိုးနိုင်သောဝိဇ္ဇာမယိဒ္ဓိ တန်ခိုးမျိုးဖြစ်ခဲ့၍။ဇော်ဂနီကာကနီစသောနတ်တို့၊မနာလိုဝန်တိုမိစ္ဆာဖြစ်တတ်သည်။ထို့ကြောင့်ဆေးဝါးအင်းအိုင်လုပ်ရပ်ပညာတို့၏ အန္တရာယ်။ အသက်အန္တရာယ်များကိုပြုတတ်သည်။ လောကီယဝိဇ္ဇာဆိုသည်ကား။ သာသနာပအခါ၌၊ သရဘင်္ဂ။ သုနေတ္တအစရှိသော ရသေ့ဆရာကြီးတို့

သည့်ကသိဏ်းဈာန်ဘို့ဂိုရပြီးသည်နောက်၊ အေးဟုတ်၍ရအင်သော၊ ဇူင္ဗိဝိဓအဘိညာဏ်ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသ၊ ယထာကမ္မုပဂ၊ အနာဂတံသအဘိဉာဏ်ဝိဇ္ဇာတို့ကိုဆိုသည်ဟုမှတ်ရမည်။ ဤလောကီအဘိညာဏ်ဝိဇ္ဇာဘို့သည်ကား၊ ဘုရားပစ္စေကဗုဒ္ဓါအရိယါသာဝကတို့နှင့်ထဉ်းဆက်ဆံကုန်၏၊ ဘုရားပစ္စေကဗုဒ္ဓါအရိယါသာဝကတို့ရအပ်သောဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါးတို့နိုက် အတွင်းဝင်၏၊ သံဝဓါးဆေးတို့ကိုဆိုခဲ့သည်အတိုင်း လကျဏာဆက်ါဘို့နှင့်ညီအောင်၊ အေး ထုတ်လုပ်ဆိုင်၍အပြီးအဆုံးသို့ရောက်သောသံပဒါးတို့၏ အကျိုးသည်၏ သို့မှတ်အပ်သတည်း။

သမ္ဗေသတ္တာ၊ ဝေနေယျာတို့။ လောကီပညာ၊ ကမ္မာဘာက၊ စဉ်ထောမပျက်၊ ရှေးအနက်ငှါ၊ ဟောမြွက်ဝိဇ္ဇာ၊ နှုသန္ဒေဖြင့်၊ စက်ရွှေဘော်ထုတ်၊ လောကုတ်ဈာန်ရင်၊ ဌာက်အသွင်သို့၊ ကောင်းကင်ထယ်ကြော၊ ဝိဇ္ဇာတော လားတာနောဘိလူး၊ တထူးဒီသ၊ ဇမ္ဗုလနှင့်၊ နာမထိုထို၊ ကျမ်းရိပ်ခိုသား၊ မှတ်လိုရှင့်ဓိ၊ ဒဋ္ဌိကမ္မ၊ မုချဥပစာ၊ သမာသကဝ်၊ နှုစဉ်ညာဏ်ရောင်၊ မှောင်အဝိဇ္ဇာ၊ ပယ်ပြီးခါမှ၊ လကျာလက်ဝဲ၊ ခဲလေးရပ်၊ ဓါတ်အရင်းရုံ၊ လိုဟုံရောက်ဘိ၊ ပြည့်ရုံဘိက၊ နဂါးနွတ်ဟု၊ သွင်းထဝ်လက်ဝက်၊ သုံးဆင့်တက်က၊ နှစ်ချက်သိဒ္ဓိ၊ လေးဆင့်ထိက၊ ကာယဟူ၏၊ ငါးမှုပထဝီ၊ ခြောက်ထိဥဒက၊ သတ္တအာကာ၊ ရှစ်ဓာနုလော၊ ကိုးကောဝိတ္တာ၊ ဒသာမနော၊ သဘောကျကျ၊ သိဒ္ဓိရ၏၊ ပျာကထေးရွေး၊ ထမင်းထွေး၍၊ မနေ့းလျှင်စွာ၊ စားရပါမှု၊ ဩဇာပြည့်ခြင်း၊ မွတ်သိပ်ကင်း၍၊ ရက်လျှင်ဆယ့်ငါး၊ နေနိုင်ငြား၏၊ သကြွားထော့ဝတ်၊ သကာမြဘ်နှင့်၊ ရောစပ်သွားနို့၊ ဤသည်တို့ကို၊ မချိုမရှင်း၊ နေ့စဉ်ပြွမ်း၍၊ တဖွမ်းအမှုန်၊ စါးရမြန်လျှင်၊ ရွယ်ဟံပျိုသစ်၊ ဆယ့်ငါးနှစ်တည့်၊ ရောက်ထစ်သက်မှာ၊ ထကမ္ဘာထည့်၊ သတ္တဆင်ပြောင်း၊ အားဆောင်မသင်၊ ကိုယ်နံ့မှာထည်း၊ မွေးစွာကတိုး၊ ရတ္တမျိုးမှာ၊ ရေသိဒါသို့၊ ခြင်းချာစေ့ရုံ၊ သုံးပုံပိဋကတ်၊ နှုတ်မှတ်အာဂုံ၊ ဆောင့်တုံထင်ပြီး၊ လိုရှိမြေမိုးစီး၊ အစိုးရရှု၊ ပျံသွားကလည်း၊ ခြောက်ဆယ့်တယုဇနာ၊ ပျံလူးလာတည့်၊ ဆယ်ဖြာသို့ကျ၊ သတ္တဝိဇ္ဇာ၊ လိုဇူသွာကို၊ လွယ်ကာလည်းရောက်၊ ကြွဲဘိုင်းပေါက်အောင်၊ ပဌသီလ၊ ဤငါးဖြာကို၊ တည်ပါမြဲစေ၊ ထုံကြေပျာရေခံ၊ အကောက်ညာဏ်ဝင်၊ အကုန်မြဲင်က၊ နှုတ်တွင်ငုံပျံ၊ ဝိဇ္ဇာဈာန်သည်။ ။ပျံလေမြေမိုးစီးဘဝဂ်တည်း။

မြေညီလျှို၊ရေနှန်းစံက၊သယံဇာတ၊ရွှေသိပ္ပာကို၊မှတ်ကျကမ္ဘည်း။ စိ
ရင်နည်းကား။အများခေါ်ဆို။ စရိုချင်းမိန်း၊မတိမ်းရောစွက်။ စရဲနက်က
လိန့်စေ့။ထင်းရှူးစေ့ပါ။ရောကာပေါင်းကြ။ပထမဆေး၊တရေးထိုမှ၊ နည်း
ဖြတချက်။ဝက်ထောပက်နှမ်း။ရောပွမ်းလုပ်ကြ။ ပထမခံရေ တထွေချို့
နှတ်ချို့ကြို့ဟင်း။ မရွှင်းမိဿလင်၊ ဆံတွင်ဗျူးခါ။ ကျဖုထားချ။ငါးပါး
ဆေးမင်။သွင်းလောဒုတိယ။ထိုမှတခြား။ ပျားရေရောစွက်။ ကြေနက်
အုန်း၊နှစ်လုံးစွဲပြု။ဒုတိယခံရေ၊ မှတ်ထေတတန်၊ပရိနဝါ။ဆင်ပျာသဲမှန်၊ မ
ယဂုံဖိုလ်မ။အင်္ဂတွဲထောက်၊သစ်စေးခြောက်ပါ။မှတ်ပါသောဆ။ တတိ
ယဆေး၊ရောထွေးမပျက်။မက်လင်နှာနှတ်။ သီးဖြတ်မရမ်း။ ဖွတ်ခမ်းအင်
ရေ။ယူလေတတိယ။ခံရေပြ၏။ ထိုမှတသွယ်။နွယ်မှာအင်ပြူ၊ ယူထေအဉ၊
ငှရွှေဆိပ်ဖလူး၊နှစ်ဦးအပွင့်။အသင့်ရောထုပ်၊ကန့်ချုပ်နီမြစ်။ပေါင်းထစ်ငါး
င။စတုတ္ထဆေး။ တရေးမှတ်ကြောင်း။ ရှားဇောင်းမရိုး၊ နှစ်မျိုးအစည်း။တ
နည်းလက်ပတ်။အရေမှတ်ပါ၊သုံးဖြာဆေးပြ။စတုတ္ထခံရေ။မိန့်ထွေခြင်းရေ၊
ဆေးညြဇာကို။ကောင်းစွာရော်ရ။ ထောင်းထုညှတ်ကြ။ ပြုပြီးလေမှ။ပဒု
တစ၊လေးဝဆေးမင်း၊သံနှင့်သွင်းတုံ။အလုံရောမှတ်။ သုံးထပ်ဇော်ဂျီ။
ခေါ်မှီစောင့်ကြပ်။မှတ်သေဒိဝ၊နေ့စွဲကျအောင်။ကြိုဆောင်ထိုးလျှက်။ တ
မီးထွက်ရော။တခါနောက်ထပ်၊နေဝင်လပ်မှ၊ရပ်၍နှစ်လုံ။ရတုံလေရော။ ပမာ
မရွှင်း၊မီးပြင်းသုံးဆယ်၊ဖိုဝယ်အဝ်နှင်း။အလင်းနောက်ထပ်။ ယောစပ်သု
ဆေး။ရှေးကပြပေ၊ ခံရေနှင့်နှော။ ကောထိညှက်ကြေ။ မွေနှောက်လေ၍။
သွန်လေမီးပေါင်း၊ သုံးဆယ်လောင်းပါ။ခြင်းရာဥသုံ။ ခေါင်းမီးချုံသွင်၊
ဆေးအစဉ်ကို။ဆင်ခြင်စဉ်းစား။ မမှားစေရ။စီရင်ကြသော်။ လေးဝလေး
တန်၊ခါမှန်ချိန်မှီ၊ပထဝီအာပေါ၊တေဇောဝါရ။ငြိမ်းလေကြ၏။ ထိုမှတခန်း၊
နေ့ပန်းညည့်ပန်း၊ခွေးလေးပန်းဝါ။ငြိမ်းလေရာမြဲ၊တနဲ့တမျိုး။ရိုးကြိုးငါးဝါး၊
ဆားနှင့်လုံဝိတ်။ဖိုရုံနှိပ်က။သတ္တမီးပေါင်း၊ စေ့တုံရှောင်းဆော်၊ သိပ္ပာ
ခေါ်မှန်။သယံဇာတ။မရဏာသို့။မြန်းကြွလေရော။တခါထိုမှ၊ ကာယအာယု။
ပြုလိုဖြန့်ပေ၊သံသေပတ္တမြား။ချိုဆယ်ပါးနှင့်၊စိမ်ထားရောသောက်။ ကိုး
ဆယ်ခြောက်ကျို။ပျောက်လေတတန်။ထားလှဲသေနတ်။သနသစ်ချွန်။မလွန်
မရောက်၊အခြောက်စိန်ပြောင်း။လက်နက်ကောင်းချိန်။နှါးအိုမ်ပြောင်းဝရေ
ထွက်ကျပေ။သက်ရှည်သောင်းသိန်း၊ အာယုံကိန်းထပ်၊တရပ်တနှဲ့။ စိန်းနဲ

တိန်းညှက်၊ ရောစွက်မီးပေါင်း။ သုံးဆယ်လောင်းသော်၊ ကောင်းကင်အဇ တာ၊ နေရောင်ဖြာသို့၊ ရောင်ဝါထွန်းညီ၊ အဆီဥပေါင်း။ ပြန်ကာဆောင်း လျှက်၊ ခြောက်ဆယ်ဝက်တည့်၊ ထက်လှမြစ်ကောင်း၊ ဆီနှင့်ပေါင်း၍၊ ထောင်းလေသုံးဆယ်၊ တသွယ်အသီး။ ဆီးနှင့်နှမ်း၍၊ မီးပေါင်းသုံးဆယ်၊ ဆိတ်ဝယ်ဆီပေါင်း၊ ရေနှော်ကြောင်းဖြင့်၊ မီးပေါင်းသုံးဆယ်၊ တသွယ်ရော နှော၊ ဆီရောပန်းနောင် သုံးဆယ်လောင်းလျှက်၊ ရေးဝင်ရုံတွက်၍၊ မပျက် မှတ်သား။ ကျားကြောင်ပေါ၊ မိကြောင်းအားဖြင့်၊ လေးပါးသည်းခြေ၊ အုံး အရေနှင့်၊ သွေးလေမီးပေါင်း၊ တရာလောင်းက၊ ခနကာယ၊ ပီယအညီ၊ ပထ ဝိဥဒက၊ အာကာသသမ်းချံပျံမြန်းရာ၊ ဝိဇ္ဇာဘာဝ၊ သဒ္ဒေခ၍၊ ကြံကြသ ဘော၊ မနောမယ၊ စိတ်ကရည်ဆောင်၊ ပြီးစီးအောင်လျှက်။ တချက်ထိမှ၊ တဝတသွယ်၊ လူ့ဝယ်မကာ၊ နတ်မမှုအောင်၊ အထွအချော၊ ဆွေ့ဒ်ပေါ်သည့်၊ တောတောင်စခန်း။ သူချောင်နန်းသို့၊ လှန်း၍ပျော်ပါး၊ ဘုရားမြတ်စွာ၊ ပွင့်ခါ ရှေးဦး၊ လက်ရုံဘူးက၊ အမတခံ၊ ပြည့်နိဗ္ဗာန်ကို၊ ။ယောက်ခုနှမချွတ် မလွဲတည်း။

ဓာတ်နိပါတ်ဝတ္ထုတို့၌ ဝိဇ္ဇာဓရိရဲရှိကြောင်းကိုဆိုသောကြောင့်၊ ဝိဇ္ဇာ ဓရိရ်ဖြစ်သျှင်ရွှေငွေတို့သည့် အမှန်ပင်ဖြစ်နိုင်သည်ဟူ၍ မှတ်ရမည်၊ ဤသို့ ရွှေငွေစသောသိဒ္ဓိဆိုးပါး သိဒ္ဓိဆယ်ပါးမြောက်သော ဝိဇ္ဇာဓရိရ်တို့သည်၊ ဓါတ်လေးပါး၊ ဓါတ်ခုနစ်ပါး၊ ဓာတ်ကိုးပါးနှင့် လောကဝမ္မနှစ်ဝသောတရား တို့ကို၊ ပိုင်ပိုင်နိုင်နိုင်သိစွမ်းနိုင်သောသတ္တိနှင့် ပြည့်စုံကြသောကြောင့်၊ အောင်မြင်သမြောက်ပြီးစီးခြင်းသို့ရောက်သည်၊ ယခုအခါလုပ်ကြသောလုပ် ရပ်ဆရာတို့မှာလည်း၊ ဤကဲ့သို့ခါတ်များကို နားလည်ကြသော သူတို့ သည်ဖြစ်နိုင်ရန်အကြောင်းရှိ၏၊ ဓါတ်သဘာဝကိုနားမလည်ပဲနှင့်ထုပ်သော သူဘို့မှာဥပမာဆိုသည်ရှိသော်၊ ပေါင်းသင်းဖုတ်ခြင်းကိုနားမလည်ပဲနှင့်၊ ပေါင်းသင်းဖုတ်သောသူကဲ့သို့ ဖြစ်ဘတ်သည်။ ပေါင်းသင်းမဖုတ်တတ် သောသူသည်၊ အဘယ်ကဲ့သို့ဖုတ်သနည်းဆိုသော်၊ ရှေးအထက်ကျော် ကာလကရွာနှစ်ရွာရှိကြသည့်တွင်၊ ရွာတရွာက ကာလသားတယောက် နှင့်၊ ရွာတရွာက မိန်းမငယ်တယောက်ကို၊ သူငယ်တို့ဘာဝ သွားလာ၍အယ် ၏၊ နှစ်ဝမေတ္တာရှိကြသောအခါ၊ မိန်းမ၏မိဘနှစ်ဦးတို့က သဘောမတူပဲရှိ နေသောအခါ၊ သွေးရည်းစားနှစ်ယောက်တို့သည်၊ ဤသို့တိုင်ပင်ကြလေ၏။

မင်းနှင့်ငါသည့်မေတ္တာရှိပါလျက်နှင့်။မိဘနှစ်ဦးတို့သည်သဘောမတူပဲရှိနေသည်။မင်းကဘာယ်လိုသဘောထားသနည်းဟု။ယောကျ်ားကလေးကမေးလေ၏ထိုအခါ၌မိန်းမကလေးကအကြံပေးသည့်မှာ။ညအခါထ၍ခိုးထပါကျွန်မလိုက်ပါမည်ဆို၏။ထိုသို့ပြောဆိုကြသောအခါ။မိန်းမကလေးက။တောတဲသို့ရောက်သောအခါစားဘို့ရသောဘို့၊မသိုးထမင်း။ မသိုးဟင်းမှ့ငါးသားတို့ကို။အခန့်သင့်ရှာကြ၍ယူခဲ့ပါဟု။ ပြောဆိုသောအခါ။ ယောကျ်ားကလေးက၊ ကိစ္စမရှိပါဘူး။ ဘောထ်သို့ယောက်သောအခါ၊ ထားတစင်းပါလျှင်၊ပြီးပါတယ်ဟုပြော၏။ မိန်းမကလေးကလည်း၊ ယောကျ်ားကလေးပြောသောစကားများကို၊ ယုန်ကြည်အားထား မရှိသောကြောင့်။ မသိုးထမင်း၊ မသိုးဟင်းတို့ကို အခန့်သင့်ရှာကြံခဲ့ပြီးလျှင်။ သမီးရည်းစားနှစ်ယောက်ထွက်၍ပြေးကြလေ၏။ကန္တာရခရီးက။ တောတဲသို့ရောက်သောအခါ။ မိန်းမကလေးက။ယောကျ်ားကလေးစိတ်ကိုစမ်းလိုသည်ဖြစ်၍ရှေးထက်ကျော်ကာလက၊ မင်းပြောသည့်အတိုင်း။ စားရန်သောက်ရန်မှာ၊ ထားတစင်းပါလျှင်ပြီးပါတယ်ဆိုသည့်အတိုင်း။ပြီးစီးအောင်လုပ်ပါဟုပြောလေ၏၊ဤသို့ပြောသောအခါ။ ယောကျ်ားကလေးသည်။ မိဘများပေါင်းသင်းဖုတ်စဉ်ကာလက။ ဆံသည့်သည်ကိုမမြင်။ ရေထည့်လည်ကိုသာမြင်၍။ ပေါင်းသင်းဖုတ်သောအလုပ်သည်။ ပါးထဲသို့ရေထဲ့၍ဖုတ်လျှင်ပြီးစီးသည်ဟု၊ စိတ်ထဲ၌မှတ်၍ထား၏၊ ထိုသို့မှတ်၍ထားသည့်အတိုင်း၊ ထားတစင်းနှင့်ဝါးကိုခုတ်ပြီးလျှင်။ ရေထည့်၍ဖုတ်လေ၏၊ နေခန်း၍သွားသောအခါ။ ဝါးကိုမီးလောင်လေလျှင်။ ငါတို့မိဘများဖုတ်တုံးကာလက။ အတောင့်ကြီးအတောင့်ကြီးရပါသည်၊ ယခုဘာယ်နှယ်ဖြစ်၍နေပါလိမ့်မယ်ပြောဆိုသောအခါ၊မိမိ၏ချည်စားဖြစ်သောမိန်းမငယ်က။ လက်ခုပ်လက်ဝါးတီး၍ရည်လေ၏၊ထို့အတူရှေးကဝိဇ္ဇာရဂိရ်တို့မှာ၊ခေတ်ကြံယာအရပ်အလင်နားလည်ပြီးဖြစ်သောကြောင့်။ပျံ့ငွေ့အစရှိသော သိဒ္ဓိမျိုးတို့ကို၊ အစိုးထရပေါက်ရောက်ကြသည်၊ ယခုကာလလုပ်ရပ်ဆရာတို့ကလည်း။ရှေးလူများဖြစ်လျှင်ငါတို့လည်းဖြစ်ရမည်ဟု။ အထင်အမှတ်ရှိပြီးလျှင်။စာတွဲကြွင်ကိုက်ထရိုက် ဘထွာကိုကြည့်၍လုပ်ကြသောသူတို့မှာ။ ပေါင်းသင်းဖုတ်သောသူသည်၊ ဆံထည့်သည်ကိုမကြည့်မိ၊ ရေထည့်သည့်ကိုသာမြင်၍မိမိမှတ်မိသည့်အတိုင်းဖုတ်သောအခါမီးစာဖြစ်၍သွားသကဲ့သို့ရှိကြလိမ့်မည်။အဂ္ဂိရပ်အလုပ်သည်။ မဖြစ်လျှင်ကြေ။ ဖြစ်လျှင်

သော၊ လူလေအတတ်၊ အင်္ဂဝိဇ္ဇာ၊ ရှေးသူဟောင်းတို့ပြောဆိုကြသည့်အ
တိုင်းအင်္ဂရပ်လုပ်သောသူတို့သည်၊ ဘယ်ခေါတ်နှင့်ဘယ်ခေါတ်ဆုံးငွေဖြစ်
၏၊ ဘယ်ခေါတ်နှင့်ဘယ်ခေါတ်ဆိုးရွေးဖြစ်၏၊ စာဆိုသည်အတိုင်းခေါတ်ကို
ဝယ်၍ဆိုးရသောကြောင့်မဖြစ်သျှင်ကြသည်ဟုဆိုသည့် ခေါတ်များကို
အတော်အဘန်ရိပ်မိ၍လုပ်သောသူတို့မှာဆိုသည့်အတိုင်းဖြစ်ခဲ့ပြန်သျှင်
ထည်း၊ ဇော်ဂနီ၊ ကာကနီနတ်မိဇ္ဇာတို့ကာသံသုံးပဒါးလုံးငှ၍သွားသောသူ၏
ပါးကိုရိုက်နှက်သူဆောင်၍ သွားသောကြောင့်မေးလွဲကြီးများနှင့်ချုံနှမ်း
၍နေရစ်ထတ်သည်၊ အချို့သောသူတို့လည်း၊ အသက်ဆုံးရှုံး၍သွားရာကြ
သည်၊ ထို့ကြောင့်ဖြစ်လျှင်သေသည့်ဟုဆိုကြသည်၊ ဝိဇ္ဇာငါးမျိုးတို့တွင်၊
အရိယဝိဇ္ဇာအဖြစ်သို့ရောက်အောင်အားထုတ်ကြပါလျှင်၊ သာ၍ကောင်း
သောအလွန်အမြတ်ကြီးပင်ဖြစ်တော့သည်၊ ဝိဇ္ဇာငါးမျိုးဟူသည်ကား၊ ။
ဝေဒဝိဇ္ဇာ၊ မန္တဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာ၊ လောကီယဝိဇ္ဇာ၊ အရိယဝိဇ္ဇာဟူ၍ငါး
ပါးအပြားရှိ၏၊ ။ထိုငါးပါးတို့တွင်၊ သာမဝေဒင်၊ ယဇုဝေဒင်၊ ဣရုဝေဒင်၊
အာတပ္ပနဝေဒင်၊ ဟူသောဗေဒင်လေးမျိုးကိုတတ်မြောက်သောသူသည့်၊
ဝေဒဝိဇ္ဇာမည်၏၊ ၁ ။ဆေးကျမ်း၊ ခေါတ်ကျမ်းသိုက်သမိုင်းကိန်းခမ်း၊
နက္ခတ်ပါရာတိုက်အစရှိသော လောကီပညာဟူသမျှကို တတ်မြောက်
သောသူသည်၊ မန္တဝိဇ္ဇာမည်၏၊ ၂ ။အင်းဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ပဒါးဝိဇ္ဇာ၊
ဆေးဝိဇ္ဇာ၊ ဟူ၍ဝိဇ္ဇာခရုကျမ်းများနှိုက်လာသော၊ ကာယသိဒ္ဓိ ဓနသိဒ္ဓိ၊ ပီ
ယသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ အာကာသသိဒ္ဓိ အာဟာရသိဒ္ဓိ၊ အာယုသိ
ဒ္ဓိ၊ မနောမယသိဒ္ဓိဟိုင်အောင်ပေါက်ရောက်သည်ဖြစ်၍၊ နတ်တို့၏ထံခိုးအဘိ
ညာဏ်တို့နှင့်အလားတူတတ်စွမ်းနိုင်သောဝိဇ္ဇာမျိုးဟူသမျှသည်၊ ဂန္ဓာ
ရီဝိဇ္ဇာမည်၏၊ ၃ ။သာသနာပအခါ၌၊ သရဘင်၊ သုနေတ္တ၊ အစရှိ
သောရသေ့ဆရာကြီးတို့သည်၊ ကသိုဏ်းစျာန်တို့ကိုပြုး၍၊ နှဉ္စဂါးအဘိ
ညာဏ်အစရှိသောအဘိညာဏ်ခြောက်ပါး၊ ရှစ်ပါးတို့သည်၊ ၄ ။အရိ
ယဝိဇ္ဇာဆိုသည်ကား၊ လက္ခဏာရေးသုံးပါး၊ သစ္စာလေးပါးတို့ကိုဆို
သည်၊ ၅၊ အရိယသစ္စ ကိုကား၊ သာသနာတော်အတွင်း၌သာ၊ ထမြောက်
ပေါက်ရောက်အောင်ကြိုးဆောင်နိုင်သည်၊ သာသနာပအခါ၌ကား၊ ပစ္စေက
ဗုဒ္ဓါအရှင်မြတ်တို့သာစွမ်းဆောင်နိုင်ရန်အကြောင်းရှိသည်၊ သာသနာ
တော်တွင်း၌ကား၊ အရိယာရှစ်ယောက်တို့၏ခေတ်ပေတည်း၊ ဘုရားသခင်
နှင့်တွေ့ကြုံရအောင်ကျင့်ကြသောသူတို့သည်အရိယဝိဇ္ဇာမည်၏၊

ဓမ္မံဟိသောဘိက္ခဝေဘိက္ခုနပဿတိ ဓမ္မံအပဿန္တော၊ မံနပ
ဿတိ။ဓမ္မံဟိသောဘိက္ခဝေဘိက္ခုပဿတိ ဓမ္မံပဿန္တောမံပ
ဿတိ။

ဟိ၊ ထိုစကားသည်မှန်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ သောဘိက္ခု၊
ထိုရဟန်းသည်၊ ဓမ္မံ၊တရားကို၊ နပဿတိ၊မမြင်၊ ဓမ္မံ၊တရားကို၊ အ
ပဿန္တော၊ မသိမမြင်သောသူသည်၊ မံ၊ငါဘုရားကို၊ နပဿတိ၊
မဘူးမြင်ရ၊ ဟိ၊ထိုစကားသည်မှန်၏၊ဘိက္ခဝေ၊ရဟန်းတို့၊ သောဘိက္ခု၊ထို
ရဟန်းသည်၊ဓမ္မံ၊တရားကို၊ပဿတိ၊သိမြင်၏၊ဓမ္မံ၊တရားကို၊ပဿန္တော
သိမြင်သောရဟန်းသည်၊မံ၊ငါဘုရားကို၊ပဿတိ၊ဘူးမြင်ရ၏၊ ၊ထို
ဒေသနာတော်၏အဓိပ္ပါယ်သော်ကား၊ တရားကိုကျင့်သောသူသည်၊ငါ
ဘုရားကိုဘူးမြင်ရသည်နှင့်တူ၏၊ တရားကိုမကျင့်သောသူတို့သည်၊ ငါ
ဘုရားကိုမတွေ့မမြင်ရသောသူမည်၏၊ ၊သက္ကာယဝေရာယပဋိက္ကမ္မံ
ကာတုံ၊ ၊ဟူ၍ နေတ္တိပါဠိတော်၌ ထာသည်၊ ၊အနက်ကား၊
ဝေရာယ၊ဒိုခြင်း၏၊ပဋိက္ကမ္မံ၊မဒိုအောင် ကြံဆောင်တားမြစ်ခြင်းကို၊ ကာ
တုံ၊ပြုခြင်းငှာ၊ သက္ကာတဝ၊ တတ်ကောင်းသည်သာလျှင်တည်း၊ ၊
ထိုဒေတနာ၏အဓိပ္ပါယ်မှာ၊ဒိုခြင်းတရားသည်ရှိ၏၊ ထိုဒိုခြင်းတရားကို၊
မဒိုရအောင်၊ကြံဆောင်တားမြစ်သည့်ရှိသော်၊ စွမ်းဆောင်နိုင်ရာ၏ဟူ၍
အဓိပ္ပါယ်ရသည်၊ထို့ကြောင့်ဆေးကောင်း၊လောကီပညာကောင်း တခုခု
ပေါက်ရောက်လျှင်၊အသက်ရှည်နိုင်ရန်အကြောင်းရှိသည်၊ ၊ရသာယ
နဝေသသဉ္စ ပန၊သုစိရံပိ ကာလံဇီဝိတံပဝတ္တေတုံ သက္ကောတိယေဝ၊ ၊
ဟူ၍ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ဆိုသည်၊ ၊အနက်ကား၊ ၊ရသာယန
ဝေသဇ္ဇံပန၊ရသာယနဆေးမျိုးသည်ကား၊ သုစိရံပိကာလံ၊ အနှစ်ဘရာ
တမ်းမှာ၊ထဝေတင်တသောင်းမကသောကာလပတ်လုံးလည်း၊ ဇီဝိတံ၊အ
သက်ကို၊ပဝတ္တေတုံ၊ရှည်မြင့်စွာတည်စေခြင်းငှာ၊ သက္ကောတိယေဝ၊စွမ်း
နိုင်သည်သာလျှင်တည်း၊ ၊ထိုဒေသနာ၏အဓိပ္ပါယ်အရမှာ၊ရသာယန
ဆေးမျိုးဆိုသည်ကား၊ အသက်ကိုရှည်စေတတ်သော၊အာယုဝဍ္ဎနဝတ်
ဆေးများကိုဆိုသည်ဟုမှတ်ရမည်၊ ဤကဲ့သို့ အသက်ရှည်၏ဆိုသော်
လည်း၊လောကီအင်္ဂုတ္တိုရ်ကျမ်း၊သရဘူကျမ်း၊ ဝိဇ္ဇာဓရကျမ်းတို့၌ဆရိဝ်
အမြွက်ပြဆိုသော၊ဆေးဖိုခြင်းနည်းများတို့တွင်၊ဝိဇ္ဇာဓရိုရ်တို့၏ သဘော
သည်၊ဤခန္ဓာကိုယ်ကို၊တဆဲ့ငါးနှစ်၊တဆဲ့ခြောက်နှစ်အရွယ်ဖြစ်အောင်၊

အချို့သောဝိဇ္ဇာသည်၊ ဆေးဖျော်းမျိုး သုတ်လိမ်းပြီးလျှင်၊ မီးပုံထဲသို့ ခုန်၍ဝင်းလိုက်သည်ရှိသော်၊ မီးပုံတွင်းက၊ သူငယ်ကလေးဖြစ်၍ပေါ်ထွက်လာသည်ဟုဆိုသည်၊ အချို့သောဝိဇ္ဇာများလည်း၊ မိတ်ကောင်း ကလျာဏကောင်းများကိုရှာပြီးလျှင်၊ကြီးစွာသောအိုးကြီးထဲသို့၊ဆေးနှင့်ရော၍ထည့်ပြီးလျှင်၊မြေ၌မြှုပ်၍ဟောင့်ရှောက်စေပြီးလျှင်၊ခုနှစ်ရက်၊ ဆဲ့ငါးရက်တလ စသည်ဖြင့်၊ မြေ၌အောင်း၍ဆေးဖိုရသည်၊ရက်စေ့လျှင် ပေါ်ယူရသည်၊ ၎င်း၏အတွင်း၌၊ သံလျက်များကိုကိုင်၍၊သူငယ်က လေးဖြစ်၍ နေသည်ဟု ဆိုကုန်သည်၊ဤသို့ခန္ဓာကိုယ်ကိုဆေးဖိုပြောင်းလဲခြင်းအမှုကိုပြုနိုင်မှသာ လျှင်၊ဖြဲဆိုခဲ့သော အသက်များအတိုင်း ရှည်နိုင်ရန်အကြောင်းရှိသည်၊ ဘုရားဟောတော်မူသော ကျမ်းဂန်တို့ဆိုသောစကားတို့၏ အလာမှာ၊ အသက်တရာတန်းမှာ၊နှစ်ရာနေရိုးထုံးစံမရှိ၊ဘထောင်တန်းမှာ၊နှစ်ထောင်နေရိုးမရှိ၊တသောင်းတန်းမှာ၊နှစ်သောင်းနေရိုးမရှိ တသိန်းတန်းမှာ၊နှစ်သိန်းနေရိုးမရှိဟူ၍ဟောတော်မူသည်၊ ဟောတော်မူသည့်အတိုင်း၊ မြတ်စွာဘုရားသည်၊ တရာတန်း၌ပွင့်တော်မူသည်။ အသက်ဖ-ရှည်ဆုံးရှင်ဗါကုလမထေရ်သည်၊ အသက်တရာ့ခြောက်နှစ်နေရသည်ဟု ကျမ်းဂန်တို့၌ ဆိုသည်။ထို့ကြောင့်အသက်၊ ရာထောင်သိန်းသန်းရှည်လိုသော၊ ဝိဇ္ဇာဓိုရ်ဝသောသူတို့သည်၊ဆေးဖိုခြင်း၊ရုပ်ပြောင်းခြင်းအမှုများကို ပြုမှသာလျှင်ဖြဲဆိုခဲ့သောအသက်ရှည်ခြင်း၏ အကြောင်းဖြစ်နိုင်ရာသည်။ ထို့ကြောင့်အရိ သဝိဇ္ဇာဓိုရ်တို့၏ အဖြစ်နှင့်သာလျှင်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်နိဗ္ဗာန်သို့ရောက်ကြရကြရအောင်လကျာထားရေးသုံးပါးသစ္စာလေးပါးတရားများကိုမပြတ်မထပ်အားထုတ်စေဝသည်။ထို့ကြောင့်။

အနိစ္စာဝတသင်္ခါရာ၊ဥပ္ပါဒဝယဓမ္မိနော။ဥပ္ပဇ္ဇိတွာနိရုဇ္ဈန္တိ၊တေသံ ဝူပသမောသုခေါ။ ။ဒုက္ခာဝတသင်္ခါရာ၊ဥပ္ပါဒဝယဓမ္မိနော။ဥပ္ပဇ္ဇိတွာနိရုဇ္ဈန္တိ၊တေသံဝူပသမောသုခေါ။ ။အနတ္တာဝတသင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။ဥပ္ပဇ္ဇိတွာနိရုဇ္ဈန္တိ၊တေသံဝူပသမောသုခေါ၊ ။ ဟူ၍ဝိသုဒ္ဓိမဂ်အဋ္ဌကထာစသောကျမ်းတို့၌လာသည်။

အနက်ကား။ ။သင်္ခါရာ၊သင်္ခါရတရားတို့သည်။ ဝတဧကန္တ နာ၊စင်စစ်အားဖြင့်။အနိစ္စာ၊ မမြဲမရှိကုန်၊ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်တတ်ပျက်တတ်သော သဘောတရားသာတည်း။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ကုန်ပြီး၍လည်း။

နိရုဒ္ဓနှင့် ချုပ်တတ်ကုန်သော၊ တေသံ၊ ထိုဖြစ်တတ်ပျက်တတ်ကုန်သော သဘောတရားတို့၏၊ ဝူပသမော၊ ငြိမ်းရာဖြစ်သောနိဗ္ဗာန်သည်။ သုခေါ၊ ချမ်းသာ၏။ ။သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ဝတ၊ ဧကန္တေန၊ စင်စစ်သဖြင့်၊ ဒုက္ခာ၊ ဆင်းရဲကုန်၏၊ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်တတ်ပျက်တတ်သော သဘောတရားသာတည်း။ ဥပ္ပဇ္ဇိတွာပိ၊ ဖြစ်ကုန်ပြီး၍သည်။ နိရုဇ္ဈန္တိ၊ ချုပ်တတ်ကုန်၏၊ တေသံ၊ ထိုဖြစ်တတ်ပျက်တတ်ကုန်သော။ သင်္ခါရသဘောတရားတို့၏၊ ဝူပသမော၊ ငြိမ်းရာဖြစ်သောနိဗ္ဗာန်သည်။ သုခေါ၊ ချမ်းသာ၏။ ။သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ဝတ၊ ဧကန္တေန၊ စင်စစ်ဖြစ်သဖြင့်၊ အနတ္တာ၊ ကိုယ်မဟုတ်ကုန်။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်တတ်ပျက်တတ်သော သင်္ခါရသဘောတရားသာတည်း၊ ဥပ္ပဇ္ဇိတွာပိ၊ ဖြစ်ကုန်ပြီး၍လည်း။ နိရုဇ္ဈန္တိ၊ ချုပ်တတ်ကုန်၏။ တေသံ၊ ထိုဖြစ်တတ်ပျက်တတ်ကုန်သော သင်္ခါရသဘောတရားတို့၏။ ဝူပသမော၊ ငြိမ်းရာဖြစ်သောနိဗ္ဗာန်သည်၊ သုခေါ၊ ချမ်းသာ၏။ ။ထိုဒေသနာတော်၏အဓိပ္ပါယ်သော်ကား။ ။မြင်မြင်သမျှသင်္ခါရတို့ဖြင့်ပြုပြင်၍ထားသောတရားတို့သည်။ အမြဲမရှိပျက်ခြင်းသို့ရောက်တတ်၏။ ဆင်းရဲခြင်းသို့ ရောက်တတ်၏။ ကိုယ်မဟုတ်ခြင်းသို့ရောက်တတ်၏။ ဖြစ်တတ်သော သဘော။ ဆင်းရဲတတ်သောသဘော။ ကိုယ်မဟုတ်သော သဘောတရားသာတည်း။ ထိုဖြစ်ပျက်တတ်ဆင်းရဲတတ် ကိုယ်မဟုတ်သောတရားတို့သည်။ နိဗ္ဗာန်သို့ရောက်ကြ၊ ရကြမှသာ။ ချမ်းသာခြင်းသို့ရောက်၏ဟု အဓိပ္ပါယ်ဆိုလိုသည်။

သဗ္ဗေသင်္ခါရာအနိစ္စာ။ ယဒါပညာယပဿတိ၊ အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါဝိသုဒ္ဓိယာ။ ။သဗ္ဗေသင်္ခါရာဒုက္ခာ။ ယဒါပညာယပဿတိ။ အထနိဗ္ဗိန္ဒတိဒုက္ခေ ဧသမဂ္ဂေါဝိသုဒ္ဓိယာ။ ။သဗ္ဗေဓမ္မာအနတ္တာ၊ ယဒါ ပညာယပဿတိ။ အထနိဗ္ဗိန္ဒတိဒုက္ခေ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

ဟူ၍လည်းဝိသုဒ္ဓိမဂ်ကျမ်း၌လာကုန်သည်။

အနက်ကား။ ။သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ကံစိတ်ဥတုအာဟာရတည်းဟူသောအကြောင်းတရားလေးပါးတို့သည်။ ပြုပြင်စီရင်အပ်သောသင်္ခါရတရားတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်၏။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌၊ ပဉ္ဉာယ၊ ပညာဖြင့်။ ပဿတိ၊ ရှု၏။ အထ၊ ထိုသို့ပညာဖြင့် ရှုသည်ရှိသော်။ ဒုက္ခေ၊ သံသရာ၌ကျင်လည်ရခြင်းဟုဆိုအပ်သော ဒုက္ခအ

ပေါင်းတို့ကို နိဗ္ဗာန်တိုင်ကြီးငွေ့၏ဇော ဇော၊ ဤသို့ငြိမ်းငွေ့ခြင်းသည်၊ ဝိသုဒ္ဓိယာ၊ အထူးသဖြင့်စင်ကြယ်သော၊ မဂ္ဂေါ၊ နိဗ္ဗာန်မဂ်ဖိုလ်သို့သွားရာ ထမ်းခရီးတည်း။ ။သတ္တေ၊ ခင်ဆိမ်းကုန်သော၊ သင်္ခါရာ၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့သည် ပြုပြင်စီရင်အပ်သော၊ သင်္ခါရထရားတို့သည်၊ ဒုက္ခာ၊ ဆင်းရဲကုန်၏ ဣတိ၊ ဤသို့၊ ယဒါ၊ အကြင်အခါ၌၊ ပညာယ၊ ပညာဖြင့်၊ ပဿတိ၊ ရှု၏၊ အထ၊ ထိုသို့ပညာဖြင့်ရှုသည်ရှိသော်၊ ဒုက္ခေ၊ သံသရာ၌ကျင်လည်ခြင်းတည်းဟူသော 'ဒုက္ခအပေါင်းတို့ကို နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏၊ ဇေသဇေသော နိဗ္ဗိန္ဒနာ၊ ဤသို့ငြိမ်းငွေ့ခြင်းသည်၊ ဝိသုဒ္ဓိယာ၊ အထူးသဖြင့်စင်ကြယ်သော၊ မဂ္ဂေါ၊ နိဗ္ဗာန်မဂ်ဖိုလ်သို့ရောက်ခြင်း အကြောင်းဖြစ်သော သွားရာထမ်းခရီးတည်း။ ။သတ္တေ၊ ခပ်ဆိမ်းကုန်သော၊ ဓမ္မာ၊ သဘောတရားတို့သည်၊ အနတ္တာ၊ ကိုယ်မဟုတ်ကုန်၊ ဣတိ၊ ဤသို့၊ ယဒါ၊ အကြင်အခါ၌၊ ပညာယ၊ ပညာဖြင့်၊ ပဿတိ၊ ရှု၏၊ အထ၊ ထိုသို့ပညာဖြင့်ရှုသည်ရှိသော်၊ ဒုက္ခေ၊ သံသရာ၌ကျင်လည်ရခြင်းဟုဆိုအပ်သော ဒုက္ခအပေါင်းကို၊ နိဗ္ဗိန္ဒတိ၊ ငြိမ်းငွေ့၏၊ ဇေသာ ဇေသာနိဗ္ဗိန္ဒနာ၊ ဤသို့ငြိမ်းငွေ့ခြင်းသည်၊ ဝိသုဒ္ဓိယာ၊ အထူးသဖြင့်စင်ကြယ်သော၊ မဂ္ဂေါ၊ နိဗ္ဗာန်မဂ်ဖိုလ်သို့ သွားရာထမ်းခရီးတည်း။ '

ထိုဒေသနာတော်၏အဓိပ္ပါယ်သော်ကား၊ ဤလောက၌ မြင်မြင်သမျှ သင်္ခါရအပေါင်းတို့သည်၊ အမြဲမနေပျက်ခြင်း သဘောသို့ ရောက်တတ်၏၊ ဆင်းရဲခြင်းသဘောသို့ရောက်တတ်၏၊ ကိုယ်မဟုတ်ခြင်း သဘောသို့ ရောက်တတ်၏၊ ဤသို့ပညာဖြင့် ဆင်ခြင်အပ်ရှုအပ်၏၊ ထိုသို့ပညာဖြင့်ရှုသည်ရှိသော်၊ သံသရာ၌ ကျင်လည်ရခြင်းတို့ကိုငြီးငွေ့၏၊ ဤသို့ငြီးငွေ့ခြင်းသည်၊ အထူးသဖြင့် စင်ကြယ်သောမဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ခြင်းအကြောင်းဟူ။

အဇ္ဈေဝကိစ္စံ ကာတဗ္ဗံ၊ ကောဇညာမရဏံသုဝေ၊
နဟိနောသင်္ဂရံတေန၊ မဟာသေနေနမစ္စုနာ။ ။

ဟူ၍လည်းဟောတော်မူကုန်သည်။

အနက်ကား။ ။ကိစ္စံ၊ ကုသိုလ်တရားကို အားထုတ်ခြင်းဟုဆိုအပ်သောအမှုကိစ္စကို၊ အဇ္ဈေဝ၊ ယနေ့ပင်လျှင်၊ ကာတဗ္ဗံ၊ ပြုအပ်၏၊ သုဝေ၊ နက်ဖြန်၌၊ မရဏံ၊ သေခြင်းကို၊ ကော၊ အဘယ်မည်သောသူသည်၊ ဇညာ၊ သိနိုင်

ဒွံနည်း မဟာသေနေန၊ များသောစစ်သည်ဗိုလ်ပါရှိသော။ တေနမစ္စုနာ၊ ထိုသေမင်းနှင့်၊ သင်္ကရံ၊ နေ့ရက်ချိန်းချက်ခြင်းကို။ နဟိနောသင်္ဂြိဧဝ၊ မရှိသည်သာလျှင်ထည်း။ ။ထိုဒေသနာတော်၏ အဓိပ္ပါယ်သော်ကား။ပြုဘွယ်ဖြစ်သောကုသိုလ်ကောင်းမှုကိုကို။တာရှည်သေးမြင့်ဆိုင်းနေခြင်းကိုမပြုမူ၍။ ယနေ့ယခုအလျှင်အမြန်ပြုကြရမည်။နက်ဖြန်သဘက်သေမည်ကို၊ ငရုံတယောက်သောသူတို့သည်မသိနိုင်ရာ။ ကိုးဆယ့်ခြောက်ပါးဟုဆိုအပ်သောများသောစစ်သည်ဗိုလ်ပါရှိသောသေမင်းနှင့်။ ချိန်းချက်၍ထားသောသူမရှိဟူ၍ဆိုလိုသည်။

ဥဒယဘ္ဗယသင်္ခါရေ၊ နိဗ္ဗိန္ဒိတွာနပဏ္ဍိတော။
သင်္ကိစ္စံ အနုယုဉ္ဇေယျမောစကာလံနခေပယျ။ ။
ဟူ၍သည်းဟောတော်မူကုန်သည်။

အနက်ကား။ ။ပဏ္ဍိတော၊ပညာရှိသောသူသည်။ ဥဒယဗ္ဗယသင်္ခါရေ၊ဖြစ်ခြင်းပျက်ခြင်းဟုဆိုအပ်သော၊သင်္ခါရတရားတို့ကို။ နိဗ္ဗိန္ဒိတွာန၊ငြီးငွေ့၍။ သင်္ကိစ္စံ၊ သီလသမာဓိပညာဟုဆိုအပ်သော။ မိမိပြုအပ်သောအမှုကိစ္စကိုလို၊ အနုယုဉ္ဇေယျ၊ အဘန်တလဲလဲအားထုတ်ရာ၏။ မောစကာလံ၊အချည်းနှီးသောကာလကို။ နခေပေယျ၊ မကုန်ခန်းစေရာ။ ။ထိုဒေသနာတော်၏အဓိပ္ပါယ်သော်ကား။ပညာရှိသောသူသည်။ ဖြစ်ခြင်းပျက်ခြင်းဟုဆိုအပ်သောသင်္ခါရတရားတို့ကိုငြီးငွေ့၍။မိမိပြုအပ်သောသီလသမာဓိပညာတို့ကိုမပြတ်မလပ်သွင်စေရမည်။အချည်းနှီးသောကာလကိုမကုန်စေနှင့်ဟုဆိုလိုသည်။

ဇဟေယျသဗ္ဗသံယောဂံ၊ကရေယျသရဏတ္တနော။
စရေယျာဒိတ္တသီသောဝ၊ပတ္ထယံအစ္စုတံပဒံ။ ။
ဟူ၍လည်းဟောတော်မူကုန်သည်။

အနက်ကား။ ။သဗ္ဗသံယောဂံ၊အလုံးစုံသောသံယောဇဉ်ကို။ဇဟေယျ၊စွန့်ရာ၏၊အတ္တနော၊မိမိ၏၊သရဏံ၊ကိုးကွယ်ရာကို။ကရေယျ၊ပြုရာ၏။အစ္စုတံ၊သေခြင်းကင်းသော။ပဒံ၊နိဗ္ဗာန်ကို။ ပတ္ထယံ၊ပတ္ထယန္တော၊တောင်းတသောသူသည်။အာဒိတ္တသီသောဝ၊ဦးခေါင်းနှမီးလောင်သောသူကဲ့သို့။ စရေယျ၊ကျင့်ရာ၏။ ။ထိုဒေသနာ၏တော်အဓိပ္ပါယ်သော်ကား။ နိဗ္ဗာန်ကို

အာလိင်္ဂိသောသူသည်၊ အလုံးရုံသောသံယောဇဉ်တို့ကိုထည်းငှန့်မည်၊ ဒိဋ္ဌိကိုးကွယ်ချေဖြစ်သောတေဘုံးပါးတို့ကိုလွှန်စွါသည်းကပ်ကိုးကွယ်ခြမည်၊ ဥကြောင်း၌ မီးသောင်သသောသူသည်၊ တခြားကိုမှုကိုမပြုဘဲ၊ မိမိဥကြောင်း၌ထောင်သေးမီးကိုသာ၊ ရှေးဦးစွာငြိမ်းအောင် ပြုသကဲ့သို့၊ မိမိပြုအင်ပြုသိုဘ်သော၊ သိဿသမာဓိပညာဟုဆိုအပ်သော ဘာဝနာတို့ကိုလွှန်စွာအားထုတ်ရမည်ဟုဆိုလိုသည်၊

ဥဒယဗ္ဗယဂါမိနိယာ၊ ပညာယသမန္နာဂတော၊ ဟူ၍လည်းဟောတော်မူသည်၊ အနက်ကား၊ ဥဒယဗ္ဗယဂါမိနိယာ၊ ရုပ်ခတ်နံခတ်တို့၏၊ အသစ်အသစ်ဖြစ်ပေါ်တိုး တက်ချက်ကိုလည်းကောင်း၊ ဖြစ်းပါတိုးထင်ပြီးသော်ထိုရုပ်နံခတ်တို့၏၊ ချုပ်ပျက်ကွယ်ပျောက်ချက် ကိုလည်းကောင်း၊ အတက်သိနိုင်မြင်နိုင်သော၊ ပညာယ၊ ပညာနှင့်၊ သမန္နာဂတော၊ ပြည့်စုံ၏၊ ထိုးဒသနာတော်၏အဓိပ္ပါယ်သော်ကား၊ မျှအဝ်းတာအစာအာဟာရနှီးဘ်ပါသော ဇဟိဒ္ဓခတ်ဆီခတ်မီးတို့မှ ဆက်သက်ဖြစ်ပေါ်ကြသေးရုပ်သစ်ကသောဝ်သစ်တို့ဖြစ်ခြင်းကြောင့်လည်း၊ ထိုသို့ဖြစ်ပေါ်ကုန်သော ရုပ်သစ်နံသစ်ကလာပ်သစ်တို့သည်၊ အခိုက်အတန့်ဖြစ်ပေါ်ထောသောအာဂန္တုတို့သာတည်း၊ ငါနှင့်မဆိုင်၊ ငါမပိုင်၊ ငါမဟုတ်ကုန်၊ အာနာပုတ်ကြီးထဲ၌၊ မဲရိုင်းယင်မတို့လွှတ်၍ကျသောသေးဆိမ်ဖွစွာသေးသေးတွေ့နှင့်ထပ်တူတို့သာတည်း၊ ကိုယ်ကွင်းနှိုက်ပင်ဖြစ်ကုန်သော်သည်းထိုလောတ်ရှင်တို့ကို၊ ငါ၊ ကိုယ်ငါ၊ ကိုယ်ဟု အတွင်းပြု၍သိမ်းပိုက်ခြင်းငှါမသိုက်သကဲ့သို့၊ ထိုသို့ချက်စိနှစ်လုံးနှိုက်ဖြစ်သောအသားကြွမ်းအသွေးကြွမ်းရသည့်အတွယ်ခံအခါဖြုပ်တို့တည်း၊ ထိုအတွယ်ခံရုပ်ကြွမ်းရကားသေသည်နောက်တိုင်အောင် ကျန်ရှိသေး၏၊ သတ္တဝါဟုမှောက်မှားထင်မှတ်ကြသောရုပ်နှံ ခတ်နှံတို့မှာမူကား၊ သေသည်နှင့်တပြိုင်နက် ချုပ်ကွယ် ကုန်သုံးကြကုန်၏၊ ဖြစ်ပွါးချက်ကို မြင်ရသည်ဆိုသော်လည်း၊ ငတ္တုအတွယ်ဖြုပ်အနေနှင့်မမြင်စေနှင့်၊ ဇမှုအရ ကြီးရာမျှကိုသာ ဉာဏ်ဖြင့်မြင်အောင်ကြည့်နိုင်လျှင်၊ တိတိတ်မကြည့်နိုင်လျှင်၊ ဒွိဟိဘ်၊ တိဟိဘ်ဖြစ်မှာသာလျှင်၊ ဝိဘဇေဆိုက် ရင်ခွဲ အာယာဘန၊ ခတ် သစ္စာနှင့်တကွ၊ နိဗ္ဗာန်ကို၊ အိုးတွင်း၌သိနိုင်မြင်နိုင်ကြောင်းကို၊ သုတ္တန်ဝိနည်းအဘိဓမ္မာဟုဆိုအပ်သော၊ ပိဋကတ်သုံးပုံတို့နှိုက်များစွာဆိုကုန်သည်၊ ထိုသို့ တ

ကြွကြွတရွရွဖြစ်ပေါ်လာသောရုပ်သစ်အပေါင်းကို။ငါမဟုတ်ဂါ့ ကိုယ်မဟုတ်၊အာဂန္တုကပြင်ပစင်စစ်လောက်ရှင်တို့နှင့်မခြားမနား။ ထင်နိုင်မှသာလျှင်။မိန္တာအယူပျောက်၍။ အရိယပိဋ္ဌာရုံ၏အဖြစ်သို့ရောက်နိုင်ကြမည်။ ဤငါးပါးသောပိဋ္ဌာရုံတို့တွင်။ အရိယပိဋ္ဌာရုံသည် အကောင်းဆုံးအမြတ်ဆုံးပင် ဖြစ်သည်။ အဘယ်ကြောင့် အကောင်းဆုံးအမြတ်ဆုံးဖြစ်ပါသနည်းဆိုသော်၊ ဂင်္ဂါဝါဠုသဲရေမကပွင့်တော်မူ၍အကျွတ်တရားကိုရကြကုန်သော။ ဘုရားပစ္စေကဗုဒ္ဓါရဟန္တာ အရှင်မြတ်တို့သည်အဆုံးစွန်သောဘဝသို့ရောက်ကြသောအခါ၊ အရိယာပိဋ္ဌာအဖြစ်နှင့် သာ။နိဗ္ဗာန်သာခေါင်။ဘေးမဲ့ထောင်သို့။ ရောက်အောင်ကူးမြောက်နိုင်သောကြောင့်တည်း။

ဤအဋ္ဌိရုပ်လုပ်ချုပ်နှင့်စပ်သောစကားရပ်တို့သည်ကျမ်းဝန်ခွဲလာသောမပေါ်မထင်နစ်မြုပ်၍နေသောစကားများကို၊ထင်ရှားပေါ်လွင်စေခြင်းအကျိုးငှာလည်းကောင်း။၎င်းစာအုပ်ကိုကြည့်သောသူတို့သည်။ တသန်းသန်းတဝေဝေ။ ပျင်းရိ၍မနေစေဘဲ။ အပျင်းအရိတို့မှ ပြေစေခြင်းအကျိုးငှာ လည်းကောင်း။ဤလောကနိုက်လူ့ဘို့၏စိတ်နှစ်လုံးတွင်။အမှန်မချ ဖြစ်တတ်ပျက်တတ်သောတရားများကို ဖြစ်တတ်ပျက်တတ်သောသဘောတရားရှိသည့်အတိုင်း။ဤကဲ့သို့ဖြစ်လိမ့်မည်ဟူသောစကား၏အစဉ်များကို၊ ပေါ်လွင်ထင်ရှားစေရအောင်။ကျမ်းဂန်၏သဘော။ယခုလူတို့၏စိတ်နှစ်လုံး၌။ အမြဲမဖြတ်ဖြစ်ဘဲသောသဘောတရားများကိုလည်း။မိန်းမယောကျ်ားလူကြီးလူငယ်အများသတ္တဝါတို့၏သန္တာန်၌ ဖြစ်ပျက်ပုံများကို စဉ်းစားကြံဆလိုက်သည့်ရှိသော်။ ၎င်းဆိုခဲ့သောစကားအတိုင်း။ အမှန် ဖြစ်ပျက်ကြသောအမှုကိစ္စသည် များစွာဖြစ်ကြသောကြောင့်။ဆရာတော်ကခတ်ရွှင်ရွှင်ရေးသားစီကုန်း၍ထည့်လိုက်သည်။

ဤတွင်ရွှေ့ကားဆုံးဖြတ်ချက်တချပြီး၏၊

───❖───

ငယ်ရွယ်စဉ်ကပင်သမီးခင်ပွန်းလင်မယားနှစ်ယောက်စလုံး သဘောတူသဒ္ဓါစေတနာဘုရားတို့နှင့် ပြည့်ရုံ ညီညွတ်သည်ဖြစ်၍။ သာသနာတော်ကို။ အာမိသာနုဂ္ဂဟဟုဆိုအပ်သောပစ္စည်းလေးပါးတို့ဖြင့်။ချီးမြှင့်

ထောက်ပန့်ခြင်း၊ ဓမ္မာနုဂ္ဂဟဟုဆိုအပ်သောဂုဏ်ပြုခြင်း၊ ဟောန်းခံခြင်း။ ဒိဋ္ဌိ ဇိုယ်တိုင်ပင်မြတ်စွာဘုရားသခင်၏သာသနာတော်တွင်း၌ ပေါ်နှံခံခြင်း၊ သူတပါးတို့အား သနားကရုဏာမေတ္တာရှေ့ထား ပါးမြားခွင်းနယ်သောသူ တို့ကို၊ ချီးမြှောက်ထောက်ပန့်ပေးကပ်းကြည့်ရှုပြုတတ်သောသဘောလက္ခ ဏာရှိသော၊ ခေမတိုင်း၊ ယောမတိုင်း၊ ကောတမ္ဗချတိုင်း၊ ဂန္ဓာလရာဇ်တိုင်း ဝိန္ဓတိုင်း၊ အိန္ဒိယတိုင်း၊ ဥဒျောပတိုင်း၊ မဂဓရာဇ်တိုင်း၊ သုနာပရန်တမ္ဗဒီပ တိုင်း၊ အစရှိသောတိုင်းကြီးတဆယ့်ခြောက်တိုင်းတို့တွင်၊ ဘတိုင်းအဝင် ဖြစ်သောဇာဘိကောတမ္ဗရာဇ်တိုင်းသား၊ ယခုပဝတ္တိအခါ၊ ဗန်းမော်မြို့ တပ်ကလေးရစ်နေ၊ ရေနံဆီကုမ္ပဏီ မောင်တော်ဝှုံးကြိုင်း၊ ရေနံဆီကုမ္ပဏီ ကတော်၊ မရွှေမြ၊ သမီးခင်ပွန်းနှစ်ယောက်တို့က၊ ဒါန၏အကျိုးများကိုဆိုလို ပါသည်ဟု (၁၂၇၉) ခုနှစ်တပို့တွဲလဆန်း (၅ ရက်နေ့လျှောက်ထားသော ကြောင့်၊ ဆရာတော်သည် အစောင်စောင်သောကျမ်းတို့ကိုကြည့်ရှု၍ရေး သားပြဆိုလိုက်သည်။

မဏိန္ဒိကဥဝေပုလ်၊ ဂိရိဂ္ဂဇ္ဇာပိပါပုဏိ ॥
တဒါဂဏ္ဍိမဏိသဗ္ဗံ၊ နာဂလံသကံ သောသံကံ ။ ।
အပ္ပဥတံဂဏ္ဍန္တံ၊ ဝ၊ ဗဟုဒါနပ ဘလသုပိ၊
ကာမဥတ္တိသကံတောသကံ၊ ဥစ္စိနိတွာနသဗ္ဗံထံ ।
ဗော့ပဝတ္တဂါထာ။

အနက်ကား။ မဏိ ။ ပတ္တမြားရတနာကို။ နုန္တိတံ ဗုန္တိတန္တြ၊ အလှရှိသော် သည်။ ဝေပုလံ၊ ဝေပုလ္လအမည်ရှိသော။ ဂိရိဂ္ဂဇ္ဇာပိ၊ တောင်ထိပ်သို့လည်း။ ယ ဒါ၊ အကြင်အခါ၌။ ပါပုဏိ၊ ရောက်လေပြီ၊ တဒါ၊ ထိုသို့ရောက်သောအခါ၌၊ သဗ္ဗံ၊ အလုံးစုံသော။ မဏိ ။ ပတ္တမြားရတနာကို၊ ဂဏ္ဍိ ဂဏ္ဍိတုံ၊ ကော်ယူအံ့သောငှါ၊ နာဂလံ နသမတ္ထံ ၊ မစွမ်းနိုင်။ သကံ တောသံ။ မိမိနှစ်သက်မြတ် နိုးအပ်သော၊ အပ္ပံ။ အထန်ငယ်သော တံ၊ ထိုပတ္တမြားရတနာကို။ ဂဏ္ဍန္တံ ဝ ဂဏ္ဍန္တံ ဣဝ၊ ရွေးကောက်ယူဘိသကဲ့သို့။ တထာ၊ ထို့အတူ၊ ဗဟုဒါနပ လေသုပိ။ များစွာသောဒါန၏အကျိုးတို့သည်လည်း၊ ကာမဥ္စ အတ္တိသန္တိ။ အ ကယ်၍အပါးမှုးပါကုန်သော်မူ၏ရှင်၊ ပနတထာပိ။ ထိုသို့ပင်ရှိကုန်သော်လည်း။ သကံ တောသကံ။ မိမိနှစ်သက်သောဒါန၏အကျိုးကို၊ ဥစ္စိနိတွာန၊ ရွေးကော် နှုတ်ယူပြီး၍။ သဗ္ဗံထံ၊ ရေးသားစီရင်ပေအံ့။

ဒါနသီလဘာဝနာ၊ ပစာယနဝေယျာဝစ္စ။ ပတ္တိဒါန၊ ပတ္တာနုမောဒနာ၊ ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မအားဖြင့်၊ ပုညကြိယာဝတ္ထုဆယ်ပါး။ ပြားရှိ၏၊ ထိုဆယ်ပါးတို့တွင်၊ ပူဇော်ခြင်း၊ ချီးမြှောက်ခြင်း၄၁၊ အလိုရှိသည်ဖြစ်၍ မိမိဥစ္စာရှိသော ဆွမ်းသင်္ကန်းအစရှိသော ဝတ္ထုကို။ ပေးကမ်းလှူလိုသည်၏အစွမ်းအားဖြင့်ဖြစ်သော။ မလှူမီရှေးအဘို့၊ လှူဆဲကာလ၊ လှူပြီးသောနောက်ကာလနှိုက်ဖြစ်သော၊ ပုဗ္ဗမုဥ္စပရစေတနာသုံးတန်သည်ဒါနမည်၏။ ငါးပါးသီလ၊ ဆယ်ပါးသီလတို့၏ အစွမ်းအားဖြင့်၊ ပါဏာတိပါတာဝေရမဏိသိက္ခာပဒံသမာဒိယာမိ။ စသည်ဖြင့်။ ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရတို့တွင်။ ထပါးပါးသောဒွါရဖြင့်။ ဆောက်တည်ဖြည့်ကျင့်သုံးသောသူအားလည်းကောင်း၊ ဆောက်တည်ပြီး၍။ မပျက်အောင်ဖြည့်ကျင့်သောသူအားလည်းကောင်း၊ ထိုသို့သောအခြင်းအရာဖြင့်။ ဖြစ်သောစေတနာသည်၊ သီလမည်၏၊ သမထဘာဝနာ၊ ဝိပဿနာတို့၏ရှေ့အဘို့၊ ဂေါတြဘူတိုင်အောင်ဖြစ်သောစေတနာသည်ဘာဝနာမည်၏ အရွယ်အားဖြင့် ကြီးကုန်သောသူတို့အားထရုံတရသော ပစ္စည်းလာဘ်သာဘကိုင်ငံ့ခြင်း မရှိသည်ဖြစ်၍နေရာခင်းခြင်း။ ခရီးဦးကြို ဆိုခြင်းစသောများစွာမြတ်နိုးကြောင်း ဖြစ်သောစေတနာသည်၊ ပစာယနမည်၏။ ။ထိုသို့အရွယ်အားဖြင့်ကြီးကုန်သောသူတို့အားလည်းကောင်း၊ ဂိလာနပုဂ္ဂိုလ်တို့အားလည်းကောင်း၊ ဟရုံတရသောပစ္စည်းလာဘ်သာဘကိုင်ငံ့ခြင်းမရှိသည်ဖြစ်၍ မိမိတို့ကိုယ်တိုင်ဆမှုကြီးငယ်ကိုပြုကြောင်းဖြစ်သောစေတနာသည်။ ဝေယျာဝစ္စမည်၏။ မိမိတို့၏အလှူအဘို့ကို။ သပါးသောသူတို့အားပေးဝေ၏။ မိမိတို့ပြုသောကောင်းမှုကို။ တပါးသောသူတို့နှင့်။ ဆက်ဆံသည်၏အစွမ်းအားဖြင့်၊ တောင်းတကြောင်းစေတနာသည်။ ပတ္တိဒါနမည်၏၊ သူတပါးတို့ကအမျှပေးဝေသည်ဖြစ်စေ၊ ဝန်တိုခြင်းမနွှောရမှုကင်းသောစိတ်ဖြင့်။ အဘန်ကလဲလဲဝမ်းမြောက်သောစေတနာသည်။ ပတ္တာနုမောဒနာမည်၏။ တရားဟောသောပုဂ္ဂိုလ်သည်လည်း၊ ငါသည် ဟာရခဲ့သောမြတ်စွာဘုရားတရာကို ဟာရပေသည်။ ထိုသို့ဟောရသည်ရှိသော်၊ သီလ၏အကျိုးအာနိသံသကို ဟောရ၍သီလကို။ သမာဓိ၏အကျိုးအာနိသံသကိုဟောရ၍ သမာဓိကို။ ပညာ၏အကျိုးအာနိသံသကိုဟောရ၍ပညာကိုဖြည့်အံ့၊ ငါသည်လည်းဗဟုသုတ။ ပါဠိအဋ္ဌကထာမနှင့်ပြည့်စုံရအံ့။ သူတပါးတို့အား၊ တရားဟောခြင်းအစရှိသည်တို့ဖြင့်။ လောကီလောကုတ္တရာဂုဏ်အထူးကိုငံ့သဖြင့်။

ချိုးမြှော်ကောင်ပံ့ခြင်းကိုပြုအံ့၊ဤသို့စသည်ဖြင့်၊မိမိသန္တာန်သူတပါးသန္တာန်၌လောကီလောကုတ္တရာအကျိုးကိုညွှန်ပြကြောင်းဖြစ်သောစေတနာသည်ဓမ္မသဝနမည်၏။ ။ဟောသောပုဂ္ဂိုလ်ကလည်းပစ္စည်းလာဘ်ထောက်ကိုမငဲ့မူ၍၊ ယောနိသောမနသိကာရနှင့်ပြည့်စုံသည်ဖြစ်၍၊ ငါဟောသောတရားကိုကြားနာရသည်ရှိသော်။ဘေးနာရေရှိသတ်တို့အားလည်း၊ဓမ္မသဝနပုညကြိယာဝတ္ထုကိုရပေလတ္တံ့၊ငါ့အားလည်းဓမ္မဒေသနာပုညကြိယာဝတ္ထုကိုရထတ္တံ့ဟူ၍လည်းကောင်း၊တရားတော်ကိုနာကြသောသူတို့အားလည်း။ငါဟောသောမြတ်စွာဘုရားဒေသနာတော်ကိုအစဉ်မှီး၍ဖြင့်၊သီလနှင့်ပြည့်စုံ၍လည်းကောင်း၊ မဂ်ဖိုလ်ရ၍လည်းကောင်း၊သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ထတ္တံ့၊ ငါသည်သည်း။ သဗ္ဗဒါနံဓမ္မဒါနံဇိနာတိဟူ၍ဟောတော်မူဘိုင်း၊တရားတည်းဟူသောအလှူကိုလှူရအံ့၊ဤသို့သောယောနိသောမနသိကာရနှင့် ပြည့်စုံသည်ဖြစ်၍၊ မိမိသန္တာန်၌လည်းကောင်း။သူတပါးတို့၏သန္တာန်၌လည်းကောင်း၊လောကီလောကုတ္တရာအကျိုးကိုဖြစ်စေသောစေတနာသည်၊ ဓမ္မဒေသနာမည်၏၊အတ္ထိဒိန္နံ အတ္ထိယိဋ္ဌံအစရှိသည်ဖြင့်၊အယူကိုဖြောင့်စွာယူသောကာလ၊ ဖြစ်သောပညာသည်၊ဒိဋ္ဌိဇုကမ္မမည်၏။ ။ထိုပုညကြိယာဝတ္ထုဆယ်ပါးတို့ကို၊ဒါနသီလဘာဝနာသုံးပါး၌ရေတွက်အပ်၏၊ ထိုသုံးပါးသောရေတွက်ခြင်းတို့တွင်။ဒါနသည်သည်း။ ဣဿာ၊မစ္ဆရိယ နှစ်ပါးတို့၏ ဆန့်ကျင်ဘက်ပတ္တိဒါနပတ္တာနုမောဒနတို့သည်လည်း၊ ၎င်းနှစ်ပါးတို့၏ဆန့်ကျင်ဘက်ဖြစ်ကုန်၏။ထိုသို့တူသောဆန့်ကျင်ဘက်ရှိသည်၏အဖြစ်ကြောင့်။ ဒါနမယပုညကြိယာဝတ္ထု၌ကိုက် သင့်ဟပ်အပ်၏၊ အပစာယနဝေယျာဝစ္စတို့ကိုလည်း။ စာရိတ္တသီလ၏အဖြစ်ကြောင့်။ သီလမယပုညကြိယာဝတ္ထု၌သင့်ဟပ်အပ်၏။ ဓမ္မသဝနဓမ္မဒေသနာဒိဋ္ဌိဇုကမ္မတို့ကိုလည်း၊ ကုသိုလ်သဘောရှိသည်၏အဖြစ်ကြောင့်၊ ဘာဝနာမယပုညကြိယာဝတ္ထု၌ကိုက်သင့်ဟပ်အပ်၏။ တနည်းလည်းတရားဟောခြင်းဓမ္မဒေသနာ။တရားနာခြင်းဓမ္မသဝနတို့သည်။မြတ်စွာဘုရားဟောတော်မူသောဒေသနာအစဉ်ကိုမှီသဖြင့်။ ဟောခြင်းနာခြင်းဖြစ်သောကြောင့်။ ဘာဝနာမယပုညကြိယာဝတ္ထု၌ကိုက် သင့်ဟပ်အပ်၏။ဓမ္မဒေသနာကိုဓမ္မဒါနသဘောရှိသောကြောင့် လည်းကောင်း။သဗ္ဗဒါနံဓမ္မဒါနံဇိနာတိဟု ဟောတော်မူသောကြောင့်လည်းကောင်း။ ဒါနမယပုညကြိယာဝတ္ထု၌ကိုက်ရေတွက်အပ်၏၊ဒိဋ္ဌိဇုကမ္မကိုကား။ကုသိုလ်တရား

တို့ကိုမှတ်ကြောင်း လက္ခဏာဖြစ်သောကြောင့်။ ကြွင်းသိုးပါးတို့နှိုက်ရေ
တွက်အပ်၏၊ ။အဘယ့်ကြောင့်ဒါနမယာမည်သနည်း။ ။ဒါနေ
နပကတံကမ္မံ ဒါနမယံ၊ သီလေနပကတံကမ္မံ သီလမယံ။ ဘာဝနာယပက
တံကမ္မံ ဘာဝနာမယံ။ ။ဟူ၍ဝိဂြိုဟ်ပြုအပ်၏။ ။မလှူမှီ ရှေ့အ
ဘို့၌ဖြစ်သောစေတနာ လှူဆဲကာလနှိုက် ဖြစ်သောစေတနာ။ လှူပြီး၍
နောက်ဖြစ်သောကာလနှိုက်ဖြစ်သောစေတနာသည်။ဒါနမယ၊သီလမယ၊
ဘာဝနာမယမည်၏ထို့ကြောင့်။

အန္နာဒိသုဒသဝတ္ထုသုတံတံဒေန္တဿတေသံဥပ္ပါဒါနတောပဋ္ဌာယ၊
ပုဗ္ဗဘာဂေ ပရိစ္စာဂကာလေ ပစ္ဆာသောမနဿ စိတ္တေနအနုဿရ
ဏေစာတိ၊ တီသုကာလေသုပဝတ္တစေတနာဒါနမယပုညကြိယာ
ဝတ္ထုနာမ၊

အနက်ကား။ ။အန္နာဒိသု။ထမင်းအစရှိကုန်သော။ဒသဝတ္ထုသု။ဆယ်
ပါးသောဝတ္ထုတို့၌။တံတံ။ ထိုထိုသို့သောအလှူဝတ္ထုတို့။ ဒေန္တဿ။ လှူ
သောသူအား။တေသံ။ ဆိုအလှူဝတ္ထုတို့၏။ ဥပ္ပါဒါနတော။ ဖြစ်သည်မှ။
ပဋ္ဌာယ။စ၍။ပုဗ္ဗဘာဂေစ။မလှူမှီရှေ့အဘို့၌လည်းကောင်း။ပရိစ္စာဂကာ
လေစ။အလှူဝတ္ထုကိုလှူဆဲကာလ၌ လည်းကောင်း။ ပစ္ဆာ။လှူပြီးသည့်မှ
နောက်နှိုက်။သောမနဿစိတ္တေန။ ဝမ်းမြောက်သောစိတ်ဖြင့်။ အနုဿရ
ဏေစ။ အဘန်တလဲလဲအောင်းမေ့ခြင်းနှိုက်လည်းကောင်း။ ဣတိ။ဤသို့။
တီသုကာလေသု။သုံးပါးသောကာလတို့၌။ ပဝတ္တစေတနာ။ဖြစ်သောစေတ
နာသည် ဒါနမယပုညကြိယာဝတ္ထုနာမ။မည်၏။

ထိုဒါနသီလဘာဝနာသုံးပါးတို့တွင်။ဒါန၏ဝိဂြိုဟ်။လက္ခ
ဏာရသ။ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်တို့နှင့်တကွပြဆိုပေအံ့။

ဒါတဗ္ဗန္တိ ဒါနံ။ယံဝတ္ထုံ။အကြင်ဝတ္ထုကို။ဒါတဗ္ဗံ။ပေးလှူအပ်၏။ဣတိ
တသ္မာ၊သို့ကြောင့်။တံ ထိုဝတ္ထုသည်၊ ဒါနံ။ဒါနမည်၏။ အလှူဝတ္ထုကိုရ
၏။ ။ဒိယတိ ဧတေနာတိဒါနံ။ ။ဧတေန၊ထိုစေတနာဖြင့်။ဒိယတိ၊လှူအပ်
၏။ဣတိ တသ္မာ။ထိုသို့လှူကြောင်းဖြစ်သောသတ္တိကြောင့်၊ဧတေနာတိပဒေ
န။ဧတေနဟူသောပုဒ်ဖြင့်။နိဒ္ဒိဋ္ဌာ။ညွှန်ပြအပ်သော။ တာထိုစေတနာသည်။

ဒါနံ၊ဒါနမည်သော၊လှူကြောင်းဖြစ်သောစေတနာကိုလည်း ထို့ကြောင့်။ယာယ စေတနာယ သောဒိယတိ သာစေတနာဒါနံ။ ။အနက်ကား။ ။ယာယ စေတနာယ၊အကြင်စေတနာဖြင့်၊သော။ထိုဝတ္ထုကို၊ ဒိယတိ၊လှူအပ်၏၊ သာစေတနာ။ထိုစေတနာသည်၊ဒါနံ၊ဒါနမည်၏၊ ။ဒိယနံ၊ဒါနံ၊ဒိယနံ၊ လှူခြင်း၊ဒါနံ၊လှူခြင်း။ ။ပုဗ္ဗစေတနာ၊မုဉ္စစေတနာ၊အပရစေတနာသုံးတန် တို့တွင်၊မုဉ္စစေတနာသာလျှင်အားဖြင့်ဒါနမည်၏၊ပုဗ္ဗစေတနာ၊အပရစေတနာ တို့ကို၊မုဉ္စစေတနာနှင့်သဟိုပ်ဟော်အပ်၏။ ထို့ကြောင့်၊ ။ပုဗ္ဗပစ္ဆာဘာ ဂစေတနာတတ္ထေဝသင်္ဂဟံဂစ္ဆန္တိ။ ။ဟူ၍ဋီကာကျော်ကျမ်း၌ဆို သည်၊ ။ပုဗ္ဗပစ္ဆာဘာဂစေတနာ၊ရှေ့အဘို့နောက်အဘို့ဖြစ်သော စေတနာ ကို၊တတ္ထေဝ၊ထိုမုဉ္စစေတနာ၌သာလျှင်၊သင်္ဂဟံ၊ပေါင်းခြင်းသို့၊ဂစ္ဆ န္တိ၊ရောက်ကုန်၏၊ ။ထိုသုံးပါးသောစေတနာတို့တွင်၊ ဒါနဝတ္ထုကိုလွှတ် ဆဲကာလ၌ ဖြစ်သော စေတနာသည်။ မုဉ္စစေတနာမည်၏၊ ဒါနဝတ္ထု ကိုလွှတ်သည်မှ နောက်ကာလ၌ ဖြစ်သော စေတနာသည်၊ အပရစေတနာ မည်၏၊

ထံပရိစ္စာဂလက္ခဏံ ဒေယျဓမ္မလောဘဝိဒ္ဓံသနရသံ အနာသတ္တိ ပစ္စုပဋ္ဌာနံ ဘဝဝိဘဝသမ္ပတ္တိပစ္စုပဋ္ဌာနံ ဝါ ပရိသဇ္ဇိတဗ္ဗဝတ္ထု ပဒဋ္ဌာနံသဒ္ဓေယျဝတ္ထုပဒဋ္ဌာနံဝါ၊

အနက်ကား။ ။တံ။ထိုဒါနသည်၊ ပရိစ္စာဂလက္ခဏံ။စွန့်ကြဲခြင်း လက္ခဏာရှိ၏။ဒေယျဓမ္မ၊လှူဘွယ်ဝတ္ထု၌။လောဘဝိဒ္ဓံသနရသံ၊လောဘ ကိုဖျက်ဆီးခြင်းကိစ္စရှိ၏။ အနာသတ္တိပစ္စုပဋ္ဌာနံ၊ အလှူဝတ္ထု၌မကပ်ငြိ သောစိတ်လျှင်ထင်သော အခြင်းအရာရှိ၏၊ ဝါ။တနည်းကား၊ဘဝဝိဘဝ သမ္ပတ္တိပစ္စုပဋ္ဌာနံ။ဘဝသမ္ပတ္တိဝိဘဝသမ္ပတ္တိလျှင်ထင်သော အခြင်းအရာ ရှိ၏။ ပရိသဇ္ဇိတဗ္ဗဝတ္ထုပဒဋ္ဌာနံ၊စွန့်ကြဲအပ်သော ဝတ္ထုလျှင် နီးစွာအေ ကြောင်းရှိ၏။ဝါ။တနည်းကား။ သဒ္ဓေယျဝတ္ထုပဒဋ္ဌာနံ၊ ကြည်ညိုဘွယ် သောအလှူခံပုဂ္ဂိုလ်လျှင် နီးစွာသောအကြောင်းရှိ၏၊ ယခင်ဆိုအပ်ခဲ့ပြီး သောပုဗ္ဗစေတနာ မုဉ္စစေတနာအပရစေတနာ သုံးတန်တို့တွင်၊ တခုသော အလှူဝတ္ထုကိုလှူရာ၌၊တခုသောစေတနာဖြင့်။ တခုသောပဋိသန္ဓေအကျိုး ကိုပေး၏။ ပုဗ္ဗစေတနာ အပရစေတနာတို့၏အစွမ်းအားဖြင့်။နတ်ပြည်၌ခုနှစ် ကြိမ်။လူ့ပြည်တွင်သူဋ္ဌေးမျိုးခုနှစ်ကြိမ်ဖြစ်နိုင်၏၊ ။ထိုကြောင့်။

ကောဝိဏ္ဏုပါဟတ္ထိ ဟိ ကောစေတနာ ဒွေပဋိသန္ဓိယော နဒေတိ။ ပုဗ္ဗ
ပစ္ဆိမစေတနာ ဝသေန သတ္တကွတ္တုံ သဂ္ဂေ သတ္တကွတ္တုံ သေမ္ဗိကု
ထေနိဗ္ဗတ္တော၊ ၊ဟူ၍ သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ၌လာသည်
အနက်ကား။ ။ဟိ၊ သင့်စွ၊ ကောဝိဏ္ဏုပါတတ္ထိ၊ ဆွမ်းတကြိမ်လှူရာ၌။ ဒွေပဋိသန္ဓိယော။ နှစ်ကြိမ်သောပဋိသန္ဓေကို။ နဒေတိ။ မပေး။ ပုဗ္ဗပစ္ဆိမစေတနာဝသေန။ ပုဗ္ဗစေတနာ။ ပရစေတနာ၏အစွမ်းအားဖြင့်။ သတ္တကွတ္တုံ ခုနစ်ကြိမ်၊ သဂ္ဂ၊ နတ်ပြည်၌လည်းကောင်း၊ သတ္တကွတ္တုံ၊ ခုနစ်ကြိမ်။ သေမ္ဗိကုလေ၊ သူဌေးမျိုး၌။ နိဗ္ဗတ္တော ဖြစ်၏။ တနည်းလည်းထိုစေတနာ သုံးတန်လုံးဝင်၊ ပဋိသန္ဓေ။ အကျိုးကိုပေးနိုင်၏။ ။ထိုကြောင့်။

ပဋိသန္ဓိဝိပါကံပန သဿဋ္ဌပုဗ္ဗပရစေတနာစ။ ကောကမေဝဒါတုံ သက္ကောတိ ဘိဂဟေတဗ္ဗံ။ ။ဟူ၍ဝိမတိဒိုကာ၌လာသည်၊
အနက်ကား၊ ။ပဋိသန္ဓိဝိပါကံပန၊ ပဋိသန္ဓေအကျိုးကိုကား။ သဿဋ္ဌ၊ မိမိဟုဆိုအပ်သော၊ မုဉ္စစေတနာသည်လည်းကောင်း။ ပုဗ္ဗပရစေတနာစ၊ ပုဗ္ဗစေတနာ ပရစေတနာသည်လည်းကောင်း။ ကောမေဝ၊ တကြိမ်တကြိမ် စီသာလျှင်။ ဒါတုံ၊ ပေးခြင်းငှာ၊ သက္ကောတိ၊ တတ်စွမ်းနိုင်၏။ ဣတိ၊ ဤသို့။ ဂဟေတဗ္ဗံ၊ ယူအပ်၏၊ ။ဝတ္တိအကျိုးမှာမူကား၊ လှူနတ်တို့၏စည်းစိမ် ချမ်းသာဆို၊ ဘဝအရေ၊ ဘဝအတောင်ပေးနိုင်၏။ ။ထိုကြောင့်။ ။

တိရစ္ဆာနဂတေဒါနံ ဒတွာ သတဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။ ပုထုဇ္ဇနဒုဿီလေ ဒါနံဒတွာ သဟဿဂုဏာ ပါဋိကင်္ခိတဗ္ဗာ၊ ။
ဟူ၍ ဒက္ခိဏာဝိဘင်္ဂသုတ်၌ ဟောသော်မူသည်။
အနက်ကား။ ။ဘိ ရစ္ဆာနဂတေ၊ တိရစ္ဆာန်၌၊ ဒါနံ၊ ဒါနကို ဒတွာ၊ ပေးလှူ၍၊ ဒက္ခိဏာ၊ ဒါနစေတနာကြောင့်၊ သတဂုဏာ၊ ဘဝအရာသော အကျိုးကို။ ပါဋိကင်္ခိတဗ္ဗာ၊ အလိုရှိအပ်ကုန်၏။ ပုထုဇ္ဇနဒုဿီလေ၊ ပုထုဇ္ဇဉ်ဒုဿီလ၌။ ဒါနံ၊ အလှူကို။ ဒတွာ၊ ပေး၍။ ဒက္ခိဏာ၊ ဒါနစေတနာကြောင့်၊ သဟဿ ဂုဏာ၊ ဘဝအထောင်သော အကျိုးကို။ ပါဋိကင်္ခိတဗ္ဗာ။ အလိုရှိအပ် ကုန်၏၊

ဤ အရာ၌တချက်သော်စေတနာသည်။ တကြိမ်သောပဋိသန္ဓေအကျိုး

ကိုသာပေး၍၊ ပဝတ္တိအခါ၌လည်း၊ ဥင်းဒနကကံသင် အကျိုးပေးလေတော့သည့်၊ သတ္တမဇောအလယ်ဇောငါးချက်တို့၌၊ ထိုနည်းအတူသာမှတ်သင့်သည်၊ သတ္တမဇောစေတနာသည်၊ ထကြွံပဋိသန္ဓေကိုပေး၍၊ တတိယအစရှိသောနောက်နောက်သောဘဝတို့၌လည်းကောင်း၊ သတ္တမဇောစေတနာပင်ပဝတ္တိအခါ၌အကျိုးပေးပေသည်ဟုမှတ်ယူလေ၊ ၊တိဝဏ္ဏာနဂတေဒါနံဒတွာသထဂုအာဒက္ခိအာ ပုဘုဇနနုယီလေဒါနံဒတွာ ဒံဟာသဂုအာဒက္ခိတာ၊ ၊ဟုသေသပါဠိတော်၌ထည်း၊ အလှူခံပုဂ္ဂိုလ်၏ ယုတ်ညံ့သောကြောင့်အလယ်ဇောငါးချက်စေတနာသည်၊ ဘဝအာရာဘဝအာထောင်မျှသာအကျိုးပေးနိုင်သည်ဟု ယူလိုသည်၊ အလှူခံ ပုဂ္ဂိုလ်ထက်မြတ်သည်ဖြစ်မူကား၊ အလယ်ဇောငါးချက်စေတနာသည်၊ အဟောသိကံဖြစ်သည်ဟူ၍မရှိ၊ နိဗ္ဗာန်ရသည့်ဘဝသို့တိုင်အောင်ရှသော ပျောက်လေတော့သည်ဟုယူသင့်သည်၊ ၊ဤကားဇောစေတနာ၏အစွမ်းအားဖြင့်၊ ကြီးမြတ်သောအကျိုးကိုရကြောင်းကိုပြခြင်းတည်း။

### နိယျာနိကဒါန၊ အနိယျာနိကဒါနဟူ၍ နှစ်ပါးရှိသည်တွင်၊

အနမတဂ္ဂသံသရာ၌၊ ပဋိသန္ဓေနေရခြင်းဟုဆိုအပ်သော။ သံသရာဝဋ်ဒုက္ခမှထွက်မြောက်ခြင်းငှာအလိုရှိသည်ဖြစ်၍၊ အာလောဘပုဗ္ဗင်္ဂမပိဋ္ဌာခြံရံသောပုညာဘိသင်္ခါရ ကုသိုလ်ဇောစိတ်ဖြင့် လှူဒါန်းပေးကမ်းခြင်းတည်းဟူသောနိယျာနိကဒါနသည်၊ မဂ်ဖိုလ်နိဗ္ဗာန်တို့၏ အာရုံဥပနိဿယဖြစ်စွမ်းနိုင်အောင်၊ အားထုတ်ရာသောဒါနမည်၏၊ ၊ယခင်ဆိုအပ်ခဲ့ပြီးသော၊ သံသရာဝဋ်ဒုက္ခမှထွက်မြောက်ခြင်းငှာ၊ အလိုမရှိဘဲသုံးဆဲ့တဘုံ၌၊ ကျင်လည်ပျော်ပါးခံစားခြင်းငှာ အလိုရှိသည်ဖြစ်၍၊ သောဘာပုဗ္ဗင်္ဂမအပိဋ္ဌာခြံရံသောပုညာဘိ သင်္ခါရဇောစိတ်ဖြင့်၊ လှူဒါန်းပေးကမ်းခြင်းတည်းဟူသောအနိယျာနိကဒါနသည်၊ မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်တို့၏ အာရုံဥပနိဿယမဖြစ်စွမ်းနိုင်သောဒါနမည်၏၊ ၊ဘနည်းထည့်းမဂ်ဖိုလ်နိဗ္ဗာန်သုံးတန်တို့၏ အာရုံဥပနိဿယဖြစ်စွမ်းနိုင်အောင် အားထုတ်ရာသော ဒါနဟူသည်ကား။ ဝဋ္ဋနိဿိတ ဝိဝဋ္ဋနိဿိတ ဒါနနှစ်ပါး ရှိသည်တွင်။ အနမတဂ္ဂသံသရာနိုက်၊ ပဋိသန္ဓေနေရခြင်းဟုဆိုအပ်သော။ သံသရာဝဋ်

နက္ခမှထွက်ခြင်းငှာအလိုမရှိဘဲ။ သုံးဆယ့်တဘုံနှိုက် ကျင်လည့်ပျော် ပါး၍စားစံစားခြင်းငှာအလိုရှိသည်ဖြစ်၍။ ထေသာဘပုဗ္ဗဂ်မအဝိဇ္ဇာခြံ ရံသော ပုညာဘိသင်္ခါရစေတနာစိတ်ဖြင့်၊ လှူဒါန်းပေးကမ်းခြင်းတည်းဟူသော၊ ဝဋ္ဋနိ သိတဒါနသည်။ မဂ်ဖိုလ်နိဗ္ဗာန်သုံးတန်တို့၏။ အာရုံဥပနိဿယမဖြစ်စွမ်း နိုင်အောင်အားထုတ်ရသောဒါနမည်၏၊ ယခင်ဆိုအပ်ခဲ့ပြီးသော၊သံသ ရာဝဋ်ဒုက္ခတို့မှ၊ထွက်မြောက်ခြင်းငှာအလိုရှိသည်ဖြစ်၍။ အထေသာဘပုဗ္ဗ ဂ်မဝိဇ္ဇာခြံရံသော၊ ပုညာဘိသင်္ခါရကုသိုလ်စေတနာစိတ်ဖြင့်၊ လှူဒါန်းပေး ကမ်းခြင်းတည်းဟူသော။ ဝိဝဋ္ဋနိဿိတဒါနသည်။ မဂ်ဖိုလ်နိဗ္ဗာန်သုံး တန်တို့၏။ အာရုံဥပနိဿယဖြစ်စွမ်းနိုင်အောင်။ အားထုတ်ရသော ဒါန မည်၏။ ။ထို့ကြောင့်။

ဈာနံမပုညံ့ အာသဝက္ခယံဝဟံဟောတုတိ၊ ဝိဝဋ္ဋနိဿိတဝ သေနပဏ္ဍိတံ။သမ္ဗောသမ္ဘောဓိညာဏမ္ပိ၊ပစ္စေကဗောဓိညာဏမ္ပိ သာဝကဗောဓိညာဏမ္ပိ။အာဝဟတိ။ ။

ဟူ၍သုတ္တသင်္ဂဟာအဋ္ဌကထာ၌လာသည်။

အနက်ကား။ ။မေ၊ငါ၏၊ ဈာနံပုညံ၊ ဤဒါနအစရှိသောကုသိုလ် သည်။ အာသဝက္ခယံ။ အာသဝေါတရားလေးပါးတို့၏ကုန်ရာဖြစ်သောနိ ဗ္ဗာန်သို့။ဝဟံဝဟာနေ့။ဆောင်နိုင်သည်။ ဟောတုဘဝတုဖြစ်စေသ တည်း။ဈတိ။ဤသို့။ဝဋ္ဋနိဿိတဝသေန။ဝဋ်ဆင်းရဲ၏ ကင်းရာနိဗ္ဗာန်ကိုမှီ သည့်၏အစွမ်းအားဖြင့်။ပဏ္ဍိတံ။တောင်းတအပ်၏။ဇေံ၊ ဤသို့တောင်းတ ဆည်ရှိသော်၊ သမ္ဗောသမ္ဘောဓိညာဏမ္ပိ။ သမ္ဗောသမ္ဘောဓိညာဏ်ကိုလည်း ကောင်း။ပစ္စေကဗောဓိညာဏမ္ပိ။ပစ္စေကဗောဓိညာဏ်ကိုလည်းကောင်း။ သာဝကဗောဓိညာဏမ္ပိ။ အဂ္ဂသာဝကဗောဓိ၊ မဟာသာဝကဗောဓိ၊ ပကတိသာဝကဗောဓိညာဏ်ကိုလည်းကောင်း၊အာဝဟတိ၊ ဆောင်နိုင် ၏။ ။ဤသို့ဆိုအပ်ပြီးသောမဂ်ဖိုလ်နိဗ္ဗာန်သုံးတန်တို့၏၊အာရုံဥပနိဿယ ဖြစ်အောင်။ သတိဝိရိယာသမာဓိတရားတို့ကို။ ကြပ်ကြပ်ကြီးထား၍၊နိယျာ နိကဒါန။ဝိဝဋ္ဋနိဿိတဒါနနှစ်ပါးတို့၊ တိုးပွါးများမြတ်အောင်အာထုတ် ကြလေ၊ငင်းဒါနနှစ်ပါးသို့မရောက်မူ၍။အနိယျာနိကဒါန။ ဝဋ္ဋနိဿိတဒါ နနှစ်ပါးကိုအားထုတ်ကြသျှင်။ ထက်လှစွာသောသံလျက်သွားနှိုက်တင် ထားသောပျားရည်စက်ကို။ လျက်မိသောယင်ကောင်ရိုက်ကဲ့သို့ ထည်း

ကောင်း။မီးထော်ခါးလျှံ ကိုရှုရည်အွှလျှံ ဘုအသင်ရှိုးနှင့် ဖွက်ဝင်၍တီးမိ မှားသောဖိုးနှ ကောင်မိုက်ကဲ့သို့သည်းကောင်း။ထောင်လှုစွာသောအဆိပ် ဆေးကို ဓွေတို့ပြင့်ပေးကာ်းဝယ်ယူကားသောက်သောသူမိုက်ကဲ့သို့ ထည်းကောင်း၊ သွားနိုက်အညစ်အကြေးများသောကြောင့်ကြွံ့ဘုဝယ်၍ အရပ်ဒိုင်းရာ ဝိန်းဥကိုဝယ်၍စားသောကြောင့်။သွားနိုက်အညစ်အကြေး တိုးပွါးသကဲ့သို့သည်းကောင်း။ဖြစ်ကြလိမ့်မည်။

ထိုသို့ဆိုအပ်ခဲ့ပြီးသောနိယျာနိကဒါ၊ ဝဋ္ဋနိဿိတဒါနနှစ်ပါးသော လျှင်၊ပါခမီးဘည်းမည့်ဒါနသည်းမည်၍၊ ထိုသို့နိဗ္ဗာန်ဘည်းဟူ သောကမ်း ထဘက်သို့ရောက်ကြောင်း။ ပါရမီလည်းမည်သောဒါနလည်းမည်သော၊ ဝိဝဋ္ဋနိဿိတဒါန၊ နိယျာနိကဒါနနှစ်ပါးကိုမပြုမူ၍၊ ပါရမီကားမဖြစ်၊သံ သရာဝဋ်ဆင်းရဲနိုက် ကျင်လည်ကြောင်းဖြစ်သော၊ ဝဋ္ဋနိဿိတဒါန၊ အနိယျာနိကဒါနနှစ်ပါးကိုပြုခြင်းကြောင့်၊ ဂေါတမမြတ်စွာဘုရားဖွင့်တော်မူ ကုန်သောမြတ်စွာဘုရားသခင်တို့သည်။ နှစ်ဆယ်ထေးသင်္ချေနှင့်၊ ကုဋေ ခြောက်ဆယ် ဗိုလ်ခြတသိန်းနှင့်ဘက္ခ ကွတ်ထန်းဝင်ကုန်သော်လည်း မကျွတ်နိုင်ဘဲ၊သခုထက်တိုင်ကြွင်းကုန်ရစ်ရလေသည်ဟူ၊

ဂေါတမဝါလုက်ရဏ္ဏ၊ပရာဇေတွာတထာဂတာ။
အနေကာသင်္ချဝကေဟိ၊နိဗ္ဗာယိသုအနာသဝါ၊
တထာပစ္စေကဗုဒ္ဓါစ၊ထေရာကာနမဏ္ဍလံ၊
အပ္ပဝိဏ္ဏောဒြြဘာရိတ္တ။ ဓိဘံလစ္ဆာသိဒယထဝ၊
လဘိတွာစေပမတ္တောသိ၊ ဋ္ဌဒါနိခဏောသမ္ပဒံ၊
ကဒါလစ္ဆာသိပုနတ္တ ။ဇေဂစ္ဆုပ်သုသမာရံ၊ ။

စသည်ဖြင့်ဟောတော်မူသောဒေသနာတော်များကိုလည်း ကြပ်ကြပ် ကြီးနှလုံးသွင်း၍၊ ဝဋ္ဋနိဿိတဒါန၊ အနိယျာနိကဒါနနှစ်ပါးကို မဖြစ်ကြရ အောင်အားထုတ်ကြလေ။

အနက်ကား။ ၊ဂေါတမ၊ဂေါတမ၊ဝါလုက်ရဏ္ဏ၊သဲမှုံ ကို ပရာဇေတွာ၊ ရှုံးစေ၍။အနေကာ၊ မရေတွက်နိုင်များစွာကုန်သော။ ထတာဂတာ၊ ရှင် တော်ဘုရားတို့သည်။အနာသဝါ၊အာသဝေါကင်းကုန်သည်ဖြစ်၍။သင်္ချ ဝကေဟိ၊နှစ်ဆယ့်လေးသင်္ချေနှင့်ကုဋေ ခြောက်ဆယ်ဗိုလ်ခြတသိန်း။ တွက်ကိန်းများဘိ။မိမိသာဝကတို့နှင့်၊ နိဗ္ဗာယိသု၊ပရိနိဗ္ဗာန်စံယူတော်မူ

ကုန်ပြီ၊ တထာ၊ ထိုနည်းတူ။ ပစ္စေကဗုဒ္ဓါစ၊ ပစ္စေကဗုဒ္ဓါတို့သည်လည်းကောင်း
အနာသဝါ၊ အာသဝေါကင်းကုန်သည်ဖြစ်၍။ နိဗ္ဗုယိံသု၊ ပရိနိဗ္ဗာန်စံယူ
တော်မူကြကုန်ပြီ။ သပ္ပုရိသာ၊ သူတော်ကောင်းတို့။ သုဏာထ၊ နားထောင်။
ဧတ္တကာနံ။ ဤမျှလောက်များစွာကုန်သော၊ ဘုရားပစ္စေကဗုဒ္ဓါတို့၏။ အန္တ
န္တရံ၊ အတွင်းသို့။ အပ္ပဝိတွာ၊ မဝင်နိုင်ဘဲ ဩဟာယရိ၊ ကျန်ခဲ့၏။ ယော၊ အ
ကြွင်သံသရာဝဋ်၌ ဆွတ်ဆွတ်ခင်မင်ပျော်ရွှင်ကြသောသားယားကျွန်မိန်းမ
တို့။ တံ တာနံ၊ သင်တို့အား။ ဓိ၊ ထွီဆိုဘွယ်သည်။ အတ္တဘာဝတု။ ဖြစ်၏။ တွ
တုမှ၊ သင်တို့သည်။ လဇ္ဇာသိတဂ္ဂ၊ ရှက်စရာကောင်းစွ ထကား၊ နွားခံသာသ
နေ၊ ယခုဝါ ဘုရား၏သာသနာပွင့်လင်းသောအခါ၌။ ခဏသမ္ပဒံ၊ ဗုဒ္ဓုပ္ပါဒန
ဝမခဏ၏ပြည့်စုံခြင်းကို၊ လဘိတွာန၊ ရသည်ဖြစ်လျက်။ စေပမတ္တော၊ အ
ကယ်၍ မေ့မေ့ လျော့လျော့နေပြန်သည်ဖြစ်အံ့။ ကဒါ၊ အဘယ်အခါမှ။ ဝေ
ရူပံ၊ ဤကဲ့သို့သော။ သုသမာရုံ၊ အခါတော်ကောင်းကို။ ပုန၊ တဖန်။ တွံ၊ သင်
သည်။ လစ္ဆာသိ၊ ရချေဦးမည်နည်း။ ဧဝံ၊ ဤကဲ့သို့သောနည်းဖြင့်။ အတ္တာနံ၊
ကိုယ်ရှင်ကိုယ်ကို။ တုမှ၊ သင်သူတော်ကောင်းအပေါင်းတို့သည်။ ယုဉ္ဇသ၊
ကိုယ်၏အသက်ကို ငဲ့ကွက်မချစ်မဖြစ်မနေရ နှလုံးကြီးကုတ်အားထုတ်
ကြကုန်။ ။

တနည်းလည်း။ ဘုရားသခင်တို့သည်။ ကမ္ဘာအချို့လွန်မြောက်သော်
လည်း၊ အလုံးရုံသောကမ္ဘာတို့၌မဖြစ်ကုန်။ သာရကမ္ဘာ။ ဝရကမ္ဘာ။ မဏ္ဍ
ကမ္ဘာ၊ သာရမဏ္ဍကမ္ဘာ။ ဘဒ္ဒကမ္ဘာ တို့၌သာလျှင်ဖြစ်တော်မူကုန်သော
ကြောင့်၊ ကမ္ဘာအားဖြင့်လည်း။ ဘုရားဖြစ်သောအခါကိုရခဲ၏။ အနန္တစကြ
ဝဠာတို့နှိက်မဖြစ်၊ ငါတို့စကြာဝဠာ၌သာဖြစ်သောကြောင့်၊ စကြာဝဠာ
အားဖြင့်ရခဲ၏။ အသက်တရာမှအထက်။ အသက်တသိန်းမှအောက်။ ဤအ
တွင်း၌သာလျှင်ဖြစ်သောကြောင့်၊ ကာလအားဖြင့်လည်း ဘုရားဖြစ်သောကာ
လကိုရခဲ၏။ နတ်ဗြဟ္မာတို့၌မဖြစ်၊ လူ့ဘုံ၌သာလျှင် ဖြစ်သောကြောင့်။ ဘုံ
အားဖြင့်ဘုရားဖြစ်သောအခါကိုရခဲ၏။ သူဌေးသူကြွယ်စသောအမျိုးတို့
နှိက်မဖြစ်၊ မင်းမျိုးပုဏ္ဏားမျိုးတို့နှိက်သာဖြစ်သောကြောင့်၊ အမျိုးအားဖြင့်
လည်းရခဲ၏။ ပစ္စန္တရစ်အရပ်နှိက်မဖြစ်။ အဝန်းကိုးရာရှိသော၊ မဇ္ဈိမဒေသ
အရပ်နှိက်သာလျှင် ဖြစ်သောကြောင့်၊ အရပ်အားဖြင့်ဘုရားဖြစ်သောအ
ခါကိုရခဲ၏။ မဇ္ဈိမဒေသ၌သော်လည်း၊ ဗောဓိမဏ္ဍိုင်နှိက်သာလျှင်ဖြစ်သော

ကြောင့်၊ဌာနအားဖြင့်လည်းရခဲ၏။ ထိုသို့ခဲသော၊ ဗုဒ္ဓုပ္ပါဒခဏကို ရ၍ ထည့်းကောင်း၊ ဘုရားအစရှိသောသူတော်ပေါ်မှဖြစ်သော ဝစီဝိညတ်နှင့်ထကွဖြစ်သော၊ ဒါနကထာ သီလကထာနှင့်စပ်သော၊ ဒေသနာသံတည်းဟူသော။ အကြောင်းအားကျေးဇူးပြုတတ်သောစက္ခုသောတနှင့်သောတာယတန အစရှိသော၊ အာယတနတို့နှင့် ပြည့်စုံသော ဘဝကိုထည်း ရခဲ၏၊ ထိုသို့ ရခဲသော အာယတနတို့ကို ရ၍၊ ဘုရား အစရှိသော သူတော်ကောင်း တို့က၊ ဤကား အပါယ် ဘေးကြောင့်၊ သံသရာ ဝဋ်ဆင်းရဲ၏၊ မထွက် မြောက် နိုင်ကြောင်း၊ ဤကား သံသရာ ဝဋ်ဆင်း၏ ထွက်မြောက်ကြောင်း၊ ဓမ္မဒေသနာကို ဆိုခြင်းငှာ ခဲယဉ်းသော သမာဓိခဏကိုသည်းကောင်း၊ အလွန်ရခြင်းငှာခဲယဉ်းသည်၊ ထိုသို့ခြင်းငှါခဲယဉ်းသော မဇ္ဈိမဒေသခဏ၊ဗုဒ္ဓုပ္ပါဒခဏ၊အာယတနခဏ၊သမာဓိခဏကို ရခိုက်ကြုံခိုက်၊အသစ်အသစ်သောဝိနယတရားကိုရ စေ၍၊ဒါနလည်းမည်ပါရမီထည်းပြည့်သော၊ဝိဝဋ္ဋနိဿိတဒါန၊ နိယျာနိကဒါနနှစ်ပါးကိုဖြစ်ရအောင်အားထုတ်ကြကုန်၊ ခြင်သေ့သစ်ကျားအစရှိသောရန်သူတို့နှင့်တွေ့ကြုံ၍၊ကြောက်လန့်ခြင်းစိတ်ဖြင့်ပူပန်ခြင်း၊ နှစ်လုံးဖြင့်မသာယာခြင်းကိုဖြစ်စေသောသူကဲ့သို့။သံသရာဒုက္ခ၊နိရယဒုက္ခ၊ အပါယိကဒုက္ခအစရှိသောဘေးတို့နှင့်တကွတွေ့ကြုံ၍၊ဝိဝဋ္ဋနိဿိတဒါန၊ နိယျာနိကဒါနနှစ်ပါးကိုမပြုမိလိုက်ရလေဟု၊နောင်ဘပူပန်သောစိတ်သောကကိုမဖြစ်စေရအောင်အားထုတ်သင့်သည်ဟု။ ။ခဏောဝေမာဥပစ္စဂါ။ခဏာတီတာဟိသောစန္တိနိရယမှိသမပ္ပိတာ၊ ။စသည်ဖြင့်ဟောတော်မူသောဒေသနာတော်များကိုနှစ်လုံးသွင်း၍။ဝဋ္ဋနိဿိတဒါန၊နိယျာနိကဒါနနှစ်ပါးကိုအားထုတ်ရမည်။ ။အနက်ကား။ ။ဝေ၊စင်စစ်၊ခဏော၊မဇ္ဈိမဒေသခဏ၊ဗုဒ္ဓုပ္ပါဒခဏ၊အာယတနမချို့တဲ့သောခဏ၊ သမာဓိခဏကို၊မာဥပစ္စဂါ၊မာအတိတာ၊မလွန်စေကြကုန်လင့်၊ဟိ၊ထိုစကားသင့်စွ၊ခဏာတီတာ၊ခဏကိုလွန်ကုန်သောသူတို့သည်၊နိရယမှိ၊ငရဲ၌၊သမပ္ပိတာ၊ကျရောက်ကုန်သည်ဖြစ်၍၊သောစန္တိ၊နောင်တပူပန်စိုးရိမ်တတ်ကုန်၏။

သဒ္ဓါယ ဒိန္နံ ယံ ဒါနံ၊ တံ ဝဒန္တိ မဟပ္ဖလံ၊
ဝိနာ သဒ္ဓါယ ယံ ဒါနံ၊ န တံ ဟောတိ မဟပ္ဖလံ။ ။

ဟူ၍ထည်းဟောတော်မူသည်၊

အနက်ကား။ ။သဒ္ဓါယ၊ ယုံကြည်ခြင်းသဒ္ဓါဖြင့်။ ယံဒါနံ။ အကြင်အလှူကို။ ဒိန္နံ။ ပေးလှူအပ်၏။ တံဒါနံ။ ထိုသဒ္ဓါတရားနှင့်လှူသောအလှူကို။ မဟပ္ဖလံ။ များသောအကျိုးရှိ၏ဟူ၍၊ ဝဒန္တိ။ ဆိုကုန်၏။ သဒ္ဓါယ။ ယုံကြည်ခြင်းသဒ္ဓါကို၊ ဝိနာ၊ ကင်း၍။ ယံဒါနံ။ အကြင်အလှူကို၊ ဒိန္နံ။ ပေးလှူအပ်၏၊ တံဒါနံ။ ထိုသဒ္ဓါကင်း၍လှူသောအလှူကို။ မဟပ္ဖလံ။ များသောအကျိုးရှိသည်၊ နဟောတိ၊ မဖြစ်။ ။သဒ္ဓါစေတနာနှင့်တကွလှူသောအလှူ၏အကျိုးကြီးကြောင်းကိုပြသောနည်းတည်း။

သဒ္ဓါပုဗ္ဗင်္ဂမံ ဒါနံ။ အပ္ပကံကိဉ္စိယာကတံ။
ပသန္နာတီသုကာလေသု။ လဘန္တိတိဝိဓံသုခံ။ ။

အနက်ကား။ ။ယေ၊ အကြင်သူတို့သည်။ တီသုကာလေသု၊ သုံးပါးသောကာလတို့၌။ ပသန္နာ။ ကြည်ညိုကုန်သည်ဖြစ်၍။ သဒ္ဓါပုဗ္ဗင်္ဂမံ။ သဒ္ဓါပြဋ္ဌာန်းသော။ ကိဉ္စိ၊ တစုံတခုသော။ အပ္ပကံ။ အနည်းငယ်မျှသော။ ဒါနံ။ အလှူကို။ ကတံ ပြုအပ်သည်ရှိသော်။ တိဝိဓံ။ သုံးပါးအပြားရှိသော။ သုခံ၊ လူနတ်နိဗ္ဗာန်သုံးတန်သောချမ်းသာကို။ လဘန္တိ။ ရကုန်၏၊ ။အနည်းငယ်မျှသောဝတ္ထုပင်ဖြစ်သော်လည်း။ သဒ္ဓါပုဗ္ဗင်္ဂမဖြင့်လှူဒါန်းလျှင်။ သုံးပါးသောချမ်းသာကိုရကြောင်း။ ဤလည်းဒါန၏အကျိုးဆက်တချက်တည်း၊

ဒါနံအပါယသဉ္ဆန္နံ၊ ဒါနံဘောဂါဥပပတ္တိတာ။
ဒါနံအတ္တာနုရက္ခာဝ။ ဒါနံသုခံပဝတ္တတိ၊

အနက်ကား။ ။ဒါနံ။ အလှူပေးခြင်းသည်ကား။ အပါယသဉ္ဆန္နံ။ အပါယ်သို့လားစေတတ်သောအကုသိုလ်တရားဆယ်ပါးတို့ကိုဖုံးလွှမ်းနိုင်၏။ ဒါနံ။ အလှူပေးခြင်းသည်ကား။ ဘောဂါ။ ရအပ်သောစည်းစိမ်ချမ်းသာတို့ကို ဥပပတ္တိတာ၊ ကိုယ်၌အမြဲဖြစ်စေအပ်ကုန်၏၊ ဒါနံ။ အလှူပေးခြင်းသည်ကား၊ အတ္တာနုရက္ခာဝ၊ နောင်လာလတ္တံ့သော ဘုရားရှင်တို့၏အထံ၌ရအပ်သော။ အရဟတ္တဖိုလ်ဟူသောမိမိကိုယ်ကိုစောင့်ရှောက်တတ်၏။ ဒါနံ။ အလှူပေးခြင်းသည်ကား။ သုခံ။ ချမ်းသာစွာ။ ပဝတ္တတိ။ ဖြစ်တတ်၏။ ။ဒါနသည် အကုသိုလ်တရားကိုဖုံးလွှမ်း၍ အရဟတ္တဖိုလ်ဟူသောချမ်းသာသော၊အကျိုးကိုရကြောင်း။ ။ဤလည်းဒါန၏အကျိုးဆက်တချက်၄တ်။

နတ္ထိစိတ္တံပသာဒမှိ၊ အပ္ပကာနာမဒက္ခိဏာ။
တထာဂတေဝါသမ္ဗုဒ္ဓေ၊ အထဝါတဿသာဝကေ။ ။

အနက်ကား။ ။တထာဂတော၊လာခြင်းကောင်းတော်မူသော၊သမ္မာသမ္ဗုဒ္ဓေါ၊မြတ်စွာဘုရားသည်လည်းကောင်း၊ အထဝါ၊ထိုမှတပါး၊ သာဝကော၊တပည့် သားတော်သည်လည်းကောင်း၊စိတ္တေ၊စိတ်သည်၊ ပသန္နေ၊ကြည်ညိုသည်ရှိသော်၊ဒက္ခိဏာ၊အလှူဝတ္ထုသည်၊အပ္ပကာနာမ၊ နည်းသောအကျိုးမည်သည်၊နတ္ထိ၊မရှိ၊ ။ဘုရားသည်လည်းကောင်း။ဘုရားတပည့်သား သံဃာတော်သည်လည်းကောင်း၊ ကြည်ညိုသော စိတ်ဖြစ်သည်ရှိသော် အနည်းငယ်မျှ အလှူဝတ္ထုဖြစ်သော်လည်း၊ များသောအကျိုးရကြောင်းကိုပြသည်။

ယောစဝဿသတံဇီဝေ၊အန္နံဝိနာနဇီဝေ၊တသ္မာအန္နံဒဒမာနောအာယုံအဓိဂစ္ဆတိ၊ယောသုဝဏ္ဏဝဏ္ဏော၊အန္နံဝိနာနဝဏ္ဏော၊တသ္မာအန္နံဒဒမာနောဝဏ္ဏံအဓိဂစ္ဆတိ၊ယောစက္ကဝတ္တိသုခေန၊ အန္နံဝိနာနသုခေ၊တသ္မာအန္နံဒဒမာနောသုခံအဓိဂစ္ဆတိ၊ယောဆဒ္ဒန္တဗလော၊အန္နံ၊ဝိနာနဗလော၊တသ္မာအန္နံဒဒမာနောဗလံအဓိဂစ္ဆတိ၊ယောသာရိပုတ္တပညော၊ အန္နံဝိနာနပညော၊ တသ္မာအန္နံဒဒမာနောပညံအဓိဂစ္ဆတိ၊ ။

အနက်ကား။ ။ယော၊အကြင်သူသည်လည်း၊ဝဿသတံ၊အနှစ်တရာပတ်လုံး၊ဇီဝေ၊အသက်ရှည်၏၊သော၊ ထိုသူသည်၊ အန္နံ၊ ဆွမ်းအလှူကို၊ဝိနာ၊ကြဉ်၍၊နဇီဝေ၊အသက်မရှည်၊ တသ္မာ၊ထိုကြောင့်၊ အန္နံ၊ဆွမ်းကို၊ဒဒမာနော၊ပေးလှူသောသူသည်၊ အာယုံ၊အသက်ရှည်ခြင်းကို၊ အဓိဂစ္ဆတိ၊ရ၏၊ ယော၊အကြင်သူသည်၊သုဝဏ္ဏဝဏ္ဏော၊ ရွှေအဆင်းနှင့်တူသောအဆင်းရှိ၏၊ သော၊ထိုသူသည်၊ အန္နံ၊ဆွမ်းကို၊ ဝိနာ၊ကြဉ်၍၊ နဝဏ္ဏော၊အဆင်းမရှိ၊တသ္မာ၊ထိုကြောင့်၊အန္နံ၊ဆွမ်းကို၊ဒဒမာနော၊ပေးလှူသောသူသည်၊ဝဏ္ဏံ၊အဆင်းကို၊အဓိဂစ္ဆတိ၊ရ၏။ ။ယော၊အကြင်သူသည်၊ စက္ကဝတ္တိသုခေန၊စကြာဝတေးမင်း၏ စည်းစိမ်ချမ်းသာနှင့်တူသောစည်းစိမ်ရှိ၏၊ သော၊ထိုသူသည်၊ အန္နံ၊ဆွမ်းကို၊ ဝိနာ၊ကြဉ်၍၊နသုခေ၊ချမ်းသာမရှိ၊တသ္မာ၊ထိုကြောင့်၊အန္နံ၊ဆွမ်းကို၊ ဒဒမာနော၊ပေးလှူသောသူသည်၊ သုခံ၊ချမ်းသာကို၊ အဓိဂစ္ဆတိ၊ရ၏၊ ။ယော၊အကြင်သူသည်၊ဆဒ္ဒန္တဗလော၊ဆဒ္ဒန်ဆင်မင်းအားနှင့်တူသောအားရှိ၏၊သော၊ထိုသူသည်အန္နံ၊ဆွမ်းကို၊ဝိနာ၊ကြဉ်၍၊နဗလော၊အားမရှိ၊တသ္မာ၊ထိုကြောင့်၊အန္နံ

ဆွမ်းကို။ဒဒမာနော..ပေးလှူသောသူသည်၊ဗလံ။ခွန်အားကြီးခြင်းကို။ အဓိဂစ္ဆတိ။ရ၏။ ။ယော။အကြင်သူသည်။သာရိပုတ္တုပညော၊ရှင်သာရိပုတ္တရာ၏ပညာနှင့်တူသောပညာရှိ၏၊ သော။ထိုသူသည်။ အန္နံ၊ဆွမ်းကို။ဝိနာ။ကြဉ်၍။နစပညော။ပညာမရှိ။ ဟုသွာ။ထိုကြောင့်။ အန္နံ၊ဆွမ်းကို၊ဒဒမာနော.ပေးလှူသောသူသည်၊ပညံ၊ပညာကြီးခြင်းကို။အဓိဂစ္ဆတိ။ရ၏။ ။ ဆွမ်းကို လှူခြင်းကြောင့်။ ငါးပါးသောအကျိုးရကြောင်းကို ပြသောအကြောင်းတည်း။

နုသော်လာနိသုဂတေဒတ္ဂာသံဃောဂဏဝရုတ္တမေ၊အဓွာနိသံသေ အနုဘောံမိ၊ကမ္မာနုရူပံကေမမ။ သုဝဏ္ဏဝဏ္ဏောဝိရဇော၊ သပဘာသောပတာပဝါနိသန္ဒိ ဟောတိမေဂတ္တံ။ ဘဝေသံသရန္တော မမ။ ။နုသာသတသဟာသာနိသေထာဝိဘာစထောဟိတာခော ရေနိမထ္ထကေမယှံ၊နုသာဒါနသော်ဒ်ဗလံ၊ ။ဧကာသေယျကပ္ပ လယာနိ။ ခေါ်မကပ္ပါသိကာနိသမ္ဗုတ္တပဋိလဘာမိ၊တောသံနိသာန္ဒ တောအဟံ။

အနက်ကား။ ။သုဂတေသုဂတသ။ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားအားလည်းကောင်း။ ဂဏဝရုတ္တမေ။ အလွန်မြတ်သောဂိုဏ်းအပေါင်းဖြစ်သော၊ သံဃေသံဃာသ၊သံဃာတော်အားလည်းကောင်း။နုသာနိ၊အဝတ်ပုဆိုးတို့ကို။ ဒတွာန၊ပေးလှူသောကြောင့်။ မမ၊ ငါ၏၊ကမ္မာနုရူပိကေ၊ ကောင်းမှုအားလျော်ပတ်ကုန်သော။ အဓွာနိသံသေ၊ရှစ်ပါးသောအကျိုးအာနိသင်တို့ကို။အနုဘောမိ၊ခံစားရ၏၊ ဘဝေ၊ဘဝန္တိက်။သံသရန္တော၊ကျင်လည်ရသည်ရှိသော်။မမ၊ငါ၏။သုဝဏ္ဏဝဏ္ဏော၊ ရွှေအဆင်းသည်။ ဟောတိ၊ဖြစ်၏၊ ဝိရဇော၊မြူကြေးညှင်း မတင်သည်။ ဟောတိ၊ဖြစ်၏။သ ပဘာသော၊ အရောင်အဝါရှိသည်၊ ဟောတိ၊ဖြစ်၏။ ပဘာပဝါ၊တန်ခိုးအာနုဘော်ရှိသည်။ဟောတိ၊ဖြစ်၏။မေ၊ငါ၏၊ ဂတ္တံ၊ကိုယ်သည်။သိနိဒ္ဓံ၊သိမ်မွေ့သည်။ဟောတိ၊ဖြစ်၏၊ သေတာစ၊ဖြူသောပုဆိုးသည်လည်းကောင်း။ ဝိတာစ၊ရွှေသောပုဆိုးသည်လည်းကောင်း။ထောဟိတာစ၊နီသောပုဆိုးသည်လည်းကောင်း။ နုသာသတသဟာသာနိ၊အဝတ်ပုဆိုးတသိန်းတို့သည်။ မယှံ၊ငါ၏။မတ္ထကေ၊ဦးခေါင်းထက်၌။ဓာရေန္တိ၊ဆောင်ရကုန်၏၊ ဆွဒံ၊ဤသို့ဆောင်ရခြင်းသည်ကား၊ နုသာဒါနသာ၊အ

ဝတ်သက်နှုံးတွာ့ဒါန်းခြင်း၏ပထံ၊အကျိုးတည်း။ ။ကာသေယျကမ္ဗသ ယာနိ၊ပိုးချည်းပုဆိုး ကမ္ဗလာပုဆိုးတို့ကိုလည်းကောင်း။ ခေါမကပ္ပာသိ ကာနိစ၊ခေါမချည့်ပုဆိုးတို့ကိုလည်းကောင်း။ တေသံ၊ထိုဝတ်သက်နှုံး အလှူတို့၏၊နိဿန္ဒ၊တော၊အကျိုးအားဖြင့်၊သစ္စတ္တ၊ခပ်သိမ်းသောအရပ်တို့ ၌၊အလုံ့၊ငါသည်၊ပဋိလဘာမိ၊ရ၏။

ဝုတ္တိနံ့စီဝရဒါနံ မဟာလတာ ပသာဒနေန မတ္တကဲ့ပပွေါတိ။
ဝုရိသာနံ့ဝုဒ္ဓိမယပတ္တစီဝရလာဘေန။

အနက်ကား။ ။ဟိ၊သင့်၄၊ဝုတ္တိနံ့၊မိန်းမတို့၏၊ စီဝရဒါနံ၊သက်နှုံးလှူ သောအလှူသည်၊မဟာလတာပသာဒနေန၊ မဟာလတာတံဆာကိုဝတ် ဆင်ရသဖြင့်၊ မတ္တကံ၊ ပြီးစီးခြင်းသို့၊ ပပွေါတိ၊ရောက်၏၊ ပုရိသာနံ၊ ယောက်ျားတို့၏၊စီဝရဒါနံ၊သက်နှုံးလှူသောအလှူသည်၊ ဝုဒ္ဓိမယပတ္တစီဝ ရလာဘေန၊ထံခိုးဖြင့်ပြီးသော သပိတ်သက်နှုံးကိုရသဖြင့်၊ မတ္တကံ၊ပြီးစီး ခြင်းသို့၊ပပွေါတိ၊ရောက်၏။

မနုဿိကာစသမ္ပတ္တိ၊ဒေဝလောကစယာရတိ။
ယာစနိဗ္ဗာနသမ္ပတ္တိ၊သဗ္ဗမေတေနလဗ္ဘတိ၊ ။

အနက်ကား၊ ။မနုဿိကာ၊လူ၌ဖြစ်သော။ သမ္ပတ္တိစ၊စည်းစိမ်ချမ်း သာသည်လည်းကောင်း၊ဒေဝလောကေ၊နတ်ပြည်၌၊ ယာရတိစ၊အကြင် မွေ့လျော်ခြင်းသည်လည်းကောင်း။ ယာစနိဗ္ဗာနသမ္ပတ္တိ၊ အကြင်နိဗ္ဗာန်သို့ ရောက်ခြင်းသည်လည်းကောင်း၊အတ္ထိ၊ရှိ၏၊သဗ္ဗံ၊အလုံးစုံကို၊ဧတေန၊ထို ဒါနသီလကြောင့်၊လဗ္ဘတိ၊ရ၏။

တေသံအာဝါသဒါနံနာမ၊ မဟာရာဇ၊မဟာ ကုသိုလ်ပညာ့တုဂ္ဂာကံ၊အာဝါ သောမဟာဝရိဿုတ္တောဘိက္ခုသံဃေနပရိဘုတ္တော၊ ဓမ္မရတနေန ပရိဘုတ္တော၊တိဟိရတနေဟိ ပရိဘုတ္တောနာမဟောတိ၊ ဝေါတိ ဟိရတနေဟိပရိဘုတ္တော၊အပ္ပမေယျာဝဝိပါကော၊ အာဝါသဒါ နသ္မိံ ဟိ၊ဒိန္နေသဗ္ဗဒါနံ၊ အာဝါသဒါယကောနမိန္နမေဝဟောတိ၊အန္န ဒေါ၊ဗလဒေါ၊ဝဏ္ဏဒေါဟောတိ၊ ဝဏ္ဏဒေါဟောတိ၊ ဒီပဒေါဟော တိ၊ စက္ခုဒေါ၊သုခဒေါဟောတိ၊ယာနဒေါဟောတိ၊ သောဂန္ဓ ဒေါဟောတိ၊ယောဒဒါတိဥပဿယံ။ ။

အနက်ကား။ ။မဟာရာဇ၊မြတ်သောမင်းကြီး၊ ဧတံအာဝါသဒါနံနာ
မ၊ထိုကျောင်းအလှူမည်သည်ကား။မဟန္တံ၊ကြီးစွာသော။ ပုည၊ကောင်း
မှုတည်း။တုမှာကံ၊သင်တို့၏။ အာဝါသော၊ကျောင်းကို။ မယာ၊ငါသည်၊
ပရိဘုတ္တော၊ သုံးဆောင်၏။ ဘိက္ခုသံဃေန၊ရဟန်းသံဃာသည်။ ပရိ
ဘုတ္တော၊သုံးဆောင်၏။ ဓမ္မရတနေန၊တရားရတနာသည်။ ပရိဘုတ္တော၊
သုံးဆောင်၏။ ဣတိ၊ဤသို့။ တိဏိရတနေဟိ၊ သုံးပါးသော ရတနာတို့
သည်။ပရိဘုတ္တောနာမ၊ သုံးဆောင်သည် မည်သည်။ ဟောတိ၊ ဖြစ်
၏။ဧဝံ၊ဤသို့။ တီဟိ ရတနေဟိ၊ သုံးပါးသော ရတနာတို့သည်။ ပရိ
ဘုတ္တော၊ သုံးဆောင်သည် ရှိသော်၊ အပ္ပမေယျော၊ မနှိုင်းယှဉ်နိုင်
သည်သာလျှင်ဖြစ်သော။ဝိပါကော၊အကျိုးသည်။ဟောတိ၊ဖြစ်၏။ ဟိသစ္စံ၊
ထိုစကားသည်မှန်၏။အာဝါသဒါနသ္မိံ၊ကျောင်းအလှူကို။ဒိန္နေ၊လှူသည်ရှိ
သော်၊အာဝါသဒါယကေန၊ကျောင်းတကာသည်။သဗ္ဗဒါနံ၊အလုံးစုံသော
အလှူကို။ဒိန္နမေဝ၊လှူအပ်သည်သာလျှင်။ဟောတိ၊ဖြစ်၏။အန္နဒေါ၊ ထမင်း
အလှူမည်သည်။ ဗလဒေါ၊အားကိုလှူသည်မည်သည်။ ဝတ္ထဒေါ၊အဝတ်
သက်နီးလှူသည်မည်သည်။ဟောတိ၊ဖြစ်၏။ဝဏ္ဏဒေါ၊ အဆင်းအလှူမည်
သည်။ဟောတိ။ဖြစ်၏။ဒီပဒေါ၊ဆီမီးအလှူမည်သည်။ ဟောတိ၊၏၊ စက္ခု
ဒေါ၊ မျက်စိကိုလှူသည်။သုခဒေါ၊ ချမ်းသာကိုလှူသည်။ ဟောတိ၊ဖြစ်၏။
ယာနဒေါ၊ ယာဉ်ကိုလှူသည် မည်သည်။ ဟောတိ၊ဖြစ်၏။ သောစ၊ ထို
ကျောင်းလှူသောသူသည်လည်း။သဗ္ဗဒေါ၊အလုံးစုံကိုလှူသည် ဟောတိ၊
ဖြစ်၏၊ယောစ၊အကြင်သူသည်လည်း။ဥဘယံ၊နှစ်ပါးစုံကို။ဒဒါတိ၊လှူ၏၊

အာဝါသဒါနဿပနာနိသံသံကောနာမဝတ္တုံပုရိသော သမတ္တော
အညတြဗုဒ္ဓါလောကနာထော။ယုတ္တောဓရဓါနံ နပဟုတေနဝ၀ိ။ ။
အနက်ကား။ ။လောကနာထော၊ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်
တော်မူသော။ဗုဒ္ဓါ၊မြတ်စွာဘုရားတို့ကို။အညတြ၊ဖဲ့ထွား။ထား၍။ ရခါနံ၊
ခံတွင်းတို့၏။နဟုတေန၊အသိန်းနှင့်။ယုတ္တောပိ၊ယှဉ်သော်လည်း၊ ကောနာမ
ပုရိသော၊ အဘယ်မည်သော ယောက်ျားသည်။ အာဝါသ ဒါနဿ၊
ကျောင်းအလှူ၏၊ အာနိသံသံ၊အကျိုးကို၊ ဝတ္တုံ၊ပြောဆိုခြင်းငှါ။ သမ
တ္တော၊စွမ်းနိုင်အံ့နည်း။နပနသမတ္တော၊မစွမ်းနိုင်သည်သာတည်း၊

အာဝါသဒါနသဒ္ဒိ'ဟိဒိန္နေသာဗ္ဗဒါနံဒိန္နမေဝဟောတိ၊ ဘုမ္မဋ္ဌကပဏ္ဏသာလာယာဝါသ ခါ ဏ္ဏပဿဝါ။ အာနိသံသေသနမ၊ ပရိဿိန္ဒိတုံ နသက္ကာ အာဝါသဒါနာနုဘာဝေန၊ ဟိဘာဝေနိဗ္ဗုက္ကဒ္ဓ၊ သံဝိဋ္ဌ ထဂ္ဂဟဝါသေသနဟောတိ၊ ဒွါဒသဟတ္ထော ဩဝရကောဝိယမာတု ကုစ္ဆိတ သမ္ဗာဓောဝဟောတိ။ ။

အနက်ကား။ ။ဟိ၊ သင့်စွ၊ အာဝါသဒါနသဒ္ဒိ၊ ကျောင်းအလှူကို၊ ဒိန္နေ၊ လှူအပ်သည်ရှိသော်၊ သဗ္ဗဒါနံ၊ အလုံးစုံသောအလှူကို၊ ဒိန္နမေဝ၊ ပေးလှူခြင်းမည်သည်သာလျှင်၊ ဟောတိ၊ ဖြစ်၏။ ဘုမ္မဋ္ဌကပဏ္ဏသာလာယာဝါ၊ မြေအခင်းသစ်ရွက်စရပ်၏လည်းကောင်း။ သာခါမဏ္ဏပဿဝါ၊ သစ်ရွက်မဏ္ဍပ်၏လည်းကောင်း။ အာနိသံသေသနမ၊ အကျိုးအာနိသင်ကို၊ ပရိစ္ဆိန္ဒိတုံ၊ ပိုင်းခြားအံ့သောငှါ၊ နသက္ကာ၊ မတတ်နိုင်၊ ဟိ၊ သင့်စွ၊ ထိုစကားသည်မှန်၏၊ အာဝါသနုဘာဝေန၊ ကျောင်းကိုလှူရသောအာနုဘော်ဖြင့်အစွမ်းသားဖြင့်၊ ဘာဝေ၊ ဘဝ၌၊ နိဗ္ဗတ္တကဿ၊ ဖြစ်သောသတ္တဝါအား၊ ပိဏ္ဍိတဂဗ္ဘဝါသော၊ ကိုယ်ဝန်ရှိ၍စက်ခြင်းသည်၊ နဟောတိ၊ မဖြစ်၊ ဒွါဒသဟတ္ထော၊ ထဲ့နှစ်တောင်ရှိသော၊ ဩဝရကောဝိယ၊ တိုက်ခန်းကဲ့သို့၊ မာတုကုစ္ဆိ၊ အမိဝမ်းသည်၊ အသမ္ဗာဓော၊ မကျဉ်းမြောင်းသည်၊ ဟောတိ၊ ဖြစ်၏။

အာဝါသဒါနေန သဗ္ဗသမ္ပတ္တိ လာဘော။ ။ပဏီတဘောဇနေန ကုစ္ဆိဋ္ဌောမံသလောဟိတံဝဍ္ဎတိ၊ ပရိပုဏ္ဏကာယာပါသာဒိကာ။ အဘိရူပါဒဿနီယာဟောန္တိ ယတ္တာဟိ စတုဟိကာရဏေဟိ၊ ပါသာဒိကာဟောန္တိ အာဝါသဒါနေန ဝါ၊ ဝတ္ထဒါနေန ဝါ၊ သမ္ပဋ္ဌဒါနေန ဝါ၊ အာဟာရဒါနေန ဝါ။

အနက်ကား။ ။အာဝါသဒါနေန၊ ကျောင်းကိုလှူသဖြင့်။ သဗ္ဗသမ္ပတ္တိ လာဘော၊ အလုံးစုံသောစည်းစိမ်၏ပြည့်စုံခြင်းရခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊ ပဏီတံဘောဇနေန ဝါ၊ မြတ်သောဘောဇဉ်သည်လည်း။ ကုစ္ဆိတော၊ အလှူခံတို့၏ဝမ်းသို့ရောက်သည်ရှိသော်။ မံသလောဟိတံ၊ အလှူခံတို့၏အသားအသွေးသည်၊ ဝဍ္ဎတိ၊ တိုးပွား၏၊ ပရိပုဏ္ဏကာယာ၊ ပြည့်စုံသောကိုယ်ကာယသည်။ အဘိရူပါ၊ အလွန်လှပသည်။ ဒဿနီယာ၊ ရှုချင်ဖွယ်ရှိကုန်သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိ၊ ထိုစကားသင့်စွ။ သတ္တာဟိ၊ သတ္တဝါတို့သည်။ အာဝါသ ဒါနေနဝါ၊ ဆွမ်း အာဝါသ အလှူဖြင့် လည်း ကောင်း၊

ဝန္ဒါနေနဝါသေးအလုံးအလျှအားဖြင့်လည်းကောင်း။သမဇ္ဇဒါနေနဝါ။ တမျက်လှည့်းသဖြင့်ထည့်းကောင်း။အကောဝနေနပါ။ အမျက်မထွက်သဖြင့်လည်းကောင်း၊ ဣတိ။ဤသို့၊ စတုဟိကာရဏေဟိ။ လေးပါးသောအကြောင်းတို့ဖြင့်။ပါသာဒိကာ။ ကြည်ညိုဘွယ်ရှိကုန်သည်။ ဟောန္တိ။ဖြစ်ကုန်၏။

တိလမဂ္ဂံကတံပုည်ံ။ယုတ္တညာဏေနစေတသာ၊
မေရုပမာထသဖလံ။နိဗ္ဗာနမိဝဗိဇကံ။ ။

အနက်ကား။ ။ညာဏေန။ အလှူဒါန၏အကျိုးကိုသိသောညာဏ်နှင့်။ယုတ္တံ။ယှဉ်သော၊စေတသာ။စိတ်ဖြင့်။တိလမဂ္ဂံ။နှမ်းထလုံးခန့်မျှသော ကတံ၊လှူခြင်းငှါပြုအပ်သော၊ပုည်ံ။ ကောင်းမှုသည်။ မေရုပမာထသ။ မြင်းမိုရ်တောင်းမင်းပမာဏရှိသော၊ဖလံ။ဒါန၏အကျိုးသည်။ ဟောတိ။ဖြစ်၏၊ကိမိဝ။ ဥပမာအဘယ်ကဲ့သို့နည်းဟုကား။ဗိဇကံ။ ငယ်စွာသော ဖြည့်ညောင်စေ့သည်၊ မဟာနိဗ္ဗောဓမိဝ။ဖြည့်ညောင်ပင်ကြီးဖြစ်သကဲ့သို့တည်း၊

သဒ္ဓါဝမူလံဒါနဿ။သဒ္ဓါမူလာတိသမ္ပဒါ။
သန္ဓေနကတံအပ္ပကမ္ပိ။ဒါနံဟောတိအကာလိကံ။ ။
ဒါနံ နိဒါနံ သဂ္ဂဿ။နိဗ္ဗာနံ အနုဂါမိယံ၊
သမ္ဗောဓောကပိသိကာယ။မနုဿုပရမောသဓံ။ ။
အာပါဒါသုဟာယော တိ။ကာမဒဒေါမဏိရတ္တမော။
ဒါနံ ဘတ္တာယံ တာကာမံ။ဒါနံ ဝေသုရပါဒဝံ။ ။

အနက်ကား။ ။ဘောဂန္တော။အိုလူများအပေါင်းတို့။ဒါနဿ။အလှူစေတနာ၏။မူလံ။အရင်းကား။သဒ္ဓါ။ သဒ္ဓါတရားလျှင်တည်း။ သဒ္ဓါမူလံ၊သဒ္ဓါယုံကြည်ခြင်းလျှင်အရင်းရှိသော၊တိသမ္ပဒါ၊၊ စေတနာသုံးတန်နှင့်ပြည့်စုံသော။သန္ဓေန။သဒ္ဓါတရားနှင့်ပြည့်စုံသော ပုသည်။ကတံ၊ပြုအပ်သော။ဒါနံ။ အလှူလည်း၊အပ္ပကမ္ပိ၊ အနည်းငယ်မျှသော်လည်း။မဟာန္တံ၊များစွာသော အကာလိကံ။ကာလကိုမလွန်စေသော။ဖလံ။ အကျိုးပေးသည်။ ဟောတိ၊ ဖြစ်၏၊ ။ဒါနံ၊ အလှူသည်။သဂ္ဂဿ။ နတ်ပြည်သို့ရောက်ခြင်း၏၊ နိဒါနံ၊ အကြောင်းတည်း။နိဓါနံ။မြှုပ်၍ထားသောရွှေအိုးငွေအိုးနှင့်တူ၏။ အနုဂါမိယံ၊သံသရာသို့အစဉ်လိုက်တတ်၏။ သမ္ဗောဓောကပိသိကာယ၊ အလုံးစုံ

သောထောကသို့အစဉ်လိုက်၍အမိုး-ခြင်းကိုပြုဝတ်၏၊ ဆာနက္က၊ အဆုံးမ ရှိသောပရမေသသခင်၊ မြတ်သောဘေးကောင်းသဖွယ်ဖြစ်၏၊ ဒါနံ၊ အလှူ သည်၊ အာပဒါသုဘေးခပ်သိမ်းတို့ကိုငယ်ပျောက်ခြင်း၌၊ သဟာယော၊ အ ဆွေခင်ပွန်းဖြစ်၏၊ တံကာမဒ-ဒါ၊ ထိုအလိုကိုပေးတတ်သော၊ ဥတ္တမေ- မြတ်သော၊ မဏိ၊ စကြာမင်း၏ပတ္တမြားရတနာနှင့်တူ၏၊ ဒါနံ၊ အလှူပေးခြင်း သည်ကား၊ ကာမံ၊ အလိုအတိုင်း၊ ဘတ္တာယနကော၊ ထမင်းချက်ပြီးသောအိုး နှင့်တူ၏၊ ဒါနံ၊ အလှူပေးခြင်းသည်၊ ဝေ၊ စင်စစ်၊ သုရပါဒပံ၊ နတ်၏ပဒေသာ ပင်နှင့်တူ၏၊

ကေဝုပ္ပံ ယဖိတွါန၊ အသီတိကပ္ပကောဋိယော၊ ဒုဂ္ဂတိံ နာဘိဇာနာမိ၊

အနက်ကား၊ ။ကေဝုပ္ပံ ထပွင့်သောပန်းကို၊ ယဖိတွာန၊ လှူဒါန်းရ သောကြောင့်၊ အသီတိကပ္ပကောဋိယော၊ ကမ္ဘာကုဋေရှစ်ဆယ်တိုင်တိုင် ဒုဂ္ဂတိံ၊ အပါယ်ထေးပါးသို့၊ နာဘိဇာနာမိ၊ မသိစဘူး။ ။ပန်းတပွင့်လှူရ သောကြောင့်၊ ကမ္ဘာရှစ်ဆယ်တိုင်တိုင်၊ အပါယ်မထားရခြင်းအကျိုး၊ ဤ လည်းဒါန၏အကျိုးဆက်တချက်တည်း၊

ဗုဒ္ဓဒါနံနာမသုခဒါနံနိဒါနံ၊ သမ္ပတ္တိနံ မူလံ။ ဘောဂါနံပတိဋ္ဌာဝိသမ ဂတသဿတါဏံ ထေဏံ၊ ဂတိပရာယနံ၊ ဗုဒ္ဓလောကေ ပရလောကေသု ဒါနသဒိသေ ာအဝသယောနတ္ထိ၊ ပတိဋ္ဌာနတ္ထိ၊ အာထမ္ဘဏံနတ္ထိ၊ တာ ဏံနတ္ထိ၊ လေဏံနတ္ထိ၊ ဂတိနတ္ထိ၊ ပရာယနံနတ္ထိ၊ ဗုဒ္ဓဟိဒါနံနာမ၊ အဝ ယဝဋ္ဌေန၊ ရတနာမယသီဟာသနသဒိသံ၊ ပတိဋ္ဌာနဋ္ဌေန၊ မဟာ ပထဝိသဒိသံ၊ အာလမ္ဗဏဋ္ဌေန၊ အာလမ္ဗဏရဇ္ဇုသဒိသံ၊ ဗုဒ္ဓဉ္ဇ ဒုက္ခဘိရတနဋ္ဌေန၊ နာဝါသဒိသံ၊ သမသနဋ္ဌေနသင်္ဂါမသုရော၊ ဘယပရိတ္တာဏဋ္ဌေနသုသင်္ခတနဂရံ၊ မစ္ဆေရမလာဒီဟိအနုပလိ တ္တာနဋ္ဌေနပဒုမံ၊ တေသံနိဒဟနဋ္ဌေနအဂ္ဂိ၊ ဒုရာသဒနဋ္ဌေန အာသိဝိသော၊ အသန္တာသနဋ္ဌေနသီဟော၊ ဗလဝန္တဋ္ဌေနဟတ္ထိ အဘိမင်္ဂလသမ္မတဋ္ဌေန၊ သေတဥသဘော၊ ခေမန္တဘူမိပါပန ဋ္ဌေနဝလာဟကော၊ အဿရာဇာ၊ ဒါနံဟိနာမလောကေ သက္ကသမ္ပတ္တိံ ဒေတိ၊ ဒေဝသမ္ပတ္တိံဒေတိ၊ မာရသမ္ပတ္တိံဒေတိ ဗြဟ္မ သမ္ပတ္တိံဒေတိ စက္ကဝတ္တိသမ္ပတ္တိံဒေတိ၊ သာဝကပါရမီဉာဏံဒေတိ၊ ပစ္စေကဗောဓိဉာ ဏံဒေတိ၊ အဘိသမ္ဗောဓိဉာဏံဒေတိ၊ ။

ဟူ၍သည်းဟောတော်မူကုန်သည်။

အနက်ကား။ ။ဈာနံဒါနံနာမ။ ဤပေးလှူအပ်သောဒါနမည်သည်ကား။ သုခါနံ။ချမ်းသာခြင်းသိမ်းတို့၏။နိဒါနံ၊ အကြောင်းဖြစ်၏။သမ္ပတ္တိနံ။ခပ်သိမ်းသောစည်းစိမ်ချမ်းသာတို့၏။မူလံ။ အရင်းဖြစ်၏၊ဘောဂါနံ။ နှစ်သက်အပ်သော ရူပါရုံစသောစည်းစိမ်ချမ်းသာတို့၏။ပတိဋ္ဌာ၊တည်ရာဖြစ်၏။ဝိသမဂတဿ။ကိုးကွယ်ရာမရှိ။ပျက်စီးခြင်းသို့ရောက်သောသူအား။တာဏံ။ကိုးကွယ်ရာဖြစ်၏။လေဏံ၊ ပုန်းကွယ်ရာဖြစ်၏၊ဂတိ။သွားရာဖြစ်၏။ ပရာယနံ၊ လည်းလျောင်းရာဖြစ်၏၊ ဈာနံ ဣဓလောကပရလောကေသု၊ ဤပစ္စုပ္ပန်လောက ထမလွန်လောကတို့၌၊ ဒါနသဒိသော၊ဒါနနှင့်တူသော။ အဝဿယော။ကိုးကွယ်ရာသည်။နတ္ထိ။မရှိ။ပတိဋ္ဌာ။တည်ရာသည်။နတ္ထိ။မရှိ၊အာလမ္ဗဏံ။အာရုံသည်။နတ္ထိ။မရှိ၊တာဏံ။ကိုးကွယ်ရာသည်။နတ္ထိ။မရှိ။လေဏံ။ပုန်းကွယ်ရာသည်။နတ္ထိ။မရှိ။ဂတိ။သွားရာသည်၊နတ္ထိ။မရှိ။ပရာယဏံ၊လည်းလျောင်းရာသည်။နတ္ထိ။မရှိ။ဟိ၊ပယောဇနံ။ အဘယ်သို့အကျိုးရှိသနည်းဟူမူကား၊ ဈာနံ ဒါနံနာမ ဤပေးလှူအပ်သောဒါနမည်သည်ကား။ အဿဝတ္ထေန။ ကိုးကွယ်ရာဟူသောအနက်ကြောင့်၊ ရတနာမယသီဟာသနသဒိသံ။ ရတနာရနှစ်ပါး ဖြင့်ပြီးသောကေသရာဇာခြင်သေ့မင်း၏ရှုနှင့်တူ၏။ပတိဋ္ဌာနဋ္ဌေန။တည် ရာဖြစ်သောအနက်ကြောင့်။ မဟာပထဝိသဒိသံ။နှစ်သိန်းလေးသောင်းအ ထုရှိသောမဟာပထဝိမြေကြီးနှင့်တူ၏။အာလမ္ဗနဋ္ဌေန။အာရုံဟူသော အနက်ကြောင့်။အာလမ္ဗနရဇ္ဇုသဒိသံ၊ ထက်ကိုင်စရာကြိုးနှင့်တူ၏ ဈာန ဉ္စိဈာနံဟိဈာနံဧဝ။ ဤဒါနစေတနာသာလျှင်။ ဒုက္ခတိရဏဋ္ဌေန။ဒေါသမွ ကာဝဋ်ဆင်းရဲမှထွက်မြောက် တတ်သောအနက်ကြောင့်၊ နာဝါသဒိသံ။ လှေသင်းဘောနှင့်လည်းတူ၏။ သမဿာသနဋ္ဌေန။ လောဘမစ္ဆရိယစသော၊ ရန်သူတို့ကိုနှိပ်စက်တတ်သောအနက်ကြောင့်။သင်္ဂါမသူရော။ စစ်မြေပြင် အရပ်၌။ထက်နက်ကိုင်စွဲသူရဲကောင်းနှင့်တူ၏။ ဘယပရိတ္တာနဋ္ဌေန၊လာ လတ္တံ့သောဘေးရန်တို့ကိုတားမြစ်တတ်သောအနက်ကြောင့်၊သုသင်္ခတ နဂရံ။ကောင်းစွာပြုပြင်စီရင်၍ထားသောမြို့နှင့်တူ၏။မစ္ဆေရမလာဒိဟိ။ဝန် တိုခြင်း အညစ်အကြေးအစရှိသည်တို့နှင့်။ အနုပလိတ္တာနဋ္ဌေန၊ မလိမ်း ကျံမကပ်ညိခြင်း ဟူသောအနက်ကြောင့်။ပဒုမံ။ပဒုမ္မာကြာရွက်နှင့်တူ၏။ တေသံ။ထိုဝန်တိုခြင်းအညစ်အကြေးစသည်တို့ကို၊ နိဒဟာနဋ္ဌေန။လောင်စေ တတ်သောကြောင့်၊အဂ္ဂိ။မီးနှင့်တူ၏။တေဟိ။ထိုဝန်တိုခြင်းအညစ်အကြေး စသည့်တို့ကိုသာလျှင်။ဒူရာသနဋ္ဌေန။ ဖျက်ဆီးတတ်သောအနက်ကြောင့်။

အာသိဝိသသားမြွေဟောက်နှင့်တူ၍၊ အသက္ကာသနသွေး၊ မထိပ်လန့်တတ်သော အနက်ကြောင်း၊ သီဟော၊ ခြင်္သေ့နှင့်တူ၍၊ ဗလဝန္တသွေး၊ ခွန်အားရှိသော အနက်ကြောင်း၊ ဟတ္ထိ၊ ဆင်ပြောင်ကြီးနှင့် တူ၍၊ အတိမဂ္ဂလသမထသွေး၊ အလွန်မင်္ဂလာရှိ၍ဟု သရတ်အပ်သော အနက်ကြောင်း၊ သေတဥသဘော၊ ဖြူသောနွားလားဥသဘနှင့်တူ၍၊ ခေမန္တဘူမိ၊ ဘေးမရှိသောအရပ်သို့၊ ပါပနသွေး၊ ရောက်စေတတ်သောအနက်ကြောင်း၊ ဝဿာဟကော အဿာဇာနာ၊ ဝဿာဟက မြင်းမင်းနှင့်တူ၍၊ ဟိသစ္စံ၊ ထိုစကားသည်မှန်၏၊ ဒါနံ၊ အလှူသည်၊ လောကေ၊ လောက၌၊ သက္က သမ္ပတ္တိ၊ သိကြားမင်း၏ စည်းစိမ်ချမ်းသာကို၊ ဒေတိ၊ ပေးတတ်၏၊ ဒေဝ သမ္ပတ္တိ၊ စတုမဟာရာဇ် တာဝတိံသာ နတ်တို့၏ စည်းစိမ်ချမ်းသာကို၊ ဒေတိ၊ ပေးတတ်၏၊ မာရသမ္ပတ္တိ၊ ဝသဝတ္တီမာရ်မင်း၏ စည်းစိမ်ချမ်းသာကို၊ ဒေတိ၊ ပေးတတ်၏၊ ဗြဟ္မသမ္ပတ္တိ၊ ဗြဟ္မာမင်း၏ စည်းစိမ်ချမ်းသာကို၊ ဒေတိ၊ ပေးတတ်၏၊ စက္ကဝတ္တိသမ္ပတ္တိ၊ လေးကျွန်းသခင် စကြာမင်း၏စည်းစိမ်ချမ်းသာကို၊ ဒေတိ၊ ပေးတတ်၏၊ သာဝကပါရမီဉာဏံ၊ အဂ္ဂသာဝက မဟာသာဝက၊ ပကတိ သာဝကပါရမီဉာဏ်ကို၊ ဒေတိ၊ ပေးတတ်၏၊ ပစ္စေကဗောဓိဉာဏံ၊ ပစ္စေက ဗောဓိဉာဏ်ကို၊ ဒေတိ၊ ပေးတတ်၏၊ အဘိသမ္ဗောဓိဉာဏံ၊ သဗ္ဗညုမြတ်စွာဘုရားသခင်တို့၏ ဉာဏ်ကို၊ ဒေတိ၊ ပေးတတ်၏။ ၊ဤလောက၌ပဒေသရာဇ်ကေရာဇ် စကြာမင်းတို့၏ စည်းစိမ်ချမ်းသာ၊ ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ကာကဝဏ္ဏိယစသော သူဌေးသူကြွယ်တို့၏စည်းစိမ်ချမ်းသာသည်၊ ဒါနတည်းဟူသော မျိုးစေ့ အကြောင်းကြောင့်သာဖြစ်သောကြောင့်။ သုခနိဒါနဖြစ်၍၊ ထဂါထာနှစ်ဂါထာ။ တယူဇနာ၊ နှစ်ယူဇနာခန့်ရှိသော။ ပြည်ညောင်ပင်ကြီး၏ စည်ကားခြင်းတင့်တယ်ခြင်းသည်။ အမြစ်မူလကြောင့်သာ။ စည်ကားခြင်းတင့်တယ်ခြင်းသို့ ရောက်သကဲ့သို့။ ပဒေသရာဇ်ကေရာဇ် စကြာမင်းတို့၏ စည်းစိမ်ချမ်းသာ၏ ကြီးကျယ်ခြင်း၊ ဇောတိကဇဋိလမေဏ္ဍက၊ ကာကဝဏ္ဏိယအစရှိသော သူဌေးသူကြွယ်တို့၏စည်းစိမ်ချမ်းသာ၏ ကြီးကျယ်ခြင်းသည်။ အမြစ်မူလနှင့်တူသော ဒါနကြောင့်သာ၊ ကြီးကျယ်ခြင်းသို့ ရောက်သောကြောင့်။ သမ္ပတ္တိမူလဖြစ်၍။ ငါးမည်သည်နှစ်သက်မြတ်နိုးအပ်သော။ ရူပါရုံ၊ သဒ္ဒါရုံ။ ဂန္ဓာရုံ၊ ရသာရုံ။ ဖောဋ္ဌဗ္ဗာရုံဟုဆိုအပ်သောအာရုံ ငါးပါးတို့၌ခံစားခြင်းစည်းစိမ်ချမ်းသာ၏တည့်ခြင်းသည်။ ဒါနကြောင့်သာ

တည်ရာဖြစ်သောကြောင့်၊ သောဂါနုံပတိဋ္ဌာဖြစ်၏၊ ဥစ္စာပစ္စည်းဘဏ္ဍာ ပျက်စီး၍၊ ငိုးကြွယ်ရာမရှိသောသူတို့၏ကိုးကွယ်ရာ။ ပုံးကွယ်ရာ။လားရာ။ ထည့်းလျောင်းရာဖြစ်သောကြောင့်၊ တာဏာ။လေဏာ၊ ဂတိပရာယဏာ၊ဖြစ်၏။ ။

ဤပစ္စုပ္ပန်လောက။တမလွန်လောကတို့၌။ ဒါနနှင့်တူသောကိုးကွယ်ရာမရှိ။အဘယ်သို့မရှိသနည်းဆိုသော်။ဤလောက၌။ဖွတ်ကြောင်မြွေပါအစရှိသော သတ္တဝါတို့သည်၊ချင်းတို့ချင်း၊အချင်းချင်းနှိပ်စက်ညှဉ်းပန်းခြင်းကိုခံရသကဲ့သို့။ဒါနနည်းပါးသောသတ္တဝါတို့အား၊ သူထပါးတို့၏နှိပ်စက်ညှဉ်းပန်းခြင်းတို့ကိုခံရကုန်၏။အဘယ်သို့ခံရသနည်းဆိုသော်။ ဥစ္စာပစ္စည်းပေါများသောသူသည်။ ဂရုဝါသော ဗဟုကိစ္စော။ ဆိုသောစကားများနှင့်အညီ။ဤလောက၌။ဖြစ်ပွါးတတ်သောလယ်ယာကိုင်းကျွန်း။ဥယျာဉ် အိမ်မြေ။ ရွှေငွေတို့နှင့်စပ်လျဉ်း၍။ဆွေမျိုးစသည်တို့နှင့်၊ အမှုတရားဆိုင်ပြိုင်ပြောဆိုကြသည်ရှိသော်။ဥစ္စာပစ္စည်းပေါများသောသူသည်။ မင်းစိုးရာဇာ။ရှေ့နေရှေ့ရပ်အမှုလိုက်တို့ကို။ပေါင်းသင်းကြိတ်နယ်၍။ပေးတန်ပေးသင့်သောသူကို။သင့်ထင့်လျော်ပတ်အောင်။ ကျွေးမွေးပေးကမ်း၍ ပြောဆိုနိုင်သောကြောင့်။မိမိ၏အမှုသည်၊ ရှုံးသင့်သောသူဖြစ်လျက်နှင့် နိုင်ခြင်းသို့ရောက်ရ၏။ ဒါနနည်းပါးသောသူသည်။ဘဝများစွာသံသရာက။ ဆည်းဘူးခဲ့သောဒါနသမ္ဘာရအဆောက်အဦးတို့သည်နည်းပါးသောကြောင့်။ ဥစ္စာအင်အားမရှိသည်ဖြစ်၍။ ဤသောကနိုက်ဝတ်ရှိသမျှသောကဝတ်တို့ကို။ ညီညွတ်ပြေကုန်အောင်။မပြုနိုင်သည့်၏အတွက်ကြောင့်။ အမှုမှန်လျက်နှင့်ပင်ဆုံးရှုံးခြင်းသို့ရောက်ရလေ၏။ ဥစ္စာပေါများသောသူသည်၊ ထောကနိုက်ပြုအပ်သောဝတ်တို့ကိုညီညွတ်စွာပြုနိုင်သောကြောင့်၊အမှုမမှန်ဘဲနှင့်ပင်တရားနိုင်ခြင်းသို့ရောက်ရလေ၏။ ထိုကြောင့်ဒါနတည်းဟူသောကိုးကွယ်ရာရှိသောသူတို့သည်။ဤကဲ့သို့သောနှိပ်စက်ညှဉ်းပန်းခြင်းကိုမခံရကုန်။ ။တနည်းလည်း ဒါနနည်းပါးသောသူတို့သည်။ ဓာတိဇရာဗျာဓိမရဏာ အစရှိသောတရားတို့၏ နှိပ်စက်ညှဉ်းပန်းရာဖြစ်၏။ ဥစ္စာပေါများသော သူတို့သည်၊ဥစ္စာပေါများသည့်အတွက်ဝိဝန္ဒေါန ကိုလည်းလွန်စွာပြုနိုင်၏။ငါးဝါးနှစ်ပါးဆယ်ပါးစသောသီလများကိုလည်းမပြတ်မလပ်စောင့်နိုင်၏၊ဘာဝနာများကိုလည်းအားထုတ်ခွင့်ရ၏၊ ထိုကြောင့်ဥစ္စာပေါသောသူသည်။ ဇာတိဇရာဗျာဓိမရဏာစသောဒုက္ခတို့၏ကင်းကုန်ရာဖြစ်သောနိဗ္ဗာန်သို့ရောက်

လွယ်၏၊ ဥစ္စါမရှိသောသူသည်ဥစ္စါမရှိသောကြောင့်၊ ဝိဝန္နဖြစ်သောဒါနကို လည်းမပြုနိုင်၊ နေ့တို့ညဉ့်စဉ်မှုမလုံလောက်သောကြောင့်၊ သီလစသောဥ ပုသ်တို့ကိုလည်းမဆောက်တည်၊ မစောင့်ထိန်းနိုင်၊ ဘာဝနာစသည့်တို့မှာ လည်း၊ စားဘို့သောက်ရန်ရှာကြံရသည့်အတွက် လေစ်ဟင်းပျက်ကွက်ထေ ၏၊ ဗျာဓိဟုဆိုအပ်သောအနာရောဂါနှိပ်စက်သောအခါမှာလည်း၊ ဒါန နည်းသောသူသည်ဆေးဆရာကိုခေါ်ရာဥစ္စာများစွာမပေးနိုင်သည့်အတွက် ထက်သောဆေးကိုသည်းမပေး၊ အသင့်အတင့်ဖြစ်သောဆေးကိုသာပေး ၏၊ ဥစ္စာများစွာမပေးနိုင်သည့်အတွက်၊ သူ့ကိုလည်းတခါကနှစ်ခါထင်၍ မကြည့်ချင်၊ ထိုသို့မကြည့်သောကြောင့်၊ ဒါနနည်းပါးသောသူသည်၊ အနာ ရောဂါနှိပ်စက်သည်ကို၊ တာရှည်လေးမြင့်စွာခံရလေ၏၊ ၊ဥစ္စာပေါများ သောသူသည်၊ ဗျာဓိဟုဆိုအပ်သောအနာရောဂါဖြစ်သောအခါ၊ ဥစ္စာများ စွာပေး၍ခေါ်နိုင်သောကြောင့်၊ ဆေးဆရာတို့ကလည်း၊ ထက်မြက်စွာသော ဆေးကိုပေး၏၊ လူနာရှိရာကိုလည်းခဏခဏလာ၍ကြည့်လေ၏၊ ထိုကြောင့် ဥစ္စာပေါသောသူသည်၊ ဇာတိဇရာဗျာဓိမရဏစသောဒုက္ခတို့၏ ငြိမ်းရာ ဖြစ်သောနိဗ္ဗာန်ကိုလည်းရောက်လွယ်၏။

ထနည်းလည်း။ ဒါနများသောသူသည်။ ကေသရာဇာခြင်္သေ့မင်း၏ကိုး ကွယ်ရာဖြစ်သောရာဇာနာဂ ရုဂ္ဂနှင့်တူးလေ၏။ အဘယ်ကဲ့သို့တူလေသ နည်းဆိုသော်။ ရုဂ္ဂသည်နွေအခါ၌၎င်း။ ဆောင်းအခါ၌၎င်း။ မိုးအခါ၌အ ပူအချမ်းဘေး၏။ ထိုအတူဥစ္စာများသောသူသည်။ ဆောင်းအခါ၌နွေးစေတတ် သောအထည်အဝတ်၊ နွေးစေတတ်သောဓာတ်မီးစသည်တို့ကို၊ ပစ္စည်း ဥစ္စာပေး၍ဝယ်ယူသုံးဆောင်နိုင်သောကြောင့်။ ဧးသောဒုက္ခကိုလည်းကွယ် ကာစောင့်ရှောက်နိုင်သည်၊ အလွန်ပူသောနွေအခါသို့ ရောက်ပြန်သော် လည်း။ ဥစ္စာပစ္စည်းပေါများသောသူသည်လေရဟတ်၊ လေစကြာဆွဲယပ်စ သည်တို့ကို ဥစ္စာပစ္စည်းပေး၍ဝယ်ယူခြင်း၊ ငွေပေး၍ယပ်ခပ်ခိုင်းခြင်းဟု ဆိုအပ်သော၊ ပူသောဒုက္ခတို့ကို၊ ကွယ်ကာစောင့်ရှောက်နိုင်သည်၊ ထိုဒုက္ခ တို့မှကင်းငြိမ်းသဖြင့်။ သီလသမာဓိပညာတို့ကို မပျက်မကွက်ရအောင် အားထုတ်နိုင်သောကြောင့်။ ဒါနသည် နိဗ္ဗာန်သို့ ရောက်လွယ်ခြင်း၏အ ကြောင်းဖြစ်၏။ ဥစ္စာနည်းပါးသောသူသည်။ အလွန်အေးသောဆောင်းခါသို့ ရောက်သောအခါ။ မိမိမှာ ဥစ္စာ မရှိသည့်အတွက်၊ အချမ်းကိုလည်း

မကွယ်ကာနိုင်။အလွန်တရာပူသောနွေအခါသို့ရောက်ပြန်လျှင်လည်း။မိမိမှာဥစ္စာမရှိသောကြောင့်။ အပူကိုလည်းမကွယ်ကာနိုင်။ဆေးအပူတို့ကိုမကွယ်ကာ။ မတားမြစ်နိုင်သောကြောင့်၊ မိမိ၏ကိုယ်တွင်းသန္တာန်တို့၌။ ခါတ်ဆေးပါးတို့ဖြင့်။ ဘောက်ပြန်ပျားနာသောကြောင့်။ သီလသမာဓိပညာတို့ကိုသည်းအားမထုတ်နိုင်၊ သို့သို့အားမထုတ်နိုင် သောကြောင့် နိဗ္ဗာန်သို့သည်းမရောက်နိုင်။ ထိုကြောင့်ဒါနသည်။ ဇာတိဇရာမရဏ တည်းဟူသောဘေးတို့၏ငြိမ်းရာဖြစ်သောနိဗ္ဗာန်တိုးရောက်စေနိုင်၏။

တနည်းလည်း။ဒါနသည်။မဟာပထဝီမြေကြီးနှင့်တူ၏၊ အဘယ်ကဲ့သို့တူသနည်းဆိုသော်။မဟာပထဝီမြေကြီးသည်။အလုံးစုံသောဇင်္ဂမဗ္ဘယ်။ အဇင်္ဂမဗ္ဘယ်ဖြစ်သောသတ္တဝါတောတောင်အစရှိသည်တို့၏ တည်ရာဖြစ်သကဲ့သို့၊ဒါနရှိသောအမျိုးသားတို့သည်၊အလုံးစုံသောချမ်းသာခြင်းတို့၏တည်ရာဖြစ်၏။

ထနည်းလည်း။ဒါနသည်လက်ကိုင်စရေကြိုးတန်းကြိမ်တန်း။ လက်စွဲတောင်ဝှေးတို့နှင့်တူ၏။အဘယ်ကဲ့သို့တူသနည်းဆိုသော်။လက်စွဲတောင်ဝှေး၊ ကြိုးတန်းကြိမ်တန်းတို့ကိုဆွဲကိုင်၍ သွားရသောသူတို့သည်အားအင်နှင့်ပြည့်စုံ၍၊ အလိုရှိရာဌာနအရပ်ကို။ရောက်နိုင်သကဲ့သို့။ ဒါနရှိသောအမျိုးကောင်းသား၊အမျိုးကောင်းသမီးတို့သည်၊ အလိုရှိအပ်သော၊ နိဗ္ဗာန်တည်းဟူသောအရပ်သို့သွားနိုင်ရောက်နိုင်၏။

တနည်းလည်း။ဒါနသည်လှေကြီးသင်းဘောကြီး၊မြင်းရထားကြီး။ ခါတ်ရထားကြီး မီးတော်ကားမီးတော်ဆိုင်ကယ်၊မီးတော်ဘုတ်၊ လံချား။ကောင်းကင်သို့ပျံသွားနိုင်သောလေယာဉ်ပျံရထားကြီးများနှင့်တူကုန်၏။ အဘယ်ကဲ့သို့တူသနည်းဆိုသော်။ငင်းဆိုခဲ့သော၊ လှေသင်းဘောလေယာဉ်ပျံရထားတို့ကိုစီးနင်းရသောသူတို့သည်။ မိမိအလိုရှိရာ။ မြို့ရွာအရပ်တို့ကိုရောက်နိုင်သည်။ဥစ္စာပစ္စည်းမရှိသောသူတို့သည်။ မိမိမှာဥစ္စာပစ္စည်းမရှိသည်ဖြစ်၍၊ငင်းဆိုအပ်ခဲ့ပြီးသောလှေသင်းဘောလေယာဉ်ပျံတို့ကိုလည်းမစီးမနင်းရ။မိမိအလိုရှိသောမြို့ရွာနယ်နိုင်ငံတို့ကိုလည်းမရောက်မပေါက်ရဘဲ၊ မိမိနေသောအရပ်၌သာ။ကုပ်ကုပ်ကလေးနေ၍သေရလေ၏။ ဒါနရှိသောသူသည်၊သံသရာတည်းဟူသောရေအယဉ်ကို။ လှေသင်းဘောမီးရထား၊ခါတ်ရထား။ လေယာဉ်ပျံရထားတည်းဟူသော။ မဂ္ဂင်ဘောင်ခံ

သေယျာဉ်ပုံကြီးများနှင့်၊ နိဗ္ဗာန်တည်းဟူသော ရွှေပြာသာဒ်တော်ကြီးသို့ရောက်ရလေ၏။

တနည်းလည်း ဒါနသည်၊ စစ်မြေပြင်အရပ်၌၊ သူရဲကောင်းနှင့်တူ၏၊ အဘယ်ကဲ့သို့တူပါသနည်းဆိုသော်၊ သူရဲကောင်းတို့မည်သောသည်၊ တဘက်သားရန်သူတို့ကို၊ နှိမ်နင်းဖျက်ဆီး၍ မိမိ၏အရှင်သခင်ရဲမက်တို့ကို ချမ်းသာအောင်ပြုသကဲ့သို့ ဒါနရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်၊ လောဘမာနရန်စရှိသော အကုသိုလ်တရားတို့ကို၊ နှိမ်နင်းဖျက်ဆီး၍ မိမိ၏ ခန္ဓာကိုယ်အတွင်းဘက်ကို၊ နိဗ္ဗာန်ချမ်းသာသို့ရောက်အောင် ပို့ဆောင်နိုင်၏။

တနည်းသည်း၊ ဒါနသည်ကျုံးမြို့ရိုးပြအိုးတံခါးမင်းတုံး၊ ရဲနိုင်ပြစစ်စင်များ။ ခိုင်ခံ့လုံခြုံစွာ ပြုပြင်စီရင်၍ထားအပ်သော မြို့ကြီးနှင့်လည်းတူကုန်၏။ အဘယ်ကဲ့သို့တူသနည်းဆိုသော်။ ထိုသို့ပြုပြင်စီရင်၍ ထားအပ်သော မြို့ကြီးသည်။ တဘက်သားရန်သူတို့ကို၊ အားမြစ်ခြင်ငှါတတ်နိုင်သဖြင့်၊ ထီးနန်း၏စည်းစိမ်ချမ်းသာကို။ ခံစားစံပေါ်ရသကဲ့သို့။ ဒါနရှိသော၊ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် ဇာတိဇရာမရဏာအစရှိသော ဘေးရန်တို့ကိုတားမြစ်နိုင်စွမ်း၍၊ နိဗ္ဗာန်ချမ်းသာကို၊ ခံစားစံစားရခြင်းငှါ တတ်နိုင်ကုန်၏။

တနည်းလည်း၊ ဒါနသည်ပဒုမ္မာကြာတောကြီးနှင့်တူ၏ အဘယ်ကဲ့သို့ တူသနည်းဆိုသော်၊ ပဒုမ္မာကြာတောကြီးသည်။ မိမိ၏အပေါ်သို့ကျရောက်လာသော။ မိုးရေမိုးပေါက် အမှိုက် သရိုက်အညစ် အကြေး တို့သည်၊ ခဏမကြာလျှောကျပြေပျောက် ရသကဲ့သို့၊ ကုလအသာဘာ ဝဏ္ဏဓမ္မာ ဟုဆိုအပ်သော၊ ဝန်တိုခြင်းမည်သောအညစ်အကြေးတို့သည် ပျောက်လွင့်ကုန်ခမ်းခြင်းသို့ရောက်ရလေ၏။

တနည်းလည်း။ ဒါနသည်မီးနှင့်တူ၏၊ အဘယ်ကဲ့သို့ တူသနည်းဆိုသော်မီးတို့မည်သောသည် ပူလောင်ခြင်းသတ္တိရှိသကဲ့သို့၊ ဒါနရှိသောအမျိုးကောင်းသား။ အမျိုးကောင်းသမီးတို့သည်။ ဝန်တိုခြင်းအစရှိသောအညစ်အကြေးတို့ကိုပူပန်စေတတ်။ လောင်စေတတ်ကုန်၏။

တနည်းလည်း။ ဒါနသည်မြွေပွေးမြွေဟောနှင့်တူ၏။ အဘယ်ကဲ့သို့တူသနည်းဆိုသော်။ မြွေပွေးမြွေဟောက်တို့၏သဘောသည်။ မိမိတို့၏အဆိပ်အာ

တောက်ဖြင့်။သတ္တဝါတို့ကိုလျှင်စွာလက်တလောသေစေဘိသကဲ့သို့ဒါန ရှိသောအမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည်။ ထိုဝန်တိုခြင်း စသောအညစ်အကြေးတို့ကိုလျှင်စွာပယ်ပျောက်နိုင်၏။

တနည်းလည်း၊ ဒါနသည်ကေသရာဇာခြင်္သေ့မင်းနှင့်တူ၏။အဘယ်ကဲ့သို့တူသနည်းဆိုသော်၊ကေသရာဇာခြင်္သေ့မင်းတို့၏သဘောသည်၊ ထက်ဝန်းကျင်အရပ်လေးမျက်နှာမှ။ ထာရောက်ကုန်သောရန်အပေါင်းတို့ကို။ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိ၊ပကတိနေမြဲတိုင်းဖြင့်။ တည်တည်တန့်တန့်နေထိုင်ဘိသကဲ့သို့၊ ဒါနရှိသောအမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည်၊တစုံတခုသောဘေးရန်တို့ဖြင့် မထိပါးမူ၍။ချမ်းသာစွာနေထိုင်ရကုန်၏၊

တနည်းလည်း။ဒါနသည်ဆင်ပြောင်ကြီးနှင့်တူ၏၊ အဘယ်ကဲ့သို့တူသနည်းဆိုသော်။ဆင်ပြောင်ကြီး၏သဘောသည်။ခွန်အားဗလနှင့်ပြည့်စုံသကဲ့သို့ ဒါနရှိသောအမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်။ရတနာသုံးပါးတို့၌ယုံကြည်ခြင်းသဒ္ဓါဗလ။အကုသိုလ်တရားတို့ကို။ခေါင်းပါးအောင်အားထုတ်ခြင်းဟုဆိုအပ်သောဝီရိယဗလ။ ရုပ်နံရှစ်ပါးတို့၌နှစ်လုံးသွင်းခြင်းဟုဆိုအပ်သောသတိဗလ။ ဒါနသီလဘာဝနာသုံးပါးတို့ကိုခိုင်ခန့်စွာအားထုတ်ခြင်းဟုဆိုအပ်သောသမာဓိဗလ။ ထိတ်လန့်ခြင်းသံဝေဂကို၊အဘန်တလဲလဲဆင်ခြင်ခြင်းဟုဆိုအပ်သော ပညာဗလ။အဆင်းအားဟုဆိုအပ်သောရူပဗလ။ဥစ္စာအားဟုဆိုအပ်သော။ ဓနဗလ။အဆွေအမျိုးအားဟုဆိုအပ်သောဉာတိဗလ။သတင်းသိထဟုဆိုအပ်သောသိသဗလ။သားသမီးအားဟုဆိုအပ်သောပုတ္တဗလ၊ ၎င်းဆိုအပ်ခဲ့ပြီးသော ၁ အားတို့နှင့် ပြည့်စုံကုန်၏။ ။

တနည်းလည်း။ဒါနသည်မင်္ဂလာရှိသော နွားလားဥသဘနှင့်တူ၏။အဘယ်ကဲ့သို့တူသနည်းဆိုသော်။ မင်္ဂလာရှိသော နွားလားဥသဘတို့သည်။မိမိတို့၏မင်္ဂလာအသရေကြောင့်။ ဆင်းရဲခြင်းဒုက္ခကို ပယ်၍ချမ်းသာခြင်းသုခကိုဆောင်ဘိသကဲ့သို့။ထို့အတူ။ ဒါနရှိသောအမျိုးကောင်းသားအမျိုးကောင်းသမီးတို့သည်။ တေဘုမ္မကဝဋ် ကျင်လည်ရခြင်းတည်းသောဒုက္ခအပေါင်းကိုပယ်၍၊ နိဗ္ဗာန်တည်းဟူသော ချမ်းသာကိုဆောင်နိုင်၏၊

တနည်းလည်းဒါနသည် ဝလာဟကမြင်းမင်းနှင့်တူ၏။ အဘယ်ကဲ့သို့

ဟူ သနည်းဟူဆိုသော်၊ ဝဲဒေဟကမြင်းမင်း၏သကောသည့်၊ ခိုးသူရှိသော ခရီး၌ သွားရဲရှိသောခရီး၌အစရှိသော ခရီး၌အပေါင်း၄၊ သတ္တဝါအပေါင်း တို့ကိုထုတ်ဆောင်၍ ဘေးမရှိရာအရပ်သို့ ဆောင်ယူနိုင်သကဲ့သို့၊ ထို့ အတူဒါနရှိသော၊ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်၊ ဇာတိ ဒုက္ခဇရာဒုက္ခအစရှိသော၊ အလုံးစုံသောဒုက္ခအပေါင်း၄၊ ထုတ်ဆောင်ယူ ငင်၍၊ ထိုဒုက္ခအပေါင်းတို့၏။ ငြိမ်းရာဖြစ်သောနိဗ္ဗာန်သို့ပို့ဆောင်နိုင်ကုန် ၏။ ဒါနသည်ဆိုကြားမင်း၏စည်းစိမ်ချမ်းသာကိုပေးနိုင်၏။ နတ်တို့၏စည်း စိမ်ချမ်းသာကိုပေးနိုင်၏၊ မာရ်နတ်မင်း၏ စည်းစိမ်ချမ်းသာကိုပေးနိုင်၏၊ ဗြဟ္မာမင်း၏ စည်းစိမ်ချမ်းသာကိုပေးနိုင်၏၊ စကြာဝတေးမင်းမန္တတ်မင်း တို့၏စည်းစိမ်ချမ်းသာကိုပေးနိုင်၏။ အဂ္ဂသာဝကမဟာသာဝကပကတိ သာဝကတို့၏ဉာဏ်ကိုလည်းရစေနိုင်၏။ ပစ္စေကဗောဓိဉာဏ်၊ သမ္မာ သမ္ဗောဓိဉာဏ်ကိုသည်းရစေနိုင်၏။ ။

ယေစဗုဒ္ဓါအတီတာစ၊ သရဒ္ဓါ၊ ဝါလုကုပမာ၊
ဒါနံ ဝအာဒိကံကတွာ၊ သမ္ဗောဓိံ စထဘန္တိ သော။ ။
ဟူ၍လည်းဟောတော်မူကုန်၏။

အနက်ကား။ ။သာရိပုတ္တရ၊ ချစ်သားသာရိပုတ္တရာ။ အတီတာ၊ ပရိ နိဗ္ဗာန်စံလွန်တော်မူကုန်ပြီးသော၊ သမုဒ္ဒဝါလုကုပမာ၊ သရဒ္ဓရာ ဂင်္ဂါဝါလု။ သဲရမကပွင့်တော်မူကုန်ပြီးသော။ ယေစဗုဒ္ဓါ၊ အကြင်မြတ်စွာဘုရား သခင် တို့သည်၊ အဆွိသန္တာ ရှိတော်မူကုန်၏။ တေစဗုဒ္ဓါ၊ ထိုမြတ်စွာဘုရားသခင် တို့သည်။ ဒါနံ ဝဒါနံ ဝေ၊ ဒါနဝါရမီတော်ကိုသာလျှင်။ အာဒိကံကတွာ၊ အစပြု ၍။ သမ္ဗောဓိံ စ၊ ဘုရားအဖြစ်ကိုလည်း။ လာဘန္တိ၊ ရတော်မူကြကုန်၏။ ။ထိုဒေ သနာတော်၏အဓိပ္ပါယ်သော်ကား။ ဂင်္ဂါဝါလုသဲရမကပွင့်တော်မူ၍၊ ကြွ သွားတော်မူကြသောမြတ်စွာဘုရားသခင်တို့သည်၊ ဒါနပါရမီတော်ကိုအ စအဦးအထူးအလွန်ပြုလုပ်ဖြည့်ကျင့်တော်မူ၍။ နိဗ္ဗာန်ကိုရကြသည်။

အပမာဒေါ အမတံပဒံ။ ပမာဒေါမစ္စုနောပဒံ ။
အပ္ပမတ္တာ နမီယန္တိ၊ ယေပမတ္တာ ယထာမတာ။
ဝသသဘတံမိမတာယထာ။ ။
ဟူ၍လည်း ဟောတော်မူကုန်သည်။

အနက်ကား။ ။အပမာဒေါ၊ အလျှုပေးခြင်းသီလဆောက်တည်ခြင်း ၌မမေ့မလျော့သောသူသည်။ အမတံ၊ သေခြင်းကင်းသောနိဗ္ဗာန်သို့။ ပဒံ

ရောက်ခြင်း၏ အကြောင်းတည်း။ ပမာဒေါ၊ အလှူပေးခြင်း သီလဆောက်တည်ခြင်း၌၊ မေ့လျော့သောသူသည်၊ မစ္စုနော၊ အဘန်တလဲလဲသေခြင်း၏။ ပဒံ၊ အကြောင်းတည်း။ ယေနရာ၊ အကြင်သူတို့သည်၊ ၊ အပ္ပမတ္တာ၊ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၌ မမေ့လျော့ကုန်။ တေနရာ၊ ထိုသူတို့သည်။ ကောဟမ္ပိ၊ တရက်မျှလည်း။ ဇေဝိတွာ၊ နေ၍။ မိယန္တိ၊ သေရည်သော်လည်း၊ နမိယန္တိ၊ သေသည်မမည်ကုန်။ ယေနရာ၊ အကြင်သူတို့သည်။ ပမတ္တာ၊ အလှူပေးခြင်း သီလဆောက်တည်ခြင်း၌မေ့လျော့ကုန်၏။ တေနရာ၊ ထိုသူတို့သည်။ ဝဿသတံပိ၊ အနှစ်တရာရှည်ကြာသော်လည်း။ မတာယထာ၊ သေသည်နှင့်တူကုန်၏။ ၊ထိုဒေသနာတော်၏ အဓိပ္ပါယ်သော်ကား။ အလှူပေးခြင်း သီလဆောက်တည်ခြင်းတို့၌ မမေ့မလျော့။ မပေါ့မပျင်း။ အားထုတ်ခြင်းဟူသော အဝိသော၊ လုလ္လဝိရိယတို့နှင့်ပြည့်စုံသောသူတို့သည်။ အိုခြင်း။ နာခြင်း။ သေခြင်း။ ပရိဒေဝနေခြင်းကင်းသော နိဗ္ဗာန်ရွှေပြည်ကြီးသို့ရောက်ရ၏။ အလှူပေးခြင်း သီလဆောက်တည်ခြင်းတို့၌။ မေ့လျော့ပေါ့တန်၍နေသောသူတို့သည်။ အဘန်တလဲလဲ အိုခြင်း နာခြင်း သေခြင်း ပရိဒေဝနေခြင်းတို့ကိုတွေ့ကြုံ၍နေရလေ၏။ အကြင်သူသည် အလှူပေးခြင်း သီလဆောက်တည်ခြင်း၌ မမေ့လျော့ကုန်။ ထိုသူသည် တနေ့တရက်တမနက်။ တနာရီနေ၍သေရပြားသော်လည်း။ သေသည်မမည်။ ရှင်သည်မည်ကုန်၏။ အကြင်သူသည် အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၌ မေ့လျော့ကုန်၏။ ထိုသူတို့သည်။ အသက်တရာပင်နေရည်သော်လည်း။ သူသေနှင့်တူကုန်၏။

တိလမတ္တံကဝံပုညံ၊ ညာဏေနသမ္ပယုတ္တကံ။
မေရုပမာဏံ တိထဖလံ၊ နိဗ္ဗာနမိဝဗီဇကံ၊

အနက်ကား။ ။ ညာဏေန။ မဟာကုသိုလ်စေတနာနှင့်။ သမ္ပယုတ္တကံ၊ ယှဉ်သည်ဖြစ်၍။ တိလဖလံ။ နှမ်းတလုံးခန့်မျှရှိသော၊ ပုညံ၊ ကုသိုလ်ကောင်းမှုကို။ ကတံ၊ ပြုမိ၏။ တံ၊ ထိုနှမ်းတလုံးခန့်မျှပမာဏရှိသော ကုသိုလ်ကောင်းမှုသည်။ မေရုပမာဏံ၊ မြင်းမိုရ်တောင်လုံးမျှပမာဏရှိသော၊ ဖလံ၊ အကျိုးကို။ ဒေတိ၊ ပေးနိုင်၏။ ကိမိဝ။ ဥပမာအဘယ်ကဲ့သို့နည်းဟူမူကား။ နိဗ္ဗာဓ။ [illegible]သော ပြည်ညောင်စေ့သည်။ မဟာနိဗြောဓ၊ ကြီးစွာသော ပြည်ညောင်ပင်ကြီးကို။ ပဝတ္တတိဇာဝ။ ဖြစ်စေဘိသကဲ့သို့တည်း။

ထိုဒေသနာတော်၏အဓိပ္ပါယ်သော်ကား၊ ညာဏ်နှင့်ယှဉ်၍၊ နှမ်းတလုံးခန့်မျှသောကုသိုလ်ကောင်းမှုကိုပြုမိ၏၊ ထိုနှမ်းတလုံးခန့်မျှ၊ ပယာတရှိသောကုသိုလ်ကောင်းမှုသည်၊ လုံးပတ်နှစ်ဆိမ်းငါးသောင်းခြောက်ထောင်၊ အမြင့်ယူဇနာ ၅စ်သောင်းလေးထောင် နှစ်ဖြိုင်သောင်သော၊ မဟာမြင်းမိုရ်တောင်လုံးဝမာထရှိသောအကျိုးကိုပေးနိုင်၏၊ ဥပမာအဘယ်ကဲ့သို့နည်းဆိုသော်၊ ငယ်စွာသောဖြည်ညောင်စေ့သည်၊ ကြီးစွာသောဖြည့်ညောင်ပင်ကြီးကိုဖြစ်စေဘိသကဲ့သို့တည်း။ ။

ညာဏဝိပ္ပယုတ္တစိတ္တေန၊ ကတကမ္မံ ရူပံသရဋ္ဌာပေဘိ၊ ဝက္ခုဒ္ဒိန္ဒသမ္ပတ္တိံ အဒတွာ ဒုဗ္ဗဏ္ဏရသဏ္ဍာနံ ဟောတိ၊ မာတာပိတုနမ္ပိ အမနာပံသရဋ္ဌာပေဘိ၊ ။ဟူ၍လည်းဟောတော်မူကုန်သည်၊

အနက်ကား။ ။ညာဏဝိပ္ပယုတ္တစိတ္တေန၊ ညာဏ်နှင့်မယှဉ်သောဝိပ္ပယုတ်စိတ်ဖြင့်၊ ကတကမ္မံ၊ ပြုသါကုသိုလ်ကံသည်၊ ရူပံ၊ ရုပ်ကို၊ သမုဋ္ဌါပေဘိ၊ ဖြစ်စေ၏၊ ဝက္ခုဒ္ဒိန္ဒ၊ စက္ခုအစရှိသည်တို့၏ သမ္ပတ္တိံ၊ ပြည့်စုံခြင်းကို၊ အဒတွာ၊ မပေးမူ၍၊ ဒုဗ္ဗဏ္ဏံ၊ အဆင်းမလှသည်၊ ဒုသဏ္ဍာနံ၊ မကောင်းသော သဏ္ဍာန်ရှိသည်၊ ဟောတိ၊ ဖြစ်၏၊ မာတာပိတုနမ္ပိ ။အမိအဘတို့အားလည်း၊ အမနာပံ၊ မနှစ်သက်ခြင်းကို၊ သမုဋ္ဌာပေဘိ၊ ဖြစ်စေ၏၊ ။ထိုဒေသနာတော်၏အဓိပ္ပါယ်သော်ကား။ ညာဏ်နှင့်မယှဉ်မူ၍၊ ညာဏဝိပ္ပယုတ်စိတ်နှင့်ပြုသောကုသိုလ်တို့သည်၊ ရုပ်ကိုဖြစ်စေသော်လည်း၊ စက္ခုသောတစသည်တို့ဖြင့် ရထင်စွာ အကျိုးကိုမပေးကုန်၊ ထိုသို့ရထင်စွာအကျိုးကို မပေးသောကြောင့်၊ မိမိကိုမွေးသောအမိအဘပင်၊ မိမိကိုချစ်ခင်ရမက်ခြင်းမရှိကုန်၊

ဒါနံသဂ္ဂသောပါနံ၊ ဒါနံပါထေယျံ ရုတ္တမံ။
ဒါနံဥဖုကာတံမဂ္ဂံ၊ ဒါနံမောက္ခပဒံ ဝရံ။ ။
ဟူ၍လည်းဟောတော်မူကုန်သည်။ ။

အနက်ကား။ ။ဒါနံ၊ အလှူပေးခြင်းသည်။ သဂ္ဂသာ၊ နတ်ပြည်အား။ ဝါ၊ နတ်ပြည်၏။ ဝါ။ နတ်ပြည်သို့ဘက်ဖွဲ့သော၊ သောပါနံ၊ စောင်းတန်းလှေခါးနှင့်တူ၏၊ ဒါနံ၊ အလှူပေးခြင်းသည်ကား၊ ဥတ္တမံ၊ မြတ်သော၊ ပါထေယျံ၊ ခရီးသမ်းဝမ်းမျှရိက္ခာနှင့်တူ၏၊ ဒါနံ၊ အလှူပေးခြင်းသည်ကား။ ဥဖုကာတံမဂ္ဂံ၊ ဖြောင့်မတ်သောလမ်းခရီးနှင့်တူ၏၊ ဒါနံ၊ အလှူပေးခြင်းသည်ကား၊ ဝ

ရုံ။ မြတ်လှစွာသော၊ဥယျာဉ်။ နတ်ရွာနိဗ္ဗာန်သို့ရောက်ခြင်းအကြောင်း ဖြစ်၏။ ။ထိုဒေသနာတော်၏အဓိပ္ပါယ်သော်ကား။ဒါနကုသိုလ်ပြုသော သူတို့သည်။နတ်ရွာနိဗ္ဗာန်သို့ရောက်တတ်ရန်အကြောင်း။ စောင်းတန်းဖြေ ခါးတို့ကို။ကောင်းမွန်စွာခင်းကျင်းစီမံ၍ထားသည်နှင့်တူ၏။ခရီးသွားသော သူသည်၊ ထမင်းနှိုက် စားသုံးရန်ရိက္ခာကို။ လုံလောက်စွာယူ ဆောင်၍ သွားသောသူနှင့် ထည်းတူ၏။ ကွေ့ကောက် ကြမ်းထမ်းသော။ ထမ်း ဂန္တာရ ခရီးခဲကိုလည်း။ ဖြောင့်မတ် ပြေပြစ် ကောင်းမွန်စွာ။ ပြုပြင် စီရင်၍ထားသည်နှင့်ထည်းတူ၏။အလွန်မြတ်လှစွာသော နတ်ရွာနိဗ္ဗာန်သို့ ရောက်ခြင်းအကြောင်းလည်းဖြစ်၏ဟုဆိုလိုသည်။

သဗ္ဗကာမဒဒံဒါနံ။ဒါနံ သဗ္ဗထသာဒကံ။
နိမိကုဋ္ဌိပမံဒါနံ။ကပ္ပရုက္ခပမံယထာ၊ ။
ဟူ၍လည်းဟောတော်မူကုန်သည်။

အနက်ကား။ ။ဒါနံ၊အလှူပေးခြင်းသည်ကား။သဗ္ဗကာမဒဒံ၊အလုံးစုံ သောအလိုဆန္ဒရှိသမျှကိုပြီးစေနိုင်၏။ဒါနံ၊အလှူပေးခြင်းသည်ကား။ သဗ္ဗ ထသာဒကံ။အလုံးစုံသောစည်းစိမ်ဥစ္စာတို့ကိုပြီးစေနိုင်၏။ ဒါနံ၊အလှူပေး ခြင်းသည်ကား။နိမိကုဋ္ဌိပမံ၊ကောင်းမွန်စွာသိုမှီးမြှုပ်ထားသော ရွှေအိုး ကြီးနှင့်တူ၏။ဒါနံ။အလှူပေးခြင်းသည်ကား။ ကပ္ပရုက္ခပမံ ယထာ၊သီးမျိုး ရပဒေသာပင်ကို စိုက်ပျိုးရသည်နှင့်တူ၏။ ။ထိုဒေသနာတော်၏အ ဓိပ္ပါယ်သော်ကား။ဒါနသည်ဗုဒ္ဓာသယလိုတိုင်းရသောဆေးကောင်းများနှင့် တူ၏။ ဒါနသည်လူတို့အလိုရှိအပ်သောအသုံးအဆောင်အိမ်ထောင်ကိရိ ယာတို့ကိုကောင်းစွာပြည့်စုံစေ၏။ဒါနသည်အလိုရှိအပ်သော ရွှေအိုးကြီး များကို။ ကောင်းမွန်စွာမြှုပ်ထားသည်နှင့်လည်းတူ၏။ ဒါနသည်မြောက် ကျွန်းသူ။မြောက်ကျွန်းသားတို့ခူတ်ယူသုံးစားအပ်သော ပဒေသာပင်ကြီး နှင့်လည်းတူသည်ဟုဆိုလိုသည်။

ဒါနံ တောဘောဂဝါဟောတိ။သီလတောသုဂတိဟောတိ။
ဘာဝနာဒါနဥ္စသီလဥ္စ၊ကာတဗ္ဗာဝိညုနာသဒါ။
ဟူ၍လည်းဟောတော်မူကုန်သည်။

အနက်ကား။ ။ဒါနတော၊အလှူပေးခြင်းကြောင့်။ဘောဂဝါ၊စည်း

ဗိမ်ဥစ္စာနှင့်ပြည့်ရှိသည်။ ဟောတိ။ဖြစ်၏၊ သီလဝတာ၊ သီလဆောက်
တည်ခြင်းကြောင့်၊ သုခိတာ၊ချမ်းသာသည်၊ ဟောတိ။ဖြစ်၏၊ တသ္မာ။ထို့
ကြောင့်၊ဒါနဉ္စ။အလှူပေးခြင်းကိုလည်းကောင်း၊ သီလဉ္စ။သီလဆောက်
တည်ခြင်းကိုလည်းကောင်း။ဝိညုနာ။ပညာရှိသောသူသည်၊သဒါ၊အခါခပ်
သိမ်း။ ကာယမ္ဗာ။ပြုအပ်ကုန်၏၊ ။ထိုဒေသနာတော်၏အဓိပ္ပါယ်သော်
ကား၊အလှူပေးခြင်းကြောင့်စည်းစိမ်ဥစ္စာပေါများ၏၊ သီလဆောက်တည်
ခြင်းကြောင့် ချမ်းသာသုခများစွာရ၏။ထိုကြောင့်ပညာရှိအပေါင်းသူတော်
ကောင်းတို့သည်၊အလှူပေးခြင်း၊သီလဆောက်တည်ခြင်းတို့ကို အခါခပ်
သိမ်းပြုကုန်ရာ၏ဟုဆိုလိုသည်။

သဗ္ဗဒါနံဓမ္မဒါနံဇိနာတိ၊သဗ္ဗရသံဓမ္မရသံဇိနာတိ၊
သဗ္ဗရတိံဓမ္မရတိံဇိနာတိ၊တဏှက္ခယံနိဗ္ဗာနံဇိနာတိ၊ ။
ဟူ၍လည်းဟောတော်မူကုန်သည်၊ ။

အနက်ကား၊ ။သဗ္ဗဒါနံ၊အလုံးစုံသောအလှူမျိုးတို့ထက်၊ဓမ္မဒါနံ၊တရားတည်းဟူသောအလှူသည်၊ ဇိနာတိ၊အောင်နိုင်၏၊သဗ္ဗရသံ၊အလုံးစုံသောအရသာမျိုးတို့ထက်၊ဓမ္မရသံ၊တရားတည်းဟူသော အရသာသည်၊ ဇိနာတိ၊အောင်နိုင်၏၊သဗ္ဗရတိံ၊ အလုံးစုံသောမွေ့လျော်ခြင်းတို့ထက်၊ ဓမ္မရတိ၊တရားတည်းဟူသောမွေ့လျော်ခြင်းသည်၊ ဇိနာတိ၊အောင်နိုင်၏။ တဏှက္ခယံ၊တဏှာတို့၏ကုန်ခြင်းကို၊ နိဗ္ဗာနံ၊နိဗ္ဗာန်သည်၊ ဇိနာတိ၊အောင်နိုင်၏၊ ။ထိုဒေသနာ၏အဓိပ္ပါယ်သော်ကား၊ အလုံးစုံသောအလှူမျိုးတို့တွင်၊တရားတည်းဟူသောအလှူသည်၊သာလွန်၍မြတ်၏။ ကောင်းသောအရသာမျိုးတို့တွင်၊တရားတည်းဟူသောအရသာသည်။ သာလွန်၍ကောင်း၏၊ မွေ့လျော်ရန်အမျိုးမျိုးတို့တွင်၊ တရားတည်းဟူသော မွေ့လျော်ခြင်းသည်၊သာလွန်၍မွေ့လျော်ဖွယ်ရှိ၏။ ကုန်ခမ်းခြင်းအပေါင်းတို့တွင်ကိလေသာ၏ကုန်ခြင်းသည်။ သာလွန်၍ကောင်း၏ဟုဆိုလိုသည်၊

ဝိစေယျဒါနံဒါတဗ္ဗံ၊ဝိစေယျဒါနံဒတွာ။
သဂ္ဂံဂစ္ဆန္တိဒါယကာ၊ ။ဟူ၍လည်းဟောတော်မူကုန်သည်၊

အနက်ကား၊ ။ဝိစေယျ၊ ရွေးချယ်စိစစ်၍၊ဒါနံ၊အလှူကို၊ ဒါတဗ္ဗံ၊ပေးလှူအပ်၏။ဝိစေယျ၊ရွေးချယ်စိစစ်၍၊ဒါနံ၊အလှူကို၊ ဒတွာ၊ပေးလှူအပ်သည်ရှိသော်။ဒါယကာ၊အလှူရှင်ဒါယကာသည်။သဂ္ဂံ၊နတ်ပြည်သို့၊ဂစ္ဆန္တိ၊သွားရကုန်၏။ ။ထိုဒေသနာတော်၏အဓိပ္ပါယ်သော်ကား၊အလှူပေး

သောဒါပယကာသည်၊လဇ္ဇီရဟန်း။အလဇ္ဇီရဟန်း။ ဒုဿီလရဟန်းဟူ၍၊ ရဟန်းသုံးမျိုးရှိ၏၊ထိုသုံးမျိုးတို့တွင်။ ဟိရိဩတ္တပ္ပ။ အရှက်အကြောက်ကို ရှေ့သွားပြု၍။ နှုပ်ရော့နှစ်ဆယ်ခုနစ်သွယ်သော သိက္ခာပုဒ်တို့ကို။ မကြိုးမပေါက်။ မပြောက်မကျားရအောင် ကောင်းမွန်စွာသီလကို စောင့်ရှောက်သောရဟန်းသည်၊ လဇ္ဇီရဟန်းမည်၏။ ဟိရိဩတ္တပ္ပ ဟုဆိုအပ်သောအရှက်အကြောက်မရှိမူ၍ ဘယ်သူကပင်။ ဘယ်လိုပြောပြော။ ဘယ်သူကပင်။ဘယ်လိုဆိုဆို။ငါလိုချင်သာရချင်ပြီးရော။ ငါလုပ်ချင်သာကိုလုပ်ရချင်တော်ပြီဟု။မထေရ်ကြီးပုဂ္ဂိုလ်ကြီးများကိုလည်း ငဲ့ကွက်ကြောက်ရွံ့ခြင်းလည်းမရှိ။ဒါယကာတို့ကြားလျှင်မြင်လျှင်၊ ပုတ်ခတ်ကဲ့ရဲ့လိမ့်မည်။ပုတ်ခတ်ကဲ့ရဲ့သောဒါယကာတို့သည်။ အကုသိုလ်ဖြစ်ပွါးကြလိမ့်မည်ဟု။ဒါယကာတို့ကိုလည်း။သနားကြင်နာ၍သူတော်ကောင်းကျင့်ခြင်းကိုမပြုမူ၍။ဘုရားပညတ်တော်မူသောသိက္ခာပုဒ်တော်ကို၊ ချဉ်ပေါင်ရွက်။ ကဇွန်းရွက်လောက်မျှ၊ အလေးဂရုမပြု။ ထင်ရာကိုပြုသောရဟန်းသည်၊အလဇ္ဇီရဟန်းမည်၏။ ဟိရိဩတ္တပ္ပဟုဆိုအပ်သော။အရှက်အကြောက်တို့သည်။ဘလာပေါင်းလင်း။ အလုံးစုံကွယ်ကင်း၍၊ မြတ်စွာဘုရားသခင်ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကြီးငယ်ပေါ်နှင့် တကွ။ များစွာသော သိက္ခာပုဒ်တို့ကို။မီးပုံ၌ကျသောရမ်းကဲ့သို့။သီလအလုံးစုံဘုန်ခန်းသောရဟန်းသည်။ဒုဿီလရဟန်းမည်၏ ထိုသုံးပါးတို့တွင်၊ လဇ္ဇီရဟန်းကိုရွေးချယ်လှူဒါန်းကြရမည်ဟုဆိုလိုသည်။

ဘေရိသဒ္ဒေါတိဂါဝုတ္တံ။မေဃသဒ္ဒေါတိယောဇနံ။
ဒါနသဒ္ဒေါသကာမာဝစရံ။သီလသဒ္ဒေါအကနိဋ္ဌော၊
မေတ္တာသဒ္ဒေါအနန္တရော၊ ။
ဟူ၍လည်းဟောတော်မူကုန်သည်။

အနက်ကား၊ ။ရဟာရော၏၊ ပဉ္စသနဒီကောသလမင်းကြီး၊ ဘေရိသဒ္ဒေါ၊စည်ကြီး၏အသံသည်၊တိဂါဝုတ္တံ၊သုံးဂါဝုတ်တိုင်အောင်၊ပရတိ၊ပျံ့နှံ့ကျော်စော၏၊မေဃသဒ္ဒေါ၊မိုးကြိုး၏အသံသည်။တိယောဇနံ၊သုံးယူဇနာတိုင်အောင်။ ဖရတိ၊ပျံ့နှံ့ကျော်စော၏။ ဒါနသဒ္ဒေါ၊ အလှူပေးသောအသံသည်။သကာမာဝစရံ၊နတ်ပြည်ခြောက်ထပ်တိုင်အောင်၊ပရတိ၊ပျံ့နှံ့ကျော်စော၏။သီလသဒ္ဒေါ၊သီလစောင့်တည်သောအသံသည်၊အကနိဋ္ဌ

အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင်၊ပရိတ်ပျံ့နှံ့ကျော်စောခြင်း၊ မေတ္တာသဒ္ဒေါ၊ မေတ္တာဟို့သော်အသံသည်၊ အနန္တရော၊ အဆုံးမရှိ၊ ပရိတ်ပျံ့နှံ့ ကျော်စောခြင်း ။ထိုဒေသနာတော်၏အဓိပ္ပါယ်သော်ကား၊က ဘုရားတော်ကောသလမင်းကြီး၊ ငါ၏ လောကနွေစဉ်ကြီးသည်၊ နှလွှတ်တရားမည်၏ဆိုသော်၊လည်း၊ သုံးဂါဝုတ်သာကြားနိုင်သည်၊ မိုးကြိုး၏အသံသည်၊ အလွှတ်ထရာဖြင်းထွန်၏ဆိုသော်လည်း၊ သုံးယူဇနာမျှသာကြားရသည်၊ ဒါန၏အသံသည်နတ်ပြည်းခြောက်ထပ်တိုင်အောင်ပျံ့နှံ့ ကျော်စောသည်၊သီလသေအကဲသည်စောင့်သုံးသောအသံသည်၊ အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင် ကျော်စောသည်၊ မေတ္တာဘာဝနာတို့၏ အသံသည်၊ အဆုံးမရှိ၊ မရေတွက်မပိုင်းခြားနိုင်အောင်ကျော်စော၏ ဒါးပြုသောသူတို့သည်၊ သဒ္ဓါဖြင့်ရှေ့သွားပြု၍၊ပညာဖြင့်စဉ်းစားဆင်ခြင်ပြီးလျှင်၊ ပေးကမ်းလှူဒါန်းခြင်းကိုပြုကျင့်ရာသည်၊ အချို့သောသူတို့သည်၊ သဒ္ဓါလွန်၍၊ ပညာနည်းပြီးလျှင်၊ ရတနာသုံးပါးမဟုတ်သော၊ မီးကိုကိုးကွယ်ခြင်း၊ နေကိုကိုးကွယ်ခြင်း၊ လကိုကိုးကွယ်ခြင်း၊ မိစ္ဆာဒိဋ္ဌိကိုကိုးကွယ်ခြင်း၊ တိရစ္ဆာန်ကဲ့သို့သောသည်တို့ကို ကိုးကွယ်လှူဒါန်းခြင်းတို့ဖြင့်ပြုတတ်ကုန်၏၊ ။ထို့ကြောင့်၊

ဗလဝသဒ္ဓေါဟိမန္ဒပညော၊ အမုဋ္ဌပသန္နောဟောတိ၊ အဝတ္ထုသ္မိံ၊

ပသီဒတိ၊ ။ဟူ၍ခုဒ္ဒကပါဌအဋ္ဌကထာ၌ဆိုသည်၊ ။

အနက်ကား၊ ။ဗလဝသဒ္ဓေါ၊ သဒ္ဓါအားကြီးသောသူသည်၊မန္ဒပညော၊နည်းသောပညာရှိသည်ဖြစ်၍၊မုဋ္ဌပသန္နော၊ မိုက်မဲသောသဒ္ဓါရှိသည်၊ ဟောတိ၊ဖြစ်၏၊အဝတ္ထုသ္မိံ၊ ရတနာသုံးပါးမဟုတ်သောဝတ္ထု၌၊ ပသီဒတိ၊ကြည်ညို၏။ ။ထိုဒေသနာတော်၏အဓိပ္ပါယ်မှာ၊ ရတနာသုံးပါးမဟုတ်သောဝတ္ထုကိုလှူဒါန်းပေးကမ်းသောသူတို့သည်ကုသိုလ်ရသည်ကိုမဆိုထားဘိ၊မိုက်သည့်ဟုအဆိုခံရလေသေး၏၊

သဒ္ဓါတရားနည်းသည်ဖြစ်၍၊ ပညာအဆင်အခြင်အားကြီး ချွတ်ချော်သောသူတို့သည်၊ကောက်ကျစ်စဉ်းလဲသော အတို့သို့ရောက်၏၊ ။ထို့ကြောင့်။

ဗလဝပညော ဟိမန္ဒသဒ္ဓေါ ကေရာဋိကပက္ခံဘဇတိ၊ ဘေသဇ္ဇသမုဋ္ဌိတောရောဂေါဝိယ၊အတေကိစ္ဆောဟောတိ၊စိတ္တုပ္ပါဒမတ္တေနေဝကုသလံဟောတီတိ၊ အတိဓာဝိတွာဒါနာဒီနိအကရောန္တောနိရယေဥပ္ပဇ္ဇတိ၊ ။ဟူ၍ခုဒ္ဒကပါဌအဋ္ဌကထာကျမ်း၌လာကုန်သည်၊

အနက်ကား။ ။ဗလဝပညော၊ ပညာဉာဏ်ဆင်ခြင်အားကြီးသောသူသည်၊ မန္ဒသဒ္ဓေါ၊ နုံ့သောသဒ္ဓါရှိသည်ဖြစ်၍၊ ကေရာဓိကပက္ခံ။ ကောက်ကျစ်စဉ်းလဲသော၊ ဒေါသ၏ဘက်သို့။ ဘဇတိ။ ပြေးဝင်၏။ ဘေသဇ္ဇသမုဋ္ဌိတော၊ ဆေးကြောင့်ဖြစ်သော။ ရောဂေါဝိယ။ အနာကဲ့သို့။ အတေကိစ္ဆော၊ ကုစားခက်သည်။ ဝါ၊ ကုစား၍မရသည်။ ဟောတိ။ ဖြစ်၏။ စိတ္တုပ္ပါဒမတ္တေနေဝ၊ စိတ်ဖြစ်ခါမျှဖြင့်သာလျှင်။ ကုသလံ၊ ကုသိုလ်သည်။ ဟောတိ။ ဖြစ်၏။ ဣတိ။ ဤသို့။ အတိဓာဝိတွာ။ အလွန်ပြေးသွား၍၊ ဒါနာဒီနိ။ အလှူအစရှိသည်တို့ကို၊ အကတွာ။ မပြုမူ၍။ နိရယေ။ ငရဲ၌။ ဥပ္ပဇ္ဇတိ။ ဖြစ်ရ၏။ ။ထိုဂါထာ၏။ အဓိပ္ပါယ်သော်ကား။ ။ပညာဉာဏ်ဆင်အခြင်လွန်၍ ချွတ်ချော်သောသူတို့သည်၊ အဘယ်ကဲ့သို့ကောက် ကျစ်စဉ်းလဲ၍။ ငရဲသို့ကျပါသနည်းဆိုသော်။ မြတ်စွာဘုရားသခင်သည်၊ ။စေတနာဟံဘိက္ခဝေကမ္မံဝဒါမိ။ ။ဟူ၍ဟောကော်မူသည်။ စေတနာဖြစ်လျှင်ကုသိုလ်ဖြစ်သည်ဟုကြံဆပြီးလျှင်။ နေ့တိုင်းနေ့တိုင်း။ စိတ်ကာရည်ဖူး၍၊ တသောင်းကုန်ဘုရားတည်လိုက်၊ တသောင်းကုန်ကျောင်းဆောက်လိုက်။ စားဦးစားဖျားဆွမ်းတပုဂံကိုရူးထားပြီးလျှင်၊ ထာသမျှသဃ်ာကိုစိတ်ထည်းကထောင်း၍ နေပြီးလျှင်၊ အချိန်ကုန်သောအခါ၊ မိမိ၏ဆွမ်းတပုဂံကိုမိမိဝင်စားလိုက်၏၊ ဤကဲ့သို့ကောက်ကျစ်စဉ်းလဲသောအဘို့၌တည်သည်ဖြစ်၍။ မြတ်စွာဘုရားသခင်၏၊ ဒေသနာတော်ကို။ ချို့ဖဲ့ဖျက်ဆီးသကဲ့သို့လည်းကောင်း။ မိစ္ဆာဉာဏ်သို့သက်ဝင်သည်ဖြစ်သောကြောင့်အပါယ်ငရဲသို့ကျရောက်သည်ဟုမှတ်ယူရန်အကြောင်းရှိသည်။

သဒ္ဓါနှင့်ပညာမျှဘညီညွတ်စေ၍။ ပြုသောဒါနကုသိုလ်သည်။ ရတနာသုံးပါးဟုတ်မှန်သောဝတ္ထုကိုးကိုကွယ်လှူဒါန်းရ၏။ ။ထိုကြောင့်။ ။သမတာယဝတ္ထုသ္မိံယေဝပသီဒတိ၊ ။ဟူ၍ရဒ္ဓကပေါဌ္ဌအဋ္ဌကထာ၌လာသည်။

အနက်ကား။ ။သမတာယ။ သဒ္ဓါပညာမျှသည်၏ အဖြစ်ကြောင့်။ ဝတ္ထုသ္မိံယေဝ၊ ရတနာသုံးပါးဟုတ်သော ဝတ္ထု၌သာလျှင်။ ပသီဒတိ။ ကြည်ညို၏။ ထိုဒေသနာတော်၏ အဓိပ္ပါယ်သော်ကား၊ သဒ္ဓါတရားကထည်းဖြောင့်မတ် ပညာကလည်း။ ထိုးထွင်းစူးရှသော ဉာဏ်နှင့် ပြည့်စုံသောကြောင့်ရတနာသုံးပါးဟုတ်မှန်သောဝတ္ထု၌သာလျှင်။ ကြည်ညိုလှူဒါန်းခြင်းကိုပြုရ၏ဟုဆိုလိုသည်။

ထိုနည်းလည်း ဒါနသည်၊ ဒါနဒါသ၊ ဒါနသဟာယ၊ ဒါနသာမိဟူ၍ သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင်၊ မိမိကား ကောင်းမြတ်သော ပစ္စည်း ဝတ္ထုတို့ကို၊ သုံးဆောင်စားသောက်၍၊ အလှူခံပုဂ္ဂိုလ်တို့အား မိမိသုံးဆောင်သည့်အောက်၊ ယုတ်ညံ့သော ပစ္စည်းဝတ္ထုတို့ကို ပေးလှူခြင်းသည်၊ ကျွန်ကို ပေးသည်နှင့် တူသောကြောင့်၊ ဒါနဒါသမည်၏၊ မိမိသုံးဆောင်သည်နှင့်တူမျှသော ပစ္စည်းဝတ္ထုကိုပေးလှူခြင်းသည်၊ မိမိနှင့်တူမျှသောအဆွေခင်ပွန်းတို့ကို၊ ပေးသည်နှင့်တူသောကြောင့်၊ ဒါနသဟာယမည်၏၊ မိမိသုံးဆောင်သည်ထက်အလွန်မွန်မြတ်သော ဝတ္ထုတို့ကိုပေးလှူခြင်းသည်၊ အရှင်ပိုးမင်းတို့အား ပေးကမ်းဆက်သသည်နှင့်တူသောကြောင့် ဒါနသာမိမည်၏၊ ။ထို့ကြောင့်၊ ။ဒါနဒါသ၊ ကျွန်စာဌသို့၊ လှူရတတ်ဆန်း၊ သဒ္ဒါပန်းလည်း၊ ထင်းလင်းမပွင့်၊ တချို့ကျင့်တုံ၊ ကိုယ်နှင့်ထပ်တူ၊ ဆွေလုပ်တော်ကြ၊ သဟာယသို့၊ ဝေဌစရာ၊ လှူဒါန်းဌာဖြင့်၊ များစွာမူးတူ၊ နှစ်လုံးနှူး၍၊ တဦးတုံမူ၊ ကိုယ်ကဲ့သူအား၊ အလှူဖြင့်ပည်း၊ ဝမ်းဝယ်သည်း၍၊ ပစ္စည်းဆောက်ဦး ဟူဟူသမျှ၊ ပေးကုန်ဌသည်၊ ဒါနသာမိ၊ ကျော်ကိတ္တိနှင့်၊ သိဗ္ဗသင်ထင်၊ ထူးသိမြင်၏ဟု၊ ရှင်သီလဝံသအကျော်၊ ဆရာတော်စပ်ဆိုတော်မူသည်၊ ။

ပုဂ္ဂလိကဒါန၊ သံဃိကဒါနဟူသော၊ ပုဂ္ဂလဘေဒ
အပြားကိုပြဆိုပေအံ့။

ပုဂ္ဂလိကဒါနသည်။ ဗုဒ္ဓဒါနအစရှိသောအားဖြင့်၊ တဆဲ့လေးပါးအပြား ရှိကုန်၏၊ ထို့ကြောင့်ပဉ္စမနိကာယ်ဥပရိပဏ္ဏာသ၊ မဟာဒက္ခိဏာဝိဘင်သုတ်၌ကား။ ။

စုဒ္ဒသခေါပနိမာနန္ဒ ပါဋိပုဂ္ဂလိကာဒက္ခိဏာ တထာဂတေအရဟန္တေ သမ္မာသမ္ဗုဒ္ဓေဒါနံ ဒေတိ အယံပဌမာပါဋိပုဂ္ဂလိကာဒက္ခိဏာ၊ ပစ္စေကဗုဒ္ဓေဒါနံဒေတိ အယံ ဒုတိယာ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ၊ တထာဂတသာဝကေအရဟန္တေဒါနံဒေတိအယံတတိယာပါဋိပုဂ္ဂလိကာဒက္ခိဏာ။ အရဟတ္တဖလသစ္ဆိကိရိယာယပဋိပန္နေဒါနံဒေတိ အယံစတုတ္ထီပါဋိပုဂ္ဂလိကာဒက္ခိဏာ။ အနာဂါမိဿဒါနံ ဒေတိအယံ ပဉ္စမီပါဋိပုဂ္ဂလိကာဒက္ခိဏာ။ အနာဂါမိဖလသစ္ဆိကိရိယာယပဋိပန္နေဒါနံဒေတိ အယံဆဋ္ဌီပါဋိပုဂ္ဂလိကာဒက္ခိဏာ။ သကဒါဂါမိဿဒါနံဒေတိ အယံ သတ္တမီပါဋိပုဂ္ဂလိကာဒက္ခိဏာ၊ သကဒါဂါမိဖလ

သန္တိကြံ့ယာယပဋိပန္နေဒါနံဒေတိ၊ အယံအဋ္ဌမီ ပါဋိပုဂ္ဂလိကာဒက္ခိဏာ။ သောတာပန္နေဒါနံဒေတိ အယံနဝမီပါဋိပုဂ္ဂလိကာဒက္ခိဏာ။ သောတာပတ္တိဖလသန္တိကြံ့ယာယပဋိပန္နေဒါနံဒေတိ အယံဒသမီပါဋိပုဂ္ဂလိကာဒက္ခိဏာ၊ ဗာဟိရကေကာမေသုဝီတရာဂေဒါနံဒေတိ။ အယံဧကာဒသမီပါဋိပုဂ္ဂလိကာဒက္ခိဏာ။ ပုထုဇ္ဇနသီလဝန္တေဒါနံဒေတိ၊ အယံဒွါဒသမီ ပါဋိပုဂ္ဂလိကာဒက္ခိဏာ။ ပုထုဇ္ဇနဒုဿီလေဒါနံဒေတိ အယံတေရသမီပါဋိပုဂ္ဂလိကာဒက္ခိဏာ၊ တိရစ္ဆာနဂတေဒါနံဒေတိ။ အယံစုဒ္ဒသမီပါဋိပုဂ္ဂလိကာဒက္ခိဏာ။ ။

ဟူ၍ဟောတော်မူသည်၊

အာနန္ဒ။ ညီတော်အာနန္ဒာ။ ခေါ်ပေ၊ စင်စစ်သော်ကား။ ပါဋိပုဂ္ဂလိကာဒက္ခိဏာ။ ပုဂ္ဂိုလ်ကို အသီးအခြားရေတွက်၍ ပေးအပ်သောအလှူတို့သည်။ စုဒ္ဒသ။ ဆယ့်လေးပါးတို့တည်း။ တထာဂတေ၊ ထာခြင်းကောင်းတော် မူကုန်သော၊ အရဟန္တေ၊ လူနတ်တို့၏ ပူဇော်လေးပါးတို့ကို ခံတော် မူထိုက်ကုန်သော၊ သမ္မာ သမ္ဗုဒ္ဓေ၊ ခပ်သိမ်းသောတရားတော်တို့ကို၊ မဖောက်မပြန် သယမ္ဘူဉာဏ်တော်ဖြင့် မိမိအလိုလိုကိုယ်တော်တိုင်သိတော်မူတတ်သော မြတ်စွာဘုရားသခင်တို့အား။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို၊ ဒေတိ၊ ပေးလှူ၏၊ အယံ၊ ဤသို့မြတ်စွာဘုရားသခင်တို့အားပေးလှူခြင်းသည်၊ ပဌမာ၊ ရှေးဦးစွာသော၊ ပါဋိပုဂ္ဂလိကာဒက္ခိဏာ၊ ပုဂ္ဂိုလ်အသီးအခြားမှတ်၍။ ပေးအပ်သောအလှူမည်၏။ ပစ္စေကဗုဒ္ဓေ၊ သစ္စာလေးပါးတို့ကို အသီးအသီးသိမြင်တတ်သော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား။ လည်းကောင်း။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို၊ ဒေတိ၊ ပေးလှူ၏၊ အယံ၊ ဤသို့ပစ္စေကဗုဒ္ဓါတို့အား၊ ပေးလှူခြင်းသည်။ ဒုတိယာ၊ နှစ်ကြိမ်မြောက်သော။ ပါဋိပုဂ္ဂလိကာဒက္ခိဏာ၊ ပုဂ္ဂိုလ်ကိုအသီးအခြားရည်မှတ်၍ပေးအပ်သော အလှူမည်၏။ တထာဂတသာဝကေ၊ ဘုရားတပည့်သားတော်ဖြစ်သော၊ အရဟန္တေ၊ ရဟန္တာပုဂ္ဂိုလ်တို့အား။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့ရဟန္တာပုဂ္ဂိုလ်တို့အား ပေးလှူခြင်းသည်။ တတိယာ၊ သုံးကြိမ်မြောက်သော။ ပါဋိပုဂ္ဂလိကာဒက္ခိဏာ။ ပုဂ္ဂိုလ်ကိုအသီးအခြားရည်မှတ်၍ ပေးအပ်သောအလှူမည်၏။ အရဟတ္တဖလသန္တိကြံ့ယာယ။ အရဟတ္တဖိုလ်ကိုမျက်မှောက်ပြုခြင်းငှာ၊ ပဋိပန္နေ၊ ကျင့်သောပုဂ္ဂိုလ်တို့အား။ ဒါနံ။ လှူဘွယ်ဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့အရဟတ္တဖိုလ်ကိုမျက်မှောက်

ပြုခြင်း၌သာကျင့်သောပုဂ္ဂိုလ်တို့အားပေးလှူခြင်းသည်၊ စတုတ္ထီ၊ထေးကြိမ်
မြောက်သော၊ပါဋိပုဂ္ဂလိကာဒက္ခိဏာ၊ပုဂ္ဂိုလ်ကိုအသီးအခြားရည်မှတ်၍
ပေးအပ်သောအလှူမည်၏။ အနာဂါမိသာ၊ အနာဂါမိပုဂ္ဂိုလ်အား၊ဒါန်၊လှူ
ဘွယ်ဝတ္ထုကို၊ ဒေတိ၊ပေးလှူ၏၊ အယံ၊ဤသို့အနာဂါမိပုဂ္ဂိုလ်အားပေးလှူ
ခြင်းသည်၊ပဥ္စမီ၊ငါးကြိမ်မြောက်သော၊ပါဋိပုဂ္ဂလိကာဒက္ခိဏာ၊ပုဂ္ဂိုလ်
ကိုအသီးအခြားရည်မှတ်၍ ပေးအပ်သောအလှူမည်၏။ အနာဂါမိဖလ
သစ္ဆိကိရိယာယ၊အနာဂါမိဖိုလ်ကိုမျက်မှောက်ပြုခြင်း၌သာ၊ ပဋိပန္နေ၊ကျင့်
သောပုဂ္ဂိုလ်တို့အား၊ဒါနံ၊လှူဘွယ်ဝတ္ထုဘို့ကို၊ဒေတိ၊ပေးလှူ၏၊ အယံ၊ဤ
သို့အနာဂါမိပုဂ္ဂိုလ်တို့ကိုမျက်မှောက်ပြုခြင်း၌သာ ကျင့်သောပုဂ္ဂိုလ်တို့အား
ပေးလှူခြင်းသည်၊ ဆဋ္ဌီ၊ခြောက်ကြိမ်မြောက်သော၊ ပါဋိပုဂ္ဂလိကာဒက္ခိ
ဏာ၊ပုဂ္ဂိုလ်ကိုအသီးအခြားရည်မှတ်၍ပေးအပ်သောအလှူမည်၏၊သကဒါ
ဂါမိသာ၊သကဒါဂါမိပုဂ္ဂိုလ်အား၊ဒါနံ၊လှူဘွယ်ဝတ္ထုကို၊ဒေတိ၊ပေးလှူ
၏၊ အယံ၊ ဤသို့သကဒါဂါမိပုဂ္ဂိုလ်အားပေးလှူခြင်းသည်၊ သတ္တမီ၊ခုနစ်
ကြိမ်မြောက်သော၊ပါဋိပုဂ္ဂလိကာဒက္ခိဏာ၊ ပုဂ္ဂိုလ်ကိုအသီးအခြားရည်
မှတ်၍ပေးအပ်သောအလှူမည်၏။ သကဒါဂါမိဖလသစ္ဆိကိရိယာယ၊သက
ဒါဂါမိဖိုလ်ကိုမျက်မှောက်ပြုခြင်း၌သာ၊ ပဋိပန္နေ၊ကျင့်သောပုဂ္ဂိုလ်တို့အား၊
ဒါနံ၊လှူဘွယ်ဝတ္ထုကို၊ဒေတိ၊ပေးလှူ၏၊ အယံ၊ဤသို့သကဒါဂါမိဖိုလ်ကို
မျက်မှောက်ပြုခြင်း၌သာကျင့်သောပုဂ္ဂိုလ်တို့အားပေးလှူခြင်းသည်၊ အဋ္ဌမီ၊
ရှစ်ကြိမ်မြောက်သော၊ ပါဋိပုဂ္ဂလိကာဒက္ခိဏာ၊ပုဂ္ဂိုလ်ကိုအသီးအခြား
ရည်မှတ်၍ပေးအပ်သောအလှူမည်၏။သောတာပန္နေ၊သောတာပန်ပုဂ္ဂိုလ်
တို့အား၊ဒါနံ၊လှူဘွယ်ဝတ္ထုကို၊ဒေတိ၊ပေးလှူ၏၊ အယံ၊ဤသို့သောတာပန်
ပုဂ္ဂိုလ်တို့အားပေးလှူခြင်းသည်၊နဝမီ၊ကိုးကြိမ်မြောက်ဖြစ်သော၊ ပါဋိပုဂ္ဂ
လိကာဒက္ခိဏာ၊ပုဂ္ဂိုလ်ကိုအသီးအခြားရည်မှတ်၍၊ ပေးအပ်သောအလှူ
မည်၏။ သောတာပတ္တိဖလသစ္ဆိကိရိယာယ၊ သောတာပတ္တိဖိုလ်ကိုမျက်
မှောက်ပြုခြင်း၌၊ ပဋိပန္နေ၊ ကျင့်သောပုဂ္ဂိုလ်တို့အား၊ဒါနံ၊ လှူဘွယ်ဝတ္ထု
ကို၊ဒေတိ၊ပေးလှူ၏၊အယံ၊ဤသို့သောတာပတ္တိဖိုလ်ကိုမျက်မှောက်ပြုခြင်း၌၊
ကျင့်သော ပုဂ္ဂိုလ်တို့အား ပေးလှူခြင်းသည်၊ ဒသမီ၊ဆယ်ကြိမ်မြောက်
သော၊ပါဋိပုဂ္ဂလိကာဒက္ခိဏာ၊ပုဂ္ဂိုလ်ကိုအသီးအခြားရည်မှတ်၍ပေးအပ်
သောအလှူမည်၏။ဗာဟိရကေ၊သာသနာတော်မှအပဖြစ်သော၊ ကာမေ
သုကာမဂုဏ်တို့၌၊ ဝီတရာဂေ၊ထင်ခြင်းကင်းသောဈာန်ရရသော တို့အား၊

ဒါနံ၊လှူဘွယ်ဝတ္ထုကို။ ဒေတိ၊ပေးလှူ၏။အယံ၊ ဤသို့ဈာန်ရရသေ့တို့အား ပေးလှူခြင်းသည်၊ဧကာဒသမိ။ တဆဲ့တကြိမ်မြောက်ဖြစ်သော၊ပါဋိပုဂ္ဂလိကာဒက္ခိဏာ။ပုဂ္ဂိုလ်ကိုအသီးအခြားရည်မှတ်၍ပေးအပ်သောအလှူမည်၏။ပုထုဇ္ဇနသီလဝန္တေ၊ သီလရှိသောပုထုဇဉ်ပုဂ္ဂိုလ်တို့အား။ ဒေတိ၊ပေးလှူ၏။အယံ၊ဤသို့သီလရှိသောပုထုဇဉ်ပုဂ္ဂိုလ်တို့အားပေးလှူခြင်းသည်၊ ဒွါဒသမိ၊ တဆယ့်နှစ်ကြိမ်မြောက် ဖြစ်သော။ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ၊ ပုဂ္ဂိုလ်ကို အသီးအခြားရည်မှတ်၍ ပေးအပ်သောအလှူမည်၏။ ပုထုဇ္ဇနဒုဿီလေ၊သီလမရှိသောပုထုဇဉ်ပုဂ္ဂိုလ်တို့အား။ ဒါနံ၊လှူဘွယ်ဝတ္ထုကို။ ဒေတိ၊ ပေးလှူ၏။ အယံ၊ ဤသို့သီလမရှိသောပုထုဇဉ်ပုဂ္ဂိုလ်တို့အားပေးလှူခြင်းသည်။ တေရသမိ၊တဆဲ့သုံးကြိမ်မြောက်ဖြစ်သော၊ ပါဋိပုဂ္ဂလိကာဒက္ခိဏာ။ ပုဂ္ဂိုလ်ကိုအသီးအခြားရည်မှတ်၍၊ ပေးအပ်သောအလှူမည်၏။တိရစ္ဆာနဂတေ၊ခွေးဝက်ကြက်ငှက်စသောတိရစ္ဆာန်တို့အား၊ဒါနံ၊လှူဘွယ်ဝတ္ထုကို။ဒေတိ၊ပေးလှူ၏၊အယံ၊ ဤသို့တိရစ္ဆာန်တို့အားပေးလှူခြင်းသည်။စုဒ္ဒသမိ၊ တဆဲ့လေးကြိမ်မြောက်သော။ ပါဋိပုဂ္ဂလိကာဒက္ခိဏာ။ ပုဂ္ဂိုလ်ကိုအသီးအခြားရည်မှတ်၍။ပေးအပ်သောအလှူမည်၏။ ။

အရဟတ္တဖိုလ်ကိုလို၍၊ဝိပဿနာကိုအားထုတ်သောအနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်သည်လည်းကောင်း။အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည်လည်းကောင်း အရဟတ္တဖိုလ်ကိုမျက်မှောက်ပြုခြင်းငှါ၊ ကျင့်သောပုဂ္ဂိုလ်မည်၏။ ။ အောက်မဂ်တို့၌လည်း။ ဤနည်းအစဉ်ဖြင့်သိအပ်၏။ အယုတ်ဆုံးအားဖြင့်။ သရဏဂုဏ် သုံးပါးသာ ဆောက်တည်၍ ကျင့်သော ပုထုဇဉ် သရဏဂုဏ်သုံးပါးနှင့်တကွ။ ငါးပါးသီလကိုဆောက်တည်၍ကျင့်သော ပုထုဇဉ်။သရဏဂုဏ်သုံးပါးနှင့်တကွ။ ဆယ်ပါးသောသီလကိုဆောက်တည်၍ကျင့်သောပုထုဇဉ်။ ပေးလှူသောနေ့ဖြည့်ကျင့်သောပုထုဇဉ်။သာမဏေသစ်။ ပေးလှူသည့်နေ့ပင် ပဉ္စင်းခံသောပုထုဇဉ်ရဟန်းသစ်။ ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံသောပုထုဇဉ်ရဟန်း၊ ကမ္မဋ္ဌာန်းကိုမပြတ်အားထုတ်သော။ယောဂီပုထုဇဉ်ရဟန်း။အလွန်သုံးအားဖြင့်။ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။ ဤရှစ်ယောက်သောပုဂ္ဂိုလ်တို့သည်၊ သောတာပတ္တိဖိုလ်ကိုမျက်မှောက်ပြုခြင်းငှါကျင့်သောပုဂ္ဂိုလ်မည်၏၊သာသနာတော်ပဈာန်ရရသေ့တို့သည်လည်းကောင်း၊ သုမေဓာရှင်ရသေ့တို့ကဲ့သို့။ သာသနာတော်ကွင်း၌ကြုံကြိုက်သော်လည်း။ ရဟန်းသာမဏေမပြုဘဲ၊ ရသေ့အကျင့်နှင့် ဈာန်သမာပတ်နှင့်နေသောသူသည်လည်းကောင်း၊ သာသနာ

တော်မှအဗ္ဗဝဗ္ဗာဟာ ိရကရသေ့မည်၏၊ သရေထာဂုဏ်မရှိဘဲငါးပါးသီလမျှသာတည်သောသူသည်၊ သီလရှိသောလူပုထုဇဉ်မည်၏ အကြွင်းနှစ်ပါးမှာထိုနည်းတူစွာမှတ်အပ်၏။ ။ဤအရာ၌မဂ်ဖိုလ်တို့သည်၊ တကြိမ်မျှသာဖြစ်လျက်၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကို၊ အဘယ်သို့ထူးနိုင်ပါအံ့နည်းဟူသောစောဒကကိုဖြေဆိုခြင်းငှါလည်းကောင်း၊

ကိံပနမဂ္ဂသမင်္ဂီဿ သက္ကာဒါနံဒါတုန္တိ အာမသက္ကာ၊ အရဉ္ဉဝိပဿကဿဟိပိဏ္ဍပါတဂေဟာဒွါရေဋ္ဌိတဿအာသနသာလာယဝါဝိဟာရေဝါနိသိန္နဿပတ္တမနုဿာခါဒနီယံဝါဘောဇနီယံဝါပက္ခိပန္တိပတ္တံဝါ အာဒါယဃရံဂတ္တွာပက္ခိပန္တိ၊ တဿ ခဏေမဂ္ဂဝုဋ္ဌာနံဟောတိ၊ ဒ္ဓဒါနံမဂ္ဂသမင်္ဂိနောဒိန္နံနာမ။ ။ဒက္ခိဏာဝိဘင်္ဂသုတ်အဋ္ဌကထာစသောကျမ်းတို့၌လာကုန်သည်၊ ။

အနက်ကား။ ။မဂ္ဂသမင်္ဂီဿ၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်အား။ ဒါနံ၊ လှူဘွယ်ဝတ္ထုကို၊ ဒါတုံ၊ ပေးလှူခြင်းငှါ၊ သက္ကာကိံပန၊ ထိုက်နိုင်ပါမည်လော။ ဓာတိ၊ ဤသို့မေးသည်ရှိသော်၊ အာမသက္ကာ၊ ထိုက်နိုင်ပါ၏၊ ဟိ၊ ထိုစကားကိုအကျယ်ချဲ့၍ဆိုဦးအံ့၊ အာရဉ္ဉဝိပဿကဿ၊ အားထုတ်အပ်သော ဝိပဿနာရှိသည်ဖြစ်၍၊ ပိဏ္ဍပါယ၊ ဆွမ်းခံခြင်းငှါ၊ ဂေဟဒွါရေ၊ အိမ်တခါး၌၊ ဌိတဿ၊ ရပ်သောရဟန်း၏၎င်း။ အာသနသာလာယဝါ၊ ဆွမ်းစားဇရပ်၌မူသည်းဖြစ်စေ၊ ဝိဟာရေဝါ၊ ကျောင်း၌မူလည်းဖြစ်စေ၊ နိသိန္နဿ၊ နေသောရဟန်း၏၎င်း၊ ပတ္တံ၊ သပိတ်၌၊ မနုဿာ၊ လူတို့သည်၊ ခါဒနီယံဝါ၊ ခဲဘွယ်ကိုသည်းကောင်း၊ ဘောဇနီယံဝါ၊ ဘောဇဉ်ကိုလည်းကောင်း၊ ပက္ခိပန္တိ၊ လောင်းလိုက်ကုန်၏၊ ပတ္တံဝါ၊ သပိတ်ကိုမူလည်း၊ အာဒါယ၊ ဆောင်ယူ၍၊ ဃရံ၊ အိမ်သို့၊ ဂတွာ၊ သွား၍၊ ပက္ခိပန္တိ၊ လောင်းလိုက်ကုန်၏။ တဿခဏေ၊ ထိုလောင်းဆဲသောခဏ၌ကား၊ မဂ္ဂဝုဋ္ဌာနံ၊ မဂ်ကိုရသည်၊ ဟောတိ၊ ဖြစ်၏၊ ဣဒံဒါနံ၊ ဤအလှူသည်၊ မဂ္ဂသမင်္ဂိနော၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်အား၊ ဒိန္နံနာမ၊ ပေးအပ်သောအလှူမည်၏၊ ဣတိအယံ၊ ဤသည်ကား၊ ပရိဟာရော၊ အဖြေတည်း။ ။

ပုဂ္ဂလိကဒါန၏အကျိုးကိုပြဦးအံ့၊

ထိုသို့ပြဆိုအပ်ပြီးသောပုဂ္ဂိုလ်ဘဲကျိပ်လေးဦးတို့အား၊ အသီးအသီးပေး

လှူရာ၌ရထိုက်သောအကျိုးအာနိသံသင်ရှိသည့်ကို။ ၎င်းမဟာဇက္ခိဏာဝိဘင်္ဂသုတ်ပါဠိတော်၌။

တတြာနန္ဒဟိရညာနဂတေဒါနံဒတွာသတဂုဏာဒက္ခိဏာပါဋိကင်္ခိတဗ္ဗာ။ပုထုဇ္ဇနဒုဿီလဒါနံဒတွာသဟဿဂုဏာဒက္ခိဏာပါဋိကင်္ခိတဗ္ဗာ။ပုထုဇ္ဇနသီလဝန္တေဒါနံဒတွာသတသဟဿဂုဏာဒက္ခိဏာပါဋိကင်္ခိတဗ္ဗာ၊ ဗာဟိရကေကာမေသုဝီတရာဂေဒါနံဒတွာကောဋိသတသဟဿ ဂုဏာဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။ သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္နေဒါနံဒတွာ အသင်္ချေယျာအပ္ပမေယျာဒက္ခိဏာပါဋိကင်္ခိတဗ္ဗာ။ ကောပနဝါဒေါသောတာပန္နေ။ ကောပနဝါဒေါ သကဒါဂါမိဖလ သစ္ဆိကိရိယာယပဋိပန္နေ။ကောပနဝါဒေါသကဒါဂါမိသ္မိ၊ကောပနဝါဒေါအနာဂါမိဖလသစ္ဆိကိရိယာယပဋိပန္နေ၊ ကောပနဝါဒေါအနာဂါမိသ္မိ ကောပနဝါဒေါအရဟတ္တဖလသစ္ဆိကိရိယာယပဋိပန္နေ။ကောပနဝါဒေါ အရဟန္တေ၊ကောပနဝါဒေါပစ္စေကဗုဒ္ဓေ၊ ကောပနဝါဒေါတထာဂတေအရဟန္တေသမ္မာသမ္ဗုဒ္ဓေ၊ ။ဟူ၍ဟောတော်မူသည်၊ ။

အနက်ကား၊ ။အာနန္ဒ၊ဉီးတော်အာနန္ဒာ။ တတြ၊ထိုတဆဲ့လေးပါးသောပုဂ္ဂလိကဒါနတွင်။တိရစ္ဆာနဂတေ၊တိရစ္ဆာန်တို့အား။ဒါနံ၊လှူဘွယ်ဝတ္ထုကို၊ဒတွာ၊ပေးလှူသည်ရှိသော်။ သတဂုဏာ၊ဘဝတရာကာလပတ်လုံး ကောင်းကျိုးချမ်းသာကို ပေးတတ်သော။ဒက္ခိဏာ၊ အလှူကို။ပါဋိကင်္ခိတဗ္ဗာ၊ အလိုရှိအပ်ကုန်၏။ ပုထုဇ္ဇနဒုဿီလေ၊သီလမရှိသောပုထုဇဉ်ပုဂ္ဂိုလ်တို့အား။ဒါနံ၊လှူဘွယ်ဝတ္ထုကို။ ဒတွာ၊ ပေးလှူသည်ရှိသော်။ သဟဿဂုဏာ၊ဘဝတထောင်အကျိုးကိုပေးနိုင်သော။ ဒက္ခိဏာ၊အလှူကို။ပါဋိကင်္ခိတဗ္ဗာ၊အလိုရှိအပ်ကုန်၏။ပုထုဇ္ဇနသီလဝန္တေ၊သီလရှိသောပုထုဇဉ်ရဟန်းတို့အား။ ဒါနံ၊လှူဘွယ်ဝတ္ထုကို။ ဒတွာ၊ ပေးလှူသည်ရှိသော်။သတသဟဿဂုဏာ၊ ဘဝတသိန်းကာလပတ်လုံး အကျိုးကိုပေးနိုင်သော၊ဒက္ခိဏာ၊အလှူကို။ပါဋိကင်္ခိတဗ္ဗာ၊အလိုရှိအပ်ကုန်၏။ ဗာဟိရကေ၊သာသနာတော်မှအပဖြစ်သော။ကာမေသု၊ကာမဂုဏ်တို့၌။ဝီတရာဂေ၊ ထင်ခြင်းကင်းသော ဈာနလာဘီပုဂ္ဂိုလ်တို့အား။ ဒါနံ၊လှူဘွယ် ဝတ္ထုကို ဒတွာ၊ပေးလှူသည်ရှိသော်။ဒက္ခိဏာ၊လှူဘွယ်ဝတ္ထုကို၊ပါဋိကင်္ခိတဗ္ဗာ၊ အလိုရှိအပ်ကုန်၏။သောတာပတ္တိဖလသစ္ဆိကိရိယာယ၊သောတာပတ္တိဖိုလ်

ကိုမျက်မှောက်ပြုခြင်းငှာ၊ ပရိပုဏ္ဏ။ ဘျင့်သောပုဂ္ဂိုလ်တို့အား၊ ဓါန်ထျှုတွယ် ဝတ္ထုကို၊ ဒတွာ ပေးသည်ရှိသော်၊ အသင်္ချေယျ၊ မရေတွက်နိုင်ကုန်သော၊ ဘဝတို့၌ကောင်းကျိုးချမ်းသာကိုစံနိုင်သောအဖြေ မေယျာ၊ မချင့်တွက် မပိုင်းခြားနိုင်ကုန်သောဘဝတို့၌၊ ကောင်းကျိုးချမ်းသာကိုပေးနိုင်သော၊ မဂ္ဂါဏာ၊ အထျှုကို၊ ပါဠိကာဝိ^၀^တဗ္ဗာ၊ အလိုရှိ ပေးကုန်ရာ သောတားပ ဋ္ဌေ၊ သောဘာဝပန်ပုဂ္ဂိုလ်တို့အား၊ ဒိဋ္ဌေ ပေးထျှုရာနှိုက်၊ ကောပနဝါ ဒေါ၊ အဘာယ်ဆိုဘွယ်ရာရှိအံ့နည်း၊ ပ၊ထဘာဂတော၊ ထာဖြင်းကောင်း ထော်မူကုန်သော၊ သမ္မာသဗ္ဗုဒ္ဓေ၊ သဗ္ဗညုမြတ်စွာဘုရားသခင်တို့အား၊ ဒိ ဋ္ဌေပေးထျှုရာနှိုက်၊ ကောပနဝါဒေါ၊ အဘာယ်ဆိုဘွယ်ရှိအံ့နည်း၊ ၊ယာခ အခါ၊ သာသနာတော်တွင်းနှိုက် ကြိုကြိုကြံ့ရ၍ပုဂ္ဂလိကအထျှုကိုပေးလို သောသူတို့သည်၊ ယနေ့ ယာချပြုသစ်သောသာမဏေတော့ဝ၍ မဟာထေ့တိုင် အောင်သောပုဂ္ဂိုလ်တို့နှိုက်၊ သီလဝသောဂုဏ်အထူးရှိသေသော၊ ဘုရား သားတော်သံဃာတော် ပေဘည်းဟု၊ ဂုဏ်အထူးကိုယူ၍ ပေးထျှု ရာ၏၊ ဤခုဟာန်းကား၊ ငါတို့၏သားတည်း၊ ဤရဟာန်းကား၊ ငါတို့၏မြေး တည်း၊ ဤရဟာန်းကား၊ ငါတို့၏ဆွေမျိုးတည်း၊ ဤရဟာန်းကား၊ ငါတို့၏သား ဆရာပေဘည်း၊ ဤရဟာန်းကါ၊ ငါတို့၏မြေးဆရာပေးတည်း၊ ဤရဟာန်းကား၊ ငါတို့ကိုးကွယ်သောရဟာန်းပေဘည်း၊ ဤရဟာန်းကား၊ ငါတို့ကိုစောင်မ ပေးသောရဟာန်းပေတည်း၊ ဤရဟာန်းကား၊ ငါတို့အခပ်သားပေတည်း၊ ဤ သို့အစရှိသော တဏှာအစဉ်သည်ယောဒဉ်ကွန်ရက်ဖြင့်၊ မြေးရှက်ချည် နှောင်သောစိတ်ထားကို ရှေ့သွားမဖြစ်စေရာ၊ ထိုသို့မြေးရှက် ဖိတ်ကာ ထွယ်တာငဲ့ကွက်သောစိတ်ဖြင့်ပေးလျှုသည်ရှိသော်၊ မြေရေကောင်းနှိုက် စိုက်ပျိုးအပ်သောမျိုးစေ့သည်၊ ခက်ဖြာညွန့်ရှည်စည်ဝင်ကြီးပွားသင့်ပါ လျက်၊ သျှုရစ်ကလိင်၊ ကြိမ်နွယ်တို့ဖြင့်၊ ရစ်ပတ်ချည့်နှောင်သောကြောင့် မကြီးပွားနိုင်သောသစ်ပင်ငယ်ကဲ့သို့သည်းကောင်း၊ မိုးသာကုန်၍၊ ဂုဏ်မ ထင်ဆိုဘိသကဲ့သို့လည်းကောင်း၊ ပစ္စည်းသာကုန်၍၊ အကျိုးစီးပွါးမကြီးမါး ဘဲမဖြစ်စေရာ၊ ထို့ကြောင့် လူနှင့်ရဟာန်းနှစ်ဦးတို့တွင်၊ နှစ်ဦးစလုံးပင်ထ ကျောခင်တွယ်မစင်ကြယ်က၊ ဂါဟာဂါဟက၊ လူသည့်ယခင်ဖြဲအင်ပြီး သောနည်းအစဉ်ဖြင့်၊ မစင်မကြယ်တကျောတွယ်လျက်၊ ပေးဆက်လျှုဒါန်း အပ်သည်ကို၊ ရဟာန်းမြဘ်ကဂိပဋိသံသဒ္ဓပေမဝင်၊ သန့်စင်သက်သက်၊ အဂ္ဂဒက္ခိဏေယျ ယုတ္တာဓမ္မအာဒိဝဖြစ်ဘိမူ၊ လူ၏အတွက်ကြေးညော်

သက်၍။ တဘက်မစင်သောကြောင့်ဂါဟမုတ္တက၊ လူကခွာမှုသံသရာ ရှည်ဖူးဂုဏ်အရေးကို ဆွတ်ရှူးဆက်ကပ်ပါလျက်။ ရဟန်းဘက်ကငဲ့ ကွက်မစင်ဘဏ္ဍာဂ်မှု၊ မစင်တဘက်ရဟန်းတွက်ကြောင့်မုတ္တဂါဟ က။လူ့နှင့်ရဟန်းမဆန်းမပြား။ တရားမဘယ်ငြိတွယ်မကွက်။ ကြာဘက် ကျရေ၊စင်ကြယ်ပေမူ။ထိုအလှူသည်။တိမ်မြူမစွန်းလဖြည့်ဝန်းသို့၊ ထွန်း ပဖြိုးမော်။ကောင်းကျိုးရောံသောကြောင့်မုတ္တမုတ္တကမည့်၏၊ထို့ကြောင့် နောက်စတုတ္ထမုတ္တကစစ်မဖြစ်ချေ။ အရဟန္တာ။ရဟန္တာအရှင်မြတ် တို့ကို။ ဆက်ကပ်လှူဒါန်းရသော။ အလှူပင်ဖြစ်ထငြားသော်လည်း၊ ချမ်းသာသုံးပါး၏အကျိုးစီပွါးကြီးမ းခိုင်ခန့်ခြင်းသို့မရောက်ကုန်ရာ။ဟူ၍ အဓိပ္ပါယ်ဆိုလိုသည်။ ။ထိုကြောင့်။

ဂုဏဝန္တာနံ့ သမဏဗြဟ္မဏာနံ ဂုဏံသလ္လက္ခေတွာစိတ္တံပသာဒေ တွာဖလံပဋိသဒ်ါယတိ သောစေတနာဝိသောဓေတွာဒိန္နာဒက္ခ ဏာအပ္ပမတ္တကာနာမနတ္ထိ။ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေမဟာသမ္ပတ္တိမေဝ ဒေတိ။ ။ဟူ၍။သုတ္တနိပါတ်အဋ္ဌကထာ၌လာသည်။

အနက်ကား။ ။ဂုဏဝန္တာနံ၊ သီလသမာဓိအစရှိသော ဂုဏ်တို့နှင့် ပြည့်စုံကုန်သော။ သမဏ ဗြဟ္မဏာနံ။ ရဟန်းပုဏ္ဏားတို့၏။ ဂုဏံ။ သီလသမာဓိ အစရှိသော ဂုဏ်ကို၊ သလ္လက္ခေတွာ။ မှတ်၍၊ စိတ္တံ။ စိတ်ကို၊ ပသာဒေတွာ။ ကြည်ညိုစေ၍။ ဖလံ၊ အကျိုးကို။ ပဋိ သဒ်ါယ။ဆင်ခြင်၍။ တိသောစေတနာ၊ သုံးတန်သောစေတနာတို့ကို။ ဝိသောဓေတွာ။သုတ်သင်ရှင်းလင်း၍။ဒိန္နာ၊ပေးလှူအပ်သော။ဒက္ခိဏာ။အ လှူသည်၊အပ္ပမတ္တကာနာမ။ နည်းသောအကျိုးမည်သည်။ နတ္ထိ။မရှိ၊နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ၊ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌။ မဟာသမ္ပတ္တိမေဝ။ကြီးကျယ် များမြတ်သော စည်းစိမ်ချမ်းသာကိုသာလျှင်။ ဒေတိ။ပေးနိုင်၏၊ ။ ထိုဒေသနာတော်အဓိပ္ပာယ်ကား။ သီလသမာဓိအစရှိသောဂုဏ်တို့ နှင့်ပြည့်စုံကုန်သောရဟန်းပုဏ္ဏားတို့၏၊ သီလသမာဓိအစရှိသောဂုဏ်ကို မှတ်ယူပြီးလျှင်၊စိတ်ကိုကြည်ညိုစေ၍။အကျိုးစီးပွားကိုဆင်ခြင်စဉ်းစား ၍။သုံးပါးသောစေတနာတို့ကို။သုတ်သင်ရှင်းလင်း၍။ လှူအပ်သောအလှူ သည်။နည်းသောအကျိုးပေးခြင်းမရှိ။ ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌။ဇော တိက။ဇဋိလ။မေဏ္ဍက။ဘာက။ပုဏ္ဏ။ အစရှိသောသူဌေးတို့ကဲ့သို့လှူဒါန်း ပေးကမ်းစွန့်ကြဲ၍ မကုန်နိုင်သော။ စည်းစိမ်ဥစ္စာရတနာတို့နှင့်၊ ပြည့်စုံ

ကုန်လုံးကြွယ်ဝခြင်းသို့ရောက်သည်သာလျှင်တည်း။ ဤကားပုဂ္ဂလိကဒါန၏အကျိုးကိုပြဆိုအပ်သောစကားအစဉ်တည်း။

---

## သံဃိကဒါနခုနှစ်ပါးသည်ပါးကိုပြဆိုပေအံ့။

ပုဂ္ဂလိကဒါနကိုပြဆိုပြီး၍။ သံဃိကဒါနကို ပြဆိုပေအံ့။ သံဃိကဒါနသည်။ ဗုဒ္ဓပမုခ အစရှိသော အားဖြင့်။ ခုနှစ်ပါး အပြား ရှိကုန်၏။ ထို့ကြောင့်။ ။

> သတ္တခေါပနာနန္ဒ သံဃဂတာ ဒက္ခိဏာ။ ဗုဒ္ဓပမုခေဥဘတော သံဃေဒါနံဒေတိ။ အယံပဌမာ သံဃဂတာဒက္ခိဏာ။ တထာဂတေပရိနိဗ္ဗုတေဥဘတောသံဃေဒါနံဒေတိ။ အယံဒုတိယာသံဃဂတာဒက္ခိဏာ။ ဘိက္ခုသံဃေဒါနံဒေတိ။ အယံတတိယာသံဃဂတာဒက္ခိဏာ။ ဘိက္ခုနီသံဃေ ဒါနံဒေတိ။ အယံစတုတ္ထာသံဃဂတာဒက္ခိဏာ။ ဧတ္တကာမေဘိက္ခူစဘိက္ခုနိယောစသံဃတောဥဒ္ဒိဿထာတိဒါနံဒေတိ။ အယံပဉ္စမီ သံဃဂတာဒက္ခိဏာ။ ဧတ္တကာမေဘိက္ခူသံဃတော ဥဒ္ဒိဿထာတိဒါနံ ဒေတိ။ အယံဆဋ္ဌီသံဃဂတာဒက္ခိဏာ။ ဧတ္တကာမေဘိက္ခုနိယော သံဃတောဥဒ္ဒိဿထာတိဒါနံဒေတိ။ အယံသတ္တမီသံဃဂတာဒက္ခိဏာ။ ။ဟူ၍မဟာဒက္ခိဏာဝိဘင်္ဂသုတ်ပါဠိတော်၌ဟောတော်မူသည်။

အနက်ကား။ ။အာနန္ဒ၊ ညီတော်အာနန္ဒာ။ ခေါပန၊ စင်စစ်သော်ကား။ သံဃဂတာဒက္ခိဏာ၊ သံဃာကိုရည်မှတ်၍ ပေးအပ်သော အလှူတို့သည်။ သတ္တ၊ ခုနှစ်ပါးတို့တည်း။ ဗုဒ္ဓပမုခေ။ ဘုရားအမှူးရှိသော။ ဥဘတော သံဃေ၊ ရဟန်းယောကျ်ား ရဟန်းမိန်းမအားဖြင့်။ နှစ်ပါးသော သံဃာ၌။ ဒါနံ၊ လှူဖွယ်ဝတ္ထုကို။ ဒေတိ။ ပေးလှူ၏။ အယံ။ ဤသို့ဘုရားအမှူးရှိသောသံဃာနှစ်ပါးအား။ ပေးလှူခြင်းသည်၊ ပဌမာ၊ ရှေးဦးစွာသော။ သံဃဂတာဒက္ခိဏာ၊ သံဃာတော်ကိုရည်မှတ်၍။ ပေးအပ်သော အလှူမည်၏။ တထာဂတေ။ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန်စံယူတော်မူပြီးသည်ရှိသော်။ ဥဘတောသံဃေ၊ ရဟန်းယောကျ်ား။ ရဟန်းမိန်းမအားဖြင့်။ နှစ်ပါးသောသံဃာတော်တို့အား။ ဒါနံ၊ လှူဖွယ်ဝတ္ထုကို။ ဒေတိ။ ပေးလှူ၏။ အယံ။ ဤသို့သံဃာနှစ်ပါးအားပေးလှူခြင်းသည်။ ဒုတိယာ၊ နှစ်

ကြိမ်မြောက်သော။ သံဃာဂဏာဒကမ္မဝါစာ၊ သံဃာတော်ကိုရည်မှတ်၍။ ပေးအပ်သောအလှူမည်၏၊ ဘိက္ခုသံဃော ရဟန်းယောကျ်ားသံဃာတို့အား။ဒါနံ၊ လှူဘွယ်ဝတ္ထုကို၊ ဒေတိ၊ ပေးလှူ၏၊ အယံ။ ဤသို့။ ရဟန်းယောကျ်ား သံဃာတော်တို့အားပေးလှူခြင်းသည်။ ဒုတိယာ။သုံးကြိမ်မြောက်သော။ သံဃာဂဏာဒကမ္မဝါစာ။ သံဃာတော်ကိုရည်မှတ်၍ပေးလှူအပ်သောအလှူမည်၏။ ဘိက္ခုနီသံဃော။ရဟန်းမိန်းမသံဃာတို့အား။ဒါနံ။ လှူဘွယ်ဝတ္ထုကို။ဒေတိ ပေးလှူ၏။အယံ။ ဤသို့ရဟန်းမိန်းမသံဃာတော်တို့အား။ပေးလှူခြင်းသည်၊ စတုတ္ထံ။လေးကြိမ်မြောက်သော။ သံဃာဂဏာဒက္ခိဏာ။ သံဃာတော်ကိုရည်မှတ်၍ပေးအပ်သောအလှူမည်၏။ မေ၊အာကျွန်ုပ်အား။ဘွေကာ။ ဤမျှလောက်ကုန်သော။ဘိက္ခုစ၊ ရဟန်းယောကျ်ားတို့ကိုလည်းကောင်း။ဘိက္ခုနိယောစ ရဟန်းမိန်းမတို့ကိုလည်းကောင်း။သံဃာတော၊သံဃာတော်၌။ ဥဒ္ဒိဿထ၊ညွှန်ချတော်မူပါကုန်သော၊ ဇာတိ။ဤသို့လျှော်သားတောင်းပန်၍၊ဒါနံ၊လှူဘွယ်ဝတ္ထုကို၊ဒေတိ၊ပေးလှူ၏။ အယံ၊ဤသို့ညွှန်ချသော ရဟန်းယောကျ်ား။ ရဟန်းမိန်းမသံဃာနှစ်ပါးတို့အား။ပေးလှူခြင်းသည်။ ပဉ္စမီ၊ ငါးကြိမ်မြောက်သော၊ သံဃာဂဏာဒကမ္မဝါစာ။သံဃာတော်ကိုရည်မှတ်၍ ပေးအပ်သောအလှူမည်၏။မေ၊အား။ ဘွေကာ။ကုန်သော။ ဘိက္ခူ၊ရဟန်းယောကျ်ား ရဟန်းမိန်းမတို့ကို၊ သံဃာတော၊သံဃာတော်၌။ဥဒ္ဒိဿထ။ ညွှန်ချတော်မူပါကုန်၊ဇာတိ။ ဤသို့လျှော်ထားတောင်းပန်၍။ဒါနံ၊လှူဘွယ်ဝတ္ထုကို။ဒေတိ။ပေးလှူ၏။ အယံ၊ဤသို့ညွှန်ချသောရဟန်းယောကျ်ားသံဃာတော်အား ပေးလှူခြင်းသည်၊ဆဋ္ဌီ၊ ခြောက်ကြိမ်မြောက်သော။သံဃာဂဏာဒကမ္မဝါစာ။သံဃာတော်ကိုရည်မှတ်၍။ပေးအပ်သောအလှူမည်၏၊မေ။အကျွန်ုပ်အား၊ ဘွေကာ၊ဤမျှလောက်ကုန်သော၊ဘိက္ခုနိယော။ရဟန်းမိန်းမတို့ကို။သံဃာတော။သံဃတော်မှ။ဥဒ္ဒိဿထ၊ညွှန်ချတော်မူပါကုန်။ ဇာတိ။ ဤသို့လျှောက်ထားတောင်းပန်၍။ ဒါနံ။ လှူဘွယ်ဝတ္ထုကို၊ဒေတိ၊ပေးလှူ၏။အယံ၊ ဤသို့ညွှန်သောရဟန်းမိန်းမသံဃာတော်အားပေးလှူခြင်းသည်။ သတ္တမီ.ခုနစ်ကြိမ်မြောက်သော။သံဃာဂဏာဒက္ခိဏာ။သံဃာတော်ကိုရည်မှတ်၍၊ပေးအပ်သောအလှူမည်၏။ ။

ဤခုနစ်ပါးသော သံဃိကတို့တွင်။ ကျောင်းအများရှိသောကျောင်းတိုက်၌။တိုက်လုံးရှိသံဃာတို့သည်းကောင်း။ ထိုကျောင်းတိုက်အတွင်း၌ဝင်။တကျောင်းထကျောင်းတွင်ရှိသောသံဃာတို့ကိုလည်းကောင်း၊ တိုက်

မှအဝဖြစ်သောအချင်တို့၌၊ တရုံတခုသောအကြောင်းတို့ကြောင့်ထပေါင်း
တည်းစည့်ဝေး၍တည်သော၊ သံဃာတို့ကိုသော်လည်းကောင်း၊ထပေါ်မ
ကျန်သံဃာတော်တို့ကြည်ညိုလေးမြတ်သောစိတ်ဖြင့်လှူဒါန်းပူဇော်ခြင်း
သည်။ တတိယဖြစ်သောမဟာနိယောကျ်ားသံဃာတော်အားပေးလှူသည့်
မည်၏၊ဆိုအပ်ခဲ့ပြီးသောသံဃာတော်သုံးရပ်တို့ကို၊ အကုန်မပင့်မလှူနိုင်
၍၊ သံဃာတော်ကြီးများကိုဖြစ်စေ၊ ဆွမ်းညွှန်သမှုတိရ သံဃာကိုဖြစ်
စေ၊ သံဃာတော် အားလုံးကိုပင်ဖြစ်စေ၊ သံဃာတော်တို့အားလှူဒါန်းပူ
ဇော်လိုပါသည်၊ သံဃာတကျိပ်ကိုညွှန်ချတော်မူပါ၊ သံဃာငါးပါးကို
ညွှန်ချတော်မူပါ၊ သံဃာတပါးကိုညွှန်ချတော်မူပါစသည်ဖြင့်၊ပါဠိထက်
ပွမ်းနိုင်သမျှ၊ လျှောက်ထား တောင်းပန်၍၊ ထိုအရှင်တို့က ညွှန်ချသော
သံဃာကိုကြည်ညိုလေးမြတ်သောစိတ်ဖြင့်၊ လှူဒါန်းပူဇော်သည့်ရှိသော်၊
အဋ္ဌမမြောက်သောမဟာနိယောကျ်ားသံဃာတော်အားပေးလှူသည်မည်
၏၊ထင်းသို့ညွှန်ချရာ၌၊သာမဏေငယ်အထေရ်မှုသထေရ်စသည့်တို့ကိုရ၍၊
နှစ်လုံးမသာ ရှိသော်လည်းကောင်း၊ သီလဝန္တ ဂုဏဝန္တကိုရ၍၊ ဝမ်း
မြောက်နှစ်သက်သော်လည်းကောင်း၊သံဃာတော်ကိုရည်မှတ်၍ပေးအပ်
သော၊သံဃိကအလှူမမြောက်ချေ၊ သံဃာကိုရည်မှတ်၍ပေးအပ်သော
သံဃိကအလှူမမြောက်ဆိုရာ၌၊သံဃိကသည်၊ ဒါနသံဃိက၊သဒ္ဓါသံဃိ
ကနှစ်ပါးရှိသည့်တွင်၊ ဒါနမှုကားသံဃာမှညွှန်ချ၍၊ ရအပ်သောပုဂ္ဂိုလ်နှ
တည်သောကြောင့်၊ သံဃိကမြောက်၏၊သဒ္ဓါမှုကားသံဃာနှမတည်၊ ရ
အပ်သောပုဂ္ဂိုလ်အထူးကိုအစွဲပြု၍၊ ကွဲပြားသောအားဖြင့်၊ပုဂ္ဂိုလ်နှတည်
သောကြောင့်၊သံဃိကမမြောက်ဟုဆိုလိုသည်၊အယုတ်အမြတ်မရွေးမူ
၍၊ဘုရားသားတော်သံဃာတော်ပေတည်းဟု၊ အတူအမျှမရွေးမသာ
ကြည်ညိုလေးမြတ်နိုင်ခဲ့သော်လျှင်၊ဒါနသဒ္ဓါနှစ်ပါးစုံသံဃိက မြောက်ချေ
သည်၊ယင်းသို့သံဃိကမြောက်နိုင်က၊ညွှန်ချ၍ ရအပ်သောဒုဿီလကို
ပင်၊ ပေးလှူရသောအကျိုးသည်၊ မဟာန္တာအရှင်မြတ်ကို၊ ပုဂ္ဂလိကလှူ
ရသောအကျိုးထက်၊ သာလွန်ကဲမိုးလွန်မြတ်၏၊

ဤမဟာဒက္ခိဏာဝိဘင်္ဂသုတ်၌တပါး၊ အခြားကျမ်းဂန်တို့၌လာသော၊
သံဃိကကိုပြဆိုလိုက်ဦးအံ့၊ဗုဒ္ဓပမုခဘိက္ခုသံဃိက၊ ဗုဒ္ဓပမုခစတုဒ္ဒိ
သာဘိက္ခုသံဃိကဟူ၍နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတွင်၊ဘုရားနှင့်တကွ
သောသံဃာတော်အားပေးလှူခြင်းသည်လည်းကောင်း၊သက်တော်ထင်

ရှားရှိတော်မူသော။မြတ်စွာဘုရားသည်။ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ဓါတ်တော်မွေတော်။ ရုပ်ထုတော် စေတီတော်နှင့်တကွသော သံဃာ တော်အား ပေးလှူခြင်းသည်လည်းကောင်း၊ ဗုဒ္ဓပမုခဘိက္ခုသံဃိက မည်၏။ထိုသို့မည်ရာတွင်။ဓါတ်တော်မွေတော်ရုပ်ပွါးတော်နှင့်တကွ။ပေး လှူရာနိုက်ဓါတ်တော်မွေတော် ရုပ်ပွါးတော်၏အရာအကို့ ဖြစ်သော။စား ဘွယ် သောက်ဘွယ်တို့ကို။ ထိုဓါတ်တော်မွေတော် ရုပ်ပွါးတော်နိုက်။ စောင့်ရှောက်၍ဝတ်ပြုသောရဟန်းအားပေးရာ၏။ အဘ၏အမွေကိုသားမံ ယူဘိသကဲ့သို့၊လှူရာပါ သံဃာများကိုသော်လည်းဝေရာ၏။ ဆီထော ပတ်ကို မီးပူဇော်ခြင်း အဝတ်အထည်ကိုတခွန်ပြုခြင်းတို့ဖြင့်။ ထိုစေတီ တော်မှာပင်ပူဇော်ရာ၏။ ယခင်ဆိုအပ်ခဲ့ပြီးသောနည်းအစဉ်ဖြင့်၊ ရောက် ပြီးရောက်ဆဲရောက်လတ္တံ့သောသင်္ဃာတော်အားလှူခြင်းသည်၊ ဗုဒ္ဓပမု ခစတုဒိသာသံဃိကမည်၏ဟူ။ဥပရိပဏ္ဏာသအဋ္ဌကထာ။အင်္ဂုတ္တရအဋ္ဌ ကထာတို့၌လာ၏ ထိုမှတပါးရုပ်ပွါးဆင်းတုတော်မပါဘဲ။အရပ်လေးမျက် နှာရှိသံဃာတော်အားသာပေးလှူခြင်းသည်။စတုဒိသာသံဃိကမည်၏ ဟူ၊နဝမနိပါတ်အင်္ဂုတ္တိုရ်ကျမ်း။ဝေလာမသုတ်ပါဠိတော်၌လာသည်၊ ။ ထို့ကြောင့် မဟာဒက္ခိဏာဝိဘင်္ဂသုတ်နိုက်။ သာဝသေသနည်းအားဖြင့်။ ဟောတော်မူအပ်သော။ သံဃိကခုနစ်ပါး။ကျမ်းတပါးတို့၌လာသော။ သံဃာ ကသုံးပါးအားဖြင့်၊သံဃိကဒါနသည်ဆယ်ပါးဖြစ်သတည်း၊ ။ ဤသည်ကား၊သံဃိကဒါနကိုပြဆိုခြင်းတည်း၊

---

သံဃိကဒါန၏အကျိုးကိုပြဆိုဦးအံ့။

ထိုသို့ဆိုအပ်ခဲ့ပြီးသော။ သံဃိကဒါနကိုပေးလှူရာနိုက်။ ရထိုက် သောအကျိုးအာနိသံသတို့သည်ကား။

ဘဝိဿန္တိ ခေါပနာနန္ဒအနာဂတမဒ္ဓါနံ ဂေါတြဘုနောကာသာဝ
ကဏ္ဍာဒုဿီလာ ပါပဓမ္မာပါပသမာစာရာ တေသုဒုဿီလေသု
သံဃံဥဒ္ဒိဿဒါနံ ဒဿန္တိ။တဒါပဟံအာနန္ဒသံဃဂတံဒက္ခိဏံ
အသင်္ချေယျံ အပ္ပမေယျံဝဒါမိ။ နတွေဝါဟံအာနန္ဒ ကေနစိပရိ
ယာယေနသံဃဂတာဒက္ခိဏာပါဋိပုဂ္ဂလိကဒါနံ။ မဟပ္ဖလတရန္တိ
ဝဒါမိ၊ ။ဟူ၍မဟာဒက္ခိဏာဝိဘင်္ဂသုတ်၌ဟောတော်မူသည့် ။

အနက်ကား၊ အာနန္ဒ၊ ညီတော်အာနန္ဒာ၊ ခေါပန၊ စင်စစ်သော်ကား၊ အာနာဂတေ၊ မဒ္ဒါနံ၊ နောင်ထာလတ္တံ့သောအခါ၌၊ ဂေါတြဘုနော၊ ရဟန်းမျိုးအနွယ်မျှသာဖြစ်ကုန်သော၊ ကာသာဝကဏ္ဌာ၊ သင်္ကန်းကိုလည်၌စွပ်ပတ်ကုန်သော၊ ပါပဓမ္မာ၊ ယုတ်မာသောသဘောရှိကုန်သော၊ ပါပသမာစာရာ၊ မကောင်းသောအကျင့်ရှိကုန်သော၊ ဒုဿီလာ၊ သီလမရှိသောပုဂ္ဂိုလ်တို့သည်၊ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့၊ တေသုဒုဿီလေသု၊ ထိုသီလမရှိသောပုဂ္ဂိုလ်တို့အား၊ သံဃံ၊ သံဃာတော်ကို၊ ဥဒ္ဒိဿ၊ ရည်မှတ်၍၊ ပဏ္ဍိတာ၊ ပညာရှိတို့သည်၊ ဒါနံ၊ အလှူဝတ္ထုကို၊ ဒဿန္တိ၊ ပေးလှူကြကုန်လတ္တံ့၊ အာနန္ဒ၊ ညီတော်အာနန္ဒာ၊ တဒါပိ၊ ထိုသို့ပေးလှူသောအခါ၌လည်း၊ သံဃဂတံ၊ သံဃာတော်ကိုရည်မှတ်၍ပေးလှူသော၊ ဒက္ခိဏံ၊ အလှူကို၊ အသင်္ချေယျံ၊ အပ္ပမေယျံ၊ မရေတွက်နိုင်မပိုင်းခြားနိုင်သောအကျိုးအာနိသင်ရှိ၏ဟူ၍၊ အဟံ၊ ငါဘုရားသည်၊ ဝဒါမိ၊ ဟောတော်မူ၏၊ အာနန္ဒ၊ ညီတော်အာနန္ဒာ၊ ကေနစိပရိယာယေန၊ တစုံတခုသောအကြောင်းဖြင့်၊ သံဃဂတာဒက္ခိဏာ၊ သံဃကအလှူထက်၊ ပါဋိပုဂ္ဂလိကဒါနံ၊ ပုဂ္ဂလိကအလှူကို၊ မဟပ္ဖလတရန္တိ၊ အကျိုးကြီးမြတ်၏ဟူ၍၊ အဟံ၊ ငါသည်၊ နတွေဝဝဒါမိ၊ ဟောတော်မမူသလျှင်ကတည်း။

ဤသံဃိကဒါန၌၊ အယုတ်သဖြင့်၊ သံဃာဇွန်ပြု၍ရအပ်သောဒုဿီလပုဂ္ဂိုလ်အားမဘောက်မပြန်သံဃာတော်ဟူသောအမှတ်ဖြင့်၊ လေးမြတ်ကြည်ညိုစွာပေးလှူရခြင်းသည်၊ ရဟန္တာအရှင်မြတ်အား၊ ပုဂ္ဂလိကပေးလှူရသောထက်အကျိုးကြီးမြတ်လေသေး၏၊ ။ထိုကြောင့်။

သံဃေ စိတ္တီကာရံ ကာတုံ သက္ကောန္တဿဟိ ခီဏာသဝေ ဒိန္နဒါန
တော ဥဒ္ဒိဿတွာ ဂဟိတေ ဒုဿီလေ ဒိန္နံ မဟပ္ဖလတရမေဝ၊ ။
ဟူ၍မဟာဒက္ခိဏာဝိဘင်္ဂသုတ်အဋ္ဌကထာ၌လာသည်၊

အနက်ကား၊ ။ဟိသစ္စံ။ ဆိုစကားသည်မှန်၏။ သံဃေ။ သံဃာတော်၌၊ စိတ္တီကာရံ၊ ရိုသေခြင်းကို၊ ကာတုံ၊ ပြုခြင်းငှါ၊ သက္ကောန္တဿ၊ တတ်နိုင်သည့်ရှိသော်၊ ခီဏာသဝေ၊ ရဟန္တာပုဂ္ဂိုလ်အား၊ ဒိန္နဒါနတော၊ ပေးအပ်သောအလှူထက်၊ ဥဒ္ဒိဿတွာ၊ ချည်ညွှန်း၍၊ ဂဟိတေ၊ ယူအပ်သော၊ ဒုဿီလေ၊ သီလမရှိသောပုဂ္ဂိုလ်အား၊ ဒိန္နံ၊ ပေးအပ်သောအလှူသည်၊ မဟပ္ဖလတရမေဝ၊ အကျိုးကြီးမြတ်သည်သာလျှင်တည်း။ ။ထိုကြောင့်၊

အင်္ဂီဟုတ္တံ့ရခံယာည့် သာဝိတ္တိဆန္ဒသောမုခံ။
ရာဇာရခံမနုဿာနံ။နဒီနံသာဂရောရခံ။ ။
စန္ဒ္ဒါနက္ခတ္တာနံရခံ။အာဒိစ္စောတပတံရခံ။
ပုည့်အာကင်္ခမာနာနံ။သံဃောယဝေဇတံရခံ။ ။
ဟူ၍သုတ္တနိပါတ်သေလသုတ်ပါဠိတော်၌ဟောတော်မူသည်။

အနက်ကား။ ။သည့်ယဇ်ပူဇော်ခြင်းသည်။အင်္ဂီဟုတ္တံ့ရခံ၊မီးပူဇော်ခြင်းလျှင်အကြီးအကဲဖြစ်၏၊သာဝိတ္တိ၊သာဝိတ္တိမည့်သောကျမ်းသည်။ဆန္ဒသော။ဆန်းကျမ်း၏၊ရခံ၊အကြီးအကဲဖြစ်၏။ ရာဇာ၊မင်းသည်၊မနုဿာနံ။လူတို့၏။ရခံ၊အကြီးအကဲမည်၏။သာဂရော။သမုဒ္ဒရာသည်။နဒီနံ၊မြစ်တို့၏။ရခံ။အကြီးအကဲဖြစ်၏။စန္ဒော၊လမင်းသည်။နက္ခတ္တာနံ။နက္ခတ်တို့၏။ရခံ၊အကြီးအကဲဖြစ်၏။အာဒိစ္စော၊နေမင်းသည်။ တပတံ။အရောင်အဝါထွန်းလင်းသမျှသောဝတ္ထုတို့၏။ရခံ။အကြီးအကဲဖြစ်၏၊သံဃော။သံဃာတော်သည်။ပုည့်၊ကောင်းမှုကို၊အာကင်္ခမာနံ၊အလိုရှိကုန်သည်ဖြစ်၍။ ယဇတံ၊လှူဒါန်းပူဇော်ကုန်သောသူတို့၏၊ဝေ၊စင်စစ်၊ရခံ၊အကြီးအကဲဖြစ်၏။ တနည်းပြဆိုလိုက်ဦးအံ့။ ။ထို့ကြောင့်၊

ကာသာဝကဏ္ဌာသံဃာဿ ဒိန္နဒက္ခိဏံပန ကောသောဝေတိတိ၊
သာရိပုတ္တမောဂ္ဂလာနာဒယော အသီတိမဟာထေရာသောခေန္တိ
အဝိစဗုဒ္ဓကာလေ ပရိနိဗ္ဗုတေထေရေအာဒိ ကတွာ ယာဝဇ္ဇခရေ
မာနာ ဝိဘာသ ဝါ သာခေန္တိ ယေဝ။ ။
ဟုင်းအဋ္ဌကထာ၌လာကုန်သည်။ ။

အနက်ကား။ ။ကာသာဝကဏ္ဌာသံဃာဿ။ ဤသာသနာတော်၌ကိုက်သင်္ကန်းကိုလည်ပင်း‌ရောက်၍။ ကသောက်ကရောက်နေကုန်သောဒုသီလရဟန်းတို့အား။ဒိန္နဒက္ခိဏံပန။ပေးလှူအပ်သောသံဃိကအလှူကိုမူကား ကော၊ အဘယ်သံဃာသည်၊ သောဓေတိ။ အကျိုးကြီးအောင် ချီးမြှောက်သင့်ပေအံ့နည်း။ ဆုတိအယံ၊ဤသည်ကား။ စောဒနာ၊စောဒနာခြင်းတည်း။ သာရိပုတ္တမောဂ္ဂလာနာဒယော။ အရှင်သာရိပုတ္တရာ။ အရှင်မဟာမောဂ္ဂလာန်အစရှိကုန်သော။အသီတိမဟာထေရာ၊ ရှစ်ကျိပ်သောမဟာထေရ်တို့သည်။ သောခေန္တိ၊ အကျိုးကြီးအောင်ချီးမြှောက်သုတ်သင်ပေကုန်၏။ အဝိစ၊စင်စစ်သော်ကား။ ဗုဒ္ဓကာလေ၊မြတ်စွာဘုရားလက်ထက်တော်၌၊ ပရိနိဗ္ဗုတေ၊ ကိလေသာငြိမ်းတော်မူကုန်ပြီးသော၊ ထေရေ၊မထေရ်

မြတ်တို့ကို၊ အာဒိကကြွ၊ အစပြု၍၊ ယာဝဗ္ဗဂ္ဂခန္ဓမာနာ၊ ယခုနေ့တိုင်ထင်ရှား ရှိကြပေကုန်သော၊ ဓိဏာသဝါ၊ ရဟန္တာအရှင်မြတ်တို့သည်၊ သောဝေဠ္ဌ ယေဝ၊ ဧကျိုးကြီးအောင်၊ ချီးမြှောက်သုတ်သင်ထောင်မူကြ ပေကုန်သည် သာလျှင်တည်း၊

ဤသို့ မိမိစိတ်ကိုသံဃာနှိုက်တည်စေ၍၊ ဘံဃာနှိုက်ရောက်စေ၍၊ ဘံဃာကိုအာရုံပြု၍ဖျ။ ချ်၌၊ သက်န်းဧဖ့ျမြစ်ခဲ့ဖုံ၊ ထိုအဖျ။ဒါသကာ သည်၊ ငါတို့ဘုရားသာသနာ၌ရှိ၊ အသုံးရှိသော သံဃာ့တော်မြတ်၏ သက်နုံးဒါယကာဖြစ်လေသ၏၊ ။ထွွန်းအဖျ့ဖြစ်ခဲ့အံ့၊ ထိုအဖျ့ဒါယ ကာသည်၊ ငါတို့ဘုရားသာသနာ၌ရှိအသုံးရှိသော သံဃာတော်မြတ်၏ ထွမ်းဒါယကာဖြစ်လေ၏၊ ။ကျောင်းဖျ့ဖြစ်အံ့၊ ထိုကျောင်းတကာ သည်၊ ငါတို့ဘုရားသာသနာတော်၌၊ အသုံးရှိသောသံဃာတော်မြတ်၏ ကျောင်းဒါယကာဖြစ်လေ၏။

တနည်းလည်း။ ။သံဃာဂတံဒက္ခိဏံဒဿမိတိဒေယျာဓမ္မံ ပဋိဂ္ဂါဟေတွာ ဝိဟာရဂ္ဂေ့ ဘဂ္ဂေသံဃာတောဥဒ္ဓိဿတွာ ဂေဏံ မဟာထေရံဒေထာတိ ဒေတိ အထသံဃာတော သာမဏေရံလဘိ တွာသာမဏေရော မေလဒ္ဓါတိ မညိတွာ အညတ္ထံ အာပဇ္ဇတိတ သံဃဒက္ခိဏာ သံဃာဂတာနပေါတိ မဟာထေရံလဘိတွာဝိမ ဟာထေရောမေလဒ္ဓေါတိသော မနသိ ဥပ္ပါဒေန္တံ သံဃိန ပေါ တိယေဝ။ ။ဟူ၍ရှင်းအဌကထာ၌ပင်ဆိုသည်၊

အနက်ကား။ ။သံဃာဂတံ၊ သံဃာတော်၌ တည်သော၊ ဒက္ခိဏံ၊ အ လှူကို၊ ဒဿာမိ၊ ငါလှူအံ့၊ ဣတိ၊ ဤသို့ကြံ၍၊ ဒေယျဓမ္မံ၊ လှူဖွယ်ဝတ္ထုကို ပဋိယာဒေတွာ၊ စီရင်၍၊ ဝိဟာရံ၊ တခုသောကျောင်းတိုက်သို့၊ ဂန္တွာ၊ သွား ၍၊ ဘန္တေ၊ အရှင်ဘုရားတို့၊ သံဃံ၊ သံဃာတော်မှ၊ ဥဒ္ဒိဿတွာ၊ ညွှန်ပြ၍၊ ဂေဏံ၊ မဟာထေရံ၊ ထေရ်ကြီးဝါကြီးသိက္ခာတော်ကြီးတပါးကို၊ ဒေထ၊ ပေး ကြပါကုန်လော့၊ ဣတိ၊ ဤသို့ ဝဒတိ၊ လျှောက်ထားတောင်းဆို၏၊ အထ၊ ထိုအခါ၌ သံဃာတော၊ သံဃာတော်မှ၊ သာမဏေရံ၊ သာမဏေငယ်ကို၊ လဘိတွာ၊ ရ ၍၊ မေ၊ ငါ၊ ဒါနံ၊ သာမဏေရော၊ သာမဏေငယ်ကို၊ လဒ္ဓေါ၊ ရအပ်၏၊ ဣတိ၊ ဤ သို့၊ မညိတွာ၊ အောင်းမေ့၍၊ အညတ္ထံ၊ မကြည်မညိုသည့်ခါ၌နှင်းရှိခြင်းသို့၊ အာပဇ္ဇတိ၊ ရောက်ခဲ့အံ့၊ တဿ၊ ထိုဒါယကာ၏၊ ဒက္ခိဏာ၊ အလှူသည်၊

သံသာဂတော၊ သံသာ၌တည်သည့်။နဟောတိ။မဖြစ်ပြီ။ မဟာယေရှ၊ထေရ်ကြီး၊ဝါကြီးသိက္ခာတော်ကြီးဆရာတော်ကြီးကို၊ လဘိတွာပိ။ ရသည်ဖြစ်၍လည်း မေ။ငါ့၏သား။မဟာထေရော ထေရ်ကြီး။ဝါကြီးသိက္ခာကြီး။ဆရာတော်ကြီးကို၊လဒ္ဓေါ၊ရပါပေ၏။ဣတိ။ဤသို့။ သောမနဿံ။ ရွှင်ရွှင်ပြုံးပြုံးနှစ်လုံးကြည်လင်ခြင်းကို။ ဥပ္ပါဒေတွာ။ ဖြစ်စေသောဒါယကာ၏လည်း၊ဒက္ခိဏာ၊အလှူသည်။ သံသာဂတာ။သံသာ၌တည်သည့်၊ နဟောတိယေဝ။မဖြစ်သည်သာလျှင်တည်း။

သံဃိကဒါနအစစ်းမြောက်လိုသောဒါယကာသည်။ရှေး၌ပြဆိုခဲ့ပြီးသော။သံသာဂတစိတ်ကိုသာမြဲမြံစွာပြု၍၊ ငါသည်အကျိုးကြီးခြင်းကိုအလိုရှိ၍။ သံဃိကအလှူကိုသာလှူလိုရင်းဖြစ်သည့်။ အရှင်သာရိပုတ္တရာ။အရှင်မောဂ္ဂလ္လာန်အစရှိသော၊ ဘုရားတပည့်သား သံသာတော်အားလုံးသည့်၊ငါ၏အလှူခံဖြစ်သည်။ ယခုထေရ်ကြီး ငါကြီးဆရာတော်ကြီးကိုရရှိသော်လည်း။ဤထေရ်ကြီး၊ဝါကြီးဆရာတော်ကြီးတို့သည်။ငါ၏အလှူခံမဟုတ်၊သာမဏေငယ် ကိုရသောလည်း။ ဤသာမဏေငယ်သည်။ငါ၏အလှူခံမဟုတ်၊ အလှူမြောက်ရုံမျှခံသူဖြစ်သည်ဟု စိတ်နှလုံးကိုခိုင်ခိုင်ထား၍၊ရရှိသောပုဂ္ဂိုလ်၏ မျက်နှာသန္တာန်ကိုလည်းကောင်း။ ထောကကိုကိုမငဲ့မကွက် မကြည့်ရှုဘဲလှူနိုင်ပါမှ သံဃိက အစစ်ဖြစ်နိုင်မြောက်နိုင်သည်ဟုလိုသတည်း။ခဲယည်းလှ၏သတိကြပ်ကြပ်ပြုကြပါကုန်၊

သာမဏေငယ်ကိုပင်ရသော်လည်းကောင်း။အဓိပ္ပါယ်သင်္ဃလက်ပင်ရသော်သည်းကောင်း။ ရှင်သာရိပုတ္တရာကို။ အရိုအသေအလေးမြတ်ပြုနိုင်သကဲ့သို့၊ ထိုသာမဏေငယ်အလမ္ဘ်ဒုဿီလကိုလည်းရိုသေးထေးမြတ်စွာပြုနိုင်စေရမည်၊မပြုနိုင်လျှင်။အလှူရှင်ဒါယကာ၏ စိတ်သည်။အရှင်သာရိပုတ္တရာသို့မဆိုက်မရောကပြီ။ သာမဏေငယ်။ ဒုဿီလတွင်သာပြီးဆုံးရောက်၍နေသည်ဟုမှတ်ဘို့ရန်အကြောင်းရှိးတော့သည်။

ဤအရာ၌အဋ္ဌကထာတွင်လာသော
ဝတ္ထုတခုကိုပြဆိုလိုက်ဦးအံ့။

ဒါယကာသူကြွယ်တယောက်သည်။သံဃိကအလှူမြောက်လို၍။မိမိ၏တိုက်မှာ။ဥဒ္ဒိဿကသံဃာတပါး လျှောက်တောင်းထေ၏။ တိုက်တာ

သံဃာကြီးကိုကထည်း။ အဇ္ဈည့်ကုသည့်ဖြစ်၍ နိဿယ်ထေရဟာန်းတပါးကို ပေးလိုက်၏၊ သူကြွယ်သည့်နိဿယ်လ ရဟာန်းဘပါးကိုရသည့်ရှိသော်၊ငါ သည်၍ရဟာန်းအားနိဿယ်လရဟာန်းဟုသိ၍၊သိပင်ဆိုးသော်လည်း။သဃာ ကဖြစ်စေခြင်းဌာနှစ်လုံးသွင်းမည်ဟု ဇဗိန္ဒယျသုံးလုတ္တန်ထားဘုရား သခင်ကိုအရိုအသေအလေးအမြတ်ပြုဘိသကဲ့သို့ပူဇော်သက္ကာရက်ပြုလေ ၏၊ပြပုံကားနေရာထိုင်တို့ကို၊ အကျော်စမ္ဗာန့်သာကရမက်၊ရေမွှေးသေး တရာဆီနှင်းဆီ ပမ္ဗါယ်ဆီတို့ဖြင့်ထုံသင်းလိမ်းကျံခြင်း၊ အဘိုးတန်အ ကာအခင်းတို့ကိုကာခင်းခြင်း။ အထက်နိုက်အဘိုးတန်အထည်ဒုလိပ်တို့ ကို မျက်နှာကြက်ကြက်ခြင်း၊ ဘုရားကိုပူဇော်သကဲ့သို့၊ ပန်းနံ့သာအ ခိုး အယုံတို့ဖြင့် ပူဇော်ခြင်း၊ ခြေဆေးခြင်း၊ ခြေကိုနံ့သာဆီတို့ဖြင့် လိမ်းခြင်း၊ ဖြဲဝဲဝပ်ဘုပ်ကွခသည္ဘတ်ခြေ—င်းကောင်းမွန်ရှိသေစွာတွေ့ ခါန်း လေ၏၊နိဿယ်လနှင့်သိလျှက်အဘယ်ကြောင့်၍သို့ရိုသေလေးမြတ်ခြင်း ကိုပြုသနည်းဟု။ သူတပါးတို့ကပြောဆိုကြသောအခါ၊ ထိုပုဂ္ဂိုလ်ကိုတွေ့ သောအတွေ့မဟုတ်၊ ထိုပုဂ္ဂိုလ်အားပြုအင်သော အမူအရ မပးတ်၊သံဃာ ကိုငါတွေ့သည်၊ သံဃာကိုငါပြုသည်၊သံဃာကို ငါရှိသေသည်ဟုပြော ဆိုလေ၏။

ဗုဒ္ဓဿနိပစ္စကာရံ ကရောန္တောဝိယ၊
သံဃေစိတ္တိကာရေနဒေယျဓမ္မံ အဒါသိ။ ။

ဗုဒ္ဓဿ။သက်တော်ထင်ရှားရှိသောမြတ်စွာဘုရားသခင်အား။နိပစ္စကာ ရံ။ရိုညွတ်ဝပ်တွားခြင်းကို။ကရောန္တောဝိယ။ပြုသကဲ့သို့။ သံဃေ။အရိယာ သံဃာတော်၌၊ စိတ္တိကာရေန၊ကြည်ညိုရိုသေခြင်းဖြင့်၊တဿ၊ထိုနိဿယ်လ ရဟာန်းအား၊ဒေယျဓမ္မံ။လှူဘွယ်ဝတ္ထုအပေါင်းကို။အဒါသိ၊ ကပ်လှူလေ ၏။

အလဇ္ဇီသာမဏော၊ နိဿယ်လသာမဏော။အလဇ္ဇီရဟာန်း၊ နိဿယ်လရ ဟာန်းတို့ကိုလည်း။အလှူခံပုဂ္ဂိုလ်တဆဲ့လေးပါးတွင်၊ အဝင်အပါဖြစ်မဖြစ် ဝင်သင့်မဝင်သင့်များကိုဖြင်းခံပြောဆိုကြကုန်၏၊ ။ကေန်စင်စစ်ပါ ဝင်ကြောင်းကို၊မိလိန္ဒပဥှာပါဠိတော်မြွတ်ဖြင့်ဆုံးဖြတ်ဖြေဆိုခြင်းကိုပြုအပ် လှပေ၏၊

ဘဏ္ဍနာဂသေန ဂိဟိနိဿယ်လဿစ၊ သမဏ နိဿယ်လဿစ
ကောဝိသေသော၊ ဟု၍မိလိန္ဒပဥှာပါဠိတော်၌လာသည်။

အနက်ကား။ ။ဘန္တေနာဂသေန၊ အရှင်နာဂသိန်၊ ဂိဟိဒုဿီလော စ၊ လူဒုဿီလ၏လည်းကောင်း၊ သမဏဒုဿီလော စ။ ရဟန်းဒုဿီလ၏သည်းကောင်း၊ ဝိသေသော၊ အထူးသည်။ ကော၊ အဘယ်နည်း၊ လူဒုဿီလနှင့် ရဟန်းဒုဿီလသည်၊ အဘယ်သို့ ထူးကြပါသနည်းဟူ၍ မေးလျှောက်ရာ။

ဒသယိမေမဟာရာဇဂုဏာ သမဏဒုဿီလဿ ဂိဟိဒုဿီလ
တောဝိသေသေနအတိရေကာဒသဟိစကာရဏေဟိ ဥတ္တရိဒက္ခိ
ဏံဝိသောဓေတိ။ ။ဟူ၍ဖြေဆိုပေါ်ကြားတော်မူပေ၏။

မဟာရာဇ၊ ထေကာတော်မင်းကြီး။ ဂိဟိဒုဿီလတော။ လူဒုဿီလ ထက်။ သမဏဒုဿီလဿ၊ ရဟန်းဒုဿီလ၏အား။ ဒသမေဒသဂုဏာ၊ ဤဆယ်ပါးသောဂုဏ်တို့သည်၊ ဝိသေသေန၊ အထူးအားဖြင့်။ အတိရေကာ၊ လွန်ကဲပေကုန်၏၊ ဒသဟိစကာရဏေဟိ။ ဆယ်ပါးသောအကြောင်းတို့ဖြင့် လည်း။ ဥတ္တရိ၊ အလွန်၊ ဒက္ခိဏံ၊ ဒါယကာတို့၏အလှူဒါနကို။ ဝိသောဓေတိ။ အကျိုးကြီးအောင်ချီးမြှောက်သုတ်သင်နိုင်၏၊ လူဒုဿီလဆိုသည်ကား၊ ရဆိုးတငါစသည့်တို့တည်း။

ထိုလူဒုဿီလထက်လွန်မြတ်သောဂုဏ်
ဆယ်ပါးဆိုသည်ကား။

ဗုဒ္ဓေ၊ ဣတိပိသောဘဂဝါ အရဟံ အစရှိသောဘုရားဂုဏ်တော်၌၊ သဂါရဝေါ၊ ရိုသေခြင်းရှိ၏။ ၁ ။ဓမ္မေ၊ သွာခါတောဘဂဝတာဓမ္မော အစရှိ သောတရားတော်ဂုဏ်၌၊ သဂါရဝေါ၊ ရိုသေခြင်းရှိ၏။ ၂ ။သံဃေ၊ သုပ္ပ ဋိပန္နော အစရှိသောအရိယာသံဃာဂုဏ်တော်၌။ သဂါရဝေါ၊ ရိုသေခြင်းရှိ ၏၊ ၃ ။သဗြဟ္မစာရီသု၊ သီတင်းသုံးဘော်တို့၌၊ သဂါရဝေါ၊ ရိုသေ ခြင်းရှိ၏။ ၄ ။ဥဒ္ဒေသပရိပုစ္ဆာယ၊ ပါဠိအဋ္ဌကထာသင်ကြားမှု၌၊ ဝါ ယမတိ၊ လုံ့လပြု၏၊ သဝနဗဟုလော၊ တရားကျမ်းဂန်စကားကိုကြားနာရ များ၏။ ၅ ။မဟာရာဇ၊ မင်းကြီး၊ ဒုဿီလော၊ ရဟန်းဒုဿီလပုဂ္ဂိုလ် သည်၊ ဘိန္နသီလောပိ၊ သီလပျက်ဖြစ်သော်လည်း။ ပရိသာဂတော၊ လူပရိ သာတ် ရှင်ပရိသာက်အထယ်သို့ရောက်သည်ရှိသော်။ အာကပ္ပံ၊ ရဟန်း ကောင်းတို့၏အသွင်အပြင်ကို။ ဥပဋ္ဌာပေတိ၊ ဖြစ်စေ၏။ ၆ ။ဂရဟာ

ဘယာ၊လူအများကဲ့ရဲ့မည်ကိုကြောက်သေးကြောင့်၊ကာယပိကာ၊ကာယကံမှုကိုထည်းကောင်း၊ ဝါစသိကာ၊ဝစီကံမှုကိုထည်းကောင်း၊ ရက္ခတိ၊စောင့်ရှောက်၏၊ ၇ ။အသာ၊ထိုဒုဿီလရဟန်း၏၊စိတ္တံ၊စိတ်သည်၊ပဓာနသဘိမုခံ၊ရသေ့သူတော်လူသူတော်အဖြစ်နှင့်ဘာဝနာထရားများကို အားထုတ်ခါနေရသော်ကောင်းမြတ်ရာ၏ဟု၊ပဓာနဧမှုန္ဓား၊ရှုရှုသည်၊ ဟောတိ၊ဖြစ်၏၊ ။ ဂ၊ဘိက္ခုသာမည်၊ ရဟန်းဟူသောသရတ်ခြင်းသို့၊ဥပဂတော၊ ရောက်သည်ဟောတိ၊ဖြစ်၏၊ ၉ ။

မဟာရာဇ၊မင်းကြီး၊ သမာအုဒုဿီလာ၊ရဟန်းဒုဿီလသည် ၊ပါပံ၊မကောင်းမှုကို၊ကာရောန္တောပိ၊ ပြုပြားသော်လည်း၊ပေနိ္ဓိ၊ ထို့ထို့ဒွက်ဒွက်၊အားစရထိ၊ပြု၏၊ ၁၀ ။ဤကားဒုဿီလရဟန်း၏ဂုဏ်ဆယ်ပါးတို့တည်း၊ ။

လူဒုဿီလထန္နှိုင့်ဂုဏ်ဆယ်ပါးတို့တွင်၊တပါးပါးမျှပြောပစရာမရှိ၊ထိုကြောင့်ထိုဂုဏ်ဆယ်ပါးတွင်၊တပါးပါးမျှပြောစရာမရှိသည်ဖြစ်၍၊လူဒုဿီထက်၊ရဟန်းဒုဿီလ ကသာသည်ဟုဖွတ်ရမည်၊ ။ဘိက္ခုသာမည် ဥပဂတောဟောတိ၊ ။ဟူသောဤပါဠိများကိုထောက်ခြွ၍၊ထိုဒုဿီလရဟန်းသည်၊ဥါရဟန်းဟူသောပဋိညာဉ်ကိုမစွန့်သေးသမျှကာလပတ်လုံး၊လူလည်းမဟုတ်သေး၊သာမဏေလည်းမဟုတ်သေး၊ လူသာမဏေတို့၏အထက်ဖြစ်သော၊ ရဟန်းထဲကပင် ရှိသေးသည်ဟုမှတ်ယူအပ်၏၊ ။ထိုဒုဿီလရဟန်းကို၊ ရဟန်းကောင်းတို့က၊ ငွင်စွဲဆဲရေးမိသည်ရှိသော်၊ရဟန်းကောင်းကို၊ငွင်စွဲဆဲရေးမိသကဲ့သို့၊ ရဟန်းကောင်းတို့အာပတ်သင့်၏၊ ။လူတို့ကထိုဒုဿီလ ရဟန်းကို၊ ငွင်စွဲဆဲရေးသည်ရှိသော်၊ အဘယ်ဆိုဘွယ်ရာရှိတော့မည်နည်း၊ ထိုဒုဿီလပုဂ္ဂိုလ်၌လှူဒါန်းသူဒါယကာတို့၏၊ အလှူဒါန အကျိုးကြီးရာသော ဒက္ခိဏာဝိသုဒ္ဓိအကြောင်းဆယ်ပါးဟူသည်အဘယ်နည်းဟူမူကား၊ ။သော၊ထိုရဟန်းဒုဿီလပုဂ္ဂိုလ်သည်၊အဝကာဝစခါရဏာတာယပိ၊ တထောင့်ငါးရာကိလေသာ စစ်ပွဲ၌၊သူရဲတို့ကြိုယာဖြစ်ကုန်သော၊သက်နီးသပိတ်ပရိက္ခရာထည်းဟူသော၊မိန်ညို ချုပ်ဝတ်တို့ကို၊ ကိုယ်၌ဝတ်ဆင်သောအားဖြင့်လည်း၊ ဒက္ခိဏံ၊ ဒါယကာတို့၏အလှူဒါနကို၊ဝိသောဓေတိ၊အကျိုးကြီးအောင် ချီးမြှင့်သုတ်သင်နိုင်၏၊ ၁ ။

ဇ္ဇာလိသာမညဘာဗ္ဗာလိင်္ဂကရဏတောဝိ။ ရသေ့ရဟန်းအနေ အထွေ ထွေသောအသွင်အပြင်အမူအရာကိုပြုသောအားဖြင့်လည်း။ ဒက္ခိဏံ၊ ဒါယကာတို့၏အလှူဒါနကို။ ဝိသောဓေတိ၊ အကျိုးကြီးအောင်ချီးမြှောက်သုတ်သင်နိုင်၏။ ၂။

သံဃသမယမနုပ္ပဝိဋ္ဌတာယပိ။ သံဃသမယသို့ အစဉ်ဝင်သည့်၏အဖြစ်အားဖြင့်လည်း။ ဒက္ခိဏံ၊ ဒါယကာတို့၏အလှူဒါနကို။ ဝိသောဓေတိ၊ အကျိုးကြီးအောင်ချီးမြှောက်သုတ်သင်နိုင်၏။ ၃ ။

ဗုဒ္ဓဓမ္မသံဃရတနဂတတာယပိ။ ဗုဒ္ဓရတနာဂုဏ်ဓမ္မရတနာဂုဏ် သံဃရတနာဂုဏ်တည်သောအားဖြင့်လည်း။ ဒက္ခိဏံ၊ ဒါယကာတို့၏ အလှူဒါနကို ဝိသောဓေတိ၊ အကျိုးကြီးအောင်ချီးမြှောက်သုတ်သင်နိုင်၏။ ၄ ။

ပဓာနာတိသယနိကေတဝါသိတာယပိ။ လွန်မြတ်သော ဘာဝနာတရားကိုအားထုတ်ရာဌာနဖြစ်သောသံဃာတို့ကျောင်း၌စွဲမြဲစွာနေမှုရှိသောအားဖြင့်လည်း။ ဒက္ခိဏံ၊ ဒါယကာတို့၏အလှူဒါနကို ဝိသောဓေတိ၊ အကျိုးကြီးအောင်ချီးမြှောက်သုတ်သင်နိုင်၏။ ၅ ။

ဇိနသာသနဓရပရိယေသနတာယပိ။ ဘုရားသာသနာတည်ရာအခွင့်ကိုရှာမှီးသောအားဖြင့်လည်း။ ဒက္ခိဏံ၊ ဒါယကာတို့၏အလှူဒါနကို။ ဝိသောဓေတိ၊ အကျိုးကြီးအောင်ချီးမြှောက်သုတ်သင်နိုင်၏။ ၆ ။

ပဝရဓမ္မဒေသနတာယပိ။ မြတ်သောဓမ္မကထာအနုမောဒနာတရားကို ဟောပြောမှုရှိသောအားဖြင့်လည်း။ ဒက္ခိဏံ၊ ဒါယကာတို့၏အလှူဒါနကို။ ဝိသောဓေတိ၊ အကျိုးကြီးအောင်ချီးမြှောက်သုတ်သင်နိုင်၏။ ၇ ။

ဓမ္မဒီပဂတိပရာယဏတာယပိ။ ပိဋကတ်သုံးဖြာဒေသနာဆီမီးလျှင်စိတ်၏တည်ရာလည်းလျောင်းရာလည်းရှိသောအားဖြင့်လည်း။ ဒက္ခိဏံ၊ ဒါယကာတို့၏အလှူဒါနကို။ ဝိသောဓေတိ၊ အကျိုးကြီးအောင် ချီးမြှောက်သုတ်သင်နိုင်၏။ ၈ ။

ဗုဒ္ဓေါ၊ ဘုရားသည်အဂ္ဂေါ၊ မြတ်၏။ ဣတိ၊ ဤသို့၊ ကေဝလဥဇုဒိဋ္ဌိတာယပိ၊ စင်စစ်ဖြောင့်စဉ်းသော အယူရှိသောအားဖြင့်လည်း။ ဒက္ခိဏံ၊ ဒါယကာတို့၏အလှူဒါနကို၊ ဝိသောဓေတိ၊ အကျိုးကြီးအောင်ချီးမြှောက်သုတ်သင်နိုင်၏။ ၉ ။

ဥပေါသထသမာဒါနတာယပိ။ ဥပုသ်သောက်တည်မှုရှိသောအားဖြင့်

လည်း၊ဒက္ခိဏာ၊ဒါယကာတို့၏အလှူဒါနကို၊ ဝိသောဓေတိ။ အကျိုးကြီး
အောင်ချီးမြှောက်သုတ်သင်နိုင်၏၊ ၁၀ ။

ဤကား၊အလှူ၏ အကျိုးကြီးရာဖြစ်သောအကြောင်းတရားဆယ်ပါးတို့
တည်း၊

ရဟန်း၊ဇာတ်မရှိပကတိလူ့သက် သက်ဖြစ်သောသူသည်၊သက်နုး၊ သ ဝိတ်
ဝရိက္ခာရာတို့ကိုဆောင်ခြင်းစသည့်တို့ကိုပြုသော်လည်း၊ဒက္ခိဏာဝိသုဒ္ဓိဂုဏ်
မဖြစ်၊

အချို့သောဒါယကာဒါယိကာမများက၊ဤသို့လျှောက်ထားကြ၏၊ အရှင်
ဘုရား၊ဤခေါက်၌ရဟန်းတော်တို့သည်၊အချို့သောအရပ်၌ဖျော်ကိုကောင်း
မွန်စွာတည်ဆောက်ပြီးလျှင်၊လှည်းချင်းဖျော်ချင်တို့ကို၊ ညီညာတိစွာတိုင်
ပေါက်၍ဖျော်ကိုပြုကြပါသည်၊ အချို့သောအရပ်၌ကား၊ ဖျည်းနွားကို
သန့်ဆာဆင်ပြီးလျှင်၊ဒုံးပိုင်း၍ဖျည်းကိုပြုကြပါသည်၊ဤကဲ့သို့ပြုသော
ရဟန်းများကိုမြင်သောအခါ၊မကြည်ညိုနိုင်ဖြစ်ပါသည်၊ ထိုရဟန်းများ
ကို၊ လှူဒါန်းလိုးကွယ်သောဒါယကာတို့အား၊ အကျိုးစီးပွားရှိပါဦးမည်
လောဟု၊လျှောက်ထားကြလေ၏၊ ထိုအခါဆရာတော်က၊ ဤသို့ဖြေဆို
လိုက်၏၊ ။ဒါယကာတို့၊ ထိုသို့ပြုသောရဟန်းများကို၊ အကြည်ညိုမ
ပျက်ကြနှင့်၊အကျိုးပေးသောအခါ၊ပုဂ္ဂိုလ်က၊ အကျိုးပေးသည်မဟုတ်၊
စေတနာက အကျိုးပေးသည်၊ စေတနာကိုခိုင်ခိုင်ခန့်ခန့် တည်တန့်စွာသ
သဘောထား၍၊အားထုတ်လှူဒါန်းနိုင်လျှင် ကြီးမြတ်သော အကျိုးကိုပေး
နိုင်သည်၊ထိုကြောင့်၊ ။စေတနာဟံဘိက္ခဝေကမ္မံ ဝဒါမိ၊ ။ဟူ၍သုတ္တံစ
သာကျမ်းတို့၌လာကုန်သည်၊ ဘိက္ခဝေ၊သံသရာရေး၊ ထမည့်ဘေးကို၊
တွေးဆင်ခြင်လေ့ရှိသောဒါယကာ၊ ဒါယကမအပေါင်းတို့၊ စေတနာ၊စေ
တနာကို၊ကမ္မံ၊ကံဟူ၍၊အဟံ၊ငါဘုရားသခင်သည်၊ဝဒါမိ၊ဟောတော်မူ
၏၊ ။ကမ္မံသတ္တေဝိဘဇတိယဒိဒံ ဟီနပဏီတတာယ၊ ။ဟူ၍လည်းအဘိဓမ္မာ
စသောကျမ်းတို့နှိုက်လာကုန်သည်၊ ။အနက်ကား၊ ။ယဒိဒံ၊ယံဣဒံဟီ
နပဏီတတာယ၊အကြောင်းအယုတ်အမြတ်ရခြင်းသည်၊အတ္ထိရှိ၏၊တဒိဒံ၊တံ
ဣဒံ၊ ထိုသို့အယုတ်အမြတ်ဖြစ်ရခြင်းသည်၊ ကမ္မံ၊ကံသည်၊ သတ္တေ၊
သတ္တဝါတို့ကို၊ဝိဘဇတိ၊ဝေဘန်၏၊ထိုကြောင့်ကြည်ညိုသောစိတ်ဖြင့်အ
ရဟတ္တဓဇဖြစ်သောသင်္ကန်းတော်ကိုမြင်ရခြင်းသည်၊ ပဒေသရာဇ်ကေ

ရာဇဂြိုဟ်စကြာမန္တာတ်မင်းတို့၏၊ စည်းစိမ်ကြွက်သရေကို မြင်ရသည့်ထက် သာလွန်၍မြတ်၏။ နတ်ပြည်ခြောက်ထပ်၌ရှိသောနတ်မင်းသိကြားမင်းတို့၏ စည်းစိမ်ကြွက်သရေကိုမြင်ရသည်ထက်သာလွန်၍မြတ်၏။ ဗုထုဇဉ် ဗြဟ္မာမင်းတို့၏သုန်းတန်းခိုးကြွက်သရေကို၊ မြင်ရသည်ထက်သာလွန်၍ မြတ်၏။ ကြည်ညိုသောစိတ်ဖြင့် ကကြိမ်တခါမျှမြင်ရခြင်းသည်။ကုဋေ မကအကျိုးထိုက်တန်၏၊

တောသွားယောကျ်ားတယောက်သည်။ တောအရပ်တွင်။တောချုံပေါ်၌တင်၍နေသောသက်နီးတော်တပိုင်းတစကိုတွေ့မြင်လေရာ။ အရဟတ္တ ဓဇကိုးတွေ့မြင်ရပေသည်ဟု၊အလွန်ကြည်ညိုစွာ။ ရှိခိုးပူဇော်၍ သေလွန် သောအခါ။ ထိုစီဝရပူဇာမင်္ဂလာကုသိုလ်နှင့်ပင် နတ်ရွာသုဂတိသို့လား လေ၍။ငါတို့ဘုရားလက်ထက်တော်၌၊အကျွတ်တရားကိုရဘူးသော၊စီဝရ ပူဇနိယ ဝတ္ထုသည် အပဒါန်ကျမ်းတွင် လာသည်။ ။ဝေသန္တရာ ဇာတ်၌လည်း၊စုဇကာပုဏ္ဏားသည့်ကေနိစင်စစ်။ ဒုသီလဖြစ်ပါလျက်နှင့်။ ဝေသန္တရာမင်းကြီး၏စေတနာသည်။ လွန်စွာထက်သောကြောင့်။ က ဏှာဇာလိ-ဘုဆိုအပ်သော သားသမီးနှစ်ယောက်ကို လှူဒါန်းသောအခါ။ မြေကြီးနှစ်ကြိမ်လှုပ်သည်ဟု။ဇာတ်အဋ္ဌကထာတို့၌လာသည်၊ သော်ငြားလည်း ရဆိုးသည်။ ကေနိစင်စစ် ဒုသီလပုဂ္ဂိုလ်ပင်ဖြစ်သော်လည်း မြတ်စွာ ဘုရား၏သက်နီးတော်ကို မြင်သောအားဖြင့်။ ဒုသီလမှုဆိုးအားဘုရား လောင်းဆန္ဒခင်မင်းသည်။ အသက်ကိုချမ်းသာပေးလိုက်သည်။ ထို့အ တူလှေပြိုင်သောရဟန်း။ လှည်းပြိုင်သောရဟန်းတို့ကိုတွေ့မြင်သောအ ခါ။လှေပြိုင်သောရဟန်းတို့၏ကိုယ်လက်အမူအရာမှာလည်း။ပွဲသဘင်အ တွင်းနိုက်။မင်းသားကြီးလေးတင်သကဲ့သို့ လှော်တက်များကိုကိုင်၍လှော် တတ်ကြသည်၊ လှည်းပြိုင်သောရဟန်းတို့၏။ ကိုယ်လက် အမူအရာမှာ သည်း။အစိုးရမင်းလုပ်သောသူဘို့သည့်။ပရိသတ်ပွဲအလယ်၌ထိုင်သကဲ့ သို့လှည်းပေါ်ကထိုင်၍ပြိုင်တတ်သည်၊၄င်းကဲ့သို့ကိုယ်လက်အမူအရာတို့ ကိုမကြည့်ရှုဘဲ။ ကိုယ်၌ဝတ်ရုံသုံးဆောင်သော သက်နီးတော်ကို သာ ကြည့်ရှုပြီးလျှင်။ ၄င်းသို့ဆင်ခြင်အောင်းမေ့အပ်၏။ထြွ၄င်းကိုယ်တော်များ ဝတ်ရုံကြသောသက်နီးတော်သည်၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်အောင်ပို့ ဆောင်တတ်သောအဝတ်ဖြစ်ပေသည်ဟု တန်းခွန်စိုက်ထူ၍ ပြသောအ

ဝတ်ဖြစ်ပေသည်။ ဒါသည် ထို၂ဝတ်ကိုမြင်ခြင်းဖြင့် ထိုပုဂ္ဂိုလ်များကိုမ ဖြစ်မှားထိုက်ပေ၊ ဤကဲ့သို့ဝိတ်နှစ်လုံးများကိုဆုမွန်ကြည်ညိုသောစိတ် များကိုဖြစ်စေကြရမည်ဟူ၍ဆရာဘေကဟောပြောဆုမွန်လိုက်သည်။

ဤကဲ့သို့သောအနက်အဓိပ္ပါယ်ကိုအဝကာစ ဧခေ့ထေတာယဋိဒက္ခိဏာ ဝိသာခေဘ်၊ ဟူသောပါဠိဖြင့်ပြပေ၏၊ ဤဒက္ခိဏာဝိသုဒ္ဓိအကြောင်းဂုဏ် ပုဒ်ဆယ်ပါးတို့တွင်၊ အချို့သောဂုဏ်ပုဒ်၄ပါး၊ ထိုဒါယီထခရဟန်းနစ်မွန်းဘို့ ဖြစ်၏၊ညာဘ်ဆုမွန်၍ လှူဒါန်းသောသူတို့မှာဒက္ခိဏာဝိသုဒ္ဓိဖြစ်ဘို့ဖြစ်၏၊ ဖွပ်စွဲဆဲရေးခြင်းပြုသောသူတို့မှာ အဖြစ်လေးဘို့ဖြစ်၏၊ ဤပါဠိထဲကို ထောက်၍၊ရဟန်းဒုဿီလသည့်အလှူခံပုဂ္ဂိုလ်ဘကျိုင်လေးတွင်ပါဝင် ကြောင်းကိုသိအပ်၏၊ ထိုသို့ဖြစ်ခဲ့သော် ရဟန်းဒုဿီလကို လှူလျှင် မ ဟပ္ဖလမဟာနိသံသမဖြစ်ဟုအဘယ်ကြောင့်ဟောတော်မူပါသနည်း၊ သီ လဝန္တရဟန်းကို လှူရသောအကျိုးမကြီး၍ ဟောတော်မူသည်၊ ထို၄နောက်အဆက်အရိယာချွန်းယောက်။ ပစ္စေကဗုဒ္ဓါ။ သဗ္ဗညုဘုရား ဤကိုးပါးတို့နှိုက်လည်း။ အဆအသင်္ချေယျ အပ္ပမေယျအကျိုးကို ဟော တော်မူသည်၊ အသင်္ချေယျချင်းအထူ မူကား ကောက်နယ်တလင်းတခုစာ နှိုက်၊မဟာ ပထဝီမြေမှုန့်သည်လည်း အသင်္ချေယျပင်ဖြစ်၏ တခွါးနယ်ရှိမ ဟာပထဝီမြေမှုန့်သည်လည်း အသင်္ချေယျပင်ဖြစ်၏ ထမြို့နယ်တွင်းရှိမ ဟာပထဝီ မြေမှုန့်သည်လည်း အသင်္ချေယျပင်ဖြစ်၏ ဤသို့စသည်ဖြင့် အသင်္ချေယျချင်းကွာပုံကိုအဋ္ဌကထာ၌နှိုက်ပြပေ၏။ ၊ထိုတဆယ့် လေးပါးသော အလှူခံပုဂ္ဂိုလ်တို့တွင်။ ရှေးရှေးပုဂ္ဂိုလ်ကို လှူသောအလှူ ထက်နောက်နောက်ပုဂ္ဂိုလ်ကိုလှူသောအလှူသည်မဟပ္ဖလမဟာနိသံသ ဖြစ်၏။နောက်နောက်ပုဂ္ဂိုလ်အားလှူသောအလှူကိုထောက်စာသော်။ ရှေး ရှေးပုဂ္ဂိုလ်ကိုလှူသောအလှူသည်မဟပ္ဖလမဟာနိသံသမဟုတ်။

ထိုနည်းအတိုင်းတိရစ္ဆာန်စသည်ကိုလှူသောအလှူထက်ဒုဿီလရ ဟန်းကိုလှူသောအလှူသည် မဟပ္ဖလမဟာနိသံသဖြစ်၏။ သီလဝန္တရ ဟန်းနှင့်ထောက်စာသည်ရှိသော်။ ဒုဿီလရဟန်းကို လှူရသော အလှူ သည်။မဟပ္ဖလမဟာနိသံသမဟုတ်။

ဒုဿီလရဟန်း၄ထောက်စာသော်။ သီလဝန္တပုထုဇန်ရဟန်းကိုလှူရ သောအလှူသည်။မဟပ္ဖလမဟာနိသံသဖြစ်၏။ အရိယာပုဂ္ဂိုလ်၄ထောက်

စာသော်သီလဝန္တပုထုဇ္ဇန်ရဟန်းကိုလှူရသောအလှူသည်။ အကျိုးအာနိသင်မကြီးသောအလှူပင်ဖြစ်ပြန်၏။

ဤသို့အထက်ပုဂ္ဂိုလ်ကိုထောက်၍။ ဒုဿီလရဟန်းကိုလှူရသောအလှူသည်။မဟာပ္ဖလမဟာနိသံသမဟုတ်မဖြစ်ဟုဟောတော်မူသတည်း။ အရိယာပုဂ္ဂိုလ်ကိုလှူရသောအခွင့်သည်လောကနှိက် အလွန်နည်းပါး၏။ ပုထုဇ္ဇန်ရဟန်းကိုလှူရသောအခွင့်ကား အလွန်များ၏။ထိုကြောင့်ပုထုဇ္ဇန်သီလဝန္တရဟန်းကိုမူကား။မဟာပ္ဖလမဟာနိသံသအရာနှိက်ပင်အမြဲထားရသည်။

မဟာဒက္ခိဏာဝိဘင်္ဂသုတ်ဋ္ဌကထာ၌ ဖွင့်ဆိုသောအဓိပ္ပာယ်အရမှာ။ သံဃိကအလှူထက်မြတ်သောအလှူသည် မရှိဟုဆိုလိုသည်။ ထိုသို့ဆိုသောစကားသည်၊ မြတ်စွာဘုရားကိုချန်လှပ်၍ သံဃိကအလှူသည်မြတ်၏ဟုယူရန်လည်းအကြောင်းရှိသည်။ ။

သံဃေဂေါတမိဒေဟိ။ သံဃေဒေဘောဒိန္နေအဟဉ္စေဝ ပူဇိတောဘဝိဿာမိသံဃောစ။ ။ဟူ၍ မဟာဝါ ပါဠိတော်၌ ဟောတော်မူသည်။

အနက်ကား။ဂေါတမိ" မိထွေးတော်ဂေါတမီ။သံဃေ။သံဃာတော်၌ ဒေဟိ။ပေးလှူလော။ တေ။သင်အား။သံဃေ၊ သံဃာတော်နှိက်၊ဒိန္နေ။ပေးအပ်သည်ရှိသော်။အဟဉ္စ၊ ငါဘုရားကိုလည်းကောင်း၊ သံဃောစ။ သံဃာကိုသည်းကောင်း၊ပူဇိတော။ ပူဇော်အပ်သည်၊ဘဝိဿာမိ၊ ဖြစ်လတ္တံ့။ ။ထိုဒေသနာတော်၌အဓိပ္ပာယ်အားသော်ကား၊ မိထွေးတော်ဂေါတမီသည်၊သင်္ကန်းနှစ်ရုံကို မြတ်စွာဘုရားအားလှူဒါန်းရာတရုံကိုသာခံတော်မူ၍၊ တရုံကိုသံဃာတော်အားလှူလော။သံဃာတော်အားလှူဒါန်းပူဇော်ခြင်းသည်။ ငါဘုရားအား ပူဇော်ရသည်နှင့် တူ၏ဟူ၍ ဟောတော်မူသည်။

နဟိန္နူမဘိ့လောကေ ပရတ္ထိ ဝါပနဗုဒ္ဓသ ဿေဌောသဒိသောဝါ ဝိဇ္ဇတိယမာဟုဒက္ခိဏေယျာနံ အဂ္ဂတံဂတော။ပုညတ္ထိကာနံဝိပုလ ဖလေသိနန္တိ ဝစနတောသတ္ထာရာဥတ္တရိတရောဒက္ခိဏေယျာနာမနတ္ထိတသ္မာသာဿဆစေတနာ။ကေထောဟုတွာမိဿရတ္တံ့ဟိဘာ ယာသုခါယ ဘာဝိဿတ္တိ တိဒါပေသိ။ ။ဟူ၍ဋ္ဌကထာ၌ ဖွင့်ဆိုသည်။ ။ ၉

အနက်ကား။ ။အဂ္ဂတံဂတော၊ မြတ်သောဇာဏ္ဍကိုခံထိုက်သော၊ယံ အာဟုဒက္ခိဏေယျာနံ၊ အကြင်မြတ်သောအလှူခံပုဂ္ဂိုလ်တို့တွင်။ နမဘို လောကေဝါ။ဤလောက၌လည်းကောင်း။ပရတ္ထ ပနလောကေဝါ၊ တပါးသောလောက၌လည်းကောင်း၊ ဗုဒ္ဓသေ၊ မြတ်စွာဘုရားသခင်ထက်၊ သေဋ္ဌောဝါ၊မြတ်သောသူသည်လည်းကောင်း၊သဒိသောဝါ၊ တူသောသူသည် လည်းကောင်း။နတ္ထိ၊မရှိ။ပုညတ္ထိကာနံ ကုသိုလ်ကောင်းမှုအကျိုးတို့၏၊ ဝိပုလ ဖလေသိနံ၊ပြန့်ပြောသောအကျိုးရှိ၏။ဒုတိဝစနထော၊ ဤသို့ပေါ်ကော်တော် မူသောကြောင့်၊သတ္ထာရာ၊မြတ်စွာဘုရားသခင်ထက်၊ဥတ္တရိထရော၊ လွန်မြတ်သော၊ ဒက္ခိဏေယျာနာမ၊မြတ်သောအလှူခံမည်သည်၊ နတ္ထိ၊မရှိ၊ ထဿ၊ ထို့ကြောင့်၊ အသော၊ထိုမိထွေးတော်ဂေါတမီအား။ ဆစေတနာ၊ ခြောက်ပါးသောစေတနာသည်၊ကေဟော၊ထပေါင်းထည်း၊ဟုတွာ၊ဖြစ်၍။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသောကာလပတ်လုံး။ ဟိတာယ၊အစီးအပွါးအလို့ ၄၊ သုခါယ၊ ချမ်းသာခြင်း၄၊ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဓုတိမနသိ ကတွာ၊ ဤသို့နှစ်လုံးသွင်း၍၊ ဒါပေသိ၊လှူစေ၏။ ။အမိ့ ယ်သော်ကား ဘုရားထက်မြတ်သော အလှူခံပုဂ္ဂိုလ်သည်၊ ဤလောက၌လည်းကောင်း။ တပါးသောလောက၌လည်းကောင်းမရှိပြီ၊ ထို့ကြောင့်မိထွေးတော်အား တရံသောသက်နိုးအတွက်။ ငါဘုရား၌စေတနာသုံးတန်ဖြစ်ပြီ၊ သံဃာ တော်ကိုလှူသော်။တရံသောသက်နိုးအတွက်၊ သံဃာ၌စေတနာသုံးတန် ဖြစ်ပြန်ရာ၏။ထိုစေတနာခြောက်တန်တို့သည်။ မိထွေးတော်အား။ ရှည်မြင့် စွာသောကာလပတ်လုံး။ချမ်းသာစီးပွါးများမြတ်ခြင်း၏အကျိုး၄ဖြစ်ကုန် လတ္တံ့ဟု။ နှစ်လုံးသွင်း၍တရံကို သံဃာအားလှူဒါန်းချေစေခိုင်းတော်မူ သည်ဟုဖြေ၏၊ ဤအဋ္ဌကထာ ဝိနိစ္ဆယအလိုသော်ကား။ဘုရားတပါးကို လှူရသောပုဂ္ဂလိကဒါနသည်၊ သံဃိကဒါနချွန်ပါးဆယ်ပါးထက်ပင်သာ လွန်၍အကျိုးကြီးမြတ်သည်ဟုဖြေဆိုတော်မူသည်။

ဤကဲ့သို့အဋ္ဌကထာဆရာဖြေဆိုတော်မူခြင်းသည်။ယခင်ဟောတော် မူအပ်သောဒက္ခိဏာဝိဘင်္ဂသုတ်ပါဠိတော်နှင့် ဆန့်ကျင်ဘက်မဖြစ်လောဆို ညားအံ့၊ ။ဆန့်ကျင်ဘက်မဖြစ်၊အဘယ့်ကြောင့်မဖြစ်သနည်းဆိုသော်။ ပါဠိတော်၌ဟောတော်မူခြင်းသည်၊ဘုရားတပါးကိုလှူသော။ ဗုဒ္ဓပုဂ္ဂလိ ကကိုချန်ထွပ်၍။ဟောတော်မူသည်ဟုယူလျှင်၊ဆန့်ကျင်ဘက်မဖြစ်ပြီ။

ထံနည်းကား။ မိထွေးတော်ဂေါတမီသည်ကား၊ ယခုဘဝန္တိက်ပင်ရ

ဟာန္တဘာမဖြစ်၍။သဝဆုံးကောင်းသည့်သူဖြစ်ပေရကား။ ထိုဝိဝရဒါနဖြင့်အကျိုးအတွက်နှင့်မိဖုရားတော်၏အပေါ်၌။ မြော်ခေါ်ဘွယ်ကိစ္စမရှိပြီ၊ စင်စစ်မူကား။ တရသောသက်နုးဖြင့်ပင်လျှင်ကိုယ်တော်မြတ်မှာ မှုထရန်ကိစ္စပြီးပြီဖြစ်၍။ဒုတိယအရ သည်အပိုဖြစ်၏။ မြတ်စွာဘုရားတို့မည်သည်။အပိုအအရိအတွက်၊ထယ်သူကိုပေးမည်ဟုပစ္စည်းလေးပါးတို့၌။ ကြောင့်ကြ ကိုးဖိုမ်ခြင်းမရှိကုန်။ ထို့ကြောင့်အပိုဖြစ်သည့်အတွက်သံဃာကိုလှူလောဟုစေခိုင်းတော်မူသည်။ ။သံဃာကိုလှူလျှင်ငါဘုရားကိုလည်းလှူသည်မည်ပါ၏ဟု ဟောတော်မူသည့်မှာလည်း၊ ဘိုအခါမိထွေးတော်၏စိတ်ကို။ စောင့်တော်မူသောအားဖြင့် ဟောတော်မူသည်။ ဤသို့ဖြေဆိုလျှင်လည်းလျော်ကန်သင့်မြတ်လျောက်ပတ်ဘွယ်အကြောင်းရှိသင့်ပါ၏။ ။သံဃာကချွန်ပါးထက်ဘုရားတပါးကိုလှူသောပုဂ္ဂလိကဒါနကသာလွန်၍အကျိုးကြီးမြတ်သည်ဟု၊သာခကေဂါထာနှင့်တကွ၊ အဋ္ဌကထာဖြေဆိုချက်အတိုင်းကိုသာမှတ်ကုန်ရာသည်။

ဤအရာ၌ပဉ္စာဓှင်တို့ဆင်ခြင်ရန်ရှိသည်ကိုဆိုဦးအံ၊

သက်ယော်ထင်ရှားရှိတော်မူသောသဗ္ဗညုမြတ်စွာဘုရားကြီးကို။ကိုယ်တိုင်ဒိဋ္ဌတွေ့ကြုံရ၍လှူရသော်သဗ္ဗညု၊ဗုဒ္ဓပုဂ္ဂလိကဒါန၌ကား၊အဋ္ဌကထာဖြေဆိုသည့်အတိုင်းမှတ်ရပေပြီ၊ ၊သက်တော်ထင်ရှားရှိတော်မူသောသဗ္ဗညုမြတ်စွာဘုရားကြီးသည်ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသည်နောက်ယခုအခါ၌ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော။ မြတ်စွာဘုရားကြီးကိုအာရုံပြု၍။ ကိုယ်စားတော်မြတ်ဖြစ်တော်မူသော။ ရုပ်ပွားတော်ဆင်းတုတော်မြတ်တို့ကိုလှူဒါန်းသောကုသိုလ်နှင့်သက်သက်သော်သံဃိကဒါနသည်အဘယ်ကသာသနည်း။ ။ဘုရားကည်သောကုသိုလ်နှင့်။ သံဃိကကျောင်းဆောက်၍လှူဒါန်းသောကုသိုလ်သည် အဘယ်ကသာသနည်းဟုကြံဆဘွယ်ရှိချေ၏၊အဘယ်ကြောင့်ကြံဆဘွယ်ရှိသနည်း။

တိဋ္ဌန္တေ နိဗ္ဗုတေစာပိ။သမေစိတ္တေသမံဖလံ။ ။
စေတောပဏိဓိဟေတုဟိ။သတ္တာဂစ္ဆန္တိ သုဂတိံ၊ ။
ဟူ၍ပိမာနဝတ္ထုမှာလာသည်၊

တိဋ္ဌန္တေပိစ၊ သက်တော်ထင်ရှား ရှိတော်မူသော မြတ်စွာဘုရားကိုလည်းကောင်း၊နိဗ္ဗုတေစာပိ၊ပရိနိဗ္ဗာန်စံတော်မူပြီးသောမြတ်စွာဘုရားသ

ခင်၏ခေတ်တော်ဘို့ကိုထည်းကောင်းသေမေဗိတ္တေ။ တမျှသောဗိတ်ရှိသည် ရှိသော်၊ စေ တာပဏ္ဍိမဟာတုဟိ၊ ဗိတ်ဋ္ဌဖြတ်ခြင်းတွသည့်၏အဖြစ်တို့ ကြောင့်သမ်ပလ်၊ တမျှသောအကျိုးပေးခြင်းရှိ၏၊ သတ္တာ၊ သတ္တဝါဘို့ သည်၊ သုဂတိ၊သုဂတိဘုဘဝနိဗ္ဗာန်သို့ကျးဆောင်၊ဂန္ထ ္တိ၊သွားရကုန် ၏၊ ။အမိဂ္ဂါယ်သော်ကား၊ သမ္မာညျဖြတ်စွာဘုရားကိုကိုယ်တိုင်တွေ့ ကြုံရသည့်ဖြစ်စေ၊မတွေ့ကြုံရသည့်ဖြစ်စေ၊ ဗိတ်တွေ့သောပဘာနဖြစ်သည်၊ ဗိတ် သည်သာ သုဂတိနိဗ္ဗာန်အကျိုးကိုပေးနိုင်သည်၊ တို့ကြောင့်၊သက် တော်ထင်ရှား၍ကိုယ်တိုင်တွေ့ရသည်ဖြစ်စေ၊ ပရိနိဗ္ဗာန်စံယူတော်မူပြီး ဖြစ်၍ကိုယ်တိုင်မတွေ့ရသည့်ဖြစ်စေ၊ ဗိတ်ငှစထနသဒ္ဓါတကြဝါမှုကား၊ အကျိုးပေးခြင်းအတူတူဖြစ်သည်ဟုဆိုလိုသည်၊

သံဃောဂေါတမိဒဟိ၊ သံဃောထေဗိန္ဓေအမဟာဗ္ဗေဝပုဗ္ဗိထေဘာ ဗိထာဓိသံဃော၊ ။ဟု၍ဟောတော်မူအပ်သောပါဠိတော်ဖြတ်ကို ထည်း၍သို့တနည်းကြံဘွယ်ရှိ၏၊အဘယ်သို့ကြံဘွယ်ရှိသနည်းဆိုသော် ဖြတ်စွာဘုရားသခင်အား၊ မိထွေးတော်ဂေါတမီသည်၊ သင်္ကန်းနှစ်ရုံကို လှူသောအခါ၊ တရုံသော သင်္ကန်းတော်ကို ခံယူတော်မူ၍၊ တရုံသော သင်္ကန်းကိုသံဃာတော်အားလှူချေဟုစေခိုင်းတော်မူခြင်းသည်၊ ဖြတ်စွာ ဘုရားသခင်၏ဗိတ်တော်၌၍သို့နှစ်လုံးသွင်းရန်အကြောင်းရှိ၏၊ငါဘုရား သည်၊သက်တော်၅၈ဆယ်၊ ဝါတော်လေးဆယ်ငါးဝါတိုင်ရောက်သော အခါ၊ပရိနိဗ္ဗာန်စံယူတော်ရမူလိမ့်မည်။ဘုရားတို့၏ဓမ္မထာကျွတ်တန်းဝင် သတ္တဝါတို့သည်၊နှစ်ဆယ့်လေးသင်္ချေနှင့် ကုဋေခြောက်ဆယ်၊ဗိုဟ်ခြေ တသိန်းတို့သည် ကျွတ်ထန်းဝင်ပါပြီဖြစ်သည်၊ ၍ကဲ့သို့ ကျွတ်တန်းဝင် သတ္တဝါတို့သည် မစေ့ချေသေး။ဝါဘုရားကိုသာအဖြတ်ထား၍ ဟော တော်မူခဲ့လျှင်၊ဝါဘုရားသခင်ပရိနိဗ္ဗာန်စံယူဘော်မူသည့်နောက်၊ဥာဏ်ပညာ နုန့်သည့်ဖြစ်၍ သဒ္ဓါထရားနည်းပါးသောဝေနေယျသတ္တဝါအပေါင်းတို့၏ဗိတ် ဘို့၌သို့ဖြစ်ရစ်စရာအကြောင်းရှိ၏၊အဘယ်သို့ဖြစ်ရစ်စရာအကြောင်းရှိ သံနည်းဆိုသော်၊အလှူခံပုဂ္ဂိုလ်တို့တွင်အဖြတ်ဆုံးဖြစ်သောဖြတ်စွာဘုရား သခင်သည် ပရိနိဗ္ဗာန်စံဝင်တော်မူပြီ။ အမြတ်ဆုံးပုဂ္ဂိုလ်မရှိသောကြောင့်၊ ဝါတို့သ ဉ်ကြွင်းကျန်ရစ်သောသံဃာတော်တို့ကို၊ ပဲ့ယာနှဂ္ဂဟာဖြင့်ပြုကြ သော်ထည်း၊အကျိုးစီးပွါးများပြားခြင်းမရော၊ ဘော်ပြန်သောဗိတ်ဖြစ်ကြ

၍မပြုဘဲ နေသည်ရှိသော်။ ငါဘုရား ထားတော်မူခဲ့သော သာသနာငါး ထောင်အတွင်း၊ကျင့်ကြံအားထုတ်၍ နေရစ်ကြသောဘပည့်သားသံဃာ တော်တို့အားသည်း။ပစ္စည်းလေးပါးတို့ဖြင့်ရှားပါးနွမ်းနယ်ခြင်းသို့ရောက်၍ တရားတော်ကို အားမထုတ်နိုင်ဘဲ ဖြစ်ရစ်စရာလည်းတကြောင်း၊ ကျွတ် တန်းဝင်မပါသောဝေနေယျသတ္တဝါအပေါင်းတို့မှာလည်း။ဓါနသီလဘာဝ နာတို့ကိုအမြဲပြု၍။ နတ်ရွာသုဂတိသို့ရောက်ကြရသည်။ ငါဘုရားနှင့်တ ပည့်သားတော်တို့ကို။ အစဉ်ထား၍ဟောတော်မူခဲ့လျှင် ဘုရားသခင်မရှိ သော်လည်း။ဘုရားသခင်ကိုယ်တော်ကဲ့သို့။တူမျှသောအကျိုးကို ပေးနိုင် သောသံဃာတော်ရှိရစ်သေးသည်ဟု၊ ဂုဏ်ဂါရဝတရားနှင့်အားထုတ်ရစ် ကြသည်ရှိသော်။ ဝေနေယျသတ္တဝါ အပေါင်းတို့သည်။ ငရဲတိရစ္ဆာန် ပြိတ္တာအသုရကာယ်ဟုဆိုအပ်သော။ အပါယ်လေးဘုံတို့မှလွတ်ကင်း၍။ လူဘုံနတ်ဘုံဗြဟ္မာဘုံသို့။ ရုံးဆဲလူးသာများစွာဖြစ်ရစ်ကြမည်ကို မြင် တော်မူသည်လည်းတကြောင်း။ဤသို့သောအကြောင်းနှစ်ပါးကိုမြင်တော် မူသောကြောင့်။မိဿ္ဓွေးတော်ဂေါတမီလှူကပ်သောသင်္ကန်းတော်နှစ်ရံတို့ တွင်။တရံကိုသာအလှူခံတော်မူ၍။ ကြွင်းကျန်သောသင်္ကန်းတော် တရံ ကို။အလှူမခံဘဲ၊မိထွေးတော်ဂေါတမီ။ဤသင်္ကန်းတရံကို။ သံဃာတော် အားလှူဒါန်းချေ။ သံဃာတော်ကိုလှူရခြင်းသည်။ ငါဘုရားကိုလှူဒါန်းရ သည်နှင့်အတူတူပင်ဖြစ်သည်ဟုဟောတော်မူသော်မြတ်စွာဘုရားသခင် ၏နှစ်လုံးသွင်းအာပေါ်ကို ကြံဆသွယ်ရာအကြောင်းရှိ၏။ ။ဤတွင်ရွှေ့ ကားသုံးဖြတ်ချက်တချပြီး၏။

တရာ့တပါးလူမျိုးများတို့မှတ်သားစေလို။လက်ခံဆိုဝိမ့်။ ပုဂ္ဂိုလ်သတ္တ ဝါ။ လူမိုက်ပါအား။မှတ်ပါးမနေ၊ဘုရားဟောမှန်။ မှက်ရန်တခန်း။ပဋ္ဌာန်း ကျမ်းထွက်။ဓမ္မစက်ခွ။မိန့်မြွက်သချာ။စကားလာငိ။ပညာရှိသူ။ လူပ်ဏ္ဍိ တ။ပုဂ္ဂိုလ်မှသာ။သိနိုင်ရာ၏။ လူရွာချင်းကစ်။ နတ်ရွာရောက်လို။ အမိကို သတ်။ဖြဟ္မာရဝ်ခွင်၊ထိုအပြင်ကို၊လိုချင်တောင်းတ။ရလိုကြလျှင်။ မွေးဘ ခင်ကို။သုတ်သင်ရှင်းလင်း။အိုနာခြင်းနှင့်။သေခြင်းကင်းရာ။ ရာဇာစိုးမင်း။ အရှင်းမရှိ။ကောင်းဘိအမှန်။ပြည်နိဗ္ဗာန့်ကိုလို။ရောက်ရန်အကြောင်း၊သောင်း ပြောင်းရောရာ၊သတ္တဝါဗုဒ္ဓိလ်ခြေ၊လူနေပို့ပို့။ပြည်နှင့်မြို့ကို။ မီးရှို့ကြပါ။ စကားလာကို။ပုဗ္ဗာပရံ။ဖြန်ဘွန်စဉ်းစား။ ဗိုးဝါးမသိ။ယှဉ်ပုမိယုရာ။ နေရာမ

ကျ၊ယုမြန်ကလည်း။ဆန္ဒလိုရာ၊နတ်ပြဟ္မာဌာန်၊နိဗ္ဗာန်နှင်ကင်း။ ဝိပိဆင်း
သည်၊ ၊အကျဉ်းဤသို့မွှက်ရာထည်း။ ၊

သံပေါက်၊

ဒေ ယျတုံ၊ ။ဗန်းမော်မြို့သိမ်တော်ကျောင်းဆရာတော်သည်၊ လူအာ
များတို့အားကြောင်နှံ့သနားမပြွာပွားသောကြောင့်၊ တတ်အားသမျှ နေ့
ညမဆိုင်းကသိုဏ်းပုံရှု၊ အင်္ဂလေးပြု၍မနှမကြွမ်းသံပေါက်ဆန်းဖြင့်၊ မှာ
တန်းစာရေးလိုက်ဦးအံ့၊

သုံးဆယ်တဘုံ၊လူမျိုးရ ၊မှတ်ကုန်နေ့တိုင်းသာ၊ ၊ဘုရားတရား၊သံ
ယာအား။ပေတ္တွားနေ့တိုင်းသာ၊ ၊မေ့လျော့တွေ၊နေထိုင်ချေ၊မထး
လွေအပါယ်ချွ၊ ၊ကျမည်မလွဲ၊စိတ်ငစွဲ၊။မြဲမှတ်ကြပါ၊ ၊ကျသျှင်
ပွထွေ၊သားရိုးကြော၊မှတ်လေအပါယ်ချွ၊ ၊ရတနာသုံးထန်၊ထိုခိုက်ပြန်၊
သုံးထန်မီးပမာ၊ ၊ကျွမ်းဂန်အရ၊ပေါ်တုတ်ပြ မိဘာထင်အပါ၊ ၊ပြစ်မှား
ပြုပေ၊ထိခိုက်ထေ မသွေဧဋ္ဌပါ၊ ၊သွေးအံ၊ရင်ကြပ်၊ နှနာကင်၊ရူးသွပ်
သေတတ်စွာ၊ ၊မသေကြွင်းကျန်၊ ရှိခဲ့ပြန်၊မျက်ဆံတိမ်သထာ၊ ၊
နားပင်းဆွံ့အ၊ ကိုယ်ကာယ၊ပုတ်ပွဒဏ္ဍာရို၊ ၊ပယိုဖရဲ၊ကိုယ်ငှစွဲ၊ ဝဲ
ခြောက်နူဆယ်ဖြာ၊ ၊သားသေဖျော့မှောက်၊သောက်ကယောက်၊ဒေါက်
ချောက်ပျက်တတ်စွာ၊ ၊သယ်တော်အား၊ထိခိုက်ငြား၊သုံးပါးတွက်
တာ၊ ၊ကြောက်လျှင်ရှောင်ကြ၊လူထိုမှု၊ ဒုက္ခကင်းတတ်စွာ၊ ၊မ
ရှောင်အတင်း၊ပြုတုံလျှင်း၊ ဆင်းလိမ့်ဝိဝိသာ၊ ၊ဝိပိအတွင်း၊ရောက်ပြန်
လျှင်း၊ညှင်း၍မရပါ၊ ၊ယမမမင်း၊သူထက်တွင်း၊အကျဉ်းခံရရှာ၊ ၊
နှစ်ပရိဿ၊အသင်္ချေ၊ကျလေငရဲချွ၊ ၊ထိုမှတထန်၊ လွတ်တုံပြန်၊
အန္ဓတရိစ္ဆာန်၊ ၊သည်ကလွဲပြန်၊ ပြိတ္တာဌာန်၊အမှန်ရောက်ဘို့ရာ၊ ၊
ပြိတ္တာကကွယ်၊သူရကယ်၊မှာဖွယ်အမြဲသာ၊ ၊လူပြည်ရောက်ခါ၊ကိုယ်
အင်္ဂါ၊ငါးဖြာယုတ်တတ်စွာ၊ ၊မျက်စိစွေစောင်း၊ထက်မောင်းတိုရှေ၊နား
ပင်းချေ၊ကျိုးဆေ့နှာခေါင်းပေါက်၊ ၊ခြေထက်အင်္ဂါ၊ဘထချာ၊ကွေးခါ
လိမ်၍ကောက်၊ ၊ဖုံးပိတ်ယားရာ၊ လိင်အင်္ဂါ များစွာဒုက္ခရောက်၊ ၊
စိတ်နောက်ကိုယ်ပါ၊ဆိုပြန်ပါ၊ဝါစာမညီညွတ်၊ ၊နှုတ်လျှာဆွံ့အားပါစေ

ဟာ။တွန့်တက္ကရွန့်ကြော့ဘာကြောက်။ ။အတတ်ပညာ။ဘင်သေ၃ခါ။ လိုရာ
ဘယ်မရောက်။ ။ပစ္စည်းဥစ္စာ။မွဲတတ်စွာ၊ချမ်းသာရှင်းယိုဖောက်။ ။
မကြောက်လျှင်တွယ်။ကြောက်လျှင်ဖယ်။လူဝယ်အမှုရောက်။ ။ရေဟန်း
မင်းမြွေ။သုံးပါးတွေ။ငယ်လေမမှက်အပ်။ ။ဒုက္ခကြီးစွာ။ ပေးတတ်ပါ။
ခန္ဓာဇီဝိန်ပြတ်။ ။ရဟန်းရှင်လူ။ သုံးပါးမူ။မြယ့်နိစ္စပတ်။ ။သံပေါက်
လက်ာ။ဆိုအပ်စွာ။သည်ခါအပြီးသတ်။ ။

သဒ္ဓါဒိဂုဏသမ္ပန္နောဗိမလ္လိ သာရသမ္ပတာ ကုသလာ ဗဟုသတ္တေသု၊ အတိမနာပစာရိနီ၊ ပဉ္စကလျာဏသမ္ပန္နော ဓမ္မရာဇိနောမဟာဒေဝိယာ၊ ဒေတပဲ နာဂဒေရရမ္မေ၊ ရထနာပုဏ္ဏလဗ္ဘိတေ၊ ရာဇာဓိရာဇ၊ အာဝါသေ၊ မင်္ဂလ နဂရသာ ဥတ္တရ ဒိသေ၊ သန္တိ တိုက်တိ အဋ္ဌယောနေ၊ ယော ဝိဟာရော၊ ကာရာ ပိတော၊ သုသမ္မာဒွာ သတ္တသုန္ဒိကေ ပါသာဒေ၊ အနေကေပဟိပရိက္ခိတ္တောကေထုဝိအသက်တေယော သာရာဍမ္ဗနော၊ ဝသ တာဘတ္တုဝသင္ဂေ့သပညါသိဟောနာမ အမ္ဗေ ဝါသိကော၊ ဇာတဌာနထေါ၊ ရတနာသသိဉ်နဂရသာဥတ္တရဌာနေ၊ အလောင်းစည်သုတိဋ္ဌယောရဇာ နေ၊ စဘုရင်ဟိအာပိန္ဓနွော၊ ဝေဠုဌာနေသမ္ဗတ္တေသမ္ဗုအာမစ္စေဟိနဂရာ ဇိသောမင်္ဂ တောဒိသတော၊ ပိမန်တောင်းဖွတိဋ္ဌယာနေ၊ တတ္တဂါမေဇာ ထေနနာမေန အာစာရောတိနာမဲအဟောသိ၊ ဒုတိယဝသာတောဒေသတော မင်္ဂလနဂရသာဥတ္တရဒိသေ၊ ဒသမဟာသန္ဒေဟိသမ္ပန္နာဗန်းမော်တိဋ္ဌ ယော၊ နဂရသာပုရတ္ထိမဒိသေ၊ သိမစေတိယအာသန္နေ၊ စတုသုန္ဒိက ဝိဟာရေ၊ မဟာသိသ္သာနယော ဂန္ထ ရုန္တောဝသန္တော၊ မဟာ သေရနအာစာရောနာမဘိဥ္ဈနုး။ သဗ္ဗဂုဏကုသလေန၊ ဝရိပုဏ္ဏတော မိုင်းတိုးစော်ဘွားတိဋ္ဌယာနပဒေသရာဇာ၊ ယာစိတောအဘိယာစိတော ရမိတောတိဂန္ထန္တော အယံဂန္ထော၊ နိဋ္ဌိတောသက္ကရာဇေ၊ ဓာဆးခါးယာ၊ ကစဝဋ္ဌေဇိနဝက္ကေပဂ္ဂုနမာသဒသမေဟုတ္ဝာ အနုန္တရာယောစ၊ ဂန္တော ယနိဋ္ဌိတောယထာတထာ။ကလျာဏသက်ပွာသိဝသိဋ္ဌနုပ္ပါဏိနန္တိ။

သဒ္ဓါဒိဂုဏသမ္ပန္နော၊ ကံ က ၏အကျိုး။ ရတနာသုံးပါးဂုဏ်ကိုယုံကြည်သော။သဒ္ဓါစသောဂုဏ်နှင့်ပြည့်စုံစွာထသော၊ဗိမလ္လိ၊ ထေးကျွန်း သေဌ်ိနင်းမြင်မိရှိကြံခိုင်၊ဝေါင်မကျိုင်သို့၊ယိမ်းယိုင်မရှိ၊သမာဓိဂုဏ်နှင့် ပြည့်စုံစွာထသော၊ သာရသမ္ပတာ၊ များစွာသိန်းသောင်းဇိုဝ်လူပေါင်းတို့ သည်၊ကောင်းသည်ဟု၊သရုတ်အပ်သော။ ဗဟုသုံးများစွာကုန်သော၊ အာ ဖွေသု၊ဝဋ္ဋပြန်သံသရာနှစ်ပြာသောအကျိုးကျေးဇူးသခင် အရှင်မင်းမြတ် သရနတ်၏ ကောင်းမြတ်ပြည့်ပြီး၊အကျိုးစီးပွားတော်၌ကြံ၊ ကုသလာ၊သု ထက်ထူးချွန်အလွန်လိမ္မာထသော၊အတိမနာပစာရိနီ၊မိန်းမမြတ်တို့အကျင့် ဖြင့်အလွန်နှစ်သက်ဘွယ်အကျင့်ရှိထသော၊ ပဉ္စကလျာဏသမ္ပန္နော၊အာ ရေအသား အကြော အရိုးအရွယ်အားဖြင့်ငါးသွယ်သော ကောင်းခြင်းနှင့်

ပြည့်ရုံစွာထင်သော၊ဓမ္မရာဇ်ဖိနေသော။ထရာတစင်းဝိုးဆောင်းမင်းတို့၊ဝပ်စင်
ခယနေ့ညမပြတ်ရှိခိုးအပ်သောထရာမင်းစစ်ကောရာဇ်၏။မဟာဓေဝိယာ
ထောင်ညာ့တင်ထားမိဖုရားကြီးသည်လည်းကောင်း၊ ဇေတေဟိ၊ ထိုသို့ဆို
အပ်ခဲ့ပြီးသောဂုဏ်အပေါင်းတို့နှင့်ပြည့်ရုံသော၊ မင်းမိဖုရားနှစ်ပါးရုံတို့
သည်၊ရမွေ၊ နှစ်လုံးမွေ့လျော်ပျော်ဘွယ်ရာဖြစ်သော၊ ရတနာပုဏ္ဏားဇမ္ဗူ
တော၊အလူးလူးသောသပိဉာကာကအပိဉာထကရတနာမျိုးတို့ဖြင့်ပြည့်
သောကြောင့်၊ ရတနာပုဏ်ဟူသောအမည်တံဆိပ်ဖြင့် ခပ်နှိပ်အပ်ထ
သော၊ရာဇာဓိဗာဝါလသော၊ မင်းထက်မင်းမြတ်သရနတ်ဘို့ပျော်မှတ်စံရာ
ဖြစ်ထသော၊နဂရေ၊မင်းနေပြည်တော်ကြီးနှိုက်၊ နဂရသ။မြို့၏။ ဥတ္တရဒိ
သေ၊ မြောက်မျက်နှာတည့်တည့်အရပ်နှိုက်၊ သန္တိ့တိုက်တိအဝှယေန
သန္တိနိုဂ္ဂတိုက်ဟူခေါ်ဆိုအပ်သော။သုသမ္မဝှော ကောင်းစွာပြေပြစ်သော၊
သတ္တဘူမိကော။ဘုံခုနှစ်ဆင့်ရှိသော။ပါသာဒေ၊ပြာသာဒ်ကြီးနှိုက်၊ အနေ
ကေဟိ။များစွာသောကျောင်းတို့ဖြင့်၊ ပရိက္ခိတ္တော။ခြံရံအင်တသော၊ ကေ
ဘုဟိစ။များစွာသောဇရပ်ကင်းတို့ဖြင့်လည်း၊အလင်္ကတော။တန်ဆာဆင်အပ်
ထသော၊ သာရုရမ္မနော။သူတော်ကောင်းဘို့မွေ့လျော်ရာဖြစ်သော။ယော
ဗိဟာရေ။အကြင်ကျောင်းကို။ကာရာပိတော။ဆောက်လုပ်လှူဒါန်းစေအင်ပြီ။
တသ္မိ၊ထိုပြာသာဒ်ကျောင်းကြီး၌၊ ဝသတံဝသန္တေန၊ ထေးပါးဆူရိယာသော
ယာ၊ရှင်ပြုးသဘင်းသုံးနေတော်မူသော၊ နာမေန။အမည်အားဖြင့်။ပညာ
သိပေါနာမ။ ပညာသိပါ သာသနာ့လင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု
တံဆိပ်နာမံအမည်တော်ရှိသော။ဆရာတော်ဘုရား၏၊အန္တေဝါသိကော၊
တပည့်ရင်းဖြစ်သော။ဇာဘဋ္ဌာနတော။ဖွါးရာဋ္ဌာနအားဖြင့်၊ရတနာသိမ်
နဂရသ၊ ရတနာသိမ် ရွှေဘိုမြို့၏၊ ဥတ္တရဋ္ဌာနေ။ မြောက်အရပ်နှိုက်၊
အသောင်း စည်သူဘိအဝှယော။ အလောင်း စည်သူဟု ခေါ်ဆိုအပ်
သော ရာဇာဒနော၊ မင်းသည်။ စတုရင်္ဂေဟိ အင်္ဂါလေးပါး ရှိသော
သေနေဟိ၊ စစ်သည်တို့နှင့်။ ယဗ္ဗဒိသေသု။ အလုံးစုံသောအရပ်တို့နှိုက်။
အာဝိန္ဒန္တော။ လှည့်လည် သည့်ရှိသော်။ ဇတ္တ ဌာနေ။ ဤအရပ်သို့၊
ဝါ၊ထိုအချပ်၌၊ သမ္ပတ္တော၊ရောက်သည့်ရှိသော်။ သဗ္ဗအမင်္ဂလေဟိ။အလုံးရုံ
သောအမင်္ဂလာအပေါင်းတို့နှင့်။နဂရရာဇ်ယော။မြို့ရေးမင်းရေးတိုင်းရေးပြည်
ရေးတို့သို့။မင်္ဂလာတော။တိုင်ပင်ရာဖြစ်သော။ ဒိသတောပိ၊ အရင်ဖြစ်သော
ကြောင့်လည်း၊ မန်တောင်းဟုတိအဝှယေန၊ မန်တောင်းလှဟုခေါ်ဆိုအပ်

သော။ တတ္တ ဂါမေ၊ ထိုမန်ထောင်းတွာ ရွာ၌ ဇာတေ၊ ပွားရာဇာတိဖြစ်သော၊
အာစာရေတိနာမ်၊ အာစာရဟူသောအမည်သည် အဟောသိဖြစ်၍၊ ရတိ
ယဝသတော၊ နှစ်ကြိမ်မြောက်နေရာဖြစ်သော၊ ဒေသော၊ အရပ်သည်၊ မန္တ
ထနဂရသာ၊ မန္တလေးမြို့၏၊ ဥတ္တရတော၊ မြောက်အရပ်မှ၊ ဒသမဟာသဒ္ဒေ
ဟိ၊ အသံကြီးဆယ်ပါးတို့နှင့်၊ သမ္ပန္နေ၊ ပြည့်စုံသော၊ ဗန်းမော်တိအဝှယေ
န၊ ဗန်းမော်ဟုခေါ်ဆိုအပ်သော၊ နဂရသ၊ မြို့၏၊ ပုဗ္ဗုတ္တိမဒိသော၊ အရှေ့ အရပ်
၌၊ သိမဝေဝတိယအာသနေ၊ သိမ်တော်ကြီးဘုရား၏အနီး၌၊ ဝတုဆုန္ဒိကာဝိ
ဟာရေ၊ ထေးဆောင်ဖြိုင်မြိုးကျောင်းတော်ကြီးနိုက်၊ မဟာဒိသာသယော၊
များစွာသောင်းသောင်း တပည့်ပေါင်းတို့ကို၊ ဂန္ထဓုရတော၊ အဋ္ဌကထာ
ဋီကာစသောကျမ်းတို့ကိုပို့ချ၍၊ ဝသန္တော၊ နေသော၊ မဟာထေရေန၊
မဟာထေရ်ကြီးတိုင်မြောက်ပြီးသော၊ အာစာရော နာမဘိက္ခုနာ၊ အာစာရ
ဘွဲ့အမည်ရှိသော၊ ဝါ၊ တနည်းကား၊ အာစာရော နာမဘိက္ခုနာ၊ အာစာရ
ဘိဝံသသိရိပဝရဓဇဂုရုဘွဲ့အမည်ရှိသောသိမ်တော်ကျောင်းဆရာတော်
သည်၊ သဗ္ဗပုညကုသလေန၊ အလုံးစုံသော ဘုန်းသမ္ဘာကုသိုလ်မျိုးနှင့်၊
ပရိပုဏ္ဏတော၊ ပြည့်စုံသော၊ မိုင်းတိုးစော်ဘွားတို့အဝှယေန၊ မိုင်းတိုးမြို့
စားစော်ဘွားကြီးဟုခေါ်ဆိုအပ်သော၊ ပဒေသရာဇာ၊ ပဒေသရာဇ်မင်းသည်
ယာစိတော အာယာစိတော၊ ရှေးရှုတောင်းပန် အပ်သည်ဖြစ်၍၊ ဝါ၊
တောင်းပန်အပ်သောကြောင့်၊ ရစိတော၊ စီရင်ရေးသားအပ်သော၊ တိဂန္ထ
သမ္ပန္နော၊ သုံးဆောင်တွဲကျမ်းသည်၊ ဝါ၊ နိဗ္ဗာနပဝိသဇ္ဇနကျမ်း၊ ဂန္ထာထ
စက္ကဇောတိဋ္ဌကျမ်း ပကိဏ္ဏကဝိသဇ္ဇနာအမည်ရှိသော၊ သုံးဆောင်တွဲ
ကျမ်းဟုခေါ်ဆိုအပ်သော၊ အယံ ဂန္ထော၊ ဤကျမ်းသည်၊ သက္ကရာဇာ၊
ကောဇာသက္ကရာဇ်သည်၊ ခါသာခါယေ (၁၂၇၉) ခုသို့၊ ဇိနစက္ကေ၊ ဘုရား
သာသနာတော်သည်၊ ကစဝဋ္ဌေ၊ ( ၂၄၆၁ ) ခုသို့၊ သမ္ပတ္တေ၊ ရောက်သည်ရှိ
သော်၊ ဖဂ္ဂုနမာသဒသမေ၊ တပေါင်းလဆန်း (၁၀) ရက်နေ့၌၊ နိဋ္ဌိတော၊ အပြီး
အဆုံးသို့ရောက်၏။ အယံ ဂန္ထော၊ ဤသုံးဆောင်တွဲကျမ်းသည်၊ အနန္တရာယော
စ-အန္တရာယောဝ၊ အန္တရာယ်မရှိသည်သာလျှင်၊ ဟုတွာ၊ ဖြစ်၍၊ နိဋ္ဌ
ထော ယထာ၊ အပြီးအဆုံးသို့ရောက်သကဲ့သို့၊ တထာ၊ ထိုအတူ၊ ပါဏီနံ၊
သတ္တဝါတို့၏၊ ကလျာဏာ သင်္ကပ္ပါ၊ ကောင်းသောအကြံတို့သည်၊ သိဃံ၊
လျင်စွာ၊ သိဇ္ဈန္တု၊ အပြီးအဆုံးသို့ရောက်စေကုန်သတည်း။

ဓိမျိုးဘာမျိုးဘိုးဘွားအစဉ်အလာမှဆင်းသက်၍၊ တည်ကြည်ဖြောင့်မတ်၊မြတ်သော အမျိုးကောင်းသား။အမျိုးကောင်းသမီးဖြစ်ကြသော ခေါမယောမ၊ကောတမျှာ၊ စိန့်တိုင်းဟုဆိုအပ်သော တိုင်းကြီးတခဲ့ခြောက်တိုင်းတို့တွင်တတိုင်းအဝင်ဖြစ်သောဇာတိကောတမျှာရတိုင်းသား၊ ယာချပဝဏ္ဏီအခါ၊ ဗန်းမော်မြို့မ၊တပ်ကလေးရပ်နေ၊ ရေနံဆီကုမ္ပဏီမောင်တော်ဗုံကြိုင်၊ ရေနံဆီကုမ္ပဏီကတော်မရွှေမြ၊ ဘွီးခင်ပွန်း မောင်နှံရုံနှစ်ယောက်တို့က။ဗန်းမော်မြို့သိမ်တော်ကျောင်းဆရာတော်ဘုရားရေးသားစီရင်အပ်သော သုံးဆောင်တဲ့ကျမ်းကို၊ ရှေ့ဥစ္စာတို့ကိုအကုန်ခံ၍စာအုပ်ဖြစ်အောင် ရွက်ဆောင်အားထုတ်ပါသည်၊ ဤသို့ပြုရ၊ မြတ်ပုညကြောင့်၊အမတခေမ်၊ ပြည်နိဗ္ဗာန်သို့။မြန်ဝှာခလာ ရောက်ရပါလိုသောဝ်။

ဤတွင်ပဂိဏ္ဏကဝိသဿဇ္ဇနာကျမ်းပြီး၏။

